http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

(တတိယတွဲ)

တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ်-၂၀၀၆

http://www.dhammadownload.com

# အရဟံဂုဏ်တော်ပွားစိတ်နည်း

(၁) သံသရာဝဋ်ဆင်းရဲ၊ အပါယ်ဝဋ်ဆင်းရဲ၏အကြောင်း မကောင်းယုတ်မာ တစ်ထောင့်ငါးရာ ကိလေသာရန်သူတို့ကို အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ပယ်သတ်၊

(၂) ဝါသနာ အငွေ့ခတ်နှင့်တကွ ထိုတစ်ထောင့်ငါးရာ ကိလေသာရန်သူတို့မှ ဝေးကွာ၊

(၃) ဆိတ်ကွယ်ရာ၌ မကောင်းမှုကို မပြု၊

(၄) ပြစ်မှု ကြိမ်ဖန် အတန်တန် လည်တတ်သော သံသရာစက်၏ အကန့်ကို ဖျက်ဆီး၊

(၅) ကြီးကဲလွန်မြတ် ဂုဏ်သကတ်ကြောင့် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံထိုက် –

(ဆိုခဲ့ပြီးတောင်း ငါးပါးသော အကြောင်းတို့ကြောင့်) တစ်သောင်းတိုက်လုံး ငြိမ့်အုန်းညီးညံ့ အရဟံ+အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် ပြန့်လိုင်ကျော်စောတော်မူသော မြတ်စွာဘုရား ... မြတ်စွာဘုရား ... ။

**သော ဘဂဝါ ဣတိပိ အရဟံ**

(တစ်ခေါက်ဆုံးမှ ပုတီးတစ်လုံးချ)

ကျေးရှူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး
ဗုဒ္ဓသာသနဝိသိဋ္ဌတိပိဋကဓရ မဟာတိပိဋကကောဝိဒ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
ဆဋ္ဌသင်္ဂါယနာ ဝိသဇ္ဇက
အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု
အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

# အရှင်ဝိစိတ္တသာရာဘိဝံသ

၏

# ဟောစဉ်တရားတော်များ

## (တတိယတွဲ)


တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက စာအုပ်စာပေနှင့်
မော်ကွန်းအဖွဲ့က ထုတ်ဝေသည်။

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

သာသနာ-၂၅၄၉ ကောဇာ-၁၃၆၇ ခရစ် ၂၀၀၆

http://www.dhammadownload.com

**ပုံနှိပ်မှတ်တမ်း**

စတုတ္ထအကြိမ်

၂၀၀၆၊ ဖေဖော်ဝါရီလ

အုပ်ရေ ၁၅၀၀

**ပုံနှိပ်ထုတ်ဝေသူ**

ဦးအောင်သန်း(၂)

အတွင်းရေးမှူး

တိပိဋက=နိကာယ စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့

အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com



တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက

**အရှင်ဝိစိတ္တသာရာဘိဝံသ**

http://www.dhammadownload.com

## တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ဘုရားကြီး ဟောစဉ်တရားတော်များ တတိယတွဲကို ဓာတုတ္ထအကြိမ် ပြန်လည် ထုတ်ဝေရခြင်း အကြောင်း အမှာစာ

ဤဟောစဉ်တရားတော်များ တတိယတွဲ၌ –

၁။ သသပဏ္ဍိတဇာတ်တရားတော်
၂။ သုမနသာမဏေရဝတ္ထုတရားတော်
၃။ စူဠကမ္မဝိဘင်္ဂသုတ္တန်တရားတော်
၄။ အာဠဝကသုတ္တန်တရားတော်
၅။ ဝမ္မိကသုတ္တန်တရားတော်
၆။ သဘိယသုတ္တန်တရားတော်
၇။ အနတ္တလက္ခဏသုတ္တန်တရားတော်
၈။ ရတနသုတ္တန်တရားတော်တို့ ပါရှိသည်။

၁။ သသပဏ္ဍိတဇာတ်တရားတော်

ဇာတ်တော်များသည် ဘုရားလောင်းတို့၏ ပါရမီဖြစ်ကျင့်ပုံများကို ဖော်ပြရာ ဗုဒ္ဓဘာသာများ နည်းမှီအတုယူ လိုက်နာကျင့်သုံးနိုင်ရန် ဇာတ်တော်များကို ဆရာတော်ဘုရားကြီးသည် ဟောကြားလေ့ရှိပါသည်။

၂။ သုမနသာမဏေရဝတ္ထုတရားတော်

သာမဏေကျော်လေးပါးအနက် တစ်ပါးအပါအဝင်ဖြစ်သော သုမန သာမဏေသည် ဒါယဇ္ဇဥပသမ္ပဒါအဖြစ် ခုနစ်သားကပင် ရဟန်းအဖြစ်သို့ ရောက်သည်။ ဒါယဇ္ဇဥပသမ္ပဒါအဖြစ်ရောက်သူ သာသနာတော်၌ နှစ်ပါး သာရှိသည်။ သုမနသာမဏေနှင့် သောပါကသာမဏေတို့ဖြစ်သည်။

၃။ စူဠကမ္မဝိဘင်္ဂသုတ္တန်တရားတော်

ဤသုတ္တန်အရ လူအချင်းချင်း အသက်တို,ရှည်၊ ရောဂါထူပြော,ကင်းရှင်း၊ အဆင်းလှ,မလှ၊ ခြွေရံ နည်း,များ၊ ဆင်းရဲ,ချမ်းသာ၊ အမျိုးယုတ်,မြတ်၊ ပညာနံ့,ထက်၊ ကွဲပြား ကြသည်မှာ မိမိတို့ ပြုလုပ်မှု ကံကြောင့်သာ ဖြစ်သည်ဟု သိနိုင်ပါသည်။

၄။ အာဠဝကသုတ္တန်တရားတော်

ဤအာဠဝကသုတ္တန်၌ အာဠဝကဘီလူး၏ မေးခွန်းများသည် ကျော်ကြား လှသည်။ လောက၌ အမြတ်ဆုံးဥစ္စာ၊ ချမ်းသာကြောင်းအကျင့်၊ အချိုမြိန်ဆုံး အရသာ၊ အမြတ်ဆုံးအသက်မွေးမှု စသည်တို့သည် အာဠဝကဘီလူး၏ အမေးပုစ္ဆာများ ဖြစ်ပါသည်။

http://www.dhammadownload.com

၅။ ဝမ္မိကသုတ္တန်တရားတော်

ဤဝမ္မိကသုတ္တန်သည် ခန္ဓာကိုယ်ကို တောင်ပို့နှင့်နှိုင်း၍ တရားရှုမှတ်ရန် ဖြစ်ပါသည်။ ရှင်ကုမာရကဿပ မေး၍ ဘုရားရှင်အဖြေ ၁၅ ချက်တို့ ဖြစ်ပါသည်။ တိပိဋကရေ မင်းကွန်းဆရာတော်ကြီးက မှတ်ရလွယ်အောင် (၁)ဤခန္ဓာကိုယ် တောင်ပို့ဆိုလော့ စသည်ဖြင့် လင်္ကာသီးကုံးထားပါသည်။

၆။ သဘိယသုတ္တန်တရားတော်

သဘိယပရိဗိုဇ်သည် ပရိဗိုဇ်မတစ်ဦး၏သားဖြစ်သည်။ ဝါဒအမျိုးမျိုးကို ကျွမ်းကျင်လိမ္မာသော ဝါဒရှင်ကြီးတစ်ဦး ဖြစ်သည်။ မြတ်စွာဘုရားအား ပုစ္ဆာပေါင်းနှစ်ဆယ်ကို မေးခဲ့ရာ မြတ်စွာဘုရား ဖြေကြားသည်ကို ကြားနာရသဖြင့် ရဟန္တာဖြစ်သည်။ သဘိယသုတ္တန်၏ ပါဠိဂါထာများနှင့် အနက်အဓိပ္ပါယ်တို့ ခက်ခဲနက်နဲလှရာ ဆရာတော် ကျက်မှတ်ရာ၌ မလွယ်ပုံကို တရားတော်၌ ထည့်၍ပင် မိန့်ကြားခဲ့ရသည်။

၇။ အနတ္တလက္ခဏသုတ္တန်တရားတော်

အနတ္တလက္ခဏသုတ္တန်တရားတော်သည် ဓမ္မစကြာတရားနာကြားရ၍ သောတာပန်ဖြစ်ပြီးသော ပဉ္စဝဂ္ဂီရဟန်းတို့အား ပဉ္စုပါဒါနက္ခန္ဓာကို အကျယ်ဖွင့်ဆိုဟောပြသော တရားဖြစ်ရာ ပဉ္စဝဂ္ဂီငါးဦးလုံး ရဟန္တာ ဖြစ်စေသော တရားဖြစ်သည်။ တိပိဋကရေ ဆရာတော်ကြီးသည် အဘိဓမ္မာနည်းများဖြင့် အကျယ်ဝေဖန်ဟောကြားထားသည်။

၈။ ရတနသုတ္တန်တရားတော်

ဤသုတ္တန်ကို ပရိတ်တော်အဖြစ် ရွတ်ဆိုသရဇ္ဈာယ်နိုင်ရန် ပရိတ်ကြီး ၁၁- သုတ်တွင် ပါဝင်သော သုတ္တန်ဖြစ်သည်။ ရတနသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ် နှလုံးသွင်းခြင်းဖြင့် ကပ်သုံးပါးမှ လွတ်ကင်းကြစေရန် ရည်သန်ဟောကြားခြင်းဖြစ်သည်။

ဤဟောစဉ်တရားတော်များ တတိယတွဲ၌ ပင်မဇာတ်လမ်းတစ်ခုနှင့် ဝတ္ထုတစ်ခု၊ သုတ္တန်တရားတော် ၆ ပုဒ်တို့ ပါဝင်ပါသည်။ သုတ္တန်တရားတော်များကို ဟောကြားရာ၌ ဆိုင်ရာဝတ္ထုဇာတ်လမ်းများဖြင့် တန်ဆာဆင် ဟောကြားထားရာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ ထို့ပြင်မှတ်သားဖွယ်ရာ နိဒါန်းအချက်အလက်များနှင့် ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းလည်း ပါဝင်ရာ စာရှုသူများ ကြည်ညိုသဒ္ဓါပွားကြသဖြင့် ဝယ်ယူအားပေးကြသောကြောင့် ယခုစတုတ္ထအကြိမ်အဖြစ် ထုတ်ဝေရခြင်းဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**တိ=နိ စာအုပ်စာပေနှင့် မော်ကွန်းအဖွဲ့**

http://www.dhammadownload.com

# အရှင်ဝိစိတ္တသာရာဘိဝံသ ၏
# ဟောစဉ်တရားတော်များ
# (တတိယတွဲ)
# နိဒါန်း

## ဟောစဉ်တရားတော်များ ပုံနှိပ်ခြင်း

သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ဟောင်း) ဦးကြည်ညွှန့်သည် အာဒိတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု မင်းကွန်း ဆရာတော်ဘုရား၏ ဟောစဉ်တရား တိပ်ခွေများကို ဟောစဉ်တရားစာအုပ် ဖြစ်ရေးအတွက် သာသနာရေး ဦးစီးဌာန၊ကျမ်းပြုဌာနမှ ကျမ်းပြုမှူး ဦးအေးနိုင်အား တာဝန်ပေးခဲ့ပါသည်။ ဤသို့တာဝန်ပေးသည့်အတိုင်း ဆောင်ရွက်နိုင်ခဲ့သဖြင့် သာသနာရေး ဦးစီးဌာနသည် "အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ" ပထမတွဲနှင့် ဒုတိယတွဲကို ထုတ်ဝေနိုင်ခဲ့ပါသည်။ သို့သော် တတိယတွဲကို မဆိုထားဘိ၊ပထမတွဲနှင့် ဒုတိယတွဲကိုပင် ထပ်မံထုတ်ဝေရန် အခြေအနေမပေးသဖြင့် တိပိဋက=နိကာယသာသနာ့ပြုအဖွဲ့ကို ထုတ်ဝေခွင့် လွှဲပေးလိုက်ပါသည်။

## မူလ သဘောတူညီချက်

သာသနာရေးဦးစီးဌာနနှင့် တိပိဋက=နိကာယသာသနာ့ပြုအဖွဲ့တို့ မူလက သဘောတူထားသည်မှာ တရားအတိုများကို စုပေါင်း၍ "အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်တရားတော်များ" အမည်ဖြင့် သာသနာရေးဦးစီးဌာနက ပုံနှိပ်ထုတ်ဝေရန်၊ သာသနာ့ချိန်ခွင်ကြီး လေးလက်

http://www.dhammadownload.com



တရားတော်နှင့် ဓာတ်ကြိုးဆယ်ဘွဲ့ကဲ့သို့သော ရှည်သော တရားတော်များကို တိပိဋက-နိကာယသာသနာပြုအဖွဲ့က ပုံနှိပ်ထုတ်ဝေရန် ဖြစ်ပါသည်၊

ယခုအခါ တိပိဋက-နိကာယသာသနာပြု အဖွဲ့သည် သာသနာရေး ဦးစီးဌာနမှ ခွင့်ပြုချက်အရ သာသနာရေးဦးစီးဌာန၏ တာဝန်ဖြစ်သော ဟောစဉ်တရားတော်များ ပထမတွဲ၊ ဒုတိယတွဲကိုလည်းကောင်း၊ သာသနာ့ဒါန်ခွင်ကြီး သေးလက် တရားတော် (၁-ရဟန်းယောကျ်ား ချိန်ခွင်ကြီး၊) ကိုလည်းကောင်း ပုံနှိပ်ထုတ်ဝေလျက် ရှိပါသည်။

## တတိယတွဲကို ပုံနှိပ်ထုတ်ဝေခြင်း

ရှားပါးနေပြီဖြစ်သော ဟောစဉ် ပထမတွဲ၊ ဒုတိယတွဲစာအုပ်များ အလုံအလောက် ပုံနှိပ်ထုတ်ဝေပြီး ဖြစ်သဖြင့် ယခုအခါ တတိယတွဲကို ပုံနှိပ်ထုတ်ဝေနိုင်ပြီ ဖြစ်ပါသည်။ ဤသို့ ပုံနှိပ်ထုတ်ဝေနိုင်ရန် ဆရာတော်ဘုရားကြီး၏ ဟောစဉ်တရား တိပ်ခွေများမှ စာကူးသည့် လုပ်ငန်းကို သာသနာရေးဦးစီးဌာနမှ ဒုတိယကျမ်းပြုမှူး ဓမ္မာစရိယဦးတင့်အောင်က ဆောင်ရွက်ပါသည်၊ ဆရာ ဦးတင့်အောင် ကူးပြီး သောစာမူကို ဆရာတော် ဘုရားကြီးထံ ဆက်ကပ်ပါသည်။ ဆရာတော် ဘုရားကြီးက ကိုယ်တော်တိုင် ပြင်ဆင် တည်းဖြတ်၍ ကိုယ်တော်တိုင် လက်နှိပ်စက် ရိုက်ပြီး ၈၁၄ ၄ စောင်ပွားကာ စာပေဗိမာန်စစ်ရေးရုံးသို့ တင်နိုင်သည်အထိ ဆောင်ရွက်တော်မူပါသည်၊

ဤသို့ ကူးယူတည်းဖြတ်၍ ဆရာတော်ဘုရားကြီး ဟောတော်မူသော တိပ်ခွေပေါင်း အစိတ်ခန့်မှ တရားတော် ရှစ်ပုဒ်ကို ကျမ်းတကျမ်း အဖြစ် ပုံနှိပ်ရန် ပြောကြပြည့်မီသဖြင့် ယခင် ဟောစဉ်စာအုပ်များ အတိုင်း "အရှင်ဝိစိတ္တသာရာဘိဝံသ ၏ ဟောစဉ်တရားတော်များ" တတိယတွဲအဖြစ် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။

တတိယအကြိမ်

http://www.dhammadownload.com



## ဤစာအုပ်၏ ထူးခြားချက်

ဤ တတိယတွဲ၏ ထူးခြားချက်မှာ ယခင်အတွဲများကဲ့သို့ စာလုံးသေး မဟုတ်ဘဲ စာလုံးကြီးဖြင့် ရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကလည်း-

### အကြံပေးချက်

ဤ တရားစာကို အသက် ၅၀ ကျော် လူကြီးများ အများအားဖြင့် ဖတ်ရှုကြမည်ဖြစ်ပါ၍ "စာမျက်နှာ များမည်ကို အလေးမမူဘဲ" ၁၈ ပွိုင့် စာလုံးဖြင့် ချည်း ရိုက်နှိပ်ရန် အကြံပေးပါသည်။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ

ဟူ၍ အကြံပေး တိုက်တွန်းတော်မူသည့်အတိုင်း ၁၈ ပွိုင့်ဖြင့် ရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။

## ကျမ်းစာအုပ်၏ ဂုဏ်ရည်

မင်းကွန်း တိပိဋကဓရဆရာတော် ဘုရားကြီးသည် "အရှင်ဝိစိတ္တသာရာဘိဝံသ ၏ ဟောစဉ်တရားတော်များ" ကို မဖတ်နာမိ ဓမ္မမိတ်ဆွေ အပေါင်းတို့အား ဆရာတော်ဘုရားကြီး၏ ဟောစဉ် တရားများနှင့် မိတ်ဆက်ပေးလိုပါသည်။ ဆရာတော်ဘုရားကြီး၏ ဟောစဉ်တရားတော်များကို ကျမ်းစာရေးဟန်ဖြင့် ရိုက်နှိပ်ထားခြင်း မဟုတ်ဘဲ တရားသဘင်တွင် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသည့်အတိုင်း ဆရာတော်ဘုရားကြီး၏ အသံကို အက္ခရာဖြင့် ဖလှယ်ထားခြင်းသာ ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး၏ ဟောစဉ် တိပ်ခွေများစွာတို့အနက်မှ တရားတော် ရှစ်ပုဒ်ကို ရွေးချယ်ကောက်နုတ် ထားပါသည်။ ထိုတရားတော် ရှစ်ပုဒ်မှာ—

http://www.dhammadownload.com



၁။ သသပဏ္ဍိတဇာတ် တရားတော်
၂။ သုမနသာမဏေရဝတ္ထု တရားတော်
၃။ စူဠကမ္မဝိဘင်္ဂသုတ္တန် တရားတော်
၄။ အာဠဝကသုတ္တန် တရားတော်
၅။ ဝမ္မိကသုတ္တန် တရားတော်
၆။ သဘိယသုတ္တန် တရားတော်
၇။ အနတ္တလက္ခဏသုတ္တန် တရားတော်
၈။ ရတနသုတ္တန် တရားတော်တို့ ဖြစ်ပါသည်။

## ၁။ သသပဏ္ဍိတဇာတ် တရားတော်

**ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ချက်**

ဇာတ်တော်များကို ဟောကြားခြင်း၌ ဆရာတော် ဘုရားကြီး၏ ရည်ရွယ်ချက်မှာ ဇာတ်တော်သည် အောက်ခြေမှစ၍ လူတို့လိုက်နာကျင့်သုံးစရာဖြစ်၍ ဖြစ်ပါသည်။ ဤ အကြောင်းကို မဟာဓမ္မပါလဇာတ်တရားတော်၌—

"မြတ်စွာဘုရားရဲ့ဂုဏ်သည် စရိယဂုဏ်၊ ဓမ္မဂုဏ်ရယ်လို့ နှစ်မျိုးရှိပါတယ်။ ရှပကာယ ဂုဏ်တော်ကျတော့ သရီရဂုဏ် ခေါ်ပါတယ်၊ အဲဒီ ဘုရားရဲ့ ကျေးဇူးဂုဏ်တော်တွေထဲမှာ ဇာတ်တော်တွေသည် စရိယဂုဏ်ကို ဦးတည်ပြတာ ဖြစ်ပါတယ်၊ မိမိတို့ လိုက်နာကျင့်သုံး ရမည့် နမူနာတွေ ဇာတ်တော်မှာ အများကြီးပါပါတယ်။ ဒါကြောင့် အောက်ခြေကနေပြီး လိုက်နာကျင့်သုံးစရာ ဆိုပြီးတော့ ဇာတ်တော်ကို ဟောပါတယ်"။ (ဟောစဉ် ပ၊ စာ-၃၅၅)ဟု တွေ့ရပါသည်။

တတိယအကြိမ်

http://www.dhammadownload.com



သသပဏ္ဍိတဇာတ်သည် ဇာတကဋ္ဌကထာ၊ စတုက္ကနိပါတ်၊ ပုစိမန္ဒ ဝဂ်လာ ဇာတ်တော်ဖြစ်ပါသည်။ ထိုဇာတ်တော်သည် ဘုရားအလောင်း ယုန်ပညာရှိနှင့် အရှင်အာနန္ဒာအလောင်း ဖျံ၊ အရှင်မဟာမောဂ္ဂလာန် အလောင်း မြေခွေး၊ အရှင်သာရိပုတ္တရာအလောင်း မျောက်၊ လေးဦး သားတို့ တိရစ္ဆာန်ဖြစ်လျက် လပြည့်နေ့၌ ရှစ်ပါးသီလ စောင့်ထိန်း ကြပုံ၊ ဘုရားအလောင်း ယုန်မင်းက မိမိ၏ အသားကို အလှူပေးပုံ၊ မီးပုံတွင်း ခုန်ဆင်းသော်လည်း မွေးညင်းတစ်ပင်ကိုမျှ မီးမလောင်ပုံ၊ သိကြားမင်း ကြည်ညိုလှ၍ ကမ္ဘာပတ်လုံး တည်စိမ့်သောငှာ တောင် ဆီမင်နှင့် လ တွင် ယုန်ရုပ်ရေးသားပုံတို့ကို ဖော်ပြသော ဇာတ်တော် ဖြစ်ပါသည်။

ဤဇာတ်တော်၌—

၁။ နက်ဖြန် ဥပုသ်နေ့ဖြစ်သည်၊ သင်တို့ သုံးဦးသားသည် သီလ ဆောက်တည်၍ ဥပုသ်စောင့်သုံး ကြပါ။

၂။ သီလ၌တည်၍ လှူသောအလှူသည် အကျိုးကြီး၏။

၃။ ထို့ကြောင့် အလှူခံရောက်လာလျှင် စားစရာထဲမှ လှူပြီးမှ စားကြ ဟု ဩဝါဒပေးပါသည်။

ဤဩဝါဒသည် ယနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကျင့်သုံး ထိုက်သည့် ကျင့်စဉ်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဆရာတော် အရှင်မြတ်တို့သည် လူဒါယကာ တို့အား အလှူအကျိုးကြီးအောင် သီလဆောက်တည်စေပြီးမှ လှူဒါန်းစေလေ့ ရှိပါသည်။

ဤတရားတော်၌ "ထုံးမတိမ် ငုံး-အိပ်-ကျူ-လ-"ဟူသော ကမ္ဘာ တည်သည့် ကပ္ပဋ္ဌိတိတရားလေးပါးကို ဗဟုသုတအဖြစ် မှတ်သားနာယူ ရမည်ဖြစ်ပါသည်။

တတိယအကြိမ်

http://www.dhammadownload.com



ဤတရားတော်၏ နိဂုံးပိုင်း၌ ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား ဟောကြားတော်မူသော ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ ဒေသနာ အစဉ်အတိုင်း ဆစ္စာလေးပါးကို ပြရာဝယ် လူသာမန်တို့ အလွယ်တကူ နှလုံးသွင်းနိုင်ရန်—

၁။ ပဋိသန္ဓေ၊ အို နာ သေ ဟု၊ လေးတွေ့ရင်းမြစ်၊ ဒုက္ခဖြစ်၏၊
မချစ်ယှဉ်တွဲ၊ ချစ်သူကွဲနှင့်၊ လိုလဲမရ၊ အကျဉ်းပြသော၊
ပဉ္စုပါဒါ ငါးခန္ဓာ၊ သစ္စာဒုက္ခ မှန်မေလှ။

စသည်ဖြင့် စတုသစ္စ ကမ္မဋ္ဌာန်းကို အလွယ်မှားမျှားနိုင်အောင် ဟောကြားတော်မူပြီး မြတ်စွာဘုရား၏ သာသနာတော်၌ လက်ဦး တရားရသည့် အရှင်ကောဏ္ဍညသည်ပင်လျှင် ဤ စတုသစ္စကမ္မဋ္ဌာန်းဖြင့် သောတာပန်ဖြစ်ကြောင်း သာဓကဆောင်၍ အားပေး တိုက်တွန်းထားတော်မူပါသည်။

## ၂။ သုမနသာမဏေရဝတ္ထု တရားတော်

**တောဒက်ရခြင်းအကြောင်း**

မြတ်စွာဘုရား၏ ခလေ့တော်ကား ပရိသတ်လေးပါးအလယ်၌ နှိမ့်ချ အပ်သောပုဂ္ဂိုလ်ကို မြင်းမိုရ်တောင်ဖြင့် ကြိတ်ချေဘိသို့ အပါယ်လေးပါး ဖြင့် ထိတ်လန့်စေလျက် နှိမ့်ချတော်မူ၏။ ချီးမြင့်အပ်သောပုဂ္ဂိုလ်အား ဘဝဂ်သို့ပင် ပင့်တင်ဘိသို့ သုဂတိချမ်းသာဖြင့် ချီးမြှင့်တော်မူ၏။ တောဒက် အရာစသော ဌာနန္တရ ထားထိုက်သော ရဟန်းယောကျ်ား၊ရဟန်းမိန်းမ၊ ဥပါသကာ ယောကျ်ား၊ ဥပါသိကာ မိန်းမတို့ကို အကြောင်းလေးပါး နှင့်လျော်စွာ ဌာနန္တရ ထားတော်မူ၏။

တောဒက်ရရာသော အကြောင်းလေးပါးကား—

(၁) ယိုတောဒက်အရာ၌ ပွဲလမ်းရခြင်း၊ အကြောင်းထူးရှိခြင်း၊
(၂) ရှေးဆုတောင်း ပါရမီကံ အထူးပါခြင်း၊

တတိယအကြိမ်

http://www.dhammadownload.com



(၃) အမလေ့အလာရှိခြင်း၊
(၄) ရထိုက်သော တေဒဂ်အရာ ဌာနန္တရဂုဏ် ကဲလွန်ခြင်း ဟူ၍ လေးပါးတည်း။

## တေဒဂ်မရသော်လည်း ချီးမွမ်းခံရသောအကြောင်း

တေဒဂ်ရထိုက်သူကို တေဒဂ်အရာဖြင့် ချီးမြှင့်တော်မူသည် မဟုတ်သေး၊ တေဒဂ်ရမှသာ ကျော်စောသည် မဟုတ်သေး၊ တေဒဂ်ပင် မရသော်လည်း ချီးမြှင့်ထိုက်သော ဂုဏ်ရှိ၍ ချီးမြှင့်ခံရသူ၊ ကျော်စောသူ လူ-ရှင်-ရဟန်းတို့လည်း များစွာ ရှိသေး၏။

ထိုအထဲတွင် သာမဏေငယ်များ များစွာပါဝင် ပါသည်။ ထိုသာမဏေတို့အနက် သာမဏေကျော်လေးပါး ဟူ၍ သီးခြား ထင်ရှားသူတို့မှာ—

၁။ ဝနဝါသိကတိဿသာမဏေ

၂။ ပဏ္ဍိတသာမဏေ

၃။ သံကိစ္စ သာမဏေ

၄။ သုမန သာမဏေတို့တည်း။

ဤသာမဏေကျော်လေးပါး အဝင်အပါ သုမနသာမဏေ၏ ဝတ္ထုတရားတော်ကို ဆရာတော်ဘုရားကြီး ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

## သုမနသာမဏေ ပွဲရခြင်း

ဤ သုမနသာမဏေသည် ၇-နှစ်အရွယ် အငယ်ကလေးနှင့် ပွဲရအကျော် ဖြစ်ပါသည်။ ဆရာဖြစ်တော်မူသော အရှင်အနုရုဒ္ဓါက လေနာဘတ္တက် ဆေးအဖြစ် အနောတတ်အိုင်ရှင် ပန္နဂ နဂါးမင်းထံမှ အနောတတ်ရေ တောင်းခိုင်းရာ မိမိရေကစားရန် မြင်ဆင်ပေးစဉ်

http://www.dhammadownload.com



မိမိဦးခေါင်းပေါ် မြေမှုန့်ချသော သာမဏေကို အမျက်ထွက်၍ အနေ့ဘတ်ဆိုင်ကို မမြင်ရအောင် ပါးယှဉ်းဖြင့် ဖုံးအုပ်ထားသည်။ သုမနသာမဏေက အနူးအညွတ်တောင်းသည်။ နဂါးမင်းက မပေးချေ။ နောက်ဆုံးတွင် နဂါးမင်းက ယူနိုင်လျှင် ယူတော့ဟု ခွင့်ပေးသည်။ သုမနသာမဏေလည်း သိကြားပြဟ္မာတို့ကို သက်သေရှာ၍ နဂါးမင်းကို နှိမ်နင်းကာ အနေ့ဘတ်ရေကို ရအောင်ယူသည်။ နဂါးမင်းလည်း သိကြားပြဟ္မာတို့၏ ရှေ့မှောက်၌ အရှုံးကြီး ရှုံးရသည်ကို ရှက်လှ၍ သာမဏေနောက် လိုက်သည်။ ဆရာဖြစ်သူ ရှင်အနုရုဒ္ဓါက ဖျောင်းဖျမှ နဂါးမင်း ဝန်ချကန်တော့ကာ တပည့်ဒကာအဖြစ် ခံယူသည်။

ဝါကျွတ်သောအခါ ရှင်အနုရုဒ္ဓါသည် သုမနသာမဏေကို ခေါ်၍ သာဝတ္ထိသို့ ကြွတော်မူရာ ရှင်အနုရုဒ္ဓါကို ကြိုဆိုသူများသလောက် သုမနသာမဏေယ်ကို ကြိုဆိုသူ မရှိရကား ပုထုဇဉ် ရဟန်းများက ပါး နား ဆွဲလိမ်၍ ကျီစားကြသည်ကို မြတ်စွာဘုရား သိတော်မူလျှင် ထိုရဟန်းများ၏ ကြီးလေးသောအပြစ်ကို သိရအောင် သာမဏေယ်များကို ခြေဆေးရေအဖြစ် အနေ့ဘတ်ရေ ခပ်ခိုင်းသည်။ ရဟန္တာသာမဏေများသည် သုမနသာမဏေကို ရည်ရွယ်မှန်း သိကြသဖြင့် လည်းကောင်း၊ သာမန်သာမဏေများ မခပ်နိုင်၍ လည်းကောင်း အနေ့ဘတ်ရေကို မယူဆောင်နိုင်ပါဟု လျှောက်ထားကြသည်။ ထိုအခါ သုမနသာမဏေသည် ရေအိုး အလုံးခြောက်ဆယ်ခန့်ဆံ့သော ရွှေအိုးကို လက်ကတွဲလဲဆွဲ၍ အနေ့ဘတ်ရေခပ်ပြီး ကောင်းကင်ခရီးဖြင့် ကြွလာသည်။

ဤသို့ မြတ်စွာဘုရားသခင့် ရှေ့တော်မှောက်၌ပွဲ့ ရသဖြင့် သာမဏေကျော်ဟု တွင်ပါသည်။ ဤသို့ ပွဲ့ရသည်ကို အကြောင်းပြု၍ "ဒါယဇ္ဇ-ဥပသမ္ပဒါ-အမွေခံရဟန်း" အဖြစ်ဖြင့် ၇-နှစ်အရွယ်ကပင် ရှင်သာမဏေဘဝမှ ရှင်ရဟန်းအဖြစ်ကို ရတော်မူပါသည်။

မြတ်စွာဘုရား၏ သာသနာတော်၌ ဒါယဇ္ဇဥပသမ္ပဒါရသူ နှစ်ဦးသာ ရှိပါသည်။ သောပါကသာမဏေနှင့် သုမနသာမဏေတို့ ဖြစ်ပါသည်။

တတိယအကြိမ်

http://www.dhammadownload.com



## ၃။ စူဠကမ္မဝိဘင်္ဂသုတ္တန် တရားတော်

**လူလူချင်း ကွဲပြားခြားနားခြင်း အကြောင်း**

လူ့လောက၌ လူချင်းတူပါလျက် အသက်ရှည်ချင်း ကွဲသည်ဟု ဆိုသကဲ့သို့ အသက်၊ စည်းစိမ်၊ အမျိုး-ရုပ်ဆင်း စသည်အားဖြင့် ကွဲပြား ခြားနားပါသည်။ ဤသို့ဖြစ်ရခြင်းသည် အဘယ့်ကြောင့်နည်း၊ တန်ခိုးရှင် ဖန်ဆင်း၍လော၊ ဖြစ်ချင်သလို ဖြစ်ချင်းလော-ဟု ဟွေးတောဖွယ် ရှိပါသည်။ ရှေးကလည်း တွေးတောခဲ့ကြဖူးသည်။ မဇ္ဈိမနိကာယ ဥပရိ-ပဏ္ဏာသပါဠိတော်လာ စူဠကမ္မဝိဘင်္ဂသုတ်၌ ဤပြဿနာကို တောဒေယျပုဏ္ဏား၏သား သုဘလုလင်က မြတ်စွာဘုရားကို လျှောက်ထားခဲ့ဖူးသည့် အကြောင်းကို မြတ်စွာဘုရားက—

ကမ္မဿကာ — ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်

ကမ္မဒါယာဒါ — ကံသာလျှင် အမွေခံရှိသည်

ကမ္မယောနိ — ကံသာလျှင် အကြောင်းရင်းရှိသည်

ကမ္မဗန္ဓု — ကံသာလျှင် အဆွေအမျိုးရှိသည်

ကမ္မပ္ပဋိသရဏာ — ကံသာလျှင် ကိုးကွယ်ရာရှိသည်ဟု

အကျဉ်းမျှ ဟောပြတော်မူပါသည်။

ဤကိုရည်၍ ရှင်မဟာရဋ္ဌသာရသည် ကိုးခန်းပျို့ (ပိုဒ်ရေ ၄၂)၌—

မြတ်ယုတ်မျိုးရိုး၊ တန်ခိုးထင်တိမ်၊
စည်းစိမ်သုခ၊ ရ မရနှင့်၊
ရောဂါနည်းများ၊ ပိုင်းခြားခန့်တွက်၊
အသက်တိုရှည်၊ လှသည်ရှုပ၊
မလှရုပ်ဝါ၊ ပညာရှိ မဲ့၊
တစ်ဆယ့်လေးပါး၊ ဤအပြားလည်း၊

http://www.dhammadownload.com



သိကြားပရမိဿွာ၊ ဗြဟ္မာနတ်ခေါင်၊
တော တောင် မိုး ရေ၊ မိုးလေခပင်း၊
ဖန်ဆင်းမတတ် ကမ္မသကာ၊
မှတ်ထင်ရာသည်၊ ယင်းသာ ဘူတဝါဒီတည်း။

ဟု စပ်တော်မူပါသည်။

ဤသည်ကို နားမလည်၍ လူလူချင်း ကွဲပြားခြားနားရသည့် အကြောင်းရင်းကိုအကျယ်ဝေဖန်ဟောကြားတော်မူရန် တောင်းပန်ရာ-

၁။ ပါဏာတိပါတကံကြောင့် — အသက်တိုသည်၊
၂။ ပါဏာတိပါတကံ ကင်းသောကြောင့် — အသက်ရှည်သည်၊
၃။ သူတပါးကို ညှဉ်းဆဲခဲ့သောကြောင့် — ရောဂါများသည်၊
၄။ သူတပါးကို မညှဉ်းဆဲသောကြောင့် — ရောဂါနည်းသည်၊
၅။ ဒေါသကြီးသောကြောင့် — အဆင်းမလှ၊
၆။ ဒေါသနည်းသောကြောင့် (မေတ္တာပွား၍) — အဆင်းလှသည်၊
၇။ ဣဿာ (ငြူစူခြင်း) ကြောင့် — တန်ခိုးသြဇာ အခြွေအရံ နည်းသည်၊
၈။ ဣဿာကင်းသောကြောင့် — တန်ခိုးသြဇာ အခြွေအရံများသည်၊
၉။ ဒါနနည်းသောကြောင့် — ဆင်းရဲသည်၊
၁၀။ ဒါနများသောကြောင့် — ချမ်းသာသည်၊
၁၁။ မာနရှိသောကြောင့် (ဂါရဝ၊ နိဝါတ ကင်း၍) — အမျိုး ယုတ်ညံ့သည်၊
၁၂။ မာနကင်းသောကြောင့် (ဂါရဝ၊ နိဝါတ ရှိ၍) — အမျိုး မြတ်သည်၊

http://www.dhammadownload.com



၁၃။ ပညာရှိကို မမှီဝဲသောကြောင့် ပညာဉာဏ်ခေါင်းပါးသည်၊

၁၄။ ပညာရှိကို မှီဝဲသောကြောင့် ပညာဉာဏ်ကြီးမားသည်။

ဟု အကျယ် ဟောတော်မူပါသည်။

ဤ အကြောင်းအရာကို ဆရာတော်ဘုရားကြီးသည် သီတံလက်ာများဖြင့် ဟောကြားထားတော်မူပါသည်။

## ၄။ အာဠဝကသုတ္တန် တရားတော်

**မာရ်နတ်ထက် ခက်ထန်သူ**

အာဠဝီမင်းကြီးသည် တောကစားရင်း နယ်ကျွံသွားရာမှ အာဠဝက ဘီလူးမင်းပိုင် ညောင်ပင်အောက် ဝင်မိပါသည်။ ဝေဿဝဏ်နတ်မင်း၏ အမိန့်အရ အရိပ်အောက်ဝင်သူကို စားပိုင်ရကား အာဠဝီမင်းကြီး အစားခံရမည့် အခြေတွင် ဘီလူး ကျေနပ်အောင် နေ့တိုင်း လူတစ်ယောက်နှင့် ထမင်းတစ်အိုး ပို့ပါမည်ဟု ကတိကဝတ်ပြု၍ ဘီလူးလက်မှ အလွတ်ရုန်းခဲ့သည်။ သို့သော် ကြောက်လန့်တကြား ထားခဲ့ရသော ကတိဖြစ်၍ နှစ်-လ-ရက်ကို မသတ်မှတ်ခဲ့။ ထို့ကြောင့် နေ့စဉ် လူတစ်ယောက်နှင့် ထမင်း တစ်အိုးကျ ပို့လာရရာ နောက်ဆုံး ပို့စရာလူကုန်၍ ကလေးများကို ပို့ရတော့သည်၊ ကလေးများကုန်၍ အာဠဝီမင်းကြီး၏ သားလေးအလှည့် ကျပါသည်။

ထိုအခါတွင် မြတ်စွာဘုရားသည် ချေချွတ်ရမည့်သူကို ကြည့်တော်မူရာ--

၁။ ငါဘုရား သွားလို့ရှိယင် အာဠဝကဘီလူး သောတာပန်အရိယာ ဖြစ်မယ်။

ဘတိယအကြိမ်

http://www.dhammadownload.com



၂။ နောက်တစ်နေ့နံနက် အာဠဝိပြည်တံခါးဝမှာ အာဠဝကသူတွန် တစ်ဖန် ပြန်ဟောရမယ်။ ထိုအခါ ရှစ်သောင်း လေးထောင်သော ဝေနေယျတို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြလိမ့်မယ်။

၃။ ငါဘုရားသွားလို့ရှိယင် အာဠဝက မင်းသားလေးလဲ သေဘေးက လွတ်မြောက် နောက်တစ်ချိန် အသက်အရွယ် ကြီးရင့်လာတဲ့အခါ အနာဂါမ်အရိယာ ဖြစ်လိမ့်မယ်။

ဤအကျိုးသုံးပါးကို မြင်တော်မူသဖြင့် အာဠဝကဘီလူး၏ ဗိမာန်သို့ ဝင်တော်မူပါသည်။

ဤအကြောင်းကိုသိရသော အာဠဝကဘီလူးသည် အမျက်ထွက်လှ၍ ချက်ခြင်းပြန်လာကာ မြတ်စွာဘုရားကို လက်နက်ကြီး ၉-ပါးဖြင့် တစ်ညလုံး တိုက်ခိုက်ပါသည်။ ထို တိုက်ဆဲသမျှ လက်နက်တို့သည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ နံ့သာပျောင်း၊ ပန်းကုံး၊ ခြေသုတ်ပုဆိုး ဖြစ်ရသည်။

မာရ်နတ်သည် ဗောဓိပင်သို့လာ၍ အပရာဇိတပလ္လင်တော်ကို ယူပါသည်။ အလွန်ကြီးမားသော စစ်သည် ဗိုလ်ပါနှင့် တိုက်လာသော မာရ်နတ်ကို မြတ်စွာဘုရားသည် နေမဝင်မီ အောင်တော်မူပါသည်။ သို့သော် အာဠဝကကား၊ မာရ်နတ်ထက်လွန်စွာ တစ်ညလုံး တိုက်ခိုက်ပါသည်။ မြတ်စွာဘုရားက ခန္တီတရား မေတ္တာထား၍ အောင်တော်မူပါသည်။ ဤသို့ အောင်တော်မူ မြတ်စွာဘုရားကို ရှိခိုးရာလည်း ရောက်အောင်၊ မိမိတို့လိုရာ ဆန္ဒလည်း ပြည့်အောင် တောင်တွင်းအကျော် မဟာရလေဘဆရာတော် ခင်ကြီးဖျော် စီကုံးတော်မူခဲ့သော မာရ်လက်နက် ကိုးပြာ အောင်ဇေယျဝန္ဒနာ ဆုတောင်းဂါထာကို ပါဠိ+အနက် အတွက် ဝန်မလေးရအောင်—

အယုတ်တမာ၊ ရိုင်းမိုက်စွာသား၊ အာဠဝက၊ နတ်ယက္ခလျှင်၊
ဓဒါသလွှမ်းမိုး၊ ပြုဖန်ကျိုးသည့်၊ လေ+မိုး+ကျောက်+သဲ+ပြာမွဲ+

တတိယအကြိမ်

http://www.dhammadownload.com



မိုက်မှောင်+ပြောင်ပြောင်လက်လက်၊ ရောင်ပြိုးပြက်ဟု၊ ကိုးချက်ရန်စွယ်၊ အန္တရာယ်ကို၊ ဆံနှယ်မြူမျှ၊ မကြောင့်ကြပဲ၊ ဆုံးစခအောင်နိုင်၊ စေဘုန်းလှိုင်အား၊ ဦးယိုင်ညွတ်လျိုး၊ ကျွန်ရှိခိုးသည်၊ အေးမျိုးလက်နက် ကင်းစေသော်။ ။

ဟု ဆရာတော်ဘုရားကြီး လက်ာစီပေးထားတော်မူပါသည်။

## ဘီလူးမေးသော ပြဿနာများ

အာဠဝကသည် မိမိဗိမာန်သို့ ရောက်လာသော တန်ခိုးရှင် ရသေ့ပရိဗိုဇ်တို့ကို ပြဿနာ မေး၍ အဖြေမရလျှင် ထို ရသေ့ပရိဗိုဇ်တို့ကို ခြေကကိုင်၍ ဂင်္ဂါမြစ် တစ်ဘက်ကမ်းသို့ ပစ်လိုက်သည်ချည်း ဖြစ်သည်။ မြတ်စွာဘုရားကိုလည်း ဤသို့ ပစ်ရန်ကြံ၍ ပြဿနာ မဖြေနိုင်လျှင် ဂင်္ဂါမြစ် တစ်ဘက်ကမ်းသို့ ပစ်လိုက်မည်ဟု ကြိမ်းတမ်းစွာ ပြောသည်။ သို့သော် မြတ်စွာဘုရားက "မေးလိုရာ မေးတော့"ဟု သဗ္ဗညုပဝါရဏာဖြင့် မိန့်ကြားသဖြင့် အာဠဝက ဘီလူးလည်း—

၁။ လောကမှာ အဘယ်အရာသည် သတ္တဝါတို့၏ အမြတ်ဆုံး ဥစ္စာနည်း၊

၂။ အဘယ်တရားကို ကောင်းစွာ လေ့ကျက်လျှင် လူ နတ် နိဗ္ဗာန် ချမ်းသာကို ရသနည်း၊

၃။ အဘယ် အရသာသည် အချိုမြိန် အကောင်းမြတ်ဆုံးနည်း၊

၄။ ဘယ်သို့ အသက်ရှင်ခြင်းသည် အမြတ်ဆုံး အသက်ရှင်ခြင်း နည်း ဟု မေးပါသည်။

အာဠဝကသည် ဤ အမေးနှင့် အဖြေကို မိဘထံမှ သင်ယူခဲ့ဖူး၏။ သို့သော် ကြာသောအခါ အဖြေပျောက်၍ အမေးသာ ကျန်တော့သည်၊ ကြာလျှင်အမေးပါ ပျောက်ချေမည်ဟု အမေးကို စာနှင့်ရေးမှတ်ထားသည်။ ထို့ကြောင့် အဖြေကို ရလို၍ ဤသို့ မေးခြင်း ဖြစ်ပါသည်။

ဘာတိယအကြိမ်

http://www.dhammadownload.com



ဤအမေး၏ အဖြေကို ဘုရားရှင်တို့သာ ဖြေတော်မူနိုင်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားက ဖြေတော်မူသောအခါ အာဠဝက ဘီလူးသည် ရှေးက သင်ယူဖူးသော အဖြေကို သတိရ၍ လွန်စွာ ကျေနပ်သွားပါသည်။

တစ်ဖန် ဒုတိယအကြိမ်အဖြစ်

၁။ အဘယ်တရားဖြင့် သြဃရေပြင်ကြမ်းကို ကူးသန်း နိုင်ပါသနည်း၊

၂။ အဘယ်တရားဖြင့် ဘဝသံသရာ သမုဒ္ဒရာကို ကူးမြောက်နိုင်ပါသနည်း၊

၃။ အဘယ်တရားဖြင့် ဒုက္ခအဝဝကို ကူးမြောက်နိုင်ပါသနည်း၊

၄။ အဘယ်တရားဖြင့် ကိလေသာမှ စင်ကြယ်စေနိုင်ပါသနည်း၊ ဟု မေးပြန်ပါသည်။

ဤအမေး လေးပါးကိုလည်း မြတ်စွာဘုရားက ရှေးဘုရားတို့ တံထွာ မမှတာအတိုင်း ဖြေတော်မူပါသည်။

ဤအဖြေကို ကြားနာရလျှင် အာဠဝက ဘီလူးမင်း သောတာပန် တည်လေ၏။ ထိုအခါ ပညာဖြင့် ကိလေသာမှ စင်ကြယ်နိုင်၏ ဟူသော အဖြေစကားလာ ပညာကိုယူ၍ မိမိ၏ မဂ်ပညာဖြင့် တီထွင်ကာ—

၁။ အဘယ်တရားရှိမှ ပညာရနိုင်ပါသနည်း၊

၂။ အဘယ်တရားဖြင့် ဥစ္စာကို ရနိုင်ပါသနည်း၊

၃။ အဘယ်တရားဖြင့် ကျော်စောခြင်းသို့ ရောက်နိုင်ပါသနည်း၊

၄။ အဘယ်တရားဖြင့် အဆွေခင်ပွန်းတို့ကို ဖွဲ့ထုံး နိုင်ပါသနည်း၊ ဟု ပြဿနာ လေးရပ် မေးပြန်ပါသည်။

ကြမ်းကမ်းလှစွာသော ဘီလူးအဖြစ်မှ သောတာပန် အရိယာဖြစ်ပြီးသော အာဠဝကသည် ပရဟိတပဋိပတ် နိဗ္ဗာန်ဆော်—ဓယသက နတ်သွားပြုလုပ်တော့မည် ဖြစ်ကြောင်း မြတ်စွာဘုရားကို လျှောက်ထားသည်၊

ကတိယာအကြိမ်

http://www.dhammadownload.com



## တိုက်ဆိုင်မှုများ

၁။ ဒေသနာနိဂုံး တရားဆုံးခြင်း၊

၂။ စကြဝဠာတိုက်တစ်သောင်းက နတ် ဗြဟ္မာများ ကောင်းချီးနှုမော် သာဓုခေါ်ခြင်း၊

၃။ မိုး စင်စင်လင်းခြင်း၊

၄။ အာဠဝက မင်းသားလေး ဘီလူးစာအဖြစ် ဥယျောင်ပင်နား သို့ ရောက်လာခြင်း—

ဟူသော ဖြစ်ရပ်လေးခုသည် တစ်ပြိုင်နက်ဖြစ်၏။

## ဆရာတော်ဘုရား၏ တိုက်တွန်းချက်

အာဠဝကဘီလူးသည် မြတ်စွာဘုရား၏ ရှေ့တော်မှောက်၌ အာဠဝက မင်းသားလေး သရဏဂုံတည်ကြောင်း လျှောက်ထားပါသည်။ ဤဒေသနာနှင့် စပ်၍ ဆရာတော်ဘုရားကြီးက—

"ဘုရားလက်ထက်တုန်းက ဗုဒ္ဓဘာသာဝင်တွေလိုပဲ ယနေ့ ဗုဒ္ဓဘာသာဝင်တွေလဲပဲ သားငယ် သမီးငယ် မွေးဖွားပြီး ခုနစ်ရက်မြောက် ရောက်သောအခါ "ဒေါလာကရဏ၊ နာမကရဏ ပုခက်တင်မင်္ဂလာ၊ ကင်ပွန်းတပ် မင်္ဂလာ" ပြုကြတဲ့အခါ မိဘဆွေမျိုးတို့က ကလေးအတွက် အာဠဝကဘီလူးလိုပဲ သရဏဂုံ ခံတတ်ကြသည်ကို ဗဟုသုတ အဖြစ် မှတ်ယူကုန်ရာ၏" ဟု တိုက်တွန်း ထားတော်မူပါသည်။

နောင်သောအခါ အာဠဝက မင်းသားလေးသည် ဟတ္ထကာဠဝက အမည်တွင်၍ အနာဂါမ် အရိယာဖြစ်ပြီး သင်္ဂြိုဟ်ခြင်း လေးပါးဖြင့် သင်္ဂြိုဟ်ချီးမြှင့်မှု အရာ၌ ဧတဒဂ် ရပါသည်။

ကာတိယအကြိုဂ်

http://www.dhammadownload.com



# ၅။ ဝမ္မိကသုတ္တန် တရားတော်

## ဟောရခြင်းအကြောင်း

တရားရသူ သူတော်စင်တို့ တရားကိုသိမြင်ရာ၌ အကြောင်းခံချက်များသည် တစ်ဦးနှင့်တစ်ဦး မတူ ကွဲပြားခြားနားလေ့ ရှိပါသည်။ ကြာပန်းညှိုးသည်ကိုမြင်၍ပစ္စေကဗုဒ္ဓါဖြစ်သူများ၊ဥဇ္ဇပဏ္ဍိကပဋေရိကဲ့သို့ အဝတ်နွမ်းသည်ကို မြင်၍ တရားရသူ၊ ပဋာစာရီထေရီမကဲ့သို့ ခြေဆေးရာမှ စီးသွားသောရေကိုမြင်၍ တရားရသူ စသည်ဖြင့် များစွာရှိပါသည်။ ဤဗာဟိဒ္ဓ အာရုံကိုပင်လျှင် ဝိပဿနာဉာဏ် အမြင်၌ မိမိခန္ဓာကိုယ်ပေါ်၌ ဆင်ခြင်လိုက်သောအခါ အကျွတ်တရား ရသွားကြခြင်း ဖြစ်ပါသည်။ ဤဗာဟိဒ္ဓနိမိတ် ဟူသမျှသည် မိမိ၏ခန္ဓာကိုယ်၌ ထင်ရှားစေရန် အထောက်အပံ့ တရားမျှသာ ဖြစ်ချေသည်။ ထို့ကြောင့် "တရားရှာ ကိုယ်မှာတွေ့" ဟူသည့်အတိုင်း ခန္ဓာကိုယ်တွေ့ တရားရှာ၍ အကျွတ်ရကြစေရန်—

ခန္ဓာကိုယ်၌သာ တရားရှာ၍ အကျွတ်တရားရကြစေရန် ရည်သန်၍ ဟောကြားခြင်း

ဟု ဆရာတော်ဘုရားကြီးက အာသိသပြုတော်မူကာ ဤဝမ္မိကသုတ္တန် တရားတော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါသည်။

## ရှင်ကုမာရကဿပ

ရှင်ကုမာရကဿပသည် သူငယ်ချင်းဟောင်း ဗြဟ္မာတင်လာသော ပြဿနာ ၁၅-ရပ်ကို မြတ်စွာဘုရားအား မေးလျှောက်သည်။ ဤနှင့်စပ်၍ ဆရာတော်ဘုရားသည် ရှင်ကုမာရကဿပ၏ ရှေးအကြောင်းကို ကုမာရကဿပထေရအပဒါန်၌ လာသောအတိုင်း ဆန်းကြယ်စွာ တရားစကား ဟောကြားနိုင်သော တေဒင်ဆုကို ပန်တော်မူသည်မှစ၍ ဟောကြားတော်မူထားပါသည်။ ဤသို့ ဟောတော်မူရာဝယ် ရှင်ကုမာရကဿပအလောင်း "သာခါသူဌေးမင်း ၏ သားဖြစ်၍ သပင်မ၏ ဝမ်းသို့ သက်ခဲ့ရပြီ" ဟူသော အပဒါန်စကားကို ဇာတကဋ္ဌကထာ၌ လာသော

http://www.dhammadownload.com



အတိုင်း နိဗ္ဗာနမိဂဇာတ်ကို ကြားညပ် ဟော[illegible]ားသားတော် [illegible]ပါသည်။ဤမျှပက မြတ်စွာဘုရား လက်ထက်တော်အခါ ဘိက္ခုနီမ၏သား ဖြစ်ရပုံကိုဟောကြားရာတွင်လည်း ရှင်ကုမာရကဿပမွေးဖွားသောအခါ ဘိက္ခုနီမ၏သား ဖြစ်ရပုံကို ဟောကြားရာတွင်လည်း ရှင်ကုမာရကဿပ မွေးဖွားသောအခါ ဘိက္ခုနီမနှင့် ကလေးအကြား ကြောင့်ကြမျှားမည်စိုး၍ ပသေနဒီ ကောသလမင်းကြီးက ခေါ်ယူ မွေးစားပုံကို ဓမ္မပဒ အဋ္ဌကထာ၌ လာသောအတိုင်း ဟောကြားထားတော်မူပါသည်။

၁၂-နှစ်သား အရွယ်တွင် သာသနာ့ဘောင်ဝင်သော ရှင်ကုမာရကဿပသည် အန္ဓဝန် တော၌ တရားအားထုတ်နေစဉ် သူငယ်ချင်းဟောင်းဗြဟ္မာက– ငါ့သူငယ်ချင်းအဖို့ မဂ်ဖိုလ်၏ ဥပနိဿရည်း ပစ္စည်းဖြစ်ဖို့ရန်အတွက် "ဓမ္မပဏ္ဏာကာရ=တရားလက်ဆောင်ပြုလုပ်ပြီး ငါသွားမှပဲ"ဟု ကြံစည်ကာ ပြဿနာ ၁၅-ရပ် မေးလာပါသည်။

ရှင်ကုမာရကဿပ တရားအားထုတ်သော အန္ဓဝန်တောကြီးဖြစ်လာပုံကိုလည်း ဗဟုသုတဖြစ်ဖွယ် ထည့်သွင်း ဟောကြားထားတော် မူပါသေးသည်။

ဗြဟ္မာတင်လာသော ပဟေဠိစကားကို အခြေတည်၍ ရှင်ကုမာရကဿပသည် ပြဿနာ ၁၅-ရပ်ကို မြတ်စွာဘုရားအား လျှောက်ထား[illegible]ါသည်။ မြတ်စွာဘုရားက ပြန်ကြ[illegible]ားတော်မူပါသည်။ ဤအမေးအဖြေ[illegible] သာမန်လူတို့ သဘောပေါက်စေရန် ဆရာတော်ဘုရားက–

## ပြဿနာအဖြေ ၁၅ ချက်လက်ာ

(၁) ဤခန္ဓာကိုယ်၊ တောင်ပို့ဆိုလော့။

(၂) ညဉ့်ကိုလုပ်မျိုး၊ ကြံစည်ပျိုးသည်၊ အခိုးလူလူ၊ ထွက်သောဟူ၏။

(၃) နေ့မှုကိုယ်နှုတ်၊ ထိုထိုအလုပ်၌၊ အားထုတ်ကျင့်ဆောင်၊ မီးတောက်လောင်၏။

တတိယအကြိမ်

http://www.dhammadownload.com



(၄) ဘုန်းခေါင်ထွတ်ထား၊ မြတ်ဘုရားမူ၊ ပုဏ္ဏားဆရာ၊ ဟောမိန့်မှာ၏။

(၅) ယောဂါဝစရ၊ ပုဂ္ဂလမူ၊ သိဿညဏ်ရှိ၊ စံတပည့်ဟည့်။

(၆) ဝိပဿနာ+မဂ်ပညာကား၊ ထက်စွာအသွား၊ သန်လျက် ဓား တည့်။

(၇) ကြိုးစားလုံ့လ၊ ဝီရိယထန်ပြင်း၊ အားထုတ်ခြင်းကို၊ တူးခြင်း ခေါ်ရာ။

(၈) အဝိဇ္ဇာကား၊ ပိတ်ကာမင်းတုံး၊ စံတန္တုန်းတည်း။

(၉) ဟုန်းဟုန်းတက်ကြွ၊ မျက်ကောဓမူ၊ ဖားပွပွသို။

(၁၀) ယုံမှားရှိသား၊ ဝိစိကိစ္ဆာ၊ လမ်းနှစ်မြွာတည်း။

(၁၁) ငါးမြာနီဝရဏ၊ ရေစစ်ပြလော့။

(၁၂) ပဉ္စုပါဒါ+နက္ခန္ဓာကို၊ ပမာလိပ်ပုံ၊ ဟောမိန့်တုံရှင့်။

(၁၃) အာရုံငါးချက်၊ ကာမစက်မူ၊ သန်လျက်ပုံနှုန်း၊ စဉ်းတီတုံးတည့်။

(၁၄) သားတုံးဟူဘိ၊ စွဲကပ်ငြိသား၊ နန္ဒီရာဂ၊ စွန့်ခွာမှလျှင်။

(၁၅) အာသဝကင်းကွာ၊ ရဟန္တာမူ၊ ပမာနဂါး၊ ဟောမိန့်ကြားသည် ဆယ့်ငါးပြဿနာ ရပ်တည်း ...။

ဟု လင်္ကာစီ၍ ရှင်းလင်းဟောကြားထားတော်မူပါသည်။

ဤသို့ ဟောတော်မူရာ ခန္ဓာနှင့်ဓာတ်ကို သဘောပေါက်အောင် ရှင်းလင်းပြထားတော်မူပါသည်။

## ၆။ သဘိယသုတ္တန် တရားတော်

### ရဟန်းတရားနှင့် ပလိဗောဓ

တရားကျင့်သော ယောဂီသူတော်ကောင်းတို့သည် ပလိဗောဓ ကြောင့်ကြမျှားမှုကို လွန်စွာ စိုးရိမ်ကြသည်။ တရားအလုပ် လုပ်နေယင် အစားအတွက်၊ အဝတ်အတွက်၊ အသုံးအဆောင်အတွက် စိုးရိမ်

http://www.dhammadownload.com



ကြောင့်ကြ နေရမှုမျိုးကို လိုလားတော် မမူကြချေ။ ပလီဗောဓကို နည်းနိုင်သမျှ နည်းအောင်သာ ဂရုပြု၍ တရားအားထုတ်ကြသည်။ ဘုရားအလောင်းတော် ဒုက္ကရစရိယ ကျင့်စဉ်အခါကလည်း ဆွမ်းခံစား ရသည့် အလုပ်ကိုပင် ကြောင့်ကြများသည် ထင်၍ ကြွေကျသော သစ်သီးမျှဖြင့် မျှတတော်မူခဲ့သည်။ ဤသူတော်ကောင်း ယောဂီတို့၏ လမ်းစဉ်အတိုင်း သဘိယထေရ်၏အလောင်း အပါအဝင် အမျိုးကောင်း သား သုံးယောက်သည် ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲတွင် ဖောင် ဖျက်၍ တိုက်သကဲ့သို့ တောင်တက်လှေကားကို တွန်းလှဲကာ တရား အားထုတ်ခဲ့ကြသည်။ သဘိယအလောင်း ပရိဗိုဇ်သည် အဖော်နှစ်ဦး အနက် တစ်ဦး ရဟန္တာဖြစ်၍ တစ်ဦး အနာဂါမ်အရိယာ ဖြစ်သွား သည့်တိုင် ရဟန်းတရား မရဘဲ သေသွားခဲ့ပါသည်။ ဤသို့ ပလီဗောဓ ကြောင့်ကြကို ပယ်ခဲ့ကြပါသည်။

## ပုစ္ဆာနှစ်ဆယ်

မြတ်စွာဘုရား လက်ထက်တော်သို့ ရောက်သောအခါ သဘိယသည် ပရိဗိုဇ် ဖြစ်လာပြန်သည်။ မိတ်ဆွေကောင်းပီသသော တရားအားထုတ် ဖက် သုဒ္ဓါဝါသဗြဟ္မာကြီးသည် သဘိယကို ကျေးဇူးပြုသောအားဖြင့် မြတ်စွာဘုရားရှိရာကို တိုက်ရိုက်မလွှတ်ဘဲ ပြဿနာ နှစ်ဆယ်မေး၍ အဖြေရှာခိုင်းသည်။ ဤ ပြဿနာ၏အဖြေကို ဘုရားမှတပါး ဖြေနိုင်သူ မရှိချေ။

## ထုတိဩဘာ ထောမနာ

သဘိယသည် မြတ်စွာဘုရားထံမှ အဖြေဂါထာတို့ကို ကြားနာရသော အခါ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပြီးလျှင် ထုတိဩဘာ ထော မနာဂါထာ ၉ ပုဒ် ရွတ်၍ မြတ်စွာဘုရားကို ရှိသေမြတ်နိုး ရှိခိုးပါ သည်။ ထို့နောက် ရဟန်းတရားကို ပွားများအားထုတ်ရာ ရဟန္တာ အဖြစ်သို့ ရောက်တော်မူပါသည်။

တတိယအကြိမ်

http://www.dhammadownload.com



## သဘိယသုတ်နှင့် ဆရာတော်၏ အခက်အခဲ

ဤ သဘိယသုတ္တန်ကို ဟောကြားတော် မမူမီ ဆရာတော်ဘုရားက မိမိငယ်စဉ်က ပါဠိတော်ကျက်ရာတွင် အထင်ကြီးခဲ့မှုကို ပရိဝါပါဠိတော်ကို ကျက်သည့်အခါ ဆေးဇာ ကျက်ရဘိသို့ အခက်အခဲ ရှိခဲ့ပုံကို လည်းကောင်း၊ ဤသဘိယသုတ်ကို ကျက် သည့် အ ခါ တွင် လည်း လွယ်လင့်တကူ မရနိုင်ခဲ့ပုံကို လည်းကောင်း၊ ဖွင့်ဟ ဝန်ခံတော်မူပြီး ဤ သုတ္တန်တရားကို ဟောကြားရာ၌ "မတော်တဆ ချွတ်ယွင်းချက်များ ပါသွားခဲ့သော် သည်းခံပြီးတော့ နာယူကြပါ" ဟု တောင်းပန် ထားပါသည်။ ဤကဲ့သို့ တောင်းပန်ရခြင်းမျိုး ဆရာတော်၏ ဘဝ၌ ဤ နေရာ၌သာ ရှိမည်ထင်ပါသည်။

## ၇။ အနတ္တလက္ခဏသုတ္တန် တရားတော်

### ပဉ္စဝဂ္ဂီတို့ ရဟန္တာဖြစ်သောတရား

အနတ္တလက္ခဏသုတ္တန် တရားတော်သည် မြတ်စွာဘုရား၏ သာသနာ၌ ဦးဆုံး ရဟန်း ဖြစ်တော်မူကြသော ပဉ္စဝဂ္ဂီတို့ကို ရဟန္တာအဖြစ်သို့ ပို့ဆောင်တော်မူသည့် တရားတော်ဖြစ်ပါသည်။ ဤသို့ ရဟန္တာအဖြစ် ပို့ဆောင်တတ်သော တရားတော်ကို သာမန်လူတို့ နားလည်အောင် ဆရာတော်ဘုရားကြီးက ကြံစည်၍ ဟောကြားတော် မူခြင်း ဖြစ်ပါသည်။

### ခန္ဓာကမ္မဋ္ဌာန်း

အနတ္တလက္ခဏသုတ္တန်သည် ခန္ဓာကမ္မဋ္ဌာန်းကို ဟောကြားထားသည့် တရားတော်ဖြစ်ပါသည်။ ခန္ဓာဟူသည် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်- ဤခန္ဓာငါးပါးသာတည်း။ ဉာဏ်ကြီးသော ပဉ္စဝဂ္ဂီတို့အဖို့ ရုပ် ဟု ကြားနာလိုက်ရသည်နှင့် ရူပက္ခန္ဓာကို ကြွင်းမဲ့ဥဿုံ အလုံးစုံ မြင်သိ ပြီး ဖြစ်ပါသည်။ သို့သော် ပါရမီဉာဏ် ကံအားနည်းသော သူသူငါငါ အဖို့ကား စာသိမျှပင် မသိသူများလှပါသည်။ ထို့ကြောင့် စာသိသိသူ မသိသူ သူသူငါငါ အများတကာတို့ လွယ်ကူစွာ နားလည် သဘော ပေါက်စေရန် ဆရာတော်ဘုရားသည် လယ်တီဆရာတော် ဘုရားကြီး၏

http://www.dhammadownload.com



"ခန္ဓာအာယတန ဓာတ်သစ္စာကျမ်း" ကို အကူအညီရယူ၍ အကျယ် ဝေဖန် ဟောကြားထားတော်မူပါသည်။

### သင်္ဂိုဟ်သံခိပ်

ဤအနတ္တလက္ခဏသုတ္တန်ကို နားလည်ရန် သင်္ဂိုဟ်အခြေခံ ရှိရပါမည်။ ဤအချက်ကို သိမြင်တော်မူသော ဆရာတော်ဘုရားသည် ရုပ်ပိုင်းကို အကျဉ်းချုပ်၍ မဟာဘုတ်လေးပါး စသည်အားဖြင့် ရုပ် ၂၈-ပါးကို အများနားလည်လွယ်အောင် စိတ်ဝင်စားဖွယ် ဟောကြားထားတော်မူပါသည်။ ဤသို့အားဖြင့် စိတ်၊ စေတသိက်၊ ရုပ်တို့၏ သဘာဝသရုပ်ကို အကျဉ်းချုပ်၍ ဟောကြား ထားတော်မူသည်မှာ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ထပ်၍ချုပ်သည့်နှယ် ဖြစ်သဖြင့် သခေပ သင်္ဂိုဟ်=သင်္ဂိုဟ် သံခိပ်ဟုပင် ဆိုရမည်ထင်ပါသည်။

### ဝိပဿနာပွားပုံ

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကို လက္ခဏာရေးသုံးပါး တင်၍ ဆင်ခြင်မှုပွားနိုင်အောင် အနတ္တလက္ခဏာသုတ် ပါဠိတော်လာ ခန္ဓာငါးပါးဆိုင်ရာ ဝိပဿနာပါဠိကို မြန်မာလက်ာဖြင့် တွဲဖက် ဟောကြားတော်မူသဖြင့် အနတ္တလက္ခဏာသုတ်ပါဠိကို ရွတ်ဖတ်လေ့ကျက်သူတို့ အဖို့ ခန္ဓာငါးပါးကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ်တင်၍ ဓမ္မ သက်သက်မျှသာ ဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်မည် ဖြစ်ပါသည်၊

## ၈။ ရတနသုတ္တန် တရားတော်

### ဟောရခြင်းအကြောင်း

ပရိတ္တ ဟူသည် အရံအတားဖြစ်ရာ မြတ်စွာဘုရား ဟောကြားတော်မူသော ပရိတ်တော်တို့သည် ရွတ်သူ နာသူတို့အား ဘေးဥပါဒ် ကင်းစေနိုင်သည်။ သို့သော် ဤ အကျိုးတရားကို—

တတိယအကြိမ်

http://www.dhammadownload.com



ပဋ္ဌာနန္တရိယ ကံကြီး မထိုက်သူ၊
နိယတမိစ္ဆာဒိဋ္ဌိ မဟုတ်သူ၊
ပရိတ်တော်၏ အာနိသင်ကို ယုံကြည်သူမှသာ ရသည်။

ပရိတ်တော်၏ တန်ခိုးကြောင့်–
မြွေမကိုက်ချေ၊ ဖွင့်ထားသောပါးစပ် ပိတ်သွား၏။
ချိန်ရွယ်ထားသော လက်နက် ပြန်ကျသွား၏။
အမျက်ထွက်သော ဆင်ပြောင်ကြီး ရှောင်ရှားသွား၏။
မီးငြိမ်းသွား၏။
အဆိပ်သည် အာဟာရ ဖြစ်သွား၏။
ရန်သူသည် ကျေးကျွန် ဖြစ်သွား၏။
ကျောက်ကွင်း မဖွဲ့မိချေ။

ဤသို့ ဤနှယ် ကျေးဇူးကြွယ်သော ပရိတ်တော်၏ အကျိုးတရားကို ခံစားနိုင်ကြစေရန် ဆရာတော်ဘုရားသည် ပရိတ်ကြီး ၁၁–သုတ်လုံးကို ပါဠိအနက် ရွတ်ဆို၍ အသံသွင်းထားပါသေးသည်။ ယခု ဤရတန သုတ္တန် တရားတော်ကိုကား "ရတနသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ် နှလုံးသွင်းခြင်းဖြင့် ကပ်သုံးပါးမှ လွတ်ကင်းကြစေရန် ရည်သန် ဟောကြားခြင်း" ဖြစ်ကြောင်း ပရိုညာဉ် ပြုတော်မူထားပါသည်။

## ရတနသုတ်လာ ဂါထာများ

ပထမ ဂါထာဖြင့် ဘုရားဖြင့် သစ္စာတိုင်တည်ပြီး ဆုတောင်းခြင်း၊
ဒုတိယ ဂါထာဖြင့် နိဗ္ဗာန်တရား (ပ)
တတိယ ဂါထာဖြင့် အရဟတ္တမဂ်သမာဓိတရား (ပ)
စတုတ္ထ ဂါထာဖြင့် အရိယာပုဂ္ဂိုလ်ရှစ်ပါး (ပ)
ပဉ္စမ ဂါထာဖြင့် ရဟန္တာအရှင်သူမြတ် (ပ)

ကာဝိယအကြိမ်

http://www.dhammadownload.com



ဆဋ္ဌ၊ သတ္တမ၊ အဋ္ဌမ၊ နဝမ ဂါထာတို့ဖြင့် သောတာပန် အရှင်သူမြတ်တို့၏ ဂုဏ်ကျေးဇူးတို့ကို ဖော်ကြား သစ္စာထား၍ ဆုတောင်းခြင်း

ဒသမ၊ ဧကာဒသမ ဂါထာတို့ဖြင့် ဘုရား ရတနာ (၂)

ဒွါဒသမ (ခီဏံ ပုရာဏံ) ဂါထာဖြင့် အနုပါဒိသေသ ပရိနိဗ္ဗာန် စံသည့် ရဟန္တာတည်းဟူသော သံဃာ ရတနာဖြင့် သစ္စာတိုင်ဘည်ပြီး ဆုတောင်းခြင်းဖြစ်ဘည်။

ဤသစ္စာတန်ခိုးကြောင့် (အချို့သော ရဟန်းသံဃာများ) အိမ်တက် မင်္ဂလာပြုရာအခါ၌ အသုံးပြုလေ့ရှိသော ပဗ္ဗာဇနီယ ကမ္မဝါစာ မလို ကြောင်းကို—

ယံကိဉ္စိ ခယံ ယံဗုဒ် ယေပုဂ်
ယေသုပ် ယထိန် ယေရိ သဟာ။
ကိဥ္စာ ဝနပ် ဝရော ခီဏံ၊
ဝန္ဒာမိ သီရသာမဟံ။ ။

အခံမူလ ယာနီဓနှင့် အာသိသ၂တ် ယွင်းမချွတ်ပဲ ရွတ်ဖတ်ကြလေ၊ ကပ်သုံးထွေကို ဝေသာလီတွင် နိဒါန်းတင်တိုင်း အလျင်ဆောစွာ ကင်းစေပါလိမ့်။ ကမ္မဝါသော ပဗ္ဗာသောဟု နယောပဒေသ နေမကျ အောင် ဖွေဆစမ်းဝါး မဆန်းပြားလင့်။ ဘုရားရှင်ပင် ဓိရင်ဓမ္မစကာ်၊ ရွှေနှုတ်ထွက်ထက် ထက်မြက်ပုံရည် ခုံအတည်ကို ယုံကြည်သူတို့ဂုဏ်ရည် ညို့လိမ့်။ ထို့ကြောင့် အန္တရာယ် စင်ကြည်လိုသူ များရှင်လူဘို့ အတူမရ ဂုဏ်ပေါင်းပြသား ရတနသုတ်ခေါ် ပရိတ်တော်ကို ပူဇော်မြတ်နိုး ယုံကြည်ကိုး၍ ရိုးရိုးရွတ်နာစေကုန်သောဝ်။ ။ဟူ ကိုးဆောင်ပရိတ်၌ ဆိုပါသည်။

http://www.dhammadownload.com



## သန္ဓာတ်

ဤရတနသုတ္တန်တရား ဟောတော်မူရန် ဝေသာလီပြည်သို့ ကြွတော်မူရာ ဝေသာလီမှ ပြန်ကြွတော်မူရာ အခါတို့၌ နတ်နဂါး ဘုမ္မစိုးမှစ၍ အကနိဋ္ဌဗြဟ္မာတိုင်အောင် ပူဇော်ကြသည်ကို အကြောင်းပြု၍ သန္ဓာတ်ကို ဟောကြားတော်မူပါသည်။

## ထူးခြားချက်

ဤရတနသုတ္တန် တရားတော်၏ ထူးခြားချက်မှာ ဆရာတော်ဘုရားကြီး၏ အမြဲမပြတ် သြဝါဒပေးလေ့ရှိတော်မူသော အပ္ပမာဒ ဆုတောင်းဖြင့် ဆုတောင်းထားခြင်း ဖြစ်ပါသည်။

တတိယအကြိမ်

http://www.dhammadownload.com

# ကျမ်းပြုဆရာတော်

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိသည် ဆရာတော်ဘုရား၏ ဟောစဉ်တရားတော်များ (ပထမတွဲ)၌ ပါပြီး ဖြစ်ပါသည်။ ထိုမှတပါး—

၁။ အရှင်ဝိစိတ္တသာရာဘိဝံသ၏ ထေရုပ္ပတ္တိ အကျဉ်းချုပ် (သုဓမ္မဝတီ စာပုံနှိပ်တိုက်၊ ၁၃၁၅)။

၂။ ဓမ္မသဘောသက ဦးမောင်မောင်၏ "အရှင်ဝိစိတ္တသာရာဘိဝံသ ထေရုပ္ပတ္တိအကျဉ်းနှင့် ငွေရတုသြဝါဒကထာ" (ထွန်းတွန်းမြင့် ပုံနှိပ်တိုက်၊ ၁၉၇၉-ခု၊ ဖေဖော်ဝါရီလ)။

၃။ ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ ပါရမီ ၁၀-ပါး ဘုရားရှိခိုး "ထေရုပ္ပတ္တိအကျဉ်းနှင့်ဓမ္မလက်ဆောင်များ"၊ (တိပိဋကဓရ ၂၅-နှစ် ငွေရတု၊ လှိုင်ရတနာ စာပုံနှိပ်တိုက်၊ ၁၉၇၈-ခု၊ ဧပြီလ)။

၄။ ပရက္ကမ အရှင်ကေလာသ၏ "အရှင်ဝိစိတ္တသာရာဘိဝံသ ထေရုပ္ပတ္တိ တိပိဋကဓရ ဝုတ္တန္တဝိကာသိနီ"၊ (သာသနာရေး ဦးစီးဌာန၊ ၁၉၈၀)။

၅။ သာသနာ့အလင်းရောင် ဦးဖေမြင့်၏ "တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ မဟာထေရုပ္ပတ္တိကထာနှင့် ပကိဏ္ဏက ကာဗျမဉ္ဇရီ"၊ (နှလုံးလှ စာအုပ်တိုက်၊ ၁၉၈၅)။

၆။ မေမြို့ ရတနာမာရ်အောင်ထေရ်၏ "မင်းကွန်း ဓမ္မနာဒ ဆရာတော်ဘုရား၏ သက်တော် ၇၅-နှစ်မြောက် စိန်ရတု အထိမ်းအမှတ် ထေရုပ္ပတ္တိအကျဉ်း"၊ (သဇင်နီ ပုံနှိပ်တိုက်၊ ၁၃၄၈)ဟူ၍ အသီး အသီး ရှိပါသေးသည်။

သို့သော် ဆရာတော်ဘုရား အစိုးရပထမကျော်ဘွဲ့ ရတော်မူစဉ်က ဒဂုန်မဂ္ဂဇင်းကြီးက ချီးကျူး ဖော်ပြခဲ့သည့် "ပထမကျော် အရှင်ဝိစိတ္တသာရ၏ ထေရုပ္ပတ္တိအကျဉ်း"ကို အဟောင်းကို သစ်သောအားဖြင့်

http://www.dhammadownload.com



ဤ "ဟောာစဉ်တရား တတိယတွဲ"၌ ဖော်ပြလိုက်ပါသည်။ ဤနှင့်ဆက်၍ ရွေးယခင် ယခင် ထေရုပ္ပတ္တိများ၌ မပါဖူးသေးသော ဆရာတော် ဘုရားနှင့် သက်ဆိုင်ရာ အကြောင်းအရာ ထေရုပ္ပတ္တိကို သိမှတ်ဖွယ်ရာ အဖြစ် ထပ်ဆင့် ဖော်ပြလိုက်ပါသည်။

၁၂၉၆ ခုနှစ်၊ တန်ဆောင်မုန်းနှင့် နတ်တော်လထုတ်၊ ဒဂုန် ပဂ္ဂဇင်း၊ စာ ၈၃-၈၇ ၌ ဖော်ပြအပ်သော)—

## ပထမကျော်

## အရှင်ဝိစိတ္တသာရ၏ ထေရုပ္ပတ္တိ

(ဆရာတော်ဘုရား ကိုယ်တိုင် လိုရာဌာန၌ ပြည့်စွက်ထားတော်မူသည်။)

"သာသနာ့နေဝန်း၊ ထွက်ပေါ်ထွန်း၊ တို့ကျွန်း ကျက်သရေ"

ကမ္ဘာ၏ အမြုတေရတနာ မင်္ဂလာ ကျက်သရေကြီး တစ်ဆူမှာ သူရိယနေမင်းကြီးပင် ဖြစ်၏။ ကမ္ဘာသူ ကမ္ဘာသားတွေမှန်သမျှ အမိုက် မှောင်ကို လန့်ကြောက်ကြပြီးလျှင် ဝင်းတောက်သာယာ မင်္ဂလာ ကျက်သရေနှင့် ပြည့်လျှံသော နေမင်း၏ အလင်းရောင်ကို တောင့်တ ကြ၏။ နေမင်း၏အလင်း ပျောက်ကင်းဆိတ်သုဉ်း၍နေလျှင် ကမ္ဘာကြီး တစ်ဝန်းလုံး မှောင်တုံး မှောင်ခဲကြီးဖြစ်၍ နေပေသကဲ့သို့ ထို့အတူပင် သာသနာတော်ကြီးမှာလည်း အာဒိစ္စရံသီ ဗုဒ္ဓနေဝန်း ကြီး သည် အမတာကျွန်းသို့ ကြမြန်းတော်မူပြီးနောက် အလင်းရောင် ပျောက်မည် ကဲ့သို့ရှိရာမှ "အရှင်မဟာကဿပ" စသော နေဝန်းကြီးများ အဆူဆူ ထွက်ပြူပေါ်ထွန်းပြီး သာသနာတော်ကြီး၏ အလင်းရောင်ကို ထွန်းပြောင်စေခဲ့ကြရာ ဤမြန်မာ့ချက်ဗွေ သရေခေတ္တရာ၊ ပုဂံ+မြင်စိုင်း၊ စစ်ကိုင်း+ပင်းယ၊ အင်းဝ+ကုန်းဘောင်၊ ရန်အောင်အမရ ပူရကြငှန်း မန္တလေးရွှေနန်းသို့အထိ အလင်းရောင်ငြိလျက် ဝင်း အိ ထိန် လင်း ပြီး မှ သာသနာ တစ်ဝက်နင်းခဲ့သဖြင့် အလင်းခေတ် အားနည်းစ ပြုခဲ့သည်တွင် သာသနာ့နေဝန်းကြီး အဆူဆူ ထွက်ပြူပေါ်ထွန်း၍ လာခဲ့ပြန်၏။

တတိယအကြိမ်

http://www.dhammadownload.com



ထိုနေဝန်းကြီးများ တက်သစ်ခဲဖြစ်ပြီးလျှင် သာသနာ့ နိုင်ငံတော်ကြီး ခေါ်ဆိုရသော ကျွန်ုပ်တို့မြန်မာနိုင်ငံတော်တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပသော "အစိုးရပထမပြန် စာမေးပွဲကြီး"၌ သာသနာ နေဝန်းကြီးများ **အသစ်အသစ်** ထွန်းလာခဲ့ရာ ယခုနှစ် အားရကြည်ညိုဖွယ်သော နေဝန်းကြီးကား ပထမကျော် ထိပ်တန်းကို အောင်ပန်း ဆွတ်ခူးလိုက်သော "အရှင်ဝိစိတ္တသာရ"ပင် ဖြစ်၏။

အရှင်ဝိစိတ္တသာရသည် **အစိုးရပထမကျော်** အောင်ပန်း အောင်ညွန့်ဖူးကို **ဆွတ်ခူးလိုက်သည်မှာ** အံ့ဖွယ်ကောင်းလှပါသည်။ အကြောင်းသော်ကား... မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီးမှ ကျင်းပသော စာလျှောက်မေးခန်းတွင်လည်း အဋ္ဌကထာကြီးသုံးကျမ်း ပြဌာန်းသည့် စာချတန်းကို အောက်စာသင်တန်းမှ **နှစ်ခြားမဖက်** တစ်နှစ်ချင်း အောင်ပန်းဆွတ်ခူးခဲ့သည့်အတွက် သာသနာတော်ဘက်မှ **ဝမ်းမြောက်မဆုံးနိုင်အောင်ပင်** ဖြစ်ရ၏။

ဤသို့လျှင် အရှင်ဝိစိတ္တသာရသည် သာသနာတော်**၏** အမြတ်တော ရတနာ မင်္ဂလာကျက်သရေဆောင် အရှင်ထူး အရှင်မြတ် တစ်ပါးဖြစ်၍ "ပုဂ္ဂလဝိသေသော ဉာနိတဗ္ဗော" ဟူသော အဋ္ဌကထာ **စကားအရ** ထိုအရှင်မြတ်၏ အကြောင်းကို သိသင့်သိထိုက်သည့်အတိုင်း အကျဉ်းချုပ် ရေးသား ဖော်ပြအံ့သတည်း။

## မျိုးစေ့မျိုးမှန်၊ ပင်စည်သန်၊ ဖူးတံ ငုံဖြိုး အခိုင်ကြီး

အရှင်ဝိစိတ္တသာရသည် မြန်မာသက္ကရာဇ် ၁၂၇၃-ခု၊ တန်ဆောင်မုန်း လဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၃) နာရီအချိန်တွင် မြင့်မြတ်သော မိရိုးဖရိုးမှ ဖွားမြောက်သန့်စင်ခဲ့၏။ ထိုအရှင်မြတ်၏ မယ်တော်+ခမည်းတော်များမှာ မြင်းခြံမြို့နယ် ကျည်းပင်ရွာတွင် သူကြီးမျိုး အစဉ်အဆက်မှ ဆင်းသက်လာသော ဂါမဇေဋ္ဌက ရွာသူကြီး ဦးဆုံ+ဒေါ်ဆင် တို့၏ သားသမီး ၃-ယောက်အနက် ဒုတိယမြောက် အလတ်သား ရတနာဖြစ်၏။

ဟာဟိယအကြိမ်

http://www.dhammadownload.com



## ကျောင်းအပ်မင်္ဂလာ

သားအလတ်ရတနာ မောင်ခင် အသက် ၄-နှစ်သား အရွယ်တွင် သူကြီး ဦးဆုံ ကွယ်လွန်ခဲ့၍ ရက်လည်ပြီးသောအခါ အမိ ဒေါ်ဆင်နှင့် အစ်မ မသုန်၊ ညီငယ် မောင်ဘသင်တို့ကို ဦးကြီး ဦးကောက်မှ တာဝန် ယူ၍ (စာပေါက်ကုန်း ခေါ်) သဲပြုဝ အနောက်ရွာ အမိ ဒေါ်ကြံ၏ အိမ်သို့ ခေါ်ဆောင်သွားသောအခါ အဘိုး ဦးချယ်+အဘွား ဒေါ်အုံ တို့က မြေးအလတ် မောင်ခင်ကို ၎င်းတို့ကပင် တာဝန်ယူ ပြုစုလတ်၍ ရင်ကပ်မကွာ သားထွေးပမာ ယုယကြပြီး အသက် ၆-နှစ်အရွယ်တွင် ကျည်းပင်ရွာ ကျောင်းဆရာတော် ဦးသာသနထံ၌ အပ်နှံကြကာ နှင်းပြို မင်္ဂလာ ဆင်ယင်ကြပါသည်။ (အသက်ငယ်သေး၍ သင်္ကန်းဆီးရုံမျှသာ ချီးမြှောက်ကြရပါ၏။)

## မြင်းခြံမြို့သို့ ပြောင်း၍ ကျောင်းအပ်ခြင်း

ဆရာတော် ဦးသာသနထံ၌ သင်ပုန်းကြီးကအစ ပရိတ်ကြီးတိုင် သင် ယူခဲ့ပြီး အသက် (၇)ခုနစ်နှစ်အရွယ်တွင် ဦးကြီး ဦးကောက်က တာဝန် ယူ၍ မြင်းခြံမြို့ မင်းကျောင်းတိုက်သစ် ဆရာတော် ဦးသောဘိတထံသို့ ပြောင်းရွှေ့အပ်နှံခဲ့သည်။ ဆရာတော် ဦးသောဘိတမှာ (ဦးပေါ)+ ဒေါ်ကြံတို့၏ ပိဘဖြစ်ကြသည့် စွန်းလွန်း ဦးခိုင်+ဒေါ်ရွှေပွင့်တို့က မွေးဖွား ခံသားသဖြင့် ဒေါ်ကြံနှင့် လောကုတ္တရာမောင်နှမအဖြစ် ခင်မင် ရင်းနှီး ကြသည်။

## ပဉ္စင်္ဂမင်္ဂလာ

တိပိဋကဓရအလျှာ သူငယ် မောင်ခင် အသက် ၁၀ နှစ်အရွယ်သို့ ရောက်သောအခါ မယ်တော် ဒေါ်ဆင်က ဒါယိကာခံ၍ ရှင်သာမဏေ အဖြစ်သို့ ရောက်ခဲ့သည်။ ဆရာတော် ဦးသောဘိတက သာမဏေငယ်၏ ဉာဏ်အမြင် ဆန်းကြယ်မှုကို ဗျာပွတ်ဟစ်ရှ အစွဲပြု၍ ဘွဲ့အမည်ကို "ရှင်ဝိစိတ္တသာရ" ဟု မှည့်ခေါ်တော်မူခဲ့သည်။

ဘဘိယအကြိမ်

http://www.dhammadownload.com



# စာတော်ပွဲအောင်ပင်လာ

သာမဏေဘဝ ရှင်ဝိစိတ္တသာရသည် အသက် ၁၃-နှစ် အရွယ်သို့ ရောက်သောအခါ မြင်းခြံမြို့တွင် ကျင်းပသည့် "ဝံသာနုရက္ခိတ ဝိနည်း စာပြန်ပွဲကြီး"၌ ကစ္စည်းသဒ္ဒါကြီး ရှစ်စောင်လုံးကို အစ + အဆုံး အာဂုံ နှုတ်ဘက် ပြန်ဆိုနိုင်သည့်အတွက် ဇာတထောက်ဆရာတော် များနှင့်တကွ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးက "စာအရတွင် ပထမတန်း" ဟု ချီးမွမ်း တော်မူကြခြင်းများကို ခံယူလျက် အောင်ပန်းဆွတ်ခူးခဲ့သည်။

၎င်းနောက် ၁၄-နှစ်သားအရွယ်တွင် သင်္ဂြိုဟ် ၉-ပိုင်းကို မြင်းစိုင်း သလို ပြန်ဆိုခဲ့ပြန်ရာ ရွှေနည်းအတူ အောင်ပန်းဆွတ်ချူပြန်သည်။

၎င်းနောက် ၁၅-နှစ်သား အရွယ်သို့ ရောက်သောအခါ အစိုးရ ပထမပြန်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရာ ပထမငယ်တန်းကို နှစ်ချင်းစွဲ ပင် အောင်မြင်ခဲ့လေသည်။

ထိုနောက် ၁၆-နှစ်အရွယ်တွင် အစိုးရပထမပြန် စာမေးပွဲ အလတ် တန်းကို ဝင်ရောက်ဖြေဆိုပြန်ရာ ရှေးနည်းအတူ နှစ်ချင်းစွဲပင် အောင် ပန်း ဆွတ်ချူခဲ့လေသည်။

အသက် ၁၆-နှစ်မှ ၁၈-နှစ်အတွင်း (ပထမ လတ်တန်း အောင် ဂေဇက်ထွက်ပြီးစ အချိန်မှစ၍) ဥပဇ္ဈာယ် ဆရာတော် ဦးသောဘိတ ပဏ္ဍိတာဘိဝံသ-သေဖြယ်ရောဂါနှိပ်စက်အပ်သည်ကို ဂိလာနေ စ သုပဋ္ဌေယျ၊ ဝုဋ္ဌာနံ နေသ + မာဂမေ-ဟူသောအတိုင်း (၂)နှစ်နှစ်ခွဲကြာ မရှိမရှာ သည်းမည်း ပြုစုခဲ့၍ ၁၂၉၁-ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၁)ရက်နေ့ ဆရာတော် ဦးသောဘိတ ပြန်လွန်တော်မူခဲ့ရာ ဈာပနကိစ္စ ဝေယျာဝစ္စအဝဝကို ရွက်ဆောင်လျက် ထိုဈာပနကိစ္စသို့ ကြွရောက် တော်မူလာကြသော ဆရာတော် ဦးသောဘိတ၏ တပည့်ကြီးများ ဖြစ် ကြသည်–

၁။ ပင်လာကျွန်းဆရာတော် ဦးဝိညေယျ

၂။ မော်လမြိုင်ကျွန်းဆရာတော် ဦးတေဇ (ကျုံခြံဝဲချောင်း)

၃။ အုတ်ဖိုမတောင့်တဆရာတော် ဦးတေဇဝန္တ

http://www.dhammadownload.com



၄။ ပုပ္ပါးလိုဏ်သာသာဆရာတော် ဦးကေသရ

၅။ မြင်းခြံ ကြာပိုးဆရာတော် ဦးဣန္ဒာလောက

၆။ ဆိမ်မီးခုံဆရာတော် ဦးဇေယျ တို့နှင့်

၇။ ကန်ကူလက်လှည်းပဲဆရာတော် ကျည်းပင်ရွာ ဦးသာသနကိုအား ရှင်ဝိစိတ္တသာရကိုယ်တိုင် မင်းကွန်း မဟာမနာဒဆရာတော် ဦးပညာဇက္ကထံ အပ်နှံပေးရန် ကောင်းပန်လျှောက်ထားလေသည်။

## မင်းကွန်းသို့ ရောက်ရှိခြင်း

ထိုသို့ တောင်းပန်လျှောက်ထားချက်အရ ထိုတပည့်ကြီး (၇) ပါး စုံညီစွာ ဈာပနကိစ္စသို့ ကြွရောက်လာသော မင်းကွန်းမဟာမနာဒဆရာတော်ထံ အပ်နှံကြ၍ ဈာပနကိစ္စပြီးသောအခါ( မဟာမနာဒဆရာတော်နှင့် အထူးရင်းနှီးသည်) ကြာပိုးဆရာတော် ဦးဣန္ဒာလောကကိုယ်တိုင် ၁၂၉၁-ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃-ရက်နေ့ စောင့်ရှောက်ခေါ်ဆောင်ခဲ့၍ တိပိဋကဓရဒုလျှာ သာမဏေ ရှင်ဝိစိတ္တသာရကို မင်းကွန်း မဟာမနာဒ ဆရာတော့်ထံတော်တွင် အပ်နှံတော်မူခဲ့ပါသည်။

## ဥပသမ္ပဒမင်္ဂလာ

၁၂၉၂-ခုနှစ် တစ်နှစ်ပတ်လုံး မဟာမနာဒဆရာတော်နှင့် တပည့်ကြီး (ဝဲလောင်စံပင်ကျေး) ဦးအာဒိစ္စဝံသတို့ဘာထံ၌နေ၍ ပါဠိ+ ညဝါတို့ကို သင်ကြားနာယူခဲ့၍ ၁၂၉၂-ခုနှစ်၊ တပေါင်းလဆန်း ၆-ရက်နှင့် ထို... နှောင်း တန်ခူးလဆန်း ၆-ရက်နေ့တွင် မင်းကွန်းကျောင်း ကျောင်းအကြီး ဒေါ်ဖမ္မစာရီ (သစ္စဝါဒီဋ္ဌိကာကျမ်းပြု) နှင့် ရန်ကုန်မြို့ ရွှေဘိုဘုရား ဘဏ္ဍာတော်ထိန်း လူကြီးမင်း စက်သူဌေး ဦးသာပ်+ သူဌေးကတော် ဒေါ် ဒေါ်သိန်းတို့က ပစ္စည်းလေးဖြာ ဒကာခံကြ၍ မင်းကွန်း ငွေတောင်တောရတိုက် ဓမ္မသိမ်အတွင်း၌ မဟာမနာဒဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ (ဒုတိယ ရဟန်းခံပွဲတွင်) သာသနာ့အမြုတေ ကျက်သရေထိန်ထွန်း နေဝန်းကြီးများ ဖြစ်ကြသော (၁) မန္တလေးမြို့ ရွှေရေးဆောင် ဆရာ

http://www.dhammadownload.com



တော် ဦးကြည်၊ (၂) ရင်း ညောင်ကန်ဆရာတော် ဦးဏ္ဍူ၊ (၃) မြတောင် ဆရာတော်၊ (၄) မန္တလေး မဟိုးရိပ်ဆရာတော် ဦးသူရိယ၊ (၅) ကင်းဝန် မင်းကြီးတိုက် သိရိဝေပုလ္လ ဆရာတော် ဦးဇာဂရ၊ (၆) စစ်ကိုင်း မင်္ဂလာစေတီ ဆရာတော် ဘုရားကြီး ဦးဇာဂရ၊ (၇) ရင်း ဇေယျာဘုမ္မိ ဆရာတော်ကြီး၊ (၈) သမ္မာသတိ ဆရာတော်ဘုရားကြီး ဦးလက္ခဏ၊ (၉) မစိုးရိမ် (မဟာသင်ဝင်) ဆရာတော်ကြီး ဦးသောမ၊ (၁၀) မင်းကွန်း ငွေတောင်တောရ ဆရာတော်ဘုရားကြီး၊ (၁၁) ရင်း ပေါင်းတောင်ကူး ဆရာတော်ဘုရားကြီး (၁၂) ရင်း ချမ်းသာကြီး ဆရာတော်ဘုရားကြီး ဦးပဏ္ဍိ၊ (၁၃) ရင်း ရွှေညောင်ပင် ဆရာ တော် အစရှိသော ဆရာတော်ကြီးများနှင့်တကွ ကာရကသံဃာတော် ၃၀-ကျော်တို့၏ ချီးမြှောက်တော်မူချက်အရ ဥပသမ္ပဒဇာတ် ရဟန်း မြတ် ဖြစ်ခဲ့ပါသည်။ (ကြုံတောင်ကြုံခဲ ဆရာတော်ကြီးများ စုဝေးဆုံတဲ့ ပွဲဖြစ်၍ ဆရာတော်ကြီးများသည် ရဟန်းခံ ကိစ္စပြီးသောအခါ ၃-ရက် တိတိ နားနေတော်မူကြ၍ သမ္မောဒနီယ သာရဏီယကထာ စကား မြွက်ကြား သီတင်းသုံး နေတော်မူကြပါသည်။)

## စာမေးပွဲများ အောင်ပန်း မင်္ဂလာ

ရဟန်းဖြစ်ပြီးနောက် ၂-လမြောက် ၁၂၉၃-ခု နယုန်လ၌ ကျင်းပ သော အစိုးရပထမပြန် စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရာ တစ်နှစ်ချင်းဖြင့် ပင် ပထမကြီးတန်းကို အောင်ပန်း ဆွတ်ချူတော်မူခဲ့ပါသည်။

ရဟန်း ဝါ (၁) ဝါရပြီးနောက် ၁၂၉၄-ခုနှစ်၌ မဟာလောက သိရံ (အိပ်တော်ရာ စေတီရင်ပြင်) ၁၄-ခန်းစရပ်၌ ကျင်းပသော အမျိုးသား ပရိယတ္တိ စာမေးပွဲကြီး၌ ဝင်ရောက်ဖြေဆိုရာ ရွှေနည်း အတူပင် ပထမကြီးတန်းကို နှစ်ချင်းစွဲ အောင်မြင်တော်မူပါသည်။

ရဟန်း ဝါ (၂) ဝါရပြီး ၁၂၉၅-ခုနှစ်တွင် သာကျသီဟ စာ သင်တန်းနှင့် ဒုတိယအကြိမ် အစိုးရပထမကြီးတန်းကို (*) ခရားပွင့် အမှတ်ပြလျက် (၁) ဂဏန်းမှ အောင်ပန်း ဆွတ်ချူတော်မူခဲ့ပါသည်။

တတိယအကြိမ်

http://www.dhammadownload.com



အပေါ်သို့ ပျံ၍တက်လာပါသည်။ ထိုသို့ ပျံတက်လာသည့် ကျည်းသား ကို တော့လိုလျှင် တော့၍ မတော့လိုလျှင် ကျည်းသားတုတ်ဖြင့် ရိုက် လွှင့်ရပါသည်။ ရောက်သည့် အကွာအဝေးကို ကျည်း သား တုတ် ဖြင့် တာ၍ အမှတ်တောင်းရပါသည်။

ဤသို့ ကျည်းသား (ခ) ကစားရာ၌ ကျည်းသားတုတ်ဖြင့် ကျည်း သားကို တအားရိုက်၍ ထုတ်လိုက်သည့်အခါ ကျည်း သား သည် ပတ်ချာလည်၍ ဝှီကနဲပြေးသွားပါသည်။ ဤ ကျည်းသား အမှန်ခံရလျှင် မသက်သာပါ၊ မျက်စိ မျက်ဆံကို ထိမှန်တတ်ပါသည်။ ထို့ကြောင့် ဤသို့ အန္တရာယ်များလှသော ကျည်းသား (ခံ) ရိုက်တန်း ကစားနည်း ကို ဆရာတော်အလျာသူငယ် မောင်ခင်သည် ယော်စဉ်အခါ ရှောင်ကြဉ် ခဲ့ပါသည်။

(ခ) တွတ်ထိုး ခြေကန်ကစားခြင်း

ဤ ကစားနည်းမှာ နှစ်ဖက်အသင်း ဗိုလ်ရွေး၍ စတင် ကစားရာသည့် ဖက်က တွတ် တွတ် တွတ် တွတ် ဟု ပါးစပ်က မပြတ်ဆို၍ တစ်ဖက် အသင်းသို့ သွားရပါသည်။ တွတ်သံပြတ်အောင် တစ်ဖက်အသင်းက အမျိုးမျိုး နှောင့်ယှက်ရပါသည်။ တွတ်သံပြတ်လျှင် ကစားသူ သေပါ သည်။ ဤသို့ တွတ်သံပြတ်အောင် ပြုလုပ်သည့်အခါတွင် လူငယ်တို့ဘာဝ ကြမ်းကြမ်း ရမ်းရမ်း ခြေဖြင့်ကန်ကျောက်မှု ပြုလုပ်ရသည်။ ပေါင်ချွန် ကိုလည်း ကန်မိတတ်ပါသည်။ ပေါ်ပါကို ကန်မိလျှင် လွန်စွာအန္တရာယ် ကြီးလှပါသည်။ ဤသို့ အန္တရာယ်ကြီးသော ကစားနည်းမျိုးကိုလည်း ဆရာတော် အလျာသူငယ် မောင်ခင်သည် ယော်စဉ်အခါ ရှောင်ကြဉ် ခဲ့ပါသည်။

## ဘာသန္တရ၊ လေ့လာမှု

ဆရာတော်သည် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကျောင်း တိုက်ကြီး ၂-တိုက် တည်ထောင်ဖွင့်လှစ်နိုင်အောင် အားသွန်ကြိုးပမ်း ဆောင်ရွက်တော်မူလင့်ကစား နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်

http://www.dhammadownload.com



ကြီးများ၏ "သင်ကြားရေး၊ အုပ်ချုပ်ရေးပိုင်း"တွင် လုံး၀ ပါ၀င်စွက်ဖက်ခြင်း မပြုတော်မူပါ။ ဆရာတော်ဘုရားသည် "မိမိကိုယ်ကို အထင်မကြီးပါ၊ တက္ကသိုလ် သင်ကြားရေး၌ ဘာမျှ မစွမ်းနိုင်ပါ၊ မတတ်နိုင်ပါ၊ ဝေယျာဝစ္စကိုသာ ဆောင်ရွက်ပါရစေ"ဟု နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သို့ပင် ရိုးသားစွာ လျှောက်ထားခဲ့ပါသည်။

သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘုံမောင်၊ အငြိမ်းစား တွဲဖက်ညွှန်ကြားရေးမှူး ဦးရွှေအောင်၊ တွဲဖက်ညွှန်ကြားရေးမှူး ဦးကျော်လွင်တို့ ဘာသန္တရ ကျွမ်းကျင်တတ်သိ လိမ္မာကြောင်း၊ အကြိမ်ကြိမ် မိန့်တော်မူပါသည့်အပြင် မိမိအဖို့ရာမှာမူ "ဘာသန္တရသုည"ဟု ခံယူပါကြောင်း၊ အင်္ဂလိပ်စာကို ပုံနှိပ်စာလုံး အေ+ဘီ+စီ+ဒီ မျှကိုသာ ဖတ်တတ်ကြောင်း မိန့်တော်မူလေ့ရှိပါသည်။

## တစ်နေ့သာ သက္ကတကို လေ့လာဖူးခြင်း

၁၂၉၉-ခုနှစ်ဦး တန်ခူးလ၊ ကဆုန်လတို့၌ ရဟန်းသိက္ခာ (၇) ခုနှစ်ဝါရ အရှင်ဝိစိတ္တသာရာဘိဝံသသည် ဥပဇ္ဈာယ်ဆရာ ဓမ္မနာဒ ဆရာတော်ဘုရား "ဂလဂက္ကာ-လည်ချောင်းအိုင်းအနာ" ဖြစ်၍ မန္တလေးမြို့၊ မင်းကြီးတိုက်၊ သီရိဝေပုလ္လကျောင်း၌ ခေတ္တသီတင်းသုံး၍ ဆရာဝန်ကြီး ဒေါက်တာဂျုံးစ်၏ အကုအသကို ခံယူနေစဉ် ဥပဇ္ဈာယ်ဆရာတော်မှာ ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာန်း အမြဲတမ်း နှလုံးသွင်းလေ့ရှိသဖြင့် အချိန်များစွာ အားလပ်နေရကား ဆရာတော်အား အတူတကွ ပြုစုပေ်ပြုစုဖက်ဖြစ်သော ဟိန္ဒီကုလားကိုရင်ကြီး ရှင်ဉာဏထံ၌ "သက္ကတဘာသာ" ကို တစ်ရက်တာမျှ လေ့လာခဲ့ဖူးပါသည်။

လေ့လာပုံမှာ- နံနက်ခင်းအချိန်၌ လက်နေလက်ထား အက္ခရာအရေးအသားကို ထပ်တလဲလဲ လေ့လာပြီး လက်ထားပုံမှန် အက္ခရာပုံသဏ္ဌာန်ကို မှတ်မိသော နေမွန်းလွဲ အချိန်ရောက်မှ "သက္ကတသိက္ခာမဥ္စရီ" ခေါ် ဖတ်စာအုပ်ကို ဖတ်လေရာ တစ်နေ့ကုန်သောအခါ ထိုစာအုပ်၏ နောက်ဆုံးဖတ်စာ "ယုန်နှင့်လိပ် အပြေးပြိုင်သော ဝတ္ထု"

http://www.dhammadownload.com



အဆုံးသို့ဟိုင်အောင် ချောမောစွာ မပင်မပန်း ဖတ်နိုင်ပါသည်။ စင်စစ် အားဖြင့် ဤစာအုပ်သည် အိန္ဒိယလူမျိုးတို့ပင် ၆-လတာမျှ သင်ယူရသော အခြေခံ စာအုပ်ဖြစ်ပါသည်။ ထို သစ်ခန်းစာကို အရှင်ဝိစိတ္တသာရာ ဘိဝံသက နေ့ချင်းပြီး လေ့လာ သင်ယူခဲ့ပါသည်။ ထို့ကြောင့်ပင် ကုလားကိုရင်ကြီး ရှင်ဉာဏမှာ လက်ဖျားတခါခါနှင့် "ဘုရားမှ ဘုရား ပါပေ"ဟု အံ့သြချီးကျူးမဆုံး ဖြစ်ရပါတော့သည်။

ထို့ပြင် စာဏကျနီတိ၌လာသော-

အာစာရော ကုလ+မာချာတိ=ကိုယ်နှုတ်အကျင့်သည် အမျိုး ယုတ်ကို ဖော်ပြ၏။

ဒေသ+မာချာတိ ဘာသန်=ပြောစကားသည်ဒေသကို ဖော်ပြ၏။

သမ္ဘမော သ္နေဟ+မာချာတိ=ယုယခြင်းသည် မေတ္တာကို ဖော် ပြ၏။

ဝပုရာချာတိ ဘောဇနံ=စားပုံသည် ခန္ဓာကိုယ်ကို ဖော်ပြ၏ ဟူသော ဂါထာကို (၁၉၈၈-ခု မတ်လ ၁၂ရက်နေ့) ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် (နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်း အလှူ) စုပေါင်း ရေစက်ချပွဲ၌ ရွတ်ဆို ဟောကြားတော်မူခဲ့ပါသည်။ ထိုဂါထာသည် စာဏကျနီတိ ဒပ္ပဏ (တတိယ=အဇ္ဈာယ-၂) ၌ ပါဝင်ပါသည်။

## အင်္ဂလိပ်စာကို ၄-နာရီမျှ လေ့လာဖူးခြင်း

ဆရာတော်သည် ခေတ်၏ တောင်းခံချက်ကို လက်လွတ်ခံတော်မမူ ခဲ့ပါ။ သက်တော် ၂ဂ-နှစ်အရွယ်က မင်းကွန်းဓမ္မနာဒတိုက်သို့ ခဝါ သက်နီးအကောက်လာသော (အင်္ဂလိပ်စာလေ့လာတတ်ကျွမ်းသူ) ဒကာ တစ်ဦးထံမှ အင်္ဂလိပ်စာကို လေ့လာသင်ဖူးပါသည်။ မွန်းတည့် ၁၂-နာရီ မှ ညနေ ၄-နာရီအထိ အင်္ဂလိပ်စာ သင်ပါသည်။ ထိုမျှသော အချိန် အတွင်း အခြေခံဖတ်စာ (ပရိုင်မာရီ) တစ်အုပ် ကုန်ပါသည်။ ထိုမျှ

http://www.dhammadownload.com



တိုတောင်းသောကာလအတွင်း မည်သို့ သင်ယူပါသနည်း။ သိချင်ကြမည် ဖြစ်ပါသည်။ ဆရာတော်သည် ဉာဏပုဗ္ဗင်္ဂမ ဉာဏ်ကို ရှေ့သွားပြု၍ ပထမ လက်ရေး ကျင့်ပါသည်။ ဆရာသင်သမျှကို ပိုင်နိုင်သည်အထိ အားထုတ်သင်ယူပါသည်။ တိုသို့ အားထုတ်သင်ယူခြင်းဖြင့် (ဓမ္မာစရိယတန်း အောင်ပြီးအထိ ပိဋကပညာ စည်းကမ်းတကျ အခြေခံ ရှိပြီးသူ ဖြစ်သောကြောင့်) ၄-နာရီကုန်ဆုံးချိန်တွင် ဆရာတော်သည် ထိုဖတ်စာအုပ်ကို ညက်ညက်ကျေ ဖတ်နိုင်သိနိုင်ပါသည်။ (ဓမ္မာစရိယတန်း အောင်ပြီးသည်အထိ ပိဋကပညာ အခြေခံရှိသူမှန်သမျှ အခြား ဘာသာများကို နာရီပိုင်း ရက်ပိုင်းအတွင်း အံ့ဩလောက်အောင် ကျွမ်းကျင် လိမ္မာနိုင်သည်ဟု ဆိုလိုပါသည်။)

## ကေစာရီ ကျင့်ရန်အသင့်

၁၃၂၄-ခု၊ ပြာသိုလဆန်း ၁၄-ရက်နေ့ညဉ့်က မိတ္ထီလာမြို့နယ်၊ တောမကျေးရွာ ဦးသာညက်+ဒေါ်အုန်းမေ တို့၏ သားရှင်ပြု အလှူ မင်္ဂလာတွင် ဆရာတော်ဘုရား၏ ညတရားပွဲ ကျင်းပပါသည်။ ထိုစဉ်က ဆရာတော်ဘုရားသည် ဓမ္မနာဒတိုက်တုန်းက အတူတကွ စာသင်ဖက် ဖြစ်သော ညောင်ပင်သာရွာ ဆရာတော် ဦးပဏ္ဍဝ၏ ဓမ္မာရုံကျောင်း၌ ခေတ္တ သီတင်းသုံးပါသည်။ ထိုညက သူငယ်ချင်းဆရာတော် ၂-ပါးတို့ သာသနာရေးကိစ္စ ဆွေးနွေးပြောဆိုကြရာ—

တိပိဋကဆရာတော်က "ဦးပဍ္ဍင်း.... တပည့်တော်က တိပိဋကဓရ ပုဂ္ဂိုလ်ဖြစ်သော်လဲ တပါးတည်း အရညဝါသီ တောမှီပုဂ္ဂိုလ်အဖြစ်နဲ့ ကေစာရီကျင့်နိုင်ပါတယ်၊ ကျင့်ဖို့ရန်လဲ အသင့်ပြင်ထားပါတယ်၊ ဖျင်သင်္ကန်းသုံးထည် အသင့်ရှိနေပါတယ်၊ တပည့်တော် ဝန်မလေးပါ"ဟု လျှောက်ထားပါသည်။

စင်စစ်အားဖြင့် တိပိဋကဓရ ဆရာတော် သီတင်းသုံးရာ မင်းကွန်း ဓမ္မနာဒတိုက်သည် ရွာဥပစာနှင့်လွတ်သော အရညဝါသီ တောကျောင်းမျိုးပင် ဖြစ်ပါသည်။ သို့သော်လည်း ဆရာတော်သည် ထိုမျှခွာ၍ လူသူ ကင်းဆိတ်ရာ၌ ကေစာရီကျင့်လိုသည်ဟု မိန့်တော်မူပါသေးသည်။

ဇာတိယအကြိမ်

## မဇ္ဈိမပုဂ္ဂိုလ်

ထိုညဉ့်မှာပင် "ယနေ့မျက်မှောက် အလှူရှင်များ၏ သဒ္ဓါတရားသည် သံဃာတော်များအား ဆွမ်းကပ်ရာ၌ ပုံးပေါလော (ဘုံးဗောလအော) နိုင်လွန်းလှပါတယ်။ ဘောဇနေမတ္တညုတာဖြစ်အောင် ကျင့်ဖို့မလွယ်ကူသလို ဖြစ်နေပါသည်"ဟု လျှောက်ထားပါသည်။ ဆရာတော်ဘုရားသည် ဒကာများ၏ ဝိနည်းနားမလည်အောင် သဒ္ဓါတရား ကြီးမားမှုကြောင့် ရဟန်းတော်များ အာပတ်သင့်ရမည့်ကိစ္စကို လိုလားတော်မမူချေ။ အကြောင်းကား—

ရဟန်းတော်များမှာ မိမိတို့အတိုင်းအတာဖြင့် ချင့်၍ ဆွမ်းဘုဉ်းပေးကြရာ အလှူဒကာက စေတနာလွန်ကဲ၍ နောက်ထပ်ထည့်ရန် ချိန်ရွယ်နေတတ်သည်။ ထိုအခါ ဆွမ်းစားနေခိုက် ရဟန်းက "တော်ပြီ တန်ပြီ" ဟုမြွက်မိပါက ပဝါရိတ်သင့်သဖြင့် ဣရိယာပုတ်ပြောင်းလဲပြီး နောက်ထပ်အာမိသကို စားနိုင်ခွင့် မရှိပါ။ ဝိနည်းကိုငဲ့၍ လက်ခံလိုက်လျှင်လည်း အပိုအလျှံဖြစ်ကာ အလဟဿ = အချည်းနှီးဖြစ်သွားနိုင်ပါသည်။ ထိုအဖြစ်မျိုးကို ဆရာတော်သည် လိုလားတော်မမူပါ။ ထို့ကြောင့် အလှူပေး အလှူခံ နှစ်ဖက်လုံးကို ဆုံးမသောအားဖြင့် အလှူခံနည်းကို အခါအားလျော်စွာ ဟောကြားလေ့ ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ရဟန်းတော်သည်—

မကြည်ညိုသေးသူ ကြည်ညိုအောင်၊

ကြည်ညိုပြီးသူတို့ တိုးတက်ကြည်ညိုအောင် ကျင့်ရသည့် ပုဂ္ဂိုလ်မျိုးဖြစ်ရာ မိမိတို့ အလှူခံရာ၌ အတိုင်းအရှည်ကို ပသိမှုကြောင့်—

မကြည်ညိုသူတို့ ပို၍မကြည်ညိုအောင်၊

ကြည်ညိုပြီးသူတို့ အကြည်ညိုပျက်အောင် ဖြစ်သွားလျှင် မကောင်းချေ။

ထို့ကြောင့် "အနုတ္တရံ ပုညက္ခေတ္တံ လောကဿ = သတ္တလောက၏ ကောင်းမှုမျိုး စိုက်ပျိုးရာ လယ်ယာမြေကောင်းဖြစ်သော" ရဟန်းသံဃာသည် အလှူခံထိုက်သည့် - အာဟုနေယျပုဂ္ဂိုလ်ပီပီ အလှူခံရာ၌ကျင်

http://www.dhammadownload.com



လျှောက်ထားကြသဖြင့် ထိုသံဝေဂ ဓမ္မသုံးပါးကို အလွန်စိတ်ဝင်စား နေသော ဆရာတော်သည်—

မင်းကွန်းတိပိဋကဓရ ဦးဝိစိတ္တသာရ၏
**သံဝေဂ ဓမ္မလက်ဆောင်**

ရုပ်နာမ်ဓမ္မ၊ သခ်ါရတို့၊ ကိုယ်က ဤပုံ၊ ဖြစ်လိုတုံလည်း၊ တစ်ဖုံဆင်ကွဲ၊
သူတနဲ့ဖြင့်၊ ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို၊
ပညာစက္ခု၊ မျှော်ထောက်ရှု၍၊
ယခုပစ်လျှင်၊ မအိုခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
ယခုပင်လျှင်၊ မနာခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
ယခုပင်လျှင်၊ မသေခင်က၊ ကြိုတင်ကောင်းမှု၊ ကြိုးစားပြုလော့၊
ရတုချိန်ထောက်၊ ဤခါရောက်မှ၊ ချုပ်ပျောက်ခန္ဓာ၊
သေပိမ့်ငါဟု၊ သတ္တဝါခပင်း၊၊ ရှင်သေမင်းနှင့်၊
မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်၊
တစက်ကမှ၊ မရှိကြဘူး။

"အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ"
ဘုရားစကား၊ လိုက်နာပွားသည်၊
တရား လက်မလွတ်စေလင့်။

ဤဖော်ပြပါပုံအတိုင်း ယပ်တောင်ပြုလုပ် ကမ်းလှမ်းစေခဲ့ပါသည်။

ဤ သံဝေဂလင်္ကာမျှဖြင့်လည်း ဓမ္မစာပေ ပါဠိနယ်ပယ်၌ မဝင်နိုင် သေး၍ ပါဠိစာပေသမိုင်း၌ မှတ်တမ်းတင်ရန် ဂါထာပါဠိအနက် ရေးဖွဲ့ ဘော်မူသောအခါ ဤဆိုလတ္တံ့သောအတိုင်း "ဂါထာပါဠိ+အနက်" အလွယ်တကူ ဖြစ်လာပါသည်။

အပ္ပမတ္တာ သဒါ ဟောထ၊ ဥတ္တာ သခ်ါရဓမ္မတာ။
ဘာကိဥ္စ ပနုယုဥ္ဇေထ၊ နတ္ထိ နေ၁ မစ္စုသင်္ဂရံ။ ။

ကဏ်းပေးမျဉ်းဖြဲ

http://www.dhammadownload.com



သာစဝေါ–နှလုံးမွေ့မျော်စံး အို– သူတော်ကောင်းတို့....၊ (ဝါ) သာဓဝေါ–ကိုယ်ကျိုး+သူကျိုး ဤ၂–မျိုးကို ပြည့်ဖြိုးလေအောင် ရွက်ဆောင်ဘိတောင်း အို–သူတော်ကောင်းတို့....။ သခါရ–ဓမ္မတာ–ကိုယ်က ဤပုံ ဖြစ်လိုတုံလည်း တစ်ဖုံဆင်ကွဲ သူတနဲဖြင့် ဖောက်လွဲဘတ်စွာ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဓမ္မတာကို။ ဥတ္တာ–ဇာနာထ–

ယခုပင်လျှင် မအိုခင်က၊

ယခုပင်လျှင် မနာခင်က၊

ယခုပင်လျှင် မသေခင်က၊

ကြိုတင်ကာကြိုးကုတ် သိမြင်အောင် အားထုတ် ကြကုန်လော့။ ညတ္တာ–ကြိုတင်ကာကြိုးကုတ် သိမြင်အောင် အားထုတ်ကြပြီးလျှင်။ အပ္ပမတ္တာ=အပ္ပမာဒတရား လက်ကိုင်ထားကြကုန်သည်။ (ဝါ) အပ္ပမတ္တာ=ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု ဂရုကတ ကြိုးလုံ့လသည့် အပ္ပမာဒတရား လက်ကိုင်သားကြကု[illegible]။ (ဝါ) အပ္ပမတ္တာ–

မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ရောက်ဖွဲ့ နာဗျာဓိ။

မမျှော်လင့်ဘဲ၊ သူ၏ နဲ၊ အိုလဲ အိုနိုင်၏။

မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ဖောက်လွဲ သေနိုင်၏–ဟု

သတိလိုက်လှဲ စိတ်ဝယ်ငှဲကြကုန်သည်။ ဟောထ–မြေလက်ခတ်နဲ့ ဖလွဲ့ ဧကန် အမှန်စင်စစ် ဖြစ်ကြပါကုန်လော့။

နေဒ–တဏှာမာရ်ညွတ် ဒွေ့ဝဋ်မှ ကျွတ်ဆုရည်ချွေ တို့ဘင အား။ နေဒ–တဏှာ တည်းဟူသော မာရ်မင်း၏ညွှတ်ကွင်း၊ ခ[illegible] တည်းဟူသော သံသရာ ဝဋ်အတွင်းမှ လွတ်ကင်းရန် ရည်[illegible] တို့ဘဲတွေအား။ ဗုဒ္ဓသာဂရံ–မစွဲမြည်လျှင်း ရှင်[illegible]မင်းနှင့် အတွင်း ကြိုက်ပူး မိတ်ရည်နှး၍ နှစ်ဦးနှစ်ဘက် ချိတ်အဆက်ဖြင့်–

ဤရက် ခါမူ သေအံ့ ဟူ၍ လည်းကောင်း၊

ဤလ ခါမူ သေအံ့ ဟူ၍ လည်းကောင်း၊

ဤနှစ် ခါမူ သေအံ့ ဟူ၍ လည်းကောင်း၊

http://www.dhammadownload.com



အတိုင်းအရှည်ကို သိဖို့ရန် လိုအပ်သည့်အတွက် မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ၌ လာရှိသည့်အတိုင်း—

၁။ လှုံ့ဆော်ပစ္စည်းက နည်း၍ သဒ္ဓါတရားက များလျှင် လှုံ့ဆော်ပစ္စည်းနည်းသည်ဘက်ကိုင်၍ နည်းနည်းသာ အလှူခံရမည်။

၂။ လှုံ့ဆော်ပစ္စည်းက များသော်လည်း သဒ္ဓါတရားက အားနည်းလျှင် သဒ္ဓါတရား အားနည်းသည်ကိုင်၍ နည်းနည်းသာ အလှူခံရမည်။

၃။ လှုံ့ဆော်ပစ္စည်းကလည်းနည်း သဒ္ဓါတရားကလည်း အားနည်းလျှင် နှစ်ပါးစုံနည်းသည်ကိုင်၍ နည်းနည်းသာ အလှူခံရမည်။

၄။ လှုံ့ဆော်ပစ္စည်းကလည်း များ၊ သဒ္ဓါတရားကလည်း ကြီးမားလျှင် အများကိုကြည့်၍ များများကြီး အလှူမခံပဲ မျှတရုံသာ အလှူခံရမည်ဟု ဟောပြောဆုံးမ၍ ကိုယ်တိုင်လည်း ထိုအတိုင်း ကျင့်တော်မူပါသည်။

## ဓမ္မသံဝေဂ ရတော်မူခြင်း

၁၃၂၄-ခုနှစ်က ဆရာတော်ဘုရားသည် ဆေးစားမှား၍ မျက်နှာပြင် ညာဘက်တစ်ခြမ်း၊ ထို့၍ ၃-၄ ရက် အကြာတွင် ညာဘက်မျက်နှာတစ်ခြမ်း၊ နီမြန်းလာပါသည်။ ဤရောဂါကို ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှ ကုသရန် နိုင်ငံတော်အစိုးရမှ တာဝန်ပေးချက်အရ ကုသလာခဲ့ပါသည်။ ၁၃၂၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄)ရက်နေ့ည အိပ်မက်ထဲ၌ တစ်ဦးတစ်ယောက်က ပြောလိုက်သကဲ့သို့ "ဇီဝိတသန္တတိ နှစ်နာရီသာ ကျန်ရှိတော့သည်"ဟု ပြောသည်ကို ဆရာတော်ဘုရား ကြားသိရ၍ အိပ်မက်ထဲမှာပင် "သံသရာခရီး သွားရလိမ့်ဦးမည်၊ ဘာကို အားကိုး၍ သံသရာခရီး သွားရပါမည်နည်း"ဟု ဆရာတော်ဘုရား ဆက်၍ဆင်ခြင်သောအခါ မိမိ နှလုံးသွင်း နေကျဖြစ်သည့် စူဠဝေဒလ္လသုတ်လာ "ဆပဍ္ဍက ဓမ္မ ပိပဿနာ ပညာ"ကို အားကိုးပြုရမည်ဟု အိပ်မက်ထဲ၌ပင် ဆင်ခြင်မိပြီး လန့်နိုးလာသောအခါ ဥဒါန်းကျူးသည့် သဘောဖြင့်—

ကာကိုယ်အကြံမိ

http://www.dhammadownload.com



၁။ မမေ့မလျော့ကြလင့်၊

၂။ သေခြင်းတရားနှင့် အချိန်းအချက် မရှိကြဘူး၊

၃။ ကိုယ်လုပ်ရမည့် လောက+ဓမ္မ စီးပွားများကို မြန်မြန် လုပ်ကြ။

ဤစကား ၃-ခွန်းကို နှုတ်က မြွက်ဆိုမိလေသည်။ ထိုအချိန်ကစ၍ မိမိထံမှောက်သို့ သူနာမေး ရောက်လာသူတို့အား ဤစကား ၃ ခွန်းကို နောက်ဆုံးပြောလိုက်ရမှ မိမိ၏ဝတ္တရား ပြည့်စုံသည်ဟု ဆရာတော်ဘုရား အောက်မေ့မိလေသည်။ အောက်မေ့မည်ဆိုလျှင်လည်း အောက်မေ့ထိုက်ပါသည်။ ထိုစကား ၃-ခွန်းကို တရားဓမ္မနှင့် ညှိနှိုင်းလျှင်-

၁။ မမေ့မလျော့ကြလင့် ဟူသော စကားမှာ အပ္ပမာဒတရားကိုယ်ဖြစ်၍ "အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ" ဟူသော သာသနာ၏ အကျွပ်တရားဖြစ်သည့်ပြင် မဟာဟတ္ထိပဒေါပမသုတ္တန် အရ အားလုံး ခြေရာတို့ကို ငုံမိသော ဆင်ခြေရာကဲ့သို့ ကုသိုလ်တရားမှန်သမျှကို ငုံမိသောတရား ဖြစ်လေသည်။

၂ နှင့် ၃။ သေခြင်းတရားနှင့် အချိန်းအချက် မရှိကြဘူး၊ ကိုယ်လုပ်ရမည့် လောက+ဓမ္မ စီးပွားများကို မြန်မြန်လုပ်ကြ ဟူသော စကား ၂-ခွန်းမှာလည်း—

"အဇ္ဇေဝ ကိစ္စ+မာတပ္ပံ၊ ကော ဇညာမရဏံ သုဝေ။

န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ—

ဟူသော ဘဒ္ဒေကရတ္တသုတ္တန်လာ တရားသားတို့ပင် ဖြစ်ကြသည်။ ထို့ကြောင့်ပင် "ထိုစကား ၃-ခွန်း ပြောလိုက်ရမှ မိမိဝတ္တရား ပြည့်စုံသည်"ဟု အောက်မေ့ခြင်းဖြစ်သည်။

တစ်ဖန် ၁၃၂၅-ခုနှစ်၊ သီတင်းကျွတ်လလောက်မှာ ရှမ်းပြည်နယ် အင်းလေးမှ ဒကာ ဦးလု+မခင်ပုတို့ ဓမ္မနာဒတိုက်သို့ ရောက်လာကြ၍ တန်ဆောင်မုန်းလ၌ ကျင်းပမည့် ဆရာတော်၏ မွေးနေ့ပူဇော်ပွဲ၌ "သံဝေဂ ဓမ္မလက်ဆောင်" ယပ်တောင်လှူဒါန်းလိုကြောင်း တောင်းပန်

http://www.dhammadownload.com



သဘောတူ အချိန်းအချက် စာချုပ်စာတမ်း စာရွက်တို့နှင့်တကွ လက်ဆောင် တစ်ခု ထိုး၍ထားခြင်းသည်။ နတ္ထိ = လူတိုင်းကျေနပ်မှု မရှိမှန်၏။

တသ္မာ=ထို့ကြောင့်။ သကိစ္စံ=ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန် နောက်နှောင်း ဒေါက်ရှောက် (တောက်လျှောက်) ကောင်းအောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောက+ဓမ္မ စီးပွားကိုယ်ကိစ္စများကို။ အနုယုဉ္ဇထ=လုံ့လကြိုးကုတ် အားထုတ် ကြပါကုန်လော့။ (ဝါ) သကိစ္စံ+မနုယုဉ္ဇထ=ရှယ် နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူရို့ဖြစ်ချင်သလိုသာ ဖြစ်ကြသည့် သဘာဝသူ့ညဉ်ကို သဗ္ဗညုဉ်ဗိုလ်းည့် အမှန်အတိုင်းသိကြ၍ မိမိတို့ ဆိုင်ရာ နှစ်ဖြာသော လောက+ဓမ္မစီးပွား ကိုယ်ကိစ္စများကိုဖြင့် ရှည်လျားကာလ အချိန်ကိုမဆွဲကြဘဲ ပဓာနကင် အရေးတွင်အောင် ကြိုတင်ကာကြိုးကုတ် ပြည့်စုံစေအောင် အားထုတ်ကြပါကုန်လော့။

## ရှင်ငယ်+ကျောင်းသားငယ်များအား ဆုံးမပုံ

ဆရာတော်သည် ငယ်စဉ် တိုက်အုပ်ဘုန်းကြီး ဖြစ်ချိန်က ဒိုက်ရန် ဖြစ်သော ရှင်ငယ်+ကျောင်းသားငယ်တို့ကို ရိုက်နှက်ဆုံးမမှု ပြုတော် မမူ၊ ထို ဒိုက်ရန်ဖြစ်သူ ရှင်ငယ်+ကျောင်းသားငယ် နှစ်ယောက်တို့ကို မိမိ သီတင်းသုံးနေထိုင်ရာ ဗုဒ္ဓဝင်ကျောင်း၏ နောက်ဖက်မှာရှိသော (နားဥပစာအောက်) ဂူထဲမှာ "မတွဲ့လျှင် အတူနေ"ဆိုသည့်အတိုင်း "သင့်မြတ်သည့်တိုင် အတူနေကြ"ဟု မိန့်ဆိုကာ ဒဏ်ပေးသည့်သဘော အတူနေစေပါသည်။ ထို ဒိုက်ရန်ဖြစ်သူနှစ်ဦး ရန်ငြိမ်း၍ သင့်မြတ်ပုံရမှ ရန်ငြိမ်းကြောင်း၊ သင့်မြတ်ကြောင်း ဝန်ခံကြမှ ထိုနေရာမှ လွှတ်လိုက် ပါသည်။

သို့သော် ယခုအခါ၌ကား ရှင်ငယ်+ကျောင်းသားငယ်များကို ဆရာ တော်၏ ဆုံးမပုံမှာ အလွန်ပညာပါပါသည်။ ရှင်ငယ်+ကျောင်းသား ငယ်ကိုကို—

တဝိယအကြိမ်

http://www.dhammadownload.com



ရန်မဖြစ်ကြလင့်၊
မဆဲကြလင့်၊
မခိုးကြလင့်၊

ဤစကား၊ ၃-ခွန်းဖြင့်သာ ဆုံးမတော် မူပါသည်။ ထိုစကား ၃-ခွန်းတို့တွင်—

ရန်မဖြစ်ကြလင့်ဟု ဆုံးမလျှင် ကာယကံကို ထိန်းအောင် ဆုံးမပြီးသား ဖြစ်ပါတော့သည်။

မဆဲကြလင့်ဟု ဆုံးမလျှင် ဝစီကံကို ထိန်းသိမ်းအောင် ဆုံးမပြီးသား ဖြစ်ပါတော့သည်။

မခိုးကြလင့်ဟု ဆုံးမလျှင် မနောကံကို ထိန်းသိမ်းအောင် ဆုံးမပြီးသား ဖြစ်ပါတော့သည်။

ဤစကား ၃-ခွန်းဖြင့်ပင် ကံ ၃-ပါး လုံခြုံအောင် ဆုံးမပြီးသား ဖြစ်ပါတော့သည်။

၁။ ရန်မဖြစ်ပါဘူး၊
၂။ မဆဲပါဘူး၊
၃။ မခိုးပါဘူး

ဟူသော ကတိဝန်ခံစကား၊ ၃-ခွန်းကိုသာလျှင် ရှင်ငယ်+ကျောင်းသားငယ်တို့ထံမှ တောင်းခံတော်မူပါသည်။

တစ်ခါ ရှင်ငယ်+ကျောင်းသားငယ်များသည် ခိဋ္ဌာဒသက-မြူးတူး ပျော်ပါးသည့် အရွယ်ဖြစ်ကြ၍ "မဆော့နှင့်"ဟု မပြောသာ၊ ကလေးဖြစ်၍ ဆော့မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်က ရှင်ငယ်+ကျောင်းသားငယ်များကို "မဆော့နှင့်" ဟု မပြောဘဲ "လမ်းထွက်မဆော့ကြနှင့်၊ ငါ့ကျောင်းရှေ့ လာဆော့ကြ"ဟု တစ်ပိုင်းမြစ်၍ တစ်ပိုင်းခွင့်ပြုစကား မိန့်ကြားပါသည်။ သို့သော် ဆရာတော့်ကျောင်းရှေ့၌ ဘယ်ကိုရင် ဘယ်ကျောင်းသားမှ မဆော့ဝံ့ချေ။ ထို့ကြောင့် မဆော့ရန် တားမြစ်ပြီးသား ဖြစ်လေတော့သည်။

http://www.dhammadownload.com



## ကျေးလက် ကျန်းမာရေး အလှူ။

၁၃၂၀-ခုနှစ်က မုံရွာမြို့၊ ဒေါင်းယာဉ်ပုံစံတိုးပိုင်ရှင် ကျောင်းဒကာ ဦးဖိုးမို့+ဒေါ်ရွှေညွန့်တို့က ဓမ္မနာဒ ကျောင်းတိုက်အဝင်၌ သဘာ၀ ခြသေ့ရုပ်ကြီး ၂-ရုပ် ဆောက်လုပ်လှူဒါန်းလိုကြောင်း လျှောက်ထားရာ သဘာ၀ခြသေ့ရုပ် ၂-ရုပ်အတွက် ငွေ (၁၀၀၀ိ) ရှစ်ထောင်ကျော် ကုန်ကျမည်ကို သိရ၍ "ငွေတွေ များစွာကုန်ပြီး လူတစ်ယောက်မှ အရိပ်မခိုရတဲ့ ခြသေ့ရုပ်တော့ မလှူလိုပါနှင့်၊ လူအများအား ကျေးဇူး များသည့် ကျေးလက် ကျန်းမာရေးဌာန ဆောက်လုပ်လှူဒါန်းကြပါ"ဟု မိန့်ဆိုသဖြင့် ဦးဖိုးမို့+ဒေါ်ရွှေညွန့်တို့က ထိုစဉ်အခါ ခေတ်ကာလတန်ဖိုး သုံးသောင်းကျော် လေးသောင်းနီးပါး တန်ဖိုးရှိ "မင်းကွန်းကျေးလက် ကျန်းမာရေးဌာန အဆောက်အအုံ"ကို လှူဒါန်းကြပါသည်။

## အာရောဂျသာလာ ကျန်းမာရေးကျောင်း

ထို "မင်းကွန်းကျေးလက်ကျန်းမာရေးအဆောက်အအုံ" ကို နိုင်ငံတော် အစိုးရ ကျန်းမာရေးဌာနသို့ လွှဲအပ်လှူဒါန်းသော အချိန်ကစ၍ နိုင်ငံ တော်အစိုးရ အဆက်ဆက်တို့မှ တိပိဋကဆရာတော်၏ ကျန်းမာရေးကို ကြည့်ရှုစောင့်ရှောက်ပေးရန် တာဝန်ပေးချက်အရ ထိုအချိန်ကစ၍ ယနေ့တိုင်အောင် "ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးသာလှ"သည် ဆရာတော်၏ ကျန်းမာရေးကို အမြဲစောင့်ရှောက်ပြုစု ကုသလျက်ရှိပါသည်။ ဆရာတော်၏ အဖို့ ကျန်းမာရေးကို အလေးပေး သောအားဖြင့် မင်းကွန်းဓမ္မနာဒကျောင်းတိုက်၌ မုံရွာမြို့၊ ဘုရားကြီး လမ်း၊ ရွှေဒေါင်းမင်း ပရိက္ခရာတိုက်ပိုင် ရဟန်းဒကာ+ဓကျောင်းဒကာ ဦးထွန်းလှ+ဒေါ်ခင်ပုမိသားစုတို့ ဆောက်လုပ်လှူဒါန်းသော ပတ်ကား အုတ်ကျောင်းကို "အာရောဂျသာလာ သလ္လာဝတီ ကျန်းမာရေး အုတ် ကျောင်း"ဟု ကမ္ပည်းတပ်၍ မင်းကွန်းတောင်ရိုး ချောင်အသီးသီးမှ ဆရာတော်များ + သီလရှင်သူတော်စင်များ မကျန်းမာလျှင် ဆရာ ဝန်ကြီး ဦးသာလှကို အကြောင်းကြား၍ ထိုကျောင်း၌ ကုသစေခဲ့ ပါသည်။

တတိယအကြိမ်

## မင်းကွန်းတိုက်နယ် ဆေးရုံ

၁၃၃၃-ခုနှစ်တွင် မိုးကုတ်မြို့၊ မြို့မရပ်၊ ဦးဘရှင်း+(ဒေါ်ဒေါ်မျှင်) မိသားစုတို့က ဓမ္မနာဒတိုက်၌ သိန်းကျော်တန် ခေတ်မီ ဓမ္မာရုံကြီး (ဒေါ်ဒေါ်မျှင် မသေခင် မှာသွားချက်အရ) ဆောက်လုပ် လှူဒါန်းလိုကြောင်း လာရောက်လျှောက်ထားကြသည်ကို ဆရာတော်က "ဓမ္မာရုံမှာ သာသနာရေးကိစ္စ ရှိသောနေ့၌သာ အသုံးပြုရကြောင်း၊ ဓမ္မနာဒတိုက်၌လည်း ဓမ္မာရုံ ၂-လုံး ရှိနေကြောင်း၊ သို့ဖြစ်၍ နေ့စဉ်နေ့စဉ် ရှင်လူတို့အား ကျေးဇူးများသော တိုက်နယ်ဆေးရုံ ဆောက်လုပ်လှူဒါန်းစေလိုကြောင်း မိန့်ကြားသဖြင့် ထိုအချိန်က ခေတ်ကာလ တန်ဖိုးအားဖြင့် ကျပ် (၃၀၀၀၀၀) သုံးသိန်းကျော်တန် "မင်းကွန်း တိုက်နယ်ဆေးရုံ" ကို နိုင်ငံတော်ကျန်းမာရေးဌာန၏ ညွှန်ကြားချက်အတိုင်း အဆောက်အအုံ အပြည့်အစုံကိုပါ ဆောက်လုပ်စေ၍ နိုင်ငံတော်အစိုးရ ကျန်းမာရေးဌာနသို့ တရားဝင်လွှဲအပ်၍ ၁၃၃၄-ခုနှစ် ဝါဆိုလပြည့်နေ့၌ "ဆေးရုံအပ်ပွဲ+ဆေးရုံဖွင့်ပွဲ" ဒွန်တွဲ၍ ကျင်းပပြီး ထိုအချိန်ကစ၍ "မင်းကွန်းတိုက်နယ်ဆေးရုံ ထောက်ပံ့ရေးရန်ပုံငွေပဒေသာပင်"ကို စတင်စိုက်ပျိုး၍ အတိုးအညွန့်ဖြင့် သုံးလတစ်ကြိမ်၊ သုံးလတစ်ကြိမ် ဆေးအပ်ပွဲ ဆင်နွှဲ ကျင်းပစေခဲ့ပါသည်။

### (က) သံဃိက ဆေးအလှူ

"မင်းကွန်းတိုက်နယ်ဆေးရုံ ထောက်ပံ့ရေး ရန်ပုံငွေပဒေသာပင်"မှ အတိုးအညွန့်ဖြင့် ၁၃၃၆-ခုနှစ်ကစ၍ (၃၆၀၀) ဖိုး၊ (၇၇၀၀) ဖိုး၊ (၁၀၀၀၀) ဖိုး၊ (၁၅၀၀၀) ဖိုး ဆေးပစ္စည်းများ လှူဒါန်းခဲ့ရာ- ၁၃၄၀-ပြည့်နှစ်သို့ ရောက်သောအခါ ရန်ပုံငွေအင်အား တောင့်တင်းလာပြီဖြစ်၍ ငွေစုလက်မှတ် သုံးသိန်းတန် ဝယ်စေပြီး အတိုးအညွန့်ဖြင့် နှစ်စဉ် ဆေးပစ္စည်းသုံးသောင်းဖိုး ဝယ်ယူကပ္ပိစေ၍ သုံးလလျှင်တစ်ကြိမ် (တစ်ကြိမ်လျှင် ၇၅၀၀-ဖိုး) တန်ခူး၊ ဝါဆို၊ သီတင်းကျွတ်၊ ပြာသိုလတို့၌ လှူဒါန်းစေပါသည်။

ဒုတိယအကြိမ်

http://www.dhammadownload.com



တန်ခူးလလှူရာ၌ သင်္ကြန်တွင်းမှာ လှူပါသည်။ ထိုသင်္ကြန်တွင်းမှာလည်း အကျနေ့၊ အကြတ်နေ့တို့၌ မလှူစေဘဲ သင်္ကြန် အတက်နေ့၌သာ လျှင် လှူစေတော်မူလေ့ ရှိပါသည်။

## (ဓ) ပုဂ္ဂလိက အလှူ

ဆရာတော်သည် သက်တော်ကြီးလာသည်နှင့်အမျှ အသက်ကြီးသူ ဆင်းရဲနွမ်းပါးသူ ဇကာ+ဇကာမတို့အပေါ် ကရုဏာတရား ပွားရှိပွားရှိ လာပါသည်။ အသက်ကြီးသူ နွမ်းပါးသူတို့ကို မရှုရက်နိုင်အောင် ရှိပါသည်။ ဓဂါစရဂါမ် ရွာတွင်းမှုဖြစ်၍ ဆွမ်းဒကာ + ဒကာမများလည်း ဖြစ်ကြရာ ထို အသက်ကြီးသူ+နွမ်းပါးသူတို့ ကျန်းမာရေး အထောက် အပံ့ဖြစ်စေရန် ဆေးလှူခြင်း ဖြစ်ပါသည်။ ထိုသို့ ဆေးလှူရာ၌ ပုဂ္ဂလိက အလှူဖြစ်စေရန် ကျေးရွာ လူကြီးတို့အား ဆင်းရဲနွမ်းပါးသည့် အိမ် ထောင်စုစာရင်းနှင့် အသက် (၇၀) နှစ်မှစ၍ အထက် အသက်ကြီးသူ များ၏ စာရင်းကို လျှို့ဝှက် ကောက်ယူစေပါသည်။

ဆေးအပ်ပွဲကျင်းပသောအခါ နွမ်းပါးသူ အိမ်ထောင်စု တစ်စုတစ်စု အား (၁) ပရုပ်ဆီအနီ ၁-ဘူးစီ၊ (၂) ဝတ္တုငွေ ၅-စီ၊ (၃) နီလာ ဆပ်ပြာ ၂-ခဲစီ၊ (၄) ပကိုက်းဆန် ၃-ပြည်စီ လှူစေပါသည်။

အသက်ကြီးသူများ အတွက်ကား ထို ၄-မျိုးအပြင် ယာဂုကျို၍ သောက်နိုင်ရန် ကျွဲဆန် ၂-ပြည်စီ ပို၍ လှူစေပါသည်။

(ဤ၌ ပကိုက်းဆန်ဆိုသည်မှာ မလွန်စျေး ဆန်လှူအသင်းကြီးမှ လှူသော ဆန်များထဲမှ အချို့ ဆန်မထွက်သော အရပ်တို့မှ ခွဲအိတ် တစ်အိတ်လျှင် ၃-အိမ်ထောင် ၄-အိမ်ထောင် စုပေါင်းလှူသည့် သောင်းပြောင်းထွေလာ ရောရာဆန်များကို ကျောင်းနေ သံဃာ အား မကျွေးဘဲ သီးသန့်ပြာတိုး၍ ထားပါသည်။ စုပေါင်းရောနှော ဖနေသော ဆန်ဖြစ်၍ ပကိုက်းဆန်=ရောပြွမ်းသော ဆန်ဟု ခေါ်ခြင်း ဖြစ်ပါသည်။)

ဤ ဆေးအပ်ပွဲ ဆေးလှူပွဲ၌ တောသူတောင်သား လူအများ နားလည် ကြ ဝမ်းသာကြ ရအောင် တိုက်နယ်ဆေးရုံ ဆရာဝန်ကိုယ်တိုင် ထို

http://www.dhammadownload.com



ဆေးများကို အမည်နှင့်တကွ သုံးစွဲပုံအညွှန်းကိုပါ ရှင်းလင်းပြောပြပေး ပါသည်။

သက်ကြီးရွယ်အိုများကို ဆေးအပ်ပွဲကျစ်းပရာ နေရာသို့ အသွား အပြန် မော်တော်ကားဖြင့် တစ်ဆောင် ပို့ခေါ်စေပြီး အားလုံးအား ပလာတာဖြစ်စေ၊ ခေါက်ဆွဲဖြစ်စေ၊ ချိုပွဲ ချဉ်ပွဲတို့ဖြင့် ညှော်ခံကျွေးမွေး စေပါသည်။ (မုန့်ဟင်းခါးကိုကား မကျွေးစေပါ။ အကြောင်းကား မုန့်ဟင်းခါး ဟင်းရည်မှာ ငါးပျော့အူဖြင့် ချက်ရ၍ ဝမ်းမီးနံ့စေ တတ်ပါသည်။ နွေရာသီမှာ မတည့်ပါ။ ထို့ကြောင့် မုန့်ဟင်းခါးကို ကိုယ်တိုင်လည်း မစား၊ သူ့ကိုလည်း မကျွေးစေပါ။)

## သူတပါးကို စိတ်ချမ်းသာစေချင်

ဆရာတော်သည် တရားကို များများဟောသော်လည်း စကားကိုကား များများမပြောပါ။ အပြောနည်း၍ ပြောခဲလှပါသည်။ ပြောလျှင် လည်း မှန်၍ အကျိုးရှိမည့် စကားကိုသာ ပြောလေ့ရှိပါသည်။ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာတက္ကသိုလ်၌ စာသင်သား အရှင် ၂–ပါးနှင့် သက်ဆိုင်သော ကာစွတစ်ခု ပေါ်ပေါက်လာရာ (ရဲဖြင့် ဖယ်ရှားမည့်ဆဲဆဲ ဆရာတော် ရောက်သွားရကား အားလုံးတို့ကို တောင်းပန်ပြီးလျှင်) အဓိကရုဏ်း ငြိမ်းသတ်နည်း ခုနစ်မျိုးတို့အနက် တိဿဝတ္ထာရက–အညစ်အကြေးကို မြက်ဖြင့် ဖုံးအုပ်သည့် ငြိမ်းသတ် နည်းဖြင့် ချမ်းသာစွာ ငြိမ်းအေးစေတော်မူခဲ့ပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဆရာတော်ဘုရားက မိမိ တစ်ဦးထည်းကိုသာ မရည်ညွှန်းဘဲ မိမိ ဦးဆောင်ပဓာန နာယကအဖြစ် ဆောင်ရွက်နေသော "တိပိဋက–နိကာယ ဥပဋ္ဌာကအဖွဲ့ကြီး" တစ်ရလုံးကို ကိုယ်စားပြုသော အားဖြင့် "ဘုန်းကြီးတို့အဖွဲ့က သူတပါး စိတ်ချမ်းသာအောင် ရွက် ဆောင်တဲ့အဖွဲ့ပါ" ဟု အမိန့်ရှိတော်မူပါသည်။

တတိယအကြိမ်

http://www.dhammadownload.com



## အပင်ပန်းခံနိုင်သည့် ဆရာတော်

ဆရာတော်သည် သဘာဝကို ထူး၍ သည်းခံလေ့ ရှိပါသည်။ ၁၉၈၈-၃ မတ်လ ၈-ရက် နေ့က ကချင်ပြည်နယ်၊ အင်းတော်မြို့၊ အင်းတော်ကျောင်း၌ နေ့ဆွမ်းဘုဉ်းပေးပြီးချိန်မှ စ၍ အင်းတော်ဆရာတော်နှင့် အချိန်ကြာမြင့်စွာ အလ္လာပ+သလ္လာပ ပြောဆိုပြီး ညဥ့်ဦးယံ ၇-နာရီအချိန် တရားပွဲပင့်သည့်အခါ သက်နှီးရုံ၍ တရားပွဲသို့ တန်းကြွတော်မူပါသည်။ အနားယူတော်မမူဘဲ ဤသို့ အပင်ပန်းခံနိုင်အောင် အစားအသောက်ကို လျှော့၍ စားသောက်တော်မူပါသည်။ ဆရာတော် အဖို့ အညောင်းအညာလည်း နည်းပါးပါသည်။ ထိုသို့ နည်းပါးအောင် ဆွမ်းဘုဉ်းပေးရာ၌ သင့်သည်ကိုသာ လျှော့၍ ဘုဉ်းပေးသုံးဆောင်ပါသည်။ "အသား ငါး အစားနည်းတော့ ဘုန်းကြီးမှာ အညောင်းအညာ နည်းပါးတာပေါ့"ဟု မိန့်တော်မူလေ့ရှိပါသည်။

ဆရာတော့်အဖို့ တစ်နေ့တစ်နေ့မှာ နားရသည်မရှိပါ။ အအားလည်း မနေတတ်ပါ။ ရေစက်ချ တရားပွဲများ ရှိလျှင် ရှိသလောက် ဟောပြောတော်မူလေ့ရှိပါသည်။ တရားနာခံသူ တစ်ယောက်တည်း ဖြစ်ပါစေ၊ ဆရာတော် တရားဟောသည်မှာ ပရိသတ်အများအား ဟောသည်နှင့် မထူးခြားပါ။ ဆရာတော် သိဘင်းသုံးနေသည်ကို ကြည့်လိုက်လျှင် ပရိသတ်အား တရားဟောနေသည့်အချိန်က များပါသည်။ တရားမဟောသည့်အခါ ဖြစ်လျှင်လဲ လက်နှိပ်စက်ကို တချောက်ချောက်ရိုက်၍ တရားစာပေ စီစဉ်နေသည်ကို အတွေ့ရများပါသည်။ ထိုသို့မှ မဟုတ်လျှင် နေ့စဉ်သတင်းစာမှအစ ဘာသာရေးမဂ္ဂဇင်းများ (သိဂ်ါရသဘော မပါသော) စာအုပ်များကို ဖတ်ရှုနေသည်ကိုသာ ဖူးတွေ့ရမည် ဖြစ်ပါသည်။

ဆရာတော်သည် မည်မျှအပင်ပန်းခံသနည်းဆိုလျှင် ဆရာတော်နှင့်စပ်သည့် စာတစ်ခုခုရေး၍ ဆက်ကပ်လိုက်လျှင် ထိုစာမူကို အခေါက်ခေါက်ဖတ်ပြီးလျှင် ကိုယ်တိုင် လက်နှိပ်စက်ရိုက်၍ တည်းဖြတ်သုတ်သင်ပြီး စာမူ ၄-စောင်ရိုက်နှိပ်၍ "စာပေစိစစ်ရေးရုံး" သို့ တင်နိုင်အောင် ဆောင်ရွက်ပေးလေ့ ရှိပါသည်။

စာတိယအကြိမ်

http://www.dhammadownload.com



ဆရာတော်သည် အရွယ်နှင့်မမျှအောင် တိုင်းပြည်အနှံ့ ကြွရောက်၍ ပရိယတ္တိ သာသနာ့တက္ကသိုလ် ကျောင်းများ အတွက် အလှူရေစက်ချ တရားပွဲများ၊ ကျင်းပနေရသော်လည်း ပင်ပန်းသည် မထင်၊ တို့၍ပင် ရွှင်လန်းပါသည်။ တစ်ခါတစ်ရံ မြန်မာပြည်မြောက်ဖျားမှ ဆရာတော့် သတင်းကို ကြားနေရချိန်မှာပင် ဆရာတော်သည် မြန်မာပြည် တောင် ဘက်ပိုင်းသို့ ရောက်နေတတ်ပါသည်။

ဤသို့ ခရီးလည်း သွား၊ တရားလည်း ဟော၊ စာချေလည်း ဆတ်၊ မပြတ်လုပ်ဆောင်တော် မူနေသဖြင့် ရင်းနှီးသူ ဒကာ+ဒကာမများက နားနားနေနေ နေရန် တောင်းပန်သော အခါမျိုးတွင် ဆရာတော်က ဈေးရောင်း၍ ကောင်းနေသူကို ပုံထား၍ နှစ်သိမ့်စေလေ့ရှိပါသည်။ တစ်ခါတစ်ရံတွင်မူ "ဘုန်းကြီး ခရီးသွားရတာ ဘတ်စကားနောက်မြီး ခြေနင်းခုံမှာ လွယ်ပြီး ကြပ်ကြပ်တည်းတည်း၊ ခြေတစ်ချောင်းထောက်၊ လက်တစ်ဖက်ဖြင့် ဆွဲလိုက်ကြရတဲ့ ခရီးသွားလူ ဆယ်ယောက်လောက် မပင်ပန်းပါဘူး" ဟု မိန့်တော်မူတတ်ပါသည်။

## ဆရာတော်၏ သူတော်ကောင်းနှလုံးရည်

ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ဆရာတော်ဦးစီး၍ ရေးစီရင် တော်မူခဲ့ရာ လူရှင်အများ နှစ်သက်လိုလားကြ၊ လူကြီးလူငယ် မရွေး လည်း ဖတ်နာကြပါသည်။ ထိုကျမ်းကြီး ဒုတိယတွဲ စာမျက်နှာ ၂၀၆- လက်သည်းကွင်း မှတ်ချက်၌-

"ဃဋိကာရဗြဟ္မာ လှူဒါန်းလာသော ပရိက္ခရာရှစ်ပါးတို့နှင့်စပ်၍ အပဒါနအဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၁၂၈-၌ ×××××× ဖွင့်ပြချက်ကို အမှီပြု၍ပင်-

သံဝရပျို့၌-

"ဝိဝဋ္ဋဝယ်၊ ဘဒ္ဒသက္ကာ၊ ပေါ်ဦးခါက၊ သင်္ကျာအနေ၊ သိန်းကုဋေဟု၊ တွက်ရေစက္ကဝါ၊ မြေတကာ၏၊ အချာဓိပတိ၊ ဗောဓိ ရွှေပြင်၊ ပလ္လင်ရောက်ရာ၊ ရပ်ခန်းဝါထက်၊ ငါးဖြာခက်မ၊ ငုံပွင့်ပုဏ္ဍ၊

http://www.dhammadownload.com



ဘုရား ပရိက္ခရာ၊ လေးဆယ်ပါလျက်၊ ဗြဟ္မာဦးညိတ်၊ ရှင်သည့် စိတ်ဖြင့် စသည်ဖြင့် စပ်ဆိုလေသည်"ဟု တွေ့ရပါသည်။

ဗြဟ္မာလှူဒါန်းသော သက်နှင့်စပ်၍ သုတေသနပြုဆဲ အခါဖြစ်၍ ထိုစာပိုဒ်ကို သံ၀ရပျို့၌ရှာရာ မတွေ့ရပါ။ သို့နှင့် ဆက်လက်၍ ရှာဖွေခဲ့ရာ မိုင်းခိုင်း ဆရာတော်ဘုရား၏ "တိပေဋကဝိနိစ္ဆယကျမ်း" ဒုတိယတွဲ ကို ဖတ်မိရာ ထိုကျမ်း (စာမျက်နှာ ၃၅၁)၌—

"မုံရွေးဆရာတော်ကြီး စီရင်သော သံ၀ရပျို့ ဒိသာပါမောက္ခ ခန်း၌လည်း—

"ဝိဝဋ္ဋဝယ်၊ ဘဒ္ဒလက္ခဏာ၊ ×××××၊ ဗြဟ္မာဦးညိတ်၊ ရှင်သည့် စိတ်ဖြင့်၊ နိမိတ်ဆိုရာ၊ ငါးပွင့်ကြာတွင်၊ ရွှေဝါလုလန်း၊ တစ်ပွင့် ယန်းကို၊ တင့်ရှန်းဖြိုးဝေ၊ ဆင်ထိုက်လေသည်...၊ မြုတေသီရိ- မြတ်ဗောဓိ"ဟု တွေ့ရပါသည်။

ထိုအခါ သံဝရပျို့သည် မုံရွေးဆရာတော်ရေး မဟုတ်၊ ရှင်မဟာ- ရဋ္ဌသာရရေးဖြစ်သည်။ ဒိသာဖါမောက္ခခန်း ဆိုသောကြောင့် သံဝရပျို့ နှင့် မသက်ဆိုင်၊ ဖြစ်နိုင်သည်မှာ ပဋ္ဌာဒဝုဓပျို့သာ ရှိသည်။ ထို့ကြောင့် ဆရာတော် ရဝေထွန်းနှင့် ဆရာတော် မာဂဓိ သာစည် တို့နှင့် အတူ ပဋ္ဌာဒဝုဓပျို့၌ ရှာဖွေရာ— ပိုဒ်ရေ (၅၂)၌ အာလုပ်စကားအဖြစ် ဖော်ပြ ခဲ့ပြီးသော ပျို့စာပိုဒ်ကို တွေ့ရပါသည်။

ထို့ကြောင့် အကျိုးအကြောင်းကို ဆရာတော် မာဂဓီမှ တစ်ဆင့် တိပိဋကဆရာတော်အား ရှင်းလင်းတင်ပြ လျှောက်ထားရာ.... တိပိဋက ဆရာတော်က "ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်ပြောကြား၍ သာဓု ၃-ကြိမ် ခေါ်တော်မူပါသည်"။ ဤသို့ ကျေကျေနပ်နပ် ကျေးဇူးတင် သာဓုခေါ်နိုင်ခြင်းသည် တိပိဋကဆရာတော်၏ ပညာရှိသူတော်ကောင်း လက္ခဏာပင် ဖြစ်ပါသည်။

(ဤ ပမာဒလေခသည် တိပိဋကဆရာတော်၏ လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်း၏ လည်းကောင်း၊ မိုင်းခိုင်း ဆရာတော်ကြီး၏ လည်းကောင်း အပြစ်မဟုတ်ချေ။ တိပေဋက

http://www.dhammadownload.com



ဝိနိစ္ဆယကျမ်း ဒုတိယတွဲရိုက်နှိပ်စဉ်က ချွတ်ယွင်းချက် ကြောင့်သာ ဖြစ်သည်။ ကျမ်းဆရာဂုဏ်ကို ယုံကြည်ကိုးစားသောအားဖြင့် မစိစစ်မိဘဲ ပမာဒလေခဖြစ်ခြင်းမျှသာ ဖြစ်ပါသည်။ နောက်အခါ မဟာဗုဒ္ဓဝင် ဒုတိယတွဲကို ပြန်လည်ရိုက်နှိပ်သောအခါ ဤပမာဒလေခကို ပြင်ဆင်ရန် အသင့်ရှိနေပါသည်။)။

## ဆရာတော်၏ သမိုင်းဝင် ဖြစ်ရပ်များ

သူဌေးကြီး ဆာ–ဦးသွင်သည် ပိဋကတ်သုံးပုံစာပြန်ပွဲ (တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ) မကျင်းပမီ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပရန် ဝန်ကြီးချုပ်နှင့် ဆွေးနွေးတိုင်ပင် သဘောတူကြပြီး သီဟိုဠ်ကျွန်းသို့ သွားရောက်၍ သီဟိုဠ်သံဃာတော်များနှင့် “ထေရဝါဒ ၅-နိုင်ငံ၏ ကိုယ်စား မြန်မာနိုင်ငံက ဒကာခံ၍ ဆဋ္ဌသင်္ဂါယနာတင်မည့်အကြောင်း” သတင်းကောင်းစကား လျှောက်ထားလတ်ပါသည်။ ထိုအခါ သီဟိုဠ်သံဃာများက “မြန်မာနိုင်ငံက ခေါင်းဆောင်ဒကာခံ၍ ဆဋ္ဌသင်္ဂါယနာတင်မည်ဆိုလျှင် မြန်မာနိုင်ငံမှာ ပိဋကတ်သုံးပုံ အာဂုံဆောင်တဲ့ တိပိဋကဓရပုဂ္ဂိုလ် ရှိရဲ့လား၊ သင်္ဂါယနာတင်ရာဝယ် မေး+ဝိနယနှင့် စပ်သည့် အမေးကို ဖြေနိုင်သည့်ပုဂ္ဂိုလ် ရှိရဲ့လား”ဟု မေးမြန်း ခဲ့ပါသည်။ ထို့ကြောင့် သူဌေးကြီး ဆာ-ဦးသွင်သည် သီဟိုဠ်မှ ပြန်အလာတွင် ၆-ထပ်ကြီး ဘုရားကြီးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးကောဏ္ဍည အစရှိသော မြန်မာပြည်သာသနာ၏ တံခွန်မှန်ကင်း ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု စသော နိုင်ငံ့ခေါင်းဆောင် လူကြီးများနှင့် “တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ” ကျင်းပပြီးမှ ဆဋ္ဌသင်္ဂါယနာတင်ရန် တိုင်ပင်ဆွေးနွေး သဘောတူ ဆုံးဖြတ်ကြပါသည်။

### (က) ဆဋ္ဌသင်္ဂါယနာ ဖွင့်ပွဲ ဖက်တော်

ထို ဆုံးဖြတ်ချက်အရ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ၁၃၁၀-ခုနှစ်၌ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို ကျင်းပခဲ့ရာ ပထမအကြိမ်

http://www.dhammadownload.com



ပထမနှစ်၌ အောင်မြင်သူမရှိဘဲ ဒုတိယနှစ်၌ ဝိနည်းအာဂုံပြန် ၁–ပါး ပေါ်ထွန်းခဲ့ပါသည်။ ပထမကျော် + ဓမ္မာစရိယ အရှင်ဝိစိတ္တသာရာဘိဝံသ ကို ထို စာမေးပွဲဝင်ရန် တိုက်တွန်းသူရှိသလို ကန့်ကွက်သူများလည်း ရှိခဲ့ပါသည်။ သို့သော် ဆရာတော်သည် ဗြိတိသျှခေတ်၌ အစိုးရ ပထမကျော် + အစိုးရဓမ္မာစရိယ + သကျသီဟဓမ္မာစရိယဝင္ကံသကာ ဟူသည့် ထိပ်တန်းဂုဏ်ထူးတွေ ယူခဲ့သဖြင့် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို (ထိပ်ဖျားမှ လိမ့်အကျ မခံနိုင်ပါ၍) ထို ပထမ+ဒုတိယ ၂–ကြိမ်တွင် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို မဝင်ခဲ့ခြင်း ဖြစ်ပါသည်။

သုံးကြိမ်မြောက်ဖြစ်သည့် ၁၃၁၂–ခုနှစ်တွင် ဝိနည်း ငါးကျမ်း တည်းဟူသော–ဝိနယပိဋကကို ဝင်ရောက်ပြန်ဆို+ဖြေဆိုခဲ့ရာ အာဂုံပြန် နှင့် သဘောရေးဖြေ–နှစ်ထွေလုံး၌ပင် ဂုဏ်ထူးဖြင့်ချည်း အောင်မြင် တော်မူခြင်းကြောင့် "ဗုဒ္ဓသာသနာနုဂ္ဂဟ (ဝိသိဋ္ဌ) ဝိနယဓရ+(မဟာ) ဝိနယ ကောဝိဒ" ဘွဲ့တံဆိပ်တော်နှင့်တကွ အရှိးဝါ ကနက္ကဒဏ် ထီး ဖြူတော် ၁–လက် အမှတ်တံဆိပ် ပါရှိသည့် သာသနာ့ အောင်လံတော်နှင့် မီးရထား၊ မီးသင်္ဘော ပထမတန်း အခမဲ့ စီးနင်းနိုင်ခွင့်လက်မှတ် ဆက်ကပ်ခံရသည်။

လေးကြိမ်မြောက်ဖြစ်သည့် ၁၃၁၃–ခုနှစ်တွင် အဘိဓမ္မပိဋကရှေ့ပိုင်း ၅–ကျမ်းကို ဝင်ရောက်ပြန်ဆို+ဖြေဆိုရာ အာဂုံပြန်နှင့် သဘောရေး ဖြေ–နှစ်ထွေလုံး၌ပင် ဂုဏ်ထူးဖြင့်ချည်း အောင်မြင်တော်မူခဲ့ပါသည်။

ငါးကြိမ်မြောက်ဖြစ်သည့် ၁၃၁၄–ခုနှစ်တွင် တိပိဋကဓရ ရွေးချယ် ရေး စာမေးပွဲ၌ အဘိဓမ္မပိဋက ဒုတိယပိုင်း (ယမိုက်+ပဋ္ဌာန်း) နှစ်ကျမ်းတို့ကို ဝင်ရောက်ပြန်ဆို+ဖြေဆိုခဲ့ရာ အာဂုံရော သဘောရေး ဖြေပါ နှစ်ထွေလုံး၌ ဂုဏ်ထူးဖြင့်ချည်း အောင်မြင်တော်မူသောကြောင့် "ဗုဒ္ဓသာသန (ဝိသိဋ္ဌ) အာဘိဓမ္မိက+(မဟာ) အဘိဓမ္မကောဝိဒ" ဟူသော ဘွဲ့တံဆိပ်တော်နှင့်တကွ အရှိးဝါ ကနက္ကဒဏ်တီးဖြူတော် ၂–လက် အမှတ်တံဆိပ်ပါရှိသည့် သာသနာ့ အောင်လံတော်ကို ဆက်ကပ် ခံရပါသည်။

တတိယအကြိမ်

http://www.dhammadownload.com



ခြောက်ကြိမ်မြောက်ဖြစ်သည့် ၁၃၁၅–ခုနှစ် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ၌ ဒီဃနိကာယ်–သုတ်သုံးကျမ်း၊ တည်းဟူသော သုတ္တန်ပိဋကကို ဝင်ရောက်ပြန်ဆို+ဖြေဆိုခဲ့ရာ အာဂုံဆောင် သဘောရေးဖြေပါ နှစ်ထွေလုံး၌ ဂုဏ်ထူးဖြင့်ချည်း၊ အောင်မြင်တော် မူသောကြောင့် "ဗုဒ္ဓသာသန (ဝိသိဋ္ဌ) ဒီဃဘာဏက + (မဟာ) ဒီဃနိကာယ ကောဝိဒ" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူရပါသည်။

ဤသို့ (သစ်ရိုး) ပိဋကတ်သုံးပုံကို တစ်ပါးတည်း ထူးထူး ချွန်ချွန် ဂုဏ်ထူးနှစ်ဆင့်ဖြင့် အောင်မြင်တော် မူသောကြောင့် "ဗုဒ္ဓသာသန (ဝိသိဋ္ဌ) တိပိဋကဓရ+(မဟာ) တိပိဋကကောဝိဒ" ဘွဲ့တံဆိပ်တော်နှင့်တကွ အချိုးဝါ ကနက္ကဒင်္ဂ သိုးဖြူတော် ၃-လက် အမှတ်တံဆိပ်ပါသော သာသနာ့အောင်လံတော်ကို ဆက်ကပ်ခံရသည့်အပြင် နိုင်ငံတော်အစိုးရကလည်း "အဒ္ဒဂ္ဂဂိစိတ္တသာရ တိပိဋကဝရ ဓမ္မဘဏ္ဍာဂါရိက" ဘွဲ့တံဆိပ်တော်နှင့်တကွ ကုန်း+ရေ+လေ သုံးဌာနလိုက်၌ နောက်ပါ တပည့် ၂-ယောက်နှင့်တကွ ရသက်ပန် အခမဲ့ စီးရသော၊ သဘော၊ လေယာဉ်ပျံ စီးနိုင်ခွင့် လက်မှတ်ကိုလည်းကောင်း၊ ဘွဲ့ပုံတံဆိပ်ခက်နှိပ်သည့် "ဆင်စွယ်ယပ်ဝန်း"ကို လည်းကောင်း သမ္မတ စံအိမ်တော်၌ အခမ်းအနားကြီးစွာ ကျင်းပ ဆက်ကပ်ပူဇော်သည်ကို ခံယူတော်မူရပါသည်။

ဤသို့လျှင် ၁၃၁၆-ခုနှစ်၌ ကျင်းပသည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲအမီ တိပိဋကဓရ ဖြစ်တော်မူသော ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာတင်သောအခါ ပိဋကတ်သုံးပုံနှင့်စပ်၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား မေးတော်မူသမျှကို တစ်ပါးတည်းပင် စာအုပ်ကိုကိုင်၍ ဖတ်နေသည့် အလား နှုတ်လွတ်ပြန်ဆို ဖြေဆိုတော် မူခဲ့သောကြောင့် ဆရာတော်၏ တိပိဋကဓရ ဘွဲ့တော်ကိုရခြင်းသည် ဆဋ္ဌသင်္ဂါယနာတင်ဖို့ရန် အကြောင်း တစ်ပါး ဖြစ်ရုံမျှမက တစ်ချိန်က သိဟိုဠ်သံဃာတို့ မေးခဲ့သည်ကိုလည်း ဖြေပြီးသား ဖြစ်ရပါတော့သည်။ ဆရာတော်နှင့် ဆဋ္ဌသင်္ဂါယနာသည် ပွားဖော်ပွားဖက်ဖြစ်၍ ဆရာတော်သည် "ဆဋ္ဌသင်္ဂါယနာ့ ပွားဖက်တော်" ဖြစ်တော်မူပါသည်။

တတိယအကြိမ်

http://www.dhammadownload.com



## (ခ) ဆရာတော်နှင့် နိမ္မာနရတိ နတ် စကားပြောသနာ

၁၃၁၅-ခုနှစ် ဆဋ္ဌသင်္ဂါယနာ တင်ခါနီးကာလဂယ် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၌ "ပုသိမ်မြို့ သဒ္ဓမ္မသီတဂူရိပ်သာဆရာတော် ဦးအာစိဏ္ဏ၏ တပည့်မဟုတ်ဘဲ ဒကာမြစ်သူ ယောဂီမ ဟောမာ၏ ကိုယ်ကို ရေဗီယိုသေတ္တာ သဖွယ်ပြု၍ နိမ္မာနရတိနတ်က မဟာစည်ဆရာတော်သည် ရဟန္တာ ဖြစ်ကြောင်း၊ နိမ္မာနရတိနတ်ပြည်၌ ကျော်ကြားနေသည်ဟု ပြော ကြားကြောင်း၊ အုတ်ခအော်သောင်းတင်း သတင်းဖြစ်၍ နေလေသည်။ တစ်နေ့သော် မဟာစည် သာသနာ့ရိပ်သာ "ဖလ်ယဉ်ဝမ္မာမှ" ၌ သာသနာ့ရေးဝန်ကြီး ဦးဆောင်၍ လူပေါင်းများစွာ ရှင်ပေါင်းများ စွာတို့ စုဝေးကြပြီး မဟာစည်ဆရာတော်နှင့် နိမ္မာနရတိ ရေဗီယိုသေတ္တာ ဟု အမည်တင်စားထားသော ယောဂီမဟောမာတို့ ပါဝင်လို တရားစကား ပြောရာက နိမ္မာနရတိဘုံသား "ကောဋ္ဌတိမ္မရနတ်သား" လျှောက် ထားတောင်းပန်ချက် အရ မဟာစည် ဆရာတော်က ဝိပဿနာတရား ဟောသည်ကို နာရ၍ နတ်သားတစ်ယောက် ရဟန္တာဖြစ်ပြီး ထိုတရားပွဲ မှာပင် ပရိနိဗ္ဗာန်စံသွားသည့်ပုံ အလန့်တကြား ဟိုးလေးတကျော် ဖြစ် ကာ တရားပွဲအပြီးတွင် ညဉ့် (၇)နာရီခန့်အချိန်၌ မဟာစည်ဆရာတော် သီတင်းသုံးရာ စံကျောင်းတော်၌ ကမ္မဋ္ဌာန်းနည်းပြဆရာတော်များနှင့် ဝန်ကြီးချုပ်၏ သာသနာရေး အကြံပေး လူကြီးမင်းတို့ စုဝေးနေကြ သည်။

ထိုအချိန်၌ တိပိဋကဓရဆရာတော်သည် (နိမ္မာနရတိ နတ်စကားကို မယုံသော်လည်း) ဆရာတော်များနှင့် မဆန့်ကျင်စေရန် စံကျောင်းပေါ် သို့ တက်ရောက်သွားသောအခါ ဝန်ကြီးချုပ်၏ အကြံပေးဒါယကာက "ယခု နတ်စကားကိစ္စမှာ ဆရာတော် ဘယ်လိုသဘောရသလဲ" လို့ မေးသည်။ တိပိဋကဆရာတော်က "ဘုန်းကြီးအနေနဲ့ကတော့ မဟောမာ အပေါ်မှာ သံသယမရှိပါဘူး၊ နိမ္မာနရတိနတ် ဆိုတဲ့ နတ်ကို သာ သူ့ကိုယ်တိုင်က ဘင်္ဂါလီကချေသည်ကဖြစ်တဲ့ ဘုမ္မစိုးနတ်က နိမ္မာနရတိ နတ်လို့ ဆရာတော်တို့၊ ဒကာကြီးတို့ကို တစ်ပတ် ရိုက်နေတယ် လို့ပဲ သဘောရပါတယ်" လို့ ပြောသောအခါ ဘုန်းကြီး ဦးမုနိန္ဒက "အပ်မယ်....

http://www.dhammadownload.com



ဆရာတော်ဦးဝိစိတ္တက နတ်ကို မယုံတာ၊ ဘုန်းကြီးကတော့ ဦးအာစိဏ္ဏကို ပဲ မယုံဘူး" ဟု တိုက်ရိုက်ကြီး ပြောလိုက်လေသည်။

ထိုအခါ သဒ္ဓမ္မသီတဂူရိပ်သာဆရာတော် ဦးအာစိဏ္ဏ ဘုန်းကြီး ဦးမုနိန္ဒကို အရေးမစိုက်ဘဲ တိပိဋကဆရာတော်ကိုသာ ၁-နပ်ပါတ် ဆန့်ကျင်ဘက်သဘောထားပြီး အပြန်အလှန် ပြောဆိုကြသည်မှာ—

သီတဂူ— အမ်မာ.... ဦးဝိစိတ္တကမယုံဘူးဆိုလျှင် ယခု ရှင်းပါ့မယ်။

တိပိဋက— တပည့်တော်က အရှင့်နတ်ကို ယုံမှုမယုံပဲ၊ တပည့်တော် အဖို့ ရှင်းရန်မလိုပါ၊ အရှင်တို့ နတ်ကို ယုံကြည်တဲ့ ပုဂ္ဂိုလ်များအတွက်သာ ရှင်းလိုလျှင် တပည့်တော် ရှင်း ပေးပါမည်။

သီတဂူ— ရှင်းလျှင် ဘယ်လို ရှင်းမှာလဲ။

တိပိဋက— အရှင့်တူမ မဟေမာကို ခေါ်လိုက်ပါ။ (ထိုအချိန်တွင် မဟေမာကား အောက်ချိုင်း ကမ္မဋ္ဌာန်းကျောင်း၌ နား နေသည်။)

သီတဂူ— မဟေမာ ရောက်လာလျှင် ဘာပြောမည်လဲ။

တိပိဋက— ရောက်လာလျှင် မဟေမာရဲ့ကိုယ်ကို (ရေဒီယိုသေတ္တာ ပြုလုပ်၍ နိမ္မာနရတိဒိဗ္ဗဝိုစ်ယာရုံမှ အသံလွှတ်သည် ဆို သော နတ်ကို နိမ္မာနရတိနတ် ဟုတ် မဟုတ် သိသာရန်) နိမ္မာနရတိ နတ်မိဖုရားကြီးဖြစ်သူ ဝိသာခါကို ခေါ် ပေးပါလို့ ပြောရမှာပ။

သီတဂူ— အံမယ်.... တစ်နေ့တုန်းက ကောဋ္ဌတီမ္ဗရခေါ်တဲ့ နိမ္မာ နရတိနတ်က ပြောတယ်၊ "ဝိသာခါဟာ နတ်အာရုံထဲ မှာ ပျော်ပိုက်ပြီး မေ့မူးနေတယ်"တဲ့။

တိပိဋက— ဒီကတဲက အရှင့်နတ်ဟာ နိမ္မာနရတိဘုံက မဟုတ်တာ သေချာပါတယ်။

သီတဂူ— ဘာ့ကြောင့်လဲ ကိုယ်တော်....။

တတိယအကြိမ်

http://www.dhammadownload.com



တိပိဋက– အရှင်ဘုရား....၊ သာမည နိမ္မာနရတိနတ်က နတ်မိဟုရား ခေါင်ကြီးကို ထိုကဲ့သို့ ဂုဏ်ယုတ်အောင် ပြောလျှင် ဒိဗ္ဗဒဏ် အခတ်ခံရမှာပေါ့။

သီတဂူ– ဝိသာခါက မလာလျှင် ဘယ့်နှယ်လုပ်မည်လဲ ကိုယ်တော်....။

တိပိဋက– စတုဒ္ဒိသာသံဃိက ပုဗ္ဗာရုံကျောင်းအမကို ကျောင်းပိုင်ခွင့်ရှိတဲ့ တပည့်တော်တို့ ဘုန်းကြီးများကို ခေါ်တာပဲ၊ ဘယ်မှာမလာဘဲ ရှိမည်လဲ၊ လာမှာပေါ့ဘုရား၊ မလာလျှင် ကမ္မဝါဖတ်ပြီး သံဃာ့အမိန့်နဲ့ ခေါ်မှာပဘုရား။

သီတဂူ– ရောက်လာတဲ့နတ် ဝိသာခါ ဟုတ် မဟုတ် ဘယ်လိုစုံစမ်းမည်လဲ။

တိပိဋက– "ပုဗ္ဗာရုံကျောင်းတော်ကြီး ရေစက်ချတုန်းက ဒကာမကြီး ရွတ်ဆိုခဲ့တဲ့ "ကဒါ+ဟံ ပါသာဒံ ရမ္မံ၊ သုဓာ-မတ္တိကာလေပနံ" အစရှိတဲ့ ဥဒါန်းဂါထာတို့ကို ရွတ်ပြစမ်းပါ၊ ကြည်ညိုချင်လို့" ဟု ပြောမှာပ ဘုရား။

သီတဂူ– ဝိသာခါ ကျောင်းအမကြီး ကွယ်လွန်တာက နှစ်ပေါင်း ၂၅၀၀-ကျော် ရှိနေတော့ အဲဒီဂါထာတွေကို သူမှတ်မိပါဦးမည်လား။

တိပိဋက– ဘာပြုလို့ မမှတ်မိရမှာလဲဘုရား၊ နှစ်ပေါင်း ၂၅၀၀-ကျော် ဆိုတာ လူ့အသက်နှင့်တွက်လို့သာ အကြာကြီးထင်ရတာ၊ နိမ္မာနရတိ နတ်အသက်နှင့်တွက်လျှင် ရက်ပိုင်းလောက်သာရှိသေးတာမို့ ကျောင်းအမကြီးဟာ ရေစက်ချပွဲမှာ ကိုယ်တိုင်ရွတ်ခဲ့တဲ့ ဂါထာတွေကို မမေ့နိုင်သေးပါဘူး။ ဤတွင်မျှမက ဥဒါန်းဂါထာဆိုသည်မှာ ရင်ထဲမှာမဆံ့လို့ အပြင်အန်ထွက်လာတဲ့ အသံတွေပါ ဘယ်လိုနည်းနှင့်မှ မေ့လို့မရပါဘူး ဘုရား....။

ထိုသို့ လျှောက်ထားသောအခါ "နိမ္မာနရတိ နတ်စကားပြောသည်" ဆိုသော ထုမအား ဤဂါထာများကို သင်ပေးသောပုံ မရသော

http://www.dhammadownload.com



ဆဠမ္မူသိတဂူဆရာတော်သည် တူမကိုလည်း ခေါ်မပေး၊ ဆက်၍လည်း မပေးတော့ဘဲ အင်း....ဟု ဆိုကာ ရပ်၍ သွားပါတော့သည်။ (ထိုအခါ မှစ၍ နိမ္မာနရတိ နတ်စကားအကြောင်း သတင်းများ အဟုန်နည်း၍ သွားပါတော့သည်။)

(၈) ဆရာတော်နှင့် ပါဠိဖတ်နည်း ပြဿနာ

ဆဋ္ဌသင်္ဂါယနာ တင်ခါနီး ကာလတုန်းက မြန်မာရဟန်းတော်များ သည် သီဟိုဠ်၊ ယိုးဒယား၊ လာအို၊ ကမ္ဘောဒီးယား စသော ကမ္ဘာ့နိုင်ငံ များမှ ရဟန်းသံဃာ လူဒါယကာများနှင့် အချိန်ကြာမြင့်စွာ တွေ့ဆုံ ဆက်ဆံကြရာတွင် မြန်မာရဟန်းတော်များ ပါဠိဖတ်သံနှင့် နိုင်ငံခြား သား ရဟန်းရှင်လူများတို့ ပါဠိရွတ်ဖတ်သံ မတူသည်ကို သတိပြုမိကြ ပါလိမ့်မည်။

ဆို ခဲ့ ပြီး သော အ တိုင်း နိမ္မာနရတိနတ် စကားပြောသည်ဆိုသော ပြဿနာစကားရပ် ရပ်စဲသွားသောအခါ မင်းကွန်းတိပိဋကဓရဆရာတော် က မဟာစည်ဆရာတော်ဘုရားကြီးအား—

"ဆရာတော်....၊ ပါဠိ ရွတ်ဆို ကြသောအခါ တပည့်တော်တို့ သည် မိမိတို့၏ အမိမြန်မာအသံ၌သာလျှင် ကြံ့ကြံ့တည်ဖို့ လိုအပ် လှပါသည်" ဟူ၍ လျှောက်ထားပါသည်။

ထိုအခါ မဟာစည်ဆရာတော်ဘုရားကြီးက—

"ဦးဝိစိတ္တရေ....၊ တပည့်တော်တို့ မြန်မာများ ပြောဆို ရွတ်ဆို ကြတဲ့အသံက ကမ္ဘာ့အသံနှင့် လုံးဝမတူ တမူထူးပြီး စုန်းပြူးသလို ဖြစ်နေပါတယ်"ဟု မိန့်တော်မူပါသည်။

ထိုအခါ တိပိဋကဓရ ဆရာတော်က—

"ဆရာတော်....၊ ပါဠိရွတ်ဖတ်တဲ့နေရာမှာ ဌာန် + ကရိုဏ်း မှန်ဖို့ က အရေးကြီးပါတယ်။ ဥပမာ– (သ) အက္ခရာကို ရွတ်ဆိုရာမှာ ကမ္ဘာ့နိုင်ငံများက (စ) အသံဖြင့် ရွတ်ဆိုကြရာ စိစစ်ကြည့်လျှင် (သ) အက္ခရာသည် ဌာန်အားဖြင့် သွားအခြေ–ဒန္တဌာန်၊ ကရိုဏ်း

http://www.dhammadownload.com

# အရှင်ဝိစိတ္တသာရာဘိဝံသ ၏ ယောစဉ် တရားတော်များ

## (ဒုတိယတွဲ)

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သသပဏ္ဍိတဇာတ် တရားတော် | .... | ၁ |
| လဉ် ယုန်ရုပ် ရေးခြယ်ခြင်း | .... | ၃၃ |
| သုမနသာမဏေရဝတ္ထု တရားတော် | .... | ၅၁ |
| အရှင်အနုရုဒ္ဓါ၏ အတိတ်ဝတ္ထု | .... | ၅၂ |
| ဒိဗ္ဗစက္ခု တော်ဒဂ် ဆုတောင်း | .... | ၅၄ |
| အန္နဘာရ မြက်ထမ်းသမားဘဝ | .... | ၅၆ |
| ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါ အရှင်မြတ် | .... | ၅၇ |
| မရှိစကား မကြားရပါလို ဆုတောင်း | .... | ၆၁ |
| ထီးချက်စောင့် နတ်သမီး ကောင်းချီးသံ | .... | ၆၃ |
| သူဌေးကြီးရဲ့ သမ္မာသက်ပ္ပ | .... | ၆၅ |
| ဆရာ ဒကာ ဆွေးနွေးကြပုံ | .... | ၆၉ |
| ဆင်းရဲသား၏ ဒါန သူဌေးအား အမျှဝေ | .... | ၇၄ |
| မြက်ထမ်းသမား သူဌေးဖြစ်ခြင်း | .... | ၇၅ |
| အရှင်အနုရုဒ္ဓါ၏ ပစ္စုပ္ပန်ဘဝ ဝတ္ထု | .... | ၇၈ |
| မရှိမုန့်--နတ်မုန့် | .... | ၈၀ |
| နတ်များ နတ်မုန့်တွေကို ထည့်ပေးခြင်း | .... | ၈၂ |
| သားနှင့်အမိ နှီးနှောပြောကြပုံ | .... | ၈၄ |
| သမ္ဗုတ္တိစက် လေးပါး | .... | ၈၆ |
| နတ်မုန့်စား၍ ကြီးပြင်းခြင်း | .... | ၈၈ |
| အနုရုဒ္ဓမင်းသား ရဟန်းပြုရန် ငြင်းဆန်ခြင်း | .... | ၈၉ |

http://www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ထမင်းဘယ်မှ ဖြစ်သည်ကို မသိ | .... | ၉၂ |
| နောင်တော် မဟာနာမက ညီတော်အနုရုဒ္ဓကို သင်ကြားပေးခြင်း | .... | ၉၅ |
| အနုရုဒ္ဓမင်းသား ရဟန်းပြုခြင်း | — | ၉၇ |
| ဒိဗ္ဗစက္ခုက တွေ့ဖူးရ | .... | ၉၈ |
| အရှင်အနုရုဒ္ဓါ ဆင်ခြင်တော်မူပုံ | .... | ၁၀၀ |
| အရှင်အနုရုဒ္ဓါ သုမနသာမဏေကို ဆင်ခြင်ကြည့်ရှုခြင်း | .... | ၁၀၂ |
| အရှင်အနုရုဒ္ဓါ စူဠသုမန သူငယ်ထံ ကြွတော်မူခြင်း | .... | ၁၀၇ |
| စူဠသုမန ရဟန္တာဖြစ်ခြင်း | .... | ၁၀၉ |
| အရှင်အနုရုဒ္ဓါ လေနာဝေဒနာ ဖြစ်ခြင်း | .... | ၁၁၃ |
| သုမနသာမဏေ ပန္နဂ နဂါးမင်းကို ဆုံးမခြင်း | .... | ၁၁၅ |
| ရှင်သုမန နဂါးမင်းကို ရေတောင်းခြင်း | .... | ၁၁၇ |
| နတ်ဗြဟ္မာတို့ကို သက်သေအဖြစ် ဖိတ်ခေါ်ခြင်း | .... | ၁၂၃ |
| တန်ခိုးဖြင့် ရေကို ရယူခြင်း | .... | ၁၂၆ |
| နဂါးမင်းရှုံး၍ အရှက်ကြီးခြင်း | .... | ၁၂၆ |
| အရှင်အနုရုဒ္ဓါ နှစ်သိမ့်ဖြန့်ဖြေစကား မိန့်ကြားခြင်း | .... | ၁၃၀ |
| နဂါးမင်းက တပည့်အဖြစ် ခံယူခြင်း | .... | ၁၃၂ |
| ရဟန်းများက သာမဏေကလေးကို ကဲ့ရဲ့စားကြခြင်း | .... | ၁၃၃ |
| မြတ်စွာဘုရားရှင် သုမန၏ တန်ခိုးဂုဏ်ကို ဖော်ထုတ်တော်မူခြင်း | .... | ၁၃၆ |
| ဒုတိယအကြိမ် သုမနသာမဏေ အနဝတတ်အိုင်သို့ ရေအခပ် ကြွချီခြင်း | .... | ၁၃၈ |
| နဂါးမင်းက ခရီးဦးကြို ပြုစုခြင်း | .... | ၁၄၀ |
| သာသနာ၌ ရဟန်းအဖြစ် အမွေရသူနှစ်ဦး | .... | ၁၄၂ |
| အသက်ငယ်သော်လည်း တရားအားထုတ်လျှင် ရဟန္တာ ဖြစ်နိုင်ခြင်း | .... | ၁၄၅ |
| နိဂုံးဆုတောင်း | .... | ၁၄၇ |

http://www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စူဠကမ္မဝိဘင်္ဂသုတ္တန် တရားတော် | .... | ၁၅၀ |
| ဒေဝသိက ဝင္ဂဋ္ဌာန သမာပတ် နေ့စဉ်သုံးစွဲတဲ့ | | |
| သမာပတ် ကုဋေပေါင်း ၂ သန်း ၄ သိန်း | .... | ၁၅၉ |
| ခွေးဖြစ်ပုံကို ထင်ရှား သိစေခြင်း | .... | ၁၆၅ |
| သုဘလုလင် ဒုတိယ အကြိမ်မြောက် | | |
| ဘုရားထံ ဆည်းကပ်ခြင်း | .... | ၁၆၉ |
| ပြဿနာ တစ်ဆယ့်လေးချက် မေးလျှောက်ချက် | .... | ၁၇၀ |
| ပထမ ပုစ္ဆာ (က) အဖြေ | .... | ၁၀၀ |
| ပထမ ပုစ္ဆာ (ခ) အဖြေ | .... | ၁၀၄ |
| ဒုတိယ ပုစ္ဆာ (က) အဖြေ | .... | ၁၀၇ |
| ဒုတိယ ပုစ္ဆာ (ခ) အဖြေ | .... | ၁၀၉ |
| တတိယ ပုစ္ဆာ (က) အဖြေ | .... | ၁၉၂ |
| တတိယ ပုစ္ဆာ (ခ) အဖြေ | .... | ၁၉၅ |
| စတုတ္ထ ပုစ္ဆာ (က) အဖြေ | .... | ၁၉၀ |
| စတုတ္ထ ပုစ္ဆာ (ခ) အဖြေ | .... | ၂၀၁ |
| ပဉ္စမ ပုစ္ဆာ (က) အဖြေ | .... | ၂၀၇ |
| ပဉ္စမ ပုစ္ဆာ (ခ) အဖြေ | .... | ၂၁၀ |
| ဆဋ္ဌမ ပုစ္ဆာ (က) အဖြေ | .... | ၂၁၃ |
| ဆဋ္ဌမ ပုစ္ဆာ (ခ) အဖြေ | .... | ၂၁၇ |
| သတ္တမ ပုစ္ဆာ (က) အဖြေ | .... | ၂၂၂ |
| သတ္တမ ပုစ္ဆာ (ခ) အဖြေ | .... | ၂၂၆ |
| နိဂုံး ဒေသနာ | .... | ၂၃၁ |
| သုဘလုလင် သရဏဂုံ ခံယူခြင်း | .... | ၂၃၆ |
| အာဠဝကသုတ္တန် တရားတော် | .... | ၂၃၀ |
| မာရ်လက်နက် ကိုးဖြာ အောင်ဇေယျဝန္ဒနာ | | |
| ဆုတောင်းဂါထာ ပါဠိအနက် | .... | ၂၃၉ |
| ရတဲ့ဆီမှာ တောင်းပါ | .... | ၂၄၂ |
| အာဠဝက ဘီလူးကြီး၏ ဗိမာန် | .... | ၂၄၃ |

http://www.dhammadownload.com




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| မင်းများ တောလိုက်ခြင်း၏ ရည်ရွယ်ချက် | .... | ၂၄၅ |
| ရွှေသမင် မင်းကြီးတာကထွက် | .... | ၂၄၆ |
| မင်း၏ ကတိစကား | .... | ၂၄၇ |
| မပျော်နိုင်သော မင်းကြီး | — | ၂၄၈ |
| မှားယွင်းသော လုပ်ရပ် | .... | ၂၄၉ |
| မြို့တော်ဝန်၏ အစီအမံ | .... | ၂၅၁ |
| အစီအစဉ်သစ် တစ်ရပ် | .... | ၂၅၂ |
| နောက်ဆုံး အစီအစဉ် | .... | ၂၅၃ |
| ကလေးမရှိတဲ့ တိုင်းပြည် | .... | ၂၅၄ |
| မြတ်စွာဘုရား၏ နေ့စဉ်သုံး သမာပတ်ပေါင်း ကုဋေ နှစ်သန်း လေးသိန်း | .... | ၂၅၆ |
| အားတော်ကြီးမား မြတ်ဘုရား | .... | ၂၅၈ |
| ယဉ်ကျေးတဲ့ ဂဒြဘဘီလူး | .... | ၂၅၉ |
| ဗိမာန်တံခါး အလိုလိုပွင့်ခြင်း | .... | ၂၆၃ |
| ရှက်လွန်းသည့် အာဠဝကဘီလူး | — | ၂၆၄ |
| သူတော်ကောင်း နတ်ဘီလူးကြီး နှစ်ဦး | .... | ၂၆၅ |
| နတ်ဘီလူးတို့ တရားနာကြခြင်း | .... | ၂၆၆ |
| တရားသွားနာပါ အာဠဝက | .... | ၂၆၇ |
| နားဆင်းရဲသော စကား ၅ မျိုး | .... | ၂၆၈ |
| ကြည့်ခြင်းကြီး ၅-ပါး စသည် | .... | ၂၆၉ |
| အံ့ဖွယ်ရာများ မြင်ပါသလား | .... | ၂၇၂ |
| ဘုရားရှင်အား ဘာလုပ်နိုင်မှာလဲ | .... | ၂၇၃ |
| မတူညီပုံ နှိုင်းခိုင်း ချက်များ | — | ၂၇၄ |
| ကောသရာနှင့်စပ်၍ သတိပြုရန် | .... | ၂၇၅ |
| ဒေါသကြီးလှသည့် အာဠဝက | — | ၂၇၆ |
| ဇမ္ဗူဒိပ် တစ်ကျွန်းလုံး ကြားနိုင်သည့် အသံ ၄-မျိုး | .... | ၂၇၇ |
| လက်နက် ၉-ပါး ပစ်လွှင့်ခြင်း | .... | ၂၇၈ |

http://www.dhammadownload.com




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အာဠဝကၡ နောက်ဆုံး လက်နက် | .... | ၂၀၂ |
| လက်နက်ကြီး ၄-မျိုး | .... | ၂၀၂ |
| မြတ်စွာဘုရား၏ ကရုဏာတော် | .... | ၂၀၆ |
| ဘုရားရှင်၏ မဟာကရုဏာ | .... | ၂၀၇ |
| အာဠဝကဘီလူး မေးလတ်ပြီ | .... | ၂၉၂ |
| ဘုရားရှင်၏ အဖြေ | .... | ၂၉၄ |
| သစ္စာအချို့ရဲ့ အာနိသင် | .... | ၂၉၆ |
| ဒုတိယအကြိမ် အမေးဂါထာ | .... | ၂၉၉ |
| သောတာပန် အာဠဝက | .... | ၃၀၃ |
| အာဠဝကၡ ပုစ္ဆာ ၅-ချက် | .... | ၃၀၄ |
| တိုက်ဆိုင်မှု ၄-ရပ် | .... | ၃၁၉ |
| အပြည့်ခံ ဂါထာ | .... | ၃၂၃ |
| ရှေးအစဉ် အလာ | .... | ၃၂၆ |
| ဟတ္ထကာဠဝက မည်ခြင်း | .... | ၃၂၇ |
| ခြိမ့်ခြိမ့်ညံ သာဓုသံ | .... | ၃၂၀ |
| အာဠဝက သုတ္တန်ကို တစ်ဖန်ဟောခြင်း | .... | ၃၂၉ |
| အကျွတ်တရား ရရှိကြခြင်း | .... | ၃၃၀ |
| ဒေဝတာပလိ အမြဲ ပူဇော်ကြခြင်း | .... | ၃၃၁ |
| တေဒင်္ဂဘွဲ့ထူး ရရှိခြင်း | .... | ၃၃၂ |
| နိဂုံး | .... | ၃၃၄ |
| ဝမ္မိကသုတ္တန် တရားတော် | .... | ၃၃၆ |
| အရှင်ကုမာရ ကဿပ၏ တေဒင်္ဂဘွဲ့ ဆုတောင်း | .... | ၃၃၉ |
| ဘဝဇာတ်ခုံ | .... | ၃၄၄ |
| နိစ္စြောခမိဂဇာတ် ဝတ္ထု | .... | ၃၄၅ |
| သတ္တဝါတို့၏ အသက်ကို ကယ်တင်သော နိဂြောခ သမင်မင်း | .... | ၃၄၀ |
| အရှင်ကုမာရကဿပ၏ ပဗ္ဗဇ္ဇ ဝတ္ထု | .... | ၃၅၅ |
| သူဌေးမကလေး၏ သံဝေဂ | .... | ၃၅၇ |

http://www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဘိက္ခုနီမ ပြုလုပ်ခြင်း | .... | ၃၅၉ |
| ဘိက္ခုနီမလေး၏ ကိုယ်ဝန် အဆုံးအဖြတ် | .... | ၃၆၃ |
| ကုမာရကဿပကို မွေးဖွားခြင်း | .... | ၃၆၅ |
| ကလေး၏ သံဝေဂ | .... | ၃၆၇ |
| ကုမာရကဿပ အမည်တွင်ခြင်း | .... | ၃၆၈ |
| အန္ဓဝန်တော အမည်ရပုံ ဝတ္ထု | .... | ၃၆၉ |
| ကဿပမြတ်စွာဘုရား စေတီတော် | .... | ၃၇၀ |
| ယသောဓရ နိဗ္ဗာန်ဆော် | .... | ၃၇၂ |
| အရှင်ကုမာရကဿပ တရားအားထုတ်ခြင်း | .... | ၃၇၅ |
| သူငယ်ချင်း မိတ်ဆွေစစ် ဖြဟ္မာကြီး | .... | ၃၇၆ |
| ပဟေဠိပမာ တောင်ပို့ ပြဿနာ | .... | ၃၇၇ |
| နဂါးအား အရိုအသေပြုခြင်း | .... | ၃၈၄ |
| ပဟေဠိစကားထာ ဆိုလိုရင်း | .... | ၃၈၄ |
| ပြဿနာ ၁၅-ပါး ဘုရားရှင်ဖြေဆိုခြင်း | .... | ၃၈၈ |
| ပြဿနာအဖြေ ၁၅-ချက် လကာ | .... | ၃၉၀ |
| တောင်ပို့ပမာ ဤခန္ဓာ | .... | ၃၉၁ |
| ဒုတိယနှင့် တတိယ ပြဿနာအဖြေ | .... | ၃၉၄ |
| စတုတ္ထပြဿနာ အဖြေ | .... | ၃၉၆ |
| ပဉ္စမပြဿနာ အဖြေ | .... | ၃၉၇ |
| ဆဋ္ဌပြဿနာ အဖြေ | .... | ၃၉၇ |
| သတ္တမပြဿနာ အဖြေ | .... | ၃၉၈ |
| ဓာတ်ကြီးလေးပါး | .... | ၃၉၉ |
| ပထဝီဓာတ် (၂၀) | .... | ၄၀၀ |
| အာပေါဓာတ် (၁၂) ပါး | .... | ၄၀၀ |
| တေဇောဓာတ် (၄) ပါး | .... | ၄၀၀ |
| ဝါယောဓာတ် ၆-ပါး | .... | ၄၀၁ |
| ဝိညာဏဓာတ် ၆-ပါး | .... | ၄၀၂ |
| လေးစိတ်ရှစ်စိတ် ခွဲ၍ ရှုရန် | .... | ၄၀၂ |

တတိယအကြိမ်

http://www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဝိညာဏခေတ် ၆-ပါးတို့ကို ရှုရန် | .... | ၄၀၄ |
| အဋ္ဌမပြဿနာ အဖြေ | .... | ၄၀၅ |
| နဝမပြဿနာ အဖြေ | — | ၄၀၇ |
| ဒသမပြဿနာ အဖြေ | .... | ၄၁၀ |
| ဧကာဒသမပြဿနာ အဖြေ | .... | ၄၁၁ |
| ဒွါဒသမပြဿနာ အဖြေ | .... | ၄၁၂ |
| တေရသမပြဿနာ အဖြေ | .... | ၄၁၄ |
| စုဒ္ဒသမပြဿနာ အဖြေ | .... | ၄၁၆ |
| ပန္နရသမပြဿနာ အဖြေ | .... | ၄၁၇ |
| အရှင်ကုမာရကဿပ ရဟန္တာဖြစ်ခြင်း | .... | ၄၁၉ |
| ဧတဒဂ်ဘွဲ့ထူး ရရှိတော်မူခြင်း | .... | ၄၂၀ |
| သဘိယသုတ္တန် တရားတော် | .... | ၄၂၆ |
| သဘိယပရိဗိုဇ်၏ အတိတ်အကြောင်း | .... | ၄၂၉ |
| တောင်ပေါ်တက်၍ တရားအားထုတ်ကြခြင်း | .... | ၄၃၀ |
| တရားအားထုတ်ရင်း သေခြင်း | .... | ၄၃၂ |
| သဘိယ အမည်တွင်ခြင်း | .... | ၄၃၃ |
| သုဒ္ဓါဝါသ ဗြဟ္မာကြီး၏ ပုစ္ဆာ(၂၀) | ... | ၄၃၄ |
| မဖြေဆိုနိုင်သော ဂိုဏ်းဆရာကြီး ၆-ဦး | .... | ၄၃၅ |
| ငယ်သော်လည်း အထင်မသေးထိုက် | .... | ၄၃၉ |
| ဖိတ်ကြားခြင်း ပဝါရဏာ ၂-မျိုး | .... | ၄၄၃ |
| ဗြာဟ္မဏစသည် အမည်ရထိုက်သူ | — | ၄၅၄ |
| ဘုရားရှင်အား ချီးမွမ်းထောမနာ ၁၀-ဂါထာ | .... | ၄၈၈ |
| သဘိယ သရဏဂုံခံ၍ ရှင်ရဟန်းအဖြစ်ကိုတောင်းခြင်း | — | ၅၀၀ |
| အရှင်သဘိယ တရားအားထုတ်ခြင်း၊ ရဟန္တာဖြစ်ခြင်း | — | ၅၀၅ |
| တရားနိဂုံး | — | ၅၀၈ |
| အနတ္တလက္ခဏသုတ္တန် တရားတော် | — | ၅၁၀ |
| သုတ္တန်နိဒါန်း | — | ၅၁၀ |
| ဆရာတော်ဦးဗုဓ်၏ အမှာန်း ၂-ဂါထာ | — | ၅၁၁ |

တတိယအကြိမ်

http://www.dhammadownload.com



| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ပဉ္စဝဂ္ဂီတို့ တစ်နေ့တစ်ပါးကျ သောတာပန်ဖြစ်ပုံ | .... | ၅၁၂ |
| လယ်တီဆရာတော်ဘုရားကြီး၏ ခန္ဓာ ၅-ပါး လက်ာနှင့် အကျဉ်းရှင်းလင်းချက် | .... | ၅၁၄ |
| နိပ္ဖန္နရုပ် ၁၈-ပါး | .... | ၅၁၄ |
| မဟာဘုတ် ၄-ပါး | .... | ၅၁၅ |
| ပသာဒရုပ် ၅-ပါး | .... | ၅၁၆ |
| ဂေါစရရုပ် ၅-ပါး | .... | ၅၁၆ |
| ဘာဝရုပ် ၂-ပါး | .... | ၅၁၇ |
| ဇီဝိတရုပ် | .... | ၅၁၈ |
| ကမ္မဇရုပ်၏သဘော | .... | ၅၁၉ |
| ကမ္မဇရုပ်၏ မိဘ-ဇီဝိတ | .... | ၅၂၂ |
| ဝိညတ်ရုပ် ၂-ပါး | .... | ၅၂၅ |
| ဝိကာရရုပ် ၃-ပါး | .... | ၅၂၆ |
| လက္ခဏရုပ် ၄-ပါး | .... | ၅၂၆ |
| ဝေဒနာက္ခန္ဓာ | .... | ၅၂၈ |
| သညာက္ခန္ဓာ လက်ာ | .... | ၅၃၂ |
| သင်္ခါရက္ခန္ဓာ လက်ာ | .... | ၅၃၅ |
| အကုသလရာသီ စေတသိက် ၁၄-ပါး လက်ာ | .... | ၅၃၈ |
| သောဘဏ စေတသိက် ၂၅-ပါး လက်ာ | .... | ၅၄၀ |
| ဝိညာဏက္ခန္ဓာ လက်ာ | .... | ၅၄၃ |
| အဟိတ်စိတ် ၁၈-ပါး လက်ာ | .... | ၅၄၇ |
| ကာမသောဘဏစိတ် ၂၄-ပါး လက်ာ | .... | ၅၅၂ |
| ဝိညာဏက္ခန္ဓာ ၄၅-ပါးသာ ရခြင်း | .... | ၅၅၇ |
| ရုပ်တရား၌ ဝိပဿနာသဘော | .... | ၅၅၈ |
| အနတ္တအကြောင်း ၄-ပါး | .... | ၅၆၀ |
| ရူပက္ခန္ဓာအနတ္တ | .... | ၅၆၁ |
| ဝေဒနာက္ခန္ဓာ အနတ္တ | .... | ၅၆၅ |
| သညာက္ခန္ဓာ အနတ္တ | .... | ၅၆၆ |

ကာတိကာအကြိမ်

http://www.dhammadownload.com




| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| သင်္ခါရက္ခန္ဓာ အနတ္တ | — | ၅၆၈ |
| ဝိညာဏက္ခန္ဓာ အနတ္တ | .... | ၅၆၉ |
| ဒုတိယအနုသန္ဓိ | — | ၅၇၂ |
| တတိယအနုသန္ဓိ | — | ၅၇၇ |
| ရူပက္ခန္ဓာ ကလာပသမ္မသန ဝိပဿနာ | .... | ၅၈၀ |
| ဝေဒနာက္ခန္ဓာ ကလာပသမ္မသန ဝိပဿနာ | .... | ၅၈၁ |
| သညာက္ခန္ဓာ ကလာပသမ္မသန | .... | ၅၈၂ |
| သင်္ခါရက္ခန္ဓာ ကလာပသမ္မသန ဝိပဿနာ | .... | ၅၈၂ |
| ဝိညာဏက္ခန္ဓာ ကလာပသမ္မသန ဝိပဿနာ | .... | ၅၈၃ |
| စုဏ္ဏာနုဂါမိနီ ဝိပဿနာဉာဏ် | .... | ၅၈၄ |
| နောက်ထပ်ဘဝအသစ် မဖြစ်ခြင်း | .... | ၅၈၈ |
| ပဉ္စဝဂ္ဂီ မထေရ်တို့၏ အနုမောဒနာ | — | ၅၈၉ |
| ပဉ္စဝဂ္ဂီမထေရ်တို့ ရဟန္တာဖြစ်ကြခြင်း | — | ၅၉၀ |
| တရားနိဂုံး | — | ၅၉၂ |
| ၃ ရတနသုတ္တန် တရားတော် | — | ၅၉၄ |
| ဝေသာလီပြည်သို့ မြတ်စွာဘုရားကြွတော်မူခြင်း | .... | ၅၉၄ |
| ဘေးကြီးသုံးပါး | — | ၅၉၄ |
| တရားစောင့်သောမင်း ဟုတ် မဟုတ် အစစ်အဆေးခံခြင်း | .... | ၅၉၅ |
| လိစ္ဆဝီမင်းနှစ်ယောက် ခေါ်၍ ဆောင်၍ ဘုရားအပင့်သွားကြခြင်း | .... | ၆၀၁ |
| မြတ်စွာဘုရား ဆင်ခြင်တော်မူခြင်း | .... | ၆၀၃ |
| ဗိမ္ဗိသာရမင်း၏ အစီအမံ | — | ၆၀၄ |
| ဗိမ္ဗိသာရမင်းတရား လိစ္ဆဝီမင်းတို့ထံ အမှာလွှာ ပေးပို့ခြင်း | .... | ၆၀၈ |
| မြတ်စွာဘုရားရှင်ကို လိစ္ဆဝီမင်းတို့ ကြိုဆိုကြခြင်း | .... | ၆၁၁ |
| ပေါက္ခရဝဿမိုးကြီး ရွာချခြင်း | .... | ၆၁၂ |
| အရှင်အာနန္ဒာအား ရတနသုတ်သင်ပေးခြင်း | .... | ၆၁၄ |

http://www.dhammadownload.com



အကြောင်းအရာ　　　　　　စာမျက်နှာ

ဝေသာလီပြည်၌ ဖြစ်နေပုံ .... ၆၁၈
ရတနသုတ္တန် အနက် ... ၆၁၉
ရေနတ် နဂါးတို့ ပူဇော်ကြခြင်း .... ၆၄၀
ဘုမ္မစိုးနတ်အစ အကနိဋ္ဌဗြဟ္မာအဆုံး
　တညီတညွတ် ပူဇော်ကြခြင်း .... ၆၄၂
သင်္ဂါယိကို ဟောတော်မူခြင်း .... ၆၄၃
သုသိမလုလင် ဗေဒင်ပညာသင်ကြားခြင်း .... ၆၅၀
အထူးမှတ်ရန် — ၆၅၅
သုသိမရဟန်း ပစ္စေကဗုဒ္ဓါဖြစ်၍
　ပရိနိဗ္ဗာန်စံခြင်း .... ၆၅၆
ခမည်းတော် သိမ်ပုဏ္ဏားကြီး လိုက်လာပူဇော်ခြင်း — ၆၅၇
သင်္ဂါယိနိဂုံး .... ၆၆၃

တိပိဋကဓရ ဟောစဉ်တရား (တတိယတွဲ)
မာတိကာ ပြီး၏။

တတိယအကြိမ်

http://www.dhammadownload.com

အရှင်ဝိစိတ္တသာရာဘိဝံသ
၏ ၁

# တိပိဋကဓရဟောခဉ်တရား

(တတိယတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# သာသပဏ္ဍိတဇာတ် တရားတော်

ကောဇာသက္ကရာဇ် ၁၃၃၇-ခုနှစ်၊ သာသနာ ၂၅၁၉-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀) ရက် နေ့ည၌ မင်းကွန်း ဓမ္မနာဒ တိုက် မဟာဗန္ဓုလဓမ္မာရုံ၌ မင်းကွန်းတိပိဋကဓရ ဓမ္မနာဒဆရာတော် ၏ မွေးနေ့အထိမ်းအမှတ် "မင်းကွန်းတောင်ရိုးလုံးဆိုင်ရာ ပရိယတ္တိ သာသနာနုဂ္ဂဟအဖွဲ့"၏ စာအောင် ဘွဲ့နှင်းသဘင်အကြို တရားပွဲ နှင့် ရန်ကုန်မြို့ ဒါယိကာမကြီး ဒေါ်မြကြည်၊ ဒါယိကာမကြီး ဒေါ်ညို၊ ဒါယိကာမကြီး ဒေါ်ကြင်လှ အမှူးပြုသော ရန်ကုန် ဥပါသကာ ဥပါသိကာအဖွဲ့၏ "သဗ္ဗပရိက္ခာရဒါန"ဟု ဆိုရတဲ့ အလှူ ၁၂-မျိုး ရေစက်ချပွဲ အခမ်းအနားဌ် ဟောကြားအပ်သော စတုက္က နိပါတ်၊ ၂-ပုစိမန္ဒဝဂ္ဂ၊ ၆-သသပဏ္ဍိတဇာတ်-လို့ ခေါ်တဲ့ "ဘုရား အလောင်းယုန်ပညာရှိ"သူတော်ကောင်းရဲ့ အကြောင်းအရာဇာတ်ကို ဟောကြ နာကြရအောင်....။

ဒါနကထာဖြစ်လို့ ဒါနပါရမီ အမှူးပြုသော ''ပါ ရမီဆယ်ပါး ဘုရားရှိခိုး''ဖြင့် မြတ်စွာဘုရားကို ရှေး ဦးစွာ ရှိခိုးကော်ရော် ပူဇော်ကန်တော့ကြဦးစို့ သူ တော်ကောင်းတို့....။

တက်ယာအကြိမ်

http://www.dhammadownload.com



ယောဇိနော အနေကဇာတိယံ
သမ္ပတ္တဒါရမင်္ဂဇီဝိတမ္ပိ၊
ဗောဓိပေမတော အလဂ္ဂမာနသော
အဒါသိယေဝ အတ္ထိကဿ။

ဒါနပါရမိံ တတောပရံ အပူရိ
သီလပါရမာဒိကမ္ပိ။
တာသ+မိဒ္ဓိယော+ပယာတ+မဂ္ဂတံ
တ+မေကဒီပကံ နမာမိ။ ။

ယောဇိနော= ငါးပါးမာရ်ညွှန့် ရန်အဝန်းကို မရှုံ့မထိတ် ခြသေ့်စိတ်ဖြင့် နှင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အကြင်အောင်တော်မူ မြတ်စွာဘုရားသည်။ အနေကဇာတိယံ = တစ် နှစ် သုံး လေး ဂဏန်းရေး၍ ချင့်တွေးမလွယ် များကြွယ်လှစွာ ဘဝါဘဝလေးအသင်္ချေ ကမ္ဘာ တစ် သိန်း ကာ လ အတွင်း၌။ ဗောဓိပေမတော= ဗောဓိဉာဏ်ကြီး ရွယ်တိုင်းပြီးသည့် ထွတ်ထိးဗိတာန် (ပြတာန်) သဗ္ဗညုတရွှေဉာဏ်ကို ရရန်စိတ်ထား လိုလား တောင့်တတော် မူ ခြင်း ကြောင့်။ အတ္ထိကဿ=အလိုရှိလတ် ချဉ်းလာကပ်သား ယုတ်မြတ်မဟူ အလှူခံပုဂ္ဂိုလ် များထိုထိုအား။ သမ္ပတ္တဒါရံ=ကိုယ်တော် ့ရင်သွေး အသက်ပေး၍ ချစ်ရေးဖြာစည် သည်းပွတ်နှင့်ပမာမှီရသည့် ဇာလိ- ကဏှာဇိန်တို့ ကဲ့သို့သောသမီး သား၊ မဒ္ဒီဒေဝီတို့ကဲ့သို့သော ဇနီး မိဖုရားနှင့်တကွသော။ အင်္ဂဇီဝိတမ္ပိ=မဟာသွေး မဟာရည် ရေဇရှပ် ဂုဏ်အင်ညီသည့် ဖြိုးစည်သပ္ပာယ် ကိုယ်အင်္ဂါကြီး

http://www.dhammadownload.com



ငယ်နှင့်တကွ လူ့ဝယ်အမြတ် ခေါ်မှတ် တွင်ညောင်း အသက်တစ်ချောင်းကိုပင် သော်လည်း။ အလင္ကမာန သော=ငါ့သား - ငါ့သမီး ငါ့ဇနီးက ငါ့ထီး ငါ့နန်း ငါ့ကြွင်းနန်းတည့် ငါ့သန်းရံရွှေ ငါ့ရွှေငွေက ငါ့မြေ ငါ့ယာ ငါ့ဥစ္စာဟု တဏှာမြှေးယှက် မပေးရက်အောင် ရမ္မက်ပိတ်ဖုံး စိတ်နှလုံးမှ ဆိတ်သုဉ်းတော်မူသည်ဖြစ်၍။ အဒါသိယေ၀=သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန် ရှေ့ ပြေး သဒ္ဓါရှေး၍ လှူပေးတော်မူခဲ့သည်သာတည်း။

ဒါနပါရမီ= အပြားသုံးလီ ဒါနပါရမီတော် မြတ်ကို လည်းကောင်း။ တတောပရံ=ထို ဒါန ပါ ရ မီ မှ တစ်မျိုး တစ်ခြား တ ပါး သာ လျှင် ဖြစ်သော။ သီလ ပါရမာဒိကမ္ပိ= သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာ ပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာ ပါရမီတော် မြတ်အပေါင်း ကိုလည်းကောင်း။ အပူရိ=သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ် သန်ရည်ရူး သဒ္ဓါထူးဖြင့် ဆည်းပူး ဖြည့်ကျင့်တော်မူ ခဲ့လေပြီ။ တသံ= ထို ပါရမီဆယ်ပါး အကျယ်ပွား က အပြားသုံးဆယ် နှုန်းမလွယ်တို့၏။ ဇာဒ္ဒိယာ= တစ်စွန်းတစ်စ မကျန်ရအောင် လောက်ငကုံလုံ ပြည့်စုံ တော်မူခြင်းကြောင့်။ အဂ္ဂတံ=ဗြဟ္မာနတ်လူ သုံးဘုံသူ တွင် မည်သူမျှမယှဉ်အပ်သည့် အမြတ်ခေါင်မူး ပုဂ္ဂိုလ် ထူး၏ အဖြစ်သို့။ ဥပယာတံ=ဆုကြီးပွင့်စည် ခါတန်ပြီ ဟု ပါရမီတော် နှိုးပင့်ဆော်၍ ရောက်တော်မူကြီး ရောက်တော် မူပြီးထသော။ ကောဒီပကံ= အစမထင် ကမ်းမမြင်ပဲ သံသရာတကြော တမျောတည်း မျောခဲ့

http://www.dhammadownload.com



သည့် လူရောနတ်ပါ ဖြဟ္မာမကြွင်း သတ္တဝါခပင်းတို့ ဝပ်စင်းဆိုမှီး တစ်ခုတည်းသော ကိုင်းကျွန်းကြီးသဖွယ် လည်း ဖြစ်တော်မူထသော။ တံဗိနံ= ငါးပါးမာန်ညွန့် ရန်အဇ္ဈန့်ကို မရှိ့မထိတ် ခြသေ့်စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ ထိုအောင်တော်မူ မြတ်စွာဘုရားကို။ (မယံ= တရားဟောပုဂ္ဂိုလ်၊ တရားနာ ပုဂ္ဂိုလ် ခေါ်ဆိုသမှတ် အကျွန်ုပ်တို့သည်။) နမာမ= မင်္ဂလာစရဏ လက်ဦးစဝယ် ကြည်ဆွကော်ရော် ပူဇော် မြတ်နိုး ရှိခိုးပါကုန်၏။ နမာမ=ကိုယ် နှုတ် နှလုံး သုံး ပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့ မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွတ်ပါကုန်၏ မြတ်စွာဘုရား- မြတ်စွာဘုရား....။

သာဓု သာဓု သာဓု။

မြတ်စွာဘုရား တစ်ဆူ တစ်ဆူ ပွင့် တော် မူ ဖို့ ရန် အလောင်းတော် သူမြတ်ကြီး တစ်ပါး တစ်ပါးသည် ဒါန၊သီလ၊နေက္ခမ္မ၊ပညာ၊ဝီရိယ၊ခန္တီ၊သစ္စာ၊အဓိဋ္ဌာန်၊ မေတ္တာ၊ ဥပေက္ခာ-ဆိုတဲ့ ကုသိုလ်လုပ်ငန်းကြီး ဆယ်ရပ် တို့ကို အဆင့်သုံးမျိုးနဲ့ ဖြည့်စွမ်းတော်မူကြတယ်။ အဲဒီ အဆင့်သုံးမျိုးစီရှိတဲ့ ကုသိုလ် လုပ်ငန်းကြီး ဆယ်ရပ် တို့ကို- ပရမာနံ အယံ ပါရမီလို့ ဝိဂ္ဂြိုဟ်ပြုပြီး ဘုရား အလောင်း၊ ပစ္စေကဗုဒ္ဓါအလောင်း၊ အရိယာသာဝက အလောင်း သူတော်ကောင်းကြီးတို့ရဲ့ ဥတ္တမဖြစ်သော ကောင်းမှုလုပ်ငန်းကြီး ဆယ်ပါးလို့ အဓိပ္ပာယ်ရှိတဲ့ ပါရမီဆိုတဲ့ ပါဠိဖြင့် ခေါ်ကြ သုံးကြတယ်။ ''ပါရမီ''

http://www.dhammadownload.com



ဆိုသော ပါဠိဟာ ပါဠိအတိုင်းပင် ဗုဒ္ဓဘာသာဝင် မြန်မာတို့ နှုတ်ဖျားမှာ အမြဲ ကျက်စားလျက် ရှိနေတယ်။

ပါရမီကောင်းမှု တစ်ခုတစ်ခုကို အဆင့် သုံးဆင့်နဲ့ အလောင်းတော်ကြီးတို့ ဖြည့်စွမ်းတော်မူကြတယ်။

(၁) အပြင်အပ ဗဟိဒ္ဓဝတ္ထုများ ပျက်ပြား ဆုံးရှုံးမည်ကို မရေမတွက်မူ၍ ဖြည့်ကျင့်အပ်တဲ့ ဒါန စသော ကောင်းမှုကုသိုလ်ယုပ်ငန်းကြီး ဆယ်ပါးကို ''ပါရမီဆယ်ပါး''လို့ ခေါ်တယ်။

(၂) မိမိရဲ့ မျက်စိ နား နှာ အင်္ဂါကြီးငယ် ချို့တဲ့ ပျက်စီးသွားမည်ကိုသိလျက် ထိုအချက်ကို မရေတွက်ပဲ ဖြည့်ကျင့်တော် မူအပ်တဲ့ ဒါန စသော ကောင်းမှုကုသိုလ် လုပ်ငန်းကြီး ဆယ်ပါးတို့ကို ''ဥပပါရမီဆယ်ပါး''လို့ ခေါ်တယ်။

(၃) မိမိ၏ အသက် ပျက်စီးဆုံးရှုံး သွားမည်ကို သိလျက် ထိုအသက်ဆုံးရှုံးမည်ကို မရေမတွက်မူ၍ ဖြည့်ကျင့်တော် မူအပ်တဲ့ ဒါနစသော ကောင်းမှုကုသိုလ်လုပ်ငန်းကြီးဆယ်ပါးတို့ကို ''ပရမတ္ထပါရမီဆယ်ပါး'' လို့ ခေါ်တယ်။

ယနေ့ မိမိတို့ နာကြားရမည့် သသပဏ္ဍိတဇာတ် တရားတော်သည် ပရမတ္ထဒါနပါရမီကို ဖော်ပြတဲ့ ဇာတ်တော်ဖြစ်ပါတယ်။ အလောင်းတော်ကြီးများသည် ယခု

တတိယအကြိမ်

http://www.dhammadownload.com



ပြောခဲ့တဲ့အတိုင်း ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီဆယ်ပါး၊ ဒီ ပါရမီဆယ်ပါး အပြား သုံးဆယ်တို့ကို–

၁။ နိရန္တရဘာဝနာ =ဘဝမပြတ် ပါရမီဖြည့်တော်မူကြတယ်။

၂။ နိရဝသေသဘာဝနာ = ''ဒီ ပါရမီကောင်းမှု ကုသိုလ်တစ်ခုတော့ လိုသေးတယ်'' လို့ ဆိုစရာ မရှိအောင် အကြွင်းမဲ့ ဖြည့်တော်မူကြတယ်။

၃။ သက္ကစ္စဘာဝနာ = ပါရမီကောင်းမှု ပြုတဲ့နေရာမှာ ပြီးရုံ စီးရုံ တော်ရုံလျော်ရုံ ဘယ်တော့မှ မပြုဘူး၊ ရိုရိုသေသေ လေးလေးစားစား ဖြည့်ကျင့်တော်မူကြတယ်။

၄။ စိရကာလဘာဝနာ=ဘုရားအလောင်းတော်ကြီး များ အနည်းဆုံး လေးအသင်္ချေ ကမ္ဘာတစ်သိန်း ကြာအောင် ပါရမီဖြည့်တော်မူကြတယ်။

အေး.... သုံးလကြာမှ ရင့်မည့်စပါးကို တစ်လနဲ့ အရင့်ခိုင်းလို့ မရင့်ဘူး၊ နှစ်လနဲ့ အရင့်ခိုင်းလို့ မရင့်ဘူး၊ မျိုးစေ့အလိုက် ရင့်ရတယ်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များကျတော့ နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အရှင်သာရိပုတြာ၊ အရှင်မဟာ မောဂ္ဂလာန်တို့လို အဂ္ဂသာဝကများကျတော့ တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကြရတယ်။ ဟို မဟာသာဝကကြီးတွေ ကျတော့ ကမ္ဘာတစ်သိန်း၊ ပကတိ သာဝကများကျတော့ ကမ္ဘာ အပိုင်းအခြားမရှိ အနိယတ ဖြည့်ကျင့်တော်မူကြရတယ်။

http://www.dhammadownload.com



ယခု အကျွန်ုပ်တို့ရဲ့ အစိမ္မေယျ သုံးလောကထွတ်ထား ဘုရားသဗ္ဗညုသည် ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီဆယ်ပါး ဤ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဘာဝနာ လေးပါးဖြင့် မနားမနေ ဖြည့်ကျင့်ပွားများ ကြိုးစားအားထုတ်လို့ သမ္မာသမ္ဗုဒ္ဓ သုံးလောကထွတ်ထား ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း၌ ကိမ်းအောင်းမွေ့လျော် နေတော်မူတဲ့ပုံကို အာရုံယူထားကြပါ။ အဋ္ဌကထာဆရာတော်က ဇာတ်ဒေသနာနိဒါန်းကို ဤကဲ့သို့ ပျိုးပေးလိုက်တယ်။

သတ္တမေ ရောဟိတာ မစ္ဆာတိ ဣဒံ သတ္ထာ ဇေတဝနေ ဝိဟရန္တော သဗ္ဗပရိက္ခာရဒါနံ အာရဗ္ဘ ကထေသိ။

သာမဝေါ=နှလုံးပျော့ပျောင်း သူတော်ကောင်းတို့....။ သတ္တမေ ရောဟိတာ မစ္ဆာတိ= သတ္တမေ ရောဟိတာမစ္ဆာ-အစရှိသော။ ဣဒံ=ဤ သသပဏ္ဍိတ ဇာတ် တရားဒေသနာမြတ်ကို။ သတ္ထာ = လူနတ်တို့ ဆရာမြတ်စွာဘုရားသည်။ ဇေတဝနေ=သာဝတ္ထိပြည် မွန် ဇေ တ ဝန် ရွှေ ကျောင်း ၌။ ဝိဟရန္တော= ဣရိယာပထ မျှတရှင်ပြုံး သီတင်းသုံးနေတော်မူစဉ်။ သဗ္ဗပရိက္ခာရ ဒါနံ=သာဝတ္ထိပြည် သူဋ္ဌေးတစ်ဦး၏ ပရိက္ခရာ အစုံလှူဒါန်းခြင်း ဆိုတဲ့ သဗ္ဗပရိက္ခာရ အလှူဒါနကို။ အာရဗ္ဘ=အကြောင်းပြု၍။ ကထေသိ= အကျယ်တဝင့် ဖွင့်ပြ ဟောကြားတော်မူခဲ့လေပြီ....။

http://www.dhammadownload.com



(သူတော်ကောင်းတို့၊ မြတ်စွာဘုရားသည် ဤ သသ ပဏ္ဍိတဇာတ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီ တင်းသုံး နေတော်မူစဉ် သဗ္ဗပရိက္ခာရ အလှူဒါနကို အကြောင်းပြုပြီး ဟောတော်မူပါတယ်။) အနည်းငယ် မျှ ချဲ့ထွင်ပြီး ကြည်ညို့ကြည့်ကြရအောင်....။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူတဲ့ တစ်ချိန်မှာ သာဝတ္ထိပြည်က သူဌေးတစ်ဦးသည် ဘုရားအမှူးရှိတဲ့ သံဃာကို မိမိ အိမ်မှာ ရောမ မဏ္ဍပ်ကြီး ထိုးပြီးတော့ ပဌမနေ့ ဆွမ်း ကပ်တယ်၊ ဆွမ်းဆက်ကပ်ရင်း သဒ္ဓါတရားတွေ တိုးပွား လာပြီး ''နက်ဖြန်ကျတော့လဲ တပည့်တော် အိမ် ဆွမ်း ဘုဉ်းပေး ကြွတော်မူပါဘုရား''လို့ ဘုရားအမှူးရှိတဲ့ သံဃာအားလုံးကို ပင့်၍ ဆွမ်းကပ်တယ်။ နက်ဖြန် ကျတော့လဲ သဒ္ဓါတရားတွေ တိုးတတ်လာပြီးတော့ ဆက်ကာ ဆက်ကာ ခုနစ်ရက်တိုင်တိုင် ဘုရားအမှူး ရှိတဲ့ သံဃာတော်များကို မိမိအိမ်မှာ ပင့်ပြီး ဆွမ်းဆက် ကပ် လှူဒါန်းတယ်။

အေး.... ခုနစ်ရက်မြောက် ရောက်တဲ့နေ့ကျတော့ ဆွမ်းကပ်ပြီးတဲ့အခါ ဘုရားအမှူးရှိတဲ့သံဃာအား တိစီ ဝရိတ်၊ သပိတ်၊ ဖိနပ်၊ ထီး၊ အိပ်ရာခင်း၊ ရေစစ်၊ ခါး ပန်း အစရှိတဲ့ ထိုထို ရဟန်းတော်တို့ သုံးဆောင်ကောင်း သမျှ ပရိက္ခရာမျိုးစုံကို အစုံ အစုံ လှူဒါန်းတယ်။ အဲဒီ အလှူပွဲမှာ ရေစက်ချပွဲလဲ ကျင်းပရော မြတ်စွာဘုရား က–

http://www.dhammadownload.com



ဥပါသက တယာ ပီတိသောမနဿံ ကာတုံ ဝဋ္ဋတိ၊ ဣဒဉ္စ ဒါနံနာမ ပေါရာဏကပဏ္ဍိတာနံ ဝံသော၊ ပေါရာဏကပဏ္ဍိတာ ဟိ သမ္ပတ္တယာစကာနံ ဇီဝိတံ ပရိစ္စဇိတွာ အတ္တနော မံသမ္ပိ အဒံသု။—

ဥပါသက = ဒါယကာ။ တယာ=သင်သည်။ ပီတိသောမနဿံ = နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကို။ ကာတုံ=ပြုခြင်းငှာ။ ဝဋ္ဋတိ=သင့်၏။ ဟိ=မှန်၏။ ဣဒံ ဒါနံနာမ= ဤအလှူဒါန ကောင်းမှု မည်သည်။ ပေါရာဏကပဏ္ဍိတာနံ ရှေးပညာရှိ သူတော်ကောင်း ဘုရားအလောင်းတို့၏။ ဝံသော=အနွယ် အဆက်ပါပေ။ ဟိ=မှန်၏။ ပေါရာဏကပဏ္ဍိတာ= ရှေးပညာရှိသူတော်ကောင်း ဘုရားအလောင်းတို့ သည်။ သမ္ပတ္တယာစကာနံ=မိမိထံမှောက် ရောက် လာသော အလှူခံပုဂ္ဂိုလ်တို့အား။ ဇီဝိတံ ပရိစ္စ-ဇိတွာ=အသက်ကိုစွန့်၍။ အတ္တနော မံသမ္ပိ=မိမိ၏ အသားကို သော်လည်း။ အဒံသု=ပေးလှူခဲ့ဖူးကြလေ ပြီ....။

(ဒါယကာ၊ နှစ်သက်ဝမ်းမြောက်မှုကို ဒါယကာပြုသင့် တယ်၊ ဒါနကောင်းမှု ဟူသည်မှာ ရှေးဘုရားအလောင်း ပညာရှိအပေါင်းတို့ရဲ့ အဆက်အနွယ် ကောင်းမှုပုညဝင် ဖြစ်ပေတယ်။ ရှေးဘုရားအလောင်း သူတော်ကောင်း တို့ဟာ မိမိထံမှောက် ရောက်လာတဲ့အလှူခံ ပုဂ္ဂိုလ်တို့ အား အသက်ကိုပင် စွန့်လွှတ်၍ မိမိရဲ့အသားကို ရဲရဲ ရက်ရက် လှူဒါန်းခဲ့ဖူးတယ် ဒါယကာ သူဌေး) .... သို့ ဆိုတော့—

http://www.dhammadownload.com



အလျှ။ ဒါယကာ သူဌေးအနေနဲ့ စိတ်ထဲမှာ မချင့်မရဲဖြစ်ပြီး ရှေ့ကို အကျယ်တဝင့် သိလိုတဲ့စိတ်တွေ ဖြစ်ရှိလာလို့–

''မြတ်စွာဘုရား၊ အတိတ်ဖြစ်ရပ် ဇာတ်အကြောင်းကိုပြန်ပြောင်း မိန့်ဆိုတော်မူပါဘုရား....'' လို့ လျှောက်ထား တောင်းပန်ချက်အရ မြတ်စွာဘုရားက အတိတ်ဖြစ်ရပ် ''သသပဏ္ဍိတဇာတ်'' လို့ ခေါ်တဲ့ ''ယုန်ပညာရှိဇာတ်''ကို ပြန်ပြီး ဤသို့ ဟောတော်မူတယ်။

အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ ဗောဓိသတ္တော သသယောနိယံ နိဗ္ဗတ္တိတွာ အရညေ ဝသိ။

ဥပါသက = ဒါယကာ။ အတီတေ = အတိတ်ဝေးစွာ ရှေးအခါ၌။ ဗာရာဏသိယံ=ဗာရာဏသီပြည်၌။ ဗြဟ္မဒတ္တေ=ဗြဟ္မဒတ်မင်းသည်။ ရဇ္ဇံ ကာရေန္တေ=တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်စဉ်။ ဗောဓိသတ္တော=သင်တို့ဆရာ ငါဘုရားအလောင်းသည်။ သသယောနိယံ=ယုန်အမျိုး၌။ နိဗ္ဗတ္တိတွာ=ဖြစ်လတ်၍။ အရညေ=တော၌။ ဝသိ= နေခဲ့လေပြီ....။

ဒါယကာ သူဌေး၊ အတိတ်တစ်ချိန်က ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်တဲ့အချိန် ငါဘုရားအလောင်းသည် အပရာပရိယ အကုသိုလ်ကံ အကျိုးပေးခွင့် အလှည့်ကြုံလို့ ယုန်တိရစ္ဆာန်ဘဝမှာ သွားပြီးဖြစ်လို့ တောထဲမှာ နေခဲ့တယ်။

ကိုယ်တော်နေတဲ့တောရဲ့ အခြေအနေကို ဆိုကြပါစို့။ တောရဲ့နေဘက် တောရဲ့တောင်ဘက်က တောင်ခြေလျှောကလေးရှိပြီး တောင်ခြေရဲ့ မြောက်ဘက်က အလောင်းတော်နေတဲ့တော တည်ရှိတယ်။ တောရဲ့ အရှေ့ဘက်မှာတော့ စမ်းတွေ ချောင်း မြောင်းတွေ သာတောင့်သာယာ ရှိတယ်။ အေး.... ဒီ တောရဲ့ အနောက်ဘက် အဆင်းကျတော့ ပစ္စန္တရစ် ရွာငယ်လေး တစ်ခုရှိတယ်။ တောမလွှ သာတောင့်သာယာ ရှိပုံကို အဋ္ဌကထာက ဒီအကိုင်း ဖော်ပြထားတယ်။

ဘုရားအလောင်းတော်ယုန်မင်း အလွန်သာယာတဲ့ အဲဒီ တောထဲမှာ နေစဉ် ပုဗ္ဗေဝသန္နိဝါသ=ရှေးဘဝက အတူတကွ အနေအထိုင်များခဲ့ကြတဲ့ ပါရမီဖြည့်ဖက် ဖြစ်သူ အရှင်အာနန္ဒာအလောင်း၊ အရှင်မဟာမောဂ္ဂလာန်အလောင်း၊ အရှင်သာရိပုတြာအလောင်း သုံးဦးတို့အနက် အရှင်အာနန္ဒာအလောင်းက ထို တောထဲမှာ ဖျံ-ဖြစ်သတဲ့။ အရှင်မဟာမောဂ္ဂလာန်အလောင်းက မြေခွေး၊ အရှင်သာရိပုတြာအလောင်းက မျောက် ဖြစ်တယ်။ အများအားဖြင့် အရှင်သာရိပုတြာသည် သံသရာမှာ မျောက်ဖြစ်ခဲ့ရတာ များသတဲ့။

ဘုန်းကြီးတို့ ငယ်စဉ်က ဆရာသမားများ ပြောတာကြားရတယ်။ ရယ်စရာလဲဟုတ်သပေါ့၊ ''ဝါသနာများ တယ်ရှန့်ရှိခဲ့တယ်၊ အရှင်သာရိပုတြာသည် မျောက် ဖြစ်ခဲ့ရတဲ့ ဘဝတွေက များလို့ ယခု နောက်ဆုံးဘဝမှာ တောင် တော်တော်တန်တန် ချောင်းကလေးများကို

http://www.dhammadownload.com



တွေ့လျှင် လှူသွားကနဲဆို ခုန်ပြီးတော့ ကျော်လိုက်သတဲ့''၊ ဒီလို ပြောဖူးတယ်။ ခုန်ပျံလှူသွားတတ်တဲ့ ဝါသနာကို မစွန့်တဲ့ သဘောကို ပြောခြင်းဖြစ်ပါတယ်။

ဒီတော့ အလောင်းတော်နဲ့အတူ ပါရမီဖြည့်ဖော် ဖြည့်ဖက်အနေနဲ့ အရှင်အာနန္ဒာအလောင်းဖြစ်တဲ့ ဖျံ၊ အရှင်မဟာမောဂ္ဂလာန် အလောင်းဖြစ်တဲ့ မြေခွေး၊ အရှင်သာရိပုတြာအလောင်းဖြစ်တဲ့ မျောက်၊ ဤမိတ်ဆွေ သုံးဦးတို့ဟာ နေ့အခါမှာတော့ စားကျက်ရှိရာ အစာ ရှာသွားကြပြီး ညနေချမ်းကျတော့ အလောင်းတော် ယုန်မင်းထံ လာကြတယ်။ စုဝေးကြ ညီမူကြတယ်။ အဲ သူတို့ရောက်လာပြီဆိုလျှင် အလောင်းတော်ယုန်မင်း က–

ဒါနံ ဒါတဗ္ဗံ၊ သီလံ ရက္ခိတဗ္ဗံ၊ ဥပေါသထကမ္မံ ကာတဗ္ဗံ။

အမ္ဘော=အချင်းတို့။ ဒါနံ=အလှူဒါနကို။ ဒါတဗ္ဗံ= ပေးလှူအပ်၏။ သီလံ= ငါးပါးသီလကို။ ရက္ခိတဗ္ဗံ= မကျိုးမပေါက်အောင် စောင့်ရှောက်အပ်၏။ ဥပေါသထကမ္မံ = ရှစ်ရက် သိတင်း လ ပြည့် လကွယ် နေ့တို့၌ ဥပုသ်စောင့်သုံးခြင်းအမှုကို။ ကာတဗ္ဗံ=ပြုအပ် ပြုသင့်၏။

(အဆွေတို့၊ ကိုယ်တက်နိုင်သလောက်၊ ကိုယ် အကြောင်းညီညွတ်သလောက် အလှူဒါနများပေးကြရ မယ်၊ နေ့စဉ်ငါးပါးသီလများကို မကျိုးမပေါက်အောင်

http://www.dhammadownload.com



စောင့်ရှောက်ကြရမယ်၊ ရှစ်ရက်သီတင်း လပြည့်လကွယ် နေ့များမှာ အင်္ဂါဥပုသ်သီလကို ဆောက်တည်ကျင့်သုံး ကြရမယ် အဆွေတို့၊ ဒါမှ နိဗ္ဗာန်နဲ့ တို့ နီးကြမယ်။ အဲဒီလို သူ့ထံမှောက် ရောက်လာတဲ့ ဖျံ၊ မြေခွေး၊ မျောက်၊ အဆွေတော် သုံးဦးတို့အား ဩဝါဒပေးသောအားဖြင့် နေ့စဉ် နေ့စဉ် တရားဟောတယ်။ သို့အတွက် ဖျံရော မြေခွေးရော မျောက်ရော ငါးပါးသီလ ဆောက်တည်ကြ လို့ စိတ်နှလုံး အမြဲနူးညွှံ့နေကြတယ်။)

ထိုသို့နေရာက တစ်နေ့သ၌ အလောင်းတော် ယုန် မင်းက ညနေချမ်းမှာ အရှေ့လောကဓာတ်ကို မျှော် ကြည့်လိုက်တော့ လဆန်း ၁၄-ရက်နေ့ဖြစ်လို့ လစန်း က စောစောထွက်တယ်၊ ကြည့်လိုက်တော့ ကလာ တစ် စိတ်ပဲကျန်တယ်။ နက်ဖြန်ခါ ကလာတစ်စိတ် ထပ်ဖြည့် လိုက်လျှင် လပြည့်နေ့ဖြစ်မယ်ဆိုတာ အလောင်းတော် ယုန်မင်းက သိလို့ သူ့ရဲ့မိတ်ဆွေ သုံးဦးတို့အား တရား ဟော ဩဝါဒပေးသောအနေနဲ့-

သွေ ဥပေါသထော၊ တုမှေပိ တယော ဇနာ သီလံ သမာဒိယိတွာ ဥပေါသထိကာ ဟောထ။

သမ္မာ= မိတ်ဆွေတို့။ သွေ= နက် ဖြန် ခါ ကား။ ဥပေါသထော = ပန္နရသီ တိထိကြိမ်တွေ့ လပြည့် ဥပုသ်နေ့တည်း။ တုမှေပိ တယော ဇနာ= သင်တို့ သုံးဦးသားလဲပဲ။ သီလံ သမာဒိယိတွာ= အင်္ဂါသီလ ကို ဆောက်တည်၍။ ဥပေါသထိကာ= ဥပုသ်နှလုံး ကျင့်သုံးကြကုန်သည်။ ဟောထ=ဖြစ်ကြကုန်။

http://www.dhammadownload.com



(အဆွေတော်တို့၊ နက်ဖြန်ခါသည် လပြည့်ဥပုသ်နေ့ ဖြစ်တယ်၊ အလွန်ထင်ရှားတဲ့ လပြည့်ဥပုသ်နေ့ကြီးမှာ အဆွေတော်တို့ သုံးယောက်လုံ့ ရှစ်ပါးသီလကို ဆောက်တည်ပြီး အဋ္ဌင်္ဂဥပုသ်ကို စောင့်သုံးကြ။)

သီလေ ပတိဋ္ဌာယ ဒိန္နဒါနံ မဟပ္ဖလံ ဟောတိ။

သီလေ=သီလ၌။ ပတိဋ္ဌာယ=တည်၍။ ဒိန္နဒါနံ= လှူအပ်သောအလှူသည်။ မဟပ္ဖလံ=လူ့ ရပ်နတ်ထံ နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုး များမြတ်သော အကျိုးရှိ သည်။ ဟောတိ=ဖြစ်၏။

(သူငယ်ချင်းတို့၊ ဒါနကောင်းမှု တစ်ခုခုကို ပြုမယ်ဆို လျှင် အမှတ်တမဲ့များ ဘယ်တော့မှ မပြုကြနဲ့။ ပထမ ရှေးဦးစွာ သီလဆောက်တည်ရမယ်၊သီလရေစင်နဲ့ မိမိ စိတ်ကို စင်ကြယ်အောင် ဆေးကြောပြီး စိတ်နှလုံး အင် မတန်နူးညံ့နေတဲ့ အချိန်ကျမှ အလှူဒါနကို ပေးကြရ မယ်။ အဲဒီလို သီလအခြေခံတဲ့ အလှူဒါနသည် ဋ္ဌသာ၊ မစ္ဆရိယ အစရှိတဲ့ အကုသိုလ်ဂရားတွေကို ဒါန စေတ နာက ပယ်၊သီလစေတနာက ပယ်လို့ အကုသိုလ် အလွန့် အလွန်စင်ကြယ်တဲ့အတွက် ဒီလို ဒါနမျိုးသည် လူ နတ် နိဗ္ဗာန် ချမ်းသာသုံးပါးကို ဆိုက်ဆိုက်မြိုက်မြိုက် အကျိုး ကြီးမြတ်စွာ ပေးတတ်တယ် သူငယ်ချင်းတို့....။)

တသ္မာ ယာစကေ သမ္ပတ္တေ တုမှေဟိ ခါဒိတဗ္ဗာ- ဟာရတော ဒါနံ ဒတွာ ခါဒေယျာထ။

ဘတိယအကြိမ်

http://www.dhammadownload.com



တသ္မာ = ထို့ကြောင့်။ တုမှေ = သင်တို့သည်။ ယာစကေ=အလှူခံပုဂ္ဂိုလ်သည်။ သမ္ဗတ္တေ=သင်တို့ ထံမှောက် ရောက်လာသည်ရှိသော်။ တုမှေဟိ ခါဒိတဗ္ဗာဟာရတော = သင်တို့စားမည့်အစာအာ ဟာရမှ။ ဒါနံ=အလှူဒါနကို။ ဒတွာ=ပေးပြီးမှ။ ခါဒေယျာထ= ခဲစားကြကုန်။

(ဒီတော့ အဋ္ဌင်္ဂသီလစောင့်သုံးကြရအောင် ဆိုပြီး မိုးလင်းလျှင်ပင် အဋ္ဌင်္ဂဥပုသ်သီလ ဆောက်တည်ကျင့် ကျင့်သုံးကြတယ်။ ''မိမိစားမယ့် အစာအာဟာရထဲမှ လှူဒါန်းပြီးမှ စားကြ'' လို့ အလောင်းတော်ယုန်မင်း က ဩဝါဒပေးတဲ့အခါ ကျန်သုံးဦးသားက ''သာဓု= ကောင်းပါပြီ အဆွေတော်ယုန်မင်း'' လို့ အားလုံး ဝန်ခံပြီး ဒီယနေ့တရားပွဲ ညီလာခံစဲကြပြီး မိမိ မိမိတို့ နေရာ ချုံဗိမာန်သို့ အသီးအသီး ပြန်ကြတယ်။)

နောက်တစ်နေ့ (လပြည့်နေ့) နံနက် မိုး သောက် ရောက်တော့ ဖျံက ''ဂေါစရံ ပရိယေသိဿာမိ=ငါ အစာ ရှာဦးမှပဲ'' လို့ စဉ်းစားပြီး အစာရှာထွက် ခဲ့တယ်။ ခါတိုင်းတော့ အစာရှာသွားလျှင် မြစ်ထဲဆင်း ပြီး ငါးကို မမိအမိ ဖမ်းတယ်၊ ယနေ့တော့ သူ့အသက် ကို သတ်ခြင်းမှ ရှောင်ကြဉ်တဲ့ ပါဏာတိပါတဝိရတီ သီလကို ဆောက်တည်ထားတော့ ''ကိုယ့်အသက် သေ ချင်သေပစေ၊ သူ့အသက်ကိုတော့ မသတ်ဘူး''ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူရဲ့အစာ ပံ့သကူငါးများ ရလိုရငြား မြစ်ကမ်းနားမှာ လျှောက်ကြည့် ငါးရှာတယ်၊ ရေထဲဆင်း မရှာဘူး။

http://www.dhammadownload.com



သူ့ကံအလျောက် တံငါသည်တစ်ယောက်က ငါး ကြင်းခုနစ်ကောင်ကို ကြိုးနဲ့သီပြီး မြစ်ကမ်းနားမှာ သဲကိုတွင်းတူးပြီး အဲဒီအထဲမှာ ငါးကြင်းခုနစ်ကောင် ကို ထည့်ပြီး အပေါ်က သဲဖုံး၍ တစ်ဖန် ငါးရှာရန် မြစ်အောက်နား စုန်ဆင်းသွားတယ်။

ဒီတော့ အရှင်အာနန္ဒာအလောင်း ဖျံသူတော်ကောင်း က အနံ့ခံပြီး အစာရှာတဲ့အခါ ဒီနေရာရောက်တော့ သေသေချာချာ အနံ့ခံလိုက်တော့ ဒီသဲထဲ ငါးရှိတာ သူသိလို့ သဲကိုယက်လိုက်တဲ့အခါ ပွံသကူငါးတွေ ပေါ် လာတယ်။ ဖျံသူတော်ကောင်းက—

အတ္ထိ နု ခေါ ဧတေသံ သာမိကော။ ဧတေသံ= ဤ ငါးခုနစ်ကောင်တို့၏။ သာမိကော = ဥစ္စာရှင် သည်။ အတ္ထိ နု ခေါ=ရှိသလော။

''ဤ ငါးခုနစ်ကောင် အရှင်ရှိသလား'' လို့ သုံး ကြိမ်တိုင်တိုင် အော်သော်လဲ တံငါသည်က အဝေး ရောက်နေလို့ မကြားဘူး။ သုံးကြိမ်အော်လို့မှ အရှင် ထွက်မလာလျှင် ဒါဟာ ပွံသကူပဲလို့ စဉ်းစားပြီး ဖျံသူတော်ကောင်းက ငါးကြင်းခုနစ်ကောင်ကို အစွယ် ဖျားနဲ့ကိုက်ချီပြီး ဆွဲယူသွားတယ်။

သူနေတဲ့ ချုံဗိမာန်ရောက်တဲ့အခါ သင့်လျော်တဲ့ နေရာ၌ထားပြီး ဝေလာယမေဝ ခါဒိဿာမိ=နေမွန်း မလွဲမီ အချိန်တန်မှ ငါစားတော့မယ်၊ ယခုတော့ ငါရဲ့

http://www.dhammadownload.com



သီလကို ဆင်ခြင်အုံးမယ် ဆိုပြီး ဖျံသူတော်ကောင်းဟာ လက်ကလေး ၂-ချောင်းကို ရှေ့ပစ်၊ ခပ်စင်းစင်းကလေး နေ၊ မိမိရဲ့ သီလကုသိုလ်ကို ပြော်....ရှေးသူတော်ကောင်းတွေ သူ့အသက်ကို မသတ်ကြသလို၊ ငါလဲ သူ့အသက်ကို မသတ်ဘူး၊ ရှေးသူတော်ကောင်းတွေ သူ့ဥစ္စာကို မခိုးသလို ငါလဲ သူ့ဥစ္စာကို မခိုးဘူး၊ ဤသို့အစရှိသည်ဖြင့် မိမိဉာဏ်မီသမျှ မိမိရဲ့သီလကို ဆင်ခြင်၍ နေတယ်။

အရှင်မဟာ မောဂ္ဂလာန် အလောင်း ဓမြခွေးကလဲ ထို့အတူ အဋ္ဌင်္ဂသီလသိက္ခာပုဒ်များ ဆောက်တည်ပြီး "ဂေါစရံ ပရိယေသိဿာမိ=ငါ အစာရှာအုံးမှပဲ" လို့ လယ်ကွက်ထဲသွျောက်ပြီး အစာရှာတယ်။ ထိုအခါ လယ်တဲတစ်ခုမှာ ညဉ့်တုန်းက လယ်သမားတစ်ယောက်ထားခဲ့တဲ့ တံစို့ထိုးထားသော အသားတစ်က နှစ်ခု၊ဖွတ်သေကတစ်ကောင်၊ နို့ခမ်းအိုး (နွားနို့ ချဉ်အိုး) တစ်လုံး၊ အားလုံး ၄-မျိုး တွေ့တယ်။ သူကလဲ ထို့အတူ-

"အတ္ထိ နု ခေါ ဧတေသံ သာမိကော=ဤ အသားတံစို့၊ ဖွတ်ကင်၊ နို့ခမ်းအိုးတို့ရဲ့ ပိုင်ရှင်များ ရှိပါသလား" လို့ သုံးကြိမ်အော်တယ်။

အနားမှာ လယ်စောင့်ယောကျ်ား မရှိတော့ "ငါ့ပစ္စည်းပါ" လို့ လာမပြောဘူးပေါ့။ သုံးကြိမ်အော်လို့မှ အရှင်မပေါ်တော့ "ဒါဟာ ပုံသကူပဲ" ဆိုပြီး နို့ခမ်းအိုး ဆိုင်းထားတဲ့ကြိုးကို လည်ပင်းက စွပ်၊ ပါးစပ်က အသားတံစို့(နဲ့) ဖွတ်ကင်ကိုကိုက်ပြီး သူကလဲ သူ့ ချုံကို သူပြန်လာတယ်။

တတိယအကြိမ်

http://www.dhammadownload.com



''ဝေလာယမေဝ ခါဒိဿာမိ = မွန်းမလွဲခင် အချိန် တန်တော့မှ ငါစားမယ်၊ ယခုတော့ ငါရဲ့ သီလကို အောက်မေ့ပြီး နေအုံးမယ်'' လို့ စဉ်းစားပြီး မြေခွေး ကလဲပဲ လက်ကလေးနှစ်ဖက်ကို ရှေ့ပစ်၊ အလျား ဝပ် ပြီးတော့ သူ့သီလကို သူ ဆင်ခြင်နေတယ်။

ထို့အတူ သူတော်ကောင်း မျောက်ကလဲ နံနက် မိုး သောက် ရောက်တယ်ဆိုလျှင် ရှစ်ပါးသီလ သိက္ခာပုဒ် များ ဆောက်တည်ပြီး တောထဲဝင် အစာရှာတဲ့အခါ သရက်သီးမှည့် တစ်ခိုင်ရတယ်၊ ထိုသရက်သီးမှည့် အခိုင် ကို ယူလာပြီး မွန်းမလွဲခင် သင့်တော်ရာအချိန်မှာ စား မယ်လို့ ဆင်ခြင်ပြီး သင့်တော်ရာမှာထား၊ ရှစ်ပါးသီလ ကို ဆင်ခြင်ပြီးနေတယ်။

လေးဦးသားတွင် ဘုရားအလောင်း ယုန်ပညာရှိက တော့ သူတပါးလိုသွားပြီး အစာရှာနေရတာမှ မဟုတ် ဘဲ၊ နံနက်မိုးသင်းတယ်ဆိုလျှင်ပင် အဋ္ဌင်္ဂဉပုသ် သိက္ခာပုဒ် များ ဆောက်တည်ပြီး—

ဝေလာယမေဝ ဝသနဋ္ဌာနတော နိက္ခမိတွာ ဒဗ္ဗတိဏာနိ ခါဒိဿာမိ။ အဟံ=ငါသည်။ ဝေလာယ-မေဝ= မွန်းမလွဲခင် အချိန်၌ပင်လျှင်။ ဝသနဋ္ဌာန-တော=ငါရဲ့နေရာ ချုံဗိမာန်မှ။ နိက္ခမိတွာ= ထွက်၍။ ဒဗ္ဗတိဏာနိ= သမန်းမြက်တို့ကို။ ခါဒိဿာမိ= စားပေအံ့....။

အေး....မွန်းမလွဲခင် ငါ့အစာဖြစ်တဲ့ နေ့ာမြက် များကို ဒီ ချုံဗိမာန်ကထွက်ပြီးတော့ ငါစားမယ်၊ အခု

http://www.dhammadownload.com



တော့ ငါ့သီလကို ငါ ဆင်ခြင်ပြီး နေအုံးမယ်...လို့ စဉ်းစားပြီး တစ်ဖန် ဆက်၍–

မမ သန္တိကံ အာဂတာနံ ယာစကာနံ တိဏာနိ ဒါတုံ န သက္ကာ။

မမ သန္တိကံ= ငါ့အထံသို့။ အာဂတာနံ = လာရောက်ကြကုန်သော။ ယာစကာနံ=အလှူခံပုဂ္ဂိုလ်တို့အား။ တိဏာနိ=မြက်တို့ကို။ ဒါတုံ =.ပေးခြင်းငှာ။ န သက္ကာ=မတတ်ကောင်း။

ငါက မြက်ကိုပဲ စားတယ်၊ ငါ စားတဲ့ မြက်ကို ငါ့ထံ မှောက်ရောက်လာတဲ့ အလှူခံပုဂ္ဂိုလ်တို့အား လှူလို့ ဖြင့် မတော်ဘူး၊ မြက်ကိုလှူလို့လဲ အလှူခံ ပုဂ္ဂိုလ်တို့မှာ အသုံးမကျဘူး။

တိလ တဏ္ဍုလာဒယောပိ မယှံ နတ္ထိ=လူ့အစာအရေ နဲ့ လှူဖို့ကလဲ ငါ့မှာ နှမ်းတို့ ပြောင်းတို့ ဆန်တို့ဆိုတာ ဘာမှမရှိဘူး။

သစေ မေ သန္တိကံ ယာစကော အာဂစ္ဆိဿတိ၊ အတ္တနော သရီရ မံသံ ဒဿာမိ။

မေ= ငါ၏။ သန္တိကံ= အထံသို့။ ယာစကော= အလှူခံပုဂ္ဂိုလ်သည်။သစေ အာဂစ္ဆိဿတိ=အကယ် ၍ လာငြားအံ့။ အတ္တနော= မိမိ၏။ သရီရမံသံ= ကိုယ့်အသားကို။ ဒဿာမိ=ပေးပေတော့အံ့။

(ငါ့ထံမှောက် အကယ်၍ အလှူခံပုဂ္ဂိုလ်လာရောက် လျှင် ငါ့ကိုယ်ကို ထိုအလှူခံပုဂ္ဂိုလ်အား လှူလိုက်မယ်

http://www.dhammadownload.com



လို့ ရဲရဲတောက် ဒါနပရမတ္ထပါရမီ မြောက်အောင် မြင့်မြတ်တဲ့ အကြံအစည် ဖြစ်တယ်။)

အလောင်းတော်ရဲ့ စေတနာ တန်ခိုး ကြောင့် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ပူနွေးသောအခြင်းအရာကို ပြတယ်။ ပဏ္ဍုကမ္ဗလာ ဆိုတာ ကျောက်ပျော့ပဲ၊ ပကတိအားဖြင့် အေးနေတယ်၊ သိကြားမင်း ထိုင်လိုက်လျှင် ကျောက်ပျော့ကြီးပေါ်မှာ ဆိုဖာကြီးပေါ်မှာထိုင်ရသလို ကိုယ်တစ်ဝက်ဝင်သွားပြီး အလွန်အေးမြတယ်၊ အလျားက ယူဇနာ ၆၀၊ အနံက ယူဇနာ ၅၀၊ အမြင့်က ယူဇနာ ၁၅– ရှိတယ်။ အဲဒီ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီး ပူနွေးသောအခြင်းအရာအသွင်အပြင်ကပြနေတော့ သိကြားမင်းက စမ်းကြည့်လို့ ပူနွေးတာကို တွေ့ရတော့ "လူ့ပြည်မှာ ဘယ်လိုများ အကြောင်းထူး ရှိပါလိမ့်" လို့ ဒိဗ္ဗစက္ခုဖြင့် လူ့ပြည်ကို ကြည့်တဲ့အခါ–

"ပညာရှိ တိရစ္ဆာန် လေးဦးသား ထူးထူးခြားခြား ဥပုသ်သီလစောင့်သုံးပြီး လှူချင်တန်းချင်လို့ အသင့်စောင့်မျှော် နေကြတဲ့အထဲမှာ အလောင်းတော်ယုန်မင်း စဉ်းစားတာကဖြင့် ပရမတ္ထ ဒါနပါရမီမြောက် လှူဒါန်းဖို့ စဉ်းစားတဲ့အတွက် ပဏ္ဍုကမ္ဗလာ မြ ကျောက်ဖျာ ပူနွေးသောအခြင်းအရာ ပြတာပဲ" လို့ ကောင်းစွာ သိပြီး–

သသရာဇာနံ ဝီမံသိဿာမိ။ အဟံ=ငါသည်။ သသရာဇာနံ = ယုန်မင်းပညာရှိကို။ ဝီမံသိဿာမိ= စုံစမ်းပေအံ့။

http://www.dhammadownload.com



ယုန်ပညာရှိ ကြံတဲ့အတိုင်း ပရမတ္ထပါရမီမြောက် အောင် အသက်စွန့်ပြီး လှူဂ်ံ့-မလှူဝ်ံ့ ငါ စုံစမ်းဦး မှပဲ ဆိုပြီး တာဝတိံသာနတ်ပြည်က ကွယ်ခဲ့၍ လူ့ ပြည်သို့ ဆင်း အလှူခံ ခရီးသွား ပုဏ္ဏားအယောင် ဆောင်ပြီး ရှေးဦးစွာ ဖျံရဲ့နေရာ ချုံကလေးရှေ့ သွားရပ်တယ်။ ထိုအခါ ဖျံက ဘာပြောသလဲဆိုတော့=

ဗြာဟ္မဏ ကိမတ္ထံ ဌိတောသိ။ ဗြာဟ္မဏ=ဗြာဟ္မဏနွယ် ဖွား အို-ဆရာပုဏ္ဏား....။ ကိမတ္ထံ=အဘယ်အကျိုးငှာ။ ဌိတော=ရပ်တည်လာသည်။ အသိ=ဖြစ်ပါသနည်း။ (ဆရာပုဏ္ဏား....၊ ဘာကို မျှော်ကိုးလို့ ကျွန်ုပ်ရဲ့ ချုံ ဗိမာန်ရှေ့မှာ ရပ်တည်လာပါသလဲ) လို့ မေးတော့ သိကြားမင်း ပုဏ္ဏားက-

ပဏ္ဍိတ သစေ ကိဉ္စိ အာဟာရံ လဘေယျံ၊ ဥပေါ-သထိကော ဟုတွာ ဝသေယျံ။ (ပညာရှိဖျံမင်း၊ ကျွန်ုပ် အကယ်၍ စားစရာတစ်ခုခုရလျှင် ကျွန်ုပ်လဲပဲ ဖျံမင်း တို့လို ဥပုသ်စောင့်သုံးပြီး နေချင်လို့ပါ) လို့ ပြော သတဲ့။ ထိုအခါ ဖျံပညာရှိက-

သာဓု ဒဿာမိ တေ အာဟာရံ၊ (ကောင်းပြီ ဆရာပုဏ္ဏား....၊ ဆရာ့အား ကျွန်ုပ် အစာအာဟာရ လှူပါ့မယ်) လို့ ဝန်ခံပြီးသကာလ-

သတ္တ မေ ရောဟိတမစ္ဆာ၊
ဥဒကာ ထလ ံ မုဗ္ဘတာ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊
ဧတံ ဘုတွာ ဝနေ ဝသ။(၁)

တတိယအကြိမ်

http://www.dhammadownload.com



ဗြာဟ္မဏာ=ဗြဟ္မဏ္ဍနွယ်ဖွား အို-ဆရာပုဏ္ဏားတို့။ မေ= အကျွန်ုပ်အား။ (ဂောဝဋ္ဋေန = တံငါသည်သည်)။ ဥဒကာ=ရေမှ။ ထလံ=ကြည်းကုန်းသက်သို့။ ဥဒ္ဓ-တာ = ထုတ်ဆောင်၍သဲထဲတွင် မြှုပ်နှံထားအပ်ကုန်သော။ သတ္တ ရောဟိတမစ္ဆာ=ငါးကြင်းခုနစ်ကောင်တို့သည်။ အတ္ထိ=ရှိပါကုန်၏။ ဗြာဟ္မဏာ=ဗြဟ္မာနွယ်ဖွား အို-ဆရာပုဏ္ဏားတို့။ မေ=အကျွန်ုပ်အား။ ဣဒံ=ဤလှူဖွယ်သည်။ အတ္ထိ=ရှိပါ၏။ ဧတံ=ဤငါးကြင်းခုနစ်ကောင်ကို။ ဘုတွာ=စား၍။ ဝနေ=တောထဲ၌။ ဝသ-ဝသာဟိ = ဥပုသ်နှလုံး စောင့်သုံးနေထိုင်ပါလေ။

(ဆရာပုဏ္ဏား၊ ကျွန်ုပ် ပါဏာတိပါတ ဒုစရိုက်နဲ့ သတ်ပြီး ယူလာတာ မဟုတ်ဘူး၊ တံငါသည်ဘာသာ သတ်ပြီးတော့ ရေထဲကထုတ်၊ ကုန်းပေါ် သဲထဲမှာ မြှုပ်ထားတဲ့ ငါးကြင်းခုနစ်ကောင်တွေလို့ သုံးကြိမ် တိုင်တိုင် "အရှင်ရှိသလား- မရှိဘူးလား" ဆိုတာ ဟစ်အော်ကြွေးကြော်လို့ အရှင်မပေါ်တဲ့ ပုံသကူငါးကြင်း ခုနစ်ကောင်ရှိတယ်၊ အဲဒီ ငါး ကြင်း ခုနစ်ကောင်ကို ဆရာကြိုက်သလို ကင်ပြီး ဖုတ်ပြီး စားသောက်ပြီးလျှင် ကျွန်ုပ်တို့လိုပဲ ဒီတောထဲမှာ ဥပုသ်နှလုံး စောင့်သုံးပြီး နေတော်မူပါ-လို့ ဖျံပညာရှိက ပြောကြားတယ်။)

ထိုအခါ သိကြားမင်း ပုဏ္ဏားက- ပဂေဝ တာဝ ဟောတု၊ ပစ္ဆာ ဇာနိဿာမိ။ ပဂေဝ= စောပါသေးတယ် ဖျံပညာရှိ....။ တာဝ ဟောတု=ရှိပါစေဦး။ ပစ္ဆာ ဇာနိဿာမိ= နောက်မှ စဉ်းစားပါရစေ။ (စောပါ

http://www.dhammadownload.com



သေးတယ် အသွေတော်ဖြူမင်း၊ ရှိပါစေဦး၊ နောက်မှ စဉ်းစားပါ့မယ်)လို့ ဆိုပြီး ရှေ့ဆက်သွားတယ်။

အရှင်မောဂ္ဂလာန် အလောင်း မြေခွေးနေတဲ့ ချုံပုတ်ရှေ့ သွားရပ်တော့ မြေခွေးကလဲ ရှေးနည်းအတူ-ကိမတ္ထံ ဋ္ဌိတောဝ+သိ။(ဆရာပုဏ္ဏားး၊အဘယ်အလို့ ငှာ ကျွန်ုပ်ရဲ့ ချုံရှေ့မှာ လာပြီးရပ်ပါသလဲ)လို့ မေးတော့လဲ သိကြားမင်း ပုဏ္ဏားကလဲ ရှေးနည်းအတူ-

ပဏ္ဍိတ သစေ ကိဉ္စိ အာဟာရံ လဘေယျံ၊ ဥပေါသထိကော ဟုတွာ ဝသေယျံ။ (ပညာရှိ မြေခွေးမင်း၊ အသင့်ထံမှ တစ်စုံတစ်ခုစားဖွယ်ရလျှင် ဥပုသ်စောင့်သုံး နေချင်သို့ပါ)လို့ ဆိုတော့ အရှင်မဟာ မောဂ္ဂလာန် အလောင်း မြေခွေးသူတော်ကောင်းကလဲ-

"သာဓု ဒဿာမိ- ကောင်းပြီ ဆရာပုဏ္ဏား၊ ဆရာ့အား ကျွန်ုပ်အာဟာရပေးပါမယ်"ဆိုပြီး မြေခွေးကလဲ ဂါထာတစ်ပုဒ် ဤသို့ ရွတ်ဆိုတယ်။

ဒုဿ မေ ခေတ္တပါလဿ၊ ရတ္တိဘတ္တံ အပါဘတံ။
မံသသူလာ စ ဒွေ ဂေါဓာ၊ ဧကဉ္စ ဒဓိဝါရကံ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊ ဧတံ ဘုတွာ ဝနေ ဝသ။(၂)

ဗြာဟ္မဏ= ဗြဟ္မာနှင့်နွယ်ဖွား အို- ဆရာပုဏ္ဏား။ မေ-အကျွန်ုပ်သည်။ ဒုဿ ခေတ္တပါလဿ- အဒုဿ ခေတ္တပါလဿ = ဤအမည်ရှိသော လယ်စောင့်ယောကျ်ား၏။ ရတ္တိဘတ္တံ = ညဉ့်စာ ဖြစ်သော။ အပါဘတံ-လယ်သမားမေ့သွား၍ ကျွန်ုပ် ဆောင်

http://www.dhammadownload.com



ယူအပ်ခဲ့သော။ ဒွေ့ မံသသူလာ စ = အ သား စို့ အသားကင် နှစ်ခုတို့ လည်းကောင်း။ ဂေါဓာ စ= ဖွတ်ကင်တစ်ခု လည်းကောင်း။ ဧကံ ဒမိဝါရကဋ္ဌ= နို့ခဲအိုးတစ်လုံးလည်းကောင်း။ ဧဒံ=ဤ အသားစို့ နှစ်ကင်၊ ဖွတ်ကင်တစ်ကောင်၊ နွဝးနို့ခဲအိုး တစ်လုံး သည်။ မေ=အကျွန်ုပ်အား။ အတ္ထိ=ရှိပါ၏။ တံ= ဤအသားတံစို့၊ ဖွတ်ကင်၊ နွားနို့ခဲကို။ ဘုတွာ= စားသုံး၍။ ဝနေ=ဤတောသဲ၌။ ဝသ-ဝသာဟိ= ဥပုသ်နှလုံး စောင့်သုံးနေထိုင်တော်မူပါလော့....။

(ဆရာ၊ ကျွန်ုပ်မှာ လယ်တောထဲက လယ်သမား ယူလာပြီး စွန့်ပစ်ထားခဲ့တဲ့ အသားတံစို့က နှစ်ကင်၊ ဖွတ်ကင်က တစ်ကောင်၊ နို့ခဲအိုးက တစ်လုံး၊ဒါတွေ ကျွန်ုပ်မှာရှိတယ်၊ ဒါတွေကို ဆရာပုဏ္ဏား စ းသောက်ပြီး ဤတောသဲမှာ ဥပုသ်နှလုံး စောင့်သုံးပြီး ချမ်းချမ်းသာသာ နေတော်မူပါလို့ ပြောငယ်)။

အေး.... ထိုအခါမှာလဲ သိကြားမင်း ပုဏ္ဏားက ရှေးနည်းအတူ–

ပဂေဝ တာဝ ဟောတု၊ ပဏ္ဍာ ဇာနိဿာမိ= စောပါသေးတယ် အဆွေတော် မြေခွေး၊ ရှိပါစေဦး၊ နောက်မှပဲ စဉ်းစားပါရစေ၊ ရှေ့ ခရီးဆက်သွားစရာ ရှိသေးတယ် ဆိုပြီး ခရီးဆက်သွားတယ်။ (ခရီးသွားပုံပြတာဖြစ်ပါတယ်)။

http://www.dhammadownload.com



အော. သိကြားမင်း ပုဏ္ဏား ဘယ်ရောက်သွား သလဲ ဆိုတော့ အရှင်သာရိပုတြာအလောင်း မျောက် မင်းနေတဲ့ ချုံရှေ့ ရောက်တယ်။ ရောက်တော့ လဲ မျောက်မင်းက ရှေးနည်းအတူပဲ–

ဗြာဟ္မဏ ကိမတ္ထံ ဋ္ဌိတော+သိ။ ဆရာပုဏ္ဏား၊ ဘယ် အကျိုးငှာ ရပ်တည်လာပါသလဲ လို့ မေး တော့ သိကြားမင်း ပုဏ္ဏားကလဲ ရှေးနည်းအတူ ''ပညာရှိ မျောက်မင်း၊ အကယ်၍ တစ်စုံတစ်ရာ အစာအာဟာရ ကျွန်ုပ်ရလျှင် ကျွန်ုပ်လဲ မျောက်မင်းကဲ့သို့ ဥပုသ်စောင့် သုံးပြီး နေချင်လို့ပါ'' လို့ ဆိုတော့ မျောက်မင်းက လဲ–

''သာဓု ဒဿာမိ=ကောင်းပြီ၊ ပေးပါ့မယ်'' လို့ ပဋိညာဉ်ဝန်ခံပြီး–

အမ္ဗပက္ကံ ဒကံ သီတံ၊
သီတစ္ဆာယာ မနောရမာ။
ဣဒံ ဗြာဟ္မဏ မေ အတ္ထိ၊
ဧတံ ဘုတွာ ဝနေ ဝသ။ (၃)

ဗြာဟ္မဏ =ဗြဟ္မာ့နွယ်ဖွား အို– ဆရာပုဏ္ဏား။ အမ္ဗပက္ကံ = သရက်သီးမှည့် တစ်ခိုင်လည်းကောင်း။ ဒကံ သီတံ = အငွေ့န် အေးမြတဲ့ စမ်းရေသည် လည်းကောင်း။ မနောရမာ=စိတ်နှလုံးဝယ် ရွှင်ပြုံး မွေ့လျော်ဖွယ်ကောင်းသော။ သီတစ္ဆာယာ=အေး မြတဲ့အရိပ်သည် လည်းကောင်း။ မေ=အကျွန်ုပ်

http://www.dhammadownload.com



အဒုး။ ဌာနံ= ဤသုံးမျိုးသည်။ အတ္ထိ=ရှိပါ၏။ ကေ= ဤကျွန်ုပ်ရဲ့ သရက်သီးမှည့်အခိုင်ကို။ ဘုတွာ=စား သုံး၍။ ဝနေ=တောထဲ၌။ ဝသ=ဥပုသ်နှလုံး စောင့် သုံး၍ နေတော်မူပါ။

ဆရာပုဏ္ဏား၊ ကျွန်ုပ့်မှာ စားစရာ သရက်သီးမှည့် တစ်ခိုင်၊ သောက်စရာ ဟို-စမ်းချောင်းထဲက ယူဆောင် ထားတဲ့ ရေအေးကလေး၊ နေစရာ အလွန်အေးမြတဲ့ စိတ်နှလုံး မွေ့လျော်ဖွယ်ကောင်းတဲ့ အရိပ်၊ သုံးမျိုးရှိ တယ်။

ဪ အေး ....သူတော်ကောင်းဆိုတော့ သူတော်ကောင်း စကားကိုပဲ ပြောတယ်၊ ဟုတ်နိုင်ပါမည်လား လို့ စိတ်ထဲမှာ မယုံမှားနဲ့၊ ပါရမီရှင် သူတော်ကောင်းများ ကျတော့ လူ့စကားပြောကြတယ်။ ဟာ.... တိရစ္ဆာန်က လူ့စကား ပြောပါ့မည်လား လို့ ဆိုယင် ပြောတဲ့ တိရစ္ဆာန်ကျတော့ ပြောတယ်နော်၊ ဟိုတုန်းက မကြား ဖူးဘူးလား၊ ရွှေကျီးကလေးတို့ ဘာတို့ လူ့စကား ပြောတာ၊ တစ်နယ်တစ်ယောက်ဆိုသလို ပါရမီရှင်များ ကျတော့ လူ့စကား ပြောကြတယ်။

မျောက်မင်းရဲ့ ဖိတ်မန်ချက်ကိုလဲ မပယ်ပဲ သိကြား မင်း ပုဏ္ဏားက—

ပဝေဝ တာဝ ဟောတု၊ ပဏ္ဍာ ဇာနိဿာမိ= စောပါသေးတယ် အဆွေတော် မျောက်မင်း၊ ရှိပါ စေဦး၊ နောက်မှ စဉ်းစားပါရစေ၊ (ရှေ့ဆက် သွား

http://www.dhammadownload.com



စရာ ရှိသေးလို့ပါ) ဆိုပြီး ရှေ့ဆက်သွားတော့ ဘုရား အလောင်းယုန်မင်းနေတဲ့ ချုံမိမာန်ရောက်တယ်။ (စလေ ဆရာဦးပုညတို့ကျတော့ ဒီ နေရာမှာ နဘောကာရန်တွေ များစွာနဲ့ ရေးခဲ့တယ်၊ ယခု ဒီမှာတော့အဋ္ဌကထာ က ဖွင့်ပြတဲ့အတိုင်း ပြောကြရအောင်။)

အလောင်းတော်ယုန်မင်းက သိကြားမင်း ပုဏ္ဏားကို မြင်တယ် ဆိုလျှင်ပဲ ရှေးဖို့၊ မြေခွေး မျောက် တို့ကဲ့သို့ပဲ-

ဆရာပုဏ္ဏား အဘယ်အကျိုးငှာ အကျွန်ုပ်ထံ လာ ရောက်ပါသလဲ လို့ မေးတော့ သိကြားမင်းကလဲ ရှေး နည်းအတူပဲ-

''ပဏ္ဍိတ သစေ ကိဉ္စိ အာဟာရံ လဘေယျံ၊ အဟမ္ပိ ဥပေါသထိကော ဟုတွာ ဝသေယျံ။

''ယုန်ပညာရှိမင်း၊ အကယ်၍ တစိုးတစိ စားဖွယ် အစာ အာဟာရ ရရှိပါမူ ကျွန်ုပ်လဲပဲ ယုန်ပညာရှိတို့လို ဥပုသ်စောင့်သုံးပြီး ချမ်းချမ်းသာသာ နေချင်လို့ ဤနေ ရာသို့ ရောက်လာပါတယ်'' ဆိုတော့ အလောင်းတော် ယုန်ပညာရှိက-

ဗြာဟ္မဏ သုဋ္ဌု တေ ကတံ အာဟာရတ္ထာယ မမ သန္တိကံ အာဂစ္ဆန္တေန။

ဗြာဟ္မဏ=မြဟ္မာ့နွယ်ဖွား အို-ဆရာပုဏ္ဏား။ မမ သန္တိကံ=အကျွန်ုပ်၏အထံသို့။ အာ ဟာ ရ တ္ထာ ယ= အစာအာဟာရအလို့ငှာ။ အာဂစ္ဆန္တေန= လာရောက်

http://www.dhammadownload.com



သော။ တယာ=အသင်ဆရာပုဏ္ဏားသည်။' သုဋ္ဌုကတံ= ကောင်းသည်ကို ပြုအပ်ပါလေပြီ။ (ဆရာ၊ အစာ အာဟာရအတွက် ကျွန်ုပ်ထံ ဆရာ ယခုလာခြင်းဟာ အင်မတန်ကောင်းတဲ့အပြု ဖြစ်ပါတယ်။)

အဇ္ဇာဟံ အဗ္ဗိန္ဒပုဗ္ဗံ ဒါနံ ဒဿာမိ။ အဟံ= ငါသည်။ အဇ္ဇ=ယနေ့။ အဒိန္နပုဗ္ဗံ= ရှေးကမလှူဖူးသော။ ဒါနံ= အလှူဒါနကို။ ဒဿာမိ= ပေးလှူရပေတော့မည်။

တွံ ပန သီလဝါ ပါကာဒိပါတံ န ကရိဿသိ။

တွံ ပန=အသင်ဆရာပုဏ္ဏားသည်ကား။ သီလဝါ= သီလရှိသူဖြစ်ရကား။ ပါဏာတိပါတံ=သူ့အသက်သတ် မှုကို။ န ကရိဿသိ=ပြုလိမ့်မည်မဟုတ်။ ကျွန်ုပ်က ကျွန်ုပ် ၏ကိုယ်ကို လှူပါတယ် ဆိုပေမင့် ဆရာပုဏ္ဏားက သီလရှိသူဖြစ်ရကား ဘယ်နည်းနဲ့မှ သတ်စားမည် မဟုတ်၊ ဒီတော့ ကျွန်ုပ်လဲ ဒါနပါရမီမြောက်အောင်၊ ဆရာပုဏ္ဏားလဲ အစာ အာဟာရ ရအောင်—

ဂစ္ဆ ဗြာဟ္မဏ နာနာဒါရူနိ သင်္ကဍ္ဎိတွာ အင်္ဂါရေ ကတွာ မယှံ အာရောစေဟိ။

ဗြာဟ္မဏ= ဗြာဟ္မဏနွယ်ဖွား အို–ဆရာပုဏ္ဏား။ ဂစ္ဆ= သွားပါချေ။ နာနာဒါရူနိ– အထူးထူးသော ထင်း ချောင်းတို့ကို။ သင်္ကဍ္ဎိတွာ=စုရုံး၍။ အင်္ဂါရေ= မီးကျီး တို့ကို။ ကတွာ= ပြုပြီးသကာလ။ မယှံ=အကျွန်ုပ်အား။ အာရောစေဟိ=ပြောကြားလာပါလေ။

အဟံ အတ္တာနံ ပရိစ္စဇိတွာ အင်္ဂါရမဇ္ဈေ ပတိဿာမိ၊ မမ သရီရေ ပက္ကေ တွံ မံသံ ခါဒိတွာ သမဏဓမ္မံ ကရေယျာသိ။

အဟံ=အကျွန်ုပ်သည်။ အတ္တာနံ = မိမိ ကိုယ် ကို။ ပရိစ္စဇိတွာ= စွန့်၍။ အင်္ဂါရမဇ္ဈေ= မီးကျီးအလယ်၌။ ပတိဿာမိ=ခုန်၍ချပါအံ့။ မမ=ငါ၏ ။ သရီရေ=ကိုယ်သည်။ ပက္ကေ=ကျက်လတ်သော်။ တွံ=အသင် မင်းဆရာသည်။ မံသံ=အသားကို။ ခါဒိတွာ=ခဲစား၍။ သမဏဓမ္မံ= ကိလေသာငြိမ်းကြောင်း ကောင်းမြတ်တဲ့ ဥပုသ်အကျင့်ကို။ ကရေယျာသိ=ကျင့်ကြံပြုလုပ်ပါလေ။

''ဆရာ၊ မီးဖိုပါ၊ မီးဖိုပြီးလျှင် ကျွန်ုပ်အား ပြောပါ၊ ကျွန်ုပ်ဘာသာ ကျွန်ုပ် မီးဖိုထဲကို ခုန်ဆင်းပါ့မယ်၊ ဒီလို ဆိုလျှင် ဆရာ့ပယောဂမပါဘူး၊ ပါဏာတိပါတ ဝိရတိ- သိက္ခာပုဒ် ဆရာ့မှာမပျက်ပါဘူး၊ ကျွန်ုပ်ဘာသာ ကျွန်ုပ်၏ ကိုယ်ကို စိုးပိုင်၍ လှူနိုင်တယ်၊ လှူတဲ့အနေနဲ့ မီးပုံထဲ ခုန်ဆင်းပါ့မယ်၊ ကျွန်ုပ်ရဲ့ကိုယ် ကျက်သွားတဲ့အခါ ဆရာကြိုက်သလိုစားပြီး ရဟန်းတရားဖြစ်တဲ့ ဥပုသ် သီတင်းစောင့်သုံးပြီး နေတော်မူပါ''လို့ ပြောပြီးတော့ ဤဂါထာကို ရွတ်ဆိုတော်မူတယ်။

န သသဿ တိလာ အတ္ထိ၊ န မုဂ္ဂါ နပိ တဏ္ဍုလာ။
ဣမိနာ အဂ္ဂိနာ ပက္ကံ၊ မမံ ဘုတွာ ဝနေ ဝသ။ (၄)

ဗြာဟ္မဏ = ဗြဟ္မာ့နွယ်ဖွား အို- ဆရာပုဏ္ဏား။ သသဿ=ယုန်တိရစ္ဆာန်ဖြစ်တဲ့ ငါ့အဖို့ရာ။ တိလာ= ယုန်တို့အစာ နှမ်းတို့သည်။ န အတ္ထိ= မရှိပါကုန်။

တတိယအကြိမ်

http://www.dhammadownload.com



မုဂ္ဂါ= ပဲနောက်တို့သည်။ န အတ္ထိ= မရှိပါကုန်။ တဏ္ဍုလာပိ= ဆန်တို့လဲပဲ။ န အတ္ထိ= မရှိပါကုန်။ (ကျွန်ုပ်တို့ယုန်ဆိုတာ မြက်ကိုသာစားတော့ ကျွန်ုပ်မှာ နှမ်းလဲမရှိဘူး၊ ပဲနောက်လဲမရှိဘူး၊ ဆန်လဲမရှိဘူး။) ဣမိနာ အဂ္ဂိနာ = ဤဆရာဖိုတဲ့မီးဖြင့်။ ပက္ကံ= ကျက်လေပြီးသော။ မမံ=ငါ့ကို။ ဘုတွာ= စား၍။ ဝနေ= ဤတောထဲ၌။ ဝသ=ဥပုသ်နှလုံး ကျင့်သုံးနေထိုင်တော်မူပါလော့။

ဤကဲ့သို့ ပြောလိုက်သောအခါ သိကြားမင်းက တကယ်ပင် မီးဖိုသလိုပြုပြီး သူ၏ အာနုဘော်ဖြင့် မီးကျီးအစုကြီး ဖန်ဆင်းတယ်၊ မျက်စိအမြင်မှာတော့ တကယ့်မီးကျီးပဲ၊ ဒါပေမယ့် မပူအောင် သူဖန်ဆင်းတယ်။ အဲဒီလို ဖန်ဆင်းပြီးတော့ သိကြားမင်းက ''အသင်ယုန်မင်း ကျွန်ုပ် မီးဖိုပြီးလို့ မီးကျီးကျလာပြီ'' လို့ ပြောကဲ့အခါ–

အလောင်းတော်ယုန်မင်းသည် သိကြား ဖန်ဆင်းတဲ့ မီးဖိုအနားလာပြီးတော့–

သစေ မေ လောမန္တရေသု ပါဏကာ အတ္ထိ၊ ဟောမာ မရိံသု။ မေ=ငါ၏ ။ လောမန္တရေသု= မွေးညင်း အကြားတို့၌။ ပါဏကာ = ပိုးမွှားတို့သည်။ သစေ အတ္ထိ=အကယ်၍ ရှိကုန်ငြားအံ့။ တေ=ထို ပိုးမွှားတို့သည်။ မာ မရိံသု= မသေကြပါစေကုန်လင့်။ ''ဩော်....ငါ့ကိုယ် မွေးညင်းကြားထဲမှာ အကယ်၍ ပိုးမွှားလေးတွေရှိကြလျှင် ဒီပိုးမွှားလေးတွေ မသေ

ကြပါစေနဲ့- အဲဒီလို ဆင်ခြင်စဉ်းစားတော်မူပြီး ပိုး မွှားများ လွင့်စဉ်သွားအောင် ကိုယ်တော်ကို သုံးကြိမ် တိုင် ခါတော်မူတယ်။ ခါပြီးမှ ပဒုမ္မာကြာကန် အတွင်း ဆင်းတဲ့ ရွှေဟင်္သာမင်းရဲ့ မျက်နှာလို ဝမ်းပန်းတသာ သိကြားမင်း ဖန်ဆင်း ထားတဲ့ မီးကျီးပုံထဲ ဝုန်းကနဲ ခုန်ချလိုက်တယ်။ သိကြားမင်းဖန်ဆင်းထားတဲ့ မီးကျီး သည် ဘုရားအလောင်းရဲ့ မေတ္တာ၊ ဘုရားအလောင်း ရဲ့ စေတနာ တန်ခိုး အစွမ်းသတ္တိကြောင့် မွေးညင်း တွင်းကလေးကိုမျှ မီးမလောင်ဘူး၊ မပူဘူး။ ဒီတော့ အလောင်းတော် ယုန်မင်းက မီးပုံထဲကနေရင်း ပြော လိုက်ပုံက-

ဗြာဟ္မဏ တယာ ကတော အဂ္ဂိ အတိသီတလော၊
မမ သရီရေ လောမကူပမတ္တမ္ပိ ဥဏှံ ကာတုံ န
သက္ကောတိ၊ ကိံ နာ မေ+တံ။

ဗြာဟ္မဏ= ဗြာဟ္မဏ်နွယ်ဖွား အို-ဆရာပုဏ္ဏား။ တယာ ကတော= အသင်ဆရာပုဏ္ဏား ပြုအပ်သော။ အဂ္ဂိ= မီး သည်။ အတိသီတလော= အလွန်အေး၍နေပါ၏။ မမ သရီရေ= အကျွန်ုပ်၏ ကိုယ်၌။ လောမကူပမတ္တမ္ပိ= မွေး ညင်းတွင်းကလေး တစ်တွင်းမျှလောက် ကိုပင်။ ဥဏှံ= ပူအောင်။ ကာတုံ= ပြုခြင်းငှာ။ န သက္ကောတိ= မစွမ်း နိုင်။ တံ= ဤသို့ ဖြစ်ရခြင်းသည်။ ကိံ နာမ= ဘယ်လို ဟာလဲ၊ ဘာဖြစ်တာလဲလို့ ဆိုမှ သိကြားမင်းက-

သသပဏ္ဍိတ နာ+ဟံ ဗြာဟ္မဏော၊ သက္ကော+ဟ+
မသ္မိ၊ တဝ ဝီမံသနတ္ထာယ အာဂတော+မှိ။

တတိယအကြိမ်

http://www.dhammadownload.com



သသပဏ္ဍိတ = ယုန်ပညာရှိ။ အဟံ = ငါသည်။ န ဗြာဟ္မဏော = ပုဏ္ဏားမဟုတ်ပါ။ (ပြော၍ သူရဲ့သိကြားကိုယ်ကို ထင်စွာပြပြီး) အဟံ = ငါသည်။ သက္ကော = နတ်တို့သခင်နှင်း သိကြားမင်းသည်။ အသ္မိ=ဖြစ်ပါ၏။ တဝ = အသင်ယုန်မင်းအား။ ဝီမံသနတ္ထာယ= တကယ်လှူဝံ့/မလှူဝံ့ စုံစမ်းရန် အလို့ငှာ။ အာဂတော= လာရောက်သည်။ အမှိ= ဖြစ်ပါ၏။

ပညာရှိယုန်မင်း၊ ကျွန်ုပ်သည် ပုဏ္ဏား မဟုတ်ပါ၊ ကျွန်ုပ်သည် နတ်တို့သခင်နှင်း သိကြားမင်းဖြစ်ပါတယ်။ အသင်ယုန်မင်းစိတ်ထဲက ကြံတဲ့အတိုင်း တကယ်လှူဝံ့ မလှူဝံ့ စုံစမ်းလို၍ ကျွန်ုပ်ရောက်လာတာပါ – လို့ ပြောတဲ့အခါ–

အလောင်းတော်ယုန်မင်း ပြန်ပြောပုံက–

သက္က တွံ တာဝ တိဋ္ဌ၊ သကလောပိ စေ လောက-သန္နိဝါသော မံ ဒါနေန ဝီမံသေယျ၊ နေဝ မေ အဒါတုကာမတံ ပဿေယျ။

သက္က = နတ်တို့သခင်နှင်း သိကြားမင်း။ တွံ = သင်သည်။ တာဝတိဋ္ဌ = ထားပါဦး။ (သိကြားမင်း တစ်ယောက်ထဲကို ထားပါဦး။) သ က လော ပိ = အလုံးစုံလည်းဖြစ်သော။ လော က သ န္နိ ဝါသော = နတ်လူ ဗြဟ္မာ သတ္တဝါ အပေါင်းသည်။ မံ = အ ကျွန်ုပ် ကို။ ဒါနေန = အလှူဒါနဖြင့်။ (ဝါ) အလှူဒါနနှင့်စပ်၍ တကယ် လှူဝံ့/မလှူဝံ့။ သစေ ဝီမံသေယျ=အကယ်၍

http://www.dhammadownload.com



စုံစမ်းငြားအံ့။ မေ=ငါ၏။ အဒါတုကာမတာံ=မလှူလို တဲ့ အဖြစ်ကို။ နေဝ ပဿေယျ=မမြင်မတွေ့နိုင်ပေရာ။

(သိကြားမင်း၊ အသင်တစ်ယောက်ထဲကို ထားပါဦး၊ လူရော နတ်ရော ဗြဟ္မာရော အားလုံးသတ္တဝါအပေါင်း အကုန်ပိုင်းပြီး ကျွန်ုပ် တကယ်လှူဝံ့/မလှူဝံ့ စုံစမ်း တောင်မှ အကျွန်ုပ်ရဲ့ မလှူလို တွန့်တိုတဲ့သဘောကို တစိုးတစိမျှ တွေ့ရမည်မဟုတ် …လို့ ရဲရဲတောက် ပြောတဲ့အခါ သိကြားမင်းက—

## လ ၌ ယုန်ရုပ် ရေးခြယ်ခြင်း

သသပဏ္ဍိတ တဝ ဂုဏော သကလကပ္ပံ ပါကဋော ဟောတု။ သသပဏ္ဍိတ=ပညာရှိယုန်မင်း။ ဟဝ=သင့်၏။ ဂုဏော=ဂုဏ်ကျေးဇူးသည်။ သကလကပ္ပံ=တစ်ကမ္ဘာ ပတ်လုံး။ ပါကဋော = ထင်ရှားသည်။ ဟောတု = ဖြစ် ပါစေ....။

(ပညာရှိယုန်မင်း၊ အသင်ရဲ့ ပရမတ္ထဒါနပါရမီ မြောက် ကျင့်ဆောက်ကြိုးကုတ် အားထုတ်တဲ့ ဂုဏ် ကျေးဇူးဟာ ဤကမ္ဘာပတ်လုံး ထင်ရှားရစ်ပါစေ''။ အဲဒီလိုဆိုပြီး သိကြားမင်းက တောင်အဆိကို နတ် တန်ခိုးဖြင့် ညှစ်ယူပြီး ကောင်းကင်က လ ရထား လ ဗိမာန်ကြီးမှာ ယုန်မင်းအရုပ် ရေးထားခဲ့တယ်။ ဒါ့ကြောင့် စာပေနယ်ပယ်မှာ ကောင်းကင်က လဗိမာန် ကို ပါဠိလို ''သသီ=ယုန်ရုပ်ရှိတဲ့ လ ဗိမာန်''လို့ ခေါ်တယ်။)

http://www.dhammadownload.com



## ငုံး + အိမ် + ကျူ + လ=ကပ္ပဋ္ဌိတိ ၄-မျိုး

ဤအရာဝယ် ကပ္ပဋ္ဌိတိ = ကမ္ဘာပတ်လုံး တည်တဲ့ အံ့ဖွယ် ၄-မျိုး ပဟုသုတဖြစ်ရန် ပြဆိုပါဦးအံ့။

(၁) "ငုံး" အလောင်းတော် ငုံးမင် ဝဋ္ဋကဇာတ်၌ သစ္စာပြုတဲ့ နေရာမှာ တစ်ကမ္ဘာပတ်လုံး မီးကင်းရှောင်တယ်။

(၂) အိမ်" ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ ဃဋိကာရ အိုးထိန်းသည်နှင့် မိ + ဘ-တို့နေတဲ့ အိမ်နေရာမှာ ဤကမ္ဘာပတ်လုံး မိုးဘယ်လောက်ရွာရွာ မိုးမစိုဘူး။ ဃဋိကာရအကြောင်း အနည်းငယ် ဖော်ပြပါဦးမည်။

ကဿပမြတ်စွာ သာသနာ ခေတ် တုန်း က ဃဋိကာရ ခေါ်တဲ့ အိုးဖုတ်သ ားသည် ဘုရားသာသနာနှင့် လွန်စွာရင်းနှီးတယ်။ တစ်နေ့သောအခါမှာ ကျောင်းတော်၌ မြက်မိုးကုဋီကျောင်းဆောက်တဲ့အခါသက်ငယ်အမိုး လိုတဲ့အတွက် ရဟန်းတော်များ ဃဋိကာရအိမ်က အမိုးကို သွားဖြုတ်ကြတဲ့အခါ မျက်မမြင် မိဘ ၂-ပါးက "တို့အိမ်မိုးကို လာဖြုတ်တာ ဘယ်သူတွေတုံး" လို့ မေးတဲ့အခါ "ကျောင်းက ကိုယ်တော်တွေပါ ဒကာကြီး၊ ဒကာမကြီးတို့...." လို့ ပြောကြတော့ မိဘ ၂-ပါး

http://www.dhammadownload.com



မျက်မမြင်များက ''ကျောင်းက ကိုယ်တော်တွေဆိုယင် ဖြုတ်ကြ ဖြုတ်ကြ'' လို့ ပြောကြတယ်။ မိသားတစ်စုပဲ ''တို့အိမ် မိုးစိုချည်ရဲ့+နေပူချည်ရဲ့'' လို့ မတွက်ကြဘူး။

ဃဋီကာရအိုးထိန်းသည်သား တောထဲကပြန်လာတဲ့အခါ ''အမေတို့.... အဖေတို့.... ဘာဖြစ်ကြတာလဲ''လို့ မေးတော့–

''သားရေ....၊ မင်းကျောင်းက ကိုယ်တော်တွေ မြက်မိုးကုဋီကျောင်း ဆောက်လုပ်ရာမှာ အမိုးသက်ငယ်မလောက်လို့တဲ့၊ မင်းအိမ်ကအမိုးကို လာဖြုတ်ကြတယ်''လို့ ပြောကြတော့ ဃဋီကာရကလဲ အလွန်ပင် ဝမ်းမြောက်ဟယ်။ အဲဒီလို သူတို့ မိသားတစ်စုရဲ့ စေတနာ ဒါလောက်ထက်သန်တဲ့ စေတနာကြောင့်၌ ဘဒ္ဒကမ္ဘာပတ်လုံး ဃဋီကာရအိုးထိန်းသည် မိသားစုတို့နေခဲ့တဲ့ နေအိမ် နေရာမှာ အပြင်ဘက်၌ ဘယ်လောက်ပဲ မိုးရွာရွာ မိုးမစိုဘူး။

(၃) ''ကျူ'' နဠပါနဇာတ်လာ ဒကရက္ခဘီလူး စောင့်ကဲ့ ရေကန်နားက ကျူပင်ကျူရိုးတို့လဲ ဒီ ဘဒ္ဒကမ္ဘာပတ်လုံး အဆစ်မပါ အခေါင်း တစ်ခုတည်းဖြင့် တည်ရှိကြလိမ့်မယ်။

အေး....၊ နဠပါနဇာတ်မှာ ဘုရားအလောင်း မျောက်မင်း အခြွေအရံ မျောက်အုပ်ကြီးနှင့် အတူ

http://www.dhammadownload.com



တကွ ဒကရက္ခဘီလူး စိုးအုပ်တဲ့ ရေကန်နား ရောက်သွားတော့ အလောင်းတော်က မျောက်အုပ်ကြီးနှင့်အတူ ရေသောက်ချင်လို့ အတူပါမျောက်များကို "သင်တို့ဘယ်သူမှ ကန်ထဲကို မဆင်းကြနှင့်ဦး၊ ငါ အကဲခတ်ကြည့်ဦးမယ်" ဆိုပြီး ရေကန်ပတ်လည် လှည့်၍ကြည့်တဲ့အခါ ရေကန်တွင်း ဆင်းတဲ့ခြေရာသာ တွေ့မြင်ရ၍ ပြန်တက်တဲ့ခြေရာကို မတွေ့ရဘူး၊ အလောင်းတော် မျောက်မင်းက "အချင်းတို့....၊ ဒီရေကန်မှာ ဒကရက္ခဘီလူး ပေါ်ငံ့ဟာပဲ၊ ဆင်းတဲ့သူတိုင်းကို သူစားတယ်၊ ငါတို့မျောက်တွေ ဆင်းယင်လဲ စားမှာပဲ၊ မဆင်းကြနဲ့" ဆိုတော့ အားလုံး မျောက်တွေ ငြိမ်နေကြတယ်။

ထိုအခါ ဒကရက္ခ—ရေစောင့်ဘီလူး ရေထဲက ဘွားကနဲ ပေါ်လာပြီး "အရှင်မျောက်မင်း၊ ရေဝတ် လျှင် ကန်ထဲ ဆင်းသောက်ပါ" ဆိုတော့ အလောင်းတော် မျောက်မင်းက—

"ခြော် ဘယ်မှာ ဆင်းမှာလဲ၊ သင့်ကန်ကို သင် ပိုင်တာ၊ တို့တွေ ဒီကန်ကဲဆင်းလျှင် အားလုံးကို သင်စားမည်ကို ငါသိတယ်" လို့ အလောင်းတော် မျောက်မင်းက ပြောတယ်။

ဒကရက္ခဘီလူးက "မဆင်းလျှင် ရေဝတ်ကုန်မှာ ပေါ့" လို့ ပြောတော့—

အလောင်းတော်မျောက်မင်းက "ဒကရက္ခဘီလူး၊ ငါကား ဉာဏ်ရှိသူတ ယောက်ဖြစ်လို့ သင့်ကန်သို့

http://www.dhammadownload.com



မဆင်းပဲ ငါရေသောက်ရအောင် ပြုလုပ် မယ်'' ဆိုပြီး—

အလောင်းတော် မျောက်မင်းက ''ရေကန်ပတ်ပတ်လည်မှာ ပေါက်နေတဲ့ ကျူပင်တွေထဲက ကျူတစ်ပင်ကို နုတ်ကြစမ်း'' ဆိုပြီး အားသန်သန်မျောက်နှစ်ကောင်လောက်ကို အနုတ် ခိုင်း တယ်။ နုတ်ပြီး ယူလာတဲ့အခါ ကိုယ်တော်ရဲ့ သဗ္ဗညုတဝါတွေအပေါ်မှာ ကြီးစွာမေတ္တာထားကြောင်း သစ္စာဆိုပြီး ခံတွင်းဖြင့် ကျူရိုးကိုမှုတ်လိုက်တဲ့အခါ ကျူပင်ကြီးတစ်ပင်လုံး ပြောင်းကြီး ပိုက်လုံးကြီးလို ဖြစ်သွားတယ်။ အ ဆစ် တွေ အ ကုန် ပျောက် ကုန် တယ်။ အလောင်းတော်က မျောက်တစ်ကောင်လျှင် ကျူတစ်ရိုးကျ မှုတ်မှုတ်ပေးလို့ အဲဒီကျူရိုးတွေနဲ့ ရေကန်ပေါင်ပေါ်ကနေပြီး မျောက်တစ်အုပ်လုံး စုပ်၍စုပ်၍ ရေသောက်ကြရတယ်။ ရေကန်ထဲမဆင်းလို့ ဒကရက္ခသီလူးလဲ စားခွင့်မရဘူး။ အေး.... ဘုရားအလောင်းမျောက်မင်း သစ္စာဆိုပြီး ကျူပင်ကိုမှုတ်ခဲ့တဲ့ ဒကရက္ခသီလူး စိုးအုပ်တဲ့ ရေကန်ပေါင်မှာ ပေါက်ရောက်တဲ့ ကျူပင်များလဲပဲ ဤ ဘဒ္ဒကမ္ဘာပတ်လုံး အခေါင်းပေါက် တစ်ပေါက်တည်း ဖြစ်၍နေတယ်၊ ကပ္ပဋ္ဌိတိတစ်ပါး။ ။

(၄) ''လ'' လဗိမာန်၌ သိကြားနှိပ်ခဲ့တဲ့ ယုန်ရုပ်သဲပဲ ဒီ ဘဒ္ဒကမ္ဘာပတ်လုံး ကည်မယ်။

**(ကပ္ပဋ္ဌိတိလေးပါး စုံသွားပြီ)။**

http://www.dhammadownload.com



အေး.... အလောင်းတော်ယုန်မင်းရဲ့ ဂုဏ်ကျေးဇူး ထင်ရှားအောင်ဆိုပြီး လ-ဗိမာန် မှာ သိကြားမင်း တောင်ဆီမင်ဖြင့်နှိပ်ခဲ့တဲ့ ယုန်ရိပ်ကို ယနေ့တိုင် မြင်ကြရတယ်။ လဗိမာန်နားရောက်တဲ့ ဇုဒ္ဓိရှင် သိပ္ပံပညာရှင်တွေကတော့ မျက်ဝါးထင်ထင် တွေ့ကြ မြင်ကြ သိကြရတယ်။

ပြီးတော့မှ သိကြားမင်းက မီးပုံထဲက အလောင်းတော်ယုန်မင်းကို တရိုကသေ ပွေ့ချီပြီး သူ့နေတဲ့ ချုံပုတ်ကလေးအရိပ်မှာ သိပ်ပြီး သိကြားမင်းပြန်သွားတယ်။

ဇာတ်သိမ်း

တေပိ စတ္တာရော ပဏ္ဍိတာ သမဂ္ဂါ သမ္မောဒမာနာ သီလံ ပူရေတွာ ဒါနံ ဒတွာ ဥပေါသထကမ္မံ ကတွာ ယထာကမ္မံ ဂတာ။

တေပိ စတ္တာရော ပဏ္ဍိတာ = ထိုပညာရှိ သူငယ်ချင်းလေးဦးသားတို့လဲပဲ။ (ယာဝဇီဝံ=အသက်ထက်ဆုံး။) သမဂ္ဂါ=ညီညွတ်ကုန်လျက်။ သမ္မောဒမာနာ= နှစ်လိုအားရမ်း ဝမ်းမြောက်ကြကုန်လျက်။ သီလံ ပူရေတွာ=သီလကို ဆောက်တည် ဖြည့်ကျင့်ကြ၍ လည်းကောင်း။ ဒါနံ ဒတွာ= အလှူဒါန ပေးလှူကြ၍လည်းကောင်း။ ဥပေါသထကမ္မံကတွာ= ဥပုသ်စောင့်သုံးခြင်းအမှု ပြုကြ၍ လည်းကောင်း။ ယထာကမ္မံ=ကံအားလျော်စွာ။ ဂတာ=ဂတိငါးသွယ် လားစဖွယ်မှာ ထိုက်ရာထိုက်ရာ လားသွားကြလေပြီ။

တတိယအကြိမ်

http://www.dhammadownload.com



အေး....၊ ဒါ ဘဝဇာတ်သိမ်းတာပဲ။ တစ်သက်လုံး တစ်ကောင်နဲ့တစ်ကောင် ခိုက်ရန် ဖြစ်ခဲ့မှုမရှိ၊ ညီညီ ညွတ်ညွတ် ဝမ်းပန်းတသာနေကြ၍ ဒါန၊ သီလ၊ အဋ္ဌင်္ဂ ဥပုသ်များကို သူ့ရက်နဲ့သူ စောင့်သုံး လှူဒါန်းပေး ကမ်းကြပြီး စုတေတဲ့အခါ ကံ အားလျော်စွာ လား ရောက်ကြရတယ်လို့ ဇာတ်တော် ပေါင်းပြ သိမ်းပြ တော်မူတယ်။

ဇာတ်တော် ပေါင်းခါနီးကျတော့ မြတ်စွာဘုရားက တရားနာခံဖြစ်တဲ့ သဗ္ဗပရိက္ခာရဒါနဒါယကာ သူဌေး ရဲ့စိတ်ကို စေတောပရိယ အဘိညာဏ်နဲ့ ကြည့်လိုက် တော့ သူဌေးရဲ့စိတ်မှာ တရားနာရ နှလုံးသွင်းရလို့ ကာမစ္ဆန္ဒ ဗျာပါဒ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဆိုတဲ့ နီဝရဏတရား ငါးပါးတို့ကို ဝိက္ခမ္ဘနပဟာန်ဖြင့် ပယ်ရှားထားပြီးဖြစ်လို့ သူဌေးရဲ့ စိတ်သည် အညစ် အကြေးကင်းပြီး–

၁။ ကလ္လစိတ္တ=သစ္စာလေးပါးတရားကို ခံယူနိုင်တဲ့ ဂုဏ်၊

၂။ မုဒုစိတ္တ= ရွှေကောင်းလျှင် ဆွဲတိုင်းထင်၊ ငင် တိုင်းရသလို စိတ်နှလုံး လွန်စွာလွန်စွာ နူးညံ့ နေခြင်းဆိုတဲ့ ဂုဏ်၊

၃။ ဝိနီဝရဏစိတ္တ=စိတ်အစဉ်မှာ ဈာန် မဂ်ဖိုလ်ရဲ့ အဟန့်အတားတွေ ကင်းနေခြင်းဆိုတဲ့ ဂုဏ်၊

http://www.dhammadownload.com



၄။ ဥဒဂ္ဂစိတ္တ=သူရဲ့စိတ်မှာ ပီတိတွေ ရွှန်းရွှန်းဝေပြီး အင်တန်တက်တက်ကြွကြွ ဖြစ်ခြင်း ဆိုတဲ့ ဂုဏ်၊

၅။ ပသန္နစိတ္တ= ဝိဝိကိစ္ဆာ ကင်းကွာနေလို့ အတွက် စိတ်အစဉ် အမြွန်ကြည်လင်နေခြင်းဆိုတဲ့ဂုဏ်၊ ဤဂုဏ်ငါးပါးနှင့် ပြည့်စုံနေတယ်။

ဤအချိန်မှာ သစ္စာလေးပါး တရားဟောပြလိုက်လျှင် ဖျက်မရအောင်သိတဲ့ အရိယာမဂ်ဉာဏ်ဖြင့်နဲ့ သိသွားနိုင်တယ်။ ဤအခြေအနေသို့ရောက်သည်ကို သိတော်မူလို့ မြတ်စွာဘုရားက ဓမ္မစကြာမှာ လာတဲ့နည်း အတိုင်း သစ္စာလေးပါးတရားကို ဟောကြားတော်မူတယ်။

ဒုက္ခံ ခေါ ပန (ဂဟပတိ) ဒုက္ခံ အရိယသစ္စံ၊ ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊ မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။

(ဓမ္မစကြာမှာလာတဲ့ ဒုက္ခသစ္စာကို ဖော်ပြတဲ့ စာပိုဒ်ထဲမှာ (ဘိက္ခဝေ)ကိုဖြုတ်၍ ဘိက္ခဝေနေရာမှာ ဂဟပတိလို့ အာလုပ်ထားပြီး သစ္စာလေးပါးကို ဖော်ပြတဲ့ စာလေးပိုဒ် လေးစုကို မြတ်စွာဘုရား ဟောကြားတော်မူတယ်လို့ မှတ်ယူရမည် ဖြစ်ပါတယ်။ ထိုသူဌေးသည် အကယ်၍ တိက္ခပညာပုဂ္ဂိုလ်ဖြစ်ခဲ့လျှင် ဤကဲ့သို့ အကျဉ်း ဒေသနာဖြင့်ပင် အရိယာမဂ်ဖိုလ်သို့ ရောက်နိုင်တယ်။

ကတ်ပေအကြိမ်

http://www.dhammadownload.com



အကယ်၍ သူဌေးသည် ဉာဏ်ပညာနှံ့သော မန္တပည ပုဂ္ဂိုလ် ဖြစ်ခဲ့လျှင် ဒီအကျဉ်း စာ လေးပိုဒ်ကိုတော့ လက် လွှတ်၍မရဘူး၊ ဒီအကျဉ်းပြ စာလေးပိုဒ် လေးပုဒ်တို့ကို အကျဉ်းပြ မာတိကာသဘောထားပြီး မဟာသတိပဋ္ဌာန သုတ်မှာလာတဲ့ သစ္စပဗ္ဗအတိုင်း—

ကတမာ စ (ဂဟပတိ) ဇာတိ၊ ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော၊ အယံ ဝုစ္စတိ (ဂဟပတိ) ဇာတိ။

(ဤသို့ အစရှိသည်ဖြင့် မဟာသတိပဋ္ဌာနသုတ် ပါဠိ တော်ရင်း (ဘိက္ခဝေ)နေရာ၌ (ဂဟပတိ)ဟု ပြောင်း ဟောလို့ သစ္စာလေးပါး တရားလဲဆုံးရော ထိုသူဌေး လဲသစ္စာလေးပါး တရားတို့ကို သူတဖက်သား ဘယ် နည်းဖြင့်မှ ဖျက်၍မရသော အသိဉာဏ်မျိုးဖြင့် သိသွား တယ်။ ထိုသို့ သူတပါးဖျက်၍မရသော အသိဉာဏ်မျိုး ကို အရိယမဂ်ဉာဏ်ဖြင့် သိခြင်း–ဟူ၍ ခေါ်၏။

ပုထုဇန်များအနေနဲ့က ယခု တရားနာတုန်း ဒုက္ခ ဟူ၍ သိသော်လဲ တော်တော်ကြာလျှင် ဒီဒုက္ခကိုပဲ သုခလို့ ထင်တတ်သေးတယ်။ သမုဒယသစ္စာ တဏှာ လောဘဟာ ဒုက္ခရဲ့အကြောင်းပဲလို့ ယခု တရားနာ တုန်းသိပေမယ်လို့ အခြား တစ်ဦး တစ်ယောက် က ''ဘယ် ဒုက္ခရဲ့အကြောင်း ဟုတ်ရမှာလဲ၊ ဒီလောဘ

http://www.dhammadownload.com



တကျော့ ရှိလို့မို့ တိုတတွေ သာယာနိုင်တာ'' စသည်ဖြင့် ညာလိုက် လှိုင်းလိုက်လျှင် အသိဉာဏ် ပျက်သွားနိုင်တယ်။ အရိယမဂ်ဉာဏ်နဲ့သိတဲ့ ပုဂ္ဂိုလ်ကိုတော့ ဘယ်လိုနည်းနှင့်မှ ဖျက်လို့မရဘူး။ ယခု သဗ္ဗပရိက္ခာရဒါနသူဌေးဟာ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သစ္စာလေးပါးတို့ကို ဖျက်၍မရသော အသိဉာဏ်မျိုး ပေါက်ရောက်ကာ သောတာပန် အရိယာ အဖြစ်သို့ ရောက်ခဲ့ပြီ။)

သတ္တာ=လူနတ်တို့ဆရာ မြတ်စွာဘုရားသည်။ ဇုမံဓမ္မဒေသနံ=ဤ သသပဏ္ဍိတဇာတ် တရား ဒေသနာတော်မြတ်ကို။ အာဟရိတွာ=ထုတ်ဆောင် ဟောပြပြီးသကာလ။ သစ္စာနိ=သစ္စာ လေး ပါး တို့ ကို။ ပကာသေတွာ-ပကာသေသိ= အထင်အရှား ဟောကြား ပြသတော်မူပြီ။

(သစ္စာလေးပါးပြတယ်ဆိုတာ ခေတ်ပုံကြီးလေးပုံကိုကိုင်ပြတဲ့ အပြမျိုးမဟုတ်ဘူး၊ သစ္စာလေးပါးကို နားလည်အောင်ဟောပြတာ။ အေး တိက္ခပညာပုဂ္ဂိုလ် ဖြစ်လျှင် ဓမ္မစကြာလာအတိုင်း ဟောတာ၊ မန္ဒပညာပုဂ္ဂိုလ်ဖြစ်လျှင် ဓမ္မစကြာအလာကို မာတိကာထားပြီး မဟာသတိပဋ္ဌာနသုတ္တန် ဓမ္မာနုပဿနာ သစ္စပဗ္ဗအခန်းလာ သဘောသွားအတိုင်း အကျယ်ချဲ့ထွင် ဟောကြားတော်မူတယ်။)

ဗုဒ္ဓဘာသာဝင် မြန်မာ လူ မျိုး တစ် ဦး အနေဖြင့် စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ လိုပါလျှင်—

တတိယအကြိမ်

http://www.dhammadownload.com



(၁) ပဋိသန္ဓေ၊ အို, နာ, သေ ဟု၊ ဝေးထွေ ရင်းမြစ်၊ ဒုက္ခဖြစ်၏၊ မချစ်ယှဉ်တွဲ၊ ချစ်သူကွဲ နှင့်၊ လိုလဲမရ၊ အကျဉ်းပြသော်၊ ပဉ္စဥပါဒါ၊ ငါးခန္ဓာ သစ္စာ ဒုက္ခ မှန်မေလာ။

(ဤသို့ ရွတ်ဆို၍ ဖြည်းဖြည်း သဘော ပေါက်အောင် စဉ်းစား၍ ကြည့်ပါ၊ ထို့နောက်မှ)–

(၂) ဒုက္ခဖြစ်ကြောင်း၊ မကောင်းတဏှာ၊ ယောဘ မှာ၊ သစ္စာ သမုဒယ မှန်မေလာ။

(၃) တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ၊ သစ္စာ နိရောဓ မှန်မေလာ။

(၄) နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသောအသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်း သော့အပြု၊ ကောင်းမှုသက်မွေး၊ ကောင်း ရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိ တည်ကြည်၊ ဤရှစ်မည်၊ တွင်ညီမဂ္ဂ မှန်မေလာ။

(ဤ လင်္ကာ = ၄–ပိုဒ်တို့ကို အရဆောင်ထား၍ သဘောသွားကို မပြတ်နှလုံးသွင်းပါလေ။ ဝိပဿနာ ဉာဏ် အမြင် အောင်အောင် မြောက်မြောက် ဖြစ်ရန် အတွက်ကတော့ ဒုက္ခ(နှင့်)သမုဒယ = သစ္စာ ၂–ပါး တို့၏ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံကို အမြဲ နှလုံးသွင်း ပွားများရပါမယ်၊ ပွားများပုံက)–

တတိယအကြိမ်

http://www.dhammadownload.com



(က) သစ္စာဒုက္ခ၊ ထိုဓမ္မကား၊ ခဏာဖြစ်လျက်၊ ခဏာပျက်၏။ ဖြစ် ပျက် နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်၊ မြဲ၊ ကျောချမ်း၊ နှစ်မပါဘူး။ ပညာစက္ခု၊ မျှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမျှ၊ မပါတ်ကြသည့် ဓမ္မ သက်သက် ပါတကား။

(ခ) သစ္စာသမုဒယ၊ ထိုဓမ္မလည်း၊ ခဏဖြစ်လျက်၊ ခဏာပျက်၏။ ဖြစ် ပျက် နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တစ်ရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင် မြဲ ကျောချမ်း၊ နှစ်မပါဘူး။ ပညာစက္ခု၊ မျှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခ အနတ္တာ၊ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမျှ၊ မပါတ်ကြသည့်၊ ဓမ္မ သက်သက်ပါတကား။

(ဤကဲ့သို့ အမြဲနှလုံးသွင်း ပွားများနေလျှင်၊ ထိုသူသည် စတုသစ္စကမ္မဋ္ဌာန်းကို မီးဖြန်နေသူ မည်ပါတယ်။)

မီးကို ကြည့်ဖန်များလျှင် စိတ်ထဲ၌ ပူသကဲ့သို့၊ ဒုက္ခ (နှင့်) ဒုက္ခသမုဒယ = သစ္စာ ၂-ပါးတို့ကို ဆင်ခြင်ကြည့်ရှုဖန် များလာလျှင် စိတ်ထဲ၌ မီးပုံကြီး ၂-ပုံကို ကြည့်ရသလို ပူချင်သယောင်ယောင် ဖြစ်လာနိုင်တယ်၊ ထိုအခါ မီးကြည့်လို့ ပူလာလျှင် စမ်းရေကြည်ကို

http://www.dhammadownload.com



ကြည့်သကဲ့သို့ ဒုက္ခ (နှင့်) သမုဒယ = သစ္စာ ၂-ပါးတို့ကို ဆင်ခြင် ကြည့်ရှုလေ့မှုအား၍ စိတ်ထဲ၌ မီးပုံကြီး ၂-ပုံကို ကြည့်ရသလို ပူချင်သယောင်ယောင် ဖြစ်လာခဲ့လျှင်—

တဏှာချုပ်ရာ၊ နိဗ္ဗာန်မှာ။ သစ္စာ နီရောဓ မှန်မဖောလှ။

နိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းသော အသိ၊ ကောင်းဘိအကြံ၊ ကောင်းသံဆိုပြော၊ ကောင်းသောအပြု၊ ကောင်းမှုသက်မွေး၊ ကောင်းရေးလုံ့လ၊ ကောင်းထသတိ၊ ကောင်းဘိတည်ကြည်၊ ဤ ရှစ်မည်၊ တွင်ညီမဂ္ဂ မှန်မဖောလှ။

ဤကဲ့သို့ ရွတ်ဆို၍ စိတ်နှလုံးအေးချမ်းအောင် ဆင်ခြင်ရပါမည်။ ဤအရာ၌ ဝိသုဒ္ဓိမဂ်ကျမ်းမှာ (၁) ခန္ဓာ၊ (၂) အာယတန၊ (၃) ဓာတ်၊ (၄) သစ္စာ၊ (၅) ဣန္ဒြေ၊ (၆) ပဋိစ္စသမုပ္ပါဒ်-လို့ ပညာဘူမိ= ဝိပဿနာဉာဏ် ပညာရဲ့ဖြစ်ရာ ကျက်စားရာ စားကျက်ကြီး ၆-မျိုးတို့ ကို ဖွင့်ပြထားပါတယ်။

ပဉ္စဝဂ္ဂီ မထေရ်ငါးပါးတို့သည် အနတ္တလက္ခဏာသုတ် ကို ထောက်ထား၍ ခန္ဓာကမ္မဋ္ဌာန်းနဲ့ ရဟန္တာ ဖြစ်ကြ တယ်-လို့ သိရပါမယ်။

ဥရုဝေလ ကဿပညီနောင် သုံးဦးတို့ ခေါင်းဆောင် တဲ့ တစ်ထောင်သော ရှင်ရသေ့တို့သည် အာယတန ကမ္မဋ္ဌာန်းနဲ့ (တစ်နည်း) ဓာတ် ၁၈-ပါး ကမ္မဋ္ဌာန်းနဲ့

http://www.dhammadownload.com



ရဟန္တာ ဖြစ်ကြတယ်လို့ အာဒိတ္တပရိယာယ သုတ်ကို ထောက်ထား၍ သိရပါမယ်။ (ထို့ကြောင့် ထယ်တိ ဆရာတော်ဘုရားကြီးက မိမိရေးသားတဲ့ အာယတန ယက်ာထဲမှာ အာဒိတ္တသုတ်ကို ထုတ်ဖော်ပြထားတယ်)။

အရှင်ကောဏ္ဍည မထေရ်မြတ်ကြီး ဓမ္မစကြာတရား နာရလို့ သောတာပန်ဖြစ်တယ် ဆိုရာမှာ တရားနာနေ ရင်း သစ္စကမ္မဋ္ဌာန်းစီးဖြန်းလို့ သောတာပန် ဖြစ်တော် မူတာပါ။

မဟာပဒါနသုတ်ကို ထောက်၍ ဘုရားအလောင်း တော်တိုင်းသည် ပဋိစ္စသမုပ္ပါဒ် ကမ္မဋ္ဌာန်းဖြင့် သဗ္ဗညုတ ဉာဏ်အထွတ်တပ်သော သမ္မာသမ္ဗောဓိဉာဏ်သို့ ရောက် တော်မူကြကြောင်းကို သိရပါတယ်။

အေး....၊ ယခု သမ္ဗပရိက္ခာရဒါန သုတ္တေးကျတော့ တရားနာရင်း စတုသစ္စကမ္မဋ္ဌာန်းကို စီးဖြန်း နှလုံးသွင်း တဲ့အတွက် သောတာပတ္တိဖိုလ်သို့ ရောက်တယ်ဆိုတဲ့ အကြောင်းကို အဋ္ဌကထာက ဤကဲ့သို့ ဖော်ပြတယ်။

သတ္ထာ=လူနတ်တို့ဆရာ မြတ်စွာဘုရားသည်။ ဓမ္မံ ဓမ္မဒေသနံ=၌ သသပဏ္ဍိတဇာတ် ဒါနပရမတ္ထ ပါရ မီကို ဖော်ပြတဲ့ တရား ဒေသနာတော် မြတ်ကို။ အာဟရိတွာ= ထုတ် ဆောင် ဟော ပြ၍။ သစ္စာနိ= သစ္စာလေးပါးတို့ကို။ ပကာသေတွာ-ပကာသေသိ= အထင်အရှား ဟော ကြား ပြ သ တော် မူ သေ ပြီ။

http://www.dhammadownload.com



ပကာသေတွာ = ဟော ကြား ပြ သ တော် မူ ပြီး မှ။ ဇာတကံ=ဇာတ်တော်ကို။ သမောဓာနေသိ=ပေါင်း၍ ဆက်၍ စပ်၍ ပြသတော်မူလေပြီ။ သစ္စပရိယော- သာနေ=သစ္စာလေးပါး တရားဒေသနာတော် ဆုံး လတ်သောအခါ၌။ သဗ္ဗပရိက္ခာရ ဒါနဒါယကော= ပရိက္ခရာဥဿုံ အလုံးစုံလှူသည့် အလှူ့ဒါယကာ ဖြစ် သော။ ဂဟပတိ=သူဌေးသည်။ သောတာပတ္တိ- ဖလေ= သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ= တည်လတ် ပြီ သူတော်ကောင်းတို့....။

ဇာတ်တော်ကို ဘယ်လိုပေါင်းပြသလဲ ဆိုတော့-

ဂဟပတိ=ဒါယကာသူဌေး။ တဒါ= ထိုစဉ်အခါ ၌။ ဥဒ္ဒေါ=ဖျံပညာရှိသည်။ ဇာနိ=နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ အာနန္ဒော=ငါဘုရား၏ ညီဖွား အာနန္ဒာ မထေရ်သည်။ အဟောသိ=ဖြစ်လတ်ပြီ။

ဂဟပတိ= ဒါယကာသူဌေး။ တဒါ= ထိုစဉ်အခါ ၌။ သိင်္ဂါလော= မြေခွေးပညာရှိသည်။ ဇာဒါနိ= နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ မောဂ္ဂလ္လာနော= ငါ ဘုရား၏ လက်ဝဲရံ မောဂ္ဂလ္လာန် မ ထေ ရ် သ ည်။ အဟောသိ=ဖြစ်လတ်ပြီ။

ဂဟပတိ=ဒါယကာသူဌေး။ တဒါ= ထိုစဉ်အခါ ၌။ မက္ကဋော=ပညာရှိမျောက်သည်။ ဇာဒါနိ=နောက် ဆုံး ပစ္ဆိမ ဤဘဝ၌။ သာရိပုတ္တော= ငါဘုရား၏ လက်ယာရံ သာရိပုတြာမထေရ်သည်။ အဟောသိ= ဖြစ်လတ်ပြီ။

http://www.dhammadownload.com



**ဂဟပတိ= ဒါယကာ သူဌေး....။ တဒါ= ထိုစဉ် အခါ၌။ သက္ကော= ပုဏ္ဏားယောင် ဆောင်တဲ့ သိကြားမင်းသည်။ ဧဒါနိ=နောက်ဆုံး ပစ္ဆိမ ဤဘဝ၌။ အနုရုဒ္ဓေါ= ငါဘုရား၏ မဟာသာဝက အနုရုဒ္ဓါ မထေရ်သည်။ အဟောသိ= ဖြစ်လတ်ပြီ။**

ဂဟပတိ=ဒါယကာ သူဌေး။ တဒါ=ထိုစဉ်အခါ၌။ သသပဏ္ဍိတော ပန = ယုန်ပညာရှိသည်ကား။ ဧဒါနိ= နောက်ဆုံးပစ္ဆိမ ဤဘဝ၌။ အဟမေဝ= လူသုံးပါးတို့၏ဆရာ ဘုရားငါသာလျှင်။ အဟောသိံ=ဖြစ်လတ်ပြီ (သို့)။ ဣတိ=ဤသို့။ ဇာတကံ= ဇာတ်တော်ကို။ သမောဓာနေသိ=ပေါင်းရွှ ဆက်၍ စပ်၍ ပြသတော်မူလေပြီ သူတော်ကောင်းတို့....။

ဤတွင် ဒါနပရမတ္ထပါရမီကို ဖော်ပြသည့် သသပဏ္ဍိတဇာတ် ပြီးပါပြီ။

---

http://www.dhammadownload.com



## နိဂုံးဆုတောင်း

ဤသို့လျှင် သဗ္ဗပရိက္ခာရဒါနကို အကြောင်းပြု၍ ဟောကြားအပ်သော သသပဏ္ဍိတဇာတ် တရားတော်မြတ်ကို နာကြားရခြင်း = ဓမ္မဿဝနကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလ ဆောက်တည်ကြရခြင်း= သီလမယကောင်းမှု ကုသိုလ်ကံ စေတနာ၊ သစ္စလေးပါး အရှုခံထား၍ တရားနှလုံး ကျင့်သုံးရခြင်း တည်းဟူသော=ဘာဝနာမယကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့ ပေါင်းအပ် များမြတ်သောကောင်းမှု ကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ''ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်းပြည်နိဗ္ဗာန်'' ဆိုတဲ့အတိုင်း ဒုက္ခခပ်သိမ်းတို့ ချုပ်ရာ ပြတ်ရာ ငြိမ်းရာ သံသရာ ဇာတ် သိမ်း ရာ ဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို မ ပင် မ ပန်း ချမ်းသာလွယ်ကူသော အကျင့်ပဋိပတ်၊ လျှင် မြန် သော ဝိပဿနာအသိဉာဏ်၊ ရည်သန်ပန်ထွာ တောင့်တအပ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက်ကျွန်ုပ်တို့ တရားဟော တရားနာ ပုဂ္ဂိုလ် တစ်စု မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိစိတ်မှ အခြားမဲ့ဖြစ်သော နောက်ကာလ၌ သုံး ဆယ့် တစ် ဘုံ တို့ တွင် ဘယ်ဘုံမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ္ဋမီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းတည်းဟူ

တတိယအကြိမ်

http://www.dhammadownload.com



သော အနုပ္ပါဒနိရောဓ၊ ယင်းကိုပင် ခေါ်တဲ့ ခန္ဓပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။ ယင်းသို့ အနုပ္ပါဒနိရောဓ=ခန္ဓပရိနိဗ္ဗာန်ကိုယ်စီစံရသဖြင့် ကမ္မဝဋ္ဋ ကိလေသဝဋ္ဋ ဝိပါကဝဋ္ဋ တည်းဟူသော ဝဋ္ဋဒုက္ခခပ်သိမ်း သံသရာမီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

သသပဏ္ဍိတဇာတ် တရားတော် ပြီးပါပြီ။

---

http://www.dhammadownload.com

# သုမနသာမဏေရဝတ္ထု တရားတော်

**(ပါရမီကုသိုလ်ပြုမှုနှင့် ဆုတောင်းမှုကံကြောင့် ဆန်းကြယ်စွာ အကျိုးပေးပုံကို သိသဖြင့် ကုသိုလ်တရားကျင့်ကြံပွားများ နိုင်ကြစေခြင်းငှာ ရည်သန်ဟောကြားခြင်း။)**

ကောဇာသက္ကရာဇ် ၁၃၃၆ ခု၊ သာသနာတော် (၂၅၁၇) ခုနှစ်၊ ကဆုန်လဆန်း (၁၁) ရက်နေ့ညဉ့်၊ ရန်ကုန်မြို့၊ အမှတ် ၅၀၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်း ရပ်ကွက် ဒါယကာ+ ဒါယိကာမ ကြီး+ငယ်တစ်စုတို့က ဓမ္မဒါန=အမတဒါန ဒါယကာ+ ဒါယိကာခံကြ၍ ကျွန်းတောလယ်း သီလရှင်ဆရာကြီး ဒေါ်ဉာဏစာရီ ၏ ကျောင်းတိုက်အတွင်း ဓမ္မာရုံကြီး၌ ကျင်းပအပ်သော တရားပွဲ၌ ဟောကြားအပ်သည့် ဓမ္မပဒကျမ်းလာ သုမနသာမဏေကျော်၏ အကြောင်းအရာဝတ္ထု တရားတော်။

သုမနသာမဏေလို့ သာသနာတော်မှာ ကျော်ကြားတဲ့ သာမဏေကျော်ရဲ့ အကြောင်းအရာကို ကြည်ညို ကြည်ညိုကြရအောင်။

နီလ + ပီတ + လောဟိတ + ဩဒါတ + မဉ္ဇေဋ္ဌ + ပဘဿရ–ဆိုတဲ့ ရောင်ခြည်တော်ခြောက်သွယ်နှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ပုဗ္ဗာရုံကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူတဲ့ပုံကို အာရုံယူထားကြပါ၊ ဒီ သုမနသာမဏေကျော်ရဲ့အကြောင်း တရားနာလျှင် ဘုရားရှင်ကို သာဝတ္ထိပြည်

http://www.dhammadownload.com



ပြည်ရဲ့အရှေ့ဘက် ကျောင်းအမကြီး ဝိသာခါ ဆောက်လုပ်တဲ့ ''ပုဗ္ဗာရုံ'' ကျောင်းတော်မှာ သီတင်းသုံး နေတော်မူတဲ့ပုံကို အာရုံယူထားကြရပါမယ်။

တရားဒေသနာ ဂါထာရင်းမှာ–

ယော ဟဝေ ဒဟရော ဘိက္ခု၊
ယုဉ္ဇတိ ဗုဒ္ဓသာသနေ။
သော+မံ လောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တောဝ စန္ဒိမာ။

ဤကဲ့သို့ ဖြစ်ပါတယ်။

နောက်ကျတော့ အနက်အဓိပ္ပာယ် နားလည်လာကြပါလိမ့်မယ်။

### အရှင်အနုရုဒ္ဓါ၏အတိတ်ဝတ္ထု

အဋ္ဌကထာဆရာတော်က တရားဒေသနာ နိဒါန်းကို ဤကဲ့သို့ ဖျိုးပေးပါတယ်။

ယော ဟဝေတိ ဣမံ ဓမ္မဒေသနံ သတ္ထာ ပုဗ္ဗာရာမေ ဝိဟရန္တော သုမနသာမဏေရံ အာရဗ္ဘ ကထေသိ။

နှလုံးမွေ့လျော်ဖွယ် သူတော်ကောင်းတို့....၊ ''ယော ဟဝေ ဒဟရော ဘိက္ခု'' အစရှိသော ဤတရားဒေသနာ ဂါထာမြတ်ကို လူနတ်တို့ဆရာ မြတ်စွာဘုရားသည် သာဝတ္ထိပြည်ရဲ့ အရှေ့ဘက် ဝိသာ

http://www.dhammadownload.com



ခါ သူဌေးကတော် ဆောက်လုပ်လှူဒါန်းတဲ့ ပုဗ္ဗာရုံ ကျောင်း၌ သီတင်းသုံး နေတော်မူတဲ့ အခိုက် (၇) ခုနစ်နှစ် အရွယ် သာသနာတော်ဝယ် အငယ်ဆုံးဖြစ်တဲ့ သုမနသာမဏေကို အကြောင်းပြု၍ ဟောပါတယ်။

သုမနသာမဏေအကြောင်း ပြောလျှင် သူ၏ဆရာ အရှင်အနုရုဒ္ဓါ၏ အကြောင်းလဲ ပါရတယ်....။ အရှင် အနုရုဒ္ဓါ၏ အကြောင်းကို ပြောလျှင်လဲ မထေရ်၏ အဓိကာရကောင်းမှု ဆိုတဲ့ ဆုတောင်း ရှေးကောင်းမှုကိုလဲ ဖော်ပြရပါတယ်....။ ထိုသို့ ဖော်ပြရပါမူ—

ယနေ့ ဘဒ္ဒကမ္ဘာမှ ပဋိလောမအဆန် ပြန်၍ ရေတွက်လျှင် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က (နှစ်ကျိပ်ရှစ်ဆူအဝင်အပါ) ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူခဲ့တယ်....။ ထို ပဒုမုတ္တရမြတ်စွာ ထက်ထက်တော် အခါ ဟံသာဝတီမင်းနေပြည်၌ အရှင်အနုရုဒ္ဓါ အလောင်း အမျိုးကောင်းသားသည် ဥစ္စာစီး ပွားပေါများသော သူကြွယ်မျိုး၌ ဖြစ်၍ ထိုသူကြွယ်သည် ပဒုမုတ္တရမြတ်စွာဘုရားထံ တရားနာသွားသော တစ်နေ့ အခါ ပဒုမုတ္တရမြတ်စွာဘုရားက ရဟန်းယောကျ်ား+ ရဟန်းမိန်းမ+ဥပါသကာ+ဥပါသိကာ ဆိုတဲ့ ပရိသတ် ၄–ပါး အလယ်မှာ ရဟန်းတော်တစ်ပါးကို ''ဒိဗ္ဗစက္ခု တေဒဂ်ရာထူး = ဒိဗ္ဗစက္ခုအဘိညာဏ်ရှိကြတဲ့ တပည့် ရဟန်းတို့အနက် ဤရဟန်းသည် အမြတ်ဆုံး အသာဆုံး ပါပေ'' လို့ နှုတ်တော်မြွက်၍ ချီးကျူးတော်မူသည်ကို

http://www.dhammadownload.com



တွေ့ရတော့ အမျိုးကောင်းသား သူကြွယ်၏စိတ်ထဲမှာ အားကျပြီး ''ငါလဲပဲ ဒိဗ္ဗစက္ခု အဘိညာဏ် ရတဲ့ အရာမှာ အမြတ်ဆုံး အသာဆုံး မဟာသာဝကကြီး ဖြစ်ရန်'' ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် တရားပွဲပြီးဆုံးသော အခါ မြတ်စွာဘုရားအမှူးပြုသော သံဃာကို မိမိ၏ အိမ်၌ ခုနစ်ရက်ပတ်လုံး ဆွမ်းဘုဉ်းပေးကြွရန် ပင့် လျှောက်တယ်။

## ဒိဗ္ဗစက္ခု ဘေဒဂ်ဆုတောင်း

ပဒုမုတ္တရမြတ်စွာဘုရားက လက်ခံတော်မူ၍ ခုနစ်ရက် တိုင်တိုင် ထိုသူကြွယ်အိမ်၌ ဆွမ်းဘုဉ်းပေးပြီးသောအခါ ဆွမ်းဒါယကာ ထိုသူကြွယ်က–

ဘန္တေ အဟမ္ပိ အနာဂတေ ဧကဿ ဗုဒ္ဓဿ သာသနေ ဒိဗ္ဗစက္ခုကာနံ အဂ္ဂေါ ဘဝေယျံ။

ဘန္တေ=မြတ်စွာဘုရား....။ အဟမ္ပိ=တပည့်တော် လဲပဲ။ အနာဂတေ=အနာဂတ နောက်ကာလ၌။ ဧကဿ ဗုဒ္ဓဿ=တစ်ဆူသော မြတ်စွာဘုရား၏။ သာသနေ=အံ့ဖွယ်ရှစ်ဖြာ သာသနာ၌။ ဒိဗ္ဗစက္ခုကာနံ=ဒိဗ္ဗစက္ခု အဘိညာဏ်ရှိကြသော ရဟန်းတို့ အနက်။ အဂ္ဂေါ=အမြတ်ဆုံး အသာဆုံး သည်။ ဘဝေယျံ=ဖြစ်ရပါလို၏ဘုရား....။

(မြတ်စွာဘုရား....၊ တပည့်တော်လဲပဲ အနာဂတ် အခါ တစ်ဆူသော ဘုရားရှင်၏ သာသနာဝယ် ဒိဗ္ဗစက္ခု အဘိညာဉ်ရှိကြတဲ့ မြတ်စွာဘုရား၏တပည့်

http://www.dhammadownload.com



ရဟန်းတို့အနက် အမြတ်ဆုံး အသာဆုံး = ဧတဒဂ် ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်ရပါလိမ့်၏.... လို့ ဆုတောင်း တယ်။)

ပဒုမုတ္တရမြတ်စွာဘုရားက အနာဂတံသဉာဏ်တော်နှင့် ကြည့်တဲ့အခါ အဲဒီ အချိန်ကထောက်လျှင် ကမ္ဘာ တစ်သိန်းမြောက် ယနေ့ ဘဒ္ဒကမ္ဘာ အကျွန်ုပ်တို့၏ မြတ်စွာဘုရားလက်ထက်တော်မှာ ထိုအမျိုး ကောင်း သားရဲ့ဆုတောင်း ပြည့်လိမ့်မည်ကို သိမြင်တော်မူပြီး–

ဣတော ကပ္ပသတသဟဿမတ္ထကေ ဂေါတမဗုဒ္ဓ သာသနေ ဒိဗ္ဗစက္ခုကာနံ အဂ္ဂေါ အနုရုဒ္ဓေါ နာမ ဘဝိဿသိ။

ဥပါသက=ဒါယကာ....။ တွံ = သင် သည်၊ ဣတော–ဤယနေ့ကမ္ဘာမှ၊ ကပ္ပသတသဟဿ မတ္ထကေ = ကမ္ဘာတစ်သိန်းထက်၌။ ဂေါတမဗုဒ္ဓ သာသနေ=ဂေါတမမြတ်စွာ သာသနာ၌။ ဒိဗ္ဗစက္ခု ကာနံ=ဒိဗ္ဗစက္ခု အဘိညာဉ်ရှိကြကုန်သော ရဟန်း တို့အနက်။ အဂ္ဂေါ=အမြတ်ဆုံး အသာဆုံး ဖြစ် သော။ အနုရုဒ္ဓေါ နာမ=အနုရုဒ္ဓ အမည် ရ တဲ့ မဟာသာဝကကြီးသည်။ ဘဝိဿသိ = ဖြစ်ပေလိမ့် မည်။

(ဒါယကာ....၊ သင်သည် ဤကမ္ဘာမှ နောက် အနာဂတ် ကမ္ဘာတစ်သိန်းထက်၌ ဂေါတမ မြတ် စွာ သာသနာဝယ် အနုရုဒ္ဓအမည်ရှိသောဒိဗ္ဗစက္ခု အဘိညာဉ်

http://www.dhammadownload.com



ရရှိကြတဲ့ ရဟန်းတို့အနက် အမြတ်ဆုံး အသာဆုံး= ဧတဒဂ်ဘွဲ့ထူးရ အဂ္ဂသာဝကြီး ဖြစ်လိမ့်မယ်.... လို့ ပဒုမုတ္တရမြတ်စွာဘုရားက ဗျာဒိတ်စကား မိန့်ကြား တော်မူတယ်။)

ထို သူကြွယ်သည် ပဒုမုတ္တရ မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ကြားရလေသော် (ကမ္ဘာတစ်သိန်း ဆိုတဲ့အချိန်ကား ရှည်လျားသောကာလဖြစ်သည်၊ သို့ စေကာ) သူ့စိတ်ထဲမှာ နက်ဖြန်ခါ ရမယောက် အောက် မေ့ဝမ်းသာ ဘုရားရှင် သက်တော်ရှိစဉ် ဒါန စသော ကောင်းမှုတို့ကို ပြု၍ ပဒုမုတ္တရမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ မြတ်စွာဘုရား၏ တစ်ဆူတည်း သောဓာတ်တော်ကို (၇) ခုနစ်ယူဇနာအမြင့်ရှိတဲ့ ရွှေ စေတီကြီး တည်ကြတဲ့အချိန်မှာ ထိုသူကြွယ်သည် ရဟန်း တော်တို့ထံ ဆည်းကပ်ပြီး ''အရှင်ဘုရားတို့....၊ အဘယ် ကောင်းမှု ကုသိုလ်သည် ဒိဗ္ဗစက္ခု အဘိညာဉ်ကို လျင် မြန်စွာ ရစေတတ်ပါသနည်း''ဟု ခမေး၍ ရဟန်းတော် တို့က ဆီမီးအရောင်အလှူသည် ဒိဗ္ဗစက္ခု အဘိညာဉ် ရကြောင်း အားကောင်းသော အထောက်အပံ့ဖြစ် သည်ကို ဖြေဆိုတော်မူကြသဖြင့် ထိုသူကြွယ်သည် ခုနစ် ယူဇနာရှိသည့် ရွှေစေတီကြီး ပတ်ပတ်လည် ဆီမီးတိုင် ထောင်ပေါင်းများစွာ ထွန်းညှိပူဇော်မှု ပြုလေသည်။

### အနုရုဒ္ဓ မြောက်ထမ်းသမားဘဝ

ထိုသူကြွယ်သည် ထိုဘဝမှစတေ နတ်ပြည်၌ဖြစ်ပြီး ကမ္ဘာတစ်သိန်းကာလပတ်လုံး အ ပါယ် လေး ပါး

http://www.dhammadownload.com



မလားရောက်ဘဲ ထူ့ပြည်+နတ်ပြည် သုဂတိ သံသရာ လည်ခဲ့၍ ဤဘဒ္ဒကမ္ဘာ၌သို ရောက်သောအခါ ကဿပ မြတ်စွာ (နှင့်) အစိန္တေယျ ဂေါတမမြတ်စွာ သာသနာ နှစ်ရပ်ရဲ့အကြား ကာလမှာ ဗာ ရာ ဏ သီ ပြည် ၌ ဆင်းရဲသားအမျိုးသား သွားပြီးဖြစ်တယ်။

သံသရာလည်ရတယ် ဆိုတာ နိမ့်တုံ မြင့်တုံ၊ အလောင်း တော်ကြီးများပင် တစ်ခါတစ်လေ အိုးဖုတ်ရတဲ့ အိုး ထိန်းသမား ဖြစ်ရတယ်၊ တစ်ခါတစ်လေကျတော့လဲပဲ လေးကျွန်းသဉ္ဇနင်း စကြာမင်းကြီး ဖြစ် ရ တယ်။ လောကဓံရဲ့ စီမံချက်ကို အလောင်းတော်ကြီးများလဲ ခံရတာပဲ။ ယခု ဒီသူကြွယ်လဲ ဆင်းရဲသားမျိုးမှာ သွား ဖြစ်တယ်။

ထိုစဉ်အခါ ဗာရာဏသီပြည်မှာ သုမနသူဌေးဆိုတာ မင်းသုံး သူဌေးပေါ့။ အဲဒီ သုမနသူဌေးကြီးကို အမှီ ပြုပြီး ထိုသူကြွယ်သည် သုမနသူဌေးရဲ့ အလုပ်သမား= မြက်ထမ်းသမား သွားဖြစ်ပြီး သူ့နာမည်က ပါဠိလို ''အန္နဘာရ''လို့ အမည်တွင်တယ်။ သုမနသူဌေးသည် ဗာရာဏသီပြည်မှာ နေစဉ် မဟာဒါနကြီး ပေးတယ်။ သဒ္ဓါတရား ကြီးမားတဲ့ သူဌေးပါပေ။

ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင်မြတ်

ထိုသို့နေရာက တစ်နေ့သ၌ ဂန္ဓမာဒနတောင်မှာ ဥပရိဋ္ဌ အမည်တော်ရှိတဲ့ ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါး နိရောဓသမာပတ်မှ ထတဲ့အခါမှာ....

တတိယအကြိမ်

http://www.dhammadownload.com



ကဿ နု ခေါ အဇ္ဇ အနုဂ္ဂဟံ ကရိဿာမိ။

နိရောဓသမာပတ်ကို ဝင်စားနေဆဲအခါ သမာပတ် တန်ခိုးကြောင့် ဆာလောင်မွတ်သိပ်ခြင်းကင်းပြီး သမာ ပတ်မှ ထတဲ့အခါ ဆာလောင် မွတ်သိပ်လာတယ်။ ဒါ ကြောင့်–

အဟံ=ငါသည်။ အဇ္ဇ=ယနေ့။ ကဿ= အဘယ်သူ အား။ အနုဂ္ဂဟံ=ချီးမြှောက်မှုကို။ ကရိဿာမိ နု ခေါ= ပြုရပါအံ့နည်း။

ဤသို့ ဆင်ခြင်တော်မူတဲ့အခါ ကိုယ်တော့် ဉာဏ်ထဲ မှာ အန္နဘာရ ဆင်းရဲသား = မြက်ထင်းသမားကို မြင် တော်မူပြီး–

အဇ္ဇ မယာ အန္နဘာရဿ အနုဂ္ဂဟံ ကာတုံ ဝဋ္ဋတိ။

အဇ္ဇ–ယနေ့။ မယာ= ငါသည်။ အန္နဘာရဿ= အန္နဘာရ ဆင်းရဲသား မြက်ထမ်းသမားအား။ အနုဂ္ဂ– ဟံ= ချီးမြှောက်မှုကို။ ကာတုံ =ပြုခြင်းငှါ။ ဝဋ္ဋတိ= သင့်၏။

(အင်း.... ငါ ယနေ့ အန္နဘာရဆင်းရဲသား မြက် ထမ်းသမားအား ချီးမြှောက်မှ သင့်တော်တော့မယ်.... လို့ ဆင်ခြင်တော်မူပြီး ဒိဗ္ဗစက္ခု၊အဘိညာဉ်ဖြင့် ကြည့် တော်မူတဲ့အခါ)–

ဘတီယအကြိမ်

http://www.dhammadownload.com



ဇ္ဇဒါနိ စ သော အဋ္ဋဝိတော တိဏာံ အာဒါယ
ဂေဟံ အာဂမိဿတိ။

စ=အထူးကား။ သော= ထို အနုဘာရ ဆင်းရဲသား
မြက်ထမ်းသမားသည်။ ဇ္ဇဒါနိ=ယခုပင်။ အဋ္ဋဝိတော=
တောအုပ်မှ။ တိဏာံ အာဒါယ = မြက်ကို ထမ်းယူ၍။
ဂေဟံ=အိမ်သို့။ အာဂမိဿတိ= လာလိမ့်မည်....။

ထိုအချိန်မှာ အနုဘာရသည် သုမန သူဌေးအိမ်မှာ
မရှိဘူး၊ ယခုပင် သူသည် တောထဲမှ မြက်ထမ်းပြီး လာ
လိမ့်မည်....လို့ သိတော်မူသဖြင့် ပစ္စေကဗုဒ္ဓါ အရှင်
သူမြတ် သပိတ်+သင်္ကန်းကိုယူ၍ ကောင်းကင်ခရီးဖြင့်
ကြွချီတော်မူကာ အနုဘာရ၏ မျက်မှောက်မှာပင်
မြေပြင်သို့ သက်ဆင်းတော်မူတယ်။

အနုဘာရ မြက်ထမ်းသမားသည် အရှင်ပစ္စေကဗုဒ္ဓါ
၏ သပိတ်ကိုင်ယူပုံကို မြင်ရလျှင်ပင် သပိတ်ဖုံးကို ဖွင့်
လှစ်၍ မကြည့်ရသော်လဲ သပိတ်ကိုပေါ့ပါးစွာ ကိုင်ယူ
တော်မူလာသည်တို့ မြင်သဖြင့် သပိတ်၌ ဆွမ်းမပါသေး
ကြောင်း ကောင်းစွာသိ၍—

အပိ ဘန္တေ ဘိက္ခံ ယဘိတ္ထ။

(ယက်အုပ်ချီပြီး)-

ဘန္တေ=အရှင်ဘုရား....။ ဘိက္ခံ=ဆွမ်းကို။ ယဘိတ္ထ
အပိ=ရတော်မူကြပါပြီလား ဘုရား။

http://www.dhammadownload.com



(အရှင်ဘုရား....၊ ဆွမ်းရကြပါပြီလားလို့ မေးတဲ့အခါ) ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်က–

ယာဂိဿာမ မဟာပုညာ= (မရသေးဘူးလို့ မပြောပဲ သူ့ကို ချီးမြှောက်သောအားဖြင့် ''ရကြပါလိမ့်မည် ဒါယကာ....'' လို့ မိန့်ကြားသဖြင့် ဆွမ်း မ ရ သေး ကြောင်း ကောင်းစွာသိသဖြင့် အန္နဘာရက)–

တေန ဟိ ဘန္တေ ထောကံ အာဂမေထ။

ဘန္တေ=အရှင်ဘုရား....။ တေန ဟိ=သို့တပြီးကား။ ထောကံ= အတန်ငယ်= တစ်အောင့်လောက်။ အာဂမေထ=ဒီနေရာက စောင့်ဆိုင်းငံ့လင့်တော် မူကြပါကုန် ဘုရား....လို့

ယက်အုပ်ချိုး ရှိခိုးတောင်းပန်ပြီး ထမ်းပိုးနှင့်တကွ မြက်စည်းကို ခေတ္တချထားခဲ့၍ လျှင်မြန်စွာ အိမ်သို့ သွားပြီး အိမ့်ရှင်မကို–

ဘဒ္ဒေ မယှံ ဌပိတဘာဂဘတ္တံ အတ္ထိ/နတ္ထိ။

ဘဒ္ဒေ=ရှင်မ....။ မယှံ= ငါ့အတွက်။ ဌပိတဘာဂ–ဘတ္တံ= ချန်ထားအပ်သော အဖို့ဝေစု ထမင်းသည်။

အတ္ထိ–ရှိသလော။/နတ္ထိ= မရှိဘူးလော။

(ရှင်မရေ....၊ငါ့အတွက် ချန်ထားတဲ့ ဝေစုထမင်း ရှိသလား / မရှိဘူးလားလို့ မေးတော့ အိမ့် ရှင် မ ကလေးက)–

http://www.dhammadownload.com



အတ္ထိ သာမိ = (ရှိပါတယ် အရှင်....လို့ ပြောတဲ့အခါ ဝမ်းသာအားရ အနုဘာရသည် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအထံ ပြန်လာ၍ သပိတ်ကို တောင်းယူပြီး အိမ်သို့အလာ လမ်းခရီးအကြား၌ သူစဉ်းစား ဆင်ခြင်သည်မှာ)–

မယှံ ဒါတုကာမတာယ သတိ ဒေယျဓမ္မော န ဟောတိ၊ ဒေယျဓမ္မေသတိ ပဋိဂ္ဂါဟကံ န လဘာမိ၊ အဇ္ဇ ပန မေ ပဋိဂ္ဂါဟကော စ ဒိဋ္ဌော၊ ဒေယျ–ဓမ္မော စ အတ္ထိ၊ လာဘာဝတ မေ၊

(ဩော်.... ငါ့အဖို့ရာ တစ်ခါတစ်လေ လှူလိုပေမယ်လို့ လှူဖွယ်ဝတ္ထုက မရှိတတ်ဘူး၊ တစ်ခါတစ်လေ လှူဖွယ်ဝတ္ထု ရှိပြန်ပါတော့လဲ အလှူခံပုဂ္ဂိုလ်ကို မရတတ်ဘူး၊ အကြောင်းအင်္ဂါ ညီညွတ်ခဲ့တယ်။ ယနေ့အဖို့တော့ ငါသည် အလှူခံပုဂ္ဂိုလ်လဲ မျက်ဝါး ထင်ထင်ဖူးမြင်အပ်လေပြီ၊ လှူဖွယ်ဝတ္ထုလဲပဲ အထင်အရှားရှိနေပေတယ်၊ ဩော်.... ငါ့အဖို့ရာ အရတော်လိုက်လေ။) ဤသို့ စဉ်းစားရင်း သပိတ်ကိုထမ်း၍ အိမ်ပြန်သွားတယ်။

### မရှိစကား မကြားရပါလိုဆုတောင်း

အိမ်ပြန်ရောက်တော့ အနုဘာရသည် မိမိအတွက်ဝေစုထမင်းကို အရှင်ပစ္စေကဗုဒ္ဓါရဲ့ သပိတ်ထဲသို့ ရိုသေစွာထည့်၍ သပိတ်ကို ထမ်းယူခဲ့ပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရဲ့လက်သို့ ဆက်ကပ်ပြီး–

http://www.dhammadownload.com



ဇုမိနာ ပန ဒါနေန၊ မာ မေ ဒလိဒ္ဒိယံ အဟု။
နတ္ထိတိ ဝစနံ နာမ၊ မာ အဟောသိ ဘဝါဘဝေ။

ဘန္တေ=အရှင်ဘုရား....။ ဇုမိနာ ဒါနေန=ဤဝေစုဆွမ်း လှူဒါန်းရတဲ့ ဒါနကောင်းမှုကြောင့်။ မေ=တပည့်တော်၏ အဖို့ရာ။ ဒလိဒ္ဒိယံ = ဆင်းရဲမွဲတေခြင်းသည်။ မာ အဟု=တစ်ရံတစ်ဆစ်မှ မဖြစ်ပါစေသား။

(ဤဝေစုဆွမ်း လှူဒါန်းရတဲ့ ကောင်း မှု ကြောင့် တပည့်တော်၏ အဖို့ရာ ဆင်းရဲမွဲတေခြင်း အလျှင်း မဖြစ်ပါစေသား)။

ဘဝါဘဝေ = ငယ်ငယ်ကြီးကြီး ဘဝအသီးသီး၌။ နတ္ထိတိ ဝစနံ နာမ=မရှိဟူသောစကား ပြောကြားရခြင်း မည်သည်။ မာ အဟောသိ=တစ်ရံတစ်ဆစ်မျှ မဖြစ်ပါစေသား။

(ဤကောင်းမှုကြောင့် ဘဝကြီးငယ် အသွယ်သွယ်၌ မရှိဟူသောစကားကို တစ်ကြိမ်တစ်ခါမျှ မပြောရ မကြားရတဲ့ကိုယ် ဖြစ်ပါထိုက်၏။ အဲဒီလို ဂါထာနဲ့ ရွတ်ပြီး ဆုတောင်းတဲ့အပြင်–

ဘန္တေ ဝေရူပါ ဒုဋ္ဌိဝိတာ မုစ္စေယျံ၊ နတ္ထိတိ ပဒမေဝ န သုဏေယျံ။

ဘန္တေ=အရှင်ဘုရား....။ အဟံ=တပည့်တော်သည်။ ဝေရူပါ=ဤသို့သဘောရှိသော။ ဒုဋ္ဌိဝိတာ=ဆင်းဆင်းရဲရဲ အသက်ရှင်ရခြင်းမှ။ မုစ္စေယျံ = လွတ်မြောက်တဲ့

http://www.dhammadownload.com



ကိုယ် ဖြစ်ရပါလို၏။ နတ္ထီတိ ပဒ မေဝ='မရှိ'ဟူသော ပုဒ်စကားကိုပင်လျှင်။ န သုဏေယျံ = မကြားရတဲ့ကိုယ် ဖြစ်ပါလို၏။

(တပည့်တော် ဤကောင်းမှုကြောင့် ယခုဆင်းဆင်း ရဲရဲ အသက်ရှင်ရခြင်းမှ လွတ်ကင်းတဲ့ကိုယ် ဖြစ်ရပါ လို၏။ မရှိဟူသောစကားကို နားမှလေသံ မကြားရ ပါလို.... လို့ ဆုတောင်းတယ်)။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလဲ—

ဧဝံ ဟောတု မဟာပုည=ဘုန်းကံကြီးလှ ဒါယကာ အန္နဘာရ....၊ သင် ဆုတောင်းသည့်အတိုင်း ဖြစ်ပါ စေ....ဟု မိန့်၍ သာခုနုမော် ကောင်း ချီး ခေါ် ပြီး ဖဲကြွတော်မူတယ်။

### ထီးချက်စောင့်နတ်သမီး ကောင်းချီးသံ

ထိုအချိန်မှာ သုမန သူဌေးကြီးရဲ့ ထီးချက်စောင့် နတ်သမီးက—

အဟော ဒါနံ ပရမဒါနံ၊ ဥပရိဋ္ဌေ သုပတိဋ္ဌိတံ။

အဟော ဒါနံ = 'ဩော်.... အံ့ဖွယ်ကောင်းတဲ့ အလှူဒါနပါပေ။ ပရမဒါနံ=အလွန်ကြီးမြတ်သော အလှူဒါနကို၊ ဥပရိဋ္ဌေ=ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင် သူမြတ်၌။ သုပတိဋ္ဌိတံ=ကောင်းစွာ တည်ထားကော် ရေ် ပူဇော်အပ်လေပြီ....။ အဟော=ဩော်.... အံ့ဖွယ်ရှိပေစွ။

http://www.dhammadownload.com



အဲဒီ ဂါယာဝက် စာပိုဒ်ကို မြန်မြန်ရှက်ရှက် နှစ်ကြိမ်+သုံးကြိမ်ရွတ်ပြီး သာမကောင်းချီး ခေါ်တယ်။ နတ်သမီး ခေါ်တဲ့ သာမသံကို သုမနသူဌေးကြီး ကြားတဲ့အခါ သူဌေးကြီးက–

ကိံ မံ ဧတ္တကံ ကာလံ ဒါနံ ဒဒမာနံ န ပဿသိ။

ဒေဝတေ=နတ်သမီး....။ တွံ=သင်သည်။ မံ=ငါ့ကို။ ဧတ္တကံ ကာလံ= ဤမျှကာလပတ်လုံး။ ဒါနံ=အလှူဒါနကို။ ဒဒမာနံ= ပေးလှူနေသည်ကို။ န ပဿသိ= မမြင်ဘူးလား။

ဟယ်နတ်သမီး....၊ ငါ ဤမျှ ကာလရှည်လျားစွာ နေ့စဉ် နေ့စဉ် အလှူဒါန ပေးနေသည်ကို သင် မမြင်ဘူးလား။ ယနေ့မှ အထူးတဆန်း ပြုလုပ်ကာ သင် အဘယ့်ကြောင့် သာဓု=ကောင်းချီး ခေါ်ရသလဲလို့ ပြောတဲ့အခါ–

ထီးချက်စောင့်နတ်သမီးက–

နာ+ဟံ တဝ ဒါနံ အာရဗ္ဘ သာဓုကာရံ ဒေမိ၊ အန္နဘာရေန ပန ဥပရိဋ္ဌသာ ဒိန္နပိဏ္ဍပါတေ ပသီဒိတွာ မယာ သေ သာဓုကာရော ပဝတ္တိတော။

မဟာသေဋ္ဌိ= သူဌေးကြီး....။ အဟံ= အကျွန်ုပ်သည်။ တဝ=သင်သူဌေးကြီး၏ ။ ဒါနံ= အလှူဒါနကို။ အာရဗ္ဘ=အာရုံပြု၍။ သာဓုကာရံ= ကောင်းချီးကို။ နဒေမိ=ပေးသည်မဟုတ်ပါ။ ပန=စင်စစ်သော်

http://www.dhammadownload.com



အန္ဓဘာဝရမြက်ထမ်းသမားသည်။ ဥပရိဋ္ဌဿ=ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား။ ဒိန္နပိဏ္ဍပါတေ= ပေး လှူ အပ် သောဆွမ်း၌။ ပသီဒိတွာ = သဒ္ဓါရွှန်းစိုကြည်ညို၍။ မယာ= အကျွန်ုပ်သည်။ သေ-ဓေယာ သာဓုကာ- ရော= ၏ကောင်းချီးသံကို။ ပဝတ္တိတော= ဖြစ်စေ အပ်ပြီ....။

သူဌေးကြီး....၊ ကျွန်ုပ်သည် သင်ရဲ့ အလှူဒါနကို အကြောင်းပြု၍ သာဓုကောင်းချီးပေးတာ မဟုတ်ဘူး။ အကျွန်ုပ်ကား အသင်သူဌေးကြီးရဲ့ အလုပ်သမား မြက် ထမ်းသမား အန္ဓဘာဝရက အရှင်ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါ အား လှူလိုက်တဲ့ဆွမ်းမှာ သဒ္ဓါကြည်ညိုလွန်းလို့ ယခု လို သာဓုကောင်းချီးပေးတာလို့ နတ်သမီးက ပြောတဲ့ အခါမှာ—

## သူဌေးကြီးရဲ့ သမ္မာသက်ပွ

သုမနသူဌေးကြီးက—

အစ္ဆရိယံ ဝတ ဘော၊ အဟံ တွေကံ ကာလံ ဒါနံ ဒဒန္တော ဒေဝ တံ သာဓုကာရံ ဒါပေတုံ နာသက္ခိံ၊ အန္ဓဘာဝရော မံ နိဿာယ ဇီဝန္တော ကေပိဏ္ဍပါ- တေနေဝ သာဓုကာရံ ဒါပေသိ၊ တဿ ဒါနေ အနုစ္ဆဝိကံ ကတွာ တံ ပိဏ္ဍပါတံ မမ သန္တကံ ကရိဿာမိ။

ဘော= အို-အချင်းတို့....။ အစ္ဆရိယံ ဝတ= လက်ဖျစ်တီး၍ အံ့ချီးထိုက်ပါပေစွ။ အဟံ=ငါသည်။

http://www.dhammadownload.com



ဌွေကံ ကာလံ=ဤမျှကာလပတ်လုံး။ဒါနံ ဒဒန္တော=
အလှူကို ပေးလှူပါလျက်။ ဒေဝတံ= ထီးချက်စောင့်
နတ်သမီးကို။ သာဓုကာရံ ဒါပေတုံ= ကောင်းချီး
ပေးစေခြင်းငှါ။ နာသက္ခိံ =မစွမ်း နိုင်ခဲ့ ပါပေ။
အန္ဓဘာရော = အန္ဓဘာရ ဆ င်း ရဲ သား သည်၊ မံ
နိဿာယ ဇီဝန္တော= ငါ့ကိုမှီ၍ အသက်ရှင်နေရသူ
ဖြစ်ပါလျက်။ ကေဝိဏ္ဍပါတေနေဝ= တစ်ကြိမ် လှူ
အပ်တဲ့ ဆွမ်းဖြင့်ပင်။ ဒေဝတံ= ထီးချက်စောင့် နတ်
သမီးကို။ သာဓုကာရံ=ကောင်းချီးကို။ ဒါပေသိ=
ပေးစေနိုင်၏။ တဿ=ထို အန္ဓဘာရ၏ ။ ဒါနေ=
ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား လှူအပ်သောဆွမ်းဒါန၌။
အနုစ္ဆဝိကံ = အနိုင်မကျင့် သင့်လျော်ပတ်သော
အမှုကို။ ကတ္ဝာ=ပြု၍။ တံ ပိဏ္ဍပါတံ=ထိုဆွမ်း
အလှူကို။ မမ သန္တကံ = ငါ့ဥစ္စာ = ငါ့ကောင်းမှု
ဖြစ်အောင်။ ကရိဿာမိ=ပြုလတ်ပေအံ့....။

အို.... အံ့ ဩ ဖွယ် ကောင်း လိုက် လေ....။ ငါသည်
ဤမျှကြာအောင် နေ့စဉ် နေ့စဉ် အလှူဒါနများကို
ပေးလှူခဲ့ပါလျက် ထီးချက်စောင့်နတ်သမီးကို သာဓု
ကောင်းချီးပေးစေဖို့ရန် ငါ မတတ်နိုင်ခဲ့ဘူး။ အန္ဓ–
ဘာရဆင်းရဲသားကမူ ငါ့ကို မှီပြီး အသက်ရှင်နေရသူ
ဖြစ်ပါလျက် ဆွမ်းတစ်ကြိမ်လှူရုံဖြင့်ပဲ ထီးချက်စောင့်
နတ်သမီးကို သာဓုကောင်းချီး ခေါ် စေ နိုင် တယ်။
အေး....၊ အန္ဓဘာရရဲ့ အလှူဒါနမှာ ငါ အနိုင်
မကျင့်ပဲ သူကျေနပ်လောက်အောင် သင့်လျော်လျောက်
ပတ်အောင်ပြုပြီး သူ့ရဲ့ဆွမ်းအလှူကို ငါ့ကောင်းမှု

http://www.dhammadownload.com



ကုသိုလ်ဖြစ်အောင် ပြုလုပ်မယ်....၊ ဤသို့ ကြံစည်ပြီးလျှင် အနန္ဒာဘာရကို သူ့ထံသို့ ခေါ်ဆောင်စေ၍–

အဇ္ဇ တယာ ကဿစိ ကိဉ္စိ ဒိန္နံ။

တာတ=အမောင်....။ အဇ္ဇ=ယနေ့။ တယာ=သင်သည်။ ကဿစိ = တစ်ဦးတစ်ယောက်အား။ ကိဉ္စိ= တစ်စုံတစ်ခုကို။ ဒိန္နံ=ပေးလှူအပ်သလော။

(အနန္ဒာဘာရ....၊ သင်သည် ယနေ့ တစ်ဦးတစ်ယောက် အား တစ်ခုခု ပေးလှူအပ်ပါသလား.... လို့ မေးတဲ့ အခါ အနန္ဒာဘာရက)–

အာမ သာမိ ဥပရိဋ္ဌပစ္စေကဗုဒ္ဓဿ မေ အဇ္ဇ ဘာဂဘတ္တံ ဒိန္နံ။

သာမိ=အရှင်....။ အာမ=ဩော်....လှူအပ်ပါ၏။ မေ = အကျွန်ုပ်သည်။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓဿ = ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား။ အဇ္ဇ=ယခုပင်။ ဘာဂ ဘတ္တံ=မိမိ၏ ဝေစုဆွမ်းကို။ ဒိန္နံ=ပေးလှူအပ်ပါပြီ ။

(ဩော်.... လှူမိတယ် လှူမိတယ် အရှင် သူ ဌေးကြီး....။ ယနေ့ ယနေ့ မိမိရဲ့ ဝေစုဆွမ်းကို ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား လှူလိုက်ပါတယ်။)

ဒီတော့ သုမန သူဌေးကြီးက–

ဟန္ဒ ဘော ကဟာပဏံ ဂဟေတွာ တံ မယှံ ပိဏ္ဍပါတံ ဒေဟိ။

ဘော=အမောင်အနန္ဒာဘာရ....။ ဟန္ဒ = ရော့ (ယူ လော့)။ ကဟာပဏံ=ငွေအသပြာကို။ ဂဟေတွာ=

http://www.dhammadownload.com



ယူပြီးလျှင်။ တေ် ပိဏ္ဍပါတံ=မောင်လှူတဲ့ ထိုဆွမ်းကို။ မယှံ = ငါ့အား။ ဒေဟိ = ပေးပါလော့။ (ရေ့ဘုပါ အမောင်....၊ ငွေတစ်ကျပ်ကို ယူပြီးတော့ အမောင် လှူလိုက်တဲ့ဆွမ်းကို ငါ့အား ပေး ပါ ဆို တော့) အန္နဘာရက–

န ဒေမိ သာမိ = မပေးပါရစေနဲ့ အရှင်သူခွေး မင်း....ဆိုတော့–

ဒါဖြင့် နှစ်ကျပ်ယူပါ။

(မပေးပါရစေနဲ့။)

သုံးကျပ်ယူပါ+လေးကျပ်ယူပါ+ငါးကျပ်ယူပါ။

(မပေးပါရစေနှင့်။)

ဘယ်လောက်ထိအောင် တက် ပေး ဘ လဲ ဆို လျှင် ကျပ်တစ်ထောင်ထိအောင် တက်၍ပေးသော်လဲ အန္န ဘာရက "န ဒေမိ သာမိ=မပေးပါရစေနဲ့ အရှင် သူခွေးမင်း...." ဒီလိုပဲပြောတယ်)။

ကျပ်တစ်ထောင်ပေးလို့မှ မရတဲ့အဆုံးမှာ သုမန သူခွေးကြီးက–

ဟောတု ဘော ယဒိ ပိဏ္ဍပါတံ န ဒေသိ၊
သဟဿံ ဂဟေတွာ ပတ္တိံ မေ ဒေဟိ။

ဘော=အမောင် အန္နဘာရ....။ ပိဏ္ဍပါတံ= ဆွမ်းကို။ ယဒိ န ဒေသိ=အကယ်၍ မပေးလိုငြား အံ့။ ဟောတု = ရှိပါစေ။ သဟဿံ = အသပြာ (၁၀၀၀)ကို။ ဂဟေတွာ=ယူ၍။ မေ=ငါ့အား။

http://www.dhammadownload.com



ပတ္တိံ=ကုသိုလ်ရဲ့အဖို့ဘာဂ အမျှကို။ ဒေဟိ=ပေး ပါလော့။

အနုဘာရရယ်....၊ ဆွမ်းကို အသင် မပေးလိုလျှင် ရှိပါစေ၊ ငွေအသပြာ တစ်ထောင်ကိုယူပြီး အဲဒီ ဆွမ်း လှူရတဲ့ ကောင်းမှုကုသိုလ်ရဲ့ အဖို့ဘာဂကို ငါ့အား အမျှ ပေးပါ....လို့ ဆိုတော့—

အနုဘာရကလဲ....

အဟံ ယျေန သဒ္ဓိံ မန္တေတွာ ဇာနိဿာမိ။

သာမိ= အရှင် သူဌေးမင်း....။ အဟံ = အ ကျွန် ုပ် သည်။ အယျေန=အရှင် ဥပရိဋ္ဌပစ္စေကဗုဒ္ဓါနှင့်။ သဒ္ဓိံ= တကွ။ မန္တေတွာ=တိုင်ပင်ပြီးမှ။ ဇာနိဿာမိ= စဉ်းစား ပါရစေ။

လွှန်အောင်မပြောဘူးနော်၊ မိမိအလုပ် လွဲမှားသွား မှာစိုးလို့ ကျွန်တော်မျိုး အရှင် ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါနဲ့ သွားပြီး တိုင်ပင်ပါရစေဦး၊ တိုင်ပင်ပြီးမှ စဉ်းစားပါ ရစေ။

အဲဒီလိုပြောပြီး အပြေးအလွှား ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ ကြွသွားတဲ့လမ်းကို လိုက်၍ မှီတယ်ဆိုလျှင်ပဲ—

## ဆရာ ဒကာ ဆွေးနွေးကြပုံ

ဘန္တေ သုမနသေဋ္ဌိ သဟဿံ ဒတွာ တုမှာကံ ဒိန္နပိဏ္ဍပါတေ ပတ္တိံ ယာစတိ၊ ကိံ ကရောမိ။

## တတိယအကြိမ်

http://www.dhammadownload.com



ဘန္တေ= အရှင်ဘုရား....။ သုမနသေဋ္ဌိ= သုမန သူဌေးကြီးသည်။ သဟဿံ ဒတွာ= အသပြာ တစ်ထောင်ပေး၍။ တုမှာကံ= အ ရှင် ဘု ရား တို့ အား။ ဝိနသ္သိပဏ္ဏာပါတေ= ပေးလှူအပ်သောဆွမ်း၌။ ပတ္တိံ= ကုသိုလ်ကောင်းမှု အဖို့အစုကို။ ယာစတိ= တောင်း ပါ၏ဘုရား။ အဟံ= တ ပ ည့် တော် သ ည်။ ကိံ ကရောမိ=ဘယ်လို ပြုလုပ်ရမည်လဲ ဘုရား....။

(အရှင်ဘုရား....၊ သုမနသူဌေးကြီးက အရှင်ဘုရား အား တပည့်တော် လှူအပ်တဲ့ ဆွမ်းဒါန၌ ငွေ တစ်ထောင်ပေးပြီးတော့ အမျှဝေဖို့ရန် တောင်းခံနေပါ တယ်၊ တပည့်တော် ဘယ်လိုပြုလုပ်ရမည်လဲ ဘုရား.... လို့ လျှောက်ထားတဲ့အခါမှာ)-

ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်သူမြတ်က ဥပမာဆောင် ပြသည်မှာ....

သေယျထာပိ ပဏ္ဍိတ ကုလသတိကေ ဂါမေ ဧကသ္မိံ ဃရေ ဒီပံ ဇာလေယျ၊ သေသာ အတ္တနော တေလေန ဝဋ္ဋိံ တေမေတွာ ဇာ လာ ပေ တွာ ဂဏှေယျုံ၊ ပုရိမပဒီပဿ ပဘာ အတ္ထီတိ ဝတ္တဗ္ဗာ နတ္ထီတိ။

ပဏ္ဍိတ= အမောင် ပညာရှိ....၊ သေယျထာပိ= လောကဥပမာ နှိုင်းဖွယ်ရာကား။ ကုလသတိကေ ဂါမေ = အိမ်ခြေ တစ်ရာရှိသော ရွာ၌။ ဧကသ္မိံ- ဃရေ=အိမ်တစ်အိမ်၌။ ဒီပံ=ဆီမီးကို။ ဇာလေယျ= ထွန်းညှိ ထားလေရာ၏။ ဝါ၊ ထွန်းညှိ ထား တယ်

http://www.dhammadownload.com



ဆိုပါစို့။ သေသာ = ကျန်တဲ့ ကိုးဆယ့်ကိုးအိမ်တို့သည်။ ဝါ-ကျန်တဲ့ ကိုးဆယ့်ကိုးအိမ်မှာနေတဲ့ လူတို့သည်။ အတ္တနော တေလေန = မိမိ၏ ဆီဖြင့်။ ဝဋ္ဋိံ=မီးစာကို။ တေမေတွာ = ဆွတ်၍။ ဇာလာပေတွာ = မီးကူးပြီးလျှင်။ ဂဏှေယျုံ = ယူကြတယ်ဆိုပါစို့။ ဧဝံ သန္တေ=ဤသို့ မီး ကူး ပြီး ယူလတ်သော်။ ပုရိမ ပဒီပဿ=ရှေးဦးစွာသော ဆီမီး၏။ ပဘာ = အရောင်ကို။ အတ္ထီတိ = ရှိ၏ဟူ၍တည်း။ ဝတ္တဗ္ဗာ=ဆိုအပ်သလော။ နတ္ထီတိ=မရှိဟူ၍တည်း။ ဝတ္တဗ္ဗာ=ဆိုအပ်သလော....။

(အေး....၊ အန္ဓဘာရပညာရှိ....၊ လောက ဥပမာ တစ်ခု ပြောပြမယ်။ အိမ်ခြေတစ်ရာရှိတဲ့ ရွာကြီးမှာ အိမ်တစ်အိမ်မှာ ဆီမီး ညှိထွန်းထားတယ် ဆိုပါစို့။ ကျန်တဲ့ (၉၉) ကိုးဆယ့်ကိုးအိမ်မှ လူတွေက မိမိရဲ့ ဆီဖြင့် ဆီမီးစာကို ဆွတ်ပြီး ဒီပထမအိမ်က မီးတောက်မှာ လာပြီး ဆီမီး ကူးယူကြတယ် ဆိုပါစို့။ အဲဒီလို မီးကူးတဲ့အခါ အကူးခံရတဲ့ ပထမမီးမှာ အရောင် အလင်းရှိတယ်လို့ပဲ ဆိုရမည်လား၊ သူတို့ ကူးယူသွားဘဲ့အတွက် မရှိတော့ဘူး၊ ဟိုဘက်သွားပြီး၊ အဲဒီလိုပဲ ဆိုရမည်လား။ သင်ကြိုက်သလို ဖြေစမ်းပါ။ အဲဒီလို ပြောတဲ့အခါ)-

အန္ဓဘာရက-

အတိရေကတရော ဘန္တေ ပဘာ ဟောတိ။

တတိယအကြိမ်

http://www.dhammadownload.com



**ဘန္တေ = အရှင်ဘုရား....။ အတိရေကတရော = ရှေးကထက်ပိုလွန်သော။ ပဘာ = အရောင်သည်။ ဟောတိ = ဖြစ်ပါတယ်ဘုရား။**

(အရှင်ဘုရား....၊ ဒီလို လာပြီး ကူးယူ ညှိယူတဲ့အတွက် အရောင် လျော့သွားတယ်လို့ မဆိုရပါဘူး၊ ရှေးကထက်ဟောင် ပိုပြီးတော့ အရောင်အလင်းများ ဖြစ်ပါတယ်ဘုရား။ အဲဒီလို လျှောက်ထားတဲ့အခါ)-

ဥပရိပဏ္ဏာသပဠေ မှဋ္ဌ္ဇုဗ္ဗဇွေကမုဋ္ဌါ အရှင်သူမြတ်က—

**ဝေမေဝံ ပဏ္ဍိတ ဥဠုက်ယာဂု ဝါ ဟောတု, ကဋစ္ဆုဘိက္ခာ ဝါ, အတ္တနော ပိဏ္ဍပါတေ ပရေသံ ပတ္တိံ ဒေန္တဿ ယတ္တကာနံ ဒေတိ၊ တတ္တကံ ဝဍ္ဎတိ။ တံ့ ဟိ ဧကမေဝ ပိဏ္ဍပါတံ အဒါသိ၊ သေဋ္ဌိဿ ပန ပတ္တိယာ ဒိန္နာယ ဒွေ ပိဏ္ဍပါတာ ဟောန္တိ ဧကော တဝ, ဧကော တဿ။**

ပဏ္ဍိတ = အဖျော်အနှာဘာရ ပညာရှိ....။ ဧဝမေဝံ = ဤအတူပင်လျှင်။ ဥဠုက်ယာဂု ဝါ = တစ်ယောက်ချိုမှုသော ယာဂုအလှူဖြစ်စေ။ ကဋစ္ဆုဘိက္ခာ ဝါ = တစ်ဇွန်း တစ်စလောင်း တစ်ယောက်မမှုသော ဆွမ်းအလှူပင်ဖြစ်စေ။ အတ္တနော ပိဏ္ဍပါတေ = မိမိ၏ ဆွမ်းအလှူဒါနၶ၌။ ပရေသံ = သူတစ်ပါးတို့အား။ ပတ္တိံ = အမျှဘာဂ အမျှကို။ ဒေန္တဿ = ပေးသောပုဂ္ဂိုလ်၏ အမှိုရာ။ ယတ္တ-

http://www.dhammadownload.com



ကာနံ=အကြင်မျှလောက်သော သူတို့အား၊ ဒေတိ=ပေး၏။ တတ္တကံ=ထိုမျှလောက်။ ပုညံ=ကောင်းမှုသည်။ ဝဍ္ဎတိ=တိုးပွား၏။ ဟိ=မှန်၏။ တွံ=သင်သည်၊ ကေဝလံ ပိဏ္ဍပါတံ=တစ်ထပ်စာဆွမ်းကိုသာလျှင်၊ အဒါသိ=ပေးလှူခဲ့လေပြီ။ ပန=ထိုသို့ပင် ဆွမ်းတစ်ထပ်စာသာ လှူအပ်ပါသော်လည်း၊ သေဋ္ဌိဿ=သုမန သေဋ္ဌေးကြီးအား၊ ပတ္တိယာ=ကောင်းမှုဘာဂ အမျှကို။ ဒိန္နာယ=ပေးအပ်သည်ရှိသော်။ တဝ=သင့်အတွက်က၊ ဧကော=ဆွမ်းအလှူတစ်ခု၊ တဿ=ထို သေဋ္ဌေးကြီးအတွက်က၊ ဧကော=ဆွမ်းအလှူတစ်ခု၊ ဣတိ=ဤသို့၊ ဒွေ ပိဏ္ဍပါတာ=ဆွမ်း အလှူ နှစ်မျိုးတို့သည်၊ ဟောန္တိ=ဖြစ်ကုန်၏။

(အေး....၊ ပညာရှိတဲ့ အမောင်အန္နဘာရ....၊ ဤဥပမာအတူပဲ တစ်ယောက်ချီမျှသော ယာဂုအလှူပဲ ဖြစ်ဖြစ်၊ တစ်ဇွန်း တစ်စလောင်း တစ်ယောက်မ မျှသော ဆွမ်းအလှူပဲဖြစ်ဖြစ် မိမိလှူအပ်တဲ့ အလှူဒါနရဲ့ အဖို့ဘာဂအစုကို သူတစ်ပါးတို့အား အမျှပေးဝေတဲ့ ကုသိုလ်ရှင်အဖို့ရာ လူငါးယောက်အား အမျှပေးလျှင် အဲဒီကုသိုလ်ဟာ ငါးဆပွားတယ်၊ လူဆယ်ယောက်အား အမျှပေးလျှင် အဲဒီကုသိုလ်ဟာ ဆယ်ဆပွားတယ်။ မှန်ပေတယ်....။ သင်က ဆွမ်းတစ်ထပ်စာကိုလှူပြီး သုမန သေဋ္ဌေးကြီးအား အမျှပေးဝေလိုက်တဲ့အခါ သင့်အတွက် ဆွမ်းအလှူတစ်ခု၊ သေဋ္ဌေးအတွက် ဆွမ်းအလှူတစ်ခု၊ ဤကဲ့သို့ ဆွမ်းအလှူ နှစ် ခု ဖြစ်သွားတယ်....။ ဤသို့

http://www.dhammadownload.com



ဉပရိဋ္ဌပဏ္ဏာသပါဠိတော် မြတ်က မိန့်ကြားတော်မူ တယ်....)။

### ဆင်းရဲသား၏ ဒါန သေဋ္ဌေးအား အမျှဝေ

အနုရုဒ္ဓါရသည် သံသယကင်းသွားပြီး—

သာဓု ဘန္တေ=ကောင်းပါပြီ အရှင်ဘုရား....။ ဤ ကဲ့သို့ လျှောက်ထားပြီး အရှင်ပဏ္ဏကာဇနဒါကို ရှိသေစွာ ရှိခိုးပြီး သေဋ္ဌေးထံမှောက် သွားရောက်၍—

ဂဏှ သာမိ ပတ္တိံ။

သာမိ=အရှင်သေဋ္ဌေးမင်း။ ပတ္တိံ=ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂအမျှကို။ ဂဏှ=ယူပါလော့။

(အရှင် သေဋ္ဌေးမင်း....၊ ဆွမ်းအလှူဒါန အမျှယူပါ....ဤသို့ အနုရုဒ္ဓါရက အမျှဝေသောအခါ)—

သုမနသေဋ္ဌေးကြီးက—

တေနဟိ ဣမေ ကဟာပဏေ ဂဏှ။

တေနဟိ=သို့တပြီးကား၊ (ဝါ) ဒါဖြင့်လျှင်။ ဣမေ ကဟာပဏေ = ဤ အသပြာ တစ်ထောင်တို့ကို။ ဂဏှ= အမောင်ယူလော့။

(ဒါဖြင့်လျှင် ဤငွေတစ်ထောင်ကို အမောင်ယူပါလို့ ပြောသောအခါ)—

အနုရုဒ္ဓါရက ''နာ+ဟံ ပိဏ္ဍပါတံ ဝိက္ကိဏာမိ၊ သဒ္ဓါယ တေ ပတ္တိံ ဒမ္မိ။

http://www.dhammadownload.com



သာဓိ=အရှင် သေဋ္ဌေးမင်း....။ အဟံ – အကျွန်ုပ်သည်။ ပိဏ္ဍပါတံ=ဆွမ်းကို။ န ဝိက္ကိဏာမိ=ရောင်းသည် မဟုတ်ပါ။ သဒ္ဓါယ=သဒ္ဓါတရားဖြင့်။ တေ – အရှင်သေဋ္ဌေးမင်းအား။ ပတ္တိံ=ကုသိုလ်ကောင်းမှု အဖို့ဘာဂ အမျှကို။ ဒမ္မိ=ပေးပါ၏။''

(ကျွန်ုပ် ဆွမ်းကို ရောင်းတာ မဟုတ်ဘူးနော်၊ ဘယ်လိုနည်းနဲ့မှ ကျွန်ုပ်မရောင်းဘူး၊ ကျွန်ုပ် သဒ္ဓါတရား ထက်သန်စွာဖြင့် အရှင့်အား ဆွမ်းအလှူဒါန အမျှပေးဝေခြင်း ဖြစ်ပါတယ်....လို့ ဆိုတော့ –

## မြက်ထမ်းသမား သေဋ္ဌေးဖြစ်ခြင်း

သုမန သေဋ္ဌေးကြီးက ဝမ်းမြောက်ဝမ်းသာ–

တုံ့ သဒ္ဓါယ ဒေသိ အဟမ္ပိ တဝ ဂုဏေ ပူဇေမိ၊ ဂဏှ တာတ၊ ဣတော ပဋ္ဌာယ စ ပန မာ သဟဿ ကမ္မ+မကာသိ၊ ဝီထိယံ ဃရံ မာပေတွာ ဝသ၊ ယေန စ တေ အတ္ထော ဟောတိ၊ သဗ္ဗံ မမ သန္တိကာ ဂဏှာဟိ။

တုံ့=သင် (အမောင်) က။ သဒ္ဓါယ=သဒ္ဓါတရား ဖြင့်။ ဒေသိ=ကောင်းမှုဘာဂ အမျှပေးဝေ၏။ အဟမ္ပိ=ငါကလဲပဲ။ တဝ=သင်၏ ။ ဂုဏေ=ကျေးဇူး တို့ကို။ ပူဇေမိ=ပူဇော်ပါရစေ။ တာတ=အမောင်။ ဂဏှ=ယူသာ ယူပါ။ စ ပန=ဆက်၍ အထူးစကား ပြောကြားလိုသည်မှာ....။ (တုံ့=အမောင်သည်) ဣတောပဋ္ဌာယ = ယခုအချိန်မှစ၍၊ သဟဿ=မိမိ

http://www.dhammadownload.com



ယက်ဖြင့်။ ကမ္မံ=အလုပ်ကို။ မာ အကာသိ=မလုပ်ပါ နှင့်တော့။ ဝီထိယံ=ဟောဟို လမ်းမကြီး၌။ သရံ မာပေတွာ=အိမ်ဆောက်၍။ ဝသ = နေပါလော့။ ယေန စ=အကြင်ဝတ္ထုဖြင့်လည်း။ တေ=သင့်အား။ အတ္ထော=အလိုသည်။ ဟောတိ=ဖြစ်ငြားအံ့။ သဗ္ဗံ= အလိုရှိသမျှဥစ္စာ အလုံးစုံကို။ မမ သန္တိကာ=ငါ့ အထံမှ။ ဂဏှာဟိ=အခမဲ့ အမောင် ယူပါလေ....။

(အေး....၊ အမောင်ကလဲ သဒ္ဓါတရားနဲ့ ကုသိုလ် ကောင်းမှု အမျှပေးဝေတော့ ငါကလဲ အမောင့်ဂုဏ် ကျေးဇူးကို ပူဇော်စမ်းပါရစေ၊ ငါက အမောင့် စေတနာကို ပူဇော်တာပါ။ (မောင့်ဆွမ်းကို မလိမ့် တပတ် လဲယူတာ မဟုတ်ပါဘူး။) ဒီတော့ အမောင် ယူသာယူပါ၊ အမောင့်အား အထူးဆက်ပြီး ပြောလို တာက ယနေ့မှစ၍ အမောင့်လက်နဲ့ အလုပ်မလုပ်နှင့် တော့၊ ဟောဟိုက လမ်းမပေါ်မှာ အမောင် အိမ် သစ်ဆောက်ပြီး နေပါ၊ အမောင် လိုအပ်သမျှကို ငါ့ ထံမှ အခမဲ့ယူပါ လို့ ပြောတယ်။)

ဤနေရာ၌ အဋ္ဌကထာ၏ အထူး မှတ်ချက် ကို ဖော်ပြပါမည်။

နိရောဓာ ဝုဋ္ဌိတဿ ပန ဒိန္နပိဏ္ဍပါတော တဒ– ဟောဝ ဝိပါကံ ဒေတိ၊ တသ္မာ ရာဇာပိ တံ ပဝတ္တိံ သုတွာ အန္နဘာရံ ပက္ကောသာပေတွာ ပဝတ္တိံ ဂဟေတွာ မဟန္တံ ဘောဂံ ဒတွာ တဿ သေဋ္ဌိဋ္ဌာနံ ဒါပေတိ။

တတိယအကြိမ်

http://www.dhammadownload.com



ပန=မှတ်ဖွယ်အထူးကား။ နိရောခ = နိရောဓ သမာပတ်မှ။ ဝုဋ္ဌိတဿ=ထသော အရှင်ပစ္စေကဗုဒ္ဓ အား။ ဒိန္နပိဏ္ဍပါတော=ပေးလှူအပ်သော ဆွမ်း အလှူဒါနသည်။ တဒဟေဝ = ထိုလှူသည့်နေ့မှာ ပင်။ ဝိပါကံ=အကျိုးကို။ ဒေတိ=ပေး၏။ တသ္မာ= ထို့ကြောင့်။ ရာဇာပိ=ဗာရာဏသီ ပြည့်ရှင်မင်းကြ လဲ။ တံ ပဝတ္တိံ သုတွာ=ထိုသတင်းကို ကြားရ၍။ အန္နဘာရံ ပက္ကောသာပေတွာ = အ န္န ဘာ ရ ကို အခေါ်လွှတ်ပြီး။ ပတ္တိံ ဂဟေတွာ=သူ့ထံမှ ကုသိုလ် အမျှ ရယူပြီး။ မဟန္တံ ဘောဂံ ဒတွာ=ကြီးစွာသော စည်းစိမ်ကို ပေး၍။ သေဋ္ဌိဋ္ဌာနံ=သေဋ္ဌေးရာထူးကို။ ဒါပေသိ=ပေးစေပြီ။

(နိရောဓသမာပတ်မှ ထတဲ့ အနာဂါမ်+ရဟန္တာ အား လှူအပ်သော အလှူဒါနသည် နေ့ချင်းပင် အကျိုးပေးတတ်တယ်။ ဒါကြောင့် သုမန သေဋ္ဌေးကြီးက အလုပ်သမားဘဝမှ လွတ်၍ အိမ်တစ်ဆောင် မီးတစ် ပြောင် ဆောက်လုပ်ပေးရုံမျှသာ မဟုတ်ဘဲ ဗာရာဏသီ မင်းကလဲ သတင်းကြားတော့ အန္နဘာရကို အခေါ် လွှတ်ပြီး သူ့ထံက ကုသိုလ်အမျှ ရယူပြီး စည်းစိမ် များစွာ ပေးပြီး ''သင်သည် ငါ၏ မင်းသုံး သေဋ္ဌေး ဖြစ်စေ''လို့ အမိန့်တော်မြတ် သတ်မှတ်၍ သေဋ္ဌေးရဲ့ ပလ္လင်၊ သေဋ္ဌေးဆောင်းတဲ့ထီး အစရှိတဲ့ သေဋ္ဌေးတို့ အဆောင်အယောင်များ ပေးအပ်ပြီး သေဋ္ဌေးရာထူးကို ခန့်အပ်တယ်။ ''အရှင်မွေး နေ့ချင်းကြီး'' ဆိုသည်မှာ ဤအရာမျိုးပင် ဖြစ်ပါတယ်)။

တတိယအကြိမ်

http://www.dhammadownload.com



**အရှင်အနုရုဒ္ဓါ၏ပုဗ္ဗေနိဝါသ ဝတ္ထု**

အဲဒီလို သေဋ္ဌေးရာထူး တင်မြှောက်ခံရပြီးနောက် အန္နဘာရ သေဋ္ဌေးသည် သုမန သေဋ္ဌေးကြီးနှင့် အလွန် ရင်းနှီးသော သူငယ်ချင်း သေဋ္ဌေးဖြစ်ပြီး အသက် ထက်ဆုံး ကောင်းမှု ကုသိုလ်များပြု၍ ထိုဘဝမှ စုတေ နတ်ပြည်၌ ဖြစ်ပြီး နတ်ပြည်နှင့် လူ့ပြည် သုဂတိ သံသရာလည်ခဲ့ရာ ဤဘုရား သာသနာခေတ် ရောက်တဲ့ အခါမှာ ကပိလဝတ်ပြည်မှာ သုဒ္ဓေါဒန မင်းကြီးရဲ့ ညီတော် အမိတောဒန သာကီဝင်မင်းရဲ့ သားတော် အငယ် လာဖြစ်တယ်။

သားတော်အကြီးက မဟာနာမ သာကီဝင်မင်းသား၊ သားတော်အငယ်က အနုရုဒ္ဓ သာကီဝင် မင်းသားလို့ အမည်တွင်ကြတယ်။ မြတ်စွာဘုရားနှင့် ဆွေးမျိုးစပ်လျှင် ညီအစ်ကိုဝမ်းကွဲ တော်စပ်ကြတယ်။ အနုရုဒ္ဓ မင်းသား သည် အလွန် နူးညံ့သိမ်မွေ့ အလွန်ဘုန်းကြီးသူဖြစ်၍ လောကီရေးရာတွေ ဘာမှနားမလည် အလွန်အလွန် ချမ်းသာတယ်။

အခြား သာကီဝင် မင်းသားတွေလဲ အလွန်နူးညံ့ သိမ်မွေ့ချမ်းသာကြတယ်၊ အခြား သာကီဝင်မင်းသား တွေက လောကီရေးရာ နားလည်ကြ လိမ့်ဦးမယ်။ အနုရုဒ္ဓမင်းသားကမူ လောကီရေးရာ ဘာမှ နားမလည် ဘူး၊ နားမလည်သမှ—

တစ်နေ့သော အခါ ဘဒ္ဒိယ မင်းသား၊ အနုရုဒ္ဓ မင်းသား၊ အာနန္ဒမင်းသား၊ ကိမိလမင်းသား၊ ဘဂု

http://www.dhammadownload.com



မင်းသား၊ ဒေဝဒတ္တမင်းသား၊ အဲဒီ မင်းသား ခြောက်ဦးတို့ ''ရှုံးသူက မုန့်ကျွေးစတမ်း'' ဆိုပြီး ကစားကြပါယ်။ အေး....၊ သူတို့ခေတ်ဆီ တုန်းကတော့ ဂုံညင်းယိုးတဲ့ ကစားနည်းမျိုး နေပါလိမ့်မယ်၊ ယနေ့ခေတ်အလိုဘော့ ဂေါ်လီကစားတယ် ဆိုပါစို့။ ''ရှုံးတဲ့လူက မုန့်ကျွေးစတမ်း'' ဆိုပြီး ဂေါ်လီကစားကြတယ်။ ထိုအခါ သုံးပွဲလုံး အနုရုဒ္ဓ မင်းသားချည်းပဲ ရှုံးတာပဲ။ သူက ဘယ်လောက်နူးညံ့သလဲဆိုလျှင် ရှုံးတိုင်း ရှုံးတိုင်း သူ့မယ်တော်ကြီးထံသို့ မင်းစေတစ်ယောက် – ကျွန်ယုံတော် လွှတ်ပြီး ''သွားကွယ်၊ မယ်တော် ထံ မုန့်တောင်းချေ''လို့ ဆိုပြီး စေလွှတ်တယ်၊ ကျွန်ယုံတော်ကလဲ သွားတောင်းတယ်။

မယ်တော် မိဖုရားကြီးက မုန့်ကြော်ကြော်ပေးတယ်။ ပထမအကြိမ် ပို့လိုက်တဲ့မုန့်ကို ခြောက်ဦးသား စားပြီးနောက်တစ်ခါ ဂေါ်လီကစားကြပြန်တော့လဲ အနုရုဒ္ဓမင်းသားပဲ ရှုံးလို့ မယ်တော့်ထံ မုန့်အတောင်း လွှတ်လိုက်တော့လဲ မယ်တော်က မုန့်ကြော်ပေးလိုက်တယ်။ ခြောက်ယောက်သား ဝိုင်းစားပြီးတော့ ဂေါ်လီကစားပြန်တော့လဲ အနုရုဒ္ဓမင်းသားပဲ ရှုံးလို့ တတိယအကြိမ်လဲ မယ်တော့်ထံ မုန့်တောင်းခိုင်းလိုက်တော့ မယ်တော်မိဖုရားကြီးက သားကို သိပ်ချစ်တယ်၊ မုန့်ကြော်ပေးလိုက်တယ်။ ခြောက်ယောက်သား တစ်ပျော်တစ်ပါးကြီး မုန့်စား ပြီးနောက် စတုတ္ထအကြိမ် ဂေါ်လီကစားပြန်ဘော့လဲ အနုရုဒ္ဓမင်းသားပဲ ရှုံးတော့ သူက တောင်းမြဲအတိုင်း မယ်တော် ထံ မုန့်အတောင်းခိုင်းတယ်။

တတိယအကြိမ်

http://www.dhammadownload.com



### မရှိမုန့်=နတ်မုန့်

ထိုအခါ မယ်တော်မိဖုရားကြီးက–

ဧဒါနိ ပူဝါ နတ္ထိ။

ဧဒါနိ=ယခုအခါ၌။ ပူဝါ=မုန့်တို့သည်။ နတ္ထိ=မရှိကြတော့ဘူး။

(အမောင်....၊ မင်းရဲ့ အရှင့်သားကို "ယခု မုန့်များ မရှိကြတော့ဘူး"လို့ ပြောလိုက်) ဤကဲ့သို့ မယ်တော်မိဖုရားကြီးက ရိုးရိုးပဲ ပြောလိုက်တယ်။

အေး....၊ မင်းစေ = ကျွန်ယုံတော်ကလဲ အနုရုဒ္ဓ မင်းသားထံ သွားပြီး မိဖုရားကြီး ပြောလိုက်တဲ့ အတိုင်း "အရှင့်သား....၊ မုန့်မရှိတော့ဘူးတဲ့"လို့ ပြောတဲ့အခါ အနုရုဒ္ဓ မင်းသားက "မုန့်မရှိတော့ဘူး"ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို နားမလည်ဘူး။

နားမလည်တဲ့အတွက် အနုရုဒ္ဓ မင်းသားက ဒီစကားကြားလိုက်တော့–

နတ္ထိပူဝါ နာမ ဧဒါနိ ဘဝိဿန္တိ။

ဧဒါနိ=ယခုအခါ၌။ နတ္ထိပူဝါ နာမ=မရှိခေါ်တဲ့ မုန့်များသာ။ ဘဝိဿန္တိ=မယ်တော့်ထံမှာ ရှိတော့တာ ဖြစ်ကုန်လိမ့်မယ်။

သူက "မရှိ" ဆိုတာ မုန့်တစ်မျိုးပဲ မှတ်တယ်။ "ရှေးအကြိမ်တွေတုန်းက ပေးလိုက်တဲ့ ဆီကြော်မုန့်တွေတော့ ကုန်ပြီ၊ 'မရှိ' လို့ ခေါ်တဲ့ မုန့်များသာ

http://www.dhammadownload.com



မယ်တော်ထံမှာ ရှိတော့တယ်။ အဲဒီလို အမိန့်ရှိပြီးတော့ သူ့မင်းစေ=ကျွန်ယုံတော်ကို-

ဂစ္ဆ နတ္တိ ပူဝေ အာဟရ။

ဂစ္ဆ = သွားပါကွယ်။ နတ္တိပူဝေ = မရှိမုန့်တို့ကို။ အာဟရ=ယူခဲ့လော့။

(သူ ပြောင်တာ မဟုတ်ဘူးနော်၊ အဟုတ်ပင် သူ့ကိုယ်တိုင်က ''မရှိ'' ဆိုတာ မုန့်တစ်မျိုးရဲ့ အမည်ပဲလို့ ထင်ပြီး ''သွားပါကွ မရှိမုန့်တို့ကိုပဲ ယူခဲ့ပါ'' အဲဒီလို တကယ်ပြောတာ။)

မင်းစေ = ကျွန်ယုံတော်ကလဲ မယ်တော် မိဖုရားကြီးထံ သွားပြီး-

နတ္တိ ပူဝေ ကိရ အယျေ ဒေထ။

အယျေ=အရှင်မကြီးဘုရား....။နတ္တိပူဝေ=မရှိမုန့်တို့ကို။ ဒေထ ကိရ=ပေးတော်မူလိုက်ကြတဲ့ဘုရား။

(အရှင်မကြီးဘုရား....၊ အရှင်မကြီးရဲ့ သားတော်က ''မရှိမုန့်တွေကို ပေးတော်မူလိုက်ကြပါ'' လို့ ပြောပါတယ်ဘုရား) လို့ လျှောက် ထား တဲ့အခါ-

မယ်တော်မိဖုရားကြီးက-

မမ ပုတ္တေန နတ္ထီတိပဒံ န သုတပုဗ္ဗံ၊ ကထံ နုခေါ နတ္ထိဘာဝံ ဇာနာပေယျံ။

မမ ပုတ္တေန = ငါ့သားသည်။ နတ္ထီတိပဒံ=မရှိဟူသောစာပိုဒ်=မရှိဆိုတဲ့ စကားကို။ န သုတပုဗ္ဗံ=

http://www.dhammadownload.com



ရှေးကမကြားအပ်စဖူး။ ကထံ နုခေါ=ဘယ်ပုံ ဘယ်ပန်းဘယ်နည်းလမ်းဖြင့်။ နတ္ထိဘာဝံ=မရှိဆိုတဲ့စကား၏ အနက်အဓိပ္ပာယ်ကို။ ဇာနာပေယျံ=သိစေရပါမည်နည်း....။

(ဩော်.... ငါ့သားက မရှိ ဆိုတဲ့စကား ကြားမှ မကြားဖူးတော့ မရှိဆိုတာ မုန့်တစ်မျိုးရဲ့ အမည်ပဲလို့ သူ ထင်နေတယ်။ ဒီတော့ မရှိ ဆိုတဲ့ စကားရဲ့ အနက်အဓိပ္ပာယ်ကို ဘယ်လိုနည်းဖြင့် ငါ့သားကို သိစေရပါမည်နည်း....။ အဲဒီလို ကြံစည်ပြီး ၎လာ ရွှေခွက်ကြီး တစ်လုံးကို ဆေးကြော၍ အောက်ခံပြုပြီး အခြား ဗလာ ရွှေခွက်ကြီး တစ်လုံး ဖြင့် အပေါ်က မှောက်အုပ်ပြီး ကတ္တီပါကြိုးဖြင့် တုပ်နှောင်ပြီး–

ဟန္ဒ တာတ ဣမံ မမ ပုတ္တဿ ဒေဟိ။

တာတ = အမောင် အချင်းယောကျ်ား....။ ဟန္ဒ= ရော့ (ယူလော့။) ဣမံ = ဤရွှေခွက်ကို။ မမ ပုတ္တဿ= ငါ့သားအား။ ဒေဟိ=ပေးလိုက်ပါလော့။

(အမောင်အချင်းယောကျ်ား....၊ ရော့ ဒီရွှေခွက်ကို ငါ့သားအား ပေးလိုက်စမ်းဆိုပြီး မင်းစေ=ကျွန်ယုံတော်ကို ပြောဆိုပေးအပ်လိုက်တယ်။)

နတ်များ နတ်မုန့်တွေကို ထည့်ပေးခြင်း

မင်းစေ=ကျွန်ယုံတော်က ရွှေဗလာ ကြီး များ ကို ထမ်းပြီးသွားလို့ လမ်းခရီး ရောက်တဲ့အခါ မြို့စောင့်နတ်များက–

http://www.dhammadownload.com



အမှာကံ သာမိနာ အန္ဓဘာရကာလေ ဥပရိဋ္ဌ-ပစ္စေကဗုဒ္ဓဿ ဘာဂဘတ္တံ ဒတွာ ''နတ္ထိတိ ပဒံ မေဝ န သုဏေယျ''န္တိ ပတ္ထနာ နာမ ပဋ္ဌပိတာ၊ သစေ မယံ တမတ္ထံ ဉတွာ အဇ္ဈုပေက္ခေယျာမ၊ မုဒ္ဓါပိ နော သတ္တဓာ ဖလေယျ။

အမှာကံ=ငါတို့၏ ။ သာမိနာ – အ ရှင် ဖြစ် သော အနုရုဒ္ဓမင်းသားသည်။ အန္ဓဘာရကာလေ=အန္ဓဘာရ ဆင်း ရဲ သား မြက် ထမ်း သ မား ဖြစ် တဲ့ ဘဝတုန်းက။ ဥပရိဋ္ဌပစ္စေကဗုဒ္ဓဿ = ဥပရိဋ္ဌပစ္စေကဗုဒ္ဓါ အရှင်မြတ် အား။ ဘာဂဘတ္တံ=မိမိရဲ့ဝေစုထမင်းကို။ ဒတွာ=ပေးလှူ၍။ ''နတ္ထိတိ ပဒံမေဝ န သုဏေယျန္တိ=မရှိဆိုတဲ့စကား မကြားရပါလို''ဟူ၍။ ပတ္ထနာနာမ = ဆုတောင်းခြင်း မည်သည်ကို။ ပဋ္ဌပိတာ=ဖြစ်စေအပ်ခဲ့လေပြီ။ မယံ=ငါ တို့သည်။ တမတ္ထံ=ထိုအကြောင်းကို။ ဉတွာ=သိကြပါ လျက်။ သစေ အဇ္ဈုပေက္ခေယျာမ=အကယ်၍ လျစ်လျူရှု ကုန်ငြားအံ့။ နော = ငါတို့၏ ။ မုဒ္ဓါပိ = ဦးထိပ်လဲပဲ။ သတ္တဓာ = ခုနစ်စိတ် ခုနစ်မြွာ။ ဖလေယျ = ကွဲလေ ရာ၏....။

(ငါတို့ရဲ့ အရှင်ဖြစ်သူ အနုရုဒ္ဓမင်းသားဟာ အန္ဓ-ဘာရဆင်းရဲသား မြက်ထမ်းသမား ဖြစ်ခဲ့ရတဲ့ ဘဝ တုန်းက ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား သူ့ရဲ့ ဝေစု ထမင်းကို ပေးလှူပြီး ''မရှိ ဟူသော စကား မကြားရပါလို'' အဲဒီလို သူဆုတောင်းခဲ့တယ်။ ငါတို့သည် ထိုအကြောင်း ကို သိကြပါလျက် လျစ်လျူရှုပြီး မသိသလို နေလိုက်ကြ သျှင် ငါတို့၏ ဦးခေါင်းဟာ ခုနစ်စိတ် ကွဲသွားနိုင်တယ်။

တတိယအကြိမ်

http://www.dhammadownload.com



(အဲဒီလို ကြံစည် ဆင်ခြင်မိကြပြီး ရွှေခွက်ကြီးထဲမှာ "နတ်မုန့်တွေ အပြည့် ထည့်ပေးလိုက်ကြတယ်။)

ထို မင်းစေ=ကျွန်ယုံတော်သည် ရွှေခွက်ကို ထမ်းသွား၍ အနုရုဒ္ဓမင်းသား၏ အထံ၌ ချထား၍ ရွှေခွက်ကို ဖွင့်လိုက်သော် နတ်မုန့်တို့ရဲ့ ရနံ့ကောင်း ကပိလဝတ်ပြည် တစ်မြို့လုံး ပျံ့လှိုင်ကုန်ကြတယ်။ အဲဒီလို ရနံ့ပျံ့ရုံသာလား ဆိုတော့ မဟုတ်သေးဘူး၊ နတ်မုန့်သည် ကား လျှာပေါ် တင်လိုက် ရုံမျှမှာပင် အရသာကြော ခုနစ်ထောင်တို့ကို ပျံ့၍ တည်လေတယ်။

## သား နှင့် အမိ နှိုးနှော့ပြောကြပုံ

အနုရုဒ္ဓမင်းသား စဉ်းစားတယ်။

န မံ မညေ ဃတော ပုဗ္ဗေ မာတာ ပိယာယတိ
န ဟိ မေ အညဒါ ဒါတာယ နတ္ထိပူဝံ နာမ ပက္ကပုဗ္ဗာ၊

မံ=ငါ့ကို။ ဃတော=ဤအခါမှ။ ပုဗ္ဗေ = ရှေးတုန်းက။ မာတာ=မယ်တော်သည်။ န ပိယာယတိ မညေ=မချစ်အပ်ဘူး ထင်ပါရဲ့။ ဟိ=မှန်၏။ မေ=ငါ့အတွက်။ ဒါတာယ = ထို ငါ့ မယ်တော်သည်။ အညဒါ = တစ်ပါးသောအခါ၌။ နတ္ထိပူဝံ နာမ= "မရှိ"လို့ ခေါ်တဲ့မုန့်တို့ကို။ န ပက္ကပုဗ္ဗာ=ရှေးက မကြော်အပ်ဖူးကုန်ချေ....။

(ဩော်.... ငါ့ကို ငါ့မယ်တော်ဟာ ရှေးက မချစ်ဘူးထင်ပါရဲ့။ မှန်ပါတယ်၊ ငါ့အတွက် ငါ့မယ်တော်ဟာ ရှေးအခါတွေတုန်းက ယခုပို့လိုက်တဲ့ "မရှိ"

http://www.dhammadownload.com



မုန့်မျိုးကို တစ်ခါမှ ကြော်မပေးဖူးဘူး၊ ယခုမှ ကြော် ပေးလိုက်တယ် လို့ စဉ်းစားတယ်....။)

အဲဒီလို စဉ်းစားပြီး ရှုံးတာကလဲ ပထမ+ဒုတိယ+ တတိယ+စတုတ္ထ ၄-ပွဲတောင်ရှုံးတော့ ''တော်ပြီကွာ၊ ငါ မကစားတော့ဘူး'' ဆိုပြီး အနုရုဒ္ဓမင်းသား နန်း အိမ်ပြန်သွားတယ်၊ နန်းအိမ်ပြန်သွားလို့ မယ်တော် မိဖုရားကြီးနဲ့တွေ့တော့—

အမ္မ နာ+ဟံ တဝ ပိယော။

အမ္မ=မွေးမယ်တော်....။ အဟံ=အကျွန်ုပ် (သား တော်) ကို။ တဝ=သင် (မယ်တော် သည်)။ န ပိယော= မချစ်အပ်ပေ။

(မယ်တော်....၊ ကျွန်တော့်ကို မယ်တော် မချစ် အပ်ပါဘူး)လို့ ပြောတဲ့အခါ မယ်တော်မိဖုရားကြီးက—

တာတ ကိံ ဝဒေသိ၊ မမ အက္ခီဟိပိ ဟဒယ မံသတောပိ ဟွံ ပိယတရော။

(ငါ့သား....၊ ဘာယ့်နှယ်ပြောလိုက်တာလဲ၊ မယ်တော် ဟာ သားတော်ကို မျက်စိအစုံတို့ထက်လည်းကောင်း၊ နှလုံးသားထက်လည်းကောင်း သင်ချစ်သားကို ပိုရှ် ချစ်အပ်ပါတယ် လို့ ပြောတော့ အနုရုဒ္ဓမင်းသားက—

သစေ+ဟံ အမ္မ တဝ ပိယော၊ ကသ္မာ မမ ပူဝံ ဝေလ္လုပေ နတ္ထိ ပူဝေ နာမ န အဒါသိ။

(မယ်တော်....ကျွန်တော့်ကို မယ်တော်က ချစ်အပ် ပါတယ် ဆိုလျှင် ဘာဘယ့်ကြောင့် ရှေးရှေး ရက်လ

http://www.dhammadownload.com



တွေဘုန်းက ယခုလို အရသာထူးလှတဲ့ ''မရှိမှန်''တို့ကို မယ်တော် မပေးတာလဲ လို့ ပြောတယ်)။

ထိုအခါ မယ်တော် မိဖုရားကြီးက ပို့ပေးတဲ့ ကျွန် ယုံတော်ယောကျ်ားကို ခေါ်ပြီး–

တာတ ကိန္နု ပါတိယံ အပေါသိ။

မောင်ရင် ...၊ မင်းရဲ့ အရှင့်သားကို ရွှေခွက်ကြီး များ ပေးအပ်လိုက်တဲ့အခါ အဲဒီရွှေခွက်ကြီးထဲမှာ တစုံး တစ ပါရှိသယောလို့ မေးတဲ့အခါ ပင်းချင်း ကျွန် ယုံတော်က–

အာမ အယျေ ပူဝါနံ ပါတိ ပရိပုဏ္ဏာ အပေါသိ၊ န မေ ဝေရူပါ ဒိဋ္ဌပုဗ္ဗာ။

အယျေ=အရှင်မ....။ အာမ=ပြေ်-ပါရှိပါတယ်။ ပါတိ=ရွှေခွက်ကြီးတစ်ခုလုံးသည်။ ပူဝါနံ = မုန့်တို့ဖြင့်။ ပရိပုဏ္ဏာ=ထက်ဝန်းကျင် (ဘောင်းလန်အောင်) ပြည့်၍ နေသည်။ အပေါသိ=ဖြစ်ပြီ။ မေ = အကျွန်ုပ်သည်။ ဝေရူပါ = ဤသို့သဘောရှိတဲ့ မုန့်တို့ကို။ န ဒိဋ္ဌပုဗ္ဗာ= ရှေးက မမြင်အပ်ဖူးပါကုန်။

(အရှင်မိဖုရားကြီး....၊ ပါရှိပါတယ်။ ရွှေခွက်ကြီး တစ်ခုလုံး မုန့်တွေ ထက်ဝန်းကျင်=ဘောင်းလန်အောင် ပြည့်နေပါတယ်။ ကျွန်တော်မျိုး ရှေးက ဒီလိုမုန့်မျိုးကို တစ်ခါမျှ မမြင်ဖူးပါလို့ ပြန်ကြား ပြောဆိုတယ်။)

**သမ္ပတ္တိစက်လေးပါး**

(ဤနေရာ၌ (က) ပဋိရူပဒေသဝါသ = ကုသိုလ် ဖြစ်နိုင်တဲ့ အရပ်၌ နေထိုင်ရခြင်း၊ (ခ) သပ္ပုရိသူပ-

http://www.dhammadownload.com



နိဿယ = ဆရာသမားကောင်း ပိတ်ကောင်းဘို့ကို အမှီရခြင်း၊ (ဂ) အတ္တသမ္မာပဏိဓိ = မိမိရဲ့ စိတ်ကို ကောင်းကောင်း ထားနိုင်ခြင်း၊ (ဃ) ပုဗ္ဗေကတ-ပုညတာ=ရှေးက ကောင်းမှုပြုခဲ့ဖူးခြင်းဟူ၍ သမ္ပတ္တိစက် ၄-ပါးရှိတယ်။ ထိုစက်လေးပါးတို့တွင် (ဃ) အမှတ် ပုဗ္ဗေကတပုညတာစက်ရှိမှ ကျန်သော သမ္ပတ္တိစက်သုံးပါး ပြည့်စုံနိုင်သည်။ ယို့ကြောင့် "စက်လေးပါးသရုပ် ပ+သဒ်+အတ် ပုမ် တို့တွင် ပုဗ္ဗေကတ ပုညသတ္တိ စက်တပ်လုံးဖြင့် စက် သုံး-ကို မိနိုင်သည်" ဟူ၍ ပညာရှိတို့ ဆိုစပ်ဖွဲ့ကြသည်။)

ထိုသို့ မင်းချင်း ကျွန်ယုံတော်က ပြောတဲ့အခါ မယ်တော်မိဖုရားကြီးက—

ပုဗ္ဗေ ကတပုညော၊ ဒေဝတာပိ+ဿ ဒိဗ္ဗ ပုဝါ ပဟိတာ ဘဝိဿန္တိ။

မေ=ငါ၏။ ပုတ္တော=သားသည်။ ကတပုညော=ပြုအပ်ဖူးသော ရှေးကောင်းမှု (ပုဗ္ဗေကတပုညတာစက်) ရှိသူ ဖြစ်ပေ၏။ ဒေဝတာပိ=နတ် တို့ က။ အဿ=ထိုငါ့သား၏အတွက်။ ဒိဗ္ဗပူဝါ=နတ်၌ ဖြစ်သော မုန့်တို့ကို။ ပဟိတာ=ပို့ အပ် ကုန် သည်။ ဘဝိဿန္တိ=ဖြစ်ကြလိမ့်မည်။

ကြော်....ငါ့သားဟာ ရှေးကပြုဖူးတဲ့ ကောင်းမှုရှိသူ=ပုဗ္ဗေကတပုညတာစက်ရှိသူ ဧကန္တပဲ။ ဒါ့ကြောင့် နတ်များက နတ်၌ဖြစ်တဲ့ မုန့်များကို ပို့ပေးလိုက်တာ ဖြစ်လိမ့်မယ်... (အဲဒီလို စဉ်းစားပြီး မယ်တော်ကြီးက အံ့ဩတယ်။)

http://www.dhammadownload.com



**နတ်မုန့်စား၍ ကြီးပြင်းခြင်း**

အနုရုဒ္ဓမင်းသားကလဲ မယ်တော်ကြီးကို–

အမ္မ န မယာ ဒေိဋ္ဌပုဗ္ဗော ပူဝေါ ခါဒိတပုဗ္ဗော၊ နတ္ထိပူဝေါ ပစေယ္ယာသိ။

(မယ်တော်....၊ အခု စတုတ္ထအကြိမ် ပို့လိုက်တဲ့ မုန့်မျိုးကို ရှေးက မစားရဖူးဘူး။ ဒီက နောက်ကို ကျွန်တော့်အား အခြားမုန့် မပေးပါနဲ့၊ ကျွန်တော့် ဖို့ဆိုလျှင် မရှိမုန့်ကိုပဲ အကြောင်းနိုင်းပါ မယ်တော်....၊ ဤကဲ့သို့ ပြောတယ်။)

မယ်တော်ကြီးကလဲ ထိုအချိန်ကစပြီး အနုရုဒ္ဓ မင်း သားက ''မုန့်စားလိုပါတယ်''လို့ ပြောတိုင်း ပြော တိုင်း ရွှေခွက်ကိုဆေးပြီး အခြား ရွှေခွက်တစ်လုံးနဲ့ မှောက်အုပ်ပြီး အပို့ နိုင်းတယ်။ ပို့တိုင်း ပို့တိုင်း မြို့ စောင့်နတ်တို့က ရွှေခွက်၌ နတ်မုန့်တွေ အပြည့် ထည့် ပေးကြတယ်။ ထိုအချိန်ကစ၍ အနုရုဒ္ဓမင်းသားသည် နတ်မုန့်တို့ကိုပဲ စားပြီး ကြီးထွားလာခဲ့ရတယ်။ ဒီအချက် ကို အဋ္ဌကထာက ဤဆိုလတ္တံ့သော အတိုင်း စကား နိဂုံး အဆုံးသတ်ပေးတယ်။

ဧဝံ သော အဂါရမဇ္ဈေ ဝသန္တော နတ္ထိပူဝေါ ပစေယ္ယာသိ။ အညံ အဇာနိတွာ ဒိဗ္ဗပူဝမေဝ ပရိဘုဉ္ဇိ။

ဧဝံ–ဤသို့။ သော တို အနုရုဒ္ဓ မင်းသားသည်။ အဂါရမဇ္ဈေ = အိမ်ရာတည်ထောင် လူ့ဘောင်၌။ ဝသန္တော–နေစဉ်။ နတ္ထိပူဝေါ='မရှိ' ဟူသော စကား၏။ အညံ = အနက်အဓိပ္ပာယ်ကို။ အဇာ–

http://www.dhammadownload.com



နိတ္တာ=မသိမှု၍။ ဒိဗ္ဗပူဝေ ယေဝ=နတ်မုန့်တို့ကိုသာ လျှင်။ ပရိဘုဉ္ဇိ=စားသုံးခဲ့ရပြီ....။

(ယခု ပြောခဲ့တဲ့အတိုင်း အနုရုဒ္ဓ မင်းသားသည် 'မရှိ' ဟူသော စကားရဲ့ အနက်အဓိပ္ပာယ်ကို လုံးဝ နားမလည်ပဲ နတ်မုန့်တို့ကိုသာ "မရှိမုန့်" အမှတ်ဖြင့် စားသုံး ကြီးပြင်းခဲ့လေပြီ။

အနုရုဒ္ဓမင်းသား
ရဟန်းပြုရန် ငြင်းဆန်ခြင်း

မြတ်စွာဘုရား အလောင်းတော်သည် ဘိုးတော် အဉ္ဇနမင်း ဖြူကြွင်း ထိုနှစ် မဟာသက္ကရာဇ် ၁၀၃ (တစ်ရာ့သုံး) ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဘုရားဖြစ် ပြီးနောက် တစ်နှစ်ပြည့်မြောက်တဲ့ မဟာသက္ကရာဇ် ၁၀၄ (တစ်ရာ့လေး) ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ကပိလဝတ် ပြည်သို့ ကြွရောက်တော်မူတဲ့အခါ ဘုရားနှင့် အတူတကွ ပါလာတဲ့ ရဟန္တာနှစ်သောင်းက သာကီဝင်မင်းမျိုး တွေ မဟုတ်ဘူး၊ ကပိလဝတ်ပြည်က ဆိုလျှင် ဖွားဖက် တော်ကာဠုဒါယီ (နှင့်) အမတ် ၁၀-ယောက်၊ မင်းချင်း ယောကျ်ား တစ်သောင်း = သူတို့သာ ကပိလဝတ် ပြည်သား ရဟန်းအနေနဲ့ ပါကြတယ်။

ဒီတော့ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက ကပိ လဝတ်ပြည် ပြန်ကြွလာတဲ့ သားတော်ဘုရား နိဂြောဓရဲ့ ကျောင်းတော်ရောက်တော့ "ဩော်... ငါ့သားတော် သာကီဝင်မင်းသား ဘုရားဟာ သာကီဝင်မင်း သား ရဟန်းများ ခြံရံမှ တင့်တယ်လိမ့်မယ်၊ ဒီတော့ ဆွေတော်

http://www.dhammadownload.com



မျိုးတော်တို့....၊ ငါ့ကို ကူညီကြစမ်း။ တစ်အိမ်လျှင် သာကီဝင်မင်းသား တစ်ယောက်တစ်ယောက်ကျ သားတော်ရဲ့ အခြံအရံဖြစ်ဖို့ရန် သာသနာ့ ဝန်ထမ်း ရဟန်းပြုကြပါ''လို့ မေတ္တာရပ်ခံတယ်။

မေတ္တာ ရပ်ခံတဲ့ အတိုင်း အခြား အခြားသော သာကီဝင်တွေက မိမိ မိမိတို့ရဲ့ နန်းအိမ်တိုင်း နန်းအိမ်တိုင်းက သာကီဝင်မင်းသားတွေကို နားချ တရားဟော၍ ရှင်ရဟန်းအပြုခိုင်းပြီး ဘုရားနောက် ထည့်လိုက်ကြတယ်။ ဒီလို ထည့်ကြတဲ့အထဲမှာ ဒႆနုရုဒ္ဓမင်းသားတို့ရဲ့ နန်းအိမ်က မထည့်ရသေးဘူး၊ ဒီတော့ အနုရုဒ္ဓရဲ့ နောင်တော်ကြီး မဟာနာမ သာကီဝင်မင်းသားက အနုရုဒ္ဓမင်းသားကို–

တာတ အမှာကံ ကုလာ ကောစိ ပဗ္ဗဇိတော နတ္ထိ၊ တယာ ဝါ ပဗ္ဗဇိတဗ္ဗံ မယာ ဝါ။

တာတ=ချစ်ညီအနုရုဒ္ဓ....။ အမှာကံ=ငါတို့၏။ ကုလာ=နန်းအိမ်မှ။ ပဗ္ဗဇိတော = ရဟန်းပြုသောပုဂ္ဂိုလ်သည်။ နတ္ထိ = မရှိသေးဘူး။ တယာ ဝါ= သင် ငါ့ညီသော်မူ ... ကောင်း။ မယာ ဝါ=ငါသော်မူလည်းကော ...။ ပဗ္ဗဇိတဗ္ဗံ=ရဟန်းပြုသင့်၏၊ (ဝါ) ရဟန်းပြုမှ သင့်တော်တော့မည်....။

(ငါ့ညီ....၊ ငါတို့ရဲ့ နန်းအိမ်က တစ်ယောက်မှ ရဟန်းမပြုရသေးဘူး၊ ဒီတော့ ငါတို့အိမ်ကတစ်ယောက်မှ ရဟန်းမပြုလို့ဖြင့် မတော်ဘူး၊ ငါ့ညီ....သင်သော်လဲ ရဟန်းပြုမှ၊ သို့မဟုတ် ငါသော်လဲ ရဟန်းပြုမှ သင့်တော်လိမ့်မယ်....လို့ ပြော...)

http://www.dhammadownload.com



အနုရုဒ္ဓမင်းသားက–

အဟံ အတိသုခုမာလော ပဗ္ဗဇိတုံ န သက္ခိဿာမိ။

တာတ=နောင်တော်....။ အဟံ=ညီတော်သည်။ အတိသုခုမာလော=အလွန် သိမ် မွေ့ နူး ညံ့ ပါ ၏။ ပဗ္ဗဇိတုံ=ရဟန်းပြုဖို့ရန်။ န သက္ခိဿာမိ = စွမ်းနိုင်မည်မဟုတ်ပါ။

(နောင်တော်....၊ ညီတော်ဟာ သိမ်နုတဲ့လူ ဖြစ်ပါတယ်၊ ရဟန်းဆိုတာ နေပူ+မိုးရွာမရှောင်သွားရတယ်၊ နေပူ=မိုးရွာမရှောင် ဆွမ်းခံရတယ်၊ အလွန် ဆင်းရဲတယ်၊ ကျွန်တော် အဲ့ဒီလို အဆင်းရဲမျိုး မခံနိုင်ဘူး၊ ဒါကြောင့် ညီတော် ရဟန်းမပြုနိုင်ဘူးလို့ ပြောတယ်)။

ညီကလဲဖြစ်ပြန်၊ အစ်ကိုကြီးကလဲချစ်၊ မယ်တော်ကလဲချစ်၊ သူ့ကိုယ်နှိုက်ကလဲ ဘုန်းရှင် ကံရှင်ဆိုတော့ ပြောလို့တောင် မယုံနိုင်လောက်ဘူးနော်၊ နတ်မုန့်တွေစားပြီး ကြီးလာတဲ့ ပုဂ္ဂိုလ်ဆိုတော့ အသားအရေကလဲ အလွန်နူးညံ့နေတယ်။ ဒါကို ရည်ရွယ်ပြီး ''ညီတော် ရဟန်းမပြုနိုင်ပါဘူး''လို့ ပြောတော့–

နောင်တော် မဟာနာမ သာကီဝင်မင်းသားက–

တေန ဟိ ကမ္မန္တံ ဥဂ္ဂဏှ၊ အဟံ ပဗ္ဗဇိဿာမိ။

တေန ဟိ=ထိုသို့တပြီးကား။ (ဝါ) ထိုသို့ ငါ့ညီ ရဟန်းမပြုနိုင်လျှင်။ ကမ္မန္တံ = အလုပ် ကိစ္စ များ ကို။ ဥဂ္ဂဏှ=သင်ယူပါဦး။ အဟံ = ငါ (နောင်တော်) သည်။ ပဗ္ဗဇိဿာမိ=ရဟန်းပြုပါမည်....။

(အေး....ငါ့ညီ....၊ မင်း ရဟန်းမပြုနိုင်လျှင် လူဘောင်နေသူတို့ လုပ်ဆောင်ရမည့် အလုပ်ကိစ္စများကို

http://www.dhammadownload.com



ဘာလုပ်ရမယ်၊ ဘာလုပ်ရမယ်ဆိုတာကို ငါ့ညီ သင်ယူပါဦး၊ ညီတော်တို့ကို အားလုံးလုပ်ဆောင်ရမည့် အလုပ်ကိစ္စများကို သင်ပေးပြီးတော့မှ ငါ (နောင်တော်) ရဟန်းပြုပါမည်ဟု ပြောကြားတယ်။)

**ထမင်း ဘယ်မှဖြစ်သည်ကို မသိ**

ထိုအခါ အနုရုဒ္ဓ မင်းသားက—

**ကော ဧသ နာမ ကမ္မန္တော နာမ။**

တာတ=နောင်တော်....။ ဧသ သော ကမ္မန္တော နာမ=ဤအလုပ်ကိစ္စဆိုတာ။ ကော=ဘယ်လိုဟာလဲ....။

နောင်တော်....၊ အလုပ်ကိစ္စဆိုတာ ဘယ်လိုဟာလဲတဲ့၊ သူမေးတယ်။ ယခင်ကလဲ 'မရှိ' ဆိုတာကို မှန်မှတ်သလို ယခုလဲပဲ အလုပ်ကိစ္စဆိုတာကို သူ နားမလည်တဲ့အတွက် ယခုလို မေးခြင်းဖြစ်တယ်။

ဤနေရာ၌ အဋ္ဌကထာက-

သော ဟိ ဘတ္တဿ ဥဋ္ဌာနဋ္ဌာနမ္ပိ န ဇာနာတိ၊ ကမ္မန္တံ ကိမေဝ ဇာနိဿတိ၊ တသ္မာ ဧဝ+မာဟ။

သူကား ထမင်းဘယ်ကဖြစ်တယ်လို့ သော်မှ မသိတာ၊ ယခု နောင်တော် မဟာနာမမင်းသား ပြောကြားတဲ့ အလုပ်ကိစ္စဆိုတာကို လုံးဝမသိလို့ မေးတာဆိုပြီး မင်းသား ၃-ယောက် ထမင်းဖြစ်ရာဌာနကို ဆွေးနွေးကြပုံကို ဤဆိုလတ္တံ့သောအတိုင်း ဖော်ပြထားတယ်....။

တစ်နေ့သောအခါ အနုရုဒ္ဓ မင်းသားရယ်၊ အဒ္ဒိယ မင်းသားရယ်၊ ကိမိလမင်းသားရယ်.... သူငယ်ချင်း

http://www.dhammadownload.com



သာကီဝင် မင်းသား သုံးဦးတို့ ''ထမင်း ဘယ်က ဖြစ်သလဲ''ဆိုတဲ့ ပြဿနာကို ဆွေးနွေးကြတယ်။

ဘတ္တံ နာမ ကဟံ ဥပ္ပဇ္ဇတိ။

ဘတ္တံ နာမ=ထမင်းမည်သည်။ ကဟံ=အဘယ်၌၊ (ဝါ) ဘယ်က။ ဥပ္ပဇ္ဇတိ=ဖြစ်သလဲ။

အေး....၊ မင်းတို့ ထမင်း ဘယ်ကဖြစ်သလဲဆိုတာ သိကြရဲ့လား။ ဤသို့မေးတဲ့အခါ ကိမိလမင်းသား ငါသိပါတယ်ကွာ.... ဆိုလို့ ကျန်တဲ့နှစ်ယောက်က ''ဘယ်က ဖြစ်သလဲ''လို့ မေးတဲ့အခါ ကိမိလမင်းသားက-

ကောဋ္ဌေသု ဥပ္ပဇ္ဇတိ။

ကောဋ္ဌေသု=ကျီကြတို့၌။ ဥပ္ပဇ္ဇတိ=ထမင်းဖြစ်တယ်။ ဤကဲ့သို့ ဖြေတယ်။

အကြောင်းကတော့ တစ်ချိန်က ကျီထဲက စပါးထုတ်နေကြတာကို သူမြင်တယ်၊ ထိုအခါမှာ ကိမိလမင်းသားက ကျီထဲ၌ စပါးထည့်တဲ့ လူတွေကို မေးတော့ လူတွေက ''သြော်.... ဒီစပါးတွေကို မောင်း နှင့် ထောင်း လျှင် ဆန်ဖြစ်တယ်၊ ထိုဆန်ကိုချက်လျှင် ထမင်းဖြစ်တာပေါ့'' လို့ ပြောကြတဲ့အတွက် သူ့စိတ်ထဲမှာ ''ထမင်းဆိုတာ ကျီထဲကြဲမှ ဖြစ်တယ်''လို့ အောက်မေ့ပြီး ထိုကဲ့သို့ အဖြေပေးတယ်။

ထိုအခါ ဘဒ္ဒိယမင်းသားက-

''တွံ န ဇာနာသိ=(မင်းမသိပါဘူးကွာ) လို့'' ပြောပြီး-

''ဘတ္တံ နာမ ဥက္ခလိယံ ဥပ္ပဇ္ဇတိ။

ထတိယအကြိမ်

http://www.dhammadownload.com



ဘတ္တံ နာမ=ထမင်းဆိုတာ။ ဥက္ခလိယံ=ထမင်းအိုးထဲ၌။ ဥဋ္ဌာတိ=ဖြစ်ပေါ်၏''။ (ထမင်းဆိုတာ မောင်တို့.... ထမင်းအိုးထဲက ဖြစ်တာလို့ ဤကဲ့သို့ ဖြေတယ်။ ။ အကြောင်းကတော့ သူ တစ်နေ့သ၌ အလုပ်သမားများ ထမင်း ခူး နေ ကြ သည် ကို မြင် ပြီး ''ဧတ္တေဝေ + တံ ဥပ္ပဇ္ဇတိ=သြော်....ထမင်းဆိုတာ ထမင်းအိုးထဲက ဖြစ် တာကိုး''လို့ စိတ်ထဲက အောက်မေ့ပြီး ထိုကဲ့သို့ အဖြေ ပေးတယ်။

တတိယမြောက် အနုရုဒ္ဓမင်းသားရဲ့ အလှည့်ကျတဲ့ အခါ သူက ဘာပြောသလဲဆိုလျှင်-

တုမှေ န ဇာနာထ။

(တုမှေ= သင် တို့ နှစ် ယော က် သား တို့ သည်။ န ဇာနာထ=ထမင်းဘယ်က ဖြစ်တယ်ဆိုတာ မသိကြပါ ဘူးကွာ) လို့ ပြောပြီး-

ဘတ္တံ နာမ ရတနမ္ဗမကုဋာယ မဟာသုဝဏ္ဏ-ပါတိယံ ဥဋ္ဌာတိ။

ဘတ္တံနာမ = ထမင်းဆိုတာ။ ရတနမ္ဗမကုဋာယ= တစ်တောင်မျှလောက် မြင့်မောက်စူးစူး အထွတ်အဖူး ရှိသော။ သုဝဏ္ဏပါတိယံ = ရွှေခွက်ကြီးထဲက။ ဥဋ္ဌာတိ= ဖြစ်ပေါ်လာတာ....။

သူက ဘဒ္ဒိယလို ထမင်းအိုးထဲက ထမင်းကို မမြင် ဖူးဘူး၊ ကိမိလလို စပါးကျီကြကိုလဲ မမြင်ဖူးဘူး၊ သူမြင် ဖူးတာက စားတော်ရွှေခွက်ထဲက ထမင်းကိုသာ မြင်ဖူး တဲ့အတွက် ''ထမင်းဆိုတာ တစ်တောင်လောက် အမြင့် ရှိတဲ့ စားတော် ရွှေခွက်ကြီးထဲက ဖြစ်တာပါ'' လို့ ရိုးသားစွာ ပြောကြားခြင်းဖြစ်တယ်။

http://www.dhammadownload.com



## နောင်တော် မဟာနာမက ညီတော် အနုရုဒ္ဓကို ဆုံးမသွန်သင်ပေးပုံ

ဤဆိုခဲ့သော**အတိုင်း** ''ထမင်းဘယ်က ဖြစ်တယ်'' သို့မျှမသိရှာတဲ့အ**နုရုဒ္ဓမင်းသား**ဆိုတော့ ယခု မဟာနာမ နောင်တော်မင်းသား ပြောတဲ့ ကမ္မန္တ=အလုပ်ဆိုတာလဲ သူ မသိရှာလို့ ''နောင်တော်ကြီး....၊ အလုပ်ကိစ္စ ဆိုဘာ ဘယ်လိုဟာမျိုးလဲ'' ရိုးသားစွာ သူ မေးမြန်းခြင်း ဖြစ်တယ်။ ထိုအခါ မဟာနာမမင်းသားက–

ဟေ ခေါ တေ အနုရုဒ္ဓ ဃရာဝါသတ္ထံ အနုသာသိဿာမိ။

အနုရုဒ္ဓ=ချစ်ညီအနုရုဒ္ဓါ....။ ဟေ = လာလော့။ တေ=သင့်အား။ ဃရာဝါသတ္ထံ=အိမ်၌ နေတဲ့လူတို့ လုပ်ဆောင်ရမည့် အလုပ်ကို။ အနုသာသိဿာမိ= ငါသင်ပေးမယ်။

ချစ်ညီအနုရုဒ္ဓါ.... **လာ**သင်လာပါ၊ ငါ မင့်အား အိမ်မှာနေတဲ့ **လူတို့ လုပ်**ဆောင်ရမည့် လုပ်ငန်းစဉ် များကို အစဉ်**အတိုင်း** ပြောပြမယ် ဆိုပြီး နောင်တော် မဟာနာမမင်း**သားက** ပြောပြသည်။

ပဌမံ ခေတ္တံ ကသာပေတဗ္ဗံ = မိုးဦးမကျမီ ကြို တင်၍ ကိုယ်တိုင် အလုပ်သမားတွေကို အုပ်ချုပ်ပြီး လယ်အထွန်နိုင်းရမယ်။

မိုးဦးကျလာပြီး လယ်မြေ နူးနပ်ပြီ ဆိုတော့ အလုပ်သမားများကို ကိုယ်တိုင်အုပ်ချုပ်ပြီး မျိုး အကြဲခိုင်းရမယ်။ မျိုးအကြဲခိုင်းလို့ မျိုးပင်ကလေး များ ပေါက်ရောက်လာပြီ ဆိုလျှင် ဟို–တစ်ဘက်ဂ

http://www.dhammadownload.com



ရှိတဲ့ ကောက်စိုက်ရမည့်လယ်ကို ကိုယ်တိုင်အုပ်ချုပ်၍ နူးနပ်အောင် ညက်အောင် အထွန်ခိုင်းရမယ်။ ပြီးတော့မှ ဒီဘက် လယ်ကွက်က မျိုးပင်များကို မျိုးအနုတ်ခိုင်း မျိုးအစည်းခိုင်း ကောက်ပင်များကို အစိုက်ခိုင်းရမယ်။ ကောက်စိုက်ပြီးတော့လဲ ကိုယ်တိုင် ရေ အနေအထားကို ကြည့်ပြီး လိုလျှင် ရေသွင်း အပေးခိုင်းရမယ်၊ ပိုလျှင် ရေအနုတ် ခိုင်းရမယ်။ (အလုပ်သမားချည်း ပစ်မထားရဘူး၊ ကိုယ်တိုင် ကြပ်မတ်ပြီး ခိုင်းရမယ်။)

အေး.... လယ်စိုက်ပြီးတဲ့နောက် ကောက်ပင် ကောက်သား ဝင်လာတဲ့အခါ ရင့်လာတဲ့အခါ ကိုယ်တိုင်အုပ်ချုပ်၍ ရေကို အထုတ်ခိုင်းရမယ်။ နေ့စဉ် နေ့စဉ် အခြေအနေကို သွားကြည့်ပြီးတဲ့ နောက် ကောက်စပါးများ ရင့်လာမှည့်လာတဲ့အခါ အလုပ်သမားများကို အရိတ်ခိုင်း အစည်းခိုင်း တလင်းရောက်အောင် လှည်းဖြင့် အတိုက်ခိုင်း ဆိုင်ပုံအထိုးခိုင်း ကောက်အနယ်ခိုင်းပြီးပြီ ဆိုတော့ နေ့စား အလုပ်သမားများကို ခေါ်ပြီး စပါးကို အခါခိုင်း အလှေ့ခိုင်း အလှန်းခိုင်း လို့ ခြောက်ပြီ၊ အစိုဓာတ်ကုန်ပြီ ဆိုတော့ ကိုယ်တိုင် ကြပ်မတ်၍ ကျီကြထဲ အထည့်ခိုင်း။ ဤ တိုင်ရောက်လျှင် ဒီနှစ် အတွက် စပါးအလုပ် ပြီးသွားတယ်။

ယခုနှစ်ပြီးပြီ ဆိုတော့ နောင်နှစ် မိုးဦးကျလျှင်လဲ ဒီနည်း အစဉ်အတိုင်း ပြုလုပ်ရမယ် ချစ်ညီ.... လို့ ဆိုတော့ အနုရုဒ္ဓမင်းသားက နောင်နှစ် အလုပ် ပြီးတော့ ငြိမ်းပြီလား နောင်တော်.... လို့ မေးတဲ့

http://www.dhammadownload.com



အခါ နောင်တော်ကြီး မဟာ နာ မ မင်း သား က ''ဟင်.... ဘယ်ပြီးမှာလဲ၊ နောင်နှစ်မိုးဦးကျလျှင်လဲ ဒီလိုပဲ လုပ်ဆောင်ရမယ်၊ တစ်ဖန် နောင်နှစ်မှာလဲပဲ ဒီလိုပဲ လုပ်ဆောင်ရမယ်၊ ဘယ်လောက်ကြာအောင် လုပ်ရမည်လဲ ဆိုတော့ လူ့ဘဝမှာ နေလျှင် တစ်သက်လုံး မသေမချင်း ပြုလုပ်ရှက်ဆောင်ရမယ်'' လို့ ဤကဲ့သို့ ပြောတယ်။)

## အနုရုဒ္ဓမင်းသား ရဟန်းပြုခြင်း

ဒီတော့ အနုရုဒ္ဓမင်းသားက ''နောင်တော်ကြီး.... နောင်တော်ကြီး ပြောတဲ့အတိုင်းဆိုလျှင် လူ့ဘဝမှာ အလုပ်ကိုက မဆုံး နိုင် တော့ ပါ လား'' လို့ ပြောတဲ့အခါ နောင်တော်မဟာနာမမင်းသားက ''မဆုံးဘူးကွယ်၊ လူကသာ တစ်ဘဝဆုံးသွားတယ်၊ ကမ္မန္တ= အလုပ်က ဘယ်တော့မှ ပြီးဆုံးတယ်မရှိဘူး'' ဟူ၍ ရှင်းလင်း ပြောပြလေရာ—

အနုရုဒ္ဓမင်းသား သံဝေဂကြီးစွာရပြီး—

န မေ ဃရာဝါသေန အတ္ထော။

တာတ=နောင်တော်....။ မေ =အ ကျွန်ုပ် အား။ ဃရာဝါသေန = အိမ်ရာတည်ထောင် လူ့ ဘောင် ၌ နေခြင်းဖြင့်။ န အတ္ထော=အလိုမရှိတော့ဘူး။

(နောင်တော်.... ညီတော်ဟာ အိမ်ရာတည်ထောင် လူ့ဘောင်မှာ မနေလိုတော့ဘူး၊ ရဟန်းပြုတော့မယ်လို့ ပြောပြီး နောင်တော်မဟာနာမမင်းသား ဆုံးမချက် အရ ရှပာန်းပြုတယ်။

http://www.dhammadownload.com



### ဒိဗ္ဗစက္ခုက တေဒဂ်ရ

အနုရုဒ္ဓမင်းသားသည် မယ်တော် မိဖုရားကြီး ထံ ခွင့်ပန်ပြီး ဘဒ္ဒိယမင်းသား၊ အာနန္ဒမင်းသား၊ ကိမိလမင်းသား၊ ဘဂုမင်းသား၊ ဒေဝဒတ္တမင်းသား (ဒေဝဒတ္တလဲ သာကီဝင်မင်းသားပဲနော်) ၅မင်းသား ၅-ဦး (အနုရုဒ္ဓကို ထည့်လျှင် သာကီဝင်မင်းသား ခြောက်ဦး တို့ဟာ) ဥပါလိ ဆတ္တာသည်နှင့်တကွ ခုနစ် ယောက်သား မြတ်စွာဘုရား ပထမအခေါက် ကပိလဝတ်ပြည် ကြွလို့ ရာဇဂြိုဟ်ပြည် ပြန်ကြွတဲ့အခါ အနုပိယသရက် ဥယျာဉ်သို့ မြတ်စွာဘုရား ရောက်တဲ့အခါ မှီကြပြီး ထိုမှာပင် ရဟန်းပြုကြတယ်။

ရဟန်းပြုပြီးတဲ့အခါ အရှင်အနုရုဒ္ဓါသည် သမ္မာပဋိပတ်=မဖောက်မပြန် မှန်ကန်သောအကျင့်ကို ကျင့်ကြံကြိုးကုတ် အားထုတ်လို့ မကြာခင် ပု+ဒိ+အာ=ဝိဇ္ဇာ သုံးပါးနှင့် ပြည့်စုံတဲ့ တေဝိဇ္ဇရဟန္တာဖြစ်ပြီး ဒိဗ္ဗစက္ခု အဘိညာဉ် အရာမှာ ရှေးဆုတောင်းအရ လွန်စွာ နိုင်နင်းတော်မူတယ်။ အခြားပုဂ္ဂိုလ်များ လောကဓာတ် တစ်ထောင်ကို တစ်နာရီလောက် ကြည့်ရတယ်ဆိုလျှင် အရှင်အနုရုဒ္ဓါကတော့ နာရီဝက်လောက်နဲ့ လောကဓာတ်တစ်ထောင်ကို ကြည့်ပြီးတယ်။

နောင်တစ်ချိန်မှာလဲ မြတ်စွာဘုရားက ဒိဗ္ဗစက္ခုက= ဒိဗ္ဗစက္ခု အဘိညာဉ် ရှိကြတဲ့ ကိုယ်တော် မြတ် ရဲ့ တပည့်သာဝက ရဟန်းတို့တွင် အနုရုဒ္ဓါသည် အသာဆုံး အမြတ်ဆုံး ဖြစ်တယ် လို့ တေဒဂ်ဘွဲ့ထူး ချီးကျူးတော်မူတယ်။

ဝါတိယအကြိမ်

http://www.dhammadownload.com



ယခု ပု+ဒိ+အာ = ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ တဲ့ ရဟန္တာဖြစ်ပြီးတော့ ဤဆိုလတ္တံ့သောအကိုင်း ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့်တော်မူတယ်။

ပုဗ္ဗေနိဝါသံ ဇာနာမိ၊
ဒိဗ္ဗစက္ခု ဝိသောဓိတံ။
တေဝိဇ္ဇော ဣဒ္ဓိပတ္တောာ+မှိ၊
ကတံ ဗုဒ္ဓဿ သာသနံ။ ။

အဟံ=အနုရုဒ္ဓါ မထေရ်ငါသည်။ ပုဗ္ဗေနိဝါသံ= ရှေး၌ဖြစ်ဖူးတဲ့ ခန္ဓာအစဉ်ကို။ ဇာနာမိ=ပုဗ္ဗေနိဝါသ အဘိညာဉ်ဖြင့် ဝေဖန်ဆင်ခြင် သိ မြင် ပေ ၏။ ဒိဗ္ဗစက္ခု=ဒိဗ္ဗစက္ခု အဘိညာဉ်ကို။ ဝိသောဓိတံ= သုတ်သင်အပ်ပေပြီ၊ (ပု +ဒိ နှစ် ပါး ကို ဆို သ ဖြင့်။ အာ=အာသဝက္ခယကို ရပြီးသားဟု သိရပါမည်)။ တေဝိဇ္ဇော = ပု+ဒိ+အာ = ဝိဇ္ဇာသုံးပါးနှင့် ပြည့်စုံ သည်။ ဣဒ္ဓိပတ္တော=အလိုရှိတိုင်း စိတ်ညွတ်ရှိုင်းသမျှ အမျိုးမျိုး တန်းခိုးအထူးသို့ ရောက်သည်။ အမှိ= ဖြစ်ပေ၏။ (ဝိဇ္ဇာသုံးပါး ဆိုသည်ကား ဥပလက္ခဏ နည်းဖြစ်၍ အဘိညာဉ်-၆-ပါး ရသည်ဟု မှတ်ယူ ရပါမည်)။

မယာ= ငါသည်။ ဗုဒ္ဓဿ= မြတ်စွာ ဘုရား၏။ သာသနံ – သုံးပါးသိက္ခာ သာသနာကို။ ကတံ= အရဟတ္တဖိုလ်ပေါက် ကျင့်ဆောက်ကြိုးကုတ် ပြုလုပ် အပ်ထေပြီ။

တတိယအကြိမ်

http://www.dhammadownload.com



## အရှင်အနုရုဒ္ဓါ ဆင်ခြင်တော်မူပုံ

အရှင်အနုရုဒ္ဓါသည် ဥဒါန်း ကျူးရင့်တော်မူပြီး ဤ ဆိုလတ္တံ့သောအတိုင်း ဆင်ခြင်တော်မူတယ်။

ကိံ နု ခေါ မေ ကတ္ဝာ အယံ သမ္ပတ္တိ လဒ္ဓါ။

မေ=ငါသည်။ကိံ နုခေါ=အဘယ်သို့သော ကောင်းမှုကို။ ကတွာ=ပြုခဲ့၍၊ အယံ သမ္ပတ္တိ=(လူ့ဘဝတုန်းကလဲ နတ်မုန့်တွေစားပြီး ကြီးပွားခဲ့တယ်၊ သာသနာတော် ရောက်တော့လဲပဲ တေဝိဇ္ဇရဟန္တာဖြစ်ပြီး ပု+ဒိ+အာ– ဝိဇ္ဇာ သုံးပါးနှင့် ပြည့်စုံတယ်၊ ဇုဗ္ဗိဝိစ, ဒိဗ္ဗသောတ, စေ တော ပရိ ယ အ ဘိ ညာဉ် တို့ နှင့် လဲ ပြည့်စုံတယ်၊ အေး.... ဂုဏ်ကျေးဇူးတွေ ဝန်းရံတဲ့ ရဟန္တာအဖြစ်သို့ ရောက်တာ ဘယ်လိုကောင်းမှု ကုသိုလ်များပြုခဲ့လို့) ဤ လူ့ဘဝစည်းစိမ် ရဟန္တာဘဝ ကျေးဇူး ဂုဏ်သိန်ကို။ လဒ္ဓါ=ရအပ်ပါသနည်း။ (အဘယ်ကောင်းမှုများ ပြုခဲ့ လို့ ငါသည် ဒါလောက်ထူးချွန်တဲ့ လောကီစည်းစိမ် လောကုတ္တရာဂုဏ်သိန်တို့ကို ရတာပါလိမ့်လို့–

အဲဒီလို ဆင်ခြင်တော် မူတဲ့အခါ မထေရ်မြတ်ပြန်ပြီ မြင်သိတော်မူပုံက–

ပဒုမုတ္တရပါဒမူလေ ပတ္တနံ ပဋ္ဌပေသိံ။

ငါသည် ပဒုမုတ္တရ မြတ်စွာဘုရား၏ ခြေတော်ရင်း မှာ– ''မြတ်စွာဘုရား.... တပည့်တော်သည် အနာဂတ နောက်ကာလမှာ တစ်ဆူဆူသော ဘုရားရှင်၏ သာသ နာ၌ ဒိဗ္ဗစက္ခုက တေဒဂ်ရတဲ့ မဟာသာဝက ဖြစ်ရပါ၏ ၏''လို့ ဆုတောင်းပြီး ခုနစ်ရက်ကြာ မဟာဒါနကြီး ပြု တယ်၊ အဲဒီ ကောင်းမှုကြောင့်ပဲလို့ ကောင်းစွာသိပြီ

http://www.dhammadownload.com



တစ်ဖန်ဆက်၍ စဉ်းစားဆင်ခြင် သိမြင်တော်မူသည်မှာ–

သံသာရေ သံသရန္တော အသုကသ္မိံ နာမ ကာလေ ဗာရာဏသိယံ သုမနသေဋ္ဌိံ နိဿာယ ဇီဝန္တော အန္နဘာရော နာမ အဟောသိံ။

(ငါသည် ပဒုမုတ္တရ မြတ်စွာဘုရား အထံတော်မှာ ဆုတောင်းခဲ့တာ အမှန်ပဲ၊ ပဒုမုတ္တရ မြတ်စွာဘုရားက ဗျာဒိတ်ပေးခဲ့တာလဲ အမှန်ပဲ၊ အဲဒီကနောက် ကမ္ဘာ တစ်သိန်းကြာ အပါယ်မလားရပဲ ကဿပမြတ်စွာ သာသနာနဲ့ အစိန္တေယျမြတ်စွာသာသနာ ကြားကာလမှာ-)

သံသာရေ=သံသရာ၌။ သံသရန္တော= ကျင်လည်ခဲ့ရစဉ်။ အသုကသ္မိံ နာမ ကာလေ= ဤအမည် ရှိသော (ကဿပမြတ်စွာ သာသနာခေတ်နှင့် အစိန္တေယျ မြတ်စွာ သာသနာခေတ် = နှစ်ခုတို့၏ ) အကြားကာလ၌။ ဗာရာဏသိယံ = ဗာ ရာ ဏ သီ ပြည် ၌။ သုမန သေဋ္ဌိံ နိဿာယ ဇီဝန္တော= သုမနသူဌေးကြီးကို အမှီပြု၍ အသက်မွေးမြူရသော။ အန္နဘာရော နာမ= အန္နဘာရ အမည်ရတဲ့ ဆင်းရဲသား အလုပ်သမားသည်။ အဟောသိံ= ဖြစ်ခဲ့ရလေပြီ။

ပုဗ္ဗေနိဝါသဉာဏ်နဲ့ အစဉ်သဖြင့်ဆက်ပြီး ''အန္နဘာရ ဘဝမှာ ငါဘယ်ကောင်းမှုပြုခဲ့ပါလိမ့်'' လို့ ဆင်ခြင်မိပြီး ''ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအရှင်မြတ်အား ငါရဲ့ ဝေစု ထမင်းပွဲကို လှူခဲ့ရတယ်'' လို့ သိမြင်ပြီး–

တတိယအကြိမ်

http://www.dhammadownload.com



အန္ဓဘာရော ပုရေ အာသိံ၊
ဒလိဒ္ဒေါ တိဏဟာရကော။
ပိဏ္ဍပါတော မယာ ဒိန္နော၊
ဥပရိဋ္ဌဿ တာဒိနော။

အဟံ= ငါသည်။ ပုရေ= ရှေးတုန်းက (ကဿပမြတ်စွာသာသနာနှင့် ဤဘုရားသာသနာ အကြားကာလ၌)။ အန္ဓဘာရော = သုမန သူဌေး ကြီး ကို အမှီပြု၍ အသက်မွေးရတဲ့ အန္ဓဘာရ အ မည် ရသော။ ဒလိဒ္ဒေါ တိဏဟာရကော = ဆင်းရဲသားမြက်ထမ်းသမားသည်။ အာသိံ = ဖြစ် ခဲ့ လေ ပြီ။ (တဒါ = ကိုအန္ဓဘာရ ဖြစ်ရတဲ့ကာလ၌)။ မယာ= ငါသည်။ တာဒိနော=တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဥပရိဋ္ဌဿ=ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအား။ ပိဏ္ဍပါတော=ငါ့အတွက် ဝေစုဆွမ်းကို။ ဒိန္နော=နှစ်လိုအားရမ်း လှူဒါန်းအပ်ခဲ့လေပြီ။

### အရှင်အနုရုဒ္ဓါ သုမနသာမဏေကို ဆင်ခြင်ကြည့်ရှုခြင်း

အရှင်အနုရုဒ္ဓါသည် မိမိ၏ ရှေးဟောင်းမှုကို ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ကြည့်ရှု ဆင်ခြင် သိမြင် ပမ်းမြောက်၍ ဆိုခဲ့ပြီးသော ဂါထာဖြင့် ဥဒါန်းကျူးရင့်ပြီး ဆက်၍ စဉ်းစားတော်မူသည်မှာ....

ယော သော တဒါ မယာ ဥပရိဋ္ဌဿ ဒိန္န-
ပိဏ္ဍပါတကော ကဟာပဏော ဒတွာ ပတ္တိံ အဂ္ဂ-
ဟေသိ မမ သဟာယကော သုမနသေဋ္ဌိ၊ ကဟံ
နု ခေါ သော ဧတရဟိ နိဗ္ဗတ္တော။

တတိယအကြိမ်

http://www.dhammadownload.com



တဒါ=ထို အနွဘာဝရ ဖြစ်စဉ်ကာလက။ မယာ=ငါသည်။ ဥပရိဋ္ဌသ=ဥပရိဋ္ဌပစ္စေကဗုဒ္ဓါအား။ ဒိန္န-ပိဏ္ဍပါတတော = လှူအပ်သော ဆွမ်းအလှူမှ။ ကဟာပဏ = အသပြာတစ်ထောင်တို့ကို။ ဒတွာ= ပေး၍။ယော သော မမ သဟာယကော သုမနသေဋ္ဌိ= အကြင် ငါရဲ့ အဆွေရင်းဖြစ်သော သုမနသူဌေး ကြီးသည်။ ပတ္တိံ =ဆွမ်း လှူဒါန၏ အဖို့ဘာဂ အမျှကို။ အဂ္ဂ ဟေသိ = ရလေပြီ သော =ထို သုမနသူဌေးသည်။ တေရဟိ=ယခုအခါ၌။ ကဟံ= အဘယ်အရပ်၌။ နိဗ္ဗတ္တော=ဖြစ်နေသနည်း။

ရှေးက အတ္တတကွ နေထိုင်ခဲ့ဖူး ချင်ခင်ခဲ့ဖူးလျှင် အမှတ်ရတတ်တယ်၊ ယခုလဲ ထိုသဘောအတိုင်း ''ဩော်.... ငါ အနွဘာဝရဖြစ်စဉ်အခါ ဥပရိဋ္ဌပစ္စေက ဗုဒ္ဓါအား လှူတဲ့ ဆွမ်းအလှူဒါနရဲ့ အဖို့ဘာဂအမျှကို အသပြာတစ်ထောင်ပေးပြီး သာဓုနမော် ကောင်းချီး ခေါ်ခဲ့တဲ့ ငါရဲ့သူငယ်ချင်း သုမနသူဌေးကြီး သည် ယခုအခါ အဘယ်မှာများ သွားဖြစ်နေပါလိမ့်'' လို့ ဆင်ခြင်တဲ့အခါ—

ပိဋ္ဌျာဝင္ကပိယံ ပဗ္ဗတပါဒေ မုဏ္ဍနိဂမော နာမ အတ္ထိ၊ တတ္ထ မဟာမုဏ္ဍသ နာမ ဥပါသကဿ မဟာသုမနော စူဠသုမနောတိ ဒွေ ပုတ္တာ၊ တေသု သော စူဠသုမနော ဟုတွာ နိဗ္ဗတ္တော။

ဝိဉ္ဈျာဝင္ကဝိယံ = ဝိဉ္ဈျတောအုပ်၌။ ပဗ္ဗတပါဒေ= တောင်ခြေရင်း၌။ မုဏ္ဍနိဂမော နာမ=မုဏ္ဍမည်သော နိဂုံးသည်။ အတ္ထိ=ရှိ၏။ တတ္ထ= ထိုမုဏ္ဍနိဂုံး၌၊

http://www.dhammadownload.com



မဟာမုဏ္ဍသ နာ=မ ဟာ မု ဏ္ဍ အ မည် ရှိ သော။ ဥပါသကဿ=ဒယကာကြီးအား။ မဟာသုမနော= မဟာသုမနသားကြီးလည်းကောင်း။ စူဠသုမနော= စူဠသုမနသားငယ်လည်းကောင်း။ ဣတိ = ဤသို့။ ဒွေ ပုတ္တာ=သားနှစ်ယောက်တို့သည်။ သန္တိ=ရှိကုန်၏။ တေသု=ထို သားနှစ်ယောက်တို့တွင်။ သော= ထို ငါ့သူငယ်ချင်း သုမနသူဌေးကြီးသည်။ စူဠ သုမနော=ညီအငယ်စူဠသုမနသည်။ ဟုတ္ဂာ=ဖြစ်၍။ နိဗ္ဗတ္တော=ဖြစ်ခဲ့ဖလေပြီ။

အရှင်အနုရုဒ္ဓါမထေရ် ဆင်ခြင်တော့ မြင်လာသည် ကို ဖော်ပြနေတယ်၊ အဲ ဟိုတုန်း (စောစောပိုင်း) က အရှင်အနုရုဒ္ဓါအလောင်း အန္နဘာရရဲ့ဆရာ နောက် ပိုင်းမှာ အန္နဘာရ သူဌေးဖြစ်လာတော့ အလွန် ရင်းနှီး တဲ့ သူငယ်ချင်း သုမနသူဌေး ယခုဘယ်မှာ ဖြစ်နေပါ လိမ့်-လို့ ပုဗ္ဗေနိဝါသ ဉာဏ်နဲ့ ဆင်ခြင်တော်မူတဲ့အခါ ဟို....ဝိဥ္ဈတောအုပ်အနီး တောင်ခြေမှာ မုဏ္ဍမည်တဲ့ နိဂုံးရှိတယ်၊ ထို မုဏ္ဍနိဂုံးအရပ်ကြီးမှာ မဟာမုဏ္ဍ မည် သော ဥပါသကာဒကာကြီးရဲ့ မဟာသုမန စူဠသုမနသို့ သားကြီး သားငယ် နှစ်သွယ်တို့ရှိကြတဲ့အနက် ငါ့သူငယ် ချင်း ဟိုတုန်းက သုနမသူဌေးကြီးသည် ယခုအခါ စူဠ သုမနသားအငယ် ဖြစ်နေပါတကားလို့ ထင်လင်းစွာ မြင်ပြီး တစ်ဖန်ဆက်၍ ဆင်ခြင်တော်မူပြန်သည်မှာ-

အတ္ထိ နု ခေါ တတ္ထ မယ် ဂတေ ဥပကာရော နတ္ထိ။

တတ္ထ=ထို မုဏ္ဍနိဂုံးသို့။ မယိ=ငါသည်။ ဂတေ= သွားခဲ့သည်ရှိသော်။ ဥပကာရော= ကျေးဇူးသည်၊

http://www.dhammadownload.com



အတ္တိ နု ခေါ=ရှိမည်လော၊ နတ္ထိ နု ခေါ= မရှိမည်လော။

ငါ မုဏ္ဍနိဂုံးသို့ အကယ်၍သွားလျှင် ကျေးဇူးရှိမည်လော၊ မရှိပဲများ နေမည်လော–ဟု ဆင်ခြင်တော်မူတဲ့အခါ–

သော တတ္ထ မယိ ဂတေ သတ္တဝဿိကောဝ နိက္ခမိတွာ ပဗ္ဗဇိဿတိ၊ ခုရဂ္ဂေယေဝ စ အရဟတ္တံ ပါပုဏိဿတိ။

သော=ထိုစူဠသုမနသား ငယ်သည်။ တတ္တံ=ထို မုဏ္ဍနိဂုံးသို့။ မယိ=ငါသည်။ ဂတေ=သွားလတ်သည် ရှိသော်။ သတ္တဝဿိကောဝ=ခုနစ်နှစ်အရွယ် အသက် ငယ်ငယ်ဖြစ်လျက်ပင်လျှင်။ နိက္ခမိတွာ= အိမ်မှ ထွက်၍။ ပဗ္ဗဇိဿတိ=ရှင်ပြုလိမ့်မည်။ စ=အထူးကတော့။ ခုရဂ္ဂေယေဝ = သင်တုန်း အဖျား၌ ပင်လျှင်။ အရ–ဟတ္တံ=အရဟတ္တဖိုလ်သို့။ ပါပုဏိဿဟိ= ရောက်ပေလိမ့်မည်။

အေး....ငါသွားလျှင် စူဠသုမန သား ငယ် သည် ခုနစ်နှစ်အရွတ်ရှိသူ ဖြစ်လျက်ပင် ပါရမီရှင်ပီပီ အိမ်ရာ တည်ထောင်မည့် လူ့ဘောင်ကထွက်ပြီး ရှင်ပြုလိမ့်မယ်။ အထူးအားဖြင့် သူသည် သင်တုန်းအဖျားမှာ အရဟတ္တ ဖိုလ်သို့ ရောက်ပေလိမ့်မည်။ သင်တုန်း ဖျား ဟူသော စကားကို နားလည်ရန်မှာ–

ဆံရိတ်ခြင်း သက်နုံးဝတ်ခြင်း သရဏဂုံကို ဆရာ့ တပည့် ဒွန်ကရိဏ်းမိအောင် ရွတ်ဆိုခြင်း ဤသုံးမျိုးကို အစဉ်အတိုင်း ပြုလုပ်ခြင်းကို "ရှင်ပြုတယ်" ဟု ခေါ် တယ်၊

တတိယအကြိမ်

http://www.dhammadownload.com



ဆံရိတ်ခြင်းကား အစ၊ သက်န်းဝတ်ခြင်းကား အလယ်၊ သရဏဂုံရွတ်ခြင်းကား အဆုံး– ဟူ၍ သုံးပိုင်း ခွဲဝေ မှတ်သားပြီးလျှင်.... ဆံရိတ်ခြင်းဟူသော ပထမ အစပိုင်းကို ရှက်ဆောင်ရာမှာ မောင်ရှင်လောင်းကို ရှေးဦးကပင် တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ကြားထား ပြီး ဆံချသောအခါ မောင်ရှင်လောင်းက တစပဉ္စက ကမ္မဋ္ဌာန်းကို စီးဖြန်းဆင်ခြင်ရသည်။ ပါဠိလို ''အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော'' ဟူ၍ဖြစ်စေ၊ အနက်အဓိပ္ပာယ်ပိုလွန်၍ ထင်လွယ်အောင် အဂ္ဂမဟာပဏ္ဍိတ အမရပူရမြို့ မဟာဂန္ဓာရုံ ပထမဆရာ တော်ဘုရား ရေးသားညွှန်ပြတော်မူခဲ့တဲ့အတိုင်း–

''ငါ၏ကိုယ်မှာ၊ နံ့သာမွှေးကြိုင်၊ မြခိုင်လှစွာ၊ ကောင်းရာမထင်၊ ဆံပင်သာရှိ၊ အမွေးဟူ၍၊ ရှိသည် လက်သည်း၊ ခြေအသည်းနှင့်၊ သွားလည်းတထွေ၊ အရေတစ်မျိုး၊ ညှီနံ့ဆိုးသည်.... အသိုးအပုပ်ချည်း ပါတကား''....ဟူ၍ဖြစ်စေ ဆင်ခြင်ရသည်။

ရှင်ပြုပေးသောဆရာက ဆံချသောအခါ ငါးစု ငါး ပုံပြု၍ ဆံချရာဝယ် ပဉ္စမအဆုံးဆံအစုကိုရိတ်ချ၍ ပြီးသည် နှင့်တစ်ပြိုင်နက် မောင်ရှင်လောင်းဖြစ်သူသည် ပါရမီ ရင့်သန်ပြီးသူဖြစ်ပါက တစပဉ္စက ကမ္မဋ္ဌာန်းကို အခြေခံ သမာဓိပြု၍ ဝိပဿနာနှလုံး ကျင့်သုံးလိုက်သဖြင့် အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်သွား သည်၊ ထိုသို့ဖြစ်သည်ကိုပင် ...''ခုရဂ္ဂေယေဝ အရဟတ္တံ ပါပုဏိ=သင်တုန်းကိစ္စ အဆုံးအဖျား၌ အရဟတ္တဖိုလ်သို့ ရောက်သည်''ဟူ၍ ဖွင့်ပြအပ်ပါတယ်။

တတိယအကြိမ်

http://www.dhammadownload.com



## အရှင်အနုရုဒ္ဓါ စူဠသုမန သူငယ်ထံ ကြွတော်မူခြင်း

အရှင်အနုရုဒ္ဓါမထေရ်မြတ် ဆင်ခြင်တော် မူလတ်သောအခါ စူဠသုမန သူငယ် ဆံရိတ်ခြင်းကိစ္စ အဆုံး၌ပင် ရဟန္တာဖြစ်မည်ကို မြင်တော်မူ၍ ဝါဆိုကာနီးမှာ သာဝတ္ထိပြည်က ကောင်းကင်ခရီးဖြင့် ဇမ္ဗူဒိပ မျှော်အဘိညာဉ်စီး၍ ဝိဇ္ဈတောအုပ် တောင်ခြေမှာရှိတဲ့ မုဏ္ဍနိဂုံးအရပ်ကြီးသို့ ကြွရောက်၍ ရွာတံခါးဝမှာ ဆင်းတော်မူ၍ ဆွမ်းခံကြွရန် သက်န်း ရုံတော် မူ နေ တယ်။ မဟာမုဏ္ဍဥပါသကာကြီးကား ရှေးအခါကပင် အရှင်အနုရုဒ္ဓါနှင့် အကျွမ်းဝင် ခင်မင်ပြီးသူ ဖြစ်သည်။ အဲဒီမဟာမုဏ္ဍဥပါသကာကြီးက အရှင်အနုရုဒ္ဓါ မုဏ္ဍရွာထဲ ဆွမ်းခံဖို့ရန် သက်န်းရုံနေတော် မူသည်ကိုမြင်၍ သားအကြီး မဟာသုမန သူငယ်ကို—

> တာတ အယျော မေ အနုရုဒ္ဓတ္ထေရော အာဂ-
> တော၊ ယာဝ+ဿ အညော ကောစိ ပတ္တံ န ဂဏှာတိ
> တာဝ+ဿ ဂန္တွာ ပတ္တံ ဂဏှ။

တာတ=ချစ်သား....။ မေ= ငါ၏။ အယျော= အရှင်ဖြစ်သော။ အနုရုဒ္ဓေါ=အနုရုဒ္ဓါမထေရ်သည်။ အာဂတော=ကြွလာတော်မူလေပြီ။ ယာဝ=အကြင်မျှလောက်။ အညော ကောစိ=အခြားသူ တစ်ဦး တစ်ယောက်သည်။ အဿ= ထို အရှင်အနုရုဒ္ဓါ၏။ ပတ္တံ=သပိတ်ကို။ န ဂဏှာတိ=မယူသေး။ တာဝ= ထိုမျှလောက်။ ဂန္တွာ=သွား၍၊ (ဝါ) သူတပါးက အရှင်အနုရုဒ္ဓါရဲ့ သပိတ်ကို မယူသေးခင် အလျှင်

http://www.dhammadownload.com



ဦးအောင်သွား၍။ အသဿ=ထို အရှင်အနုရုဒ္ဓါ၏။ ပတ္တံ=သပိတ်ကို။ ဂဏှာ=ယူခဲ့လော့။

ချစ်သား.... ဟိုမှာ ငါတို့ကိုယ်တော် အရှင်အနုရုဒ္ဓါ မထေရ်ကြွချီတော်မူလာတယ်။ သူတပါး သပိတ်ကို မယူခင် ငါ့သား မြန်မြန်သွားပြီး အရှင်အနုရုဒ္ဓါရဲ့ သပိတ်ကို ယူခဲ့။

အဟံ အာသနံ ပညာပေဿာမိ။

အဟံ= ငါသည်။ အာသနံ = နေရာ ကို။ ပညာ-ပေဿာမိ=ခင်းထားလိုက်မယ်။

အဲဒီလိုပြောတော့ သားအကြီး မဟာသုမနကလဲ ဖခင်ပြောတဲ့အတိုင်း သူတပါး အရှင်အနုရုဒ္ဓါရဲ့ သပိတ်ကို မယူသေးခင် လျှင်လျှင်မြန်မြန်သွား၍ အရှင်အနုရုဒ္ဓါရဲ့သပိတ်ကို တောင်း ယူ ပြီး ''တပည့်တော်ရဲ့ ဖခင် မဟာမုဏ္ဍဥပါသကာကြီးက ကြွပါတဲ့ဘုရား....'' လို့ လျှောက်ထားပြီး အိမ်ပင့်သွားတယ်။ အိမ်ရောက်လို့ ဆွမ်းကပ်ပြီးတဲ့အခါ မဟာမုဏ္ဍဥပါသကာကြီးက မုဏ္ဍ နိဂုံးမှာ ဝါကပ်တော်မူရန် တောင်းပန် လျှောက်ထား သဖြင့် အရှင်အနုရုဒ္ဓါမထေရ် လက်ခံတော်မူတယ်။

မဟာမုဏ္ဍ ဥပါသကာကြီးကလဲ တော ရ ကျောင်း ဆောက်လုပ်လှူဒါန်းပြီးလျှင် နေ့စဉ်နေ့စဉ် ဆွမ်းပြုစုတဲ့ အခါ ယခုကာလ နှစ် သုံးနှစ် လေး+ငါးနှစ်လောက် ကြာမှ ရောက်လာတဲ့ ဧည့်သည်ကို တစ်ရက်တည်းဖြင့် အစွမ်းကုန် ဖွယ်ဖွယ်ရာရာ ပြုစုသကဲ့သို့ တစ်ဝါတွင်းလုံး နေ့တိုင်း နေ့တိုင်း အရှင်အနုရုဒ္ဓါကို အစွမ်းကုန် ပြုစု လုပ်ကျွေးတယ်။ တွေးကြည့်ကြပေါ့- တစ်ချို့ဆိုလျှင်

http://www.dhammadownload.com



ဆယ်ရက်လောက် အလွန်ဆုံး တစ်လလောက် ပြုစုပြီး လျှင် ပျော့သွားတတ်တယ်။ မဟာမုဏ္ဍာဥပါသကာကြီး ကတော့ တစ်ဝါတွင်းလုံး နေ့စဉ်နေ့စဉ် အစွမ်းကုန် ပြုစု တယ်။

## စူဠသုမန ရဟန္တာဖြစ်ခြင်း

တစ်ဝါတွင်းလုံး ဆွမ်းဝတ်ပြုလို့ ဝါကျွတ် သီဟင်း ကျွတ်လပြည့် မဟာပဝါရဏာနေ့၌ မ ဟာ မု ဏ္ဍာ ဥ ပါ သကာက တိစီဝရိတ်သက်န်း တင်လဲ ဆီ ဆန် ခဲသော လှူဖွယ်တို့ကို ယူဆောင်၍ အရှင်အနုရုဒ္ဓါမထေရ်၏ ခြေတော်ရင်း၌ ချထားပြီး–

''ဂဏှထ ဘန္တေ=အရှင်ဘုရား.... အလှူခံတော်မူ ပါကုန်ဘုရား'' ဟု လျှောက်ထားတဲ့အခါ အရှင်အန ရုဒ္ဓါက–

အလံ ဥပါသက၊ န မေ ဣမိနာ အတ္ထော။ ဥပါ သက=ဒါယကာ....။ အလံ=တော်ပြီ။ မေ=ငါ့အဖို့ရာ။ ဣမိနာ= ဤ ဝတ္ထုတွေကို။ န အတ္ထော = အလိုမရှိ။ (တော်ပြီ ဒကာကြီး....၊ ဒီ ဝတ္ထုတွေကို ငါ အလို မရှိပါဘူး)။

အဲဒီလိုဆိုတော့ မဟာမုဏ္ဍာဥပါသကာကြီးက–

တေန ဟိ ဘန္တေ ဝဿာဝါသိကလာဘော နာ မေ+သ၊ ဂဏှထ နံ။

ဘန္တေ=အရှင်ဘုရား....။ တေနဟိ=သို့တပြီးကား။ သေ-သော = ဤလာဘ်လာဘသည်၊ ဝဿာဝါသိ- ကလာဘောနာမ = ဝါဆိုသောအရှင်တို့အား လှူ အပ်တဲ့ လာဘ်လာဘ ဖြစ်ပါတယ်။ နံ=ထိုလာဘ်ကို။

http://www.dhammadownload.com



ဂဏှထ = ခံယူတော်မူကြပါကုန်။ (တပည့်တော် ရဲ့ ကျောင်းမှာ ဝါဆိုတဲ့ သံဃာအား လှူအပ်တဲ့ လာဘ် ဖြစ်လို့ အလှူခံတော်မူပါလို့) လျှောက်ထားတဲ့အခါ အရှင်အနုရုဒ္ဓါက—

န ဂဏှာမိ ဥပါသကာ။ ဥပါသကာ=ဒါယကာ....။ န ဂဏှာမိ=အလှူခံလို့ မဖြစ်ဘူး ဤသို့ မိန့်တော်မူ သဖြင့် မဟာမုဏ္ဍဥပါသကာ ဒါယကာကြီးက—

ကိမတ္ထံ န ဂဏှထ ဘန္တေ။ ဘန္တေ=အရှင်ဘုရား....။ ကိမတ္ထံ=အဘယ်အကြောင်းကြောင့်။ န ဂဏှထ=အလှူ ခံလို့ မဖြစ်ကြပါသနည်း။ (အရှင်ဘုရား.... အဘယ် အကြောင်းကြောင့် အလှူခံလို့ မဖြစ်ကြတာလဲဘုရား လို့ လျှောက်ထား မေးမြန်းတယ်။)

ဒီမှာမှ—အရှင်အနုရုဒ္ဓါက မိမိပြောလိုသောအချက် အကွက် ရောက်ပြီး—

မယှံ သန္တိကေ ကပ္ပိယကာရကော သာမဏေ- ရောပိ နတ္ထိ။ မယှံ=ငါ၏။ သန္တိကေ = အထံ၌။ ကပ္ပိယကာရကော = အပ်စပ်အောင်ပြုပေးတတ်သော။ သာမဏေရောပိ= သာမဏေ (ကိုရင်) ကလဲ။ နတ္ထိ= မရှိဘူး။ (ဥပါသကာကြီး လှူလိုက်တဲ့ပစ္စည်းကို အပ် စပ်အောင်ပြုပေးမည့် ကပ္ပိယကာရက သာမဏေ ငါ့ ထံမှာ မရှိဘူး၊ ဒီပစ္စည်းများကို ငါကိုယ်တိုင် ကိုင်ပြီး ယူသွားဖို့ မအပ်စပ်ဘူး လို့ ပြောတဲ့အခါ)—

မဟာမုဏ္ဍ ဥပါသကာကြီးကလဲ အရှင် အနုရုဒ္ဓါကို ကြည်ညိုရင်းစွဲရှိတော့—

တေနဟိ ဘန္တေ မမ ပုတ္တော မဟာသုမနော သာမဏေရော ဘဝိဿတိ။

တတိယအကြိမ်

http://www.dhammadownload.com



ဘန္တေ=အရှင်ဘုရား....။ တေနဟိ=သို့တပြီးကား။ မမ ပုတ္တော=တပည့်တော်၏ သားအကြီးဖြစ်သော။ မဟာသုမနော = မဟာသုမနသည်။ သာမဏေရော= သာမဏေသည်။ ဘဝိဿတိ=ဖြစ်ပါလိမ့်မယ်။ (အို.... အရှင်ဘုရား....ဒီလိုဆိုလျှင် တပည့်တော်၏သားအကြီး မဟာသုမနကို ရှင်သာမဏေအဝတ်ခိုင်းပါမည်၊ သူက ၁၂-နှစ်ရှိပြီ၊ သူ့ကို ကပ္ပိယကာရက ကိုရင်အဖြစ် အရှင်ဘုရားနောက်ထည့်လိုက်မယ် လို့ ဆိုတော့ အရှင် အနုရုဒ္ဓါက—

န မေ ဥပါသက မဟာသုမနေန အတ္ထော။

ဥပါသက=ဒါယကာကြီး....။ မေ=ငါ့အား။ မဟာသုမနေန = မဟာသုမနဖြင့်။ န အတ္ထော= အလိုမရှိ၊ (ကာမဏ္ဍဟော၊ ပုဒ်အတ္ထောမှာ၊ ကံ ဟော ဝ စ္စာ။ တဟိယာ၊ ကတ္တာစတုတ္ထီမှန်-ဟူသော နိယံအတိုင်း စာပေဝါကျ သဘာဝဒ္ဒ အတ္ထသဒ္ဒါ အလိုရှိမှု=ကာမ အနက်ကို ဟောလျှင် ကံသည် တတိ ယာကရိုက်း ကတ္တားသည် စတုတ္ထီ သမ္ပဒါန် ဖြစ်တယ်။ ၎င်းကို အမိပ္ပာယ်ပြန်လျှင် သမ္ပဒါန်ကို ကတ္တားပြန်၊ ကရိုက်းကို ကံပြန်မှ အရပ်ထဲက လူများ နားလည်နိုင်တယ်၊ ဒါ ကြောင့်) ''မဟာမုဏ္ဍာဥပါသကာကြီး....ငါသည် မဟာ သုမနကို မလိုချင်သူး''၊ ဤကဲ့သို့ အရှင်အနုရုဒ္ဓါက ပြော တဲ့အခါ မဟာမုဏ္ဍာဥပါသကာကြီးက—

တေန ဟိ ဘန္တေ စူဠသုမနံ ပဗ္ဗာဇေထ။

ဘန္တေ=အရှင်ဘုရား....။ တေန ဟိ=သို့တပြီးကား။ စူဠသုမနံ= သားအငယ် စူဠသုမနကို။ ပဗ္ဗာဇေထ=

http://www.dhammadownload.com



ရှင်သာမဏေ ပြုတော်မူကြကုန်ဘုရား။ (မဟာသုမနကို အလိုမရှိလျှင် စူဠသုမနကို အရှင်ဘုရား ကြိုက်သလို ရှင်ပြုပြီး ခေါ်သွားပါ–ဤကဲ့သို့ လျှောက်ထားတယ်)။

မထေရ်သည် "သာဓု= ကောင်းပြီ" လို့ မိန့်ဆို လက်ခံပြီး ခုနစ်နှစ်ရွယ် စူဠသုမန သူငယ်ကလေးကို "မောင်သုမန.... သင်ရဲ့ခန္ဓာကိုယ်မှာ အပေါ်ယံက ဆံပင်တွေရှိတယ်၊ မွေးညှင်းတွေ ရှိတယ်၊ ခြေသည်း လက်သည်းတွေရှိတယ်၊ သွားတွေရှိတယ်၊ အရေအထူ အရေပါး ၂–မျိုးရှိတယ်၊ ဤ တစ်လံမျှ လောက်သော ကိုယ်ကာယမှာ အပေါ်ယံက ဆံပင်+မွေးညှင်း+ ခြေ သည်း လက်သည်း + သွား + အရေထူ အရေပါး ဤ တရားတို့သာရှိကြတယ်။ထိုတရားတို့ကလဲ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါးယောကျ်ားမိန်းမ မဟုတ်ကြဘူး" ဤကဲ့သို့ ရှုဆင်ခြင်ပါလေ။ (တစ်နည်း– ငါ၏ ကိုယ်မှာ နံ့သာ မွှေးကြိုင် မြိုင်လှစွာ ကောင်းရာမထင်၊ ဆံပင်သာရှိ အမွှေးရှိ၍ ရှိသည်လက်သည်း ခြေ အသည်းနှင့် သွား လည်းတစ်ထွေ အရေတစ်မျိုး ညှိနံ့ဆိုးသည်.... အသိုး အပုပ်ချည်းပါတကား.... ဤသို့ ရှုဆင်ခြင်ပါလေ)–

ဤသို့ တစပဉ္စက ကမ္မဋ္ဌာန်းကို ကြည့်တတ်အောင် သင်ပေးလို့ မောင်ရှင်လောင်းကလေး စူဠသုမနသူငယ် ကြည့်တတ်တော့မှ ရှင်ပြုမှုလုပ်ငန်း၏ ပဏာမအပိုင်း ဖြစ် တဲ့ ဆံရိတ်ခြင်းလုပ်ငန်းကို စတင်တယ်၊ ဆံရိတ်ခြင်းကိစ္စ ၏ နောက်ဆုံး ဆံအဝန်းကို ရိတ်ချလို့ ပြီးဆုံးသည်နှင့် တစ်ပြိုင်နက် စူဠသုမနသာမဏေ တစပဉ္စက ကမ္မဋ္ဌာန်းက သမာဓိရပြီး ရုပ်နာမ်ဖြစ်ပျက်ကိုရှုတဲ့ ဝိပဿနာတက်ယို့

http://www.dhammadownload.com



တစ်ခါထဲ ''ခုရဂ္ဂေယေ၀ အရဟတ္တံ ပါပုဏိ=သင်တုန်းကိစ္စ အဆုံးအဖျားမှာပင် အရဟတ္တဖိုလ်သို့ရောက်၍'' ရဟန္တာဖြစ်သွားလေပြီ။

## အရှင်အနုရုဒ္ဓါ လေနာရောဂါဖြစ်ခြင်း

ကိုရင်သုမန ရဟန္တာဖြစ်သွားတော့ ရှင်အနုရုဒ္ဓါ၏ အလိုဆန္ဒပြည့်ဝသွားလေပြီ၊ ထိုနောက် ၆+၆+၈ ဆွမ်းအ... သုံးကျေနပ်အောင် ထို ''မုစ္စလိန္ဒ''မှာပဲ သီတင်းသုံးပြီး ၁၅–ရက်လွန်မြောက် သီတင်းကျွတ် လကွယ်နေ့သို့ ရောက်တဲ့အခါမှာ ''သဏ္ဍာရံ ပဿိဿာမိ=အေး.... ဒကာကြီး.... ငါတို့ ဘုရားဖူး သွားကြတော့မယ်'' ဤကဲ့သို့ မဟာမုဏ္ဍဥပါသကာကြီးအား ခွင့်ပန်ပြောကြားပြီး ဆရာ+တပည့် ၂-ဦးစလုံးပင် အဘိညာဉ်ရကြတာဖြစ်တော့ ဆရာ+တပည့် ၂–ဦးသား ဣဒ္ဓိဝိဓ အဘိညာဉ် ဈာန်ယာဉ်ကိုစီးပြီး ကောင်းကင် ခရီးကကြွတော်မူကြလို့ ဟိမဝန္တာ တောအစွန်းမှာ တောကျောင်း တဲကုပ်ကလေး တစ်ခုရှိတယ်။

အဲဒီ တဲကုပ်ကလေးရောက်ပြီး ငါ ဝေ က အ ရ သာ အရဟတ္တဖိုလ်သမာပတ်နဲ့ ဆရာတပည့်နှစ်ပါး တစ်ရက်နှစ်ရက်လောက်နေကြစို့–ဟု တိုင်ပင်ပြီးလျှင် အဲဒီတောကျောင်းတဲကုပ်ကလေးမှာ ညအိပ်ဖို့နေကြတယ်။ အရှင်အနုရုဒ္ဓါကလဲပဲ ပင်ကိုယ်ကပင် လုံ့လဝီရိယ အလွန်အားကောင်းတော့ တစ်ညဉ့်လုံး လူးလာတုံ့ခေါက် စင်္ကြံရှောက်ပြီး တရားနှလုံးကျင့်သုံးနေလွန်း အားကြီးတော့ ဝမ်းလေများ ထကြွလာတယ် = အပြင်းအထန် လေအောင့် လေနာလာတယ်။

တတိယအကြိမ်

http://www.dhammadownload.com



မဒေထရိမြတ်ရဲ့ ပင်ပန်းတဲ့သဏ္ဌာန်ကိုကိုရင်သုမနက မြင်တော့—

ဘန္တေ ကိံ ဝေါ ရုဇ္ဇတိ။ ဘန္တေ = ဥပဇ္ဈာယ် ဆရာတော်ဘုရား....။ ဝေါ = အရှင်ဘုရားတို့အား။ ကိံ = အဘယ်အရာသည်။ ရုဇ္ဇတိ = နာကျင်ပါသနည်း ဘုရား။

အရှင်ဘုရားတို့မှာ ဘယ်ရောဂါ နာကျင်ပါသလဲ ဘုရား လို့ မေးတော့ ရှင်အနုရုဒ္ဓါက—

ဥဒရဝါတော မေ သမုဋ္ဌိတော။ မေ = ငါ့အား။ ဥဒရဝါတော = ဝမ်းလေသည်။ သမုဋ္ဌိတော = ထကြွ သောင်းကျန်း၏။ (အေးကွယ် ဝမ်းထဲက လေ ထကြွ သောင်းကျန်းတော့ ငါ့ လေနာတာပေါ့-လို့ အဓိပ္ပါယ် ရှိတယ်)။

ထိုအခါ ကိုရင်ကလေးက—

အညဒါပိ သမုဋ္ဌိတပုဗ္ဗော ဘန္တေ။ ဘန္တေ=အရှင် ဘုရား....။ အညဒါပိ = တပါးသောအခါတုန်းကလဲ။ သမုဋ္ဌိတပုဗ္ဗော=ရှေးက ဖြစ်ပေါ်ဖူးပါသလား ဘုရား။ (ဒီပြင် အခါကလဲပဲ ဒီ လေရောဂါ ဖြစ်ဖူးသလား ဘုရား–လို့ မေးတော့) ရှင်အနုရုဒ္ဓါက—

''အာမ အာဝုသော=အေး....ဖြစ်ခဲ့ဖူးတယ်ကိုရင်'' လို့ ဖြေတဲ့အခါ ရှင်သုမန သာမဏေကလေးက—

ကေန ဖာသုကံ ဟောတိ ဘန္တေ။ ဘန္တေ=အရှင် ဘုရား....။ ကေန=အဘယ်ဆေးဖြင့်။ ဖာသုကံ= ရောဂါ ကင်းကွာ ချမ်းသာသည်။ ဟောတိ = ဖြစ်ပါသနည်း ဘုရား။ (အဲဒီဟုန်းက ဘယ်ဆေးနဲ့ ရောဂါပျောက်

http://www.dhammadownload.com



ချမ်းသာခြင်းသို့ ရောက်ခဲ့ပါသနည်း ဘုရား-လို့ မေးတော့) ရှင်အနုရုဒ္ဓါက—

''အနောတတ္တတော ပါနီယေ လဒ္ဓေ ဖာသုကံ ဟောတိ အာဝုသော။ အာဝုသော = ငါ့ရှင်သာမဏေ....။ အနောတတ္တတော=အနဝတတ်အိုင်မှ။ ပါနီယေ = သောက်ရေကို။ လဒ္ဓေ = ရအပ်လျှင်။ ဖာသုကံ = ရောဂါကင်းကွာ ချမ်းသာခြင်းသည်။ ဟောတိ=ဖြစ်နိုင်၏။ (အနဝတတ်အိုင်က ရေကို သောက်ရလျှင် ဒီလေနာ ပျောက်တယ် ကိုရင်'' လို့ မိန့်တော်မူတယ်)။

## သုမနသာမဏေ ပန္နဂနဂါမင်းကို ဆုံးမခြင်း

ထိုအခါ ရှင်သုမနက--

တေနဟိ ဘန္တေ အာဟရာမိ။ ဘန္တေ = အရှင်ဘုရား....။ တေနဟိ = သို့တပြီးကား။ အာဟရာမိ= တပည့်တော် သွားပြီး ခပ်ဆောင်ပါ့မယ်။ (ဒီလိုဆိုလျှင် တပည့်တော် သွားပြီး ခပ်ပါ့မယ်ဘုရား-လို့ လျှောက်တဲ့အခါ အရှင်အနုရုဒ္ဓါက—

''သက္ခိဿသိ သာမဏေရ = စွမ်းနိုင်ပါမည်လား ကိုရင်....'' လို့ မေးတဲ့အခါ၊ ကိုရင်သုမနက ''အာမ ဘန္တေ=စွမ်းနိုင်ပါတယ် အရှင်ဘုရား....''လို့ ပြန်ပြီး လျှောက်တယ်)။

ထိုသို့ လျှောက်တဲ့အခါ အရှင်အနုရုဒ္ဓါက—

**တေန ဟိ အနောတတ္တေ ပန္နဂေါနာမ နာဂရာဇာ မံ ဇာနာတိ၊ တဿ အာစိက္ခိတွာ ဘေသဇ္ဇတ္ထာယ ဧကံ ပါနီယဃဋ်ရက အာဟရ။**

http://www.dhammadownload.com



တေနပဟိ = သို့တပြီးကား။ အနောတတ္တေ = အန ဝတတ်အိုင်၌။ ပန္နဂေါနာမ နာဂရာဇာ=ပန္နဂ မည်တဲ့ နဂါးမင်းသည်။ မံ=ငါ့ကို။ ဇာနာတိ=သိ၏။ တဿ= ထို ပန္နဂနဂါးမင်းအား။ အာဝိက္ခိတွာ = (ငါလေနာ နေတဲ့အကြောင်း) ပြောကြား၍။ ဘေသဇ္ဇတ္ထာယ= ဆေးအလို့ငှာ။ ဧကံ ပါနီယဃဋံ = သောက်ရေ တစ်အိုးကို။ အာဟရ=အောင်ယူခဲ့လေ့။

(အေး.... ဒီလိုဆိုလျှင် အနဝတတ်အိုင် မှာ ''ပန္နဂ'' လို့ ခေါ်တဲ့ နဂါးမင်း ရှိတယ်၊ သူဟာ ငါ့ကို သိတယ်၊ အဲဒီ ပန္နဂနဂါးမင်းထံ သွားပြီး ''ကျွန်ုပ်ရဲ့ ဥပဇ္ဈာယ်ဆရာ အရှင်အနုရုဒ္ဓါ လေနာ နေလို့ ဆေးအလို့ငှာ ရေတစ်အိုးပေးပါ'' တောင်း ပြီး ရေတစ်အိုး ဆောင်ယူခဲ့ပါ။ ဤကဲ့သို့ အရှင် အနုရုဒ္ဓါက မိန့်ဆိုတဲ့အခါ ရှင်သုမနသာမဏေက–

''သာဓု=ကောင်းပါပြီ'' ဟုဆို၍ ဥပဇ္ဈာယ် ဆရာ တော်ကို ရှိခိုးပြီး ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ကောင်းကင် ခရီး ဈာန်ယာဉ်စီး၍ ယူဇနာငါးရာ ခရီးကို ကြွချီလေ သည်။ အနဝတတ်အိုင်ရောက်၍ ကောင်းကင်က ဝဲပြီး ကြည့်တဲ့အခါ ထိုနေ့မှာ ပန္နဂနဂါးမင်း နဂါး က–ချေ သည်များခြံရံလျက် ရေကစားရန် ပြင်ဆင်နေ ဆဲ ဖြစ် တယ်။

ထိုအချိန်မှာ ကိုရင်သုမနက နဂါးမင်းရဲ့ အပေါ်မှာ ရှိနေတာကို မြင်တော့ ပန္နဂနဂါးမင်းက–

အယံ မုဏ္ဍကသမဏော အတ္တနော ပါဒပံသုံ မမ မတ္ထကေ ခြိကိရန္တော ဝိစရတိ၊ အနောတတ္တေ

http://www.dhammadownload.com



ပါနီယတ္ထာယ အာဂတော ဘဝိဿတိ၊ န ဒါနိ+ဿ ပါနီယံ ဒဿာမိ။

အယံ မုဏ္ဍကသမဏော= ဤ ဦးပြည်းယုတ် ရဟန်းသည်။ အတ္တနော ပါဒပံသုံ=မိမိရဲ့ ခြေမှုန့်တွေကို။ မမ မတ္ထကေ=ငါရဲ့ ဦးခေါင်းထက်၌။ ဩကိရန္တော=ကြဲဖြန့်လျက်။ ဝိစရတိ= လှည့်လည်ကျက်စား သွားလာဘိ၏။ အနောတတ္တေ= အန ဝ တတ် အိုင် ၌။ ပါနီယတ္ထာယ= သောက် ရေ ကို ရ ယူ ရ န်။ အာဂတော= လာသည်။ ဘဝိဿတိ= ဖြစ်ပေလိမ့်မည်။ အဟံ=ငါသည်။ ဒါနိ= ယခုအခါ၌။ အဿ=ထိုဦးပြည်းယုတ်အား။ ပါနီယံ= သောက်ရေကို။ န ဒဿာမိ=မပေးဘူး။

(နဂါးမင်းဟာ အ မျ က် ထွက် စိတ် ဆိုး ပြီး ''ဤ ဦးပြည်းယုတ်သည် ကောင်းကင်ကလာပြီး ငါ့ဦးခေါင်း ပေါ်မှာ သူ့ရဲ့ခြေမှုန့်တွေကိုကြဲချတယ်၊ ကေန္တဲ သူသည် အနဝတတ်ရေကို အလိုရှိ၍လာတာ ဖြစ်လိမ့်မည်၊ ဘယ် လိုနည်းနှင့်မှ သူ့အား ငါသည် အနဝတတ်ရေကို မပေး ဘူးဟဲ့'' လို့ အဲဒီလိုကြံစည်ပြီး ယူဇနာငါးဆယ်ကျယ် ပြန့်တဲ့ အနဝတတ်အိုင်ကြီးကို ထမင်းအိုးကို ခွက်ကြီးနဲ့ ဖုံးထားသလို ယူဇနာတစ်ရာလောက်ရှိတဲ့ သူ့ပါးပျဉ်း နဲ့ မမြင်နိုင်အောင် ဖုံးထားတယ်။

## ရှင်သုမန နဂါးမင်းကို ရေတောင်းခြင်း

ရှင်သုမနက ပန္နဂ နဂါးမင်းပြုလုပ်ပုံ အခြင်းအရာကို မြင်ရလျှင်ပင်—

''ကုဒ္ဓေါ အယံ။အယံ=ဤ နဂါးမင်းသည်။ ကုဒ္ဓေါ= အမျက်ထွက်နေပြီ။ (အေး....နဂါးကြီး အမျက်ထွက်နေ

http://www.dhammadownload.com



ပြီ၊ ငါ သာယာညှင်းပျောင်း ပြောမှပဲ''အဲဒီလို ကြံစည်ပြီး။)

သုဏောဟိ မေ နာဂရာဇ၊
ဥဂ္ဂတေဇ မဟဗ္ဗလ။
ဒေဟိ မေ ပါနီယဃဋံ၊
ဘောသဇ္ဇတ္ထ+မှိ အာဂတော။ ။

ဥဂ္ဂတေဇ = ထက်မြက်သော တန်ခိုး ရှိသော။ မဟဗ္ဗလ= ကြီးသောခွန်အားရှိသော။ နာဂရာဇ= ပန္နဂမည်လျှင်း အို- နဂါးမင်း....။ မေ= ငါ၏။ ဝစနံ=စကားကို။ သုဏောဟိ= နာ စေ ချင် ပါ၏။ (ထက်မြက်သော တန်ခိုး ကြီး သော ခွန်အားရှိတဲ့ ပန္နဂ နဂါးမင်း.... ကျွန်ုပ်ပြောတဲ့စကား နာယူစေချင်ပါတယ်)။ မေ=ငါ့အား။ ပါနီယဃဋံ= သောက်ရေတစ်အိုးကို။ ဒေဟိ= ပေးပါလော့။ အဟံ= ငါသည်။ ဘောသဇ္ဇတ္ထံ=ဥပဇ္ဈာယ် ဆ ရာ ၏ လေနာပျောက်ရေး ဆေးအလို့ငှါ။ အာဂတော= လာရောက်သည်။ အမှိ=ဖြစ်ပေ၏။

(ငါ့အား သောက်ရေ တစ်အိုးပေးပါ။ ငါသည် ဥပဇ္ဈာယ် ဆ ရာ တော် လေနာလို့ ဆေးအတွက် အနဝတတ်အိုင်က သောက်ရေယူရန် လာခဲ့ပါတယ်)။

ထိုသို့ တောင်းသည့်အခါ ပန္နဂနဂါးမင်းက မပေးလိုတဲ့အတွက် ဤကဲ့သို့ ပြန်ကြားပြောဆိုတယ်။

ပုရတ္ထိမသ္မိံ ဒိသာဘာဂေ၊
ဂင်္ဂါ နာမ မဟာနဒီ။
မဟာသမုဒ္ဒ+မပ္ပေတိ၊
တတော တွံ ပါနီယံ ဟရ။ ။

တတိယအကြိမ်

http://www.dhammadownload.com



ပုရတ္ထိမသ္မိံ ဒိသာဘာဂေ = အနဝတတ်အိုင်မှ ဟို-အရှေ့ဘက်မှာ။ ဂင်္ဂါနာမ=ဂင်္ဂါအမည်ရှိသော။ မဟာနဒီ = မြစ်ကြီးသည်။ မဟာသမုဒ္ဒံ = မဟာသမုဒ္ဒရာသို့။ အပ္ပေတိ = စီးဝင်၏။ တံ=သင်သည်။ တတော=ထိုဂင်္ဂါမြစ်ကြီးမှ။ ပါနီယံ = သောက်ရေကို။ ဟရ-ဟရာဟိ=ခပ်သွားလော့။

(အေး.... ကိုရင်သုမန ဒီကခေတ္တ ဘာမှ ရမှာမဟုတ်ဘူး။ ဒီက အရှေ့ဘက်မှာ ဂင်္ဂါ+အစိရဝတီ+ယမုနာ + သရဘူ + မဟီ - ဆိုတဲ့ မြစ်ကြီး ငါးသွယ် အဝင်အပါ ဂင်္ဂါမြစ်ကြီးဟာ သမုဒ္ဒရာတိုင်အောင် ရေတွေ စီးဝင်နေတယ်၊ အဲဒီ ဂင်္ဂါမြစ်ထဲက ရေကို သင်အလိုရှိ သလိုခပ်သွား သင့်အား အနဝတတ်အိုင်က ရေကို ခပ်ခွင့်မပေးဘူး-ဆိုတဲ့ အဓိပ္ပာယ်နဲ့ စိတ်ဆိုးမာန်ဆိုး ပြောတော့။)

ကိုရင်သုမန-က စဉ်းစားတယ်-

အယံ နာဂရာဇာ အတ္တနော ဉာဏ္ဍာယ နဒဿတိ၊ အဟံ ဗလက္ကာရံ ကတွာ အာနုဘာဝံ ဇာနာပေတွာ ဣမံ အဘိဘဝိတွာဝ ပါနီယံ ဂဏှိဿာမိ။

အယံ နာဂရာဇာ=ဤ နဂါးမင်းသည်။ အတ္တနော ဉာဏ္ဍာယ=မိမိ၏ အလိုဖြင့်။ န ဒဿတိ = ပေးလိမ့်မည်မဟုတ်။ အဟံ = ငါသည်။ ဗလက္ကာရံ = နိုင်ထက်ကလူမှုကို။ ကတွာ=ပြု၍။ အာနုဘာဝံ=ငါ၏တန်ခိုးကို။ ဇာနာပေတွာ = အများသိစေပြီးမှ။ ဣမံ= ဤ နဂါးမင်းကို။ အဘိဘဝိတွာဝ=လွှမ်းမိုး၍သာလျှင်။ ပါနီယံ= သောက်ရေကို။ ဂဏှိဿာမိ=ယူရတော့မှာပဲ။

တတိယအကြိမ်

http://www.dhammadownload.com



(သူ သဘောတူပြီးတော့ဖြင့် ပေးမှာမဟုတ်ဘူး၊ ငါ့ဥပဇ္ဈာယ်ဆရာ လေနာပျောက်ရေးအတွက် ငါ သူ့ကိုအနိုင်ကျင့်, ငါ့ တန်ခိုးအာနုဘော်ကိုပြ ဆုံးမ ပြီးမှ အနဝတတ်ရေကို ယူရတော့မှာပဲ) အဲဒီလို ဆင်ခြင်ပြီး ကိုရင်သုမနက ပန္နဂ နဂါးမင်းကို–

မဟာရာဇ ဥပဇ္ဈာယော မံ အနောတတ္တတောဝ

ပါနီယံ အာဟရာပေတိ၊ တေနာ+ဟံ ဣဒမေဝ

ဟရိဿာမိ၊ အပေဟိ+မာ မံ ဝါရေဟိ။

မဟာရာဇာ = မြတ်သောနဂါးမင်း....။ ဥပဇ္ဈာယော=ဥပဇ္ဈာယ်ဆရာတော်က။ မံ=ငါ့ကို။ အနောတတ္တတောဝ = အနဝတတ်အိုင်ကသာလျှင်။ ပါနီယံ= သောက်ရေကို။ အာဟရာပေတိ = အခပ်ခိုင်းလိုက်၏။ တေန=ထို့ကြောင့်။ အဟံ=ငါသည်။ ဣဒမေဝ=ဤ အနဝတတ်အိုင်က ရေကိုသာလျှင်။ ဟရိဿာမိ=ခပ်ယူ ပေအံ့။ အပေဟိ=အသင်နဂါးမင်း ဖယ်ရှားပါလေ။ မာ မံ ဝါရေဟိ=ငါ့ကို မတားပါလင့်။

(နဂါးမင်း....ငါ့ဥပဇ္ဈာယ်ဆရာတော်က အနဝတတ် အိုင်မှ သောက်ရေကိုသာ အခပ်ခိုင်းတဲ့အတွက် ဤ အနဝတတ်အိုင်က ရေကိုသာ ငါ ခပ်ယူပါမည်၊ ဖယ် ပါ– ငါ့ကို မတားမြစ်ပါလင့်၊ ဤသို့ပြောပြီး ကိုရင် သုမနက–

ဣတော ပါနီယံ ဟာဿံ၊

ဣမိနာ+ဝ+မှိ အတ္ထိကော။

ယဒိ တေ ထာမဗလံ အတ္ထိ၊

နာဂရာဇ နိဝါရယ။ ။

ဒါဟာ သတ္တ်စမ်းလိုက်တဲ့ ဂါထာပါပဲ–

တတိယအကြိမ်

http://www.dhammadownload.com



နာဂရာဇ=ပန္နဂမည်လျှင်း အို- နဂါးမင်း....။ အဟံ=ငါသည်။ ဇူတော၀=ဤ အနဝတတ်အိုင်မှသာလျှင်။ ပါနီယံ=သောက်ရေကို။ ဟာသံ=ခပ်ဆောင်ရပါလိမ့်မည်။ ဇူဓိနာ၀=ဤ အနဝတတ်အိုင်ကရေဖြင့်သာလျှင်။ အတ္ထိကော=တောင့်တလင့်ဆို ငါ့အလိုရှိသည်။ အမှိ=ဖြစ်၏။ တေ=သင့်အား။ ထာမဗလံ=အားအစွမ်းသည်။ ယဒိ အတ္ထိ=အကယ်၍ ရှိငြားအံ့။ နိဝါရယ=ခံနိုင်အောင်ခံ၍ ဟန့်တားလေလော့။

(ပန္နဂနဂါးမင်း....ကျွန်ုပ်ကတော့ ဒီအနဝတတ်အိုင်က သောက်ရေကိုပဲ ခပ်ရလိမ့်မည်၊ ဘာကြောင့်လဲ ဆိုတော့- ကျွန်ုပ်လိုချင်တာကိုက အနဝတတ်အိုင်က ရေကိုပဲ လိုချင်တယ်၊ ဂင်္ဂါမြစ်က ရေကို မလိုချင်ဘူး၊ သင့်မှာ စွမ်းအားရှိလျှင် ရှိသလောက်သာဟန့်တားပြီး ခံစစ်ဆင်ပေတော့၊ အဲဒီလို ကိုရင်သုမနကပြောတယ်)။

နဂါးဆိုတာ အခြားသတ္တဝါများထက် ပိုပြီး အမျက်ကြီးတတ်တယ်၊ ဒီတော့ ပန္နဂ နဂါးမင်းက နှစ်ပြန်တိုးပြီး စိတ်ဆိုးတဲ့သဘောနဲ့-

သာမဏေရ သစေ အတ္ထိ၊
တဝ ဝိက္ကမ ပေါရိသံ။
အဘိနန္ဒာမိ တေ ဝါစံ၊
ဟရဿု ပါနီယံ မမ။ ။

သာမဏေရ= ကိုရင်သုမနသာမဏေ....။ တဝ= သင့်အား။ ဝိက္ကမ ပေါရိသံ=ရဲရင့်တဲ့ ယောကျ်ားတို့လုံ့လဝီရိယသည်။ သစေ အတ္ထိ=အကယ်၍ ရှိငြား

http://www.dhammadownload.com



အံ့။ တေ=သင်၏။ ဝါစံ=တန်ခိုးချင်း စစ်ပြိုင်လိုတဲ့ စကားကို။ အဘိနန္ဒာမိ=နှစ်သက်လက်ခံပါ၏။ မမ=ငါ၏။ ပါနီယံ=အနဝတတ်အိုင်က သောက်ရေကို။ ဟရဿု=သင်ခပ်နိုင်လျှင် ခပ်ယူလေလော့။

(ယောကျ်ားတို့ရဲ့ ဇွဲလုံ့လ သတ္တိ ကိုရင့်မှာရှိလျှင် ငါရဲ့ အနဝတတ်အိုင်က သောက်ရေကို သင်ခပ်နိုင်လျှင် ခပ်လော့၊ ငါလဲ တတ်နိုင်သလောက် ကာကွယ်မယ်၊ အဲဒီလိုဆိုတော့)

ကိုရင်သုမနက—

ဧဝံ မဟာရာဇ ဟရာမိ။

မဟာရာဇ=ပန္နဂ မည်းလျှင်း အို–နဂါးမင်း....။ ဧဝံ=ကောင်းပါပြီ။ ဟရာမိ= ခပ်နိုင်အောင် ခပ် ပါ မည်။ (ကောင်းပြီ ခပ်နိုင်အောင် ခပ်ပါမည်'' ဆိုတော့ ပန္နဂ နဂါးမင်းက ''ယဒိ သက္ကောန္တော ဟရာဟိ= စွမ်းနိုင်လျှင် ခပ်ပါ''လို့ ပြောတယ်။ (၁)

ကိုရင်ကလေးက ''တေန ဟိ သုဋ္ဌု ဇာနဿု= ထိုသို့ဖြစ်လျှင် ကောင်းစွာစဉ်းစားပါ၊ ကျွန်ုပ်ခပ်ရပါလိမ့်မည်၊'' နဂါးမင်းက ကျွန်ုပ် စဉ်းစားပြီး သားပါ၊ ကိုရင် စွမ်းနိုင်လျှင် ခပ်သာ ခပ်ပါ'' (၂)

ကိုရင်ကလေးက ''ကောင်းကောင်း စဉ်းစားပြီး ပြောပါ၊ကျွန်ုပ်ခပ်ရပါလိမ့်မည်'' နဂါးမင်းက ''အို ... စဉ်းစားပြီးသားပါ၊ကိုရင်စွမ်းနိုင်လျှင် ခပ်သာခပ်ပါ'' (၃) ဤသို့ ၃–ကြိမ် ''ခပ်ပါ'' ဆိုတဲ့ ဝန်ခံချက်ကို ရယူတယ်။

http://www.dhammadownload.com



## နတ်ပြဟ္မာတို့ကို သက်သေအဖြစ် ပင့်ခေါ်ခြင်း

ကိုရင်သုမနက ဆင်ခြင်စဉ်းစားသည်မှာ–

ဗုဒ္ဓသာသနဿ အာနုဘာဝံ ဒဿေတွာ မယာ ပါနီယံ ဟရိတုံ ဝဋ္ဋတိ။ မယာ=ငါသည်။ ဗုဒ္ဓသာသနဿ=ဘုရားမြတ်စွာ သာသနာ၏ ။ အာနုဘာဝံ=တန်ခိုးရှိန်စော် အာနုဘော်ကို။ ဒဿေတွာ=ထင်စွာဖော်ပြ၍။ ပါနီယံ=သောက်ရေကို။ ဟရိတုံ = ခပ် ယူ ခြင်း ငှာ။ ဝဋ္ဋတိ=သင့်၏။

ငါသည် မြတ်စွာဘုရား၏ သာ သ နာ တော် ရဲ့ အာနုဘော်ကို ထင်စွာဖော်ပြပြီး ဒီ သောက်ရေကို ခပ်ယူမှ သင့်လျော်တော့မည်၊ ဒီနဂါးနှင့် ငါ ၂–ဦး ဘည်း စစ်ခင်းနေလို့ ပွဲကြည့်သူမရှိလျှင် မသင့်လျော်ပေဘူး။ ဤကဲ့သို့ ဆင်ခြင်စဉ်းစားပြီး အာကာသဋ္ဌ နတ်တို့ရှိရာသို့ ကြွရောက်ရပ်တဲ့အခါ နတ်တို့က–

ကိံ ဘန္တေ=အရှင်ဘုရား.... ဘယ်လိုအကြောင်း ပါလဲဘုရား လို့ မေးကြတော့ ကိုရင်သုမနက–

တေသံ့ အနောတတ္တဒဟပိဋ္ဌေ ပန္နဂနာဂရာဇေန သဒ္ဓိံ မမ သင်္ဂါမော ဘဝိဿတိ၊ တတ္ထ ဂန္ဒာ ဇယပရာဇယံ ဩလောကေထ။

တေသံ့ အနောတတ္တဒဟပိဋ္ဌေ = ထိုအနဝတတ်ရေ အိုင် အထက်အပြင်၌။ ပန္နဂနာဂရာဇေန = ပန္နဂနဂါး မင်းနှင့်။ သဒ္ဓိံ=တကွ။ မမ=ငါ၏ ။ သင်္ဂါမော=သူ့ရှုံး ငါနိုင် အပြိုင်စစ်ပွဲ ဆင်နွှဲခြင်းသည်။ ဘဝိဿတိ=ဖြစ် လိမ့်မည်။ တတ္ထ=ထို အနဝတတ်အိုင်သို့။ ဂန္ဒာ=သွား၍ ဇယပရာဇယံ = မည်သူက နိုင်၍ မည်သူကရှုံးသည်ကို။ ဩလောကေထ=ကြည့်ကြလော့။

တတိယအကြိမ်

http://www.dhammadownload.com



ဒါယကာ နတ်မင်းတို့.... ဟို–အနဝတတ်ရေအိုင် အပြင်ပေါ်မှာ ပန္နဂနဂါးမင်းနဲ့ ငါတို့ စစ်ပွဲကြီး ကျင်းပကြမယ်၊ အေး.... ဘယ်သူနိုင်မယ်၊ ဘယ်သူ ရှုံးမယ်ဆိုတာကို သွားပြီး ကြည့်ကြပါ လို့ ပြောပြီး အာကာသစိုး နတ်တို့ကို ပဌမ ရှေးဦးစွာ ပြောပြီး လွှတ်လိုက်တယ်၊ ဤ နည်းအတိုင်း လောကပါလ နတ်မင်းကြီးလေးပါး+သိကြား + သုယာမ+သုနိမ္မိတ+ ဝသဝတ္တီနတ်တို့ထံသို့လည်း သွားရောက်၍ ပြောကြားဖိတ် မန့်တယ်၊ ထို့နောင်မှ အစဉ်အတိုင်း (အသညသတ် ကြဉ်သော) ရူပါဝစရဗြဟ္မာ့ဘုံ ၁၅ ဘုံသို့ ကြွရောက်၍ ထိုထိုဘုံ၌ ဗြဟ္မာကြီးတွေ လာရောက် ရှိခိုး ရပ်တည် ကြပြီး ''ကိံ ဘန္တေ = အရှင်ဘုရား.... ဘယ်လို အကြောင်းပါလဲဘုရား'' လို့ မေးအပ်လေသော် ထို အကြောင်းကို ပြန်ကြားပြောဆိုတယ်။

ဤသို့လျှင် သုမနသာမဏေသည် နတ်ပြည် ၆–ထပ်+ အသညသတ်ကြဉ်သော ရူပါဝစရဗြဟ္မာ့ပြည် ၁၅–ရပ် ခဏအတွင်း နှံ့စပ်အောင် ကြွရောက်ပြောကြားခဲ့၍ သာမဏေကျော်၏ စကားကို ကြားကြလျှင်ပင် အားလုံး သော နတ်ဗြဟ္မာတို့ အနဝတတ် ရေအိုင်၏ အထက် ကောင်းကင်အပြင်ဝယ် ကျည်တောက်၌ မုန့်မှုန့်များကို သိပ်ထားအပ်သကဲ့သို့ ကောင်းကင်ကို အကြားမရှိ ပြည့်စေလျက် စည်းဝေးကြလေသည်။ နတ်ဗြဟ္မာတို့ စုဝေးမိလျှင်ပင် ကိုရင်သုမနသာ ကောင်းကင်၌ ရပ်တည် ၍ ပန္နဂနဂါးမင်းကို ပြောဆိုသည်မှာ–

သုဏောဟိ မေ နာဂရာဇ၊
ဥဂ္ဂတေဇ မဟဗ္ဗလ။

တတိယအကြိမ်

http://www.dhammadownload.com



ဒေဟိ မေ ပါနီယံဃဋံ၊
ဘောသဇ္ဇတ္ထ+မှိ အာဂတော။

ဥဂ္ဂတေဇ = ထက်မြက်သော တန်းခိုးရှိသော။ မဟဗ္ဗလ = ကြီးသောခွန်အားရှိသော။ နာဂရာဇ= ပန္နဂမည်လျှင်း ဒို နဂါးမင်း....။ မေ = ငါ၏ ။ ဝစနံ=စကားကို။ သုဏောဟိ= နာစေချင်ပါ၏ ။ မေ =ငါ့အား။ ပါနီယဃဋံ=သောက်ရေတစ်အိုးကို။ ဒေဟိ=ပေးပါလော့။ အဟံ=ငါသည်။ ဘေသဇ္ဇတ္ထံ= ဥပဇ္ဈာယ်ဆရာ၏ လေနာခပျောက်ရေး ဆေးအလို့ ငှာ။ အာဂတော=လာရောက်သည်။ အမှိ=ဖြစ်ပေ၏။

ခုနစ်နှစ်အရွယ် ချစ်စရာကိုရင်ငယ်ကလေးက သနား စဖွယ် ပေးချင်အောင် တောင်းသော်လဲ ပန္နဂနဂါးမင်း က ဤကဲ့သို့ ပြန်ပြောတယ်။

သာမဏေရ သစေ အတ္ထိ၊
တဝ ဝိက္ကမ ပေါရိသံ။
အဘိနန္ဒာမိ တေ ဝါစံ၊
ဟရဿု ပါနီယံ မမ။ ။

သာမဏေရ= ကိုရင်သုမနသာမဏေ....။ တဝ= သင့်အား။ ဝိက္ကမ ပေါရိသံ= ရဲရင့်တဲ့ ယောကျ်ားတို့ လုံ့လ ဝီရိယသည်။ သစေ အတ္ထိ=အကယ်၍ ရှိငြားအံ့။ တေ=သင်၏။ ဝါစံ=တန်ခိုးချင်းဆိုင် စစ်ပြိုင် လိုတဲ့စကားကို။ အဘိနန္ဒာမိ=နှစ်သက်လက်ခံပါ၏ ။ မမ=ငါ၏။ ပါနီယံ= အနဝတတ်အိုင်က သောက်ရေ ကို။ ဟရဿု=သင်ခေါ်နိုင်မှ ခပ်ယူလေလော့။

အေး....ဆိုကြပါစို့၊ စကြဝဠာတစ်တိုက်လုံးက နတ် ဗြဟ္မာတွေအားလုံး ဒီစကားကို ကြားကြတယ်။

http://www.dhammadownload.com



## တန်ခိုးဖြင့် ရေကိုရယူခြင်း

ကိုရင်သုမနသာမဏေက နတ်မြဟ္မာတွေအားလုံး၏ ရှေ့မှောက်မှာ ''ယူပါမယ် နဂါးမင်း...၊ ကိုရင်စွမ်းနိုင် လျှင် ယူပါ''ဆိုတာ ၃-ကြိမ် ဝန်ခံစေပြီးမှ ကိုရင်သုမန က ဇာနုမြေမပျက် ကောင်းကင်က ရပ်တည်ရင်း ဇာဒ္ဓိဝိဝ အဘိညာဉ်ဖြင့် (၁၂) တစ်ဆယ့်နှစ်ယူဇနာ ကိုယ်ခန္ဓာ ရှိတဲ့ မြဟ္မာကြီးကိုယ် ဖန်ဆင်းပြီး ကောင်းကင်က တဖြည်းဖြည်း ဆင်းလာတယ်။

ပန္နဂနဂါးမင်းကလဲ ယူဇနာငါးဆယ် မြင့်ကျယ်တဲ့ အနဝတတ်အိုင်ကို ယူဇနာ တစ်ရာရှိတဲ့ ပါးပျဉ်းကြီးနဲ့ ဖုံးထားတယ်။ အဲဒီဖုံးထားတဲ့ ပါးပျဉ်းကြီးကို ကိုရင် သုမနဖန်ဆင်းတဲ့ မြဟ္မာကြီးက ကောင်းကင်ကနေ ခြေ ဖြင့်နင်းတယ်။ နဂါးမင်းရဲ့ မျက်နှာလဲ အပေါ် မော့ မကြည့်ဝံ့တော့ဘူး။ ကိုရင်သုမန(မြဟ္မာကြီး)က ဖိနှိပ်နင်း လိုက်တော့ အားကောင်း မောင်းသန် ယောကျ်ား သားရေအစိုကြီးကို ဖိနင်းသကဲ့သို့ နဂါးမင်းရဲ့ ပါးပျဉ်း ဟာ အဖု အဖု အလုံးအလုံးတွေဖြစ်လို့ အကြားလပ်တဲ့ နေရာက အနဝတတ်ရေတွေ ကောင်းကင်သို့ ပန်းပြီး ထွက်လာတော့မှ အဲဒီ ပန်း ထွက် လာ တဲ့ ရေ ကို အိုး အပြည့်ခံယူပြီး ကိုရင်သုမန ပျောက်ကွယ်သွားတယ်၊ တန်ခိုးဖြင့် တောရကျောင်းကို ပြန်ကြွသွားတယ်။

## နဂါးမင်း ရှုံး၍ အရှက်ကြီးခြင်း

ကိုရင်သုမန ဥပဇ္ဈာယ်ဆရာတော်ထံ ကောင်းကင် ခရီး အဘိညာဉ်ဗျာန်ယာဉ်စီး၍ ကြွသွားပြီ၊ စကြဝဠာ တစ်တိုက်လုံးက နတ်မြဟ္မာတွေ ကောင်းချီးပေးကြကော့

http://www.dhammadownload.com



ပန္နဂ၊ နဂါးမင်းဟာ အမျက်ပြင်းစွာ ထွက်ပြီး အကြံမှားပုံက–

အယံ မံ ဒေဝသံဃံ သန္နိပါတေတွာ ပါနီယံ ဂဟေတွာ လဇ္ဇာပေသိ၊ တံ ဂဟေတွာ မုခေ ဟတ္ထံ ပက္ခိပိတွာ ဟဒယမံသံ ဝါ+ဿ မဒ္ဒါမိ၊ ပါဒေ ဝါ ပါရဂင်္ဂါယံ ခိပါမိ။

အယံ=ဤ သာမဏေသည်။ မံ=ငါ့ကို။ ဒေဝ–သံဃံ=နတ်ပြဟ္မာ အပေါင်းကို။ သန္နိပါတေတွာ=စည်းဝေးစေ၍။ ပါနီယံ ဂဟေတွာ= သောက်ရေကို ခပ်ယူပြီးတော့။ လဇ္ဇာပေသိ =အရှက် ရစေခဲ့ပြီ။ အဟံ=ငါသည်။ တံ=ဤသာမဏေကို။ ဂဟေတွာ= ဖမ်းယူ၍။ မုခေ ဟတ္ထံ ပက္ခိပိတွာ= သူ့ခံတွင်း၌ ငါ့လက်ကို ထည့်ပြီး။ အဿ=ထိုသာမဏေ၏။ ဟဒယမံသံ ဝါ= နှလုံးသားကို သော်မူလည်း။ မဒ္ဒါမိ= ကြိတ်ချေ ဖျက်ဆီးပေအံ့။ ဝါ= သို့မဟုတ်။ နံ=ထိုသာမဏေကို။ ပါဒေ=ခြေ၌။ ဂဟေတွာ=ဆွဲကိုင်၍။ ပါရဂင်္ဂါယံ= ဂင်္ဂါမြစ်တစ်ဖက်ကမ်း၌။ ခိပါမိ= ပစ်လွှင့်ပေအံ့။–

ဤ သုမနသာမဏေဟာ နတ်ပြဟ္မာတွေကို အစည်းအဝေးခိုင်းပြီး ငါ့ရေကိုလဲ ခပ်ယူ ငါ့ကိုလဲ အရှက်ရစေတယ်။ ငါ ဤသာမဏေကို ဖမ်းယူပြီး သူ့ခံတွင်း၌ ငါ့လက်ကို ထည့်ပြီး သူ့နှလုံးသားကိုသော်မူလည်း ငါ ကြိတ်ချေ ဖျက်ဆီးပစ်မယ်၊ သို့မဟုတ်လျှင် ခြေနှစ်ဘက်က ကိုင်ဆွဲပြီး ဂင်္ဂါမြစ်ရဲ့ ဟိုဘက်ကမ်းသို့ လွှင့်ပစ် လိုက်မယ်....၊ အဲဒီ အကြံ နဲ့ ကိုရင်သုမနရဲ့ နောက်က

http://www.dhammadownload.com



ကောင်းကင်သို့ တက်ပြီးလိုက်တယ်။ ကိုရင်သုမန-က ရဟန္တာရဲ့ အဘိညာဉ်တန်ခိုးနဲ့ ရှေ့ကကြွတာ၊ နဂါးမင်းက နဂါးတန်ခိုးနဲ့ နောက်ကလိုက်တာ" ဘယ်မှာ မီပါ့မည်လဲ။

အေး....မမီတော့ပဲ ကိုရင်သုမန-က ဥပဇ္ဈာယ် ဆရာတော် သီတင်းသုံးနေတဲ့ တောရကျောင်းသို့ ရောက်၍ သောက်ရေအိုးကို ဥပဇ္ဈာယ် ဆရာတော် လက်သို့ ဆက်ကပ်ပြီး–

''ပိဝထ ဘန္တေ။ ဘန္တေ=ဥပဇ္ဈာယ် ဆရာတော်ဘုရား....။ ပိဝထ =သောက်သုံးတော်မူပါဘုရား။ အရှင်ဘုရား သောက်တော်မူပါ၊ အနဝတပ်အိုင်က သောက်ရေပါဘုရား''–လို့ လျှောက်ထားတယ်။

အဲဒီလို လျှောက်ထားနေတုန်း ပန္နဂနဂါးမင်း နောက်က ရောက်လာပြီးတော့–

ဘန္တေ အနုရုဒ္ဓ သာမဏေရော မယှာ အဒိန္နမေဝ ပါနီယံ ဂဟေတွာ အာဂတော၊ မာ ပိဝိတ္ထ။

ဘန္တေ အနုရုဒ္ဓ=အရှင်ဘုရား အနုရုဒ္ဓါ....။ သာမဏေရော=ရှင်သုမန သာမဏေသည်။ မယှာ အဒိန္နမေဝ ပါနီယံ=တပည့်တော် မပေးအပ်တဲ့ သောက်ရေကို။ ဂဟေတွာ=ခိုးယူ၍။ (ဝါ)ခိုးခပ်၍။ အာဂတော=လာခဲ့ပါပြီ။ မာ ပိဝိတ္ထ=သောက်တော် မမူကြပါနဲ့ ဘုရား။

''အရှင်အနုရုဒ္ဓါဘုရား.... ရှင်သုမန သာမဏေသည် တပည့်တော် မပေးတဲ့သောက်ရေကို သူ့အနိုင်ကျင့်= သာဟသိကာဝဟာရခိုးခြင်းဖြင့် ခိုးလာပြီး အရှင်ဘုရား

http://www.dhammadownload.com



ကို ရေတိုက်တာပါ၊ အရှင်ဘုရား မသောက်ပါနဲ့’’လို့ ဆိုတဲ့အခါ–

အရှင်အနုရုဒ္ဓါက ပြဿနာကို ကြာကြာမထားဘူး–

ဇငံ ကိရ သာမဏေရ။ သာမဏေရ=ကိုရင်....။ ဇဝံ ကိရ = ဤ နဂါးမင်း ပြော တဲ့ အ တိုင်း မှန် သ လား။ ''အေး....သူ့ရေကို သူမပေးဘဲ အဒိန္နာဒါနိသိက္ခာပုဒ် ကို လွန်ကျူးပြီး ခိုးခပ်လာတယ်ဆိုတာ မှန်သလား ကိုရင်....'' လို့ ရှင် အ နု ရု ဒ္ဓါ က မေးတော့– သုမန သာမဏေကလေးက–

ပိဝသ ဘန္တေ။ ဘန္တေ=အရှင်ဘုရား....။ ပိဝထ= စိတ်ချ၍သာ သောက်တော်မူကြပါ။ ဇူမိနာ မေ ဒိန္နံ ပါနီယံ အာဟဋ္ဌံ။ မေ=တပည့်တော်သည်။ ဇူမိနာ=ဤ ပန္နဂနဂါးမင်းက။ ဒိန္နံ= စကြဝဠာတစ်တိုက်လုံးက နတ် ဗြဟ္မာတို့ရှေ့မှောက်ဝယ် အာမခံ၍ ပေးအပ်သည်သာ လျှင် ဖြစ်သော။ ပါနီယံ=သောက်ရေကို။ အာဟဋ္ဌံ= ဆောင်အပ်ခဲ့တာပါဘုရား။

''တပည့်တော် သူ့ရေကို ခိုးခပ်ခဲ့တာ မဟုတ်ဘူး၊ စကြဝဠာ တစ် တိုက် လုံး က နတ်ဗြဟ္မာတွေရဲ့ ရှေ့မှာ ''ကိုရင် ခပ်နိုင်လျှင်ခပ်ပါ'' ဆိုလို့ ''ခပ်ပါမယ် စိတ် ချ'' ဆိုတော့ ''ကောင်းပြီ ခပ်ပါ'' ဤကဲ့သို့ သုံးကြိမ် တိုင်တိုင် သူ ခွင့်ပြုတာကို တပည့်တော် ခပ်ခဲ့တာပါ၊ စိတ်ချလက်ချ သောက်တော်မူပါ'' လို့ လျှောက်ထား တယ်။

ဤအရာမှာ နဂါးမင်းကလဲ ကိုရင်ကလေး ခိုးတယ်– လို့ ပြောဘယ်။ ကိုရင်ကလေးကလဲ နတ်ဗြဟ္မာတွေကို

http://www.dhammadownload.com



အသိသက်သေ ထူပြီး နဂါးမင်းပေးတဲ့ရေကို ခပ်ပါ တယ်လို့ ပြောတယ်၊နတ်ဗြဟ္မာတွေ သက်သေ ရှိပေလို့ ပေါ့၊ မရှိလျှင် ကိုရင်ကလေးပဲ ရှုံးရမည်လို့ဖြစ်တယ်။

ထိုအခါ အရှင်အနုရုဒ္ဓါက–

ဒိဏ္ဏာသဝသာမဏေရဿ မုသာကထံ နသမနုဿိ။

အာသဝေါကုန်ခန်းတဲ့ ရဟန္တာသာမဏေ အဖို့ရာ မုသားစကား ပြောကြားခြင်း ဆိုတာ လုံးဝမရှိ လို့ အကြွင်းမဲ့ ယုံကြည်ပြီး ကိုရင်ကလေးခပ်လာဘဲ့ အန ဝတတ်ရေကို သောက်တော်မူတယ်၊ ထို ခ ဏာ မှာ ပင် လေနာပျောက်ကင်း၍ ချမ်းသာခြင်းသို့ ရောက်တော် မူတယ်။

## အရှင်အနုရုဒ္ဓါက
## နှစ်သိမ့်ဖြန်ပြေစကား မိန့်ကြားခြင်း

ထိုအခါ ပန္နဂနဂါးမင်းက–

ဘန္တေ သာမဏေရေန+မှိ သဗ္ဗံ ဒေဝဂဏံ သန္နိပါတေတွာ လဇ္ဇာပိတော၊ အဟ+မဿ ဟဒယံ ဝါ ဖာလေဿာမိ၊ ပါဒေ ဝါ နံ ဂဟေတွာ ပါရဂင်္ဂါယ ခိပိဿာမိ။

ဘန္တေ=အရှင်ဘုရား....။ သာ မ ဏေ ရေ န= ရှင်သူမနသာမဏေသည်။ အဟံ = တပည့်တော်ကို။ သဗ္ဗ ဒေဝဂဏံ=အလုံးစုံသော နတ်ဗြဟ္မာအပေါင်း ကို။ သန္နိပါတေတွာ = စည်းဝေးစေ၍။ လဇ္ဇာပိ- တော = အရှက်ခွဲအပ်သည်။ အမှိ = ဖြစ်ပါသည် ဘုရား။ အဟံ = တပည့်တော်သည်။ အဿ=ထို

http://www.dhammadownload.com



သာမဏေ၏။ ဟဒယံ ဝါ=နှလုံးကိုသော်မူလည်း။ ဖာဠေသာမိ = ကြိတ်ချေ (ရှုးသွပ်စေ) ပါအံ့။ ဝါ=သို့မဟုတ်။ နံ=ထို သာမဏေကို။ ပါဒေ ဂဟေတွာ=ခြေ၌ ဆွဲကိုင်၍။ ပါရဂင်္ဂါယ=ဂင်္ဂါမြစ်၏ တစ်ဘက်ကမ်း၌။ ခိပိဿာမိ = ပစ် လွှင့် ပါ အံ့ ဘုရား။

ခုထက်တိုင် ''အောက်ကလဲနေသေး၊ အ ရှုံး လဲ မပေး''တဲ့ စကားမျိုး ပြောနေတယ်။ ''အရှင်ဘုရား.... သုမနသာမဏေကလေးဟာ တပည့်တော်ကို အားလုံး စကြဝဠာတိုက်အတွင်းရှိ နတ်မြဟ္မာများကို စည်းဝေး စေပြီး အရှက်ခွဲအပ်ခဲ့ပါတယ်၊ တပည့်တော် ထိုသာမ ဏေ၏ နှလုံးကိုသော်မူလည်း ကြိတ်ချေ (ရှူးသွပ်စေ) ရပါမယ်ဘုရား၊ သို့မဟုတ် ခြေနှစ်ဘက်တို့ကို ကိုင်ဆွဲပြီး ဂင်္ဂါမြစ်ရဲ့ ဟိုဘက်ကမ်းသို့ လွှင့် ပစ် ရ ပါ လိမ့် မယ် ဘုရား'' ဤကဲ့သို့ ပြောကြားတယ်။

ထိုအခါ အရှင်အနုရုဒ္ဓါက–

မဟာရာဇ သာမဏေရော မဟာနုဘာဝေါ တုမှေ သာမဏေရေန သဒ္ဓိံ သင်္ဂါမေတုံ န သက္ခိဿထ၊ ခမာပေတွာ နံ ဂစ္ဆထ။

မဟာရာဇ=ပန္နဂမည်လျှင်း မြတ်သောနဂါးမင်း....၊ သာမဏေရော = ကို ရင် သု မ န သာ မ ဏေ သည်၊ မဟာနုဘာဝေါ=ကြီးသော အာနုဘော် ရှိ၏။ တုမှေ= သင်တို့သည်။ သာမဏေရေန = သုမနသာမဏေနှင့်။ သဒ္ဓိံ=တကွ။ သင်္ဂါမေတုံ=သူ့ရှုံး ငါနိုင် အပြိုင်စစ်ပွဲ ဆင်နွှဲခြင်းငှာ။ န သက္ခိဿထ = စွမ်း နိုင် ကြ လိမ့် မည်

http://www.dhammadownload.com



မဟုတ်။ နံ=ထို သုမနသာမဏေကို။ ခမာပေတွာ= မိမိပြောမှားခဲ့သောအပြစ်တို့ကို သည်းခံစေကြောင်း ကန်တော့တောင်းပန်ပြီး။ ဂစ္ဆထ = ပြန်သွားကြကုန် လော့။

ပန္နဂနဂါးမင်း.... ရှင်သုမနသာမဏေဟာ တန်ခိုး အာနုဘော်ကြီးမြတ်သူဖြစ်တယ်၊ အသင်နဂါးမင်းတို့ ဟာ ရှင်သုမနသာမဏေနဲ့ စစ်ပြိုင်ရန် စွမ်းနိုင်ကြလိမ့် မည်မဟုတ်ဘူး၊ ဒီတော့ မိမိကျူးကျော်ပြောမှားခဲ့တဲ့ အပြစ်များကို တောင်းပန် ဝန်ချကန်တော့ပြီး ကိုယ့်နေ ရာကိုယ် ပြန်သွားကြ လို့ မိန့်တော်မူတယ်။

## နဂါးမင်းက တပည့်အဖြစ်ခံယူခြင်း

အေး.... နဂါးမင်းက ပြောလို့သာပြော+လိုက် လို့သာလိုက်လာရတာ၊ ကိုရင်ကလေးကို မနိုင်ဘူး ဆိုတာ သူအသိဆုံးပါ၊ အခြားသူတို့ထက် သူက ပိုသိတာ ပေါ့။ ဟို-အနဝတတ်အိုင်မှာ သုမနသာမဏေ (မြွေဟွာ ကြီး)က ခြေထောက်နဲ့နင်းထားတော့ သူ မျက်နှာကို တောင်မှ အပေါ်မမော့နိုင်ဘူး။ သို့သော် သူ က နတ် တွေ မြွေဟွာတွေရဲ့ အကြားမှာ အရှက်တကွဲ အကျိုးနဲ့ ဖြစ်လို့ သူ လိုက်လာတာ၊

အရှင်အနုရုဒ္ဓါက ယခုလို ဖြန်ဖြေစကား ပြောကြား တော့ နဂါးမင်းအဖို့ ထွက်ပေါက်ရသွားတယ်။ ဒီတော့ ''ဥပဇ္ဈာယ်ဆရာတော်ရဲ့ မျက်နှာကိုထောက်ပြီး ကန် တော့ရမှာပ'' လို့ ပြောဆို ဝန်ချတောင်းပန် ကန် တော့တယ်၊ ပြီးတော့မှ ပြန်ခါနီး သူ ဘာပြောသလဲ- ဆိုတော့-

http://www.dhammadownload.com



ဧကတော ပဋ္ဌာယ အနောတတ္တဥဒကေန အတ္ထော သတိ တုမှာကံ အာဂမနကိစ္စံ နတ္ထိ၊ မယှံ ပဟိဏေယျာထ၊ အဟမေဝ အာဟရိတွာ ဒဿာမိ။

ဘန္တေ=ကိုရင်သုမနအရှင်ဘုရား....။ ဧကတော ပဋ္ဌာယ=ယခုအချိန်ကစ၍။ အနောတတ္တဥဒကေန= အနဝတတ်အိုင်ကရေဖြင့်။ အတ္ထော = အလိုသည်။ သတိ=ရှိလတ်သော်။ တုမှာကံ=အရှင်ဘုရားတို့၏။ အာဂမနကိစ္စံ=လာရောက်ဖွယ်ကိစ္စသည်။ နတ္ထိ=မရှိပါ။ မယှံ=တပည့်တော်အား၊ (ဝါ) တပည့်တော်၏ အထံသို့။ ပဟိဏေယျာထ = သတင်းသာ ပို့လိုက်ကြပါ။ အဟမေဝ အာဟရိတွာ ဒဿာမိ=တပည့်တော်ကိုယ်တိုင် ရေခပ်ပြီး လာရောက်ပို့လှူပါမယ်။

အရှင်ဘုရား.... ယခုအချိန်ကစပြီး အနဝတတ်အိုင်က ရေကို အလိုရှိလျှင် အရှင်တို့ လာဖွယ်ကိစ္စ မရှိပါ၊ တပည့်တော်ထံ သတင်းစကားကိုသာ ပို့လိုက်ကြပါ၊ တပည့်တော်ကိုယ်တိုင် ရေခပ်ပြီး လာရောက်လှူဒါန်းပါ့မယ်၊ ဤကဲ့သို့ ပြောကြားပြီး ပန္နဂနဂါးမင်း အနဝတတ်အိုင်သို့ ပြန်သွားပြီ၊ အရှင် အနုရုဒ္ဓါလဲ နေကောင်းပြီ။

## ရဟန်းများက
## သာမဏေကလေးကို ကျီစားကြခြင်း

အရှင်အနုရုဒ္ဓါ မထေရ်လဲပဲ ရှင်သုမနသာမဏေကို ခေါ်ဆောင်၍ သာဝတ္ထိပြည်သို့ ကြွတော်မူတယ်။ မြတ်စွာဘုရားသည် အရှင်အနုရုဒ္ဓါပြန်လာသည်ကို သိတော်မူပြီး ဝိသာခါကျောင်းအမကြီး ဆောက်လုပ်တဲ့ ပုဗ္ဗာရုံ

http://www.dhammadownload.com



ကျောင်းတော်က နေပြီး အရှင်အနုရုဒ္ဓါမထေရ် ပြန်ကြွလာသည်ကို ကြည့်ရှုနေတော်မူတယ်။

အရှင်အနုရုဒ္ဓါနဲ့ သုမနသာမဏေငယ်တို့ ပုဗ္ဗာရုံကျောင်း ရောက်ကြတဲ့အခါ ရဟန်းတော်များကလဲ မထေရ်ကြွလာသည်ကို မြင်ကြတော့ ခရီးဦးကြိုဆိုပြီး သပိတ်+သင်္ကန်းကို လှမ်းယူကြတယ်။ ထိုအခါ အချို့အချို့ ကစားကျီစယ်တတ်တဲ့ ရဟန်းများက ကိုရင်သုမနသာမဏေကလေးကို သွားပြီး ဦးခေါင်းကိုင်လှုပ်၊ နားရွက်ကိုင်လှုပ်၊ လက်မောင်းကလေးကိုင်လှုပ် လှုပ်ပြီး-

''ကိံ သာမဏေရ စူဠကနိဋ္ဌ န ဥက္ကဏ္ဌိတောသိ။ သာမဏေရ=ကိုရင်....။ စူဠကနိဋ္ဌ=ညီလေး....။ ကိံ=အသို့နည်း။ န ဥက္ကဏ္ဌိတော အသိ = မပျင်းရိပဲ ရှိရဲ့လား။ ကိုရင်....ညီလေး....ဒီသာသနာမှာ ပျော်ရဲ့လား'' လို့ ပြောဆိုကြကာ ချစ်လွန်းလို့ ဦးခေါင်းကိုင်လှုပ်၊ နားရွက်ကိုင်လှုပ်၊ လက်မောင်းကလေးကိုင်လှုပ် ပြောဆိုပြုလုပ်ကြတာကို မြတ်စွာဘုရား မြင်တော်မူတယ်။

ထိုရဟန်းတို့၏ ကျီစယ်သမှုပြုပုံကို မြင်တော်မူတော့ မြတ်စွာဘုရား၏ စိတ်တော်မှာ ဤကဲ့သို့ အကြံဖြစ်တော်မူတယ်။

ဘာရိယံ ဝတိ+မေသံ ဘိက္ခူနံ ကမ္မံ၊ အာသီဝိသံ ဂီဝါယ ဂဏှန္တာ ဝိယ သာမဏေရံ ဂဏှန္တိ၊ နာ–သာ အာနုဘာဝံ ဇာနန္တိ၊ အဇ္ဇ မယာ သုမနသာမဏေရဿ ဂုဏံ ပါကဋံ ကာတုံ ဝဋ္ဋတိ။

တတိယအကြိမ်

http://www.dhammadownload.com



ဣမေသံ ဘိက္ခူနံ= ဤရဟန်းတို့၏။ ကမ္မံ=အလုပ်ကား။ ဘာရိယံ ဝတ= ဝန် လေး လှ စွ တ ကား....။ အာသိဝိသံ= လျှင်သော အဆိပ်ရှိတဲ့ မြွေပွေး မြွေဟောက်ကို။ ဂီဝါယ ဂဏှန္တာဝိယ= လည်ပင်း၌ ဆုပ်ကိုင်သောသူတို့ကဲ့သို့။ သာမဏေရံ= သာမဏေငယ်ကို။ ဂဏှန္တိ = ဆုပ်ကိုင်ကြကုန်၏။ အဿ=ထို သာမဏေငယ်၏။ အာနုဘာဝံ= တန်ခိုးတေဇော် အာနုဘော်ကို။ န ဇာနန္တိ= မသိကြကုန်။ အဇ္ဇ=ယနေ့။ မယာ= ငါ ဘု ရား သ ည်။ သုမနသာမဏေရဿ= သုမနသာမဏေငယ်၏။ ဂုဏံ= ဂုဏ် ကျေး ဇူး ကို။ ပါကဋံ= ထင်ရှားအောင်။ ကာတုံ = ပြုခြင်းငှါ။ ဝဋ္ဋတိ=သင့်၏။

အင်း.... ဒီရဟန်းတွေလုပ်ပုံဟာ လွန်စွာ ဝန်လေးလှချေတကား....၊ အဆိပ်ထန်တဲ့မြွေကို လည်ပင်းက ကိုင်ပြီး ရှေ့တိုးနောက်ဆုတ် ပြုလုပ်ကြသလို ကိုရင်ကလေးကို သူတို့ ဆုပ်ကိုင်ကြတာပါလား၊ သာမဏေငယ်ရဲ့ တန်ခိုးအာနုဘော်ကို ဒီရဟန်းတွေ မသိကြဘူး၊ ယနေ့ ငါဘုရား သုမနသာမဏေ၏ ဂုဏ်ကို ထင်ရှားအောင်ပြုမှ သင့်လျော်တော့မည်–ဟု အကြံဖြစ်တော်မူတယ်။

အရှင်အနုရုဒ္ဓါမထေရ်လဲ မြတ်စွာဘုရားထံသို့ လာရောက်ရှိခိုးပြီး အပြစ်လွတ်ရာက ထိုင်နေတော်မူတယ်၊ မြတ်စွာဘုရားသည် အရှင်အနုရုဒ္ဓါနှင့် အစေ့အစပ် ပဋိသန္ထာရစကား နှီးနှောပြောဟော နေတော်မူတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရား ရှင်သုမနအား တန်ခိုးဂုဏ်ကို ဖော်ထုတ်တော်မူခြင်း

မြတ်စွာဘုရားသည် အရှင်အနုရုဒ္ဓါနှင့် ပဋိသန္ဓာရ စကား ပြောကြား၊ အရှင်အာနန္ဒာ မထေရ်မြတ်ကို မိန့် တော်မူသည်မှာ—

အာနန္ဒ အနောတတ္တဥဒကေန+မ္ပိ ပါဒေ ဓောဝိ- တုကာမော၊ သာမဏေရာနံ ဃဋ္ငံ·ဒတွာ ပါနီယံ အာဟရာပေဟိ။

အာနန္ဒ=ချစ်သား အာနန္ဒာ....။ အဟံ—ငါဘုရား သည်။ အနောတတ္တဥဒကေန = အနဝတတ်အိုင်က ရေစင်ဖြင့်။ ပါဒေ=ခြေတို့ကို။ ဓောဝိတုကာမော= ဆေးခြင်းငှါ အလိုရှိသည်။ အမ္ပိ = ဖြစ် ပေ ၏။ သာမဏေရာနံ = သာမဏေတို့အား။ ဃဋ္ငံ ဒတွာ= အိုးကိုပေး၍။ ပါနီယံ=အနဝတတ်အိုင်က သောက် ရေကို။ အာဟရာပေဟိ= အခပ်ခိုင်းလော့။

ချစ်သားအာနန္ဒာ .... ငါဘုရား အနဝတတ်အိုင်က ရေနဲ့ ခြေဆေးလိုတယ်၊ သာမဏေများအား ရေအိုး ပေးပြီး အနဝတတ်အိုင်က- ရေကို အခပ်ခိုင်းရမည် လို့ မိန့်တော်မူတယ်။ ထိုအခါ အရှင်အာနန္ဒာက ပုဗ္ဗာရုံ ကျောင်းမှာရှိတဲ့ သာမဏေတို့ကို အချက်ပေးတုံးခေါက် ခေါ်လိုက်တော့ ကြီးကြီးငယ်ငယ် သာမဏေ ငါးရာ စုဝေး ရောက်ရှိလာကြတယ်၊ ထို သာမဏေတွေထဲမှာ သုမနသာမဏေသည် အငယ်ဆုံးဖြစ်တယ်။

သာမဏေငါးရာ စုဝေးမိကြတော့ အရှင်အာနန္ဒာက အကြီးဆုံး ကိုရင်ကို—

တတိယအကြိမ်

http://www.dhammadownload.com



သာမဏေရ သတ္ထာ အနောတတ္တဒဟဥဒကေန ပါဒေ ဓောဝိတုကာမော ဃဋံ အာဒါယ ဂန္တွာ အာဟာရ။

သာမဏေရ=ကိုရင်....။ သတ္ထာ=မြတ်စွာဘုရားသည်။ အနောတတ္တဒဟဥဒကေန= အနဝတတ်အိုင်ကရေဖြင့်။ ပါဒေ=ခြေတော်တို့ကို။ ဓောဝိတုကာ-မော= ဆေးတော်မူလို၏။ ဃဋံ အာဒါယ =အိုးကိုယူ ဆောင်၍။ ဂန္တွာ = သွားပြီးလျှင်။ ပါနီယံ=သောက်ရေကို။ အာဟရ=ခပ်ယူခဲ့လော့။

ကိုရင်.... မြတ်စွာဘုရား အနဝတတ်အိုင်က ရေနဲ့ ခြေတော်ဆေးတော်မူလိုတယ်။ ကိုရင် အိုးကို ယူသွားပြီး အနဝတတ်အိုင်က သောက်ရေကို ခပ်ခဲ့-ဟု မိန့်တော်မူလေလျှင် သာမဏေကြီးက- ''န သက္ကောမိ ဘန္တေ။ ဘန္တေ=အရှင်ဘုရား....။ န သက္ကောမိ=တပည့်တော် မစွမ်းနိုင်ပါ''ဟူ၍ ပြန်လျှောက်တတ်။

မထေရ်မြတ်သည် ကျန်တဲ့ ကိုရင် သာ မ ဏေ တို့ ကိုလည်း အစဉ်အတိုင်း မေးတော်မူလေရာ ကျန်သော သာ မ ဏေ ကြီး တို့ က လ ည်း ထို့အတူပင် မခပ်နိုင်ကြောင်း ပြန်၍ လျှောက်ထားကြတယ်။

ဤအရာ၌ မေးဖွယ်ရှိလာပြန်သည်ကား-

ဤကိစ္စ၌ တန်ခိုးကြီးပြီး ရ ဟ န္တာ ဖြစ် ကြ သည့် ပဏ္ဍိတသာမဏေတို့လို သံကိစ္စသာမဏေတို့လို မပါရှိဘူးလား-ဟု မေးဖွယ်ရှိသည်။

အဖြေကား- ရှိကြပါ၏။ သို့သော် ထိုတန်ခိုးရှိသူ ရဟန္တာသာမဏေတို့က- နာ+ယံ အမှာကံ ဗန္ဓေါ

http://www.dhammadownload.com



မာသာပုဏ္ဍော၊ သုမနသာမဏေရဿေဝ ဗန္ဓော။ ဤ ပန်းထုပ်ကြီးကား ငါတို့အတွက် ဖွဲ့ချည်အပ်တဲ့ ပန်းထုပ် မဟုတ်ဘူး၊ သုမနသာမဏေအတွက်သာ ဖွဲ့ချည်အပ်တဲ့ပန်းထုပ်ဖြစ်တယ်၊ ဤကဲ့သို့ ဆင်ခြင်သိရှိကြ၍ အနဝတတ်အိုင်က ရေကို မခပ်လိုကြခြင်း ဖြစ်တယ်။ ပုထုဇန်သာမန် သာမဏေတို့ကမူ မတတ်နိုင်၍ ပယ်ကြခြင်း ဖြစ်တယ်။

## ဒုတိယအကြိမ် သုမနသာမဏေ အနဝတတ်အိုင်သို့ ရေအခပ်ကြွချီခြင်း

နောက်ဆုံး ရှင်သုမနသာမဏေအလှည့်သို့ ရောက်လာတဲ့အခါ အရှင်အာနန္ဒာမထေရ်မြတ်က–

သာမဏေရ သတ္ထာ အနောတတ္တဒဟဉဒကေန ပါဒေ ဓောဝိတုကာမော၊ ကူဋံ အာဒါယ ကိရ ဉဒကံ အာဟရ။

သာ မ ဏေ ရ = ကိုရင် သု မ န သာ မ ဏေ....။ သတ္ထာ=မြတ်စွာဘုရားသည်။ အနောတတ္တဒဟ ဉဒ-ကေန=အနဝတတ်အိုင်ကရေဖြင့်။ ပါဒေ=ခြေတော်တို့ကို။ ဓောဝိတုကာမော=ဆေးကြောတော်မူလို၏။ ကူဋံ အာဒါယ=အိုးကို ယူသွားပြီး။ ဉဒကံ အာဟရ ကိရ=အနဝတတ်ရေကို ခပ်ယူခဲ့တဲ့၊

ကိုရင်....မြတ်စွာဘုရား အနဝတတ်အိုင်က ရေနဲ့. ခြေတော်ဆေးလိုတယ်၊ ဒီတော့ ကိုရင် အိုးကို ယူသွားပြီး အနဝတတ်အိုင်ကရေကို ခပ်ခဲ့တဲ့– အဲဒီလို အရှင်အာနန္ဒာက အမိန့်ရှိတဲ့အခါ ကိုရင်သုမနသာမဏေက–

တတိယအကြိမ်

http://www.dhammadownload.com



သတ္တုရိ အာဟာရာပေနေ့ အာဟာရိယာမိ၊ မြတ်စွာဘုရားက အခပ်နိုင်းတော်မူလျှင် ခပ်ဆောင် ရမှာပါဘုရား–လို့ အရှင်အာနန္ဒာအား ဝန်ခံစကား လျှောက်ထားပြီး မြတ်စွာဘုရားကို ရှိခိုးပြီး–

''ဘန္တေ အနောတတ္တတော ကိရ မံ ဥဒကံ အာဟာရာပေထ။ မြတ်စွာဘုရား....တပည့်တော်ကို အနဝတတ်အိုင်ကရေကို အခပ်နိုင်းတော်မူကြပါသလား ဘုရား'' လို့ လျှောက်ထားတဲ့အခါ မြတ်စွာဘုရားရှင်က လဲပဲ ''အာမ သုမန=အိမ်း.... အခပ်နိုင်းတယ် ချစ်သားသုမနု''လို့ မိန့်တော်မူတယ်။

ထိုအခါ ကိုရင်သုမနက ပုဗ္ဗာရုံကျောင်းတိုက်ကြီး ရေစက်ချပွဲတုန်းက ကျောင်းအမကြီး ဝိသာခါလှူထားတဲ့ သေနာသနပရိဘောဂ=ကျောင်းအသုံး အဆောင်အဖြစ် လှူထားအပ်သည့် ရွှေသားစစ်ကို ကြိတ်၍ပြုအပ်သော အိုးတို့အနက်မှ သောက်ရေအိုးအလုံး ခြောက်ဆယ်ခန့် ရေဆံ့သော ရွှေအိုးကြီးတစ်လုံးကို အခန်းထဲမှ မိမိလက်ဖြင့် ဆွဲထုတ်လာပြီး အပြင်ရောက်တဲ့အခါ အားလုံး သံဃာ့ပရိသတ် ရှေ့မှောက်မှာပင်–

ဣမိနာ မေ ဥက္ခိပိတွာ အံသကုဋေ ဌပိတေန အတ္ထော နတ္ထိ။ မေ=ငါ့အဖို့ရာ။ ဣမိနာ=ဤ ရွှေအိုးကြီးကို။ ဥက္ခိပိတွာ=ချီမ၍။ အံသကုဋေ= ပခုံးစွန်း၌၊ ဌပိတေန= ထားသဖြင့်။ အတ္ထော=အကျိုးသည်။ နတ္ထိ=မရှိ။ ဒီအိုးကြီးကို ပခုံးပေါ်ထမ်းသွားလို့ ဘာအကျိုးရှိမည်လဲ၊ အားလုံးပဲ အံ့ဩစေတော့'' ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အောက်ကို တွဲရရွဲချပြီး ကောင်းကင်ခရီးဖြင့် ရေအိုး

http://www.dhammadownload.com



ကြီး ဆွဲသွားသလို ကြွတယ်) ယူဇနာငါးဆယ် ခရီး ပေါက်တော့ အနဝတတ်အိုင်သို့ ရောက်ပြီ။

### နဂါးမင်းက ခရီးဦးကြို ပြုစုခြင်း

ပန္နဂနဂါးမင်းသည် ကိုရင်သုမန ကြွလာသည်ကို အဝေးကပင် မြင်ပြီး ခရီးဦးကြို၍ သာမဏေထံမှ အိုးကို ပခုံးစွန်းဖြင့် ထမ်းယူပြီး—

ဘန္တေ တုမှေ မာဒိသေ ဒါသေ ဝိဇ္ဇမာနေ ကသ္မာ သယံ အာဂတာ၊ ဥဒကေန+တ္ထေ သတိ ကသ္မာ သာသနမတ္တမ္ပိ န ပဟိဏထ။

ဘန္တေ=အရှင်ဘုရား....။ တုမှေ = အရှင်ဘုရား တို့သည်။ မာဒိသေ = တ ပည့်တော် ကဲ့ သို့ သော။ ဒါသေ=တပည့်ရင်းတစ်ယောက်သည်။ ဝိဇ္ဇမာနေ= ထင်ရှားရှိပါလျက်။ ကသ္မာ = အ ဘယ့် ကြောင့်။ သယံ = ကိုယ်တိုင်။ အာဂတာ = ကြွလာကြရပါ သနည်းဘုရား။ ဥဒကေန အတ္ထေ သတိ=အနဝတတ် အိုင်က ရေကို အလိုတော်ရှိလျှင်။ ကသ္မာ=အဘယ့် ကြောင့်။ သာသနမတ္တမ္ပိ=သတင်းကလေးမျှသော်လဲ။ န ပဟိဏထ=မပို့ကြပါသလဲဘုရား။

အရှင်ဘုရား.... အရှင်ဘုရားတို့သည် တပည့်တော် လို တပည့်ရင်း ကျွန်ရင်း တစ်ယောက်ရှိနေပါလျက် အဘယ့်ကြောင့် ကိုယ်တိုင် ကြွလာကြရပါသလဲဘုရား၊ အနဝတတ်အိုင်က ရေကို အလိုရှိလျှင် ဘာ့ကြောင့် သတင်းစကားမျှ မပို့ကြတာလဲ၊ ပို့လျှင် တပည့်တော် ကိုယ်တိုင် လာမှာပေါ့။ အဲဒီလိုပြောပြီး ကိုရင်ယူလာ တဲ့အိုးဖြင့်ပဲ အနဝတတ်အိုင်က ရေကို နဂါးမင်းခပ်

http://www.dhammadownload.com



တယ်။ (ပန္နဂနဂါးမင်းဟာ ဇာတိရုပ်အတိုင်း ဆိုလျှင် နဂါးရုပ်ပဲ၊ ဖန်ဆင်းထားတဲ့ အခါကျတော့ နတ်ရုပ် ပေါ့။)

အေး.... အဲဒီလို အိုးဖြင့်ရေခပ်ပြီးမှ နဂါးမင်းက–

ပုရတော ဟောတ ဘန္တေ၊ အဟမေဝ အာဟရိ–ဿာမိ။ ဘန္တေ=အရှင်ဘုရား ။ ပုရတော ဟောတ= ရှေ့က ဖြစ်တော်မူ = ကြွတော်မူကြပါ။ အဟမေဝ အာဟရိဿာမိ=တပည့်တော်ပဲ ထမ်းဆောင်ခဲ့ပါမည်။ (အရှင်ဘုရား ရှေ့ကကြွပါ၊ တပည့်တော်ပဲ ဆောင် ကြဉ်းပါမယ်ဘုရား) လို့ လျှောက်ထားတယ်။ ကိုရင် သုမနက–

တိဋ္ဌထ တုမှေ မဟာရာဇ၊ အဟမေဝ သမ္မာသမ္ဗုဒ္ဓေန အာဏတ္တော။ မဟာရာဇ=ပန္နဂမည်လျှင်း အို–နဂါး မင်း....။ တုမှေ=သင်နဂါးမင်းတို့သည်။ တိဋ္ဌထ=နေရစ် ကြပါကုန်လော့။ သမ္မာသမ္ဗုဒ္ဓေန = မြတ်စွာဘုရားက။ အဟမေဝ=ကိုရင့်ကိုသာလျှင်။ အာဏတ္တော = စေခိုင်း အပ်လေပြီ။

ပန္နဂနဂါးမင်း.... နေရစ်ပါ၊ မြတ်စွာဘုရားက ကိုရင့်ကို ခိုင်းအပ်တာပါ လို့ ဆိုတော့ ပန္နဂနဂါး မင်းကလဲ ရဟန္တာကိုရင်ကလေးက ပြောတာဖြစ်လို့ ထပ်မပြောတော့ပဲ နေရစ်တယ်။

ပြီးမှ ကိုရင်သုမနက အိုးအလုံး–၆၀–ခြောက်ဆယ် ဆံ့တဲ့ ရွှေအိုးကြီးကို လက်နဲ့ကိုင်ပြီး ကောင်းကင် ခရီးဖြင့် သာဝတ္ထိပြည်သို့ သွားတယ်။ ဘုရားကိုယ်တော် မြတ်က မြင်တော်မူတယ်ဆိုလျှင်ပဲ–

http://www.dhammadownload.com



"ပဿထ ဘိက္ခဝေ သာမဏေရဿ လီလံ၊
အာကာသေ ဟံသရာဇာ ဝိယ သောဘတိ။

ဘိက္ခဝေ = ရဟန်းတော်များ အို–ချစ်သားတို့....။ သာမဏေရဿ = သာမဏေကလေး၏။ လီလံ=တင့်တယ်စံပယ်ပုံကို။ ပဿထ=ရှုကြလော့။ သေ–သော= ဤ ကိုရင်သုမနသည်။ အာကာသေ=ကောင်းကင်၌။ ဟံသရာဇာ ဝိယ = ယဉ်ာမင်းကဲ့သို့။ သောဘတိ= တင့်တယ်ပေ၏။

ချစ်သားတို့.... ကိုရင်ကလေးရဲ့ တင့်တယ်ပုံကို ကြည့်ကြစမ်း၊ ကောင်းကင်မှာ ဟင်္သာမင်းကြီးလို တင့်တယ်လိုက်ပါဘိ၊ ဤကဲ့သို့ မိန့်၍ မြတ်စွာဘုရား က ရဟန်းတို့ကို ပြတော်မူတယ်။ ကိုရင်သုမနကလဲ သောက်ရေအိုးကြီးကို ဘုရားရှေ့မှာချပြီး မြတ်စွာဘုရားကို ရှိခိုး၍ မားမား မတ်မတ် ရပ်တည်နေတယ်။

### သာသနာ၌ ရဟန်းအဖြစ် အမွေရသူနှစ်ဦး

ထိုအခါ မြတ်စွာဘုရားက–

ကတိဝဿော+သိ တွံ သုမန။ သုမန= ချစ်သား သုမန....။ တွံ = သင်ချစ်သားသည်။ ကတိဝဿော= အဘယ်နှစ်နှစ်ရှိသည်။ အသိ=ဖြစ်သနည်း။ ချစ်သား.... ဘယ်နှစ်နှစ်ရှိပြီလဲ လို့ မေးတဲ့အခါ ကိုရင်ကလေး သုမနက "သတ္တဝဿော+မှိ ဘန္တေ။ ဘန္တေ=မြတ်စွာ ဘုရား....။ အဟံ=တပည့်တော်သည်။ သတ္တဝဿော= ခုနစ်နှစ်ရှိသည်။ အမှိ = ဖြစ်ပါသည်ဘုရား" ဤကဲ့သို့ လျှောက်ထားတော့ မြတ်စွာဘုရားက–

http://www.dhammadownload.com



တေန ဟိ သုမန အဇ္ဇ ပဋ္ဌာယ ဘိက္ခု ဟောဟိ။ တေန ဟိ=သို့တပြီးကား။ သုမန=ချစ်သားသုမန....။ တွံ=သင်ချစ်သားသည်။ အဇ္ဇ ပဋ္ဌာယ=ယနေ့က စ၍။ ဘိက္ခု =ဥပသမ္ပဒဇာတ် မြတ် မသော ရ ဟန်း သည်။ ဟောဟိ=ဖြစ်စေ။

အေး....ကိုရင်သုမန.... ဒီလိုဆိုကျောင် ယနေ့ကစပြီး တော့ သင်သည် ရဟန်းဖြစ်စေ၊ ဤသို့ မိန့်တော်မူတယ်။ ဒါကို ''ဒါယဇ္ဇဥပသမ္ပဒါ=အမွေးပေးတဲ့ ရဟန်း ခံခြင်း'' လို့ ခေါ်တယ်။ ထိုအချိန်ကစပြီး ရှင်သုမနကို သာမဏေ လို့ မခေါ်ရတော့ဘူး၊ ယ နေ့ အ လို ဦးသုမနရဟန်း လို့သာ ခေါ်ရတော့တယ်။ ရဟန္တာ လဲဖြစ်+အံ့ဩလောက်အောင်လဲ တန်း ခိုး ကြီး တော့ ပေးလဲပေးထိုက်လှပါတယ်။

ဒီသာသနာမှာ ဒါယဇ္ဇရဟန်း အဖြစ်ရတာ နှစ်ပါး ရှိတယ်—

ဒွေ ယေဝ ကိရ သာမဏေရာ သတ္တဝဿိကာ ဥပသမ္ပဒံ လဘိံသု အယဉ္စ သုမနော သောပါကော စ။ (မှတ်ဖွယ်ပေါ့)

ဘောန္တော = အို သူ တော် ကောင်း တို့....။ အယဉ္စ သုမနော = ဤ ယခု ကိုရင်သုမနလည်း ကောင်း။ သောပါကော စ = သောပါကသာမဏေ လည်းကောင်း။ ဣတိ=ဤသို့။ ဒွေ ယေဝ သာမဏေ ရာ=သာမဏေနှစ်ပါးတို့သည်သာ။ သတ္တဝဿိကာ= ခုနစ်နှစ်ရှိကြကုန်ပျက်။ ဥပသမ္ပဒံ=ရဟန်းအဖြစ်ကို။ လဘိံသု ကိရ=ရကြလေကုန်ပြီ။

တတိယအကြိမ်

http://www.dhammadownload.com



ခုနစ်နှစ်သားအရွယ်မှာ မြတ်စွာဘုရားက ရဟန်းအဖြစ် အခွင့်ပေးခံရတဲ့ သာမဏေဟာ နှစ်ပါးရှိကြတယ်၊ ယခု ကိုရင်သုမနရယ်+ အားလုံးကြားဖူးကြတဲ့ ကိုရင်သောပါကရယ်၊ အဲ သူတို့ကို သိမ်ထဲဝင် ကမ္မဝါဖတ်ပြီး ရဟန်းခံရတာမဟုတ်ဘူး၊ ခုနစ်နှစ်သားအရွယ် သာမဏေငယ်ကလေးကို ''အဇ္ဇ ပဋ္ဌာယ ဘိက္ခု ဟောတိ=ယနေ့ကစ၍ ချစ်သား ဥပသမ္ပဒာတ် ရဟန်းဖြစ်စေ'' ဟု အမိန့်ရှိတော်မူသည်ကိုပင် ''ဒါယဇ္ဇ-ဥပသမ္ပဒါ'' ဟူ၍ ခေါ်တယ်။

ကိုရင် သုမနကို ဒါယဇ္ဇဥပသမ္ပဒါနဲ့ ရဟန်းအဖြစ် ခွင့်ပေးပြီး ထိုနေ့ညနေချမ်းမှာ ဓမ္မသဘာ=ဓမ္မာရုံကြီး အတွင်း၌ ရဟန်းတော်များညီမူ စည်းဝေးကြပြီး—

အစ္ဆရိယံ အာဝုသော၊ ဝေရူပေါ ဟိ နာမ ဒဟာရ သာမဏေရဿ အာနုဘာဝေါ ဟောတိ၊ န နော ဧတ္တော ပုဗ္ဗေ ဝေရူပေါ အာနုဘာဝေါ ဒိဋ္ဌပုဗ္ဗော။

အာဝုသော= ငါ့ရှင်တို့....။ အစ္ဆရိယံ = လက်ဖျစ်တီး၍ အံ့ ချီး ထိုက် ပါ ပေ စွ။ ဒဟာရသာမဏေရဿ= ခုနစ်နှစ်အရွယ် နုနယ်လှတဲ့ သာမဏေငယ်ကလေး၏။ အာနုဘာဝေါ နာမ= တန်ခိုးတေဇော် အာနုဘော်စဉ်လျက်။ ဝေရူပေါ=ဤသို့ အံ့ဩ၍မကုန်နိုင်သော သဘောရှိသည်။ ဟောတိ= ဖြစ်ပါဘိ၏။ နော= ငါတို့သည်။ ဧတ္တော ပုဗ္ဗေ= ဤအချိန်မှ ရှေးဘုန်းကဆိုလျှင်။ ဝေ-ရူပေါ အာနုဘာဝေါ= ဤသို့သဘောရှိတဲ့ တန်ခိုး အာနုဘော်ကို။ န ဒိဋ္ဌပုဗ္ဗော= ရှေးအခါက မမြင်အပ်စဖူး။—

http://www.dhammadownload.com



ဤကဲ့သို့ ရဟန်းတော်များ ပြောဆိုနေခိုက် မြတ်စွာဘုရား ကြွလာတော်မူပြီး–

ကာယ နု+ဏ္ဏ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ=ချစ်သားတို့ ယခု ဘယ်စကားနဲ့ ညီမျှ စည်းဝေးနေကြသနည်းဟု မေးတဲ့အခါ.... ''ဣမာယ နာမ=တပည့်တော်များကို ကိုရင်သုမနရဲ့ ဟန်ခိုးဂုဏ်နှင့် စပ်သော စကားနဲ့ ညီမျှ စည်းဝေးနေကြ ပါတယ်ဘုရား'' လို့ လျှောက်ထားကြတယ်။

## အသက်ငယ်သော်လည်း တရားအားထုတ်လျှင် ရဟန္တာဖြစ်နိုင်ခြင်း

ထိုအခါ မြတ်စွာဘုရားက–

ဘိက္ခဝေ မမ သာသနေ ဒဟရောပိ သမ္မာ ပဋိပန္နော ဝေရူပံ သမ္ပတ္တိံ လဘတိ ယေဝ။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့....။ မမ သာသနေ= ငါဘုရား၏ အံ့ဖွယ်ရှစ်ဖြာ သာသနာ၌။ ဒဟရောပိ= အသက်အရွယ် ငယ်သူပင် ဖြစ်လင့်ကစား။ သမ္မာ= ကောင်းစွာ။ ပဋိပန္နော= ကျင့်ကြံ ကြိုး ကုတ် အားထုတ်သည်ရှိသော်။ ဝေရူပံ=ဤသို့ ကိုရင်သုမနရတဲ့ ဘန်ခိုးအာနုဘော်ကဲ့သို့ သဘောရှိသော။ သမ္ပတ္တိံ= သာသနာတော်၏ စည်းစိမ်သမ္ပတ္တိကို။ လဘတိယေဝ= ရနိုင်သည်သာ။

တတိယအကြိမ်

http://www.dhammadownload.com



အေး.... အသက်အရွယ် ငယ်တဲ့ ကိုရင်ကလေးပင် ဖြစ်စေကာမူ သမ္မာပဋိပတ်ကို ကျင့်ကြံ လျှင် တန်ခိုး အာနုဘော်နှင့်ပြည့်စုံမှုဆိုတဲ့ ဣဒ္ဓိသမ္ပတ္တိကို ကေန်ရနိုင် တယ် ရဟန်းတို့....ဤသို့ မိန့်တော်မူပြီးလျှင်—

ယော ဟဝေ ဒဟရော ဘိက္ခု၊
ယုဉ္ဇတိ ဗုဒ္ဓသာသနေ။
သော+မံ လောကံ ပဘာသေတိ၊
အဗ္ဘာ မုတ္တောဝ စန္ဒိမာ။ ။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့....။ ဒဟရော=အသက်အရွယ် ပျိုနုငယ်သော။ ယော ဘိက္ခု = အကြင်ရဟန်းသည်။ ဟဝေ–ကေန္တေန= စင်စစ်ကေန် အမှန်အားဖြင့်။ ဗုဒ္ဓသာသနေ=မြတ်စွာ ဘုရား ဟောကြားထုံးပြ ဆုံးမလေရာ သာသနာ၌။ ယုဉ္ဇတိ=အစွန့်မယုတ် မတွန့်ဆုတ်ပဲ အားထုတ်ပေ၏။ သော ဘိက္ခု=အားထုတ်ကြိုးပမ်း ထိုရဟန်းသည်။ အဗ္ဘာ= အရောင်မလှယ် နှောင်သည့်နှယ်သို့ မှောင်ကွယ်ကြုံကြိုက် တိမ်တိုက်စသည်မှ။ မုတ္တော=စင်ကြယ် သန့်ရှင်း ကင်းလွတ်သော။ စန္ဒိမာ ဣဝ=ကောင်း ကင်တဝန်း လှည့်လည်ထွန်းသား လဝန်းယုန်အိမ် ပုဏ္ဏမိန်ကဲ့သို့။ ဣမံ လောကံ=ခန္ဓာစသည် အတည် တည်ပြားထ ဤတရား လောကကြီးကို။ ပဘာ– သေတိ = မဂ်ဉာဏ်ရောင်ဝင်း အခေါင်ချဉ်းအောင် ထွန်းလင်းတောက်ပစေနိုင်၏။

ချစ်သား ရဟန်းတို့.... အသက်အရွယ် ငယ်ပင် ငယ်ငြားသော်လဲ ငါဘုရား၏ သာသနာမှာ မတွန့်

http://www.dhammadownload.com



အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီ စံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါက ဝဋ် တည်း ဟူသော ဝဋ်ဒုက္ခ ခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေ ကုန်သတည်း....။

သာဓု+　သာဓု+　သာဓု၊

သုမနသာမဏေရဝတ္ထု တရားတော်
ပြီး ပြီ။

http://www.dhammadownload.com

# စူဠကမ္မဝိဘင်္ဂသုတ္တန် တရားတော်

ကောဇာသက္ကရာဇ် ၁၃၂၉-ခုနှစ်၊သာသနာတော် ၂၅၁၁-ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၅) ရက်နေ့၊ မန္တလေးမြို့ အနောက်ပြင် ဖောင်တော်ဦး ဆုတောင်းပြည့် စေတီတော်အတွင်းရှိ ဆိပ်ကမ်းကုန် တင်ကုန်ချ လုပ်အားရှင်တို့၏ ကောင်းမှု "နိဗ္ဗာန်ဆိပ်ဦး ဓမ္မာရုံ"၌ ဟောကြားအပ်သော စူဠကမ္မဝိဘင်္ဂ သုတ္တန်တရားတော်။

ဘုန်းကြီး ယနေ့ မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ ပါဠိ တော်မှာလာတဲ့ "စူဠကမ္မဝိဘင်္ဂသုတ်"ကို ဟောပါမယ်။

အနာထာနဥ္စ သော နာထော၊
ဘယာနံ အဘယံကရော။
ကာဠဥ္စ ဗဟူနံ သေတာ၊
သုခေတာ စက္ကဝတ္တကော။

မြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေ အသင်္ချေအနန္တရှိတဲ့ အထဲက မိမိတို့နှစ်သက်ရာရာ ဂုဏ်ကျေးဇူးတို့ဖြင့် မြတ်စွာ ဘုရားအား ချီးကျူး ပူဇော် ကြမြဲ ဓမ္မတာ ဖြစ်သည့် အတိုင်း သင်္ဂဇာဆရာတော် ဘုရားကြီးက ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ အသင်္ချေအနန္တထဲမှ သင့်လျော်ရာ ဂုဏ် တော် ၅-ပါးတို့ကို ထုတ်ဖော်ပြီး မြတ်စွာဘုရားအား ချီးမွမ်းကော်ရော် ပူဇော်သည့်ဂါထာ ဖြစ်ပါတယ်။

သော=ထို အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည်။
အနာထာနံ= ကိုးကွယ်ရာမဲ့သူ နတ်လူမြဟ္မာ သတ္တဝါ

http://www.dhammadownload.com



တို့၏။ နာဝေါ စ= မိုးခိုကိုးစားအားထားရာလည်း ဖြစ်တော်မူပါပေ၏။ (ဂုဏ်တော်တစ်ပါး။)

ဘယာနံ = ဘေးရောက်နေသူ နတ်လူ ဗြဟ္မာ သတ္တဝါတို့၏။ အဘယံကရော= ဘေး မရှိ အောင် ရွက်ဆောင်ကြိုးကုတ် ပြုလုပ်တော် မူတတ်ပါပေ၏။ (ဂုဏ်တော်တစ်ပါး။)

ဗဟူနံ=လူနတ်ဗြဟ္မာ များစွာသော သတ္တဝါတို့၏။ ကင်္ခဉ္စ= သို့လောသို့လော တွေးတောယုံမှား ဝိစိကိစ္ဆာ ကင်္ခါတရားကိုလည်း။ ဆေတာ=အမြစ် ပြတ်အောင် ပယ်ဖြတ်တော် မူပါပေ၏။ (ဂုဏ်တော် တစ်ပါး။)

သုခေတာ= လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာ တရားကို သတ္တဝါတို့အား သနား ဖြန့်ဝေ တော်မူ တတ်ပါပေ၏။ (ဂုဏ်တော်တစ်ပါး။)

စက္ကဝတ္တကော=ကဿပမြတ်စွာ သာသနာကွယ်ပ ထိုအချိန်ကစ၍ ရပ်စဲနေခဲ့ ပါသော စကြာဥက္ကာ၌ တရားမြတ်ကို ပတ်ပတ်လှည့်ခြွေ စက္ကဝါပေါင်း တိုက် တစ်သောင်းနှံ့အောင် လည်စေတော် မူတတ်ပါပေ ၏။ (ဂုဏ်တော်တစ်ပါး။)

(၁) မိုးခိုကိုးစားအားထားရာ ကင်းမဲ့နေတဲ့ လူနတ် ဗြဟ္မာ သတ္တဝါတို့ရဲ့ မိုးခိုကိုးစား အားထားရာဖြစ်ခြင်း ဂုဏ်။

(၂) ဘေးရောက်ကြတဲ့ သိကြားမင်း တို့၊ သုဗြဟ္မ နတ်သားတို့ အစရှိတဲ့ လူတွေ နတ်တွေ ဗြဟ္မာတွေကို ဘေးကင်းအောင် ရွက်ဆောင် ပြုလုပ်တော်မူခြင်း ဂုဏ်။

http://www.dhammadownload.com



(၃) သိုလော သိုလော တွေးတောယုံမှား ဝိစိ-ကိစ္ဆာ ကာင်္ခါတရား အနှိပ်စက်ခံနေရသော လူနတ်မြဟ္မာ သတ္တဝါတို့၏ ယုံမှားကာင်္ခါ ဝိစိကိစ္ဆာတရားကို ပယ်ရှား ဖြတ်တောက်တော်မူခြင်း ဂုဏ်။

(၄) လူနတ်မြဟ္မာ သတ္တဝါတို့အား လူနတ်နိဗ္ဗာန် ချမ်းသာသုံးပါးကို ရစေတော်မူခြင်းဂုဏ်။

(၅) ကဿပမြတ်စွာ သာသနာကွယ်သော အချိန်က စ၍ လောကကြီး၌ ရပ်နေသော တရားဓမ္မစက်ကို စကြာဝဠာတိုက်တစ်သောင်းနှံ့အောင် ဟောပြလှာစ်ခြွေ ယည်စေတော်မူခြင်းဂုဏ်။

ဤ ဂုဏ်တော် ၅-ပါးတို့ဖြင့် သင်္ဂါယနာဆရာတော် ဘုရားကြီးက မြတ်စွာဘုရားကို ချီးကျူးထောမနာ ဝန္ဒနာမှု ပြုတော်မူခဲ့တယ်။

ယင်း ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူတဲ့ သဗ္ဗညူ မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ပုံကို အာရုံယူနိုင် ရန်-

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

တစ်ချိန်က ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရားသည် သာဝတ္ထိပြည် အရပ်ဝယ် အနာထပိဏ် သူဌေး၏ ကောင်းမှု အာရာမ် ဇေတဝန်ကျောင်း သာဘိတောင်း၌ ကိန်း အောင်းမွေ့လျော် နေတော်မူဆဲ ဖြစ်ပါတယ်။

တတိယအကြိမ်

http://www.dhammadownload.com



ဤကဲ့သို့ သံဂီတိကာရက မထေရ်မြတ်များက သုတ္တန် နိဒါန်းကို ဖျိုးပေးတော် မူကြပါတယ်။

အထ ခေါ သုဘော မာဏဝေါ တောဒေယျ ပုတ္တော ယေန ဘဂဝါ၊ တေနုပသင်္ကမိ။

ယင်းသို့ မြတ်စွာဘုရားသာဝတ္ထိပြည် ဇေတဝန် ကျောင်း ကိန်းအောင်းပျော်မွေ့ နေတော်မူတဲ့ အခိုက်မှာ တောဒေယျ ပုဏ္ဏားရဲ့သား သုဘလုလင် သည် ဘုရားထံမှောက် လာရောက်တယ်။

ဒီ နေရာမှာ အဋ္ဌကထာ၌ တောဒေယျပုဏ္ဏား အကြောင်း၊ သုဘလုလင်အကြောင်း၊ ထိုလုလင် ဘုရား ထံမှောက် လာရောက်တဲ့ အကြောင်းကို ဖွင့်ပြသည့် အတိုင်း ဖော်ပြပါဦးမည်။

တောဒေယျပုဏ္ဏား ဆိုတာက ပသေနဒီကောသလ မင်းရဲ့ ပုရောဟိတ် ပုဏ္ဏားကြီးပါ။ သာဝတ္ထိပြည်ရဲ့ အနီးမှာရှိတဲ့ "တုဒိ" ခေါ်သော ပုဏ္ဏားရွာကို စိုးအုပ် ရတဲ့ ရွာစားပုဏ္ဏားဖြစ်လို့ ဒီပုဏ္ဏားကြီးကို တောဒေယျ ပုဏ္ဏား လို့ ခေါ်တယ်။ အဲဒီ တောဒေယျပုဏ္ဏားဟာ ကုဋေပေါင်း (၈၇) ရှစ်ဆယ့်ခုနစ်ကုဋေ ကြွယ်ဝပါ တယ်။ အဲဒီ တောဒေယျပုဏ္ဏား သူဌေးမှာ သားတစ် ယောက် ထွန်းကားခဲ့တယ်၊ ရုပ်ရည်အဆင်း လှပ တင့်တယ်ခြင်းကြောင့် သားကို "သုဘ" လို့ အမည် တွင်ခဲ့တယ်။ ငယ်စဉ်အခါမှာ သုဘအမည်၊ လုလင် ဖြစ်လာတော့ လုလင်သုဘ။ သုဘလုလင် လို့ ခေါ်တဲ့ အမည်ဟာ အိမ်ထောင်ကျပြီး အသက်အရွယ် အနှစ် အစိတ်သုံးဆယ် ရောက်တော့တောင်မှ "သုဘမာဏဝ=

http://www.dhammadownload.com



သုဘလုလင်'' လို့ ဒီလိုပဲ လူ့လောကမှာ အမည် တွင်ခဲ့တယ်။

သာသနာမှာလဲ ဒီလိုပဲ အမည်တွင်တာရှိတယ်။ ၎င်း မှာ အရှင်သာရိပုတြာရဲ့ညီ ရှင်စုန္ဒဆိုတာ ငယ်စဉ် ကတည်းက သာမဏေဘောင်ရောက်ပြီး သာမဏေဘာ နဲ့နေတော့ သံဃာ့အများက ''စုန္ဒသာမဏေရ= စုန္ဒသာမဏေ၊ စုန္ဒသာမဏေ'' လို့ ခေါ်လာတဲ့အမည် ဟာ ရဟန်းဖြစ်ပြီး ရဟန္တာဖြစ်ပြီးလို့ ဝါ-၂၀၊ ၃၀ ရသော်လဲပဲ အဲဒီအရှင်မြတ်ကို ''စုန္ဒသာမဏေရော= စုန္ဒသာမဏေ'' လို့ပဲ သာသနာမှာခေါ်တယ်။ ယခုလဲပဲ ''သုဘမာဏဝ=သုဘလုလင်'' ဆိုတဲ့ ငယ်စဉ်က နာမည် ဟာ အသက်အရွယ် နှစ်အစိတ် သုံးဆယ်လောက် ရောက် တော့လဲ သူ့ကို ''သုဘမာဏဝ= သုဘလုလင်'' လို့ပဲ ခေါ်တွင်တယ်။

သုဘလုလင် ဘုရားထံမှောက် လာရောက်ခြင်းသည် နှစ်ကြိမ်ရှိပါတယ်။ ပထမအကြိမ်က ဘယ်လိုလဲဆိုတော့ သူ့ရဲ့ဖခင် တောဒေယျပုဏ္ဏားက ပစ္စည်းဥစ္စာ ချမ်းသာ သလောက် စီးပွားရေး၌ သမား သက်သက် ဖြစ်တော့ တောဒေယျပုဏ္ဏားက–

ဒဒတော ဘောဂါနံ အပရိက္ခယော နာမ နတ္ထိ။

ဒဒတော=စွန့်ကြဲပေးကမ်း လှူဒါန်းသောသူ၏ အဖို့ ရာ၌ ဘောဂါနံ=စည်းစိမ်တို့၏။ အပရိက္ခယော နာမ= မကုန်သောမည်သည်။ နတ္ထိ=မရှိ။

မလှူချင်တဲ့ပုဂ္ဂိုလ်ဆိုတော့ သူက မဇ္ဈေရကို တပ် ဦးတ တင်ပြီး ဦးစားပေးလိုက်တော့ မဇ္ဈေရကလဲ သူ့နယ်မှာ သူ့နည်းနဲ့ စဉ်းစားတာက–

http://www.dhammadownload.com



''စွန့်ကြဲပေးကမ်း လှူဒါန်းတယ်ဆိုတာ အမှန်က ကိုယ့်မှာရှိတဲ့ ပစ္စည်းတွေ ကုန်သွားတာပဲ၊ မကုန်သောရယ်လို့ မရှိဘူး''တဲ့။

ဒီကိစ္စမှာ တောဒေယျပုဏ္ဏားတို့ဘက်က မြင်တာက ''ပေးလျှင် ကုန်တယ်''လို့ပဲ မြင်တယ်။ သာသနာဘက်က ''ပေးလျှင် မကုန်ဘူး''လို့မြင်တယ်။ အဲဒါလောက် အမြင်ကွာခြားတယ်။

အဲဒီလို တောဒေယျပုဏ္ဏားက မစ္ဆရိယကို တစ်ဦးကတင်ထားတော့ သာဝတ္ထိပြည်ရဲ့အဦး ဇေတဝန် ကျောင်းတော်မှာ ဘုရားသဗ္ဗညု အထင်အရှား ရှိနေတော် မူပါလျက်နဲ့ ယာဂု တစ်ယောက်ချိုမျှ၊ ဆွမ်း တစ်ဇွန်းမျှ မလောင်းဖူးဘူး။ အဲ့ဒီလို ကိုယ်တိုင်က မလှူတဲ့အပြင် သူ့သား သုဘလုလင်ကိုလဲပဲ ဘာသင်ပေးသလဲ....။

အဉ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။
မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရ-မာဝသေ။

တာတ= ချစ်သား သုဘ။ အဉ္ဇနာနံ= မျက်စဉ်းခတ်ကျောက်တို့၏။ ခယဉ္စ= တစ်နေ့နေ့ တရွေ့ရွေ့လျှင် သွေး၍ ကုန်ခန်းခြင်း ကိုလည်းကောင်း။ ဝမ္မိကာနံ= ခြတောင်ပို့ တို့၏။ သဉ္စယဉ္စ= တစ်နေ့တစ်နေ့ တရွေ့ရွေ့ စုဆောင်းသဖြင့် တစ်ရက်တွင် တစ်ရပ်တစ်သူတောင်ပို့ကြီးဖြစ်လာရသည် ကိုလည်းကောင်း။ မဓူနံ=ပျားကောင်တို့၏။ သမာဟာရဉ္စ= အနည်းငယ်မျှ အနည်းငယ်မျှသော ပန်းဝတ်ရည်ကို စုဆောင်းသဖြင့် တစ်နေ့တွင် ကြီးစွာသော ပျားအုံကြီးဖြစ်၍လာပုံကိုလည်းကောင်း။ ဒိသွာ=ဒိဋ္ဌ မျက်

http://www.dhammadownload.com



မြင် သက်သေတင်၍။ ပဏ္ဍိတော= ပညာရှိသော အမျိုးကောင်းသားသည်။ ဃရံ= အိမ်ကို။ အာဝ- သေ= စိုးအုပ်နေထိုင်ရာ၏။

(ချစ်သား....၊ မျက်စဉ်းကျောက်ကြီးတွေကို ချစ် သား မြင်ဖူးတယ်မဟုတ်လား။ (မြင်ဖူးပါတယ် ဖခင်။) မျက်စဉ်းကျောက်ကြီးများကို နည်းနည်း နည်းနည်း သွေးပြီး မျက်ရေးကွင်း မျက်စဉ်းခတ်ဖန်များလို့ ရှိယင် တစ်နေ့ထက်တစ်နေ့ တရွေ့ရွေ့ သေးသေးလာတယ်၊ တော်တော်ကြာတော့ ဒီ မျက်စဉ်းကျောက်ကြီး ကုန် သွားတာကို ချစ်သား မြင်ဖူးတယ်မဟုတ်လား။ (မြင်ဖူး ပါတယ် ဖခင်။) အေး၊ ဒီလိုပဲ စီးပွားဥစ္စာလဲပဲ တစ်နေ့ တစ်နေ့ နည်းနည်း နည်းနည်း သုံးဖန်များယင် တော် တော်ကြာတော့ မျက်စဉ်းကျောက်ကြီး ကုန်သလို ကုန် သွားနိုင်တယ်။ အဲဒီတော့ အသုံးအစွဲကို အတတ်နိုင်ဆုံး ချွေတာရမယ်။

ခြတောင်ပို့ကို သားမြင်ဖူးတယ်မဟုတ်လား။ အေး၊ ခြကောင်ကလေးတွေရဲ့ ခံတွင်း=ပါးစပ်ထဲက ထွေး အန်ထုတ်လိုက်တဲ့ မြေဆီကလေးတွေ နည်းနည်း နည်း နည်းက စုပေါင်း ရက်ကြာသော်ငြားလာတဲ့အခါ လူ့ရဲ့ တစ်ရပ်တစ်သူ တောင်ပို့ကြီး ဖြစ်လာတာကို ချစ်သား မြင်ဖူးတယ် မဟုတ်လား။ (မြင်ဖူးပါတယ် ဖခင်။) ပျားကောင်ကလေးတွေဟာ ပျားထဘိုကြီး ပြုလုပ်ပြီး သူတို့ခံတွင်းကလေးတွေနဲ့ နိုင်ရုံ နိုင်ရုံ ပန်းဝတ်ရည် ကလေးကို အနည်းငယ် အနည်းငယ် စုပ်ယူလာပြီး စုပေါင်း ထွေးအန်ဖန်များတော့ လှည်းဘီးသောက် ပျားအုံကြီး ဖြစ်လာတာကို သင်ချစ်သား မြင်ဖူးတယ်

http://www.dhammadownload.com



မဟုတ်လား။ (မြင်ဖူးပါတယ် ဖခင်။) အေး၊ ''မြကို ပွဲပြု၊ မျှားကိုတု၊ ဥစ္စာစီးပွား နာနာစု'' ဆိုတဲ့အတိုင်း စီးပွားဥစ္စာ စုတဲ့နေရာမှာ မြနှင့် မျှားကို ဥပမာထားပြီး စုရမယ်။ မျက်စဉ်းကျောက်ကို သွေးပါ်သလို ပြုန်း မပစ်နဲ့ လို့ ပြောတယ်။

အဲဒီလို မဏ္ဍရိယကို တပ်ဦးက တင်ပြီး မလှူမတန်း မပေးကမ်းဖို့သာ အမြဲတမ်း စဉ်းစားရာက အချိန်ကျ လို့ တောဒေယျပုဏ္ဏားကြီး စုတိပြတ်ကြွေ သေလွန် သွားတဲ့အခါ ကုသိုလ်ကောင်းမှု အထပ်အထည် ဘာမှ မပါတော့ မိမိရဲ့ (၈၇) ရှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာ တွေပေါ်မှာ တွယ်တာတပ်မက်တဲ့ တဏှာ လောဘ ကြောင့် မိမိရဲ့အိမ်မှာ ခွေးကြီး ဖြစ်နေတယ်။ (အဲဒီ အသေမျိုးကို သာပေက္ခကာလကိရိယာ လို့ ခေါ်တယ်။) မိမိရဲ့ အိမ်ရာစီးပွား ဥစ္စာတွေပေါ်မှာ တွယ်တာ တပ်မက်တဲ့ တဏှာ လောဘဖြစ်ပြီး သေလျှင် မိမိရဲ့ အိမ်မှာပဲ ပြန်ပြီး နွားလဲဖြစ်တတ်တယ်၊ ခွေးလဲဖြစ် တတ်တယ်၊ အိမ်မြှောင်လဲ ဖြစ်တတ်သပ၊ အမျိုးမျိုးပေါ့ လေ။ မဟာသုဒဿနသုတ်အဋ္ဌကထာမှာ လာတဲ့အတိုင်း ဒီအိမ်နဲ့ပတ်သက်ပြီး ဖြစ်တတ်တယ် ဆိုတော့ ယခု တောဒေယျပုဏ္ဏားဟာ မိမိရဲ့ စီးပွားဥစ္စာပေါ်မှာ တွယ် တာတပ်မက်တဲ့လောဘနဲ့ သေသွားတဲ့အတွက် မိမိရဲ့ အိမ်မှာ ခွေးကြီး လာဖြစ်တယ်။

သုဘလုလင်က ထိုခွေးကို အလွန်ချစ်တယ်၊ မိမိ စားတဲ့ အစာကို ကျွေးတယ်၊ ပွေ့ချီပြီး အလွန်မြင့် မြတ်သော နေရာ၌ သိပ်တယ်၊ ချစ်မှာပေါ့....။

http://www.dhammadownload.com



ပုဗ္ဗေ ဝ သန္နိဝါသေန၊
ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊
ဥပ္ပလံဝ ယထောဒကေ။ ။

ဥဒကေ=ရေ၌။ ဥပ္ပလံ ဝါ = ကြာသည်လည်း ကောင်း။ အညံ ဝါ=ကြာမှတပါး ရေ၌ကြီးပွား သစ်ပင်များသည်လည်းကောင်း။ ဒွိဟိ=ရေနှင့် မြေ အကြောင်းနှစ်ရပ်တို့ကြောင့်။ ဇာယတေ ယထာ= ဖြစ်ပေါ်သကဲ့သို့။ (ရေထဲမှာ ကြာ၊ ကြာမှတပါး ရေခံတက် အစရှိတဲ့ ရေ ပေါက် သစ် ပင်များ ဟာ မြေရယ် ရေရယ် အကြောင်း ၂-ပါးကိုစွဲပြီး ပေါက် ကြသလို) ဧဝံ-တထာ= ထို့အတူ။ ပုဗ္ဗေ= ရှေး ရှေး ဘဝက။ သန္နိဝါသေန ဝါ=အတူတကွ နေထိုင်ခဲ့ဖူး ခြင်းကြောင့်လည်းကောင်း။ ပစ္စုပ္ပန္န ဟိတေန ဝါ= ပစ္စုပ္ပန် ဤဘဝဝယ် ဟိတ စီး ပွား ကြီး ထွား လေ အောင် ရှက်ဆောင် ခြင်းကြောင့် လည်း ကောင်း။ ဧဝံ=ဤသို့ ပေါင်းစပ် အကြောင်း နှစ်ရပ်ကြောင့်။ ပေမံ= ချစ်ခင်မှု ခေတ်သဘောသည်။ ဇာယတေ= ဖြစ်ပေါ်တတ်၏။

(ဤ ဒေသနာတော်အရ အတိတ်ဘဝက အတူနေထိုင် ခဲ့ဖူးခြင်းဆိုတဲ့ ပုဗ္ဗေဝသန္နိဝါသအကြောင်း၊ ပစ္စုပ္ပန် ဤ ဘဝမှာ အကျိုးရှိအောင် ရှက်ဆောင်ပေးခြင်းဆိုတဲ့= ဟိတာဝဟအကြောင်း၊ ဒီအကြောင်း နှစ်ပါးကြောင့် တစ်ဦးနဲ့ တစ်ဦး ချစ် ခ င် မှု ဆို တဲ့ ပေ မ သ ဘော ဖြစ်တယ်....။

တတိယအကြိမ်

http://www.dhammadownload.com



ယခုလဲ သုဘလုလင်က ရှေးဘဝက အဖဖြစ်ပြီး အတူနေဖူးခဲ့တဲ့အကြောင်းကြောင့် ယခုခွေးကြီး(တောဒေယျခွေးကြီး)ကို သိပ်ချစ်တာပဲတဲ့။ ချစ်လိုက်ထာမှ အလွန်ကောင်းတဲ့နေရာမှာ သိပ်တယ်၊ကျွေးတော့လဲ သူစားတဲ့အစာမျိုးကို ကျွေးတယ်၊အဲဒီလို နေရာကောင်းကောင်းမှာသိပ်၊ ကောင်းတာကျွေးပြီး အင်မတန်ချစ်ခင်တယ်။)

ဒေဝသိကဝဋ္ဋနသမာပတ်=နေ့စဉ်သုံးစွဲတဲ့
သမာပတ်ကုဋေပေါင်း ၂-သန်း ၄-သိန်း

ဒီလိုနေရာက ရက် + လ တော်တော်ကြာတော့ တစ်နေ့သ၌ မြတ်စွာဘုရား သတ္တလောကကို သဗ္ဗညုတရွှေဉာဏ်တော်နဲ့ ကြည့်တော်မူတယ်။ သဗ္ဗညုတရွှေဉာဏ်တော်နဲ့ သတ္တလောကကို ကြည့်တော့မည်ဆိုယင် နံနက်မိုးသောက်ယံ အခါမှာ မဟာကရုဏာ သမာပတ်ကို အကြိမ်ပေါင်း ကုဋေ တစ်သန်းနှင့် နှစ်သိန်း ဝင်စားတော်မူတယ်။ ဆက်ပြီး အရဟတ္တဖိုလ် သမာပတ်ကို အကြိမ်ပေါင်း ကုဋေတစ်သန်းနှစ်သိန်း ဝင်စားတော်မူတယ်။ ၂-ရပ်ပေါင်း ကုဋေ နှစ်သန်း လေးသိန်းသော သမာပတ်တို့ကို ''ဒေဝသိကဝဋ္ဋနသမာပတ် = နေ့စဉ်သုံးစွဲတဲ့ သမာပတ် ကုဋေနှစ်သန်းလေးသိန်း'' လို့ ခေါ်တယ်။

အဲဒီလို ဒေဝသိကဝဋ္ဋနသမာပတ် (ကုဋေနှစ်သန်းလေးသိန်း)တို့ကို ဝင်စားပြီး သဗ္ဗညုတ ဉာဏ်တော်ဖြင့် ဆင်ခြင် ကြည့်ရှုတော်မူတဲ့အခါ ဉာဏ်တော်ထဲမှာ သုဘလုလင်ကလေး ထင်မြင်လာလို့ ''ဘယ်လို ဖြစ်မှာပါလဲ''ဟု ဆက်ပြီး ဆင်ခြင်တော်မူတဲ့အခါ ကိုယ်တော်၊

http://www.dhammadownload.com



ဉာဏ်ထဲမှာ ယခုဖော်ပြမည့် အကြောင်းအရာတွေ ထင်လင်းစွာ ပေါ်လာတယ်။ ဘယ်လို ပေါ်လာသလဲ ဆိုတော့—

တောဒေယျဗြာဟ္မဏော မနလောဘေန အဏ္ဏ-
နေ့ာဝ ဃရေ သုနခေါ ဟုတွာ နိဗ္ဗတ္တော။

တောဒေယျဗြာဟ္မဏော = တောဒေယျပုဏ္ဏားသည်။ မနလောဘေန=မိမိ၏ (၈၇) ရှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာ၌ တွယ်တာတပ်မက်တဲ့ လောဘကြောင့်။ အဏ္ဏနော ဃရေဝ = မိမိ၏ အိမ်၌ပင်။ သုနခေါ ဟုတွာ နိဗ္ဗတ္တော=ခွေးကြီးဖြစ်၍ နေရှာလေပြီ။

(ကြော်.... တောဒေယျ ပုဏ္ဏားကြီး ဟာ ရှစ်ဆယ့်ခုနစ်ကုဋေသောဥစ္စာ၌ တွယ်တာတပ်မက်တဲ့ တဏှာလောဘကြောင့် မိမိအိမ်မှာပဲ ခွေးကြီး ဖြစ်နေပါပကော။)

အဇ္ဇ မယိ သုဘဿ ဃရံ ဂတေ မံ ဒိသွာ
သုနခေါ ဘုက္ကာရံ ကရိဿတိ။

အဇ္ဇ=ယနေ့။ မယိ=ငါဘုရားသည်။ သုဘဿ ဃရံ ဂတေ=သုဘလုလင်၏ အိမ်သို့သွားလျှင်။ မံ ဒိသွာ=ငါဘုရားကို မြင်လျှင်။သုနခေါ=တောဒေယျခွေးကြီးသည်။ ဘုက္ကာရံ ကရိဿတိ=တဝုတ်ဝုတ်ဟောင်လိမ့်မည်။

ငါဘုရား ယနေ့ သုဘအိမ်သွားလျှင် တောဒေယျခွေးကြီးက ငါဘုရားကို မြင်လျှင်မြင်ချင်း စားတော့မည်လို သောက်တော့မည်လို တဝုတ်ဝုတ် ဟောင်လိမ့်မယ်။)

တတိယအကြိမ်

http://www.dhammadownload.com



အထ+ဿ+ဟံ ဧကံ ဝစနံ ဝက္ခာမိ။

အထ=ထိုသို့ ဟောင်သောအခါ၌။ အဿ=ထို တောဒေယျပုဏ္ဏားကြီးအား။ အဟံ=ငါဘုရားသည်။ ဧကံ ဝစနံ=တစ်ခွန်းသောစကားကို။ ဝက္ခာမိ= ပြောဆိုရလိမ့်မည်။ (ထိုစကား နောက်၌ ထင်ရှား ပါလိမ့်မည်။) (ထိုသို့ ပြောတဲ့အခါ)—

သော 'ဇာနာတိ မံ သမဏော ဂေါတမော' တိ ဂန္တွာ ဥဒ္ဓနဋ္ဌာနေ နိပ္ပဇ္ဇိဿတိ။

သော=ထို တောဒေယျပုဏ္ဏားကြီးသည်။ 'ဇာနာတိ မံ သမဏော ဂေါတမော' တိ='ငါ့ကို ရဟန်းဂေါ တမ သိသွားပြီဟဲ့'လို့။ (အောက်မေ့ပြီး) ဂန္တွာ= သွားလတ်၍။ ဥဒ္ဓနဋ္ဌာနေ= ခုံ လောက် ကြား ၌။ နိပ္ပဇ္ဇိဿတိ=အိပ်လိမ့်မယ်။

(ငါဘုရား ပြောလိုက်တဲ့အခါ တောဒေယျပုဏ္ဏား ကြီးက 'ငါ့ကို ရဟန်းကြီး ဂေါတမ သိသွားပြီ' လို့ နှလုံး မသာမယာဖြစ်ပြီး နဂိုက မြတ်သော နေရာမှာ အိပ်နေကျပုဏ္ဏားကြီးဟာ ခုံလောက်ကြား (ဖိုခနောက်ကြား) သွားပြီး အိပ်လိမ့်မယ်။)

တတော နိဒါနံ သုဘဿ မယာ သဒ္ဓိံ ဧကော ကထာသလ္လာပေါ ဘဝိဿတိ။

တတော နိဒါနံ =ထိုသို့ တောဒေယျပုဏ္ဏားကြီး ခုံလောက်ကြား၌ အိပ်ခြင်းဟူသော အကြောင်း ကြောင့်။ သုဘဿ=သုဘလုလင်၏။ မယာ သဒ္ဓိံ= ငါဘုရားနှင့်တကွ။ ဧကော ကထာသလ္လာပေါ= တစ်ခုသော စကားနှီးနှော ပြောဆိုမြွက်ဆိုခြင်းသည်။ ဘဝိဿတိ=ဖြစ်လိမ့်မည်။

http://www.dhammadownload.com



(တောဒေယျပုဏ္ဏားကြီး ခံလောက်ကြားမှာ အိပ်တဲ့ အကြောင်းကို သူ့လူများအား မေးပြီးသကာလ သုဘ လုလင် ငါဘုရားထံမှောက် လာရောက်၍ ''အရှင်= ဘုရား၊ ဒီလို ပြောတယ်ဆိုတာ ဟုတ်သလား''၊ ''ဟုတ်တယ်'' ဤသို့ စသည်ဖြင့် စကားအပြန်အလှန် ငါဘုရား ပြောရလိမ့်မည်။)

သော ဓမ္မံ သုတွာ သရဏေသု ပတိဋ္ဌဟိဿတိ။
သုနခေါ ပန ကာလံ ကတွာ နိရယေ နိဗ္ဗတ္တိဿတိ။

သော=ထို သုဘလုလင်သည်။ ဓမ္မံ=ငါဘုရား၏ တရားကို။ သုတွာ=ကြားနာရ၍။ သရဏေသု- ပတိဋ္ဌဟိဿတိ=သရဏဂုံသုံးပါးတို့၌ တည်လိမ့်မည်။ သုနခေါ ပန=တောဒေယျ ပုဏ္ဏားကြီးသည်ကား။ ကာလံ ကတွာ=စုတိပြတ်ကြွေ သေလွန်၍။ နိရယေ= အဝီစိငရဲ၌။ နိဗ္ဗတ္တိဿတိ=ဖြစ်ပေလိမ့်မည် ။

ဒီအကြောင်းကို မြတ်စွာဘုရား မြင်တော်မူပြီး မြတ်စွာဘုရား ထိုနေ့၌ ကိုယ်လက်သုတ်သင် စင်စေပြီး နောက် တစ်ပါးတည်း မြို့တွင်း ဝင်တော်မူ၍ သုဘ လုလင် အိမ့်ပြင်ထွက်သွားစဉ် ထိုအိမ်သို့ ဆွမ်းခံဝင် တော်မူလေသည်။ အိမ်တံခါး၀ ဘုရားကြွ၍ ရပ်တော် မူတဲ့အခါ တောဒေယျပုဏ္ဏားကြီးက စားမလို မျိုမတတ် တဝုတ်ဝုတ် ဟောင်ရတော့ မြတ်စွာဘုရားက—

တောဒေယျ တွံ ပုဗ္ဗေပိ မံ ဘောဘောတိ
ပရိဘာဝိတွာ သုနခေါ ဇာတော။ ဣဒါနိပိ ဘုက္ကာရံ
ကတွာ အဝီစိံ ဂမိဿသိ။

တောဒေယျ= တောဒေယျ....။ တွံ= သင်သည်။ ပုဗ္ဗေပိ=ရှေးဘဝတုန်းကလ။ မံ=ငါဘုရားကို။ ဘော

http://www.dhammadownload.com



ဘောတိ ပရိဘာဝိတွာ= ''ဘော ဂေါတမ၊ ဘော ဂေါတမ=အို-အရှင်ကြီး ဂေါတမ၊ အို-အရှင်ကြီး ဂေါတမ''လို့ ရှိုင်းပျ လွှမ်းမိုးစကား ပြောကြားခဲ့၍။ သုနခေါ ဇာတော= ယခု ခွေးကြီးဖြစ်ရလေပြီ။ ဣဒါနိပိ= ယခုအခါ၌လည်း။ ဘုက္ကာရံ ကတွာ= ငါဘုရားကို စားမလို မျိုမတတ် တဝုတ်ဝုတ်ဟောင်ရန်ထောင် နေ ခြင်း ကြောင့်။ အဝီစိံ ဂမိဿသိ= အဝီစိငရဲကြီးသို့ မင်းသွားရလိမ့်မယ်။

(အဲဒီလို မြတ်စွာဘုရား မိန့်ကြား လိုက် လျှင် တောဒေယျ ခွေးကြီးဟာ ဇာနာတိ မံ သမဏော ဂေါတမော= ရဟန်းဂေါတမ ငါ့ကို သိသွားပဟဲ့လို့ နှလုံးမသာမယာဖြစ်ပြီး ဂုတ် (လည်ပင်း) ကျိုးကျ၊ နဂိုက မြတ်သောနေရာ၌ အိပ်နေကျ ခွေးကြီးဟာ စိတ်အဆင်းရဲကြီး ဆင်းရဲပြီး ခုံလောက်ကြားပြာပုံထဲသွားပြီး အိပ်တော့တာပဲ။)

ဘုရားကိုယ်တော်မြတ်ကြီးလဲ အကြောင်း ဖော်ပြ၍ သာဝတ္ထိပြည်ထဲ ဆွမ်းခံကြွ၍ ဇေတဝန် ကျောင်းတော် ပြန်ရောက်တဲ့အခါ သုဘလုလင် အပြင်က ပြန်လာလို့ အိမ်ရောက်တော့-

''ကေနာ+ယံ သုနခေါ သယနာ ဩရောပိတော။

ကေန =အ ဘယ် သူ က။ အယံ သုနခေါ= ဤ ငါ့ ခွေးကြီးကို။ သယနာ=အိပ်ရာမှ။ ဩရောပိတော=ချအပ်သနည်း''။

ဟော....မင်းတို့ ငါ့ခွေးကြီးကို ဘယ်သူက အိပ်ရာပေါ်မှ ချပစ်တာလဲ၊ ငါ့ခွေးကြီး ပြာပုံထဲ ရောက်နေ

http://www.dhammadownload.com



ယ်ဆိုတော့ သူ့လူတွေက "ဘယ်သူမှ မချဘူး၊ ရဟန်းကြီး ဂေါတမ ဒီအိမ်ကြွလာတော့ အရှင့်ခွေးကြီးက တဝုတ်ဝုတ် ဟောင်တယ်၊ အရှင်ဂေါတမက "တောဒေယျ....၊ သင်ဟာ ရှေးဘဝတုန်းက ငါ့ဘုရားကို ကြည်ညိုရမည့်အစား မကြည်ညိုပဲ လွှမ်းမိုးစကားတွေ ပြောခဲ့တော့ ခွေးဖြစ်ရတယ်၊ ယခုလဲပဲ ငါဘုရားကို တဝုတ်ဝုတ် ဟောင်ပြီး အဝီစိငရဲသို့ သင်သွားရလိမ့်မယ်" လို့ ပြောပြီး အရှင်ဂေါတမလဲ ကြွသွားရော၊ အရှင့်ခွေးကြီးလဲ အိပ်ရာပေါ်မတက်တော့ဘူး၊ အဲဒီအချိန်ကစပြီး ပြာပုံထဲမှာ ဂုတ် (လည်ပင်း) ကျိုးပြီး အိပ်တော့တာပဲ" လို့ ပြောကြတယ်။

ဒီတော့ သုဘလုလင်က စဉ်းစားတယ်။

မမ ပိတာ မြဟ္မလောကေ နိဗ္ဗတ္တော၊ တောဒေယျော နာမ သုနခေါ နတ္ထိ။

မမ ပိတာ= ငါ့ဖခင်သည်။ မြဟ္မလောကေ=ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တော= ဖြစ်ခဲ့ပြီ။ တောဒေယျော နာမ သုနခေါ = တောဒေယျ ခေါ်တဲ့ ခွေးသည်။ နတ္ထိ= ငါ့အိမ်မှာ ဟစ်ကောင်မှ မရှိ။

သမဏော ပန ဂေါတမော မမ ပိတရံ သုနခံ ကရောတိ၊ ယံကိဉ္စိ ဧသ မုခါရုဠှံ ဘာသတိ။

သမဏော ပန ဂေါတမော = ရဟန်းဂေါတမကား။ မမ ပိတရံ=ငါ့ဖခင်ကို။ သုနခံ ကရောတိ= ခွေးမဖြစ်ပါပဲ ခွေးဖြစ်တဲ့အနေ ပြုလုပ်ပြောဆိုနေ၏။ ဧသ-ဧသော = ဤ ရဟန်း ဂေါတမ သည်။ ယံကိဉ္စိမုခါရုဠှံ=နှုတ်တက်ရာရာ ခပ်သိမ်းသောစကားကို။ ဘာသတိ=ပြောဆိုဘိ၏။

http://www.dhammadownload.com



(အလကား.... ရဟန်းဂေါတမဟာ နှုတ်ပေါ်တက်လာသမျှ လျှောက်ပြီးပြောတာ၊ ငါ့ဖခင် မြဟွဲ့ပြည် ရောက်ပါလျက်နှင့် ခွေးမဟုတ်ဘဲ ခွေးလုပ်ပြီး ပြောတယ်၊ ဒီတော့ တိုက်ရိုက်တူရူ သူ့ကို ငါသွားပြီး မေးမယ်။)

## ခွေးဖြစ်ပုံကို ထင်ရှားသိစေခြင်း

အဲဒီလို စဉ်းစား အမျက်ထွက်ပြီး- မြတ်စွာဘုရားကို မှသာဝါဒဖြင့် နှိမ်ဖို့ရန် (ပထမအကြိမ်) ကျောင်းတော်သို့ သွား၍ ထိုအကြောင်းကို လျှောက်ထား မေးမြန်းတယ်။ မြတ်စွာဘုရားကလဲ သုဘလုလင်အား သူ့ဖခင် ခွေးဖြစ်နေကြောင်း မိန့်ကြားတော်မူ၍ အမှန်တရား ထင်ရှားပေါ်လွင်စေရန်—

အတ္ထိ ပန တေ မာဏဝ ပိတရာ အနက္ခာတံ ဓနံ။

မာဏဝ=သုဘခေါ်တွင် အို-လုလင်။ တေ=သင်၏။ ပိတရာ=အဖကြ။ အနက္ခာတံ=မပြောဆို မမှာကြားခဲ့သော။ ဓနံ=ဥစ္စာသည်။ အတ္ထိ ပန=ရှိသလော....။

(သုဘလုလင်....၊ သင်၏ဖခင် ခွေးဖြစ် မဖြစ် သိသာအောင် ငါဘုရား တစ်ခုမေးမယ်။ သင့်ဖခင် သေသွားတော့ မမှာမထား မပြောကြားခဲ့တဲ့ ဥစ္စာ တစ်ခုခု များ ရှိသလား လို့ မြတ်စွာဘုရား မေးတဲ့အခါ သုဘလုလင်က)—

အတ္ထိ ဘော ဂေါတမ သတသဟဿနိက္ခာ သုဝဏ္ဏမာလာ၊ သတသဟဿနိက္ခာ သုဝဏ္ဏပါဒု-

http://www.dhammadownload.com



ကာ၊ သတသဟာဿဍ္ဍနိကာ သုဝဏ္ဏပါတိ၊ သတ သဟာဿဋ္ဌ ကဟာပဏံ။

အတ္ထိ ဘော ဂေါတမ=ရှိပါတယ် အရှင်ဂေါ တမ....။ သတသဟာဿဍ္ဍနိကာ သုဝဏ္ဏမာလာ= အဖိုးတစ်သိန်းတန်တဲ့ ရွှေ ပန်း ကုံး ကြီး က တစ် ခု၊ သတသဟာဿဍ္ဍနိကာ သုဝဏ္ဏပါဒုကာ = အဖိုးတစ် သိန်းတန်တဲ့ရွှေခြေနင်းက တစ်စုံ၊ သတသဟာဿဍ္ဍ နိကာ သုဝဏ္ဏပါတိ=အဖိုးတစ်သိန်းတန်တဲ့ ရွှေခွက် ကြီးက တစ်ခု၊ သတသဟာဿဋ္ဌ ကဟာပဏံ=အသပြာ ကလဲ တစ်သိန်း။

(အဲဒီ ၄-မျိုးကို အကျွန်ုပ်၏ ဖခင်ဟာ ဘယ်မှာထား သွားတယ် မသိဘူး၊ မပြောမကြား မမှာထားပဲ သေသွား ပါတယ် ဆိုတဲ့အကြောင်း လျှောက် ထား တဲ့ အ ခါ မြတ်စွာဘုရားက)-

ဂန္တွာ တံ သုနခံ အပ္ပေါဒကပါယာသံ ဘောဇာ ပေတွာ သယနေ အာရောပေတွာ ဉ္ဇသကံ နိဒ္ဒံ ဩက္ကန္တကာလေ ပုစ္ဆ၊ သဗ္ဗံ တေ အာစိက္ခိဿတိ၊ အထ နံ ဇာနေယျာသိ ''ပိတာ မေ သော'' တိ။

မာဏဝ=သုဘ ခေါ်တွင် အို-လုလင်....။ ဂန္တွာ= ယခုပင်သွားလော့။ (ဒီလိုဆိုယင် သုဘလုလင်....၊ သင် ယခုပဲပြန်သွား) တံ သုနခံ = ထိုခွေးကြီးကို။ အပ္ပေါဒကပါယာသံ= ရေမရောတဲ့ နို့ဃနာထမင်း ကို။ ဘောဇာပေတွာ=ကျွေး၍။ သယနေ အာရော- ပေတွာ=အိပ်ရာပေါ်မှာ ပွေ့ချီ တင်ပြီးသကာလ။ ဉ္ဇသကံ နိဒ္ဒံ ဩက္ကန္တကာလေ=အနည်းငယ် ငိုက်မျဉ်း (မျောက်မျဉ်းအိပ်) အိပ်ပျော်လောက်သော အချိန်

http://www.dhammadownload.com



၌။ ပုစ္ဆ= ''အို- ဖခင်....၊ ဖခင်ကျွန်ုပ်ကို မပြောမဆို မမှာမထားသွားတဲ့ တစ်သိန်းတန် ရွှေပန်းကုံး၊ တစ်သိန်းတန် ရွှေခြေနင်း၊ တစ်သိန်းတန် ရွှေခွက်၊ အသပြာ တစ်သိန်းဆိုတဲ့ ဒီပစ္စည်းတွေ ဖခင်ဘယ်မှာ ထားခဲ့သလဲ''လို့ ရဲရဲကြီး မေးပါလေ။ တေ=သင့် အား။ သဗ္ဗံ=အလုံးစုံ လေးမျိုးကို။ အာစိက္ခိဿတိ= အဲဒီခွေးကြီးက ပြောပြလိမ့်မည်။ အထ=ထိုအခါ၌။ နံ=ထိုခွေးကြီးကို။ ''ပိတာ မေ ဘဝေ= ဤခွေးကြီး သည် ငါ့ဖခင်တည်း''။ ဇာတိ=ဤသို့။ ဇာနေယျာသိ= ပိုင်းခြားထင်ထင် သိမြင်လိမ့်မည်။

ဤကဲ့သို့မိန့်ကြားတဲ့အခါ သုဘလုလင်က စဉ်းစား တယ်။

သစေ သစ္စံ ဘဝိဿတိ၊ ဓနံ လစ္ဆာမိ၊ နော စေ၊ သမဏံ ဂေါတမံ မုသာဝါဒေန နိဂ္ဂဏှိဿာမိ။

သစေ သစ္စံ ဘဝိဿတိ= အရှင်ဂေါတမ ပြောတဲ့ အတိုင်း ငါ့ဖခင် ခွေးဖြစ်တာမှန်လျှင်။ ဓနံ လစ္ဆာမိ= ဥစ္စာ ၄-မျိုး ငါရမှာပဲ။ နော စေ= အကယ်၍ မမှန် သူူးပဆိုလျှင်။ သမဏံ ဂေါတမံ=ရဟန်းဂေါတမကို။ မုသာဝါဒေန နိဂ္ဂဏှိဿာမိ= မုသာဝါဒဖြင့် ငါနှိမ် မယ်....။

(ရဟန်းကြီး ဂေါတမ ပြောတဲ့အတိုင်း မှန်ယင်လဲ ပစ္စည်း ၄-သိန်းကို ငါရမယ်၊ မမှန်ယင်လဲ ရဟန်း ဂေါတမကို မုသာဝါဒသမားလို့ ဆိုပြီး ငါနှိမ်မယ်။ ဒီ အကြံနဲ့ အိမ်ပြန်သွားပြီး မြတ်စွာဘုရား မှာ လိုက်တဲ့ အတိုင်း ရေမရောတဲ့ နို့ဃနာထမင်း (နွားနို့ထမင်း)

http://www.dhammadownload.com



ချက်ပြီး ခွေးကြီးကိုကျွေး၊ကျွေးပြီး ခပ္ပ၏ အိပ်ရာထက်မှာ တင်ပြီးတော့ သိပ်တယ်။

နွားနို့ထမင်းကဆိမ့်အိမ့်ပြီး ခွေးကြီးက တော်တော်ကြာတော့ အိပ်တယ်။ အိပ်လို့ မပျော်တပျော် ငိုက်မျဉ်း (မျောက်မျဉ်း) ခေါ်တဲ့ အချိန်ရောက်လျှင်ပင် သုဘလုလင်က ''ဖခင်....၊ဖခင်ကျွန်တော့်အား ပြောဆိုမှာကြားမသွားတဲ့ တစ်သိန်းတန်ရွှေပန်းကုံး၊ တစ်သိန်းတန်ရွှေခြေနင်း၊တစ်သိန်းတန် ရွှေခွက်နဲ့ အသပြာတစ်သိန်း၊ ဒီပစ္စည်းတွေကို ဖခင်ဘယ်မှာထားခဲ့သလဲ''လို့ မြတ်စွာဘုရား မိန့်တဲ့အတိုင်း မေးတယ်။)

အဲဒီလိုလဲမေးရော ခွေးကြီးက တစ်ခါထဲ လန့်ပြီးတော့—

ဉာတော+မှိ ဇုမိနာ။

ဇုမိနာ= ၍ ငါ့သား သုဘသည်။ အဟံ= ငါကို။ ဉာတော= ခွေးဖြစ်မှန်း ကောင်းကောင်း သိအပ် ပြီးသည်။ အမှိ=ဖြစ်ပါပေါ့တကား....။

ဟာ.... ရဟန်း ဂေါတမသာ သိ တာ မ ဟုတ် ဘူး၊ ငါ့သားလဲ ငါ့ကို ခွေးဖြစ်မှန်းသိသွားပြီလို့ နှလုံးမသာမယာဖြစ်ပြီး အိပ်ရာပေါ်ကထပြီး တဟုံဟုံ= တဝေါင့်ဝေါင့်နဲ့ (ဝေါင့်ဝေါင့်ဆိုတာ သူ့သားကို ခေါ်တာ။) မြည်ပြီး ပစ္စည်း ၄–မျိုးမြှုပ်ထားတဲ့ နေရာကို သွားပြီး ရှေ့ထက်နှစ်ဖက်နဲ့ တအားယက်တယ်။ ထိုအခါ သုဘလုလင်ရဲ့ တပည့်တွေက ''ဒါဟာ ဥစ္စာ မြှုပ်ထားတဲ့ နေရာကို ပြတာပဲ''ဆိုပြီး တူးကြတဲ့အခါ ရွှေပန်းကုံး၊ ရွှေခြေနင်း၊ ရွှေခွက်၊ အသပြာတစ်သိန်း၊ ဒီပစ္စည်း ၄–မျိုးကို တစ်ခါတည်း ရရှိတယ်။

http://www.dhammadownload.com



## သုဘလုလင် ဒုတိယအကြိမ်မြောက် ဘုရားထံဆည်းကပ်ခြင်း

**ပစ္စည်း** ၄-မျိုးတို့ကို ရရှိသောအခါ **သုဘလုလင်**ရဲ့ **စိတ်ထဲမှာ** မြတ်စွာဘုရား အပေါ် အံ့သြကြည်ညိုစိတ် **ဝင်ပြီး** စဉ်းစားမိပုံက–

ဘဝပဋိစ္ဆန္နံ နာမ ဝေံ သုခုမံ ပဋိသန္ဓိအန္တရံ ပါကဋံ သမဏဿ ဂေါတမဿ၊ အဒ္ဓါ သော သဗ္ဗညူ။

ဝေံ=ဤသို့။ သုခုမံ=သိမ်မွေ့လှစွာသော။ ဘဝပဋိစ္ဆန္နံ=ဘဝဖြင့်ဖုံးကွယ်အပ်**သော**။ ပဋိသန္ဓိအန္တရံ နာမ=ပဋိသန္ဓေ ခြားနေ**သော** အကြောင်းအရာသော်မှ။ သမဏဿ **ဂေါတမဿ**=ရဟန်းဂေါတမ၏ (အဖို့ရာ)။ ပါကဋံ=**နေ+လ** အလား ထင်ရှားဘိ၏။ အဒ္ဓါ=မချွတ်။ **သော-သော**=ဤ ရဟန်းဂေါတမသည်။ သဗ္ဗညူ = ခပ်သိမ်းသောတရားကို သိတော်မူတဲ့ သဗ္ဗညုပုဂ္ဂိုလ်ကြီးပါတကား....။

(ဘဝဖုံးကွယ်ပြီး ပဋိသန္ဓေခြားနေတဲ့ အကြောင်းအရာသော်မှ အရှင်ဂေါတမ၏ အဖို့ရာ နေ+လ ပမာ ဉာဏ်ထဲမှာ ထင်ရှား၍ နေပါတကား....၊ ဤ အရှင်ဂေါတမသည် အမှန်ပင် သဗ္ဗညုပုဂ္ဂိုလ်ကြီးပါတကား'' လို့ ဘုရား၌ ကြည်ညိုစိတ် **ဝင်ပြီး** စိတ်ထဲက ပြဿနာ ဘစ်ဆယ့်လေးချက်=အစုံအားဖြင့် ခုနစ်စုံ စဉ်းစားပြီး–

ဣမံ စမ္မပဏ္ဏာကာရံ ဂဟေတွာ သမဏံ ဂေါတမံ ပဥှေ ပုစ္ဆိဿာမိ။

တတိယအကြိမ်

http://www.dhammadownload.com



ဣမံ ဓမ္မပဏ္ဏာကာရံ = ဤ ပြဿနာတစ်ဆယ့်လေးချက်=ခုနစ်စုံတည်းဟူသော တရားလက်ဆောင်ကို။ ဂဟေတွာ=ငါယူသွား၍။ သမဏံ ဂေါတမံ= ရဟန်းဂေါတမကို။ ပဥှေ=ပြဿနာ ၁၄–ရပ်တို့ကို။ ပုစ္ဆိဿာမိ=မေးမှပဲ....။

(ဤသို့ စဉ်းစားပြီး ဘုရားထံသို့ သွားရောက်၍ ဝမ်းမြောက်ဖွယ်စကား၊ အောက်မေ့ဖွယ်စကား ပြောကြားပြီး အပြစ် ခြောက်ပါး ကင်းလွတ်ရာအရပ်၌ ထိုင်၍ မြတ်စွာဘုရားကို ပြဿနာတစ်ဆယ့်လေးချက် ဤသို့ လျှောက်ထားတယ်....။)

ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မနုဿာ နံ ယေဝ သတံ မနုဿ ဘူတာနံ ဒိဿန္တိ ဟီနပ္ပဏီတတာ။

ဘော ဂေါတမ=အိုအရှင်ဂေါတမ....။ ယေန= အကြင် ဇနကအကြောင်း, ဥပတ္ထမ္ဘကအကြောင်း ကြောင့်။ မနုဿာ နံ ယေဝ သတံ=လူဖြစ်ကြတာချင်း အတူတူ ဖြစ်ပါကုန်လျက်။ မနုဿဘူတာနံ=လူဖြစ်၍ ဖြစ်ကြသောသူတို့၏။ ဟီနပ္ပဏီတတာ=အညံ့စား+ အမြတ်စား၏ အဖြစ်တို့သည်။ ဒိဿန္တိ=ထင်ကုန် ၏....။

(အရှင် ဂေါတမ....၊ လူ့ပြည် လောက လူတွေဟာ လူဖြစ်တာချင်း တူပါလျက်နဲ့ တစ်ချို့က အညံ့စား အောက်တန်း နောက်တန်း ဖြစ်ကြတယ်။ တစ်ချို့က အမြတ်စား အထက်တန်းစား သွားပြီး ဖြစ်ရတယ်၊ အဲဒီလိုဖြစ်ရတာဟာ အကြောင်းမကင်းပေဘူး။)

တတိယအကြိမ်

http://www.dhammadownload.com



ဘော ဂေါတမ = အို-အရှင် ဂေါတမ....။ သော ဟေတု=ထိုဇနကအကြောင်းသည်။ ကော နု ခေါ =အဘယ်ပါနည်း။ သော ပစ္စယော = ထို ဥပတ္ထမ္ဘကအကြောင်းသည်။ ကော = အဘယ်ပါ နည်း....။

(''အရှင်ဂေါတမ....၊လူလူချင်းအတူတူဖြစ်ပါလျက် တစ်ချို့က အောက်တန်း နောက်တန်းကျပြီး တစ်ချို့က အထက်တန်းကျကျ နေကြရတာက အဘယ်သို့သော ဇနကအကြောင်း၊ ဥပတ္ထမ္ဘက အကြောင်းကြောင့် ပါ လဲ''ဆိုတဲ့ ဒီအမေးမှာ အောက်တန်းကျတာနဲ့ အထက် တန်းကျတာ =ဟီနပ္ပဏီတဖြစ်ပုံကို ထင်စွာပြ စ မ်း ပါ လို့ မေးဖွယ်ရှိ၍ ဆက်ပြီး မေးမြန်းသည်မှာ)—

(၁) ဒိဿန္တိ ဟိ ဘော ဂေါတမ မနုဿာ အပ္ပါယုကာ၊ ဒိဿန္တိ ဒီဃာယုကာ။

ဘော ဂေါတမ= အို-အရှင်ဂေါတမ....။ ဟိ= ထင်ထင်ရှားရှား မေးမြန်းရပါမူ။ အပ္ပါယုကာ= အ သ က် တို ကြ ကု န် သော။ မနုဿာ= လူတို့ကို။ ဒိဿန္တိ= မျက်ဝါးထင်ထင် တွေ့မြင် ရ ပါ ကုန် ၏။ ဒီဃာယုကာ= အသက်ရှည်တဲ့လူ အ ချို့ တို့ ကို လဲ။ ဒိဿန္တိ=မျက်ဝါးထင်ထင်တွေ့မြင်အပ်ပါကုန်၏....။

(လူလူချင်း အတူတူဖြစ်ပါလျက် အချို့အသက်တိုတာ ကို တွေ့မြင်ရပါတယ်၊ အချို့ကျ အသက်ရှည် တာကို တွေ့မြင်ရပါတယ်။ ဒါက တစ်စုံ။)

တတိယအကြိမ်

http://www.dhammadownload.com



(၂) **ဒိဿန္တိ** ဗဟွာဗာဓေ၊ ဒိဿန္တိ အပ္ပါဗာဓေ။

ဗဟွာဗာဓေ=အနာရောဂါထူပြောတဲ့ လူအချို့တို့ကို။ ဒိဿန္တိ= မျက်ဝါးထင်ထင် တွေ့မြင်အပ်ပါကုန်၏။ အပ္ပါဗာဓေ=အနာရောဂါကင်းတဲ့ လူအချို့တို့ကို။ ဒိဿန္တိ= မျက်ဝါးထင်ထင် တွေ့မြင် အပ်ပါကုန်၏....။

(တစ်ချို့များ အနာရောဂါ သိပ် ထူ ပြော တာ ပဲ၊ တစ်ချို့ကျတော့ အနာရောဂါကင်းပြီး တောင့်တောင့်တင်းတင်း အင်မတန် ကျန်းမာရေးနဲ့ ပြည့်စုံကြတယ်၊ လူလူချင်း အတူတူဖြစ်ပါလျက် ဘာ့ကြောင့် တစ်ချို့ ရောဂါထူပြော၊ ဘာ့ကြောင့် တစ်ချို့ရောဂါ ကင်းကြရတာလဲ။ ဒါက တစ်စုံ။)

(၃) ဒိဿန္တိ ဒုဗ္ဗဏ္ဏေ၊ ဒိဿန္တိ ဝဏ္ဏဝန္တေ။

ဒုဗ္ဗဏ္ဏေ=အရုပ်ဆိုးတဲ့ လူတို့ကို။ ဒိဿန္တိ=မျက်ဝါးထင်ထင် တွေ့မြင်အပ်ပါကုန်၏။ ဝဏ္ဏဝန္တေ=ရုပ်ရည်အဆင်း လှပခြင်းနဲ့ ပြည့်စုံတဲ့ လူတို့ကို။ ဒိဿန္တိ= မျက်ဝါးထင်ထင် တွေ့မြင်အပ်ပါကုန်၏... ။

(လူလူချင်းအတူတူ တစ်ချို့ ကျတော့ အရုပ်ဆိုးကြတယ်၊ တစ်ချို့ကျတော့ လှလိုက်တာ တစ်နေ့လုံး ထိုင်ကြည့်လို့ တင်းမတိမ် အားမရနိုင် လောက် အောင် အင်မတန် တင့်တယ်မှုနဲ့ ပြည့်စုံကြတယ်။ လူလူချင်း လှလျှင်လဲပဲ အကုန်လှပါတော့လား၊ အရုပ်ဆိုးလျှင်လဲပဲ အကုန်အရုပ်ဆိုးပါတော့လား။ ဘာကြောင့် တစ်ချို့ အရုပ်ဆိုးပြီး တစ်ချို့က လှရတာလဲ။ ဒါက တစ်စုံ။)

တတိယအကြိမ်

http://www.dhammadownload.com



(၄) ဒီသတ္တိ အပ္ပေသက္ခာ၊
ဒီသတ္တိ မဟေသက္ခာ။

(လူလူချင်း အတူတူ တစ်ချို့မှာ အခြွေအရံပရိသတ် သိပ်နည်းတယ်၊ တစ်ကိုယ်ရေဆိုမှ တကယ့်တစ်ကိုယ်ရေ အထီးကျန်။ တစ်ချို့ကျတော့လဲ တပည့်တပန်းပရိသတ် အခြွေအရံ အစေခံတွေနဲ့ ကျုံနှယ်ဝန်းရံ အုံနေတာပဲ။ လူလူချင်း အတူတူဖြစ်ပါလျက် အခြံအရံနည်းမှု၊ အခြံအရံများမှုဆိုတဲ့ ထူးခြားချက် ဘာ့ကြောင့် ဖြစ်ရသလဲ။ ဒါက တစ်စုံ။)

(၅) ဒီသတ္တိ အပ္ပဘောဂါ။
ဒီသတ္တိ မဟာဘောဂါ။

(လူတွေထဲမှာ စီးပွားဥစ္စာ အသုံးအဆောင် နည်းပါးတဲ့လူတွေကိုလဲ တွေ့ရတယ်၊ စီးပွားဥစ္စာ အသုံးအဆောင် မကုန်နိုင် မခန်းနိုင်အောင် မြားမြောက်တဲ့ လူတွေကိုလဲ တွေ့ရတယ်၊ လူလူချင်း အတူတူဖြစ်ပါလျက် ဘာ့ကြောင့် ဒီလိုထူးခြားမှုဖြစ်ရပါသလဲ့။ ဒါတတစ်စုံ။)

(၆) ဒီသတ္တိ နီစကုလီနာ၊ ဒီသတ္တိ ဥစ္စာကုလီနာ။

(လူလူချင်း အတူတူဖြစ်ပါလျက် တစ်ချို့ အမျိုးယုတ်မှာ သွားဖြစ်တယ်၊ တစ်ချို့ မြတ်တဲ့အမျိုးမှာ သွားဖြစ်တယ်။ ဘာ့ကြောင့် တစ်ချို့ ယုတ်တဲ့အမျိုးမှာ ဖြစ်၍ ဘာ့ကြောင့် တစ်ချို့ မြတ်တဲ့အမျိုးမှာ ဖြစ်ရပါသလဲ။ ဒါက တစ်စုံ။)

(၇) ဒီသတ္တိ ဒုပ္ပညာ၊ ဒီသတ္တိ ပညဝန္တော။

(လူ့လောကမှာ တစ်ချို့ ဉာဏ်ပညာပေတုံး (နလပိန်းတုံး) ဒုပ္ပညဖြစ်တဲ့ လူတွေကိုလဲ တွေ့ရတယ်၊

http://www.dhammadownload.com



တစ်ချို့ လိမ္မာရေးခြား တတ်မြောက်တဲ့ ပညာရှိ= ပညဝန္တ ယောက်ျား မိန်းမတွေကိုလဲ တွေ့ရတယ်။ လူလူချင်း အတူတူဖြစ်ပါလျက် တစ်ချို့ ပညာမဲ့ တစ်ချို့ ပညာရှိ ဖြစ်ကြရာမှာ အကြောင်းထူး ရှိကြရပါမယ်။ ဘာ့ကြောင့် ပညာမဲ့ဖြစ်ရ၍ ဘာ့ကြောင့် ပညာရှိ ဖြစ်ရပါသလဲ။ ဒါကတစ်ခု။)

ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မနုဿာနံယေဝ သတံ မနုဿဘူတာနံ ဒိဿန္တိ ဟီနပဏီတတာ။

(အရှင်ဂေါတမ....၊ လူလူချင်း အတူတူဖြစ်ပါလျက် အချို့က အောက်တန်း နောက်တန်းကျပြီး အချို့က အထက်တန်းကျကျ နေကြရတာက အဘယ်သို့သော ဇနကအကြောင်း၊ ဥပတ္ထမ္ဘကအကြောင်းကြောင့်ပါလဲ) လို့ မြတ်စွာဘုရားအား မေးလျှောက်ပါတယ်။

အဲဒီ သုဘလုလင်က ဒေါဏ်ပိဋကာ ဗေဒင်တတ်တဲ့ ပုဏ္ဏားတစ်ယောက်ဖြစ်တော့ သူ့စိတ်ထဲမှာ မာန်မာန အခုအခံလဲ ရှိတယ်၊ ရှိပုံက ''ငါမေးယင် ရဟန်းဂေါတမ ဖြေလိမ့်မယ်၊ ဖြေလို့ရှိယင် ကျဉ်းကျဉ်း ဖြေဖြေ ကျယ်ကျယ် ဖြေဖြေ ငါနားလည်မှာပဲ''၊ အဲဒီလို သူ့စိတ်ထဲမှာ မာန်မာန တစ်ခုရှိတယ်။ အဲဒီ မာန်မာန အခုအခံ မပြေပျောက်ပဲ ဘုရားသဗ္ဗညု သူ့အား တရားအကျယ်ဟောလို့ သိမှာ မဟုတ်ဘူး။ ဒါ့ကြောင့် မြတ်စွာဘုရားက သူ့မာနပြေလည်အောင် ပထမဦးစွာ ဘယ်လို ဟောလိုက်သလဲဆိုတော့–

http://www.dhammadownload.com



ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ။

မာဏဝ=သုဘမည်တွင် အို-လုလင်။ သတ္တာ=သတ္တဝါမှန်သမျှတို့သည်။ ကမ္မဿကာ=ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။ ကမ္မဒါယာဒါ=ကံ၏ အမွေကို ခံယူကြရကုန်၏။ ကမ္မယောနီ=ကံသာလျှင် အခြေခံအကြောင်းရင်း ရှိကြကုန်၏။ ကမ္မဗန္ဓူ=ကံသာလျှင် ဆွေမျိုးရှိကြကုန်၏။ ကမ္မပဋိသရဏာ=ကံသာလျှင် ကိုးကွယ်လည်းလျောင်း အားထားရာ ရှိကြကုန်၏။ ကမ္မံ=ကံသည်။ သတ္တေ=သတ္တဝါတို့ကို။ ယဒိဒံ=ယာယ ဣမာယ ဟီနပ္ပဏီတတာယ=အယုတ်ဖြစ်ဖို့ရန်+အမြတ်ဖြစ်ဖို့ရန်။ ဝိဘဇတိ=ဝေဖန်ပေး၏။

(မြတ်စွာဘုရားက အကျဉ်းချုပ်အားဖြင့် ဖြေဆိုလိုက်တာ အင်မတန်မှ ရှင်းတယ်။ ''သုဘလုလင်...၊ သတ္တဝါတိုင်းဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြတယ်၊ ကံ၏ အမွေကို ခံကြရတယ်၊ ကံသာလျှင် အခြေခံအကြောင်းရင်းရှိကြ၊ ကံသာလျှင် ဆွေမျိုးရှိကြ၊ ကံသာလျှင် ကိုးကွယ်လည်းလျောင်း အားထားရာရှိကြတယ်။ ကံက သတ္တဝါတွေကို အယုတ် အမြတ် ဖြစ်အောင် ခွဲခြား ဝေဖန်ပေးတယ်။

ဒီ နေရာမှာ ဗုဒ္ဓရဲ့ တရားတော်သည် ကမ္မဝါဒ ဆိုပြီး အလုပ်မပေါ့ ကံကိုသာ တစ်ဖက်သတ် အားကိုးတဲ့ဝါဒ လို့ ဒီလိုမမှတ်ရဘူး၊ အခြေခံအကြောင်းရင်းကို မြတ်စွာဘုရား ဟောတော်မူခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



**ကုသိုလ်ကံရဲ့ ကောင်းကျိုးပေးဖို့ရန်၊** အကုသိုလ်ကံရဲ့ **မကောင်းကျိုးပေးဖို့ရန်မှာ သမ္ပတ္တိလေးပါး** ဝိပတ္တိလေးပါးတို့နှင့် **တိုက်ဆိုင်မှုအလိုက်** အကျိုးပေးတယ်။ သတ္တဝါတိုင်းမှာ ကုသိုလ် အပရာပရိယဝေဒ **နီယ**ကံလဲ ရှိတယ်၊ အကုသိုလ်**အပရာပရိယဝေဒနီယ** ကံလဲ ရှိတယ်။ သမ္ပတ္တိလေးပါးနှင့် တိုက်ဆိုင်လျှင် ကုသိုလ်အပရာပရိယဝေဒနီယကံက ကောင်းကျိုးပေးတယ်၊ ဝိပတ္တိလေးပါးနှင့် တိုက်ဆိုင်လျှင် အကုသိုလ် အပရာပရိယဝေဒနီယကံက မကောင်းကျိုးကို ပေးတယ်။

**ကာလော+ပဓိပယောဂါနံ၊**
**ဂတိယာ စ ယထာရဟံ။**
**သမ္ပတ္တိဉ္စ ဝိပတ္တိဉ္စ၊**
**ကမ္မ+မာဂမ္မ ပစ္စတိ။ ။**

**ကာလော+ပဓိပယောဂါနံ=** ခေတ်အခါကာလ၊ ပုဂ္ဂိုလ်၏ ရုပ်**အဆင်း** ဥပဓိ၊ အားထုတ်မှုပယောဂတို့၏ လည်း**ကောင်း**။ ဂတိယာ စ = ဘဝဂတိ၏ လည်း**ကောင်း**။ ယထာရဟံ=ထိုက်သည်အားလျော်စွာ။ **သမ္ပတ္တိဉ္စ** = ပြည့်စုံခြင်း သမ္ပတ္တိကိုလည်း**ကောင်း**။ ဝိပတ္တိဉ္စ=ဖောက်ပြန်ပျက်စီးခြင်း ဝိပတ္တိကိုလည်း**ကောင်း**။ အာဂမ္မ=အစွဲပြု၍။ ကမ္မံ=**ကုသိုလ်+**အကုသိုလ်ကံသည်။ ပစ္စတိ=အကျိုးပေး၏။

**ကာလသမ္ပတ္တိ**= အခါကောင်း ခေတ်ကောင်း ကြုံခြင်း၊ ဥပဓိသမ္ပတ္တိ=ရုပ်ရည်အင်္ဂါ လက္ခဏာ **ကောင်း**ခြင်း၊ ပယောဂသမ္ပတ္တိ=အားထုတ်မှု အလုပ်**ကောင်း**

http://www.dhammadownload.com



ခြင်း၊ ဂတိသမ္ပတ္တိ = ဘဝအလား (သုဂတိဘဝ) ကောင်းခြင်း၊ ဒီ သမ္ပတ္တိလေးချက်နဲ့ တိုက်ဆိုင်လျှင် ကုသိုလ်ကံဟာ ဖြိုင်းဖြိုင်းကြီး အကျိုးပေးတာပဲ။

ကာလဝိပတ္တိ = ခေတ်အခါကလဲ မကောင်းခြင်း ဖြစ်နေမယ်ဆိုလျှင်၊ မိမိကလဲ ဥပဓိရုပ်ညံ့နေမယ်ဆို လျှင် မံခိုးပေမယ့် ခိုးသယောင် ''အရုပ်ဆိုး သူခိုး ထင်'' ဆိုတဲ့အတိုင်း သူတပါးက အစွပ်စွဲခံရတတ် တယ်။ ဥပဓိဝိပတ္တိဖြစ်နေလျှင် မင်းညီမင်းသားပင် ဖြစ်လင့်ကစား ဘယ်တော့မှ မင်းမဖြစ်ဘူး။ ဥပဓိ ဝိပတ္တိဖြစ်နေလျှင် ကုသိုလ်ကံက အကျိုးပေးခွင့်မရပဲ အကုသိုလ်ကံကဝင်ပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဒုက္ခကို အကျိုးပေးတယ်။

ပယောဂဝိပတ္တိ=လုပ်တဲ့အလုပ်က ဒုက္ခဖြစ်စေတတ် တဲ့ အလုပ်ကို ပြုလုပ်မိခြင်းကို ခေါ်တယ်။ အဲဒီလို ပယောဂဝိပတ္တိဖြစ်လျှင်လဲ ကုသိုလ်ကံကကောင်းကျိုး ပေးခွင့်မရပဲ အကုသိုလ်ကံကသာ ဆင်းရဲဒုက္ခအကျိုး ဝင်ပြီး ပေးသွားတယ်။

ဂတိဝိပတ္တိ= ဘဝအလား (ဒုဂ္ဂတိဘဝ) မကောင်း ခြင်း။ ငရဲသားတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေ၊ အသူရကာယ်တွေ၊ သူတို့သန္တာန် ခန္ဓာအစဉ်မှာ ကုသိုလ် အပရာပရိယဝေဒနီယကံတွေ ရှိပေမယ်လို့ ဘဝဂတိကိုက ဝိပတ္တိဖြစ်နေတော့ သူတို့ရဲ့ ကုသိုလ်ကံ တွေက အကျိုးပေးခွင့်မရပဲ အကုသိုလ်အပရာပရိယ ဝေဒနီယကံက အကျိုးပေးနေလို့ ဆင်းရဲဒုက္ခရောက် နေကြရတယ်။ ဗုဒ္ဓရဲ့ဝါဒဟာ ကံချည်းသက်သက် ဝါဒ မဟုတ်ဘူးနော်။

တတိယအကြိမ်

http://www.dhammadownload.com



အဲဒီလို ဝေဖန်စိတ်ဖြာပြီး အတိတ်အကြောင်း၊ ပစ္စုပ္ပန်အကြောင်း ဆိုတဲ့ အကြောင်းပေါင်း များစွာ စုံမှ ဆုံမှ အကျိုးတရား ပေါ်တာပါတကား လို့ အကြောင်းမှန် အကျိုးမှန်ကိုသိတော့ ပစ္စယပရိဂ္ဂဟဉာဏ် ရင့်သန်နိုင်တယ်။

မြတ်စွာဘုရား ဖြေကြားတော်မူလိုက်တာက "သတ္တဝါအားလုံးသည် ကံသာလျှင်အမြေခံအကြောင်းရင်းရှိကြတယ်၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်၊ ကံကပင်လျှင် သတ္တဝါတွေကို အညံ့စား ဖြစ်အောင် အမြတ်စားဖြစ်အောင် စီမံခြယ်လှယ်ပေးတယ်" အဲဒီလိုဖြစ်တယ်။ထိုသို့ ဖြေကြားတော်မူလိုက်တဲ့အခါ သုဘလုလင်၏ အဖို့ရာ သူမေးတဲ့ ပြဿနာ ခုနစ်စုံ = ဆယ့်လေးချက်နဲ့ ကိုက်ပြီး မယူကတ် မမှတ်တတ်လေတော့ "ဩော်....စောစောက 'ရဟန်းကြီး ဂေါတမ ပြောလိုက်ယင် အကျဉ်း ပြောလိုက်လျှင်ပင် ငါ အကျယ် သိလိမ့်မယ်"လို့ ထင်မိခဲ့တယ်၊ ယခု ငါ ဘာမှ မသိပါ တကား၊ရဟန်းဂေါတမရဲ့စကားသည် လွန်စွာသိမ်မွေ့ပါတကား၊ ငါ အထင်ကြီးမိတာ မှားလေစွ" လို့ သူ့မာနကို သူလျှော့ချပြီး မြတ်စွာဘုရားအား ဤသို့ လျှောက်ထားတယ်....။

န ခေါ အဟံ ဣမဿ ဘောတော ဂေါတမဿ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အဝိဘတ္တဿ ဝိတ္ထာရေန အတ္ထံ အာဇာနာမိ၊ သာဓု မေ ဘဝံ ဂေါတမော တထာ ဓမ္မံ ဒေသေတု၊ ယထာ အဟံ ဣမဿ ဘောတော ဂေါတမဿ သံခိတ္တေန

http://www.dhammadownload.com



ဘာသိတဿ ဝိတ္ထာရေန အတ္ထံ အဝိဘတ္တဿ ဝိတ္ထာ-
ရေန အဟံ အာဇာနေယျံ။

ဘော တော ဂေါတမဿ= အရှင်ဂေါတမ၏၊
(ဝါ)အရှင်ဂေါတမသည်။သံခိတ္တေန ဘာသိတဿ=
အကျဉ်းအားဖြင့် ဟောကြားအပ်သော။ ဝိတ္ထာရေန
အတ္ထံ အဝိဘတ္တဿ= အကျယ်အားဖြင့် အနက်
အဓိပ္ပာယ်ကို မဝေဖန်အပ်သော။ ဣမဿ= ဤစကား
၏။ အတ္ထံ= အနက်အဓိပ္ပာယ်ကို။ ဝိတ္ထာရေန=
အကျယ်အားဖြင့်။ အဟံ=အကျွန်ုပ်သည်။ န ခေါ
အာဇာနာမိ=မသိနိုင်ပါ။

ဘော ဂေါတမ=အို-အရှင်ဂေါတမ....။ အဟံ=
အကျွန်ုပ်သည်။ သာဓု- အာယာစာမိ= တောင်းပန်
ပါ၏။ ယထာ=အကြင်အခြင်းအရာဖြင့်။(ဘာသိယ-
မာနေ=ဟောကြားအပ်သည်ရှိသော်)။ ဘော တော
ဂေါတမဿ = အရှင်ဂေါတမ၏။ သံခိတ္တေန
ဘာသိတဿ=အကျဉ်းအားဖြင့် အရှင်ဘုရား ဟော
ကြားအပ်သော။ ဝိတ္ထာရေန အတ္ထံ အဝိဘတ္တဿ=
အနက်အဓိပ္ပာယ် အကျယ်မဝေဖန် အပ်သေးသော။
ဣမဿ= ဤစကား၏။ အတ္ထံ=အနက်ကို။ ဝိတ္ထာ-
ရေန= အကျယ်အားဖြင့်။ အဟံ= အကျွန်ုပ်သည်။
အာဇာနေယျံ= သိနိုင်ရာပါ၏။ တထာ= ထိုသို့သော
အခြင်းအရာဖြင့်။ ဘဝံ ဂေါတမော=အရှင်ဂေါတမ
သည်။ ဓမ္မံ=တရားကို။ဒေသေတု=ကရုဏာရှေ့ထား
ဟောကြားတော်မူပါ ဘုရား။

ဤသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားက-
ကတ်ယအကြိမ်

http://www.dhammadownload.com



တေန ဟိ မာဏဝ သုဏာဟိ၊ သာဓုကံ မနသိကရောဟိ၊ ဘာသိဿာမိ။

သို့ဖြစ်လျှင် သုဘလုလင်.... နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့။ ပြဿနာ ခုနစ်စုံ= ပုစ္ဆာ တင်ဆယ့်လေးချက်တို့ရဲ့ အဖြေကို ငါဘုရား အကျယ် အားဖြင့် ဖြေကြားပေးမည်....ဟု ပဋိညာဉ်ပေးပြီး မြတ်စွာဘုရား အကျယ်အားဖြင့် ဤဆိုလတ္တံ့သော အတိုင်း ဟောကြားတော်မူတယ်။

### ပထမပုစ္ဆာ (က) အဖြေ

ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ပါဏာတိပါတီ ဟောတိ လုဒ္ဒေါ လောဟိတပါဏိ ဟတပဟတေ နိဝိဋ္ဌော အဒယာပန္နော သဗ္ဗပါဏဘူတေသု။

မာဏဝ= သုဘမည်ကွင် အို-လုလင်....။ ဣဓ= ဤလောကဝ်၌။ ဧကစ္စော= အချို့သော။ ဣတ္ထီ ဝါ= မိန်းမ သည် လည်း ကောင်း ။ ပုရိသော ဝါ= ယောကျ်ားသည်လည်းကောင်း။ လုဒ္ဒေါ = ကြမ်း တမ်းသည်ဖြစ်၍။ လောဟိတပါဏိ= သွေးစွန်းသော လက်ရှိသည်ဖြစ်၍။ ဟတပဟတေ= သူတစ်ဖက်သား ကို သတ်ဖြတ်မှု၌။ နိဝိဋ္ဌော=အမြဲတစေ နှလုံးသွင်း ရှိသည်ဖြစ်၍။ သဗ္ဗပါဏဘူတေသု = အလုံးစုံသော သတ္တဝါတို့၌။အဒယာပန္နော= သနားခြင်း ကရုဏာ သို့ မရောက်ဘဲ(?) စာမျှမရောက်ရှိဘဲ။ ပါဏာတိပါတီ= သူ့ အသက်ကို သတ်ဖြတ်လေ့ရှိသည်။ ဟောတိ=ဖြစ်၏။

http://www.dhammadownload.com



(စဉ်းစားကြည့်ကြစမ်း။ အချို့အချို့သောယောကျ်ား+မိန်းမဟာ သွေးစွန်းတဲ့လက်ရှိပြီးသကာလ သတ္တဝါတွေအပေါ်မှာ မေတ္တာကရုဏာတရား လုံးဝမထားပဲ ပါဏာတိပါတ ဒုစရိုက်မှုပြုနေကြတဲ့ ယောကျ်ား မိန်းမ ရှိနေကြတယ်။ အဲဒီလို ပါဏာတိပါတ ဒုစရိုက်မှုပြုတော့)—

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

မာဏဝ=သုဘမည်တွင် အို–လုလင်....။ သော=ထို ပါဏာတိပါတ ဒုစရိုက်သမားသည်။ ဧဝံ သမတ္တေန= ဤသို့ ကုံလုံပြည့်စုံစေအပ်သော။ ဧဝံ သမာဒိန္နေန=ဤသို့ကျင့်ထွေ ကောင်းစွာ ယူအပ်ပေသော။တေန ကမ္မေန=ထို ပါဏာတိပါတ ဒုစရိုက်ကံကြောင့်။ ကာယဿ ဘေဒါ ပရံ မရဏာ= ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလ၌။ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ= ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ် အပါယ်ဘုံသို့။ ဥပပဇ္ဇတိ= ဘဝပဋိသန္ဓေ ကပ်ရောက်၍နေရ၏....။

(ပါဏာတိပါတ ဒုစရိုက်သမားသည်။ အဲဒီ ပါဏာတိပါတ ဒုစရိုက်အမှုကို အတ္တသာဓက စေတနာရောက် အောင်အောင် မြောက်မြောက် ပြည့်ပြည့်စုံစုံ ပြုလုပ်မိပြီဆိုလျှင် ဤလူ့ဘဝ ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလဝယ် ငရဲဘုံမှာဖြစ်စေ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံမှာ ဖြစ်စေ၊ အပါယ်

http://www.dhammadownload.com



လေးဘုံတွင် တစ်ဘုံဘုံမှာ သွား၍ ဘဝပဋိသန္ဓေ ကပ်ရောက်၍နေရတယ်။ အဲဒီ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံသို့ ရောက်စေတတ်တဲ့ ကံကို မေးတာ တော့ မဟုတ်ဘူး၊ အပါယ်ဘုံသို့ ရောက်စေတတ်တဲ့ အကုသိုလ်ကံကို မြတ်စွာဘုရား ဟောနေပါတယ်။)

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

(အဲဒီ ပါဏာတိပါတ ဒုစရိုက်သမားမှာ အနမတဂ္ဂ အစမထင် အတိတ် သံသရာတစ်ခွင်က ပြုခဲ့ဖူးတဲ့ အပရာ ပရိယကုသိုလ်ကံ တွေကလဲ ရှိနေတယ်၊ အဲဒီ အပရာ ပရိယကုသိုလ်ကံက အကျိုးပေးခွင့်ရပြီး ပါဏာတိပါတ ဒုစရိုက်ကံက အကျိုးပေးခွင့် မရသေးတဲ့အတွက် ထို ပါဏာတိပါတ ဒုစရိုက်သမားသည် ပါဏာတိပါတ ဒုစရိုက်အကုသိုလ်ကံ၏ အကျိုးအနေဖြင့် ငရဲ၊တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံမှာ ဘဝ ပဋိသန္ဓေ အကယ်၍ မကပ်ရောက်ဖူး ဆိုပါစို့....)။

သစေ မနုဿတ္တံ အာဂစ္ဆတိ=အကယ်၍ လူ့ဘဝ ပဋိသန္ဓေ လာရောက်၍ နေငြားအံ့။

(ပါဏာတိပါတ ဒုစရိုက်ကြောင့် လူ့ဘဝမှာ ပဋိ သန္ဓေ လာနေရတာ မဟုတ်ဘူးနော်၊ အဲဒီ ပါဏာတိ ပါတ ဒုစရိုက်က အကျိုးပေးခွင့် မရသေးသည့်အတွက် ပြာဖုံးနေတဲ့ မီးခဲလို အသွေးအရောင်ကို မမြင်ရသေးပဲ ဖုံးနေသေးတာ၊ တစ်နေ့ အကျိုးပေးခွင့် ရလာတဲ့အခါ ကျတော့ မကောင်းကျိုးပေးဖို့ အသင့်ရှိနေတယ်။ အဲ ဒီဘဝက ပါဏာတိပါတ ဒုစရိုက်သမား ဟိုဘဝ လူ့ဘုံ

http://www.dhammadownload.com



သုဂတိဘဝ၌လာဖြစ်တာ ဒီဘဝ ဒုစရိုက်ကြောင့် ဖြစ်တာ မဟုတ်ဘူး။ အပရာပရိယကောင်းမှု ကုသိုလ်ကံ အကျိုးပေးခွင့်ရလို့ လူ့ဘဝ၌ လာပြီးဖြစ်တယ် ဆိုပါစို့….။)

ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ အပ္ပါယုကော ဟောတိ။

ယတ္ထ ယတ္ထ=အကြင် အကြင် မင်း ပုဏ္ဏား သူကြွယ် ဆင်းရဲသားမျိုး၌။ ပစ္စာဇာယတိ=မွေးဖွား လာ၏။ တတ္ထ တတ္ထ = ထို ထို ဖြစ်လေရာ မင်း ပုဏ္ဏား သူကြွယ် ဆင်းရဲသားဘဝ၌။ အပ္ပါယုကော= တိုတောင်းသော အသက်ရှိသည်။ ဟောတိ=ဖြစ် လေတော့၏။

(အဲဒီ ပါဏာတိပါတ ဒုစရိုက်သမားဟာ အတိတ် အပရာပရိယကောင်းမှု ကုသိုလ်ကံကြောင့် လူ့ဘဝသို့ ရောက်ပြီး ပဋိသန္ဓေ တည်နေရလျှင် မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသား အမျိုးလေးပါးတို့အနက် ဖြစ်လေ ရာရာဘဝ၌ အသက်တိုတတ်တယ်။ အသက်တိုတဲ့ မင်း၊ အသက်တိုတဲ့ ပုဏ္ဏား၊ အသက်တိုတဲ့ သူကြွယ်၊ အသက် တိုတဲ့ ဆင်းရဲသား ဖြစ်ရတယ်။)

အပ္ပါယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ပါဏာတိပါတီ ဟောတိ လုဒ္ဒေါ လောဟိတပါဏီ ဟတပဟတေ နိဝိဋ္ဌော အဒယာပန္နော သဗ္ဗပါဏဘူတေသု = သုဘလုလင်….၊ သတ္တဝါတို့ အပေါ် မေတ္တာကရုဏာမထား ရက်ရက်စက်စက် သတ်ဖြတ်မှု ဆိုတဲ့ ပါဏာတိပါတဒုစရိုက် မကောင်း မှုအကုသိုလ် ကံဟာ အသက်တိုမှုကို ဖြစ်စေတတ်တဲ့ အကျင့်ပဋိပတ်ပဲ။

ဒုတိယအဖြေ

http://www.dhammadownload.com



(လူလူချင်း အတူတူဖြစ်ပါလျက် ဘာ့ကြောင့် အချို့လူတွေ အသက်တိုကြရသလဲလို့ မေးလျှင် ''ပါဏာတိပါတ ဒုစရိုက်ကြောင့် အသက်တိုကြရတယ်''၊ အဲဒီလို ဖြေကြရမည် ဖြစ်ပါတယ်။ ဒီအမေး အဖြေအတွက် လက်ာချုပ် ပေးလိုက်လျှင်)-

**ပါဏာတိပါတ်၊ သူ့သက်သတ်၊ တိုလတ် သက်ဇီဝါ။**
ဤကဲ့သို့ မှတ်ပါလေ။ ။

---

## ပထမ ပုစ္ဆာ (၁) အဖြေ

''လူလူချင်း အတူတူဖြစ်ပါလျက် အဘယ့်ကြောင့် အချို့မှာ အသက်ရှည်ရသနည်း'' ဟူသော ပထမ ပုစ္ဆာ (၁) အမေးအတွက် အဖြေကို မြတ်စွာဘုရား ဤသို့ ဟောတော်မူတယ်....။

ဣဓ ပန မာဏဝ ကေစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ။

(သုဘလုလင်....၊ လောကမှာ မကောင်းတာရှိသလို ကောင်းတာရှိတယ်၊ အမည်း (အမဲ) ရှိသလို အဖြူရှိတယ်၊ အခါးရှိသလို အချိုရှိတယ်၊ ထို့အတူ ဒုစရိုက်မှုရှိသလို သုစရိုက်မှုလဲ ရှိတယ်။ အချို့ အချို့သော ယောကျ်ား မိန်းမဟာ ပါဏာတိပါတ (သူ့အသက်ကို သတ်မှုဆိုတဲ့) ဒုစရိုက်မှ ဝေးစွာရှောင်ကြဉ်တယ်၊ အယုတ်

http://www.dhammadownload.com



သမ္ဖိုင့် သန်းဥကလေးကိုသော်မှ မတုပ်ပါဘူး၊ ကြမ်းပိုးဥကလေးများကိုသော်မှ မကြိတ်မချေ မသတ်မဖြတ်ဘူး။ အားလုံး သတ္တဝါတွေအပေါ်မှာ ရိုက်ဖို့ ပုတ်ဖို့ ခုတ်ဖို့ ထစ်ဖို့အတွက် တစ်စုံတစ်ရာ လက်နက်မစွဲကိုင်ပဲ အမြဲတစေ မေတ္တာတရား ပွားများကြီးကုတ် အားထုတ်၍ နေသည်ဆိုပါစို့) ထိုသို့ နေသည်ရှိသော်=

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

(ဗုဒ္ဓသာသနာဘာဝင် သူတော်စင်တွေ အနေနဲ့ နေ့စဉ်နေ့စဉ် ငါးပါးသီလ ဆောက်တည်တဲ့အခါ ဥပုသ်သီတင်းနေ့များ၌ ရှစ်ပါးသီလ ဆောက်တည်တဲ့အခါများမှာ ''ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ''လို့ ဆောက်တည်ကျင့်သုံးတဲ့ သိက္ခာပဒသီလကို ပါဏာတိပါတ ဝိရတီသီလ လို့ ခေါ်တယ်။ ထိုသီလနဲ့ ပြည့်စုံတဲ့သူဟာ ဤသို့ ပြည့်စုံစေအပ် ဆောက်တည်အပ်တဲ့ ပါဏာတိပါတ ဝိရတီသီလ ကောင်းမှုကုသိုလ်ကံကြောင့် လူ့ဘဝ ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလ၌ ကောင်းသောလားရာဂတိဖြစ်တဲ့ နတ်ပြည်မှာ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရတယ်....)။

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

(အဲဒီ ပါဏာတိပါတ ဝိရတီ သီလကောင်းမှု ကုသိုလ်ကံက အကျိုးပေးခွင့် မရသေးလို့ ဒုတိယဘဝမှာ နတ်ပြည်ပဋိသန္ဓေ မနေရသေးဘူးပဲ ထားဦး)။

တတိယအကြိမ်

http://www.dhammadownload.com



သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ဒီဃာယုကော ဟောတိ။

(အခြား ကောင်းမှု ကုသိုလ်ကံကြောင့် လူ့ဘဝမှာ လာပြီး ဖြစ်ပြီဆိုယင် အဲဒီ ပါဏာတိပါတ် သူ့အသက်ကိုမသတ်တဲ့ ဝိရတီသီလကောင်းမှု ကုသိုလ်ကံကြောင့် မင်း ပုဏ္ဏား သူကြွယ် ဆင်းရဲသား အမျိုးလေးဖြာ ဖြစ်လေရာရာမှာ အသက်ရှည်တဲ့မင်း၊ အသက်ရှည်တဲ့ ပုဏ္ဏား၊ အသက်ရှည်တဲ့သူကြွယ်၊ အသက်ရှည်တဲ့ ဆင်းရဲသား ဖြစ်ရတယ်။)

(မြတ်စွာဘုရားက ပထမပုစ္ဆာ (ခ) အဖြေ နိဂုံးအနေနဲ့) ဒီဃာယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ။

(သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ဖို့ရန် တုတ် လှံ ဓား လက်နက်တို့ကို မစွဲမကိုင်ဘဲ သတ္တဝါတို့၌ မေတ္တာတရားထားပြီး ပါဏာတိပါတ ဒုစရိုက်မှ ရှောင်ကြဉ်ခြင်းဟာဖြင့် အသက်ရှည်မှုကိုဖြစ်စေတတ်တဲ့ အကျင့်ပဋိပတ်ပဲလို့ ဟောတော်မူခဲ့တယ်။)

ဤ ပထမပုစ္ဆာ (က) နှင့် (ခ) အဖြေ အချုပ်လင်္ကာကို—

**ပါဏာတိပါတ်၊ သူ့သက်သတ်၊ ဒိုလတ် သက်တိုဝါ။**
**ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ဝေဖန် သိထိုက်စွာ။**

ဤကဲ့သို့ မှတ်ယူရာ၏။

တတိယအကြိမ်

http://www.dhammadownload.com



## ဒုတိယပုစ္ဆာ (က) အဖြေ

မြတ်စွာဘုရားကဆက်ပြီး ဒုတိယပုစ္ဆာရဲ့ (က) အဖြေကို ဤကဲ့သို့ ဟောတော်မူတယ်။

ဣဓ မာဏဝ ဧကစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ သတ္တာနံ ဝိဟေဌကဇာတိကော ဟောတိ ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ သတ္ထေန ဝါ။

မာဏဝ = သုဘမည်တွင် အို-လုလင်....။ ဣဓ= ဤလောက၌။ ဧကစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ=အချို့အချို့ မိန်းမ ယောကျ်ား များ သည်။ သတ္တာနံ= **သတ္တဝါတို့အား။** ပါဏိနာ ဝါ= လက်ဖြင့် ဖြစ်စေ။ **လေဍ္ဍုနာ** ဝါ=ခဲဖြင့်ဖြစ်စေ။ ဒဏ္ဍေန ဝါ=တုတ် လှံကန်ဖြင့်ဖြစ်စေ။ သတ္ထေန ဝါ= ဓားလှံ- အစရှိတဲ့ လက်နက်ဖြင့်ဖြစ်စေ။ ဝိဟေဌကဇာတိကော= ညှဉ်းပန်းနှိပ်စက် ရိုက်ပုတ်လေ့ရှိသည်။ ဟောတိ=ဖြစ်၏။

**(လောကမှာ** အချို့အချို့ ယောကျ်ား+မိန်းမ များဟာ တစ်ဖက်သား သတ္တဝါများကို လက်ဖြင့်ဖြစ်စေ၊ ခဲဖြင့်ဖြစ်စေ၊ တုတ် လှံကန်ဖြင့်ဖြစ်စေ၊ ဓားလှံ အစရှိတဲ့ လက်နက်တစ်ခုခုဖြင့်ဖြစ်စေ (သေအောင်တော့ မသတ်ပဲ) ပင်ပန်းနွမ်းနယ်အောင် ညှဉ်းပန်းမှု ပြုတတ်တယ်။) (အဒါ အကြောင်းရင်းပဲ။)

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

(သူတပါးကို သေအောင်တော့ မသတ်ပဲ ပင်ပန်းအောင် ညှဉ်းဆဲမှုဆိုတဲ့ ဝိဟိံသာ မကောင်းမှုကို ပြည့်

http://www.dhammadownload.com



ပြည့်စုံ အောင်အောင်မြင်မြင် ပြုမိပြီဆိုလျှင် ကိုယ်ခန္ဓာ ပျက်ကြွေ စုတေသည်မှ နောက်ကာလဝယ် ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရာ အပါယ်လေးရွာသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရတတ်တယ်။)

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ သစေ မနုဿတ္တံ အာဂစ္ဆတိ။

(အဲဒီ ဝိပါက်သာ အကုသိုလ်ကံ အကျိုးပေးခွင့် မရသေးဝဲ အပရာပရိယ ကောင်းမှု ကုသိုလ်ကံအကျိုးပေး ရလို့ လူ့ဘဝမှာလာပြီး ပဋိသန္ဓေ တည်နေပြီဆိုလျှင်)–

ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ဗဟွာဗာဓော ဟောတိ။

(မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသား ဆိုတဲ့ အမျိုးလေးပါးတွင် ဖြစ်လေရာရာ အမျိုး၌ အနာ ရောဂါ ထူပြောတဲ့ မင်း၊ အနာရောဂါ ထူပြောတဲ့ ပုဏ္ဏား၊ အနာရောဂါ ထူပြောတဲ့သူကြွယ်၊ အနာရောဂါ ထူပြောတဲ့ဆင်းရဲသား ဖြစ်ရတယ်။)

သတ္တဝါတို့ကို မသေအောင်သတ်တဲ့ အကုသိုလ်ကံက တော့ အသက်တိုကြောင်း ဖြစ်ပြီး သေအောင်မသတ်ဘဲ ပင်ပန်းနွမ်းနယ်အောင် ညှဉ်းပန်းတဲ့ အကုသိုလ်ကံက တော့ အနာရောဂါ ထူပြောကြောင်း ဖြစ်တယ်။ အဲဒီ ဝိပါက်သာ ခေါ်တဲ့ ဒေါသ ခေါင်းဆောင်သော အကုသိုလ်ကံက လူ့ပြည်မှာ ဖြစ်လျှင်လဲ ဥပပီဠက အကုသိုလ်ကံ အနေနဲ့ ဝင်ရောက်နှိပ်စက်ပြီး မင်းဖြစ်လျှင်လဲ ရောဂါဘယထူပြောတဲ့ မင်း၊ ပုဏ္ဏားဖြစ်လျှင်လဲ ရောဂါဘယထူပြောတဲ့ ပုဏ္ဏား၊ သူဌေး သူကြွယ် ဖြစ်

http://www.dhammadownload.com



လျှင်လဲ ရောဂါဘယထူပြောတဲ့ သူဌေး သူကြွယ်၊ ဆင်းရဲသား ဖြစ်လျှင်လဲ ရောဂါဘယထူပြောတဲ့ ဆင်းရဲသား ဖြစ်တယ်။

အင်း မိမိနှင့်တကွ ပတ်ဝန်းကျင်ကို မြင်တာနဲ့ ပဲ ဗုဒ္ဓဝေဒ (ကမ္မဗေဒင်) နည်းနဲ့ ရောဂါဘယ ထူပြောသူကို မြင်ရလျှင် ''ဪ.... ဤသူကား အတိတ်ဘဝ တုန်းက တစ်ဖက်သားကို ညှဉ်းပန်းနှိပ်စက်မှု ပြုခဲ့သူပါ တကား'' လို့ သိရမယ်။

ဗဟွာဗာဓသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ သတ္တာနံ ဝိဟေဌကဇာတိကော ဟောတိ ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ သတ္ထေန ဝါ။

(သုဘလုလင်....၊ လက်ဖြင့်ဖြစ်စေ၊ ခဲဖြင့်ဖြစ်စေ၊ ဟုတ် လှံကန်ဖြင့်ဖြစ်စေ၊ ဓား လှံ စသော လက်နက် ဖြင့်ဖြစ်စေ သတ္တဝါတို့ကို ညှဉ်းပန်းနှိပ်စက်ခြင်းဟာဖြင့် အနာရောဂါ ထူပြောမှုကို ဖြစ်စေတတ်တဲ့ မကောင်းတဲ့ ပဋိပတ်=မကောင်းတဲ့အကျင့် ဖြစ်တယ်။)

ဤ ဒုတိယ ပုစ္ဆာ (က) အဖြေ အချုပ်လင်္ကာကို–

**ရိုက်ပုတ်ညှဉ်းဆဲ၊ ဒေါသကဲ၊ ထူထဲ နာရောဂါ။**

ဤကဲ့သို့ မှတ်ယူရာ၏။

---

## ဒုတိယ ပုစ္ဆာ (ခ) အဖြေ

မြတ်စွာဘုရားက ဆက်ပြီး ဒုတိယပုစ္ဆာရဲ့ (ခ) အဖြေကို ဤကဲ့သို့ ဟောတော်မူတယ်။

ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သတ္တာနံ အဝိဟေဌကဇာတိကော ဟောတိ

http://www.dhammadownload.com



ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ သတ္ထေန ဝါ။

မာဏဝ=သုဘမည်တွင် အို-လုလင်....။ ပန= မကောင်းသည်မှတပါး ကောင်းသောအကျင့်ကား။ ဣဓ=ဤ လောက၌။ ဧကစ္စော=အချို့သော။ ဣတ္ထီ ဝါ=မိန်းမသည်လည်းကောင်း။ ပုရိသော ဝါ= ယောကျ်ားသည်လည်းကောင်း။ သတ္တာနံ=သတ္တဝါ တို့အား။ ပါဏိနာ ဝါ = လက်ဖြင့်လည်းကောင်း။ လေဍ္ဍုနာ ဝါ=ခဲဖြင့်လည်းကောင်း။ ဒဏ္ဍေန ဝါ= တုတ် လှင်ကန်ဖြင့်လည်းကောင်း။ သတ္ထေန ဝါ= ဓား + လှံ စသော လက်နက်ဖြင့် လည်းကောင်း။ အဝိဟေဌကဇာတိကော=မညှဉ်းပန်း မနှိပ်စက်ခြင်း သဘောရှိသည်၊ (ဝါ) မညှဉ်းပန်း မနှိပ်စက်ဘဲ ကရုဏာ ပြဋ္ဌာန်းတဲ့စိတ်ဖြင့် ကရုဏာဘာဝနာတရား ပွားများကြိုးကုတ် အားထုတ် နေ့ထိုင်လေ့ရှိသည်။ ဟောတိ=ဖြစ်၏။

(သတ္တဝါတို့ အပေါ် မ ညှ ဉ်း ပန်း မနှိပ်စက်တဲ့ ကရုဏာဖြဟ္မစိုရ်တရား ပွားများနေထိုင်လျှင်)–

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

(အဝိဟိံသာ ကရုဏာပြဋ္ဌာန်းတဲ့ မဟာကုသိုလ်ကံရဲ့ အရှင်ဟာ ဒီလူ့ဘဝက ကိုယ်ခန္ဓာပြတ်ကြွေ စုတေပြီးတဲ့ နောက်မှာ နတ်ပြည်လောက၌ ဘဝပဋိသန္ဓေကပ်ရောက် ၍ နေရတယ်။)

ဒုတိယအကြိမ်

http://www.dhammadownload.com



နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ
သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊သစေ မနုဿတ္တံ အာဂစ္ဆတိ၊
ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ အပ္ပာဗာဓော ဟောတိ။

(အကယ်၍ တမလွန်လောကမှာ ဒီ အဝိဟိံသာ ကရုဏာကောင်းမှု ကုသိုလ်ကံက အကျိုးပေးခွင့် မရလို့ နတ်ပြည်ဘုံဘဝမှာ မဖြစ်ခဲ့သော် အခြား အပရာပရိယ ဘာဝမာဝစရကောင်းမှု ကုသိုလ်ကံ တစ်ခုခုက အကျိုးပေးခွင့်ရလို့ လူ့ပြည်ဘုံဘဝမှာ လူဖြစ်လာပြီဆိုလျှင် အဲဒီ အဝိဟိံသာ ကရုဏာကောင်းမှု ကုသိုလ်ကံက ဥပတ္ထမ္ဘက ကုသိုလ်ဖြစ်ပြီး ထောက်ပံ့အားပေးတဲ့အတွက် အနာရောဂါကင်းရှင်း ကျန်းမာတဲ့မင်း၊ အနာရောဂါ ကင်းရှင်း ကျန်းမာတဲ့ပုဏ္ဏား၊အနာရောဂါကင်းရှင်း ကျန်းမာတဲ့ သူဌေး သူကြွယ်၊အနာရောဂါကင်းရှင်း ကျန်းမာတဲ့ ဆင်းရဲသားဖြစ်ရတယ်။)

အပ္ပါဗာဓသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ
ယဒိဒံ သတ္တာနံ အဝိဟေဌကဇာတိကော ဟောတိ
ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ သတ္ထေန ဝါ။

(သုဘလုလင်....၊ သတ္တဝါတို့အား လက်ဖြင့်ဖြစ်စေ၊ ခဲဖြင့်ဖြစ်စေ၊ တုတ်လှင်ကန်ဖြင့် ဖြစ်စေ၊ ဓားလှံ စသော လက်နက်ဖြင့်ဖြစ်စေ မရိုက်နှက် မထိုးခုတ် မပုတ်ခတ် မနှိပ်စက်ခြင်းသည် အနာရောဂါ ကင်းရှင်းကြောင်း ကောင်းသောအကျင့် ပဋိပတ်ဖြစ်ပေတယ်။)

တတိယအကြိမ်

http://www.dhammadownload.com



ဤ ဒုတိယပုစ္ဆာ (က) နှင့် (ခ) အဖြေတို့ အတွက် အချုပ်ယက်ကို—

ရိုက်ပုတ်ညှဉ်းဆဲ၊ ဒေါသကဲ၊ ထူထဲ နာရောဂါ။

ဆိုမှအပြန်၊ ကောင်းကျိုးမှန်၊ ဝေဖန်သိထိုက်စွာ။

ဤကဲ့သို့ မှတ်ယူရာ၏။ ။

---

တတိယပုစ္ဆာ (က) အဖြေ

မြတ်စွာဘုရားက ဆက်လက်ပြီး တတိယ ပုစ္ဆာရဲ့ (က) အဖြေကို ဤကဲ့သို့ ဟောတော်မူတယ်။

ဣဓ မာဏဝ ကေစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ကောဓနော ဟောတိ ဥပါယာသဗဟုလော၊ အပ္ပမ္ပိ ဝုတ္တော သမာနော အဘိသဇ္ဇတိ ကုပ္ပတိ ဗျာပဇ္ဇတိ ပတိဋ္ဌီယတိ၊ ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတု-ကရောတိ။

မာဏဝ=သုဘမည်တွင် အို--လုလင်....။ ဣဓ= ဤလောက၌။ ကေစ္စော=အချို့သော။ ဣတ္ထီ ဝါ= မိန်းမသည်လည်းကောင်း။ပုရိသော ဝါ=ယောကျာ်း သည်လည်းကောင်း။ ကောဓနော= အမျက်ထွက် ကတ်သည်။ ဥပါယာသဗဟုလော= ပူပန်ခြင်းများ သည်။ ဟောတိ=ဖြစ်၏။ အပ္ပမ္ပိ ဝုတ္တော သမာနော= အနည်းငယ်မျှ ပြောဆိုအပ်လျှင်ပင်။ အဘိသဇ္ဇတိ= အမျက်လို ရန်ငြိုးဖွဲ့၏။ ကုပ္ပတိ= အမျက်ထွက်၏။ ဗျာပဇ္ဇတိ= စိတ်ထားဖောက်ပြား၏။ ပတိဋ္ဌီယတိ= အကျိတ်အခဲ အမြဲတည်၏။ ကောပဉ္စ= အမျက်ထွက် ခြင်းကိုလည်းကောင်း။ ဒေါသဉ္စ= ပြစ်မှားခြင်းကို

http://www.dhammadownload.com



လည်းကောင်း။ အပ္ပစ္စယဋ္ဌ=မနှစ်သက်ခြင်းကို လည်းကောင်း။ပါတုကရောတိ=ထင်ရှားပြုတတ်၏။

သုဘလုလင်....၊ ဤလောကမှာ အချို့အချို့သော မိန်းမ+ယောကျ်ားဟာ အမျက်ဒေါသ ခြောင်းခြောင်း ထတတ်တယ်။ ဆူပူမှု များတတ်တယ်၊ အနည်းငယ် ပြော လျှင်ပင် ရန်ငြိုးဖွဲ့တတ်တယ်၊ အမျက်ပွားပြီး စိတ်ထား ဖောက်ပြန်တတ်တယ်၊ အံတကြိတ်ကြိတ် ရှိနေတတ်တယ်၊ သူ အမျက်ထွက်နေတဲ့ အကြောင်း၊ သူ ဒေါသဖြစ်နေတဲ့ အကြောင်း၊ သူ မနှစ်သက်တဲ့ အကြောင်းကို တစ်ဖက် သား မြင်အောင် ဖော်ပြတတ်တယ်။ ဘယ်သူ့ကိုမှ တော့ မရိုက်ဘူး+မသတ်ဘူးနော်။ သို့ပေမင့် အရပ် ထဲမှာ တဆူဆူ တပူပူနဲ့ ဘေးလူက ''မတော်ပါ ဘူးကွယ်''လို့ ပြောသော်လဲ အကောင်း မထင်ဘူး၊ အဲဒီ ကောခရဲ့ သဘောကို ပစ္စုပ္ပန် မျက်မြင်လက်တွေ့ ကြည့်စမ်း။ နဂိုက လှပသူပင်ဖြစ်လင့်ကစား အမျက် ထွက်လာလျှင် အရုပ်ဆိုးသွားတယ်၊ အဲဒါဟာ သေပြီးနောက် အပါယ်မရောက်ဘဲ လူ့ဘုံရောက်လျှင် အရုပ်ဆိုးမည့်အရိပ်နိမိတ်ကို မိမိဖြစ်ကတည်းက ကောဓ တရားက ထင်ရှားပြနေတယ်။

မြတ်စွာဘုရားက– သော မတေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

(သုဘလုလင်....၊ အဲဒီ အမျက်ဒေါသ ခြောင်း ခြောင်းထတဲ့ မကောင်းမှု အကုသိုလ်ကံကို အပြည့်အစုံ ပြုသူသည် သေသည်၏အခြားမဲ့၌ ငရဲ တိရစ္ဆာန် ပြိတ္တာ

http://www.dhammadownload.com



အသူရကာယ် အပါယ်လေးဘုံသို့သွားပြီး ဘဝပဋိသန္ဓေ တည်နေရတတ်တယ်။)

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ဒုဗ္ဗဏ္ဏော ဟောတိ။

(အဲဒီ အမျက်ထွက်ခြင်းအကုသိုလ်ကံ အကျိုးပေး ခွင့် မရသေးဘဲ တပါးသော အပရာပရိယ ကောင်းမှု ကုသိုလ်ကံက အကျိုးပေးခွင့်ရတဲ့အတွက် ထိုသူ လူဖြစ် လာလျှင် မင်း ပုဏ္ဏား သူကြွယ် ဆင်းရဲသား အမျိုး လေးဖြာ ဖြစ်လေရာဘဝမှာ အရုပ်ဆိုးတဲ့ မင်း၊ အရုပ် ဆိုးတဲ့ ပုဏ္ဏား၊ အရုပ်ဆိုးတဲ့ သူကြွယ်၊ အရုပ်ဆိုးတဲ့ ဆင်းရဲသား ဖြစ်လာတယ်။ အတိတ်ဘဝ ဒါနကောင်းမှု ကြောင့် ဒီဘဝမှာ ကျိုကျိုတက်ချမ်းသာသော်လဲပဲ အတိတ် ဘဝက အမျက်ကောဓ ခြောင်းခြောင်းထခဲ့တဲ့အကုသိုလ် ကံ ပါလာလျှင် ''ပိုက်ဆံချမ်းသာသလောက် အရုပ်က ဖြင့် ဆိုးပကွာ နာ-လို့'' ဤကဲ့သို့ ပြောယူရတတ် တယ်။)

ဒုဗ္ဗဏ္ဏသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ကောဓနော ဟောတိ ဥပါယာသဗဟုလော၊ အပ္ပမ္ပိ ဝုတ္တော သမာနော အဘိသဇ္ဇတိ ကုပ္ပတိ ဗျာပဇ္ဇတိ ပတိဋ္ဌီယတိ၊ ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတု-ကရောတိ။

(သုဘလုလင်....၊ အမျက်ကောဓ ခြောင်းခြောင်း ထခြင်း၊ ဆူပူမှုများခြင်း၊ အနည်းငယ် ပြောလျှင်ပင်

http://www.dhammadownload.com



ရန်ငြိုးဖွဲ့တတ်ခြင်း၊ အမျက်ပွားပြီး စိတ်ထားဖောက်ပြန်တတ်ခြင်း၊ အံတကြိတ်ကြိတ်ရှိနေတတ်ခြင်း၊ သူ့ အမျက်ထွက်နေတဲ့အကြောင်း၊သူ့ ဒေါသဖြစ်နေတဲ့အကြောင်း၊ သူ့ မနှစ်သတ်တဲ့အကြောင်းကို တစ်ဖက်သားမြင်အောင် ဖော်ပြခြင်းများသည် ရုပ်အဆင်း မတင့်တယ် မလှပခြင်းရဲ့ အကြောင်း ပဋိပတ်ဖြစ်တယ်။)

ဤ တတိယ ပုစ္ဆာ (က) အဖြေ အချုပ်လင်္ကာကို–

**အမျက်ကောဓ၊ ခြောင်းခြောင်းထ၊ မလှရုပ်ဆင်းဝါ။**

ဤကဲ့သို့ မှတ်ယူရာ၏။ ။

---

**တတိယ ပုစ္ဆာ (ခ) အဖြေ**

မြတ်စွာဘုရားက ဆက်လက်ပြီး တတိယပုစ္ဆာရဲ့ (ခ) အဖြေကို ဤကဲ့သို့ ဟောတော်မူတယ်။

ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ အက္ကောဓနော ဟောတိ အနုပါယာသဗဟုလော၊ ဗဟုမ္ပိ ဝုတ္တော သမာနော နာဘိသဇ္ဇတိ န ကုပ္ပတိ န ဗျာပဇ္ဇတိ န ပတိဋ္ဌီယတိ၊ န ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတုကရောတိ။

(သုဘလုလင်....၊ ဤ လောကမှာ အချို့ အချို့သော မိန်းမ+ယောကျ်ားဟာ အင်မတန် စိတ်ထားသဘောတားကောင်းတယ်။ ဘယ်လိုပင် တစ်ဖက်သားက ပြောပေမယ်လို့ အမျက်မထွက်ဘူး၊ ဆူဆူပူပူ မဖြစ်ဘူး၊ တစ်ဖက်သားက မခံနိုင်အောင် အများကြီး ပြောပေမယ်လို့ ရန်ငြိုးမဖွဲ့တတ်၊ အမျက်မထွက်တတ်၊

http://www.dhammadownload.com



စိတ်ထား မဖောက်ပြန်တတ်၊ အံတကြိတ်ကြိတ် မရှိတယ်၊ သူ အမျက်ထွက်နေတဲ့အကြောင်း၊ သူ ဒေါသဖြစ်နေတဲ့ အကြောင်း၊ သူ မနှစ်သက်တဲ့အကြောင်းကို တစ်ဖက်သားမြင်အောင် မဖော်ပြတတ်၊ (တစ်ဖက်သားရဲ့ အပေါ်မှာ မေတ္တာစိတ်နဲ့ အမြဲတမ်း ပြုံးရွှင်၍ နေတတ်တယ်။)

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

(သုဘလုလင်....၊ အဲဒီ မေတ္တာပြဋ္ဌာန်းတဲ့ မဟာကုသိုလ်ကံရဲ့ အရှင်ဟာ လူ့ဘဝက ကိုယ်ခန္ဓာပြတ်ကြွေ စုတေပြီးတဲ့ နောက်မှာ နတ်ပြည် လောက၌ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရတယ်။)

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ပါသာဒိကော ဟောတိ။

(အကယ်၍ တမလွန်လောကမှာ မေတ္တာပြဋ္ဌာန်းတဲ့ အမျက်မထွက်ခြင်း=မဟာကုသိုလ်ကံ အကျိုးပေးခွင့် မရသေးဘဲ တပါးသော အပရာပရိယကောင်းမှုကုသိုလ်ကံက အကျိုးပေးခွင့်ရတဲ့အတွက် ထိုသူ လူဖြစ်လာလျှင် မင်း ပုဏ္ဏား သူကြွယ် ဆင်းရဲသား = အမျိုးလေးပါး ဖြစ်လေရာဘဝမှာ ရုပ်ရည်အဆင်းသန့်ရှင်းပြီး ကြည်ညို ဖွယ်ကောင်းသော မင်း၊ ကြည်ညိုဖွယ် ကောင်းသော ပုဏ္ဏား၊ ကြည်ညိုဖွယ်ကောင်းသော သူကြွယ်၊ ကြည်ညို ဖွယ်ကောင်းသော ဆင်းရဲသား ဖြစ်လာတယ်။)

http://www.dhammadownload.com



ပါသာဒိကသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ ယဒိဒံ အက္ကောဓနော ဟောတိ အနုပါယာသ- ဗဟုလော၊ ဗဟုမ္ပိ ဝုတ္တော သမာနော နာဘိသဇ္ဇတိ န ကုပ္ပတိ န ဗျာပဇ္ဇတိ န ပတိဋ္ဌိယတိ၊ န ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတုကရောတိ။

(သုဘလုလင်....၊ ဘယ်လိုပင် တစ်ဖက်သားက ပြောပေမယ်လို့ အမျက်မထွက်ခြင်း၊ဆူဆူပူပူမဖြစ်ခြင်း၊ တစ်ဖက်သားက မခံနိုင်အောင် အများကြီးပြောပေမယ် လို့ ရန်ငြိုးမဖွဲ့ခြင်း၊ အမျက်မထွက်ခြင်း၊ စိတ်ထား မဖောက်ပြန်ခြင်း၊ အံတကြိတ်ကြိတ် မရှိခြင်း၊ သူ အမျက် ထွက်နေတဲ့အကြောင်း၊သူ ဒေါသဖြစ်နေတဲ့အကြောင်း၊ သူ မနှစ်သက်တဲ့ အကြောင်း တစ်ဖက်သားမြင်အောင် မဖော်ပြခြင်းသည် ရုပ်ရည်အဆင်း သန့်ရှင်းကြည်ညို ဖွယ်ကောင်းခြင်းကို ဖြစ်စေတတ်တဲ့အကြောင်း ပဋိပတ် ဖြစ်တယ်။)

ဤ တတိယပုစ္ဆာ (က) နှင့် (ခ) အဖြေတို့အတွက် အချုပ်လင်္ကာကို—

**(က) အမျက်ကောဓ၊ ခြောင်းခြောင်းထ၊ မလှ ရုပ်ဆင်းဝါ။**

**(ခ) ထိုမှအပြန်၊ကောင်းကျိုးမှန်၊ဝေဖန်သိထိုက်စွာ။**

ဤကဲ့သို့ မှတ်ယူရာ၏။ ။

**အထူးမှတ်ဖွယ်—**

ဤ ပထမ ဒုတိယ တတိယ ပုစ္ဆာ ၃–ချက် လုံးသည် ဒေါသနှင့်စပ်၍ ဟောအပ်သော ပုစ္ဆာများ ဖြစ်သည်။ ပထမပုစ္ဆာ ဒေါသမှာ သူ့အသက်ကို သေအောင်သတ်

http://www.dhammadownload.com



သော ဒေါသ ရှိ+မရှိ ပုစ္ဆာပြဿနာဖြစ်သည်။ ဒုတိယ ပုစ္ဆာဒေါသမှာ သေအောင်တော့ မသတ်ဘဲ သူတပါး ဆင်းရဲရုံသာညှဉ်းဆဲတဲ့ ဒေါသ ရှိ+မရှိ ပုစ္ဆာပြဿနာ ဖြစ်သည်။တတိယပုစ္ဆာဒေါသမှာ မသတ်မဖြတ် မညှဉ်း ဆဲဘဲ အိမ်ကျယ်သဘော အိမ်တွင်းမှာ ဆူပူတတ်တဲ့ ဒေါသ ရှိ+မရှိ၊ ဖြစ်+မဖြစ်နှင့်စပ်၍ ဟောအပ်သော ပုစ္ဆာပြဿနာဖြစ်သည်။

အချုပ်မှတ်ရန်မှာ–

(၁) သေအောင်သတ်တဲ့ဒေါသကြောင့် လူဖြစ်လျှင် အသက်တိုတတ်တယ်။

(၂) သူတစ်ဖက်သားကို သေအောင် မသတ်ဘဲ ဆင်းရဲရုံ ညှဉ်းပန်းနှိပ်စက်တဲ့ ဒေါသကြောင့် လူဖြစ်လျှင် အနာများတတ်တယ်။

(၃) သူ့ကိုမသတ်=မညှဉ်းဆဲဘဲဆူဆူပူပူမျှဖြစ်တတ် တဲ့ ဒေါသကြောင့် လူဖြစ်လာလျှင် အရုပ်ဆိုး တတ်တယ်။ ။ဤကား အထူးမှတ်ချက်တည်း။

---

### စတုတ္ထ ပြဿနာအတွဲ အဖြေ

စတုတ္ထ ပြဿနာအတွဲက (က) အချို့မှာ ပရိသတ် အခြွေအရံ နည်းပါးတယ်၊ (ခ) အချို့မှာ ပရိသတ် အခြွေအရံ များတယ်။ ဘာ့ကြောင့်လဲတဲ့။

### စတုတ္ထ ပုစ္ဆာ (က) အဖြေ

မြတ်စွာဘုရားက ဆက်လက်ပြီး စတုတ္ထပုစ္ဆာရဲ့ (က) အဖြေကို ဤသို့ ဟောတော်မူတယ်....။

http://www.dhammadownload.com



ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ဣဿာမနကော ဟောတိ၊ ပရလာဘ သက္ကာရ ဂရုကာရ မာနန ဝန္ဒန ပူဇနာသု ဣဿတိ ဥပဒုဿတိ၊ ဣဿံ ဗန္ဓတိ။

မာဏဝ=သုဘမည်တွင် အို-လုလင် ...။ ဣဓ= ဤလောကဌ်။ ဧကစ္စော=အချို့သော။ ဣတ္ထီ ဝါ= မိန်းမသည်လည်းကောင်း။ ပုရိသော ဝါ=ယောကျ်ား သည်လည်းကောင်း။ ဣဿာမနကော=မနာလို ငြူစူ လိုတဲ့စိတ်ရှိသည်။ ဟောတိ = ဖြစ်၏။ ပရလာဘ သက္ကာရ ဂရုကာရ မာနန ဝန္ဒန ပူဇနာသု=သူတပါး တို့ လာဘ်ရခြင်း၊ အရိုအသေအပြုခံရခြင်း၊ အလေး ပြုခံရခြင်း၊ မြတ်နိုးခံရခြင်း၊ ရှိခိုးခံရခြင်း၊ အပူ ဇော်ခံရခြင်းတို့၌။ ဣဿတိ=မနာလို ငြူစူတတ်၏။ ဥပဒုဿတိ =ပြစ်မှားတတ်၏။ ဣဿံ = မနာလိုမှု= ငြူစူမှုကို။ ဗန္ဓတိ=ဖွဲ့နှောင်ထားတတ်၏။

(သုဘလုလင်....၊ လောကမှာ အချို့သော မိန်းမ+ ယောကျ်ားများဟာ ဣဿာဆိုတဲ့ = မနာလိုစိတ်ရှိတတ် တယ်။ သူတစ်ဖက်သား စီးပွား ချမ်းသာ ဖြစ်တာကို မနာလိုတတ်ဘူး၊ ဟို သူတပါး ကံအလျောက် ကောင်း စားနေသည်ကို ကြည့်ပြီး မျက်စောင်းတ ထိုး ထိုး၊ နှုတ်ခမ်း တစူစူနဲ့ နေတတ်တာကို ဓမ္မနယ်ပယ်မှာ ငြူစူတယ် လို့ ခေါ်ပြီး အရပ်စကား အလိုကတော့ မနာလိုဘူး လို့ ခေါ်တယ်။ သူတပါးတို့ လာဘ်ရခြင်း၊ သူတပါးတို့ အရိုအသေ အပြုခံရခြင်း၊ သူတပါးတို့ အလေးပြုခံရခြင်း၊ သူတပါးတို့ အမြတ်နိုးခံရခြင်း၊ သူတပါးတို့ ရှိခိုးခံရခြင်း၊ သူတပါးတို့ အပူဇော်ခံရ

http://www.dhammadownload.com



ခြင်းများ၌ မနာလို ငြူစူပြစ်မှားနေတတ်တာပေါ့။ ထင်း စည်းကြီး ပြေမသွားအောင် ကြိုးဖြင့် ချည်ထားသလို ဣဿာဆိုတဲ့ မနာလို=ငြူစူမှုတရားဆိုးကြီးကို ဖွဲ့နှောင်၍ ထားတတ်တယ်။)

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

(သုဘလုလင်....၊ အဲဒီ သူတပါး စည်းစိမ်ကို မနာလိုမှု ဆိုတဲ့ ငြူစူမှု = အကုသိုလ်ကံကို အပြည့်အစုံ ပြုသူသည် သေသည်၏အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ်လေးဘုံသို့ သွားပြီး ဘဝပဋိသန္ဓေ တည်နေရတတ်တယ်။

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ အပ္ပေသက္ခော ဟောတိ။

(အဲဒီ သူတပါးစည်းစိမ်ကို မနာလို = ငြူစူမှု အကုသိုလ်က အကျိုးပေးခွင့် မရသေးဘဲ တပါးသော အပရာပရိယ ကောင်းမှု ကုသိုလ်ကံက အကျိုးပေးခွင့် ရတဲ့အတွက် ထိုသူ လူဖြစ်လာလျှင် မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသား = အမျိုးလေးပြား ဖြစ်လေရာ ဘဝမှာ သား သမီး အခြွေအရံ တပည့်ပရိသတ် နည်းပါးသော မင်း၊ နည်းပါးသော ပုဏ္ဏား၊ နည်းပါး သော သူကြွယ်၊ နည်းပါးသော ဆင်းရဲသား ဖြစ်လာ တယ်။)

ဇာတိပါ အကြိမ်

http://www.dhammadownload.com



အပ္ပေသက္ခသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ဣဿာမနကော ဟောတိ၊ ပရလာဘ သက္ကာရ ဂရုကာရ မာနန ဝန္ဒန ပူဇနာသု ဣဿတိ ဥပဒုဿတိ ဣဿံ ဗန္ဓတိ။

(သုဘလုလင်....၊ ဣဿာဆိုတဲ့ မနာလိုစိတ်ရှိခြင်း၊ သူတပါးတို့ လာဘ်ရမှု၊ သူတပါးတို့ အရိအသေပြု ခံရမှု၊ သူတပါးတို့ အလေးပြုခံရမှု၊ သူတပါးတို့ အမြတ်နိုး ခံရမှု၊ သူတပါးတို့ ရှိခိုးခံရမှု၊ သူတပါးတို့ အပူဇော် ခံရမှုတို့၌ မနာလို=ငြူစူ ပြစ်မှားနေခြင်း ဣဿာ တရားဆိုးကြီးကို ဖွဲ့နှောင်၍ထားခြင်းဟာဖြင့် အခြွေအရံနည်း ပါးစေတတ်တဲ့ မိစ္ဆာအကျင့် ပဋိပတ်ဖြစ်တယ်။

ဤစတုတ္ထပုစ္ဆာ (က) အဖြေအတွက် အချုပ်သင်္ဂြိုဟ် ကို—

ပနာလိုငြား၊ ဣဿာပွား၊ နည်းပါးခြွေရံမှာ။

ဤကဲ့သို့ မှတ်ယူရာ၏။ ။

## စတုတ္ထ ပုစ္ဆာ (ခ) အဖြေ

မြတ်စွာဘုရားက ဆက်လက်ပြီး စတုတ္ထပုစ္ဆာရဲ့ (ခ) အဖြေကို ဤကဲ့သို့ ဟောတော်မူတယ်....။

ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ အနိဿာမနကော ဟောတိ၊ ပရလာဘ သက္ကာရ ဂရုကာရ မာနန ဝန္ဒန ပူဇနာသု န ဣဿတိ န ဥပဒုဿတိ န ဣဿံ ဗန္ဓတိ။

(သုဘလုလင်....၊ ဤလောကမှာ အချို့အချို့သော မိန်းမ၊ ယောကျ်ားဟာ ဣဿာဆိုတဲ့ မနာလိုစိတ် မရှိ

http://www.dhammadownload.com



ကြသူး၊ သူတပါးတို့ လာဘ်ရခြင်း၊ အရိုအသေပြုခံရခြင်း၊ အလေးပြုခံရခြင်း၊ အမြတ်နိုးခံရခြင်း၊ ရှိအခိုးခံရခြင်း၊ အပူဇော်ခံရခြင်းတို့၌ မနာလို=ငြူစူမှုကင်းပြီး ဣဿာတရားဆိုးကို အထုပ်ကြီးပမာ ဖွဲ့နှောင်မထားဘဲ သူတပါးရဲ့စည်းစိမ်ကို ဝမ်းမြောက်ဝမ်းသာ မုဒိတာ ဗြဟ္မစိုရ်တရား ထားရှိတယ်။)

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

(သုဘလုလင်....၊ အဲဒီ မုဒိတာ ဗြဟ္မစိုရ် ပြဋ္ဌာန်းတဲ့ မဟာကုသိုလ်ကံရဲ့ အရှင်ဟာ လူ့ဘဝက ကိုယ်ခန္ဓာ ပြတ်ကြွေ စုတေပြီးတဲ့ နောက်မှာ နတ်ပြည်လောကဌ် ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရတယ်။)

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ မဟေသက္ခော ဟောတိ။

(အကယ်၍ တမလွန်လောကမှာ မုဒိတာပြဋ္ဌာန်းတဲ့ မငြူစူခြင်း မဟာကုသိုလ်ကံ အကျိုးပေးခွင့် မရသေးဘဲ တပါးသော အပရာပရိယဝေဒနီယကံ ကုသိုလ်ကံက အကျိုးပေးခွင့် ရတဲ့အတွက် ထိုသူ လူဖြစ်လာလျှင် မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသား=အမျိုးလေးဖြာ ဖြစ်လေရာဘဝမှာ သား သမီး အခြွေအရံ တပည့် ပရိသတ် ပေါများသော မင်း၊ ပေါများသော ပုဏ္ဏား၊ ပေါများသော သူကြွယ်၊ ပေါများသော ဆင်းရဲသား ဖြစ်လာတယ်။)

တတိယအကြိမ်

http://www.dhammadownload.com



မဟောသက္ခသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ အနိဿာမနကော ဟောတိ၊ ပရလာဘ သက္ကာရ ဂရုကာရ မာနန ဝန္ဒန ပူဇနာသု န ဣဿတိ န ဥပဒုဿတိ န ဣဿံ ဗန္ဓတိ။

(သုဘလုလင်....၊ မနာလိုစိတ် ဘိတ်မရှိဘဲ သူတပါး တို့ လာဘ်ရခြင်း၊ အရိုအသေပြုခံရခြင်း၊ အလေးပြု ခံရခြင်း၊ အမြတ်နိုးခံရခြင်း၊ ရှိအခိုးခံရခြင်း၊ အပူ ဇော်ခံရခြင်းတို့၌ မနာလို = ငြူစူမှုကင်းပြီး ဣဿာ တရားဆိုးကို အထုပ်ကြီးပမာ ဖွဲ့နှောင်၍ မထားဘဲ သူတပါးရဲ့ စည်းစိမ်ကို ဝမ်းမြောက်ဝမ်းသာ မုဒိတာ ဗြဟ္မစိုရ်တရား ထားရှိခြင်းသည် အခြွေအရံများစေ တတ်တဲ့ သမ္မာပဋိပတ် အကျင့်မြတ်ဖြစ်တယ်။)

ဤ စတုတ္ထ ပုစ္ဆာ (က) နှင့် (ခ) အဖြေတို့အတွက် အချုပ်လင်္ကာကို–

**(က) မနာလိုငြား၊ ဣဿာပွား နည်းပါး ခြွေရံမှာ။**

**(ခ) ထိုမှအပြန်၊ ကောင်းကျိုးမှန် ဝေဖန်သိထိုက်စွာ။**

ဤကဲ့သို့ မှတ်ယူရာ၏။ ။

မှတ်ဖွယ်အထူး ပြဆိုပါဦးမည်။

မကောင်းမှု အကုသိုလ်ကံကြောင့် အပါယ်လေး ဘုံသို့ ရောက်ရခြင်းနှင့် ကောင်းမှု ကုသိုလ်ကံကြောင့် နတ်ပြည်+လူ့ပြည်သို့ ရောက်ရခြင်း ဆိုတဲ့ ကမ္မ ဝိဘင်္ဂအရာဝယ် ဘုံသဘောသည် သုံးမျိုးရှိတယ်။

(၁) သံတုံး သံခဲကြီးများကို နှစ်ပေါင်းများစွာ မီးထဲမှာ အမြဲဖုတ်ထားလျှင် တစ်နေ့မှာ အရည် ဖြစ်ပြီး ကစဉ့်ကရဲ ပျောက်သွားမယ်၊ လူရဲ့ အသုံး

http://www.dhammadownload.com



အဆောင် ပေါက်တူး၊ တူးရွင်း၊ ဓား၊ ခက်ရင်း၊ ဘာမှ မဖြစ်လာဘူး။

(၂) သံတုံး သံခဲကြီးများကို နှစ်ပေါင်းများစွာ ရေထဲမှာ အမြဲစိမ်ထားလျှင် သံချေးတက်ပြီး ရေယက်လှုပ်စားတာနဲ့ အရည်ဖြစ်ပြီး ပျောက်သွားမယ်၊ လူရဲ့အသုံးအဆောင်၊ ပေါက်တူး၊ တူးရွင်း၊ ဓား၊ ခက်ရင်း စသည် ဘာမှ မဖြစ်လာဘူး။

(၃) သံတုံး သံခဲကြီးများကို မီးထဲမှာ ဖုတ်ပေးလိုက်၊ တစ်ခါထုတ်ပြီးတော့ ကိုယ်ကြိုက်တဲ့ပုံရအောင် တူနဲ့ ထုပေး ပြင်ပေးလိုက်၊ သင့်လျော်အောင် ရေထဲချပေးလိုက်၊ အဲဒီလို မီးတလှည့်၊ တူတလှည့်၊ ရေတလှည့်၊ တဖန် မီးတလှည့်၊ တူတလှည့်၊ ရေတလှည့် အကြိမ်ကြိမ် ပြုပြင်ပေးသွားလျှင် တစ်နေ့ကျတော့ အဲဒီ သံတုံး သံခဲဟာ လူရဲ့အသုံးအဆောင် ပေါက်တူး၊ တူးရွင်း၊ ဓား၊ ခက်ရင်း စသည် ဖြစ်လာမှာ ကေန္နပဲ။ (ဒါက ဥပမာဖြစ်တယ်။)

ထို့အတူပင် ဘုံသဘောလဲပဲ သုံးမျိုးရှိတယ်။

(၁) ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်= အပါယ်လေးဘုံမှာ ဖြစ်နေတဲ့ ခန္ဓာကိုယ် တည်း ဟူသော သံတုံး သံခဲက ဒုက္ခတည်းဟူသော မီးထဲမှာ အမြဲ ဖုတ်ထားတယ်။ မီးထဲမှာ အမြဲ ဖုတ် ထား တဲ့ သံတုံး။ နေ့လဲ ဒုက္ခမီးထဲ၊ ညလဲ ဒုက္ခမီးထဲမှာ အမြဲ ဖုတ် ထား တ ယ်။ ''ငရဲ တိရိစ်၊ ပြိတ် အသူရာ၊ ပါယ်လေးရွာ'' ဆိုတဲ့ အောက် အပါယ်လေးဘုံက

http://www.dhammadownload.com



ခန္ဓာဟာ အချိန်တိုင်းအချိန်တိုင်း ဒုက္ခတည်းဟူသော မီးထဲမှာအမြဲဖုတ်ထားတဲ့ သံတုံးသံခဲဖြစ်လို့ တစ်ဘဝသာ ဆုံးသွားတယ်၊ ပါရမီ ကောင်းမှု ကုသိုလ်ဆိုတဲ့ သတ္တုဝါရဲ့ အသုံးအဆောင် ဘာမှ မရလိုက်ဘူး။

(၂) နတ်ပြည် မြဟ္မာ့ပြည်က ခန္ဓာကျတော့ ထိုနတ်ပြည် မြဟ္မာ့ပြည်မှာက ဆင်းရဲဒုက္ခမရှိတဲ့အတွက် နတ်+မြဟ္မာတို့ရဲ့ ခန္ဓာကိုယ်တည်းဟူသော သံတုံးသံခဲဟာ သုခချမ်းသာတည်းဟူသော ရေထဲမှာ အမြဲစိမ်ထားတာဖြစ်တော့ တစ်ဘဝသာ ဆုံးသွားတယ်၊ ပါရမီကောင်းမှု ကုသိုလ်ဆိုတဲ့ သတ္တုဝါရဲ့ အသုံးအဆောင် ဘာမှ မရလိုက်ဘူး။

ဒါ့ကြောင့် ဘုရားအလောင်းတော်ကြီးများ ပါရမီဖြည့်စဉ်အခါ တစ်ခါတစ်ရံများသောအားဖြင့် လူ့ဘဝက သေပြီးယင် နတ်ပြည် + မြဟ္မာ့ပြည် ရောက်သွားကြတယ်။ ရောက်တဲ့အခါ ''ယခုအခါ ငါ ဘယ်ရောက်လာပါလိမ့်'' လို့ ဆင်ခြင်ကြည့်တော့ နတ်ပြည်သို့ ရောက်မှန်းသိတယ်၊ နတ်ပြည်ဆိုတာ အလောင်းတော်ကြီးများရဲ့ ဉာဏ်မျက်စိနဲ့ ဆင်ခြင်ကြည့်လျှင် လူ့ပြည်မှာ စီးပွားဉစ္စာ ရှာပြီးတော့ အဲဒီစီးပွားဉစ္စာနဲ့ ချမ်းချမ်းသာသာ အပန်းဖြေ အနားယူတဲ့ စခန်း (မောင်းမကန်တို့၊ ငပလီတို့)ကို သွားပြီး သက်ဆိုင်ရာဌာနသို့ အခကြေးငွေ ပေးပြီး ဘာမှအလုပ်မလုပ်ပဲ အချိန်ကျ အစားအသောက်ရောက်လာ၊ ချမ်းသာစွာနေ၊ အနားယူသလို–

နတ်ပြည်+ မြဟ္မာ့ပြည်ဆိုတာ ကုသိုလ်ကောင်းမှု ဉစ္စာတွေပေးပြီး နတ်ချမ်းသာ၊မြဟ္မာ့ချမ်းသာ ခံစား

http://www.dhammadownload.com



ပြီး အနှာ:ယူရာ ဘုံဌာနဖြစ်တယ်။ သံတုံးသံခဲကို အမြဲရေစိမ်ထားတာနဲ့တူတယ်။ တစ်ဘဝသာ ဆုံးသွားတယ်၊ ပါရမီကောင်းမှု ကုသိုလ်ရယ်လို့ မဖြစ်လိုက်ဘူး။ ထို့ကြောင့် အလောင်းတော်ကြီးများ နတ်ပြည်၊ ဗြဟ္မာ့ပြည် သွားဖြစ်တဲ့အခါ ကမ္မာသာ မပျက်လို့ကတော့ နတ်သက် + ဗြဟ္မာသက် ပြည့်အောင် မနေဘူး။ အဓိမုတ္တိမရဏဆိုတဲ့ သေခြင်းမျိုးနဲ့ ဓိမာန်ထဲဝင်ပြီး နတ်ဖြစ်လျှင် ထွက်သက်ဝင်သက် အောင့်ထား (ဗြဟ္မာဖြစ်လျှင် ပင်ကိုက ထွက်သက်ဝင်သက် မရှိတဲ့အတွက် အောင့်ထားစရာမလို၊ ဆိတ်ဆိတ်နေ)လိုက်လျှင်ပင် နတ်သက် + ဗြဟ္မာသက် ကြွေ၍ လူ့ပြည်မှာ ပြန်ဖြစ်တယ်။

(၃) လူ့ပြည်မှာတော့ ခန္ဓာကိုယ်တည်းဟူသော သံတုံးသံခဲကို အနိဋ္ဌလောကဓံ ဆိုတဲ့ ဒုက္ခမီးထဲ ကျလိုက်(ဖုတ်လိုက်)၊ ယောနိသောမနသိကာရဆိုတဲ့ တူနဲ့ထုလိုက် (ပြုပြင်ပေးလိုက်)၊ ဣဋ္ဌလောကဓံဆိုတဲ့ သုခရေထဲ နှစ်ပေးလိုက်၊ တစ်ဖန် အနိဋ္ဌလောကဓံဆိုတဲ့ ဒုက္ခမီးထဲ ဖုတ်လိုက်၊ ယောနိသောမနသိကာရဆိုတဲ့ တူနဲ့ထုလိုက်၊ ပြုပြင်ပေးလိုက်၊ ဣဋ္ဌလောကဓံဆိုတဲ့ သုခရေထဲ နှစ်ပေးလိုက်၊ ထိုသို့ အနိဋ္ဌလောကဓံ ဒုက္ခ၊ ယောနိသောမနသိကာရတူ၊ ဣဋ္ဌလောကဓံသုခ-တို့နဲ့ တွေ့ဖန်များတော့ မီးတစ်လှည့်၊ တူတစ်လှည့်၊ ရေတစ်လှည့် အကြိမ်ကြိမ် ပြုပြင် ပေးအပ်တဲ့ သံတုံးသံခဲဟာ ကိုယ်လိုချင်တဲ့ လူ့အသုံးအဆောင် ပေါက်တူး၊ တူးရွင်း၊ ဓား၊ ခက်ရင်း ဖြစ်လာသလို ဒီခန္ဓာအစဉ်မှာ သမ္မာသမ္ဗောဓိဉာဏ်၊

http://www.dhammadownload.com



ပစ္စေကဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ်ဆိုတဲ့ ကိုယ်ရည်သန်အပ်သည့် ဗောဓိဉာဏ်သုံးမျိုး အသီးသီးဖြစ်လာတယ်။ အလောင်းတော် ကြီးများဟာ လူ့ဘဝကို ဤအတိုင်း တန်ဖိုးထားပြီး မြင်တော်မူကြတယ်။

---

## ပဉ္စမပြဿနာအတွဲ အဖြေ

ပဉ္စမပြဿနာအတွဲက (က) အချို့မှာ စီးပွား ဥစ္စာနည်းပါတယ်၊ (ခ) အချို့မှာ စီးပွား ဥစ္စာ ပေါများတယ်၊ ဘာ့ကြောင့်လဲ....တဲ့။

## ပဉ္စမ ပုစ္ဆာ (က) အဖြေ

မြတ်စွာဘုရားက ဆက်လက်ပြီး ပဉ္စမ ပုစ္ဆာရဲ့ (က) အဖြေကို ဤသို့ ဟောတော်မူတယ်။

ဣဓ မာဏဝ ကေစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ န ဒါတာ ဟောတိ သမဏာဿ ဝါ ဗြာဟ္မဏာဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာ+ဂန္ဓ+ဝိလေပနံ သေယျာ+ဝသထ+ပဒီပေယျံ။

မာဏဝ=သုဘမည်တွင် အို–လုလင်....။ ဣဓ= ဤလောက၌။ ကေစ္စော = အချို့သော။ ဣတ္ထီ= ဝါ = မိန်းမသည်လည်းကောင်း။ ပုရိသော ဝါ= ယောကျ်ားသည်လည်းကောင်း။ သမဏာဿ ဝါ= ရဟန်းအား လည်းကောင်း။ ဗြာဟ္မဏာဿ ဝါ= ပုဏ္ဏားအား လည်းကောင်း။ အန္နံ = စားဖွယ် ကိုလည်းကောင်း။ ပါနံ = သောက် ဖွယ် ကို လည်းကောင်း။ ဝတ္ထံ=အဝတ်သက်နန်းကိုလည်းကောင်း။

http://www.dhammadownload.com



ယာနံ=ထီး ဖိနပ် ယာဉ်ကို လည်းကောင်း။ မာလာ+ဂန္ဓ+ဝိလေပနံ = ပန်း၊ နံ့သာ၊ နံ့ သာ ပျောင်း (နံ့သာပျော့= ကော့စမစ်တစ်) ကိုလည်းကောင်း။ သေယျာ+ဝသထ+ပဒီပေယျံ = အိပ်ရာနေရာ၊ ဇရပ် တန်ဆောင်း၊ ဆီမီးကိုလည်းကောင်း။ န ဒါတာ= မပေးမလှူသည်။ ဟောတိ=ဖြစ်၏။

(သုဘာလုလင်....၊ လောကမှာ အချို့သောမိန်းမ+ယောကျ်ားများဟာ မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ သမဏ+ဗြာဟ္မဏ ခေါ်တွင် သူတော်စင်တို့အား စားဖွယ် သောက်ဖွယ်၊ အဖျော်ယာမကာ၊ အဝတ်၊ ပုဆိုး၊ သင်္ကန်း ယာဉ်ရထား (လူ့လောကအတွက်) (သာသနာမှာတော့ ထီး ဖိနပ်ကို ယာဉ် လို့ ခေါ်တယ်။) ပန်းရယ်၊ နံ့သာရယ်၊ နံ့သာပျောင်း= (နံ့သာပျော့= ကော့စမစ်တစ်)၊ အိပ်ရာ နေရာ၊ ဇရပ် တန်ဆောင်း၊ ကျောင်း ဓမ္မာရုံ၊ အဆောက်အအုံ၊ လျှပ်စစ် ဆီမီးများ= အဲဒီ ဒါနဝတ္ထု (၁၀)မျိုးတွင် တစ်မျိုးကိုမှ မလှူမတန်းဘဲ နေတတ်တယ်။

အဲဒီ မလှူမတန်းတာကိုက မစ္ဆရိယ ဖြစ်တယ်။ ထိုသူကို မစ္ဆရိယက အောင်နိုင်သွားပြီ ဆိုယင် မစ္ဆရိယက ဒေါသမူစိတ်မှာသာ ယှဉ်တတ်တဲ့အတွက် မစ္ဆရိယ လွှမ်းမိုးတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဒေါသမူစိတ်တွေ ဖြစ်နေတတ်တယ်။ အဲဒီ မစ္ဆရိယ ခေါင်းဆောင်တဲ့ ဒေါသမူစိတ်ကို အကြောင်းပြုပြီး အကြားအကြားမှာ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးခြင်း အစရှိတဲ့ ဒုစရိုက်မှုတွေ ဝင်လာတတ်တယ်။ ဒုစရိုက်မှုတွေ ဝင်လာပြီ ဆိုတော့)–

http://www.dhammadownload.com



**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**

(သုဘလုလင်....၊ မစ္ဆေရပွား မလှူခြားသည်ကို အကြောင်း အခြေခံထားပြီး အခြား အခြား သော အကုသိုလ်ကံတွေကို အပြည့်အစုံပြုသူသည် စုတိပြတ်ကြွေ သေလွန်သည်၏ အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် = အပါယ်လေးဘုံသို့ သွားရောက်ပြီး ပဋိသန္ဓေ တည်နေရတတ်တယ်။)

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ အပ္ပ-ဘောဂေါ ဟောတိ။**

(အဲဒီ မစ္ဆရိယခေါင်းဆောင်တဲ့ အကုသိုလ်ကံ အကျိုးပေးခွင့်မရသေးဘဲ တပါးသောအပရာပရိယကောင်းမှု ကုသိုလ်ကံ အကျိုးပေးခွင့် ရတဲ့အတွက် ထိုသူ လူဖြစ်လာလျှင် ဖြစ်လေရာရာ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသား ဆိုတဲ့ အမျိုးလေးပါးမှာ စီးပွားဥစ္စာ နည်း ပါး တဲ့ မင်း၊ စီးပွားဥစ္စာ နည်းပါးတဲ့ ပုဏ္ဏား၊ စီးပွားဥစ္စာ နည်းပါးတဲ့ သူကြွယ်၊ စီးပွားဥစ္စာနည်းပါးတဲ့ ဆင်းရဲသားမျိုးမှာ ဖြစ်လာတတ်တယ်....။ အသုံးအဆောင် နည်းပါးတဲ့ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသားဖြစ်လာ ဟတ်တယ်....။)

ဒါနကောင်းမှု မပြုယင် မင်းပဲဖြစ်ဖြစ်၊ ပုဏ္ဏားပဲ ဖြစ်ဖြစ်၊ သူဌေးသူကြွယ်ပဲ ဖြစ်ဖြစ်၊ ဆင်းရဲသားပဲဖြစ်ဖြစ်

http://www.dhammadownload.com



စီးပွားဥစ္စာ ပြည့်ပြည့်စုံစုံ သူတပါးနည်းတူ မရှိတတ်ဘူး။ ဘာကြောင့်လဲဆိုတော့—

အပ္ပဘောဂသံဝတ္တနိကာ ယော မာဏဝ ပဋိပဒါ ယဒိဒံ န ဒါတာ ဟောတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာ+ဂန္ဓ+ဝိလေပနံ သေယျာ+ဝသထ+ပဒီပေယျံ။

(သုဘလုလင်....၊ ရဟန်း ပုဏ္ဏား သူမြတ်များအား စားဖွယ် သောက်ဖွယ်၊ အဝတ်သင်္ကန်း၊ ပန်းနံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ နေရာ၊ ကျောင်း၊ လျှပ်စစ်မီး၊ ဆီမီးဆိုတဲ့ လှူဖွယ်ဝတ္ထုဆယ်ပါးတို့ကို မလှူဒါန်းခြင်းသည် စီးပွားဥစ္စာ နည်းပါးမှုကို ဖြစ်စေတတ်တဲ့ အသုံးအဆောင်နည်းစေတတ်တဲ့ မိစ္ဆာပဋိပတ်ဖြစ်တယ်....။)

ဤ ပဉ္စမပုစ္ဆာ (က) အဖြေအတွက် အချုပ်လင်္ကာကို—

**မဒ္ဓေရပွား၊ မလှူဌြား၊ နည်းပါး ကိုယ့်ဥစ္စာ။**

ဤကဲ့သို့ မှတ်ယူရာ၏။ ။

---

## ပဉ္စမပုစ္ဆာ (ခ) အဖြေ

မြတ်စွာဘုရားက ဆက်လက်ပြီး ပဉ္စမပုစ္ဆာ (ခ) ရဲ့ အဖြေကို ဤသို့ ဟောတော်မူတယ်....။

ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ဒါတာ ဟောတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာ+ဂန္ဓ+ဝိလေပနံ သေယျာ+ဝသထ+ပဒီပေယျံ။

မာဏဝ= သုဘမည်တွင် အို–လုလင်....။ ဣဓ= ဤလောက၌။ ဧကစ္စော= အချို့သော။ ဣတ္ထီ ဝါ=

http://www.dhammadownload.com



မိန်းမသည်လည်းကောင်း။ ပုရိသော ဝါ=ယောကျ်ားသည်လည်းကောင်း။ သမဏဿ ဝါ=ရဟန်းအားလည်းကောင်း။ ဗြာဟ္မဏဿ ဝါ=ပုဏ္ဏားအားလည်းကောင်း။ အန္နံ= စားဖွယ်ကို လည်းကောင်း။ ပါနံ= သောက်ဖွယ်ကိုလည်းကောင်း။ ဝတ္ထံ=အဝတ်သက်န်းကိုလည်းကောင်း။ ယာနံ= ထီးဖိနပ်ယာဉ်ကိုလည်းကောင်း။ မာလာ+ဂန္ဓ+ ဝိလေပနံ = ပန်း+နံ့သာ+နံ့သာပျောင်း (နံ့သာပျော့= ကော့စမ်တစ်)ကို လည်းကောင်း။ သေယျာ+ ဝသထ+ ပဒီ-ပေယျံ=အိပ်ရာ နေရာ၊ဇရပ်တန်ဆောင်း၊ လျှပ်စစ်မီး၊ ဆီမီးကိုလည်းကောင်း။ ဒါတာ = ပေးလှူသည်။ ဟောတိ=ဖြစ်၏....။

(သုဘလုလင်....၊ လောကမှာ အချို့သော မိန်းမ+ယောကျ်ားများဟာ မြတ်သော အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ သမဏ+ဗြာဟ္မဏ ခေါ်တွင် သူတော်စင်တို့အား စားဖွယ် သောက်ဖွယ်၊ အဖျော်ယာမကာ၊ အဝတ်၊ ပုဆိုး၊ သင်္ကန်း၊ (လူ့လောကအတွက်) ယာဉ် ရထား (သာသနာအတွက်) ထီး၊ ဖိနပ်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ နေရာ၊ ဇရပ် တန်ဆောင်း၊ ကျောင်း ဓမ္မာရုံ၊ လျှပ်စစ်မီး၊ ဆီမီးများ အဲဒီ ဒါနဝတ္ထု (၁၀) မျိုးတို့ကို ပေးလှူတယ်....။

အဲဒီ ဒါန ကောင်းမှုကို ပုဗ္ဗ+မုဉ္စ+အပရ ဆိုတဲ့ စေတနာသုံးတန် အပြည့်အစုံ=ယညသမ္ပဒါဖြစ်အောင် ပြုလုပ်ပြီ ဆိုလျှင်....)-

တတိယအကြိမ်

http://www.dhammadownload.com



သော တေန ကမ္မေန ဝေ သမတ္တေန ဝေ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

(သုဘလုလင်....၊ အဲဒီ ယညသမ္ပဒါ မဟာကုသိုလ်ရဲ့ အရှင်ဟာ လူ့ဘဝက ကိုယ်ခန္ဓာပြတ်ကြွေ စုတေပြီးတဲ့ နောက်မှာ နတ်ပြည်လောကဥ ဘဝပဋိသန္ဓေ ကပ်ရောက် ၍ နေရတယ်....။)

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ။ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ မဟာ- ဘောဂေါ ဟောတိ။

(အကယ်၍ တမလွန် လောကမှာ ယညသမ္ပဒါ ဒါနကုသိုလ်ကံ အကျိုးပေးခွင့် မရသေးဘဲ တပါးသော အပရာပရိယ ကောင်းမှု ကုသိုလ်ကံက အကျိုးပေးခွင့် ရတဲ့အတွက် ထိုသူ လူဖြစ်လာလျှင် မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲသား၊ အမျိုးလေးဖြာ ဖြစ်လေရာရာ ဘဝမှာ အဲဒီ ယညသမ္ပဒါ ဒါနကောင်းမှု ကုသိုလ်ကံ က ထောက်ပံ့လို့ ဥစ္စာ စီးပွား အသုံးအဆောင် ပေါများတဲ့ မင်း၊ ပေါများတဲ့ ပုဏ္ဏား၊ ပေါများတဲ့ သူကြွယ်၊ ပေါများတဲ့ဆင်းရဲသား ဖြစ်လာတတ်တယ်။ ဘာ့ကြောင့်လဲ ဆိုတော့)—

မဟာဘောဂသံဝတ္တနိကာ ဧသော မာဏဝ ပဋိပဒါ ယဒိဒံ ဒါတာ ဟောတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာ+ဂန္ဓ+ဝိလေပနံ သေယျာ+ဝသထ+ပဒီပေယျံ။

ဘတ်ယအကြိမ်

http://www.dhammadownload.com



(သုဘာလုလင်....၊ ရဟန်း+ပုဏ္ဏား သူမြတ်များအား စားဖွယ် သောက်ဖွယ်၊ အဝတ် သင်္ကန်း၊ ပန်း နံ့သာ၊ နံ့သာပျောင်း၊ အိပ်ရာ နေရာ၊ ကျောင်း၊ လျှပ်စစ်မီး၊ ဆီမီး ဆိုတဲ့ လှူဖွယ်ဝတ္ထု ဆယ်ပါးတို့ကို လှူဒါန်းခြင်း သည် စီးပွား ဥစ္စာ အသုံးအဆောင် ပေါများမှုကို ဖြစ်စေတတ်တဲ့ သမ္မာပဋိပတ်ဖြစ်တယ်။)

ဤ ပဉ္စမ ပုစ္ဆာ (က) နှင့် (ခ) အဖြေ တို့အတွက် အချုပ်လင်္ကာကို−

**(က) မဒွေးမှုပွား၊ မလှူပြား၊ နည်းပါး ကိုယ့်ဥစ္စာ။**
**(ခ) ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ဝေဖန်သိအပ်စွာ။**

ဤကဲ့သို့ မှတ်ယူရာ၏။

---

## ဆဋ္ဌမပြဿနာအတွဲ အဖြေ

ဆဋ္ဌမပြဿနာအတွဲက (က)''လူလူချင်း အတူတူ ဖြစ်ပါလျက် အချို့မှာ မြတ်သော အမျိုး၌ ဖြစ်ကြတယ်။ (ခ) အချို့မှာ နိမ့်ကျတဲ့အမျိုးမှာ ဖြစ်ကြတယ်။ ဆင်းရဲ သားထဲမှာလဲ ပန်းမှိုက်သွန် ဘင်ကျုံးတဲ့ ဒွန်းစဏ္ဍား ပုဂ္ဂိုလ်တွေကျတော့ ဆင်းရဲသားကသော်မှလဲ ''ဟာ.... ဒီလူတွေဟာ အမျိုးညံ့တဲ့ ဖုန်းတောင်းယာစကာတွေ'' လို့ ပြောဆိုကြရတယ်။ အဲဒီလို နှစ်မျိုးနှစ်စား ကွဲပြားရ တာဟာ ဘာ့ကြောင့်လဲ''လို့ မေးတယ်။

## ဆဋ္ဌမပုစ္ဆာ (က) အဖြေ

မြတ်စွာဘုရားက ဆက်လက်ပြီး ဆဋ္ဌမပုစ္ဆာရဲ့ (က) အဖြေကို ဤကဲ့သို့ ဟောတော်မူတယ်....။

ဘဒ္ဒိယအကြိုင်

http://www.dhammadownload.com



ဇာမ မာဏဝ ကေစွော ဇတ္ထိ ဝါ ပုရိသော ဝါ ပါ တဒ္ဓေါ ဟောတိ အတိမာနီ–အဘိဝါဒေတဗ္ဗံ န အဘိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ န ပစ္စုဋ္ဌေတိ၊ အာသနာရဟဿ န အာသနံ ဒေတိ၊ မဂ္ဂါရဟဿ န မဂ္ဂံ ဒေတိ၊ သက္ကာတဗ္ဗံ န သက္ကရောတိ၊ ဂရုကာတဗ္ဗံ န ဂရုကရောတိ၊ မာနေတဗ္ဗံ န မာနေတိ၊ ပူဇေတဗ္ဗံ န ပူဇေတိ။

*မာဏဝ=သုဘမည်သွင် အို–လုလင်....။ ဇာမ= ဤလောကဌ်။ ကေစွော=အချို့သော။ ဇတ္ထိ ဝါ= မိန်းမသည်လည်းကောင်း။ပုရိသော ဝါ=ယောကျ်ားသည်လည်းကောင်း။ ထဒ္ဓေါ = ခက်ထန်သည်။ အတိမာနီ=မိမိကိုယ်ကို အထင်ကြီးသည်။ ဟောတိ= ဖြစ်၏။ အဘိဝါဒေတဗ္ဗံ န အဘိဝါဒေတိ= မိမိက ရှိခိုးရမည့် ပုဂ္ဂိုလ်ကို ရှိမခိုး။ ပစ္စုဋ္ဌာတဗ္ဗံ န ပစ္စုဋ္ဌေတိ=မိမိက ခရီးဦးကြိုဆိုရမည့် ပုဂ္ဂိုလ်ကို ခရီး ဦးမကြိုဆို။ အာသနာရဟဿ န အာသနံ ဒေတိ= နေရာပေးထိုက်သူ သက်ကြီးရွယ်အိုများအား နေရာ ကို မပေး။ မဂ္ဂါရဟဿ န မဂ္ဂံ ဒေတိ= လမ်းခရီး ပေးထိုက်သူ သက်ကြီးရွယ်အိုများအား လမ်းခရီးကို မပေး။ သက္ကာတဗ္ဗံ န သက္ကရောတိ= အရိုအသေ ပြုရ မည့် ပုဂ္ဂိုလ်ကို အရိုအသေမပြု။ ဂရုကာတဗ္ဗံ န ဂရုကရောတိ = အလေးပြုရမည့် ပုဂ္ဂိုလ်ကို အလေး မပြု။ မာနေတဗ္ဗံ န မာနေတိ=မြတ်နိုးရမည့်ပုဂ္ဂိုလ်ကို မမြတ်နိုး။ ပူဇေတဗ္ဗံ န ပူဇေတိ=ပူဇော်ရမည့်ပုဂ္ဂိုလ် ကို မပူဇော်။

တတိယအကြိမ်

http://www.dhammadownload.com



(သုဘလုလင်....၊ ဤလောကမှာ အချို့အချို့သော မိန်းမ+ယောကျ်ားများဟာ မာန်မာန ခက်ထန်တယ်၊ ကိုယ့်ကိုယ်ကို သိပ်ပြီး အထင်ကြီးတယ်။ (အဲဒီလို မာန်မာနခက်ထန် ကိုယ့်ကိုယ်ကို အထင်ကြီးတဲ့အတွက်) ရှိခိုးရမည့် ပုဂ္ဂိုလ်ကို ရှိမခိုးနိုင်ဘူး၊ ခရီးဦး ကြို ဆို ရ မည့် ပုဂ္ဂိုလ်ကို ခရီးဦး မကြိုဆိုနိုင်ဘူး။ (မာန် မာန တည်းဟူသော ထွန်တုံးကြီးကို မျိုထားလို့) နေရာပေးထိုက်တဲ့ သက်ကြီးရွယ်အိုများ လာလျှင် နေ ရာ မ ပေး ဘူး၊ လ မ်း ခရီး မှာ ဆိုလျှင်လဲ ကိုယ့်ထက် သက်ကြီးရွယ်အိုများအား ကိုယ်က ဘေးကဖယ်လက်အုပ်ချီပြီး လမ်းခရီးပေးရမည်ကို မပေးဘူး။ (တကတဲ ပခုံးချင်းများတောင် တိုက်သွားမယ့်ပုံကြီး။ အဲဒါ ဘာလဲဆိုတော့ မာန်မာနကြီးတာ၊မကျိုးနွံတာ၊ မာန်မာနကြီးလျှင် ဒီအမူအရာတွေ ပေါ်ကုန်တယ်။ အရိုအသေပြုရမည့် ပုဂ္ဂိုလ်ကို အရိုအသေမပြု၊ အလေးပြုရမည့် ပုဂ္ဂိုလ်ကို အလေးမပြု၊ မြတ်နိုးရမည့်ပုဂ္ဂိုလ်ကို မမြတ်နိုး၊ ပူဇော်ရမည့်ပုဂ္ဂိုလ်ကို မပူဇော်တော့ဘူး။

မာနတရားကို ဗိုလ်မှူး တပ်မှူး ခန့်ထားတော့ ပြုရမှာတွေကို မပြုပဲ မပြုရမည့် အဲဒီ ဒုစရိုက်အကုသိုလ်တွေကို လျှောက် ပြု တော့ တယ်၊ ပြုမှား ပြစ်မှားကုန်တော့)—

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

(သုဘလုလင်....၊ မာနတရားလျှင် အကြောင်းရင်းရှိတဲ့ အကုသိုလ်ကံတွေကို အပြည့်အစုံ ပြုသူသည် စုတိ

http://www.dhammadownload.com



ပြတ်ကြွေ သေလွန်သည်၏ အခြားမဲ့၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်လေးဘုံသို့ သွားရောက်ပြီး ဘဝပဋိသန္ဓေ တည်နေရတတ်တယ်။

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာ-ယတိ၊ နီစကုလီ နော ဟောတိ။

(အဲဒီ မာနတရား ခေါင်းဆောင်တဲ့ အကုသိုလ်ကံ အကျိုးပေးခွင့် မရသေးဘဲ တပါးသော အပရာပရိယ ကောင်းမှု ကုသိုလ်ကံ အကျိုးပေးခွင့် ရတဲ့အတွက် ထိုသူ လူဖြစ်လာလျှင် အင်မတန် ယုတ်ညံ့တယ်ဆိုတဲ့ ဒွန်းစဏ္ဍားမျိုး၊ ပန်းမှိုက်သွန်မျိုး၊ ဘင်ကျုံးမျိုး ဆိုတဲ့ အောက်တန်းအကျဆုံး သူတောင်းစားမျိုးမှာ လာပြီးတော့ ဖြစ်ရတယ်။ ဘာ့ကြောင့်လဲ ဆိုတော့)-

နီစကုလီနသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ထဒ္ဓေါ ဟောတိ အတိမာနီ အဘိဝါဒေတဗ္ဗံ န အဘိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ န ပစ္စုဋ္ဌာတိ၊ အာသနာရဟဿ န အာသနံ ဒေတိ၊ မဂ္ဂါရဟဿ န မဂ္ဂံ ဒေတိ၊ သက္ကာတဗ္ဗံ န သက္ကရောတိ၊ ဂရုကာတဗ္ဗံ န ဂရုကရောတိ၊ မာနေတဗ္ဗံ န မာနေတိ၊ ပူဇေတဗ္ဗံ န ပူဇေတိ။

(သူဘလုလင်....၊ မာန်မာန ခက်ထန်ခြင်း၊ မိမိကိုယ်ကို အထင်ကြီးခြင်း၊ ရှိခိုးထိုက်သူကို ရှိမခိုးခြင်း၊ ခရီးဦး ကြိုဆိုရမည့်သူကို ခရီးဦး မကြိုဆိုခြင်း၊ နေရာပေးထိုက်သူအား နေရာမပေးခြင်း၊ လမ်းပေးထိုက်သူကို လမ်းမပေးခြင်း၊ အရိုအသေပြုထိုက်သူကို အရို

http://www.dhammadownload.com



အသေမပြုခြင်း၊ အလေးပြုထိုက်သူကို အလေးမပြုခြင်း၊ မြတ်နိုးထိုက်သူကို မမြတ်နိုးခြင်း၊ ပူဇော်ထိုက်သူကို မပူဇော်ခြင်းများသည် ယုတ်နိမ့်သောအမျိုး၌ ဖြစ်စေတတ်တဲ့ မိစ္ဆာပဋိပတ် ဖြစ်တယ်....။

ဤ ဆဋ္ဌမ ပုစ္ဆာ (က) အဖြေအတွက် အချုပ်လင်္ကာကို—

**မန်နှံ့ မကျိုး၊ မာနအိုး၊ အမျိုး ယုတ်တတ်စွာ။**

ဤကဲ့သို့ မှတ်ယူရာ၏။ ။

---

## ဆဋ္ဌမပုစ္ဆာ (ခ) အဖြေ

မြတ်စွာဘုရားက ဆက်လက်ပြီး ဆဋ္ဌမပုစ္ဆာ (ခ)ရဲ့ အဖြေကို ဤကဲ့သို့ ဟောတော်မူတယ်....။

ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ အတ္ထဒ္ဓေါ ဟောတိ အနတိမာနီ– အဘိဝါဒေတဗ္ဗံ အဘိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ ပစ္စုဋ္ဌေတိ။ အာသနာ–ရဟဿ အာသနံ ဒေတိ၊ မဂ္ဂါရဟဿ မဂ္ဂံ ဒေတိ၊ သက္ကာတဗ္ဗံ သက္ကရောတိ၊ ဂရုကာတဗ္ဗံ ဂရုကရောတိ၊ မာနေတဗ္ဗံ မာနေတိ၊ ပူဇေတဗ္ဗံ ပူဇေတိ။

မာဏဝ= သုဘမည်တွင် အို–လုလင်....။ ပန= ထိုမှတပါး။ ဣဓ=ဤလောက၌။ ဧကစ္စော= အချို့သော။ ဣတ္ထီ ဝါ = မိန်းမ သည် လည်း ကောင်း။ ပုရိသော ဝါ= ယောကျ်ားသည် လည်းကောင်း။ အတ္ထဒ္ဓေါ=မခက်ထန်သည်။ အနတိမာနီ= မိမိကိုယ်ကို အထင်မကြီးသည်။ ဟောတိ=ဖြစ်၏။–အဘိဝါ–ဒေတဗ္ဗံ အဘိဝါဒေတိ= မိမိက ရှိခိုးရမည့် ပုဂ္ဂိုလ်ကို

http://www.dhammadownload.com



ရှိခိုး၏။ ပစ္စုဋ္ဌာတဗ္ဗံ ပစ္စုဋ္ဌေတိ=မိမိက ခရီးဦးကြိုဆို ရမည့်ပုဂ္ဂိုလ်ကို ခရီးဦးကြိုဆို၏။ အာသနာရဟဿ အာသနံ ဒေတိ=နေရာပေးထိုက်သူ သက်ကြီးရွယ်အို များအား နေရာကိုပေး၏။ မဂ္ဂါရဟဿ မဂ္ဂံ ဒေတိ= လမ်းခရီးပေးထိုက်သူ သက်ကြီး ရွယ်အို များအား လမ်းခရီးကိုပေး၏။ သက္ကာတဗ္ဗံ သက္ကရောတိ=အရို အသေပြုရမည့်ပုဂ္ဂိုလ်ကို အရိုအသေပြု၏။ ဂရုကာတဗ္ဗံ ဂရုကရောတိ= အလေးပြုရမည့် ပုဂ္ဂိုလ်ကို အလေး ပြု၏။ မာနေတဗ္ဗံ မာနေတိ= မြတ်နိုးရမည့် ပုဂ္ဂိုလ်ကို မြတ်နိုး၏။ ပူဇေတဗ္ဗံ ပူဇေတိ=ပူဇော်ရမည့်ပုဂ္ဂိုလ်ကို ပူဇော်၏။

(သုဘလုလင်....၊ ဤလောကမှာ (မာန်မာနကြီးတဲ့ ယောကျ်ား+မိန်းမရှိသလို) မခက်မထန် မာန်မာန လုံးဝ မရှိတဲ့ မိန်းမ+ယောကျ်ားလဲ ရှိတယ်။ ထိုသည့် မိန်းမ+ ယောကျ်ား အမျိုးကောင်းသမီး အမျိုးကောင်းသား များသည် သီလ+သမာဓိ+ပညာ သိက္ခာဂုဏ် ကြီးမားတဲ့ မိမိရှိခိုးရမည့်ပုဂ္ဂိုလ်ကို ရိုသေမြတ်နိုး ရှိခိုးတယ်။ အဲဒီလို ပုဂ္ဂိုလ်ကို ကိုယ်က ခရီး ဦး ကြို ဆို မှု ပြုတယ်။ ''ကြွပါ ခင်ဗျား'' စသည်ဖြင့် ဖိတ်မန္တကများ ပြု၍ နေရာပေး တယ်။ လမ်းခရီးမှာ ခရီးရင်ဆိုင် တွေ့လာတဲ့အခါ ကိုယ့်ထက် အသက်သိက္ခာဂုဏ်ဝါကြီးမားတဲ့ ပုဂ္ဂိုလ်အား လက်အုပ်ချီပြီး လမ်းပေးတယ်။

''ဒီ လမ်းကလေးက သာယာပါတယ်၊ ဒီက ကြွတော်မူပါ''လို့ ဆိုလိုက်ရတာဟာ ဘယ့်လောက် ကောင်း သလဲ၊ ဘေးက ကြည့်ရတာလဲ အင်မတန် စိတ်ချမ်းသာ တယ်၊ကိုယ့်ကိုယ်နှိုက်ကလဲ မာန်မာနမရှိတော့ စိတ်နှလုံး

http://www.dhammadownload.com



အင်မတန် အေးမြတယ်၊ အရှိအသေပြုထိုက်သူ၊ အလေးပြုထိုက်သူ၊ မြတ်နိုးထိုက်သူ၊ ပူဇော်ထိုက်သူ များကို ရှိသေတယ်၊အလေးပြုတယ်၊မြတ်နိုးတယ်၊ပူဇော်တယ်။)

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

(သုဘလုလင်....၊ အဲဒီ မာန်မာနကို နှိမ်ချမှု နိဝါတမဂ်လာကောင်းမှု ကုသိုလ်ကံကို အပြည့်အစုံပြုသူသည် လူ့ဘဝက ကိုယ်ခန္ဓာပြတ်ကြွေ စုတေပြီးတဲ့ နောက်မှာ နတ်ပြည်လောက၌ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရတယ်....။)

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ဥစ္စာ ကုလီနော ဟောတိ။

(အကယ်၍ တမလွန် လောကမှာ မာန်မာနကို နှိမ်ချမှု=နိဝါတမဂ်လာ ကောင်းမှု ကုသိုလ် ကံက ဘဝပဋိသန္ဓေ အကျိုးပေးခွင့် မရသေးဘဲ တပါးသော အပရာပရိယ ကောင်းမှု ကုသိုလ်ကံက အကျိုးပေးခွင့် ရတဲ့အတွက် ထိုသူ လူဖြစ်လာလျှင် မာန်မာနကိုနှိမ်ချမှု= နိဝါတမင်္ဂလာ ကောင်းမှု ကုသိုလ်ကံရဲ့ ထောက်ပံ့ချက်ကြောင့် ထိုသူသည် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး ဆိုတဲ့ မြင့်မြတ်တဲ့ အမျိုးကြီး သုံးပါးမှာ သွားငြိဖြစ်ရတယ်။ ဘာ့ကြောင့်လဲ ဆိုတော့)–

ဥစ္စာကုလီနသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ အတ္ထဒ္ဓေါ ဟောတိ အနတိမာနီ၊ အဘိဝါဒေ–

တတိယအကြိမ်

http://www.dhammadownload.com



တမ္ပိ အဘိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ ပစ္စုဋ္ဌေတိ၊ အာသနာရဟဿ အာသနံ ဒေတိ၊ မဂ္ဂါရဟဿ မဂ္ဂံ ဒေတိ၊ သက္ကာတဗ္ဗံ သက္ကရောတိ၊ ဂရုကာတဗ္ဗံ ဂရုကရောတိ၊ မာနေတဗ္ဗံ မာနေတိ၊ ပူဇေတဗ္ဗံ ပူဇေတိ။

(သုဘလုလင်....၊ ရှိခိုးထိုက်သူကို ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုထိုက်သူကို ခရီးဦးကြိုဆိုခြင်း၊ နေရာပေးထိုက်သူအား နေရာပေးခြင်း၊ ခရီးလမ်း ပေးထိုက်သူအား ခရီးလမ်းပေးခြင်း၊ အရိုအသေပြုထိုက်သူကို အရိုအသေပြုခြင်း၊ အလေးပြုထိုက်သူကို အလေးပြုခြင်း မြတ်နိုးထိုက်သူကို မြတ်နိုးခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်း ဆိုတဲ့ မာန်မာနကိုနှိမ်ချမှု=နိဝါတမဂ်လာ ကောင်းမှုကုသိုလ်ကံသည် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်သည့် သမ္မာပဋိပတ် ကောင်းမြတ်သော အကျင့်ဖြစ်တယ်။)

ဤနေရာ၌ အနက်အဓိပ္ပာယ် ပေါ်လွင်ထင်ရှားအောင် (က) မာန်မာနကို နှိမ်ချမှု=နိဝါတမင်္ဂလာကုသိုလ်နှင့် (ခ)အခြားတပါးသော လူ့ဘဝပဋိသန္ဓေကျိုးကို ပေးမယ့်ကုသိုလ်တို့ အချင်းချင်း ဤသို့ ပြောကြတယ် ဆိုကြပါစို့....။

(ခ) အမှတ်ပြ လူ့ဘဝ ပဋိသန္ဓေကျိုးပေးမယ့် အခြားတပါးသော ကုသိုလ်က (က) အမှတ်ပြ နိဝါတမင်္ဂလာကုသိုလ်ကို ''နေစမ်းပါဦးဗျာ၊ နောက်နောက်ဘဝများရောက်မှ ဤသူကို ခင်ဗျား နတ်ရွာသုဂတိသို့ ပို့စမ်းပါ၊ ပထမ ကျွန်ုပ် ဒီလူကို လူ့ပြည်သို့ ပို့ချင်လို့ ကျွန်ုပ်အား အလှည့်ပေးပါဦး'' လို့ ပြောဘိသကဲ့သို့ အဲဒီ (ခ) အမှတ်ပြ အခြားတပါး

http://www.dhammadownload.com



သော အပရာပရိယ ကုသိုလ်ကံက အကျိုးပေးလို့ လူ့ဘုံသို့ ရောက်လာတယ် ဆိုလျှင်ပဲ–

(က) အမှတ်ပြ နိဝါတမင်္ဂလာကောင်းမှု ကုသိုလ်ကံက ''လူ့ဘုံသို့ ပို့တာတော့ ဟုတ်ပြီ၊ သို့ပေမင့် ယံ ဝါတံ ဝါ ဟုတ်ဟုတ် ငြားငြား တွေ့လေရာ အမျိုးမှာ သွားပြီး အသင်မပို့ပါနဲ့၊ ဘာ့ကြောင့်လဲ ဆိုတော့ အဲဒီ သူက အတိတ်ဘဝတုန်းက မာန်မာန မကြီးခဲ့တဲ့လူ၊ ရှိခိုးထိုက်သူကို ရှိခိုးတဲ့လူ၊ ခရီးဦး ကြိုထိုက်သူကို ခရီးဦးကြိုတဲ့လူ၊ နေရာပေးထိုက်သူ အား နေရာပေးတဲ့လူ၊ လမ်းပေးထိုက်သူ အား လမ်းပေးတဲ့လူ၊ ရိုသေထိုက်+အလေးပြုထိုက်+မြတ် နိုးထိုက်+ပူဇော်ထိုက်သူကို ရိုသေသူ၊ အလေးပြုသူ၊ မြတ်နိုးသူ၊ ပူဇော်သူ ဖြစ်ခဲ့တဲ့အတွက် မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးသူကြွယ်မျိုး ဆိုတဲ့ အထက်တန်း ကျတဲ့ အမျိုးမှာ ဖြစ်စေရမယ် လို့ ပြောဘိသကဲ့သို့ အဲဒီ (က) အမှတ်ပြ မာန်မာနကို နှိမ်ချမှု နိဝါတ မင်္ဂလာကုသိုလ်ကံက ဥပတ္ထမ္ဘကအနေနဲ့ ထောက်ပံ့ ပေးလို့ ထိုသူသည် လူ့ဘုံသို့ ရောက်လာတဲ့အခါ မှာ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူကြွယ်မျိုး ဆိုတဲ့ အထက် တန်းကျတဲ့ အမျိုးမှာ သွားဖြစ်ရတယ်။

ဤ ဆဋ္ဌမပုစ္ဆာ (က) နှင့် (ခ) အဖြေတို့ အတွက် အချုပ်လင်္ကာကို–

(က) မနွံမကျိုး၊ မာနအိုး၊ အမျိုးယုတ်တတ်စွာ။
(ခ) ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ဝေဖန်သိအပ်စွာ။

ဤကဲ့သို့ မှတ်ယူရာ၏။ ။

http://www.dhammadownload.com



## သတ္တမပြဿနာအတွဲ အဖြေ

ခုနစ်ခုမြောက် နောက်ဆုံး သတ္တမပြဿနာ အတွဲက ''မြတ်စွာဘုရား…၊ လူလူချင်း အတူတူ ဖြစ်ပါလျက် (က) အချို့ပညာမရှိကြဘူး၊ (ခ) အချို့ ပညာရှိကြပါတယ်၊ ဘာ့ကြောင့်ပညာမရှိရသလဲ၊ ဘာ့ကြောင့် ပညာရှိရသလဲ''လို့ သုဘလုလင်က မေးလျှောက်တယ်။

## သတ္တမပုစ္ဆာ (က) အဖြေ

မြတ်စွာဘုရားက ဆက်လက်ပြီး သတ္တမပုစ္ဆာရဲ့ (က) အဖြေကို ဤကဲ့သို့ ဟောတော်မူတယ်….။

ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ န ပရိပုစ္ဆိတာ ဟောတိ- ''ကိံ ဘန္တေ ကုသလံ၊ ကိံ အကုသလံ။ ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ၊ ကိံ သေဝိတဗ္ဗံ၊ ကိံ န သေဝိတဗ္ဗံ။ ကိံ မေ ကရိယမာနံ ဒီဃရတ္တံ အဟိ- တာယ ဒုက္ခာယ ဟောတိ၊ ကိံ ဝါ ပန မေ ကရိယ မာနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတီ''တိ။

မာဏဝ= သုဘမည်တွင် အို-လုလင်….။ ဣဓ= ဤလောက၌။ ဧကစ္စော=အချို့သော။ ဣတ္ထီ ဝါ= မိန်းမသည်လည်းကောင်း။ ပုရိသော ဝါ=ယောကျ်ား သည်လည်းကောင်း။ သမဏံ ဝါ=ရဟန်းသူမြတ်ကို လည်းကောင်း။ ဗြာဟ္မဏံ ဝါ= ပုဏ္ဏား သူမြတ် ကို လည်းကောင်း။ ဥပသင်္ကမိတွာ= ဆည်းကပ်၍….။ ''ကိံ ဘန္တေ ကုသလံ= အရှင်ဘုရား…. အဘယ် တရားသည် ကောင်းသော အကျိုး ကို ပေးနိုင်တဲ့ ကုသိုလ် တရား ဖြစ်ပါသနည်း။ ကိံ အကုသလံ=

http://www.dhammadownload.com



အဘာယ်တရားသည် မကောင်းသော ဆင်းရဲဒုက္ခ အကျိုးကိုပေးနိုင်တဲ့ အကုသိုလ်တရားဖြစ်ပါသနည်း။ ကိံ သာဝဇ္ဇံ = အဘာယ်တရားသည် အပြစ်ရှိတဲ့ အကုသိုလ်တရားဖြစ်ပါသနည်း။ ကိံ အနဝဇ္ဇံ = အဘာယ်တရားသည် အပြစ်မရှိတဲ့ကုသိုလ်တရားဖြစ်ပါသနည်း။ ကိံ သေဝိတဗ္ဗံ= အဘာယ်တရားသည် မှီဝဲအပ်သောတရားပါနည်း။ ကိံ န သေဝိတဗ္ဗံ=အဘာယ်တရားသည် မမှီဝဲအပ်သော တရားပါနည်း။ ကိံ = အဘာယ်အမှုသည်။ ကရိယမာနံ=ပြုအပ်သည်ရှိသော်။ မေ=အကျွန်ုပ်၏ အဖို့ရာ။ ဒီဃရတ္တံ= ရှည်လျားစွာသော ကာလပတ်လုံး။ အဟိတာယ=အစီးအပွားမဲ့ဖို့ရန်။ ဒုက္ခာယ = ဆင်းရဲဖို့ရန်။ ဟောတိ= ဖြစ်ပါသနည်း။ ကိံ ပန=အဘာယ်အမှုသည်။ ကရိယမာနံ= ပြုအပ်သည်ရှိသော်။ မေ = အကျွန်ုပ်၏ အဖို့ရာ။ ဒီဃရတ္တံ = ရှည်လျားစွာသော ကာလပတ်လုံး။ ဟိတာယ= အစီးအပွား အလို့ငှာ။ သုခါယ = ချမ်းသာခြင်းငှာ=။ ဟောတိ= ဖြစ်ပါသနည်း''။ ဣတိ = ဤသို့။ ပရိပုစ္ဆိတာ= မေးမြန်းလျှောက်ထားသည်။ န ဟောတိ=မဖြစ်၊ (ဝါ) န ပရိပုစ္ဆိတာ ဟောတိ=မမေးမြန်း မလျှောက်ထားချေ....။

(သုဘလုလင်....၊ ဤ လောကမှာ အချို့သော မိန်းမ+ယောကျ်ားများသည် ရဟန်း၊ ပုဏ္ဏား သူမြတ်များထံ ကပ်ရောက်ပြီး ''အရှင်ဘုရား....၊ ကုသိုလ်တရား ဆိုတာ ဘယ်တရားပါတုံး၊ အကုသိုလ်တရား ဆိုတာ ဘယ်တရားပါတုံး။ အပြစ်ရှိတဲ့တရားဆိုတာ ဘယ်တရားပါတုံး၊ အပြစ်မရှိတဲ့တရားဆိုတာ ဘယ်

http://www.dhammadownload.com



တရားပါတုံး။ မှီဝဲရမည့်တရားဆိုတာ ဘယ်တရားပါ တုံး၊ မမှီဝဲရမည့်တရားဆိုတာ ဘယ် တ ရား ပါ တုံး။ ဘယ်လိုအမှုကို ပြုလျှင် အကျွန်ုပ်၏ အဖို့ရာ ကာလရှည် လျှားစွာ စီးပွားမဲ့ဖို့ရန် ဆင်းရဲဖို့ရန် ဖြစ်မှာပါလဲ ဘုရား၊ ထို့ပြင် ဘယ်လိုအမှုကိုပြုလျှင် အကျွန်ုပ်၏ အဖို့ရာ ကာလရှည့်လျားစွာ စီးပွား ချမ်းသာဖြစ်ဖို့ရန် ဖြစ်မှာပါလဲဘုရား'' လို့ မမေးမြန်းဘူး။

မမေးမြန်းတော့ အဲဒီ ပုဂ္ဂိုလ်သည် ကုသိုလ်မှန်း+ အကုသိုလ်မှန်း မသိဘူး။ အပြစ်ရှိသောတရားမှန်း+ အပြစ်မရှိသောတရားမှန်း မသိဘူး။ မှီဝဲရမည့်တရား မှန်း+မမှီဝဲရမည့်တရားမှန်း မသိဘူး။ အစီးအပွားမဲ့ ဒုက္ခဖြစ်မည့်တရားမှန်း+စီးပွား ချမ်းသာဖြစ်မည့်တရား မှန်း မသိဘူး။ မသိတော့ ကုသိုလ်တရား ပွားရမည့် အစား အကုသိုလ်တရားတို့ကို ပွားမိတော့သည်။ ပယ် ရမည့်တရားကို မပယ်၊ ပွားရမည့်တရားကို မပွားမိဘဲ ပယ်ရမည့်တရားကို ပွား၊ ပွား ရမည့် တ ရား ကို ပယ် တဲ့ အကုသိုလ်တွေ ဖြစ်ကုန်ရော။ အကုသိုလ်တွေဖြစ်လျှင်)–

သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

သော=ထို ရဟန်း ပုဏ္ဏား သူမြတ်များသို့ ခစား ဆည်းကပ် သို့ပြုအပ်မည် မအပ်မည်ကို စိတ်ကြည် ညွတ်နူး စူးစူး စမ်းစမ်း မမေးမမြန်းတဲ့ ပုဂ္ဂိုလ် သည်။ ဧဝံ သမတ္တေန=ဤသို့ လောက်ငကုံလုံ ပြည့်စုံ သော။ ဧဝံ သမာဒိန္နေန=ဤသို့အကျင့်မှုကို ကောင်း စွာယူမိသော။ တေန ကမ္မေန = ထို မမေးမမြန်း

http://www.dhammadownload.com



မရှုးစမ်းခြင်းတည်းဟူသော အကုသိုလ်ကံကြောင့်။ ကာယဿ ဘေဒါ ပရံ မရဏာ=ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည့်မှ နောက်၌။ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ=ငရဲ, တိရိစ္ဆာန်, ပြိတ္တာ, အသူရာ, အပါယ်လေးရွာသို့ ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရလေ၏....။

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ဒုပ္ပညော ဟောတိ။

အခြား တပါးသော အ ပ ရာ ပရိ ယ ကု သို လ် ကံ အကျိုးပေးခွင့်ရတဲ့ အတွက် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံသို့ မကပ်ရောက်ဘဲ လူ့ ဘဝသို့ ထိုသူ ဘဝပဋိသန္ဓေကပ်ရောက်၍ နေလာလျှင် မမေးမမြန်း မရှုးစမ်းခြင်းတည်းဟူသော အကုသိုလ်ကံ ကြောင့် ဖြစ်လေရာရာ မင်း၊ ပုဏ္ဏား၊ သူကြွယ်၊ ဆင်းရဲ သား အမျိုးလေးပါးဝယ် ပညာမရှိတဲ့မင်း၊ ပညာမရှိတဲ့ ပုဏ္ဏား၊ ပညာမရှိတဲ့ သူကြွယ်၊ ပညာမရှိတဲ့ ဆင်းရဲသား ဖြစ်ရတယ်။ ဘာ့ကြောင့်လဲဆိုတော့)—

ဒုပ္ပညသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ ယဒိဒံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ န ပရိပုစ္ဆိတာ ဟောတိ– ''ကိံ ဘန္တေ ကုသလံ၊ ကိံ အကုသလံ၊ ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ။ ကိံ သေဝိတဗ္ဗံ၊ ကိံ န သေဝိတဗ္ဗံ။ ကိံ မေ ကရိယမာနံ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ၊ ကိံ ဝါ ပန မေ ကရိယမာနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတီ''တိ။

— ဒုတိယအကြိမ်

http://www.dhammadownload.com



(သုဘလုလင်....၊ အဲဒီ ရဟန်းပုဏ္ဏားသူမြတ်များထံ ခ စား ဆ ည်း က ပ် ပြီး သို့ ပြုအပ်မည် + မအပ်မည်ကို သာကြည်ရှင်လန်း မမေးမြန်းတဲ့အတွက် ပွားရ ပယ်ရ မည့်တရားကိုမသိဘဲ ပယ်ရမည့်တရားကိုပွား၊ ပွားရမည့် တရားကို ပယ်တဲ့ အကုသိုလ်ကံဟာ ပညာ မရှိခြင်းကို ဖြစ်စေတတ်တဲ့ မိစ္ဆာပဋိပတ်ဖြစ်တယ်....။)

၌ သတ္တမပုစ္ဆာ (က) အဖြေအတွက် အချုပ်လင်္ကာ ကို—

**မောဟဖုံးလွှမ်း၊ မမေးမြန်း၊ ဉာဏ်ကန်း ဖြစ်တတ်စွာ။**

ဤကဲ့သို့ မှတ်ယူရာ၏။ ။

---

## သတ္တမ ပုစ္ဆာ (ခ) အဖြေ

မြတ်စွာဘုရားက ဆက်လက်ပြီး သတ္တမပုစ္ဆာ (ခ) ရဲ့ အဖြေကို ဤကဲ့သို့ ဟောတော်မူတယ်....။

ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထိ ဝါ ပုရိသော ဝါ သမဏံ ဝါ ဗြာဟ္မဏံဝါ ဥပသင်္ကမိတွာ ပရိပုစ္ဆိတာ ဟောတိ–''ကိံ ဘန္တေ ကုသလံ၊ကိံ အကုသလံ။ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ။ ကိံ သေဝိတဗ္ဗံ၊ ကိံ န သေဝိတဗ္ဗံ။ ကိံ မေ ကရိယမာနံ ဒီဃရတ္တံ အဟိ– တာယ ဒုက္ခာယ ဟောတိ၊ကိံ ဝါ ပန မေ ကရိယမာနံ ဟိတာယ သုခါယ ဟောတိ'' တိ။

မာဏဝ= သုဘမည်တွင် အို–လုလင်....။ ပန= ထိုမှတပါး။ ဣဓ= ဤလောက၌။ ဧကစ္စော= အချို့ သော။ဣတ္ထိဝါ=မိန်းမသည်လည်းကောင်း။ပုရိသော ဝါ=ယောကျာ်းသည်ထည်းကောင်း။ သမဏံ ဝါ=

http://www.dhammadownload.com



ရဟန်းသူမြတ်သို့ လည်းကောင်း။ ဗြာဟ္မဏံ ဝါ= ပုဏ္ဏားသူမြတ်သို့ လည်းကောင်း။ ဥပသင်္ကမိတွာ= ဆည်းကပ်၍....။ ''ကိံ ဘန္တေ ကုသလံ= အရှင်ဘုရား....၊အဘယ်တရားသည် ကောင်းသောအကျိုးကို ပေးနိုင်တဲ့ ကုသိုလ်တရားပါနည်း ဘုရား။ ကိံ အကုသလံ= အဘယ်တရားသည် မကောင်းသော ဆင်းရဲဒုက္ခအကျိုးကို ပေးနိုင်တဲ့အကုသိုလ်တရားဖြစ်ပါသနည်းဘုရား။ ကိံ သာဝဇ္ဇံ=အဘယ် တရားသည် အပြစ်ရှိတဲ့ အကုသိုလ်တရား ဖြစ်ပါသနည်းဘုရား။ ကိံ အနဝဇ္ဇံ = အဘယ်တရားသည် အပြစ်မရှိတဲ့ ကုသိုလ်တရား ဖြစ်ပါသနည်းဘုရား။ ကိံ သေဝိတဗ္ဗံ = အဘယ်တရားသည် မှီဝဲအပ်သော တရားပါနည်းဘုရား။ ကိံ န သေဝိတဗ္ဗံ=အဘယ်တရားသည် မမှီဝဲအပ်သော တရားပါနည်းဘုရား။ ကိံ= အဘယ်အမှုသည်။ ကရိယမာနံ=ပြုအပ်သည်ရှိသော်။ မေ=အကျွန်ုပ်၏အဖို့ရာ။ ဒီဃရတ္တံ = ရှည်လျားစွာသော ကာလပတ်လုံး။ အဟိတာယ = အစီးအပွားမဲ့ဖို့ရန်။ ဒုက္ခာယ = ဆင်းရဲဖို့ရန်။ ဟောတိ=ဖြစ်ပါသနည်းဘုရား။ ပါ ပန=ထိုမှတပါး။ ကိံ=အဘယ်အမှုသည်။ ကရိယမာနံ=ပြုအပ်သည်ရှိသော်။ မေ= အကျွန်ုပ်၏ အဖို့ရာ။ ဒီဃရတ္တံ = ရှည်လျားစွာသော ကာလပတ်လုံး။ ဟိတာယ=အစီးအပွား အလို့ငှာ။ သုခါယ = ချမ်းသာခြင်းငှာ။ ဟောတိ = ဖြစ်ပါသနည်းဘုရား''။ ဣတိ = ဤသို့။ ပရိပုစ္ဆိတာ=မေးမြန်း လျှောက်ထားသည်။ ဟောတိ=ဖြစ်ပေ၏....။

http://www.dhammadownload.com



(သုဘာလုလင်....၊ အမည်းမှ တပါး အဖြူ၊ မကောင်း မှုမှတပါး ကောင်းမှုကို ဆိုကြစို့။ ဤလောက၌ အချို့ အချို့သော အမျိုးကောင်းသမီး မင်းမိန်းမ၊ အမျိုး ကောင်းသား မင်း ယောကျ်ားသည် ရဟန်း+ပုဏ္ဏား သူမြတ်များထံ ကပ်ရောက်ပြီး ''အ ရှင် ဘု ရား....၊ ကုသိုလ်တရားဆိုတာ ဘယ်တရားပါတုံး၊ အကုသိုလ် တရားဆိုတာ ဘယ်တရားပါတုံး။ အပြစ်ရှိတဲ့တရား ဆိုတာ ဘယ်တရားပါတုံး။ အပြစ်မရှိတဲ့ တရားဆိုတာ ဘယ်တရားပါတုံး။ မှီဝဲရမည့်တရားဆိုတာ ဘယ်တရား ပါတုံး။ မမှီဝဲရမည့်တရားဆိုတာ ဘယ်တရားပါတုံး။ ဘယ်လိုအမှုကို ပြုလျှင် အကျွန်ုပ်၏ အဖို့ရာ ကာလရှည် လျားစွာ စီးပွားမဲ့ဖို့ရန် ဆင်းရဲဖို့ရန် ဖြစ်မှာပါလဲ ဘုရား၊ ထို့ပြင် ဘယ်လိုအမှုကို ပြုလျှင် အကျွန်ုပ်၏ အဖို့ရာ ကာလရှည်လျားစွာ စီးပွား ချမ်းသာဖြစ်ဖို့ရန် ဖြစ်မှာပါလဲဘုရား လို့ မေးမြန်းတယ်။

မေးမြန်းတော့ အဲဒီ ပုဂ္ဂိုလ်သည် ကုသိုလ်မှန်း+ အကုသိုလ်မှန်း သိတယ်။ အပြစ်ရှိသောတရားမှန်း+ အပြစ်မရှိသောတရားမှန်း သိတယ်။ မှီဝဲရမည့်တရား မှန်း+ မမှီဝဲရမည့်တရားမှန်း သိတယ်။ အစီးအပွားမဲ့= ဒုက္ခဖြစ်စေမည့်တရားမှန်း+စီးပွားချမ်းသာ = သုခဖြစ် စေမည့်တရားမှန်း သိတယ်။ သိတော့ ပယ်ရမည့်တရား ကို ပယ်တဲ့ကုသိုလ်တွေ၊ ပွားရမည့်တရား ပွားတဲ့ကုသိုလ် တွေ=အဲဒီ ပညာသံဝတ္တနက ကုသိုလ်တရားတွေ ထိုသူ့ သန္တာန်မှာ အဖန်ဖန်ဖြစ်တယ်....။

http://www.dhammadownload.com



သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။

သော=ထို ရဟန်း ပုဏ္ဏား သူမြတ်များသို့ ခစား ဆည်းကပ် သို့ပြုအပ်မည် မအပ်မည်ကို စိတ်ကြည် ညွတ်နူး ရှူးရှူး စမ်းစမ်း မေးမြန်းတဲ့ပုဂ္ဂိုလ်သည်။ ဧဝံ သမတ္တေန=ဤသို့ လောက်ငကုံလုံ ပြည့်စုံသော။ ဧဝံ သမာဒိန္နေန=ဤသို့သော အကျင့်မှုကို ကောင်း စွာယူမိသော။ တေန ကမ္မေန= ထို ရှူးရှူးစမ်းစမ်း မေးမြန်းခြင်းတည်းဟူသော ပညာ သံ ဝတ္တ နိ က ကုသိုလ်ကံကြောင့်။ ကာယဿ ဘေဒါ ပရံ မရဏာ= ကိုယ်ခန္ဓာပြတ်ကြွေ စုတေသည်မှ နောက်ကာလ၌။ သုဂတိံ သဂ္ဂံ လောကံ = ကောင်းသောသူတို့၏ လားရာ နတ်ရွာလောကသို့။ ဥပပဇ္ဇတိ=ဘဝပဋိသန္ဓေ ကပ်ရောက်၍ နေရ၏။

နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ မဟာပညော ဟောတိ။

(အကယ်၍ တမလွန်လောကမှာ ထို ရှူးရှူးစမ်းစမ်း မေးမြန်းခြင်းတည်းဟူသော=ပညာသံဝတ္တနိက ကုသိုလ် ကံက ဘဝပဋိသန္ဓေ အကျိုးပေးခွင့် မရသေးဘဲ တပါး သော အပရာပရိယကောင်းမှု ကုသိုလ်ကံက အကျိုးပေး ခွင့်ရတဲ့အတွက် ထိုကံကြောင့် ထိုသူ လူဖြစ်လာလျှင် ရှူးရှူးစမ်းစမ်း မေးမြန်းခြင်း=ပညာသံဝတ္တနိက ကုသိုလ် ကံရဲ့ ထောက်ပံ့ချက်ကြောင့် ထိုသူသည် ပညာရှိသော

http://www.dhammadownload.com



မင်း၊ ပညာရှိသော ပုဏ္ဏား၊ ပညာရှိသော သူကြွယ်၊ ပညာရှိသော ဆင်းရဲသား သွားပြီး ဖြစ်ရတယ်။ ဘာ့ကြောင့်လဲဆိုတော့)—

မဟာပညသံဝတ္တနိကာ သော မာဏဝ ပဋိပဒါ ယဒိဒံ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ ပရိပုစ္ဆိတာ ဟောတိ– ''ကိံ ဘန္တေ ကုသလံ၊ ကိံ အကုသလံ။ ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ။ ကိံ သေဝိ–တဗ္ဗံ၊ ကိံ န သေဝိတဗ္ဗံ။ ကိံ မေ ကရိယမာနံ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ၊ ကိံ ဝါ ပန မေ ကရိယမာနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ''တိ။

(သုဘလုလင်....၊ ရဟန်း ပုဏ္ဏား သူမြတ်များထံ ခစားဆည်းကပ် သို့ပြုအပ်မည် မအပ်မည်ကို စိတ်ကြည် ညွှတ်နူး စူးစူးစမ်းစမ်း မေးမြန်းခြင်းဆိုတဲ့ အကျင့်သည် ပညာတရား ကြီးမားခြင်းကို ဖြစ်စေတတ်တဲ့ သမ္မာ ပဋိပတ် ကောင်းမြတ်သောအကျင့် ဖြစ်ပေတယ်....။)

ဤ သတ္တမပုစ္ဆာ (က) (ခ) အဖြေတို့အတွက် အချုပ် လင်္ကာကို–

**(က) မောဟပုံးလွှမ်း၊ မမေးမြန်း၊ ဉာဏ်ကန်း ဖြစ်တတ်စွာ။**

**(ခ) ထိုမှအပြန်၊ ကောင်းကျိုးမှန်၊ ဝေဖန်သိအပ်စွာ။**

ဤကဲ့သို့ မှတ်ယူရာ၏။ ။

---

**ဒုတိယအကြိမ်**

http://www.dhammadownload.com



## နိဂုံး ဒေသနာ

ဇုတိ ခေါ် မာတိကာ—

(က) အပ္ပါယုကသံဝတ္တနိကာ ပဋိပဒါ အပ္ပါယု-ကတ္တံ ဥပနေတိ၊ ဒီဃာယုကသံဝတ္တနိကာ ပဋိပဒါ ဒီဃာယုကတ္တံ ဥပနေတိ။

(ခ) ဗဟွာဗာဓသံဝတ္တနိကာ ပဋိပဒါ ဗဟွာဗာဓတ္တံ ဥပနေတိ၊ အပ္ပါဗာဓသံဝတ္တနိကာ ပဋိပဒါ အပ္ပါဗာဓတ္တံ ဥပနေတိ။

(ဂ) ဒုဗ္ဗဏ္ဏသံဝတ္တနိကာ ပဋိပဒါ ဒုဗ္ဗဏ္ဏတ္တံ ဥပနေတိ၊ ပါသာဒိကသံဝတ္တနိကာ ပဋိပဒါ ပါသာဒိကတ္တံ ဥပနေတိ။

(ဃ) အပ္ပေသက္ခသံဝတ္တနိကာ ပဋိပဒါ အပ္ပေ-သက္ခတ္တံ ဥပနေတိ၊ မဟေသက္ခသံဝတ္တနိကာ ပဋိပဒါ မဟေသက္ခတ္တံ ဥပနေတိ။

(င) အပ္ပဘောဂသံဝတ္တနိကာ ပဋိပဒါ အပ္ပဘော-ဂတ္တံ ဥပနေတိ။ မဟာဘောဂသံဝတ္တနိကာ ပဋိပဒါ မဟာဘောဂတ္တံ ဥပနေတိ။

(စ) နီစကုလီနသံဝတ္တနိကာ ပဋိပဒါ နီစကုလီနတ္တံ ဥပနေတိ။ ဥစ္စာကုလီနသံဝတ္တနိကာပဋိပဒါ ဥစ္စာကုလီနတ္တံ ဥပနေတိ။

(ဆ) ဒုပ္ပညသံဝတ္တနိကာ ပဋိပဒါဒုပ္ပညတ္တံဥပနေတိ။ မဟာပညသံဝတ္တနိကာ ပဋိပဒါ မဟာပညတ္တံ ဥပနေတိ။

တတိယအကြိမ်

http://www.dhammadownload.com



သုဘာလုလင်....၊ ဤ ဆိုအပ်ခဲ့ပြီးသောအတိုင်း—

(က) အသက်တိုမှုကိုဖြစ်စေတတ်တဲ့ သူ့အသက်ကို သေအောင်သတ်ခြင်း ဆိုတဲ့ ပါဏာတိပါတ မိစ္ဆာအကျင့်ပဋိပတ်သည် အသက်တိုခြင်း မကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။ အသက်ရှည်မှုကို ဖြစ်စေတတ်တဲ့ သူ့အသက်ကို သေအောင်သတ်မှုမှ ရှောင်ကြဉ်ခြင်း ဆိုတဲ့ ပါဏာတိပါတဝိရတိ သမ္မာပဋိပတ်သည် အသက်ရှည်ခြင်းကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။

(ခ) အနာရောဂါ ထူပြောမှုကို ဖြစ်စေတတ်တဲ့ သတ္တဝါတို့ကို ရိုက်ပုတ်ညှဉ်းဆဲမှု ဆိုတဲ့ ဝိဟိံသာ အကုသိုလ်ကံမိစ္ဆာအကျင့်ပဋိပတ်သည် အနာရောဂါ ထူပြောခြင်း မကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။ အနာကင်းခြင်းကို ဖြစ်စေတတ်တဲ့ ဝိဟိံ သာ အကုသိုလ်ကံမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ သမ္မာပဋိပတ်သည် အနာရောဂါ ကင်းရှင်းခြင်း ကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။

(ဂ) အဆင်းမလှမှု အရုပ်ဆိုးမှုကို ဖြစ်စေတတ်တဲ့ (သတ္တဝါတို့ကို သတ်ဖြတ်မှု+ညှဉ်းဆဲမှု မဟုတ်ဘဲ) အမျက် ဒေါသ ခြောင်းခြောင်းထခြင်း ဆိုတဲ့ ကောဓအကုသိုလ်ကံ မိစ္ဆာအကျင့် ပဋိပတ်သည် အဆင်းမလှမှု အရုပ်ဆိုးမှု မကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။ ရုပ်ရည်တင့်တယ် ကြည်ညို ဖွယ် ကို ဖြစ်စေတတ်တဲ့ အမျက်မထွက်ဘဲ မေတ္တာပွားများ ခြင်း ဆိုတဲ့ သမ္မာပဋိပတ်သည် ရုပ်ရည်တင့်တယ်

http://www.dhammadownload.com



ကြည်ညို့ဖွယ်ရှိခြင်း ကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။

(ဃ) အခြွေအရံ နည်းပါးမှုကို ဖြစ်စေတတ်တဲ့ သူ့စည်းစိမ်ကို မနာလို = ငြူစူခြင်း = ဣဿာ-အကုသိုလ်ခေါ်တဲ့ မိစ္ဆာအကျင့် ပဋိပတ်သည် အခြွေအရံ နည်းပါးမှု မကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။ အခြွေအရံများခြင်းကို ဖြစ်စေတတ်တဲ့ သူ့စည်းစိမ်ကို ဝမ်းမြောက်ခြင်းဆိုတဲ့ မုဒိတာမြဟ္မစိုရ်ကုသိုလ် အကျင့်မြတ်သည် အခြွေအရံပေါများခြင်း ကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။

(င) ဥစ္စာ စည်းစိမ် နည်းပါးခြင်းကို ဖြစ်စေတတ်တဲ့ လှူဖွယ် ဝတ္ထု ဆယ်ပါးကို မလှူမတန်း မပေးကမ်းခြင်း=မစ္ဆရိယအကုသိုလ် ခေါ်တဲ့ မိစ္ဆာအကျင့်ပဋိပတ်သည် ဥစ္စာ စည်းစိမ် နည်းပါးခြင်း= မကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။ ဥစ္စာ စည်းစိမ် ပေါများခြင်းကို ဖြစ်စေတတ်တဲ့ အလှူဆယ်သင်း ပေးလှူခြင်း ဆိုတဲ့ သမ္မာပဋိပတ် အကျင့်မြတ်သည် ဥစ္စာ စည်းစိမ် ပေါများခြင်း= ကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။

(စ) အမျိုး ယုတ် နိမ့် ခြင်းကို ဖြစ် စေ တတ် တဲ့ မကျိုးမနွံ မာန်ထောင်ခြင်း အကုသိုလ် မိစ္ဆာအကျင့် ပဋိပတ်သည် အမျိုးယုတ်နိမ့်ခြင်း=မကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။ အမျိုး မြင့်မြတ်ခြင်းကို ဖြစ်စေတတ်တဲ့ မာန်မူယ်ကိုချိုး ကျိုးနွံ့ရှိသေခြင်း= သမ္မာပဋိပတ်သည် အမျိုး မြင့်မြတ်ခြင်း=ကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။

တတိယအကြိမ်

http://www.dhammadownload.com



(ဆ) ပညာနည်းပါးခြင်းကို ဖြစ်စေတတ်တဲ့ (ရဟန်း၊ ပုဏ္ဏား သူမြတ်များထံ ခစားဆည်းကပ် သို့ပြုအပ်မည် မအပ်မည်ကို စိတ်ကြည်ညွှတ်နူး) စူးစူးစမ်းစမ်း မမေးမြန်းခြင်း တည်းဟူသော မိစ္ဆာပဋိပတ်သည် ပညာနည်းပါးခြင်း မကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။ ပညာကြီးမားခြင်းကို ဖြစ်စေတတ်တဲ့ သူမြတ်တို့ထံ ချဉ်းကပ်၍ ပြုအပ်+ မပြုအပ် တရားများကို စူးစမ်း မေးမြန်းခြင်း တည်းဟူသော သမ္မာပဋိပတ်သည် ပညာကြီးမားခြင်း ကောင်းကျိုးကို ကပ်၍ ဆောင်တတ်တယ်။

ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ။

မာဏဝ=သုဘမည်တွင် အို-လုလင်....။ သတ္တာ= သတ္တဝါမှန်သမျှတို့သည်။ ကမ္မဿကာ= ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။ ကမ္မဒါယာဒါ= ကံ၏ အမွေကို ခံယူကြရကုန်၏။ ကမ္မယောနီ=ကံသာလျှင် အခြေခံ အကြောင်းရင်း ရှိကြကုန်၏။ ကမ္မဗန္ဓူ= ကံသာလျှင် ဆွေမျိုးရှိကြကုန်၏။ ကမ္မပ္ပဋိသရဏာ= ကံသာလျှင် ကိုးကွယ်လည်းလျောင်း အားထားရာ ရှိကြကုန်၏။ ကမ္မံ=ကံသည်။ သတ္တေ=သတ္တဝါတို့ကို။ ယဒိဒံ-ယာယ ဣမာယ ဟီနပ္ပဏီတတာယ= အယုတ်ဖြစ်ဖို့ရန်+ အမြတ်ဖြစ်ဖို့ရန်။ ဝိဘဇတိ= ဝေဒန်ပေးပေ၏။

ဤနေရာမှာပင် မြတ်စွာဘုရားရဲ့ တရားတော်သံ ရပ်စဲ ပြီးဆုံးသွားလေပြီ။

တတိယအကြိမ်

http://www.dhammadownload.com



မြတ်စွာဘုရား ဒေသနာနိဂုံး အဆုံးလဲသတ်လိုက်ကရော သုဘလုလင်က ဘာလျှောက်သလဲဆိုတော့—

အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ။ အို–အရှင်ဂေါတမ....၊အရှင့်စကားသည် သဒ္ဓါနှင့် ပြည့်စုံသောကြောင့် နှစ်သက်ဖွယ် ရှိပါပေစွ၊ အနက်နှင့် ပြည့်စုံသောကြောင့် နှစ်သက်ဖွယ်ရှိပါပေစွ။

သေယျထာပိ ဘော ဂေါတမ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ ''စက္ခုမန္တော ရူပါနိ ဒက္ခန္တီ''တိ။

(လောက ဥပမာစကား လျှောက်ထားရပါလျှင်.... မှောက်ထားတဲ့ ပစ္စည်းကို လှန်၍ပြလိုက်သလို၊ တစ်စုံတစ်ခုဖြင့် ဖုံးအုပ်ထားတဲ့ပစ္စည်းကို အဖုံးကိုဖွင့်၍ပြလိုက်သလို၊ မျက်စိလည် လမ်းမှားနေသော ယောကျ်ားကို (လက်ကိုကိုင်ဆွဲ မောင်သွားရမှာ၊ ဤလမ်းပဲ) လို့ လမ်းမှန်ကိုပြောကြားသကဲ့သို့ မှောင်ထဲ၌ ''မျက်စိအမြင်ရှိကြသူတို့သည် အဆင်းမျိုးစုံကို မြင်ကြပါရန်'' ဟု ဆီမီးတန်ဆောင်ကို စိုက်ထောင်ညှိသီးဘိသကဲ့သို့။ ဧဝမေဝံ ဘောတာ ဂေါတမေန အနေကပရိယာယေန ဓမ္မော ပကာသိတော။ = (ဤ ဥပမာအတူပင် အရှင် ဂေါတမသည် အကျွန်ုပ်အား အကြောင်း ပေါင်း များ စွာ ဖြင့် နိဗ္ဗာန်ရောက်ကြောင်း တရား ကော င်း ကို ဖျောင်းဖျောင်းဖျဖျ ဟောပြတော်မူအပ်ပါပေပြီ။)

ဤကဲ့သို့ လျှောက်ထားပြီးလျှင်—

တတိယအကြိမ်

http://www.dhammadownload.com



## သုဘာလုလင် သရဏဂုံ ခံယူခြင်း

သော+ဟံ ဘဝန္တံ ဂေါတမံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ၊ ဥပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံဂတန္တိ။

သော+ဟံ-သော အဟံ=ထို အကျွန်ုပ်သည်။ ဘဝန္တံ ဂေါတမဉ္စ = အရှင် ဂေါတမကို လည်းကောင်း။ ဓမ္မဉ္စ=မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မကျွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ=ရဟန်းသံဃာကိုလည်းကောင်း။ သရဏံ=ကိုးကွယ်လည်းလျောင်း ပုန်း အောင်း ရာ ဟူ၍။ ဂစ္ဆာမိ = သိပါ၏ဘုရား၊ ဆည်းကပ်ပါ၏ဘုရား။ ''ရှေးတုန်းက ဤ စာပိုဒ်ဖြင့် သရဏဂုံ ခံကြတယ်''။

ဘဝံ ဂေါတမော=အရှင် ဂေါတမသည်။ မံ= အကျွန်ုပ်ကို။ အဇ္ဇတဂ္ဂေ=ယနေ့ကို အစပြု၍။ ပါဏုပေတံ=အသက်နှင့်ပြည့်စုံသမျှ ကာလပတ်လုံး၊ (ဝါ) အသက်ထက်ဆုံး။ သရဏံ ဂတံ = သရဏဂုံတည်သော။ ဥပါသကံ = ဒါယကာတစ်ယောက်ဟူ၍။ ဓာရေတု = မှတ်တော်မူပါဘုရား။ (စူဠကမ္မဝိဘင်္ဂသုတ် ဟူ၍ လည်းကောင်း၊ သုဘာသုတ် ဟူ၍ လည်းကောင်း=နှစ်မည်ရသောသုတ္တန် ဤတွင် ပြီးဆုံးပါတယ်။)

ဤသို့လျှင် နှစ်မည်ရတဲ့ သုတ္တန်တရား နာကြားရခြင်း=ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံ+သီလ ဆောက်တည်ရခြင်း = သီလမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ မိမိတို့ ဉာဏ်အမြင်

http://www.dhammadownload.com



မိကြသမျှ ရုပ် နာမ် ဓမ္မ သင်္ခါရ၏ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာကို ကောင်းစွာ ဆင်ခြင်ရခြင်း=ဘာဝနာမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်းမှု ကုသိုလ်ကံ အရပ်ရပ် တို့ကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းရာကေန် နိဗ္ဗာန်ပရမတ်ကို မပင်မပန်း ချမ်း သာ လွယ် ကူ သော အကျင့်ပဋိပတ်၊ လျင်မြန်သော ဝိပဿနာ အသိဉာဏ်၊ ရည်သန် တောင့်တအပ်သော မဂ်ဉာဏ်လေးရပ် တို့ဖြင့် အရဟတ္တဖိုလ်ပေါက် လျင်မြန်ထုတ်ချောက် မျက်မှောက် ပြုနိုင်ကြသည့်ကိုယ် ဖြစ်ပါစေကုန်သတည်း....။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတဲ့ ထို နောက်ဆုံးဘဝ ပစ္ဆိမ ပရိနိဗ္ဗာန စုတိစိတ်၏ အခြားမဲ့ နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ ဂတိ ယောနိ ဝိညာဏဋ္ဌိတိ သတ္တာဝါသ သတ္တနိကာယနိုက်မှာမှ ရုပ် နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခ သစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်မဖြစ်သောချုပ်ခြင်းငြိမ်းခြင်း=အနုပ္ပါဒနိရောဓ= အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသ ဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ် ဒု က္ခ ခပ် သိမ်း သံသရာမီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေ ကုန်သတည်း....။

သာဓု၊ သာဓု၊ သာဓု။

စူဠကမ္မဝိဘင်္ဂသုတ္တန် တရားတော်
ပြီးပါပြီ။

တတိယအကြိမ်

http://www.dhammadownload.com

# အာဠဝကသုတ္တန် တရားတော်

ကောဇာသက္ကရာဇ် ၁၃၃၅ ခု၊ သာသနာတော် ၂၅၁၇ ခုနှစ်၊ တပေါင်းလဆန်း(၂) ရက်နေ့ညဥ့်၊ ရန်ကုန်မြို့၊ ကန်ဘဲ့၊ မိုးကောင်းဘုရားဓမ္မာရုံကြီး၌ "မိုးကောင်းစေတီတော်ဗုဒ္ဓဝေယျာဝစ္စအဖွဲ့"က ခေါင်းဆောင်လျက် "မင်းကွန်း တိုက်နယ်ဆေးရုံ ထောက်ပံ့ရေး ပဒေသာပင်" အလှူဒါန၊ ပရိက္ခာရအလှူဓါနပွဲ၌ ဟောကြားအပ်သော သဂါထာဝဂ္ဂသံယုတ်၊ ယက္ခသံယုတ်ဝယ် ဆယ်ခုမြောက်ဖြစ်သော– အာဠဝကသုတ္တန်တရားတော်။

ဘုန်းကြီး ယခုဟောမည့် သုတ္တန်ကို အာဠဝကသုတ္တန်လို့ ခေါ်ပါတယ်။ ထိုသုတ္တန်ကို အဋ္ဌကထာ ဆရာတော်ဖွင့်ပြတာဟာ ဘုန်းကြီးတို့ သိတင်းသုံးဖော် သံဃာတော်ချင်းကျတော့ သိပါတယ်။ အများကြီး ၁၀-ရွက်ကျော်ကျော် ဖွင့်ပါတယ်။ငုံမိသလောက် ဘုန်းကြီးတတ်နိုင်သလောက် တရားနာပရိသတ်အား ဟောပြပါ့မယ်။

ရှေးဦးစွာ အဲဒီ အာဠဝကသုတ္တန်မှာ အာဠဝက နတ်ဘီလူး မြတ်စွာဘုရားကို တိုက်ခိုက်တဲ့နေရာမှာ ရှေ့ပိုင်းသူရဲ့ လက်နက် (၉) မျိုးနဲ့ ဘုရားကိုပစ်တယ်၊ အဲဒီပစ်တဲ့လက်နက် (၉) မျိုးကို အောင်နိုင်တော်မူတဲ့ မြတ်စွာဘုရားအား ရှိခိုးဖို့၊ ရှိခိုးပြီးတော့ မိမိတို့လဲ မြတ်စွာဘုရားရဲ့ သားတော် သမီးတော်များပီပီ လက်နက်ဘေးဒဏ် ရန်မာရ်ခပင်း လွတ်ကင်းရန် ဆုတောင်းဖို့ ဆိုပြီးတော့ "တောင်တွင်းအကျော် မ-ကာရဲလောပခင်ကြီးဖျော်" က ဘုရားရှိခိုး ဆုတောင်း ဂါထာကို ရေးထားခဲ့ပါတယ်။ အဲဒီ ဂါထာကို ဘုန်းကြီး များ

တတိယအကြိမ်

http://www.dhammadownload.com



ညာဏ်မီ စဉ်းစားမိသလောက် အဋ္ဌကထာကို ကြည့်ပြီး အနက်မြန်မာ ပြန်ထားတာဖြစ်ပါတယ်။ ကြည်ညိုကြရ အောင်။

မာရ်လက်နက်ကိုးဖြာ အောင်ဇေယျာဝန်နာ
ဆုတောင်းဂါထာ ပါဠိ+အနက်

၁။ ဝါတံ ဝဿဉ္စ ပါသာဏံ၊
အာဝုဓံ ဝါလုကံ တထာ။
ကုက္ကုဠံ ကလလ+င်္ဂါရံ၊
အန္ဓကာရ+န္တိ+မေ နဝ။ ။

၂။ သဗ္ဗေ မာရေန ဝိဿဋ္ဌေ၊
ဝိဇယန္တံ ဇိနံ နမေ။
အဟမ္ပိ တေန ပုညေန၊
ဝိဇေယျံ သဗ္ဗ+မာယုဓေ။ ။

၁။ ဝါတံ = လောက ထွတ်ထား တို့ဘုရားလျှင် ငါးပါးမာရ်ခြွေ ပလ္လင်ဗွေ၌ စံနေခိုက်ခါ မာရ်နတ်လာ လျက်စက္ကဝါတိုက် တောင်နှင့်ရိုက်၍ ပန်းမျိုက် မြုစုဏ်. သေးဖွဲ့နုန့်သို့ မုန့်မုန့်ညက်ကြေ ပျက်ပစေဟု စေတနာဆိုး ပြုဖန်ပျိုးသား မိုးရပ်သိမ့်ဟည်း မြေကြီးပွဲတင် သစ်ပင် ကျောက်တုံး အိမ်အလုံးကို ခြေမှုန်းဖြတ်ပိုင်း ရှစ်ရပ် တိုင်းမှ အုံမှိုင်းလေဆိုး မုန်တိုင်းလက်နက်မျိုး လည်း ကောင်း။

ဝဿဉ္စ=အဟုန်ဒီးဒီး စီးကျသွယ်သွယ် ရေပြင်ကျယ်၌ မှိုဖွယ်ကင်းဖည် သေစိမ့်ရည်၍ တမည်ပြုစား ထန်းလုံး ဖျားနှင့် တောင်ဖျားမျှအောင် အမြင့်ဆောင်သား

http://www.dhammadownload.com



ရှစ်ဘောင်ရပ်ခန်း ပြည့်မောက်လျှမ်းသည့် မှို့-ကြမ်း ရေဆိုး လက်နက်မျိုးလည်းကောင်း။

ပါသာဏံ=ကျောက်ဖြင့်ကြိတ်ဖျက် မုန့်မုန့်ညက်လျှင် နှိပ်စက်စေရန် တမည့်ဖန်၍နဘန်မိုးလုံး ထစ်ချုန်းခြိမ့်ညံ တိုက်ခိုက်သံနှင့် အလျှံဖြိုးဖြိုး ကျောက်ခဲကျောက်စိုင်မိုး လည်းကောင်း။

အာဝုဓံ=အသွေးတစ်ခြား အသားတစ်တွေ အရေ တစ်မျိုး အရိုးတစ်ဂိုဏ်း ထိုးခုတ်ပိုင်း၍ မဆိုင်းသေရန် ပြူစီပံသား အလျှံပြိုးပြက် မိုးလုံးလက်အောင် တစ်ဖက် အသွား နှစ်ဖက်သွားဟု လှံ+ဓား စသည် အမည်မည် လျှင် စုံစီဖန်ပျိုး လက်နက်မိုး လည်းကောင်း။

ဝါဠုကံ တထာ=ထွက်လေ ဝင်လေ နှစ်ထွေမရှိ သဲဖြင့်ပိ၍ မချိသေအောင် ပြုဆောင်ဖန်ပျိုး သဲပူမိုး လည်းကောင်း။

ကုက္ကုဠံ=တမိမ့်မိမ့်ပူ သေအောင်ဟူ၍ သူ့အကြံပျိုး ပြာပူမိုးလည်းကောင်း။

ကလလံ=ကျိုက်ကျိုက်ပွက်ဆူ အပူအခိုး ရွှံ့ညွန်မိုး လည်းကောင်း။

အင်္ဂါရံ=တစ်ခဏချင်း အပြင်းပူလောင် သေအောင် ဖန်ပျိုး မီးကျီးမိုးလည်းကောင်း။

အန္ဓကာရံ = ကြည့်သော်မစွမ်း စမ်းသော်မထင် ကြောက်ဒိတ်ဝင်၍ အလျင်သေရန် တစ်တန်ပြုဆောင် အမိုက်မှောင်လည်းကောင်း။ ဣတိ=ဤသို့။-

၂။ မာရေန=ရက်စက်ကြမ်းကြုတ် မာရ်နတ်အယုတ် သည်။ (ယက္ခေန=အာဠဝက ယက္ခစစ်မှူး နတ်ဘီလူး

http://www.dhammadownload.com



သည်။) ဝိသဏ္ဍေ=ရှုံးရှုံး မာန်ဟုန် ဒေါသူပုန်ဖြင့် ပြော ဟုန်ထဝ်ထဝ် အကြိမ်ကြိမ် ပစ်လွှင့်အဝ်ကုန်သော။ ဠမေ နဝ သဏ္ဍေ=ထေ မိုး ကျောက် သဲ၊ ညွန် မီးခဲနှင့် ပြာမွဲ၊ မိုက်မှောင်၊ ပြောင်ပြောင်ထက်နက် ရောင်မြိုး ပြက်ဟု ကိုးချက်ရန်စွယ် လက်နက်မျိုး အန္တရာယ်တို့ကို။ ဝိဇယန္တံ=မိုလ်ပါအပေါင်း သောင်းကုဋေအား ပကတိ ဆောင်နိုင်ငြားသော်လည်း ရိုက်သား ပုတ်သား အဖ အပါးဝယ် ဆိုးဝါးမာန်မူ သားငယ်ထူသို့ သိတဂုဏ်နှုန်း ကြည်နှလုံးဖြင့် မြေလုံးငြိမ့်အောင် သက်သေဆောင်၍ အောင်တော်မူကြီး အောင်တော်မူထသော၊ (ဝါ) အောင်တော်မူသောကြောင့်။ 'ဇိနံ=ဇိန ဟူသည့် အမည် တံဆိပ် ဘွဲ့ပုံလိပ်ဖြင့် ခတ်နှိပ်ပေါ်ထင် အောင်ပွဲရှင် မြတ်စွာဘုရားကို။ နမေ-နမာမ = ကိုယ် နှုတ် နှလုံး သုံးပါးပျောင်းပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးဦးညွှတ်ပါကုန်၏ဘုရား....။

မယမ္ပိ=စတုသပုဏ္ဍာန် ပြုလုပ်ဖန်သည့် ရုပ်နာမ်ပေါင်း ချုပ် အကျွန်ုပ်တို့သည်လည်း။ တေန ပုညေန=ထက်နက် မျိုးကို ဖျက်ချိုးနှိမ်ချုံး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးဝန္ဒနာ စေတနာပဏာမ မြတ်ပုညကြောင့်။ သဗ္ဗ+ မာယုဓေ= သေနတ် လေး မြား လှံ ဓား မီးပေါက် အမြောက် စိန် ဗုံး ခြေမှုန်းခွင်းဖြတ် အကျဉ်းမှတ်သော် လွှတ်အဝ် မလွှတ်အဝ် နှစ်ရပ်ကျုံးခြုံ အလုံးစုံသော လက်နက်မျိုး တို့ကို။ ဝိဇေယျံ-ဝိဇေယျာမ= ယနေ့ကစ နိဗ္ဗာန်ရသည့် ကာလတခွင် သံသာပြင်ဝယ် မမြင်ရ မကြားရ အဝေး ကပင် အောင်ရ နိုင်ရ အောင်နိုင်ရသည့်ကိုယ် ဖြစ်ပါ

http://www.dhammadownload.com



လိုကုန်၏ မြတ်စွာဘုရား ...၊ မြတ်စွာဘုရား ...။ ။
(သာဓု၊ သာဓု၊ သာဓု)

**ဆောင်ရန်လင်္ကာ**

ဒီထက် မြန်ပြီး လင်္ကာလေးနဲ့ ရွတ်ချင်ယင်လဲ ရှိပြန်တယ်။

အယုတ်တမာ၊ ရိုင်းမိုက်စွာသား၊ အာဥ္စဝက၊ နတ်ယက္ခလျှင်၊ ဒေါ်သလွှမ်းမိုး၊ ပြဲဖန်ပျိုးသည့်၊ လေမိုး ကျောက် သဲ၊ ရေ မီးခဲနှင့်၊ ပြာမွဲ မိုက်မှောင်၊ ပြောင်ပြောင် လက်လက်၊ ရောင်ပြိုးပြက်ဟု၊ ကိုးချက် ရန်စွယ်၊ အန္တရာယ်ကို၊ ဆံနှယ်မြူမျှ၊ မကြောင့်ကြပဲ၊ ဆုံး စ အောင်နိုင်၊ စေဘုန်းလှိုင်အား၊ ဦးယိုင်ညွှတ်လျှိုး၊ ကျွန်ရှိခိုးသည် ... ဘေးမျိုး လက်နက် ကင်းစေသောဝ....လို့ ရွတ်ဆိုရန် ဖြစ်ပါတယ်။

## ရတဲ့ဆီမှာ တောင်းပါ

ပါဠိနှင့်အနက် ကျယ်ဝန်း၍ မကျက်နိုင်ယင် တို့ ဆိုလိုရင်း အဲဒီလင်္ကာကလေး ရွတ်ဆိုယင် ဘုရားရှိခိုးခြင်းကိစ္စလဲ ပြီးတယ်၊ ကိုယ်အလိုရှိတဲ့ ဆုတောင်းခြင်းကိစ္စလဲပြီးတယ်။ လောကဥပမာအားဖြင့် ပိုက်ဆံမရှိတဲ့ လူ့ ထံ သွား ပြီး ''ကျွန်ုပ်အား မုန့်ဖိုး ထမင်းဖိုး ငွေ တစ်ကျပ်လောက် ပေး ပါ ခ င် ဗျား'' လို့ အဲ ဒီ လို သွားတောင်းယင် အတောင်းခံရတဲ့လူရဲ့ အပြစ်မဟုတ်ဘူး၊ တောင်းတဲ့လူက အလိုက်မသိတာဖြစ်တယ်။ ပိုက်ဆံရှိတဲ့ ပုဂ္ဂိုလ်၊ ပေးနိုင်တဲ့ပုဂ္ဂိုလ်ထံ သွား တောင်း မှ တောင်းတဲ့ပုဂ္ဂိုလ်ရဲ့ တောင်းခြင်းဟာ သဘာဝကျတယ် လို့ ဆိုရသလို—

http://www.dhammadownload.com



ထို့အတူပဲ မိမိကိုယ်တိုင် လက်နက်ဘေးဒဏ် ရန်မာန်ရဲ့ကို မအောင်မြင်တဲ့ ပုဂ္ဂိုလ်ထံသွားပြီး ''လက်နက်ဘေးဒဏ် ရန်မာန်ခပင်း အောင်ခြင်းမင်္ဂလာ ဆုပေးပါ'' လို့ တောင်းလျှင် တောင်းတဲ့လူရဲ့ အပြစ်သာဖြစ်တယ်၊ အမှန်တကယ် မိမိကိုယ်နှိုက်က လက်နက်ဘေးဒဏ် ရန်ခပင်းကို အောင်ခြင်းမင်္ဂလာသဘင် ယှင်ထားတဲ့ ပုဂ္ဂိုလ်ထံတောင်းမှသာ တောင်းတဲ့ပုဂ္ဂိုလ်ရဲ့ တောင်းခြင်းလဲ သဘာဝကျ၍ တောင်းတိုင်းလဲ ရနိုင်ပါတယ်။ ဤအရာမျိုးကို ဩစိတျရှိတယ် = ထိုက်လျော်တယ်လို့ ဆိုရပါတယ်။

ဒါက ဘုန်းကြီးတို့ သတိပြုရန် ထပ်လောင်းပြောကြားခြင်း ဖြစ်ပါတယ်။

## အာဠဝကဘီလူးကြီး၏ ဗိမာန်

အာဠဝကသုတ္တန်မှာ အဋ္ဌကထာဆရာတော်က သုတ္တန်ပါဠိတော်ရင်းကို မဖွင့်သေးမီ ရှေးဦးစွာ အာဠဝက နတ်ဘီလူးရဲ့ အကြောင်းကို ဖွင့်ပြသည်မှာ.... အာဠဝီတိုင်း အာဠဝီပြည်ရဲ့အနီးမှာ အာဠဝီပြည်နဲ့ တစ်ဂါဝုတ်=သုံးမိုင်လောက် ဝေးသောနေရာ၌ ညောင်ပင်ကြီး တစ်ပင်ရှိတယ်။ အဲဒီ ညောင်ပင်ကြီးရဲ့အနီးမှာ အာဠဝက နတ်ဘီလူးရဲ့ ဘူမဋ္ဌကဗိမာန် ရှိတယ်။ သုံးယူဇနာမြင့်၍ လုံလုံ ခြုံခြုံ တံတိုင်းဖြင့် ရံအပ်လျက် တံခါး၊ တံခါးမုခ်တို့ ငါရှိလျက် အပေါ်မှာ ရွှေဇာကွန်ယက်တို့ဖြင့် ဖုံးအုပ်ထားအပ်တယ်။ အဲဒီ ဗိမာန်မှာ အာဠဝကဘီလူး နတ်စစ်မှူး စိုးအုပ်နေထိုင်တယ်။

http://www.dhammadownload.com



အဲဒီ အာဠ္ဌဝကဘီလူး နတ်စစ်မှုး ဝေဿဝဏ်နတ်မင်းကြီးထံမှ သူ ဆုရထားတာက နေမွန်းတည့်ချိန်မှာ ညောင်ပင်ကြီး အရိပ်ကျတဲ့ အဝန်းအဝိုင်းအတွင်း (နေမွန်းတည့်ချိန်ဝင်မှ မဟုတ်ဘူးနော်၊ ဘယ်အချိန်ပဲဝင်ဝင် အဝိုင်းအခြားက) နေမွန်းတည့်ချိန်မှာ ညောင်ပင်ရဲ့ အရိပ်ကျရာကို သတ်မှတ်ပြီး အဲဒီ အဝိုင်းအခြားအတွင်း နေ့ပဲဝင်ဝင်၊ ညပဲဝင်ဝင်၊ ဝင်တဲ့လူကို သူ စားပိုင်ခွင့် ဝေဿဝဏ်နတ်မင်းကြီး အထံမှ ဆုရထားတယ်။ (အဲဒါ အာဠ္ဌဝကဘီလူးဘက်က စောစောသိထားရမယ့် အချက် ဖြစ်ပါတယ်။)

အာဠ္ဌဝီပြည်ကို စိုးအုပ်တဲ့မင်းကိုလဲ အာဠ္ဌဝကမင်းလို့ ခေါ်တယ်။ အဲဒီ မင်းရဲ့သားကိုလဲ အာဠ္ဌဝကမင်းသားလို့ ခေါ်တယ်။ မှတ်လို့ကတော့ အင်မတန်လွယ်ပါတယ်။ ဘီလူးရဲ့ အမည်ကလဲ အာဠ္ဌဝက၊ အာဠ္ဌဝီပြည့်ရှင် ဘုရင်ရဲ့ အမည်ကလဲ အာဠ္ဌဝက၊ အဲဒီ မင်းရဲ့ သားကလေးရဲ့ အမည်ကလဲ အာဠ္ဌဝက၊ တစ်ခု မှတ်ထားယင် သုံးခုမှတ်ပြီးသား ဖြစ်ပါတယ်။

"ဟင်.... ဘယ့်နှယ် အဖေကလဲ အာဠ္ဌဝက၊ သားကလဲ အာဠ္ဌဝက ဖြစ်နိုင်ပါ့မလား" ဆိုတော့ အိန္ဒိယရဲ့ ယဉ်ကျေးမှုနော်၊ ဇနကဇာတ်ကို ကြည့်ပါ။ ဘိုးတော်က ဇနကမင်း၊ သူ့ရဲ့သားတော် အကြီး (နှင့်) အငယ် နှစ်ယောက်စလုံး ဇနက ပါပဲ။ အကြီး အငယ် ကွဲအောင် အရိဋ္ဌ (နှင့်) ပေါလ ဝိသေသန တပ်ပြီးတော့ သားကြီးကို အရိဋ္ဌဇနက၊ သားငယ်ကို ပေါလဇနက လို့ ခေါ်တယ်။ တစ်ဖန် အရိဋ္ဌဇနက က မွေးတဲ့သား ဘုရားအလောင်းကျပြန်တော့လဲ ဇနကပဲ။

http://www.dhammadownload.com



အဲဒီလို အဖ၏ အမည်၊ အဘိုး၏ အမည်ကို သား၊ မြေးတို့ကို မှည့်ခေါ်ခြင်းဟာ အိန္ဒိယရဲ့ယဉ်ကျေးမှုပါ။ ယနေ့ မြန်မာပြည်မှာလဲပဲ အဲဒီ ယဉ်ကျေးမှုကို ယူပြီးတော့ မိဖရဲ့နာမည် အက္ခရာ တစ်လုံး နှစ်လုံး ယူပြီး မှည့်တဲ့နာမည်တွေ အများကြီး တွေ့ရပါတယ်။

## မင်းများ တောလိုက်ခြင်း၏ ရည်ရွယ်ချက်

အဲဒီမှာ အာဠဝီပြည့်ရှင် ဘုရင် အာဠဝကမင်းတရားက–

၁။ စောရပဋိဗာဟန =သူပုန်ရန် (နှင့်) လူဆိုး သူဆိုး ဘေးကို တားမြစ်ရန်အတွက်လည်းကောင်း။

၂။ ပဋိရာဇနိသေဓန = ရန်မူလိုသော တစ်ဖက်မင်းတို့ရဲ့ ရန်မူမှုကို တားမြစ်ဖို့ မိမိရဲ့အင်အားကို ပြရန်အတွက်လည်းကောင်း။

၃။ ဗျာယာမကရဏ= မိမိရဲ့ ယောက်ျားတို့ လုံ့လ ဝီရိယစွမ်းရည် သတ္တိရှိမှုကို ပြရန် အတွက်လည်းကောင်း။

ဤ ရည်ရွယ်ချက် သုံးရပ်ဖြင့် အာဠဝကဘုရင်ဟာ ခုနစ်ရက် တစ်ကြိမ်၊ ခုနစ်ရက် တစ်ကြိမ်ကျ မိမိရဲ့ စစ်သည် ဗိုလ်ပါ မြောက်မြားစွာနှင့်အတူ တောလိုက်လေ့ရှိတယ်။ အဲဒီလို တောလိုက်ခဲ့ရာမှာ တစ်နေ့သ၌ တောထဲရောက်တော့ ဘုရင့်ကိုယ်တိုင်က–

ယဿ ပဿေန မိဂေါ ပလာယတိ၊ တဿေဝ ဘာရော။

တတိယအကြိမ်

http://www.dhammadownload.com



ယဿ=အကြင်သူ၏။ ပဿေန = နံပါး အနီးအပါး တောင်နှုံးဖြင့်။ မိဂေါ = သားကောင်သည်။ ပလာယတိ=ပြေးပြွေးအံ့။ တဿေဝ=ထို တောင်နှုံးရှင်၏ သာလျှင်။ ဘာရော=တာဝန်သည်။ ဟောတု= ဖြစ်ပစေ။

ငါ့တာက သားကောင်ထွက်လျှင် ငါ့တာဝန်၊ မောင်မင်းတို့တာက သားကောင်ထွက်လျှင် မောင်မင်း တို့တာဝန် လို့ အဲဒီလို ဘုရင်ကိုယ်တိုင် ကြပ်မတ် တာဝန်အသီးအသီး ချပြီး ကိုယ်တိုင်ကလဲ တောင်နှုံးတစ်ခုယူ၍ တောလိုက်ကြတယ်။

## ရွှေသမင် မင်းကြီးတာက ထွက်

တောချောက်သူ မင်းချင်းမတွေ တစ်ယူဇနာ (၁၂) မိုင်လောက်က နေပြီးတော့ ခြောက်ကြလို့ သားကောင်များ လျှိုမြောင်ရှိရာ ဦးတည်ပြီး ပြေးလာကြတဲ့အခါ ဏေီမည်သော သားကောင် တစ်ကောင် အာဠဝကမင်းကြီးရဲ့ တာင်နှုံးထဲက လွတ်မြောက် ထွက်ပြေးသွားတယ်။ ဒါကြောင့် ''ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာက ထွက်'' ဆိုတဲ့ ဆိုရိုးစကား ပေါ်လာရခြင်းဖြစ်တယ်။ အေး.... ဏေီ ဆိုတဲ့ သားကောင်ဟာ ရွှေရောင်အဆင်းရှိတယ်၊ ဏေီသားကောင် မင်းကြီးတာက ထွက်ပြေးတော့ အားမာန်အဟုန်နဲ့ ပြည့်စုံတဲ့ အာဠဝကမင်းကြီး လေးလက်နက် စွဲကိုင်ပြီး ခြေကျင်ပင် သုံးယူဇနာ (၃၆)မိုင် တိုင်အောင် အပြေးလိုက်တယ်။

ဏေီသားကောင်တို့ မည်သည် သုံးယူဇနာ (၃၆-မိုင်) ၀ တစ်ဟုန်တိုး ပြေးနိုင်တယ်။ သုံးယူဇနာလဲ

http://www.dhammadownload.com



ရောက်ရော တခါထဲ ဟောဟဲလိုက်ပြီး ရှေ့ကိုဆက်၍ မပြေးနိုင်တဲ့ ဇော်သားကောင်ကို ဘုရင်မင်းက မိတယ်။ မိတယ်ဆိုယင်ပဲ ဘုရင်အနေနဲ့ သမင်သားကို မစားလိုသော်လဲ ''ငါတို့ မင်းကြီးဟာ သားကောင်ကို ရအောင် မဖမ်းနိုင်ပါဘူး'' လို့ ပြက်ရယ်ပြုမှုမှ လွတ်အောင် ဇော်သားကောင်ကို နှစ်ပိုင်းဖြတ် သတ်၍ ထမ်းပိုးဖြင့် ထမ်းပြီးပြန်အလာ မြို့နှင့် တစ်ဂါဝုတ် (၃–မိုင်) ခန့် အရောက် အာဠဝကဘီလူး စိုးအုပ်တဲ့ ပညောင်ပင်ကြီးသို့ ရောက်ခဲ့တယ်။ (အသွား အပြန် မိုင်ပေါင်း ခြောက်ဆယ်ကျော် ဆိုတော့ ဘယ်သူမှ ယုံနိုင်စရာ မရှိဘူးနော်....။ ဒါပေမယ့် အာဠဝက မင်းကြီးကတော့ အမှန်ပင် မိုင်ခြောက်ဆယ်ကျော် ခရီးကို သွားခဲ့ရတယ်။) အာဠဝကမင်းကြီး ခရီး ပန်းလှ၍ အပန်းဖြေရန် ညောင်ပင်အရင်း ဝင် ရောက် အပန်းဖြေ နားနေတဲ့အခါ အာဠဝကဘီလူး စားဖို့ရန် မင်း၏ အနီးသို့ ကပ်ရောက်လာဘယ်။

### မင်း၏ ကတိစကား

ထိုသို့ ကပ်ရောက်လာတဲ့အခါ အာဠဝကမင်းက အာဠဝကဘီလူးနှင့် ကတိကဝတ် ထားသောအနေဖြင့်–

မုဉ္စ မံ၊ အဟံ တေ ဒိဝသေ ဒိဝသေ မနုဿဉ္စ ထာလိပါကဉ္စ ပေသေဿာမိ။

''အသင်ဘီလူး....၊ ကျွန်ုပ်ကို လွှတ်ပါ၊ ကျွန်ုပ်ကို လွှတ်ခဲ့ယင် နေ့တိုင်း နေ့တိုင်း လူတစ်ယောက် တစ်ယောက်နဲ့ ထမင်းကျက်အိုး တစ်လုံး တစ်လုံး

http://www.dhammadownload.com



အပို့လွှတ်ပါမည်" ဟု ပြောသောအခါ အာဋဝက ဘီလူးက—

တွံ ရာဇပုတ္တော ဂေန ပမတ္တော န သရိဿသိ၊ အဟံ ပန ဘဝနံ အနုပဂတဿ အနနုညာတဿ ခါဒိတုံ န လဘာမိ၊ သွာ+ဟံ ဘဝနသ္မိ ဗိဟေယျံ။

သင်မင်းကြီးသည် မင်းစည်းစိမ်ဖြင့် မေ့လျော့ပြီး ယခုပြုတဲ့ ကတိစကားကို အမှတ်မရပဲ ရှိနိုင်ပါသည်၊ ကျွန်ုပ်သည်ကား ဤ ဗိမာန်သို့ မကပ်ရောက်သူ၊ ခွင့်မပြုအပ်သူများကို စားနိုင်ဖို့ အခွင့်မရပါ၊ အကျွန်ုပ်သည် (သင်မင်းကြီးကို လွှတ်လိုက်ယင်) ကျွန်ုပ်မှာ ဆုံးရှုံးနိုင်ပေသည် ဟု အရေးဆိုသော အခါ အာဠဝကမင်းက—

ယံ ဒိဝသံ န ပေသေမိ၊ တံ ဒိဝသံ မံ ဂဟေတွာ ခါဒ။

မပို့လွှတ်သောနေ့မှာ ငါ့ကို ဖမ်း၍ စားလော့ ဟု မိမိကို ခွင့်ပြုစေရန် ပြောကြား၍ အာဠဝက ဘီလူးက ခွင့်ပြုလတ်ရကား အာဠဝီပြည်သို့ ရှေးရှု ပြန်လာခဲ့တယ်။

## မပျော်နိုင်သော မင်းကြီး

ထိုသို့ပြန်လာ၍ မြို့ပြင်ဘက် (၂) မိုင်လောက် ရောက်သောအခါ စောစောက ကွဲကွာသွားကြတဲ့ စစ်သည်ဗိုလ်ပါတို့နဲ့ တွေ့၍ မင်းကြီး ဧကီသား ကောင်ကို နှစ်ပိုင်းဖြတ်သတ်၍ ထမ်းဆောင်လာ သည်ကို မြင်ကြတော့ စစ်သည် ဗိုလ်ပါ အပေါင်း တို့က—

http://www.dhammadownload.com



''ကိံ မဟာရာဇ အယသမတ္တဘာယာ ဧဝံ ကိ-လန္တော၁+သိ။ အရှင်မင်းကြီး....၊ ဖြစ်မှ ဖြစ်ရပလေ၊ အကျွန်ုပ်တို့ ဗိုလ်ပါများက 'ငါတို့ မင်းကြီး ဟာ သားကောင်ကို ရအောင် မဖမ်းနိုင်ဘူး' လို့ ကဲ့ရဲ့မည့် ဘေးမျှလောက်ကိုကြောက်သဖြင့် အရှင် မင်းကြီးသည် ဘာဖြစ်လို့ ဤမျှလောက် အပင်ပန်း ခံရဟာလဲ'' ဟု စစ်သည်ဗိုလ်ပါတို့က ပြောဆို ခရီးဦးကြိုကြလျက် သားကောင်ကို ဆီးကြိုယူကြ သော်လည်း မင်းကြီးကမူ ထိုအကြောင်းကို မပြော ဆိုဘဲ စစ်အင်္ဂါ လေးပါးဖြင့် အာဠဝီပြည်သို့ ဝင် ကာယ်။

## မှားယွင်းသောလုပ်ရပ်

နန်းတွင်းရောက်လို့ နောက်တစ်နေ့ နံနက်စာစား ပြီးသောအခါ မြို့ဝန်မင်းကို ခေါ်၍ ''မြို့ဝန်မင်း....၊ ငါ ယမန်နေ့က အာဠဝကဘီလူးရဲ့ ညောင်ပင်အောက် ငါရောက်ခဲ့တဲ့ အခါမှာ ငါနှင့် အာဠဝကဘီလူးတို့ စကား အချေအတင် ပြောကြတဲ့အခါ 'လူတစ်ယောက် နှင့် ထမင်းကျက်အိုး တစ်လုံး ပို့ပါမယ်' လို့ ငါ တာဝန်ခံခဲ့ရတယ်။ ဒီတော့ ပို့ရလိမ့်မယ်''လို့ မင်းကြီး က ပြောသောအခါ မြို့ဝန်မင်းက−

''ကိံ ဒေဝ ကာလပရိစ္ဆေဒေါ ကတော။

ဒေဝ = အရှင်မင်းကြီး....။ ကိံ = အသို့နည်း။ ကာလပရိစ္ဆေဒေါ = အချိန်အပိုင်းအခြားကို။ ကတော=ပြုအပ်ခဲ့ပါ၏လော။

http://www.dhammadownload.com



(အရှင်မင်းကြီး....၊ တစ်ခု မေးပါရစေ။ အချိန်အပိုင်းအခြားများ ပြုခဲ့ရဲ့လား။ (၇) ရက်ပို့မယ်၊ (၁၀) ရက်ပို့မယ်၊ (၁၅) ရက်ပို့မယ်၊ သို့မဟုတ် (၁) လပို့မယ်.... အဲဒီလို အချိန်အပိုင်းအခြားများ ပြုလုပ်ခဲ့ပါရဲ့လား'' လို့ မေးတယ်။

မင်းကလဲ ရိုးရိုးပဲ ''န ကတော ဘန္တေ။ အရှင်းမြှဝန်မင်း....၊ အဲဒီ အချိန်အပိုင်းအခြားကိုတော့ ငါ မပြုခဲ့မိဘူး'' လို့ ပြောတဲ့အခါ မြှဝန်မင်းက ဆက်၍-

''ဒုဋ္ဌု ကတံ ဒေဝ။ အရှင်မင်းကြီး....၊ အဲဒီလို အချိန်ပိုင်း မလုပ်ခဲ့တာကတော့ အကြီးအကျယ် မှားတာပဲ။

အမနုဿာ ဟိ ပရိစ္ဆိန္နမတ္တမေဝ လဘန္တိ=မှန်ပါတယ်၊ ဘီလူးများဟာ ပိုင်းခြားအပ်တဲ့ အချိန်မျှလောက်သာ စားခွင့် ရကြပါတယ်၊ (သူတို့ဟာ ပိုင်းခြားအပ်တဲ့ အချိန်ထက်ပိုပြီး စားနိုင်ခွင့် မရှိကြဘူး။)

အပရိစ္ဆိန္နေ ပန ဇနပဒဿ အာဗာဓော ဘဝိဿတိ။

အပိုင်းအခြား မပြုအပ်လျှင်တော့ ဇနပုဒ် တိုက်နယ် တစ်ခုလုံး ဘေးရန်ရောက်မှု ဖြစ်နိုင်တယ်။ ဟောတု ဒေဝ၊ ကိဉ္စာပိ ဧဝံ+မကာသိ=အရှင်မင်းကြီး....၊ ဤသို့ ပြုမှားခဲ့သော်လည်း ရှိပါစေ။

အပ္ပေါဿုက္ကော တွံ ရဇ္ဇသုခံ+မနုဘောဟိ။ အဟံ+ မေတ္တ ကာတဗ္ဗံ ကရိဿာမိ=အရှင်မင်းကြီး ကား ကြောင့်ကြမဲ့သာ မင်းစည်းစိမ် ချမ်းသာကို ခံစားနေတော်မူပါ၊ ဤအရာမှာ ပြုဖွယ်ကိစ္စ အဝဝကို အကျွန်ုပ်ပဲ ပြုလုပ်ပါတော့မည်။ ဤကဲ့သို့ လျှောက်ထားတယ်။

တတိယအကြိမ်

http://www.dhammadownload.com



## မြို့တော်ဝန်၏ အစီအမံ

အင်း.... မင်းကြီးတော့ စိတ် သက် သာ သွား ပြီ၊ မြို့ဝန်မင်းမှာတော့ နေ့တိုင်းအတွက် တာဝန်တက်လေပြီ၊ ''ငါ ဘယ်လိုလုပ်ရမည်လဲ'' လို့ စဉ်းစားတဲ့အခါ အကြံရပြီ၊ အသတ်ခံရမည့် တရားခံတွေထားတဲ့ ထောင် အဝသွားပြီး ''ယော ဇီဝိတတ္ထိကော၊ သော နိက္ခမတု။ ယော အကြင်သူသည်။ ဇီဝိတတ္ထိကော = အသက်ရှင် လို၏။ သော=ထိုသူသည်။ နိက္ခမတု = ထွက်ခဲ့လော့''။ ဤကဲ့သို့ ပြောပြီး ရှေးဦးစွာ ထွက်လာသည့် အသတ်ခံ ရမည့် ထောင်သားကို မြို့ဝန်မင်းက မိမိအိမ်သို့ ခေါ် ဆောင်၍ ရေချိုးစေပြီး ထမင်းကျွေးပြီး ''ဤ ထမင်း ကျက်အိုးကို အာဠဝက ဘီလူးအား ပေးလော့'' ဟု ဆို၍ အစောင့်အရှောက်များ ထည့်ကာ မြို့အပြင်မှာရှိတဲ့ အာဠဝကဘီလူး၏ နေရာ ပညောင်ပင်အရောက် အပို့ လွှတ်လိုက်တယ်။

ပညောင်ပင်သို့ ရောက်သည်ဆိုလျှင်ပင် အာဠာက ဘီလူးသည် ကြောက်မက်ဖွယ်သောကိုယ်ကို ဖန်ဆင်း၍ ထို ထမင်းပို့လာသူကို သစ်မြစ်သစ်ဥကဲ့သို့ ကျွတ်ကျွတ် ဝါး၍ စားလိုက်တယ်။ (ဘီလူးတို့၏ အာနုဘော် ကြောင့် လူများရဲ့ ဆံပင်ကစ၍ တစ်ကိုယ်လုံးသည် နွားနို့ခဲကဲ့သို့ ဖြစ်သွားတယ်)။ ဘေးကဲ အစောင့် လိုက်ပါသွားတဲ့လူများ ထိုအဖြစ်အပျက်ကို မြင်ကြတဲ့ အခါ ကြောက်ရွံ့ထိတ်လန့်ကြပြီး မြို့တွင်းပြန်လာကြတဲ့ အခါ မိမိ မိမိတို့ရဲ့ မိတ်ဆွေများကို ထိုအကြောင်း ပြောကြားကြတဲ့ အခါ ထိုသတင်း ကြားသိရသူ လူ အပေါင်းတို့သည်–

http://www.dhammadownload.com



''ရာဇာ စောရေ ဂဟေတွာ ယက္ခဿ ဒေတိ= မင်းကြီးက လူဆိုး သူဆိုးများကို ဖမ်း၍ ဘီလူးစာ ကျွေးတယ်'' ဆိုတဲ့ သတင်းစကား အဆင့်ဆင့် ပြောကြားကြသဖြင့် လူအများ ခိုးယူလုယက်မှုမှ ရှောင်ကြဉ်ကြသဖြင့် နောက်ပိုင်းတွင် လူဆိုးသူဆိုး အသစ်လည်း မပေါ်ပေါက်၊ လူဆိုး သူဆိုးဟောင်း များလည်း ကုန်သဖြင့် ထောင်များ ဆိတ်သုဉ်း ကုန်တယ်။

အစီအစဉ်သစ် တစ်ရပ်

ထိုသို့ ထောင်များ ဆိတ်သုဉ်းသွားတဲ့အခါ မြို့ဝန် မင်းက ထိုအကြောင်းကို မင်းကြီးအား လျှောက်ထား သဖြင့် မင်းကြီးက ''အပေ္ပဝ နာမ ကောဇိ လောဘေန ဂဏှေယျ= တစ်စုံတစ်ယောက်သောသူသည် လောဘ တိုက်တွန်းချက်ဖြင့် ကောက် ယူ ကောင်း ကောက်ယူလိမ့်မယ်''။ ဒီတော့ အသပြာ ထောင်ထုပ်ကို လမ်းလေးခွမှာ ပစ်ချထား၊ အဲဒီ ထောင်ထုပ် ကောက် ယူတဲ့လူကို ''မင်းဘဏ္ဍာခိုးယူတဲ့လူပဲ'' ဆိုပြီး ဖမ်း၊ ထိုလူကိုပဲ ထမင်းအိုးကို ဘီလူးထံ အပို့ခိုင်းတယ်။ တစ်ရက်၊ နှစ်ရက်တော့ ရမှာပ၊ နောက်ပိုင်းကျတော့ အသပြာ ထောင်ထုပ်ကို တွေ့သော်လဲ ဘယ်သူမှ မကောက်ယူကြတော့ဘူး။

အေး.... ဒါနဲ့ မင်းကြီးရယ်၊ မြို့ဝန်မင်းရယ်၊ မှူးမတ် တွေရယ် စုဝေးပြီး တိုင်ပင်ကြတယ်။ တိုင်ပင်ကြတော့ မှူးမတ်များက ''အရှင်မင်းကြီး....၊ အသပြာ ထောင် ထုပ်ကို ခြေနဲ့တောင် တို့ထိမည့်သူ မရှိတော့ဘူး၊

http://www.dhammadownload.com



လူဆိုးအဟောင်းလဲကုန်၊ အသစ်လူဆိုးလဲ ထပ်မရောက်၊ ဘယ့်နှယ်လုပ်မည်လဲ''လို့ တိုင်ပင်ကြတဲ့အခါ မင်းကြီးက–

''သင်တို့ ကြုံက်တာကို တင်ပြကြစမ်း'' ဆိုတော့ အမတ်များက ပထမ ''ကုလပဋ္ဋိပါဠိယာ ကေ မေကာံ ဇိဏ္ဏကာံ ပေသေမ၊ သော ပကတိယာပိ မစ္ဆုပထေ ဝတ္တတိ။ အိမ်စဉ်အတိုင်း လူအိုကြီး တစ်ယောက် တစ်ယောက်ကို အပို့ခိုင်းကြတာပ၊ ထိုလူအိုဟာ သူ့နဂိုကပင် သေဝသို့ ရောက်နေတာပဲ''လို့ မှူးမတ်များလဲ စဉ်းစားမိသလောက် ဉာဏ်မီသလောက် တင်ပြ ပြောဆိုကြတယ်။

ထိုအခါ မင်းကြီးက ''အမှာကံ ပိတရံ အမှာကံ ဒိတာမဟံ ပေသေဟီတိ မနုဿာ ခေါဘံ ကရိဿန္တိ၊ မာ ဝေါ တေံ ရုစ္စိ။

မှူးမတ်တို့....၊ 'ငါတို့ရဲ့ အဖကို လွှတ်ရကောင်းလား၊ ငါတို့ရဲ့ အဘိုးကို လွှတ်ရကောင်း လား' ဆိုပြီး တိုင်းသူပြည်သား လူအများ ချောက်ချားကုန်ကြလိမ့်မယ်၊ သင်တို့သည် ထိုသို့ လူအိုကြီးများကို ထမင်းအိုးပို့စေတဲ့ အစီအမံကို မနှစ်သက်အပ်ပါလင့်'' ဟု မင်းကြီးက တားမြစ်စကား ပြောကြားတယ်။

## နောက်ဆုံး အစီအစဉ်

ထိုအခါ မှူးမတ်တို့က ''တေနဟိ ဒေဝ ဒါရကာံ ပေသေမ ဥတ္တာန သေယျကာံ၊ တထာဝိဓေဿ ဟိ 'မာတာ မေ' တိ+ 'ပိတာမေတိ သိနေဟော နတ္ထိ။ အရှင်မင်းကြီး....၊ သို့တပြီးကား ပု ခက် တွင်း မှာ

http://www.dhammadownload.com



ပက်လက်အိပ်နေရတဲ့ ကလေးသူငယ်ကို ထမင်းကျက်အိုး ပို့စေကြစို့လား။ မှန်ပါတယ်၊ ထိုကလေးသူငယ်၏ အဖို့ရာ 'ငါ့အမေ' ဟူ၍ လည်းကောင်း၊ 'ငါ့အဖေ' ဟူ၍ လည်းကောင်း ချစ်ခင်မှု လုံးဝမရှိပါချေ''။ ဤကဲ့သို့ လျှောက်ထားကြတော့ အာဠဝကမင်းကလဲ သဘောတူ ခွင့်ပြုတယ်။ မင်းက သဘောတူတဲ့အတွက် မှူးမတ်များက တစ်နေ့ တစ်နေ့လျှင် ပုခက်တွင်းက ကလေးတစ်ယောက် တစ်ယောက်နဲ့ ထမင်းကျက်အိုး တစ်လုံး တစ်လုံး ပို့စေကြတယ်။

ထိုအခါ အာဠဝီပြည်မှာရှိတဲ့ ကလေးမိခင်များကလဲ ကလေးများကို ရင်ခွင်ပိုက်၍လည်းကောင်း၊ ကိုယ်ဝန်ရှိသော အမျိုးသမီးတို့ကလဲ ထွက်ပြေးကြ၍ လည်းကောင်း အခြားဇနပုဒ် တိုက်နယ်၌ ကလေးများကို ကြီးပြင်းစေပြီးမှ ပြန်လည်ယူဆောင် လာကြတယ်။ ဤနည်းဖြင့် ဆယ့်နှစ်နှစ်တာ အချိန်ကြာလွန်ခဲ့ပြီ ဖြစ်တယ်။

## ကလေးမရှိတဲ့ တိုင်းပြည်

ထို့နောက် တစ်နေ့သ၌ တစ်မြို့လုံး ရှာပါသော်လည်း (အာဠဝက မင်းသားကလေးကလွဲ၍) ကလေးတစ်ယောက်ကိုမှ မရတဲ့အခါ မှူးမတ်များက–

''နတ္ထိ ဒေဝ နဂရေ ဒါရကော ဌပေတွာ အန္တေ–ပုရေ တဝ ပုတ္တံ အာဠဝကကုမာရံ။

အရှင်မင်းကြီး....၊ နန်းတော်အတွင်း အရှင်မင်းကြီးရဲ့သားတော် အာဠဝက မင်းသားကလွဲ၍ မြို့ထဲမှာတော့ ကလေးတစ်ယောက်မှ မရှိတော့ဘူး'' လို့

http://www.dhammadownload.com



လျှောက် ထား ကြ တဲ့အခါ အာဠ ဝိ ပြည့် ရှင် ဘုရင် အာဠဝကမင်းကြီးက–

''ယထာ မမ ပုတ္တော ပိယော၊ ဧဝံ သဗ္ဗ– လောကဿ။ အတ္တနာ ပန ပိယတရံ နတ္ထိ၊ ဂစ္ဆထ တမ္ဗိ ဒတွာ မမ ဇီဝိတံ ရက္ခထ။

မှူးမတ်တို့….၊ ငါ၏ သားကို ငါ ချစ်အပ်သလို ထို့အတူ လူအားလုံးပဲ မိမိသားကို ချစ်အပ်ကြတယ်။ အထူးကတော့ မိမိထက် ပိုပြီး ချစ်အပ်တဲ့ အရာဝတ္ထု လောကမှာမရှိဘူး။ အချင်းတို့…. သွားကြလော့၊ ထို ငါ၏ ရင်သွေး အာဠဝက မင်း သား က လေး ကို လဲ အာဠဝကဘီလူးအားပေးပြီး ငါ့ အသက်ကို စောင့် ရှောက်ကြကုန်'' ဟု အမိန့်ထုတ်ပြန်တယ်။

ထိုအချိန်မှာ အာဠဝက မင်းသားကလေးရဲ့ မယ် တော်မိဖုရားကြီးက သားတော် အာဠဝက မင်းသား ကလေးကို ရေချိုးစေ၊ တန်ဆာဆင်စေပြီး ဘွဲ့ဖြူခင်းနှီး ထက်၌ တင်၍ ရင်ခွင်၌သိပ်ပြီး ယုယနေသဲဖြစ်တယ်။ မင်းချင်း ယောကျ်ားများလဲ မင်း ရဲ့ အာ ဏာ ဖြင့် မိဖုရားကြီးအခန်းသို့ သွားကြ၍မိဖုရားကြီးရောမောင်းမ မိဿံပေါင်း တစ် ထောင်း ခြောက် ထောင် တို့ ပါ ငိုကြွေးမြည်တမ်းကြစဉ်ပင်–

''သွေဝ ယက္ခဘက္ခော ဘဝိဿတိ = နက်ဖြန်မှာ ပင် ဘီလူးအစာ ဖြစ်ရှာတော့မည်'' ဟု ပြောဆို ကြ၍ အထိန်းတော်နှင့်တကွ အာဠဝက မင်းသား ကလေးကို ယူဆောင်၍ သွားကြတယ်။

http://www.dhammadownload.com



## မြတ်စွာဘုရား၏ နေ့စဉ်သုံး
## သမာပတ်ပေါင်း ကုဋေ နှစ်သန်းလေးသိန်း

ထိုနေ့ညဉ့် သန်းခေါင်ယံလွန်မြောက် မိုးသောက်ယံ (သန်းခေါင်ကျော် ၂-နာရီ) အချိန်သို့ ရောက်သော အခါ လူနတ်တို့ဆရာ မြတ်စွာဘုရားသည် သာဝတ္ထိ ပြည်မွန် ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူရင်းက ဗုဒ္ဓကိစ္စငါးပါး တို့ တွင် နောက်ဆုံး ''ဝေနေယျလောကန''ခေါ်တဲ့ကိုယ်တော် ချွတ်ရမည့် ဝေနေယျကို ကြည့်မှုဆိုတဲ့ ဗုဒ္ဓကိစ္စကို ပြုခါနီးကျတော့ မဟာကရုဏာ သမာပတ်ကို အကြိမ်ပေါင်း ကုဋေတစ်သန်းနှစ်သိန်း၊ အရဟတ္တဖလ သမာပက်ကို အကြိမ်ပေါင်း ကုဋေတစ်သန်းနှစ်သိန်း၊ နှစ်ရပ်ပေါင်း ကုဋေနှစ်သန်းလေးသိန်းသော ဒေဝသိကဝဋ္ဋညူန သမာပတ်တို့ကို နေ့စဉ် နေ့စဉ် ဝင်စားတော်မူတယ်။

အဘယ့်ကြောင့် ဒီသမာပတ်တွေကို နေ့စဉ် နေ့စဉ် ဝင်စားရပါသလဲ ဆိုတော့ လောက ဥပမာအားဖြင့် စစ်မြေပြင်မှာ ရန်သူကို ချေမှုန်းတိုက်ခိုက်တဲ့ စစ်သူရဲကောင်းဟာ စစ်မြေပြင်မှာ အင်မတန်ပန်းတယ်၊ ဒီတော့ နားနေရန်ကာကွယ်ရေး သံအိမ်ကြီးတစ်ခု ပြုလုပ်ထားရတယ်။ စစ်တိုက်လို့မောယင် သံ အိမ် ကြီး ထဲ ဝင် ပြီး အပန်းဖြေ နားနေ၊ သန် လျက် လက် နက် တုံး ယင် ကျောက်မှာသွေး၊ ထွက်ပြီးတိုက်၊ ဤနည်းဖြင့် စစ်သူရဲကောင်းဟာ ရန်သူတွေကို ချေမှုန်းတိုက်ခိုက်သကဲ့သို့ ထို့အတူ မြတ်စွာဘုရား တည်းဟူသော သုံးလောက ရှေ့သွား ကိလေသာစစ်ပွဲမှာ အတုမရှိသော သူရဲ

http://www.dhammadownload.com



ကောင်းကြီးလဲ့ပဲ မဟာကရုဏာ သမာပတ်ကို ဝင်စား တာက သံအိမ်ကြီးထဲဝင်ပြီး အနားယူတာနဲ့ တူတယ်။ အရဟတ္တဖိုလ် သမာပတ်ကို အကြိမ်ပေါင်း ကုဋေ တစ်သန်း နှစ်သိန်း ဝင်စားတာက ကိုယ်တော်ရဲ့ ဒေသနာဉာဏ်တည်းဟူသော လက်သုံးတော် သန်လျက် ထက်မြက်အောင် သွေးတာနဲ့ တူတယ်။

အေး.... ဆိုခဲ့ပြီးတဲ့အတိုင်း ဒေဝသိကဝတ္တနသမာ ပတ် ကုဋေပေါင်း နှစ်သန်း လေးသိန်းတို့ကို ဝင်စား တော်မူပြီး အာသယာနုသယဉာဏ်၊ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ် ဆိုတဲ့ ဗုဒ္ဓစက္ခုဉာဏ်တော်အစုံနဲ့ သတ္တလောကကို ကြည့်ရှုဆင်ခြင်တော်မူတဲ့အခါ ကိုယ်တော့်ဉာဏ်ထဲမှာ မျက်စိနဲ့မြင်သလိုပဲ အသိဉာဏ် ဝင်လာလိုက်ပုံမှာ—

၁။ ငါဘုရား သွားလို့ရှိယင် အာဠဝကဘီလူး သောတာပန် အရိယာဖြစ်မယ်။

၂။ နောက်တစ်နေ့နံနက် အာဠဝီပြည် တံခါးဝ မှာ အာဠဝကသုတ္တန်ကို တစ်ဖန် ပြန်ဟောရမယ်။ ထိုအခါ ရှစ်သောင်း လေးထောင်သော ဝေနေယျ တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြ လိမ့်မယ်။

၃။ ငါဘုရားသွားလို့ရှိယင် အာဠဝကမင်းသား လေးလဲ သေဘေးက လွတ်မြောက် နောက်တစ်ချိန် အသက်အရွယ် ကြီးရင့်လာတဲ့အခါ အနာဂါမ် အရိ ယာ ဖြစ်လိမ့်မယ်။

ဤ အကျိုးသုံးပါးကို မြင်တော်မူလာတယ်။ ထိုသို့ မြင်တော်မူပြီး နံနက်မိုးသောက် ရောက်တဲ့အခါ နံနက်

http://www.dhammadownload.com



အချိန် ပြုရမည့် ဗုဒ္ဓကိစ္စ ခနမွန်းလွဲအချိန် ပြုရမည့် ဗုဒ္ဓကိစ္စတို့ကို ပြုတော်မူပြီး လဆုတ်ပက္ခဥပုသ်နေ့ (ထိုနေ့ကား အာဠဝကမင်းသားလေးကို နက်ဖြန်ခါ အာဠဝက ဘီလူးထံ ပို့ဖို့ရန် မင်းချင်းများ ဝမ်းနည်းစွာ စိမ့်နေသော နေ့ဖြစ်သည်။ ထိုနေ့) နေကျသောအချိန် ကိုယ်တော်တစ်ပါးတည်း ကိုယ်တော့် သပိတ်၊ သင်္ကန်းကို ယူတော်မူ၍ လေထက် လျင်မြန်သောအဟုန်ဖြင့် ခြေကျင်ခရီးဖြင့်ပင် သာဝတ္ထိမှ ယူဇနာသုံးဆယ်ခရီး (မိုင် ၃၆၀–ခရီး)ကို ကြွတော်မူ၍ အာဠဝက ဘီလူးရဲ့ ဗိမာန်ကို ဝင်တော်မူခြင်း ဖြစ်တယ်။

## အားတော်ကြီးမား မြတ်ဘုရား

''သာဝတ္ထိမှ ယူဇနာသုံးဆယ် (မိုင် ၃၆၀) ခရီးကို တစ်ညနေတည်းဖြင့် ခြေကျင် ကြွတော်မူနိုင်ပါမည်လား''ဟု မေးဖွယ်ရှိတယ်။ အဖြေမှာ မြတ်စွာဘုရားရဲ့ ပကတိ ကာယဗလ=ကိုယ်တော်အားကိုက အလွန်ကြီးမားပါတယ်။ စာထဲမှာ–

> အာဠာဝကဉ္စ ဂေဠ်ယျံ၊ ပဏ္ဍရံ တမ္ဗ+ပိင်္ဂလံ။
> ဂန္ဓ+မင်္ဂလ+ဟေမဉ္စ၊ ဥပေါသထ+ဆဒ္ဒန္တိ+မေ။ ။

ဂါထာလာတဲ့အတိုင်း

အာဠာဝကဆင်၊ ဂေဠ်ယျဆင်၊ ပဏ္ဍရဆင်၊ တမ္ဗဆင်၊ ပိင်္ဂလဆင်၊ ဂန္ဓဆင်၊ မင်္ဂလဆင်၊ ဟေမဆင်၊ ဥပေါသထဆင်၊ ဆဒ္ဒန်ဆင် လို့ ဆယ်ဆ ဆယ်ဆ အားတက်တဲ့ ဆင်ဆယ်မျိုး ရှိတယ်။

ကာဠာဝက ဆင် တစ် စီး သည် မဇ္ဈိမ ပုရိသ ယောကျ်ား လူ ဆယ်ယောက်အားကို ဆောင်တယ်။

http://www.dhammadownload.com



ဂင်္ဂယျဆင် တစ်စီးသည် ကာဠာဝကဆင် ဆယ်စီး အားကို ဆောင်တယ်။ ဤနည်းအားဖြင့် အဆင့်ဆင့် ဆယ်ဆ ဆယ်ဆ တက်၍သွားသည်မှာ ဆဒ္ဒန်ဆင် တစ်စီး သည် ဥပေါသထဆင် ဆယ်စီးရဲ့အားကို ဆောင်နိုင် တယ်။ ဘုရားအလောင်း တစ်ဦးတည်းက ဆဒ္ဒန်ဆင် ဆယ်စီး = မဇ္ဈိမပုရိသယောကျ်ားပေါင်း ကုဋေ တစ် သောင်း၏ အားကို ဆောင်တယ်။ (အင်မတန် စွမ်းသန် တယ်နော်။) ဒီတော့ မြတ်စွာဘုရားဟာ လေထက်မြန် အောင် ကြွသွားနိုင်တယ်၊ ကြွသွားလိုက်တာ တစ်ညနေ တည်းနဲ့ အာဋ္ဌဝကဘီလူးနေတဲ့ ဗိမာန်ဝကို တစ်ခါ တည်း ရောက်တယ်။

## ယဉ်ကျေးတဲ့ ဓမ္မဘီလူး

ဒါကို အရှင်အာနန္ဒာတို့က–

ကေံ သမယံ ဘဂဝါ အာဠဝိယံ ဝိဟရတိ အာဠဝကဿ ယက္ခဿ ဘဝနေ–လို့ (နိဒါန်းဖျိုးပေးတယ်။) သူတော် ကောင်းတို့....၊ တစ်ချိန်မှာ မြတ်စွာဘုရား အာဠဝီပြည် ရဲ့အနီး အာဋ္ဌဝက ဘီလူးရဲ့ ဗိမာန်မှာ သီတင်းသုံး နေတော်မူတယ်။

ဤ၌ ''အသို့နည်း။ မြတ်စွာဘုရားသည် အာဋ္ဌဝက ဘီလူးရဲ့ ဗိမာန်အနီး ပဉ္စောင်ပင်ရင်း၌ နေသလော၊ သို့မဟုတ် ဗိမာန်၌ နေသလော''ဟု မေးဖွယ်ရှိတယ်။ အဖြေကား ''ဗိမာန်၌သာလျှင် နေတော်မူပါတယ်။ အကျယ်ပြောကြားရပါလျှင် ဘီလူးတို့သည် မိမိတို့၏ ဗိမာန်ကို မြင်ကြသကဲ့သို့၊ မြတ်စွာဘုရားလည်း မြင်တော် မူပါတယ်''။ မြတ်စွာဘုရားသည် ဗိမာန်ရှိရာသို့ ကြွ၍

http://www.dhammadownload.com



ဗိမာန်ဝ၌ ရပ်တည်တော်မူပါတယ်။ ထိုအချိန်မှာ အာဠ-ဝက ဘီလူးသည် ဟိမဝန္တာမှာ ဘီလူးတို့ရဲ့ အစည်းအဝေးသို့ သွားရောက်နေသည်ဖြစ်၍ အာဠဝကဘီလူး၏ တံခါးစောင့် ''ဂဒြဘ'' မည်သော ဘီလူးသည် ဘုရားရှင်ထံ သွားရောက်ရှိခိုးပြီး–

''ကိံ ဘန္တေ ဘဂဝါ ဝိကာလေ အာဂတော။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် နေဝင်တဲ့အခါမှာ ကြွလာပါသလား ဘုရား''လို့ မေးတော့ မြတ်စွာဘုရားက–

''အာမ ဂဒြဘ အာဂတောသ္မိ၊ သစေ တေ အဂရု၊ ဝိဟာရေယျာမေ + ကရတ္တံ အာဠဝကဿ ဘဝနေ။

အိမ်း....၊ ဂဒြဘ၊ ငါဘုရား နေဝင်မှ ကြွလာတယ်၊ သင့်အဖို့ရာ ဝန်မလေးယင် ငါဘုရားတို့ အာဠဝကရဲ့ ဗိမာန်မှာ တစ်ညဉ့်မျှ နေလိုကြတယ်'' ဟု မိန့်တော်မူသောအခါ ဂဒြဘ တံခါးစောင့် နတ်ဘီလူးက–

''န မေ ဘန္တေ ဂရု၊ အပိစ ခေါ သော ယက္ခော ကက္ခဠော ဖရုသော၊ မာတာပိတူနမ္ပိ အဘိဝါဒနာ-ဒီနိ န ကရောတိ၊ မာရုစ္စိ ဘဂဝတော ဇူဓ ဝါသော။

မြတ်စွာဘုရား....၊ တပည့်တော်၏ အဖို့ရာ ဝန်မလေးပါ။ သို့သော် ထိုအာဠဝက ဘီလူးသည် ခက်ထန်ကြမ်းကြုတ်လှပါတယ်၊ မိဘတို့အားသော်မှ ရှိခိုးခြင်း စသည်ကို မပြုပါ၊ မြတ်စွာဘုရားသည်

http://www.dhammadownload.com



ဒိဘိလူးကြမ်းရဲ့ ဗိမာန်မှာ နေရန်ကိုပင် နှစ်သက်တော် မမူပါလင့်''လို့ သာယာညွတ်ပျောင်း တောင်းပန်စကား လျှောက်ထားတယ်။

မြတ်စွာဘုရားကလဲ ''ဇာနာမိ ဂဒြဘ တဿ သဘာဝံ၊ န ကောစိ မမ အန္တရာယော ဘဝိဿတိ၊ သစေ တေ အဂရု၊ ဝိဟာရေယျာ မေ+ကရတ္တံ။

ဂဒြဘ....၊ ငါဘုရား သူရဲ့ ခက်ထန်ကြမ်းကြုတ်တဲ့ သဘောကို သိပါတယ်၊ ငါဘုရားအဖို့ရာ အန္တရာယ် တစ်စုံတစ်ရာ ဖြစ်လိမ့်မည် မဟုတ်ပါ၊ သင့်အဖို့ရာ ဝန်မလေးယင် တစ်ညဉ့်တာ နေလိုကြတယ်''လို့ မြတ်စွာဘုရား မိန့်ကြားတော်မူတယ်။

နှစ်ကြိမ်မြောက်လည်း ဂဒြဘဘီလူးက မြတ်စွာဘုရားကို-

''အဂ္ဂိတတ္တကပါလ သဒိသော ဘန္တေ အာဠ-ဝကော၊ မာတာပိတရောတိ ဝါ သမဏဗြာဟ္မဏာတိ ဝါ ဓမ္မောတိ ဝါ န ဇာနာတိ၊ ဣဓာ+ဂတာနံ ပန စိတ္တက္ခေပမ္ပိ ကရောတိ၊ ဟဒယမ္ပိ ဖာလေတိ၊ ပါဒေပိ ဂဟေတွာ ပရသမုဒ္ဒံ ဝါ ပရစက္ကဝါဠံ ဝါ ခိပတိ။

မြတ်စွာဘုရား....၊ အာဠဝကဟာ မီးမှာဖုတ်ထားတဲ့ သံအိုးကင်းလို အလွန်ပူပြင်းပါတယ်ဘုရား။ မိဘဟူ၍လဲ သူမသိ၊ သမဏ ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်သူမြတ်တွေကိုလဲ သူမသိ၊ တရားဟူ၍လဲ သူမသိ၊ တကယ်တော့ သူ့ဗိမာန်သို့ ရောက်လာကြတဲ့ ပုဂ္ဂိုလ်တို့ အပေါ်မှာ စိတ်ပျံ့လွင့်အောင်သော်လဲ ပြုတတ်ပါတယ်၊ နှလုံးသားကိုသော်လဲ ဖောက်ခွဲပစ်တတ်ပါတယ်၊ ခြေနှစ်ဘက်တို့ကို

http://www.dhammadownload.com



ကိုင် ဇော့ယမ်းပြီး သမုဒ္ဒရာရဲ့ ဟိုဘက်၊ သို့မဟုတ် စကြဝဠာတိုက်ရဲ့ ဟိုဘက်သို့သော်လဲ ပစ်လွှင့်တတ်ပါ တယ် ဘုရား''-

လို့ သူတွေမြင်ဖူးတဲ့ အကြောင်းများကို တင်ပြ လျှောက်ထား တောင်းပနတယ်။

မြတ်စွာဘုရားကလဲ ''ဇာနာမိ ဂဒြဘ၊ သစေပိ တေ အဂရု၊ ဝိဟရေယျာ မေ+ကရတ္တံ။

ငါဘုရား သိပါတယ် ဂဒြဘ....၊ အကယ်၍ သင့်မှာ ဝန်မလေးယင် ငါဘုရားတို့ တစ်ညဉ့်တာ နေကြလိုပါ တယ်'' ဟု ဒုတိယအကြိမ် မိန့်တော်မူတယ်။ ထိုအခါ ဂဒြဘနတ်ဘီလူးက-

''န မေ ဘန္တေ ဂရု၊ အပိစ ခေါ သော ယက္ခော အတ္တနော အနာရောစေတွာ အနုဇာနန္တံ မံ ဇီဝိတာပိ ဝေါရောပေယျ။ အာရောစေမိ ဘန္တေ တဿ။

မြတ်စွာဘုရား....၊ တပည့်တော်၏ အဖို့ရာ ဝန် မလေးပါ၊ သို့သော်လဲ ထိုအာဠဝကဘီလူးဟာ မိမိအား မပြောကြားပဲ ခွင့်ပြုရကောင်းသလားလို့ အကျွန်ုပ်ကို သတ်တော်မူလည်း သတ်ပါလိမ့်မယ်။ မြတ်စွာဘုရား....၊ တပည့်တော် သူ့အား အကြောင်းကြားပါရစေ'' ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားက-

''ယထာသုခံ ဂဒြဘ အာရောစေဟိ။ ဂဒြဘ....သင် အလိုရှိတိုင်း ချမ်းသာစွာ အကြောင်းကြားပါလေ''ဟု မိန့်တော်မူသဖြင့် ဂဒြဘကလည်း-

''တေနဟိ ဘန္တေ တွမေဝ ဇာနာဟိ = မြတ်စွာ ဘုရား....၊ သို့တပြီးကား ရှင်တော်ဘုရားပင် စဉ်းစား

http://www.dhammadownload.com



ဆင်ခြင်မှု ပြုတော်မူပါ'' ဟု ဆို၍ ဘုရားကို ရှိခိုးပြီး ဟိမဝန္တာဘက်သို့ ရှေးရှု ဖဲသွားခဲ့လေပြီ။

## ဗိမာန်တံခါး အလိုလို ပွင့်ခြင်း

ဂဒြဘ တံခါးစောင့်ဘီလူး ဖဲသွားလျှင်ပင် အာဠဝက ဘီလူးရဲ့ ဗိမာန်တံခါးဟာ မြတ်စွာဘုရား လက်တော်နဲ့ မဖွင့်ရဘဲ တန်ခိုးတော်ကြောင့် အလိုလို ပွင့်၍လာတယ်။ မြတ်စွာဘုရားသည် ဗိမာန်အတွင်း ဝင်တော်မူ ပြီး အာဠဝကဘီလူး မင်္ဂလာပွဲကြီးသဘင် ဆင်ယင်ကျင်းပ တဲ့အခါ ထိုင်တဲ့ အဘိမင်္ဂလာ ပလ္လင်ပေါ်မှာ ထိုင်တော် မူပြီး ပီတရောင်ခြည်တော်ကို လွှတ်တော် မူ တယ်။ ရွှေရောင်အဆင်း ဝါဝင်းသော ရောင်ခြည်တော်ကို မြင်ကြရ၍ အာဠဝကဘီလူးရဲ့ မိဖုရား မောင်းမမိဿံ နတ်ဘီလူးမများ လာရောက်ကြ၍ မြတ်စွာဘုရားကို ရှိခိုး ဝန်းရံ ထိုင်နေကြသည်တို့ကို မြတ်စွာဘုရား ကိုယ် တော်မြတ်က–

''ပုဗ္ဗေ တုမှေ ဒါနံ ဒတွာ၊ သီလံ သမာဒိယိတွာ၊ ပူဇနီယံ ပူဇေတွာ ဣမံ သမ္ပတ္တိံ ပတ္တာ၊ ဣဒါနိပိ တထေဝ ကရောထ၊ မာ အညမညံ ဣဿာ မစ္ဆရိယာဘိဘူတာ ဝိဟရထ။

သင်တို့သည် ရှေးဘဝတွေတုန်းက အလှူဒါန ပေး ခဲ့ကြ၊ သီလသိက္ခာ ဆောက်တည်ခဲ့ကြ၊ ပူဇော်ထိုက် သူကို ပူဇော်ခဲ့ကြ လို့ ဤ ယခု နတ်မိဖုရားစည်းစိမ်ကို ရောက်ကြ ရကြတယ်။ ယခုဘဝမှာလဲပဲ ရှေးရှေးဘဝ တွေတုန်းက လိုပဲ ဒါန ကောင်းမှုများ ပြုကြ၊ သီလ သိက္ခာများ ဆောက်တည်ကြ၊ ပူဇော် ထိုက် သူ ကို

http://www.dhammadownload.com



ပူဇော်ကြ၊ တစ်ယောက်က တစ်ယောက်ကို မေ့မလိုတဲ့ ရှုသော၊ ဝန်တိုတဲ့ မစ္ဆရိယတရား ထားပြီးတော့ မနေကြနဲ့—

''ဤသို့ စသည်ဖြင့် ထိုနတ်ဘီလူးမ မောင်းမမိဿံတို့အား ပကိဏ္ဏက ဓမ္မကထာ ဒေသနာတရား ဟောကြားတော်မူတယ်။ ထို အာဠဝက နတ်ဘီလူးရဲ့ မောင်းမမိဿံ နတ်ဘီလူး မိဖုရားတွေဟာ မြတ်စွာဘုရားရဲ့ ချိုမြိန်သော တရားသံကို ကြားနာကြရ၍ ကောင်းချီးအထောင် ပေးကြပြီး မြတ်စွာဘုရားကို ဝန်းရံ၍ ထိုင်မြဲထိုင်ကာ တရားနာနေကြတယ်။

## ရှက်လွန်းသည့် အာဠဝကဘီလူး

ဂဒြဘနတ်ဘီလူးလဲ ရောက်ကရော၊ နတ် ဘီ လူး အစည်းအဝေးလဲ စတော့မယ်။ အဲဒီမှာ အာဠဝကနတ်ဘီလူးက နတ်ယက္ခ သေနာပတိ စစ်မှူးဆိုတော့ အရာရောက်ရောက် စီမံခန့်ခွဲရတယ်။ ဂဒြဘက ခပ်ယို့ယို့ ကလေးသွားပြီး—

''ယဋ္ဌေ မာရိသ ဇာနေယျာသိ၊ ဝိမာနေ တေ ဘဂဝါ နိသိန္နော။

ဒုက္ခဖကင်း အရှင်ဘီလူးမင်း....၊ တိုက်တွန်းစကား တိုးတိုး ပြောကြားလိုပါတယ်။ အရှင်ဘီလူးမင်းရဲ့ ဗိမာန်မှာ မြတ်စွာဘုရား ကြွရောက်သီတင်းသုံး ထိုင်နေတော်မူပါတယ်'' ဟု တိုးတိုး ပြောတဲ့အခါ အာဠဝကဘီလူးသည်—

''တုဏှီ ဟောဟိ၊ ဂန္တွာ ကတ္တဗ္ဗံ ကရိဿာမိ= အမောင်ဂဒြဘ....၊ ဆိတ်ဆိတ် (တိတ်တိတ်) နေပါ၊

http://www.dhammadownload.com



ငါ ရောက်သွားယင် လုပ်သင့်သမျှ ပြုလုပ်ပြလိုက်မယ်'' ဟု အချက်ပြတိုးတိုး ပြန်ကြားလိုက်တယ်။ အာဋ္ဌဝက ကား ပုရိသမာန်ဖြင့် ရှက်နိုးရကား ''ဂြဒ္ဓာ ပြောတဲ့ စကား တစ်စုံတစ်ယောက်မှ မကြားပါစေနဲ့'' ဟူသော နှလုံးသွင်းအမှားဖြင့် ဤသို့ ပြုခြင်းဖြစ်တယ်။

## သူတော်ကောင်း နတ်ဘီလူးကြီး နှစ်ဦး

ထိုအချိန်မှာ သာတာဂိရနတ်မင်း၊ ဟေမဝတ နတ်မင်း (သူတို့ကလဲ နတ်ဘီလူး နတ်စစ်မှူးတွေပဲ) သူတို့နှစ်ဦးက ဓမ္မစကြာတရား ဟောတဲ့နေ့တုန်းကပင် ဟေမဝတသုတ်တရား နာကြားရတဲ့အတွက် သောတာ ပန် ဘီလူးမင်းများဖြစ်ပြီး မြတ်စွာဘုရားအထံတော်မှာ မပြတ်မပြတ် တရားနာ သွားကြသဖြင့် ထိုနေ့မှာလဲ မြတ်စွာဘုရားကို ဇေတဝန်ကျောင်းတော်မှာ ရှိခိုးခဲ့ပြီး ''ယက္ခသမာဂမံ ဂမိဿာမ = ဘီလူး အစည်းအဝေး သွားကြစို့''ဟု တိုင်ပင်ကြ၍ နတ်ဘီလူးပရိသတ် အခြံ အရံနှင့်တကွ ယာဉ်အမျိုးမျိုး စီးကြကာ ကောင်းကင် ခရီးဖြင့် သွားကြဆဲ ဖြစ်တယ်။

အတူးကား ကောင်းကင်၌ ဘီလူးတို့အဖို့ရာ နေရာတိုင်းမှာ လမ်းခရီး ရှိသည်မဟုတ်၊ အာကာသဋ္ဌ ဗိမာန်တို့ကို ရှောင်ကွင်းပြီး လမ်းသွားကြရတယ်။ လူ့ ပြည်မှာ အိမ်တွေထဲက သွားချင်သလို သွားလို့ မရ သလို ကောင်းကင်မှာလဲ အာကာသဋ္ဌ ဗိမာန်တွေ= အာကာသစိုးနတ်တို့ရဲ့ ဗိမာန်တွေရှိနေတော့ သွားချင် သလို သွားလို့ မရဘူး။ ကောင်းကင်လမ်းကပင် လမ်း ဖြစ်သင့်သော အရပ်က သွားကြရတယ်။ အဲဒီ

http://www.dhammadownload.com



ကောင်းကင်လမ်းရဲ့ အောက်တည့်တည့်မှာ အာဠဝက ဘီလူးရဲ့ ဗိမာန်က ရှိနေတယ်။ သာတာဂိရ(နှင့်) ဟေမဝတ ဘီလူး နတ်စစ်မှူးနှစ်ဦးတို့ ကောင်းကင်ခရီး ဖြင့် ယာဉ်အမျိုးမျိုးစီးကာ အခြံအရံနှင့်တကွ သွားကြ တဲ့အခါ မြတ်စွာဘုရားအပေါ်တည့်တည့် ကောင်းကင် လဲ ရောက်ကရော၊ သူတို့ရဲ့ ယာဉ်တွေ အကုန်လုံး ရပ်ကုန်ကြတယ်။

ဗုဒ္ဓါနံ ဟိ နိသိန္နောကာသဿ ဥပရိဘာဂေန ယာဝ ဘဝဂ္ဂါ ကောစိ ဂန္တုံ န သက္ကောတိ။

ဟိ=မှန်၏။ ဗုဒ္ဓါနံ=ဘုရားရှင်တို့၏။ နိသိန္နော-ကာသဿ=ထိုင်နေသောနေရာ၏။ ဥပရိဘာဂေန= အထက်အဖို့ဖြင့်။ ယာဝ ဘဝဂ္ဂါ=ဘဝဂ်တိုင်အောင်။ ကောစိ=တစ်စုံတစ်ယောက်သော သတ္တဝါမျှ။ ဂန္တုံ= သွားခြင်းငှာ။ န သက္ကောတိ=မစွမ်းနိုင်။

(ဘုရားရှင် နေတော်မူတဲ့ နေရာရဲ့ အထက် တည့်တည့်က ဘဝဂ်တိုင်အောင် ဘယ်သူမှ ဖြတ်ပြီး မသွားနိုင်ဘူး။ ဒါကြောင့် သူတို့ရဲ့ ယာဉ်တွေ အကုန်ရပ်ကုန်တာ။)

## နတ်ဘီလူးတို့ တရားနာကြခြင်း

သာတာဂိရ၊ ဟေမဝတ ဘီလူး နတ်စစ်မှူးနှစ်ဦးတို့-ကိ+မိဒံ။ ယာဉ်တွေ မရပ်စဖူးရပ်တာ ဘာကြောင့် လဲလို့ အောက်ကိုကြည့်တော့ အာဠဝကဘီလူးရဲ့ ဗိမာန် အတွင်း မြတ်စွာဘုရား တရားဟောတော်မူနေသည်ကို မြင်ကြပြီး အပေါ်မှာ ပစ်လွှင့်လိုက်တဲ့ ကျောက်ခဲ အောက် ပြန်ကျသလို ရဟတ်ယာဉ်တွေ ကောင်းကင်က

http://www.dhammadownload.com



အောက်တည့်တည့် ကျလာသလို ဘီလူးစစ်သည်တို့ ဆင်းသက်ကြ၍ ဘုရားကိုယ်တော်မြတ်ကို ရှိခိုးဦးညွတ် တရားနာကြပြီး နတ်ဘီလူး အစည်းအဝေးချိန် နီးကပ် လာသောအခါ-

''ယက္ခသမာဂမံ ဂစ္ဆာမ ဘဂဝါ=မြတ်စွာဘုရား....၊ တပည့်တော်များ ဘီလူးအစည်းအဝေးသို့ သွားကြပါ ရစေဘုရား''လို့ လျှောက်ထား မြတ်စွာဘုရားကို လက်ယာရစ် လှည့်လည်ရှိခိုးပြီး သူငယ်ချင်းနှစ်ဦးတို့ ထွက်ခဲ့ကြတယ်။

## တရားသွားနာပါ အာဠဝက

ဟိမဝန္တာ ဘီလူးအစည်းအဝေးသို့ ရောက်ကြပြီ ဆိုယင်ပဲ အာဠဝကဘီလူးက သာတာဂိရ (နှင့်) ဟေမ ဝတတို့ကို အရိုအသေ ပေးသောအားဖြင့် မိမိ ထိုင် နေရာကထပြီး-

''ဣဓ နိသီဒထ=ဒီ နေရာမှာ ထိုင်ကြပါ'' ဟု ဆိုပြီး နေရာပေးတယ်။ သာတာဂိရနဲ့ ဟေမဝတ တို့က ဘာပြောကြသလဲဆိုတော့-

''လာဘာ တေ အာဠဝက = သူငယ်ချင်း အာဠ-ဝက....၊ မင်းသိပ်ပြီး အရတော်တာပဲ''။

''ယဿ တေ ဘဝနေ ဘဂဝါ ဝိဟရတိ=မင်းရဲ့ ဗိမာန်ထဲမှာ ငါတို့ ဖူးခဲ့ရတယ်၊ ဘုရားကိုယ်တော်မြတ် ထိုင်ပြီး သီတင်းသုံး နေတယ်၊ မင်းရဲ့ မိဖုရား မောင်းမ မိဿံတွေအား တရားဟောနေတယ်။

ဂစ္ဆာ+ဝုသော ဘဂဝန္တံ ပယိရုပါသဿု။

http://www.dhammadownload.com



သူငယ်ချင်း.... မင်းလဲ သွားပြီး တရားနာပါ၊ မြတ်စွာဘုရားကို ဆည်းကပ်ပါ''လို့ ပြောကြတယ်။

## နားဆင်းရဲသော စကား ၅-မျိုး

၁။ အသဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ=သဒ္ဓါတရား မရှိသောသူ၏ အဖို့ရာ သဒ္ဓါတရားနှင့် စပ်သော တရားစကားသည် နားဆင်းရဲသော= နားကြားပြင်းကပ်သော စကား ဖြစ်၍နေ၏။

၂။ ဒုဿီလဿ သီလကထာ ဒုက္ကထာ=သီလ မရှိသော သူ၏အဖို့ရာ သီလနှင့်စပ်သော တရားစကားသည် နားဆင်းရဲသော=နားကြားပြင်း ကပ်သော စကား ဖြစ်၍ နေ၏။

၃။ အပ္ပဿုတဿ သုတကထာ ဒုက္ကထာ=ဗဟုသုတမရှိသော သူ၏အဖို့ရာ ဗဟုသုတနှင့်စပ်သော တရားစကားသည် နားဆင်းရဲသော=နားကြားပြင်း ကပ်သော စကား ဖြစ်၍ နေ၏။

၄။ မစ္ဆရိနော စာဂကထာ ဒုက္ကထာ= ဝန်တိုစေးနှဲ နှမြောသော သူ၏အဖို့ရာ စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်း=ဒါနနှင့်စပ်သော တရားစကားသည် နားဆင်ရဲသော = နားကြားပြင်းကပ်သော စကား ဖြစ်၍ နေ၏။

၅။ ဒုပ္ပညဿ ပညာကထာ ဒုက္ကထာ = ပညာ မရှိသူ လူမိုက်၏အဖို့ရာ ပညာနှင့်စပ်သော တရားစကားသည် နားဆင်းရဲသော = နားကြားပြင်းကပ်သောစကား ဖြစ်၍ နေ၏။ (အဲဒီလို ကျမ်းဂန်ထဲမှာ နားဆင်းရဲတဲ့စကား ၅-မျိုးရှိတယ်။)

http://www.dhammadownload.com



အာဠဝကဘီလူးမှာ နဂိုက ရတနာသုံးပါးကို ကြည်ညိုတဲ့သဒ္ဒါတရား လုံးဝမရှိရတဲ့အထဲမှာ သူရဲ့ဗိမာန်ထဲကို မြတ်စွာဘုရားဝင်ပြီး နေရမည်လား ဆိုပြီး အမျက်ထွက် စိတ်ဆိုးနေတော့ သူက သာတာဂိရနဲ့ ဟေမဝတတို့ကို ဘယ်လိုပြန်ပြောသလဲဆိုတော့–

''ကော သော ဘဂဝါ နာမ၊ ယော မမ ဘဝနံ ပဝိဋ္ဌော။

ယော=အကြင်မင်းတို့ရဲ့ ဘဂဝါဆိုတဲ့ ပုဂ္ဂိုလ်သည်။ မမ ဘဝနံ=ငါရဲ့ဗိမာန်သို့။ ပဝိဋ္ဌော=ဝင်ခဲ့လေပြီ။ သော ဘဂဝါ နာမ=ထို ဘဂဝါဆိုတဲ့ ပုဂ္ဂိုလ်သည်။ ကော= ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ''။

အရပ်စကားမျိုး ပြောရယင် ''အေး.... မင်းတို့ရဲ့ ဘဂဝါဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးမို့ ငါ့ဗိမာန်ထဲ ဝင်နေရတာလဲ''လို့ မေးတာဖြစ်တယ်။ ဟို–ပုဂ္ဂိုလ်တွေက ပြေပြေပြစ်ပြစ် ပြောပါလျက် ရိုင်းရိုင်းစိုင်းစိုင်း သူက ပြောတယ်။

## ကြည့်ခြင်းကြီး ၅–ပါး စသည်

ဒီတော့ သာတာဂိရနဲ့ ဟေမဝတတို့က ပထမအကြိမ် သည်းခံပြီးတော့–

''န တွံ အာဝုသော ဇာနာသိ ဘဂဝန္တံ အမှာကံ သတ္ထာရံ၊ ယော တုသိတ ဘဝနေ ဌိတော ပဉ္စမဟာဝိလောကိတံ ဝိလောကေတွာ.... စသည် = မိတ်ဆွေ အာဠဝက....၊ ငါတို့ဆရာ မြတ်စွာဘုရားကို မင်း မသိဘူးလား၊ ငါတို့ဆရာ မြတ်စွာဘုရားဟာလေ.... ဟို–တုသိတာနတ်ပြည်က လူ့ပြည်ကို မသက်ဆင်းခင် စကြ–

http://www.dhammadownload.com



ဝဠ္ဍာ တိုက်တစ်သောင်းက နတ်ဗြဟ္မာတွေ စုပေါင်းပြီး ''ကာလော ခေါ တေ မဟာဝီရ၊ ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ= လုံ့လဝီရိယ ကြီး မား တော် မူ သော အ လောင်း နတ်သား....၊ သင့်အဖို့ရာ ဘုရားဖြစ်ဖို့ အချိန်တန်ပါပြီ၊ မယ်တော် ကြာတိုက်ဝမ်း၌ ကိန်းမြန်း ဖြစ်တော်မူပါ'' လို့ တောင်းပန်တဲ့အခါ အမှူးမဲ့ အမှတ်မဲ့ နတ်သက်ကြွေ စုတေပြီး လူ့ပြည်ကို ဆင်းသက်ခဲ့တာ မဟုတ်ဘူး မောင်ရဲ့၊ တုသိတာနတ်ပြည်မှာ စံနေရင်းကပင် ကြည့် ခြင်းကြီး ၅-ပါးနဲ့ ကြည့်တော်မူခဲ့တယ်။

(၁) ကာလ။ ။ဘုရားပွင့်ရမည့် အချိန်ကာလ ဟုတ် မဟုတ်ကို ကြည့်တော်မူတယ်။

တက်ကပ် ဆုတ်ကပ် နှစ်မျိုးရှိရာ တက်ကပ်မှာ ဘုရား ပွင့်တော်မမူဘူး၊ ဆုတ်ကပ်မှာသာ ပွင့်တော်မူတယ်။ ဆုတ်ကပ်မှာလဲပဲ အနှစ်တစ်သိန်းတန်းနှင့် အနှစ်တစ်ရာ တန်း ဒီအတွင်းမှာပဲ ပွင့်တော်မူကြတယ်။ အနှစ် တစ်သိန်းတန်းရဲ့ အထက်ဆိုတော့ ဆုတ်ကပ်ပေမယ်လို့ နှစ်တွေက အလွန်ရှည်နေတယ်။ အနှစ်တစ်ရာတန်းရဲ့ အောက်ကျပြန်တော့လဲ လူတွေမှာ လောဘ၊ ဒေါသ၊ မောဟတွေ အလွန်လွှမ်းမိုးနေတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ဟောယင်လဲ မယုံကြည်ကြတော့ဘူး။ ဒီတော့ အဲဒီ အနှစ်တစ်သိန်းတန်းအထက်နှင့် အနှစ်တစ်ရာတန်း အောက်တို့မှာ မြတ်စွာဘုရား မပွင့်ဘူး။ ''ယခု အချိန် ကာလကို ကြည့်ယင် ဆုတ်ကပ်မှာ လူတို့အသက်တမ်း နှစ်တစ်ရာတန်းဖြစ်လို့ ပွင့်ဖို့ရန် အချိန်တယ်တယ်'' လို့ မြင်တော်မူတယ်။ ဒါ (၁) ကာလပဲ။

http://www.dhammadownload.com



(၂) ဒီပ။ ။ကျွန်းကြီး (၄)ကျွန်း ရှိရာဝယ် ဇမ္ဗူဒိပ်ကျွန်းမှာ မြတ်စွာဘုရားများ ပွင့်တော်မူကြတယ်။

(၃) ဒေသ။ ။ဇမ္ဗူဒိပ်ကျွန်းမှာလဲပဲ နယ်လေးရပ် သတ်မှတ်ထားတဲ့ မဇ္ဈိမတိုက် အိန္ဒိယမှာ ပွင့်တော်မူကြတယ်။ ပစ္စန္တရစ်မှာ ပွင့်တော်မမူကြ။

(၄) ကုလ။ ။မြတ်စွာဘုရားတို့သည် မင်းမျိုး (နှင့်) ပုဏ္ဏားမျိုး ၂-မျိုးတို့တွင် တစ်မျိုးမျိုး၌ ပွင့်တော်မူကြတယ်။

မဇ္ဈိမတိုက်မှာ တစ်ခါတလေ ပုဏ္ဏားမျိုးက အမျိုးမြတ်တယ် လို့ ပုဏ္ဏားမျိုးက ဩဇာကြီးတဲ့အခါ ဘုရားလောင်းများ ပုဏ္ဏားမျိုး၌ သွားဖြစ်ကြတယ်။ ကဿပမြတ်စွာဘုရား ခေတ်တုန်းက ပုဏ္ဏားက အမျိုးမြတ် ဩဇာကြီးတဲ့အခါဖြစ်လို့ ကဿပဘုရား အလောင်းဟာ ပုဏ္ဏားမျိုးမှာ သွားဖြစ်တယ်။ အကျွန်ုပ်တို့ရဲ့ မြတ်စွာဘုရားပွင့်ရမည့် ခုအချိန်က လူ့ပြည်မှာ မင်းမျိုးက မြတ်တယ်လို့ ပညတ်ထားတဲ့အချိန် ဖြစ်လို့ အကျွန်ုပ်တို့၏ ဘုရားအလောင်းဟာ မင်းမျိုးမှာ သွားဖြစ်ရတယ်။ မင်းမျိုးမှာလဲ ကမ္ဘဝါဒ အယူရှိတဲ့ ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးရဲ့ သားတော် ငါ သွားဖြစ်ရမည်လို့ အမျိုးကို ကြည့်ရှု ဆင်ခြင်တော်မူခဲ့တယ်။

(၅) မာတုအာယုပရိစ္ဆေဒ။ ။မယ်တော်ဖြစ်ရမည့်ပုဂ္ဂိုလ်၏ အသက် အပိုင်းအခြားကို ကြည့်ရတယ်။ ဘုရားအလောင်းတိုင်း မယ်တော်ရဲ့ အသက်ကြွင်း ဆယ်လခုနစ်ရက် အာယုဒါယ ရှိတဲ့အချိန်မှာ နတ်

http://www.dhammadownload.com



သက်ကြွေ လူ့ပြည်မှာ ပဋိသန္ဓေ တည်နေရတယ်။ အလောင်းတော် သေတကေတုနတ်သား ပဉ္စမမြောက် ကြည့်ခြင်းကို ကြည့်တဲ့အခါ မယ်တော် မာယာဒေဝီ၏ အသက်ကြွင်း အာယုဒါယသည် ဆယ်လနှင့် ခုနစ်ရက်သာ ကြွင်းတော့သည်။ နောက် ဆယ်လနှင့် ခုနစ်ရက်မြောက် ရောက်တဲ့အခါ မယ်တော် မာယာ နတ်ရွာစံကံတော်ကုန်လိမ့်မည်။ သို့ သိပြီးတော့ အလောင်းတော် ပဋိသန္ဓေ တည်နေခဲ့ပါတယ်။

## အံ့ဖွယ်ရာများ မြင်ပါသလား

အေး.... အမောင်အာဠဝက၊ ငါတို့ဆရာ မြတ်စွာဘုရားဟာ ယခု ပြဆိုခဲ့တဲ့ ကြည့်ခြင်းကြီး ၅-ပါးတို့ကို ကြည့်ပြီးမှ အအေးတွေ ဘယ်လို ပျောက်မှန်းမသိဘူး၊ ပျောက်သွားတယ်။ အပူတွေ ဘယ်လိုငြိမ်းသွားမှန်းမသိဘူး၊ တအံ့တသြ ငြိမ်းသွားတယ်။ မြင်းမိုရ်တောင်ကြီး သွက်သွက်ခါအောင် လှုပ်သွားတယ်။ အားလုံးတိရစ္ဆာန် သတ္တဝါတွေ အော်ကြ ဟစ်ကြ၊ ရတနာတွေ သူတို့ဘာသာ အသံမြည်ကြတယ်။ ဤသို့ စသည်ဖြင့် သုံးဆယ့်နှစ်ပါးသော အံ့ဖွယ်တွေ ဖြစ်ပြီး ပဋိသန္ဓေနေတော်မူတယ်။ ဖွားတော်မူတယ်။ ထို့နောက် နှစ်ဆယ့်ကိုးနှစ် အရွယ်တော်မှာ တောထွက်၊ ဒုက္ကရစရိယာ ၆-နှစ်ကျင့်ပြီး သုံးဆယ့်ငါးနှစ် အရွယ်တော်မှာ စကြဝဠာတိုက်တစ်သောင်း တုန်လှုပ်ချောက်ချား သုံးဆယ့်နှစ်ပါးသော အံ့ဖွယ်တွေ ဖြစ်ပေါ်လျက် ဘုရားဖြစ်တော်မူတယ်။ မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ ဘုရားဖြစ်ပြီးနောက် ထိုနှစ် ဝါဆိုလပြည့်နေ့ ဓမ္မစကြာ

http://www.dhammadownload.com



တရားဦး ဟောလို့ စကြာဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာပေါင်း တစ်ဆယ့်ရှစ်ကုဋေ ကျွတ်တမ်းဝင်ကြတယ်။ အဲဒီ ပွဲမျိုးတွေ အများကြီးရှိခဲ့တယ်။

''ဣမာနိပိ တွံ အာဝုသော အန္တရိယာနိ နာဒ္ဒသ= မိတ်ဆွေ အာဋ္ဌဝက....၊ သင်သည် ဤ အံ့ဖွယ်တွေကိုကော မမြင်ဘူးလား''လို့ မေးတဲ့အခါ အာဋ္ဌဝကကလဲ မြင်ရပါလျက် အမျက်က ထွက်နေတော့ ''နာဒ္ဒသံ= ငါမမြင်ဘူးကွာ''လို့ ပြောတယ်။ ဘယ်လောက်များ ကြမ်းလိုက် ရိုင်းလိုက်သလဲဆိုယင် အမှန်အားဖြင့် သူ မြင်ပေမယ်လို့ ''မမြင်ဘူးကွာ''လို့ ငွတ်ငြင်းပစ်တယ်။ ရိုင်းရိုင်းစိုင်းစိုင်း သူပြောတယ်။

## ဘုရားရှင်အား ဘာလုပ်နိုင်မှာလဲ

ကဲ-အိုးရွဲ့ စလောင်းရွဲ့နဲ့ တွေ့ရတော့မယ်။ သာတာဂိရ၊ ဟေမဝတ နတ်စစ်မှူးတို့က-

''အာဝုသော အာဋ္ဌဝက ပဿေယျာသိ ဝါ တွံ န ဝါ။

အာဝုသော အာဋ္ဌဝက = မိတ်ဆွေ အာဋ္ဌဝက....။ (ငါတို့က တည့်တည့်ပြောတော့ မင်းက ရွဲ့တယ်၊ ကိုင်း.... ပြောတော့မယ်။) တွံ=သင်သည်။ ပဿေ-ယျာသိ ဝါ=မြင်ချင်လဲ မြင်။ န ဝါ ပဿေယျာသိ= မမြင်ချင်လဲနေ''

''ကော တယာ အတ္ထော ပဿတာ ဝါ အပဿတာ ဝါ= မင်းမြင်တော့ကော ဘာအကျိုးရှိမှာလဲ၊ မမြင်တော့ကော ဘာအကျိုးရှိမှာလဲ''

http://www.dhammadownload.com



''ကိံ တွံ ကရိဿသိ အမှာကံ သတ္ထုနော = သင်သည် ငါတို့ဆရာ မြတ်စွာဘုရားအား ဘာလုပ်နိုင်မှာလဲ၊ ဘာမှကို မင်း မလုပ်နိုင်ဘူး'' -

## မတူညီပုံ နှိုင်းနိုင်းချက်များ

''ယော တွံ တံ ဥပနိဓာယ (၁) စလက္ကကုဓ မဟာဥသဘသဒိသေ တဒဟုဇာတ ဝစ္ဆကော ဝိယ=သင်သည် ငါတို့ဆရာ မြတ်စွာဘုရားကို ထောက်ဆလျှင်- (၁) လယ်ဘို့ကြီး တုန်တုန် တုန်တုန် လှုပ်နေသော ဥသဘနွားမင်း၏ အနီးမှာ ထိုနေ့ မွေးစ နွားသူငယ်ကဲ့သို့လည်းကောင်း ...။ (၂) တိခါ ပဘိန္န မတ္တဝါရဏသဒိသေ ဘိက်ပေါတကောဝိယ=သို၊ နှာဖျား၊ နား သုံးဌာနမှာ မုန်ရည်ကျနေတဲ့ ဆင်ပြောင်ကြီးရဲ့ အနီးမှာ ဆင်ကလေးကဲ့သို့လည်းကောင်း....။ (၃) ဘာသုရ ဝိလမ္ဗိတ ကေသရ သောဘိတက္ခန္ဓသဃ မိဂရညော သမိပေ ဇရသိင်္ဂါလော ဝိယ= အရောင်တပြောင်ပြောင် တောက်ပလျက် ဖားရရားကျသော လည်ဆံဖြင့် တင့်တယ်သော ပခုံးရှိသော သားတို့သေဌ်နင်း ခြင်္သေ့မင်း၏ အနီးမှာ မြေခွေးအိုကဲ့သို့ လည်းကောင်း....။ (ကေသရာအကြောင်း နောက်၌ ဖော်ပြပါမည်။) (၄) ဒိယဍ္ဍ ယောဇနသတ ပဝဍ္ဎကာယ သုပဏ္ဏရာဇသမီပေ ဆိန္နပက္ခကာကပေါတကော ဝိယ ခါယတိ၊= ယူဇနာ တစ်ရာ့ငါးဆယ် ကြီးကျယ်ဖွံ့ထွားသည့်ကိုယ် = ကာယအထည်ရှိတဲ့ ဂဠုန်ငှက်မင်း၏ အနီးမှာ အတောင်ကျွတ်ပြတ်တဲ့ ကျီးငှက်ကလေးကဲ့သို့ ထင်နေရတယ် အာဝုသော....''၊ ''ဂစ္ဆ, ယံ တေ ကရဏီယံ၊ တံ

http://www.dhammadownload.com



ဘာရောဟိ = သွားကွာ မင်း ဒါလောက်တောင် ပြေပြေ ပြစ်ပြစ် ပြောလို့မှ မပြေပြစ်တဲ့အကောင် မင်းလုပ်ချင်ရာလုပ်'' လို့ သာတာဂိရ၊ ဟေမဝတတို့က ပြတ်ပြတ် တင်းတင်းပဲ ပြောကြားတယ်။

## ကောသရ နှင့် စပ်၍ သတိပြုရန်

သားတို့သေဋ္ဌနင်း ခြင်္သေ့မင်းကို သာတာဂိရနတ်မင်း ဟေမဝတနတ်မင်းတို့က ''ဘာသုရ ဝိလမ္ဗိတာ ကောသရေ့ သောဘိတကွန္ဒ သီဟရာဇာ = ပြောင် လက်သော အရောင်တွက်၍ တွဲလျားဖားရရားကျသော လည်ဆံမြင့်ကင့်တယ်သော ပခုံးရှိသော သားတို့သေဋ္ဌနင်း ခြင်္သေ့ မင်း'' ဟု၍ ချီးမွမ်းကြသည်။

ဤ၌ ကောသရပုဒ်ကို ရှု၍ ''ကောသရာခြင်္သေ့မင်း'' ဟု ဆိုရမည့်အရာ အချို့က ''ကောသရာဇာ ခြင်္သေ့မင်း'' ဟူ၍ (ဇာ-အက္ခရာတစ်လုံး ပို၍) ရေးတတ် ပြောတတ်ကြသည်။ ကောသရ-ပုဒ်မှာ ကောသ-ပုဒ်+(မဋ္ဌာဒိတော ခရာ-ဟူသော ကဥ္စည်းသုတ်ဖြင့်) အဿတ္ထိအနက်၌ ရ-ပစ္စည်းသက်၍ ပြီးသည့် တဒ္ဓိတ်ပုဒ် ဖြစ်သည်၊

ပဟု တော ဝ ပသံသာယံ၊
နိန္ဒာယံ စာ+တိသာယနေ။
နိစ္စယော ဂေစ သံသဂ္ဂေ၊
ဟောန္တိ+မေ မန္တု အာဒယော။ ။

ဟူသော ဂါထာအရ အဿတ္ထိတဒ္ဓိတ် ပစ္စည်းတို့၏ အနက်ထူး (၆) ရပ်တို့တွင် ကောသရ-ပုဒ်၌ ရ-ပစ္စည်းက ပဟုတ (အများဟူသော) အနက်- ပသံသာ (ချီးမွမ်းအပ်မှု) ဟူသော အနက်တို့ကို ဟောကြား

http://www.dhammadownload.com



ကြောင်း ဖော်ပြရန် ''ဘာသုရ ဝိလမ္ဗိတ ကေသရ သောဘိတက္ခန္ဓ = ပြောင်တလက်လက် အရော်သက်- ဟူသော စကားဖြင့် ပသံသာ (ချီးမွမ်းအပ်ပုံ) အနက်ကို လည်းကောင်း၊ ဝိလမ္ဗိတ=တွဲလျား ဖားရရားကျသော လည်ဆံ-ဟူသော စကားဖြင့် ပဟုတ(လည်ဆံမွေးတို့ များသည့်) အနက်ကိုလည်းကောင်း ဖော်ပြသည်။

ထို့ကြောင့် နောက်အခါ ''ကေသရာဇာ ခြင်္သေ့ မင်း'' ဟု မပြောမိစေရန် ''ကေသရာ ခြင်္သေ့မင်း ဟုသာ အမှန်အတိုင်း ပြောဆိုရန် သတိမပြတ် ချပ်ရာ၏။

## ဒေါသကြီးလှသည့် အာဠဝက

ထိုအခါ အာဠဝကဘီလူးသည် ယမ်းပုံပေါ် မီးကျ သလို ဒေါသ တစ်ထောင်းထောင်းထွက်ပြီး အစည်း အဝေးခန်းထဲမှာကို မနေနိုင်တော့ပဲ အပြင်ဘက်ထွက်ပြီး တော့ လက်ဝဲခြေထောက်ဖြင့် ဆေးဒါန်းမြင်းသီလာ ကျောက်ဖျာပေါ်မှာ ရပ်တည်၍-

''ပဿထ ဒါနိ တုမှာကံ ဝါ သတ္ထာ မဟာနုဘာ ဝေါ၊ အဟံ ဝါ=ဖေ.... သာတာဂိရ၊ ဟေမဝတတို့....။ မင်းတို့ရဲ့ဆရာ ဘုရားကပဲ အာနုဘော်ကြီးသလား၊ ငါကပဲ အာနုဘော်ကြီးသလား ဆိုတာ မင်းတို့ ကြည့် ကြပေ့....'' လို့ ရိုင်းရိုင်း ပြောဆိုကာ သူ၏ လက်ယာခြေထောက်ကို မ ပြီး ယူဇနာ ခြောက်ဆယ် မြင့်သော ကေလာသ တောင်ထွတ်ကို ဖနောင့်နဲ့ တအားဆောင့်ပြီး ပေါက်လိုက်တော့ သံတုံး ပူ ပူ ကို သံတူနဲ့ ရိုက်တဲ့အခါ မီးပွားတွေ တစ်ဖွားဖွား ထွက် သလိုပဲ ကေလာသတောင်က ကျောက်တွေဟာ တစ်ခါ

http://www.dhammadownload.com



တည်း ဖွားဖွား ဖွားဖွားနဲ့ အကုန်လုံး ပြုပြု ထွက်ကုန် တယ်။ အာဠဝကဘီလူးသည် ထိုကာလသော ထိပ်၌ ရပ်တည်ပြီး "အဟံ အာဠဝကော=ငါဟဲ့ အာဠဝက" ဟု ဟစ်အော်ကြုံးဝါး လိုက်သောအသံဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ပြန့်သွားတယ်။

## ဇမ္ဗူဒိပ်တစ်ကျွန်းလုံး
ကြားနိုင်သော အသံ ၄ မျိုး

ဇမ္ဗူဒိပ်အနှံ့ ပျံ့တဲ့အသံကြီး ၄-မျိုးရှိတယ်။

(၁) ဝိဓုရ ဇာတ်တော်မှာ ပုဏ္ဏက ဘီလူးသည် ကစ္စာယနလုလင် အမည်ဖြင့် ကြွေအန်ကစား၍ နိုင်သော အခါ "အဟံ ဇိနံ=ငါ နိုင်ပြီ" လို့ အော်လိုက်တဲ့ အသံက တစ်မျိုး။

(၂) ကဿပမြတ်စွာ သာသနာ ဆုတ်ယုတ် သောအခါ သိကြားမင်းက ဝိသုကြုံနတ်သားကို ခွေး နက်ကြီးအယောင်ဆောင်၍ "ငါသည် ယုတ်မာသော ရဟန်း ယောကျ်ား၊ ယုတ်မာသော ရဟန်းမ၊ ယုတ်မာ သော ဥပါသကာ၊ ယုတ်မာသော ဥပါသိကာ၊ အားလုံး သော အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့ကို ကျွတ် ကျွတ် ဝါး ၍ စားမည်" ဟု ကြွေးကြော်စေသော အသံဟာ တစ်မျိုး။

(၃) ကုသဇာတ်၌ ဂ.ဘာဝတီ ကြောင့် ခုနစ် ပြည်ထောင်မင်းတို့ ကုသဝတီ မင်းနေပြည်ကို ဝန်းရံ ပိတ်ဆို့ကြသောအခါ ခမည်းတော်မင်းတရားရဲ့ အစီ အမံအရ အလောင်းတော်ကုသမင်းက ပဘာဝတီကို ဆင်ကျောက်ကုန်းပေါ်၌ မိမိနှင့် အတူ တင်၍ မြို့မှ

http://www.dhammadownload.com



ထွက်ပြီးလျှင် ''အဟံ သီဟဿရမဟာကုသရာဇာ= ခြင်္သေ့မင်းနှင့် အသံတူတဲ့ ကုသမင်းကြီးဆိုတာ ငါပေါ့'' ဟု ကြွေးကြော်ခဲ့တဲ့ အလောင်းတော် ကုသမင်း၏ အသံက ပါင်မျိုး။

(၄) ယခု ကေလာသ တောင်ထိပ်၌ ရပ်၍ ဖနောင့်နဲ့ ပေါက်ပြီး ''အဟံ အာဠဝကော= ငါဟဲ့ အာဠဝက''ဟု ကြွေးကြော်လိုက်တဲ့ အာဠဝကဘီလူးရဲ့ အသံက တစ်မျိုး။ ဤ အသံကြီး ၄-မျိုးဟာ ဇမ္ဗူဒီပ် တစ်ကျွန်းလုံး ပျံ့နှံ့ကြတယ်။ ထိုသို့ အာဠဝကဘီလူး ''ငါဟဲ့ အာဠဝက''ဟု ကြွေးကြော်လိုက်သောအခါ ဇမ္ဗူဒီပ် တစ်ကျွန်းလုံးမှာ အိမ်တိုင်း အိမ်တိုင်း အိမ် ပေါက်ဝမှာ ရပ်၍ ကြွေးကြော်သည်နှင့် တူတယ်။ ယူဇနာ သုံးထောင် မြင့်ကျယ်သော ဟိမဝန္တာ တောင် ကြီးလဲ ဘီလူး၏ တန်ခိုးကြောင့် တုန်လှုပ်၍ သွားတယ်။

## လက်နက် ၉-ပါး ပစ်လွှင့်ခြင်း

(၁) အာဠဝက ဘီလူးသည် ရှေးဦးစွာ ''ဤ လေ မုန်တိုင်းမြင့်ပင် ရဟန်းကြီးကို ပြေးစေမည်'' ဟူသော ရည်ရွယ်ချက်နဲ့ လေမုန်တိုင်းကြီးကို တိုက်ခတ်စေတယ်။ ထိုသို့ အာဠဝက တိုက်ခတ်စေသော အရှေ့၊ အနောက်၊ တောင်၊ မြောက် လေတို့သည် ထ ပေါ်ကြပြီး ယူဇနာ ဝက်၊ တစ်ယူဇနာ၊ နှစ်ယူဇနာ၊ သုံးယူဇနာခန့် ရှိတဲ့ တောင်ထွတ်တို့ကို ဖြိုခွဲဖောက်ထွင်းကြကာ တော၊ သစ်ပင်၊ ချုံနွယ်တို့ကို အမြစ်ကျွတ်ပြီး မိုးထောင်အောင် မြှုကြလျက် ဆင်တင်းကုပ်ဟောင်း စသည်တို့ကို မှုန်မှုန် ညက်ညက် ဖြစ်ကြစေရန်၊ အမိုး အုတ်များကို

http://www.dhammadownload.com



ကောင်းကင်၌ လွင့်တက် သွားစေရန် အာဠဝီမြို့ကို ဦးတည် တိုက်ခတ်ကြတယ်။ မြတ်စွာဘုရားက ''မာ-ကဿစိ ဥပရောဇာ ဟောတု=တစ်ဦးတစ်ယောက် အားမျှ အချုပ်အချယ် အန္တရာယ် မဖြစ်ပါစေသား''ဟု အဓိဋ္ဌာန်တော် မူတယ်။ ထိုမုန်တိုင်းလေ များသည် မြတ်စွာဘုရားအနီးသို့ ရောက်သောအခါ သင်္ကန်းတော် အနားကလေးမျှကိုပင် တုန်လှုပ်စေရန် မစွမ်းနိုင်ကြကုန်။

(၂) ထိုနောက် 'ရေဖြင့် လွှမ်းမိုးကာ ရဟန်းကြီး ကို သေစေမည်'' ဟူသော ရည်ရွယ်ချက်နဲ့ မိုးကြီး သည်းစွာ ရွာချစေတယ်။ အာဠဝကာ၏ အာနုဘော် ကြောင့် အထက်အထက် အထပ်တစ်ရာ၊ အထပ် တစ်ထောင် စသည်ပြားသော မိုးတိမ်တိုက်များတက်ကာ မိုးရွာချတယ်။ မိုးရေ အလျဉ်အဟုန်ကြောင့် မြေကြီးပင် ပေါက်ထွက်ခဲ့လေသည်။ တော သစ်ပင် စသည်ထိပ်မှ ရေအလျဉ်ကြီး စီး၍လာသော်လည်း မြတ်စွာဘုရား၏ သင်္ကန်းတော်၌ကား ရေပေါက်ကလေးမျှ မစိုစွတ် နိုင်ချေ။

(၃) ထိုနောက် ကျောက်တောင် ကျောက်ခဲ မိုးကို ရွာဖြိုးစေတယ်။ အခိုးတလူလူ အ လျှံ တ ပြောင် ပြောင် တောက်လောင် ဟောက်လောင်နေတဲ့ တောင်ထွတ် ပမာဏရှိ အလွန်ကြီးသော ကျောက် စိုင် ကြီး များ ကောင်းကင်ခရီးဖြင့် လာရောက်ကြကာ မြတ်စွာဘုရား အနီးသို့ ရောက်သောအခါ နတ်ပန်းလုံးကြီးများ အသွင် သို့ ပြောင်းသွားကြတယ်။

(၄) ထိုနောက် လက်နက်မိုးကို ရွာဖြိုးစေတယ်။ အခိုးတလူလူ အလျှံတပြောင်ပြောင် တောက်လောင်

http://www.dhammadownload.com



နေတဲ့ တစ်ဘက်အသွား၊ နှစ်ဘက် အသွားရှိကြတဲ့ လှံ၊ ဓား၊ သန်လျက် အစရှိတဲ့ လက်နက်တွေဟာ ကောင်းကင်ကလာပြီး မြတ်စွာဘုရားအနီးသို့ ရောက်သောအခါ နတ်ပန်းများ အသွင်သို့ ပြောင်းသွားကြတယ်။

(၅) ထိုနောက် မီးကျီးမိုးကို ရွာဖြိုးစေတယ်။ ပေါက်ပန်းပွင့်အသွေး နီတွေးသော မီးကျီးခဲများ ကောင်းကင်ကလာပြီးလျှင် မြတ်စွာဘုရား၏ ခြေတော်ရင်းမှာ နတ်ပန်းပွင့်များဖြစ်၍ ကျရောက်ကုန်ကြတယ်။

(၆) ထိုနောက် ပြာပူမိုးကို ရွာဖြိုးစေတယ်။ အလွန်ပူသော ပြာမှုန့်များ ကောင်းကင်ကလာပြီး မြတ်စွာဘုရား၏ ခြေတော်ရင်းမှာ စန္ဒကူး မှုန့် များ ဖြစ် ၍ ကျရောက်ကုန်ကြတယ်။

(၇) ထိုနောက် သဲပူမိုးကို ရွာဖြိုးစေတယ်။ အခိုးတလူလူ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ အလွန်နုသောသဲများ ကောင်းကင်ကလာပြီး မြတ်စွာဘုရား၏ ခြေတော်ရင်းမှာ နတ်ပန်းတွေဖြစ်၍ ကျကုန်တယ်။

(၈) ထိုနောက် ရွှံ့ညွန်မိုးကို ရွာဖြိုးစေတယ်။ ထိုရွှံ့ညွန်မိုးလဲ အခိုးတလူလူ အလျှံတပြောင်ပြောင် တောက်လောင်လျက် ကောင်းကင်ကလာပြီး မြတ်စွာဘုရား၏ ခြေတော်ရင်းမှာ နတ်နံ့သာဖြစ်၍ ကျလာတယ်။

(၉) ထိုနောက် အာဠဝကဘီလူးသည် ''ရဟန်းကြီးကို ခြောက်လှန့်ပြီး ထ ပြေးစေမယ်''ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အမိုက်မှောင်ကို ဖြစ်စေခဲ့တယ်။ အာဠဝက ပြုလုပ်တဲ့

http://www.dhammadownload.com



အမိုက်မှောင်ဟာ လကွယ်၊ သန်းခေါင်၊ မိုးမှောင်၊ တောလယ်=ဤအင်္ဂါလေးပါး ရှိသော အမိုက်မှောင်နှင့် အလားတူစွာ ဖြစ်ပါလျက် မြတ်စွာဘုရား အနီးသို့ ရောက်သောအခါ နေရောင်ဖြင့် ပယ်ဖျောက်အပ်သော အမိုက်မှောင်ကဲ့သို့ ကွယ်ပျောက်၍ သွားတယ်။

(ဤနေရာ၌ ခေတ္တရပ်၍ တရားပွဲအစ ဖော်ပြခဲ့သည့် "လက်နက်ကိုးဖြာ အောင်ဇေယျဝန္ဒနာ ဆုတောင်းဂါထာ ပါဠိ+အနက်"ကို ရွတ်ဆို၍ လည်းကောင်း၊ "နှုတ်ရဆောင်ရန် မြန်မာလင်္ကာ"ကို ရွတ်ဆို၍ လည်းကောင်း အမေ့ာအပန်းဖြေ စိတ်ကို ကြည်လင်စေရာ၏။)

ဤသို့လျှင် အာဠဝကဘီလူးသည် လေ၊ မိုး၊ ကျောက်၊ သဲ၊ ညွန်၊ မီးခဲ၊ ပြာပူ၊ အမိုက်မှောင်၊ လက်နက်၊ ဤ (၉) မျိုးတို့ဖြင့် မြတ်စွာဘုရားကို မိမိ၏ ဗိမာန်မှ ထွက်သွားစေရန် မတတ်နိုင်ရကား လက်နက်အမျိုးမျိုး တို့ကို စွဲကိုင်၊ ရုပ်ရည်အဆင်း အမျိုးမျိုးရှိတဲ့ ဖုတ် ပြိတ္တာ အပေါင်းတို့ဖြင့် သောင်းပြောင်းထွေလာ အင်္ဂါလေး ရပ်ရှိသော ခံတပ်ကြီးကို အုပ် စီး ထိန်း ချုပ် ကာ ကိုယ်တိုင်ပင် ဘုရားရှိရာသို့ ဦးတည် ချီတက်ခဲ့တယ်။ ထို ဖုတ်ပြိတ္တာတို့သည် အထူးထူး အတန်တန် ဖောက် ပြန်မှုတို့ကို ပြုကြကာ "ဖမ်းကြကုန်၊ သတ်ကြကုန်" ဟု ဆိုကြကာ မြတ်စွာဘုရား၏ အထက်၌ ချီတက်ရန် အားထုတ်ကြသော်လဲ အလျှံတပြောင်ပြောင် တောက် လောင်သော သံတွေခဲ မီးရဲရဲကိုယင်ကောင်ကလေးများ အနားမကပ်ငံ့သကဲ့သို့ မြတ်စွာဘုရား၏ အနီးအပါးသို့ လားလားမျှ မကပ်နိုင်ကြကုန်။

http://www.dhammadownload.com



## အာဠဝကဏ်ိ နောက်ဆုံးလက်နက်

ထိုသို့ မကပ်နိုင်ကြသော်လဲ မဟာဗောဓိမဏ္ဍိုင်၌ မာရ်နတ်လာရောက် တိုက်ခိုက်စဉ်အခါတုန်းက နာရီမိုင်း မျှလောက်အတွင်း နောက်ပြန် ဆုတ်သော်လဲ ယခု အာဠဝက ဘီလူးကမူ ညဥ့်ထက်ဝက်ခန့် အချိန်ကြာ အောင် နှောင့်ယှက်မှုကို ပြုတယ်။ ဤသို့ ညဥ့်ထက်ဝက်၂ အထူးထူး အသွယ်သွယ် ကြောက်မက်ဖွယ်ကို ပြသဖြင့်လဲ မြတ်စွာဘုရားကို တုန်လှုပ်စေရန် မတတ်နိုင်ရကား အာဠဝကဘီလူးသည်–

''ယံနူနာ+ဟံ ဒေနုစိ အဇေယျံ ဒုဿာဝုဓံ မုဥ္စေယျံ= ငါသည် တစ်စုံတစ်ယောက်မျှ မအောင်နိုင်တဲ့ ရင်စည်း တဘက်=ဘွဲ့ဖြူလက်နက်ကို ပစ်လွှင့်ရမူ ကောင်းလေ စွ'' ဟု အကြံပြုလေသည်။

(စက်ကြီး တစ်ဆယ့်သုံးပါးထဲမှာ ''ဘွဲ့ဖြူလက်နက် ဘီလူးစက်'' ဆိုတာ ရင်ဘတ်မှာ ခည်းသားတဲ့ နက် တဘက် အဝတ်ကြီးကို ခေါ်ဆိုခြင်း ဖြစ်တယ်။)

### လက်နက်ကြီး ၄–မျိုး

လောက၌ ကြောက်လန့်ဖွယ် လက်နက်ကြီး ၄–မျိုးတို့ ရှိကြတယ်။

(၁) သိကြားမင်းရဲ့ ဝရဇိန်လက်နက်၊

(၂) ဝေဿဝဏ် နတ်မင်းကြီးရဲ့ သံ တင်း ပုတ် လက်နက်၊

(၃) ယမမင်း၏ မျက်လုံးလက်နက်၊

(၄) ယခု အာဠဝကဘီလူးရဲ့ ရင်ခည်းတဘက်= ဘွဲ့ဖြူလက်နက်၊ ဒီ ၄–မျိုးကို ဆိုလိုတယ်။

http://www.dhammadownload.com



၁။ သိကြားမင်းရဲ့ ဝဇိရစိန်လက်နက် (ဝဇိရစိန်ကို နောက်ပြန်အားဖြင့် ဝရဇိန် ဟု ခေါ်ဆိုခြင်း ဖြစ်တယ်။) သိကြားမင်း အမျက်ထွက်လို့ မြင်းမိုရ်တောင်ထိပ်က အဲဒီ ဝဇိရစိန်လက်နက်နဲ့ ပစ်ခွင်းလိုက်ယင် ယူဇနာ ပေါင်း တစ်သိန်း ခြောက်သောင်း ရှင်ထောင်မြင့်တဲ့ မြင်းမိုရ်တောင်ကြီးရဲ့ အောက်သို့ ရောက် သွား နိုင် တယ်။

၂။ ဝေဿဝဏ် နတ်မင်းကြီးရဲ့ သံ တင်း ပုတ် လက်နက်၊ ဝေဿဝဏ်နတ်မင်းကြီး အမျက်ထွက်ပြီး သူ့ရဲ့လက်စွဲ သံတင်းပုတ်ကြီးနဲ့ ပစ်လိုက်ယင် ယက္ခနတ် ထောင်ပေါင်းများစွာတို့ရဲ့ ဦးခေါင်းကို ထောင်း ထောင်းပြတ်ကြွေ မြေသို့ကျစေပြီးမှ နတ်မင်းကြီးရဲ့ ၂-တောင့်ထွာ ဟတ္ထပါသ်အတွင်းသို့ ပြန်လာပြီး တည် တယ်။

၃။ ယမမင်း၏ မျက်လုံး လက်နက်၊ ငရဲသေဋ္ဌနင်း ယမမင်း အမျက်ထွက်၍ မျက်စောင်းထိုးပြီး ကြည့်လိုက် ယင် ထောင်ပေါင်း များစွာသော ကုမ္ဘဏ်နတ်တို့ နှမ်းအိုးကင်းပူပူ၌ နှမ်းစေ့များကဲ့သို့ တဖျပ်ဖျပ်မြည်ပြီး သေကုန်ကြတယ်။

၄။ အာဠဝကဏ်၏ ရင်စည်းတဘက် ဒုဿဖြူလက်နက်၊ အာဠဝကဘီလူး အမျက်ထွက်ပြီး ဒုဿ ဖြူ လက် နက်= ရင်စည်းနတ်တဘက်ကို ကောင်းကင်သို့ ပစ်လွှင့်လိုက် ယင် ၁၂-နှစ်ကြာ မိုးမရွာနိုင်ဘူး၊ မြေပြင်၌ ပစ်ချ လိုက်ယင် သစ်ပင် မြက်ပင် အားလုံး ခန်းခြောက်ပြီး ၁၂-နှစ်ကြာ နောက် ပြန်မပေါက်နိုင်ဘူး။ သမုဒ္ဒရာ၌ ပစ်လွှင့်လိုက်ယင် လောလောပူသည့် သံအိုးကင်းထဲက

http://www.dhammadownload.com



ရေဲ့တွေလို ရေအားလုံး ခန်းခြောက်သွားနိုင်တယ်။ မြင်းမိုရ်တောင်နှင့်တူတဲ့ တောင်ပေါ်၌ ပစ်လွှင့်လိုက်ယင်လဲ အပိုင်းအပိုင်းဖြစ်ကာ ဖရိုဖရဲ ကျဲ၍ သွားနိုင်တယ်။

အာဠဝကဘီလူးသည် သို့စဉ် အာနုဘော်ကြီးလှသော ရင်စည်းတဘက်=ဘွဲ့ဖြူလက်နက်ကို ပစ်လွှင့်ဖို့ရန် ရင်မှချွတ်၍ ကိုင်ထားလေသည်။ ထိုအခါ ဇာတိခေတ် စကြဝဠာပေါင်း တိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ဟာ အများအားဖြင့် "အဇ္ဇ ဘဂဝါ အာဠဝကံ ဒမေဿတိ၊ တတ္ထ ဓမ္မံ သောဿာမ=ယနေ့ မြတ်စွာဘုရား အာဠဝကဘီလူးကို ချုတ်တော်မူလိမ့်မည်၊ ထိုချုတ်ပွဲမှာ တရားနာကြစို့" ဟု ပြောဆိုကြကာ စုဝေးကြတယ်။ တရားကိုပင် မနာလိုသော်လဲ စစ်ပွဲကို ကြည့်လိုကြတဲ့ နတ်ဗြဟ္မာတို့လဲ စုဝေးကြတယ်။ ဤနည်းအားဖြင့် ကောင်းကင်တစ်ခုလုံး နတ်ဗြဟ္မာတို့ဖြင့် ပြည့်ဖုံး၍သွားတယ်။

ထိုနောက် အာဠဝကဘီလူးသည် ဘုရားရှင့်အနီး၌ ဝှေ့ကာယမ်းကာ ဘွဲ့ဖြူလက်နက်ကို ပစ်လွှင့်လိုက်လေသည်၊ ယင်း ရင်စည်းတဘက်=ဘွဲ့ဖြူလက်နက်သည် မိုးကြိုးစက်ကဲ့သို့ ကောင်းကင်၌ ကြောက်မက်ဖွယ် အသံကို မြည်ကျက် ဒေါ်း အလျှံလွှတ်ကာ မြတ်စွာဘုရားအနီးသို့ ရောက်လေလျှင် ဘီလူးရဲ့ မာန်ကိုနှိမ်နင်းရန် ခြေသုတ်ပုဆိုးကြမ်းဖြစ်ကာ မြတ်စွာဘုရား ခြေတော်ရင်း၌ ကျရောက်လေသည်။ အာဠဝကဘီလူးသည် ထိုဖြစ်ရပ်ကို မြင်ပြီး ဦးချိုကျိုးသောနွားလား၊ အစွယ်ကိုနုတ်ထားသည့် မြွေအလား မာန်မာနကျိုးကာ "ဒုဿာဝုဓမ္ပိ

မေ သမဏံ နာဘိဘာသိ၊ ကိန္နု ခေါ ကာရဏံ= ပြော်....ငါရဲ့ ဘွဲ့ဖြူလက်နက်လဲ ရဟန်းကြီး ကို မလွှမ်းမိုးနိုင်၊ အကြောင်း ဘယ်လိုရှိပါလိမ့်'' လို့ စဉ်းစား ဆင်ခြင်တဲ့အခါ ''ဣဒံ ကာရဏံ, မေတ္တာ ဝိဟာရဃုတ္တော သမဏော၊ ဟန္ဒ နံ ရောသေတွာ မေတ္တာယ ဝိယောဇေမိ=ရဟန်းကြီးဟာ မေတ္တာနဲ့ နေခြင်းကို အမြဲအားထုတ်တယ်၊ ဒါဟာ ငါရဲ့ ဘွဲ့ဖြူ လက်နက် သူ့ကို မနှိပ်စက်နိုင်ခြင်းရဲ့ အကြောင်းရင်းပဲ၊ ကိုင်း.... ဒါလောက်ရှိတာ ငါ သူ့ကို ချုပ်ချယ် ခြိမ်းခြောက်စကား မခံချင်အောင် စကားတွေ အမျိုး မျိုး ပြောကြားပြီး သူ့ကို မေတ္တာတရားမှ ကင်းဖဲသွား အောင် ငါ ပြုလုပ်မယ်''ဟု ကြံစည်ပြီး သူ့ရဲ့ ဗိမာန် ထဲသို့ ဝင်လာ၊ မြတ်စွာဘုရား ထိုင်နေတော်မူရာကို သွား ပြီးတော့ ''ကသ္မာ မယာ အနုညာတော မမ ဘဝနံ ပဝိသိတွာ ဃရသာမိကော ဝိယ ဣတ္ထာဂါရဿ မဇ္ဈေ နိသိန္နော+သိ၊ အနနုယုတ္တ+မေတံ သမဏဿ ယဒိဒံ အဒိန္န ပရိဘောဂေါ ဣတ္ထိသံသဂ္ဂေါ စ၊ တသ္မာ ယဒိ တွံ သမဏဓမ္မေ ဌိတော၊ နိက္ခမသမဏ=ရဟန်းကြီး....၊ သင်ဟာ ငါ ခွင့်မပြုအပ်ပါဘဲ ငါ့ဗိမာန်ထဲဝင်ပြီး အိမ်ရှင် ယောကျ်ားပမာ မောင်းမမိဿံတို့ အလယ်မှာ ဘာ့ ကြောင့် ထိုင်နေရသလဲ၊ ယခုကဲ့သို့ အရှင်မပေးအပ်တဲ့ ဗိမာန်ကို သုံးဆောင်နေထိုင်ခြင်း၊ မင်းမိန်းမများနှင့် ရောနှောနေထိုင်ခြင်းဟာ ရဟန်း၏ အဖို့ရာ လုံးဝ မသင့် လျော်ဘူး၊ သို့ရကား သင်သည် အကယ်၍ ရဟန်း တရား၌ တည်သူဖြစ်ပါလျှင် ရဟန်းကြီး.... သင် ယခု ထွက်သွားပါ''ဟု ချုပ်ချယ်စကား ပြောကြားတယ်။

ဒုတိယအကြိမ်

http://www.dhammadownload.com



## မြတ်စွာဘုရား၏ ကရုဏာတော်

ထိုအခါ မြတ်စွာဘုရား က ''ခက်ထန်သောသူကို တစ်ဖန်ပြန်၍ ခက်ထန်ခြင်းဖြင့် ဆုံးမဖို့ရန် မတတ်နိုင်။ မှန်ပါသည်။ ခက်ထန်ရိုင်းပျသူကို ကိုယ်က တစ်ဖန် ပြန်၍ ခက်ထန်ရိုင်းပျမှုကို ပြုလုပ်လျှင် လောကဥပမာအားဖြင့် အလွန်ကြမ်းကြုတ် ကိုက်တတ်သော ခွေး၏ နှာခေါင်း၌ ဝံသည်းခြေလေး အနည်းငယ်သွေးပြီး ခွဲထည့်လိုက်လျှင် ထိုခွေးဟာ ခွေးရူးပမာ တိုး၍ ကြမ်းကြုတ်ခက်ထန်ရိုင်းပျ ကိုက်တတ်လာသကဲ့သို့ ထို့အတူ ခက်ထန်သူကို တစ်ဖန်ပြန်၍ ခက်ထန်ယင် တိုး၍ ခက်ထန်လာနိုင်သည်။ ''အကြမ်းမှု အနုနှင့်သာ အောင်စေရာ၏'' ဟူသော အတိုင်း နူးညံ့မှုဖြင့်သာ ယဉ်ကျေးအောင် ဆုံးမ နိုင်မည်''ဟု သိတော်မူပြီး ''သာခေ+ဝုသော=ကောင်းပါပြီ ဒါယကာ....''ဟု မိန့်တော်မူကာ ပလ္လင်ပေါ်က ဆင်းပြီး ဗိမာန်ပြင်ဘက် ထွက်ပေးတော်မူတယ်။

ထိုနောက် အာဠဝကဘီလူးက ''သုဗ္ဗစော ဝတာ+ယံ သမဏော ဧကဝစနေ နေဝ နိက္ခန္တော၊ ဧဝံ နာမ နိက္ခမေတုံ သုခံ သမဏံ အကာရဏေနေ+နေဝါ+ဟံ သကလရတ္တိံ ယုဒ္ဓေန အဗ္ဘုယျာသိံ=ဤရဟန်းကြီးသည် ပြောလို့ တယ်လွယ်ပါတကား....၊ ငါ တစ်ခွန်းတည်း ပြောတာနဲ့ ထွက်ပေးတယ်၊ ဤသို့စင် ထွက် စေ ရန် လွယ်ကူတဲ့ ရဟန်းကြီးကို ငါကား အကြောင်းမဲ့ တစ်ညဉ့်လုံး စစ်ထိုးခြင်းဖြင့် ရန်မူတုမှိုင် ရင်ဆိုင်မှားနဲ့ လေပြီတကား....'' ဟု စိတ်နှလုံး နူးညံ့လာ ကာ ကြံစည်ပြီးနောက် ''ဣဒါနိပိ န သက္ကာ ဇာနိတုံ ကိံ

http://www.dhammadownload.com



နုခေါ် သုဗ္ဗစတာယ နိက္ခန္တော ဥဒါဟု ကောဓေန၊ ဟန္ဒာ+ဟံ ဝိမံသာမိ=ယခုလဲပဲ ဆိုလွယ်သူမို့ ထွက်ပေးတာလား၊ သို့မဟုတ် စိတ်ဆိုးသဖြင့်ပဲ ထွက်ပေးတာလား ဆိုတာ မသိနိုင်ဘူး၊ ကိုင်း.... ငါ စုံစမ်းဦးမှပဲ''ဟု ကြံစည်ပြီး ''ပဝိသ သမဏ=ရဟန်းကြီး ....ပြန်ဝင်ခဲ့ဦး'' ဟု ဆိုပြန်တယ်။ ထိုအခါ မြတ်စွာဘုရားကလဲ ပြော၍လွယ်ကူသော ပုဂ္ဂိုလ်ပါတကား.... ဟု နူးညွှံ့သော စိတ် ရှိရင်းစွဲ ဘီလူးအဖို့ရာ ဝို၍ နိုင်မာစွာ ပိုင်းပိုင်းခြားခြား စိတ်ဖြစ်ရန် ''သာဓာ+ဝုသော=ကောင်းပါပြီ ဒါယကာ....'' ဟု မိန့်တော်မူကာ ဗိမာန်တွင်းသို့ ဝင်တော်မူတယ်။

## ဘုရားရှင်၏ မဟာကရုဏာ

အာဠဝကသည် အကြိမ်ကြိမ် ပြော၍လွယ်ကူသူ ဟုတ်မဟုတ် စုံစမ်းလိုရကား နှစ်ကြိမ်မြောက် လည်းကောင်း၊ သုံးကြိမ်မြောက် လည်းကောင်း ''ထွက်လော့၊ ဝင်လော့'' ဟု ပြောဆိုတယ်။ မြတ်စွာဘုရားကလဲပဲ သူပြောတဲ့အတိုင်း ထွက်တော်မူ၊ ဝင်တော်မူခဲ့တယ်။ အကယ်၍ သူပြောတဲ့အတိုင်း မပြုလုပ်လျှင် ပကတိက ကြမ်းကြုတ်သော ဘီလူးရဲ့ စိတ်သည် တိုး၍ကြမ်းကြုတ်ကာ ဓမ္မကထာ=တရားဒေသနာ၏ တည်ရာ မဖြစ်နိုင်လေရာ။ ထို့ကြောင့်–

(၁) သားငယ် သားဆိုးကလေးအား နို့ချိုအေးကို တိုက်ကျွေးလိုသော မိခင်သည် သားဆိုးကလေး အလိုသို့လိုက်ကာ သူလိုရာကို ပြုလုပ် ပြောဆိုပြီး သူစိတ်ကျေနပ်သောအခါ နို့ချိုအေးကို ချော့မော့တိုက်ကျွေး

http://www.dhammadownload.com



သကဲ့သို့ ထို့အတူ မြတ်စွာဘုရား တည်းဟူသော သုံးလောက၏ မိခင်ကြီးသည်လည်း ဒေါသ၊ မာန၊ ကိလေသာ တည်းဟူသော ငိုကြွေးခြင်းဖြင့် ငိုကြွေးဆိုးသွမ်းနေသော သားဆိုးဘီလူးကို တရား တည်းဟူသော နို့ချိုအေးကို တိုက်ကြွေးရန် သူ့စိတ်နှလုံးနူးညံ့လာအောင် သူက ဝင်ဆိုဝင်၊ ထွက်ဆိုထွက် အလိုလိုက်ကာ ပြုတော်မူတယ်။

(၂) ဥပမာ တစ်နည်းကား အထိန်းတော်သည် နို့ချိုအေးကို မသောက်စို့ပဲ ကြမ်းတမ်းနေသော မင်းသားဆိုးကလေးကို သူအလိုရှိရာ ပေးကမ်း ဖြားယောင်းပြီး နို့ချိုအေးကို တိုက်ကျွေးသကဲ့သို့ ထို့အတူ မြတ်စွာဘုရားလဲပဲ အာဠဝကဘီလူးကို လောကုတ္တရာတရား နို့ချိုအေး တိုက်ကျွေးတော်မူရန် သူ တောင့်တအပ်သောစကားကို လိုက်နာပြုလုပ်ခြင်းဖြင့် ဖြားယောင်းတော်မူလိုသဖြင့် သူခိုင်းသမျှကို လိုက်နာပြုကျင့်တော်မူတယ်။

(၃) ဥပမာ တစ်နည်းမှာ ဘူးထဲ၌ စတုမဓုကို ထည့်ပေးလိုသော အမျိုးကောင်းသား မင်းယောက်ျားသည် ဘူး၏အတွင်းကို စင်ကြယ်အောင် ဆေးကြော သုတ်သင်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားသည် ဘီလူး၏စိတ်၌ လောကုတ္တရာ တရားတည်းဟူသော စတုမဓုကို အပြည့်အဝ ထည့်ပေးတော်မူလိုသည်ဖြစ်၍ သူ၏နှလုံးအိမ်အတွင်း၌ အမျက်ထွက်ခြင်း တည်းဟူသော အညစ်အကြေး စင်ကြယ်စေရန် သုံးကြိမ်တိုင်အောင် ထွက်မူ၊ ဝင်မူ ပြုတော်မူခဲ့တယ်။

ဘဘီယအကြိမ်

http://www.dhammadownload.com



ထိုအခါ အာဠဝကသည် ''သုစေ အယံ သမ-ဏော၊ 'နိက္ခမာ'တိ ဝုတ္တော နိက္ခမတိ၊ 'ပဝိသာ'တိ ဝုတ္တော ပဝိသတိ။ ယန္နူနာ + ဟံ ဇမံ သမဏံ ဝေ မေဝ သကလရတ္တိံ ကိလမေတွာ ပါဒေ ဂဟေတွာ ပါရဂင်္ဂါ-ယ ခိပေယျံ=ဤ ရဟန်းကြီးသည် ပြောရဆိုရ လွယ်ကူ သောသူ ဖြစ်တယ်၊ ထွက် ဆိုလျှင် ထွက်၍ ဝင် ဆိုလျှင် ဝင်တယ်။ ငါသည် ဤရဟန်းကြီးကို ဤနည်းအတိုင်း တစ်ညဉ့်လုံး ပင်ပန်းစေပြီး ခြေတို့ကို ကိုင်၍ ဂင်္ဂါမြစ် တစ်ဘက်ကမ်းသို့ ပစ်လွှင့်ရမှ ကောင်းလေစွ''ဟု ယုတ်မာသော စိတ်အကြံကို ဖြစ်စေ၍ စတုတ္ထအကြိမ် ''နိက္ခမ သမဏ=ရဟန်းကြီး.... ထွက်လော့''ဟု ပြော ဆိုတယ်။ သူ၏ ယုတ်မာသော စိတ်အကြံကို သိတော်မူ၍ မြတ်စွာဘုရားက ''န ခွါ+ဟံ တံ အာဝုသော နိက္ခမိဿာမိ''အစရှိသည်ကို မိန့်တော်မူတယ်။

တစ်နည်းအားဖြင့် ဤ စတုတ္ထအကြိမ် ဘီလူးက အထွက်ခိုင်းသောအခါ မြတ်စွာဘုရားအနေဖြင့် မထွက် ဘူး ဆိုတဲ့အကြောင်း ပြောကြားလျှင် ထို့အထက် ပြဿနာကို အာဠဝကဘီလူး စဉ်းစားရာကြီလျှင် ပြဿနာ မေးဖို့ရန် စဉ်းစားမိလိမ့်မည်၊ ထိုသို့ စဉ်းစားမိခြင်းသည် တရားဟောရန် အကြောင်း ကောင်း ကောင်းကြီး ဖြစ်လိမ့်မည်ဟု သိမြင်တော်မူ၍ မြတ်စွာဘုရားက ''န ခွါ+ဟံ တံ အာဝုသော နိက္ခမိဿာမိ၊ ယံ တေ ကရဏီ-ယံ၊ တံ ကရောဟိ=ဒါယကာ အာဠဝကဘီလူး....၊ သင့် စိတ်ထဲမှာ ထိုကဲ့သို့ ယုတ်ညံ့သော အကြံ အစည် ဖြစ်သောကြောင့် ငါဘုရား ဘယ်နည်းနှင့်မှ မထွက်ဘူး၊ သင်ပြုလိုရာ ပြုလော့''ဟု မိန့်တော်မူတယ်။

တတိယအကြိမ်

http://www.dhammadownload.com



ထိုအခါ အာဠဝက ဘီလူးသည် ရှေးကုန်းကလဲ ကောင်းကင်က သွားကြသောအခါ ''ထိုဗိမာန်သည် ရွှေဗိမာန်လော၊ သို့မဟုတ် ငွေဗိမာန်၊ ပတ္တမြားဗိမာန် တို့တွင် တစ်ခုခုလေလော၊ ကိုင်း၊ ထိုဗိမာန်ကို ကြည့်ကြ မည်''ဟု ကြံစည်၍ မိမိ၏ ဗိမာန်သို့ လာရောက်ကြသော တန်ခိုးရှိသူ = ဣဒ္ဓိမန္တရသေ့ပရိဗိုဇ်တို့ကို ပြဿနာမေး၍ မဖြေနိုင်သော ရသေ့ပရိဗိုဇ်တို့ကို စိတ်ပျံ့လွင့် ရူးသွပ် စေခြင်း စသည်ဖြင့် ညှဉ်းပန်းခဲ့ဖူးသောကြောင့် မြတ်စွာ ဘုရားကိုလည်း ထို့အတူပင် ငါ ညှဉ်းပန်းမည် ဟု စဉ်းစားဆင်ခြင်မိသည်ဖြစ်၍—

''ပဥှံ တံ သမဏ ပုစ္ဆိဿာမိ၊ သစေ မေ န ဗျာကရိ- ဿသိ၊ စိတ္တံ ဝါ တေ ခိပိဿာမိ၊ ဟဒယံ ဝါ တေ ဖာလေဿာမိ၊ ပါဒေသု ဝါ ဂဟေတွာ ပါရဂင်္ဂါယ ခိပိဿာမိ=ရဟန်းကြီး....၊ သင့်ကို ငါ ပြဿနာ မေး မည်၊ အကယ်၍ ငါ၏ ပြဿနာကို သင် မဖြေဆိုနိုင် လျှင် သင့်စိတ်ကိုမူလည်း ပျံ့လွင့် ရူးသွပ်စေမည်၊ သို့ မဟုတ် သင့်နှလုံးကိုမူလည်း ဖောက်ခွဲပစ်မည်၊ သို့မဟုတ် အခြေနှစ်ချောင်းတို့ကို ဆွဲကိုင်၍ ဂင်္ဂါမြစ်တစ်ဘက်ကမ်း သို့ ပစ်လွှင့်လိုက်မည်''ဟု ကြမ်းတမ်းစွာ ပြောကြား လေတယ်။

(ဤအရာ၌ ယခု အာဠဝက မေးမည့်ပုစ္ဆာများ သည် မည်သူ့ထံမှ ပုစ္ဆာများနည်း ဟု မေးရန်ရှိ သည်။ အဖြေကား.... အာဠဝက၏ မိဘများသည် ကဿပ မြတ်စွာဘုရားထံ ဆည်းကပ်၍ ပြဿနာ (၈) ရပ်တို့ကို အဖြေပါ နာယူမှတ်သား သင်ကြား ခဲ့ကြသည်။ ထို မိဘတို့က ကလေးဘဝကပင်

အာဠဝကကို ထိုပြဿနာ (၈) ရပ် အမေး အဖြေကို သင်ကြားပေးခဲ့ကြသည်။ အာဠဝကသည် အချိန်ကြာလွန်သောအခါ အဖြေကိုမေ့သွားသောကြောင့် ''ဤ ပုစ္ဆာတို့လည်း မပျောက်ကြပါစေလင့်'' ဟု စဉ်းစား၍ ရွှေပြား၌ ရှိန်းခိုဇစ်ဖြင့် ရေးသားစေပြီး မိမိ ဗိမာန်၌ သိမ်းဆည်းထားခဲ့သည်။ ဤသို့လျှင် ဤ မေးအပ်မည့် ပုစ္ဆာတို့သည် ဗုဒ္ဓဝိသယ=ဘုရားတို့သာ ဖြေနိုင်မည့် ပုစ္ဆာများ ဖြစ်ကြလေသည်။)

မြတ်စွာဘုရားသည် အာဠဝက၏ ကြမ်းကြုတ်သော စကားကို ကြားတော်မူ၍ (၁) ဘုရားရှင်တို့ အား လှူဒါန်းအပ်သော လာဘ်လာဘ၏ အန္တရာယ်ကို ဖြစ်စေ၊ (၂) အသက်တော်၏ အန္တရာယ်ကို ဖြစ်စေ၊ (၃) သဗ္ဗညုတ ရွှေဉာဏ်တော်၊ ကိုယ်တော် ရောင် စသည်တို့၏ အဟန့်အတားကို ဖြစ်စေ တစ်စုံတစ်ယောက်သောသူမျှ မပြုနိုင်သောကြောင့် ထို သာဝကတို့နှင့် မဆက်ဆံသော ဘုရားရှင်တို့၏ အာဝေဏိကတန်ခိုးအာနုဘော်တော်ကို ပြတော်မူလိုသောကြောင့်—

''န ခွါဟံ တံ အာဝုသော ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ, ယော မေ စိတ္တံ ဝါ ခိပေယျ, ဟဒယံ ဝါ ဖာလေယျ, ပါဒေသု ဝါ ဂဟေတွာ ပါရဂင်္ဂါယ ခိပေယျ=ဒါယကာ အာဠဝက....၊ ငါဘုရားရဲ့စိတ်ကို ပျံ့လွင့်ရူးသွပ် စေနိုင်မည့်သူ၊ နှလုံးကိုမူလည်း ဖောက်ခွဲပစ်နိုင်မည့်သူ၊ ခြေတို့ကိုဆွဲကိုင်၍ ဂင်္ဂါမြစ်တစ်ဘက်ကမ်းသို့ ပစ်လွှင့်နိုင်မည့်သူ တစ်ဦးတစ်ယောက်ကိုမျှ ကာမာဝစရ နတ်ပြည်ငါးထပ်၊

http://www.dhammadownload.com



ဝသဝတ္တီနတ်ပြည်၊ ဗြဟ္မာ့ပြည်နှစ်ဆယ် တည်းဟူသော ဩကာသလောက (နှင့်) ရဟန်း၊ ပုဏ္ဏား၊ နတ်၊ လူနှင့်တကွသော သတ္တလောကမှာ မတွေ့မြင်ရဘူး 'ဟု မိန့်တော်မူကာ အာဠဝကဘီလူး၏ ညှဉ်းပန်းနှိပ်စက်လိုသော အကုသိုလ်စိတ်ကို ပယ်မြစ်တော်မူကာ ပြဿနာမေးမှု၌ အားသစ် စေတော်မူလို၍ ''အပိ စ တွံ အာဝုသော ပုစ္ဆ၊ ယဒါ+ကင်္ခသိ=ဒါယကာ အာဠဝကဘီလူး....၊ သင် မေးလိုရာကို မေးလော့'' ဟု သဗ္ဗညု ဘုရားရှင်တို့၏ ဖိတ်ကြားခြင်း=သဗ္ဗညုပဝါရဏာဖြင့် ဖိတ်ကြားတော်မူတယ်။

## အာဠဝကဘီလူး မေးလတ်ပြီ

အထ ခေါ အာဠဝကော ယက္ခော ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ (ပါဠိတော်) = ဤသို့ မြတ်စွာဘုရားက သဗ္ဗညုပဝါရဏာဖြင့် ဖိတ် ကြား အပ် သော အ ခါ အာဠဝကဘီလူးသည် မြတ်စွာဘုရားကို ဂါထာဖြင့် ဤသို့ မေးမြန်း လျှောက်ထားတယ်။

၁။ ကိံ သူ+ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ကိံ သု သုစိဏ္ဏံ သုခ+မာဝဟာတိ။
ကိံ သု ဟဝေ သာဒုတရံ ရသာနံ၊
ကထံဇီဝိံ ဇီဝိတ+မာဟု သေဋ္ဌံ။ ။

(၁) ဂေါတမ=ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား....။ ဣဓ=ဤလောက၌။ ပုရိသဿ=သတ္တဝါခေါ်ဆို ပုဂ္ဂိုလ် ဂိုလ်၏။ သေဋ္ဌံ = အကျူးသဖြင့် ချီးမွမ်းအပ်သော။ ဝိတ္တံ=ဥစ္စာကား။ ကိံ သု=အဘယ် တရားပါနည်း။

http://www.dhammadownload.com



(လောကမှာ အဘယ်အရာသည် သတ္တဝါတို့၏ အမြတ်ဆုံးသောဥစ္စာ ဖြစ်ပါသနည်း။ ဒါက အမေး တစ်ခု။)

(၂) ကိံ သု = အဘယ်တရားသည်။ သုစိဏ္ဏံ = နေ့စဉ်ရက်ဆက် ကောင်းစွာ လေ့ကျက်ပြု လုပ် အပ်သည်ရှိသော်။ သုခံ = လူ နတ် နိဗ္ဗာန် သုံးတန် သော ချမ်းသာတရားကို။ အာဝဟာတိ = ရွက်ဆောင် နိုင်ပါသနည်း။

(ဘယ်လိုအရာကို နေ့စဉ်ရက်ဆက် လေ့ကျက်ပြုလုပ် ယင် လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာသုံးပါးကို ရအောင် ရွက်ဆောင်ပေးနိုင်ပါ သနည်း။ ဒါက အမေးတစ်ခု။)

(၃) ရသာနံ = ဤလောကာယ် သာယာဖွယ် ဖြစ်ကြတဲ့ အချို၊ အချဉ်၊ အစပ်၊ အငန်၊ အဖန်၊ အခါး အစရှိတဲ့ အရသာ (ဒါက လောကီအာရုံ အရသာမျိုး၊ တရားအရသာ စသည်ဖြင့် အရသာ တွေ အင်မတန် များပါတယ်။) သာယာဖွယ် ကောင်းတဲ့ အရသာ အမျိုးမျိုးတို့တွင်။ ဟဝေ = စင်စစ်။ ကိံ သု = အဘယ်အရသာသည်။ သာဒုတရံ = အထူးသဖြင့် ချိုမြိန် ကောင်းမြတ်ပါသနည်း။

(လောကမှာ သာယာနှစ်သက်ဖွယ် ကောင်းတဲ့ အရသာအမျိုးမျိုးရှိရာ အဘယ်အရသာသည် အချို မြိန်ဆုံး အကောင်းဆုံး ဖြစ်ပါသနည်း။ ဒါက အမေး တစ်ခု။)

(၄) ကထံဇီဝိံ ဇီဝိတံ = အဘယ်သို့ အသက် ရှည်သောသူ၏ အသက်ရှင်ခြင်းမျိုးကို။ သေဋ္ဌံ =

http://www.dhammadownload.com



အထူးသဖြင့် ချီးမွမ်းအပ် မြတ်လှ၏ဟူ၍။ အာဟု= ဘုရားအစ များလှဘိတောင်း ပညာရှိအပေါင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြပါကုန်သနည်း။ (ဘယ်လို အသက်ရှင်တဲ့ပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်း မျိုးကို အမြတ်ဆုံးသော အသက်ရှင်ခြင်းဟူ၍ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသူတော်ကောင်းတွေ မိန့်ဆိုကြပါ သနည်း။ ဒါက တစ်ပုစ္ဆာ။)

ဂါထာတစ်ပိုဒ်လျှင် တစ်ပုစ္ဆာ တစ်ပုစ္ဆာ လာပါ တယ်။ ဒီပုစ္ဆာတွေကို သဗ္ဗညု မြတ်စွာဘုရားများမှ အတိ အကျ ဖြေတော်မူနိုင်ကြတယ်။ ဘယ်သာဝက၊ ဘယ် ရသေ့များမှ မဖြေနိုင်ကြပါဘူး။ ဒါကြောင့် သူက ဒီ ပုစ္ဆာ မေးတယ်။ ရှေးက အဘိညာဏ်ရတဲ့ သာသနာ ပြင်ပ ရသေ့တွေကို သူက ဒီပုစ္ဆာမေး၊ ဟိုရသေ့တွေက မဖြေတတ်၊ ထိုအခါ သူက အချို့ကို ရှုးအောင်လုပ်၊ နှလုံးဖောက်ထုတ် စသည် သူလုပ်ချင်ရာကို လုပ်ခဲ့ပြီး ယခု အဲဒီရသေ့တွေကို သူမေးခဲ့ဖူးတဲ့ ဒီပုစ္ဆာကိုပဲ ပြန် မေးနေတယ်။

## ဘုရားရှင်၏ အဖြေ

မြတ်စွာဘုရားကလဲ ကဿပမြတ်စွာ (အာဠဝကအဖို့ ပျောက်နေတဲ့) အဖြေ ဂါထာအတိုင်း ဤသို့ ဖြေတော်မူ တယ်။

၂။ သဒ္ဓီ+ဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊
ဓမ္မော သုစိဏ္ဏော သုခ+မာဝဟာတိ။
သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊
ပညာဇီဝိံ ဇီဝိတ+မာဟု သေဋ္ဌံ။ ။

တကီယအကြိမ်

http://www.dhammadownload.com



(၁)အဖြေ။ ။အာဝုသော=ဒါယကာ အာဠ-ဝက....။ ဣဓ = ပစ္စုပ္ပန္န ဤလောက၌။ ပုရိသဿ= သတ္တဝါခေါ်ဆို ပုဂ္ဂိုလ် ဂ္ဂိုလ်၏။ သေဋ္ဌံ = အထူးသဖြင့် ချီးမွမ်းအပ် အမြတ်ဆုံးသော။ ဝိတ္တံ=နှစ်သက်ဖွယ်ရာ ဥစ္စာကား။ သဒ္ဓါ=ရတနာသုံးတန် ကံ+ကံ၏ အကျိုးကို ယုံကြည်ခြင်း သဒ္ဓါတရားပေတည်း၊ (ဝါ) သဒ္ဓါတရားသည်။ ပုရိသဿ = သတ္တဝါခေါ်ဆို ပုဂ္ဂိုလ် ဂ္ဂိုလ်၏။ သေဋ္ဌံ = အထူးသဖြင့် ချီးမွမ်းအပ်သော။ ဝိတ္တံ=ဥစ္စာတည်း။

(လောကမှာ အဘယ့်ကြောင့် သဒ္ဓါတရားကို အမြတ်ဆုံးဥစ္စာ လို့ ခေါ်ဆိုရသလဲ ဆိုယင် လောက၌ စိန်၊ ရွှေ၊ ငွေ စတဲ့ လောကီဥစ္စာ၊ သဒ္ဓါ၊ သီလ၊ သုတ၊ ၁၁ဂ စတဲ့ သူတော်ကောင်း ဥစ္စာဟူ၍ နှစ်မျိုးရှိခဲ့ရာ လောကီဥစ္စာဖြစ်တဲ့ စိန်၊ ရွှေ ငွေ စသည်တို့ဖြင့် သဒ္ဓါ၊ သီလ စတဲ့ သူတော်ကောင်းဥစ္စာကို ဝယ်၍ မရနိုင်။ သဒ္ဓါတရားဖြစ်အောင် စိန်နဲ့၊ ရွှေနဲ့၊ ငွေနဲ့ ပေးဝယ်လို့ သဒ္ဓါတရားကို ရတာမဟုတ်ဘူး။ သဒ္ဓါတရားရှိတဲ့သူမှ သူတပါးအား စွန့်ကြဲပေးကမ်း လှူဒါန်းနိုင်တယ်၊ စွန့်ကြဲပေးကမ်း လှူဒါန်းယင် စိန်တွေ၊ ရွှေတွေ၊ ငွေတွေ မလိုချင်အောင်ကို ရတယ်။ ဒီတော့ ဒီနှစ်ခုကိုပဲ ယှဉ်ကြည့်လိုက်ယင် ''လောကမှာ ထိုထိုသတ္တဝါတို့အဖို့ အမြတ်ဆုံး ဥစ္စာကား သူတော်ကောင်း ဥစ္စာ ခုနစ်ပါးထဲမှာ အဝင်အပါဖြစ်တဲ့ သဒ္ဓါတရားပါတကား ဆိုတဲ့ ဘုရားရှင်ဟောချက် သိပ်မှန်ပါတကား.... လို့ ကိုယ်တိုင်သဲ သဘောကျမယ်၊ အာဠဝကဘီလူးလဲ ဒီအတိုင်း သဘောကျသွားတယ်။)

http://www.dhammadownload.com



(၂)အဖြေ။ ။သုစိဏ္ဏော.... နေ့စဉ်ရက်ဆက် လေ့ကျက် ပြုလုပ် ပွားများအပ်သော။ ဓမ္မော=သုစရိုက် ၁၀-ပါး+ပုညကိရိယာ ၁၀-ပါး ကောင်းမှု တရားသည်။ သုခံ=လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ အာဝဟာတိ=မရ ရအောင် မရောက် ရောက်အောင် ပို့ဆောင်နိုင်၏။

(အေး.... သုစရိုက် ၁၀-ပါး၊ ဒါန၊ သီလ၊ ဘာဝနာ စတဲ့ ပုညကိရိယာ ၁၀-ပါးတို့ဟာ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရအောင် ရောက်-အောင် ပို့ဆောင်ပေးနိုင်တယ်.... လို့ မြတ်စွာဘုရား ဟောကြားလိုက်တယ် ဆိုယင်ပဲ အာဠဝကဘီလူး သဘောကျ ဝမ်းမြောက်သွားတယ်။)

(၃)အဖြေ။ ။လောကေ= လောကဌ်။ ရသာနံ= သာယာဖွယ် ကောင်းလို့ ရသ လို့ ခေါ်ရတဲ့ အရာဝတ္ထု၊ အစုစုတို့အနက်။ ဟဝေ = စင်စစ်ကေန် အမှန်အားဖြင့်။ သစ္စံ = ပရမတ္ထသစ္စာဖြစ်တဲ့ နိဗ္ဗာန် တရား၊ ဝိရတီသစ္စာဖြစ်တဲ့ မုသာဝါဒ ဝိရတီ စေတသိက်၊ ဝစီသစ္စာလို့ ခေါ်ရတဲ့ မှန်ကန်သော စကားသံ၊ အဲဒီသစ္စာသုံးပါး တရား အစု သည်။ ရသာနံ=ဤ လောကဝယ် သာယာဖွယ် အရသာ ဟူသမျှတို့ထက်။ သာဒုတရံ = အထူးသဖြင့် ချိုမြိန် ကောင်းမြတ်တဲ့ ရသဓာတ် ပါပေတည်း။

## သစ္စာအချိုရဲ့ အာနိသင်

(ယနေ့ ပစ္စုပ္ပန် လောလောဆယ် အနေနဲ့ ပြောယင် ''ရေခဲမုန့်ဟာ ကောင်းတယ်'' လို့ လူတစ်ယောက်က

http://www.dhammadownload.com



ပြောတယ် ဆိုပါစို့၊ ထိုသူကို ပထမ ရေခဲမုန့်တစ်ခွက်ကို ကျွေးကြည့်၊ ကောင်းတယ်လို့ ပြောမှာအမှန်ပဲ။ နောက် ဒုတိယတစ်ခွက်ကို ကျွေးကြည့်၊ ကောင်း တယ် လို့ ပဲ ပြောဦးမှာပဲ။ နောက် တတိယတစ်ခွက်ကို ကျွေးကြည့်၊ ကောင်းတယ်လို့ မပြောချင်တော့ဘူး။ ကျွေးတဲ့လူကို အားနာလို့သာ မှိတ်ပြီး မျိုရတာ။ စတုတ္ထတစ်ခွက် ကျွေးလို့ စားလိုက်ရယင် တစ်ခါထဲ တင်းတိမ်အားရ ဝသွားပြီး အော့ရော။ ကောင်းတယ်လို့ မပြောတော့ ဘူးနော်။ လောကီသာယာဖွယ် အရသာကို ပြောနေ တာက သစ္စာအရသာနဲ့ လောကီ အရသာများ မတူပုံကို ပြောချင်လို့ ထည့်ပြောနေရတာ။)

ဝိရတီသစ္စာ (နှင့်) ဝစီသစ္စာ တို့မှာ အကြောင်း (နှင့်) အကျိုး ဖြစ်ကြပါတယ်။ ဝိရတီသစ္စာ စေတသိက် ကြောင့် မှန်ကန်သော စကားသံ ဆိုတဲ့ ဝစီသစ္စာ ဖြစ်ပေါ်လာရတယ်။ မှန်တဲ့စကားကို ပထမ တစ်ခွန်း ပြောယင်လဲ နှစ်သက်တာပဲ။ ဒုတိယ၊ တတိယ၊ စတုတ္ထ ထပ်ပြောယင်လဲ နှစ်သက်တာပဲ။ ဘယ်တော့မှ ဝသွားပြီ၊ မုန်းသွားပြီ မရှိဘူး။ ကြားတိုင်း ကြားတိုင်း စိတ်ချမ်း သာ မြိန်ယှက်တယ်။

ပရမတ္ထသစ္စာ နိဗ္ဗာန်နဲ့ ပတ်သက်လို့ ပြောရယင် အရိယာသူမြတ်တို့ ဖလသမာပတ် ဝင်စားကြတယ် ဆိုတာ ပရမတ္ထသစ္စာ=နိဗ္ဗာန်တရားနဲ့ သန္တိအရသာကို ခံစား သုံးဆောင်ကြခြင်း ဖြစ်ပါတယ်။ အရိယာပုဂ္ဂိုလ်တို့ မိမိတို့ရဲ့ ဖလသမာပတ်ကို ဝင်စားတဲ့အခါ ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ရဲ့ သန္တိအရသာကို ခံစားသုံးဆောင်ရာက အချိန် ကုန်လို့သာ ဖလသမာပတ်က ထလိုက်ရတာ၊ သန္တိ

http://www.dhammadownload.com



အရသာကို ဝသွားပြီ၊ နောက်ထပ် မခံစားချင်တော့ဘူး လို့ မရှိဘူးနော်။

ဥပမာ=ဆွမ်းခံချိန်ကျတဲ့အခါဒိကရဇခန္ဓာကိုယ်ကိုက ကဗဠီကာရ အာဟာရနဲ့မှ မျှတရတဲ့ ခန္ဓာကိုယ် ဖြစ်လို့သာ ဖလသမာပတ်ကို ရပ်ပြီး ဆွမ်းခံသွားကြရတာ၊ နိဗ္ဗာန်ရဲ့ သန္တိအရသာကို ခံစားရတာ တင်းတိမ် အားရ ဝလို့ သွားတာမဟုတ်ဘူး။ ဝိရတီသစ္စာ၊ ဝစီသစ္စာတို့ဟာလဲ တောမီးကို ငြိမ်းစေနိုင်တယ်၊ ရေစီးကို ရပ်တန့်စေနိုင်တယ်။ ဒါ့ကြောင့် ''အ ရ သာ တ ကာ တို့ထက် သစ္စာသုံးပါးဟာ အချိုမြိန်ဆုံး ဖြစ်၏'' လို့ ဟောတော်မူတယ်။)

(၄)အဖြေ။ ။ပညာဇီဝိံ ဇီဝိတံ=ပညာဖြင့် အသက်ရှင်သူ၏ အသက်ရှင်ခြင်းကို။ သေဋ္ဌံ=အထူးသဖြင့် ချီးမွမ်းအပ် မြတ်သော အသက်ရှင်ခြင်း ဟူ၍ အာဟု = ဘုရားအစ မျှားလှဘိတောင်း ပညာရှိ အပေါင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြကုန်ပြီ။

(လောကမှာ ပညာမရှိပဲ ဥစ္စာ စီး ပွား ဖြင့် သာ အသက်ရှင်တဲ့လူ၊ ပညာဖြင့် အသက်ရှင်တဲ့လူ နှစ်ယောက် ထားပြီး ဘယ်သူရဲ့ အသက်ရှင်ခြင်းသည် ချီးမွမ်းအပ် မြတ်သလဲ ဆိုတာ လောကီအရေးမှာပဲ စဉ်းစား ကြဦးစို့။

ဉာဏ်ပညာရှိတဲ့လူက ''ဤအချိန်ကား သွားသင့် သောအချိန်၊ ဤအချိန်ကား မသွားသင့်တဲ့ အချိန်လို့ ဉာဏ်နဲ့ သိတယ်။ ထို့အတူ ဤအစာကား စားသင့်သော

http://www.dhammadownload.com



အစာ၊ ဤအစာကား မစားသင့်သောအစာ၊ ဤအမှု ကား ပြုသင့်သောအမှု၊ ဤအမှုကား မပြုသင့်သောအမှု၊ အဲဒီလို ဉာဏ်နဲ့သိပြီး အသက်ရှင်တဲ့လူက ပြုသင့်တာကို ပြု၊ မပြုသင့်တာကို ရှောင်၊ သွားသင့်တဲ့အချိန်မှာ သွား၊ မသွားသင့်တဲ့အချိန်မှာ မသွား၊ စားသင့်တာကို စား၊ မစားသင့်တာကို ရှောင်တော့ ဘယ်နည်းနဲ့မှ ဘေး မရောက်ဘူး။

ပညာမရှိဘဲ မိဘရဲ့အရိပ်ကို ခိုလှုံ၊ ငွေကို ရေလောက် ထင်ပြီး အသက်ရှင်တဲ့လူတွေ လောကမှာ ရှိကြတယ်။ ထိုလူများအဖို့ရာ ပညာမရှိ ဘာမှမသိတော့ ကိုယ်နဲ့ တော်တယ် မတော်ဘူး ဆိုတာကို မစဉ်းစားဘဲ သွားချင် ရာ သွား၊ စားချင်ရာ စား၊ သောက်ချင်တာ သောက်၊ သုပ်ချင်ရာ လျှောက်လုပ်တော့ အသက်မတိုတန်ဘဲနဲ့ တိုကုန်ကြတယ်။

ဒီတော့ ပညာမှတပါး ဥစ္စာဖြင့် အသက်ရှင်သော သူရဲ့ အသက်ရှင်ခြင်းထက် ပညာဖြင့် အသက်ရှင်သော ပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းက ချီးမွမ်းအပ် မြတ်တယ်လို့ မြတ်စွာဘုရား ဖြေကြားတော်မူတဲ့အခါ သူ (အာဠဝက ဘီလူး) ငယ်စဉ်က နှုတ်ရဆောင်ခဲ့တဲ့ အဖြေဂါထာကို ပြန်ကြားသတိရပြီး အားရဝမ်းသာ ဖြစ်ရှိခဲ့ရပါတယ်။

### ဒုတိယအကြိမ် အမေးဂါထာ

၃။ ကထံသု တရတိ ဩဃံ၊
ကထံသု တရတိ အဏ္ဏဝံ။
ကထံသု ဒုက္ခ+မစ္စေတိ၊
ကထံသု ပရိသုဇ္ဈတိ။ ။

တကိယအကြိမ်

http://www.dhammadownload.com



ဂေါတမ = ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရား....။ ကထံ သု = ဘယ်သို့ထူးပြား ဘယ်တရားဖြင့်။ ဩဃံ=ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဆိုတဲ့ ဩဃလေးခန်း ရေပြင်ကြမ်းကို။ တရတိ = ကူးသန်း ထုတ်ချောက် ဟိုဘက်ကမ်း ရောက်နိုင်ပါသနည်း ဘုရား။

ကထံ သု = ဘယ်သို့ထူးပြား ဘယ်တရားဖြင့်။ အဏ္ဏဝံ = အပြောကျယ်လျက် နက်လည်းနက်စွာ ဘဝသံသရာတည်းဟူသော သမုဒ္ဒရာကို။ တရတိ= ကူးသန်းထုတ်ချောက် ဟိုဘက်ကမ်း ရောက်နိုင်ပါသနည်း ဘုရား။

ကထံ သု = ဘယ်သို့ထူးပြား ဘယ်တရားဖြင့်။ ဒုက္ခံ = ဝဋ္ဋဒုက္ခ အဝဝကို။ အစ္စေတိ = ကူးသန်းထုတ်ချောက် လွန်မြောက်နိုင်ပါသနည်း ဘုရား။ ကထံ သု=ဘယ်သို့ထူးပြား ဘယ်တရားဖြင့်။ ပရိသုဇ္ဈတိ = တစ်ထောင့်ငါးရာ ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေး စင်ကြယ် နိုင် ပါ သ နည်း ဘုရား။

ထိုသို့ အာဠဝကဘီလူး မေးလျှောက်တဲ့အခါ မြတ်စွာဘုရားကလဲ ကဿပမြတ်စွာ ဖြေတော်မူတဲ့အတိုင်း ပိုဒ်ချင်း၀ဲ ဖြေတော်မူတယ်။

၄။ သဒ္ဓါယ တရတိ ဩဃံ၊
အပ္ပမာဒေန အဏ္ဏဝံ။
ဝီရိယေန ဒုက္ခ+မစ္စေတိ၊
ပညာယ ပရိသုဇ္ဈတိ။ ။

ဟာပဏိယအဖြေ

http://www.dhammadownload.com



အာဝုသော= ဒါယကာ အာဠဝက....။ သဒ္ဓါ-ယ = ရတနာသုံးတန် ကံနှင့် အကျိုးတရားတို့ကို ယုံကြည်ခြင်း သဒ္ဓါတရားဖြင့်။ဩဃံ=ဩဃလေးခန်း ရေပြင်ကြမ်းကို။ တရတိ=ကူးသန်းနိုင်၏။

(ဤအရာ၌ ''သဒ္ဓါတရားရှိယင် ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃ ဆိုတဲ့ ဩဃ လေးပါး စလုံးကိုပင် လွန်မြောက်နိုင်ပါတယ်။ သို့သော် ကျမ်း ဂန်သဘော စာစကားပြောယင် ''ဂေါဗလိဗဒ္ဒနည်း'' လို့ ကျမ်းဂန်မှာ ရှိတယ်။ ဂေါဗလိဗဒ္ဒဆိုတာ ဂေါ-က နွားမှန်သမျှကို ဟောနိုင်တယ်။ ဗလိဗဒ္ဒ-က ဝန်ရုန်းတဲ့ ဝန်ဆောင်နွားကို ဟောတယ်။ ဂေါ-နဲ့ ဗလိဗဒ္ဒ-ကို တွဲပြီး စကားပြောတဲ့အခါ ဗလိဗဒ္ဒသဒ္ဒါ ဟောတဲ့ ဝန်တိုက်နွားကို ချန်ပြီးတော့ ဂေါ-သဒ္ဒါအရ ကျန်တဲ့ နွားများ (နွားပေါက်စ၊ နွားသိုး၊ နွားအို များ)ကို ယူရတယ်။ ထို့အတူ ဤ ယခု အဖြေဂါထာ၌လဲ နောက်၌ ဆိုလတ္တံ့အတိုင်း ဂေါဗလိဗဒ္ဒ နည်းအရ အနက် အဓိပ္ပာယ်ကို သင့်လျော်အောင် ယူရပါမည်။)

အပ္ပမာဒေန = ကုသိုလ်ဆယ်ခု မြတ်ကောင်းမှု၌ ဂရုကတ ကြိုးလုံ့လသည့် အပ္ပမာဒ တရားဖြင့်။ အဏ္ဏဝံ=အပြောကျယ်လျက် နက်လည်းနက်စွာ ဘဝ သံသရာကို။ တရတိ=ကူးမြောက်နိုင်၏။

ဝီရိယေန = သမ္မပ္ပဓာန်လုံ့လ ဝီရိယဖြင့်။ ဒုက္ခံ= ဝဋ္ဋဒုက္ခ အဝဝကို။ အစ္စေတိ=ကူးသန်းထုတ်ချောက် လွန်မြောက်နိုင်ပေ၏။

ပညာယ=အရိယမဂ်ပညာဖြင့်၊ (ဝါ) အရဟတ္တ မဂ် ဖိုလ် ပညာဖြင့်။ ပရိသုဇ္ဈတိ= တစ်ထောင့်ငါးရာ

http://www.dhammadownload.com



ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ် နိုင်ပေ၏။

(၁) အာဠဝက....၊ သဒ္ဓါတရားရှိမှ ပညာရှိ သူတော်ကောင်းထံ ဆည်းကပ်တယ်၊ ပညာရှိ သူတော် ကောင်းထံ ဆည်းကပ်မှ သူတော်ကောင်း တရား နာကြားရတယ်၊ သူတော်ကောင်းတရား နာကြားရမှ ဓမ္မာနုဓမ္မပဋိပတ်=လောကုတ္တရာ မဂ် ဖိုလ်အား လျော်ကျ ပတ်တဲ့အကျင့်ကို သိတယ်၊ သိမှ ကျင့် ဖြစ်တယ်၊ ကျင့်မှ ပထမဦးစွာ သောတာပတ္တိမဂ် ဖိုလ်သို့ ရောက်ပြီး ဩဃေဝ ဆိုတဲ့ ဒိဋ္ဌိ ရေကြမ်းအလုံးစုံ ကူးသွားတယ်။ ဒါကြောင့် ပထမ ဂါထာ ပိုဒ်ဖြင့် ဩဃေဝ ခေါ်တဲ့ ဒိဋ္ဌိ ရေကြမ်းကြီးကို လွန်မြောက်တဲ့ သောတာပတ္တိမဂ် ဖိုလ်ကို ဖော်ပြတယ်။

(၂) သောတာပန်အရိယာ ဖြစ်ပြီးတဲ့နောက် မေ့မေ့ လျော့လျော့ နေယင် အထက် မဂ် ဖိုလ်ကို ရ မဖြစ်ဘူး။ ဒီတော့ ဆက်ပြီး အပ္ပမာဒတရား လက် ကိုင် ထား၍ ရဟန်းတရားကို ပွားယင် သကဒါဂါမိမဂ် ဖိုလ်ကို ရတယ်။ အဲဒီ သကဒါဂါမိမဂ် ဖိုလ်ကို ရတဲ့အခါ ဘဝေါဃ လို့ ခေါ်တဲ့ သံသရာ သမုဒ္ဒရာကြီးကို လွန်မြောက်သွားတယ်။ ဒါကြောင့် ဒုတိယ ဂါထာ ပိုဒ်ဖြင့် ဘဝေါဃ ခေါ်တဲ့ တဏှာ ရေပြင်ကျယ် သမုဒ္ဒရာ ကြီးကို လွန်မြောက်တဲ့ သကဒါဂါမိမဂ် ဖိုလ်ကို ဖော်ပြ တယ်။

(၃) ဝီရိယဖြင့် ရူပဘဝဒုက္ခ၊ အရူပဘဝဒုက္ခ စသည် တို့ကိုလဲ အမှန် လွန်မြောက် နိုင်တယ်။ သို့သော် သကဒါဂါမိအရိယာသည် ဝီရိယဖြင့် ဆက်ပွား၍ အနာ

http://www.dhammadownload.com



ဂါမိမဂ်သို့ ရောက်တဲ့အခါ သကဒါဂါမိမဂ်ဖြင့် မလွန်မြောက်နိုင်သေးသော ကာမဩဃ၏ အကြောင်းကိုလည်းကောင်း၊ ကာမဩဃဟု မှတ်အပ်သော ကာမဒုက္ခကိုလည်းကောင်းလွန်မြောက်သွားတယ်။ ဒါကြောင့် တတိယ ဂါထာပိုဒ်ဖြင့် ကာမဩဃ ခေါ်တဲ့ ကာမဒုက္ခကို လွန်မြောက်နိုင်တဲ့ အနာဂါမိမဂ် ဖိုလ်တို့ကို ဖော်ပြတယ်။

(၄) အရိယမဂ် ပညာတို့တွင် အထွတ်အထိပ်ဖြစ်သော အရဟတ္တမဂ်ပညာသို့ ရောက်လျှင် တစ်ထောင့်ငါးရာ ကိလေသာ အညစ်အကြေးတွေ အမြစ်ပြတ် အကုန်လုံး စင်ကြယ်ကုန်တယ်။ ပုဂ္ဂလာဓိဋ္ဌာန စကားပြောယင် အနာဂါမိအရိယာသည် ကာမသညာမှ ကင်းသော စင်ကြယ်သော ဝိပဿနာဖြင့် အစင်ကြယ်ဆုံးဖြစ်သော အရဟတ္တမဂ် ပညာကို ဖြစ်စေပြီးလျှင် အနာဂါမိမဂ်ဖြင့် အမြစ်ပြတ် မပယ်သတ်နိုင်သော အဝိဇ္ဇာတည်းဟူသော အဆိုးဆုံး အညစ်အကြေးကို အမြစ်ပြတ် အပြီးသတ် စင်ကြယ်စေနိုင်တယ်။ ဒါကြောင့် စတုတ္ထဂါထာပိုဒ်ဖြင့် အဝိဇ္ဇောဃ ခေါ်တဲ့ အဆိုးဆုံး အညစ်အကြေးကို စင်ကြယ်စေနိုင်တဲ့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်တို့ကို ဖော်ပြတယ်။

## သောတာပန် အာဠဝက

ဖခင်ဖြစ်သူက သူစားနေကျ ထမင်းလုတ်အတိုင်း မေတ္တာ၊ ကရုဏာ ကြီးမားစွာဖြင့် သားကလေးရဲ့ ခံတွင်းထဲ ထမင်းလုတ်ကြီးကြီး ထည့်ပေး ခွံ့ပေးသော်လဲ သားကလေးကတော့ သူ့ရဲ ခံတွင်း ပါးစပ် ဆံ့

http://www.dhammadownload.com



သလောက်သာ စားနိုင်သကဲ့သို့ ထို့အတူ လောကုတ္တရာဇခင်ဖြစ်သူ သဗ္ဗညု မြတ်စွာဘုရားက အရဟတ္တဖိုလ် အထွတ်တင်ပြီး တရားတော်ကို ဟောတော်မူတယ်။ အာဠဝကတည်းဟူသော လောကုတ္တရာ သားကလေးက ဉာဏ်ပညာခံတွင်းဝ ကျယ်ယင် အရဟတ္တဖိုလ်အထိ ရောက်နိုင်တယ်။ သို့သော် အာဠဝက၏ ဉာဏ်ပညာခံတွင်းက သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လောက်ပဲ ဆံ့နိုင်တော့ ဒေသနာအဆုံးမှာ သောတာပတ္တိဖိုလ်သို့ ပေါက် သောတာပန် အရိယာအဖြစ်သို့ ရောက်သွားတယ်။ ဒါကြောင့် အဋ္ဌကထာ၌-

ဇူမာယ စ အရဟတ္တနိကူဋေန ကထိတာယ ဂါထာယ ပရိယောသာနေ ယက္ခော သောတာပတ္တိဖလေ ပတိဋ္ဌာသိ။

စ = မှတ်ဖွယ်အထူး ပြဦးအံ့။ အရဟတ္တနိကူဋေန ကထိတာယ = အရဟတ္တဖိုလ် အထွတ် တပ်သဖြင့် ဟောကြားအပ်သော။ ဇူမာယ ဂါထာယ=ဤအဖြေဂါထာ၏။ ပရိယောသာနေ=အဆုံး၌။ ယက္ခော= အာဠဝက ဘီလူးသည်။ သောတာပတ္တိဖလေ= သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာသိ=တည်လေပြီ....။ ဤကဲ့သို့ ဖွင့်ပြတယ်။

## အာဠဝက၏ ပုစ္ဆာ ၅-ချက်

ထိုသို့ သောတာပန်အရိယာ ဖြစ်ပြီးသောအခါ အာဠဝက ဘီလူးသည်- ''ပညာယ ပရိသုဇ္ဈတိ=ပညာဖြင့် ကိလေသာမှ စင်ကြယ်နိုင်၏'' ဟူသော အဖြေစကားရပ်၌ ဟောကြားအပ်သော ပညာပုဒ်ကို ယူ၍

http://www.dhammadownload.com



ဋိမိ၏ အသိဉာဏ်ဖြင့် လောကီ၊ လောကုတ္တရာ ရောသော ပြဿနာကို မေးမြန်းလို၍-

၅။ ကထံ သု လဘတေ ပညံ၊
ကထံ သု ဝိန္ဒတေ ဓနံ။
ကထံ သု ကိတ္တိံ ပပ္ပေါတိ၊
ကထံ မိတ္တာနိ ဂန္ထတိ။
အသ္မာ လောကာ ပရံ လောကံ၊
ကထံ ပစ္စ န သောစတိ။ ။

ဤ ၆-ပါဒရှိသော ဂါထာကို ရွတ်ဆို မေး မြန်း လျှောက်ထားတယ်။

ဘဂဝါ = ဘုန်း တော် ကြီး သော မြတ် စွာ ဘုရား....။ (စောစောကလို ''သမဏ = ရဟန်း ကြီး''လို့ မခေါ်တော့ဘူး။ သောတာပန်ဖြစ်သွား ပြီကိုး။) ကထံ သု=အဘယ်နည်းများ ဘယ်တရား ဖြင့်၊ (ဝါ) အဘယ်တရား အဘယ်တရားရှိမှ။ ပညံ= အသိအလိမ္မာ ဉာဏ်ပညာကို။ လဘတေ = ရနိုင်ပါ သနည်း ဘုရား။ (၁)

ကထံ သု = အဘယ်တရား အဘယ်တရားဖြင့်။ ဓနံ=ဥစ္စာကို။ ဝိန္ဒတေ=ရနိုင်ပါသနည်းဘုရား။ (၂)

ကထံ သု = အဘယ်တရား အဘယ်တရားဖြင့်။ ကိတ္တိံ = ကောင်းမြတ်သတင်း ကျော်စောခြင်းသို့။ ပပ္ပေါတိ=ရောက်နိုင်ပါသနည်း ဘုရား။ (၃)

ကထံ=ဘယ်သို့ထူးခြား ဘယ်တရားဖြင့်။ မိတ္တာ-နိ=အဆွေခင်ပွန်းတို့ကို။ ဂန္ထတိ=ဖွဲ့မိ ထုံးမိ ရရှိပါ သနည်းဘုရား။ (၄)

http://www.dhammadownload.com



အသ္မာ လောကာ = ပစ္စုပ္ပန္န ဤလောကမှ။ ပရံ လောကံ = တမလွန်လောက ဟိုဘဝသို့။ ပေစ္စ = လားရောက်ရသည်ရှိသော်။ ကထံ = အဘယ်တရားဖြင့်။ န သောစတိ = မစိုးရိမ် မပူဆွေးရပါသနည်း ဘုရား။ (၅)

ဤ ပြဿနာ ၅-ခုတို့ကို မေးတယ်။ ဒီအထဲမှာ "ပညာရကြောင်းတရား ဘယ်လောက်လဲ" ဆိုတဲ့ ပြဿနာက အရေးကြီးတဲ့ပြဿနာ ဖြစ်တယ်။ ဒီတော့ မြတ်စွာဘုရားက ပထမပြဿနာကို ဤကဲ့သို့ ဖြေတော်မူတယ်။

၆။ သဒ္ဒဟာနော အရဟတံ၊
ဓမ္မံ နိဗ္ဗာနပတ္တိယာ။
သုဿူသံ လဘတေ ပညံ၊
အပ္ပမတ္တော ဝိစက္ခဏော။ ။

အာဝုသော = ဒါယကာ အာဠဝကဘီလူး....။ အရဟတံ=ရဟန္တာသခင် အရှင်မြတ်တို့၏။ နိဗ္ဗာနပတ္တိယာ = နိဗ္ဗာန်သို့ ရောက် ဖို့ရန်။ ဟေ တုံ= အကြောင်းဖြစ်သော။ ဓမ္မံ=ရှေ့ပိုင်းဝယ် သုစရိုက် ၁၀-ပါး၊ ပုညကိရိယာ ၁၀-ပါး၊ နောက်ပိုင်းဝယ် သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်ဆိုတဲ့ ဗောဓိပက္ခိယတရားကို။ သဒ္ဒဟာနော=ယုံကြည်သော။ (တစ်ပါး။) သုဿူသံ- သုဿူသန္တော=ပညာရှိတို့ထံ နည်းခံသေခွေ ရှိသေစွာ နာကြားသော။ (တစ်ပါး။) အပ္ပမတ္တော=မမေ့မလျော့သော သတိတရားရှိလျက်။ (တစ်ပါး။)

http://www.dhammadownload.com



ဝိစက္ခဏော=ထောက်တွေးဆင်ခြင်တတ်စွာ ဝိစက္ခ-ဏာ ခေါ်တဲ့ ပညာရှိသောသူသည်။ (တစ်ပါး။) ပညံ=လောကီ လောကုတ္တရာ ပညာအမျိုးမျိုးကို။ လဘတေ=ရနိုင်၏။

(၁) သဒ္ဓါတရား။ မှန်ပါတယ်။ သဒ္ဓါတရား အခြေခံ ရှိရတယ်၊ သဒ္ဓါတရားနဲ့ ပတ်သက်လို့ သဟမ္ပတိ ဗြဟ္မာကြီးက ဘုရားရှင်ကို တရားဟောဖို့ရန် တောင်းပန် လျှောက်ထားတုန်းကလဲ မြတ်စွာဘုရားက ''အပါရုတာ တေသံ အမတဿ ဒွါရာ၊ ယေ သောတဝန္တော ပမုဉ္စန္တု၊ သဒ္ဓံ= သဟမ္ပတိဗြဟ္မာ....၊ နတ်လူတို့အတွက် ငါဘုရား ဘက်က မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်တံခါးကို အမြဲဖွင့်ထား တယ်။ နိဗ္ဗာန် မဂ္ဂင်ရှစ်ပါး တရားဟောရန် ငါဘုရား ဘက်က အသင့် ရှိတယ်။ ပရတော ဃောသ ဆိုတဲ့ တရားသံကို ကြားနာနိုင်တဲ့ ပသာဒနား အကောင်းပါး ကြတဲ့ လူ နတ် ဗြဟ္မာ သတ္တဝါတွေ အများကြီး ရှိကြ တယ်။ အဲဒီ ပသာဒနား အကောင်းပါးကြ ကောင်းကြတဲ့ သတ္တဝါတွေအား ငါဘုရား တရားဟောလို့ အဲဒီ ပုဂ္ဂိုလ်တွေက ငါဘုရား အပေါ် ယုံကြည်မှု သဒ္ဓါတရား မရှိခဲ့ယင် တရားကို လုံးဝ သိကြမှာ မဟုတ်ဘူး၊ မသိတဲ့ အပြင် အကုသိုလ်တွေတောင် ပွားကုန်ကြအုံးမယ်။

ယနေ့ သတ္တဝါတွေရဲ့ ဖြစ်နေပုံက ကဿပမြတ်စွာ သာသနာကွယ်တဲ့အချိန်က စပြီး အစိန္တေယျ မြတ်စွာ ဘုရား ပွင့်တော်မူလာတဲ့ ယခု အချိန်တိုင်အောင် မဟုတ် တရုတ် ပုဂ္ဂိုလ်တွေကို ဘုရားတစ်ဆူ ဂုတလုံးလုပ်ပြီး ကိုးကွယ်ကြတာ၊ ဗြဟ္မာကို ကိုးကွယ်ကြတာ၊ နတ်ကို ကိုးကွယ်ကြတာတွေဟာ သဒ္ဓါတရားစစ်စစ် မဟုတ်ဘူး။

http://www.dhammadownload.com



အယူမှားကြတဲ့ ပုဂ္ဂိုလ်တို့ရဲ့ ထိုအယူမှားကို ယုံကြည်မှုဟာ တရားကိုယ် ကောက်ယူယင် မိစ္ဆာဒိဋ္ဌိဂတ=ပကိဏ်း စေတသိက် ၆-ပါး အဝင်အပါ အကုသိုလ်စိတ်မှာ ယှဉ်တဲ့ မိစ္ဆာဒိဋ္ဌိစေတသိက် ဖြစ်တယ်။

''သဒ္ဓါတရားစစ်စစ်က ယုံကြည်ရမည့်=သဒ္ဓေယျဝတ္ထု အာရုံနဲ့ မတွေ့ရသေးလို့ သတ္တဝါတို့ရဲ့ ရင်ထဲမှာ အထုပ် ထုပ်ထားသလို ဖြစ်နေတယ်။ ယနေ့ကား ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဆိုတဲ့ သဒ္ဓေယျဝတ္ထု=သဒ္ဓါတရား စစ်စစ် ဖြစ်ရမယ့် အာရုံ အပြည့်အစုံ ပေါ်နေပြီ။ ရတနာသုံးပါးပေါ်မှာ ယုံကြည်မှု ဆိုတဲ့ သဒ္ဓါတရား အထုပ်ကို ဖြေကြ၊ ရတနာသုံးပါးကို ယုံကြည်ကြ'' လို့ ဗြဟ္မယာစန အခန်းမှာ တိုက်တွန်းတော်မူခဲ့တယ်။

အချုပ်အားဖြင့် ဘုရား ရဟန္တာတို့ရဲ့ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့ ရှေ့ပိုင်းမှာ သုစရိုက် ၁၀-ပါး၊ ပုညကိရိယာ ၁၀-ပါး၊ နောက်ပိုင်းမှာ ဗောဓိပက္ခိယတရား (၃၇) ပါးတို့သည် တကယ့်ကို နိဗ္ဗာန်သို့ရောက်အောင် ပို့ဆောင်နိုင်တဲ့ တရားပဲ လို့ ယုံကြည်ရမယ်။

(၂) သုဿူသာ။ သဒ္ဓါတရားရှိပြီးနောက် ပညာရှိတို့ထံ သွားရောက်၊ ဆည်းကပ်၊ နားစိုက်၊ တရားနာ ဤ လေးဖြာတို့ကို သုဿူသာ ဟူ၍ ခေါ်တယ်။ ဤ သုဿူသာ လို့ ခေါ်သော ပညာရှိတို့ထံ သွားရောက်၊ ဆည်းကပ်၊နားစိုက်၊တရားနာခြင်းလဲပဲ ပညာရကြောင်း တစ်ပါး ဖြစ်တယ်။

(၃) အပ္ပမာဒ။ ထိုသို့ သုဿူသာဖြင့် ရှိသေစွာ နာယူပြီးနောက် အမြဲမပြတ် သတိချပ်မှသာ အရဟတ္တဖိုလ်

http://www.dhammadownload.com



တိုင်အောင်သော ပညာအဆင့်ဆင့်ကို ရနိုင်သော ကြောင့် အပ္ပမာဒ ခေါ် သတိတရားလဲ ပညာရကြောင်း တစ်ပါး ဖြစ်တယ်။

(၄) ဝိစက္ခဏာ။ ရှေ့ဖော်ပြရာပါ အင်္ဂါ ၃-ချက် ပြည့်စုံပြီးနောက် တရားသော စကား၊ မတရားသော စကား ၂-မျိုးကို အယုတ် အလွန်မရှိ မှန်ကန်အောင် ဆင်ခြင်မှသာ အရဟတ္တဖိုလ်တိုင် အောင်သော ပညာ အဆင့်ဆင့်ကို ရနိုင်သောကြောင့် ဝိစက္ခဏာ ခေါ်တဲ့ ဆင်ခြင်တုံတရားလဲ ပညာရကြောင်း တစ်ပါး ဖြစ်တယ်။

ပဌမပြဿနာ အဖြေ ပြီး၏။

**အထူးမှတ်ဖွယ်**

**ဤ ပထမ ပြဿနာ အဖြေအတွက်- (၁) သဒ္ဓါ ကြည်ဝေ၊ (၂) ရိုသေနာလေ့၊ (၃) မမေ့လျော့ဘြား၊ (၄) ခွဲခြား၍သာ ဆင်ခြင်ပါ၊ ပညာရကြောင်း လေးပါးတည်း'' ဟူသော ဤ ဆောင်ပုဒ် လင်္ကာကို အရဆောင်ရာ၏။**

## ၂-၃-၄ ပြဿနာအဖြေ

ယခုအခါ ဒုတိယ တတိယ စတုတ္ထ ပြဿနာတို့ကို အစဉ်အတိုင်း ဖြေတော်မူလို၍ မြတ်စွာဘုရား ဤ ဂါထာကို ဟောတော်မူတယ်။

၇။ ပတိရူပကာရီ ဓုရဝါ၊
ဥဋ္ဌာတာ ဝိန္ဒတေ ဓနံ။
သစ္စေန ကိတ္တိံ ပပ္ပောတိ၊
ဒဒံ မိတ္တာနိ ဂန္ထတိ။　။

တတိယအကြိမ်

http://www.dhammadownload.com



အာတပီသော = ဒါယကာ အာဋ္ဌဝကာဘိလူး….။
(၂-ဖြေကြစို့။) ပတိရူပကာရီ=သင့်လျော်လျောက်ပတ်တဲ့အမှုကို ပြုလေ့ရှိသော။ ဓုရဝါ = စေတသိကလုံ့လ ဝီရိယရှိသော။ ဥဋ္ဌာတာ = ထကြွမှု ဆိုတဲ့ ကာယိကဝီရိယ ရှိသောသူသည်။ ဓနံ = ဥစ္စာကို။ ဝိန္ဒတေ=ရနိုင်၏။

(လူ့ဘုံသည် ဥစ္စာရှာ၍ ရနိုင်သော ဘုံဖြစ်တယ်။ ဒီတော့ ကာယိကဝီရိယ၊ စေတသိကဝီရိယ ဒီ ဝီရိယ ၂-ပါးနဲ့ အားထုတ်ပြီး ဥစ္စာရှာယင် ရနိုင်တယ်။ သို့သော် ပတိရူပကာရီ တဲ့၊ ကာလဒေသနဲ့ သင့်လျော်လျောက်ပတ်တဲ့ အလုပ်ကို လုပ်ပါ။ ''တရုတ်ပြည်မှာ အပ်မရောင်းနဲ့ ဆိုတာလိုပေါ့။ အပ်မရှိတဲ့ဆီ အပ်သွားရောင်းမှ စွံမှာဖြစ်တယ်။ ထို့အတူပဲ မကွေးနယ်သွားပြီး ဆီမရောင်းနဲ့၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းတို့မှာ သွားပြီး ဆန်မရောင်းနဲ့၊ ဆန် တွေ သိပ် ပေါတယ်။ ဒီတော့ သင့်လျော်လျောက်ပတ်တဲ့အမှု ပြုဆိုတာ အမြတ်အစွန်းလိုချင်ယင် ဆန်ရှားတဲ့အရပ်ကို ဆန်သွားရောင်း၊ ဆီရှားတဲ့အရပ်ကို ဆီသွားရောင်း၊ အပ် မ ရှိ တဲ့ အ ရပ် ကို အပ်သွားရောင်းရမယ်။

၂-ပုစ္ဆာအဖြေ ပြီး၏။

သစ္စေန=ပရမတ္ထသစ္စာ၊ ဝိရတိသစ္စာ၊ ဝစီသစ္စာ=ဤ သစ္စာသုံးပါးဖြင့်၊ (ဝါ) သစ္စာသုံးပါးကြောင့်။ ကိတ္တိံ = ကျော်စောသတင်း ပြန့် နှံ့ ခြင်း သို့။ ပပ္ပေါတိ=ရောက်ရ၏….။

(ပရမတ္ထသစ္စာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုရတဲ့ ပုဂ္ဂိုလ်ကို ''ဪ…. ဤ ပုဂ္ဂိုလ်ကား သောတာပန်

http://www.dhammadownload.com



အရိယာပုဂ္ဂိုလ်၊ ဤ ပုဂ္ဂိုလ်ကား သကဒါဂါမိအရိယာပုဂ္ဂိုလ်၊ ဤ ပုဂ္ဂိုလ်ကား အနာဂါမိအရိယာ ပုဂ္ဂိုလ်၊ ဤ ပုဂ္ဂိုလ်ကား ရဟန္တာပုဂ္ဂိုလ်'' လို့ ကျော်စောသတင်း ပြန့်နှံ့တယ်။ ဝိရတီသစ္စာ၊ ဝစီသစ္စာ ၂-ပါး လက်ကိုင်ထားသူသည် မှန်သောစကားကိုသာ ပြောဆိုတယ်။ ထိုသူကို အရပ်ထဲ အားလုံးက ''အလွန်မှန်တဲ့လူ၊ မမှန်တာတော့ ပြောကို မပြောဘူး'' လို့ အားလုံးက ချီးမွမ်းကြရတယ်။ ဒါကြောင့် ''သစ္စာ ၃-ပါး ကြောင့် ကျော်စောသတင်း ပြန့်နှံ့ခြင်းသို့ ရောက်ရတယ်''လို့ မှတ်ရမယ်။

၃-ပုစ္ဆာ အဖြေ ပြီး၏။

ဒဒံ-ဒဒန္တော = စွန့်ကြဲပေးကမ်း လှူဒါန်းသောသူသည်။ မိတ္တာနိ = မိတ်ဆွေတို့ကို။ ဂန္ထတိ=ထုံးဖွဲ့ရယူနိုင်၏။

(စွန့်ကြဲပေးကမ်းမှု ဒါနရှိမှ မိတ်ဆွေကို ရ ဖြစ်တယ်။ အေး....၊ မပေးချင်တဲ့ လူ့ကပ်စေးနှဲရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ ''ပါးစပ်က ချို၊ လက်က တို၊ ထိုမှ ကြီးပွားကြောင်း'' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျင့်သုံးယင် မိတ်ဆွေကို မရနိုင်ဘူး။ ဒီတော့ မိတ်ဆွေကို လိုချင်ယင် စွန့်ကြဲပေးကမ်း လှူဒါန်းပါ။)

ဤ၌ ပဓာန နည်းအားဖြင့် ဒါနသင်္ဂဟ တရားကို ဟောကြားခြင်းဖြစ်တယ်။ ပိယဝါစာ = ချစ်ဖွယ်စကား ပြောကြားခြင်း၊ အတ္ထစရိယာ = သူ့အကျိုးရှိအောင် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း ကျင့်ခြင်း။ သမာနတ္တတာ=သူနဲ့ အဖက်မတန်သလို မလုပ်ဘဲ

http://www.dhammadownload.com



ကိုယ်တူကျင့်ခြင်း။ ဤ သင်္ဂဟတရားလေးပါး (ဒါန၊ ပိယဝါစာ၊ အတ္ထစရိယာ၊ သမာနတ္တတာ) ရှိတဲ့သူမှာ မိတ်ဆွေတွေ အင်မတန် ပြည့်စုံတယ်။)

၄-ပုစ္ဆာ အဖြေ ပြီး၏။

ဤသို့လျှင် မြတ်စွာဘုရားသည် လူ၊ ရဟန်း ၂ ဦးလုံးတို့နှင့် ဆက်ဆံသော လောကီ လောကုတ္တရာတရား ၂-ပါး ရောသောနည်းဖြင့် ရှေ့ပိုင်း (၄) ပုစ္ဆာတို့ကို ဖြေကြားတော်မူပြီးလျှင် ယခုအခါ "အ ဘယ် တ ရား ရှိလျှင် တမလွန် နောက်ဘဝ၌ မပူပန်ရပါသနည်း ဘုရား" ဟူသော ပဥ္စမပုစ္ဆာကို လူဝတ်ကြောင်တို့နှင့် ဆက်စပ်၍ ဖြေတော်မူလို၍ ဤ ဂါထာကို ဟောတော်မူတယ်။

ဂ။ အသ္မာ လောကာ ပရံ လောကံ၊
ဧဝံ ပေစ္စ န သောစတိ။
ယဿေ+တေ စတုရော ဓမ္မာ၊
သဒ္ဓဿ ဃရ+မေသိနော။
သစ္စံ ဒမ္မော ဓိတိ စာဂေါ၊
သဝေ ပေစ္စ န သောစတိ။ ။

အာဝုသော=ဒါယကာ အာဋ္ဌဝက ဘီလူး....။ အသ္မာလောကာ = ပစ္စုပ္ပန် ဤ လောကမှ။ ပရံ လောကံ = တမလွန်လောက နောက်ဘဝသို့။ ပေစ္စ= သွားရောက်ရသည်ရှိသော်။ ဧဝံ=ဤ ဆိုလတ္တံ့သော နည်းအတိုင်း။ (စရန္တော = ကျင့်သည်ရှိသော်။) န သောစတိ=မစိုးရိမ်မပူဆွေး စိတ်နှလုံးအေးရပေ၏။ (ဘယ်လိုကျင့်ရမည်လဲ ဆိုတော့) သဒ္ဓဿ= သဒ္ဓါတရားနှင့် ပြည့်စုံသော။ ဃရမေသိနော=အိမ်

http://www.dhammadownload.com



၏.အစီးအပွားကို ရှာမှီးလေ့ရှိသော လူတစ်ယောက်၏. (အဖို့ရာ)။ သစ္စံ=မှန်ကန်တဲ့ သစ္စာတရား။ ဒမော=ဣန္ဒြေတို့ကို ယဉ်ကျေးအောင် ဆုံးမပေးတတ်တဲ့ သုဿူသာ ပညာတရား။ ဓိတိ = လုံ့လဝီရိယတရား။ စာဂေါ=စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း=ဒါနတရား။ စေတေစတုရော ဓမ္မာ=ဤတရားလေးပါးတို့သည်။ သန္တိ=ရှိကုန်၏။ သ—သော=ထို တရားလေးပါး ရှိတဲ့သူသည်။ ဝေ=စင်စစ်ကေန်အမှန်ပင်။ ပေစ္စ=တမလွန် လောက ဟိုဘဝ၌။ န သောစတိ=မစိုးရိမ်မပူဆွေး စိတ်အေးရပေ၏....။

(တမလွန် လောက စိတ်အေးချင်ယင် ဒီဘဝမှာ သစ္စာရှိပါစေ၊ ပညာရှိပါစေ၊ ဝီရိယရှိပါစေ၊ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဆိုတဲ့ ဒါန ရှိပါစေ။ ဒီတရား လေးပါးရှိယင် ဟို-နောက်ဘဝ အပါယ်ကျမှာ မကြောက်ရတော့ဘူး။ တမလွန် နောက်ဘဝမှာ နတ်ပြည်၊ လူ့ပြည်ရောက်၍ စိတ်အေးချမ်းချင်ယင် သစ္စာ၊ ပညာ၊ ဝီရိယ၊ စာဂ ဤ တရားလေးပါးကို ကျင့်ကြချစ်သား ချစ်သမီးတို့....။ ဤကဲ့သို့ မြတ်စွာဘုရား အပိုအလိုမရှိ ဟောကြားတော်မူတယ်။)

ဤသို့ မြတ်စွာဘုရားသည် ပဉ္စမ ပုစ္ဆာကိုလည်း ဖြေပြီးသည့်နောက် အာဠဝကဘီလူးကို တိုက်တွန်းတော်မူလို၍ ဤ ဂါထာကို ဟောကြားတော်မူတယ်။

၉။ ဣင်္ဃ အညေပိ ပုစ္ဆဿု၊
ပုထူ သမဏဗြာဟ္မဏေ။
ယဒိ သစ္စာ ဒမ္မာ စာဂါ၊
ခန္တျာ ဘိယျော+ဓ ဝိဇ္ဇတိ။ ။

http://www.dhammadownload.com



အာဂုသော = ဒါယကာ အာဋ္ဌဝကဘီလူး....။ သဒ္ဓါ = သဒ္ဓါတရားထက်လည်းကောင်း။ ဒမ္မာ= သုသျှသာခေါ်တဲ့ ပညာတရားထက်လည်းကောင်း။ စာဂါ = စွန့်ကြဲပေးကမ်းခြင်း စာဂတရားထက် လည်းကောင်း။ ခန္တျာ = သည်းခံနိုင်ခြင်း ဝီရိယ တရားထက် လည်းကောင်း။ ဘိယျော = ပိုလွန်တဲ့ ကျော်စောခြင်း စသည်ကို ရကြောင်းတရားသည်။ ဣဓ=ဤလောက၌။ ယဒိ အတ္ထိ=အကယ်၍ ရှိငြား အံ့။ ဧဝံ သတိ = ဤသို့ ဖြစ်သည်ရှိသော်၊ (ဝါ) ရှိလိမ့်မယ်ဟု သင်ထင်ယင်။ အညေပိ=ငါဘုရားမှ တပါးလည်းဖြစ်ကုန်သော။ ပုထူ သမဏဗြာဟ္မဏေ= မြောက်မြားစွာလှ သမဏ ဗြာဟ္မဏ အမည်ခံပုဂ္ဂိုလ် တို့ကို။ ပုစ္ဆဿု=သင်မေးလေလော့....။

(ဒါယကာ အာဋ္ဌဝကဘီလူး....၊ (က) ယခု ငါ ဘုရား ''သဒ္ဓဟာန ကိတ္တီ ပပ္ပေါတိ''လို့ ဟောအပ်တဲ့ သဒ္ဓါသုံးမျိုးထက် ပိုလွန်သော ကျော် စော ခြင်း သို့ ရောက်ကြောင်းတရားကို ဖြစ်စေ၊ (ခ) ''သုသျှသံ လဘတေ ပညံ''လို့ ဟောခဲ့တဲ့ သုသျှဘာပညာထက် ပိုလွန်သော လောကီ လောကုတ္တရာ ပညာရကြောင်း တရားကို ဖြစ်စေ၊ (ဂ) ''ဒဒံ မိတ္တာနိ ဂန္ထတိ''လို့ ဟောခဲ့တဲ့ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း=စာဂတရား ထက် ပိုလွန်သော မိတ်ဖွဲ့နိုင်ကြောင်းတရားကို ဖြစ်ဖစေ၊ (ဃ) ''ဓုရဝါ၊ ဥဋ္ဌာတာ''လို့ ဟောခဲ့တဲ့ ကာယိက၊ စေတသိက၊ ဝီရိယထက် ပို လွန် သော လောကီ လောကုတ္တရာ ဥစ္စာရကြောင်းတရားကို ဖြစ်စေ ရှိသေး တယ်လို့ သင်ချစ်သား၏ စိတ်ထဲ၌ ထင်မြင်လျှင် အခြား

http://www.dhammadownload.com



တပါးသော သမဏဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့ကို လည်း မေးမြန်းလေဦး.... ဟူ၍ တိုက်တွန်းစကား မိန့်ကြားတော်မူတယ်။)

ဤကဲ့သို့ မြတ်စွာဘုရားက တိုက်တွန်းစကား မိန့်ကြားတော်မူသောအခါ အာဠဝကဘီလူးသည် (၁) မိမိမှာ တပါးသော သမဏ ဗြာဟ္မဏ အမည်ခံ ပုဂ္ဂိုလ်တို့ကို မေးရမည့် သံသယ လုံးဝမရှိကြောင်းနှင့် (၂) မမေးခြင်း အကြောင်း မသိသူတို့ကို သိစေလိုသောကြောင့်–

၁၀။ ကထံ နု ဒါနိ ပုစ္ဆေယျံ၊
ပုထူ သမဏဗြာဟ္မဏေ။
ယော+ဟံ အဇ္ဇ ပဇာနာမိ၊
ယော အတ္ထော သမ္ပရာယိကော။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုလျှောက်ထားတယ်။

ဘဂဝါ = ဘုန်းတော် ကြီး သော မြတ် စွာ ဘုရား....။ ယော အဟံ=အကြင် အာဠဝကခေါ် တပည့်တော်သည်။ အဇ္ဇ=ယနေ့။ ယော အတ္ထော= အကြင်အကြောင်းတရားသည်။ သမ္ပရာယိကော = တမလွန်လောက ကောင်းကျိုးကို ရစေနိုင်၏။ တံ အတ္ထံ=ထို တမလွန်လောက ကောင်းကျိုးကို ရစေနိုင်တဲ့ အကြောင်းတရားကို။ ပဇာနာမိ = ပိုင်းခြား ထင်ထင် သိမြင်ရပါသည် ဘုရား....။ (သစ္စာရယ်၊ သုဿူသာပညာရယ်၊ ဝီရိယရယ်၊ စာဂရယ် ဆိုတာ တပည့်တော် ပုထုဇဉ်ရဲ့အသိမျိုး မဟုတ်ဘဲ သောတာပန်အရိယာရဲ့ အသိဖြင့် ဖျက်မရအောင်ဘဲ သိနေပါတယ် ဘုရား။) တသ္မာ=သို့ရကား။ ဒါနိ= ယခုအခါ၌။ အဇ္ဇ=ရှင်တော်ဘုရားမှ တပါးကုန်

http://www.dhammadownload.com



သော။ ပုထူ=များစွာကုန်သော။ သမဏဗြာဟ္မဏေ= သမဏ ဗြာဟ္မဏ အမည်ခံ ပူရဏကဿပ၊ မက္ခလိ ဂေါသာလ အစရှိတဲ့ တိတ္ထိ ဆရာကြီးတို့ကို။ ကထံ နု=အဘယ့်ကြောင့်လျှင်။ ပုစ္ဆေယျံ=မေးအံ့နည်း။ န ပုစ္ဆေယျံ ဧဝ = မမေးအံ့ကေန် မှန်လှပါသည် ဘုရား....။

ဤသို့ အာဠဝက ဘီလူးသည် တမလွန်ဘဝ ကောင်းကျိုး ရကြောင်း တရားကို အရိယာမဂ်ဉာဏ်ဖြင့် ဖျက်၍ မရအောင် သိရှိသူဖြစ်ကြောင်း လျှောက်ထားပြီးလျှင် ထိုအသိဉာဏ်သည် မြတ်စွာဘုရားသာလျှင် အခြေခံ အကြောင်းရင်းရှိကြောင်း ဆက်၍ဖော်ပြလိုရကား ဤဂါတာကို ရွတ်ဆိုလျှောက်ထားတယ်....။

၁၁။ အတ္ထာယ ဝတ မေ ဗုဒ္ဓေါ၊
ဝါသာယာ+ဠဝိ+မာဂတော။
သော+ဟံ အဇ္ဇ ပဇာနာမိ၊
ယတ္ထ ဒိန္နံ မဟပ္ဖလံ။ ။

သော အဟံ=ထို အာဠဝကသမှတ် အကျွန်ုပ်သည်။ အဇ္ဇ= ယနေ့။ ယတ္ထ = အကြင်ဘုရားရှင်ခေါ်ဆို အလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ = သဒ္ဓါဖွေးဖြူ အလေးမူ၍ ပေးလှူအပ်သော အလှူဒါနသည်။ မဟပ္ဖလံ=လူ့ရစ်နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိဖွံ့ဖြိုးများမြတ်သော အကျိုးရှိ၏။ တံ=ထိုအကျိုးကြီးစေတတ်သည့် မြတ်သောအလှူခံပုဂ္ဂိုလ်ကို။ ပဇာနာမိ= ပိုင်းခြားထင်ထင် အရိယာတို့၏ အသိအမြင်ဖြင့် သိမြင်ခဲ့ရပါ၏။

ကာဘ်းလေးဆက်ကြိမ်

http://www.dhammadownload.com



(ယနေ့ကျမှ ဘယ်ပုဂ္ဂိုလ်အား လှူယင် အကျိုးကြီးမြတ်တယ်ဆိုတာ ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိရပါတယ်ဘုရား။)

ဗုဒ္ဓေါ = သဗ္ဗညုဗုဒ္ဓ အမည်ရတဲ့ လောကထွတ်ထား မြတ်စွာဘုရားသည်။ အဇ္ဇ=ယနေ့။ မေ= အာဠဝကသမုတ် အကျွန်ုပ်၏။ အတ္ထာယ=အကျိုးငှာ။ အာဠဝိံ=အာဠဝီပြည်သို့။ ဝါသာယ = ညဉ့်သုံးယံ နေဖို့ရန်။ အာဂတော ဝတ=ကြွလာတော်မူပါစွတကား....။

(ရှင်တော်ဘုရား အာဠဝီပြည် ကြွလာခြင်းသည် တပည့်တော် အာဠဝကအတွက် ကြွလာခြင်း ပါဘုရား။)

အာဠဝက ဘီလူးသည် ဤ (၁၁) ခုမြောက် ဂါထာဖြင့် မိမိအဖို့ရာ အစီးအပွားကောင်း ရရှိကြောင်းကို ဖော်ပြပြီး ယခုအခါ ပရဟိတပဋိပတ် နိဗ္ဗာန်ဆော်= ဓမ္မဃောသကနတ်သား ပြုလုပ်တော့မည် ဖြစ်ကြောင်း ဤဂါထာဖြင့်မြတ်စွာဘုရားအား လျှောက်ထားတယ်....။

၁၂။ သော အဟံ ဝိစရိဿာမိ၊
ဂါမာ ဂါမံ ပုရာ ပုရံ။
နမဿမာနော သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သုဓမ္မတံ။ ။

ဘဂဝါ = ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ သော အဟံ=အာဠဝကခေါ် ထိုတပည့်တော်သည်။ (အဇ္ဇ ပဘုတိ=ဤ ယနေ့မှ အစပြု၍။) သမ္ဗုဒ္ဓံ = သဗ္ဗညုဗုဒ္ဓ အမည်ရသည့် လောက

http://www.dhammadownload.com



ထွတ်ထား မြတ်စွာဘုရားကို။ နမဿမာနော=ရှိသေ မြတ်နိုး ရှိခိုး ဦးညွတ်လျက်။ (ဓမ္မဉ္စ သုဓမ္မတံ–၌ စ–သဒ္ဒါသည် ဝါကျသမုစ္စည်းဖြစ်၍ ''ဗုဒ္ဓသုဗုဒ္ဓတံ စ+သံဃသုပ္ပဋိပန္နတံ စ'' ဟူသော ၂–ဝါကျတို့ကို ဆည်းသည်။) ဗုဒ္ဓသုဗုဒ္ဓတံ စ = မြတ်စွာဘုရား၏ စစ်မှန်သော ဘုရားအဖြစ်ကိုလည်းကောင်း။ ဓမ္မဿ သုဓမ္မတံ စ=တရားတော်၏ စစ်မှန်သော တရား အဖြစ်ကိုလည်းကောင်း။ သံဃဿုပ္ပဋိပန္နတံ စ= သံဃာတော်၏ ကောင်းမြတ်သော အကျင့်ရှိသည်၏ အဖြစ်တည်းဟူသော သုပ္ပဋိပန္နတာ ဂုဏ်ကို လည်းကောင်း။ အဘိတ္ထဝိတွာ = ချီးမွမ်းရွတ်ဆို၍၊ (ဝါ) အဘိတ္ထဝိတွာ=''သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ''၊ ''သွာက္ခာတော ဝတ ဘဂဝတာ ဓမ္မော''၊ ''သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝက သံဃော''ဟု ချီးမွမ်း ချီးမွမ်းပြီးလျှင်။ ဂါမာ=နတ်ရွာ တစ်ရွာမှ။ ဂါမံ=နတ်ရွာ တစ်ရွာသို့လည်းကောင်း။ ပုရာ=နတ်ပြည် တစ်ပြည်မှ။ ပုရံ=နတ်ပြည် တစ်ပြည် သို့လည်းကောင်း။ (ဓမ္မ ဃောသကော ဟုတ္တာ= တရားကြွေးကြော် နိမ္ဗာန်ဆော် နတ်သားဖြစ်၍)။ ဝိစရိဿာမိ = လှည့်လည် ကျက်စား သွားပါတော့ မည်ဘုရား....။

(အေး.... မဓာစောက ရိုင်းခွဲ့သမျှ ယခု အတိုး ချပြီး အယဉ်ကျေးဆုံး နတ်သားဖြစ်အောင် ကျင့်ဆောင် တော့မယ်။

''မြတ်စွာဘုရား....၊ တပည့်တော် ယနေ့ကစပြီး ရောက်လေရာရာမှာ သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ=

http://www.dhammadownload.com



အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည် မဖောက်မပြန် ဧည့်ယျမံတရား ငါးပါးတို့ကို ပိုင်းခြားကုန်စင် သိမြင်တော်မူပါပေစွ’ ဟူ၍ လည်းကောင်း။

‘သွာက္ခာတော ဝတ ဘဂဝတာ ဓမ္မော=အကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားသည် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကို အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံထင်ရှားဟောကြားအပ်ပါပေစွ’ ဟူ၍ လည်းကောင်း။

‘သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော=မြတ်စွာဘုရား၏ တပည့်သာဝက သံဃာတော်မြတ်အပေါင်းသည် သိက္ခာသုံးရပ် ပဋိပတ်ကို ကျင့်ကြံပွားများပေစွ’ ဟူ၍ လည်းကောင်း။

နတ်ရွာတစ်ရွာမှ နတ်ရွာတစ်ရွာ၊ နတ်ပြည်တစ်ပြည်မှ နတ်ပြည်တစ်ပြည်သို့ ရောက်လေရာရာမှာ တရားမကြွေးကြော် ဓမ္မဃောသက = နိဗ္ဗာန်ဆော် နတ်သားအနေနဲ့ တပည့်တော် လှည့်လည်ကျက်စား ပါတော့မည်ဘုရား....’’ လို့ လျှောက်ထားတဲ့ ဓမ္မဿ စ သုဓမ္မတံ ဆိုတဲ့ စကားလဲဆုံးရော တရားပြီးဆုံးခဲ့တယ်။

## တိုက်ဆိုင်မှု ၄-ရပ်

(၁) ဒေသနာနိဂုံး တရားဆုံးခြင်း၊ (၂) စကြဝဠာတိုက်တစ်သောင်းက နတ်ဗြဟ္မာတွေ ကောင်းကင်ကြီးတစ်ခုလုံး ပွဲတင်ထပ်အောင် သာဓုနမော် ကောင်းချီးခေါ်ခြင်း၊ (၃) နံနက်မိုးလင်းတဲ့အချိန်သို့ ရောက်ခြင်း၊ (၄) ဟို .... အာဠဝီပြည်က မင်းချင်းယောကျ်ားတွေ အာဠဝက မင်းသားကလေးကို ထမင်းကျက်တစ်အိုးနဲ့

http://www.dhammadownload.com



ဆက်ဖို့အလာ ညောင်ပင်အနားသို့ ရောက်ခြင်း၊ ဒီ လေးချက်ဟာ တစ်ခါထဲ ဖြင်ခဲ့တယ်။ ဘဝင်ခိုက်အောင် ပွဲတင်ရိုက်ပြီး ထွက်ပေါ်လာတဲ့ သာဓု–ကောင်းချီး သံကို အာဠဝီပြည်သား မင်းချင်းယောကျ်ားများ–

ဧဝ ရူပေါ သာဓုကာရသဒ္ဒေါ ဌပေတွာ ဗုဒ္ဓေ န အညေသံ အဇ္ဈုဂ္ဂစ္ဆတိ၊ အာဂတော နု ခေါ ဘဂဝါ။

ဧဝရူပေါ = ဤသို့သဘောရှိသော။ သာဓုကာရ သဒ္ဒေါ = ကောင်းချီးပေးတဲ့ အသံသည်။ ဗုဒ္ဓေ = မြတ်စွာဘုရားတို့ကို။ ဌပေတွာ = ထား၍။ အညေသံ = ဘုရားမှတပါး အခြား ပုဂ္ဂိုလ်တို့၏ အတွက်။ န အဇ္ဈုဂ္ဂစ္ဆတိ = ဘဝင်မဆံ့အောင် ယခုလို နှံ့၍ မတက် နိုင်။

(ဘုရားများမှ ဒီလို ဘဝင်ရိုက်အောင် ကောင်း ချီးသံ တက်နိုင်တာ။) ဘဂဝါ = မြတ်စွာဘုရားသည်။ အာဂတော နုခေါ = ကြွများလာလေသလော။

ဤကဲ့သို့ အောက်မေ့ကြတယ်။

ထိုသို့ အောက်မေ့ဆင်ခြင်ကြတဲ့အခါ မြတ်စွာဘုရား ရဲ့ ကိုယ်တော်ရောင်ကို ဖူးတွေ့ကြရတဲ့အတွက် ရှေးက လို ညောင်ပင်ရိပ်၏ ပြင်ဘက်မှာ မရပ်ကြဘဲ ကြောက် ရွံ့ခြင်း ကင်းစွာဖြင့် အာဠဝကဘီလူး၏ ဗိမာန် အတွင်း ဝင်သွားကြလေရာ ဘီလူး၏ ဗိမာန်၌ ထိုင်နေ တော်မူသော မြတ်စွာဘုရားကို လည်းကောင်း၊ လက်အုပ်မြှောက်ချီ ရပ်တည်နေသော အာဠဝက ဘီလူးကို လည်းကောင်း မျက်ဝါးထင်ထင် တွေ့မြင်ကြ လေလျှင်–

http://www.dhammadownload.com



''အယံ တေ မဟာယက္ခ ရာဇကုမာရော ဗလိကမ္မာယ အာနီတော၊ ဟန္ဒ နံ ခါဒ ဝါ, ဘုဉ္ဇ ဝါ, ယထာပစ္စယံ ဝါ ကရောဟိ။

အာဠဝကဘီလူးကြီး....၊ ဟောဒီ မင်းသားကလေးကို သင်ရဲ့ ဗလိနတ်စာအတွက် ငါတို့ ဆောင်အပ်ခဲ့ပြီ၊ ကိုင်း.... ရော့၊ ဟောဒီမင်းသားလေးကို အံကြိတ်ပြီး ခဲလိုယင်လဲ ခဲ၊ ကျွတ်ကျွတ်မြည်အောင် ဝါးပြီး စားချင်ယင်လဲ စား၊ ဒါမှမဟုတ်ယင် သင် လုပ်ချင်ရာ လုပ်တော့'' လို့ ဆိုပြီး မင်းသားကလေးကို မြတ်စွာဘုရားရဲ့ မျက်မှောက်မှာပဲ အာဠဝကဘီလူးကြီးရဲ့ လက်ထဲ ထည့်လိုက်ကြတယ်။

အာဠဝကဘီလူးသည် မိမိကိုယ်နှိုက်က သောတာပန်အရိယာ ဖြစ်နေသောကြောင့် လည်းကောင်း၊ မြတ်စွာဘုရား ရှေ့တော်မှာ ဤကဲ့သို့ ပြောအပ်သောကြောင့် လည်းကောင်း လွန်စွာ ရှက်နိုးပြီးနောက် မင်းသားကလေးကို လက်နှစ်ဘက်တို့ဖြင့် ခံယူပြီး—

''အယံ ဘန္တေ ကုမာရော မယှံ ပေသိတော၊ ဣမာ+ဟံ ဘဂဝတော ဒမ္မိ၊ ဟိတာနုကမ္ပကာ ဗုဒ္ဓါ၊ ပဋိဂ္ဂဏှာတု ဘန္တေ ဘဂဝါ ဣမံ ဒါရကံ ဣမဿ ဟိတတ္ထာယ သုခတ္ထာယ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၊ ဤ အာဠဝက မင်းသားကလေးကို တပည့်တော်အတွက် အစာဖို့ဆိုပြီးတော့ ပို့လာတာပါ ဘုရား၊ ဤ အာဠဝက မင်းသားကလေးကို တပည့်တော် မြတ်စွာဘုရားအား လှူဒါန်းပါရစေ၊ မြတ်စွာဘုရား

http://www.dhammadownload.com



တို့သည် သဗ္ဗဝါတို့၏ အစီးအပွား ချမ်းသာရ ကြောင်း ကောင်းစွာ သနားစောင့်ရှောက်တတ်ပါ ကုန်တယ်။ မြတ်စွာဘုရား....! ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဤ အာဠဝက မင်းသားကလေး ရဲ့ စီးပွား ချမ်းသာ ဖြစ်ဖို့ရန် ဤမင်းသားကလေးကို အလှူခံတော် မူပါဘုရား....'' လို့ စကားပြေ စုဏ္ဏိယနဲ့ လျှောက်ပြီး တစ်ဖန်ဆက်၍ ဂါထာဖြင့် ဤသို့ လျှောက်တယ်....။

ဣမံ ကုမာရံ သတပုညလက္ခဏံ၊
သဗ္ဗင်္ဂုပေတံ ပရိပုဏ္ဏဗျဉ္ဇနံ။
ဥဒဂ္ဂစိတ္တော သုမနော ဒဒါမိ တေ။
ပဋိဂ္ဂဏှ လောကဟိတာယ စက္ခုမ။ ။

စက္ခုမ=စက္ခုငါးပါးနှင့် ထူးခြား လောက်လုံ ပြည့်စုံတော်မူသော မြတ်စွာဘုရား....။ (သောတာ ပန် အရိယာအဖြစ် ရောက်တယ်ဆိုယင်ပဲ ဘုရားရှင် ရဲ့ဂုဏ်တော်တွေကို သဘာဝနိရုတ္တိနဲ့ မြင်လာတယ် နော်။ ဒါကို အရိယဝိဒ္ဓိ=အရိယာတို့ရဲ့ တန်ခိုး လို့ ခေါ်တယ်။ သတပုညလက္ခဏံ = ကမ္ဘာတစ်သိန်း ဆည်းပူးခဲ့တဲ့ ကောင်းမှုတို့ကြောင့် ဖြစ်တဲ့ လက္ခဏာ ကြီး ငယ် ရှိပေသော။ သဗ္ဗင်္ဂုပေတံ=အလုံးစုံသော အင်္ဂါနှင့် ပြည့်စုံသော။ ပရိပုဏ္ဏဗျဉ္ဇနံ = ပြည့်စုံသော လက္ခဏာငယ်တို့ ရှိသော။ ဣမံ ကုမာရံ = ဤ အာဠဝက မင်းသားကလေးကို။ ဥဒဂ္ဂစိတ္တော= တက်ကြွဝမ်းမြောက်သော စိတ်ရှိလျက်။ သုမနော= ဝမ်းသာသော စိတ်ရှိလျက်။ တေ = ရှင်ပင်ဘုရား အား။ ဒဒါမိ=ပေးလှူပါ၏။ စက္ခုမ=စက္ခုငါးပါး

http://www.dhammadownload.com



ရှိတော်မူသော မြတ်စွာဘုရား....။ လောကဟိ-တာယ=သတ္တလောက၏ အစီးအပွား ဖြစ်ပါစေခြင်းငှာ။ ပဋိဂ္ဂဏှ = ကရုဏာရှေးရှု အလှူခံတော်မူပါဘုရား....။ (အဲဒီလို စကားပြေ၊ ဂါထာ ၂-မျိုးနဲ့ လျှောက်ထားပြီး မင်းသားကလေးကို ဘုရားရဲ့ သက်ထဲကို ဆက်ကပ်တယ်။)

## အဖြည့်ခံ ဂါထာ

မြတ်စွာဘုရားကလဲ လက်ခံတယ်။ လက်ခံသမှ နှုတ်ဆိတ်ပြီး လက်ခံတာမဟုတ်ဘူး၊ အေး....၊ အဲဒီအချိန်မှာ အာဠဝက မင်းသားလေး ဥတ္တာနသေယျက=ပုခက်တွင်းမှာ ပက်လက်အိပ်တဲ့ အရွယ်ကလေး၊ ဘာမှ မပြောတတ်သေးဘူးနော်။ ဘုရားကိုယ်တော်မြတ်က မင်းသားလေးလဲ မင်္ဂလာဖြစ်စေ၊ အာဠဝကဘီလူးလဲ မင်္ဂလာဖြစ်စေ ဒီ ရည်ရွယ်ချက်နဲ့ ဂါထာဆိုတာ ၄-ပိုဒ် ရှိရတဲ့အရာမှာ အဖြည့်ခံရတု လို ဘုရားက ရှေ့သုံးပိုဒ် ဟောပြီး အာဠဝကဘီလူးက စတုတ္ထအပိုဒ်ကို ဖြည့်စွက်ပြီး လျှောက်ထားတယ်....။

(က) ဒီဃာယုကော ဟောတု အယံ ကုမာရော၊
တုဝဋ္ဌ ယက္ခ သုခိတော ဘဝါဟိ။
အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ၊

ဤ ရှေ့ ၃-ပိုဒ်ကို မြတ်စွာဘုရား ဟောပြီးသော အခါ အာဠဝကဘီလူးက-

အယံ ကုမာရော သရဏ + မုပေတိ ဗုဒ္ဓံ။ ။ဟူ၍ စတုတ္ထအပိုဒ်ကို ဖြည့်ပေးတယ်။

http://www.dhammadownload.com



အနက်ပြန်ကြရအောင်....။

(မြတ်စွာဘုရား) (၁) အယံ ကုမာရော=ဤ အာဠဝက မင်းသားကလေးသည်။ ဒီဃာယုကော= အသက်ရာကျော်ရှည်သည်။ ဟောတု=ဖြစ်စေ။

(၂) ယက္ခ=အာဠဝကဘီလူး....။ တုဝဉ္စ=သင်လဲ ပဲ။ သုခိတော=ကိုယ်စိတ်နှစ်ဖြာ ချမ်း သာ ခြင်း ရှိ သည်။ ဘဝါဟိ=ဖြစ်စေ။

(၃) တုမှေ=သင်တို့နှစ်ဦးသားစလုံး။ လောက-ဟိတာယ= လောက၏ အစီး အပွား အ လို့ ငှာ။ အဗျာဓိတာ= အနာရောဂါ ကင်းစင် ကြကုန်လျက်။ တိဋ္ဌထ= ကြံ့ကြံ့ခိုင်ကျည် တည်နိုင်ကြစေ။

(အာ ဠ ဝ က ဘီ လူး) အယံ ကုမာရော =ဤ အာဠဝက မင်း သား က လေး သည်။ ဗုဒ္ဓံ=မြတ်စွာ ဘုရားကို။ သရဏံ=ကိုးကွယ် ညည်းချော်း ပုန်း အောင်း မှီခိုရာဟူ၍။ ဥပေတိ=ဆည်းကပ် သိမှတ် ပါသဘုရား။

(ဤ ပထမဂါထာ ၄-ပိုဒ်တို့တွင် ရှေး ၃-ပိုဒ်တို့ဖြင့် မြတ်စွာဘုရားက အာ ဠ ဝ က ဘီ လူး နှ င့် အာဠဝက မင်းသားကလေးတို့အတွက် မင်္ဂလာ ၃-ချက် ပြုတော် မူတယ်။ စတုတ္ထဂါထာ ပိုဒ်ဖြင့် အာဠဝက ဘီလူးက အာဠဝက မင်းသားကလေးအတွက် ဗုဒ္ဓသရဏဂုံ ခံယူ တယ်။ နောက်၌ ထင်ရှားလတ္တံ့။ ။ဓ မ္မ သ ရ ဏ ဂုံ၊ သံဃသရဏဂုံတို့အတွက်လဲ စတုတ္ထပိုဒ်ကသာ ထူးရမည်

http://www.dhammadownload.com



ဖြစ်၍ ပါဠိ(နှင့်) မြန်မာသက်သက် ဆက်၍ ဖော်ပြပါမည်။)

ဘုရား– (၁) ဒီဃာယုကော ဟောတု အယံ
ကုမာရော၊
တုဝဋ္ဋ ယက္ခ သုခိတော ဘဝါဟိ။
အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ၊

ဘီလူး– အယံ ကုမာရော သရဏာ+မုပေတိ ဓမ္မံ။ ။

(ဘုရား) (၁) ဤမင်းသားကလေး အသက်ရာကျော် ရှည်ပါစေ။

(၂) အာဠဝကဘီလူး....၊ သင်လဲပဲ ကာယိက၊ စေတသိက သုခနှစ်ပါးနှင့် ပြည့်စုံသူ ဖြစ်ပါစေ။

(၃) သင်တို့နှစ်ဦးသား အနာရောဂါ ကင်းကြလျက် လောက အစီးအပွား အလို့ငှာ ကြာကြာနိုင်ကျည် တည်ကြပါစေ။

(ဘီလူး) ဤအာဠဝက မင်းသား ကလေးသည် မဂ် ဖိုလ် နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကို ကိုးကွယ်လည်းလျှောင်း ပုန်းအောင်း မှီခိုရာဟူ၍ ဆည်းကပ် သိမှတ်ပါသဘုရား။

ဘုရား– (၈) ဒီဃာယုကော ဟောတု အယံ
ကုမာရော၊
တုဝဋ္ဋ ယက္ခ သုခိတော ဘဝါဟိ။
အဗျာဓိတာ လောကဟိတာယ တိဋ္ဌထ၊

ဘီလူး– အယံ ကုမာရော သရဏာ+မုပေတိ သံဃံ။ ။

(ဘုရား) (၁) ဤ မင်းသားကလေး အသက်ရာကျော်ရှည်ပါစေ။

http://www.dhammadownload.com



(၂) အာဠဝကဘီလူး....၊ သင်လဲပဲ ကာယိယ၊ စေတသိက သုခနှစ်ပါးနှင့် ပြည့်စုံသူ ဖြစ်ပါစေ။

(၃) သင်တို့နှစ်ဦးသား အနာရောဂါ ကင်းကြလျက် လောက အစီးအပွား အလို့ငှာ ကြီးကြီးနိုင်ကျည် တည်ကြပါစေ။

(ဘီလူး) ဤ အာဠဝက မင်းသားကလေးသည် မြတ်စွာဘုရား၏ တပည့် သာဝကသံဃာတော်ကို ကိုးကွယ်လည်းလျှောင်း ပုန်းအောင်း မှီခိုရာဟူ၍ ဆည်းကပ် သိမှတ်ပါသဘုရား။

ပထမ ဗုဒ္ဓသရဏဂုံ၊ ဒုတိယ ဓမ္မသရဏဂုံ၊ တတိယ သံဃသရဏဂုံ ဆောက်တည်ခြင်းကိစ္စ ပြီးပြီ။

## ရှုံးအစဉ်အလာ

ဤအရာ၌ အာဠဝကဘီလူးက မင်းသားကလေး အတွက် ''မြတ်စွာဘုရားကို (ပ)၊ တရားတော်ကို (ပ)၊ သံဃာတော်ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ် သိမှတ်ပါ၏''ဟု ဆိုတဲ့အတွက် အာဠဝက မင်းသားကလေး သရဏဂုံတည်သူ ဥပါသကာ တစ်ယောက် ဖြစ်သွားနိုင်သလား ဟု မေးဖွယ်ရှိ၏။

အဖြေကား–ယခု ချက်ချင်းတော့ မင်းသားကလေး အနေဖြင့် ဘာမှ မသိတတ်သေးလို့ သရဏဂုံတည်သူ ဥပါသကာတစ်ယောက် မဖြစ်သေးပါ၊ နောင်အခါ မင်းသားကလေး သိ ကြား လိမ္မာလာတဲ့ အချိန်ကျတော့ ဆွေမျိုးမျိုးများက–

''မောင့်ကို ငယ်စဉ် အာဠဝကဘီလူးကြီး ကိုယ်တိုင်က ဤသို့ ဤသို့ ဆို၍ ဗုဒ္ဓသရဏဂုံ၊ ဓမ္မသရဏဂုံ၊

http://www.dhammadownload.com



သံဃာသရဏဂုံ၊ ခံပေးထားခဲ့တယ်၊ အမောင်သည် ငယ်စဉ်ကတည်းကိုက သရဏဂုံတည်ခဲ့တယ်....''။

အဲဒီလို ပြောကြလိမ့်မယ်။ ပြောကြတဲ့အခါ မင်းသားကလေးကသိကြားလိမ့်မှာပြီး ဝမ်းမြောက်ဝမ်းသာလက်ခံလိမ့်မယ်။ အဲဒီလို လက်ခံလာတဲ့အခါ ဘုရားရှိရာသွား၍ သရဏဂုံဆောက်တည် မနေရတော့ဘဲ သရဏဂုံတည်တဲ့ ဥပါသကာ ဖြစ်သွားနိုင်တယ်။ (မြတ်စွာ ဘု ရား လက်ထက်တော်တုန်းက ဗိမ္ဗိသာရ မင်းကြီးရဲ့သား ဗောဓိမင်းသား ဝတ္ထုကို ထောက်ရပါမည်။ မဇ္ဈိမ နိကာယ်၊ ဗောဓိရာဇကုမာရသုတ် ပါဠိ အဋ္ဌကထာကို ရှုပါ။)

ဘုရားလက်ထက်တုန်းက ဗုဒ္ဓဘာသာဝင် တွေလိုပဲ ယနေ့ ဗုဒ္ဓဘာသာဝင်တွေလဲပဲ သားငယ် သမီးငယ် မွေးဖွားပြီး ခုနစ်ရက်မြောက် ရောက် သော အ ခါ ''ဒေါင်ဘာကရဏ၊ နာမကရဏ ပု ခက် တင် မ င် လာ ကင်ပွန်းတပ်မင်္ဂလာ'' ပြုကြတဲ့အခါ မိဘ ဆွေမျိုးတို့က ကလေးအတွက် အာဠဝကဘီလူးလိုပဲ သရဏဂုံခံတတ်ကြသည်ကို ဗဟုသုတအဖြစ် မှန်ယူကုန်ရာ၏။

## ဟတ္ထက အာဠဝက မည်ခြင်း

မြတ်စွာဘုရားက အာဠဝက မင်းသားကလေးကို လက်တော်၌ ခံထားပြီး အဖြည့်ခံ ၃-ဂါထာ ရွတ်ဆို၍ လည်းကောင်း၊ အာဠဝကဘီလူးက စတုတ္ထပိုဒ် ၃-ကြိမ် ဖြည့်စွက် ရွတ်ဆို၍လည်းကောင်း မင်္ဂလာပြု သရဏဂုံ ခံ၍ ပြီးလတ်သော် မြတ်စွာဘုရားရှင်က-

http://www.dhammadownload.com



''ဣမံ ဝဍ္ဎေတွာ ပုန မယှံ ဒေထ။ ဤမင်းသား
ကလေးကို ချမ်းသာစွာ ကြီးပြင်းစေပြီး ငါ့ဘုရား
အားသာ ပြန်ပေးကြ''

ဟု မိန့်တော်မူပြီး မင်းသားကလေးကို မင်းချင်း
ယောကျ်ား (မင်းမှုထမ်း) တို့ရဲ့ လက်ထဲသို့ ထည့်ပေး
လိုက်တယ်။ ဤသို့လျှင် ထိုမင်းသားကလေးသည် အာဠဝီ
ပြည့်ရှင် အာဠဝက မင်းကြီးရဲ့ သားတော် ဖြစ်၍
အာဠဝက ဟူသော မူလအမည်ရင်းပေါ်မှာ ထပ်၍
မင်းချင်းတို့လက်မှ အာဠဝကဘီလူး၏ လက်သို့လည်း
ကောင်း၊ အာဠဝကဘီလူး၏ လက်မှ မြတ်စွာဘုရား၏
လက်သို့လည်းကောင်း၊ မြတ်စွာဘုရား၏ လက်တော်မှ
မင်းချင်းတို့ လက်သို့လည်းကောင်း အဆင့်ဆင့်ရောက်
သောကြောင့် ''**ဟတ္ထက အာဠဝက**'' မင်းသားဟု
နောင်အခါတွင် အမည်တွင်တယ်။

## မြို့မြို့ညံ သာရသံ

မင်းသားကလေးကို မင်းမှုထမ်းများက ဝမ်းပန်း
တသာ ထမ်းပြီးတော့ အာဠဝီပြည် ပြန်ကြတဲ့အခါ
လမ်းမှာတွေ့မြင်ကြတဲ့ လယ်သမား ယာသမား တော
အလုပ်သမားတို့က–

''ကိံ ယက္ခေဒ ကုမာရံ အတိဒဟာရတ္တာ န ဇာနိ။
အမောင်တို့.... ဘယ့်နှယ်လဲ၊ အာဠဝကဘီလူးက
မင်းသားကလေးကို သိပ်ငယ်တဲ့အတွက်အလိုမရှိဘူး၊
မစားချင်ဘူး လို့ ပြောလိုက်သလား'' ဤသို့ မေးကြ
တဲ့အခါ မင်းမှုထမ်းများက–

http://www.dhammadownload.com



"မာ ဘာယထ၊ ခေမံ ကတံ ဘဂဝတာ= အမောင်တို့....၊ မကြောက်ကြနှင့်တော့၊ မြတ်စွာဘုရားက တစ်တိုင်းတစ်ပြည်လုံး အေး မြ ဘေးပအောင် ပြုတော်မူအပ်လေပြီ။ (မြတ် စွာ ဘု ရား ရောက်နေတယ်၊ မြတ်စွာဘုရားကြောင့် ဟောဒီ မင်းသားကလေး အသက်ဘေး ကင်းဝေးလွတ် မြောက်လာတယ်" လို့ အားလုံး အကြောင်းအရာ ကို ပြန်ကြား ပြောဆိုကြတဲ့အခါ–

"သာဓု သာဓု" ဆိုတဲ့ ကောင်း ချီး သံကြီး အာဠဝီတစ်ပြည်လုံး ဂယက်ရိုက်ပြီး အာဠဝကဘီလူး ထံမှောက် ရောက်သွားတယ်။

အာဠဝကဘီလူးလဲပဲ မြတ်စွာဘုရားရှင် ဆွမ်းခံဝင်ချိန် ရောက်လတ်သောအခါ မြတ် စွာ ဘု ရား ၏ သ ပိတ် သက်န်းကို ယူဆောင်၍ လမ်းခရီး တစ်ဝက်ရောက် အောင် မြတ်စွာဘုရားကို လိုက် ပါ ပို့ ဆောင် ပြီး မှ မိမိ၏ ဘုံဗိမာန်သို့ ပြန်သွားတယ်။

## အာဠဝကသုတ္တန်ကို တစ်ဖန်ဟောခြင်း

ထိုနောက် မြတ်စွာဘုရားသည် အာဠဝီပြည်တွင်း၌ ဆွမ်းခံကြွတော်မူပြီး ဆွမ်းကိစ္စ ပြီးလတ်သောအခါ မြို့တံခါးဝဝယ် ဆိတ်ငြိမ်ရာ တစ်ခုသော သစ်ပင်ရင်း ခင်းထားအပ်သည့် မြတ်သော ဘုရားနေရာ၌ ထိုင်နေ တော်မူတယ်။ ထိုအခါ မူးမတ်ဗိုလ်ပါ အပေါင်းနှင့်တကွ အာဠဝက မင်းကြီးသည်လည်းကောင်း အာဠဝီ ပြည်သူ ပြည်သားတို့သည် လည်းကောင်း တစ် ပေါင်း တည်း

http://www.dhammadownload.com



စုရုံးကြ၍ မြတ်စွာဘုရားထံတော်သို့ သွားရောက် ရှိခိုး ဝန်းရံ နေထိုင်ကြပြီးလျှင် မြတ်စွာဘုရားကို—

''ကထံ ဘန္တေ ဇဝံ ဒါရကာ ယက္ခံ ဒမယိတ္ထ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၊ အရှင်ဘုရားတို့သည် ဘယ်လိုနည်းနဲ့ ဤသို့ ကြမ်းတမ်းရက်စက်သော ဘီလူးကို ဆုံးမချေချွတ်တော် မူကြပါသနည်းဘုရား'' ဟု မေးမြန်းလျှောက်ထားကြတယ်။

မင်းနှင့် တကွ သော ထို အာဠဝီ ပြည်သူပြည်သားလူများအပေါင်းအား မြတ်စွာဘုရားသည် အာဠဝက ဘီလူး၏ စစ်ထိုးမှုက တရားဦး စ တော်မူကာ- ''ဤသို့ ဤပုံ လက်နက်မိုး ကိုးမျိုးကို ရွာသွန်းစေခဲ့လေပြီ၊ ဤသို့ ဤပုံ ကြောက်မက်ဖွယ်ကို ပြုခဲ့လေပြီ၊ ဤသို့ဤပုံ ငါဘုရားကို ပြဿနာမေးလျှောက်ခဲ့လေပြီ၊ ထိုဘီလူးအား ငါဘုရားသည် ဤသို့ ဤပုံ ပြဿနာကို ဖြေကြား တရားဟောခဲ့လေပြီ'' ဟု အကြောင်းအရာအကျယ်ကို ညွှန်ပြတော်မူကာ ရှေးဖော်ပြရပေါ ၁၂-ဂါထာ ရှိသော အာဠဝက သုတ္တန်ကို တစ်ဖန်ပြန်၍ ဟောကြားတော်မူတယ်....။

## အကျွတ်တရား ရရှိကြခြင်း

အကျွတ်တရား ရကြပုံကို အဋ္ဌကထာ၌- 'ကထာပရိယောသာနေ စတုရာသီတိပါဏသဟဿာနံ ဓမ္မာ-ဘိသမယော အဟောသိ။

သာဝတ္ထိ=နှလုံးပျော်ပျောင်း သူတော်ကောင်းတို့....။ ကထာပရိယောသာနေ= ဓမ္မကထာ ဒေသနာ နိဂုံး ဆုံးသောအခါ၌။ စတုရာသီတိ ပါဏသဟဿာနံ= ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အား

http://www.dhammadownload.com



သတ္တဝါပေါင်း (၈၄၀၀၀) ရှစ်သောင်းလေးထောင်တို့အား။ ဓမ္မာဘိသမယော= သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ အဟောသိ=ဖြစ်ခဲ့လေပြီ။

(ဒီ တရားပွဲမှာ အာဠဝီပြည်သူ ပြည်သားပေါင်း ရှစ်သောင်းလေးထောင်တို့ သစ္စာလေးပါး တရားသိမြင် ကျွတ်တမ်းဝင်ကြတယ်။)

## ဒေဝတာဗလိ အမြဲပူဇော်ကြခြင်း

ထိုနောက် အာဠဝကမင်းနှင့် တကွသော အာဠဝီပြည်သူပြည်သား လူအများတို့သည် ဝေဿဝဏ်နတ်မင်း၏ ရှိရင်းစွဲ နတ်ကွန်းဗိမာန်၏အနီး၌ အာဠဝက ဘီလူးအတွက် နတ်ကွန်းဗိမာန် အသစ် တည်ဆောက်ကြပြီး ပန်း နံ့သာ အစရှိသော ပူဇော်ဖွယ်နှင့် ပြည့်စုံသော ဒေဝတာဗလိကို အမြဲတစေ ဖြစ်စေကြတယ်။

## အနာဂါမ်အရိယာ ဖြစ်ခြင်း

အာဠဝကမင်းသားကလေးကိုလည်း သိကြား လိမ္မာသော အရွယ် (၁၆-နှစ် ၁၇-နှစ်လောက်အရွယ်) သို့ ရောက်သောအခါ ''သင် မင်းသားသည် မြတ်စွာဘုရားကို မှီ၍ အသက်ရှင်မှုကို ရခဲ့တယ်။ ချစ်သား....သွားပါလေ့၊ မြတ်စွာဘုရားကိုသာလျှင်လည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ဆည်းကပ် လုပ်ကျွေးပါလေ့'' ဟု ခမည်းတော်၊ မယ်တော်၊ ဆွေတော်မျိုးတော်တို့က ပြောဆိုကြကာ မြတ်စွာဘုရား ထံတော်သို့ ပို့သ စေလွှတ်ကြတယ်။ မင်းသား ကလေးသည် မြတ်စွာဘုရားကို လည်း ကောင်း၊ ရဟန်း သံဃာကို

http://www.dhammadownload.com



လည်းကောင်း ဆည်းကပ် ပြုစု လုပ်ကျွေးကာ တရား နှလုံး ကျင့်သုံး ပွားများ၍ မကြာမြင့်မီပင် အနာဂါမ် အရိယာအဖြစ်သို့ ရောက်ရှိကာ ပိဋကတ်သုံးပုံ အလုံးစုံ သော ဘုရားစကားကို သင်ကြား တတ်မြောက်ကြပြီး လျှင် သီတင်းသည် ဥပါသကာ (၅၀၀)ငါးရာ အခြံအရံ ရှိသူ ဖြစ်လေသည်။

## တောခက်အွဲထူး ရရှိခြင်း

တစ်နေ့သ၌ ဟတ္ထကာဠဝက သီတင်းသည်သည် ဥပါသကာ ငါးရာတို့နှင့် အတူတကွ မြတ်စွာဘုရားထံ တော်သို့ သွားရောက်၍ ရှိသေမြတ်နိုး ရှိခိုးပြီးလျှင် အပြစ်လွတ်ရာအရပ်၌ ထိုင်နေတယ်။ မြတ်စွာဘုရားက အလွန်ယဉ်ကျေး သိမ်မွေ့လှစွာသော ဟတ္ထကာဠဝက သီတင်းသည်၏ ပရိသတ်ကို တွေ့မြင်တော်မူရ၍ ''ချစ် သား အာဠဝက....၊ သင်၏ ပရိသတ်ကား များလှ၏၊ သင်ချစ်သားသည် ထိုပရိသတ်ကို အဘယ်သို့ သဂြိုဟ် ချီးမြှင့်သနည်း''ဟုမေးတော်မူလေလျှင် ဟတ္ထကာဠဝက သီတင်းသည်က မြတ်စွာဘုရားကို—

''မြတ်စွာဘုရား....၊ တပည့်တော်သည် စွန့်ကြဲ ပေးကမ်း လှူဒါန်းမှ နှစ်သက်အားရ ရှိမည့်သူကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း = ဒါနဖြင့် သဂြိုဟ် ချီးမြှင့်ပါသည် (၁)။

ချစ်ဖွယ်စကား ပြောကြားမှ နှစ်သက်အားရ ရှိမည့်သူကို ချစ်ဖွယ်စကား ပြောကြားခြင်း=ပိယ ဝါစာဖြင့် သဂြိုဟ် ချီးမြှင့်ပါသည် (၂)။

http://www.dhammadownload.com



ကိစ္စ ကြီး ငယ် ဖြစ်ပေါ်လာသော် ထိုကိစ္စ ကြီး ငယ်ကို ပြီးမြောက်အောင် စောင့်ရှောက်ရွက်ဆောင် ပေးမှ နှစ်သက်အားရ ရှိမည့်သူကို ဖြစ်ပေါ်လာ သောကိစ္စ ပြီးမြောက်အောင် ရွက်ဆောင်ပေးခြင်း= အတ္ထစရိယာဖြင့် သင်္ဂြိုဟ်ချီးမြှင့်ပါသည် (၃)။

ကိုယ်တူထားမှ နှစ်သက်အားရ ရှိမည့်သူကို ကိုယ် တူထားခြင်း = သမာနတ္တတာဖြင့် သင်္ဂြိုဟ်ချီးမြှင့်ပါ သည် (၄)'' ဟူ၍ ဖြေကြား လျှောက်ထားတယ်။

မြတ်စွာဘုရားသည် ထို အကြောင်းကို အစွဲပြု၍ နောက်အဖို့ဝယ် ဇေတဝန် ကျောင်း တိုက် တော် ၌ နေတော်မူစဉ် ဥပါသကာတို့ကို ဧတဒဂ်ရာထူး၌ာန၌ ထားတော်မူလတ်လျှင် ဤ ဟတ္ထကအာဠဝက သီတင်းသည် ကို–

''ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဥပါသကာနံ စတူဟိ သင်္ဂဟဝတ္ထူဟိ ပရိသံ သင်္ဂဏှန္တာနံ ယဒိဒံ ဟတ္ထကော အာဠဝကော။

ရဟန်းတို့.... (ဒါန၊ ပိယဝါစာ၊ အတ္ထစရိယာ၊ သမာနတ္တတာ ဟူသော) သင်္ဂဟဝတ္ထု၊ လေးပါး တို့ဖြင့် မိမိ၏ ပရိသတ်ကို ချီးမြှောက်ကြသည့် ငါ ဘုရား၏ တပည့် သာဝက ဥပါသကာတို့တွင် ဟတ္ထကအာဠဝက သီတင်းသည်သည် အသာဆုံး အမြတ် ဆုံး ဖြစ်ပေ၏''

ဟု ချီးကျူး မိန့်မြွက်တော်မူကာ ပရိသသင်္ဂဏှန= ပရိသတ်ကို ချီးမြှောက်သော အရာဝယ် အသာဆုံး အမြတ်ဆုံး ''ဧတဒဂ်''ရာထူး၌ ထားတော်မူသတည်း–။

ဇာဂါယအာကြိပ်

http://www.dhammadownload.com



## နိဂုံး

ဤသို့လျှင် အနုပုဗ္ဗဂမ္ဘီရ=အစဉ်အတိုင်း နက်နဲခြင်း သဘောရှိသော မြတ်စွာဘုရား၏ အနုတ္တရောပုရိသ-ဒမ္မသာရထိ–ခေါ်သည့် အာဠဝကတို့လို မယဉ်ကျေးသော လူယောကျ်ား နတ်ယောကျ်ား သတ္တဝါများကို ယဉ်ကျေးအောင်ပြု ဆုံးမမှုဝယ် အတုမရှိ လွန်မြတ်တော်မူဘိသည့် အနုတ္တရောပုရိသဒမ္မသာရထိ = ဘုရားဂုဏ်ကို ပေါ်လွင်ထင်ရှားစေတတ်သည့် အာဠဝကသုတ္တန် တရား ဒေသနာတော်မြတ်ကို ကြားနာရခြင်း=ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလ ဆောက်တည်ကျင့်သုံးရခြင်း=သီလမယကောင်းမှုကုသိုလ်ကံ စေတနာ၊ ပရိဝါရဒါနဖြစ်သည့် ပရိက္ခာရဒါန နိစ္စဘတ္တ ထာဝရ အရောဂျဒါန ဇီဝိတဒါန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့ပေါင်းအပ် များမြတ်သော ကောင်းမှု ကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော သုခပဋိပဒါ အကျင့်ပဋိပတ်၊ လျင်မြန်သော ခိပ္ပါဘိညာ ရည်သန်တောင့်တရင်းရှိကြသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်တစ်စုတို့ မျက်မှောက်ပြုရတဲ့ကိုယ် ဖြစ်ပါစေကုန်သတည်း။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရတဲ့ ထို နောက်ဆုံးဘဝ ပရိနိဗ္ဗာန စုတိစိတ်မှ အခြားမဲ့ ဖြစ်သော နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ၊ ယောနိ၊ ဂတိ၊ ဝိညာဏဋ္ဌိတိ၊ သတ္တာဝါသ၊ သတ္တ

http://www.dhammadownload.com



နိကာယသ္မမှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ=အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း....။

အနုပါဒါပရိနိဗ္ဗာန် ကိုယ် စီ စံ ရ သ ဖြင့် က မ္မ ဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း....။

**သာဓု သာဓု သာဓု။**

**အာဠဝကသုတ္တန် တရားတော်**
**ပြီး ပြီး။**

---

တတိယအကြိမ်

http://www.dhammadownload.com

# ဝမ္မိကာ သုတ္တန်တရားတော်

[ခန္ဓာကိုယ်၌သာ တရားရှာ၍ အကျွတ်တရား ရကြစေရန် ရည်သန်ဟောကြားခြင်း။]

**တရားဦး ဘုရားရှိခိုး**

ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ၊
ဒန္တော သော ဘဂဝါ ဒမထာယ ဓမ္မံ ဒေသေတိ၊
သန္တော သော ဘဂဝါ သမထာယ ဓမ္မံ ဒေသေတိ၊
တိဏ္ဏော သော ဘဂဝါ တရဏာယ ဓမ္မံ ဒေသေတိ၊
ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။ ၁

သော ဘဂဝါ= ထို ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ ဗုဒ္ဓေါ= ကိုယ်တော်ကပင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီး ဖြစ်၍။ ဗောဓာယ = ဝေနေယျသတ္တဝါတို့ ကိုယ်တော့် ထပ်တူ သိမြင်ကြပါစေခြင်းငှာ။ ဓမ္မံ= နေ့စဉ်လေးနက် ဓမ္မစက်ကို။ ဒေသေတိ= ကရုဏာရှေ့ထား ဟောကြားတော်မူပါပေ၏။

သော ဘဂဝါ= ထို ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ ဒန္တော= ဇာနေ့ခြောက်ပါး တရားငြိမ့်လေး ကိုယ်တော်တိုင် ယဉ်ကျေးတော်မူပြီးဖြစ်၍ သာလျှင်။ ဒမထာယ= ရှစ်သောင်းကုဋေ မိုလ်ခြေလူ့ဘို ကိုယ်တူ

(၁) မ၊ ၁၊ ၂၉၀-မျက်နှာ၊ မ၊ ဋ္ဌ၊ ၂၊ ၄၀-နှာ၊

ကာယဂတာကြိုပ်

http://www.dhammadownload.com



မန္ဒေး ယဉ်ကျေးသိမ်မွေ့ ကြစေခြင်းငှာ။ ဓမ္မံ= နေ့စဉ်လေးနက် ဓမ္မစက်ကို။ ဒေသေတိ= ကရုဏာရှေ့ထား ဟောကြားတော်မူပါပေ၏။

သော ဘဂဝါ=ထို ဘုန်းတော်နှင့်ခင် ရှင်ပင်ဘုရားသည်။ သန္တော=ကိုယ်တိုင်ကပင် ကိလေသာဟူ အပူခပ်သိမ်း အေးငြိမ်းပြီး ဖြစ်တော်မူ၍သာလျှင်။ သမထာယ=ကိုယ်တော်နှင့်ထပ်တူ ဗိုလ်ဗိုလ်လူတို့ အပူခပ်သိမ်း အေးငြိမ်းရန် အလို့ငှာ။ ဓမ္မံ = နေ့စဉ်လေးနက် ဓမ္မစက်ကို။ ဒေသေတိ= ကရုဏာရှေ့ထား ဟောကြားတော်မူပါပေ၏။

သော ဘဂဝါ= ထို ဘုန်းတော်နှင့်ခင် ရှင်ပင်ဘုရားသည်။ တိဏ္ဏော= သံသရာနက် ဝှမ်း ဿရက်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ်တော်တိုင်ရောက်တော်မူပြီး ဖြစ်၍သာလျှင်။ ကရုဏာယ=ဝေနေယျများစွာ သတ္တဝါတို့ ကိုယ်တော်နှင့်ထပ်တူ နိဗ္ဗူသာဝှမ်း မှာဘက်ကမ်းသို့ ကူးသန်းထုတ်ချောက် ရောက်ကြပါစေခြင်းငှာ။ ဓမ္မံ= နေ့စဉ်လေးနက် ဓမ္မစက်ကို။ ဒေသေတိ=ကရုဏာ ရှေ့ထား ဟောကြားတော်မူပါပေ၏။

သော ဘဂဝါ= ထို ဘုန်းတော်နှင့်ခင် ရှင်ပင်ဘုရားသည်။ ပရိနိဗ္ဗုတော=ကိလေသပရိနိဗ္ဗာန် ဝင်စံရုပ်သိမ်း ကိုယ်တော်တိုင် အေးငြိမ်းပြီးဖြစ်၍။ ပရိနိဗ္ဗာနာယ= ဝေနေယျသတ္တဝါတို့ ကိုယ်တော်နှင့် ထပ်တူ အေးငြိမ်းကြစေခြင်းငှာ။ ဓမ္မံ= နေ့စဉ်လေးနက် ဓမ္မစက်ကို။ ဒေသေတိ= ကရုဏာရှေ့ထား ဟောကြားတော်မူပါပေ၏။

တတိယအကြိမ်

http://www.dhammadownload.com



ဝမ္မိကသုတ်အဋ္ဌကထာမှာ မြတ်စွာဘုရားကို ရှိခိုးယင် ဒီဂုဏ်တော်တွေကို အာရုံပြုပြီး ရှိခိုးရမည်လို့ တိုက်ရိုက် ဖော်ပြထားတယ်။ ဘုရားဂုဏ်တော်ကို ချီးကျူးပြီး ရှိခိုး တဲ့ ထောမနာပဏာမပါပဲ။ ယင်းအဋ္ဌကထာမှာ လာတဲ့ အတိုင်း–

''ကိုယ်တော်တိုင် သစ္စာလေးပါး တရားကို သိမြင်တော်မူပြီးဖြစ်၍ ဝေနေယျ သတ္တဝါတွေကို ကိုယ်တော့်ထပ်တူ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်ကြစေရန် အလို့ငှာ လည်းကောင်း၊ ကိုယ်တော်တိုင်က ဇာတ္တမြှေခြောက်ပါး ကို ယဉ်ကျေးအောင်ဆုံးမတော်မူပြီးဖြစ်၍ ဝေနေယျ သတ္တဝါတွေကို ကိုယ်တော့်ထပ်တူ ယဉ်ကျေးကြ စေရန် အလို့ငှာလည်းကောင်း၊ ကိုယ်တော်တိုင်က ကိလေသာဟူ အပူမပ်သိမ်း အေးငြိမ်းပြီး ဖြစ်၍ ကိုယ်တော့် ထပ်တူ ဝေနေယျသတ္တဝါတို့ ကိလေ သာဟူ အပူခပ်သိမ်း အေးငြိမ်းကြစေရန် အလို့ငှာ လည်းကောင်း၊ ကိုယ်တော်တိုင်က သံသရာနက်ဒှမ်း တစ်ဖက်ကမ်းဖြစ်တဲ့ နိဗ္ဗာန်သို့ ရောက်အောင် ကူးမြောက်တော်မူပြီးဖြစ်၍ ဝေနေယျ သတ္တဝါတွေ ကို ကိုယ်တော့်ထပ်တူ သံသရာ၏ တစ်ဖက်ကမ်း နိဗ္ဗာန်ရောက်အောင် ကူးသန်းနိုင်ကြစေခြင်း ငှာ လည်းကောင်း၊ ကိုယ်တော်တိုင်က ကိလေသ ပရိနိဗ္ဗာန် ဝင်စံရပ်သိမ်း ကိလေသာမီး ငြိမ်းအေး တော်မူပြီးဖြစ်၍ ကိုယ်တော့်ထပ်တူ ဝေနေယျ သတ္တဝါတွေ ကိလေသာဟူ အပူမီးငြိမ်းကြ အေး ကြပါစေခြင်း ငှာ လည်းကောင်း ဤသို့သော

http://www.dhammadownload.com



မဟာကရုဏာတော်ဖြင့် လေးဆယ့်ငါးဝါ ကာလ ကြာအောင် တရားတော်ကို ဟောကြားတော်မူ သော မြတ်စွာဘုရားပါတကား''။

ဤကဲ့သို့ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ချီးကျူးလျှင် ထောမနာပဏာမ ဖြစ်နိုင်ပါတယ်။

ယင်းသို့ လေးဆယ့်ငါးဝါ ကာလကြာအောင် တရား ဟောတော်မူခဲ့တဲ့ ဘုရားသဗ္ဗညုကိုယ်တော်မြတ် သာဝတ္ထိ ပြည်မွန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့ လျော် နေတော်မူတဲ့ပုံကို အာရုံယူထားနိုင် ကြစေရန် သင်္ဂါယနာတင် အရှင်မြတ်တို့က–

''ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတ– ဝနေ အနာထပိဏ္ဍိကဿ အာရာမေ=တစ်ချိန်က မြတ်စွာ ဘုရား သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း၌ ကိန်း အောင်းမွေ့လျော် နေတော်မူခိုက် ဖြစ်တယ်'' ဤကဲ့သို့ ဒေသနာနိဒါန်း ဖျိုးပေးတော်မူခဲ့ကြပါတယ်။

တစ်ဖန် ဆက်၍ အာရုံယူကြရန်ကို–

''တေန ခေါ ပန သမယေန အာယသ္မာ ကုမာရ– ကဿပေါ အန္ဓဝနေ ဝိဟရတိ= ထိုအခါ အရှင် ကုမာရကဿပမထေရ်သည် အန္ဓဝန်တောအုပ်၌ တရား အလုပ် အားထုတ်နေတော်မူဆဲ ဖြစ်ပေ၏'' ဟု ဒေသနာ နိဒါန်း ဖျိုးပေးတော်မူကြတယ်။

## အရှင်ကုမာရကဿပ၏ တေဒဂ်ဘွဲ့ ဆုတောင်း

အရှင်ကုမာရ ကဿပသည် လွန်ခဲ့သော ကမ္ဘာ တစ်သိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရား ပွင့်တော်မူ၍ တစ်ချိန်မှာ ကိုယ်တော့် သာသနာတော်အတွင်း၌ ဥပမာ

တတိယအကြိမ်

http://www.dhammadownload.com



အမျိုးမျိုး၊ အကြောင်းအရာ အမျိုးမျိုး ဖော်ပြပြီး ဆန်းဆန်း ကြယ်ကြယ် တရားဟောတဲ့နေရာမှာ အသာဆုံး အမြတ်ဆုံးလို့ ရဟန်းတော်တစ်ပါးကို ဧတဒဂ် ဘွဲ့ထူး ချီးကျူးတဲ့ပွဲကြီး ကျင်းပနေခိုက်မှာ (သူဌေးသား တစ်ယောက်)* ပေဒင်သုံးပုံ တစ်ဖက်ကမ်းခတ် တတ်မြောက်တဲ့ ပုဏ္ဏားလုလင်တစ်ယောက် အဲဒီ တရားပွဲမှာ တရားနာပရိသတ် တစ်ယောက်အနေနဲ့ ပါရှိခဲ့တယ်။

ထိုအခါ ''စိတ္တကထိက'' လို့ ခေါ်တဲ့ ဆန်းဆန်း ကြယ်ကြယ် တရားဟောတဲ့ နေရာမှာ အသာဆုံးဆိုတဲ့ ''ဧတဒဂ်'' ဘွဲ့ထူးကို သူလိုချင်တာနဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်တို့ကို သူ့အိမ်သို့ ပင့်ပြီးတော့ မိမိရဲ့အိမ်မှာ အဆင်အသွေး အမျိုးမျိုး ဆိုးထားတဲ့ အဝတ်တို့ဖြင့် တန်းဆာဆင်အပ်တဲ့၊ ရတနာ အမျိုးမျိုး တို့ဖြင့် ခြယ်လှယ်အပ်တဲ့ မဏ္ဍပ်ကြီး တည်ဆောက်ပြီး နေရာအလှူပေးလှူ မွန်မြတ်တဲ့ ဆွမ်း ခဲဖွယ် ဘောဇဉ် အလှူ ပေးလှူပြီး-

အဟမ္ပိ ဘဂဝါ အနာဂတေ ကောဿ ဗုဒ္ဓဿ အယံ ထေရောဝိယ စိတ္တကထိ သာဝကော ဘဝေယျံ=မြတ်စွာဘုရား၊ တပည့်တော်လဲ နောင်အခါဝယ် တစ်ဆူဆူသော ဘုရားရှင် လက်ယက်တော်၌ ဤ မထေရ်မြတ်ကဲ့သို့ ဆန်းကြယ်စွာ တရားကို ဟောကြားသော ပုဂ္ဂိုလ်တို့အနက် ''ဧတဒဂ်'' ဘွဲ့ရသော တပည့်သာဝက ဖြစ်ရ

* အရှင်ကုမာရကဿပ အလောင်းသည် အင်္ဂုကထာ အလိုသော် သူဌေးသား၊ အပဒါန ပါဠိတော်အလို ဗေဒင်သုံးပုံဆောင် ပုဏ္ဏားလုလင်။ ဤသို့ အဆိုကွဲလျက်ရှိသည်။ (မ၊ဋ္ဌ၊ ၂။မျက်နှာ ၂၇) (ခု၊၄။ အပဒါန ၂၊၁၂၅)။

http://www.dhammadownload.com



ပါစေသားဟု ဆုတောင်းတဲ့အခါ ပဒုမုတ္တရ မြတ်စွာဘုရားက ရဟန်းတော်တို့အား ဤသို့ မိန့်တော်မူတယ်။

ပဿထေ+တံ ဒိဇဝရံ၊ ပဒုမာနနလောစနံ။

ရဟန်းတို့.... ပဒုမ္မာကြာချပ် အတူစင်ကြယ်တဲ့ မျက်နှာ၊ စင်ကြယ်တဲ့ မျက်လုံးရှိတဲ့ ဤ အမျိုးကောင်းသား ပုဏ္ဏားကလေးကို စိုက်စိုက် ရှုရှု ကြည့်ထား လိုက်ကြစမ်း။

ပီတိ ပါမောဇ္ဇ ဗဟုလံ၊
သမုဂ္ဂတ တနူရုဟံ။
ဟာသမ္ဘိတ ဝိသာလက္ခံ၊
မမ သာသန လာလသံ။ ။

သူ့ကို ကြည့်လိုက်ကြစမ်း၊ သူ့တစ်ကိုယ်လုံးဟာ ''ဘုရားအမှူးရှိတဲ့ သံဃာအား ဆွမ်းလှူရပါ ပကော'' လို့ နှစ်သက် ဝမ်းမြောက်တဲ့ ပီတိ ပါမောဇ္ဇတွေ ကြက်သီးမွေးညှင်းတွေထလို့ မျက်နှာ လေးကို ကြည့်ကြစမ်း၊ မျက်နှာလေးက ပြုံးလို့၊ မျက်လုံးကလေးကလဲ ဝိုင်းဝိုင်းစက်စက်နဲ့ ငါဘုရား ရဲ့ သာသနာကိုတင့်တယ်စေတတ်တဲ့ အမျိုးကောင်း သား ဒီပုဏ္ဏားကလေးကို စိုက်စိုက်ရှုရှု ချစ်သားတို့ ကြည့်ကြစမ်း။ သူဟာ သူဟာ ဝိစိတ္တကထိကလို့ ခေါ်တဲ့ ဥပမာအမျိုးမျိုးပေး၊ အကြောင်းအမျိုးမျိုး ပေးပြီး တရားဓမ္မ ဟောပြတဲ့ နေရာမှာ အသာဆုံး ''ဧတဒဂ်'' ရာထူးကို ဆုတောင်းတယ်။ ဟောင်းတဲ့ အတိုင်းလဲပဲ–

http://www.dhammadownload.com



သတသဟဿိ+တော ကပ္ပေ၊
သြက္ကာက ကုလသမ္ဘဝေါ။
ဂေါတမောနာမ ဂေါတ္တေန၊
သတ္ထာ လောကေ ဘဝိဿတိ။ ။

ဘိက္ခဝေ= ရဟန်းတော်များ အို– ချစ်သားတို့။ ဣတော= ဤကမ္ဘာမှ။ သတသဟဿေကပ္ပေ= နောင်လာလတ္တံ့ ကမ္ဘာတစ်သိန်းထက်၌။ သြက္ကာက ကုလသမ္ဘဝေါ= သြက္ကာကမင်းမျိုး၌ဖြစ်သော။ ဂေါတ္တေန= အနွယ်အားဖြင့်။ ဂေါတမော နာမ= ဂေါတမ အမည်ရှိသော။ သတ္ထာ=လူနတ်တို့၏ဆရာ မြတ်စွာဘုရားသည်။ လောကေ=သတ္တလောက၌။ ဘဝိဿတိ=ပွင့်ပေါ်တော်မူလတ္တံ့။ (ယနေ့မှ နောင်ကမ္ဘာတစ်သိန်း လွန်မြောက်လို့ရှိယင် သြက္ကာကရာဇ် မင်းမျိုး၌ အနွယ်တော်ဝံသ ဂေါတမအမည်ရှိတဲ့ ဘုရား ပွင့်တော်မူလိမ့်မည်)။

တဿ ဓမ္မေသု ဒါယာဒေါ၊
သြရသော ဓမ္မနိမ္မိတော။
ကုမာရ ကဿပေါ နာမ၊
ဟေဿတိ သတ္ထု သာဝကော။ ။

တဿ= ထိုဂေါတမ မြတ်စွာ ဘုရား၏။ ဓမ္မေသု= ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးတို့၌။ ဒါယာဒေါ= အရဟတ္တဖိုလ်ပေါက် အမွေခံနိုင်သော။ သြရသော= တရားရင်နှစ် ဖွားမြင်လစ်သော။ ဓမ္မနိမ္မိတော=မြတ်စွာဘုရား၏ တရားတော်ဖြင့် ဖန်ဆင်းအပ်သော။ ကုမာရကဿပေါ နာမ= ကုမာရကဿပ အမည် ရ သော။ သတ္ထု=မြတ်စွာဘုရား၏။ သာဝကော=တပည့်သာဝက သည်။ ဘဝိဿတိ=ဖြစ်ပေလိမ့်မည်။

တတိယကြိမ်

http://www.dhammadownload.com



ဝိစိတ္တပုပ္ဖဒုဿာနံ=ရတနာနဉ္စ ဝါဟသာ။
ဝိစိတ္တကထိကာနံ သော၊ အဂ္ဂတံ ပါပုဏိဿတိ။ ။

ဘိက္ခဝေ= ရဟန်းတော်များ အို- ချစ်သား တို့၊ သော=ထို ပုဏ္ဏား လုလင်သည်။ ဝိစိတ္တပုပ္ဖဒုဿာနဉ္စ= ဆန်းကြယ်သောပန်း၊ ဆန်းကြယ်သော အဝတ်တို့၏ လည်းကောင်း။ ရတနာနဉ္စ=ရ တ နာ တို့ ၏ လည်း ကောင်း။ ဝါဟသာ=လှူဒါန်းရတဲ့စေတနာ အာနုဘော် ကြောင့်။ သော= ထို ကုမာရကဿပ ရ ဟန်း သ ည်။ ဝိစိတ္တကထိကာနံ= ဆန်းကြယ်စွာ တရားစကား ဟော ကြားကြသော ရဟန်းတို့အနက်။ အဂ္ဂတံ=အသာဆုံး အမြတ်ဆုံး ''ဧတဒဂ်'' ဘွဲ့ခံ ပုဂ္ဂိုလ်ထူး၏ အဖြစ်သို့။ ပါပုဏိဿတိ= ရောက်ပေလိမ့်မည်။

ဤကဲ့သို့ ပဒုမုတ္တရ မြတ်စွာဘုရား ဗျာဒိတ်ပေးတော် မူခဲ့တယ်။ အဲဒီလို ပဒုမုတ္တရဘုရားထံမှာ ဗျာဒိတ်ခံခဲ့တဲ့ ပုဏ္ဏားလုလင်ဟာ—

တေန ကမ္မေန သုကတေန၊
စေတနာ ပဏိဓိဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊
တာဝတိံသ+မဂစ္ဆ+ဟံ။ ။

ထိုသို့ လှူဒါန်းခဲ့တဲ့ ကုသိုလ်ကံနဲ့ စေတနာ ဆုတောင်းတို့ကြောင့် ပုဏ္ဏား လုလင်ဘဝက စုတိ ပြတ်ကြွေ သေလွန်တဲ့အခါ တာဝတိံသာနတ်ပြည် မှာ သွားဖြစ်တယ်။

အဲဒီလို လူ့ပြည် နတ်ပြည် အစုန်အဆန် ဘဝခရီး လည်ရပုံကို အရှင်ကုမာရ ကဿပမထေရ် ရဟန္တာ ဖြစ်တဲ့အခါ ဘုရားရှင်အား ပြန်၍လျှောက်ထားတယ်။

http://www.dhammadownload.com



## ဘဝဇာတ်ခုံ

ရဟန္တာအရှင်မြတ်တိုင်း အများအားဖြင့် ရဟန္တာ ဖြစ်ပြီးတဲ့အခါမှာ ဘုရားထံမှောက် မိမိတို့ရဲ့ ဘဝဖြစ်စဉ် တလျှောက်ကို ပြန်ပြီးတော့ လျှောက်ထားလေ့ ရှိကြတယ်။ အဲဒီ လျှောက်ထားတဲ့ ဘဝဖြစ်စဉ် တရားဂါထာ များကို အပဒါန် ပါဠိတော်လို့ ခေါ်တယ်။ အရှင် ကုမာရကဿပ အပဒါန်မှာ မိမိကိုယ်တိုင် ဘုရားအား ပြန်လျှောက်ပုံက—

> ပရိဗ္ဗမံ ဘဝါဘဝေ၊
> ရင်္ဂမဇ္ဈေ ယထာ နဋော။
> သာခမိဂတြဇော ဟုတွာ၊
> မိဂိယာ ကုစ္ဆိ+မောက္ကမိံ॥ ॥

ဘဝါဘဝေ= ငယ်ငယ်ကြီးကြီး ဘဝအသီးသီး၌။ ရင်္ဂမဇ္ဈေ = ပွဲသဘင်အလယ်၌။ နဋော ယထာ= ကချေသည်ကဲ့သို့။ (ဇာတ်ခုံပေါ်မှာ ကချေသည် တစ်ယောက် လှည့်ပြီး တော့ ကနေသလို) ဘဝါ- ဘဝေ ရင်္ဂမဇ္ဈေ= ငယ်ငယ်ကြီးကြီး ဘဝအသီးသီး တည်းဟူသော ဇာတ်ခုံထဲ၌။ ပရိဗ္ဗမံ–ပရိဗ္ဗမန္တော= လှည့်လည် ကခုန်ရသည်ရှိသော်။ သာခမိဂတြဇော= သာခမည်သော သမင်မင်း၏ သားသည်။ ဟုတွာ= ဖြစ်၍။ မိဂိယာ = သမင်မ၏။ ကုစ္ဆိံ = ဝမ်းသို့။ ဩက္ကမိံ=သက်ခဲ့ရလေပြီ။

သူ့အဖြစ်သူ ပြန်လျှောက် ထားတဲ့အခါ ''ပုဏ္ဏား လုလင်ဘဝက စတေလို့ တာဝတိံသာ နတ်ပြည်သွား၊ လူ့ပြည်နတ်ပြည် အစုန်အဆန် လှည့်လည်တဲ့ ဘဝခရီး

http://www.dhammadownload.com



သည့် တစ်ယောက်အနေနဲ့ တစ်ခုသောဘဝမှာ သမင်မျိုး မှာသွားပြီး ဖြစ်ရပါတယ်။ သာခမည်တဲ့ သမင်မင်းရဲ့ သား သွားဖြစ်ရတယ်'' တဲ့။ ဒါလောက်ပြောလျှင်ပင် ဘုရားလက်ထက်တော်အခါ ဗုဒ္ဓဘာသာဝင်သူတော်စင် တွေက အားလုံးသိကြတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ နိဂြောဓမိဂဇာတ်ကို ဘုရားဟောကြားထားလို့ အထင် အရှားရှိနေတဲ့အတွက် ''တပည့်တော်သည် သာခသမင် မင်း၏ သားဖြစ်၍ သမင်မ၏ ဝမ်းသို့ သက်ခဲ့ရပြီ''၊ ဤသို့ ဘုရားထံမှောက် လျှောက်လိုက်လျှင်ပဲ မြတ်စွာဘုရား ဟောကြားထားတဲ့ နိဂြောဓမိဂဇာတ်ကို ရဟန်းတော် တွေ သတိရ အမှတ်ရပြီးတော့ အကုန်လုံး သရုပ်မြင် သွားကြတယ်။ မြတ်စွာဘုရား နိ ဂြော ဓ မိ ဂ ဇာတ် ကို ဟောရတာကလဲ အရှင်ကုမာရ ကဿပမထေရ်ရဲ့ မယ်တော်ကို အကြောင်းပြုပြီးတော့ ဟောရတာ။

## နိဂြောဓမိဂဇာတ် ဝတ္ထု

တစ်ခုသော ဘဝမှာ ဘုရားအလောင်းက နိဂြောဓ သမင်မင်း ဖြစ်ခဲ့တယ်။ အခြံအရံ သမင်ပရိသတ် ငါးရာ ရှိတယ်။ ဘုရားအလောင်းနဲ့ မယှမ်း မကမ်းမှာလဲ ဒေဝဒတ်အလောင်းက သာ ခ သ မင် မင်း လို့ ဖြစ် နေ တယ်။ သူ့မှာလဲ ရွှေရောင်အဆင်းရှိပြီး ပရိသတ်အခြံ အရံ သမင်ငါးရာပဲရှိတယ်။ ထိုစဉ်အခါ ဗာရာဏသီ မင်းကလဲ သားစားကြူးတဲ့ မင်းဖြစ်တော့ နေ့တိုင်း နေ့တိုင်း တောအလိုက်ထွက်တယ်။ ဇနပုဒ်က လူတွေကို နေ့တိုင်း နေ့တိုင်းလိုက်ခဲ့ရမယ် လို့ ဆင့်ဆင့်ပြီး မင်းမိန့် နဲ့ ခေါ်လို့ နေ့တိုင်း နေ့တိုင်း တောခြောက် လိုက်

http://www.dhammadownload.com



နေရတဲ့အတွက် မိမိတို့ရဲ့ လယ်ယာအလုပ်ကို မလုပ်ရတော့ "ဒီနည်းနဲ့တော့ မဖြစ်ဘူး၊ ငါတို့အလုပ်ပျက်လှပြီ၊ ဒီတော့ တောထဲက သမင်တွေကို ဥယျာဉ်ကြီးတစ်ခုထဲမှာ ငါတို့မရောက် အရောက် လှည့်သွင်းကြစို့ရဲ့" ဆိုပြီး ဇနပုဒ်သားတွေ တညီတညွတ် တိုင်ပင်ပြီး တောခြောက်ကြတယ်။

ဥယျာဉ်ကြီးထဲကို သမင်တွေ သွင်းချင်လို့ တဖြည်းတဖြည်း လူတွေ စုစုပြီး လာလိုက်ကြတဲ့အခါ ဒီအထဲမှာ သာခသမင်အုပ်ကယ်၊ နိဂြောဓသမင်အုပ်ကယ်၊ ဒီလို သမင်နှစ်အုပ်ကို သူတို့ ဝိုင်းမိရက်သား ဖြစ်နေတယ်။ တစ်ဖက်က အပေါက်ပေးပြီး အဲဒီ အပေါက်က သမင်တွေသွားအောင် ဝိုင်းပြီး ခြောက်ကြ အော်ကြတော့ သမင်တွေ အပေါက်ရှိရာ သွားကြလို့ ဥယျာဉ်တံခါးဝဆီသို့ သွဲ့သွဲ့ပြီး သွင်းခဲ့ကြသဖြင့် ဥယျာဉ်ထဲလဲ ရောက်ကရော တံခါးပေါက်ကို ပိတ်လိုက်ကြတယ်။ ပြီးတော့မှ ဗာရာဏသီမင်းကြီးထံ သွားပြီး လျှောက်ထားကြတယ်။ "နေ့တိုင်း နေ့တိုင်း တောကစား ထွက်နေရလျှင် ကျွန်တော်မျိုးတို့ရဲ့ လယ်ယာအလုပ်ကို လုပ်ရတော့မှာ မဟုတ်ဘူး၊ ဒါကြောင့် ဥယျာဉ်တော် အတွင်းမှာ သမင်နှစ်အုပ် သွင်းခဲ့ပါတယ်၊ အလိုတော်ရှိတဲ့နေ့ ထွက်ပြီးတော့ သမင်သား စားနိုင် ဖမ်းနိုင်ပါတယ်" လို့ လျှောက်ထားကြတယ်။

ဇနပုဒ်ကလူတွေ ပြန်သွားတဲ့အခါ ဗာရာဏသီမင်း ကိုယ်တိုင် ဥယျာဉ်တော်အတွင်း သွားကြည့်တော့ သမင်အုပ် ၂-အုပ်ထဲမှာ ယူထပတိ လို့ ခေါ်တဲ့ အကြီးအကဲ

http://www.dhammadownload.com



ဖြစ်သော နီဂြောဓသမင်မင်းနဲ့ သာခသမင်မင်းတို့ကို ကြည့်ပြီး ရွှေရောင်အဆင်း ဝါဝင်းတဲ့ အသွေးအရောင် တောက်ပြောင်နေတာကို မြင်တော့ ''ဒီသမင်ကြီး ၂-ကောင်အား ငါ ဘေးမဲ့ပေးတယ်၊ ဘယ်သူမှ ဒီ သမင်ကြီးဖြစ်ကောင်ကို မရိုက်ရ မပုတ်ရ မခုတ်ရ မသတ်ရဘူး'' လို့ အဲဒီလို အမိန့်ထုတ်ပြန်ခဲ့တယ်။

ဒီနည်းနဲ့ တစ်နေ့လျှင် တစ်ကောင် တစ်ကောင်ကျ ပွဲတော်တည်ချိန်ကျယင် လာ လာ ပစ်တယ်။ ဒီတော့ သမင်အုပ်ကြီးထဲမှာ သူလိုချင်တဲ့ သမင်တစ်ကောင်ကို ပစ်တဲ့အခါ အပစ်ခံ အမှန်ခံရတဲ့ သမင်ကလဲ ဒဏ်ရာ ရပြီး ဟိုပြေး ဒီပြေး၊ သူလဲ အင်မတန် ဒုက္ခများတယ်။ တစ်ကောင်ရယ်လို့ ပစ်တဲ့ဟာ လွဲချော်ပြီး နှစ်ကောင်၊ သုံးကောင် စသည် မှန်ချင် မှန်နေတယ်။ သမင်တွေ ဒုက္ခ များကြတယ်။ ဒီဖတော့ ဘုရားအလောင်း နီဂြောဓသမင် မင်းက သာခသမင်မင်းကို ခေါ်ပြီးတော့ ''သေရမယ့် ဘေး ပြေးမလွတ် အတူတူဖြင့် အများမဆင်းရဲကြစေနှင့် တော့၊ အသင့်အုပ်က ဒီကနေ့ တစ်ကောင်၊ နောက် တစ်နေ့ ငါ့အုပ်က တစ်ကောင်၊ အဲဒီလို တလှည့်စီ တလှည့်စီ တို့သမင်တစ်ကောင်စီ အလှည့်ချပြီး အလှည့် ကျတဲ့သမင်က စဉ်းတီတုံးမှာ သွားပြီး လည်ပင်းစင်း ခံစတမ်း'' လို့ ပြောဆို သဘောတူ ကတိကဝတ်ပြုပြီး တော့ နေကြပြီး အလှည့်ကျတဲ့သမင်က စဉ်းတီတုံးမှာ သွားပြီး အချိန်ကျယင် လည်စင်းနေလိုက်တယ်။ စားဖို သည်ပဲ လာလာ၊ မင်း၊ မင်းချင်းများပဲ လာလာ အဲဒီ သမင်ကို အသာကလေး ခုတ်ထစ်ယူသွားရုံပဲ။

http://www.dhammadownload.com



## ကုန်းရေလေ သတ္တဝါတို့၏ အသက်ကို ကယ်တင်သော အလောင်းတော် နိဂြောဓ သမင်မင်း

ဤ နည်းဖြင့်လာခဲ့လို့ တစ်နေ့သောအခါ သမင်မကလေးတစ်ကောင်ရဲ့ အလှည့် ကျလာခဲ့တယ်။ သာခသမင်မင်းရဲ့ အုပ်ထဲက နက်ဖြန်ခါ ဒီသမင်မကလေးရဲ့ အလှည့်ကျတယ် ဆိုရင်ပဲ သူမမှာ (ဗိုး) မျိုးရှိလို့ သမင်မကလေးက သာခသမင်မင်းကို ''ကျွန်တော်မရဲ့ အလှည့်ကို ကျော်ပေးလိုက်ပါ၊ ဒီတလှည့် ကျော်လွှန်ပေးလိုက်လို့ရှိယင် နောက် ကျွန်တော်မကို အကြောင်းပြုပြီး အလှည့်နှစ်ကြိမ် ရနိုင်ပါတယ်''၊ ဒီလို ပြောတဲ့အခါ သာခသမင်မင်းက ''မတတ်နိုင်ဘူး၊ ကိုယ့်အလှည့်ကိုယ်ခံ''လို့ ဆိုတော့ ဒီသမင်မကလေး ကြံရာမရလို့ ဘုရားအလောင်း နိဂြောဓ သမင်မင်းထံသွားပြီး ''မိမိမှာ သန္ဓေမျိုးစေ့ (ဗိုး) ရှိနေလို့ အလှည့်ကို လွှန်ပေးပါ၊ ကျော်ပေးပါ'' လို့ တောင်းပန်တဲ့အခါ အလောင်းတော်နိဂြောဓသမင်မင်းက ''ကောင်းပြီ၊ သင့်အလှည့်ကို ငါပဲ ယူမည်'' ဆိုပြီးတော့ နောက်တစ်နေ့ မိုးသောက်အချိန်ရောက်တဲ့အခါ ဘုရားအလောင်း နိဂြောဓသမင်မင်းကိုယ်တိုင် သွားပြီးတော့ စဉ်းတီတုံးမှာ လည်စင်းခံနေတယ်။

စားပိုသည် ထမင်းချက် ...များက သမင်ယူဖို့လာတဲ့အခါ နေ့တိုင်း နေ့တိုင်း အခြားအခြားသမင်တွေ လည်စင်းခံပါလျက်ကနဲ့ ဘေးမဲ့ပေးထားတဲ့ နိဂြောဓ သမင်မင်းလည်စင်းခံနေတယ်၊ အင်မတန်အကြောင်းထူးတယ်၊ ပြည့်ရှင်မင်းကြီးကို ပြန်လျှောက်မှပဲ လို့ စဉ်းစားပြီး

http://www.dhammadownload.com



စားဖို့သည်က မင်းကြီးအားပြန်လျှောက်ထားလို့ ဗာရာဏသီမင်းကြီး မင်းခမ်းမင်းနားနဲ့ လိုက်ပါလာပြီး ရောက်တဲ့အခါ နိဂြောဓသမင်မင်းကို ''အသင့်အား ငါ ဘေးမဲ့ ပေး ထား ပါ လျက် နဲ့ အဘယ့်ကြောင့် အသင်က စဉ်းတီတုံးလာပြီး လည်စင်းနေရတာလဲ'' လို့ မေးတဲ့အခါ အလောင်းတော် သ မ င် မင်း က ''အလှည့်ကျတဲ့ သမင်မကလေးမှာ သန္ဓေမျိုးစေ့ (ဇီး) ရှိပါတယ်၊ ဒီတော့ သမင်မကလေးက ခိုကိုးရာမဲ့ဖြစ်လို့ ကျွန်ုပ်ထံလာပြီး သူ့အလှည့်ကို ကျော် ပေး ပါလို့ တောင်းပန်ချက်အရ သူ့အတွက် အလှည့်ကျတဲ့ သေဘေးကို အခြားသမင်တစ်ကောင်အပေါ် ချပေးဖို့လဲ မလျော်သောကြောင့် သူမရဲ့ အသက်ကို အကျွန်ုပ်၏ အသက်နဲ့လဲပြီး ကယ်ဆယ်ပါတယ်'' လို့ ဆိုတဲ့အခါ ဗာရာဏသီမင်းတရားက ''အသင်ကဲ့သို့ သဘောထားကြီးတဲ့ပုဂ္ဂိုလ် လူ့ပြည်လောကမှာတောင် မရှိပါဘူး၊ ယနေ့မှ စပြီး အသင်နှင့်တကွ သန္ဓေမျိုးစေ့ (ဇီး)ရှိတဲ့ သ မင် မက လေး အား ပါ ဘေးမဲ့ ပေးပါ၏'' လို့ ပြောတယ်။

ဒီတော့ အလောင်းတော်က ''ကျွန်ုပ်တို့ နှစ်ကောင် အား ဘေးမဲ့ပေးလျှင် ကျန်တဲ့ သမင်တွေအားကော ဘယ်လိုတုံး'' လို့ မေးတဲ့အခါ မင်းကြီးက ''ကျန်တဲ့ သမင်တွေအားလဲ ဘေးမဲ့ပေးပါ၏'' လို့ ပြောတယ်။ ''ဒါဖြင့် ဒီဉယျာဉ်ထဲက သမင်တွေအား ဘေးမဲ့ပေးလျှင် တောထဲမှာ နေကြတဲ့ သမင်တွေအားကော ဘယ်လို တုံး''လို့ မေးတဲ့အခါ မင်းကြီးက ''တောထဲက သမင် တွေအားလဲ ဘေးမဲ့ပေးပါ၏''လို့ ပြောတယ်။ ''ဒါဖြင့်

http://www.dhammadownload.com



သမင်တွေကိုသာ ဘေးမဲ့ပေးသလား၊ သမင်မှကြွင်းကျန်တဲ့ ခြင်္သေ့တို့၊ သစ်တို့၊ ကျားတို့၊ ဒရယ်တို့၊ ဂျီ(ချေ)တို့၊ စိုင်တို့ဆိုတဲ့ ကျွန်ုပ်တို့သမင်မျိုးမှ ကြွင်းကျန်တဲ့ အခြေလေးချောင်း သားအပေါင်းကော'' လို့ ဆိုတော့ အခြေလေးချောင်း သားအပေါင်းအားလဲ ဘေးမဲ့ပေးပါတယ်''လို့ ဆိုတယ်။

''ဒါဖြင့် အခြေလေးချောင်း သားအပေါင်းတွေအားတော့ ဘေးမဲ့ပေးပါပြီ၊ အခြေနှစ်ချောင်းရှိတဲ့ ငှက်တွေတော့ကော ဘယ့်နှယ်လုပ်မည်တုံး'' လို့ ဆိုတော့ ''အခြေနှစ်ချောင်းရှိတဲ့ ငှက်တွေအားလဲပဲ ဘေးမဲ့ပေးပါ၏''လို့ ဆိုတော့ ''သားတွေ ငှက်တွေအား ဘေးမဲ့ပေးတာတော့ ဟုတ်ပါပြီ၊ ရေမှာကျက်စားတဲ့ ရေသတ္တဝါများအားတော့ ဘယ့်နှယ် လုပ်မည်တုံး'' ဆိုတော့ ''အေး၊ ရေမှာကျက်စားတဲ့ ရေသတ္တဝါများအားလဲ ဘေးမဲ့ပေးပါ၏'' လို့ ကုန်းနေ ရေနေ ကောင်းကင်နေ သတ္တဝါတွေအား ဘေးမဲ့ပေးတယ်။ ဘေးမဲ့ပေးတယ်ဆိုတာ တကယ်ပေးတာ၊ အဲဒီဗာရာဏသီမင်းလက်ထက်မှာ ကုန်းနေ ရေနေ ကောင်းကင်နေ သတ္တဝါ ဘယ်သတ္တဝါကိုမှ မသတ်ဖြတ်ရဘူး။

အဲဒီလို မသတ်မဖြတ်ရပဲနဲ့ ကုန်းနေသတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်းကင်နေ သတ္တဝါ အကုန်လုံး ဘေးမဲ့ရတဲ့အခါ လူတွေ စိုက်ပျိုးထားတဲ့ ကောက်ပဲသီးနှံတွေကို သမင်တွေက မသိလို့ ဝင်စားတဲ့အခါ လူတွေက ''ခက်လှချေရဲ့၊ ပြည့်ရှင်မင်းကြီးကလဲ ကုန်းနေ၊ ရေနေ သတ္တဝါတွေအား ဘေးမဲ့ပေးထားတယ်၊ ဒီသမင်တွေကလဲ ငါတို့ရဲ့ လုပ်ခင်း

http://www.dhammadownload.com



ကိုင်တာတွေ လာပြီး ဝင်ရောက် စားသောက်ကြတယ်’’ လို့ လူတွေ ပြောဆို စိတ်ဆင်းရဲတဲ့ သတင်းကို ဘုရား အလောင်း နိဂြောဓသမင်မင်း ကြားတဲ့အခါအလောင်း တော်ကသမင်တွေကို စည်းဝေးပြီး ‘‘လူတွေရဲ့ လုပ်ခင်း ဆောင်တာထဲမှာ ဝင်ပြီး မစားကြနဲ့’’ လို့ အမိန့်ပေးပြီး လူများရဲ့ လုပ်ခင်းမှန်းသိဖို့ရန် လူများအား ‘‘မိမိတို့ ယာခင်း ၄-ထောင့်၌ တိုင်စိုက်၍ ထန်းရွက် ဆွဲ ထား ရန် ငါတို့ ကြေညာမယ်၊ ထောင့် ၄-ထောင့်၌ တိုင်စိုက်၍ ထန်းရွက်ဆွဲထားလို့ရှိလျှင် ၎င်းအတွင်းမှာရှိတဲ့ အသီး အနှံကို ဘယ်သမင်မှ မစားရဘူး လို့ ဩဝါဒပေးတယ်။ လူတွေကိုလဲ ‘‘မိမိတို့ရဲ့ လုပ်ခင်း လယ်ယာတွေကို ဆင်းဆင်းရဲရဲအပင်ပန်းခံပြီး ဝင်းထရံခတ်မနေကြပါနဲ့၊ ဆူးကာမနေကြပါနဲ့။ ထောင့် ၄-ထောင့်မှာ တိုင် ၄-တိုင်စိုက်ပြီး တစ်တိုင် တစ်တိုင်လျှင် ထန်းရွက် တစ်ရွက် တစ်ရွက်သာ ဆွဲထားကြပါ၊ ဘယ်သမင်မှ မစားစေရပါဘူး’’ ဆိုတာ လူ့ပြည်လောကမှာ ကြေး ကြော်စေတယ်။

ဤကဲ့သို့ အလောင်းတော် ဘဝ ကတည်းကိုယ်က ကိုယ်တော့ အသက်နဲ့လဲပြီး ကုန်းနေ ရေနေ လေနေ သတ္တဝါတွေရဲ့ အကျိုးကို သယ်ပိုးကျင့်ကြံတော်မူခဲ့လို့ အဲဒီ ဂုဏ်ကျေးဇူးတွေကို-

အနာထာနဥ္စ သော နာထော၊
ဘယာနံ အဘယံကရော။

ကာ္ဍ ဗဟူနံ ဆေတာ၊
သုခေတာ စက္ကဝတ္တကော။ ။

တာကီယအကြိုမ်

http://www.dhammadownload.com



သော=ထို လူသုံးပါးတို့၏ဆရာ မြတ်စွာဘုရားသည်။ အနာထာနံ = ကိုးကွယ်ရာမဲ့သူ သတ္တဝါမိုလ်လူတို့၏။ နာထော စ=ကိုးကွယ်ရာစင်စစ် ဖြစ်လည်း ဖြစ်တော်မူပါပေ၏။ ဘယာနံ=ဘေးရောက်လာသူ သတ္တဝါမိုလ်လူတို့၏ ။ အဘယံကရော စ=ဘေးလွတ်ရန်အမှု ပြုလည်းပြုတော်မူပါပေ၏။ ဗဟူနံ=များစွာကုန်သော သတ္တဝါတို့၏ ။ ကဉ္စ=ယုံမှားကာင်္ခါ အရာရာကိုလည်း။ ဆေတာ = အမြစ်ပြတ် အောင် ဖြတ်တော်မူတတ်ပါပေ၏။ သုခေတာ = လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာတရား ပွားစီးလေ အောင် ရွက်ဆောင်တော် မူတတ်ပါပေ၏။ စက္ခုဝတ္တကော = နေ့စဉ်လေးနက် မွေစက်ကို ဟောမြွက်လှည့်ခြွေ လည်စေတော်မူပါပေ၏။

လို့ ရှေးဆရာတော်များ ဂါထာဖွဲ့သီ ချီးကျူးတော်မူခဲ့ကြပါတယ်။

အရှင် ကုမာရကဿပမထေရ်က မိမိရဲ့ အတိတ်ဇာတ်ကြောင်း ပြန်ပြီး ပြောဆိုတဲ့အခါမှာ—

သာခမိဂတြဇော ဟုတွာ၊
မိဂိယာ ကုစ္ဆိ+မောက္ကမိံ။

သာခမိဂတြဇော = သာ ခ သ မင် မင်း ရဲ့ သားသည်။ ဟုတွာ=ဖြစ်၍။ မိဂိယာ=သမင်၏ ။ ကုစ္ဆိံ= ဝမ်းသို့။ ဩက္ကမိံ= သက်ရောက်ခဲ့ရလေပြီ။

တဒါ မယိ ကုစ္ဆိဂတေ၊
ဝဇ္ဈဝါရော ဥပဋ္ဌိတော။
သာခေန စတ္တာ မေ မာတာ၊
နိဂြောဓံ သရဏံ ဂတာ။ ။

http://www.dhammadownload.com



သဟဓမ္မိကာ=သီတင်းသုံးဖော် အို-သံဃာတော်တို့။ တဒါ=ထိုသို့ သာခသမင်မင်းရဲ့သား ဖြစ်စဉ်ဘဝ၌။ မယိ=ငါသည်။ ကုဋ္ဋိဂတေ=အမိဝမ်းခေါင်းကိန်းအောင်းလတ်သည်ရှိသော်။ ဝဓ္ဈာဝါရော=ငါ့မိခင်အား သတ်ဖို့ရန်အတွက် အလှည့်အကြိမ်သည်။ ဥပဋ္ဌိတော = တည်ခဲ့ရောက်ခဲ့လေပြီ။ (ဆိုခဲ့ပြီးတဲ့အတိုင်း မိခင်ဖြစ်တဲ့ သမင်မကလေးမှာ အသတ်ခံရဖို့အလှည့်အကြိမ်ရောက်လာတော့ သာခသမင်မင်းထံသွားပြီး တောင်းပန်လို့ မရတဲ့ အကြောင်းကို) မေ=ငါ၏။ မာတာ=မိခင်ဖြစ်တဲ့ သမင်မသည်။ သာခေန=သာခသမင်မင်းက။ စတ္တာ=စွန့်ပယ်အပ်သည်ဖြစ်၍။ နိဂြောဓံ=နိဂြောဓ သမင်မင်းသို့။ သရဏံ=ကိုးကွယ်လည်းလျောင်း ပုန်းအောင်းရာသို့။ ဂတော=ဆည်းကပ်ခဲ့လေပြီ။

တေန သာ မိဂရာဇေန၊
မရဏာ ပရိမောစိတာ။
ပရိစ္စဇိတွာ သပါဏံ၊
မမေ+ဝံ ဩဝဒီ တဒါ။ ။(*)

ဘောန္တော=သီတင်းသုံးဖော် အို-သံဃာတော်တို့။ တေန မိဂရာဇေန=ထိုနိဂြောဓသမင်မင်းသည်။ သပါဏံ=မိမိအသက်ကို။ ပရိစ္စဇိတွာ=စွန့်လှူ၍။ သာ=ထို ငါ၏ မယ်တော်ဖြစ်တဲ့သမင်မကို။ မရဏာ=သေဘေးမှ။ ပရိမောစိတာ=လွှတ်စေအပ်ခဲ့လေပြီ။ တဒါ=ထိုအချိန်အခါက။ (မာတာ=ငါ့မိခင် သမင်မသည်)။ မံ=ငါ့ကို။ ဧဝံ=ဤသို့။ ဩဝဒီ=ဆုံးမခဲ့ဖူး

(*) အပဒါန် ၂၊ ၁၂၆ မျက်နှာ။

http://www.dhammadownload.com



လေပြီ။ (အဲဒီလို အရှင်ကုမာရကဿပ ဖြစ်လာတဲ့ အခါ ကိုယ်တော်ဟ အပဒါန်ကိုပြန်ပြီး ပြောက်ထား တယ်။)

အဲဒီ သမင်ဘဝတုန်းက ကုန်းနေ ရေနေ လေနေ သတ္တဝါတွေအား ဘေးမဲ့ပေးစေပြီး နိဂြောဓ သမင်မင်း က ဗာရာဏသီမင်းတရားအား ရာဇဓမ္မဆယ်ပါး တရား များဟောပြီး တစ်ရက်နှစ်ရက်လောက်ပဲ မင်းဥယျာဉ်၌ နေ၍ တောထဲ ပြန်သွားတယ်။ တောထဲရောက်တော့ သမင်မကလေးက အလွန်လှတဲ့ သမင်ကလေး မွေးဖွား လာပြီး သမင်ကလေးက သာခသမင်အုပ်ထဲ သွားသွား ကစားတဲ့အခါ မိခင်ဖြစ်သူ သမင်မကလေးက သား သမင်ကလေးကို—

နိဂြောဓ မေဝ သေဝေယျ၊
န သာခ+မုပသံဝသေ။
နိဂြောဓသ္မိံ မတံ သေယျော၊
ယဉ္စေ သာခမှိ ဇီဝိတံ။ ။(*)

တာတ=ချစ်သား။ နိဂြောဓမေဝ=နိဂြောဓသမင် မင်းကိုသာလျှင်။ သေဝေယျ= မှီဝဲဆည်းကပ်ရာ၏။ သာခံ = သာခ သမင်မင်းကို။ န ဥ ပ သံ ဝ သေ= မမှီဝဲမဆည်းကပ်ရာ။ နိဂြောဓသ္မိံ = နိဂြောဓသမင် မင်း၏ အထံ၌။ မတံ = စုတိပြတ်ကြွေ သေရခြင်း သည်။ သေယျော=ချီးမွမ်းအပ် မြတ်လှပါပေ၏။ သာခမှိ = သာခသမင်မင်းအထံ၌။ ဇီဝိတံ=အသက် ရှည်တွေ တည်နေရခြင်းသည်။ ယဉ္စေ=မမြတ်ရာ

(*) အပဒါန် ၂။ ၁၂၆ မျက်နှာ။ ဇာတက ၁၊ မျက်နှာ ၄။

http://www.dhammadownload.com



လို့ အမေဖြစ်တဲ့ သမင်မက သားသမင်ကလေးကို ဤကဲ့သို့ ဆုံးမခဲ့ဖူးတယ်။

## အရှင်ကုမာရကဿပ၏ ပဋိသန္ဓေ

အဲဒီလို နိဂြောဓသမင်မင်း တည်းဟူသော မိတ်ဆွေကောင်းကို ပေါင်းသင်း ဆည်းကပ်မိကြရတဲ့အတွက် သမင်အုပ်ကြီး တစ်အုပ်လုံး ဒုစရိုက်မှု တွေ ကင်း ပြီး ထိုဘဝက စုတေတဲ့အခါ နတ်ပြည် ရောက်ကြတယ်။ နတ်ပြည်မှ တစ်ဖန် ကဿပမြတ်စွာ သာသနာခေတ်၌ လူ့ပြည်မှာ ဖြစ်၊ ရဟန်းပြု၍ တောင်ထိပ်၌ ရဟန်းတရား အားထုတ်လို့ တရားအထူးမရပဲ အကျွန်ုပ်တို့၏ မြတ်စွာဘုရား သာသနာခေတ်ရောက်တော့ ထိုသမင်မလေးသည် ရာဇဂြိုဟ်ပြည်မှာလာပြီး သူဌေးသမီးကလေး လာဖြစ်တယ်။

ထို အမျိုးသမီးကလေးရဲ့ အဇ္ဈတ္တသန္တာန် မှာ အရဟတ္တဖိုလ်ရဲ့ဥပနိဿရည်း ပစ္စည်းအထောက်အပံ့က အိုးထဲမှာ ဆီမီး ညှိထွန်းထားသလို ရဲရဲတောက်ရှိနေတော့ အသက်အရွယ် ငယ်စဉ်ကပင်—

အမ္မတာတာ မယှံ ဃရာဝါသေ စိတ္တံ နာ+ ဘိရမတိ (*)။ အမ္မတာတာ=မိခင် ဖခင် အို–ကျေးဇူးရှင်တို့။ မယှံ = အကျွန်ုပ်၏။ စိတ္တံ = စိတ်သည်။ ဃရာဝါသေ = အိမ်ရာတည်ထောင် လူတို့ဘောင်၌။ နာ+ဘိရမတိ=မမွေ့လျော်ပါ။

အဟံ နိယျာနိကေ ဗုဒ္ဓသာသနေ ပဗ္ဗဇိတုကာမာ၊ ပဗ္ဗာဇေထ မံ။ အဟံ=သမီးသည်။ နိယျာနိကေ=သံသရာ

(*) ဇာ၊ ဋ္ဌ၊ ၁၊ ၁၆၂–မျက်နှာ။

http://www.dhammadownload.com



ဝင့်မှ ထွက်မြောက်ရာဖြစ်သော။ ဗုဒ္ဓသာသနေ=ဘုရားမြတ်စွာ သာသနာ၌။ ပဗ္ဗဇိတုကာမာ=ရှင်ရဟန်းပြုလိုပါ၏။ မံ=သမီးကို။ ပဗ္ဗာဇေထ=ရှင်ရဟန်းပြုပေးကြပါ။

(အဲဒီလို သူ့ မိခင် ဖခင် သူဌေးကြီး သူဌေးကတော်ကြီးများကို ခွင့်တောင်းစကား ပြောကြားတယ်။

ဒီလို တောင်းပန်တဲ့အခါ မိ ဘ နှစ်ပါးက ဘာပြောသလဲ ဆိုတော့—

အမ္မ ကိံ ဝဒေသိ= သမီး၊ ဘယ့်နှယ် ပြောလိုက်တာလဲ။

ဣဒံ ကုလံ ဗဟု ဝိဘဝံ= ဤ ငါတို့အိမ်ဟာ စည်းစိမ်ဉစ္စာ အင်မတန်များတယ်။

တွဉ္စ အမှာကံ ဧကဓီတာ။ သမီးကလဲပဲ ငါတို့ရဲ့ အဖို့ရာ ဒီသမီးတစ်ယောက်တည်း ရှိတာ။

န လဗ္ဘာ တယာ ပဗ္ဗဇိတုံ။ တယာ = သင်ချစ်သမီးသည်။ ပဗ္ဗဇိတုံ = ရှင် ရ ဟန်း ပြု ခြင်း ငှာ။ န လဗ္ဘာ=မရနိုင်။

(ဘယ့်နှယ် ပြောလိုက်တာလဲ သမီးရယ်၊ ဒီအိမ်ဟာ စည်းစိမ်ဉစ္စာတွေ အင်မတန်များတယ်၊ အခြားအမွေခံရယ်လို့ မရှိဘူး၊ ငါတို့မှာ သမီးတစ်ယောက်ထဲရှိတယ်၊ ဒီတော့ ဘယ်လိုနည်းနဲ့မှ ရဟန်းပြုခွင့် မရနိုင်ပါဘူး) လို့ မိဘနှစ်ပါးတို့က ပြောတဲ့အခါ သမီးလိမ္မာလေးဝိဝိ—

ဟောတု ပတိကုလံ ဂတာ သာမိကံ အာရာဓေတွာ ပဗ္ဗဇိဿာမိ။ ဟောတု=ရှိပစေ။ ပတိကုလံ ဂတာ= အရှင်သခင် လင်၏ အိမ် သို့ ရောက် မှ။ သာမိကံ=အရှင်ဖြစ်သူ လင်ယောကျ်ားကို။ အာရာ—

http://www.dhammadownload.com



စေတွာ= နှစ်သိမ့်စေ၍။ ပဗ္ဗဇိဿာမိ = ရဟန်းပြု ဖြစ်အောင် ငါပြုပေအံ့။

(ကိုင်း.... မိဘနှစ်ပါး စိတ်ဆင်းရဲအောင် ငါ အတင်းအကြပ် မပြောတော့ဘူး၊ အရှင်သခင် လင်အိမ် ရောက်မှပဲ လင်ယောကျ်ားကို ကျေနပ်အောင် ခွင့်ပန် ပြောဆိုပြီးမှ ရဟန်းပြုတော့မယ်လို့ ဒီအကြံနဲ့ နေခဲ့ တယ်။)

အရွယ်ရောက်လို့ သူဌေးသား တစ်ယောက် အိမ်မှာ ရောက်တဲ့အချိန် ဘစ်နေ့သဥ္ဆ ရာဇဂြိုဟ်ပြည်မှာ ပွဲလမ်း အကြီးအကျယ်ခံကြတယ်။ ရာဇဂြိုဟ် တစ်ပြည်လုံး အုတ် အုတ်ကျက်ကျက် ယောကျ်ား မိန်းမ ရှိရှိသမျှ ဝတ်ကြ ဆင်ကြ ဖြိုးကြ လိမ်းကြ ပြင်ကြ သကြတယ်။ အဲဒီလို ပြင်ကြ သကြတဲ့ အထဲမှာ ဒီသူဌေးမကလေး တစ် ယောက်ကဖြင့် မပြင် မဆင် မသပဲ ပကတိသူ့အနေ့နဲ့ သူ့အိမ်မှာသူ ရိုးရိုးကလေး နေတော့ အရှင်သခင် လင်ယောကျ်ား သူဌေးကဲလေးက—

ဘဒ္ဒေ သကလ နဂရံ နက္ခတ္တနိဿိတံ၊ တွံ ပန သရီရံ နပ္ပဋိဇဂ္ဂသိ။ ဘဒ္ဒေ = နှမ။ သကလနဂရံ= တစ်မြို့လုံးသည်။ နက္ခတ္တနိဿိတံ = ပွဲလမ်းသဘင် နက္ခတ်ကိုမှီ၍နေ၏။ တွံ ပန=သင်နှမကား။ သရီရံ= မိမိကိုယ်ကို။ နပ္ပဋိဇဂ္ဂသိ = မပြု မပြင် မဆင် မသပါ တကား—

## သူဌေးမကလေး၏ သံဝေဂ

တစ်မြို့လုံးဟာ ပွဲစိတ်လမ်းစိတ်နဲ့ နေကြတယ်၊ ဖြိုးကြ လိမ်းကြ ပြင်ကြ ဆင်ကြဖြစ်ပါလျက် နှမက ဘာပြုလို့

http://www.dhammadownload.com



ကိုယ့်ကိုယ်ကို မပြင် မဆင် မသပါသတုန်းလို့ အရှင်သခင် သူဌေးကလေးက ပြောတော့ သူဌေးမကလေးက–

အယျပုတ္တ ဒွတ္တိံသာယ မေ ကုဏပေဟိ ပူရိတံ သရီရံ၊ ကိံ ဇုမိနာ အလက်တေန။ အယျပုတ္တ=အရှင့်သား။ မေ=ကျွန်တော်မ၏။ သရီရံ= ကိုယ်သည်။ ဒွတ္တိံသာယ ကုဏပေဟိ= သုံး ဆယ့် နှစ် ပါး သော အ ကော င် ပုပ် တို့ ဖြင့်။ ပူရိတံ=ပြည့်၍ နေပါ၏။ အလက်တေန = တန်ဆာဆင်အပ်သော။ ဇုမိနာ = ဤကိုယ်ကောင်ဖြင့်။ ကိံ= အ ဘ ယ် အ ကျိုး ရှိ ပါ အံ့နည်း။

ဤသို့ အစရှိသည်ဖြင့် သူမရဲ့ပြောပုံကို အဋ္ဌကထာ၌ ပါဠိလို ဂါထာလို ဖော်ပြထားတာဟာ စာတစ်မျက်နှာ ကျော်ကျော်ရှိတယ်၊ သူမရဲ့ သံဝေဂ စကားတွေ "ဒီ နေရာမှာ အခွင့်ရတာပဲ" ဆိုတဲ့ အနေနဲ့ သူမရတဲ့ သံဝေဂစကားပြေတွေ ဂါထာတွေ များစွာရွတ်ဆိုပြီး ပြောတယ်။

အရှင့်သား ဒီခန္ဓာကိုယ်ဟာ နတ်က ဖန်ဆင်းထားတာ မဟုတ်ဘူး၊ ဗြဟ္မာက ဖန်ဆင်းထားတာ မဟုတ်ဘူး၊ ဒီခန္ဓာကိုယ်ကြီးထဲမှာ အမြိုက်ဆေးတွေ ပြ ည့် နေ တာ မ ဟုတ် ဘူး၊ စင်စစ်က ဒီခန္ဓာကိုယ်ကြီးဟာဖြင့် ၃၂ – ကော ဋ္ဌာ သ တ ည်း ဟူ သော အကောင်ပုပ်တွေနဲ့ ပြည့်နေတာ။ အ ရှင် သား ၃၂–ကောဋ္ဌာသနဲ့ ပြည့်နေတဲ့ ဒီအကောင်ပုပ်ကြီး ကို တန်ဆာဆင်နေလို့ ဘာအကျိုးရှိမည်လဲ။ ဒီလို ၃၂–ကောဋ္ဌာသ အပုပ်တွေနဲ့ ပြည့်နေတဲ့ ဒီကိုယ်ကို

http://www.dhammadownload.com



တန်ဆာဆင်ခြင်းဟာဖြင့် မစင် အညစ် အကြေးတို့ ပြည့်နေတဲ့ အိုးကြီးကို အပြင်က နေပြီး ပန်းချီ ဆေးခြယ်တာနဲ့ အတူတူပဲ မဟုတ်လား စသည်ဖြင့် သူမက အကျယ်တဝင့် သံဝေဂစကား ပြောခဲ့တယ်။

## အဂ္ဂနိမ ပြုလုပ်ခြင်း၊

အဲဒီလို **သံဝေဂစကား** ပြောကြတဲ့အခါ သူဌေးသားက–

ဘဒ္ဒေ တွံ ဇူမယ သရီရယ ဇူမေ ဒေါသေ ပဿမာနာ ကသ္မာ န ပဗ္ဗဇသိ။ ဘဒ္ဒေ=ရှင်မ။ တွံ=သင်သည်။ ဇူမယ သရီရဿ=၏ ကိုယ်ကောင်၏။ ဇူမေ ဒေါသေ=၏ အပြစ် ဒေါသတို့ကို။ ပဿမာနာ=မြင်ပါလျက်။ ကသ္မာ = အဘယ့်ကြောင့်။ န ပဗ္ဗဇသိ= ရဟန်းမပြုသနည်း။

(ခင်ဗျားဟာ ခန္ဓာကိုယ်ပေါ်မှာ ဒါလောက်တောင် အပြစ်မြင်နေပါလျက် ဘာပြုလို့ ရဟန်းမပြုတုန်း လို့ မေးတယ်)။

ထိုအချိန်၌ ရာဇဂြိုဟ်ပြည် ဂယာသီသ တောအုပ်မှာ ရှင်ဒေဝဒတ်က မြတ်စွာဘုရားနဲ့ ဂိုဏ်းခွဲပြီး ကျောင်း တိုက် သီးခြားတည်ထောင်နေတယ် ဆိုတဲ့အချက်ကိုလဲ သတိပြုထားရပါမယ်။ ထိုအခါ သူဌေးမကလေးက –

အယျပုတ္တ အဟံ ပဗ္ဗဇ္ဇံ လဘမာနာ အဇ္ဇေဝ ပဗ္ဗဇေယျံ။ အယျပုတ္တ=အရှင့်သား။ အဟံ=ကျွန်တော်မ သည်။ ပဗ္ဗဇ္ဇံ = ရဟန်းပြုခွင့်ကို။ လဘမာနာ = ရပါမူ။ အဇ္ဇေဝ=**ယ**နေ့ပင်။ ပဗ္ဗဇေယျံ=ရဟန်းပြုလိုပါတယ်။

http://www.dhammadownload.com



(အရှင့်သား တကယ်လို့များ ရဟန်းပြုခွင့် ပေးမည်ဆိုလျှင် ယနေ့ပင် ရဟန်းပြုလိုပါတယ်၊ ရဟန်းပြုပါရစေ လို့ ခွင့်တောင်းတယ်)။

သူဌေးသားကလေးကလဲပဲ-

သာဓု အဟံ တံ ပဗ္ဗာဇေဿာမိ။ ဘဒ္ဒေ=ရှင်မ။ သာဓု=ကောင်းပြီ။ အဟံ= ငါသည်။ တံ=သင့်ကို။ ပဗ္ဗာဇေဿာမိ=ရှင်ရဟန်းပြုပေး ပေအံ့။

ဤကဲ့သို့ ပြောပြီး ထိုနေ့မှာပင် တခြားလူတွေ ပျော်ပွဲရွှင်ပွဲ သွားကြတဲ့အထဲမှာ သူဌေးမကလေးကို ကြီးစွာသော အခမ်းအနား အဆောင်အယောင်ဖြင့် ဘိက္ခုနီမကျောင်းတိုက်သို့ သွားပို့တယ်၊ ပို့တဲ့ ကျောင်းတိုက်က ဒေဝဒတ်ရဲ့ အသင်းအပင်းဝင် ဘိက္ခုနီမတွေ ထံမှောက်သွားရောက်ပို့ပြီး ဘိက္ခုနီမကလေး ပြုပေး တယ်။ ဘိက္ခုနီမကလေး ဖြစ်နေပြီ၊ သို့သော် သူ့မှာ မသိခဲ့တဲ့ အကြောင်းတစ်ခုက ရှိပုံက လူ့ဘဝမှာ နေစဉ်ကာလ ကလလ ရေကြည် သန္ဓေမျိုးစေ့ ရှိခဲ့တယ်။

ဘိက္ခုနီမကလေးလဲပဲ လူ့ဘဝတုန်းက သူရဲ့ သန္ဓေမျိုးစေ့ရှိခဲ့တာကို သူမသိဘဲနဲ့ ဘိက္ခုနီဘောင် ရောက်လာတဲ့အခါ တဖြည်း တဖြည်း ကလလ ရေကြည် သန္ဓေမျိုးစေ့က ထင်ရှားလာတဲ့အခါ အဖော်ဘိက္ခုနီမများက ထိုဘိက္ခုနီမငယ်ကို-

အယျေ တွံ ဂဗ္ဘိနီ ဝိယ ပညာယသိ၊ ကိံ ဧတံ။ ရှင်မသင်သည် ကိုယ်ဝန်ရှိသကဲ့သို့ ထင်ရ၏၊ ဤအခြင်းအရာက ဘယ့်နှာလဲ''လို့ မေးကြတဲ့အခါ ဘိက္ခုနီမငယ်လေးက-

http://www.dhammadownload.com



''အယျေ ဇာဒံ နာမ ကာရဏန္တိ န ဇာနာမိ၊ သီလံ ပန မေ ပရိပုဏ္ဏံ။ အရှင်မတို့ ဒီဟာ ဘာအကြောင်းရယ်လို့ ကျွန်တော်မ မသိဘူး၊ ကျွန်တော်မအဖို့ရာ သီလကတော့ ပြည့်စုံပါတယ်''လို့ ပြန်ပြောတယ်။

ထိုအခါ ထိုဘိက္ခုနီမငယ်ကို အဖော်ဘိက္ခုနီများက ရှင်ဒေဝဒတ်အထံ ခေါ်ဆောင်သွားကြပြီး ရှင်ဒေဝဒတ်ကို—

အယျေ အယံ ကုလဓီတာ ကိစ္ဆေန သာဓိကံ အာရာဓေတွာ ပဗ္ဗဇ္ဇံ လဘိ၊ ဇာဒါနိ ပန+ဿာ ဂဗ္ဘော ပညာယတိ၊ မယံ ဇာမဿ ဂဗ္ဘဿ ဂိဟိကာလေ ဝါ ပဗ္ဗဇိတကာလေဝါ လဒ္ဓဘာဝံ န ဇာနာမ၊ ကိံ ဒါနိ ကရောမ။

အရှင် ဤအမျိုးသမီးဟာ ပင်ပန်းစွာဖြင့် အရှင်သခင်လင်ယောကျ်ားကို ကျေနပ်စေပြီး ရဟန်းအဖြစ်ကို ရယူခဲ့ရှာပါတယ်၊ ယခုတော့ ဤအမျိုးသမီးမှာ သန္ဓေကိုယ်ဝန် ထင်ရှားလာပါတယ်၊ တပည့်တော်မတို့သည် ဤကိုယ်ဝန်ကို လူဖြစ်စဉ်ကရခဲ့တာ ဟူ၍လည်းကောင်း, ရဟန်းဖြစ်မှရခဲ့တာ ဟူ၍လည်းကောင်း ကွဲကွဲပြားပြား မသိကြပါ။ ကိုင်း ယခု ဘယ်လို လုပ်ကြမည် လဲ ဟု လျှောက်ထားကြလေ၏။

ရှင်ဒေဝဒတ်သည် မိမိကိုယ်တိုင်က ဘုရားသဗ္ဗညု မဟုတ်သည့်တကြောင်း, သည်းခံ ချစ်ခင် သနားခြင်း အလျဉ်းမရှိသည်က တကြောင်းတို့ကြောင့်—

ဒေဝဒတ္တပက္ခိကာ ဘိက္ခုနီ ကုဿိနာ ဂဗ္ဘံ ပရိ-ဟာရတိ၊ ဒေဝဒတ္တော စ တံ အဇ္ဈုပေက္ခတိ ယေဝါတိ

http://www.dhammadownload.com



မယှံ ဂရဟာ ဥပ္ပဇ္ဇိဿတိ၊ မယာ ဣမံ ဥပ္ပဗ္ဗာဇေတုံ ဝဋ္ဋတိ။

ဒေဝဒတ်ရဲ့ အသင်းဝင် ဘိက္ခုနီမ တစ်ယောက် ကိုယ်ဝန် ရှိနေသတဲ့၊ ဒေဝဒတ်က လဲ ထိုကိစ္စကို လျစ်လျူရှုနေသတဲ့လို့ ငါ့အား ကဲ့ရဲ့မှု ဖြစ်လာ လိမ့်မည်၊ ငါသည် ဤဘိက္ခုနီမငယ်ကို လူထွက်စေမှ သင့်လျော်တော့မည်။

ဤကဲ့သို့ ကြံစည်ပြီး ရှင်ဒေဝဒတ်သည် ကျောက်တုံး ကြီးကိုလှိမ့်ချလိုက်သလို အရေးတကြီး မစူးမစမ်း မဆင် ခြင်ပဲ—

ဂစ္ဆထ, ဣမံ ဥပ္ပဗ္ဗာဇေထ၊ သွားကြ ဤဘိက္ခုနီမကို လူဝတ် လဲပေးလိုက်ကြဟု အမိန့်ပေးလေတော့သည်။ ထိုဘိက္ခုနီမတို့လဲ ဒေဝဒတ်၏ စကားကို နားထောင်ပြီး နေရာမှထကြ၍ ဘိက္ခုနီမကျောင်းသို့ ပြန်သွားကြလေ သည်။

ထိုနောက် ဘိက္ခုနီမငယ်သည် အဖော် ဖြစ်သော ဘိက္ခုနီမတို့ကို—

အယျေ န ဒေဝဒတ္တတ္ထေရော ဗုဒ္ဓေါ၊ နာပိ မယှံ တဿ သန္တိကေ ပဗ္ဗဇ္ဇာ၊ လောကေ ပန အဂ္ဂ- ပုဂ္ဂလဿ သမ္မာသမ္ဗုဒ္ဓဿ သန္တိကေ မယှံ ပဗ္ဗဇ္ဇာ။ သာ စ ပန မေ ဒုက္ခေန လဒ္ဓါ၊ မာ နံ အန္တရဓာပေထ၊ ဧထ မံ ဂဟေတွာ သတ္ထု သန္တိကံ ဇေတဝနံ ဂစ္ဆထ။

အရှင်မတို့ ရှင်ဒေဝဒတ် မထေရ်သည် သဗ္ဗညု ဘုရား မဟုတ်ပါ၊ ကျွန်တော်မလဲ ရှင်ဒေဝဒတ်၏ အထံ၌ ရဟန်းပြုခြင်း မဟုတ်ပါ၊ အမှန်မှာ လောက ၌ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူတဲ့ မြတ်စွာဘုရား

http://www.dhammadownload.com



အထံတော်မှာသာ ကျွန်တော်မ ရဟန်း ပြုခဲ့ခြင်း ဖြစ်ပါတယ်။ အထူးပြောလိုတာက ကျွန်တော်မအဖို့ ထိုရဟန်းအဖြစ်ကို ခဲခဲယဉ်းယဉ်း ရခဲ့တာပါ၊ ထို ခဲယဉ်းစွာရတဲ့ ရဟန်းအဖြစ်ကို အလွယ်နှင့် မကွယ် ပပါစေလင့်။ လာကြပါ၊ ကျွန်တော်မကို ခေါ် ဆောင်၍ ဘုရားရှင့်ထံ ဇေတဝန်ကျောင်းတော်သို့ ပို့ပေးကြပါ= သွားကြပါစို့’’ဟူ၍ ပြောဆိုတယ်။

ထို အဖော်ဘိက္ခုနီတို့သည် ထိုဘိက္ခုနီမငယ်ကို ခေါ်ဆောင်၍ ရာဇဂြိုဟ်မှ ၄၅-ယူဇနာဝေးကွာသော ခရီးကို လွန်မြောက်၍ အစဉ်သဖြင့် သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ရောက်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ ထိုအကြောင်းကို လျှောက်ထားကြလေသည်။

## ဘိက္ခုနီမလေး၏ ကိုယ်ဝန် အဆုံးအဖြတ်

ထိုအခါ မြတ်စွာဘုရား စဉ်းစား ဆင်ခြင်တော်မူ သည်မှာ–

''ကိဉ္စာပိ ဂိဟိကာလေ ဧတိဿာ ဂဗ္ဘော ပတိဋ္ဌိတော၊ ဧဝံ သန္တေပိ သမဏော ဂေါတမော ဒေဝဒတ္တေန ဇဟိတံ အာဒါယ စရတိတိ တိတ္ထိယာနံ ဩကာသော ဘဝိဿတိ၊ တသ္မာ ဣမံ ကထံ ပစ္ဆိန္ဒိတုံ သရာဇိကာယ ပရိသာယ မဇ္ဈေ ဣမံ အဓိ- ကရဏံ ဝိနိစ္ဆိတုံ ဝဋ္ဋတိ။

(ဤ ဘိက္ခုနီလေး၏ ကိုယ်ဝန်ကား လူ့ဘဝတုန်း ကပင် တည်ခဲ့သည်မှန်သော်လည်း ရဟန်း ဂေါတမ သည် ဒေဝဒတ်က စွန့်လိုက်သော ဘိက္ခုနီကို ကောက် ယူ၍ လှည့်လည်သွားလာဘိ၏’ ဟု သာသနာပြင်ပ

http://www.dhammadownload.com



တိတ္ထိတို့က ပြောရန် အခွင့်ဖြစ်ပေလိမ့်မည်၊ သို့ရကား ဤကဲ့ရဲ့ စကားပြတ်အောင် မင်းနှင့်တကွသော ပရိသတ် အလယ်၌ ''ဤ အဓိကရဏ်းကို ဆုံးဖြတ်မှ သင့်တော့ မည်'' ဟု ဆင်ခြင်စဉ်းစားတော်မူပြီး နောက်တစ်နေ့မှာ ပသေနဒီကောသလမင်းကြီး၊ မ ဟာ အ နာ ထ ပိဏ် သူဌေး၊ စူဠအနာထပိဏ် သူဌေး၊ ဝိသာခါကျောင်း အမကြီးမှစ၍ အခြား အခြား ထင်ရှားသော အမျိုး ကြီးများကို ခေါ်စေတော်မူပြီး ညနေချမ်းအခါမှာ ပရိသတ် လေးပါး စုံညီလျှင် အရှင်ဥပါလိမထေရ်ကို–

ဂစ္ဆ တွံ စတုပရိသမဇ္ဈေ ဇုမိဿာ ဒဟရဘိက္ခု– နိယာ ကမ္မံ သောဓေဟိ။

ဥပါလိ = ချစ်သားဥပါလိ။ ဂစ္ဆ = သွားပါချေ။ တွံ=သင်ချစ်သားသည်။ စတုပရိသမဇ္ဈေ = ပရိသတ် လေးပါး အလယ်၌။ ဇုမိဿာ ဒဟရဘိက္ခုနိယာ= ဤ ရဟန်း မိန်းမငယ်ကလေး၏။ ကမ္မံ=အမှုကို။ သောဓေဟိ = စောကြောသုတ်သင် စင်ကြယ်စေ လော့။ ဤသို့ မိန့်တော်မူသည်။

အရှင်ဥပါလိ မထေရ်ကလည်း 'သာဓု ဘန္တေ= ကောင်းပါပြီ မြတ်စွာဘုရား'' ဟု လျှောက်ထားကာ ပရိသတ် အလယ်သို့ကြွ၍ မိမိနေရာ၌ ထိုင်ပြီး ကောသလ မင်းကြီး၏ ရှေ့မှောက်၌ ဝိသာခါ ဥပါသိကာမကြီး ကို ခေါ်စေပြီးလျှင်–

''ဂစ္ဆ ဝိသာခေ၊ အယံ ဒဟရာ အသုကမာသေ အသုကဒိဝသေ ပဗ္ဗဇိတာတိ တတော ဥ္တွာ ဇုမဿ ဂဗ္ဘဿ ပုရေ ဝါ ပစ္ဆာ ဝါ လဒ္ဓဘာဝံ ဇာနာဟိ။

တတိယအကြိမ်

http://www.dhammadownload.com



(ဝိသာခါ ဒါယိကာမကြီး သွားပါ၊ ဤ ဘိက္ခုနီမကလေးသည် ဤမည်သော လ ဤမည်သော နေ့၌ ရဟန်းဖြစ်သည် ဟု အမှန်အတိုင်း သိအောင်မေးပြီး သကာလ ဤ ကိုယ်ဝန်သားကို ရဟန်းမဖြစ်မီ ရှေးကရသည်။ ရဟန်းဖြစ်ပြီး နောက်မှ ရသည် ဆိုတာကို သိအောင်စုံစမ်းပါ'' ဟူ၍ အမှုအခင်းကို အပ်နှင်းလေသည်။

ဝိသာခါ ကျောင်းအမကြီးကလည်း ''ကောင်းပါပြီ'' ဟု ဝန်ခံ၍ တင်းတိမ် ကန့်လန့်ကာကို ကာရံစေပြီး တင်းတိမ်အတွင်း၌ ဘိက္ခုနီမငယ်၏ လက်၊ ခြေ၊ ချက်၊ ဝမ်းပိုက်အဆုံး စသည်တို့ကို သေချာစွာ ကြည့်ရှုပြီး လ ရက်တို့ကို နှိုင်းချိန်စဉ်းစား၍ လူဖြစ်စဉ်ကာလက ကိုယ်ဝန်သား ရခဲ့ကြောင်း အမှန်အတိုင်း သိ၍ ဥပါလိမထေရ်ထံ သွားရောက်ပြီး ထိုအကြောင်းကို လျှောက်ထားလေသည်။ မထေရ်သည် ပရိသတ် လေးပါး၏ အလယ်၌ ''လူဖြစ်စဉ်က ရခဲ့သောကိုယ်ဝန်ဖြစ်သောကြောင့် ဤ ဘိက္ခုနီမကလေးရဲ့ ရဟန်းအဖြစ်ဟာ အပြစ်မရှိဘူး'' လို့ ရဲရဲတောက် ဆုံးဖြတ်တော်မူခဲ့တယ်။

## ကုမာရကဿပကို မွေးဖွားခြင်း (*)

မြတ်စွာဘုရားက ''သုဝိနိစ္ဆိတံ အဓိကရဏံ=အဓိကရဏ်းကိုဖြင့် ကောင်းကောင်းကြီး ဆုံးဖြတ်အပ်ပါပေတယ် လို့ သာဓု ကောင်းချီး ပေးတော်မူပြီး အဲဒီ ဘိက္ခုနီမငယ်ကို သာဝတ္ထိပြည် တွင်း က ဘိက္ခုနီမ

(*) မွေပဒ ဋ္ဌ၊ ၂။ ၉၂+၉၃-မျက်နှာ စသည်၊

http://www.dhammadownload.com



ကျောင်းတိုက်သို့ ပို့စေ၍ အချိန်ကျတဲ့အခါ ငွေစင်ရုပ်တုနဲ့တူတဲ့ သူငယ်ကလေးကို မီးရှူးသန့်စင် ဖွားမြင်ခဲ့တယ်။ အဲဒီလို သူငယ်ကလေး မွေးဖွားပြီးလို့ တစ်ချိန်မှာ ပသေနဒီကောသလမင်းကြီး ဘိက္ခုနီမ ကျောင်းတိုက်နားက ဖြတ်သန်းသွားတဲ့အခါ ကလေးငိုသံကြားလို့ ''ဒါ ဘာသံလဲ'' လို့ မေးတဲ့အခါ ''တစ်နေ့တုန်းက အပြေအရှင်းခံရတဲ့ ဘိက္ခုနီမကလေးရဲ့ သားကလေး ငိုသံပါ'' လို့ ဆိုတော့–

''အင်း ဘိက္ခုနီမတွေရဲ့ ကြားထဲမှာ ကလေးရှိနေယင် ပလိဗောဓ ကြောင့်ကြမှုတွေ များနေတော့မယ်၊ အဲဒီကလေးကို နန်းတော်ပို့လိုက်'' ဤကဲ့သို့ အမိန့်ထုတ်၍ မင်းချင်းများလွှတ်ပြီး နန်းတော်သို့ ခေါ်ဆောင်ခဲ့တယ်။

နန်းတော်မှာ အထိန်းတော်များ ထိန်းသိမ်းစောင့်ရှောက်လို့ အရွယ်တော်တော်လေး ကြီးလာတဲ့အခါ ကလေးချင်း ရန်ဖြစ်ကြလို့ ဒီကလေးက နိုင်တဲ့အခါ ရှုံးတဲ့ကလေးများက–

**နိမ္မာတာပိတိကေန+မှာ ပဟဋ္ဌာ။ မယ်=ငါတို့ကို။ နိမ္မာတာပိတိကေန=မိဖမဲ့သားက။ ပဟဋ္ဌာ = ပုတ်ခတ်အပ်ကုန်သည်။ အမှာ=ဖြစ်ကုန်၏ လို့ ပြောကြတဲ့အခါ ထို ကုမာရကဿပ သူငယ်က မင်းကြီးထံ ချဉ်းကပ်ပြီး–**

ဒေဝ မံ နိမ္မာတာပိတိကောတိ ဝဒန္တိ၊ မာတရံ မေ အာစိက္ခထ။ ဒေဝ=အရှင်မင်းကြီး။ မံ=အကျွန်ုပ်ကို။ နိမ္မာတာပိတိကောတိ=မိဘမဲ့သားဟူ၍။ ဝဒန္တိ=ပြောဆိုကြကုန်၏။ မေ=အကျွန်ုပ်၏။ မာတရံ=မိခင်ကို။ အာစိက္ခထ= ပြောကြားကြပါကုန်။

http://www.dhammadownload.com



(ကောသလမင်းကြီးကို ခမည်းတော်ဟု အမှတ်ထားပြီး ''ခမည်းတော်ဘုရား အကျွန်ုပ်ကို ဒိဘမဲ့သားလို့ ပြောကြပါတယ်။ ကျွန်ုပ်၏မယ်တော်ဟာ ဘယ်သူလဲလို့ ပြောကြပါလို့ မေးတဲ့အခါ မင်းကြီးကအထိန်းတော်များကို ညွှန်ပြပြီး)—

ဣမာ တေ မာတရော။ သူတို့ဟာ သင့်မယ်တော်တွေပဲလို့ ပြောတဲ့အခါ သူငယ်က—

န ဧတ္တကာ မေ မာတရော၊ ဧကာယ မေ မာတရာ ဘဝိတဗ္ဗံ။ ခမည်းတော်....၊ကျွန်ုပ်ရဲ့ မယ်တော်တွေဟာ ဒါလောက် မများနိုင်ပါ။ ကျွန်ုပ်၏ မယ်တော်ဟာ တစ်ဦးတည်းသာ ဖြစ်ရပါမယ်။

တံ မေ အာစိက္ခထ=ကျွန်ုပ်ရဲ့ မယ်တော်ကို ပြောပြကြပါလို့ဆိုတော့၊ ကောသလမင်းကြီးက— ''န သက္ကာ ဣမံ ဝဥ္စေတုံ။ အင်း ဒီကလေးကို လိမ်လို့မရဘူး'' (အဲဒီလို ဆင်ခြင်မိတယ်)။

## ကဇလေး၏သံဝေဂ

အဲဒီလို ဆင်ခြင်ပြီး ကောသလမင်းကြီးက ''တာတ တဝ မာတာ ဘိက္ခုနီ၊ တွံ မယာ ဘိက္ခုနုပဿယာ အာနီတော။ တာတ = ချစ်သား။ တဝ = သင်၏။ မာတာ = မွေးမိခင် ကျေးဇူးရှင်ကား။ ဘိက္ခုနီ= ဘိက္ခုနီမပေတည်း။ တွံ= သင် ချစ် သား ကို။ မယာ= ငါသည်။ ဘိက္ခုနုပဿယာ = ဘိက္ခုနီမကျောင်းမှ။ အာနီတော=ဆောင်အပ်ခဲ့ပြီ''လို့ အမှန်အတိုင်း ပြောလိုက်တဲ့အခါ—

http://www.dhammadownload.com



၁၂-နှစ်သားအရွယ် အဲဒီကလေးကလေးက ဒီစကား ကြားရတာနဲ့- 'အင်း ငါ့ရဲ့ဘဝ ဖြစ်စဉ် အလွန် ကြောက်လန့်ဖွယ်ပါတကား'' လို့ သံဝေဂအကြီး အကျယ်ရပြီးတော့- တာတ မံ ပဗ္ဗာဇေထ။ တာတ= ခမည်းတော်ဘုရား။ မံ=အကျွန်ုပ်ကို။ ပဗ္ဗာဇေထ= ရှင်ရဟန်းပြုပေးကြပါလို့ တောင်းပန်စကား လျှောက် ထားတဲ့အခါ ပသေနဒီကောသလမင်းကြီးက-

''သာဓု တာတ=ကောင်းပြီ ချစ်သား''လို့ ဝန်ခံပြီး မင်းသားတို့ အဆောင်အယောင် အစီးအနင်း ဖြင့် ကြီးစွာသော အခမ်းအနားဆင်ယင်၍ ဒီကဿပသူငယ် ကို ဘုရားကျောင်းတော်သွားပြီး ရှင်ပြုပေးတယ်။

## ကုမာရကဿပ အမည်တွင်ခြင်း

ဒီသူငယ် ကျောင်းရောက်တော့ ရှင်ဖြစ်၊ အသက် နှစ်ဆယ် ရောက်တဲ့အခါ ရဟန်းဖြစ်တယ်၊ သို့ပေမင့် သူ့အဖို့ရာ မဂ်ဖိုလ်မရသေးဘူး၊ စာလဲသင်တယ်၊ ရဟန်း တရားလဲ အားထုတ်တယ်၊ အချိန်မကျသေးတော့ မဂ် ဖိုလ်မရသေး။ အဲဒီမှာ ''ကုမာရကဿပ''လို့ ခေါ်ရ တဲ့အကြောင်းက-

ဘုရားကျောင်းတော် ရောက်လို့ ကိုရင်ကလေး ဖြစ်တဲ့အခါ မြတ်စွာဘုရားက ''ကဿပံ ပက္ကော-သထ=ကဿပကို ခေါ်လိုက်စမ်း'' လို့ ဆိုတဲ့အခါ ဣဒံ ခါဒနီယံ ဝါ ဖလံ ဝါ ကဿပဿ ဒေထ= ဒီခဲဖွယ်လေး ကဿပအား ပေးလိုက်ကြစမ်း၊ ဒီ သစ်သီးလေးကို ကဿပအား ပေးလိုက်ကြစမ်း'' လို့ မြတ်စွာဘုရားက သနားတဲ့အနေနဲ့ ကလေး

http://www.dhammadownload.com



ကို မှန့်ပေးတဲ့အနေ အပေးခိုင်းတဲ့အခါ အခိုင်းခံရသူတို့က ''ကတရကဿပဿ=အဘယ်ကဿပအား ပေးရမည်လဲဘုရား'' လို့ ပြန်လျှောက်ကြတယ်၊ ဒီအခါ မြတ်စွာဘုရားက ''ကုမာရကဿပဿ=ကဿပအငယ်အား ပေးလေ'' အဲဒီလို ကုမာရကဿပ ကုမာရကဿပ လို့ မိန့်တော်မူတဲ့အတွက် ဒီကိုရင် ဒီရဟန်းငယ်၏ အမည်ဟာ ''ကုမာရကဿပ'' လို့ အမည်တွင်တယ်။ တစ်နည်းအားဖြင့် ပသေနဒီကောသလမင်းကြီးက မင်း သား တို့ ရဲ့ အဆောင်အယောင်ဖြင့် ကြီးပွားစေအပ်တဲ့အတွက် ကုမာရကဿပ လို့ ခေါ်တွင်တယ်။

အဲဒီ ကုမာရကဿပ ရဟန်းငယ် အန္ဓဝန် တောအုပ်၌ တရားအလုပ် အားထုတ်နေသည်ကို သင်္ဂါယနာတင် အရှင်မြတ်တို့က–

တေန ခေါ ပန သမယေန=ထိုသို့ မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း ကိန်းအောင်းမွေ့လျော် နေတော်မူသောအခါ၌။ အာယသ္မာ ကုမာရကဿပေါ= အရှင်ကုမာရကဿပ ရဟန်း သည်။ အန္ဓဝနေ=အကန်းတော၌။ ဝိဟရတိ=တရားအလုပ်ကို အားထုတ်နေတော်မူ၏ လို့ တရားနိဒါန်း ပျိုးပေးတော်မူကြပါတယ်။

### အန္ဓဝန်တော အမည်ရပုံ ဝတ္ထု၊

ဒီတောကို ''အန္ဓဝန=အကန်းတော'' လို့ ခေါ်ရတဲ့အကြောင်း ဝတ္ထုကား–

ကဟိယအဖြစ်

http://www.dhammadownload.com



မြတ်စွာဘုရားက သက်တော်ရှည်တဲ့ဘုရား၊ သက်တော်တိုတဲ့ဘုရား လို့ နှစ်မျိုးရှိတယ်။ အကျွန်ုပ်တို့ရဲ့ အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားကျတော့ အသက်တော်က အနှစ် ၁၀၀-တစ်ရာတမ်းမှာ ပွင့်တော်မူတာဖြစ်လို့ အသက်တော်တိုတယ်၊ ဘုရားကို ဖူးမြော်လိုက်ရတဲ့ ဝေနေယျထက် မဖူးမြော်လိုက်ရတဲ့ ဝေနေယျက များတယ်၊ ဒါကြောင့် သက်တော်တိုတဲ့ အကျွန်ုပ်တို့ရဲ့ မြတ်စွာဘုရားကျတော့ "ငါ့ကို ဖူးမြော်လိုက်ရတဲ့ ဝေနေယျထက် မဖူးမြော်လိုက်ရတဲ့ ဝေနေယျက များသောကြောင့် နောင်အနာဂတ်၌ ထိုထိုအရပ်မှာ ငါ၏ ဓာတ်တော်များကို စေတီ ပုထိုး တည်ထား၍ ဝေနေယျများ ဖူးမြော်ရစ်ကြစေ၊ နတ်ရွာလမ်းကြောင်း ပွင့်ကြစေ" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပရိနိဗ္ဗာန် စံတော်မူတဲ့အခါ ကိုယ်တော်ရဲ့ ဓာတ်တော်များ အစိတ်စိတ် အမြွာမြွာကွဲဖို့ ရန် အဓိဋ္ဌာန်တော်မူခဲ့တယ်။

## ကဿပမြတ်စွာဘုရား စေတီတော်

သက်တော်ရှည် ဘုရားများကျတော့ ပရိနိဗ္ဗာန်စံလို့ တေဇောဓာတ်မီး လောင်တယ်ဆိုယင် ဓာတ်တော်ဟာ တစ်ဆုတည်း တစ်လုံးတည်းပဲ ကျွင်းတယ်၊ ပုဆိန်နဲ့ ပေါက်ခွဲလို့လဲ မကွဲဘူး အဲဒီလို သက်တော်ရှည်တဲ့ မြတ်စွာဘုရားထဲမှာ အင်း ကဿပမြတ်စွာဘုရားဟာ အနှစ် နှစ်သောင်းတန်းမှာ ပွင့်တော်မူတယ်။ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူတဲ့အခါ တေဇောဓာတ်မီး လောင်ကျွမ်းပြီး တစ်ဆုတည်းသော ဓာတ်

http://www.dhammadownload.com



တော်ကြီးကို တစ်ဆူ တည်းသော ရွှေစေတီတည်ဖို့ရန် အတွက် တိုင်းသူ ပြည်သားတွေ စည်းဝေးတိုင် ပင်ကြတဲ့အခါ တချို့က (၇) ခုနစ် ယူဇနာ အကျယ် အမြင့်ရှိတဲ့ ရွှေသား စေတီတော်ကြီး တည်ဖို့ အကြံပြု ကြတယ်။ ဟိုတစ်ဖက် လူအများက ''ဒါ အတည်တော့ လွယ် တယ်၊ နောင် ပြင် ဖို့ ခက် တယ်'' ဆိုပြီး (၆)ခြောက် ယူဇနာ အကျယ်အမြင့်ရှိတဲ့ ရွှေ သား စေတီတော်ကြီး တည်ဖို့အဆိုပြုကြ၊ တစ်ချို့က (၅) ငါး ယူဇနာ၊ တချို့က (၄) လေးယူဇနာ၊ တချို့က (၃) သုံးယူဇနာ၊ တချို့က (၂) နှစ်ယူဇနာ အလျား+အနံ၊ အမြင့်ရှိတဲ စေတီတည်ရန် အဆိုပြုကြတယ်၊ နောက်ဆုံး မှာ တစ်မျက်နှာ တစ်မျက်နှာလျှင် တစ်ယူဇနာ တစ်ယူ ဇနာ၊ အကျယ်အမြင့် တစ်ယူဇနာ ရွှေစေတီကြီး တည်ဖို့ အားလုံးသဘောတူ ဆုံးဖြတ်ချက်ချကြတယ်။

အဲ့ဒီလို တစ်ယူဇနာစီ လေးမျက်နှာ အလျား ရှိ၍ အမြင့် တစ်ယူဇနာ ရှိသော ရွှေစေတီကြီး တည်ကြဖို့ သဘောတူကြပြီး လေးမျက်နှာ တာဝန် ချကြတဲ့အခါ တစ်မျက်နှာအတွက် ပြည့်ရှင်မင်းကြီးက တာဝန်ယူတယ်၊ တစ်မျက်နှာအတွက် ပထဝိန္ဓြ မင်းသားက တာဝန် ယူ တယ်၊ တစ်မျက်နှာအတွက် မင်းမှုထမ်းတို့ ကိုယ်စား စစ်သေနာပတိက တာဝန်ယူတယ်၊ ကျန်တဲ့ တစ်မျက်နှာ အတွက် တိုင်းသူ ပြည်သားတို့ ကိုယ်စား သူဌေးကြီး က ခေါင်းဆောင်ပြီး တာဝန်ယူတယ်။

ထိုသို့ တာဝန်လုပ်ငန်း ခွဲခြမ်းပြီးသကာလ တစ်မျက် နှာလျှင် တစ်ယူဇနာစီအပြန့်ကျယ်၍ အမြင့် တစ်ယူဇနာ

http://www.dhammadownload.com



မြင့်သော ရွှေသား စေတီတော်ကြီး တည်တဲ့နေရာမှာ အပြင်ဘက်က အုတ်တစ်ချပ်လျှင် ကျပ်ငွေ တစ်သိန်း တစ်သိန်းစီ တန်သတဲ့၊ အတွင်းဘက်က အုတ်တစ်ချပ် တစ်ချပ်လျှင် ကျပ်ငွေ ငါးသောင်း ငါးသောင်းစီ တန်တယ်လို့ အဆိုရှိတယ်။ အဲဒီလို လေးမျက်နှာ တာဝန် အသီးသီးယူကြတဲ့အနက် မင်းကြီးအတွက်၊ မင်းသား အတွက်၊ စစ်သေနာပတိ အတွက်၊ ဒီ သုံးမျက်နှာက မင်းကလဲပြည့်စုံ၊ မင်းသားကလဲပြည့်စုံ၊ စစ်သေနာပတိ ကလဲ ပြည့်စုံလို့ သူတို့သုံးမျက်နှာအတွက်က ဘယ်ကိုမှ သွားပြီး အလှူခံဖို့ မလိုဘူး။

## ယသောဓရ နိဗ္ဗာန်ဆော်

တိုင်းသူပြည်သားတွေအတွက် တာဝန်ကျတဲ့ သူဌေး ဘက်မျက်နှာက ပစ္စည်းက မပြည့်စုံတော့ အလှူခံ လှည့် လည်ရတယ်၊ အလှူခံ လှည့်ရပုံက အလှူခံမယ့် နိဗ္ဗာန်ဆော် ရွေးချယ်တဲ့အခါ အဲဒီ ခေတ် တုန်း က "ယသောဓရတ" (တစ်နည်း) "ယသောဓရ" လို့ ခေါ်တဲ့ ပိဋကတ် သုံးပုံဆောင်အနာဂါမ်အရိယာ ဥပါသကာ တစ်ယောက်ရှိတယ်၊ အဲဒီဥပါသကာက "ဗုဒ္ဓဝေယျာဝစ္စ ဆိုတာ လွန်စွာ ပြုရခဲပါတယ်၊ အနယ်နယ် အရပ်ရပ် လှည့်ပြီး တရားဟော အလှူခံဖို့ ကျွန်ုပ် တာဝန်ယူပါ တယ်"ဆိုပြီးတော့ ပဉ္စင်္ဂရစ် ဇနပုဒ် အမြို့မြို့အရွာရွာ လှည့်လည်ပြီး-

"လူအများတို့ ကဿပမြတ်စွာဘုရားရဲ့ တစ်ဆူ တည်းသောဓာတ်တော်ကို စေတီတည်မလို့၊ ကိုယ် တတ်နိုင်ရာ ရွှေတတ်နိုင် ဘတ်နိုင်၊ ငွေတတ်နိုင်၊ တတ်

http://www.dhammadownload.com



နိုင်၊ဆန်ဆီ တတ်နိုင်၊ တတ်နိုင်၊ မိမိတို့ တတ်နိုင်ရာ လှူကြ''လို့ လိုက်ပြီး နိဗ္ဗာန်ဆော်ပြလုပ်တယ်။

ထိုအခါ တချို့က ရွှေလှူကြ၊ တချို့က ငွေလှူကြ၊ တချို့က ဆန် ဆီ လှူကြနဲ့ တတ်နိုင်သမျှ လှူကြတယ်၊ အဲဒီ လှူသမျှ ဘာမှမကျန်အောင် စေတီတည်တဲ့ နေရာသို့ရောက်အောင် သူပို့ပေးတယ်၊ အဲဒီလို ပို့ပေးလို့ ကဿပ မြတ်စွာဘုရားရဲ့ ဓာတ် တော် ကိန်း တည် ရာ ရွှေစေတီကြီး တည်ပြီးတဲ့အခါ သူ ဌေး ကြီး ထံ က ''စေတီတော်တည်ပြီးပြီ၊ ပြည့်စုံပြီ၊ ဆ ရာ ကြီး ပြန်ခဲ့ တော့'' အဲဒီလို သူဌေးထံက ပေး လိုက် တဲ့ စာ....၊ ယသောဓရ နိဗ္ဗာန်ဆော်ကြီးကလဲ ''ဘာမှ အားမငယ်ကြနဲ့၊ ကျွန်ုပ်ဇမ္ဗူဒိပ် တစ်ကျွန်းလုံး အနှံ့ပဲ လှည့်မယ်၊ ရောက်တဲ့နေရာက မပြတ်မလပ်ပို့မယ်'' လို့ ပေးလိုက်တဲ့ စာသဝဏ်၊ အဲဒီလို အပြန်အလှန် စာသဝဏ်ပေးကြရာ သူဌေးပေးလိုက်တဲ့ စာသဝဏ်အရ ဘုရားစေတီ တည်ပြီး ကြော င်း သိ ရ ၍ နိဗ္ဗာန်ဆော်ကြီး ဝမ်းမြောက် ဝမ်းသာ မိမိရောက်ရာအရပ်က ဘုရားစေတီ တည်တဲ့ နေရာသို့ ပြန်အလာ လမ်းခရီးအကြား ခိုးသားငါးရာ နေထိုင်တဲ့ တောအုပ်သို့ ရောက်တယ်။

ခိုးသားငါးရာက ဆရာကြီးကို တွေ့တယ်ဆိုလျှင်ပဲ ''ဆရာကြီး ဇမ္ဗူဒိပ်တစ်ကျွန်းလုံး လှည့်ခဲ့တာ ကျွန်ုပ်တို့အား တန်သလောက် ပေးရမည်'' လို့ အရေးဆိုကြတယ်၊ ထိုအခါ ဆရာကြီးက ''အမောင်တို့သိတဲ့အတိုင်းပဲ၊ ကျွန်ုပ်ဟာ ကိုယ်ကျိုးအတွက် အလှူခံတာ မဟုတ်ပါဘူး၊ ဘုရားစေတီတည်ဖို့ အလှူခံတာပါ၊ ရတဲ့ရွှေ၊ ရတဲ့ငွေများကို အဲဒီရတဲ့ နေရာကနေပြီး စေတီတည်တဲ့

http://www.dhammadownload.com



နေရာသို့ ကျွန်ုပ် ပို့လိုက်ပါတယ်၊ (အနာဂါမ်သည် ရွှေငွေကို မသာယာဘူး)၊ မောင်တို့ရှာလိုက ရှာကြပါ၊ မြင်ကြတဲ့အတိုင်း ကျွန်ုပ်ရဲ့ကိုယ်မှာ ဝတ်ထားတဲ့ အဝတ်အစားကလွဲယင် ဘာမှ မပါရှိပါဘူး''၊ အဲဒီလို ဆိုတဲ့အခါ ရှာဖွေကြတယ်၊ ရှာဖွေကြတဲ့အခါ ဆရာကြီး ပြောတဲ့အတိုင်းပဲ အဝတ်အစားသာ ပါတယ်၊ ဘာမှ မပါရှိတော့ ''ဆရာကြီး ပြောတာ ဟုတ်တယ်ဟေ့၊ ဆရာကြီးကို လွှတ်လိုက်ကြပါ'' လို့ တချို့ခိုးသား များက ပြောတော့ တချို့ ခိုးသား များ က ''ဟင်း လွှတ်လို့မဖြစ်ဖူး၊ ငါတို့ မျက်နှာ တွေ ကို သူမှတ်မိနေတယ်၊ ဒီဆရာကြီးက မင်းအကြည်ညိုခံရတဲ့ ဆရာကြီး၊ အင်မတန် မျက်နှာ ကြီး တွေ က ကြည်ညိုတဲ့ ဆရာကြီးဖြစ်တော့ မြို့ထဲမှာ ငါတို့ကို မြင်လို့ရှိယင် အဲဒီလူတွေဟာ လူဆိုးတွေပဲလို့ ပြောလို့ရှိယင် ကေန်မုချ ငါတို့မှာ အန္တရာယ် ရောက်ကြလိမ့်မယ်၊ ဒီတော့ ဆရာကြီးကို မလွှတ်နိုင်ဘူး'' လို့ အဲ့ဒီလို ပြောကြတဲ့အခါ–

ဆရာကြီးက ''ကိုင်း မပြောပါဘူးကွာ၊ ငါ့ကို လွှတ်ကြပါ'' လို့ တောင်းပန်တယ်။ ဟိုလူတွေက ''မလွှတ်နိုင်ဘူး ဆရာကြီး'' လို့ဆိုကြတော့ ဆရာကြီးက ''ငါ ဘယ်လိုနည်းနဲ့မှ မင်းတို့ကို မပြောပါဘူး'' လို့ သာယာညွတ်ပျောင်း တောင်းပန်တယ်။ တောင်းပန်တာက သေဘေးကြောက်လို့ တောင်းပန်တာ မဟုတ်ဘူး၊ (ဆရာကြီးက အနာဂါမ်အရိယာ ဖြစ်လို့ သေရမှာ မကြောက်ပါဘူး)၊ သူတို့ အန္တရာယ် ရောက်မှာစိုးလို့ တောင်းပန်တာ။ ဒါပေမဲ့ သူ တို့ အ ချင်း ချင်း

http://www.dhammadownload.com



လွှတ်သင့် မလွှတ်သင့် မဲခွဲတဲ့အခါ မလွှတ်သင့်ဘက်က မဲများပြီး ဆရာကြီးမှာ ဒီနေရာတွင်ပဲ ရေတိမ်နစ်သွားတယ်=အသတ်ခံရတယ်။ ဆရာကြီး အသတ်ခံရတော့ အဲဒီ ခိုးသားငါးရာတို့ဟာ ဒီနေရာမှာပဲ ဆီမီးတောက်ကြီး ဝန်းကနဲ ငြိမ်းသွားသလို ခိုးသားငါးရာတို့ရဲ့ မျက်လုံးတွေ အကုသိုလ်ကံကြီးထိုက်ပြီး ဒီ တောအုပ်ထဲမှာပဲ ငါးရာစလုံး မျက်စိတွေ ကွယ်ကုန်ကြတယ်။

တချို့ မျက်မမြင်များကို ဆွေများ မျိုးများက မြို့ထဲ ပြန်ခေါ်သွားကြတယ်၊ ဆွေမရှိ မျိုးမရှိ မျက်မမြင်များသာ တောထဲမှာ စုဖြိုး နေကြတယ်။ ထိုစဉ်က တောထဲကို ထင်းခုတ် ထင်းခွေ သွားကြ သူများ တောလဲက ပြန်လာလို့ "သင် ဘယ်က ပြန်လာသလဲ" မေးလျှင် အန္ဓဝန=အကန်းတောက ပြန်လာတယ်၊ အကန်းတောသွားတယ်" လို့ ပြောတဲ့စကားကို အစွဲပြုပြီးတော့ အဲဒီ တောအုပ်ဟာ ကဿပမြတ်စွာ သာသနာ နောက်ပိုင်းကစပြီး ဒီဘုရားရဲ့ သာသနာခေတ် ရောက်ခအောင် "အန္ဓဝန = အကန်းတော" လို့ အမည်တွင်ခဲ့တယ်။

## အရှင်ကုမာရကဿပ တရားအားထုတ်ခြင်း

အဲဒီ အန္ဓဝန် တောအုပ်ဆိုတာ ဇေတဝန်ကျောင်းတိုက်ရဲ့ နောက်နားမှာ တည်ရှိတော့ အလိုရှိတဲ့ အမျိုးကောင်းသားများ တရားအလုပ် အားထုတ်ဖို့ရန်အတွက် အင်မတန် ဆိတ်ငြိမ်တဲ့ နေရာ တောအုပ်ဖြစ်လို့ အဲဒီ တောအုပ်ထဲမှာ အရှင်ကုမာရကဿပ တရားသွားအားထုတ်နေတဲ့အခါ ကဿပမြတ်စွာ သာသနာတော်

http://www.dhammadownload.com



နောက်ပိုင်းတုန်းက အမျိုးကောင်းသား ရဟန်းတော် ခုနစ်ပါး တောင်ပေါ်တက်ပြီး ရဟန်းတရား အားထုတ်ကြတဲ့အတွက် သံဃာ့ မထေရ်ကြီး က သုံး ရက် မြောက်မှာ ရဟန္တာ ဖြစ်တယ်၊ ဒုတိယ အနုမထေရ်က လေးရက်မြောက်မှာ အနာဂါမ်ဖြစ်တယ်။ ကျန်တဲ့အရှင် ငါးပါးတို့က သီလမျှ စင်ကြယ်အောင် သုတ်သင်နိုင်ပြီး အစာရေစာလဲ မရဘဲနဲ့ ပုထုဇန် အဖြစ်ဖြင့်သာ ထိုဘ၀ ကစုတေ လူ့ပြည် နတ်ပြည် သုဂတိ သံသရာလည်ခဲ့လို့ ဒီဘုရား သာ သ နာ ကျ တော့ အဲဒီ ငါးပါးထဲမှာ တစ်ဦးက—

ယခု အရှင်ကုမာရကဿပ ဖြစ်တယ်။
တစ်ဦးက အရှင်ဒဗ္ဗ ဖြစ်တယ်။
တစ်ဦးက ဗာဟိယ ဒါရုစိရိယ ဖြစ်တယ်။
တစ်ဦးက သဘိယ ဖြစ်တယ်။
တစ်ဦးက ပုက္ကုသာတိမင်း ဖြစ်တယ်။

## သူငယ်ချင်း မိတ်ဆွေ စစ်မြဟ္မာကြီး

အဲဒီလို ဒီဘုရား သာသနာမှာ ငါးဦး လာပြီး ဖြစ်ကြတယ်၊ အဲဒီ ငါးပါးထဲမှာ အရှင်ကုမာရကဿပက တစ်ပါး အပါအဝင် ဖြစ်တဲ့အတိုင်း ကဿပမြတ်စွာ သာသနာ နောက်ပိုင်း တရား အားထုတ်ဖက်ဖြစ်တဲ့ သုဒ္ဓါဝါသဘုံသား အနာဂါမ် ဗြဟ္မာကြီး ဖြစ်နေတဲ့ အနုထေရ်က ''ငါရဲ့ သူငယ်ချင်းတွေ ဘယ်မှာ ရောက်နေကြပါလိမ့်မည်လဲ'' လို့ ဆင်ခြင်ကြည့်တဲ့ အခါ ''ငါနှင့်အတူ တရားအားထုတ်ဖော် အားထုတ် ဖက် သူငယ်ချင်းဟာ အရှင်ကုမာရကဿပ အမည်နဲ့

http://www.dhammadownload.com



သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်ရဲ့အနီး အန္ဓဝန် တောအုပ်ကြီးထဲမှာ ရောက်နေပါတကား၊ ငါ့သူငယ်ချင်းအဖို့ မဂ်ဖိုလ်၏ ဉပနိဿရည်း ပစ္စည်းဖြစ်ဖို့ရန် အတွက် ''ဓမ္မပဏ္ဏာကာရ=တရားလက်ဆောင်'' ပြုလုပ်ပြီး ငါ သွားမှပဲ'' အဲဒီလို ကြံ၍ ဗြဟ္မာကြီးဟာ မိမိရဲ့ သုဒ္ဓါဝါသဘုံမှာ နေရင်းက ပြဿနာ ၁၅-ရပ်ကို စီစဉ် တယ်။

ပြဿနာဆိုရာ၌ ''ဘာပြုသလဲ၊ ဘာလုပ်သလဲ'' စသည် မေးမှ အမေးပုစ္ဆာလို့ ယူမှတ် ကြ တယ်။ တစ်နည်းအားဖြင့် ပဟေဠိ ပြောကြပါစို့၊ လျှို့ဝှက်တဲ့ စကားထာ ပြဿနာ ၁၅-ရပ်ကို စဉ်းစားပြီးမှ ငါ့ သူငယ်ချင်းထံ တရားလက်ဆောင်အဖြစ် ယူသွားမယ်၊ ဤသို့ကြံပြီး သန်းခေါင်းယံမှာ အရှင်ကုမာရကဿပ သီတင်းသုံးတဲ့ အန္ဓဝန် တောအုပ်သို့သွား၍ ကောင်း ကင်ကနေပြီး ကိုယ်ရောင်ကို ထွန်းပြတယ်။

**ပဟေဠိပမာ တောင်ပို့ပြဿနာ**

အဲဒီ သုဒ္ဓါဝါသဗြဟ္မာကြီးက ကောင်းကင်ကနေပြီး ဘာပြောသလဲဆိုတော့—

ဘိက္ခု ဘိက္ခု အယံ ဝမ္မိကော ရတ္တိံ ဓူမာယတိ၊ ဒိဝါ ပဇ္ဇလတိ (*) ဘိက္ခု ဘိက္ခု = ရဟန်း အို- ရဟန်း။ အယံဝမ္မိကော = ဤ တောင်ပို့သည်။ ရတ္တိံ = ညဉ့်အခါ၌။ ဓူမာယတိ = အခိုးလွှတ်၏။ ဒိဝါ=နေ့အခါကျတော့။ ပဇ္ဇလတိ=အလျှံတပြောင်

(*) မူလပဏ္ဏာသ ပါဠိတော်၊ စာမျက်နှာ-၁၉၆

http://www.dhammadownload.com



ပြောင် မီးထ၍ တောက်လောင်၏။ (ဒါဟာ ပဟေဠိ စကားထာ ပြဿနာပဲတဲ့)။

ဗြာဟ္မဏော ဝေ+မာဟ။ ဗြာဟ္မဏော = ဆရာပုဏ္ဏားသည်။ ဧဝံ=ဤသို့ အာဟ=မိမိရဲ့ တပည့်အား ပြောကြားလေပြီ။ (ပြောကြားပုံက)-

အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယ။ သုမေဓ= ပညာဉာဏ်ရှိ အို-တပည့်။ သတ္ထံ=ထက်လှစွာသော တူးရှင်းကို။ အာဒါယ=ဆွဲယူ၍။ (တံ ဝမ္မိကံ= ညဉ့်အခါ အခိုးလွှတ်၍ နေ့အခါ၌ အလျှံတောက်တဲ့ ထို တောင်ပို့ကြီးကို။ အဘိက္ခဏ=လေးစိတ် လေးမြွာ ခွဲ၍ တူး၍ ပစ်ပါလော့။ ဣတိ အာဟ= ဤသို့ ပြောဆို၏။

(ဟောင်ပို့ကြီးတစ်ခုရှိတယ်၊ အဲဒီ တောင်ပို့ကြီးက ညဉ့်အခါ အခိုးလွှတ်တယ်၊ နေ့ကျတော့ မီးတွေ ထထ တောက်တယ်၊ ဆရာပုဏ္ဏားက မိမိရဲ့တပည့်ကို ''ပညာဉာဏ်ရှိ အို-တပည့်၊ဒီတောင်ပို့ကြီးဟာ အလွန်ထူးဆန်းတယ်၊ ဒီတော့ ဒီတောင်ပို့ကြီးကို အင်မတန်ထက်တဲ့ တူးရှင်းလက်နက်နဲ့ လေးစိတ်လေးမြွာ ခွဲပစ်စမ်း''လို့ ပြောတယ်)။

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ လင်္ဂိံ။ သုမေဓော=ပညာဉာဏ်ရှိ သူ့တပည့်သည်။ သတ္ထံ = ထက်လှစွာသော တူးရှင်းကို။ အာဒါယ=ဆွဲယူ၍။ အဘိက္ခဏန္တော= မရပ်မနား တူးဆွသည်ရှိသော်။ လင်္ဂိံ=မင်းတုပ် (တံခါးကျည်) ကို။ အဒ္ဒသ = မြင်ရလေပြီ။

http://www.dhammadownload.com



(ဆရာပြောတဲ့အတိုင်း "ကောင်းပြီဆရာ" လို့ ဆိုပြီး ထက်လှစွာသော တူးရှင်းနဲ့ တောင်ပို့ကြီးကို လေးစိတ်လေးမြွာ ခွဲပြီး တအားတူးဆွ လိုက်တဲ့အခါ တောင်ပို့ကြီးထဲက မင်းတုပ် (တံခါးကျည်)ကို သွား မြင်တယ်)။

လင်္ဂီ ဘဒန္တေတိ။ မင်းတုပ်ကြီးဆရာ (လို့ ပြန် ပြောတဲ့အခါ)–

ဗြာဟ္မဏော ဧဝ + မာဟ "ဥက္ခိပ လင်္ဂီ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ" တိ။ ဗြာဟ္မဏော = ဆရာပုဏ္ဏားသည်။ ဧဝံ= ဤသို့။ အာဟ= မိမိရဲ့ တပည့်အား ပြောကြားလေပြီ၊ (ပြောကြားပုံက–

"သုမေဓ= ပညာဉာဏ်ရှိ အို–တပည့်။ လင်္ဂီ= မင်းတုပ်ကို။ ဥက္ခိပ=ဖယ်ရှားပစ်လိုက်လော့။ သတ္ထံ= ထက်လှစွာသော တူးရှင်းကို။ အာဒါယ= ယူ၍။ အဘိက္ခဏ=တစ်ဖန်ဆက်၍ တူးမြဲတူးလေ"။ ဣတိ= ဤသို့။ အာဟ= ပြောကြားလေပြီ။

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ ဥဒ္ဓုမာယိကံ။ သုမေဓော=ပညာဉာဏ်ရှိ သူ့ တပည့်သည်။ သတ္ထံ= ထက်လှစွာသော တူးရှင်းကို။ အာဒါယ= ဆွဲယူ၍။ အဘိက္ခဏန္တော= မရပ်မနား တူးဆွသည် ရှိသော်။ ဥဒ္ဓုမာယိကံ = ဥဒ္ဓုမာယိက အမည်ရတဲ့ဖားကို။ အဒ္ဒသ=မြင်လေပြီ။

ဥဒ္ဓုမာယိကာ ဘဒန္တေတိ၊ ဥဒ္ဓုမာယိကဖားကြီး ဆရာ (လို့ ပြန်ပြောတဲ့အခါ)

http://www.dhammadownload.com



မြာဟ္မဏော ဝေ+မာဟ "ဥက္ခိပ ဥဒ္ဒုမ္ဗရာယိကံ၊ အဘိက္ခဏ သုမေဓ သတ္တံ အာဒါယာ" တိ။ မြာဟ္မဏော = ဆ ရာ ပု ဏ္ဏား သည်။ ဝေ = ဤသို့။ အာဟ=မိမိရဲ့ တပည့်အား ပြော ကြား လေ ပြီ။ (ပြောကြားပုံက)-

"သုမေဓ = ပညာဉာဏ်ရှိ အို - တပည့်။ ဥဒ္ဒုမ္ဗ-ရာယိကံ=ဥဒ္ဒုမ္ဗရာယိကဖားကို။ ဥက္ခိပ= ဖယ်ရှားပစ်လိုက်လော့။ သတ္တံ= ထက်လှစွာသော တူးရှင်းကို။ အာဒါယ=ယူ၍။ အဘိက္ခဏ= တစ်ဖန်ဆက်၍ တူးမြဲတူးလေ။ ဣတိ=ဤသို့။ အာဟ=ပြောကြားလေပြီ။

အဘိက္ခဏန္တော သုမေဓော သတ္တံ အာဒါယ အဒ္ဒသ ဒွိဓာပထံ။ သုမေဓော = ပညာဉာဏ်ရှိ သူ့သည်။ သတ္တံ = ထက်လှစွာသော တူးရှင်းကို။ အာဒါယ=ဆွဲယူ၍။ အဘိက္ခဏန္တော = မရပ်မနား တူးဆွသည်ရှိသော်။ ဒွိဓာပထံ = လမ်းနှစ်မြွာကို။ အဒ္ဒသ=မြင်ရလေပြီ။

ဒွိဓာပထော ဘဒန္တေတိ၊ လမ်းကြီးနှစ်မြွာ ဆရာ (လို့ ပြန်ပြောတဲ့အခါ) မြာဟ္မဏော ဝေ+မာဟ "ဥက္ခိပ ဒွိဓာပထံ၊ အဘိက္ခဏ သုမေဓ သတ္တံ အာဒါယာ"တိ။ မြာဟ္မဏော = ဆရာပုဏ္ဏားသည်။ ဝေ=ဤသို့။ အာဟ = သူ့တပည့်အား ပြောကြားလေပြီ။ (ပြောကြားပုံက)-

"သုမေဓ=ပညာဉာဏ်ရှိ အို-တပည့်။ ဒွိဓာပထံ= တပည့်တွေ့တဲ့ လမ်းကြီး နှစ်မြွာကို။ ဥက္ခိပ=လွှင့်ပစ်လိုက်ပါ။ သတ္တံ=ထက်လှစွာသော တူးရှင်းကို။

http://www.dhammadownload.com



အာဒါယ=ယူ၍။ အဘိက္ခဏ=တစ်ဖန်ဆက်၍ တူးမြဲ
တူးလေ၊ ဇုတိ=ဤသို့။ အာဟ=ပြောကြားလေပြီ။
အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ
အဒ္ဒသ စင်္ဂဝါရံ။ သုမေဓော = ပညာဉာဏ်ရှိ သူ့
တပည့်သည်။ သတ္ထံ=ထက်လှစွာသော တူးရွင်းကို။
အာဒါယ=ဆွဲယူ၍။ အဘိက္ခဏန္တော = မရပ်မနား
တူးဆွသည်ရှိသော်။ စင်္ဂဝါရံ=ရေစစ်ကို။ အဒ္ဒသ=
မြင်ရလေပြီ။ စင်္ဂဝါရော ဘဒန္တေတိ၊ ရေစစ်ကြီး
ဆရာ (လို့ ပြောတဲ့အခါ)–

မြာဟ္မဏော ဝေ+မာဟ ''ဥက္ခိပ စင်္ဂဝါရံ၊
အဘိက္ခဏ သုမေဓ သတ္ထံအာဒါယာ'' တိ။ မြာဟ္မ–
ဏော = ဆရာပုဏ္ဏားသည်။ ဝေံ=ဤသို့။ အာဟ=
မိမိရဲ့ တပည့်အား ပြောကြားလေပြီ၊ (ပြောကြား
ပုံက)–

''သုမေဓ=ပညာဉာဏ်ရှိ အို–တပည့်။ စင်္ဂဝါရံ=
ရေစစ်ကြီးကို။ ဥက္ခိပ = လွှင့်ပစ်လိုက်။ သတ္ထံ=
ထက်လှစွာသော တူးရွင်းကို။ အာဒါယ = ယူ၍။
အဘိက္ခဏ=တစ်ဖန်ဆက်၍ တူးမြဲတူးလေ။ ဇုတိ=
ဤသို့။ အာဟ=ပြောကြားလေပြီ။

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ
အဒ္ဒသ ကုမ္မံ။ သုမောဓော=ပညာဉာဏ်ရှိ သူ့တပည့်
သည်။ သတ္ထံ = ထက်လှစွာသော တူးရွင်းကို။
အာဒါယ=ဆွဲယူ၍။ အဘိက္ခဏန္တော = မရပ်မနား
တူးဆွသည်ရှိသော်။ ကုမ္မံ = လိပ်ခုံးကို။ အဒ္ဒသ=
မြင်ရလေပြီ။ ကုမ္မော ဘဒန္တေတိ၊ လိပ်ခုံးကြီး ဆရာ
(လို့ ပြောတဲ့အခါ)–

http://www.dhammadownload.com



ဖြာဟွေဏော ဝေ+မာဟ ''ဥက္ခိပ ကုမ္ဘံ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ''တိ။ ဖြာဟွဏော= ဆရာပုဏ္ဏားသည်။ ဝေ=ဤသို့၊ အာဟ = မိမိရဲ့ တပည့်အား ပြောကြားလေပြီ၊ (ပြောကြားပုံက)-

''သုမေဓ = ပညာဉာဏ်ရှိ အို-တပည့်။ ကုမ္ဘံ= လိပ်ခုံးကြီးကို။ ဥက္ခိပ = မြှောက်ကော်၍ ပစ်လိုက်လော့။ သတ္ထံ = ထက်လှစွာသော တူး ရွင်း ကို။ အာဒါယ = ယူ၍။ အဘိက္ခဏ = တစ် ဖန် ဆက် ၍ တူးမြဲတူးလေ။ ဣတိ=ဤသို့။ အာဟ = ပြောကြား လေပြီ။

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ အသိသူနံ။ သုမေဓော = ပညာဉာဏ်ရှိ သူ့ တပည့်သည်။ သတ္ထံ=ထက် စွာသော တူးရွင်းကို။ အာဒါယ=ဆွဲယူ၍။ အဘိက္ခဏန္တော = မရပ်မနား တူးဆွသည်ရှိသော်။ အသိသူနံ = သားလှီးခုံနှင့် စဉ်းတီတုံးကို။ အဒ္ဒသ = မြင်ရလေပြီ။ အသိသူနံ ဘဒန္တေတိ=သားလှီးခုံနှင့် စဉ်းတီတုံးကြီး ဆရာ (လို့ ပြောတဲ့အခါ)-

ဖြာဟွဏော ဝေ+မာဟ ''ဥက္ခိပ အသိသူနံ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ''တိ။ ဖြာဟွဏော=ဆရာပုဏ္ဏားသည်။ဝေ=ဤသို့။အာဟ= မိမိရဲ့တပည့်အား ပြောကြားလေပြီ၊ (ပြောကြား ပုံက)-

သုမေဓ= ပညာဉာဏ်ရှိ အို-တပည့်။ အသိသူနံ= သားလှီးခုံနှင့် စဉ်းတီတုံးကို။ ဥက္ခိပ= မြှောက်၍ ကော်၍ ပစ်လိုက်လော့။ သတ္ထံ =တူးရွင်းကို။

http://www.dhammadownload.com



အာဒါယ=မြဲမြဲကိုင်၍။ အဘိက္ခဏာ=မနေမနား သင်ချစ်သား တူးမြဲတူးပါလေ''။ ဣတိ=ဤသို့။ အာဟ=ပြောကြားလေပြီ။

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ မံသပေသိံ။ သုမေဓော=ပညာဉာဏ်ရှိ သူ့တပည့်သည်။ သတ္ထံ=ထက်လှစွာသော တူးရွင်းကို။ အာဒါယ=ဆွဲယူ၍။ အဘိက္ခဏန္တော=မရပ်မနား တူးဆွသည်ရှိသော်။ မံသပေသိံ= အသားတစ်ကြီးကို။ အဒ္ဒသ=မြင်ရလေပြီ။ မံသပေသိ ဘဒန္တေတိ၊ အသားတစ်ကြီး ဆရာ (လို့ ပြောတဲ့အခါ)-

ဗြာဟ္မဏော ဝေ+မာဟ ''ဥက္ခိပ မံသပေသိံ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ '' တိ။ ဗြာဟ္မဏော= ဆရာ ပုဏ္ဏားသည်။ ဝေံ= ဤသို့။ အာဟ=မိမိ၏တပည့်အား ပြောကြားလေပြီ၊ (ပြောကြားပုံက)-

''သုမေဓ = ပညာ ဉာဏ် ရှိ အို - တပည့်....။ မံသပေသိံ= အသားတစ်ကြီးကို။ ဥက္ခိပ= ကော်ပစ်လိုက်။ သတ္ထံ= တူးရွင်းကို။ အာဒါယ= စွဲကိုင်၍။ အဘိက္ခဏ=မနေမနား သင်ချစ်သား တူးမြဲ တူးပါလေ။ ဣတိ=ဤသို့။ အာဟ=ပြောကြားလေပြီ။

အဘိက္ခန္တော သုံမေဓော သတ္ထံ အာဒါယ အဒ္ဒသ နာဂံ။ သုမေဓော =ပညာဉာဏ်ရှိ သူ့တပည့်လည်း။ သတ္ထံ= ထက်လှစွာသော တူးရွင်းကို။ အာဒါယ= စွဲကိုင်၍။ အဘိက္ခဏန္တော=မရပ်မနား တူးဆွသည်ရှိသော်။ နာဂံ= လည်ရေး သုံးဆင့်ရှိတဲ့ နဂါးကို။

http://www.dhammadownload.com



အဒ္ဒသ=မြင်ရလေပြီ။ နာဂေါဘဒ္ဒန္တေတိ=လည်ရေး သုံးဆင့်ရှိတဲ့ နဂါးကြီး ဆရာ (အဲဒီလို တပည့်က ပြောတယ်)။

**နဂါးအား အရှိအသေပြုစေလ**

ထိုအခါ ဆရာပုဏ္ဏားက ဤကဲ့သို့ ပြောတယ်၊

တိဋ္ဌတု နာဂေါ။ နာဂေါ=နဂါး မင်း သည်။ တိဋ္ဌတု=တည်ရှိပါစေ။ မာနာဂံ ဃဋ္ဋေသိ=နဂါး မင်းကို မထိပါးနဲ့=မပုတ်ခတ်နဲ့။

နမောကရော ဟိ နာဂဿ။ နာဂဿ=နဂါးမင်း အား။ နမော=ရှိခိုးခြင်းကို။ ကရောဟိ=ပြုလော့။

ရဟန်း အကျွန်ုပ် ယူဆောင်လာတဲ့ ပဟေဠိ စကားထာ ပြဿနာဟာ ဒါပါပဲ။

(ဘိက္ခု ဘိက္ခု=ရဟန်း ရဟန်းလို့ ဒီဗြဟ္မာကြီးက ရဟန်းပြော ပြောနေတာ ဘာပြုလို့ လဲ ဆိုတော့ သူ့ကိုယ်သူ သမဏသညာ အားကြီးလွန်းလို့ ပြော နေတာဖြစ်တယ်)။

**ပဟေဠိ စကားထာ ဆိုလိုရင်း**

ကိုယ်တော်.... ကိုယ်တော် ရှေးတုန်းက ရွာတစ် ရွာမှာ ဆရာပုဏ္ဏားတစ်ယောက် တပည့်များစွာ ခြံရံ ၍ တောသွားပြီး ဗေဒင်ပညာများ ပို့ချရာက ပြန် အလာ လမ်းခုလတ်မှာ ''တောင်ပို့ကြီး တစ်ခု'' တွေ့သတဲ့။ အဲဒီ တောင်ပို့ကြီးကလဲပဲ ''ညဉ့်ကျပြီ ဆိုယင် အခိုးတွေ တလူလူ ထွက်တယ်''၊ ''နေ့ကျ ယင် မီး တောက် မီးလျှံကြီးတွေ ထထ တောက် တယ်'' တဲ့။

http://www.dhammadownload.com



ဒါကို ဆရာပုဏ္ဏားက မြင်တဲ့အခါ အားကောင်းမောင်းသန် သူရဲ့ တပည့်တစ်ယောက်ကို''တပည့်.... ဒီတောင်ပို့ဟာ ညဥ့်မှာ အခိုးလွှတ်တယ်၊ နေ့မှာ မီးတွေ ဟုန်းဟုန်း ဟုန်းဟုန်း တောက်တယ်၊ အဲဒီ တောင်ပို့ကြီးထဲ ဘာရှိသလဲလို့ ကွဲကွဲပြားပြား သိရအောင် အင်မတန်ထက်တဲ့ တူးရွင်းတစ်ခု မြဲမြဲကိုင်၊ မရပ်မနား လေးစိတ်လေးမြွာ ရှစ်စိတ် ရှစ်မြွာ ကျသွားအောင် တူးပစ်လိုက်စမ်း'' လို့ ဆရာက ပြောတယ်တဲ့။

ဆရာပြောတဲ့အတိုင်း တပည့်က တူးလိုက်တဲ့အခါ ပထမ မင်းတုပ် (တံခါးကျည်) မင်းတုံး (တုပ်)ကြီးတွေလို့ ''မင်းတုံး (တုပ်)ကြီး ဆရာ''လို့ ပြောတဲ့ အခါ ဆရာဖြစ်သူက ''မင်းတုံး (တုပ်)ကြီးကို လွှင့်ပစ်လိုက်၊ ရှေ့ဆက်တူး''လို့ ပြောသတဲ့။

ဆရာပြောကဲ့အတိုင်း တပည့်က ရှေ့ဆက်တူးလိုက်တဲ့အခါ ဒုတိယမှာ ဥဒ္ဓုမာယိက ဖားပွကို တွေ့သတဲ့၊ (ဥဒ္ဓုမာယိက ဖားဆိုတာ အကောင်က လက်သည်းခွံလောက်ရှိတယ်တဲ့)၊ တပည့်က ''ဥဒ္ဓုမာ-ယိက=ဖားပွကလေး တွေ့တယ်ဆရာ'' လို့ ပြောတဲ့ အခါ ဆရာက ''အေး အဲဒီ ဖားပွကလေးကိုလဲ လွှင့်ပစ်လိုက်၊ ရှေ့ဆက်တူး''လို့ ပြောသတဲ့။

ဆရာပြောတဲ့အတိုင်း တပည့်က ရှေ့ဆက် တူးလိုက်တဲ့အခါ လက်ဝဲ လက်ယာ လမ်း နှစ် မြွာ ကို တွေ့သတဲ့၊ တပည့်က ''လက်ဝဲလက်ယာ လမ်းနှစ်မြွာကို တွေ့တယ် ဆရာ'' လို့ ပြောတဲ့အခါ ''အေး...

http://www.dhammadownload.com



ဒီလမ်းနှစ်မြွာကိုလဲ ဖယ်ရှားပစ်လိုက်၊ ရှေ့ဆက်တူး'' လို့ ပြောသတဲ့။

တပည့်က ရှေ့ဆက် တူးလိုက်တဲ့အခါ ရေစစ်=ပြာစစ်ကို တွေ့သတဲ့၊ တပည့်က ''ရေစစ် = ပြာစစ်ကြီး ဆရာ'' လို့ ပြောတဲ့အခါ ဆရာက ''အေး ရေစစ်=ပြာစစ်ကြီးကို ပယ်ပစ်လိုက်၊ ရှေ့ဆက်တူး'' လို့ ပြောသတဲ့။

တပည့်က ရှေ့ဆက်တူးတဲ့အခါ လိပ်ခုံးကြီးကို တွေ့သတဲ့၊ တပည့်က ''လိပ်ခုံးကြီး ဆရာ'' လို့ ပြောတဲ့အခါ ဆရာက ''အေး လိပ်ခုံးကြီးကို ဖယ်ပစ်လိုက်၊ ရှေ့ဆက်တူး''လို့ ပြောသတဲ့။

တပည့်က ရှေ့ဆက်တူးတဲ့အခါ သားလှီးဓားနဲ့ စဉ်းတီတုံးကို တွေ့သတဲ့။ တပည့်က သားလှီးဓားနဲ့ စဉ်းတီတုံးကြီး ဆရာ'' လို့ ပြောတဲ့အခါ ဆရာက ''အေး သားလှီးဓားနဲ့ စဉ်းတီတုံးကြီးကိုလဲ ဖယ်ပစ်လိုက်၊ ရှေ့ကိုဆက်တူး'' လို့ ပြောသတဲ့။

တစ်ဖန် ရှေ့ဆက်တူးတဲ့အခါ အသားတစ်ကြီးကို တွေ့သတဲ့။ တပည့်က ''အသားတစ်ကြီး ဆရာ'' လို့ ပြောတဲ့အခါ ဆရာက ''အေး အသားတစ်ကြီးကိုဖယ်ပစ်လိုက်၊ ရှေ့ဆက်တူး'' လို့ ပြောသတဲ့။

ရှေ့ဆက်တူးတဲ့အခါ လည်ရေးသုံးရစ်နဲ့ နဂါးကြီးကို တွေ့သတဲ့၊ ထိုအခါ တပည့်က ''လည်ရေးသုံးရစ်နဲ့ နဂါးကြီး ဆရာ'' လို့ ပြောတဲ့အခါ ဆရာဖြစ်သူက ''အေးနဂါးကြီး သူ့အတိုင်း သူနေပါစေ၊ နဂါးကြီးကို မထိပါနဲ့၊ အဲဒီ နဂါးကြီးရဲ့ လေတင်ကလဲ မနေနဲ့၊ လေအောက်ကနေပြီး အဲဒီ

http://www.dhammadownload.com



နဂါးကြီးကို ရှိခိုးလေ၊ နဂါး အုပ်စိုးတဲ့နေရာမှာ ရတနာ ရှိတတ်တယ်၊ အဲဒီ ရတနာတွေကို ရလို့ရှိယင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် သုံးမကုန်သူးတဲ့ ကွဲ့.'' အဲဒီလို ပြောသတဲ့ ကိုယ်တော်။

အဲဒီ ပဟေဠိ စကားထာ ပြဿနာ စကားရပ်ဟာ ဖြင့် အရှင်ဘုရားအတွက် တရားအားထုတ်ဖို့ တရား လက်ဆောင်ပဲ။

ဣမေ ခေါ ကွံ ဘိက္ခု ပဉ္စေ ဘဂဝန္တံ ဥပသင်္ကမိတွာ ပုစ္ဆေယျာသိ။ ရဟန်း (ဝါ) ကိုယ်တော် အရှင်ဘုရား ဟာ ဒီပြဿနာများကို မြတ်စွာဘုရားထံ ဆည်းကပ်၍ မေးမြန်းပါလေ။

ယထာစ တေ ဘဂဝါ ဗျာကရောတိ၊ တထာ နံ ဓာရေယျာသိ။ (မြတ်စွာဘုရား ဖြေကြားတော်မူတဲ့ အတိုင်း မှတ်ယူတော်မူပါ။)

နာဟံ တံ ဘိက္ခု ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏ ဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယော ဣမေသံ ပဉှာနံ ဝေယျာကရဏေန စိတ္တံ အာရာဓေယျ အညတြ တထာဂ- တေန ဝါ တထာဂတသာဝကေန ဝါ ဣတော ဝါ ပန သုတွာ။

(ကိုယ်တော် မြတ်စွာဘုရား (သို့မဟုတ်) ဘုရား၏ တပည့်သာဝက (သို့မဟုတ်) တပည့်တော်ထံမှ ကြား နာရခြင်း ဆိုတဲ့ ဒီသုံးချက်ကို ချန်ထားပြီး ဒီပြဿနာ ၁၅-ချက်တို့ကို ပြဿနာရှင် ကျေနပ်လောက်အောင် ဖြေရှင်းနိုင်မည့် ပုဂ္ဂိုလ်ကို လူ နတ် ဗြဟ္မာ သတ္တလောက

http://www.dhammadownload.com



တွင် တစ်ဦးကိုမျှ မတွေ့မမြင်ရပါ။ (ဤသို့ ပြောဆို ပြီး ထိုနေရာမှာပင် မြဟ္မာကြီး ပျောက်ကွယ်သွားတယ်)။

## ပြဿနာ ၁၅-ပါး ဘုရားရှင် ဖြေဆိုခြင်း

နံနက်မိုးသောက် ရောက်သောအခါ အရှင်ကုမာရ ကဿပက ဘုရားရှင်ထံတော်သို့ သွား ရောက် ပြီး ''ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ ယမန်နေ့ ညဉ့်သန်းခေါင်ယံမှာ မြဟ္မာ တစ် ယောက် တပည့်တော့်ထံ လာရောက်ပြီး ဤ ဆိုအပ်လတ္တံ့သော အစဉ်ဖြင့် ပြဿနာ ၁၅-ပါးကို လျှောက်ထားသွားပါ တယ် ဘုရား'' လို့ မြဟ္မာကြီး လျှောက် ထား တဲ့ အကြောင်းအရာကို အကုန်ပြန်ကြားလျှောက်ထားတယ်၊ လျှောက်ပြီးတဲ့နောက် လိုရင်း ကောက်နုတ်ချက် အနေ အားဖြင့်–

(၁) ကော နု ခေါ ဘန္တေ ဝမ္မိကော=တောင်ပို့ ဟူသည် အဘယ်ပါနည်း ဘုရား၊

(၂) ကာ ရတ္တိံ ဓူမာယနာ=ညဉ့်အါ အခိုးလွှတ် တယ်ဆိုတာ ဘာပါတုန်းဘုရား၊

(၃) ကာ ဒိဝါ ပဇ္ဇလနာ=နေ့အခါ မီးထ တောက် တယ်ဆိုတာ ဘာပါတုန်းဘုရား၊

(၄) ကော ဗြာဟ္မဏော=ပုဏ္ဏားဆိုတာ အဘယ် သူပါနည်းဘုရား၊

(၅) ကော သုမေဓော=ပညာရှိ သူ့တပည့်ဆိုတာ ဘယ်သူပါနည်းဘုရား၊

(၆) ကိံ သတ္ထံ = ထက်မြက်တဲ့ တူး ရွင်း ဆို တာ အဘယ်ပါနည်းဘုရား၊

http://www.dhammadownload.com



(၇) ကိံ အဘိက္ခဏံ = မရပ်မနား တူးခြင်းဆိုတာ ဘယ်တရားပါနည်းဘုရား၊

(၈) ကာ လင်္ဂီ=မင်းတုပ် = မင်းတုံးဆိုတာ အဘယ် တရားပါနည်းဘုရား၊

(၉) ကာ ဥဒ္ဓုမာယိကာ=ဥဒ္ဓုမာယိက ဖားပွဆိုတာ ဘယ်ဟာပါနည်းဘုရား၊

(၁၀) ကော ဒွိဓာပထော=လမ်းနှစ်ခွဆိုတာ အဘယ် ပါနည်းဘုရား၊

(၁၁) ကိံ စင်္ဂဝါရံ = ရေစစ်=ပြာစစ်ဆိုတာ အဘယ် ပါနည်းဘုရား၊

(၁၂) ကော ကုမ္မော=လိပ်ခုံးဆိုတာ အဘယ်ပါနည်း ဘုရား၊

(၁၃) ကာ အသိသူနာ=သားလှီးဓားနဲ့ စဉ်းတီတုံး ဆိုတာ အဘယ်ပါနည်းဘုရား၊

(၁၄) ကာ မံသပေသိ = အသားတစ်ဆိုတာ အဘယ် ပါနည်းဘုရား၊

(၁၅) ကော နာဂေါ=လည်ရေး သုံးရစ်ရှိတဲ့ နဂါး ဆိုတာ အဘယ်ပါနည်းဘုရား၊

အဲဒီလို ပဟေဠိ စကားထာ ပြဿနာ ၁၅-ချက်ကို အရှင်ကုမာရကဿပက တစ်ခုစီ တစ်ခုစီ ဆစ်ပြီးတော့ တကယ့်ပုစ္ဆာ ပြဿနာ ပီသအောင် မေးမြန်း လျှောက် ထားကယ်၊ ထိုအခါ မြတ်စွာဘုရားက ပြန်လည်ဖြေ ကြားပုံကိုသည်း ကြိုတင်၍ မြန်မာလက်ာဖြင့် ဤသို့ မှတ်ထားနှင့်ရပါမယ်။

တဝါယအကြိမ်

http://www.dhammadownload.com



## ပြဿနာအဖြေ ၁၅-ချက် လင်္ကာ

(၁) ဤခန္ဓာကိုယ်၊ တောင်ပို့ဆိုလော့၊

(၂) ညဉ့်ကိုလုပ်မျိုး၊ ကြံစည်ပျိုးသည်၊ အခိုးလူလူ၊ ထွက်သောဟူ၏၊

(၃) နေ့မှုကိုယ် နှုတ်၊ ထိုထိုအလုပ်၌၊ အားထုတ်ကျင့်ဆောင်၊ မီးတောက်လောင်၏။

(၄) ဘုန်းခေါင်ထွတ်ထား၊ မြတ်ဘုရားမှ၊ ပုဏ္ဏားဆရာ၊ ဟောမိန့်မှာ၏၊

(၅) ယောဂါဝစရ၊ ပုဂ္ဂလမူ၊ သိသုညာဏ်ရှိ၊ စံတပည့်တည့်၊

(၆) ဝိပဿနာ၊ မဂ်ပညာကား၊ ထက်စွာအသွား၊ သန်လျက်ဓားတည့်၊

(၇) ကြိုးစားလုံ့လ၊ ဝီရိယထန်ပြင်း၊ အားထုတ်ခြင်းကို၊ တူးခြင်းခေါ်ရာ၊

(၈) အဝိဇ္ဇာကား၊ ပိတ်ကာမင်းတုံး (တုပ်)၊ စံတန္နန်းတည့်၊

(၉) ဟုန်းဟုန်းတက်ကြွ၊ မျက်ကောဓမှု၊ ဖားပွဟူဘိ၊

(၁၀) ယုံမှားရှိသား၊ ဝိစိကိစ္ဆာ၊ လမ်းနှစ်ခွာတည့်၊

(၁၁) ငါးဖြာနီဝရဏ၊ ရေစစ်ပြလော့၊

(၁၂) ပဉ္စုပါဒါန်-ကန္ဓာကို၊ ပမာလိပ်ပုံ၊ ဟောမိန့်တုံရှင့်၊

(၁၃) အာရုံငါးချက်၊ ကာမစက်မှု၊ သန်လျက်ပုံနှုန်း၊ စဉ်းတီတုံးတည့်၊

တတိယအာကြိမ်

http://www.dhammadownload.com



(၁၄) သားတုံးဟူဘိ၊ စွဲကပ်ငြိသား၊ နန္ဒိရာဂ၊ စွန်နွဲ့ခါ မှလျှင်၊
(၁၅) အာသဝကင်းကွာ၊ ရဟန္တာမူ၊ ပမာနဂါး၊ ဟောမိန့်ကြားသည်။ ။
ဆယ့်ငါး ပြဿနာရပ်တည်း....။

ဤလက်ာကို အစဦးအရဆောင်ပြီးမှ အဖြေအကျယ်ကို နှလုံးသွင်း ဆင်ခြင်ရာ၏။

## (က) တောင်ပို့ပမာ ဤခန္ဓာ

ဝမ္မိကောတိ ခေါ ဘိက္ခု ဣမဿေ+တံ စာတု-မဟာဘူတိကဿ ကာယဿ အဓိဝစနံ မာတာ-ပေတ္တိကသမ္ဘဝဿ ဩဒန ကုမ္မာသူပစယဿ အနိစ္စု+စ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန ဓမ္မဿ။

ဘိက္ခု=ချစ်သားရဟန်း။ ဝမ္မိကောတိ ခေါ=တောင်ပို့ဟူသော။ ဧတံ=ဤအမည်သည်။ ဣမဿ ကာယဿ=ဤကိုယ်ခန္ဓာ၏။ အဓိဝစနံ = အမည်ပေတည်း။

(ချစ်သား၊ တောင်ပို့ဆိုတာ ဒီကိုယ်ကြီးကို ခေါ်တယ်၊ ဒီကိုယ်ကြီးက ဘယ်လိုသဘောရှိတဲ့ ကိုယ်ကြီးလဲ ဆိုတော့)-

စာတုမဟာဘူတိကဿ = ပထဝီ, အာပေါ, တေဇော, ဝါယော-ဆိုတဲ့ မဟာဘုတ်ကြီးလေးပါးတို့ဖြင့် ပြီးထသော (တဲ့)။

(ဒီအထဲမှာ ယိုက်ရှာလို့ရှိယင် ပထဝီ ဓာတ်အစု၊ အာပေါဓာတ်အစု၊ တေဇောဓာတ်အစု၊ ဝါယောဓာတ်

http://www.dhammadownload.com



အစုလို့ မဟာဘုတ်ကြီး လေးမျိုးတို့ကို တွေ့ရပါမယ်။ ဒီပြင်ကော ဘယ်လိုသဘောရှိသလဲ ဆိုတော့။

မာတာပေတ္တိကသမ္ဘဝဿ = မိဘ နှစ်ပါးတို့၏ သွေးဓာတ်၊ သုက်ဓာတ်သျှင် အကြောင်းရင်း ရှိထသော။ ဩဒန ကုမ္မာသူပစယဿ= ထမင်း၊ မုယောမုန့်၊ ဂျုံမှုန့်တို့ဖြင့် တစ်နေ့တခြား တိုးပွား၍ လာထသော။ အနိစ္စု+ဆြာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသန-ဓမ္မဿ=မမြဲခြင်း အနိစ္စသဘော၊ မကောင်းသောယနံ့တို့ ပြယ်ဖို့ရန် နံ့သာကျုံကျုံ လိမ်း ကျံ ရ ခြ င်း တည်းဟူသော ဥစ္ဆာဒနသဘော၊ အမိဝမ်းခေါင်း ကိန်းအောင်းစဉ် ကလလရေကြည် တည်စဉ်ကာလ ကျမိကျရာ တည်မိတည်ရာ တည်ခဲ့ရသဖြင့် အရုပ်ဆိုး၍နေသော ကိုယ်အင်္ဂါတို့ကို ပြုပြင် ပေးရခြင်း-တည်းဟူသော = ပရိမဒ္ဒနသဘော၊ ခဏ အ တွ င်း ဖြစ်၍ ခဏအတွင်း ပျက်စီးခြင်း= ဘေဒနသဘော၊ ဖရိုဖရဲပြိုကွဲ ပျက်စီးခြင်း=ဝိဒ္ဓံသန သဘောရှိသော။ ဣမဿ ကာယဿ=မဟာဘုတ်ကြီး လေးပါးတို့ဖြင့် ပြီးတဲ့ ဤ စတုဇကိုယ်ခန္ဓာကြီး၏။အမိဝစနံ=အမည် ပါပေ။

(ချစ်သား၊ ယခု မြတ်စွာကြီးပြောသွားတဲ့ တောင်ပို့ကြီး ဆိုတာ ဓာတ်ကြီးလေးပါး ခေါ်တဲ့ မဟာဘုတ်ဖြင့် ပြီးတဲ့ ဤ ကိုယ်ကြီးကို ခေါ်တယ်၊ ဤကိုယ်ကြီးဟာ ဘာပြုလို့ တောင်ပို့ကြီးနဲ့တူသလဲ၊ တူပုံကို အဋ္ဌကထာမှာ လေးမျိုးဖော်ပြတယ်။ သ ဘော တ စ် မျိုး တည်း ပြလိုက်ယင်လဲ အားရစရာ နှစ်သက်စရာ ကျေနပ်စရာ ပါဘဲ။ ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်လို တောင်ပို့ကြီး

http://www.dhammadownload.com



နဲ့ တူသလဲဆိုတော့ ပကတိတောင်ပို့ထဲမှာ ပရွက်ဆိတ်တွေ ခြကောင်ဖတွေအမျိုးမျိုးရှိကြတယ်။ အဲဒီ ပရွက်ဆိတ်တွေ ခြကောင်တွေဟာ အဲဒီတောင်ပို့ထဲမှာပဲ မွေးကြဖွားကြ ကျင်ကြီးကျင်ငယ်စွန့်ကြတယ်၊ မကျန်းမာဃင်လဲ ဒီတောင်ပို့ထဲမှာပဲ နေကြထိုင်ကြတယ်၊ သေပြန်တော့လဲ ဒီတောင်ပို့ထဲမှာပဲ သူတို့ရဲ့ ခန္ဓာကိုယ်ကို ပစ်ချရတယ်။ ဒီတော့ ဒီတောင်ပို့ဟာ များစွာသော ပိုးရွ ခြပုန်း ပရွက်ဆိတ်တို့ရဲ့ မနာမကျန်းတဲ့အခါ နေထိုင်ရာ ဆေးရုံကြီးလဲဟုတ်တယ်၊ သူတို့ရဲ့ အညစ်အကြေး စွန့်ပစ်ရာ အိမ်သာကြီးလဲ ဟုတ်တယ်၊ သူတို့ သေပြန်တော့လဲ ဒီတောင်ပို့ထဲမှာပဲ ပစ်ချရတာဖြစ်တော့ ယောင်ပို့ဟာ သူတို့ရဲ့ သုသာန်တစ သင်္ချိုင်းဝကြီးလဲ ဟုတ်တယ်။

ထို့အတူ ဤစတုဇကိုယ်ခန္ဓာထဲမှာလဲ အရေကို မှီ၍ဖြစ်သော ပိုး၊ အသားကိုမှီ၍ဖြစ်သော ပိုး၊ အရိုးကိုမှီ၍ဖြစ်သော ပိုး၊ ရိုးတွင်းခြင်ဆီကို မှီ၍ဖြစ်သောပိုး၊ ဤသို့ အစရှိသည်ဖြင့် အမျိုးအားဖြင့်ပင် ပိုးမျိုး ရှစ်ဆယ်ရှိတယ်၊ အကောင်ရေအားဖြင့် မရေမတွက်နိုင်သော အနန္တအသင်္ချေ ဒီပိုးတွေဟာ ဒီ ခန္ဓာ ကိုယ် ထဲ မှာ ပဲ မွေးကြတယ်၊ သူတို့ရဲ့ ကျင်ကြီးကျင်ငယ် အညစ်အကြေးတွေကိုလဲ ဒီခန္ဓာထိုယ်ထဲမှာပဲ စွန့်ကြတယ်၊ မကျန်းမာတော့လဲ ဒီခန္ဓာကိုယ်ထဲမှာပဲ နေကြတယ်၊ သေပြန်တော့လဲ ဒီခန္ဓာကိုယ်ကြီးထဲမှာပဲ သူတို့ရဲ့ အသေကောင်ကို ပစ်ကြရတယ်။ ဒါ့ကြောင့် ဒီခန္ဓာကိုယ်ကြီးသည် အမျိုးအားဖြင့် ရှစ်ဆယ်၊ အကောင်ရေအားဖြင့် အသင်္ချေ အနန္တ များပြားလှသော ပိုးမျိုးတို့၏ သားဖွားရုံကြီးသဖွယ်၊ ကျင်ကြီးကျင်ငယ်စွန့်ပစ်ရာ အိမ်သာကုဋီသဖွယ်၊

http://www.dhammadownload.com



ဆေးရုံကြီးသဖွယ်၊ သုသာန်တခု သင်္ချိုင်းဝသဖွယ် ဖြစ်သောကြောင့် တောင်ပို့နဲ့ တူလို့ ဤခန္ဓာကိုယ်ကို တောင်ပို့လို့ ဟောတာဖြစ်တယ်။

ဒါ့ကြောင့် (၁) ဤခန္ဓာကိုယ်၊ တောင်ပို့ဆိုလော့။ အဲဒီလို အကျဉ်းဆောင်ပုဒ်ကို မှတ်ထားလိုက်ပါလေ။

## ဒုတိယနှင့် တတိယ ပြဿနာအဖြေ

ဒုတိယ (နှင့်) တတိယ ပြဿနာကို အရှင်ကုမာရကဿပက ''မြတ်စွာဘုရား.... ဒီ တောင်ပို့ကြီးဟာ ညဥ့်ကျတော့ အခိုးလွှတ်တယ်၊ နေ့ကျတော့ မီးတောက်တယ် ဆိုတာ ဘာဆိုလိုတာတုံး'' လို့ လျှောက်ထားတယ်၊ ဒီ ပြဿနာ နှစ်ရပ်ကို မြတ်စွာဘုရားက

ယံ ခေါ ဘိက္ခု၊ ဒိဝါ ကမ္မန္တေ အာရဗ္ဘ ရတ္တိံ အနုဝိတက္ကေတိ, အနုဝိစာရေတိ၊ အယံ ရတ္တိံ ဓူမာယနာ။

ဘိက္ခု၊ = ချစ်သား ရဟန်း....။ ဒိဝါ ကမ္မန္တေ= နောက်တစ်နေ့ ပြုလုပ်ဖို့ရန် အလုပ်ကိစ္စတို့ကို။ အာရဗ္ဘ=အစွဲပြု၍။ ရတ္တိံ=ညဥ့်အခါ၌။ ယံ အနုဝိတက္ကေတိ=အကြင် အဖန်ဖန် အထပ်ထပ် ကြံညှိ၍နေ၏။ ယံ အနုဝိစာရေတိ = အကြင် အဖန်ဖန် အထပ်ထပ် စဉ်းစား၍ နေ၏။ အယံ=ဤသို့ နက်ဖြန် နံနက်၊ နက်ဖြန်နေ့ ရောက်သကာလ ပြုလုပ်ဖို့ရန် အလုပ်များကို ကြံစည်စဉ်းစား ဝိတက် များခြင်းသည်။ ရတ္တိံ ဓူမာယနာ = ညဥ့်အခါ၌ အခိုးလွှတ်ခြင်းမည်၏။ (၂)

ကာက်ယောကပြုံမ်

http://www.dhammadownload.com



(ဈေးရောင်းတဲ့ ပုဂ္ဂိုလ်ကလဲ နက်ဖြန် နံနက်ကျယင် ငါ ဘယ်သူ့ဆီ သွားမယ်၊ ဘယ် သူ့ ဆိုင် သွားပြီး ဘာယူမယ် (စိတ်ကူးပြီး ကြည့်ကြပေါ့လေ) ဈေးရောင်းတဲ့ ပုဂ္ဂိုလ်ကလဲဈေးရောင်းတဲ့ ပုဂ္ဂိုလ်အလိုက်ပဲ၊ ပွဲစားကလဲ ပွဲစားအလိုက်၊ အလုပ်သမားကလဲ အလုပ်သမားအလိုက် နက်ဖြန် အလုပ်လုပ်ရန်အတွက် ညဥ့်မှာ အားတဲ့အချိန်ကလေးမှာ စဉ်းစားတယ်၊ အဲဒီလို စဉ်းစားနေတာဟာဖြင့် ဒီခန္ဓာကိုယ်တည်းကူးသော တောင်ပို့ကြီးထဲက အ ခိုး တွေ လွှတ်နေတာပဲ။

ယံ ခေါ ဘိက္ခု ရတ္တိံ အနုဝိတက္ကေတွာ အနုဝိစာရေတွာ ဒိဝါ ကမ္မန္တေ ပယောဇေတိ ကာယေန ဝါစာယ (မနသာ *)။ အယံ ဒိဝါပဇ္ဇလနာ။

ဘိက္ခု = ချစ်သားရဟန်း။ ရတ္တိံ = ညဥ့်အခါ၌။ အနုဝိတက္ကေတွာ=ကြံစည်၍ လည်းကောင်း။ အနုဝိစာရေတွာ=အဖန်ဖန် စဉ်းစား၍ လည်းကောင်း။ ဒိဝါ = နောက်တစ်နေ့မှောက် ရောက် သ ကာ လ။ ကာယေန = ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ= နှုတ်ဖြင့်လည်းကောင်း။ (မနသာ = စိတ်ဖြင့်လည်းကောင်း *)။ ကမ္မန္တေ=ညတုန်းက ကြံစည်စဉ်းစားထားတဲ့ အလုပ်ကိစ္စ အဝဝတို့ကို။ ယ ပယောဇေတိ= အကြင် လုံ့လကြိုးကုတ် အားထုတ်၏။ အယံ=ဤသို့ ညက ကြံစည် ထားတဲ့အတိုင်း နောက်တစ်နေ့ ရောက်သောအခါ ကိုယ်အမှု နှုတ်အမှုတို့ကို အားထုတ် ကြိုးပမ်းခြင်းကို။ ဒိဝါပဇ္ဇလနာ=

(*) သီ သျှာမူ၌ မရှိပါ၊ ဆဋ္ဌမူ၌သာ လက်သည်းကွင်း၌ ပြထားသည်၊

http://www.dhammadownload.com



နေ့အခါ မီးတောက်ခြင်းဟူ၍။ (ဝုဍ္ဎတိ= ဆိုအပ်ပေ၏)။

ညက ကြံစည်ထားတဲ့အတိုင်း နံနက် မိုး သော က် နောက်တစ်နေ့သို့ရောက်ပြီဆိုလျှင် ကာယကံမှုတွေ ဝစီကံမှုတွေ (မနောကံမှုတွေ) ကြံစည်ထားတဲ့အတိုင်း မပြုဘူးလား၊ ပြုကြတယ်၊ အဲဒီ ပြုပြုသမျှ ကာယကံမှုတွေ၊ ပြောပြောသမျှဝစီကံမှုတွေ ကြံကြံသမျှ မနောကံမှုတွေ) ဟာ ဖြင့် ဒီတောင်ပို့ကြီးက မီးတွေ ဟုန်းဟုန်း ဟုန်းဟုန်း တောက်နေတာပဲ။

ဒါကြောင့် (၂) ညဉ့်ကိုလုပ်မျိုး၊ကြံစည်ပျိုးသည်၊ အခိုးလူလူ၊ ထွက်သောဟူ၏၊
(၃) နေ့မူ ကိုယ်နှုတ်၊ ထိုထို အလုပ်၌၊ အား ထု တ် ကျင့် ဆော င်၊ မီးတောက်လောင်၏။

အဲဒီလို အကျဉ်းဆောင်ပုဒ်ကို မှတ်ယူထားကြပါလေ။ ။

## စတုတ္ထပြဿနာ အဖြေ

ကော မြာဟ္မဏော = ဆရာပုဏ္ဏားဆိုတာ ဘယ်သူပါတုံးဘုရား-လို့ လျှော က် ထား တဲ့ အ ခါ မြတ်စွာဘုရားက-

မြာဟ္မဏောတိ ခေါ ဘိက္ခု၊ တထာဂတဿေ+တံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ဘိက္ခု၊= ချစ်သား ရဟန်း။ မြာဟ္မဏောတိ တော် နာမံ=မန္တန်ဆရာ ဗေဒင်ဆရာ ပုဏ္ဏားဟူသော ဤအမည်သည်။ တထာ-ဂတဿ = ရှေးဘုရားတို့အတူ လာခြင်း ကောင်းတော်မူသော။ အရဟတော= ပူဇော်အထူးကို ခံတော် မူထိုက်

http://www.dhammadownload.com



သော၊ သမ္ဗာသမ္ဗုဒ္ဓဿ=မဖောက်မပြန် ဧဉ်ယျှခံ တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ငါဘုရား၏။ အဓိဝစနံ= အမည်ပေတည်း။ (ဆရာပုဏ္ဏားဆိုတာ ငါဘုရားကို ဆိုတာဖြစ်တယ်)။ ။

## ဝဍ္ဎမပြဿနာ အဖြေ

ကော သုမေဓော=ပညာရှိတဲ့တပည့်ဆိုတာ ဘယ်သူပါတုံးဘုရား.... လို့ မေး လျှောက် တဲ့ အခါ မြတ်စွာဘုရားက—

သုမေဓောတိ ခေါ ဘိက္ခု သေက္ခဿေ+တံ ဘိက္ခု-နော အဓိဝစနံ။ ဘိက္ခု=ချစ်သားရဟန်း။ သုမေဓောတိ ခေါ တေံ=ပညာဉာဏ်ရှိ တပည့်ဟူသော၍အမည်သည်။ သေက္ခဿ ဘိက္ခုနော = မဂ်ဖိုလ်နိဗ္ဗာန် ရရန်ကြိုးကုတ်အားထုတ်သော ယောဂါဝစရ ရဟန်း၏။ အဓိဝစနံ= အမည်တည်း။ (ပညာရှိတဲ့ တပည့်လိမ္မာဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်ကို ရဖို့ရန် ကြိုး စား အား ထုတ် နေ တဲ့ သေက္ခရဟန်းကို ခေါ်တယ်)။ ။

## ဆန္နမြဿနာ အဖြေ

ကိံ သတ္တံ= ထက်လှစွာသော တူးရွင်းဆိုတာ ဘယ်ဟာပါလဲ မြတ်စွာဘုရား ဆိုတဲ့ ဒီအမေးအတွက် မြတ်စွာဘုရားက—

သတ္တန္တိ ခေါ ဘိက္ခု အရိယာ ယေ+တံ ပညာယ အဓိဝစနံ။ ဘိက္ခု=ချစ်သား ရဟန်း။ သတ္တန္တိ ခေါ တေံ=ထက်မြက်လှတဲ့ တူးရွင်း ဟူသော ၍အမည်သည်။ အရိယာယ= ကိလေသာတို့မှ ဖြူစင်သော။ ပညာယ=

http://www.dhammadownload.com



ဝိပဿနာပညာ မဂ်ပညာ၏။ အဓိဝစနံ=အမည်တည်း။ (ရှေ့ပိုင်းမှာ ဝိပဿနာပညာ, ထို ဝိပဿနာပညာ ကိစ္စပြီးလာတဲ့အခါ မဂ်ပညာ။ အဲဒါကို ထက်မြက်လှတဲ့ ထူးရှင်းလို့ ခေါ်တယ်။)

ဒါကြောင့် ဒီ (၄) (၅) (၆) အဖြေတို့အတွက်—

(၄) ဘုန်းခေါင်ထွတ်ထား၊ မြတ်ဘုရားမူ၊ ပုဏ္ဏားဆရာ၊ ဟောမိန့်မှာ၏။

(၅) ယောဂါဝစရ၊ ပုဂ္ဂလမူ၊ သိဿဉာဏ်ရှိ၊ စံတပည့်တည်း။

(၆) ဝိပဿနာ+မဂ်ပညာကား၊ ထက်စွာအသွား၊ သန်လျက်ဓားတည်း။

ဤကဲ့သို့ အကျဉ်း ဆောင်ပုဒ်ကို မှတ်ယူထားကြပါလေ။ ။

## သတ္တမ ပြဿနာအဖြေ

ကိံ အဘိက္ကန္တံ = မရပ်မနား ထူးခြင်း ဆိုတာ ဘယ်တရားပါနည်းဘုရား ဆိုတဲ့ ဒီ အမေးအတွက် မြတ်စွာဘုရားက—

အဘိက္ကန္တန္တိ ခေါ် ဘိက္ခု၊ ဝီရိယာရမ္ဘဿေ+တံ အဓိဝစနံ။ ဘိက္ခု=ချစ်သား ရဟန်း။ အဘိက္ကန္တန္တိ ခေါ် တေံ=မရပ်မနား တူးဆွခြင်း ဆိုတဲ့ ဤ အမည်သည်။ ဝီရိယာရမ္ဘဿ =မရပ်မနား ဝိပဿနာ ဉာဏ်ပညာကို ပွားများကြိုးကုတ် အားထုတ်ခြင်း ဝီရိယ၏။ အဓိဝစနံ=အမည်တည်း။

ဆိုလိုရင်းကို စဉ်းစားလျှင် ''ပညာဉာဏ်ရှိ တပည့်ကုမာရကဿပ သင်ချစ်သားသည် ဝိပဿနာ ဉာဏ်

http://www.dhammadownload.com



ပညာတူးရှင်းဖြင့် ခန္ဓာကိုယ် တည်းဟူသော တောင်ပို့ကြီးကို လေးစိတ် လေးမြွာ ရှစ်စိတ် ရှစ်မြွာ ကွဲသွားအောင် မနေမနား တူးလေ” ဆိုတာ ဘယ်လိုလုပ်ရမှာလဲဆိုလျှင်'' ဤ ခန္ဓာကိုယ်ကို ဓာတ်ကြီးလေးပါး အရှုခံထားပြီး ဝိပဿနာပွားရမည်'' ဆိုလိုသည်၊ ပွားများသော်–

## ဓာတ်ကြီး လေးပါး

အတ္ထိ ဣမသ္မိံ ကာယေ ပထဝီကာယာ အာပေါကာယာ တေဇောကာယာ ဝါယောကာယာ ဝိညာဏကာယာ။ (ပထမ ဒီလိုခင်းပါ)။

မေ=ငါ၏။ ဣမသ္မိံ ကာယေ = ဤ တစ်လံမျှလောက်သော ကိုယ်ကာယ၌။ ပထဝီကာယာ= မြေဓာတ် လွန်ကဲသော ရုပ်အစုတို့သည် လည်းကောင်း။ အာပေါကာယာ=ရေဓာတ်လွန်ကဲသော ရုပ်အစုတို့သည် လည်းကောင်း။ တေဇောကာယာ= မီးဓာတ်လွန်ကဲသော ရုပ်အစုတို့သည် လည်းကောင်း။ ဝါယောကာယာ=လေဓာတ်လွန်ကဲသော ရုပ်အစုတို့သည် လည်းကောင်း။ ဝိညာဏကာယာ= အသိဝိညာဏ် ခေါင်းဆောင်တဲ့ နာမ်ဓာတ်အစုတို့သည်လည်းကောင်း။ အတ္ထိ–သန္တိ=ထင်ရှားပုံသေ ရှိကုန်ပေ၏။

(ဤ တလံမျှလောက်သော ကိုယ်ခန္ဓာ၌ ပထဝီ= မြေဓာတ်အစု၊ အာပေါ=ရေဓာတ်အစု၊ တေဇော= မီးဓာတ်အစု၊ ဝါယော = လေဓာတ်အစု၊ ဝိညာဏ ဓာတ်အစု လို့ ဓာတ်ကြီးအစု ငါးပါးရှိတယ်)။

ဘာတီးယားကြွံ

http://www.dhammadownload.com



## ပထဝီခေတ် (၂၀)

တတ္ထ ကတမေ ပထဝီကာယာ။ မြေခေတ်လွှန်ကဲ့တဲ့ ရုပ်အစုဆိုတာ ဘယ်ဟာလဲ လို့ ဆိုလျှင်-

**ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ** ပပ္ဖာသံ၊ **အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ**။

ဆံပင် မွေးညှင်းကအစ ဦးနှောက် ကျအောင် ကောဋ္ဌာသ ၂၀-ဟာဖြင့် "ဣမေ ဝုစ္စန္တိ ပထဝီ-ကာယာ။ ဤ နှစ်ဆယ်တို့ကို ပထဝီ=မြေခေတ်လွှန်ကဲ့တဲ့ ရုပ်အစုတွေပဲ" လို့ မှတ်ထား။

## အာပေါခေတ် (၁၂) ပါး

တတ္ထ ကတမေ အာပေါကာယာ။ ရေခေတ်လွှန်ကဲ့တဲ့ ရုပ်အစုဆိုတာ ဘယ်ဟာလဲ လို့ ဆိုလျှင်-

**ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော သိင်္ဃာနိကာ လသိကာ မုတ္တံ**။

သည်းခြေကအစ ကျင်ငယ်ကျအောင် ကောဋ္ဌာသ ၁၂-ပါးကို "ဣမေ ဝုစ္စန္တိ အာပေါကာယာ။ ဤ တစ်ဆယ့်နှစ်ပါးတို့ကို အာပေါ=ရေခေတ်လွှန်ကဲ့တဲ့ ရုပ်အစုတွေပဲ" လို့ မှတ်ထား။

## တေဇောခေတ် (၄) ပါး

တတ္ထ ကတမေ တေဇောကာယာ။ (မီးခေတ်လွှန်ကဲ့တဲ့ ရုပ်အစုဆိုတာ ဘယ်ဟာလဲ လို့ ဆိုလျှင်-

http://www.dhammadownload.com



သန္တာပေါ ဒါယော ပါစကော ဇိရဏာ–လို့ ရက်ချာဖျားတဲ့ ချမ်းဖျား တုန်ဖျား = သန္တာပတေ–ဇော၊ မရပ်မစဲ အမြဲပူလောင်တဲ့ = ဒါဟတေဇော၊ စားသမျှ အစာတွေကို ကြေကျက်စေတဲ့ = ပါစက တေဇော၊ ဆံဖြူ သွားကြွေ အရေတွန့်အောင် လောင်ကျွမ်းတဲ့ = ဇိရဏတေဇော = (ဒီ လေးမျိုး တို့ကို) "ဣမေ ဝုစ္စန္တိ တေဇောကာယ တေဇော= မီးဓာတ်လွန်ကဲတဲ့ ရုပ်အစုတွေပဲ" လို့ မှတ်ထား။

## ဝါယောဓာတ် (၆) ပါး

တတ္ထ ကတမေ ဝါယောကာယာ။ လေဓာတ်လွန်ကဲတဲ့ ရုပ်အစု ဆိုတာ ဘယ်ဟာလဲ လို့ ဆိုလျှင်–

ဥဒ္ဓင်္ဂမာ ဝါတာ၊ အဓောဂမာ ဝါတာ၊ ကုစ္ဆိသယာ ဝါတာ၊ ကောဋ္ဌာသယာ ဝါတာ၊ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ အဿာသပဿာသာ ဝါတာ၊ ဣမေ ဝုစ္စန္တိ ဝါယောကာယာ။ အထက်သို့ ဆန်တက်တဲ့=ဥဒ္ဓင်္ဂမလေ၊ အောက်သို့ စုန်ဆင်းတဲ့= အဓောဂမလေ၊ ဝမ်းထဲ၌ ကိန်းအောင်းတဲ့=ကုစ္ဆိသယလေ၊ အူထဲ၌ ကိန်းအောင်းတဲ့ = ကောဋ္ဌာသယလေ၊ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်တဲ့ = အင်္ဂမင်္ဂါနုသာရိလေ၊ ထွက်သက် + ဝင်သက်ဆိုတဲ့= အဿာသ+ ပဿာသလေ။ ဤခြောက်မျိုး တို့ကို လေဓာတ်လွန်ကဲတဲ့ ရုပ်အစုတွေပဲလို့ မှတ်ထားပါ။

http://www.dhammadownload.com



## ဝိညာဏဓာတ် (၆) ပါး

တတ္ထ ကတမေ ဝိညာဏကာယာ။ အသိဝိညာဏ် ခေါင်းဆောင်တဲ့ နာမ်ဓာတ် အစုဆိုတာ ဘယ်ဟာလဲ လို့ ဆိုလျှင်—

စက္ခုဝိညာဏံ၊ သောတဝိညာဏံ၊ ဃာနဝိညာဏံ၊ ဇိဝှါဝိညာဏံ၊ ကာယဝိညာဏံ၊ မနောဝိညာဏံ၊ ဣမေ ဝုစ္စန္တိ ဝိညာဏကာယာ။

မြင်မှု၊ ကြားမှု၊ နမ်းရှုမှု၊ စားမှု၊ ထိမှု၊ သိမှု။ ဤခြောက်မျိုးတို့ကို ဝိညာဏ်ခေါင်းဆောင်တဲ့ နာမ်ဓာတ်အစု ၆-မျိုးတို့လို့ မှတ်ထားပါ။

## လေးစိတ် ရှစ်စိတ် ခွဲ၍ ရှုရန်

ဒီကိုယ်ထဲမှာ ပထဝီဓာတ် ၂၀၊ အာပေါဓာတ် ၁၂-ပါး၊ တေဇောဓာတ် ၄-ပါး၊ ဝါယောဓာတ် ၆-ပါး၊ ဝိညာဏဓာတ် ၆-ပါးတို့ကလွဲ၍ ဘာမှမရှိဘူး၊ ''လေးစိတ်လေးမြွာ ခွဲလိုက်ပါ'' ဆိုတာ အခုပြောခဲ့တဲ့ အတိုင်း ဒီရုပ်ကိုယ်ကြီးကို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ရုပ်ပိုင်းဆိုင်ရာ ကောဋ္ဌာသဟာ ၄-မျိုးပဲ ရှိတယ်၊ အဲဒီလို လေးစိတ်ခွဲတာဟာဖြင့် ''အဘိက္ခဏ သုမေဓ သဏ္ဍံ အာဒါယ'' အရ ၄-စိတ်ခွဲတဲ့ အထဲက တစ်ဖန် ဆံပင်ဆိုတဲ့ ကောဋ္ဌာသကလေးတစ်ခုကို ထုတ်ပြီးတော့—

''ကေသကာယေ ကက္ခဠကိရိယာ ပထဝီနာမ၊ အာဗန္ဓနကိရိယာ အာပေါ နာမ၊ ဥဏှတ္တကိရိယာ တေဇောနာမ၊ ဝိတ္ထမ္ဘနကိရိယာ ဝါယောနာမ၊ ဝဏ္ဏော, ဂန္ဓော, ရသော, ဩဇာ တဒုပါဒါ။ သမ္ဘေ

တတိယအကြိမ်

http://www.dhammadownload.com



တေ ဓမ္မာ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

ကေသကာယေ= ဆံပင်တည်းဟူသော ကောဋ္ဌာသ အစု၌။ ကက္ခဠတ္တကိရိယာ=ခက်မာမှု အမူအရာ သတ္တိသည်။ ပထဝီ နာမ=ပရမတ်အနှစ် မြေဓာတ် အ စစ် မည်၏။ အာဗန္ဓနကိရိယာ = ဖွဲ့စေးမှု အ မူ အ ရာ သတ္တိသည်။ အာပေါ နာမ = ပရမတ်အနှစ် ရေဓာတ်အစစ်မည်၏။ ဥဏှတ္တ ကိရိယာ=ပူနွေးမှု အ မူ အ ရာ သ တ္တိ သည်။ တေဇော နာမ= ပရမတ်အနှစ် မီးဓာတ် အစစ်မည်၏။ ဝိတ္ထမ္ဘနကိရိယာ = ထောက်ကန်မှု အမူအရာသတ္တိသည်။ ဝါယော နာမ=ပရမတ်အနှစ် လေဓာတ်အစစ် မည်၏။ ဝဏ္ဏော=အဆင်း ဝဏ္ဏလည်းကောင်း။ ဂန္ဓော= အနံ့ ဂန္ဓလည်းကောင်း။ ရသော=အရသာ လည်းကောင်း။ ဩဇာ= ဓာတ်ဆီဓာတ်စေးလည်းကောင်း။ တဒုပါဒါ= ထို ပထဝီ အာပေါ တေဇော ဝါယော မဟာဘုတ်ကြီး လေးပါးကို မှီ၍သာလျှင် တည်နေကြကုန်၏။

သဗ္ဗေ = ခပ် သိ မ်း ကု န် သော။ တေ ဓမ္မာ = ထို အဋ္ဌကလာပ် ရုပ်တရားတို့သည်။ သင်္ခတာ= အကြောင်း တရားတို့ ပေါင်းစု ပြုပြင်အပ်တဲ့ တရားတို့ပါတကား။ ပဋိစ္စသမုပ္ပန္နာ = အကြောင်းကိုစွဲရမှ ဖြစ်ပေါ်နိုင်ကြတဲ့ တရားတို့ပါတကား။ ခယဓမ္မာ= ခဏအတွင်း ကုန်ခန်း ခြင်းသဘော ရှိကုန်စွတကား။ ဝယဓမ္မာ= ခဏအတွင်း ပျက် ဆုံး ခြင်း သဘော ရှိကုန်စွတကား။ ဝိရာဂဓမ္မာ= ခဏအတွင်း ကွာကင်းခြင်း သဘော ရှိကုန်စွတကား။ နိရောဓဓမ္မာ = ခဏအတွင်း ချုပ်ပျောက်ခြင်း သဘော

http://www.dhammadownload.com



ရှိကုန်စွတကား။ ခယဋ္ဌေန= ခဏခဏ ကုန် ဆုံး ခြင်း ဟူသော အနက်သဘောကြောင့်။ အနိစ္စာ= အနိစ္စမျိုးတို့ ပါတကား။ ဘယဋ္ဌေန= ကြောက်လန့်ဖွယ်မှု ဘေးအစု ဟူသော အနက်သဘောကြောင့်။ ဒုက္ခာ= ဒုက္ခမျိုးတို့ပါ တကား။ အသာရကဋ္ဌေန= အနိုင်အမာ အနှစ်သာရ မဟုတ်သော အနက်သဘောကြောင့်။ အနတ္တာ=အနတ္တ မျိုးတို့ပါတကား။

(ဤကဲ့သို့ ဆံပင်ကောဋ္ဌာသကို လေးစိတ် ရှစ်စိတ် ခွဲစိတ်၍ ရှုသကဲ့သို့ ကျန်သော ရုပ်ကောဋ္ဌာသ ၄၁-ပါး တို့၌လည်း အသီးအသီး ရှုဆင်ခြင်ရမည်ဖြစ်ပါသည်။)

### ဝိညာဏခေတ် (၆) ပါးတို့ကို ရှုရန်

စက္ခုဝိညာဏကာယေ စတ္တာရော ခန္ဓာ လဗ္ဘန္တိ။ ဝေဒနာ ဝေဒနာက္ခန္ဓော၊ သညာ သညာက္ခန္ဓော၊ စေတနာ သင်္ခါရက္ခန္ဓော၊ ဝိညာဏံ ဝိညာဏက္ခန္ဓော။

သဗ္ဗေ တေ ဓမ္မာ သင်္ခတာ၊ ပဋိစ္စသမုပ္ပန္နာ၊ ခယ-ဓမ္မာ၊ ဝယဓမ္မာ၊ ဝိရာဂဓမ္မာ၊ နိရောဓဓမ္မာ၊ ခယဋ္ဌေန အနိစ္စာ၊ ဘယဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ။

စက္ခုဝိညာဏကာယေ=စက္ခုဝိညာဏ်ခေါင်းဆောင် သော နာမ်တရားအစု၌။ စတ္တာရော= လေး ပါး ကုန် သော။ ခန္ဓာ=ခန္ဓာတို့ကို။ လဗ္ဘန္တိ= ရ အပ် ကုန် ၏။ ဝေဒနာ =ခံ စား မှု သ ဘော သည်။ ဝေဒနာက္ခန္ဓော= ဝေဒနာက္ခန္ဓာမည်၏။ သညာ=အာရုံကိုမှတ်သား ပါးနပ် မှု သဘောသည်။ သညာက္ခန္ဓော= သညာက္ခန္ဓာ မည် ၏။ စေတနာ= စေ့ဆော်တိုက်တွန်းမှု သဘောသည်။ သင်္ခါရက္ခန္ဓော = သင်္ခါရက္ခန္ဓာ မည်၏။ ဝိညာဏံ =

http://www.dhammadownload.com



အဆင်းကို သိမှုမြင်မှုသဘောသည်။ ဝိညာဏက္ခန္ဓော= ဝိညာဏက္ခန္ဓာမည်၏။

သဗ္ဗေ = ခပ်သိမ်းကုန်သော။ တေဓမ္မာ = ထိုစက္ခုဝိညာဏ် ခေါင်းဆောင်သော နာမ်တရားအစုတို့သည်။ သဲ်တာ= အကြောင်းတရားတို့ ပေါင်းစုပြုပြင်အပ်တဲ့ တရားတို့ပါတကား။ (အကြွင်းရှေးနည်းအတူ အနက်ပေးပါလေ။)

(ဤကဲ့သို့ စက္ခုဝိညာဏ် ခေါင်းဆောင်သော နာမ်တရားအစုကို ရှုသကဲ့သို့ ကြွင်းကျန်သော သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှါဝိညာဏ်၊ ကာယဝိညာဏ်၊ မနောဝိညာဏ်တို့ ခေါင်းဆောင်သော နာမ်တရားအစုငါးပါးတို့ကိုလည်း ရှုဆင်ခြင်ကြရမည် ဖြစ်ပါသည်။ ဤရှုဆင်ခြင်ပုံကို လယ်တီဆရာတော် ဘုရားကြီး၏ ခေတ်ခြောက်ပါး သိမ်းဆည်းပုံကမ္မဋ္ဌာန်းကို မှီ၍ ဖော်ပြခြင်းဖြစ်ပါသည်။)

ဒါကြောင့် ဒီ သတ္တမအဖြေအတွက်–

(၇) ကြိုးစားလုံ့လ၊ ဝီရိယထန်ပြင်း၊ အားထုတ်ခြင်းကို၊ တူးခြင်းခေါ်ရာ။

ဤကဲ့သို့ အကျဉ်းဆောင်ပုဒ်ကို မှတ်ယူထားကြပါလေ။

## အဋ္ဌမပြဿနာ အဖြေ

'' အဘိက္ခဏ = မရပ်မနား တူးခြင်း '' ဆိုတာဝိပဿနာဉာဏ်နှင့်ယှဉ်ပြီး သမ္မပ္ပဓာန်လုံ့လ ဝီရိယတရားမရပ်မနားဖြစ်စေတာပါပဲ။ ဤကဲ့သို့တူးတော့ ''မင်းတုပ်ကြီးကို ''တွေ့တယ်''တဲ့ ဘုရား။ ''ကာ လင်္ဂီ=မင်းတုပ်

http://www.dhammadownload.com



ဆိုတာ ဘာပါလဲ ဘုရား´´ လို့ လျှောက်ထားတော့ မြတ်စွာဘုရားက–

လဂ္ဂတိ ခေါ ဘိက္ခု အဝိဇ္ဇာ ယေ+တံ အဓိဝစနံ၊ ဥက္ခိပ လင်္ဂိံ=ပဇဟ အဝိဇ္ဇံ၊ အဘိက္ကမ သုမေဓ သတ္ထံ အာဒါယာတိ အယ+မေတဿ အတ္ထော။

ဘိက္ခု=ချစ်သားရဟန်း။ လင်္ဂီတိ ခေါ တံ=မင်းတုပ်ဆိုသော ဤအမည်သည်။ အဝိဇ္ဇာယ=မောဟ၏။ အဓိဝစနံ=အမည်တည်း။ ဥက္ခိပ လင်္ဂိံ=မင်းတုပ်ကြီးကို မြှောက်ပစ်လိုက်ဆိုသည်မှာ။ အဝိဇ္ဇံ=မောဟကို။ ပဇဟ=စွန့်ပယ်လိုက်လော့။ သုမေဓ=ပညာဉာဏ်ရှိ ငါ့တပည့်။ သတ္ထံ=ထက်လှစွာသော တူးရွင်းကို။ အာဒါယ=စွဲကိုင်၍။ အဘိက္ကမ=မရပ်မနား သင်ချစ်သား တူးပါလေ။ အယံ=ဤသည်ကား။ ဧတဿ=ဤအမှုပြဿနာ၏။ အတ္ထော=ဆိုလိုရင်း အနက်ပေတည်း။

(ဘယ်လိုစွန့်ပစ်ရမည်လဲဆိုယင် အဝိဇ္ဇာ ဟူသည်မှာ သစ္စာလေးပါးကို မသိခြင်း = မောဟကို အဝိဇ္ဇာလို့ ခေါ်တယ်။ သစ္စာလေးပါးကို မသိသရွေ့တော့ အဝိဇ္ဇာ ဖြစ်နေမှာပဲ။ သစ္စာလေးပါးကို သိအောင် အားထုတ်ပေါ့။ (အကျဉ်းအားဖြင့် ဓမ္မစကြာ၌ လာသည့်အတိုင်း) (အကျယ်အားဖြင့် မဟာသတိပဋ္ဌာနသုတ်၌ လာသည့်အတိုင်း) ဒုက္ခသစ္စာဆိုတာ ဤတရား ဤတရားပဲ၊ သမုဒယ သစ္စာဆိုတာ ဤတရား ဤတရားပဲ၊ နိရောဓသစ္စာဆိုတာ ဤတရား ဤတရားပဲ၊ မဂ္ဂသစ္စာဆိုတာ ဤတရား ဤတရားပဲလို့ သိအောင်အားထုတ်လျှင် အဝိဇ္ဇာတည်း ဟူသော မင်းတုပ်ကို ကလော်ပစ်လိုက်တာပါပဲ။

တတိယအကြိမ်

http://www.dhammadownload.com



အဝိဇ္ဇာနှင့် မင်းတုပ် ဘာ့ကြောင့် တူ ရ သ လဲ။ အဖြေကား–မြို့တံခါး (မိမိတို့နဲ့ အနီးစပ်ဆုံး ဆိုလျှင်) အိမ်တံခါး ဆိုကြပါစို့။ အိမ်တံခါးမှာ တံခါးရွက်ကလေး စေ့ထားရုံမျှ စေ့ထားလျှင် အပြင်ကလူ ဝင်လို့ဖြစ်တယ်၊ မင်းတုပ် ချထားလျှင် အပြင်ကလူ ဝင်မဖြစ်ဘူး။ ထို့အတူ ဒီ ခန္ဓာကိုယ်အတွင်းမှာ အဝိဇ္ဇာ တည်းဟူသော မင်းတုပ် ချထားပြီဆိုယင် (အတွင်းကလူ အပြင်ထွက် မဖြစ်၊ အပြင်ကလူ အတွင်းဝင် မဖြစ်သလိုပဲ) ဝိပဿနာ ဉာဏ်ပညာဟာ အပြင်ခန္ဓာ+အတွင်းခန္ဓာများကို မမြင်တော့ဘူး။ တစ် နည်း အား ဖြင့် ဝိပဿနာ ဉာဏ်ပညာ တည်းဟူသော ပုဂ္ဂိုလ်များ အသွားအလာ ပိတ်ကုန်တယ်။ ဒါ့ကြောင့် မင်းတုပ်နှင့် အဝိဇ္ဇာ တူတယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။ အဲဒီ မင်းတုပ်=အဝိဇ္ဇာကို ပယ်ပစ်ရမည်လို့ ဆိုလိုတယ်။

ဒါ့ကြောင့် ဒီ အဋ္ဌမ အဖြေအတွက်–

(၈) အဝိဇ္ဇာကား၊ ပိတ်ကာ မင်းတုံး (တုပ်)၊ စံတန္ဓန်းတည်း။

ဤကဲ့သို့ အကျဉ်းဆောင်ပုဒ်ကို မှတ်ယူထားကြပါလေ။ ။

## နဝမ မြဲသနာ အဖြေ

တစ်ဖန် ဆက်တူးတော့ "ဥဒ္ဓုမာယိက ဖားပွကို တွေ့တယ်" တဲ့ဘုရား။ "ကာဥဒ္ဓုမာယိကာ = ဥဒ္ဓုမာယိက ဖားပွဆိုတာ ဘယ်ဟာပါတုံး ဘုရား" လို့ လျှောက်

http://www.dhammadownload.com



ထားချက်အတွက် မြတ်စွာဘုရားက ဤကဲ့သို့ ဖြေတော်မူတယ်။

ဥဒ္ဒုမာယိကာတိ ခေါ ဘိက္ခု ကောဓုပါယာသဿေတံ အဓိဝစနံ။ ချစ်သား ဥဒ္ဒုမာယိကဖားဆိုတာ ဒီခန္ဓာကိုယ်ထဲမှာ ပြင်းပြင်း ထန်ထန် ပူပူပန်ပန် ဖြစ်ပေါ်တတ်တဲ့ အမျက်ဒေါသကို ဥဒ္ဒုမာယိကဖား လို့ ခေါ်တယ်။ ဥဒ္ဒုမာယိကဖားကြီးကို ကလော်ပစ်လိုက် ဆိုတာက အဲဒီ အမျက်ဒေါသတရားကို မြန်မြန် ပယ်ပစ်လိုက်။ အနာဂါမိဖိုလ် မြန်မြန်ရောက်အောင် ကြိုးစား လို့ ပြောတာ။

ဥဒ္ဒုမာယိကဖားနဲ့ အမျက်ဒေါသ ဘယ်လိုတူသလဲဆိုယင် ဥဒ္ဒုမာယိက ဖားဆိုတာ နဂိုပကတိက ငယ်ငယ်ကလေးရယ်၊ လက်သည်းခွံလောက်ပဲ ရှိတယ်၊ သစ်ရွက် ခြောက်ကြား ချုံကြား နွယ်ကြား ထဲမှာ နေတတ်တယ်။ သူ့ဘာသာ သူနေယင် ကိစ္စမရှိဘူး၊ တစ်ဦးဦးက တုတ် တောင်ဝှေး စသည်ဖြင့် ရိုက်မိ ခိုက်မိလျှင် သူက စိတ်ဆိုးပြီး တဖြည်းဖြည်း ကြီးကြီးလာလိုက်တာ ဥသျှစ်သီး မှည့်ကြီးလောက် ဖြစ်လာတယ်တဲ့။ သူ့မှာ နဂိုရှိတဲ့ ခြေထောက်ကလေးတွေက ငယ်ငယ်ရယ်၊ ခန္ဓာကိုယ် ပွပွလာလို့ တော်တော်ကြာတော့ ခြေမိုးမျှော် ပက်လက်ဖြစ်နေတယ်။ ကြပ်ကြပ်စိတ်ဆိုးတော့ သူ မသွားနိုင်ပဲ ကျီးတို့ ခွေးတို့ရဲ့ အစားခံရတယ်။

ထို့အတူပဲ အမျက်ဒေါသဆိုတဲ့ တရားဟာ ကိုယ့်သန္တာန်မှာ ဖြစ်လာပြီဆိုယင် ထိုအချိန်မှာ ရပ်ယင်ရပ်၊ မရပ်ဘဲနဲ့ ဒီအချိန်မှာ မနှိမ်နိုင်လို့ရှိယင် ပါးစပ်ကို

— တကိုယာဒကြိုပ်

http://www.dhammadownload.com



မှိတ်ပိတ်ထားတယ်၊ အန်ကိုကြိတ်ထားတယ်၊ အန်ကြိတ်တဲ့ အခြေအနေ ရောက်တဲ့အခါ ''ဩော်=ေါအန်ကြိတ်တာ မတော်ပါတကား၊ ဒီဒေါသကို ဒီကောပဲ ရပ်ဆိုင်းမှပါ လား'' လို့ ယောနိသောမနသိကာရ-ရပြီး ဒီဒေါသကို နှိမ်ယင် နှိမ်၊ မနှိမ်လျှင် မျက်စောင်းထိုးပြီး ကြည့်လာမယ်။ မျက်စောင်း ထိုးရင်းက ရပ်ယင် ရပ်၊ မရပ်ယင် တုတ်လက်နက်စသည်ကို ရှာပြီး ဆွဲမိဆွဲရာ ကိုင်မိကိုင်ရာ ကိုင်လာမယ်။ အဲဒီက ရပ်ယင် ရပ်၊ မရပ်ယင် ကိုယ့်လက်က တုတ်ကို၊ ဓားကို ကိုင်ပြီး ဟိုတဖက်သားကို ကိုယ်စောင်း သွားတိုက်လိမ့်မယ်။ ဤအချိန်မှာ မိမိရဲ့ ဒေါသကို နှိမ်နိုင်လျှင် နှိမ်၊ ကိုယ်က မနှိမ်နိုင်ပဲ ဟိုက တစ်ဖန်ပြန်ပြီး ကိုယ်စောင်းတိုက်လာတဲ့အခါ ကိုယ်က ရိုက်တယ်၊ ခုတ်တယ်၊ သူတဖက်သား မတော်မလျော် ဖြစ်သွားပြီဆိုတဲ့အခါ ''အင်း ငါလဲ သေရမှာ အတူတူ သူများ လက်နက်နဲ့တော့ မသေဘူး''ဆိုပြီး ကိုယ့်တုတ်နဲ့ ကိုယ်ပြန်ရိုက်၊ ကိုယ့်ဓားနဲ့ ကိုယ်ပြန်ထိုးတော့တယ်။

အဲဒီလို သူရောကိုယ်ပါ ဒုက္ခရောက်ရတဲ့ အဖြစ်မျိုး ရောက်မှ ဒေါသရဲ့စခန်းက သိမ်းတယ်။ ဒါ့ကြောင့် အမျက်ဒေါသတရားကို ဥဒ္ဓုမာယိက ဖားပွလို့ ခေါ်တယ် ချစ်သား။ အဲဒီ ဖားပွကို ကပေါ်ပစ်လိုက်လို့ မြတ်စွာဘုရားက ဟောတာ ဖြစ်တယ်။

ဒါကြောင့် ဒီ နဝမ အဖြေအတွက်—

(၉) ဟုန်းဟုန်းတက်ကြွ၊ မျက်ကောဓမူ ဖားပွဟူဘိ။

ဤကဲ့သို့ အကျဉ်းဆောင်ပုဒ်ကို မှတ်ယူ ကားကြပါလေ။ ။ တတိယနေ့ပြီး

http://www.dhammadownload.com



## ဒသမ ပြဿနာအဖြေ

တစ်ဖန် ဆက်ထူးတော့ "ဒွိဓာပထ = လမ်းနှစ်ခွကို တွေ့တယ်"တဲ့ ဘုရား။ "ကောဒွိဓာပထော=လမ်းနှစ်ခွဆိုတာ ဘာပါတုံးဘုရား"လို့ လျှောက်ထားတဲ့အတွက် မြတ်စွာဘုရားက ဤကဲ့သို့ ဖြေတော်မူတယ်။

ဒွိဓာပထောတိ ခေါ ဘိက္ခု ဝိစိကိစ္ဆာ ယေ+တံ အဓိဝစနံ၊ ဥက္ခိပ ဒွိဓာပထံ=ပဇဟ ဝိစိကိစ္ဆံ၊ အဘိက္ကမ သုမေဓ သဏ္ဌံ အာဒါယာတိ အယ+မေ တဿ အတ္ထော။

ချစ်သား၊ ဒွိဓာပထ=လမ်းနှစ်ခွဆိုတာ ဝိစိကိစ္ဆာ၏ အမည်ဖြစ်တယ်။ လမ်းနှစ်ခွကို ကလော်ပစ်လိုက်ဆိုတာက ဝိစိကိစ္ဆာကို ပယ်ပစ်လိုက်။ ပညာဉာဏ်ရှိငါ့တပည့်၊ထက်လှစွာသောတူးရွင်းကို စွဲကိုင်၍ မရပ်မနား သင်ချစ်သား တူးပါလေ။ ဤကား ဒသမ ပြဿနာ၏ ဆိုလိုရင်းအနက် ဖြစ်သည်။

(ဝိစိကိစ္ဆာ ဆိုတာက ဥပမာ ဘုရားနှင့်ပတ်သက်၍ ပြောရလျှင် "သဗ္ဗညုတဉာဏ်ဆိုတာ ရှိမှ ရှိပါလေစ၊ ရှိပဲ ရှိလေသလား၊ မရှိဘဲ မရှိလေသလား" ဤကဲ့သို့ လှောန်နှစ်ဘက်နင်း မရှိတစ်ဘက်၊ ရှိတစ်ဘက်နဲ့ နှလုံးနှစ်ခွဖြစ်တဲ့ အဖြစ်မျိုးကို ဝိစိကိစ္ဆာ လို့ ခေါ်တယ်၊ အဲဒါ လမ်းနှစ်ခွပါပဲ။ အဲဒီ ဝိစိကိစ္ဆာ ခေါ်တဲ့ လမ်းနှစ်ခွကို သင်ချစ်သား ပယ်ရှားရမည်၊ ပယ်ရှားပြီး ရှေ့ဆက်တူး ဆိုတာ "အဲဒီ ဝိစိကိစ္ဆာကိုလဲ ပယ်၊ ပယ်ပြီးသကာလ ယခင်က တောင်ပို့ကြီးကို ဆက်ဘူး သလို ပထဝီကောဋ္ဌာသ၊အာပေါကောဋ္ဌာသ၊ တေဇော

http://www.dhammadownload.com



ကောဋ္ဌာသ၊ ဝါယော ကောဋ္ဌာသတို့ကို ယက္ခဏာယာဉ် သုံးချက်တင်ပြီး ဆင်ခြင်ပွားများရမည် ဖြစ်ပါတယ်။

ဒါ့ကြောင့် ဒီ ဒသမ အဖြေအတွက်—

(၁၀) ယုံမှားရှိသား၊ ဝိစိကိစ္ဆာ၊ လမ်းနှစ်မြွာတည်း။

ဤကဲ့သို့ အကျဉ်းဆောင်ပုဒ်ကို မှတ် ယူ ထား ကြ ပါလေ။ ။

## ကောဒသမ ပြဿနာအဖြေ

တစ်ဖန်ဆက်တူးတော့ ''စင်္ဂဝါရ=ရေစစ်=ပြာစစ်ကို တွေ့တယ်''တဲ့ ဘုရား။ ''ကိ' စင်္ဂဝါရံ=ရေစစ်=ပြာစစ်ဆိုတာ ဘာပါတုံး ဘုရား'' လို့ လျှောက်ထားချက်အတွက် မြတ်စွာဘုရားက ဤကဲ့သို့ ဖြေတော်မူတယ်။

စင်္ဂဝါရန္တိ ခေါ ဘိက္ခု ပဉ္စန္နေ+တံ နီဝရဏာနံ အဓိဝစနံ၊ သေယျထိဒံ၊ ကာမစ္ဆန္ဒနီဝရဏဿ ဗျာပါဒနီဝရဏဿ ထိနမိဒ္ဓနီဝရဏဿ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဿ ဝိစိကိစ္ဆာနီဝရဏဿ။ ဥက္ခိပ စင်္ဂဝါရံ ပဇဟ ပဉ္စ နီဝရဏေ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာတိ အယ+မေတဿ အတ္ထော။

ချစ်သား....၊ စင်္ဂဝါရ = ရေစစ်–ပြာစစ် ဆိုတာ ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ။ ဤနီဝရဏငါးပါးတို့၏ အမည်ဖြစ်တယ်။ ရေစစ်=ပြာစစ်ကို ဖယ်ပစ်လိုက် ဆိုတာက နီဝရဏ ငါးပါးတို့ကို ပယ်ပစ်လိုက်။ ပညာဉာဏ်ရှိ ငါတပည့်၊ ထက်လှစွာသော တူးရွင်းကို စွဲကိုင်၍ မရပ်မနား သင်ချစ်သား

http://www.dhammadownload.com



တူးပါလေ။ ဤကား ကောဒသမ ပြဿနာ၏ ဆိုလိုရင်း အနက်ဖြစ်သည်။

(ရေစစ်=ပြာစစ်နဲ့ နီဝရဏငါးပါး ဘယ်လိုတူသလဲ ဆိုလျှင် ခဝါသည်များ ရေစစ်လို့ ပြောတဲ့ ခါရပရိ-ဿာဝန=ပြာစစ်ကို ခေါ်တယ်။ အဲဒီ ရေစစ်-ပြာစစ် ထဲကို ရေတစ်အိုး လောင်းထည့်လိုက်လျှင် တစ်အိုးလုံး အောက်သို့ လျှောကျသွားတယ်။ အိုးပေါင်း ရာ၊ ထောင်၊ သောင်း၊ သောင်းသောင်းသမျှ ဒီ ရေစစ်-ပြာစစ်ထဲမှာ ရေမတည်ဘူး၊ လျှောကျသွားတယ်။ ထို့ အတူပဲ ဒီခန္ဓာကိုယ်ထဲမှာ နီဝရဏတရားတွေ ရှိနေ သရွေ့တော့ နီဝရဏကို မပယ်ဘဲသာဖြင့် ဒါနကုသိုလ်ကို လောင်းထည့်လဲ မတည်ပါဘူး၊ သီလကုသိုလ် ဘာဝနာ ကုသိုလ်တို့ကို လောင်းထည့်လဲမတည်ကြဘူး။ ဒါကြောင့် နီဝရဏသည် ရေစစ်-ပြာစစ်နဲ့ တူတယ်။ အဲဒီ နီဝရဏ တည်းဟူသော ရေစစ်-ပြာစစ်ကို တဒင်္ဂပဟာန် ဝိက္ခမ္ဘန ပဟာန်တို့ဖြင့် ပယ်နိုင် သတ်နိုင်မှသာလျှင် ကုသိုလ်တည်း ဟူသော ရေစင် ရေအေးတွေ ဤ ခန္ဓာကိုယ်၌ တည် နိုင်တယ်။

ဒါ့ကြောင့် ဒီ ကောဒသမ အဖြေအတွက်-

(၁၁) ငါးဖြာနီဝရဏ၊ ရေစစ်ပြလော့။

ဤကဲ့သို့ အကျဉ်းဆောင်ပုဒ်ကို မှတ်ယူထားကြ ပါလေ။ ။

## ဒွါဒသမ ပြဿနာ အဖြေ

ဆက်လက်တူးတော့ ''ကုမ္မ=လိပ်ခုံးကို တွေ့တယ်'' တဲ့ ဘုရား။ ''ကောကုမ္မော=လိပ်ခုံးဆိုတာ ဘာပါတုံး

http://www.dhammadownload.com



ဘုရား''လို့ လျှောက်ထားချက်အတွက် မြတ်စွာဘုရားက ဤကဲ့သို့ ဖြေတော်မူတယ်။

ကုမ္မောတိ ခေါ ဘိက္ခုပဉ္စန္နေ+တံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ၊ သေယျထိဒံ၊ ရူပုပါဒါနက္ခန္ဓဿ ဝေဒနုပါဒါနက္ခန္ဓဿ သညုပါဒါနက္ခန္ဓဿ သင်္ခါရုပါဒါနက္ခန္ဓဿ ဝိညာဏုပါဒါနက္ခန္ဓဿ၊ ဥက္ခိပ ကုမ္မံ ပဇဟ ပဉ္စုပါဒါနက္ခန္ဓေ၊ အဘိက္ကမ သုမေဓ သတ္ထံ အာဒါယာတိ အယ+မေတဿ အတ္ထော။

ချစ်သား၊ ကုမ္မ=လိပ်ခုံးဆိုတာ ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ။ ဤ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အမည်ဖြစ်တယ်။ လိပ်ခုံးကို ဖယ်ပစ်လိုက် ဆိုတာက ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို ပယ်ပစ်လိုက်။ ပညာဉာဏ်ရှိငါ့တပည့်၊ ထက်လှစွာသော တူးရွင်းကိုစွဲကိုင်၍ မရပ်မနား သင်ချစ်သား တူးပါလေ။ ဤကား ဋ္ဌါဒသမ ပြဿနာ၏ ဆိုလိုရင်း အနက်ဖြစ်သည်။

(ပကတိလိပ်မှာ ဦးခေါင်း၊ လက်နှစ်ဘက်၊ ခြေနှစ်ဘက်လို့ အင်္ဂါငါးပါးရှိသလို သင်္ခါရတရားအစု ဖြစ်တဲ့ ရုပ်နာမ် ဓမ္မမှာလဲပဲ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်လို့ အစုငါးခုရှိတဲ့ အတွက် ဥပါဒါနက္ခန္ဓာ ငါးပါးကို လိပ်ခုံးလို ခေါ်တယ် ချစ်သား။

အဲဒီ ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော လိပ်ခုံးကိုလဲ ဆရာက ''ဥက္ခိပ ကုမ္မံ=လိပ်ခုံးကို ကလော်ပစ်လိုက်'' လို့ ပြောတယ်။ လက်ရှိ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို တုတ်နဲ့ ကလော်ပစ်ရမှာလား၊ မဟုတ်ပါ။ အမှန်မှာ

http://www.dhammadownload.com



မြတ်စွာဘုရားက ''သင်ချစ်သားတို့ ရုပ်ကို စွန့်ပစ်ကြ'' လို့ ဆိုတာ ရုပ်မှာတွယ်တာတပ်မက်တဲ့ တဏှာ လောဘကို စွန့်ပစ်ရမှာ။ ''ခန္ဓာငါးပါးတို့ကို စွန့်ပစ်ကြ''ဆိုတာ ဒီခန္ဓာကိုယ်ကောင်ကြီးကို တွယ်တာ တပ် မက် နေ တဲ့ တဏှာလောဘကို စွန့်ပယ်ကြလို့ ဟောတော်မူတာ။

ဒါ့ကြောင့် ဒီ ဒွါဒသမ အဖြေအတွက်–

(၁၂) ပဉ္စုပါဒါ-နက္ခန္ဓာကို၊ ပမာလိပ်ပုံ၊ ဟော မိန့်တုံရှင့်။

ဤကဲ့သို့ အကျဉ်းဆောင်ပုဒ်ကို မှတ်ယူထားကြပါ လေ။ ။

### တေရသမ ပြဿနာအဖြေ

ဆက်လက်တူးတော့ ''အသိသူနာ=သားလှီးခုံ စဉ်းတီတုံးကို တွေ့တယ်''တဲ့ဘုရား။ ''ကာ အသိသူနာ= စဉ်းတီတုံး ဆိုတာ ဘာပါလဲဘုရား'' လို့ လျှောက် ထားချက်အတွက် မြတ်စွာဘုရားက ဤသို့ ဖြေတော် မူတယ်။

အသိသူနာတိ ခေါ ဘိက္ခု၊ ပဉ္စန္နေ+တံ ကာမ- ဂုဏာနံ အဓိဝစနံ စက္ခုဝိညေယျာနံ ရူပါနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ပိယရူပါနံ ကာမူပသံဟိတာနံ ရဇနီယာနံ၊ သောတဝိညေယျာနံ သဒ္ဒါနံ။ပ။ ဃာန ဝိညေယျာနံ ဂန္ဓာနံ။ပ။ ဇိဝှါဝိညေယျာနံ ရသာနံ။ပ။ ကာယဝိညေယျာနံ ဖောဋ္ဌဗ္ဗာနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ပိယရူပါနံ ကာမူပသံဟိတာနံ ရဇနီယာနံ။ ဉက္ခိပ အသိသူနံ ပဇဟ ပဉ္စကာမဂုဏေ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာတိ အယ+မေတဿ အတ္ထော။

http://www.dhammadownload.com



ချစ်သား၊ စဉ်းတီတုံး ဆိုတာ မျက်စိဖြင့် သိအပ်သော အဆင်းမျိုးစုံ ရူပါရုံ၊ နားဖြင့်သိအပ်သော အသံမျိုးစုံ သဒ္ဒါရုံ၊ နှာခေါင်းဖြင့်သိအပ်သော အနံ့မျိုးစုံ ဂန္ဓာရုံ၊ လျှာဖြင့်သိအပ်သော အရသာမျိုးစုံ ရသာရုံ၊ ကိုယ်ဖြင့်တွေ့ထိအပ်သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ။ ဤ အာရုံငါးပါး ကာမဂုဏ်တရားတို့၏ အမည်ဖြစ်တယ်။ စဉ်းတီတုံးကြီးကို ဖယ်ပစ်လိုက် ဆိုတာက ကာမဂုဏ် ငါးပါးတို့ကို ပယ်ရှားပစ်လိုက်။ ပညာဉာဏ်ရှိ ငါ့တပည့်၊ ထက်လှစွာသော တူးရွှင်းကို စွဲကိုင်၍ မရပ်မနား သင်ချစ်သား တူးပါလေ။ ဤကား တေရသမ ပြဿနာ၏ ဆိုလိုရင်း အနက်ဖြစ်သည်။

(စဉ်းတီတုံး ဆိုတာ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို ခေါ်တယ်။ အဲဒီ အာရုံငါးပါး စဉ်းတီတုံးပေါ်မှာ ကိလေသာ တည်းဟူသော သားလှီးဓားနဲ့ အာရုံငါးပါး လိုက်စားတဲ့ သတ္တဝါတွေဟာ ရိတ်ရိတ်လှီးပြီး အနှိပ်စက်ခံနေရတယ်။ ဒါ့ကြောင့် အာရုံငါးပါးသည် စဉ်းတီတုံး၊ အာရုံငါးပါး လိုက်စားတဲ့တဏှာသည် သားလှီးဓား။ စဉ်းတီတုံးကြီးကို ဖယ်ပစ်လိုက် ဆိုသည်မှာ အာရုံငါးပါးကို လိုက်စားတွယ်တာတဲ့ တဏှာလောဘကို ပယ်ရမည်ဟု ဆိုလိုပါတယ်။

ဒါကြောင့် ဒီ တေရသမ အဖြေအတွက်–

(၁၃) အာရုံငါးချက်၊ ကာမစက်မူ၊ သန်လျက်ပုံနှုန်း၊
စဉ်းတီတုံးတည့်။

ဤကဲ့သို့ အကျဉ်းဆောင်ပုဒ်ကို မှတ်ယူထားကြပါလေ။ ။

http://www.dhammadownload.com



## ၈၃ သမ ပြဿနာအဖြေ

စဉ်းတီတုံးဟိုဘက် ဆက်လက်တူးတော့ ''မံသပေသိ= အသားတစ်ကို တွေ့တယ်''တဲ့ ဘုရား။ ''က ၁ မံသပေသိ= အသားတစ်ဆိုတာ အဘယ်ပါနည်းဘုရား'' လို့ လျှောက်ထားချက်အတွက် မြတ်စွာဘုရားက ဤသို့ ဖြေတော်မူတယ်။

မံသပေသီတိ ခေါ ဘိက္ခု နန္ဒီရာဂဿေ+တံ အဓိဝစနံ။ ဥက္ခိပ မံသပေသိံ ပဇဟ နန္ဒီရာဂံ၊ အဘိက္ခဏ သုမေဓ သတ္တံ အာဒါယာတိ အယ+ မေတဿ အတ္တော။

ချစ်သား၊ အသားတစ်ဆိုတာ နန္ဒီရာဂခေါ်တဲ့ သမုဒယသစ္စာ တဏှာလောဘရဲ့ အမည်ဖြစ်တယ်။ အသားတစ်ကို ဖယ်ပစ်လိုက် ဆိုသည်မှာ နန္ဒီရာဂ တဏှာလောဘကို ပယ်လိုက်။ ပညာဉာဏ်ရှိ ငါ့ တပည့်၊ ထက်လှစွာသော တူးရွှင်းကို စွဲကိုင်၍ မရပ် မနား သင်ချစ်သား တူးပါလေ။ ဤကား ၈၃သမ ပြဿနာ၏ ဆိုလိုရင်းအနက်ဖြစ်သည်။

(အဘယ့်ကြောင့် နန္ဒီရာဂခေါ် တဏှာလောဘသည် အသားတစ်နှင့် ဥပမာတူသနည်းဟူမူ ပကတိ အသား တစ် တစ်ခုကို နံရံသို့ပစ်လိုက်လျှင် နံရံ၌ ငြိကပ်နေတယ်။ အိုးဘေးနားသို့ ပစ်လိုက်ယင် အိုးဘေး၌ ငြိကပ်နေ တယ်။ ပကတိအသားတစ်သည် မိမိရောက်ရာ နေရာ၌ ငြိကပ်နေသကဲ့သို့ နန္ဒီရာဂခေါ် တဏှာလောဘလဲ အဆင်းရူပါရုံနှင့်တွေ့လျှင် ထိုရူပါရုံ၌ တွယ်တာငြိကပ် ၏။ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံတို့နှင့် တွေ့လျှင်

http://www.dhammadownload.com



ထိုအာရုံတို့၌ ငြိကပ် တွယ်တာ၏။ ထိုကြောင့် နန္ဒီရာဂ ခေါ် တဏှာလောဘကို အသားတစ်လို့ ခေါ်ရတယ်။ ထိုအသားတစ်နှင့် တူသော နန္ဒီရာဂတဏှာကို ပယ်ရှား ရမည်ဟု ဆိုလိုသည်။

ဒါကြောင့် ဒီ စုဒ္ဒသမ အဖြေအတွက်–

(၁၄) သားတုံးဟူဘိ၊ စွဲကပ်ငြိသား၊ နန္ဒီရာဂ၊ စွန့်ခွာ မှလျှင်။

ဤကဲ့သို့ အကျဉ်းဆောင်ပုဒ်ကို မှတ်ယူထားကြ ပါလေ။ ။

## ပဉ္စရသမ ပြဿနာအဖြေ

အသားတစ်ရဲ့ ဟိုဘက် ဆက်၍တူးတော့ ''နာဂ= လည်ရေးသုံးရစ်နဲ့ နဂါးမင်းကို တွေ့တယ်''တဲ့ဘုရား။ ''ကော နာဂေါ= လည်ရေးသုံးရစ်ရှိတဲ့ နဂါးဆိုတာ အဘယ်ပါနည်း ဘုရား''လို့ လျှောက်ထားချက်အတွက် မြတ်စွာဘုရားက ဤသို့ ဖြေတော်မူတယ်။

နာဂေါတိ ခေါ ဘိက္ခု ခီဏာသဝဿေ+တံ ဘိက္ခုနော အဓိဝစနံ။ တိဋ္ဌတု နာဂေါ၊ မာ နာဂံ ဃဋ္ဋေသိ၊ နမော ကာဒရောဟိ နာဂဿာတိ အယ+ မေတဿ အတ္ထော။

ချစ်သား၊ လည်ရေး သုံးရစ်ရှိတဲ့ နဂါးမင်း ဆိုတာ အာသဝေါကုန်ခန်း ရဟန္တာ ရဟန်း၏ အမည်ဖြစ်တယ်။ ရဟန္တာသခင် အရှင်သူမြတ်သည် တည်မြဲ တည်ရှိပါစေ၊ ရဟန္တာ တည်းဟူသော လည်ရေး သုံးရစ်ရှိတဲ့ နဂါးမင်းကို မထိပါးနဲ့၊ ရဟန္တာတည်းဟူသော လည်ရေး သုံးရစ်ရှိတဲ့

http://www.dhammadownload.com



နဂါးမင်းကို ရှိခိုးလေ၊ ဤကား ပဉ္စရသမ ပြဿနာ၏ ဆိုလိုရင်း အနက်ဖြစ်သည်။

မြတ်စွာဘုရားက ဆယ့်ငါးခုမြောက် ပြဿနာအရ "နဂါးဆိုတာ အာသဝေါကုန်ခန်းတဲ့ ရဟန္တာအရှင်သူမြတ်ကို ခေါ်တယ်။ အဲဒီနာဂကို မထိပါးနဲ့၊ အဲဒီနာဂကို ရှိခိုးရမယ်၊ အဲဒီနာဂ ထိန်းစောင့်တဲ့ ပစ္စည်းကို ရလို့ရှိယင် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် စားသုံးလို့မကုန်ဘူး လို့ ဟောတော်မူတယ်။ အဲဒီ ဗုဒ္ဓနာဂအား ရှိခိုးပုံကို အဋ္ဌကထာက–

ဗုဒ္ဓေါ သော ဘဂဝါ
ဗောဓာယ ဓမ္မံ ဒေသေတိ၊
ဒန္တော သော ဘဂဝါ
ဒမထာယ ဓမ္မံ ဒေသေတိ၊
သန္တော သော ဘဂဝါ
သမထာယ ဓမ္မံ ဒေသေတိ၊
တိဏ္ဏော သော ဘဂဝါ
တရဏာယ ဓမ္မံ ဒေသေတိ၊
ပရိနိဗ္ဗုတော သော ဘဂဝါ
ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

အဲဒီလို (ထောမနာ ပဏာမဖြင့်) ရှိခိုးရမည့်အကြောင်း ဖွင့်ပြထားတယ်။ (တရားပွဲ အစတုန်းက ရှိခိုးခဲ့ပြီးပြီ၊ ပြန်၍ ဖွင့်ကြည့်ပါလေ။)

ယနေ့ ဗုဒ္ဓဘာသာဝင် အများစုဖြစ်တဲ့ အမျိုးသားအမျိုးသမီးတို့ အဖို့မှာကား "နမော၊ နပေါ၊ နမာမိ= ရိုသေမြတ်နိုး ရှိခိုးပါ၏" ဤကဲ့သို့ ဆို၍ ဝန္ဒနာ

ဘတ်ိယအကြိမ်

http://www.dhammadownload.com



ပဏ္ဍာမဖြင့် ရှိခိုးရမှ မြိန်မြိန်ရှက်ရှက် အားရကြတယ်၊ ထိုသို့ ရှိခိုးနိုင်ရန် အဋ္ဌကထာအလိုကျ အကြောင်းအရာငါးချက် ဖော်ပြ၍—

ဗုဒ္ဓေါ ဗောဓာယ ဒေသေတိ၊
ဒန္တော ယော ဒမထာယ စ။
သမထာယ သန္တော ဓမ္မံ၊
တိဏ္ဏော ဝတရဏာယ စ။
နိဗ္ဗုတော နိဗ္ဗာနတ္ထာယ၊
တံ လောကသရဏံ နမေ။ ။

(ဤဂါထာဖြင့် ရှိခိုး၍ တရားပွဲ သိမ်းကြရအောင်။)

ဒါကြောင့် ပန္နရသမ ပြဿနာရဲ့ အဖြေအတွက်—

(၁၅) အာသဝကင်းကွာ၊ ရဟန္တာမူ၊ ပမာနဂါး၊ ဟောမိန့်ကြားသည်၊ ဆယ့်ငါး ပြဿနာ ရပ်တည်း။

ဤကဲ့သို့ အကျဉ်းဆောင်ပုဒ်ကို မှတ်ယူကြပါလေ။ ။

### အရှင်ကုမာရကဿပ ရဟန္တာဖြစ်ခြင်း

ဤ ဝမ္မိကသုတ္တန်သည် အရှင်ကုမာရကဿပအဖို့ ကမ္မဋ္ဌာန်းပင် ဖြစ်ပါ၏။ မထေရ်မြတ်သည် ဤသုတ္တန်ကို ကမ္မဋ္ဌာန်းပြု၍ ဝိပဿနာတရား ပွားများ ကြိုးကုတ် အားထုတ်တော်မူ၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူပြီလို့ ဤသုတ်အဖွင့် အဋ္ဌကထာ အဆုံးမှာ ဖွင့်ဆိုထားပါတယ်။ အရှင်ကုမာရကဿပ ကိုယ်တိုင်က လဲ ပဲ ကိုယ်တော်ရဲ့ အပဒါန် နောက်ဆုံးမှာ—

ဝမ္မိကသဒိသံ ကာယံ၊ သုတွာ ဗုဒ္ဓေန ဒေသိတံ။
တတော စိတ္တံ ဝိမုစ္စိ မေ၊ အနုပါဒါယ သဗ္ဗသော။

တတိယအကြိမ်

ဗုဒ္ဓေန= သဗ္ဗညုဗုဒ္ဓ အမည်ရတဲ့ လောကထွတ်ထား မြတ်စွာဘုရားသည်။ ကာယံ= ကရဇခေါ် ဆိုဤသည့်ကိုယ်ကို။ ဝမ္မိကသဒိသံ= တောင်ပို့နှင့် တူ၏ဟူ၍။ ဒေသိတံ= အကျယ်တရား ဟောကြားအပ်သည်ကို။ သုတွာ= သဒ္ဒါနားဖြင့် နာကြားရပါ၍။ (ဝါ) နာကြားရသောကြောင့်။ တတော= ထိုအချိန်မှ နောက်ကာလ၌။ မေ=ငါ၏။ စိတ္တံ=စိတ်သည်။ အနုပါဒါယ = တဏှာဒိဋ္ဌိ တို့ဖြင့် မစွဲလန်းမူ၍။ သဗ္ဗသော=ခပ်သိမ်းဥဿုံ အလုံးစုံသော အာသဝေါတရားတို့မှ။ ဝိမုစ္စိ=ကျွတ်လွတ်ခဲ့လေပြီ....လို့ ဝန်ခံမိန့်ကြားတော်မူခဲ့တယ်။

## တေဒဂ်ဘွဲ့ထူး ရရှိတော်မူခြင်း

ရဟန္တာ ဖြစ်တော်မူပြီးတဲ့ နောက်တစ်ချိန်မှာ ပါယာသိမည်သော မဟာရာဇာ စော်ဘွားမင်းတစ်ဦးရဲ့ မိစ္ဆာဒိဋ္ဌိအယူကို ၁၅-ပါးသော ဥပမာတို့ဖြင့် အဆန်းတကြယ် ဟောပြောခြေချွတ် စင်ကြယ်စေတော်မူခဲ့တယ်။ အဲဒီလို ၁၅-ပါးသော ဥပမာတို့ဖြင့် ''ပါယာသိရာဇညသုတ္တန် (*) ကို အကျယ်တဝင့် ဟောခြင်းကို အကြောင်းပြု၍ မြတ်စွာဘုရားက ရဟန်းတော်များအား တေဒဂ်ဘွဲ့ထူး ချီးကျူးပေးအပ်တော်မူသောအခါ-

တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ စိတ္တ-ကထိကာနံ ယဒိဒံ ကုမာရကဿပေါ။

ဘိက္ခဝေ= ရဟန်းတော်များ အို-ချစ်သားတို့။ ယဒိဒံ-ယော အယံ ကုမာရကဿပေါ = အကြင်

(*) ဒီဃနိကာယ်၊ မဟာဝဂ္ဂ၊ ၁၀-ပါယာသိရာဇညသုတ်။

http://www.dhammadownload.com



ပသေနဒီ ကောသလမင်းတရား၏ ကိတ္တိမသား ဖြစ်ခြင်းကြောင့် ကုမာရ မင်းသားဟု ခေါ် ဆို ရ တဲ့ ကဿပရဟန်းသည်။ အတ္ထိ= ရှိ၏။ တေ-သော ကုမာရကဿပေါ=၍ ကုမာရကဿပရဟန်းသည်။ စိတြကထိကာနံ= ဥပမာ+ ဥပမေယျ အကြောင်း+ အကျိုး အမျိုးမျိုးဖော်ပြ၍ ဆန်းကြယ်စွာ တရား ဟောကြားကြကုန်သော။ မမ သာဝကာနံ ဘိက္ခူနံ= ငါဘုရား၏ တပည့်သားသာဝက ရဟန်းတော်တို့ အနက်။ အဂ္ဂံ-အဂ္ဂေါ= အသာဆုံး အမြတ်ဆုံး ပေတည်း။

၍ကဲ့သို့ စိတြကထိက အရာမှာ ဧတဒဂ် ဘွဲ့ထူးကို မြက်စွာဘုရား ချီးကျူး ခန့်အပ်တော်မူတယ်။ ၍တွင် ဝမ္မိကသုတ္တန်ဆုံး၍ ထိုသုတ္တန်လာအတိုင်း ဘုရား သဗ္ဗညု ကို ရှိခိုး၍ တရားသိမ်းကြစို့....။

ဗုဒ္ဓေါ ဗောဓယ ဒေသေတိ၊
ဒန္တော ယော ဒမထာယ စ။
သမထာယ သန္တော ဓမ္မံ၊
တိဏ္ဏော ဝ တရဏာယ စ။
နိဗ္ဗုတော နိဗ္ဗာနတ္ထာယ၊
တံ လောကသရဏံ နမေ။ ။

လောကသရဏော=လောကသုံးပါး၏ ကိုးစားရာတစ်ဆူ ဖြစ်တော်မူသော။ ယော နာဂေါ=ဗုဒ္ဓနာဂ အမည်တော်ရသည့် အစိန္တေယျထွတ်ထား အကြွင်မြတ်စွာဘုရားသည်။ ဗုဒ္ဓေါ = သ စ္စာ လေး အင် ကိုယ်တော်တိုင် ထိုးထွင်း သိမြင်တော် မူပြီးဖြစ်၍။

http://www.dhammadownload.com



ပေါဓာယ စ=ကျွတ်ထိုက်သူ မိုလ်မိုလ် လူ တို့ ကိုယ်တူထင်လင်း သိစေခြင်း အ ကျိုး ငှာ လည်း ကောင်း။ ဒန္တော = ကိုယ်တော်ကပင် ယဉ်ကျေး တော်မူပြီး ဖြစ်၍။ ဒမထာယ စ=ကျွတ်ထိုက်သူ မိုလ်မိုလ်လူတို့ ကိုယ်တူမယွင်း ယဉ်ကျေးကြစေခြင်း ငှာလည်းကောင်း။ သန္တော = ကိုယ် တိုင် က ပင် ကိလေသာဟူ အပူခပ်သိမ်း ငြိမ်းအေးတော်မူပြီး ဖြစ်၍။ သမထာယ စ =ကျွတ်ထိုက်သူ မိုလ်မိုလ် လူတို့ ကိုယ်တူမယွင်း ကိလေသာအပူ ငြိမ်းအေး ခြင်းငှာ လည်းကောင်း။ တိဏ္ဏော၀ = သံသရာ နက်ဝှမ်း ဿရက်ကြမ်းကို ကူးသန်းထုတ်ချောက် ကိုယ် တော်တိုင်ရောက်ပြီး ဖြစ်၍သာလျှင်။ တရဏာယ စ=ကိုယ်တော့်ထပ်တူ ကျွတ်ထိုက်သူတို့ နိဗ္ဗူသာဝှမ်း မှာဘက်ကမ်းသို့ ကူးသန်းထုတ်ချောက် ရောက်ကြ ပါစေခြင်းအလို့ငှာ လည်းကောင်း။ နိဗ္ဗုတော= ကိလေသပရိနိဗ္ဗာန် ဝင်စံရပ်သိမ်း ကိုယ်တော်တိုင် အေးငြိမ်းတော်မူပြီး ဖြစ်၍။ နိဗ္ဗာနတ္ထာယ စ= ကိုယ်တော့်ထပ်တူ ဝေနေယျလူတို့ အ ပူ ခပ် သိမ်း ငြိမ်းကြပါစေခြင်း အကျိုးငှာလည်းကောင်း။ ဓမ္မံ= နေ့စဉ်လေးနက် ဓမ္မစက်ကို။ ဒေသေတိ=ကရုဏာ ရှေ့ထား ဟောကြားတော်မူခဲ့ပေ၏။ လောက- သရဏံ=လောကသုံးပါး၏ ကိုး စား ရာ တစ် ဆူ ဖြစ်တော်မူသော။ တံ နာဂံ=ဗုဒ္ဓနာဂ အမည်တော် ရသည့် အစိန္တေယျထွတ်ထား ထိုမြတ်စွာဘုရားကို။ နမေ-နမာမိ=ကိုယ်, နှုတ်, နှလုံး သုံးပါးပျောင်း ပျော့ မာန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံ

http://www.dhammadownload.com



မိုးလျက် ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား၊ မြတ်စွာဘုရား....။

**သာဓု သာဓု သာဓု။**

ဤသို့လျှင် ဝမ္မိကာသုတ္တန် တရားဒေသနာကို ကြားနာရခြင်း=ဓမ္မဿဝန ကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလတို့ကို ဆောက်တည်ရခြင်း=သီလမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဝမ္မိကာသုတ္တန်လာ အတိုင်း မိမိတို့ ဉာဏ်အမြင်မိကြသမျှ ခန္ဓာငါးဝ ရုပ်နာမ်ဓမ္မတို့ကို ဤ ကာရဇကိုယ်ကို တောင်ပို့လို ဥပမာထား၍ ပထဝီဓာတ်အစု အာပေါ၊ တေဇော၊ ဝါယော ဓာတ်အစု လေးစိတ်လေးမြွာ ကောဋ္ဌာသ ခွဲခြမ်းပြီးလျှင် တစ်ခု တစ်ခုသော ကောဋ္ဌာသအစု၌ ပါရှိသော ဆံပင်၊ မွေးညင်း အစရှိသော တစ်စု တစ်စုတို့ကို ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ တည်းဟူသော ဓာတ်ရှစ်ပါး ရှစ်စိတ်ရှစ်မြွာ ခွဲ၍ ထိုဓာတ်ရှစ်ပါး တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ ဖြစ်ပုံကို ဉာဏ်အမြင်ပုံမိသမျှ ဆင်ခြင်ပွားများ အားထုတ်ခြင်း၊ ဘူးဆွခြင်း=ဘာဝနာမယ ကောင်းမှု ကုသိုလ်ကံ စေတနာ၊ မြတ်စွာဘုရား၏ သာသနာနေဝန်း အဓွန့်ရှည်စွာ ထွန်းပါစေခြင်း အကျိုးငှာ ကိန်းဝပ် တော်မူရာ ဂန္ဓကုဋီ တိုက်တော်နှင့်တကွ ဥဒ္ဒိဿရုပ်ပွား ဘုရား စေတီတော်မြတ်ကို တည်ထားရခြင်း၊ သာသနာတော်၏ အညွန့် အညှောက်ပေါက်ရောက် စည်ပင်ပါစေခြင်းအကျိုးငှာ ရဟန်းလောင်း ရှင်သာမဏေအား မကြာမိ ရက်အတွင်းဝယ် ရှစ်ပါးသော ပရိက္ခရာတို့ဖြင့်

http://www.dhammadownload.com



ရဟန်း အဖြစ်ရောက် ချီးမြှောက်ရခြင်း သာသနာနုဂ္ဂဟ၊ မိမိတို့၏ ရင်၌ဖြစ်သော သားတို့ကို ဘုရားမြတ်စွာ သာသနာတော်အတွင်း သာမဏေရ ပဗ္ဗဇ္ဇာဘုံ အရောက်ချီးမြှောက်ရခြင်း သာသနာနုဂ္ဂဟ၊ဤလှိုပေါင်း အစ် မျှားမြတ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် ဤဝမ္မိကသုတ္တန် ဒေသနာတော်၌ လာရှိသည့်အတိုင်း ဘုရားအလိုတော်ကျ ဤခန္ဓာကိုယ်ကို တောင်ပို့အရာ ဥပမာထား၍ ဤခန္ဓာကိုယ်၌ ထင်ရှားရှိကြသော ပထဝီ အာပေါ တေဇော ဝါယော ဓာတ်အစု လေးပါး ခွဲခြားပြီးလျှင် ခန္ဓာကိုယ်တည်းဟူသော တောင်ပို့ကို ဝိပဿနာဉာဏ် ပညာတည်းဟူသော ထက်စွာသော ထူးရှင်းဖြင့် လေးစိတ်လေးမြွာ ရှစ်စိတ်ရှစ်မြွာ ခွဲခြမ်းစိတ်ဖြာ နိုင်ကြပါစေကုန်သတည်း။

လေးစိတ်လေးမြွာ ရှစ်စိတ်ရှစ်မြွာကွဲအောင် ခွဲခြမ်းစိတ်မြွာကြသဖြင့်အနမတဂ္ဂအစမထင် သံသရာတစ်ခွင်က အစဉ်သဖြင့် ငုပ်ကိန်းလိုက်ပါလာခဲ့သည့် အဝိဇ္ဇာမောဟတည်းဟူသော မင်းတုပ်တရား၊ သားတစ်နှင့် ဥပမာတူသည့် နန္ဒိရာဂ ဘဝတဏှာ၊ ဤဘဝဝဋ်မြစ် နှစ်ပါးတို့ကို အကြွင်းမဲ့ ပယ်ဖြတ်နိုင်ကြပါစေကုန်သတည်း။ အဝိဇ္ဇာ ဘဝတဏှာတည်းဟူသော သံသရာရေ သောက်မြစ် နှစ်ပါးတို့ကို အကြွင်းမဲ့ ပယ်သတ်သည့် အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ကိုယ်စီကိုယ်င ရောက်ကြပါစေကုန်သတည်း။ အရဟတ္တမဂ် အရဟတ္တဖိုလ်ပေါက် ရောက်ကြရသော နောက်ဆုံး ပစ္ဆိမဘဝဝယ် ပရိနိဗ္ဗာန စုတိစိတ်၏ အခြားမဲ့ဖြစ်သော နောက်ကာလ၌ တစ်စုံ တစ်ခုသော ဘဝ၌မှ ရှင်နာမ်နှစ်ဖြာ ခန္ဓာငါးပါး

http://www.dhammadownload.com



ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တစ်ဖန် မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ၊ အနုပါဒိသေသ ပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။ အနုပါဒိသေသ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ် ကိလေသဝဋ် ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာမီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း....။

**သာဓု သာဓု သာဓု။**

**ဝမ္မိကသုတ္တန် တရားတော်**
**ပြီးပါပြီ။**

http://www.dhammadownload.com

# သဘိယသုတ္တန် တရားတော်

## နမော ဗုဒ္ဓါယ။

(သိဖွယ်)။ ။တရားရှာနည်းနှင့် တရားသဘော သက်ဝင် ကျင့်သုံးနည်းအတွက် ရဟန္တာ ပုဂ္ဂိုလ်၏ အမည်ထူး ဂုဏ်ထူး အသီးသီး တို့ကို ဖော်ညွှန်း ဟောကြားခြင်း။

**ကောဇာသက္ကရာဇ် ၁၃၂၉ ခုနှစ်၊ သာသနာ ၂၅၁၁ ခုနှစ်၊ တော်သလင်းလဆန်း (၁၀) ရက်နေ့သည့် မန္တလေးမြို့ မလွန်ဈေး ယောင်း ဆန်ရှူအသင်းကြီး၏ ဆွမ်းဆန်တော် ရေစက်ချလှူဒါန်းပွဲ၌ ဟောကြားအပ်သော သုတ္တနိပါတ် ပါဠိတော်လာ "သဘိယသုတ္တန် တရားတော်"**

## ခဲယဉ်းစွာ နှလုံးသွင်းရသော သုတ္တန်

ဘုန်းကြီး ယခု ဟောမည့်သုတ္တန်ကို သဘိယပရိဗိုဇ် အား ဟောတဲ့သုတ္တန်မို့လို့ ''သဘိယသုတ္တန်''လို့ ခေါ် ပါတယ်။ တခြားတခြားသော သုတ္တန်များကို လေ့လာ ကြည့်လိုက်လို့ရှိယင် လွယ်လွယ်နဲ့ နှုတ်တက် ရလွယ် တယ်၊ ဒီ သဘိယသုတ္တန်ကြီးကျတော့ တော်တော်ပဲ ခဲခဲ ယဉ်းယဉ်း ကျက်မှတ် ရွတ်ဆိုရတဲ့ သုတ္တန်ကြီး ဖြစ်ပါ တယ်။ စာပေနဲ့ ပတ်သက်လို့ ဘုန်းကြီးများ အရေ မလည်ခင် ပထမပိုင်းတုန်းကတော့—

''တစ်နေ့ကို စာဘယ်လောက် ရအောင် ကျက်နိုင် သလဲ''လို့ မေးယင်—

တတိယအကြိမ်

http://www.dhammadownload.com



''တစ်နေ့ကို စာ (၆) ရွက်လောက်တော့ ရပါတယ်၊ ကျက် နိုင် ပါ တ ယ်'' လို့ (မိမိ ပါဠိတော်ကို စပြီး မြဲဖွဲ့ဇာလသုတ်ကို နှုတ်တက်အရ လေ့ကျက်စမ်းစဉ်က) တွေ့ခဲ့ရတဲ့ စာပေကို ကြည့်ရှုဆင်ခြင်ပြီး ထင်လဲ ထင်ခဲ့၊ ဖြေ လဲ ဖြေ ခဲ့ ပါ တ ယ်....။ ထိုနောက် တိပိဋကစာရေး စာမေးပွဲဝင်ရန် ဝိနည်း ပါဠိတော်တို့ကို ကျက်တဲ့အခါ ပဉ္စမမြောက် ဝိနည်းပါဠိတော် ပရိဝါရ ပါဠိတော်ကို ကျ က်တဲ့ အ ခါ ''ဆေးနည်းစာ'' ကို ကျက်ရသည့် အလား လွယ်လွယ်နဲ့ နှုတ်တက်မရနိုင်တာကို ကိုယ်တွေ့ ကြုံခဲ့ရပါတယ်။

ထိုနည်းတူ တချို့တချို့ သုတ္တန်များကို နှလုံးသွင်း၍ နှုတ်တက်ရလွယ်သော်လဲ ယခု သဘိယသုတ္တန်ကျတော့ ငြိုငြိုငြင်ငြင် ခဲခဲယဉ်းယဉ်း ကျက်ရ၊ နှလုံးသွင်း ရပါ တယ်။ ဒါကြောင့် မတော်တဆ ချွတ်ယွင်းချက်များ ပါသွားခဲ့သော် သည်းခံပြီးတော့ နာယူကြပါ။

အရှင်မဟာကဿပ၊ အရှင် အာနန္ဒာ မထေရ်မြတ် တို့က–

ကေံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဝေဠုဝနေ ကလန္ဒကနိဝါပေ–လို့ ဒီသုတ္တန်ကို တရားဦးစပေးလိုက် တယ်။

ယခု သဘိယသုတ္တန်ကို ဟောမည့်အချိန်မှာ ဘုရား ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း မှာ ကိန်းအောင်းမွေ့လျော် နေ တော် မူ တဲ့ အ ခိုက် ဖြစ်ပါတယ်။ ဒီ သုတ္တန်ကို ဟော မည့် အ ချိန် မှာ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေ ဠု ဝန် ကျောင်း မှာ နေတော်မူတဲ့ပုံကို မှန်းပြီး အာရုံပြုထားကြပါ....။

http://www.dhammadownload.com



တေန ခေါ ပန သမယေန သဘိယဿ ပရိဗ္ဗာဇကဿ ပုရာဏသာ လောဟိတာယ ဒေဝ–တာယ ပဉှာ ဥဒ္ဒိဋ္ဌာ ဟောန္တိ ''ယော တေ သဘိယ သမဏော ဝါ ဗြာဟ္မဏော ဝါ ဣမေ ပဉှေ ပုဋ္ဌော ဗျာကရောတိ၊ တဿ သန္တိကေ ဗြဟ္မစရိယံ စရေယျာသီ'' တိ။

''သဘိယ=သဘိယပရိဗိုဇ်....။ ယော သမဏော ဝါ = အကြင် သမဏခေါ်ဆို ပုဂ္ဂိုလ်သည်လည်း ကောင်း။ ယော ဗြာဟ္မဏော ဝါ=အကြင် ဗြာဟ္မဏ ခေါ်ဆိုပုဂ္ဂိုလ်သည်လည်းကောင်း။ တေ=သင့်အား၊ (ဝါ) သင်က။ ဣမေ ပဉှေ=ဤ အမေးပုစ္ဆာပြဿနာ တို့ကို။ ပုဋ္ဌော = မေးလျှောက် အပ်သည်ရှိသော်။ ဗျာကရောတိ=အဖြေစကား အမှန်အတိုင်း ဖြေကြားနိုင်၏။ တဿ=သမဏ ဗြာဟ္မဏ ခေါ်ဆို ထိုပုဂ္ဂိုလ်၏။ သန္တိကေ = အထံ၌။ ဗြဟ္မစရိယံ= မြတ်သောအကျင့်ကို။ တွံ=သင်သည်။ စရေယျာသိ= ကျင့်ကြံကြိုးကုတ် အားထုတ်လေ''။ ဣတိ=ဤသို့ ပြောဆို၍။ တေန ခေါ ပန သမယေန=ထိုအခါ၌။ သဘိယဿ ပရိဗ္ဗာဇကဿ = သဘိယပရိဗိုဇ်၏။ ပုရာဏသာ လောဟိတာယ ဒေဝတာယ=မိဖအလား အစီးအပွားကို အလိုရှိသော နတ်သည်၊ (ဝါ) ဗြဟ္မာသည်။ ပဉှာ=အမေးပုစ္ဆာ ပြဿနာ နှစ်ဆယ် တို့ကို။ ဥဒ္ဒိဋ္ဌာ = မာတိကာအား အကျဉ်းထား၍ ဟောကြားအပ်ကုန်သည်။ ဟောန္တိ=ဖြစ်ကုန်၏။

ပါဠိတော်ဆိုတာ အင်မတန်ကျယ်ဝန်းတဲ့ အနက် အဓိပ္ပာယ်တွေကို စာတစ်ပိုဒ်တည်းနဲ့ အများကြီး ရှိမိ

http://www.dhammadownload.com



ငုံမိအောင် ဟောတတ်ပါတယ်။ ဒါဟာ သဘာဝ နိရုတ္တိရဲ့ အရိယဝေါဟာရရဲ့ ဓမ္မတာပါ။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းမှာ ကိန်းအောင်း မွေ့လျော် နေတော်မူတဲ့အခိုက် သဘိယပရိဗိုဇ်ရဲ့ အမိ အဖအလား အကျိုးစီးပွားကို လိုလားတဲ့ (ယခုနေရာ မှာ ဒေဝတာလို့ ဆိုသော်လဲ ကာမာဝစရ နတ်ပြည် ၆-ထပ်က နတ် မဟုတ်ပါ၊) သုဒ္ဓါဝါသ ဗြဟ္မာကြီးက သဘိယပရိဗိုဇ်ထံ လာရောက်ပြီး–

''သဘိယ....၊ သင့်အား သမဏ ဗြာဟ္မဏခေါ်ဆို အကြင်ပုဂ္ဂိုလ်သည် ယခု ပြောမည့် ပြဿနာများကို အမှန်အတိုင်း ဖြေကြားနိုင်၏၊ ယင်းသို့ အမှန် အတိုင်း ဖြေကြားနိုင်တဲ့ သမဏ ဗြာဟ္မဏရဲ့အထံမှာ သင်သည် မြတ်သောအကျင့်ကို ကျင့်သုံးပါ၊ ရှင် ရဟန်းပြုပါ....''

အဲဒီလို ညွှန်ကြားပြီးတော့ မေးရမည့်ပြဿနာ (၅) ဂါထာတို့ကို ဗြဟ္မာကြီးက သင်ပေးသွားခဲ့တယ်။ ဒီဟာကို ပါဠိတော်က စာတစ်ပိုဒ်တည်းနဲ့ ဖော်ပြတယ်။ အဲဒီ တစ်ပိုဒ်တည်းနဲ့ ဖော်ပြတဲ့ သဘာဝနိရုတ္တိ အရိယ ဝေါဟာရ ပါဠိတော်ကို အဋ္ဌကထာ ဆရာတော်များက အမိပ္ပာယ် အကျယ်နားလည်အောင် စာ ၂-မျက်နှာ၊ ၃-မျက်နှာလောက် ဖွင့်ပြထားကြတယ်။

## သဘိယပရိဗိုဇ်၏ အတိတ်အကြောင်း

မေးစရာရှိတယ်....တဲ့။ သဘိယပရိဗိုဇ်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်လဲဆိုတော့ သူ့ရဲ့ အတ္တုပ္ပတ်ကိုပြောရလို့ရှိယင်–

http://www.dhammadownload.com



ကဿပမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီးတဲ့ နောက် တစ်ဆူတည်းသော ရွှေစေတီကြီး တည်ပြီးကြတဲ့အခါ အမျိုးကောင်းသား သုံးယောက် မျက်မှောက်သာဝက တို့ထံ ရဟန်းပြုပြီး တောကျောင်း နေကြတယ်။ ထိုသို့ တောကျောင်းသွားနေရာက တစ်ခါတစ်ခါမှာ ကဿပ မြတ်စွာဘုရားရဲ့ စေတီတော်ကြီးရှိရာမြို့သို့ လာရောက် ဖူးမြော်ကြတယ်။ တော်တော်လေး အကြိမ်များလာတဲ့ အခါ ဤကဲ့သို့ စေတီတော်အား အဖူးအမြော် လာရောက်ရသည်ကိုပင် တောကျောင်းနှင့် ကင်းကွာ ကြရသည်ကို မနှစ်သက်နိုင်ကြပဲ တောကျောင်း၌ပင် ရဟန်းတရား ပွားများအားထုတ်နေထိုင်ကြတယ်။

## တောင်ပေါ်တက်၍ တရားအားထုတ်ကြခြင်း

ထိုသို့ နေထိုင်သော်လဲ မဂ်ဖိုလ်တရားထူးကို မရကြ သည့်အတွက် တစ်ဖန် စဉ်းစားကြပြန်သည်မှာ–

''ငါတို့သည် ယခုလို ဆွမ်းခံလှည့်လည်ကြသဖြင့် အသက်၌ တွယ်တာကြသူများ ဖြစ်နေကြတယ်၊ အသက်၌ တွယ်တာသူသည် လောကုတ္တရာကို မရနိုင် ချေ၊ ပုထုဇဉ်အဖြစ်နဲ့ ကွယ်လွန်ရယင် အင်မတန်မှ ဆင်းရဲတယ်၊ ဒီတော့ ကိုင်း.... ငါတို့ လှေကား ထောင်ပြီး တောင်ထိပ်တက်၍ အသက်နှင့်ကိုယ်ကို မငဲ့ကွက်ကြဘဲ ရဟန်းတရားကို ပွားများအားထုတ် ကြပါစို့....လို့–

အဲဒီလို သုံးပါးသဘောတူ တိုင်ပင်ကြပြီး လှေကား ထောင်၍ တောင်ပေါ်တက်ရောက်ကြပြီး လှေကားကို

http://www.dhammadownload.com



တွန်းလှဲကြ၍ တောင်ထိပ်မှာပင် ဘုရားအားထုတ်ကြတယ်။

ဒီနေရာမှာ တောင်ပေါ်တက်၍ ရဟန်းတရား အားထုတ်ကြတဲ့ ပုဂ္ဂိုလ် (၇)ပါးတို့ရဲ့ ဝတ္ထုလဲရှိတယ်။ ယခုပြောနေတာက အခြားပုဂ္ဂိုလ် (၃)ပါးရဲ့ ဝတ္ထုဖြစ်ပါတယ်။ တောင်ပေါ်တက် တရားအားထုတ်လို့ မထေရ်ကြီးက ထိုနေ့မှာပင် ရှေးကောင်းမှုဥပနိဿယရည်း အားကြီးသဖြင့် ဆဠဘိညရဟန္တာဖြစ်ပြီး တန်ခိုးဖြင့် ဟိမဝန္တာသို့ကြွ၍ အနောတတ်အိုင်၌ မျက်နှာသစ်ပြီး မြောက်ကျွန်း၌ ဆွမ်းခံကြွ၍ ဆွမ်းကိစ္စပြီးသောအခါ အခြားအရပ်သို့ ကြွသွား၊ သပိတ်အပြည့် ဆွမ်းခံ၍ အနောတတ်အိုင်ရေ (နှင့်) ကံ့ကော်ဒန်ပူတို့ကို ယူဆောင်ကာ ကျန်သော မထေရ် နှစ်ပါးတို့ထံ သွား၍—

''ငါ့ရှင်တို့....၊ ငါ၏ အာနုဘော်ကို ကြည့်ကြပါ၊ ဤကား မြောက်ကျွန်းမှ ဆွမ်း၊ ဤကား ဟိမဝန္တာမှ အနောတတ်ရေ (နှင့်) ကံ့ကော်သားဒန်ပူ ငါဆောင်ယူအပ်ခဲ့ပြီ၊ ဤဆွမ်း၊ ရေ၊ ဒန်ပူတို့ကို သုံးစွဲ၍ ရဟန်းတရား စိတ်အေးချမ်းစွာ အားထုတ်ကြပါ။ ဤနည်းနှင်နှင် အရှင်တို့ကို တပည့်တော် ပြုစုပါမည်'' ဟု ပြောဆို လျှောက်ထားသောအခါ ကျန်မထေရ်နှစ်ပါးတို့က—

''အရှင်ဘုရားတို့မှာ ရဟန်းကိစ္စ ပြီးပြီး ကြပါပြီ၊ တပည့်တော်တို့အဖို့ရာ အရှင်တို့နှင့် ယခုလို စကားနီးနှော ပြောရခြင်းမျှပင် ကျယ်ဝန်းနေပါသည်၊ ဒီကနောက် အရှင်တို့သည် တပည့်တော်တို့ထံ မကြွလာကြ

http://www.dhammadownload.com



ပါကုန်လင့်'' ဟု ပြောကြားကြတယ်။ မထေရ်ကြီးသည် ဘယ်နည်းနှင့်မှ ထိုအရှင်မြတ်တို့ကို လက်ခံစေဖို့ရန် မတတ်နိုင်ရကား အရပ်တစ်ပါး ဖဲသွားတော်မူတယ်။

ပထမ မထေရ်ကြီး ရဟန္တာဖြစ်ပြီးနောက် ၂-ရက် ၃-ရက်လွန်မြောက် ရောက်သောအခါ ဒုတိယမထေရ်လဲ အဘိညာဉ် (၅) ပါးရသော အနာဂါမ်အရိယာဖြစ်ပြီး ပထမ မထေရ်ကြီးကဲ့သို့ပင် သီတင်းငယ် မထေရ်အား ပြောပါသော်လဲ ရှေးနည်းအတူပင် ပယ်တဲ့အတွက် ထို ဒုတိယ အနုမထေရ်မြတ်လဲ မတတ်နိုင်တဲ့အဆုံးမှာ လျစ်လျူရှုရပါတယ်။ ။

## တရားအားထုတ်ရင်း သေခြင်း

မထေရ်ငယ် တစ်ပါးတည်း ကျန်တဲ့အခါ (၇)ရက် လုံးလုံး ဆွမ်းမဘုဉ်းပေးဘဲ ရဟန်းတရား ပွားများ အားထုတ်လို့ စားထားတဲ့ အာဟာရရဲ့ အသက်ကလဲ ခုနစ်ရက်သာရှိခြင်း၊ ကမ္မဋ္ဌာန်း အလုပ်ကလဲပဲ ပြင်းထန် လွန်းခြင်းတို့ကြောင့် (၇) ရက် မြောက် သော အခါ မထေရ်ငယ်ဟာ မဂ်ဖိုလ်တရားထူးကိုမရဘဲ စုတိပြုတ်ကြွေ သေလွန်ပြီး ကာမာဝစရ နတ်ပြည်သို့ ရောက်ခဲ့တယ်။

အဲဒီ ခုနစ်ရက်မြောက်မှာပဲ မထေရ်ကြီးလဲ ပရိနိဗ္ဗာန် စံတော်မူတယ်။ အနုထေရ်လဲပဲ စုတိပြုတ်ကြွေ သေလွန် ပြီးနောက် သုဒ္ဓါဝါသ ဗြဟ္မာ့ပြည်မှာ ရောက်တယ်။ အဲဒီလို ရောက်ကြပြီး မထေရ်ငယ်ဖြစ်ခဲ့တဲ့ သမဏနတ် သားဟာ ''ဗုဒ္ဓန္တရအသင်္ချေယျကပ်'' လို့ ခေါ်တဲ့ ကဿပမြတ်စွာဘုရားနဲ့ ဂေါတမမြတ်စွာဘုရား ဒီ ဘုရား နှစ်ဆူတို့ရဲ့အကြား မ ရေ မ တွက် နိုင် သော

http://www.dhammadownload.com



နှစ်ပရိဗ္ဗေဒ ကာလပတ်လုံး ကာမာဝစရ နတ်ပြည်ခြောက်ထပ်မှာ အစုန်အဆန်၊ အလူးအလာ နတ်စည်းစိမ်ကို ခံစံပြီး ဤ ဘုရားသာသနာ ပွင့်ထွန်းလာတဲ့အခါ ကျတော့ အဲဒီ မထေရ်ငယ် သမဏနတ်သားဟာ လူ့ပြည်မှာ ပရိဗိုဇ်မ တစ်ယောက်ရဲ့ ဝမ်းကြာတိုက်မှာ လာပြီး ပဋိသန္ဓေ တည်နေပါတယ်။

## သဘိယ အမည်တွင်ခြင်း

ထိုစဉ်က ပရိဗိုဇ်မဟာ ဇာတ်အားဖြင့် မင်းသမီးပါ။ အဲဒီ မင်းသမီး ပရိဗိုဇ်မ၏ ဝမ်း၌ ပဋိသန္ဓေ တည်နေပြီး ကိုးလလွန်မြောက် ဆယ်လသို့ ရောက်တဲ့အခါ ပရိဗိုဇ်များ စည်းဝေးညီမှုရာ မဏ္ဍပ်တစ်ခု၌ မီးရှူးသန့်စင် ဖွားမြင်လို့ သူ့ကို-

သဘာယံ ဇာတော သဘိယော။

သဘာယံ= ပရိသတ် စည်း ဝေး ညီ မှု ရာ မဏ္ဍပ်၌။ ဇာတော= မွေးဖွားသူတည်း။ သဘိယော= စည်းဝေးညီမှုရာမဏ္ဍပ်၌ မွေးဖွားသူ။ အားလုံးက သူ့ကို ပရိဗိုဇ်တို့ စည်းဝေးရာမဏ္ဍပ်၌ မွေးဖွားလို့ သူ့ကို သဘိယလို့ ခေါ်ကြတယ်။ သဘိယသူငယ် အရွယ်လေး ရောက်လာတဲ့အခါ သူ့မိခင်က သားကလေး သဘိယကို ပရိဗိုဇ် ဝတ်စေပြီးတော့ ထိုထို ပရိဗိုဇ်ဆရာတို့ အထံမှာ ဝါဒ အမျိုးမျိုး သင်ကြားစေလို့ တတ်မြောက်လာတဲ့အခါ ဝါဒရှင်ကြီး ဖြစ်လာပါတယ်။

ဝါဒရှင်ပဏ္ဍိတ်ကြီး တစ်ယောက်အနေနဲ့ ဇမ္ဗူဒိပ်ကျွန်းအပြင်မှာ ဘုရားရှင် ပွင့်တော်မမူခင် သူဟာ တံခွန်ထူခဲ့တဲ့ ပညာရှင်တစ်ယောက်ဖြစ်ပြီး သူမေးယင် ဘယ်

http://www.dhammadownload.com



သူမှ မခံနိုင်ဘူး၊ အားလုံးက သူ့ကို လက်မြှောက် ပေးကြရတော့ နောက်ဆုံးမှာ သူသည် မြို့တစ်မြို့ရဲ့ တံခါးဝမှာ သင်္ခမ်းကျောင်း = သစ်ရွက်မိုးကျောင်းကြီး ဆောက်လုပ်စေပြီး ပညာသင်ယူလိုကြတဲ့ မင်းညီမင်းသား၊ အမတ်သား စသည်တို့ကို ပညာသင်ကြား ပေးပြီး နေတယ်။

ထိုအချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်တော်မူကာ မွေ့စကြာတရား ဟောကြားတော်မူပြီးနောက် ရာဇဂြိုဟ်ပြည်သို့ ဘုရားရှင်ကြွရောက်၍ ဝေဠုဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် နေတော်မူတဲ့ အခိုက်မှာ သဘိယပရိဗိုဇ်လဲ ကျွတ်ချိန်တန်လာပြီ ဆိုပါစို့။

## သုဒ္ဓါဝါသဗြဟ္မာကြီး၏ ပုစ္ဆာ (၂၀)

အဲဒီအခိုက်မှာ ဟို....ကဿပမြတ်စွာ သာသနာနောက်ပိုင်း တရားအားထုတ်ဖက် ဖြစ်ခဲ့တဲ့ သုဒ္ဓါဝါသ ဗြဟ္မာကြီး ဖလသမာပတ်မှ ထပြီးတော့– 'ဩော်.... ငါသည် ဤ အနာဂါမိဖလသမာပတ် တရားအထူးကို အဘယ်သူ၏ အာနုဘော်ကြောင့် ရောက်ရတာပါလိမ့်' လို့ ဆင်ခြင်လတ်သော် ကဿပမြတ်စွာ သာသနာ၌ ရဟန်းတရား အားထုတ်ခဲ့ပုံ(နှင့်) တရားအားထုတ်ဖက် သူငယ်ချင်း မထေရ်တို့ကိုအမှတ်ရပြီး 'ထိုရဟန်းသုံးပါး အနက် တစ်ပါးကား ပရိနိဗ္ဗာန် စံသွားပြီ၊ အခြား သီတင်းငယ် ရဟန်းတစ်ပါးကား ယခုအခါ အဘယ်မှာ ဖြစ်လေသနည်း' ဟု ဆင်ခြင်လတ်သော်....

'သူကား နတ်ပြည်မှ စုတေ၍ ဇမ္ဗူဒိပ်ကျွန်း၌ ပရိဗိုဇ် ဆရာကြီးဖြစ်ပြီး မြတ်စွာဘုရား ပွင့်တော်မူနေသည်ကို

http://www.dhammadownload.com



သူကား မသိရှာသေး’ဟု စဉ်းစားမိ၍ ‘ကိုင်း.... ငါသည် သူ့ကို မြတ်စွာဘုရားထံ ဆည်းကပ်ရန် တိုက်တွန်းတော့မည်’ဟု ဆင်ခြင်ပြီး ပြဿနာ ပုစ္ဆာ (၂၀) တို့ကို ဂါထာ (၅)ဂါထာ ဖွဲ့သီပြီး ညဉ့်အချိန်၌ သဘိယ ပရိဗိုဇ်၏ သင်္ခမ်းကျောင်းသို့ လာ၍ ကောင်းကင်၌ ရပ်တည်ကာ “သဘိယ၊ သဘိယ” ဟု ၂-ခါဆင့်၍ ခေါ်လိုက်တယ်။

သဘိယသည် အိပ်နေရင်းက သုံး ကြိမ် တိုင် တိုင် ထိုအသံကို ကြားရ၍ သင်္ခမ်းကျောင်းအပြင်သို့ ထွက်၍ ကြည့်ရှုရာ မြဟ္မာမင်း၏ အရောင်ကို တွေ့မြင်ပြီး လက်အုပ်ချီမိုး ရှိခိုး ရပ်တည်နေတယ်။ ထိုအခါ မြဟ္မာမင်းက-

ယော တေ သဘိယ သမဏော ဝါ ဗြာဟ္မဏော ဝါ ဣမေ ပဉှေ ပုဋ္ဌော ဗျာကရောတိ၊ တဿ သန္တိကေ ဗြဟ္မစရိယံ စရေယျာသိ။

(သဘိယ....၊ သင့်အား သမဏ ဗြာဟ္မဏခေါ်ဆို အကြင်ပုဂ္ဂိုလ်က ယခု ပြောမည့် ဤပြဿနာများကို အမှန်အတိုင်း ဖြေကြားနိုင်မည်ဆိုယင် ထို သမဏ ဗြာဟ္မဏရဲ့အထံမှာ သင် သည် မြတ်သောအကျင့်ကို ကျင့်သုံးပါ၊ ရှင်ရဟန်းပြုပါ။

အဲဒီလိုပြောဆိုပြီး ပြဿနာ(၅)ဂါထာတို့ကို ပေးခဲ့တယ်။

## မဖြေဆိုနိုင်သော တိတ္ထိဆရာကြီး (၆) ဦး

သဘိယကလဲ ဉာဏ်ထက်တဲ့ပုဂ္ဂိုလ် ဗီဗီ စကားတစ်ခွန်းတည်းဖြင့် ပုဒ်စဉ်အတိုင်း ပြဿနာ (၅) ဂါထာ တို့ကို တစ်ခေါက်တည်းဖြင့် နှုတ် ရ ဆောင် တယ်။

တကိုယ်ယာကြိမ်

http://www.dhammadownload.com



ပြဿနာ (၅) ဂါထာ သင်ကြားပေးတဲ့အခါ သုဒ္ဓါဝါသ မြဟ္မာကြီးက သဘိယအား မြတ်စွာဘုရား ပွင့်တော်မူနေသည်ကို မပြောကြားပဲ ''ပြဿနာ ၂၀–တို့ရဲ့ အနက်အဓိပ္ပာယ် အဖြေကို ရှာရင်းပင် ဤ သဘိယ ပရိဗိုဇ်သည် မြတ်စွာဘုရားကို လည်းကောင်း၊ သာသနာပြင်ပ သမဏ ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်တို့၏ အချည်းနှီးဖြစ်ပုံကို လည်းကောင်း သိပေလိမ့်မည်။ ဤ ရည်ရွယ်ချက်ဖြင့် အထက်ပါ တိုက် တွန်း စကား ပြောကြားခြင်းဖြစ်သည်။

ပြဿနာ (၅) ဂါထာတို့ကို သင်ပေးပြီး သုဒ္ဓါဝါသ မြဟ္မာကြီး သူ့ပြည်ပြန်သွား၊ သဘိယပရိဗိုဇ်ဟာ ဇမ္ဗူဒိပ် ကျွန်းအပြင်မှာ လွန်စွာထင်ရှားတဲ့ (၁) ပူရဏ ကဿပ ဆရာကြီး၊ (၂) မက္ခလိ ဂေါသာလ ဆရာကြီး၊ (၃) အဇိတ ကေသကမ္ဗလ ဆရာကြီး၊ (၄) ပကုဓကစ္စာယန ဆရာကြီး၊ (၅) ဗေလဋ္ဌ၏သား သိဉ္စည်းဆရာကြီး (၆) နာဋ၏သား နိဂဏ္ဌဆရာကြီး ဆိုတဲ့ (ဘုရားမပွင့်ခင် ''လောကမှာ ငါဘုရား'' လို့ကြွားနေတဲ့) တိတ္ထိဆရာကြီး (၆)ဦးတို့ထံ ဒီ ပြဿနာတွေကို မေးတယ်။ မေးတဲ့အခါ ဘယ်သူမှ ထိုပြဿနာတွေကို မဖြေဆိုနိုင်ကြတော့ သဘိယအပေါ်မှာ စိတ်ဆိုးတဲ့ပုံ၊ အမျက် ထွက်တဲ့ပုံ၊ မနှစ်သက်တဲ့ပုံ ပြရုံတင်မက သူတို့မသိတဲ့ ပြဿနာတွေကို ''ဒီနေရာမှာ သင် ဘယ်လိုသဘောရသလဲ''လို့ သဘိယကိုပင် ပြန်မေးလိုက်ကြသေးတယ်။

ဒီအခါ သဘိယပရိဗိုဇ် ဘယ်လို စဉ်းစားသလဲ ဆိုတော့–

တကိယာအကြိမ်

http://www.dhammadownload.com



''ဪ.... လောကမှာ တပည့်များစွာရှိတဲ့၊ ဂိုဏ်းများစွာရှိတဲ့၊ ဂိုဏ်းဆရာကြီးတွေလို့ ထင်ရှားတဲ့၊ ကျော်ကြားတဲ့၊ အယူဝါဒ တီထွင်ကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ရုံမက လူအများက သူတော်ကောင်းလို့ သမုတ်ခံရတဲ့ (၁) ပူရဏ ကဿပဆရာကြီး၊ (၂) မက္ခလိ ဂေါသာလဆရာကြီး၊ (၃) အဇိတ ကေသကမ္ဗလဆရာကြီး၊ (၄) ပကုဓ ကစ္စာယန ဆရာကြီး၊ (၅)ဗေလဋ္ဌ၏သား သိဉ္စည်းဆရာကြီး၊ (၆) နာဋ၏သား နိဂဏ္ဌ ဆရာကြီး ဆိုတဲ့ တိတ္ထိဆရာကြီး ၆-ဦးတို့ ရှိကြတယ်။ ထိုဆရာကြီး ၆-ဦးတို့ဟာ ငါ ပြဿနာ မေးတဲ့အခါ အပြည့်အစုံ မဖြေဆိုနိုင်ကြရုံမျှမက ငါ့ အပေါ်မှာ အမျက်ထွက်တဲ့ပုံ၊ ဒေါသဖြစ်တဲ့ပုံ၊ မကျေချမ်းတဲ့ပုံတွေတောင် ပြလိုက်ကြသေးတယ်။ ဒီတွင်မက ''ဒီပြဿနာတွေအတွက် သင်ဘယ်လိုသဘောရသလဲ''လို့ ငါ့ကိုပင် တစ်ဖန် ပြန်မေးကြသေးတယ်။ ဒီတော့ ဒီပြဿနာတွေကိုဖြေတဲ့ ပုဂ္ဂိုလ်ကို မရအတူတူ တော့ လူ့ဘောင်လျှော့ပြီး ဝတ္ထုကာမကို သုံးစားရယင် ကောင်းလေစွ''

ဤကဲ့သို့ အကြံဖြစ်သော်လဲ စိတ်နောက်ကိုယ်ပါ မပြုလုပ်ဘဲ ပါရမီရှင်ဖြစ်တော့ ရုတ်တရက် လူမထွက်ဘဲ ဆက်ပြီး စဉ်းစားပြန်တယ်။ ဘယ်လိုစဉ်းစားပြန်သလဲ ဆိုတော့–

'ဤ ရဟန်းဂေါတမလဲပဲ (၁) တပည့် သံဃာ ရှိသူ=သံဃီ၊ (၂) ဂိုဏ်းရှိသူ=ဂဏီ၊ (၃) ဂိုဏ်းဆရာကြီးဖြစ်သူ= ဂဏာစရိယ၊ (၄) ထင်ရှားသူ= ဉာတ၊ (၅) ကျော်စောသူ = ယသဿီ၊ (၆) အယူဝါဒကို

http://www.dhammadownload.com



တိ ထွင် သူ = တိတ္ထကရ၊ (၇) လူအပေါင်းက သူတော်ကောင်းဟု သမုတ်အပ်သူ= သာဓုသမ္မတ။ ဤ ဂုဏ်ခုနစ်ပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တစ်ပါး ဖြစ် တယ်။ ငါသည် ရဟန်း ဂေါတမသို့ ဆည်းကပ်၍ ဤပြဿနာတို့ကို မေးမြန်းရပါမူ ကောင်းလေစွ'။

ဤကဲ့သို့အကြံဖြစ်ပြီး နောက်တစ်မျိုးဆက်ပြီး အကြံ ပြောင်းသွားပြန်တယ်။ အကြံပြောင်းသွားပုံက–

''ဩော်....လောကမှာ (၁) ဇိဏ္ဏာတဲ့=အိုကြ၊ (၂) ဝုဍ္ဎာတဲ့=အသက်အရွယ်ကြီးကြ၊ (၃) မဟလ္လကာ တဲ့=အရွယ်ရင့်ရော်ကြ၊ (၄) အဒ္ဓဂတာ တဲ့=ရှေ့မီ နောက်မီ ပုဂ္ဂိုလ်ကြီး များ ဖြစ် ကြ၊ (၅) ဝယော အနုပ္ပတ္တာ တဲ့= ပစ္ဆိမအရွယ်သို့ ရောက်တော်မူကြ၊ (၆) ထေရာတဲ့=အဲဒီတုန်းကလဲပဲ ပဗ္ဗဇိတနယ်ပယ် မှာ မထေရ်ကြီးရယ်လို့ သမုတ်ယူရ၊ (၇) ရတ္တညူ တဲ့= ဝါကြီးတဲ့ ပုဂ္ဂိုလ်တွေ၊ (၈) စိရပဗ္ဗဇိတာတဲ့= ရဟန်းဖြစ်လို့ ကြာလှတဲ့ ပုဂ္ဂိုလ်တွေ၊ ''သံဃီ၊ ဂဏီ၊ ဂဏာစရိယ၊ ဉာတ၊ယသဿီ၊တိတ္ထကရ၊ သာဓုသမ္မတ ဒီဂုဏ်ခုနစ်ပါးနဲ့ ပြည့်စုံကြတဲ့ (၁) ပူရဏ ကဿပ ဆရာကြီး၊ (၂) မက္ခလိ ဂေါသာလ ဆရာကြီး၊ (၃) အဇိတ ကေသ ကမ္ဗလ ဆရာကြီး၊ (၄) ပကုဓ ကစ္စာယနဆရာကြီး၊ (၅) ဗေလဋ္ဌ၏သား သိဉ္စည်း ဆရာကြီး၊ (၆) နာဋ၏သား နိဂဏ္ဌဆရာကြီး၊ ထို ဆရာကြီး ၆–ဦးတို့ သော်မှလဲပဲ ငါ ပြဿနာမေးတဲ့ အခါ အပြည့်အစုံ မဖြေဆိုနိုင်ကြရုံမျှမက ငါ့အပေါ် မှာ အမျက်ထွက်တဲ့ပုံ၊ဒေါသထွက်တဲ့ပုံ၊မကျေချမ်းတဲ့ ပုံတွေကိုကောင် ပြကြတဲ့အပြင် ငါ့ကိုပင် တစ်ဖန်

http://www.dhammadownload.com



ပြန်၍ မေးကြသေးတယ်။ ရဟန်းဂေါတမ အနေနဲ့ ငါမေးအပ်တဲ့ ဒီပြဿနာတွေကို အဘယ်မှာ ဖြေဆိုနိုင်လိမ့်မည်နည်း။ မှန်ပါသည်။ ရဟန်း ဂေါတမဟာ အသက်အရွယ် အငယ်လေး ရှိသေးတယ်။

ဤကဲ့သို့ အကြံပြောင်းသွားတယ်။ ပြောင်းမည်ဆိုလဲ ပြောင်းစရာပါပေ။ မှန်၏။ ဘုရားရှင်ကိုယ်တော်မြတ်က ရာဇဂြိုဟ်ပြည်သို့ ပထမအကြိမ်ရောက်တဲ့ အချိန်ဆိုတော့ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်မှာ ရာဇဂြိုဟ်ပြည်သို့ ရောက်တာဖြစ်တော့ သဘိယပရိဗိုဇ် အနေနဲ့ ကြည့်လိုက်တဲ့ အခါ—

''ဩော် .... ရဟန်းဂေါတမဟာ အသက်က (၃၅)နှစ်၊ ငယ်ငယ်လေးရှိသေးတယ်။ ဟို-တိတ္ထိဆရာကြီး (၆)ဦးက အသက် (၈၀) ကျော်တွေ၊ ရောမ လူကြီးတွေ၊ ဒီလူကြီးတွေတောင် ငါမေးတဲ့ ပြဿနာကို ပြည့်ပြည့်စုံစုံ မဖြေကြား နိုင်ကြပဲနဲ့ အသက်အရွယ်ကလဲ ငယ်ငယ်လေး၊ ရဟန်းဖြစ်တာလဲ မကြာသေး၊ အခုမှ တစ်ဝါပဲရသေးတဲ့ ရဟန်းဂေါတမဟာ ဖြေနိုင်မှာ မဟုတ်ပါဘူး....လို့ စဉ်းစားမိတယ်။

## ငယ်သော်လည်း အထင်မသေးထိုက်

'ဟင်း.... တစ်ခါ ဆက်ပြီး စဉ်းစားပြန်တယ်။ ဘယ်လိုလဲဆိုတော့—

သမဏော ခေါ ဂေါတမော ''ဒဟရော'' တိ န ဥညာတဗ္ဗော+န ပရိဘောတဗ္ဗော။ ဒဟရောပိ စေ+သ သမဏော ဂေါတမော မဟိဒ္ဓိကော ဟောတိ

တတိယအကြိမ်

http://www.dhammadownload.com



မဟာနုဘာဝေါ၊ ယံ နူနာ+ဟံ သမဏံ ဂေါတမံ
ဥပသင်္ကမိတွာ ဣမေ ပဉ္ဟေ ပုစ္ဆေယျံ။

အမှန်တကယ်တော့ရဟန်းဂေါတမကို ''အသက်ငယ်သူလေး'' ဆိုပြီး ငါ အထင်မသေးထိုက်ပေ၊ မလွှမ်းမိုးထိုက်ပေ။ ဤ ရဟန်း ဂေါတမသည် အသက်အရွယ်ငယ်သူပင်ဖြစ်လင့်ကစား တန်ခိုးကြီးသူ၊ အာနုဘော်ကြီးသူ ဖြစ်ပေသည်။ ငါသည် ရဟန်း ဂေါတမကို ဆည်းကပ်ပြီး ဤ ပြဿနာ (၂၀) တို့ကို မေးမြန်းရပါမူ ကောင်းလေစွ' လို့ ဤကဲ့သို့ အကြံဖြစ်ပြီး မိမိနေတဲ့ မြို့မှ ရာဇဂြိုဟ်ဘက်ကို ခရီးထွက်ခဲ့တယ်။ ခရီးထွက်လို့ အစဉ်သဖြင့် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း ဘုရားရှိရာသို့ ရောက်တဲ့အခါ ဝမ်းမြောက် ဝမ်းသာစကားများ လျှောက်ထားပြီး အပြစ်လွတ်ရာ နေရာကထိုင်ပြီး မြတ်စွာဘုရားကို စကားဦး စပြီး လျှောက်ထားတယ်။

၁။ ကင်္ခီ ဝေစိကိစ္ဆီ အာဂမံ၊ (ဣတိ သဘိယော)
ပဉ္ဟေ ပုစ္ဆိတုံ အဘိကင်္ခမာနော။
တေသ+န္တကရော ဘဝါဟိ ပဉ္ဟေ မေ ပုဋ္ဌော၊
အနုပုဗ္ဗံ အနုဓမ္မံ ဗျာကရောဟိ မေ။ ။

ဘန္တေ = ဘုန်းတော် ကြီးမြတ် တော် မူ သော မြတ်စွာဘုရား....။ အဟံ=သဘိယတွင်ခေါ် တပည့်တော်သည်။ ကင်္ခီ=အားနည်းတဲ့ ဝိစိကိစ္ဆာတရားဖြင့် ယုံမှားကင်္ခါ ရှိ သ ည် ဖြ စ် ၍ လ ည်း ကော င်း ။ ဝေစိကိစ္ဆီ=အားကြီးတဲ့ ဝိစိကိစ္ဆာတရားဖြင့် ဆုံးဖြတ်ရန် မစွမ်းနိုင်သည်ဖြစ်၍ လည်းကောင်း။ ပဉ္ဟေ= အမေးပုစ္ဆာ ပြဿနာ နှစ်ဆယ်တို့ကို။ ပုစ္ဆိတုံ=

http://www.dhammadownload.com



မေးမြန်း လျှောက်ထားရန်။ အဘိကင်္ခမာနော= တောင့်တလင့်ဆို အလွန်အလို ရှိသည်ဖြစ်၍။ အာဂ- မံ=ရှင်ပင့်ထံမှောက် တပည့်တော် လာရောက်ခဲ့ပါပြီ။

(အားနည်းတဲ့ ဝိစိကိစ္ဆာတရား၊ အားကြီးတဲ့ ဝိစိကိစ္ဆာတရား၊ ဒီတရား လွှမ်းမိုး နှိပ်စက်တဲ့အတွက် တွေးတောယုံမှားပြီး ''ဩော်.... ဒီပြဿနာတွေရဲ့ အနက် အဓိပ္ပာယ်ကို ငါ သိမှ သိရပါတော့မည်လား'' ဒီလို ဝိစိကိစ္ဆာ=ယုံမှားသံသယ ရှိပြီး အမေးပုစ္ဆာ ပြဿနာနှစ်ဆယ် မေးလျှောက်ချင်လွန်းလို့ ရှင်တော်ဘုရားထံမှောက် တပည့်တော် ရောက်ခဲ့ပါတယ်။

ဘန္တေ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ မေ=တပည့်တော်က။ ပဥှေ= အမေးပုစ္ဆာ ပြဿနာ တို့ကို။ ပုဋ္ဌော=သိလိုရေးဖြင့် မေးလျှောက် အပ်ပါသော ရှင်ပင်ဘုရားသည်။ တေသံ=ထို အမေးပုစ္ဆာ ပြဿနာတို့၏။ အန္တကရော= အဆုံးရောက်အောင် ကျင့်ဆောင်ပြုလုပ်တော်မူသည်။ ဘဝါဟိ=ဖြစ်တော် မူပါလော့။ မေ=အကျွန်ုပ်အား။ အနုပုဗ္ဗံ= အစဉ်အတိုင်း။ အနုဓမ္မံ=အနက်စဉ်အတိုင်း။ ဗျာကရောဟိ=အဖြေစကား ဟောကြားတော်မူပါ ဘုရား။ (ဣတိ= ဤသို့။ သဘိယော= သဘိယပရိဗိုဇ် သည်။ အာဟ=လျှောက်ဆို၏။)

မြတ်စွာဘုရားအား ဒီဂါထာနဲ့ တောင်းပန်စကား လျှောက်ထားတော့ မြတ်စွာဘုရားက သဘိယပရိဗိုဇ်ကို ခွင့်ပြုစကား ဘယ်လိုမိန့်ကြားသလဲဆိုတော့—

ဒုတိယအကြိမ်

http://www.dhammadownload.com



၂။ ဒူရတော အာဂတော+သိ သဘိယ၊
(ဣတိ ဘဂဝါ)
ပဉှေ ပုစ္ဆိတုံ အဘိကင်္ခမာနော။
တေသ+န္တကရော ဘဝါမိ ပဉှေ တေ ပုဋ္ဌော၊
အနုပုဗ္ဗံ အနုဓမ္မံ ဗျာကရောမိ တေ။ ။

သဘိယ= သဘိယမည်ငြား အို - ချစ်သား....။ (မဟာကရုဏာ စမ်းအိုင်ထဲက ထွက်လာတဲ့ အလွန်အေးမြသောအသံတော်နဲ့ ခေါ်လိုက်ယင်ပဲ သဘိယ အဖို့ အလွန်အေးချမ်း အမောအပန်းတွေ ပြေသွားတယ်။) တွံ=သင်ချစ်သားသည်။ ပဉှေ=အမေးပုစ္ဆာ ပြဿနာနှစ်ဆယ်တို့ကို။ ပုစ္ဆိတုံ= မေးမြန်းလျှောက်ထားရန်။ အဘိကင်္ခမာနော = တောင့် တ လ င့် ဆို အလွန် အလိုရှိသည်ဖြစ်၍။ ဒူရတော= ခရီးယူဇနာ ခုနစ်ရာဝေးကွာတဲ့အရပ်မှ။ အာဂတော=လာရောက်ရသည်။ အသိ=ဖြစ်ပေ၏။ တေ=သင်ချစ်သားက။ ပဉှေ=အမေးပုစ္ဆာ ပြဿနာနှစ်ဆယ်တို့ကို။ ပုဋ္ဌော= သိလိုရေးဖြင့်မေးအပ်သော ငါဘုရားသည်။ တေသံ= ထို အမေးပုစ္ဆာပြဿနာတို့၏။ အန္တကရော=အဆုံးရောက်အောင် ကျင့်ဆောင် ပြုလုပ်သည်။ ဘဝါမိ= ဖြစ်ပေအံ့။ တေ= သင် ချစ်သားအား။ အနုပုဗ္ဗံ= ပြဿနာ အစဉ်အတိုင်း။ အနုဓမ္မံ= အဓိပ္ပာယ်အစဉ် အတိုင်း။ ဗျာကရောမိ=အဖြေစကား ငါဟောကြား ပေအံ့။

၃။ ပုစ္ဆ မံ သဘိယ ပဉှံ၊
ယံကိဉ္စိ မနသိ+စ္ဆသိ။

တတိယအကြိမ်

http://www.dhammadownload.com



တသ္သ တဿေဝ ပဉှဿ၊
အဟံ အန္တံ ကရောမိ တေ။ ။

သဘိယ= သဘိယမည်ဖြစ်သော အို- ချစ်သား....။ ယံကိဉ္စိ=အမှတ်မထင် အကြင်ပြဿနာကို။ မနသိ= သင်ချစ်သား၏ စိတ်၌။ ဣစ္ဆသိ= တောင့်တလင့်ဆို မေးမြန်းလို၏။ တံ= ထို သ င် ချ စ် သား မေး လို တဲ့ ပြဿနာကို။ မံ = ငါ ဘု ရား ကို။ ပုစ္ဆ = မေးမြန်း လျှောက်ထားလေ။ အဟံ= လူသုံးပါးတို့၏ ဆရာ ဘုရားငါသည်။ တေ = သင်ချစ်သား၏။ တဿ တဿေဝ ပဉှဿ=ထိုထိုမေးသမျှ ပြဿနာအဝဝ၏ ပင်လျှင်။အန္တံ=ဝိစိကိစ္ဆာသက်ကာင်းပျောက် အဆုံး ရောက်အောင်။ ကရောမိ=ပြုပေအံ့။

''ချစ်သားရဲ့ စိတ်ထဲမှာ မေးလိုတဲ့ ပြဿနာကို ငါဘုရားကို သင်ချစ်သား မေးမြန်းပါ၊ ချစ်သားမေးတဲ့ ပြဿနာတိုင်း၊ ပြဿနာတိုင်း ဝိစိကိစ္ဆာ သက်ကာင်း ပျောက် အဆုံးရောက်အောင် ငါဘုရား ဖြေကြားပေး မယ်'' လို့ သဗ္ဗညုပဝါရဏာ = မြတ်စွာ ဘုရားတို့ရဲ့ ဖိတ်ကြားခြင်းဖြင့် ဖိတ်ကြားတော်မူတယ်။

**ဖိတ်ကြားခြင်း=ပဝါရဏာ ၂-မျိုး**

ဒီ နေရာမှာ (၁) သင်မေးလိုတဲ့ ပြဿနာကို မေးပါ၊ သင် မေးသမျှ ပြဿနာကို ယုံမှားကင်းပျောက် အဆုံး ရောက်အောင် ငါ ဖြေကြားမယ်'' လို့ ရဲရဲတောက် ဒီလို ဖိတ်ကြားခြင်းမျိုးကို သဗ္ဗညုပဝါရဏာ = သဗ္ဗညု ဘုရား ရှင်တို့ရဲ့ ဖိတ်ကြားခြင်းမျိုးလို့ ခေါ်တယ်။ (၂) တစ်ဦး တစ်ယောက်က ပြဿနာ မေးလာယောင် ''မေးပါ၊ မေး

http://www.dhammadownload.com



ပါ၊ သိယင် ဖြေကြားပါ့မယ်'' အဲဒီလို လေပျော့ပျော့ ဖိတ်ကြားခြင်းမျိုးကို သာဝကပဝါရဏာ = တပည့် သာဝကတို့ရဲ့ ဖိတ်ကြားခြင်းမျိုးလို့ ခေါ်တယ်။

ယခု မြတ်စွာဘုရားက ဆိုခဲ့ပြီးသောအတိုင်း ရဲရဲ တောက် သဗ္ဗညုပဝါရဏာ = သဗ္ဗညုဘုရားရှင်တို့ရဲ့ ဖိတ်ကြားခြင်းမျိုးနဲ့ ဖိတ် ကြား တော် မူ လိုက် တော့ သဘိယရဲ့ စိတ်ထဲမှာ ဘယ်လိုဖြစ်သွားသလဲ ဆိုတော့–

''အစ္ဆရိယံ ဝတ ဘော၊ အဗ္ဘုတံ ဝတ ဘော။

အို.... လက်ဖျစ်တီး အံ့ချီးဖွယ်ကြီး ပါတကား၊ အို.... မဖြစ်စဖူး အထူးဖြစ်စွတကား။ (ဤ အို.... ကား ပုဂ္ဂိုလ်ကို ခေါ်ခြင်း=ပုဂ္ဂလအာလပနမဟုတ်၊ ဓမ္မကို ခေါ်ခြင်း = ဓမ္မအာလပနဖြစ်သည်။) (ဘာ့ ကြောင့်လဲ ဆိုတော့)–

ယံ ဝတာ+ဟံ အညေသု သမဏ+ဗြာဟ္မဏေသု ဩကာသကမ္မမတ္တမ္ပိ နာ+လတ္ထံ။ တံ မေ ဣဒံ သမဏေ န ဂေါတမေန ဩကာသကမ္မံ ကတံ။

အရှင် ဂေါတမမှတပါး တိတ္ထိဆရာကြီးများ အထံမှာ ''မေးပါ'' လို့ အဲဒီလို အခွင့်ပေးရုံမျှ မရခဲ့တဲ့ ပြဿနာတွေမှာ ရဟန်း ဂေါတမက ''အလို ရှိသလို မေးပါ၊ သင် မေးတဲ့ပြဿနာတိုင်း အဆုံး ရောက်အောင် ငါဘုရား ဖြေကြားမယ် လို့ ရဲရဲ တောက် အခွင့်ပြုအပ်ခဲ့လေပြီ'' လို့ ဤကဲ့သို့ အောက် မေ့ပြီး မိမိ စိတ်တိုင်းကျဖြစ်လျက်၊ ဝမ်းမြောက် တက် ကြွသောစိတ် ရှိလျက်၊ နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်ရှိလျက် မြတ်စွာဘုရားကို (ဗြဟ္မာကြီး သင်ပေး သွားတဲ့) ပြဿနာကို မေးလျှောက်တယ်။

http://www.dhammadownload.com



၄။ ကိံ ပတ္တိန+မာဟု ဘိက္ခုနံ၊
(ဇာတိ သဘိယော)
သောရတံ ကေန ကထဉ္စ ဒန္တ မာဟု။
ဗုဒ္ဓေါတိ ကထံ ပဝုစ္စတိ၊
ပုဋ္ဌော မေ ဘဂဝါ ဗျာကရောဟိ။ ။

ဘန္တေ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ ကိံ ပတ္တိနံ=ဘယ်တရားသို့ ရောက်ဆိုက်တဲ့ ပုဂ္ဂိုလ်ကို။ ဘိက္ခုနံ=ဘိက္ခုဟူ၍။ အာဟု=ဘုရားအစ များလှဘိတောင်း သူတော်ကောင်းတို့ ငြိမ့်ပြောင်း သံ ချို မိန့်ဆိုတော်မူကြပါကုန်သနည်း ဘုရား။

(ဘယ်တရား ရောက်တဲ့ပုဂ္ဂိုလ်ကို ဘိက္ခု လို့ ဘုရားအစရှိသော သူတော်ကောင်းတို့ မိန့်ဆိုကြပါ သနည်း ဘုရား။ ဒါက ပြဿနာတစ်ခု။)

ကေန=အဘယ်သို့သော ဂုဏ်ကျေးဇူးကြောင့်။ သောရတံ=အေးငြိမ်းပြီးသောသူ ဟူ၍။ အာဟု= ဘုရားအစ များလှဘိတောင်း သူတော်ကောင်းတို့ ငြိမ့်ပြောင်းသံချို မိန့်ဆိုတော် မူကြပါကုန်သနည်း ဘုရား။

ဘယ်လိုအကျင့် ဘယ်လိုဂုဏ်ကျေးဇူးနဲ့ ပြည့်စုံ တဲ့ပုဂ္ဂိုလ်ကို သောရတပုဂ္ဂိုလ်၊ ဝဋ်ဒုက္ခ အအေးကြီး အေးငြိမ်းပြီးတဲ့ပုဂ္ဂိုလ် လို့ ဘုရား အ စ ရှိ သော သူတော်ကောင်းတို့ မိန့်ဆိုကြပါသနည်း ဘုရား။ ဒါက ပြဿနာတစ်ခု။)

ကထဉ္စ=ဘယ်သို့သော ပုဂ္ဂိုလ်ကိုကား။ ဒန္တံ= ယဉ်ကျေးပြီးသော ပုဂ္ဂိုလ်ဟူ၍။ အာဟု=ဘုရားအစ

http://www.dhammadownload.com



(ပ) မိန့်ဆိုကြပါ ကုန်သနည်း ဘုရား။ (ဒါက ပြဿနာတစ်ခု။)

ကထံ=အဘယ်သို့သော ပုဂ္ဂိုလ်ကို။ ဗုဒ္ဓေါတိ= ဗုဒ္ဓ ဟူ၍။ ပဝုစ္စတိ=ဘုရားအစ များလှဘိတောင်း (ပ) မိန့်ဆိုအပ်ပါသနည်း ဘုရား။ (ဒါက ပြဿနာ တစ်ခု။)

ပုဋ္ဌော=သိလိုရေးဖြင့် မေးလျှောက်အပ်ပါသော။ ဘဂဝါ=ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ မေ= တပည့်တော်အား။ ဗျာကရောဟိ =ကရုဏာ ရှေ့ထား ဖြေကြားတော်မူပါ ဘုရား။ (ဣတိ=ဤသို့။ သဘိယော=သဘိယ ပရိဗိုဇ်သည်။ အာဟ=မေး လျှောက်ပြီ။)

ပြဿနာ လေးချက် မေးလျှောက်တော့ မြတ်စွာ ဘုရားက ပြဿနာ တစ်ခု တစ်ခုကို ဂါထာကြီး တစ်ဂါထာ တစ်ဂါထာဖြင့် ဖြေတော်မူတယ်။ (၁) ဘယ်လိုပုဂ္ဂိုလ်ကို ဘိက္ခုလို့ ခေါ်ပါသလဲ ဟူသော ပုစ္ဆာ ၏ အဖြေ။

၅။ ပဇ္ဇေန ကတေန အတ္တနာ၊
(သဘိယာတိ ဘဂဝါ)
ပရိနိဗ္ဗာနဂတော ဝိတိဏ္ဏကင်္ခေါ၊
ဝိဘဝဉ္စ ဘဝဉ္စ ဝိပ္ပဟာယ၊
ဝုသိတဝါ ခီဏပုနဗ္ဘဝေါ သ ဘိက္ခု။ ။

သဘိယ = သဘိယမည်ပြေား အို-ချစ်သား....။ ယော = အမှတ်မထင် အကြင်သူသည်။ အတ္တနာ ကတေန = ကိုယ်ဟိုင်ပြုလုပ် အားထုတ်အပ်သော။

http://www.dhammadownload.com



ပဇ္ဇေန=အရိယမဂ်ဖြင့်။ ပရိနိဗ္ဗာနဂတော=ကိလေသပရိနိဗ္ဗာန် ဝင်စံခြင်းသို့ ရောက်သည်။ ဟောတိ=ဖြစ်၏။

မြတ်စွာဘုရား ဟောကြားလိုရင်းက ''ကိလေသာ ခပ်သိမ်းကို ဖြိုခွင်းဖျက်ဆီးပြီးတဲ့ ရဟန္တာ ပုဂ္ဂိုလ်ကို ဘိက္ခု လို့ ခေါ်တယ်''။ ဤသို့ ဖြေဆိုလိုရင်းဖြစ်တယ်။ ကျန်တဲ့ စကားတွေက ရဟန္တာပုဂ္ဂိုလ်ရဲ့ ဂုဏ်ကျေးဇူးတွေ၊ ဘိက္ခုရဲ့ ဂုဏ်ကျေးဇူးတွေကို ချီးမွမ်းတဲ့ ထုတိမင်္ဂလာစကားတွေ ဖြစ်ပါတယ်။

ပရိနိဗ္ဗာနဂတော–ပရိနိဗ္ဗာနဂတတ္တာ= ကိလေသပရိနိဗ္ဗာန် ဝင်စံခြင်းသို့ ရောက်ပြီးသည်၏ အဖြစ်ကြောင့်။ ဝိတိဏ္ဏကင်္ခေါ=ကင်္ခါယုံမှား ဆယ့်ခြောက်ပါးကို ကျော်လွှား လွန်မြောက်ပြီး ဖြစ်ပေ၏။ ဝိဘဝဉ္စ= ဥစ္ဆေဒဒိဋ္ဌိကို လည်း ကောင်း။ ဘဝဉ္စ= သဿတဒိဋ္ဌိကိုလည်းကောင်း။(တစ်နည်း) ဝိဘဝဉ္စ= ပျက်စီးခြင်းကို လည်းကောင်း။ ဘဝဉ္စ=ဖြစ်ပွားခြင်းကိုလည်းကောင်း။ (တစ်နည်း) ဝိဘဝဉ္စ= အကုသိုလ်ကို လည်းကောင်း။ ဘဝဉ္စ=ကုသိုလ်လည်းကောင်း ။ ဝိပ္ပဟာယ=အကြွင်းမဲ့ စွန့်ပယ်၍။

(အဲဒီ ရဟန္တာပုဂ္ဂိုလ်ဟာ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ၂-ပါး၊ (တစ်နည်း) ကြီးပွားခြင်း၊ ဆုတ်ယုတ်ခြင်း ၂–မျိုး၊ (တစ်နည်း) အကုသိုလ်၊ ကုသိုလ် ၂–မျိုးတို့ကို အကုန်လုံးပယ်ပြီး ဖြစ်တယ်။)

ဝုသိတဝါ= အရိယမဂ် အကျင့်ကို ကျင့်သုံးပြီးသူဖြစ်၏။ ခီဏပုနဗ္ဘဝေါ=ပဋိသန္ဓေ တည်နေခြင်းအားလုံး ကုန်ခန်းပြီးသောသူ ဖြစ်ပေ၏။

ကတ်ယအကြမ်

http://www.dhammadownload.com



(ဒါတွေက ရဟန္တာပုဂ္ဂိုလ်ကို ချီးကျူးနေတာ။)

သ-သော= ထို ဆိုအပ်ပြီးတဲ့ ဂုဏ်ကျေးဇူးတို့နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည်။ ဘိက္ခု=ဘိက္ခု မည်ပါပေ၏။ (ဇုတိ=ဤသို့။ ဘဂဝါ=မြတ်စွာဘုရားသည်။ အာဟ= အဖြေစကား မိန့်ကြားတော်မူလေပြီ။)

မြတ်စွာဘုရားက "(၂) ဘယ်လိုပုဂ္ဂိုလ်ကို သောရတ ပုဂ္ဂိုလ်လို့ ခေါ်ပါသလဲ" ဟူသော ပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်။

၆။ သဗ္ဗတ္ထ ဥပေက္ခကော သတိမာ၊
န သော ဟိံသတိ ကဉ္စိ သဗ္ဗလောကေ။
တိဏ္ဏော သမဏော အနာဝိလော၊
ဥဿဒါ ယဿ န သန္တိ သောရတော သော။

သဘိယ=သဘိယမည်သော အို-ချစ်သား။ ယော= အမှတ်မထင် အကြင်သူသည်။ သဗ္ဗတ္ထ=ခပ်သိမ်းဥဿုံ အလုံးစုံသော အာရုံတို့၌။ ဥပေက္ခကော= မုန်းချစ် မပြု လျစ်လျူရှုတတ်၏။ သတိမာ= ပြန့်ပြော သတိ လည်း ရှိတော်မူ၏။

(ဒါဟာ ရဟန္တာပုဂ္ဂိုလ်ကို ပြောနေတာ။)

သော=ထို ရဟန္တာပုဂ္ဂိုလ်သည်။ သဗ္ဗလောကေ= ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တလောက၌။ ကဉ္စိ= တစ်ယောက်တစ်ယောက်သော သတ္တဝါကိုမျှ။ န ဟိံသတိ= ညှဉ်းပန်းမှုကိုလဲ မပြု....။

(ဆဠင်္ဂုပေက္ခာဖြင့် အာရုံ ၆-ပါးတို့၌ မမုန်း မချစ် လျစ်လျူရှုနိုင်တဲ့ပုဂ္ဂိုလ်ကို ငြိမ်းအေးပြီးသော သောရတ

http://www.dhammadownload.com



ပုဂ္ဂိုလ်လို့ ခေါ်တယ်။ ရဟန္တာပုဂ္ဂိုလ်ကို ဆိုလိုရင်း ဖြစ်တယ်။ သတိမာ-စသည်ကား ရဟန္တာပုဂ္ဂိုလ်ရဲ့ ဂုဏ်တို့ကို ဖော်ပြခြင်းဖြစ်တယ်။)

တိဏ္ဏော=သံသရာမြစ်ကြီးကိုလဲ ကူးပြီးဖြစ်ပေ၏။ အနာဝိလော = မိစ္ဆာဝိတက်တည်း ဟူသော နောက်ကျုခြင်းလဲကင်းသူဖြစ်ပါပေ၏။ သမဏော= ကိလေသာခပ်သိမ်း အေးငြိမ်းပြီးသူလည်းဖြစ်ပေ၏။ အနာဝိလော=မိစ္ဆာဝိတက်တည်းဟူသော နောက်ကျုခြင်းလဲ ကင်းသူ ဖြစ်ပါပေ၏။ ယဿ=အကြင် ရဟန္တာပုဂ္ဂိုလ်အား။ ဥဿဒါ=ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ သံကိလေသ၊ ဒုစ္စရိတ တည်း ဟူ သော ပြောထူများပြားခြင်း ခုနစ်မျိုးတို့သည်။ န သန္တိ= မရှိကုန်။ သော=ထို ဆိုအပ်ပြီးသော ဂုဏ်ကျေးဇူး အထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ သောရတော= ကောင်းစွာ ငြိမ်းအေးပြီးသော ပုဂ္ဂိုလ်မည်ပေ၏။ မြတ်စွာဘုရားက ''(၃) ဘယ်လိုပုဂ္ဂိုလ်ကို ဒန္တပုဂ္ဂိုလ် လို့ ခေါ်ပါသလဲ'' ဟူသော ပုစ္ဆာကို ဤသို့ ဖြေတော် မူတယ်။

၇။ ယဿိန္ဒြိယာနိ ဘာဝိတာနိ၊
အဇ္ဈတ္တံ ဗဟိဒ္ဓါ စ သဗ္ဗလောကေ။
နိဗ္ဗိဇ္ဈ ဣမံ ပရဉ္စ လောကံ၊
ကာလံ ကင်္ခတိ ဘာဝိတော သ ဒန္တော။ ။

သဘိယ = သဘိယမည်ငြား အို-ချစ်သား....။ ယဿ=အမှတ်မထင် အကြင်ရဟန္တာ ပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ စ=အဇ္ဈတ္တသန္တာန် အဖြစ် အပျက်တရားတို့၌ လည်းကောင်း။ ဗဟိဒ္ဓါ စ = ဗဟိဒ္ဓသန္တာန်အဖြစ်

http://www.dhammadownload.com



အပျက်တရားတို့၌ လည်းကောင်း။ သဗ္ဗလောကေ= ခပ်သိမ်းဥဿုံ အလုံးစုံသော ရုပ်နာမ် ဓမ္မ သင်္ခါရ လောကကြီး၌။ ဥန္ဒြိယာနိ=မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေတို့ကို။ ဘာဝိတာနိ=ဂေါစရ ဘာဝနာ၊ အာသေဝနဘာဝနာ နှစ်ပါး တို့ ဖြင့် နိုင်နိုင် နင်းနင်း ပွားများအပ်ပြီး ဖြစ်ကုန်၏။

(အို.... ရဟန္တာ ပုဂ္ဂိုလ်တို့ရဲ့ ဂုဏ်ကျေး ဇူး တွေ ဟောနေတာဖြစ်တော့ ပုထုဇဉ်ဖြစ်ကြတဲ့ တို့သူ ငါရဲ့ နားနဲ့ နာယူရတာ အင်မတန် ငြိုးငွေ့ဖွယ်ကြီးလို ဖြစ် ◌နေပါတယ်။

ချစ်သား သဘိယ....တဲ့၊ ရဟန္တာ ပုဂ္ဂိုလ်ဟာ မိမိ ရဲ့သန္တာန်၊ သူတပါးရဲ့ သန္တာန် ဒီ ၂–ပါးမှာရှိတဲ့ ခပ်သိမ်းသော သင်္ခါရ တရားအစု ဆိုတဲ့ သင်္ခါရ လောက၌ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေ ၆–ပါးတို့ကို ဂေါစရဘာဝနာ၊ အာသေဝန ဘာဝနာ ဒီဘာဝနာ ၂–ပါးနဲ့ ပွားများအပ်ပြီ ဖြစ် နေကြတယ်။

ဂေါစရ ဘာဝနာဆိုတာ အဇ္ဈတ္တ၊ ဗဟိဒ္ဓ သင်္ခါရ တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာ ပွားတာ ကို ဂေါစရဘာဝနာ ခေါ်တယ်။ အဲဒီ အဇ္ဈတ္တ၊ဗဟိဒ္ဓ ခန္ဓာ ငါးပါးအပေါ်မှာ သတိ သမ္ပဇဉ် လက်မလွှတ်ဘဲ နေတာကို အာသေဝန ဘာဝနာလို့ ခေါ်တယ်။ ယင်း ဘာဝနာ ၂–ပါးနဲ့ ပွား များ အပ် ပြီး ဖြစ်တဲ့ ရဟန္တာ ပုဂ္ဂိုလ်သည် ဣန္ဒြေခြောက်ပါး လျှပ်ပေါ် လော်လီခြင်းမရှိဘဲ မျက်စိကလဲ အဆင်းမျိုးစုံ ရူပါရုံ ပေါ်မှာ ယဉ်ကျေးပြီးသား၊ နားကလဲ အသံမျိုးစုံ

http://www.dhammadownload.com



သဒ္ဒါရုံပေါ်မှာ ယဉ်ကျေးပြီးသား၊ နှာခေါင်းကလဲ အနံ့မျိုးစုံ ဂန္ဓာရုံပေါ်မှာ ယဉ်ကျေးပြီးသား၊ လျှာက လဲ အရသာမျိုးစုံ ရသာရုံပေါ်မှာ ယဉ်ကျေးပြီးသား၊ ကိုယ်ကလဲ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံပေါ်မှာ ယဉ်ကျေး ပြီးသား၊ စိတ်ကလဲ ရုပ်နာမ်မျိုးစုံ ဓမ္မာရုံပေါ်မှာ ယဉ်ကျေးပြီးသား ဖြစ်နေတယ်။ ဒါကြောင့် ဒီဂါထာ ရှေ့ထက်ဝက် စကားရပ်ဖြင့် ရဟန္တာ ပုဂ္ဂိုလ်သည် ဒန္တ မည်ကြောင်း ဖြေကြားခြင်း ဖြစ်သည်။ ဂါထာ နောက်ထက်ဝက်ဖြင့် ရဟန္တာပုဂ္ဂိုလ်၏ ဂုဏ်ကျေးဇူး ကို ချီးမွမ်းခြင်း ဖြစ်သည်။

သော=ထို ဇုန္ဒြေ ၆-ပါးကို ဘာဝနာ ၂-ပါးဖြင့် ပွားများ ပြီး ဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်သည်။ ဇ္ဈတ္တ လောကံ=၌ မိမိရဲ့ခန္ဓာကိုယ်တည်းဟူသော အဇ္ဈတ္တ လောကကို လည်းကောင်း။ ပရဉ္စ လောကံ=သူ တပါးရဲ့ ခန္ဓာကိုယ်တည်းဟူသော ဗဟိဒ္ဓ လောက ကိုလည်းကောင်း။ နိဗ္ဗိဇ္ဈ=ဝိပဿနာဉာဏ် မဂ်ဉာဏ် တို့ဖြင့် ထိုးဖောက်လျှစ်ထွင်း လင်းလင်း ထင်ထင် သိမြင်ပြီး၍၊ (ဝါ) သိမြင်ပြီးဖြစ်ရကား။ ကာလံ= စုတိပြတ်ကြွေ ပရိနိဗ္ဗာန်စံရတဲ့ နောက်ကာလကို။ ကင်္ခတိ=တောင့်တလင့်ဆို အလိုရှိ၍၊ မျှော်လင့်၍သာ နေပေတော့၏။

(အဲဒီလို အရဟတ္တဖိုလ်ပေါက် ဇုန္ဒြေ ၆-ပါး ကို ပွားများပြီးဖြစ်တဲ့ ရဟန္တာပုဂ္ဂိုလ်ဟာ အတွင်းအပခန္ဓာ တို့ရဲ့ ဖြစ်ပုံအလားကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တို့ဖြင့် ထိုးထိုး ထွင်းထွင်း လင်းလင်း ထင်ထင် စက်ဆုပ်ဖွယ်ရာ တွေ၊ အနိစ္စသဘောတွေ၊ ဒုက္ခသဘောတွေ၊ အနတ္တ

http://www.dhammadownload.com



သဏ္ဌာန တွေကို ပေါ်ပေါ်ထင်ထင်မြင်တော်မူပြီးဖြစ်တဲ့ အတွက် ဒိဋ္ဌိခန္ဓာကြီးနဲ့ မနေချင်တော့ဘူး။ ဒီသင်္ခါရတွေနဲ့ မနေချင်တော့ဘူး။ သင်္ခါရတွေမှ လွတ်တဲ့ မိမိရဲ့ ပရိနိဗ္ဗာနစုတိ စိတ်၏ အခြားမဲ့ နောက်ကာလမှာ ရုပ်နာမ်နှစ်ဖြာ ခန္ဓာသင်္ခါရအသစ် မဖြစ်တဲ့အချိန်၊ အနုပါဒိ ပရိနိဗ္ဗာန်စံတဲ့ အချိန်ကလေးကိုပဲ သူ မျှော် လင့် နေ တယ်။)

ဘာဝိတော= ဂေါစရ၊ အာသေဝနာ ဘာဝနာ နှစ်ပါးဖြင့် ၆-ပါးသော ဣန္ဒြေတို့ ကို ယဉ်ကျေး အောင်ပွားများပြီးဖြစ်သော။ သ-သော=ထို ရဟန္တာ ပုဂ္ဂိုလ်သည်။ ဒန္တော= တံခါးခြောက်ထွေ ဣန္ဒြေကို ငြိမ်စေမနှေး ဂုဏ်ရည်သွေးကြောင့် ယဉ်ကျေးသော ပုဂ္ဂိုလ်စင်စစ် ဖြစ်တော်မူပေ၏။ ။(ဒါက တတိယ ပြဿနာအဖြေ။) ။

မြတ်စွာဘုရားက ''(၄) ဘယ်လိုပုဂ္ဂိုလ်ကို ဗုဒ္ဓလို့ ခေါ်ပါသလဲ''ဟူသော ပုစ္ဆာကို ဤသို့ဖြေတော်မူတယ်။

ဂ။ ကပ္ပာနိ ဝိစေယျ ကေဝလာနိ၊
သံသာရံ ဒုဘယံ စုတူ+ပပါတံ။
ဝိဂတ ရဇ+မနင်္ဂဏံ ဝိသုဒ္ဓံ၊
ပတ္တံ ဇာတိခယံ တ+မာဟု ဗုဒ္ဓံ။ ။

သဘိယ= သဘိယမည်ငြား အို- ချစ်သား....။ (''ဘယ်လိုပုဂ္ဂိုလ်ကို ဗုဒ္ဓခေါ်သလဲ''လို့ ချစ်သားက မေးတယ်။) ယော= အမှတ်မထင် အကြင်ရဟန္တာ ပုဂ္ဂိုလ်သည်။ ကေဝလာနိ = ခပ်သိမ်းဥဿုံ အလုံးစုံ ကုန်သော။ ကပ္ပာနိ= သံဝဋ္ဋကပ်၊ ဝိဝဋ္ဋကပ်တို့ကို။

တတိယအကြိမ်

http://www.dhammadownload.com



ဝိစေယျ= ပုဗ္ဗေနိဝါသ ဉာဏ်ဖြင့် ဝိုင်းခြား ထင်ထင် ဆင်ခြင်၍လည်းကောင်း။

ဟို.... ပုဗ္ဗေနိဝါသဉာဏ်ရှိတဲ့ ရဟန္တာ ပုဂ္ဂိုလ်ကျ တော့ ဩော်.... ငါသည် ဤ မည်သော သံဝဋ္ဋကပ်၊ ဤ မည်သော ဝိဝဋ္ဋကပ်၊ ဤမည်သော သံဝဋ္ဋ ဝိဝဋ္ဋကပ် မှာ ဤ မည်သောဘဝ၌ ဤအမည်၊ ဤအဆင်း၊ ဤပုံပန်း၊ ဤအစာအာဟာရမျိုး၊ ဤစီးပွား ချမ်း သာ မျိုး နဲ့ ဖြစ်ခဲ့ရတယ် လို့ ပြန်ပြီးသိတဲ့ ပုဗ္ဗေနိဝါသဉာဏ် ကို ဟောပြတယ်။

စုတူ+ပပါတံ = သတ္တဝါတို့၏ စုတိ ပြတ် ကြွေ သေလွန်ခြင်း၊ ပဋိသန္ဓေ တည်နေခြင်းတည်းဟူ သော။ ဒုဘယံ သံသာရံ = သံသရာနှစ်မျိုးကို။ ဝိစေယျ=ဝိုင်းခြားထင်ထင် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် ဆင်ခြင် ၍ လည်းကောင်း။ ဌိတံ=တည်သော။ (ဒိဗ္ဗစက္ခု ဉာဏ်ကို ဟောပြတယ်။) ဝိဂတရဇံ = ကင်းပြီးသော ကိလေသာ မြူရှိထသော၊ (ဝါ) ကိလေသာမြူ ကင်းပြီးသော။ အနင်္ဂဏံ = ကိလေသာ အညစ် အကြေး ကင်းဝေးပြီးထသော။ ဝိသုဒ္ဓံ=မဂ်ဉာဏ်ဖြင့် အထူးစင်ကြယ်ပြီးသော။ (အာသဝက္ခယဉာဏ်ကို ဟောပြတယ်။) ဇာတိခယံ=ဇာတိကုန်ရာ နိဗ္ဗာန်သို့။ ပတ္တံ = အရဟတ္တဖိုလ်ပေါက် ရောက်ပြီးထသော။ တံ-တာဒိသံ=ထိုသို့ရှုအပ် ပု+ဒိ+အာ=ဝိဇ္ဇာသုံးရပ် နှင့် အရဟတ္တဖိုလ်ပေါက် ပြည့်မြောက်တော်မူတဲ့ ရဟန္တာသူမြတ်ကို။ ဗုဒ္ဓံ=ဗုဒ္ဓ ဟူ၍။ အာဟု=ဘုရား အစ များလှာဘိတောင်း သူ တော် ကောင်း တို့ ငြိမ့်ပြောင်းသံချို မိန့်ဆိုတော် မူကြကုန်ပြီ.... လို့-

တကိုယ်အကြိုမ်

http://www.dhammadownload.com



မြတ်စွာဘုရား စတုတ္ထပြဿနာကို ဖြေပြီးတဲ့အခါ သဘိယပရိဗိုဇ်ရဲ့ ဖြစ်ပုံကို သင်္ဂါယနာတင်မထေရ်မြတ်တို့က ဆက်ပြီး **စကားဖြည့်စွက်** ပေးထားတယ်....။

အထ ခေါ သဘိယော ပရိဗ္ဗာဇကော ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ အတ္တမနော ပမုဒိတော ဥဒဂ္ဂေါ ပီတိသောမနဿဇာတော ဘဂဝန္တံ ဥတ္တရိံ ပဉှံ အပုစ္ဆိ (တဲ့)။

အထခေါ=ယင်းသို့ ပဌမဂါထာ ပြဿနာ လေးချက်ကို ဖြေဆိုပြီးသည်မှ နောက်ကာလ၌။ သဘိယော ပရိဗ္ဗာဇကော = သဘိယ ပရိဗိုဇ်သည်။ ဘဂဝတော ဘာသိတံ = ဘုရား့ **စကား**တော်ကို။ အဘိနန္ဒိတွာ အနုမောဒိတွာ = နှစ်လိုအားရမ်း ဝမ်းမြောက် နှမော်သာဝုခေါ်၍။ အတ္တမနော=မိမိ စိတ်တိုင်းကျဖြစ်လျက်။ ပမုဒိတော = နှစ်သက်လျက်။ ဥဒဂ္ဂေါ = တက်ကြွသော စိတ်ရှိလျက်။ ပီတိသောမနဿဇာတော = နှစ်သိမ့်ရွှင်လန်း ဝမ်းမြောက်ခြင်း ဖြစ်ရှိလျက်။ ဘဂဝန္တံ=မြတ်စွာဘုရားကို။ ဥတ္တရိံ ပဉှံ = အထက်ဖြစ်တဲ့ ပြဿနာကို။ အပုစ္ဆိ=မေးလျှောက်လေပြီ။

(ဘယ်လို မေးသလဲ ဆိုတော့)–

## ဗြာဟ္မဏ စသည် အမည်ရထိုက်သူ

၉။ ကိံ ပတ္တိန+မာဟု ဗြာဟ္မဏံ၊
(ဣတိ သဘိယော)
သမဏံ ကေန ကထဉ္စ နှာတကောတိ။
နာဂေါတိ ကထံ ပဝုစ္စတိ၊
ပုဋ္ဌော မေ ဘဂဝါ ဗျာကရောဟိ။ ။
တတိယအကြိမ်

http://www.dhammadownload.com



ဘဂဝါ=ဘုန်းတော်နေဝန်း ထွန်းပတော်မူပါသော မြတ်စွာဘုရား....။ ကိံ ပတ္တိနံ=အဘယ်တရားသို့ ရောက်ဆိုက်သောပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ=ဗြာဟ္မဏဟူ၍။ အာဟု= ဘုရားအစ များလှဘိတောင်းသူတော်ကောင်းတို့ ငြိမ့်ငြောင်းသံချို မိန့်ဆိုတော်မူကြပါကုန် သနည်းဘုရား။

(၁) အဘယ်တရားသို့ ရောက်သောသူကို ဗြာဟ္မဏဟု ခေါ်ဆိုရပါသလဲ ဘုရား။ ဒါက တစ်ပုစ္ဆာ။

ကေန = အဘယ်သို့သော ဂုဏ်ကျေးဇူး ဖြင့်။ သမဏံ=သမဏဟူ၍။ အာဟု=ဘုရားအစ များလှဘိတောင်း(ပ)မိန့်ဆိုတော်မူကြပါကုန်သနည်း ဘုရား။

(၂) ဘယ်လိုဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကို သမဏဟု ခေါ်ဆိုရပါသလဲဘုရား။ ဒါက တစ်ပုစ္ဆာ။

ကထံ = အဘယ်သို့သော ပုဂ္ဂိုလ်ကို။ နှာတကောတိ=ကိလေသာအညစ်အကြေးကို။ ဆေးကြောပြီးတဲ့ ပုဂ္ဂိုလ်ဟူ၍။ အာဟု= ဘုရားအစ များလှဘိတောင်း(ပ) မိန့်ဆိုတော်မူကြပါကုန်သနည်းဘုရား။

(၃) ဘယ်လိုပုဂ္ဂိုလ်ကို နှာတကဟု ခေါ်ဆိုရပါသလဲ ဘုရား။ ဒါက တစ်ပုစ္ဆာ။

ကထံ=အဘယ်သို့သော ပုဂ္ဂိုလ်ကို။ နာဂေါတိ= ဘယ်တော့မှ မကောင်းမှုကို မပြုတဲ့ နာဂပုဂ္ဂိုလ်ဟူ၍။ အာဟု= ဘုရားအစ များလှဘိတောင်း (ပ) မိန့်ဆိုတော်မူကြပါကုန်သနည်း ဘုရား။ ဒါကတစ်ပုစ္ဆာ။

(၄) ဘယ်လိုပုဂ္ဂိုလ်ကို နာဂဟု ခေါ်ဆိုရပါသလဲ ဒါက တစ်ပုစ္ဆာ။

ကပ်ပယ်အကြိမ်

http://www.dhammadownload.com



ပုစ္ဆာ=သိလိုရေးဖြင့် မေးလျှောက်အပ်ပါသော။ ဘဂဝါ=ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ မေ=တပည့်တော်အား။ ဗျာကရောဟိ=ကရုဏာရှေ့ထား ဖြေကြားတော်မူပါဘုရား။

(ဣတိ=ဤသို့။ သဘိယော=သဘိယပရိဗိုဇ်သည်။ အာဟ=မေးလျှောက်ပြီ)။

သဘိယပရိဗိုဇ် တစ်ဂါထာဖြင့် မေးလျှောက်အပ်တဲ့ ပုစ္ဆာလေးချက်ကို မြတ်စွာဘုရားက တစ်ပုစ္ဆာ တစ်ပုစ္ဆာလျှင် တစ်ဂါထာ တစ်ဂါထာစီနဲ့ ဖြေကြားတော်မူတယ်။ မြတ်စွာဘုရားက ''(၁) အဘယ်တရားသို့ ရောက်သောသူကို ဖြာဟ္မဏဟု ခေါ်ဆိုရပါသလဲ ဘုရား'' ဟူသော ပထမပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်....။

၁၀။ ဗာဟိတွာ သဗ္ဗပါပကာနိ၊
(သဘိယာတိ ဘဂဝါ)
ဝိမလော သာဓုသမာဟိတော ဌိတတ္တော။
သံသာရ+မတိစ္စ ကေဝလီ သော၊
အသိတော တာဒိ ပဝုစ္စတေ သ ဗြဟ္မာ။ ။

သဘိယ= သဘိယမည်ငြား အို- ချစ် သား....။ ယော=အမှတ်မထင် အကြင်ရဟန္တာ ပုဂ္ဂိုလ်သည်။ သဗ္ဗပါပကာနိ = အလုံးစုံသော အကုသိုလ်မှုတို့ကို။ ဗာဟိတွာ=အရဟတ္တမဂ်ဖြင့် အပပြုပြီး၍။ ဌိတတ္တော=တည်တော်မူ၏။ (ဌိတော ဣစ္စေဝ ဝုတ္တံ ဟောတိ၊ အဋ္ဌကထာ)။

(ဗြာဟ္မဏက (၁) ဇာတိဗြာဟ္မဏ၊ (၂) ပရမတ္ထ ဗြာဟ္မဏ လို့ ၂-မျိုးရှိတယ်။

http://www.dhammadownload.com



(၁) ဆရာဦးကဝိတို့၊ ဆရာဦးစိန္တာ တို့လို ဗြာဟ္မဏ မျိုး (ဗရားမင်းမျိုး) ပုဏ္ဏားမျိုးက ဖြစ်လာတဲ့ ဗြာဟ္မဏ ကျတော့ ဇာတိဗြာဟ္မဏ လို့ ခေါ်တယ်။

(၂) ရဟန္တာ အရှင်သူမြတ်တို့ကျတော့ (ဗာဟိတ+ အဏ=) မကောင်းမှု အကုသိုလ်တွေကို မိမိရဲ့ ခန္ဓာ ကိုယ်ထဲ ဘယ်တော့မှ မလာရအောင် အပပြုပြီးဖြစ်တဲ့ အတွက် ပရမတ္ထဗြာဟ္မဏ လို့ ခေါ်တယ်။ ဤ စကား ရပ်ဖြင့် ဗြာဟ္မဏအရ ဖြေခြင်းကိစ္စပြီးတယ်။ ကျန်တဲ့ စကားရပ်တွေက အဲဒီ ပရမတ္ထဗြာဟ္မဏ=ရဟန္တာပုဂ္ဂိုလ် ရဲ့ ဂုဏ်ထူးတွေကို ချီးမွမ်းတဲ့ ထုတိမင်္ဂလာ စကားတွေ ဖြစ်တယ်။

သော=ထို ပရမတ္ထ ဗြာဟ္မဏခေါ်ဆို ရဟန္တာ ပုဂ္ဂိုလ်သည်။ ဝိမလော=ကိလေသာ အညစ်အကြေး ကင်းဝေးတော်မူ၏။ သာဓုသမာဟိတော=အရဟတ္တ ဖလသမာဓိဖြင့် လွန်စွာတည်ကြည်ခြင်း ရှိတော်မူ၏။ သံသာရံ= သံသရာကို။ အတိစ္စ = လွန်မြောက်၍။ ကေဝလီ=အပြည့်အစုံ ကျင့်သုံးပြီးသော မဂ်ကိစ္စ လည်း ရှိပါပေ၏။ အသိတော = တဏှာဒိဋ္ဌိတို့ဖြင့် ဘယ်တရားကိုမှ မမှီတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်ပါပေ၏။ တာဒီ=လာဘာ+လာဘ စသည့်ရှစ်တန် လောကဓံ ကြောင့် ဖောက်ပြန် တုန်လှုပ်ခြင်းမရှိ တာဒိဂုဏ်နှင့် လည်း ပြည့်စုံတော် မူပါပေ၏။ သ–သော= ထို ဆိုအပ်ပြီးသော ထုတိမင်္ဂလာဂုဏ်တို့နှင့်တကွ ဖော်ပြ ရာပါ ''မကောင်းမှု = အကုသိုလ်တို့ကို အရဟတ္တ မဂ်ဖြင့် အပပြုပြီး'' တဲ့ ရဟန္တာ ပုဂ္ဂိုလ်ကို။ ဗြဟ္မာ= ပရမတ္ထ ဗြာဟ္မဏဟူ၍။ ပဝုစ္စတေ=ဆိုအပ်ပေ၏။

http://www.dhammadownload.com



(ဣတိ=ဤသို့။ ဘဂဝါ=မြတ်စွာဘုရားသည်။ အာဟ=အဖြေစကား မိန့်ကြားတော်မူလေပြီ)။ ။

အနုပုဗ္ဗ အနုဓမ္မ ဗျာကရောမိ တေ=ပြဿနာစဉ်အတိုင်း၊ အဓိပ္ပာယ်စဉ်အတိုင်း သင့်အား ငါဘုရား ဖြေကြားမယ် ဆိုတဲ့ ဝန်ခံချက်အတိုင်း မြတ်စွာဘုရားသည် "(၂) ဘယ်လိုဂုဏ်ကျေးဇူးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို သမဏ ခေါ်ဆိုရပါသလဲ ဘုရား" ဟူသော ဒုတိယ ပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်....။

(၁၁) သမိတာဝိ ပဟာယ ပုညပါပံ၊
ဝိရဇော ဉတွာ ဣမံ ပရဉ္စ လောကံ။
ဇာတိ မရဏံ ဥပါတိဝတ္တော၊
သမဏော တာဒိ ပဝုစ္စတေ တထတ္တာ။ ။

သဘိယ=သဘိယ မည်ငြား အို–ချစ်သား....။ (ဒုတိယ ပြဿနာကို ငါဘုရား ဖြေတော့မယ်)။ ယော=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ ပုညပါပံ=ကောင်းမှု မကောင်းမှု ဤ နှစ်ခုကို။ ပဟာယ=မဂ်ဉာဏ် လေးထောက် အဆုံးရောက်အောင် ပယ်ဖျောက်စွန့်ပစ်ပြီးဖြစ်၍။ သမိတာဝီ=ဝဋ်ဒုက္ခခပ်သိမ်း ငြိမ်းပြီးသူ ဖြစ်ပေ၏။

(မဂ်လေးပါး အဆုံးရောက်အောင် သစ္စာလေးပါးကို သိမြင်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်တို့ကို ပယ်ပြီးသား ဖြစ်သည်ဆိုရာ၌ ကုသိုလ် ကား ပယ်အပ်သော=ပဟာတဗ္ဗတရား မဟုတ်ပါ၊ သို့သော် ကုသိုလ် အကုသိုလ်များ အကျိုးပေးအောင် ကျေးဇူးပြုတဲ့ အဝိဇ္ဇာ၊ တဏှာတည်းဟူသော ဝဋ်မြစ်ကို

ပယ်လိုက်သဖြင့် အဲဒီ ကုသိုလ်၊ အကုသိုလ်တွေဟာ ပယ်ပြီးသားဖြစ်တယ်။ ဥပမာ ဆိုကြပါဦးစို့ရဲ့။

ဟောဒီသစ်ပင်ကြီးကို မခုတ်ဘဲနဲ့ ဒီသစ်ပင်ကြီးကို ပယ်ပြီး ခုတ်ပြီးသားဖြစ်အောင် ဘယ်လိုလုပ်ရမည်လဲ ဆိုယင် ခပ်လှမ်းလှမ်း သစ်ပင်ကြီးနဲ့ လေးတောင်ကွာလောက်ကနေပြီး မြေကြီးထဲ သစ်ပင်ကြီးရဲ့ရေသောက်မြစ်ရောက်အောင် ခပ်စိုက်စိုက် ထူးသွားပြီးတော့ အဲဒီသစ်ပင်ကြီးရဲ့ ရေသောက်မြစ်ကို ဖြတ်လိုက်၊ ပြီးယင်ပြန်ပြီး မြေဖို့ထားလိုက်ပါ။ ဒီနှစ်အဖို့ ဒီသစ်ပင်ကြီးဟာ ဘယ်လောက်ပဲ စိမ်းစိမ်းစိုစို ဖြစ်နေစေကာမူ ''ဟာ ဒီသစ်ပင်ကြီးဟာ ခုတ်ပြီးသားပါ၊ ဖြတ်ပြီးသားပါ''လို့ လောကစကား ပြောကြားရပါတယ်။

ထို့အတူ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ သန္တာန်မှာ အဝိဇ္ဇာ၊ တဏှာဆိုတဲ့ သံသရာရဲ့ ရေသောက်မြစ် ပြတ်ပြီးသားဖြစ်တဲ့အတွက် သူတို့သန္တာန်မှာ ဖြစ်ခဲ့တဲ့အတိတ်ကုသိုလ် အကုသိုလ်တွေ အကုန်လုံး ပယ်ပြီးသား ဖြစ်နေတယ်။

ဤ၌ ''သမိတာဝီ ပဟာယ ပုညပါပံ = အရိယမဂ်ဖြင့် ကိလေသာတို့ကို ပယ်ပြီးဖြစ်၍ ကိလေသာအပူငြိမ်းငြီးသူဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်သည် သမဏမည်ကြောင်း'' ဖြေဆိုပြီး သဘိယအဖို့ ထိုရဟန္တာပုဂ္ဂိုလ်၌ မြတ်နိုးတနာ ပွားများရန် ကျန်သော ဂါထာသုံးပိုဒ်တို့ဖြင့် ချီးမွမ်းစကား ဟောကြားတော်မူတယ်....။

သော=ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဝိရဇော=ရမ္မက်ဟူသောမြူ ကင်းစင်တော်မူပေ၏။ ဉာမဉ္ဇ လောကံ= ဤပစ္စုပ္ပန်လောကကိုလည်းကောင်း။ ပရဉ္စ လောကံ=တမလွန်လောကကိုလည်းကောင်း၊ (ဝါ)

http://www.dhammadownload.com



ဇ္ဈတ္တ လောကံ = မိမိသန္တာန်မှာဖြစ်တဲ့ ခန္ဓာငါးပါးတည်းဟူသော အဇ္ဈတ္တလောကကို လည်းကောင်း။ ပရဉ္စ လောကံ = သူတပါး သန္တာန်မှ ဖြစ်တဲ့ ခန္ဓာငါးပါးတည်း ဟူသော ဗဟိဒ္ဓလော က ကို လည်းကောင်း။ ဉတွာ = ဝိပဿနာပညာ မဂ်ပညာဖြင့် ကောင်းစွာထင်မြင် သိမြင်၍။ ဇာတိမရဏံ = ပဋိသန္ဓေနေခြင်း၊ သေခြင်းကို။ ဥပါတိဝတ္တော = လွန်မြောက်ပြီ။ တထတ္တာ = ထိုသို့ သ ဘော ရှိ သော။ တာဒိ = တာဒိဂုဏ်ရှင် ရဟန္တာသခင်ကို။ သမဏော = သမဏဟူ၍။ ပဝုစ္စတေ = ဆိုအပ်ပေ၏။

တဖန် မြတ်စွာဘုရားက "(၃) ဘယ်ထို ပုဂ္ဂိုလ်ကို နှာတကဟု ခေါ်ဆိုရပါသလဲဘုရား"ဟူသော တတိယပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်။

၁၂။ နိန္နှာယ သဗ္ဗပါပကာနိ၊
အဇ္ဈတ္တံ ဗဟိဒ္ဓါ စ သဗ္ဗလောကေ။
ဒေဝမနုဿေသု ကပ္ပိယေသု၊
ကပ္ပံ နေ+တိ+တ+မာဟု နှာတကောတိ။ ။

သဘိယ = သဘိယမည်ပြား အို-ချစ်သား....။ ယော=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ စ= မိမိသန္တာန်၌ လည်းကောင်း။ ဗဟိဒ္ဓါ စ=သူတပါး သန္တာန်၌ လည်းကောင်း။ သဗ္ဗလောကေ=ခပ်သိမ်း ဥသုံ အလုံးစုံသော သင်္ခါရလောက၌။

(သင်္ခါရကို ဤကဲဖြင့်ကြည့်ယင် (၁) မိမိသန္တာန်မှာ ဖြစ်တဲ့ ရုပ် နာမ် ခေမ္မ အဇ္ဈတ္တသင်္ခါရ၊ (၂) သူတပါးသန္တာန် မှာဖြစ်တဲ့ ရုပ် နာမ် ခေမ္မ ဗဟိဒ္ဓသင်္ခါရ ဟို. ၂-မျိုးရှိတယ်။

http://www.dhammadownload.com



အဇ္ဈတ္တသင်္ခါရကို အဇ္ဈတ္တလောက၊ ဗဟိဒ္ဓသင်္ခါရကို ဗဟိဒ္ဓလောက လို့ သင်္ခါရ လောကကို ဒီလို ပြောရတယ်။)

အဇ္ဈတ္တံ စ = အဇ္ဈတ္တ သင်္ခါရ လည်းကောင်း။ ဗဟိဒ္ဓါ စ = ဗဟိဒ္ဓသင်္ခါရ လည်းကောင်း။ သဗ္ဗလောကေ=အဇ္ဈတ္တ၊ ဗဟိဒ္ဓအားဖြင့် နှစ်ထွေပြားတဲ့ ခပ်သိမ်းဥဿုံ အလုံးစုံသော သင်္ခါရလောက၌။ သဗ္ဗပါပကာနိ=ဖြစ်ပေါ်တတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ အစရှိသော မကောင်းမှုတို့ကို။ နိန္နာယ= အရဟတ္တမဂ်ရေစင် ရေအေးဖြင့် ဆေးကြောသုတ်သင်ပြီး၍။ (ဒါဟာ အဖြေထိုရင်းပဲ။)

အဇ္ဈတ္တ၊ ဗဟိဒ္ဓ သင်္ခါရ လောကနှစ်မျိုး၌ ဖြစ်တတ်တဲ့ အကုသိုလ် အညစ်အကြေးတို့ကို အရဟတ္တမဂ်ဉာဏ် ရေစင် ရေအေးဖြင့် ဆေးကြောသုတ်သင် စင်ကြယ်ပြီးသောကြောင့် ရဟန္တာ ပုဂ္ဂိုလ်သည် နှာတက ပုဂ္ဂိုလ် မည်တယ်။ (ဂုဏ်ကျေးဇူး ချီးမွမ်းစကားကို ဆက်ပြီး ဟောပုံက)-

သော ထို ရဟန္တာ ပုဂ္ဂိုလ်သည်။ ကပ္ပိယေသု= တဏှာ+ဒိဋ္ဌိတို့ဖြင့် မနေမနား အကြိမ်များစွာ အကြိမ်များ၌ နေကြကုန်သော။ ဒေဝမနုဿေသု=နတ်လူတို့၌။ ကပ္ပံ = တဏှာ+ဒိဋ္ဌိတို့ဖြင့် ကြံစည်ခြင်းသို့။ န ဧတိ= မရောက်။ တံ=ထို အဇ္ဈတ္တ၊ ဗဟိဒ္ဓ သင်္ခါရလောက နှစ်ပုံ၌ ဖြစ်တတ်တဲ့ မကောင်းမှု အကုသိုလ်တို့ကို အရဟတ္တမဂ် ရေကြည် ရေအေးဖြင့် ဆေးကြော ပြီးတဲ့ပုဂ္ဂိုလ်ကို။ နှာတကောတိ = နှာတကပုဂ္ဂိုလ် ဟူ၍။ အာဟု = ဘုရားအစ များလှသိတောင်း

http://www.dhammadownload.com



သူတော်ကောင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြကုန်ပြီ ။

ထိုနောက် မြတ်စွာဘုရားက "(၄) ဘယ်လိုပုဂ္ဂိုလ်ကို နာဂဟု ခေါ်ဆိုရပါသလဲဘုရား" ဆိုတဲ့ စကုဏ္ဍပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်....။

၁၃။ အာဂုံ န ကရောတိ ကိဉ္စိ လောကေ၊
သဗ္ဗသံယောဂေ ဝိသဇ္ဇ ဗန္ဓနာနိ။
သဗ္ဗတ္ထ န သဇ္ဇတိ ဝိမုတ္တော၊
နာဂေါ တာဒိ ပဝုစ္စတေ တထတ္တာ။ ။

သဘိယ= သဘိယမည်ငြား အို– ချစ်သား....။ ယော=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ သဗ္ဗသံယောဂေ = ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ကာမယောဂ၊ ဘဝယောဂ၊ ဒိဋ္ဌိယောဂ၊ အဝိဇ္ဇာယောဂ လေးပါးတို့ကိုလည်းကောင်း။ ဗန္ဓနာနိ= သံယောဇဉ်ဆယ်မျိုး အနှောင်အဖွဲ့ကြိုးတို့ကို လည်းကောင်း။ ဝိသဇ္ဇ=စွန့်ပယ်၍၊ (ဝါ) စွန့်ပယ်တော်မူပြီးဖြစ်သောကြောင့်။ လောကေ= လောကဝ္၌။ ကိဉ္စိ အာဂုံ = တစိုးတစိမျှသော အကုသိုလ်မှုကို။ န ကရောတိ=မပြုချေ။

(ဟေး....ယောဂလေးပါးဆိုတဲ့ ဘဝထမ်းပိုးကျည်၊ သံယောဇဉ်ဆယ်မျိုးဆိုတဲ့ လွန်ရှည်ကြိုးတို့ကို စွန့်ပယ်ပြီးဖြစ်တဲ့အတွက် အကုသိုလ်မှုတစိုးတစိကိုမျှမပြုတဲ့ ရဟန္တာအရှင်ကို နာဂဟု ခေါ်တယ်။ "အကုသိုလ်မှု တစိုးတစိမျှ မပြုတတ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်ကို နာဂဟု ခေါ်ဆိုအပ်တယ်"။ ဒီစကားက ဖြေဆိုလိုရင်းစကား။

http://www.dhammadownload.com



ကျန်သောစကားတွေက ရဟန္တာပုဂ္ဂိုလ်ကို ချီးမွမ်းတဲ့ စကားတွေ။)

သော= ထို ရဟန္တာပုဂ္ဂိုလ်သည်။ သဗ္ဗတ္ထ = ခပ်သိမ်းဥဿုံ အလုံးစုံသော တရားတို့၌။ န သဇ္ဇတိ= ဘယ်တော့မှ မငြိတွယ်တော့ချေ။ ဝိပ္ပမုတ္တော= ကံလေသာခပ်သိမ်းတို့မှ လွတ်မြောက်တော်မူပါပေ၏။ တထတ္တာ=ထိုသို့သဘောရှိသော။ တာဒိ= တာဒိ ဂုဏ်ရှင် ရဟန္တာသခင်ကို။ နာဂေါ = နာဂဟူ၍။ ပဝုစ္စတေ=ဆိုအပ်ပေ၏။

ဤကဲ့သို့ ဒုတိယဂါထာ ပြဿနာလေးချက်တို့ကို မြတ်စွာဘုရား ဖြေကြားပြီးသောအခါ သဘိယပရိဗိုဇ်သည် သာဓုနမော် သုံးကြိမ်ခေါ်ပြီး ရှေးနည်းအတူ သူ့စိတ်တိုင်းကျ အားရဝမ်းသာ ဖြစ်ပြီး တစ်ဆင့်တိုး၍ ပြဿနာလေးမျိုးတို့ကို ဂါထာတစ်ဂါထာ တည်း ဖြင့် မေးလျှောက်ပြန်တယ်....။

၁၄။ ကံ ခေတ္တဇိနံ ဝဒန္တိ ဗုဒ္ဓါ၊ (ဣတိ သဘိယော)
ကုသလံ ကေန ကထဉ္စ ပဏ္ဍိတောတိ။
မုနိ နာမ ကထံ ပဝုစ္စတိ၊
ပုဋ္ဌော မေ ဘဂဝါ ဗျာကရောဟိ။

ဘဂဝါ=ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာဘုရား....။ ကံ=ဘယ်သို့သော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ ခေတ္တဇိနံ = ခေတ္တဇိန ပုဂ္ဂိုလ်ဟူ၍။ ဗုဒ္ဓါ= အဆူဆူသော ဘုရားရှင်တို့က။ ဝဒန္တိ= ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြပါကုန်သနည်းဘုရား။

http://www.dhammadownload.com



(၁) ဘယ်လိုပုဂ္ဂိုလ်ကို ခေတ္တဇိနပုဂ္ဂိုလ်လို့ ခေါ်ဆိုပါသလဲ ဘုရား....တဲ့။ (ခေတ္တ=လယ်မြေ+ဇိန=အောင်မြင်ပြီးတဲ့ ပုဂ္ဂိုလ်။) ဓမ္မနယ်ပယ်မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ အတွင်း အာယတန ၆-ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ ဓမ္မသဘောဆိုတဲ့ အပြင် အာယတန ၆-ပါး၊ အာယတန ၁၂-ပါးတို့ကို လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာ မြက်များ ပေါက်ရောက်ရာ လယ်မြေသဖွယ်ဖြစ်လို့ ပါဠိလို ခေတ္တ၊ မြန်မာလို လယ်မြေဟု ခေါ်တယ်။

ကေန= အဘယ်သို့သော ဂုဏ် ကျေး ဇူး ဖြင့်။ ကုသလံ= ကောသမည်တဲ့ ကုသိုလ်ကံ အကုသိုလ်ကံတည်းဟူသော ကြိုးကြိုကို ဖြတ်တောက် ဖျက်ဆီးပြီးသောသူဟူ၍။ ဝဒန္တိ=ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြပါကုန်သနည်း ဘုရား။ (ဒါက တစ်ပုစ္ဆာ။)

ကထဉ္စ= အ ဘယ် သို့ သော ပုဂ္ဂိုလ်မျိုးကိုကား။ ပဏ္ဍိတောတိ=ပဏ္ဍိတဟူ၍။ဝဒန္တိ=ငြိမ့်ညောင်းသံချိုမိန့်ဆိုတော်မူကြပါကုန်သနည်းဘုရား။

(၃) ဘယ်လို ပုဂ္ဂိုလ်ကို ပဏ္ဍိတဟု ခေါ် ဆို ပါသနည်း ဘုရား။ (ဒါက တစ်ပုစ္ဆာ။)

ကထံ= အဘယ်သို့သော ပုဂ္ဂိုလ်ကို။ မုနိ နာမ= မုနိမည်၏ဟူ၍။ ပဝုစ္စတိ=ဆိုအပ်ပါသနည်းဘုရား။

(၄) ဘယ်လိုပုဂ္ဂိုလ်ကို မုနိဟု ခေါ်ဆိုပါသနည်း ဘုရား။ (ဒါက တစ်ပုစ္ဆာ။)

ပုဋ္ဌော = သိလို ရေးဖြင့် မေး အ ပ် ပါ သော။ ဘဂဝါ=ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ မေ=

http://www.dhammadownload.com



တပည့်တော်အား။ ဗျာကရောဟိ=အဖြေစကား မိန့်ကြားတော် မူပါဘုရား။ (ဣတိ=ဤသို့။သဘိယော=သဘိယပရိဗိုဇ်သည်။ အာဟ =အမေး လေးပါး လျှောက်ထားလေပြီ။)

ထိုအခါ မြတ်စွာဘုရားက "(၁) ဘယ်လိုပုဂ္ဂိုလ်ကို ခေတ္တဇိနပုဂ္ဂိုလ်လို့ ခေါ်ဆိုပါသလဲ ဘုရား" ဟူသော ပထမပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်....။

၁၅။ ခေတ္တာနိ ဝိစေယျ ကေဝလာနိ၊
(သဘိယာတိ ဘဂဝါ)
ဒိဗ္ဗံ မာနုသကဉ္စ ဗြဟ္မခေတ္တံ။

သဗ္ဗ ခေတ္တမူလ ဗန္ဓနာ ပမုတ္တော၊
ခေတ္တဇိနော တာဒိ ပဝုစ္စတေ တထတ္တာ။ ။

သဘိယ= သဘိယမည်ငြား အို– ချစ် သား....။ ယော=အကြင်ရဟန္တာ ပုဂ္ဂိုလ်သည်။ ဒိဗ္ဗဉ္စ= နတ်၌ဖြစ်သော အာယတန ၁၂–ပါး တည်း ဟူသော လယ်ကွက်လည်းကောင်း။ မာနုသကဉ္စ= လူ၌ ဖြစ်သော အာယတန ၁၂–ပါးတည်းဟူသော လယ်ကွက် လည်းကောင်း။ ဗြဟ္မခေတ္တဉ္စ=ဗြဟ္မာ့ပြည် နှစ်ဆယ်၌ ဖြစ်သော အာယတန ၆–ပါး တည်း ဟူ သော လယ်ကွက် လည်းကောင်း။ ကေဝလာနိ=အလုံးစုံ ကုန်သော။ခေတ္တာနိ=လယ် ၁၂ ကွက်၊လယ် ၆-ကွက်၊ လယ် ၂–ကွက်တို့ကို။ ဝိစေယျ=အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာဉာဏ်ဖြင့် လင်း လင်း ထင် ထင် သိမြင် အောင် စိစစ်၍၊ (ဝါ) စိစစ်သောကြောင့်။သဗ္ဗခေတ္တ မူလဗန္ဓနာ = အလုံး စုံ သော လယ် ကွက် တို့ ၏

http://www.dhammadownload.com



**အကြောင်းရင်း အနှောင်အဖွဲ့ဖြစ်တဲ့ အဝိဇ္ဇာ၊ ဘဝ၊ တဏှာ အစရှိသော တရားအပေါင်းမှ။ ပမုတ္တော= ကင်းလွတ်တော်မူပြီးဖြစ်ပေ၏။ တထတ္တာ = ထိုသို့ သဘောရှိသော။ တာဒိ= တာဒိဂုဏ်ရှင် ရဟန္တာ သခင်ကို။ ခေတ္တဇိနော= ခေတ္တဇိန ပုဂ္ဂိုလ် ဟူ၍။ ပဝုစ္စတေ= ဆိုအပ်ပေ၏။**

(ရှေ့က ဆိုအပ်ခဲ့ပြီးသောအတိုင်း အာယတန ၁၂-ပါးတို့ကို ကိလေပေါင်းမြက်တို့ ပေါက်ရောက်ရာဖြစ်သောကြောင့် ခေတ္တ=လယ်ကွက် ယာကွက်ဟု ခေါ်၏။ နတ်ပြည်၌ ရအပ်သော အာယတနာ ၁၂-ပါးတို့ကို ဒိဗ္ဗခေတ္တ၊ လူ့ပြည်၌ ရအပ်သော အာယတန ၁၂-ပါးတို့ကို မာနုသကခေတ္တ ခေါ်၏။ ရူပါဝစရမြဟ္မာ့ဘုံ၌ ရအပ်သော မျက်စိ၊ နား၊ စိတ်=အတွင်းအာယတန သုံးပါး၊ အဆင်း၊ အသံ ရုပ် နာမ် ဓမ္မ = အပြင် အာယတနသုံးပါး၊ ၂-ရပ်ပေါင်း အာယတန ၆-ပါး တို့နှင့် အရူပမြဟ္မာ့ဘုံ၌ ရအပ်သော မန၊ ဓမ္မ=အာယတန ၂-ပါးတို့ကို အသီး အသီး မြဟ္မခေတ္တဟု ခေါ်၏။

ခေတ္တသုံးပါး ဘုံအားလျော်စွာ ရရှိအပ်သည့် အာယတနတရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ဆင်ခြင်ကြည့်ရှုဖန်များယင် မဂ်ဉာဏ် လေးပါးသို့ အစဉ်အတိုင်း ဆိုက်ရောက်လိမ့်မည်။ ထိုသို့ ဆိုက်ရောက်တဲ့ အခါ သဗ္ဗခေတ္တဆိုတဲ့ အာယတန ၁၂-ပါးတို့ရဲ့ အခြေခံ အကြောင်းရင်း အနှောင်အဖွဲ့ဖြစ်တဲ့ အဝိဇ္ဇာ၊ ဘဝ၊ တဏှာ အစရှိတဲ့ အနှောင်အဖွဲ့တွေက လွတ်သွားလိမ့်မယ်။ အဲဒီလို အာယတန ၁၂-ပါး (လယ် ၁၂-ကွက်) ရဲ့ အခြေခံ အကြောင်းရင်းဖြစ်တဲ့ အဝိဇ္ဇာ၊ ဘဝ

http://www.dhammadownload.com



တဏှာ အစရှိသော ကိလေသာ အနှောင်အဖွဲ့မှ ကင်း လွတ်တော်မူပြီးတဲ့ ရဟန္တာ ပုဂ္ဂိုလ်ကို ''အာယတန ၁၂–သွယ် လယ် ၁၂–ကွက်ကို အောင်ချက်ကောင်းတဲ့= ခေတ္တဇိနပုဂ္ဂိုလ်'' လို့ ဆိုရတယ်။)

ထိုနောက် မြတ်စွာဘုရားက ''(၂) ဘယ်လိုပုဂ္ဂိုလ် ကို ကုသလဟု ခေါ်ဆိုပါသနည်းဘုရား'' ဟူသော ဒုတိယပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်....။

၁၆။ ကောသာနိ ဝိစေယျ ကေဝလာနိ၊
ဒိဗ္ဗံ မာနုသကဉ္စ ဗြဟ္မ ကောသံ။
သဗ္ဗ ကောသမူလဗန္ဓနာ ပမုတ္တော၊
ကုသလော တာဒိ ပဝုစ္စတေ တထတ္တာ။ ။

သဘိယ=သဘိယမည်ပြဒါး အို–ချစ်သား။ ယော= အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ ဒိဗ္ဗံ စ = နတ်၌ဖြစ် သော ကျီကြနှင့်တူသော ကာမာဝစရ ကုသိုလ်ကံ လည်းကောင်း။ မာနုသကဉ္စ=လူ၌ဖြစ်သော ကျီကြ နှင့်တူသော ကာမာဝစရ ကုသိုလ်ကံလည်းကောင်း။ ဗြဟ္မ ကောသံ စ=ဗြဟ္မာ့ပြည်၌ဖြစ်သော ကျီကြနှင့် တူသည့် (ဗြဟ္မာ့ဘဝကို ဖြစ်စေတတ်သည့်) ရူပါဝစရ၊ အရူပါဝစရ ကုသိုလ်ကံ လည်းကောင်း။ ကေဝ– လာနိ = အလုံးစုံကုန်သော။ ကောသာနိ = ကာမ ကုသိုလ်ကံ မဟဂ္ဂုတ်ကုသိုလ်ကံ တည်းဟူ သော ကျီကြတို့ကို။ ဝိစေယျ = အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာဉာဏ်ဖြင့် လင်းလင်း ထင်ထင် သိမြင် အောင်စိစစ်၍၊ (ဝါ) စိစစ်သောကြောင့်။ သဗ္ဗ– ကောသမူလဗန္ဓနာ = အလုံးစုံသော ကျီကြတို့၏

http://www.dhammadownload.com



အကြောင်းရင်း **အနှောင်အဖွဲ့ဖြစ်တဲ့** အဝိဇ္ဇာ၊ ဘဝ တဏှာ အစရှိသော တရားအပေါင်းမှ။ ပမုတ္တော= ကင်းလွတ်တော်မူပြီး ဖြစ်ပေ၏။ တထတ္တာ=ထိုသို့ သဘောရှိသော။ တာဒိ = တာဒိဂုဏ်ရှင် ရဟန္တာ သခင်ကို။ ကုသလော=ကုသလ အမည်ရတဲ့ ပုဂ္ဂိုလ် ဟူ၍။ ပဝုစ္စတေ=**ဆိုအပ်ပေ၏။**

(စပါး၊ ပဲ စသည် ထည့်သော ကျီကြီးသည် မိုင်ရှင် လူတို့၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်သကဲ့သို့ ကုသိုလ် အကုသိုလ် ကံတို့ကိုလည်း ကံပြုသူတို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သော ကြောင့် **ကောသ**=ကျီကြီးဟူ၍ ဆိုအပ်ကုန်၏။ ထို ကံ တည်းဟူသော ကျီကြီးတို့ကို ဖြတ်တောက်ဖျက်ဆီးတတ် သောကြောင့် ရဟန္တာ ပုဂ္ဂိုလ်တို့ကို ကုသေ လုနန္တီ ဆိန္ဒန္တီတိ **ကုသလာဟု ဝိဂ္ဂြိုဟ်ပြု၍ ကုသလ** ဟု ဆိုအပ် ပါကုန်သည်။)

**ကာမာဝစရ ကုသိုလ်ကံတည်းဟူသော** ဒိဗ္ဗကောသ၊ မာနုသကကောသနှင့် **မဟဂ္ဂုတ်** ကုသိုလ်ကံတည်းဟူ သော ဗြဟ္မကောသ = ကျီကြီးသုံးမျိုးတို့ကို အနိစ္စ၊ ဒုက္ခ အနတ္တဟု ဆင်ခြင်ကြည့်ရှုဖန်များ၍ မဂ်ဉာဏ် လေးပါး သို့ အစဉ်အတိုင်း ဆိုက်ရောက်၍ သဗ္ဗကောသ လို့ ခေါ်တဲ့ ကာမာဝစရ မဟဂ္ဂုတ် ကုသိုလ်ကံတို့ရဲ့ အခြေခံ အကြောင်းရင်းဖြစ်တဲ့ အဝိဇ္ဇာ၊ ဘဝတဏှာ အစရှိသော ကိလေသာ အနှောင်အဖွဲ့မှ ကင်းလွတ် တော်မူပြီးတဲ့ ရဟန္တာ ပုဂ္ဂိုလ်ကို ''ကုသ ခေါ်သည့် ကုသိုလ် အကုသိုလ်ကံ = ကျီကြီးတို့ကို ဖြတ်တောက်ဖျက် ဆီးပြီးတဲ့အတွက် ကုသလပုဂ္ဂိုလ်'' လို့ ခေါ်ဆိုရတယ်။

ဘာတိယအကြိမ်

http://www.dhammadownload.com



တစ်နည်းကား - ဘဝသုံးပါး၊ အာယတန ၁၂-ပါးတို့ကို သန်လျက်အိမ်နှင့် တူသောကြောင့် ကောသဟု ဆိုအပ်ကုန်၏။ သန်လျက်အိမ်ကို သန်လျက်၏ တည်နေရာ ဖြစ်သောကြောင့် ကောသဟု ခေါ်ဆိုအပ်သကဲ့သို့ သတ္တဝါတို့၏ နေထိုင်ရာ၊ တရားတို့၏ တည်နေရာ ဖြစ်သောကြောင့် ဘဝသုံးပါး၊ အာယတန ၁၂-ပါးတို့ကို ကောသဟု ဆိုအပ်ကုန်၏။ ထို ဘဝ၊ အာယတနတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ ဆင်ခြင်ဖန်များယင် မဂ်ဉာဏ် ထေးပါးသို့ အစဉ်အတိုင်း ဆိုက်ရောက်၍ သဗ္ဗကောသ လို့ ခေါ်တဲ့ ဘဝသုံးပါး သန်လျက်အိမ်၊ အာယတန ၁၂-ပါး သန်လျက်အိမ်တို့ရဲ့ အခြေခံ အကြောင်းရင်း မူလဖြစ်တဲ့ အဝိဇ္ဇာ၊ ဘဝတဏှာ အစ ရှိသော ကိလေသာ အနှောင်အဖွဲ့မှ ကင်းလွတ်တော် မူပြီးတဲ့ရဟန္တာ ပုဂ္ဂိုလ်ကို ''ကုသ''ခေါ်တဲ့ဘဝသုံးပါး၊ အာယတန ၁၂-ပါး = သန်လျက်အိမ်များကို ဖြတ်တောက်ဖျက်ဆီးပြီးတဲ့ ကုသလ ပုဂ္ဂိုလ် လို့ ဆိုရတယ်။)

ထိုနောက် မြတ်စွာဘုရားက ''(၃) ဘယ်လိုပုဂ္ဂိုလ်ကို ပဏ္ဍိတဟု ခေါ်ဆိုပါသနည်းဘုရား'' ဟူသော တတိယ ပုစ္ဆာကို ဤသို့ ဖြေဆိုတော်မူတယ်....။

၁၇။ ဒုဘယာနိ ဝိစေယျ ပဏ္ဍရာနိ၊
အဇ္ဈတ္တံ ဗဟိဒ္ဓါ စ သုဒ္ဓိပညော။
ကဏှံ သုက္ကံ ဥပါတိဝတ္တော၊
ပဏ္ဍိတော တာဒိ ပဝုစ္စတေ တထတ္တာ။ ။

သဘိယ = သဘိယမည်ငြား အို-ချစ်သား....။ ယော=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ စ=

http://www.dhammadownload.com



မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တည်းဟူသော အတွင်းဖြစ်စင်သောတရား လည်းကောင်း။ ဗဟိဒ္ဓါ စ=အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ ဓမ္မ သဘော တည်းဟူသော အပြင်ဖြစ်စင်သော တရား လည်းကောင်း။ ဥဘယာနိ= နှစ် ပါး ကုန် သော။ ပဏ္ဍရာနိ = ပင်ကိုသဘော ဖြူစင်သော အာယတန တို့ကို။ ဝိစေယျ= အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာ ဉာဏ်ဖြင့် လင်းလင်းထင်ထင် သိမြင်အောင် စိစစ်၍၊ (ဝါ) စိစစ်သောကြောင့်။ သုဒ္ဓိပညော= ကိလေသာ တို့မှ စင်ကြယ်သော အရဟတ္တမဂ်ဉာဏ် အရဟတ္တ ဖိုလ်ဉာဏ်ရှိသည်။ ဟောတိ=ဖြစ်၏။

သော=ထို သုဒ္ဓိပညာ ရဟန္တာပုဂ္ဂိုလ်သည်။ ကဏှံ= မည်းညစ်သော အကုသိုလ်ကိုလည်းကောင်း။ သုက္ကံ= ဖြူစင်သော ကုသိုလ်ကို လည်းကောင်း။ ဥပါတိ- ဝတ္တော= လွန်မြောက်ပြီးသည်။ ဟောတိ= ဖြစ်၏။ တထတ္တာ = ထိုသို့သဘောရှိသော။ တာဒိ = တာဒိ ဂုဏ်ရှင် ရဟန္တာသခင်ကို။ ပဏ္ဍိတော = ပဏ္ဍိတ ပုဂ္ဂိုလ်ဟူ၍။ ပဝုစ္စတေ=ဆိုအပ်ပေ၏။

(အဇ္ဈတ္တိကာယတန ၆ ပါး၊ ဗာဟိရာယတန ၆ ပါး၊ ဤတရားတို့သည် ပင်ကိုယ်အားဖြင့် ဖြူစင်သော တရား တို့ဖြစ်ကြသည်။ ရဟန္တာပုဂ္ဂိုလ်ကို 'ပဏ္ဍုတီတိ ပဏ္ဍိတော' ဟု ဝိဂ္ဂြိုဟ်ပြု၍ ကိလေသာတို့မှစင်ကြယ်တတ်သောကြောင့် ဖြူစင်တတ်သောကြောင့် 'ပဏ္ဍိတ' ဟု ခေါ်ဆိုရသည် မဟုတ်သေး၊ ''ပဏ္ဍရာနိ ဇာတော ဥပဂတော ပဝိစယ- ပညာယာတိ ပဏ္ဍိတော'' ဟု ဝစနတ္ထပြုပြီးလျှင် ဝိပဿနာ ပညာ မဂ်ပညာတို့ဖြင့် ပင်ကို ဖြူစင်သော အာယတန

http://www.dhammadownload.com



တို့ကို အာရုံပြုသောအားဖြင့် ကပ်ရောက်တတ်သော ကြောင့် ရဟန္တာပုဂ္ဂိုလ်ကို ပဏ္ဍိတဟု ခေါ်ဆိုအပ်တယ်။ ဂါထာ ရှေ့ဆက်ဝက်ဖြင့် ပဏ္ဍိတပုဂ္ဂိုလ်အရ ဖြေဆို၍ နောက်ထက်ဝက်ဖြင့် ချီးမွမ်းစကား ဟောကြားတော်မူခြင်းဖြစ်တယ်။)

မြတ်စွာဘုရားသည် ဤဂါထာဖြင့် ပဏ္ဍိတပုဂ္ဂိုလ်အရ ဖြေကြားတော်မူပြီးနောက် "(၄) ဘယ်လို ပုဂ္ဂိုလ်ကို မုနိဟု ခေါ်ဆိုပါသနည်းဘုရား" ဟူသော စတုတ္ထပုစ္ဆာ ကို ဤသို့ ဖြေဆိုတော်မူတယ်....။

၁၈။ အသတဉ္စ သတဉ္စ ဉတွာ ဓမ္မံ၊
အဇ္ဈတ္တံ ဗဟိဒ္ဓါ စ သဗ္ဗလောကေ။
ဒေဝမနုဿေဟိ ပူဇနီယော၊
သင်္ဂံ ဇာလ+မတိစ္စ သော မုနိ။ ။

သဘိယ= သဘိယမည်ငြား အို- ချစ် သား....။ ယော = အကြင် ရဟန္တာပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ စ= မိမိသန္တာန်၌ ဖြစ် သော သင်္ခါရ လောက လည်း ကောင်း။ ဗဟိဒ္ဓါ စ = သူတပါးသန္တာန်၌ ဖြစ်သော သင်္ခါရ လောက လည်းကောင်း။ သဗ္ဗလောကေ= အတွင်းအပ အလုံးစုံသော သင်္ခါရလောက၌။ အသတဉ္စ ဓမ္မံ=သူတော်မဟုတ် လူသူယုတ်တို့၏ဥစ္စာ ဖြစ်တဲ့ အကုသိုလ်တရားကိုလည်းကောင်း။ သတဉ္စ ဓမ္မံ= နှလုံးပျော့ပျောင်း သူတော်ကောင်းတို့၏ ဥစ္စာ ဆယ်ဖြာသော ပုညကြိယာ တရားအစုကို လည်းကောင်း ။ ဉတွာ- ဇာနာတိ= အရဟတ္တ ဖိုလ်ပေါက် အသိဉာဏ် ဆိုက်ရောက်၏။ ဉတွာ= အရဟတ္တဖိုလ်ပေါက် အသိဉာဏ် ဆိုက်ရောက်သော

http://www.dhammadownload.com



ကြောင့်။ ဒေဝမနုဿေဟိ = နတ်လူတို့သည်။ ပူဇနီယော=ပူဇော်အပ်သူသည်။ ဟောတိ=ဖြစ်တော့၏။ သင်္ဂ=ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ သံကိလေသ၊ ဒုစ္စရိတ တည်းဟူသော ငြိကပ်ခြင်း ခုနစ်ပါးကို လည်းကောင်း။ ဇာလံ=တဏှာ၊ ဒိဋ္ဌိ တည်းဟူသော ကွန်ရက် နှစ်မျိုးကို လည်းကောင်း။ အတိစ္စ = လွန်မြောက်၍။ ဋ္ဌိတော = တည်သော။ သော= ထို ရဟန္တာပုဂ္ဂိုလ်သည်။ **မုနိ=ပရမတ္ထမုနိ** မည်ပါပေ၏။

(ဂါထာရှေ့ထက်ဝက်ဖြင့် "**အဇ္ဈတ္တာ မဟိဒ္ဓ သဒ္ဓိ**ရ ဿောကဥ္စ ဖြစ်ရှိသည့် အကုသိုလ်**တရား၊ ကုသိုလ်**တရားတို့ကို မဂ်ဉာဏ်လေးပါးဖြင့် ဝိုင်းခြားသိမြင်ပြီး ဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်သည် ပရမတ္ထမုနိမည်၏" ဟု အဖြေရင်းကို ဖော်ပြတယ်။ ဂါထာ နောက်ထက်ဝက်ဖြင့် "ထို ရဟန္တာပုဂ္ဂိုလ်သည် နတ်လူတို့ ပူဇော်အပ်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း၊ သင်္ဂ တရားခုနစ်ပါး (နှင့်) ဇာလ တရား နှစ်ပါးတို့ကို လွန်မြောက်ပြီးသူ ဖြစ်ကြောင်း" ဖော်ပြ၍ ချီးမွမ်းတော်မူပါတယ်။)

(တတိယဂါထာ ၄-ပုစ္ဆာတို့၏ အဖြေ ပြီး၏။)

ဤကဲ့သို့ တတိယဂါထာ ပြဿနာ လေးချက်တို့ကို မြတ်စွာဘုရား ဖြေကြားပြီးသောအခါ သဘိယပရိဗိုဇ်သည် သာဓုနမော် သုံးကြိမ်ခေါ်ပြီး ရှေးနည်းအတူ သူ့စိတ်တိုင်းကျ အားရဝမ်းသာဖြစ်ရှိကာ တစ်ဆင့်တိုး၍ ပြဿနာ (၄)မျိုးတို့ကို မြဟ္မာကြီး သင်ပေးခဲ့တဲ့အတိုင်း ဂါထာတစ်ဂါထာဖြင့် မေးလျှောက်ပြန်တယ်။

http://www.dhammadownload.com



၁၉။ ကိံ ပတ္တိန+မာဟု ဝေဒဂုံ၊ (ဣတိ သဘိယော)
အနုဝိဒိတံ ကေန ကထဥ္စ ဝိရိယဝါတိ။
အာဇာနီယော ကိန္တိ နာမ ဟောတိ၊
ပုဋ္ဌော မေ ဘဂဝါ ဗျာကရောဟိ။ ။

ဘဂဝါ=ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာဘုရား....။ ကိံ ပတ္တိနံ= အဘယ် တရား သို့ ရောက်ဆိုက်သောသူကို။ **ဝေဒဂုံ**=ဝေဒဂူပုဂ္ဂိုလ်ဟူ၍။ အာဟု = ဘုရား**အစ များသော်**ဘိတောင်း သူတော်ကောင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော် မူကြပါ ကုန်သနည်းဘုရား။

(၁) ဘယ်လိုပုဂ္ဂိုလ်ကို ဝေဒဂူပုဂ္ဂိုလ်ဟု ခေါ်ဆို ပါသနည်းဘုရား။ (ဒါက တစ်ပုစ္ဆာ။)

**ကေန** = အဘယ်သို့သော ဂုဏ်ကျေး ဇူး ဖြင့်။ **အနုဝိဒိတံ**= အနုဝိဒိတပုဂ္ဂိုလ်ဟူ၍။ အာဟု= ဘုရား **အစ များသော်ဘိတောင်း** (ပ) မိန့်ဆိုတော်မူကြပါကုန် **သနည်း ဘုရား။**

(၂) **ဘယ်လိုပုဂ္ဂိုလ်ကို** အနုဝိဒိတပုဂ္ဂိုလ်ဟု ခေါ် ဆိုပါသနည်းဘုရား။ (ဒါက တစ်ပုစ္ဆာ။)

ကထဥ္စ=အဘယ်သို့သောပုဂ္ဂိုလ်ကို။ ဝိရိယဝါတိ= ဝိရိယဝန္တ ပုဂ္ဂိုလ်ဟူ၍။ **အာဟု**=ဘုရားအစ များသော် **ဘိတောင်း** (ပ)မိန့် **ဆို တော်** မူကြ ပါ ကုန် သ နည်း **ဘုရား။**

(၃) ဘယ်လိုပုဂ္ဂိုလ်ကို ဝိရိယဝန္တ ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်း ဘုရား။ (ဒါက တစ်ပုစ္ဆာ။)

တတိယအကြိမ်

http://www.dhammadownload.com



ကိန္တိ = ဘယ်သို့သဘောရှိသော ပုဂ္ဂိုလ် သည်။ အာဇာနီယော နာမ=အာဇာနီယ ပုဂ္ဂိုလ်မည်သည်။ ဟောတိ=ဖြစ်ပါသနည်း ဘုရား။

(၄) ဘယ်လိုပုဂ္ဂိုလ်ကို အာဇာနီယ ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်း ဘုရား။ (ဒါက တစ်ပုစ္ဆာ။)

ပုဋ္ဌော = သိလိုရေးဖြင့် မေးအပ်ပါသော။ ဘဂဝါ=ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ မေ သဘိယခေါ် တပည့်တော်အား။ ဗျာကရောဟိ= အဖြေစကား မိန့်ကြားတော်မူပါဘုရား။ (ဇုတိ= ဤသို့။ သဘိယော = သဘိယပရိဗိုဇ်သည်။ အာဟ= အမေးစကား လျှောက်ထားလေပြီ။)

ထိုအခါ မြတ်စွာဘုရားက "(၁) ဘယ်လိုပုဂ္ဂိုလ်ကို ဝေဒဂူပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်း ဘုရား" ဟူသော ပထမပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်။

၂၀။ ဝေဒါနိ ဝိစေယျ ကေဝလာနိ၊
(သဘိယာတိ ဘဂဝါ)
သမဏာနံ ယာနိ+ဓ+တ္ထိ ဗြာဟ္မဏာနံ။
သဗ္ဗ ဝေဒနာသု ဝီတရာဂေါ၊
သဗ္ဗံ ဝေဒ+မတိစ္စ ဝေဒဂူ သော။ ။

သဘိယ = သဘိယမည်ပြား အို–ချစ်သား....။ ယော=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ သမဏာနံ= သမဏခေါ်ဆို ပုဂ္ဂိုလ် တို့၏ လည်း ကောင်း။ ဗြာဟ္မဏာနံ = ဗြာဟ္မဏခေါ်ဆို ပုဂ္ဂိုလ်တို့၏ လည်း ကောင်း။ ယာနိ ဝေဒါနိ=အကြင် ဝေဒကျမ်းတို့ သည်။ သန္တိ=ရှိကုန်၏။ ကေဝလာနိ = အလုံးစုံကုန်

http://www.dhammadownload.com



သော။ တာနိ ဝေဒါနိ=ထို ဝေဒကျမ်း တို့ ကို။ ဝိစေယျ = မဂ္ဂဘာဝနာဖြင့် ကိစ္စသိဒ္ဓိအမြင် အနိစ္စ စသည် ဆင်ခြင်၍။ သဗ္ဗံ ဝေဒံ = ခပ်သိမ်းသော ဝေဒကျမ်းကို။ အတိစ္စ=ထိုကျမ်းတို့၌ ဆန္ဒရာဂကို ပယ်ဖျောက်သောအား လွန်မြောက်သွား၍။ သဗ္ဗ ဝေဒနာသု=အလုံးစုံသော ဝေ ဒ နာ တ ရား တို့ ၌။ ဝီတရာဂေါ = တပ်နှစ်သက်ခြင်း ကင်းတော်မူ၏။ သော=ထို ရဟန္တာ ပုဂ္ဂိုလ်သည်။ ဝေဒဂူ=ဝေဒဂူ ပုဂ္ဂိုလ် မည်ပေ၏။

(ဗေဒင်=ဝေဒကျမ်းတို့ကိုလည်း ဝေဒဟု ခေါ်သည်။ ဝေဒနာ သုံးမျိုးတို့ကိုလည်း ဝေဒဟု ခေါ်သည်။)

(၁) ရဟန္တာ ပုဂ္ဂိုလ်သည် အရိယမဂ္ဂဘာဝနာ လေးပါးတို့ဖြင့် ကိစ္စသိဒ္ဓိအနေအားဖြင့် အနိစ္စ စသည် ကို ဆင်ခြင်စိစစ်၍ ဝေဒကျမ်းတို့၌ တပ်မက်သော ဆန္ဒရာဂကို ပယ်ခြင်းဖြင့် ဝေဒကျမ်းတို့ကို လွန်မြောက် သောကြောင့် 'ဝေဒါနိဂတော=ဉာတော=အတိက္ကန္တော တိ ဝေဒဂူ' ဟု ဝိဂြိုဟ်ပြု၍ ဝေဒဂူပုဂ္ဂိုလ် မည်လေသည်။ ဝေဒါနိ = ဝေဒကျမ်းတို့ကို။ ဂတော = ဉာတော = အတိက္ကန္တော=သိပြီ၊ လွန်မြောက်ပြီ။ ဣတိ=ထို့ကြောင့်။ ဝေဒဂူ=ဝေဒဂူမည်၏ ဟု အနက်ပေးလေ။

(၂) ရဟန္တာ ပုဂ္ဂိုလ်သည် အရိယမဂ္ဂဘာဝနာဖြင့် ကိစ္စသိဒ္ဓိအနေအားဖြင့် အနိစ္စ စသည်ကို ဆင်ခြင်စိစစ် ပြီး ဖြစ်ရကား ဝေဒနာတို့၌ တပ်ခြင်း ကင်းပြီးသူ ဖြစ်ရကား ဝေဒနာတို့ကို သိပြီး လွန်မြောက်ပြီး ဖြစ် သောကြောင့် ''ဝေဒါနိ ဂတော အတိက္ကန္တောတိ ဝေဒဂူ'' ဟု ဝိဂြိုဟ်ပြု၍ ဝေဒဂူပုဂ္ဂိုလ် မည်လေသည်။

http://www.dhammadownload.com



ဝေဒါနိ=ဝေဒနာ သုံးပါးတို့ကို။ ဂတော အတိက္ကန္တော= လွန်မြောက်ပြီ။ ဣတိ=ထို့ကြောင့်။ ဝေဒဂူ=ဝေဒဂူမည်၏ဟု အနက်ပေးလေ။) (ဤ ပထမပုစ္ဆာ အဖြေဂါထာ၏ ပထမပိုဒ် နောက်ရှိ (သဘိယာတိ ဘဂဝါ) ဟူသော စာပိုဒ်ကို စတုတ္ထ ပုစ္ဆာ အဖြေဂါထာ၏ အဆုံး၌ အနက်ပေးလျှင်လည်း သင့်လျော်နိုင်ပါသည်။ ထို့ကြောင့် စတုတ္ထအဖြေဂါထာ၏ အဆုံး၌ အနက်ပေးပါလေ။)

ထိုနောက် မြတ်စွာဘုရားက ''(၂) ဘယ်လိုပုဂ္ဂိုလ်ကို အနုဝိဒိတပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်းဘုရား'' ဟူသော ဒုတိယ ပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်....။

၂၁။ အနုဝိစ္စ ပပဉ္စ+နာမရူပံ၊
အဇ္ဈတ္တံ ဗဟိဒ္ဓါ စ ရောဂမူလံ။
သဗ္ဗ ရောဂမူလဗန္ဓနာ ပမုတ္တော၊
အနုဝိဒိတော တာဒိ ပဝုစ္စတေ တထတ္တာ။

သဘိယ = သဘိယမည်ပြား ဒို–ချစ်သား....။ ယော=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ အဇ္ဈတ္တံ စ= အဇ္ဈတ္တသန္တာန်၌ လည်းကောင်း။ ဗဟိဒ္ဓါ စ=အပြင်အပ ဗဟိဒ္ဓသန္တာန်၌လည်းကောင်း။ ရောဂမူလံ= ကိုးဆယ့်ခြောက်ဖြာ ရောဂါ၏ အရင်းအမြစ်ဖြစ်သော။ ပပဉ္စ+နာမရူပံ=ပပဉ္စတရားသုံးပါး၊ နာမ်ရုပ်တရားနှစ်ပါးကို။ အနုဝိစ္စ = ဝိပဿနာပညာ မဂ်ပညာတို့ဖြင့် ကောင်းစွာဆင်ခြင် သိမြင်ပြီးဖြစ်၍။ သဗ္ဗရောဂမူလဗန္ဓနာ=ခပ်သိမ်းသော ရောဂါတို့၏ အခြေခံမူလ အဝိဇ္ဇာ၊ တဏှာ စသော အနှောင်အဖွဲ့မှ။ ပမုတ္တော = အရဟတ္တဖိုလ်ပေါက် လွတ်

http://www.dhammadownload.com



မြွက်တော်မူပြီ။ တထတ္တာ = ထိုသို့ သဘော ရှိသော။ တာဒိ=တာဒိဂုဏ်သခင် ရဟန္တာအရှင်ကို။ အနုပိဒိတော=အနုပိဒိတပုဂ္ဂိုလ် ဟူ၍။ ပဝုစ္စတေ= ဘုရားအစ များလှဘိတောင်း ပညာရှိအပေါင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုအပ်ပါပေ၏။

(မိမိသန္တာန် သူ့သန္တာန်၌ ဖြစ်တတ်တဲ့ ရောဂါ၏ အကြောင်းဖြစ်တဲ့ ပပဉ္စတရားသုံးပါး။ နာမ် ရုပ် နှစ်ပါး ကို ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် အသိဉာဏ်ရောက်ပြီး ရပြီးတဲ့ ရဟန္တာ ပုဂ္ဂိုလ်ကို အနုပိဒိတပုဂ္ဂိုလ်လို့ ခေါ်ဆိုတယ်။ ဤကား ဖြေလိုရင်း ဖြစ်တယ်။ ဂါထာ နောက်ထက်ဝက်ကား ရဟန္တာ အရှင်ကို ချီးမွမ်းတဲ့ ထုတိစကား ဖြစ်တယ်။)

ယခုအခါ မြတ်စွာဘုရားသည် ''(၃) ဘယ်လိုပုဂ္ဂိုလ် ကို ဝီရိယဝန္တပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်း ဟူသော တတိယ ပုစ္ဆာအဖြေကို ဤသို့ ဟောတော်မူတယ်....။

၂၂။ ဝိရတော ဣဓ သဗ္ဗပါပကေဟိ၊
နိရယဒုက္ခံ အတိစ္စ ဝီရိယဝါသော။
သော ဝီရိယဝါ ပဓာနဝါ၊
ဓီရော တာဒီ ပဝုစ္စတေ တထတ္တာ။ ။

သဘိယ = သဘိယမည်ငြား အို-ချစ်သား....။ ယော=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ ဣဓ=ဤ လောက၌။ သဗ္ဗပါပကေဟိ = အလုံးစုံ သော အကုသိုလ်တို့မှ။ ဝိရတော=အမြဲတစေ ရှောင်ကြဉ် ပြီး ဖြစ်ပေ၏၊ (ဝါ) ရှောင်ကြဉ်ပြီးဖြစ်သောကြောင့်။ နိရယဒုက္ခံ=ငရဲဒုက္ခ လက်ဦးစသည့် ဘဝဆင်းရဲ အလုံးစုံကို။ အတိစ္စ = လွန်မြောက်၍။ ဝီရိယ-

တတိယအကြိမ်

http://www.dhammadownload.com



ပါသော = ဝီရိယတည်းဟူသော နေအိမ်ရှိပေ၏။ ပဓာန ဝါ=မဂ်ချာန်လေးပါး ပဓာနတရားရှိသော။ ဓီရော=ကိလေသာ ရန်သူကို မှုန့် မှုန့် ညက် ညက် ဖျက်ဆီးနိုင်စွမ်းသော။ တာဒိ =လောကဓံကြောင့် ဖောက်ပြန်မရှိ တာဒိဂုဏ်ရှင် ဖြစ်ပေသော ။ တထတ္တာ = ထိုသို့ သဘောရှိသော။ သော=ထို ရဟန္တာ ပုဂ္ဂိုလ်ကို။ ဝီရိယ ဝါ=ဝီရိယဝန္တ ပုဂ္ဂိုလ် ဟူ၍။ ပဝုစ္စတေ = ဘုရားအစ များလှသိတောင်း ပညာရှိအပေါင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုအပ် ပေ၏။

(ဂါထာ ရှေ့ထက်ဝက်ဖြင့် ဝီရိယဝန္တ ပုဂ္ဂိုလ်ကို တိုက်ရိုက်ဟောပြတယ်။ ပဓာနဝါ ဓီရော တာဒိပုဒ်တို့ ဖြင့် ချီးမွမ်းစကား ဟောကြားတော်မူတယ်။)

ယခုအခါ မြတ်စွာဘုရားသည် ''(၄) ဘယ်လိုပုဂ္ဂိုလ် ကို အာဇာနီယ ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်းဘုရား'' ဟူသော စတုတ္ထ ပုစ္ဆာကို ဖြေတော်မူလို၍ ဤ ဂါထာကို ဟောတော်မူတယ်....။

၂၃။ ယဿ+ဿု လုနာနိ ဗန္ဓနာနိ၊
အဇ္ဈတ္တံ ဗဟိဒ္ဓါ စ သင်္ဂမူလံ။
သဗ္ဗသင်္ဂမူလဗန္ဓနာ ပမုတ္တော၊
အာဇာနီယော တာဒိ ပဝုစ္စတေ တထတ္တာ။

သဘိယ =သဘိယမည်ငြား အို-ချစ်သား....။ ယဿ=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ သင်္ဂမူလံ= ငြိကပ်ခြင်း ခုနစ်ပါး၏ အခြေခံ မူလဖြစ်သော။ အဇ္ဈတ္တံ ဗန္ဓနာနိ စ=အဇ္ဈတ္တ သံယောဇဉ်အဖွဲ့တို့ကို

http://www.dhammadownload.com



လည်းကောင်း။ ဗဟိဒ္ဓါ ဗန္ဓနာနိ စ = ဗဟိဒ္ဓ သံယောဇဉ်အဖွဲ့တို့ကို လည်းကောင်း။ လုနာနိ= အကြွင်းမဲ့ပယ်သတ် ရိတ်ဖြတ် အပ်ပြီးကုန်သည်။ အသုု = ဖြစ်ကုန်၏။ သဗ္ဗသင်္ဂမူလဗန္ဓနာ = အလုံးစုံသော သင်္ဂတရားတို့၏ အခြေခံ မူလအကြောင်းရင်း ဖြစ်တဲ့ အဇ္ဈတ္တသံယောဇဉ်၊ ဗဟိဒ္ဓသံယောဇဉ် တည်းဟူသော အနှောင်အဖွဲ့မှ။ ပမုတ္တော=အရဟတ္တဖိုလ်ပေါက် လွတ်မြောက်တော်မူပြီးသော။ တထတ္တာ=ထိုသို့ သဘောရှိသော။ တာဒိ=တာဒိ ဂုဏ်ရှင် ရဟန္တာ သခင်ကို။ အာဇာနီယော= အာဇာနီယ ပုဂ္ဂိုလ် ဟူ၍။ ပဝုစ္စတေ=ဘုရားအစ များလှဘိတောင်း ပညာရှိအပေါင်းတို့ ငြိမ့်ညောင်း သံချို မိန့်ဆိုအပ်ပေ၏။ (ဇာတိ=ဤသို့။ ဘာဂဝါ= သည်။ အာဟ=ပြီ။)

(ရဟန္တာ အရှင်မြတ်တို့မှာ သက္ကာယဒိဋ္ဌိကို အမြစ်ပြတ် ပယ်အပ်ပြီး ဖြစ်သောကြောင့် ကြောက်ရွံ့ခြင်း ကင်းကြသည်။ ဆင်အာဇာနည်၊ မြင်းအာဇာနည်တို့မှာ သက္ကာယဒိဋ္ဌိ အားကြီးလွန်းသောကြောင့် မကြောက်ရွံ့ကြခြင်းဖြစ်သည်။ (အထူးမှတ်ဖွယ်)

လောက၌ ကောက်ကျစ်မှု အပြစ်ဒေါသကို ပယ်ရှားပြီးဖြစ်၍ အကြောင်းဟုတ်သည် မဟုတ်သည်ကို သိသော မြင်းကို ဖြစ်စေ၊ ဆင်ကိုဖြစ်စေ၊ အာဇာနည် မြင်း၊ အာဇာနည်ဆင် ဟူ၍ ခေါ်ဆိုအပ်သော်လည်း ထို အာဇာနည်မြင်း၊ အာဇာနည်ဆင်တို့မှာ ထိုကောက်ကျစ် စဉ်းလဲခြင်း အပြစ်အားလုံးကို ပယ်ရှားအပ်ပြီးကြသည် မဟုတ်ကုန်။ ရဟန္တာပုဂ္ဂိုလ်မှာမူ ထိုကောက်ကျစ်စဉ်းလဲ

http://www.dhammadownload.com



မှု အပြစ်ဒေါသ အားလုံးတို့ကိုပင် အမြစ်ပြတ် ပယ်အပ်ပြီး ဖြစ်သောကြောင့် ပရမတ်စစ်စစ် အားဖြင့် ရဟန္တာပုဂ္ဂိုလ်ကိုသာ ''အာဇာနီယ ပုဂ္ဂိုလ်'' ဟု ခေါ်ဆိုထိုက်လေသည်)။

(စတုတ္ထဂါထာ ၄-ပုစ္ဆာတို့၏ အဖြေ ပြီး၏။)

ဤဆိုအပ်ပြီးသောအတိုင်း စတုတ္ထဂါထာ ပြဿနာလေးချက်တို့ကို မြတ်စွာဘုရား ဖြေကြားပြီးသောအခါ သဘိယပရိဗိုဇ်သည် သာဓုနုမော် သုံးကြိမ်ခေါ်ပြီး ရှေးနည်းအတူ သူ့စိတ်တိုင်းကျ အားရဝမ်းသာ ဖြစ်ရှိကာ တဆင့်တိုး၍ ပြဿနာလေးမျိုးတို့ကို သုဒ္ဓါဝါသ မြဟ္မာကြီး သင်ပေးခဲ့သည့်နည်းအတိုင်း ဂါထာ တစ်ဂါထာဖြင့် မေးလျှောက်ပြန်တယ်....။

၂၄။ ကိံ ပတ္တိန+မာဟု သောတ္တိယံ၊
(ဣတိ သဘိယော)
အရိယံ ကေန ကထဉ္စ စရဏဝါတိ။
ပရိဗ္ဗာဇကော ကိန္တိ နာမ ဟောတိ၊
ပုဋ္ဌော မေ ဘဂဝါ ဗျာကရောဟိ။ ။

ဘဂဝါ=ဘုန်းတော်နေဝန်း ထွန်းပတော်မူသော မြတ်စွာဘုရား။ ကိံ ပတ္တိနံ = အဘယ်တရားသို့ ရောက်ဆိုက်သောသူကို။ **သောတ္တိယံ**= သောတ္တိယ ပုဂ္ဂိုလ်ဟူ၍။ အာဟု=ဘုရားအစ မျှားလှဘိတောင်း ပညာရှိအပေါင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုတော်မူကြပါကုန်သနည်း ဘုရား။

(၁) ဘယ်လိုပုဂ္ဂိုလ်ကို သောတ္တိယ ပုဂ္ဂိုလ် ဟု ခေါ်ဆိုပါသနည်းဘုရား။ (ဒါက တစ်ပုစ္ဆာ။)

http://www.dhammadownload.com



ကေန = အဘယ်သို့သော ဂုဏ်ကျေးဇူး ဖြင့်။ အရိယံ= အရိယပုဂ္ဂိုလ်ဟူ၍။ အာဟု = ဘုရားအစ များလှဘိတောင်း (၁) မိန့်ဆိုတော်မူကြ ပါကုန် သနည်းဘုရား။

(၂) ဘယ်လိုပုဂ္ဂိုလ်ကို အရိယပုဂ္ဂိုလ်ဟု ခေါ်ဆို ပါသနည်းဘုရား။ (ဒါက တစ်ပုစ္ဆာ။)

ကထဉ္စ=အဘယ်သို့သော ပုဂ္ဂိုလ်ကိုကား။ စရဏ ဝါတိ=စရဏဝန္တ ပုဂ္ဂိုလ်ဟူ၍။ အာဟု=ဘုရားအစ များလှဘိတောင်း ပညာရှိအပေါင်းတို့ ငြိမ့်ညောင်း သံချို မိန့်ဆိုတော် မူကြပါကုန် သနည်းဘုရား။

(၃) ဘယ်လိုပုဂ္ဂိုလ်ကို စရဏဝန္တ ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်းဘုရား။ (ဒါက တစ်ပုစ္ဆာ။)

ကိန္တိ= အဘယ်သို့သဘောရှိသော ပုဂ္ဂိုလ်သည်။ ပရိဗ္ဗာဇကော နာမ= ပရိဗ္ဗာဇက ပုဂ္ဂိုလ်မည်သည်။ ဟောတိ=ဖြစ်ပါသနည်းဘုရား။

(၄) ဘယ်လို ပုဂ္ဂိုလ်ကို ပရိဗ္ဗာဇက ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်းဘုရား။ (ဒါက တစ်ပုစ္ဆာ။)

ပုဋ္ဌော = သိလိုရေးဖြင့် မေး အပ်ပါသော။ ဘဂဝါ=ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ မေ= သဘိယ ခေါ် တပည့်တော်အား။ ဗျာကရောဟိ= ကရုဏာရှေ့ထား ဖြေကြားတော်မူပါဘုရား။

(ဣတိ=ဤသို့။ သဘိယော=သဘိယ ပရိဗိုဇ်သည်။ အာဟ= အမေးစကား လျှောက်ထားလေပြီ။)

ထိုအခါ မြတ်စွာဘုရားက "(၁) ဘယ်လိုပုဂ္ဂိုလ်ကို သောတ္တိယ ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်း ဘုရား" ဟူသော ပထမပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်....။

http://www.dhammadownload.com



၂၅။ သုတွာ သဗ္ဗဓမ္မံ အဘိညာယ လောကေ၊
(သဘိယာတိ ဘာဂဝါ)
သာဝဇ္ဇာ+နဝဇ္ဇံ ယ+ဒတ္ထိ ကိဉ္စိ။
အဘိဘုံ အကထံကထိံ ဝိမုတ္တံ၊
အနီဃံ သဗ္ဗဓိ+မာဟု သောတ္တိယောတိ။ ။

သဘိယ= သဘိယမည်ဖြား အို – ချစ် သား....။ ယော= အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ သာဝဇ္ဇာ+နဝဇ္ဇံ= အပြစ်ရှိသောတရား၊ အပြစ်မရှိသော တရား တည်းဟူသော။ ယံ ကိဉ္စိ= အကြြင် အ လုံး စုံ သော တရားသည်။ အတ္ထိ=ရှိ၏။လောကေ=လောက၌။ တံ သဗ္ဗဓမ္မံ= ထိုအလုံးစုံသော သာဝဇ္ဇ+အနဝဇ္ဇ တရား အစုကို။ သုတွာ = သုတမယ ဉာဏ်ဖြင့် ကြားနာ၍၊ (ဝါ) ဝိပဿနာကိစ္စကို ပြုသောအား ကြားနာ၍။ အ ဘိ ညာ ယ = ကိ လေ သာ နှ င့် ကိ လေ သာ ၏ အကြောင်းတရားတို့ကို လွှမ်းမိုး၍။ ဋ္ဌိတော= တည် ပေ၏။ သဗ္ဗဓိ= ခပ်သိမ်းသော ခန္ဓာ၊ အာယတန စသော တရားတို့၌။ အဘိဘုံ = ကိ လေ သာ နှ င့် ကိလေသာ၏ အကြောင်းတရားတို့ကို လွှမ်းမိုး၍ တည်သော။ အကထံကထိံ = သို့လော သို့လော တွေးတောယုံမှားခြင်း အလျှင်းမရှိသော။ ဝိမုတ္တံ= ခပ်သိမ်းသော ကိလေသာတို့မှ လွှ တ် မြော က် ပြီး သော။ အနီဃံ=ဆင်းရဲကင်းကွာ ရဟန္တာအရှင်မြတ် ကို။ သောတ္တိယောတိ= သောတ္တိယ ပုဂ္ဂိုလ်ဟူ၍။ အာဟု= ဘုရားအစ များ လှ ဘိ တော င်း ပညာရှိ အပေါင်းတို့ ပြြမ့်ညောင်းသံချို မိန့်ဆို တော် မူ ကြ ကုန်ပြီ။

တတိယအကြိမ်

http://www.dhammadownload.com



(ဆန်းကျမ်းဂါထာ ရှက်ကာမျှသောသူကို သောတ္တိယ ပုဂ္ဂိုလ်ဟူ၍ သဒ္ဒါဗျာကရဏ်း လောကီဝေဒ ဆရာတို့က ဆိုကြသည်။ ထိုသူတို့ ဆိုအပ်သည့် သောတ္တိယ ပုဂ္ဂိုလ် ကား ဝေါဟာရမျှသာ ဖြစ်သော သောတ္တိယ ပုဂ္ဂိုလ် ဖြစ်သည်။ ပရမတ္ထ သောတ္တိယပုဂ္ဂိုလ်များမဟုတ်ကြချေ။ ရဟန္တာသခင် အရှင်သူမြတ်သည်ကား သာဝဇ္ဇ အနဝဇ္ဇ ဓမ္မ အားလုံးကို ကြားနာပြီး ကြားနာရုံမျှမဟုတ်၊ ဝိပဿနာဉာဏ်ဖြင့် ရှုသင့် ရှုထိုက်သောတရားတို့ကို ရှု သဖြင့် မဂ်ဉာဏ်လေးထောက် ပေါက်ရောက်ကာ ကိလေသာနှင့် ကိလေသာ၏ အကြောင်းတရားတို့ကို လွှမ်းမိုး၍ တည်တော်မူသောကြောင့် အကြားအမြင် အထွတ်အထိပ်သို့ ပေါက်ရောက်တော်မူရကား ပရမတ္ထ သောတ္တိယပုဂ္ဂိုလ် မည်တော်မူသည်။ အကထံကထီ+ ဝိမုတ္တ+အနီဃတို့ကား ထိုပရမတ္ထသောတ္တိယ ရဟန္တာ ပုဂ္ဂိုလ်အား ချီးမွမ်းစကားတို့ဖြစ်သည်။)

ယခုအခါ မြတ်စွာဘုရားက ''(၂) ဘယ်လိုပုဂ္ဂိုလ် ကို အရိယပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်းဘုရား'' ဟူသော ဒုတိယပုစ္ဆာကို ဤသို့ ဖြေတော်မူတယ်....။

၂၆။ ဆေတွာ အာသဝါနိ အာလယာနိ၊
ဝိဒွါ သော န ဥပေတိ ဂဗ္ဘသေယျံ။
သညံ တိဝိဓံ ပနုဇ္ဇ ပင်္ကံ၊
ကပ္ပံ နေ+တိ တ+မာဟု အရိယောတိ။ ။

သဘိယ= သဘိယမည်ငြား အို– ချစ်သား....။ ယော= အကြင်ရဟန္တာ ပုဂ္ဂိုလ်သည်၊ အာသဝါနိ= အာသဝလေးပါး တရားတို့ကိုလည်းကောင်း၊

http://www.dhammadownload.com



အာလယာနိ=ကာမာလယ၊ ဘဝါလယ ၂-ပါးတို့ကို လည်းကောင်း။ ဆေတွာ=ဝိပဿနာ ဉာဏ်၊မဂ်ဉာဏ် ဓားဖြင့် အရဟတ္တဖိုလ်ပေါက်ဖြတ်တောက်၍။ ဝိဒ္ဒါ= တရားတို့ကို ထင်ရှားသိမြင်သူ ဖြစ်ပေ၏။ ဝိဒ္ဒါ= မဂ်ဉာဏ်လေးပါးဖြင့် တရားတို့ကို သိမြင်ပြီးသော။ သော= ထိုရဟန္တာပုဂ္ဂိုလ်သည်။ ဂဗ္ဘသေယျံ= အမိဝမ်းခေါင်း ကိန်းအောင်းရခြင်း စသော ပဋိသန္ဓေ တစ်စုံတစ်ခုသို့မျှ။ န ဥပေတိ= မကပ်ရောက်ရချေ။ သော = ထိုရဟန္တာ ပုဂ္ဂိုလ်သည်။ တိဝိဓံ=ကာမ၊ ဘဝ၊ ဝိဘဝအား သုံးထွေပြားသော။ သညံ= အကုသိုလ် သညာကို လည်းကောင်း။ ပင်္က= ကာမဂုဏ်တည်း ဟူသော ညွန်အိုင်ကို လည်းကောင်း။ ပနုဇ္ဇ=ပယ်ရှားဖြတ်တောက်၍။ ကပ္ပံ= တဏှာ၊ ဒိဋ္ဌိ နှစ်ပါး ကြံစည်ခြင်းတရားသို့။ န ဇေတိ= မကပ်ရောက်တော့ချေ။ တံ = ထိုရဟန္တာ ပုဂ္ဂိုလ်ကို။ အရိယောတိ=အစီးအပွားလိုလားသူ အရပ်ရပ်တို့ ဆည်းကပ်အပ်သောကြောင့် အရိယပုဂ္ဂိုလ်ဟူ၍။ အာဟု = ဘုရားအစ များလှဘိတောင်း ပညာရှိ အပေါင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုကြကုန်ကြသည်။

(ရဟန္တာပုဂ္ဂိုလ်သည် အာသဝ လေးပါး၊ အာလယ နှစ်ပါးတို့ကို အရဟတ္တဖိုလ်ပေါက် ဖြတ်တောက်ပြီး ဖြစ်သောကြောင့် ပဋိသန္ဓေ လေးမျိုးသို့ လုံးဝ မကပ်ရောက်တော့ချေ။ ကာမသညာ၊ ဘဝသညာ၊ ဝိဘဝ သညာတည်းဟူသော မိစ္ဆာသညာ = အကုသိုလ်သညာ သုံးပါးနှင့် ကာမဂုဏ်တည်းဟူသော ညွန်အိုင်ကိုလည်း ပယ်ရှားပြီး ဖြစ်၍ တဏှာ၊ ဒိဋ္ဌိတို့ဖြင့် အကြံမှားခြင်းသို့

အဝိယာကြိမ်

http://www.dhammadownload.com



မကပ်ရောက်တော့ချေ။ ဤ ဂုဏ်ကျေးဇူးများကြောင့် ချမ်းသာရကြောင်း အစီးအပွားကောင်းကို အလိုရှိသူ လူအပေါင်းတို့က ဆည်းကပ် အပ် သော ကြောင့် ''ဟိတကာမေန ဇနေန အရိယတိ=အဘိဂန္တဗ္ဗယတီတိ အရိယော'' ဟု ဝစနတ္ထပြု၍ ရဟန္တာ ပုဂ္ဂိုလ်သည် အရိယပုဂ္ဂိုလ် မည်ပါသည်။)

(အဋ္ဌကထာ၌ နောက်တစ်နည်းလည်း ဖော်ပြပါ သေး၏။)

ဤသို့ ဒုတိယ ပုစ္ဆာအဖြေကို ပြပြီး၍ ယခုအခါ ''(၃) ဘယ်လိုပုဂ္ဂိုလ်ကို စရဏဝန္တပုဂ္ဂိုလ်ဟု ခေါ်ဆို ပါသနည်းဘုရား'' ဟူသော တတိယ ပုစ္ဆာအဖြေကို ပြတော်မူလိုသောကြောင့် မြတ်စွာဘုရားသည် ဤဂါထာ ကို ဟောတော်မူတယ်။

၂၇။ ယော ဣဓ စရဏေသု ပတ္တိပတ္တော၊
ကုသလော သဗ္ဗဒါ အာဇာနာတိ ဓမ္မံ။
သဗ္ဗတ္ထ န သဇ္ဇတိ ဝိမုတ္တစိတ္တော၊
ပဋိဃာ ယဿ န သန္တိ စရဏဝါ သော။ ။

သဘိယ = သဘိယမည်ငြား အို–ချစ်သား....။ ယော=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ ဣဓ=အံ့ဖွယ် ရှစ်ဖြာ ဤသာသနာ၌။ စရဏေသု = စရဏတရား (၁၅) ပါးတို့ကြောင့်။ ပတ္တိပတ္တော = ရောက်သင့် ရောက်ထိုက်သော အရဟတ္တဖိုလ်သို့ ရောက်ပြီးသည်။ ဟောတိ=ဖြစ်၏။ သော=ထို ရဟန္တာ ပုဂ္ဂိုလ်သည်။ ကုသလော=တရားအရာ လိမ္မာသည်ဖြစ်၍။ သဗ္ဗဒါ=

http://www.dhammadownload.com



အခါခပ်သိမ်း။ ဓမ္မံ=နိဗ္ဗာန်တရားကို။ အာဇာနာတိ= အမြဲစိတ်ညွတ်သောအားဖြင့် သိ၏။ သဗ္ဗတ္ထ=ခပ်သိမ်း သောခန္ဓာ ပသောတရားတို့၌။ န သဇ္ဇတိ=မငြိကပ်။ ဝိမုတ္တစိတ္တော=ပဋိပ္ပဿဒ္ဓိ+နိဿရဏ ဝိမုတ္တိနှစ်ပါး တို့ဖြင့် ကိလေသာတို့မှ လွတ်မြောက်သော စိတ် ရှိတော်မူ၏။ ယဿ=အကြင် ရဟန္တာ ပုဂ္ဂိုလ်၏ သန္တာန်၌။ ပဋိဃာ=အမျက်ထွက်ခြင်း ပဋိဃတရား တို့သည်။ န သန္တိ=မရှိကြကုန်။ သော=ထို ရဟန္တာ ပုဂ္ဂိုလ်သည်။စရဏဝါ=စရဏဝန္တပုဂ္ဂိုလ် မည်ပေ၏။

(“သီ + ဣန် + ဘော + ဇာ၊ သတ်+စတ္တာ၊ မှတ်ပါ စရဏ” ဆိုတဲ့အတိုင်း သီလသံဝရ၊ ဣန္ဒြိယေသုဂုတ္တ ဒွါရတာ၊ ဘောဇနေမတ္တညုတာ၊ ဇာဂရိယာနုယောဂ၊ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဗာဟုသစ္စ၊ ဝီရိယ၊ ပညာ= သူတော်တရား ခုနစ်ပါးတို့နှင့်တကွ ရူပါဝစရ ဈာန် လေးပါးတို့ကို စရဏတရား ၁၅-ပါး ခေါ်၏။ ထို စရဏတရားတို့ကြောင့် ရောက်သင့် ရောက်ထိုက်သော တရား အထွတ်အထိပ်ဖြစ်တဲ့ အရဟတ္တဖိုလ် ပေါက် ရောက်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်ကို စရဏဝန္တ ပုဂ္ဂိုလ် ဟု ခေါ်၏။ ဂါထာ ပထမပိုဒ်ဖြင့် စရဏဝန္တပုဂ္ဂိုလ်ကို ပြ၏။ ကျန်သော သုံးပိုဒ်တို့ဖြင့် ဂုဏ်အထူး ချီးကျူး စကားကို ဟောကြားတော်မူ၏။)

ယခုအခါ မြတ်စွာဘုရားသည် “(၄) ဘယ်လိုပုဂ္ဂိုလ် ကို ပရိဗ္ဗာဇကပုဂ္ဂိုလ်ဟု ခေါ်ဆိုပါသနည်း ဘုရား” ဟူသော စတုတ္ထ ပုစ္ဆာကို ဖြေတော်မူလို၍ ဤဂါထာကို ဟောတော်မူတယ်။

http://www.dhammadownload.com



၂၀။ ဒုက္ခ ဝေပက္ကံ ယ+ဒတ္ထိ ကမ္မံ၊
ဥဒ္ဓ+မဓော တိရိယံ ဝါပိ မဇ္ဈေ။
ပရိဗ္ဗာဇယိတွာ ပရိညစာရီ၊
မာယံ မာန+မထောပိ လောဘ ကောဓံ။
ပရိယန္တ+မကာသိ နာမရူပံ၊
တံ ပရိဗ္ဗာဇက+မာဟု ပတ္တိပတ္တံ။ ။

သဘိယ = သဘိယမည်ပြား အို–ချစ်သား....။ ယော=အကြင် ရဟန္တာ ပုဂ္ဂိုလ်သည်။ ဒုက္ခ ဝေပက္ကံ= သင်္ခါရ ဒုက္ခတည်းဟူသော အကျိုးရှိသော၊ (ဝါ) သင်္ခါရ ဒုက္ခတည်းဟူသော အကျိုးကို ပေးတတ်သော။ ယံ ဥဒ္ဓံ ကမ္မံ ဝါ=အကြင် အတိတ်ဖြစ်တဲ့ ကုသိုလ် အကုသိုလ်ကံသည် လည်းကောင်း။ ယံ အဓောကမ္မံ ဝါ=အကြင် အနာဂတ်ဖြစ်တဲ့ ကုသိုလ် အကုသိုလ်ကံသည်လည်းကောင်း။ ယံ မဇ္ဈေ တိရိယံ ဝါပိ ကမ္မံ=အကြင် ပစ္စုပ္ပန်ဖြစ်တဲ့ ကုသိုလ် အကုသိုလ် ကံသည်လည်းကောင်း။ အတ္ထိ = ရှိ၏။ (တံ=ထို အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် ကုသိုလ် အကုသိုလ်ကံ သုံးမျိုးကို။) ပရိဗ္ဗာဇယိတွာ = အရိယ မဂ်ဉာဏ် လေးပါးဖြင့် ပယ်ရှားမှုတ်လွှင့်၍။ ပရိညစာရီ=ဉာတပရိညာဖြင့် ပိုင်းခြားသိမြင်ကာ လှည့်လည်ကျက်စားပြီးဖြစ်၍။ မာယံ=လှည့်ပတ်ခြင်း မာယာတရားကိုလည်းကောင်း။ မာနံ=ထောင်လွှားခြင်း မာန တရားကိုလည်းကောင်း။ အထောပိ=ထို့ပြင်လည်း။ လောဘ ကောဓံ = လိုချင်ခြင်း လောဘတရား၊ အမျက်ထွက်ခြင်း ကောဓတရားကို လည်းကောင်း။

http://www.dhammadownload.com



ပရိညစာရီ = ပဟာနပရိညာဖြင့် ပိုင်းခြားသိမြင်ကာ လှည့်လည်ကျက်စားလေ့ ရှိပေ၏။ (ဝါ) လှည့်လည် ကျက်စားပြီးဖြစ်၍။ နာမရူပံ=နာမ် ရုပ်တရားနှစ်ပါး ကို။ ပရိယန္တံ=ပြီးဆုံးအောင်။ အကာသိ=ပြုပေပြီ။ ပတ္တိပတ္တံ=အရဟတ္တဖိုလ်သို့ ရောက်ပြီးသော။ တံ= ထို ပုဂ္ဂိုလ်ကို။ ပရိဗ္ဗာဇကံ=ပရိဗ္ဗာဇက ပုဂ္ဂိုလ်ဟူ၍။ အာဟု=ဘုရားအစ များလှာဘိတော်း ပညာရှိ အပေါင်းတို့ ငြိမ့်ညောင်းသံချို မိန့်ဆိုကြကုန်ပြီ။

(ရဟန္တာ ပုဂ္ဂိုလ်သူမြတ်သည် ဉာတပရိညာဖြင့် တေကာလိကကုသိုလ် အကုသိုလ်ကံကို အရိယ မဂ်ဉာဏ် လေးပါးဖြင့် ဖယ်ရှားမှုတ်လွှင့်ကာ လှည့်လည်ကျက်စား ပြီး ဖြစ်၍လည်းကောင်း၊ ပဟာနပရိညာဖြင့် မာယာ၊ မာန၊ လောဘ၊ ဒေါသ စသော အကုသိုလ် တရား တို့ကို ဖယ်ရှားမှုတ်လွှင့်ကာ လှည့်လည်ကျက်စားပြီး ဖြစ်၍လည်းကောင်း နာမ် ရုပ်တရားကို အဆုံးရောက် အောင် ကျင့်ဆောင်တတ်သူဖြစ်သောကြောင့် ''ပရိညာ- ယ ဝဇတီတိ ပရိဗ္ဗာဇကော''ဟု ဝိဂ္ဂြိုဟ်ပြု၍ ကံသုံးပါးနှင့် အကုသိုလ်များကို ပိုင်းခြားသိမြင်ပြီးလျှင် နာမ် ရုပ်တရား တို့၏ အဆုံးရောက်အောင် ကျင့်ဆောင်သွားရောက် တတ်သောကြောင့် ပရိဗ္ဗာဇက ပုဂ္ဂိုလ် မည်ထေသည်။ (ပဋ္ဌမဂါထာ လေးပုစ္ဆာ အဖြေပြီး၏)။

## ဘုရားရှင်အား ချီးမွမ်းထောမနာ (၁၀) ဂါထာ

ဤကဲ့သို့ မြတ်စွာဘုရားက ပြဿနာ (၂၀) တို့ကို တစ်ဂါထာစီ တစ်ဂါထာစီဖြင့် ဖြေကြားတော်မူပြီးသော အခါ နှစ်လိုအားရမ်း ဝမ်းသာလွန်း၍ သဘိယ၏ ဖြစ်ပုံ

http://www.dhammadownload.com



ကို သင်္ဂါယနာတင် အရှင်မဟာကဿပ၊ အရှင်အာနန္ဒာ မထေရ်မြတ်တို့က ဤသို့ မှတ်တမ်းတင်တော် မူခဲ့ကြပါတယ်။

အထ ခေါ သတိယော ပရိဗ္ဗာဇကော ဘဂဝတော ဘာသိတံ အဘိနန္ဒိတွာ အနုမောဒိတွာ အတ္တမနော ပမုဒိတော ဥဒဂ္ဂေါ ပီတိသောမနဿဇာတော ဥဋ္ဌာယာ+သနာ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ ယေန ဘဂဝါ၊ တေန+ဉ္ဇလိံ ပဏာမေတွာ ဘဂဝန္တံ သမ္မုခါ သာရုပ္ပါဟိ ဂါထာဟိ အဘိတ္ထဝိ။

(သာမဝေါ= နှလုံး ပျော့ ပျောင်း အို–သူတော်ကောင်းတို့....။) အထ ခေါ= ထိုသို့ မြတ်စွာဘုရား ပြဿနာနှစ်ဆယ်တို့ကို ဖြေကြားပြီးသည်မှ နောက်ကာလ၌။ သတိယော ပရိဗ္ဗာဇကော=သတိယပရိဗိုဇ်သည်။ ဘဂဝတော ဘာသိတံ= မြတ်စွာဘုရားဟောအပ်သည့် အဖြေစကားကို။ အဘိနန္ဒိတွာ= အလွန်နှစ်သက်၍။ အနုမောဒိတွာ = သာဓုနုမော်ကောင်းချီးခေါ်၍။ အတ္တမနော= စိတ်တိုင်းကျဖြစ်လျက်။ ပမုဒိတော= ရွှင်လန်းလျက်။ ဥဒဂ္ဂေါ= တက်ကြွသော စိတ်ရှိလျက်။ ပီတိ + သောမနဿဇာတော= နှစ်သက် ဝမ်းမြောက်ခြင်း ဖြစ်ရှိလျက်။ ဥဋ္ဌာယာ + သနာ = ထိုင်နေရာမှ ထ၍။ ဧကံသံ ဥတ္တရာသင်္ဂံ ကရိတွာ = သူ့မှာ ပါလာတဲ့ အပေါ်အဝတ်ကလေးကို ယက်ဝဲတစ်ဘက် ပခုံးထက်ဝယ် လက်ကန်တော့ စံပယ်တင်ပြီးတော့။ ယေန ဘဂဝါ တေန+ဉ္ဇလိံ ပဏာမေတွာ = ဘုရားရှိရာ ဘက်သို့ လက်အုပ်ကို ညွတ်ပြီးတော့။ ဘဂဝန္တံ=မြတ်စွာဘုရား

http://www.dhammadownload.com



ကို॥ သမ္ဗုဒ္ဓါ = မျက်မှောက်တော်၌॥ သာရုပ္ပါဖိ ဂါထာဟိ= ဘုရားရှင်နဲ့ လျောက်ပတ်သော ဂါထာ ဆယ်ပုဒ်တို့ဖြင့်॥ အဘိတ္ထဝိ= အားရရွှင်လန်း ချီးမွမ်း လေပြီ॥

၂၉॥ ယာနိ စ တီဏိ ယာနိ စ သဋ္ဌိ၊
သမဏပ္ပဝါဒ သိတာနိ ဘူရိပည॥
သညက္ခရသည နိဿိတာနိ၊
ဩသရဏာနိ ဝိနေယျ ဩဃတမ+ဂါ॥ (၁)

ဘူရိပည= မြေကြီးသဖွယ် ပြန့်ကျယ်သော ပညာ ရှိတော်မူသော မြတ်စွာဘုရား....॥ တွံ=အရှင်ဘုရား သည်॥ သမဏပ္ပဝါဒသိတာနိ = သ မ ဏ ခေါ် ဆို သောကိ ပုဂ္ဂိုလ်တို့၏ အယူဝါဒကို မှီ၍ဖြစ်ကြကုန် သော॥ (ဤ၌ သမဏဆိုတာ ဘုရား သာ သ နာ က ရဟန်းတော်တွေကိုဆိုတာ မဟုတ်ဘူး၊ လူ့လောက မှာ သမဏ+ဗြာဟ္မဏလို့ ခေါ်တဲ့ သူတော်ကောင်း တွေလို့ သမုတ်ထားတဲ့ ဝါဒရှင် ပုဂ္ဂိုလ် တွေ ကို ပြောတာ॥) သညက္ခရ သညနိဿိတာနိ=ဇုတ္တိ+ပုရိသ အစရှိသော ဝေါဟာရ တည်းဟူသော သညက္ခရ+ ဝိပလ္လာသသညာ ဆိုတဲ့ ဖောက်ပြန်မှု သညာ.... ဤ နှစ်ပါးကိုလည်း မှီကုန်သော॥ယာနိ စ တီဏိ=အကြင် သုံးမျိုးသော မိစ္ဆာအယူ တို့သည် လည်းကောင်း॥ ယာနိ စ သဋ္ဌိ=အကြင်ခြောက်ဆယ်သော မိစ္ဆာအယူ တို့သည်လည်းကောင်း॥ (ဗြဟ္မဇာလသုတ်လာ မိစ္ဆာ ဒိဋ္ဌိခြောက်ဆယ့်နှစ်ပါး၌ သက္ကာယဒိဋ္ဌိကို ထည့်ရှုင် ခြောက်ဆယ့်သုံးပါးတို့ဖြစ်တယ်॥ အဲ ၆၃-ပါးသော

http://www.dhammadownload.com



မိစ္ဆာအယူတွေဟာ) ဩြသရဏာနိ=ပုထုဇန်သတ္တဝါ တို့ သက်ဆင်းရာ ဆိပ်ကမ်းကြီးများသဖွယ် ဖြစ်ကုန် ၏။တာနိ=ထို ပုထုဇန်တို့သက်ဆင်းရာ ၆၃-ဖြာသော မိစ္ဆာဒိဋ္ဌိဆိပ်ကမ်းတို့ကို။ ဝိနေယျ= ပယ်ဖျောက်၍။ ဩဃတမံ= ဩဃလေးပါး တည်းဟူသော အမိုက် မှောင်ကို။ အဂါ=ရှင်ပင်ဘုရား လွန်မြောက်တော် မူခဲ့ပါပြီ ဘုရား....။

(မိစ္ဆာဒိဋ္ဌိခြောက်ဆယ့်သုံးပါး တည်းဟူသော ပုထု ဇန်များ သက်ဆင်းရာ သံသရာရဲ့ ဆိပ်ကမ်းကြီးတို့ကို ရှင်တော်ဘုရားသည် ပယ်နှင်ပြီး ဖြစ်တဲ့အတွက် ကာမောဃ၊ ဘဝေါဃ၊ ဒိဋ္ဌောဃ၊ အဝိဇ္ဇောဃတည်း ဟူသော ဩဃ အမိုက်မှောင်ကြီးများကို လွန်တော် မူပြီး ဖြစ်ပါတယ် ဘုရား။)

၃၀။ အန္တဂူ+သိ ပါရဂူ ဒုက္ခဿ၊
အရဟာ+သိ သမ္မာသမ္ဗုဒ္ဓေါ
ခီဏာသဝံ တံ မညေ။
ဇုတိမာ မုတိမာ ပဟူတပညော၊
ဒုက္ခဿန္တကရ အတာရေသိ မံ။ (၂)

ပါရဂူ=နိဗ္ဗာန်သာဝှမ်း မှာဘက်ကမ်းသို့ ကူးသန်း ထုတ်ချောက် ရောက်တော်မူငြား မြတ်စွာဘုရား....။ တွံ=အရှင်ဘုရားသည်။ ဒုက္ခဿ=သံသရာဝဋ်ဒုက္ခ၏။ အန္တဂူ = အဆုံးသို့ ရောက်တော်မူပြီးသည်။ အသိ= ဖြစ်တော်မူပါ၏။ အရဟံ=လူနတ်ဗြဟ္မာ သတ္တဝါတို့ ၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သည်။ အသိ= ဖြစ်တော်မူပါပေ၏။ သမ္မာသမ္ဗုဒ္ဓေါ အသိ=

ကာတိယအကြိုင်

http://www.dhammadownload.com



သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူပါပေ၏။ တံ-တံ ဝေ=ရှင်တော်ဘုရားကိုသာလျှင်။ အဟံ=တပည့် တော်သည်။ ဒိဋ္ဌာသဝံ=တကယ့်ကို အာသဝေါကုန် ခန်းတဲ့ ရဟန္တာပုဂ္ဂိုလ်ကြီးဟူ၍။ မဉ္ဉေ-မညာမိ= ကောင်းစွာသက်ဝင် သိမြင်ယုံကြည်ပါ၏။

(တပည့်တော် အရှင်ဘုရားကိုသာလျှင် တကယ့် ဒိဋ္ဌာသဝပုဂ္ဂိုလ် သဒ္ဓါသက်ဝင် ယုံကြည်သိမြင်နေပါ တယ်....တဲ့။ သူ၏ သဒ္ဓါတရားကို မအောင့်အည်း နိုင်လို့ ဖွင့်ပြောနေတယ်။)

ဇုတိမာ=သတ္တဝါတွေရဲ့ အမိုက်မှောင်ကို ဖြိုဖျက် ပစ်နိုင်တဲ့ ပညာရောင်နှင့် ပြည့်စုံတော်မူပါပေ၏။ မုတိမာ=သူတပါးကို မမိဲ ဉေယျတရားတို့ကို သိနိုင် သော ပညာနှင့်လည်း ပြည့်စုံတော် မူပါပေ၏။ ပဟူတပညော= အဆုံးမရှိတဲ့ များသောပညာနှင့် လည်း ပြည့်စုံတော်မူပါပေ၏။ ဒုက္ခဿန္တကရ=ဒုက္ခ ၏အဆုံးကို ပြုတော်မူတတ်သောမြတ်စွာဘုရား....။ တွံ=အရှင်ဘုရားသည်။ မံ=သဘိယခေါ် တပည့် တော်ကို။ အတာရေသိ=ယုံမှား ကင်းစင်အောင် ကယ်တင်တော်မူပါလေပြီ။

၃၁။ ယံ မေ ကင်္ခိတ+မညာသိ၊
ဝိစိကိစ္ဆာ မံ တာရယိ နမော တေ။
မုနိ မောနပထေသု ပတ္တိပတ္တ၊
အခိလ အာဒိစ္စဗန္ဓု သောရတော+သိ။ (၃)

ဘန္တေ = ဘုန်းတော် ကြီးမြတ်သော ရှင်ပင် ဘုရား....။ မေ = သဘိယခေါ် တပည့်တော်သည်။

http://www.dhammadownload.com



ယံ အတ္ထဇာတံ=အကြင် ပြဿနာ၁နှစ်ဆယ် အနက် အဓိပ္ပာယ်ကို။ ကင်္ခိတံ=သို့လော သို့လော တွေးတော ယုံမှားအပ်ပါပြီ။ တွံ = အရှင်ဘုရားသည်။ တံ အတ္ထဇာတံ= ထိုပြဿနာ၁နှစ်ဆယ် အနက်အဓိပ္ပာယ် ကို။အညာသိ=ပိုင်းခြားထင်ထင်သိမြင်တော်မူပါပေ ၏။ တွံ=အရှင်ဘုရားသည်။ မံ=သဘိယခေါ် တပည့် တော်ကို။ ဝိစိကိစ္ဆာ-ဝိစိကိစ္ဆာယ = ယုံမှားခြင်း ဝိစိကိစ္ဆာမှ။ တာရယိ = လွတ် အောင် ထုတ် ဆယ် ကယ်တင်တော်မူခဲ့ပါပြီ။ တေ=ရှင်တော် ဘုရား အား။ နမော=ရှိခိုးသမြတ်နိုး ရှိခိုးပါ၏။ မောန- ပထေသု = ပညာ၏အကြောင်း ကောင်းမြတ်သော တရားတို့၌။ မုနိ=အသိဉာဏ်ပေါက် ရောက်တော် မူပြီးသော မြတ်စွာဘုရား....။ ပတ္တိပတ္တ=အရဟတ္တ ဖိုလ်ပေါက် ရောက်တော် မူပြီးသော မြတ်စွာ ဘုရား....။ အခိလ=ကိလေသာ ငြောင့်တံသင်း ကင်းတော်မူသော မြတ်စွာဘုရား....။ အာဒိစ္စဗန္ဓု= နေမင်းလဲ ဂေါတမအနွယ်၊ အရှင်ဘုရားလဲ ဂေါတမ အနွယ်ဖြစ်ရကား နေမင်းရဲ့ဆွေမျိုး ဖြစ်တော်မူပါ သော မြတ်စွာဘုရား....။ တွံ=အရှင်ဘုရားသည်။ သောရတော=ကိလေသာ ခပ်သိမ်း အေးငြိမ်းတော် မူပြီးသည်။ အသိ=ဖြစ်တော်မူပါပေ၏။

(သဘိယပရိဗိုဇ်သည် ဤ ဂါထာကြီးတို့ဖြင့် ချီးမွမ်း၍လည်း တင်းတိမ်အားရခြင်း မရှိဘဲ ဂါထာငယ်တို့ဖြင့် ဆက်၍တစ်ဖန် ချီးမွမ်း ပူဇော်ပြန်သည်။)

တတိယအကြိမ်

http://www.dhammadownload.com



၃၂။ ယာ မေ ကင်္ခါ ပုရေ အာသိ၊
တံ မေ ဗျာကာသိ စက္ခုမာ။
အဒ္ဓါ မုနီ+သိ သမ္ဗုဒ္ဓေါ၊
နတ္ထိ နီဝရဏာ တဝ။ (၄)

(ပါဠိကျွမ်းကျင်တဲ့ ဆရာတော်တွေ အနေနဲ့တော့ ဒီအသံတွေကို ကြားလိုက်ရယင် ''ဟာ.... တယ်ပြီး ကောင်းပါလား၊ တယ်ပြီး ကြည်ညိုစရာပါလား'' လို့ ဒီလို သိတော်မူကြတယ်။)

စက္ခုမာ=စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....။ တွံ=ရှင်ပင်ဘုရားသည်။ မေ= တပည့်တော်၏ သန္တာန်၌။ ယာ ကင်္ခါ=အကြင် ပြဿနာ နှစ်ဆယ်အတွက် ယုံမှား ချက် သည်။ ပုရေ=ရှေးအခါက။ အာသိ=ဖြစ်ခဲ့ပြီ။ တံ=ထိုယုံမှား သံသယ နှစ်ဆယ်သော ဌာနကို။ မေ=တပည့်တော် အား။ ဗျာကာသိ=အဖြေစကား မိန့်ကြားတော်မူ ခဲ့ပါပြီ။ မုနီ = ဗုဒ္ဓမုနိ ဖြစ်တော်မူသော မြတ်စွာ ဘုရား....။ တွံ=အရှင်ဘုရားသည်။ အဒ္ဓါ=မချွတ် ကေန် အမှန်စင်စစ်။ သမ္ဗုဒ္ဓေါ = သစ္စာ+ဧဉ်ယျ ဓမ္မခပင်း လင်းလင်း သိမြင် ဘုရားရှင်သည်။ အသိ= ဖြစ်တော်မူပါ၏။ တဝ=အရှင်ဘုရား၏ (သန္တာန် ၌)။ နီဝရဏာ=အပိတ်အဆို့ နီဝရဏ အကုသိုလ် တရားတို့သည်။ နတ္ထိ=တစိုးတစိ မရှိကြပါကုန်။

၃၃။ ဥပါယာသာ စ တေ သဗ္ဗေ၊
ဝိဒ္ဓဿာ ဝိနဠီကတာ။
သီတိဘူတော ဒမပ္ပတ္တော၊
ဓိတိမာ သစ္စ နိက္ကမော။ (၅)

http://www.dhammadownload.com



ဘန္တေ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ တေ = ရှင်ပင်ဘုရားသည်။ သဗ္ဗေ ဥပါယာသာ= ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော အပူအပင်တရားမှန်သမျှတို့ကို။ ဝိဒ္ဓဿာ = ဖျက်ဆီးအပ်ပါကုန်ပြီ။ ဝိနဠီကတာ = ကျူငုတ်ကဲ့သို့ ပြုလုပ်အပ်ပါကုန်ပြီ။ တွံ=ရှင်ပင်ဘုရားသည်။ သီတိဘူတော = ငြိမ်းအေးခြင်းသို့ ရောက်တော်မူပါပြီ။ ဒမပ္ပတ္တော=ယဉ်ကျေးခြင်း အထွတ်အထိပ်သို့ ရောက်တော်မူပါပြီ။ ဓိတိမာ=တည်ကြည်ခြင်းနှင့် ပြည့်စုံတော်မူပါပေ၏။ သစ္စ နိက္ကမော=မှန်ကန်သောလုံ့လ ဝီရိယနှင့်လည်း ပြည့်စုံတော်မူပါပေ၏။

(ဟို.... ကာမသုခလ္လိကာနုယောဂ၊ အတ္တကိလမထာနုယောဂ ဆိုတဲ့ အယုတ်နှစ်ပါး အလုပ်မှားကို ပြုလုပ်လျှင် အလုပ်တော့ ပြုလုပ်ပါ၏၊ ဒါပေမယ့် အဲဒီဝီရိယသည် မှန်ကန်သောဝီရိယ=သစ္စ နိက္ကမ မဟုတ်ပါ။ အရှင်ဘုရားရဲ့ ဝီရိယကတော့ မှန်ကန်သောလုံ့လ= သစ္စ နိက္ကမဖြစ်၍ ရှင်တော်ဘုရားသည် သစ္စ နိက္ကမ= မှန်ကန်သောလုံ့လ ဝီရိယနှင့် ပြည့်စုံတော်မူပါပေတယ်။)

၃၄။ ဘာသ တေ နာဂ နာဂဿ၊
မဟာဝီရဿ ဘာသတော။
သဗ္ဗေ ဒေဝါ+နုမောဒန္တိ၊
ဥဘော နာရဒ+ပဗ္ဗတာ။ (၆)

နာဂ=မကောင်းမှုကို ပြုတော်မမူသော မြတ်စွာဘုရား...။ နာဂဿ=ဗုဒ္ဓနာဂ ဖြစ်တော်မူသော

http://www.dhammadownload.com



မဟာဝီရဿ = ကြီးသောလုံ့လ ဝီရိယ ရှိတော်မူသော။ ဘာသတော = တရားစကား ဟောကြားတော်မူသော။ တဿ တေ=ထို အရှင်ဘုရား၏။ ဓမ္မံ ဒေသန္တံ=တရားဒေသနာကို။ သုတွာ=ကြားနာရသောကြောင့်။ နာရဒပဗ္ဗတာ = နာရဒတောင်၌ နေကြကုန်သော။ ဥဘော=ဘုမ္မဋ္ဌ၊ အာကာသဋ္ဌအားနှစ်မျိုးပြားကုန်သော။ သဗ္ဗေ ဒေဝါ=ခပ်သိမ်းဥဿုံ အလုံးစုံသော နတ်တို့သည်။ အနုမောဒန္တိ=နှစ်လို့အားရမ်း ဝမ်းမြောက် နုမော် သာဓု ခေါ်ကြပါကုန်တယ်ဘုရား....။

၃၅။ နမော တေ ပုရိသာဇည၊
နမော တေ ပုရိသုတ္တမ။
သဒေဝကသ္မိံ လောကသ္မိံ၊
နတ္ထိ တေ ပဋိပုဂ္ဂလော။ (၇)

ပုရိသာဇည=ယောကျ်ားအာဇာနည် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ= အရှင်ဘုရားအား။ နမော=သဒ္ဓါရိကျိုး လက်စုံမိုး၍ ရှိခိုးဦးညွှတ်ပါ၏။ ပုရိသုတ္တမ = ယောကျ်ားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရား။ တေ= ရှင်ပင်ဘုရားအား။ နမော= သဒ္ဓါရိကျိုး လက်စုံမိုး၍ ရှိခိုးဦးညွှတ်ပါ၏။ သဒေဝကသ္မိံ လောကသ္မိံ= နတ်ဗြဟ္မာနှင့်တကွသော သတ္တလောက၌။ တေ= အရှင်ဘုရားနှင့်။ ပဋိပုဂ္ဂလော= တူပြိုင်ဖက်ပုဂ္ဂိုလ်သည်။ နတ္ထိ= တစ်စုံတစ်ယောက်မျှ မရှိပါဘုရား။ ။

တကိုယအကြိုပ်

http://www.dhammadownload.com



၃၆။ တုဝံ ဗုဒ္ဓေါ တုဝံ သတ္ထာ၊
တုဝံ မာရာဘိဘူ မုနိ။
တုဝံ အနုသယေ ဆေတွာ၊
တိဏ္ဏော တာရေသိ+မံ ပဇံ။ (၈)

မုနိ=မဟာမုနိဖြစ်တော်မူသော မြတ်စွာဘုရား...။ တုဝံ= အရှင်ဘုရား သည် ပင်။ ဗုဒ္ဓေါ = ဗုဒ္ဓစင်စစ် ဖြစ်တော်မူပါပေ၏။ တုဝံ = အရှင်ဘုရားသည်ပင်၊ သတ္ထာ = လူနတ်တို့၏ ဆရာ ဖြစ်တော် မူပါပေ၏။ (ဝါ) လူနတ်ခြဟ္မာ သတ္တဝါတို့၏ သံသရာလုည်းမှူး ကြီး ဖြစ်ပါပေ၏။ တုဝံ= အရှင် ဘုရား သည် ပင်။ မာရာဘိဘူ=မစွမ်းမာရ်ကိုထား၍ ကျန်သော မာရ် လေး ပါး တို့ ကို လွှမ်းမိုး နိုင်နင်းသူ ဖြစ်ပါပေ၏။ (မာ ရာ ဘိ ဘူ စတုမာရာဘိဘဝေန၊ အဋ္ဌကထာ)။ တုဝံ= အရှင်ဘုရားသည်ပင်။ အနုသယေ= အနုသယ ခုနစ်ပါးတို့ကို။ ဆေတွာ=ပယ်ဖြတ်ပြီး၍။ တိဏ္ဏော= ကိုယ်တိုင် သံသရာမှ ကူးမြောက်ပြီးဖြစ်ရကား။ ဣမံ- ပဇံ =နတ်လူဗြဟ္မာ ဤ သ တ္တ ဝါ အ ပေါင်း ကို။ တာရေသိ=ထုတ်ဆယ်ကယ်တင်တော်မူပါပေ၏။

(ဤကဲ့သို့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ချီးကျူး လျှော က် ဆို ခြင်း သည် ယောမနာပဏ္ဏာမ မည်တယ်။ သဘိယအနေဖြင့် ဤကဲ့သို့ ချီးမွမ်းခြင်းသည်ပင် ချီးမွမ်း သောအားဖြင့် ဘုရားရှင်ရဲ့ ဂုဏ်တွေထဲမှာ စိတ်ညွတ် နေသောကြောင့် ယောမနာပဏ္ဏာမ မည်တယ်။)

၃၇။ ဥပဓိ တေ သမတိက္ကန္တာ၊
အာသဝါ တေ ပဒါလိတာ။

http://www.dhammadownload.com



သီဟော+သိ အနုပါဒါနော၊
ပဟီနဘယ ဘေရဝေါ။ (၉)

ဘန္တေ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ တေ=ရှင်ပင်ဘုရားသည်။ ဥပဓိ=ကာမုပဓိ၊ ခန္ဓုပဓိ၊ ကိလေသုပဓိ၊ အဘိသင်္ခါရုပဓိ တည်းဟူသော ဥပဓိ လေးပါး ဝဋ်တရားတို့ကို။ သမတိက္ကန္တာ= အရဟတ္တ ဖိုလ်ပေါက် လွန်မြောက်အပ်ပါကုန်ပြီ။ တေ=ရှင်ပင် ဘုရားသည်။ အာသဝါ=ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါ တရား လေးပါးတို့ကို။ ပဒါလိတာ=ဖြိုခွဲဖောက်ဖျက် အပ်ပါကုန်ပြီ။ တုဝံ=ရှင်ပင်ဘုရားသည်။အနုပါဒါ- နော= တစ်စုံတစ်ခုသော တရားကိုမျှ မစွဲလမ်းသည် ဖြစ်၍။ပဟီနဘယ ဘေရဝေါ=ကြောက်ခြင်း=ဘယ၊ ကြောက်ဖွယ်အာရုံ အလုံးစုံကို အကုန်ပယ်ပြီး ဖြစ်ရ ကား။ သီဟော= ဗုဒ္ဓသီဟ အမည်တော် ရသည်။ အသိ= ဖြစ်တော်မူပါ၏။

(ရှင်တော်ဘုရားသည် လောကခံရှစ်ပါးကို ကြံ့ကြံ့ သည်းခံနိုင်တဲ့အတွက် ''သဟတီတိ သီဟော'' ဟူသော ဝစနတ္ထအရ ပကတိကေသရာ ခြင်္သေ့မင်းဟာ ကြောက် ခြင်း=ဘယ၊ ကြောက်လန့်ဖွယ်အာရုံ= ဘေရဝ ၂-မျိုး ကင်း မဲ့ သ လို အရှင်ဘုရားလဲ ကြောက်ခြင်း (နှင့်) ကြောက်ဖွယ် ဘယ၊ ဘေရဝ ၂-သွယ်တို့ကို ပယ်ပြီး ဖြစ်တော်မူတဲ့အတွက် ဗုဒ္ဓသီဟ ဖြစ်တော်မူပါပေဘယ်။)

၃၈။ ပုဏ္ဍရီကံ ယထာ ဝဂ္ဂု၊ တောယေန ဥပလိမ္ပတိ။
ဧဝံ ပုညေ စ ပါပေ စ၊ ဥဘယေ တွံ န လိမ္ပသိ။
ဂ.တိပေ့ကြာမြို့

http://www.dhammadownload.com



ပါဒေ ဝီရ ပသာရေဟိ၊
သဘိယော ဝန္ဒတိ သတ္ထုနော။ (၁၀)

ဝီရ= သမ္မပ္ပဓာန် လုံ့လ ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ ဝဂ္ဂု=လှပသော အဆင်းရှိသော။ ပုဏ္ဍရီကံ = ကြာပန်းသည်။ တောယေ=ရေ၌။ န ဥပလိမ္ပတိ ယထာ= မလိမ်းကျံသကဲ့သို့၊ (ဝါ)မလူးလဲ သကဲ့သို့။ ဧဝံ= ဤအတူ။ တွံ= အရှင်ဘုရားသည်၊ ပုညေ စ= ကောင်းမှု၌ လည်းကောင်း။ ပါပေစ= မကောင်းမှု၌ လည်းကောင်း။ ဥဘယေ= ကုသိုလ် အကုသိုလ်တည်းဟူသော နှစ်ပါးစုံ၌။ န လိမ္ပသိ= လိမ်းကျံတော်မမူ။

(ကြာပန်းလေးကို ကြည့်ပါ၊ ရေထဲမှာ ပေါက်တယ်၊ ပွင့်တယ်။ ဒါပေမယ့် အဲဒီရေ၌ သူ မလိမ်းကျံဘူး။ ကြာပန်းကို ရေထဲနှစ်ကြည့်၊ ပြန်ဆယ်လိုက်ယင် ရေပေါက် ဟာ အောက်ကျနေရစ်တယ်၊ ကြာပန်းပေါ် တင်မနေ ဘူး၊ ငြိကပ်မနေဘူး။ ထို့အတူ မြတ်စွာဘုရား လဲပဲ ကုသိုလ် တည်းဟူသော ရေကြည်၊ အကုသိုလ်တည်း ဟူသော ညွှန်ထဲမှာ လိမ်းကျံ ငြိကပ်တော်မမူဘူး။)

ဝီရ= သမ္မပ္ပဓာန်လုံ့လ ဝီရိယ ရှိတော်မူသော မြတ်စွာဘုရား....။ ပါဒေ= ခြေတော်အစုံ ကြာပဒုံ တို့ကို။ ပသာရေဟိ= ဆန့်တန်းတော်မူပါ ဘုရား။ သဘိယော= သဘိယသမိုက် ပရိဗိုဇ်သည်၊ သတ္ထု- နော= လူနတ်တို့ဆရာ မြတ်စွာဘုရား၏။ ပါဒေ= ခြေတော်အစုံ ကြာပဒုံတို့ကို။ ဝန္ဒတိ=ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။ ။

http://www.dhammadownload.com



## သဘိယ သရဏဂုံခံ၍ ရှင်ရဟန်းအဖြစ်ကို တောင်းခြင်း

အထ ခေါ သဘိယော ပရိဗ္ဗာဇကော ဘဂဝတော ပါဒေသု သိရသာ နိပတိတွာ ဘဂဝန္တံ ဧတဒဝေါစ ''အဘိက္ကန္တံ ဘန္တေ၊ အဘိက္ကန္တံ ဘန္တေ။ သေယျထာပိ ဘန္တေ နိက္ကုဇ္ဇိတံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊ အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ စက္ခုမန္တော ရူပါနိ ဒက္ခန္တီ''တိ၊ ဧဝ မေဝံ ဘဂဝတာ အနေကပရိယာယေန ဓမ္မော ပကာသိတော။ သောဟံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။

(မြန်မာပြန်) ထိုသို့ လျှောက်ထားပြီးနောက် သဘိယ ပရိဗိုဇ်သည် မြတ်စွာဘုရား၏ ခြေတော်အစုံ တို့၌ ဦးအကြိမ်ကြိမ် တိုက်ပြီး သရဏဂုံ ခံတဲ့စကား ဤကဲ့သို့ လျှောက်ထားတယ်။

(လျှောက်ထားပုံက)- ရှင်တော်ဘုရား....၊ ရှင်တော်၏ စကားသည် သဒ္ဓါနှင့် ပြည့်စုံတဲ့အတွက် နှစ်သက်ဖွယ် ရှိလှပါတယ်၊ အနက်နှင့် ပြည့်စုံတဲ့အတွက် နှစ်သက်ဖွယ် ရှိလှပါတယ် ဘုရား။ လောကဥပမာ လျှောက်ထားရပါလျှင် ရှင်တော်ဘုရားသည် မျက်နှာ၀ အောက်မှောက် ထားတဲ့ပစ္စည်းကို လှန်၍ပြသကဲ့သို့ လည်းကောင်း၊ တစ်စုံတစ်ခုဖြင့် ဖုံးအုပ်၍ ထားအပ်တဲ့ပစ္စည်းကို အဖုံးကို ဖွင့်၍ ပြလိုက်သကဲ့သို့ လည်းကောင်း၊ မျက်စိလည် လမ်းမှားနေတဲ့သူကို ''လက်ကိုကိုင်ဆွဲ မောင်သွားရ

http://www.dhammadownload.com



မည့်လမ်းဟာ ဟောဒါပဲလို့ လမ်းမှန်ကို ပြောကြား သကဲ့သို့ လည်းကောင်း၊ မျက်စိ အမြင်ရှိကြသူတို့သည် အဆင်းမျိုးစုံတို့ကို မြင်ကြလိမ့်မည်၊ မြင်ကြပါစေ'' လို့ မှောင်ထဲမှာ ဆီမီးတန်ဆောင်ကို စိုက်ထောင်ထွန်းညှိ ပေးသကဲ့သို့လည်းကောင်း၊ဤနည်းအတူပင် ဘုန်းတော် သခင် ရှင်ပင်ဘုရားသည် အကြောင်းပေါင်းများစွာဖြင့် တပည့်တော်အား နိဗ္ဗာန် ရောက်ကြောင်း တရား ကောင်းကို လင်းလင်း ထင်ထင် ပြတော်မူအပ်ပါပြီ။ ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား....၊ တပည့် ဒတာ် သဘိယသည် ရှင်ပင်ဘုရားကို လည်းကောင်း၊ ဟရားတော်ကို လည်းကောင်း၊ ရဟန်း သံဃာကို လည်းကောင်း ကိုးကွယ်လည်းလျောင်း ပုန်းအောင်း ဆည်းကပ်ရာ ''သရဏ'' ဟူ၍ သိပါ၏၊ ဆည်းကပ် ပါ၏ဘုရား....။

ဤ စကားရပ်တို့ဖြင့် သဘိယပရိဗိုဇ်သည် သရဏဂုံကို ခံယူဆောက်တည်တယ်။ အထူးမှတ်ရန်မှာ လူ့ဘောင်ကို ပြန်သွားမည့် ပုဂ္ဂိုလ်များကျတော့–

ဥပါသကံ မံ ဘန္တေ ဘဂဝါ ဓာရေတု ''အဇ္ဇ– တဂ္ဂေ ပါဏုပေတံ သရဏံ ဂတ''န္တိ။

မြတ်စွာဘုရား....၊ ဘုန်း တော် သ ခင် ရှင် ပင် ဘုရားသည် တပည့်တော်ကို ''ယနေ့ကစ၍ အသက် ရှင်သမျှ ကာလပတ်လုံး သရဏဂုံတည်သူ'' ဥပါသကာ ဟူ၍ မှတ်ယူတော်မူပါဘုရား။

ဤကဲ့သို့ လျှောက်ထား၍ စကားသိမ်းကြ၊ ပြန်သွား ကြသည်။

http://www.dhammadownload.com



ယခု သဘိယတို့ကဲ့သို့ သာသနာတော်မှာ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ အရောက်တက်မည့် ပုဂ္ဂိုလ်များကျတော့ ''သော+ဟံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ ဓမ္မဉ္စ ဘိက္ခု- သံဃဉ္စ'' ဟူ၍ လျှောက်ထားပြီးလျှင် ဆက်၍-

လဘေယျာ+ဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒံ။

မြတ်စွာဘုရား....၊ တပည့်တော် (သဘိယ)သည် မြတ်စွာဘုရား၏ အထံတော်၌ ရှင်သာမဏေအဖြစ်ကို ရပါရစေ၊ ရဟန်းပဉ္စင်းအဖြစ်ကို ရပါရစေ။ ဤကဲ့သို့ ရှင် ရဟန်းပြုပေးရန် တောင်းပန်ကြသည်။ ယခု သဘိယ ပရိဗိုဇ်လည်း ထို စကားအစဉ်အတိုင်းပင် မြတ်စွာ ဘုရားအား တောင်းပန်စကား လျှောက်ထားတယ်။ ထိုအခါ မြတ်စွာဘုရားက ဘယ်လိုပြန်ပြီး အမိန့်ရှိသလဲ ဆိုတော့-

ယော ခေါ သဘိယ အညတိတ္ထိယပုဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ အာကင်္ခတိ ပဗ္ဗဇ္ဇံ အာကင်္ခတိ ဥပသမ္ပဒံ၊ သော စတ္တာရော မာသေ ပရိဝသတိ၊ စတုန္နံ မာသာနံ အစ္စယေန အာရဒ္ဓစိတ္တာ ဘိက္ခူ ပဗ္ဗာဇေန္တိ ဥပ- သမ္ပာဒေန္တိ ဘိက္ခုဘာဝါယ။ အပိစ မေ+တ္ထ ပုဂ္ဂလ- ဝေမတ္တတာ ဝိဒိတာ။

ချစ်သား သဘိယ....၊ ရှေး လူဖြစ်စဉ်အခါ သာသနာ ပြင်ပအယူရှိသူ ဖြစ်ခဲ့ဖူးသော ပုဂ္ဂိုလ်တစ်ယောက်ဟာ တရားသဖြင့် ဆုံးမရာ ဤ ငါဘုရားရဲ့ သာသနာမှာ ရှင်သာမဏေပြုလိုတယ်၊ ရဟန်းပဉ္စင်း ပြုလိုတယ် ဆိုလို့ ရှိယင် လွယ်လွယ်နဲ့ ပြုရတာ မဟုတ်ဘူး။ (ဘယ့်နှယ်ပြုရ ပါသလဲဆိုယင်) အဲဒီပုဂ္ဂိုလ်ဟာ ရှင် ရဟန်းပြုချင်ယင်

http://www.dhammadownload.com



လေးလပတ်လုံး ပရိဝါသ်ကျင့်သုံးရတယ်။ ''ဒီသာသနာမှာ ဒီလို အကျင့်မျိုးတွေ ရှိတယ်ကိုး'' လို့ သိအောင် အစမ်း ကျင့်ပေးရတယ်၊ စမ်းတာကိုက လေးလကြာအောင် စမ်းရတယ်။ ဒါကို ''တိတ္ထိယပရိဝါသ်'' လို့ ခေါ်တယ်။

လေးလတို့ပတ်လုံး အစမ်း လိုက်နာ ကျင့်သုံးရမည့် တိတ္ထိယပရိဝါသ်အကျင့် (၈) ပါးတို့ကို မကျိုးမပေါက်အောင် ကျင့်ပြီးတော့မှ ရဟန်း သံဃာ တော် တွေ က ကျေနပ်မှ အဲဒီသာသနာပြင်ပ အယူရှိသူ = အညတိတ္ထိယပုဂ္ဂိုလ်ကို ရှင်ပြုပေးကြ၊ ရဟန်းအဖြစ် ရောက်အောင် မြှင့်တင်ပေးကြတယ်။ သို့ ဖြ စ် စေ ကာ မူ ချစ်သားသဘိယ....၊ ဤအရာ၌ ''ဤသူကား တိတ္ထိယပရိဝါသ် နေထိုက်သူ''၊ ''ဤသူကား တိတ္ထိယပရိဝါသ် မနေထိုက်သူ''ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ ထူးခြားချက်ကို ငါဘုရား ခွဲခြားသိအပ်ပြီး ဖြစ်တယ်။၊

ဆိုပါစို့၊ (က) အဂ္ဂိကဇဋိလလို့ ခေါ်တဲ့ မီးပူဇော်တဲ့ သံ ကျစ် ရ သေ့ တွေ ရှိ ကြ တ ယ်။ အဲဒီ ပုဂ္ဂိုလ်များလဲ သာ သ နာ့ ဝ န် ထမ်း ရဟန်းပြုလို၍ လာယင် တိတ္ထိယပရိဝါသ်မနေကြရဘူး၊ (ခ) ဆွေတော်မျိုးတော်တို့အား အခွင့် အရေး အ ထူး ပေး သော အနေဖြင့် သာကီဝင်မင်းမျိုးဖြစ်တဲ့ သာသနာပြင်ပ အယူရှိကြတဲ့= အညတိတ္ထိယပုဗ္ဗ ပုဂ္ဂိုလ် ရဟန်းပြုလို၍ လာ ယင် လဲ တိတ္ထိယပရိဝါသ် မနေရဘူး၊ (ဂ) တိတ္ထိရဲ့ အသွင်အပြင်ကို ဖျက်၍ ပကတိလူဝတ်ကြောင်ရဲ့ အ သွင် အ ပြင် နဲ့ လာ တဲ့ အညတိတ္ထိယပုဂ္ဂိုလ်လဲ တိတ္ထိယပရိဝါသ် မ နေ ရ ဘူး၊ (ဃ) တိတ္ထိတို့ရဲ့ အဝတ်အစား အသွင်အပြင်နဲ့ပဲ သင်

http://www.dhammadownload.com



ချစ်သားလို လာစေကာမူ မင်္ဂဖိုလ်ရဲ့ ဥပနိဿရည်း ပစ္စည်းအထောက်အပံ့ ရှိတဲ့ အညတိတ္ထိယ ပုဂ္ဂိုလ်လဲပဲ တိတ္ထိယပရိဝါသ် မနေရဘူး။ ချစ်သား သဘိယ....၊ ဤအရာမှာ တိတ္ထိယပရိဝါသ်နေထိုက်သူ၊ တိတ္ထိယပရိဝါသ် မနေထိုက်သူဆိုတဲ့ ပုဂ္ဂိုလ် အထူးအပြားကို ငါဘုရား သိအပ်ပြီးဖြစ်တယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူလိုက်လျှင်ပင် သဘိယက သူရဲ့ယုံကြည်ချက်၊ လေးစားချက်ကို ဆိုင်းငံ့မနေဘဲ တဆက်တည်း လျှောက်လိုက်တယ်။

သစေ ဘန္တေ အညတိတ္ထိယပုဗ္ဗာ ဣမသ္မိံ ဓမ္မ-ဝိနယေ အာကင်္ခန္တာ ပဗ္ဗဇ္ဇံ၊ အာကင်္ခန္တာ ဥပသမ္ပဒံ စတ္တာရော မာသေ ပရိဝသန္တိ၊ စတုန္နံ မာသာနံ အစ္စယေန အာရဒ္ဓစိတ္တာ ဘိက္ခူ ပဗ္ဗာဇေန္တိ ဥပသမ္ပာ-ဒေန္တိ ဘိက္ခုဘာဝါယ၊ အဟံ စတ္တာရိ ဝဿာနိ ပရိဝသိဿာမိ၊ စတုန္နံ ဝဿာနံ အစ္စယေန အာရဒ္ဓ-စိတ္တာ ဘိက္ခူ ပဗ္ဗာဇေန္တု၊ ဥပသမ္ပာဒေန္တု၊ ဘိက္ခု-ဘာဝါယ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၊ အကယ်၍ သာသနာပြင်ပ အယူရှိသူ=အညတိတ္ထိယ ပုဂ္ဂိုလ်တို့သည် တရားသဖြင့်ဆုံးမရာ ရှင်တော်ဘုရား သာသနာ၌ ရှင်သာမဏေပြုလိုကြ၊ ရဟန်းပဉ္စင်း ပြုလိုကြလျှင် လေးလတို့ပတ်လုံး တိတ္ထိယပရိဝါသ် နေကြရပြီး လေးလလွန်မြောက် ရောက်သောအခါ ရဟန်းသံဃာတော်တွေ နှစ်လိုအားရ ကျေနပ်ကြပြီး ရှင်သာမဏေ ပြုပေးကြ၊ ရဟန်းအဖြစ် ရောက်အောင် မြှင့်တင်ပေးကြ ယင် တပည့်တော် သဘိယသည် လေးနှစ်ကြာ တိတ္ထိယ

http://www.dhammadownload.com



ပရိဝါသ်ကို ကျင့်သုံးနေထိုင်ပါမည်၊ လေးနှစ်လွန်သော အခါ ရဟန်းတော် အရှင်သူမြတ်တွေက နှစ်လိုအားရ ကျေနပ်ကြပြီး တပည့်တော်ကို ရှင်သာမဏေ ပြုပေးကြ စေချင်ပါတယ်၊ ရဟန်းအဖြစ် ရောက်အောင် မြှင့်တင် ပေးကြစေချင်ပါတယ် ဘုရား....။

ဤကဲ့သို့ သဘိယပရိဗိုဇ်က မိမိရဲ့ သာသနာမှာ သဒ္ဓါကဲပို ကြည်ညိုမှုတွေကို အန် ထုတ် လိုက် သည့် အလား လျှောက်ထားသောအခါ မြတ်စွာဘုရားက ရဟန်းတော်တပါးကို ခေါ်တော်မူပြီး "သဘိယ ပရိဗိုဇ်ကို ရှင် ရဟန်း ပြုပေးလိုက်" ဟု မိန့်တော်မူသော အခါ ထိုရဟန်းက ဦးဆောင်၍ သဘိယပရိဗိုဇ်ကို ရှင် ရဟန်း ပြုပေးလိုက်ကြတယ်။ ဒါကို အရှင်အာနန္ဒာတို့က မှတ်တမ်းတင်ပေးလိုက်ပုံက–

အလတ္ထ ခေါ သဘိယော ပရိဗ္ဗာဇကော ဘဂဝ– တော သန္တိကေ ပဗ္ဗဇ္ဇံ၊ အလတ္ထ ဥပသမ္ပဒံ....တဲ့။ သူတော်ကောင်းတို့....၊ သဘိယပရိဗိုဇ်သည် မြတ်စွာ ဘုရားအထံတော်၌ ရှင်အဖြစ်ကို ရရှိလေပြီ၊ ရဟန်း အဖြစ်ကို ရရှိလေပြီ....တဲ့။ (ဘုရားအမိန့်နဲ့ ရှင် ရဟန်း ပြုပေးရတာဖြစ်လို့ အဲဒီ ရဟန်းအဖြစ် ရှင်အဖြစ်ကို ဘုရားအထံ၌ ရတယ်.... လို့ ဆိုခြင်း ဖြစ်ပါတယ်။)

## အရှင်သဘိယ တရားအားထုတ်ခြင်း၊ ရဟန္တာဖြစ်ခြင်း

အစိရုပသမ္ပန္နော ခေါ ပနာ+ယသ္မာ သဘိယော ဧကော ဝူပကဋ္ဌော အပ္ပမတ္တော အာတာပီ ပဟိတတ္တော

http://www.dhammadownload.com



ဝိဟရန္တော=အရှင်သာဘိယသည် ရဟန်းဖြစ်ပြီး နောက် မကြာမီမှာပင်–

၁။ တစ်ပါးတည်း ကေစာရီ၊
၂။ ဆိတ်ငြိမ်ရာသို့ ကပ်ပြီး
၃။ အပ္ပမာဒတရား လက်ကိုင်ထားလျက်
၄။ သမ္မပ္ပဓာန်လုံ့လ ဝီရိယရှိရှိနှင့်
၅။ နိဗ္ဗာန်သို့ (တစ်နည်း - ကမ္မဋ္ဌာန်းအာရုံသို့) စိတ်ကို စေလွှတ်ပြီး

(ယောဂီ ပုဂ္ဂိုလ်တို့ ပြည့်စုံရမည့် ဤအင်္ဂါ ၅–ချက်နှင့် အညီ) ကမ္မဋ္ဌာန်းတရား ပွားများကြိုးကုတ် အားထုတ် နေထိုင်လတ်သော်–

န စိရဿေဝ ယဿ+တ္ထာယ ကုလ ပုတ္တာ သမ္မဒေဝ အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇန္တိ။ တ+ ဒနုတ္တရံ ဗြဟ္မစရိယ ပရိယောသာနံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟာသိ။

မကြာမြင့်မီပင် အကြင် အရဟတ္တဖိုလ် အလို့ငှာ အမျိုးကောင်းသားတို့သည် ကောင်းစွာ အိမ်ရာတည် ထောင် လူ့ဘောင်မှ (ထွက်၍) အိမ်ရာ မထောင် ရဟန်းဘောင်သို့ ကပ်ရောက်ကြခဲ့ရာ အတုမရှိမြတ်သော မြတ်သောအကျင့်၏ အဆုံးဖြစ်တဲ့ ထို အရဟတ္တဖိုလ်ကို မျက်မှောက်ဘဝ ပစ္စက္ခဥပင် ကိုယ်တိုင် ထူးသောဉာဏ် ဖြင့်သိရှိ မျက်မှောက်ပြု ပြည့်စုံစေပြီး နေနိုင်လေပြီ။

ဘာပြောတာလဲ။ ''ရဟန္တာဖြစ်ပြီး အရဟတ္တ ဖလ သမာပတ်နဲ့ ချမ်းသာစွာ နေရပြီ'' လို့ အရဟတ္တ

http://www.dhammadownload.com



ဖလသမာပတ် ဝင်စားနေသည်ကို ဖော်ပြခြင်း ဖြစ်ပါတယ်။ အဲဒီနောက်မှာ ''ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာ+ပရံ ဣတ္ထတ္တာယာတိ အဗ္ဘညာသိ'' ဆိုတာက အရဟတ္တ ဖလသမာပတ်မှ ထတဲ့အခါ (၁) ငါ့မှာ ဘဝပဋိသန္ဓေ ကုန်ပြီ၊ နောက်ထပ် ဘယ်ဘဝမှာမှ ပဋိသန္ဓေ မနေရတော့ပြီ၊ (၂)မဂ်တည်းဟူသော မြတ်သော အကျင့်ကို ငါကား အပြီးအဆုံး ကျင့်သုံးအပ်ပြီး လေပြီ၊ (၃) မဂ်ကိစ္စ တစ်ဆယ့်ခြောက်ပါးကို ငါကား ပြုအပ်ပြီး လေပြီ၊ (၄) ထို့ပြင် မဂ်ကိစ္စအတွက် ငါ့မှာ အခြားအလုပ် လုပ်ဖွယ် မရှိတော့ပြီ ဆိုတဲ့ ပစ္စဝေက္ခဏာ ခေါ်တဲ့ အဆက်ဆက် စဉ်းစားဆင်ခြင်ချက်တွေကို ဖော်ပြတယ်။ အဲဒီ ပစ္စဝေက္ခဏာ ဉာဏ်မျိုးဆိုတော့ သီလကျေးဇူး၊ သမာဓိကျေးဇူး၊ ပညာကျေးဇူး၊ ဝိမုတ္တိကျေးဇူး၊ ဝိမုတ္တိ-ဉာဏဒဿနကျေးဇူး ဆိုတဲ့ ကျေးဇူးဂုဏ် ငါးပါးတို့ အနက် နောက်ဆုံး ဝိမုတ္တိဉာဏဒဿန ဂုဏ်ကျေးဇူးခေါ်တယ်။ တရားဟောခဲ့တာ အရဟတ္တဖိုလ် ရောက်လို့ တရားဆုံးပြီ။

အညတရော ခေါ ပနာ+ယသ္မာ သဘိယော အရဟတံ အဟောသိ။

ခေါ ပန=စင်စင်။ အာယသ္မာ သဘိယော=အရှင်သဘိယသည်။ အရဟတံ=ရဟန္တာသခင် အရှင်မြတ်တို့တွင်။ အညတရော=တစ်ပါး အပါအဝင် သည်။ အဟောသိ=ဖြစ်လတ်ပြီ။

တကိုးယောကျ်ား

## တရားနိဂုံး

ဤသို့လျှင် ၃၈-ဖြာ ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော သဘိယသုတ္တန် တရားတော်မြတ်ကို ကြားနာရခြင်း=ဓမ္မဿဝန ကောင်းမှုကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလတို့ကို ဆောက်တည်ကျင့်သုံးရခြင်း=သီလမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း တောင်ရိုး သုံးဌာနတို့၌ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး ပွား များ ကြိုး ကုတ် အားထုတ်နေကြသော ရဟန်း၊ သာမဏေ၊ သူတော်စင်၊ သီလရှင်တို့အား နှစ်စဉ် နှစ်စဉ် ဆွမ်းပစ္စည်းဖြင့် မငြိုငြင်စေခြင်းငှာ နိဗဒ္ဓဝတ်ကြီးယင်၍ ဆွမ်းဆန်တော်မြတ်နှင့်တကွ ဒါတဗ္ဗ ဝတ္ထုတို့ကို သဒ္ဓါပြဋ္ဌာန်း လှူဒါန်းရခြင်းတည်းဟူသော နိဗဒ္ဓ တဏ္ဍုလ မဟာဒါန မဟာသံဃိက ကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့စသည် ပေါင်းအပ်များမြတ်သော ကောင်းမှု ကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် အရှင်သဘိယ ရဟန္တာမထေရ်မြတ်တို့ မျက်မှောက်ပြုအပ်သော နိဗ္ဗာန် ချမ်း သာ မြတ် ကို လွယ်ကူသော အကျင့်ပဋိပဒါ၊ လျင်မြန်သော ဝိပဿနာ အသိဉာဏ်၊ ရည်သန် တောင့်တရင်း ရှိသော သမ္မာ-သမ္ဗောဓိ၊ ပစ္စေကဗောဓိ၊ သာဝကဗောဓိ ခေါ်သော (မဂ်ဉာဏ်လေးပါးလေးပါး) ဗောဓိ ဉာဏ် သုံး မျိုး တို့ အနက် မိမိတို့ရည်မှန်းရာ သမ္မာသမ္ဗောဓိ၊ (သို့မဟုတ်) ပစ္စေကဗောဓိ၊ (သို့မဟုတ်) သာဝကဗောဓိ ခေါ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တ ဖိုလ်ပေါက် မျက်မှောက်ပြုနိုင်ကြသည့်ကိုယ် ဖြစ်ပါစေကုန်သတည်း။

ကာကိယအကြိမ်

http://www.dhammadownload.com



နိဗ္ဗာန်ကို အရဟတ္တ ဖိုလ်ပေါက် မျက်မှောက်ပြုရ သော ထို နောက်ဆုံးဘဝ ပစ္ဆိမဝယ် ပရိနိဗ္ဗာနစုတိစိတ်၏ အခြားမဲ့ နောက်ကာလ၌ တစ်စုံတစ်ခုသော ဘဝ၊ တစ်စုံတစ်ခုသောဂတိ၊ တစ်စုံတစ်ခုသောယောနိ၊ တစ်စုံ တစ်ခုသော ဝိညာဏဋ္ဌိတိ၊တစ်စုံတစ်ခုသော သတ္တာဝါသ၊ တစ်စုံတစ်ခုသော သတ္တနိကာယနှိုက်မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ္ဋမီးစာတရားတို့ တဖန်အသစ် မဖြစ်ခြင်း တည်းဟူသော အနုပ္ပါဒနိရောဓ=အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီ စံရပါစေကုန်သတည်း....။

အနုပါဒါပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ္ဋ၊ ကိလေသဝဋ္ဋ၊ ဝိပါကဝဋ္ဋ တည်းဟူသော ဝဋ္ဋဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးထိုင် ငြိမ်းကြပါစေ ကုန်သတည်း....။

**သာဓု သာဓု သာဓု။**

**သဘိယသုတ္တန် တရားတော်**
**ပြီး ပြီ။**

တတိယအကြိမ်

http://www.dhammadownload.com

# အနတ္တလက္ခဏသုတ္တန် တရားတော်

ကောဇာသက္ကရာဇ် ၁၃၂၅–ခု၊ သာသနာနှစ် ၂၅၀၇-ခုနှစ်၊ ဝါဆိုတဲ့လဆန်း (၄)ရက်၊ မင်းကွန်းဂူကလေးချောင် ရန်ကုန်အိပ်ကြီးချောင် ဆရာမကြီး ဒေါ်ဓမ္မစာရီ၏ အသက် (၆၅)နှစ် ပြည့်သော မွေးနေ့အထိမ်းအမှတ် တရားပွဲ၌ ဟောကြားအပ်သော အနတ္တလက္ခဏသုတ္တန်တရားတော်....။

## သုတ္တန်နိဒါန်း

ဘုရားလက်ထက်တော်တုန်းက အားလုံး ပရိသတ်များ ငြိမ်ငြိမ် နားစိုက်နေတဲ့အချိန်မှာ မြတ်စွာဘုရား၏ မဟာကရုဏာတော် တည်းဟူသော စမ်းအိုင်ထဲက အင်မတန်အေးမြတဲ့ ရေကြည်ရေပေါက်တွေ ဖြုန်းကနဲ ထွက်လာသလို "ရူပံ ဘိက္ခဝေ အနတ္တာ" အစရှိတဲ့ တရားတော်သံတွေ ထွက်လာတယ်။ တကယ့်ဖြစ်ရပ်ကတော့ အဲဒီက တရားစတယ်။ သို့သော် ဒီအနတ္တလက္ခဏသုတ္တန်ကို အဘယ်ပြည်မှာ ဟောတယ်၊ အဘယ်သူတို့ကို အကြောင်းပြုပြီး ဟောတယ်၊ ဒီအကြောင်းအရာတွေ ပြည့်ပြည့်စုံစုံ နိဒါန်းရော ပုဂ္ဂိုလ်ရော ပါရှိအောင် ပထမသင်္ဂါယနာတင်ချိန် အရှင်မဟာကဿပ မေးမြန်းတော်မူချက်အရ အရှင်အာနန္ဒာမထေရ် ဖြေကြားတော်မူတယ်။ အဲဒီ အမေးအဖြေအရ ထွက်လာတဲ့ လိုရင်း ဖြစ်သော သဘာဝနိရုတ္တိ အနတ္တလက္ခဏသုတ္တန်လို့ ဝါစ-နာမဂ္ဂ = ပို့ချသင်ကြားရိုး၊ နှုတ်ဝယ် အရဆောင်ရိုး၊

http://www.dhammadownload.com



ဒီလို မှတင်တဲ့အခါ ''ဧဝံ မေသုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသိယံ ဝိဟရတိ ဣသိပတနေ မိဂဒါယေ'' ဒီက သုတ္တန်ကို စပါတယ်။ ဗာရာဏသီနိဒါန်း။ ပုဂ္ဂိုလ်အနေနဲ့ ပဉ္စဝဂ္ဂီမထေရ်ငါးဦးကို အကြောင်းပြု၍ ဟောတော်မူကြောင်း သိစေလို၍ ''တတြ ခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ''လို့ ဒီလို စာတစ်ပိုဒ် ထည့်ထားပါတယ်။

## ဆရာတော် ဦးဗုဓ်၏ အမွှန်း ၂-ဂါထာ

ဤမျှဖြင့် တင်းတိမ်အားရခြင်း မရှိဘဲ မြန်မာပြည်ရောက်လာတဲ့အခါကျတော့ ဒီ အနတ္တလက္ခဏသုတ္တန်ရဲ့ အမွှန်းနိဒါန်း အနေဖြင့် ရှေ့ပိုင်းကနေပြီး ဆရာတော် ဦးဗုဓ်က ဤဆိုလတ္တံ့အတိုင်း အမွှန်း ၂-ဂါထာ ရေးထည့် ပူဇော်ထားပါတယ်....။

ဓမ္မစက္ကံ ပဝတ္တေတွာ၊ အာသဠှိယာ ဟိ ပုဏ္ဏမေ။
နဂရေ ဗာရာဏသိယံ၊ ဣသိပတဝှယေ ဝနေ။ (၁)

ပါပေတွာ+ဒိဖလံ နေသံ၊ အနုက္ကမေန ဒေသယိ။
ယံ တံ ပက္ခဿ ပဉ္စမျံ၊ ဝိမုတ္တတ္ထံ ဘဏာမ ဟေ။ (၂)

အာသဠှိယာ ဟိ ပုဏ္ဏမေ=မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် စနေနေ့၌။ ဗာရာဏသိယံ နဂရေ=ဗာရာဏသီ အမည်ရှိသောမြို့၌။ ဣသိပတဝှယေ ဝနေ=ဣသိပတန အမည်ရသော မိဂဒါဝုန် ရဂုံသာမောဘောဇ်မဲ့တော၌။ ဓမ္မစက္ကံ=ဓမ္မစကြာ ဒေသနာဦး တရားထူးကို။ ပဝတ္တေတွာ=လည်စေ ဖြစ်စေ ဟောမြွက်ခြွေ၍....။ (၁) တတိယအကြိမ်

http://www.dhammadownload.com



နေသံ=ထို ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ် အဿဇိ တည်းဟူသော ပဉ္စဝဂ္ဂီ မထေရ် ငါးဦးတို့အား။ အနုပုဗ္ဗေန=နေ့ရက်အစဉ် ထေရ်အစဉ်ဖြင့်။ အာဒိ-ဖလံ=သောတာပတ္တိဖိုလ်သို့။ ပါပေတွာ=ရောက်စေပြီး၍။ ပက္ခဿ=ဝါဆိုမာသ ဆုတ်ပက္ခ၏။ ပဉ္စမျံ=ငါးရက်မြောက်သောနေ့၌။ ဝိမုတ္တတ္တံ=ငါးပါးသော မထေရ်တို့အရဟတ္တဖိုလ်ပေါက် ရောက်ကြစေခြင်းငှာ။ ယံ=အကြင် အနတ္တလက္ခဏ သုတ္တန် ဒေသနာတော်မြတ်ကို။ ဒေသယိ=ကရုဏာရှေးရှု ဟောတော်မူပြီ။ တံ=ထိုအနတ္တလက္ခဏသုတ္တန် ဒေသနာဟော်မြတ်ကို။ ဟော= တရားနာဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့....။ မယံ=ငါတို့သည်။ ဘဏာမ=ပီပြင်ပြတ်သား ရွတ်ပွားသရဇ္ဈာယ် ကြပါကုန်စို့....။ (၂)

## မဉ္စဝဂ္ဂီတို့ တစ်နေ့တစ်ပါးကျ သောတာပန်ဖြစ်ကြပုံ

အဓိပ္ပာယ်မှာ မြတ်စွာဘုရား ဘုရားဖြစ်တော်မူတဲ့ မဟာသက္ကရာဇ် ၁၀၃-ခုနှစ် ပထမဝါ မိဂဒါဝုန်တောမှာ ဝါကပ်တော်မူဖို့အကြွ ဝါဆိုလပြည့်နေ့မှာ ဓမ္မစကြာတရားဦးနာရလို့ အရှင် ကောဏ္ဍညမထေရ် သောတာပန်တည်ပြီး ရဟန်းအဖြစ်တောင်းလို့ ''ဧဟိ ဘိက္ခု'' ရဟန်းအဖြစ်ကို ရခဲ့တယ်။

နောက်တစ်နေ့ ဝါဆိုလပြည့်ကျော် ၁ - ရက်နေ့ကျတော့ အရှင်ကောဏ္ဍညနဲ့ ကိုယ်တော် တစ် ပါး ဗာရာဏသီမြို့ထဲ ဆွမ်းခံကြွကြရတယ်။ ကျန်တဲ့သုံးပါးကို မြတ်စွာဘုရားက ဆွမ်းခံမလိုက်စေပဲ နံနက်ချော နေ့ရော

http://www.dhammadownload.com



ညရောက် ဆိုသလို အဆုံးအမ ဩဝါဒတရား ဟောကြားလို့ အရှင်ဝပ္ပမထေရ် သောတာပန်တည်ပြီး ''ဧဟိ ဘိက္ခု'' ရဟန်းအဖြစ်ကို ရခဲ့တယ်။

နောက်တစ်နေ့ ဝါဆိုလပြည့်ကျော် ၂-ရက်နေ့ ကျတော့ အရှင်ကောဏ္ဍညနဲ့ အရှင်ဝပ္ပတို့က ဆွမ်းခံကြွကြရပြီး ကျန်သုံးပါးတို့ကို မြတ်စွာဘုရားက နံနက်၊ နေ့၊ ည အဆုံးအမ ဩဝါဒတရား ဟောကြားလို့ အရှင်ဘဒ္ဒိယ သောတာပန်ဖြစ်ပြီး ''ဧဟိ ဘိက္ခု'' ရဟန်း အဖြစ်ကို ရခဲ့တယ်။

နောက်တစ်နေ့ ဝါဆိုလပြည့်ကျော် ၃ - ရက်နေ့ ကျတော့ အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ တို့က ဆွမ်းခံကြွကြရပြီး ကျန်နှစ်ပါးတို့ကို မြတ်စွာဘုရား က နံနက် နေ့ ည အဆုံးအမ ဩဝါဒတရား ဟောကြား လို့ အရှင်မဟာနာမ သောတာပန်ဖြစ်ပြီး ''ဧဟိ ဘိက္ခု'' ရဟန်းအဖြစ်ကို ရခဲ့တယ်။

နောက်တစ်နေ့ (ဝါဆိုလပြည့်ကျော် ၄-ရက်နေ့) ကျ တော့ သောတာပန်ဖြစ်ပြီးတဲ့ လေးပါးတို့က ဆွမ်းခံကြွ ကြရပြီး အရှင်အဿဇိကို မြတ်စွာဘုရားက ရှေးနည်း အတူ အဆုံးအမ ဩဝါဒတရား ဟောကြားလို့ အရှင် အဿဇိ သောတာပန်ဖြစ်ပြီး ''ဧဟိ ဘိက္ခု'' ရဟန်း အဖြစ်ကို ရခဲ့တယ်။ (ဆရာတော် ဦးဗုဓ်က ဒါကို ရည် ရွယ်ပြီး အမွှန်းဂါထာမှာ ''ပါပေတွာ+ဒိဖလံ နေသံ၊ အနုက္ကမေန ဒေသယိ''လို့ ရေးသားတော်မူခဲ့တယ်။)

ဒီ အနတ္တလက္ခဏ သုတ္တန်မှာ ဘာ ကမ္မဋ္ဌာန်း ဟော သလဲလို့ မေးယင် ခန္ဓာကမ္မဋ္ဌာန်း ဟောပါတယ်လို့ ဖြေရမည်ဖြစ်ပါတယ်။ ပဉ္စဝဂ္ဂီမထေရ် ငါးဦးတို့ကတော့

http://www.dhammadownload.com



''ရူပံ'' လို့ ဆိုလိုက်ယင် သူတို့ နားလည်ကြတယ်။ ''ဝေဒနာ၊ သညာ၊ သင်္ခါရာ၊ ဝိညာဏံ''လို့ ဆိုလိုက်ယင်လဲပဲ သူတို့အသိနဲ့ သူတို့ ခန္ဓာငါးပါးတို့ကို နားလည်ကြတယ်။

**လယ်တီဆရာတော်ဘုရားကြီး၏**

**ခန္ဓာ ၅-ပါးလင်္ကာနှင့် အကျဉ်းရှင်းလင်းချက်**

မြန်မာပြည် အနေနဲ့တော့ ''ရူပံ'' လို့ အသံကြားလိုက်ယင် ''ဝေဒနာ၊ သညာ၊ သင်္ခါရာ၊ ဝိညာဏံ'' လို့ အသံကြားလိုက်ယင် နားလည်ဖို့ရန် မြန်မာဘာသာနဲ့ လေ့လာရတယ်။ အဲဒီလို လေ့လာတဲ့အခါ မိမိတို့သန္တာန်မှာ ဖြစ်ရှိနေတဲ့ ခန္ဓာငါးပါးတို့ကို စာသုံးပိုဒ် လေးပိုဒ်နဲ့ အလွယ်တကူ နားလည်ရအောင်ဆိုပြီး လယ်တီဆရာတော်ဘုရားကြီးက ''**ခန္ဓာ အာယတန ဓာတ် သစ္စာ လင်္ကာကျမ်း**''ကို ရေးသားတော်မူခဲ့တယ်။ ထိုကျမ်းမှာ ရူပက္ခန္ဓာအတွက်-

''**ရူပက္ခန္ဓာ၊ ဝေဒနာနှင့်၊ သညာ, သင်္ခါရ၊ ဝိညာဏဟု၊ အစုငါးတန်၊ ငါးရပ်ခန်တည်း။**''

ဒီလင်္ကာပိုဒ်ကလေးကို နှုတ်တက်ရထားယင် ခန္ဓာငါးပါးရဲ့ အမည်ကို စီကာစဉ်ကာ ပြောကြားတတ်သွားပါတယ်။

**နိုဗ္ဗန္ဓရုပ် ၁၈-ပါး**

''**ဖောက်ပြန်ထွေပြား၊ ဖြစ်တတ်ငြား၍၊ စကားပုံသော၊ ရုပ်ခေါ်ပေ၏**''။

အဘယ့်ကြောင့် ရုပ်ခေါ်သနည်းမေးခဲ့ယင် အအေးနဲ့ တွေ့ယင်တစ်မျိုး၊ အပူနဲ့တွေ့ယင် တစ်မျိုး၊ ဤကဲ့သို့

ဖောက်ယအကြိမ်

http://www.dhammadownload.com



အမျိုးမျိုးအဖုံဖုံ ဖောက်ဖောက်ပြန်ပြန် ထွေထွေပြားပြား ဖြစ်ပွားတတ်သောကြောင့် ရုပ်ခေါ်တယ်ဟု ဖြေဆိုရမည်။ အဲဒီရုပ်က ဘယ်လောက်ရှိတုံးလို့ ဆိုယင်–

**မဟာဘုတ် ၄–ပါး**

**''မြေဓာတ် ရေဓာတ်၊ မီးလေဓာတ်ဟု၊ လေးရပ်ဘုတ်ကြီး၊ ပွားစီးအနန္တ။**

ပထဝီ=မြေဓာတ်ရုပ်ကြီး တစ်ပါး၊ အာပေါ = ရေဓာတ်ရုပ်ကြီး တစ်ပါး၊ တေဇော = မီးဓာတ်ရုပ်ကြီး တစ်ပါး၊ ဝါယော=လေဓာတ်ရုပ်ကြီး တစ်ပါး လို့ မဟာဘုတ်ကြီး လေးပါး = ဘူတရုပ်ကြီး လေးပါ။ (ဓာတ်ကြီး လေးပါး လို့လဲ ခေါ်တယ်။)

လူ့ဘဝ ခန္ဓာကိုယ်မှာ ကလလ ရေကြည်=အလွန်သိမ်မွေ့သေးဖွဲသော ရုပ်ကလေးက အခြေခံ စတည်ပြီး တစ်ရပ်တစ်သူ စသည်ဖြင့် ကြီးပွားတတ် ပွားစီးတတ်သောကြောင့် ဒီရုပ်ကြီး လေးပါးကို ဘူတရုပ်=မဟာဘုတ်လို့ ခေါ်ပါတယ်။

''ခက်မာ ဖွဲ့စေး၊ ပူအေး ထောက်ကန်၊ ဤ လေးတန်၊ မှတ်ရန် လက္ခဏာ'' ဟူသောအတိုင်း ခန္ဓာကိုယ်ဝယ် စမ်းသပ်ကြည့်လိုက်လို့ ရှိယင် ကြမ်းတယ်၊ သို့မဟုတ် နုတယ် ဆိုတဲ့သဘောကို တွေ့ရတယ်။ ထိုသဘောဟာ ပထဝီ=မြေဓာတ်ပဲ။ ပူတယ်၊ အေးတယ်လို့ တွေ့ရတာဟာ တေဇော=မီးဓာတ်ပဲ။ ထောက်ကန်မှု သဘောဟာ ဝါယော = လေဓာတ်ပဲ။ စမ်းသပ်ကြည့်လိုက်လို့ရှိယင် ထောက်ကန်မှုအားနည်းယင်ပျော့ပျော့၊ ထောက်ကန်မှုအားကြီးယင် မာမာ စမ်းသပ်တွေ့ရတယ်။ အဲဒီလို

http://www.dhammadownload.com



စမ်းသပ်တွေ့ထိလို့ ရစကောင်းတဲ့ ပထဝီ၊ တေဇော၊ ဝါယော၊ ဒီ သဘာဝတွေ ကစဉ့်ကလျား တစ်ခုစီ တစ်မှုန်စီ လွင့်ပါးမသွားအောင် ဖွဲ့စည်း တွဲနှောင်ပေး တတ်တဲ့ စိတ်ဖြင့်သာ သိရတဲ့သဘောဟာ အာပေါ= ရေဓာတ်ပဲ။ ဒီလို သိရပါမယ်။

## ပသာဒရုပ် ၅-ပါး

**စက်-သော-ဃာ-ဇိ၊ ကာ ငါး၊လီမူ၊ အကြည်ရူပ၊ ပသာဒတည့်။**

ခန္ဓာကိုယ် အထက်ပိုင်း (ခေါင်းပိုင်း)မှာ မျက်စိ အကြည်ခေါ်တဲ့ ရုပ်တစ်မျိုး=စက္ခုပသာဒ၊ နားအကြည် ခေါ်တဲ့ ရုပ်တစ်မျိုး = သောတပသာဒ၊ နှာခေါင်း အကြည် ခေါ်တဲ့ ရုပ်တစ်မျိုး = ဃာနပသာဒ၊ လျှာ အကြည် ခေါ်တဲ့ ရုပ်တစ်မျိုး=ဇိဝှါပသာဒ၊ (ဆံဖျားတို့၊ လက်သည်း ခြေသည်းဖျားတို့၊ အရေခြောက်တို့၊ ဒါတွေကို လွှတ်၍) တစ်ကိုယ်လုံး အနှံ့တည်နေတဲ့ အကြမ်း – အနု၊ အပူ – အအေး၊ အပျော့ – အမာ။ ဒီအတွေ့သုံးမျိုးကို တွေ့ထိနိုင်ရန် အထောက်အပံ့ပစ္စည်း ဖြစ်တဲ့ ကာယပသာဒ = ကိုယ်အကြည် ရုပ်တစ်မျိုး။ ၎င်းရုပ် ၅-ပါးကို ပသာဒရုပ် ငါးပါးလို့ ခေါ်တယ်။

## ဂေါစရရုပ် ၅-မျိုး

**ရူပ-သဒ္ဒ၊ ဂန္ဓ-ရသာ၊ ဖောဋ္ဌဗ္ဗာဟု၊ ငါးဖြာ အာရုံ။**

အဆင်း အမျိုးမျိုးဆိုတဲ့ ရူပါရုံရုပ်၊ အသံအမျိုးမျိုး ဆိုတဲ့ သဒ္ဒါရုံရုပ်၊ အနံ့အမျိုးမျိုး ဆိုတဲ့ ဂန္ဓာရုံရုပ်၊ အချိ – အချဉ် – အစပ် – အငန် – အဖန် – အခါးဆိုတဲ့

http://www.dhammadownload.com



အရသာမျိုးစုံ = ရသာရုံရုပ်၊ အကြမ်း-အနု၊ အပူ-အအေး၊ အပျော့-အမာဆိုတဲ့ အတွေ့မျိုးစုံ=ဖောဋ္ဌဗ္ဗာရုံရုပ်၊ ဤ ၅-မျိုးကို အာရုံ=ဂေါစရရုပ် ငါးပါးလို့ ခေါ်တယ်။

**မှတ်ချက်။** ။ နိပ္ဖန္နရုပ် ၁၈-ပါးကို ရေတွက်လျှင် မဟာဘုတ်လေးပါး၌ ပါဝင်ပြီး ဖြစ်သောကြောင့် ဖောဋ္ဌဗ္ဗာရုံကို ချန်၍ ရေတွက်ရပါမည်။ ။

**"နှစ်ခုဘာဝ၊ ဟဒယနှင့်၊ ဇီဝ+ဩဇာ၊ ဆယ့်ရှစ်မှာမူ"**

**ဘာဝရုပ် ၂-ပါး**

ဘာဝရုပ် ၂-ပါး ဆိုတာ မိန်းမ၌ ဣတ္ထိဘာဝရုပ်၊ ယောကျ်ား၌ ပုမ္ဘာဝရုပ် အသီးသီး ရှိကြတယ်။ မိန်းမ၌ မိန်းမဟူ၍ အသိဉာဏ် + သဒ္ဒါနှစ်ပါးတို့ ဖြစ်ကြောင်း၊ ယောကျ်ား၌ ယောကျ်ားဟူ၍ အသိဉာဏ်+သဒ္ဒါ နှစ်ပါးတို့ဖြစ်ကြောင်း၊(စိတ်ဖြင့်သာကြံ၍သိရတဲ့)သဘာဝသတ္တိ တစ်မျိုးစီ အသီးအသီး ရှိကြတယ်။

ဥပမာပုံ။ ။မိန်းမတစ်ယောက် (နှင့်) ယောကျ်ားတစ်ယောက်တို့ကို မိန်းမမှန်း၊ ယောကျ်ားမှန်း မသိအောင် အသီးအသီး တစ်ကိုယ်လုံးကို အဝတ်ဖြင့် ခြုံရုံရစ်ပတ်ထား၊ အဲဒီအထဲက လက်ကလေး တစ်ချောင်းစီ အပေါ်မှာ ထုတ် ဖော် ထား၊ အဲဒီ ထုတ် ထား တဲ့ လက်ကလေး တစ်ချောင်းစီရဲ့ အသွင်သဏ္ဌာန် အဆင်းအတွေ့တို့ကို ကိုင်ကြည့်ပြီး ဟောဒါက မိန်းမ၊ ဟောဒါက ယောကျ်ားလို့ သိတယ်။

http://www.dhammadownload.com



ဘာ့ကြောင့်လဲဆိုတော့ အဲဒီ လက် ချောင်း ကလေး ထဲမှာ ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ် အသီးအသီးပါရှိတယ်။ မိန်းမရဲ့ လက်ချောင်းထဲမှာရှိတဲ့ ဣတ္ထိဘာဝ ရုပ်ကြောင့် ဤသူကား မိန်းမဟူ၍ အသိဖြစ်ရတယ်။ ယောကျ်ားရဲ့ လက်ချောင်းထဲမှာရှိတဲ့ ပုမ္ဘာဝရုပ်ကြောင့် ဤသူကား ယောကျ်ားဟူ၍ အသိဖြစ်ရတယ်။ အဲဒီလို သိတဲ့အတွက် ထို သိမြင်သူတို့ရဲ့နှုတ်က ဒါက မိန်းမ၊ ဒါက ယောကျ်ား ဆိုတဲ့ အသံ=သဒ္ဒါတွေ ပေါ်လာရတယ်။ အဲဒီလို အသိ နဲ့သဒ္ဒါ ဖြစ်ပေါ်ကြောင်း စိတ်ဖြင့်သာ စဉ်းစား၍ သိရ တဲ့ သဘာဝ တစ်မျိုးကို အသီးအသီး ဣတ္ထိဘာဝရုပ်၊ ပုမ္ဘာဝရုပ်လို့ ခေါ်တယ်။ (သ ဘာ ဝ န က် နဲ တ ယ်၊ ဆွေးနွေးကြပါလေ။)

## စိတ္တဇရုပ်

ဒီခန္ဓာကိုယ်ထဲမှာ ကံ ကြော င့် ဖြ စ် တဲ့ ရု ပ် တွေ၊ စိတ်ကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ်တွေ၊ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်တွေလို့ ရုပ် (၄) မျိုးတို့ ရှိကြတယ်။ ရုပ်ကို ဖြစ်စေတတ်တဲ့ အကြောင်းကလဲ ကံအကြောင်း၊ စိတ်အကြောင်း၊ ဥ တု အ ကြော င်း၊ အာဟာရအကြောင်းလို့ အကြောင်း (၄) မျိုးတို့ ရှိကြ တယ်။

စိတ်ကြောင့်ဖြစ်တဲ့ ရုပ်=စိတ္တဇရုပ်၊ ဥတုကြောင့်ဖြစ်တဲ့ ရုပ် = ဥတုဇရုပ်၊ အာ ဟာ ရ ကြော င့် ဖြ စ် တဲ့ ရုပ်= အာဟာရဇရုပ်၊ ဤရုပ်သုံးမျိုးတို့မှာ အမိအဖနှင့်တူသော စိတ်၊ ဥတု၊ အာဟာရအကြောင်းတရားတို့သည် ပစ္စုပ္ပန် အားဖြင့် ထင်ရှားရှိနေကြတဲ့အတွက် မိ ဘ နှ စ် ပါး

http://www.dhammadownload.com



အသက်ထင်ရှား ရှိနေသော သားသမီးများအဖို့ အမိအဖကပင် သားသမီးတို့ရဲ့ နေထိုင်စားသောက် အသက်ရှင်ရေးကို အစောင့်အရှောက်ပေးသကဲ့သို့ စိတ်၊ ဥတု၊ အာဟာရ အကြောင်းသုံးပါးက ပစ္စုပ္ပန်အား ထင်ရှားရှိနေသောကြောင့် မိမိတို့ကြောင့်ဖြစ်တဲ့ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်တို့ကို အသီးအသီး အစောင့်အရှောက်ပေးနေကြတယ်။

## ကမ္မဇရုပ်၏ သဘော

ကံကြောင့်ဖြစ်တဲ့ = ကမ္မဇရုပ်များ ကျတော့ အကြောင်းဖြစ်သော ကံက အနီးကပ်ဆုံးဆိုယင် လွန်ခဲ့တဲ့ဘဝက ချုပ်ပြီးခဲ့ပြီ၊ အဝေးဖြစ်သော ကံအကြောင်းအဖို့ တတိယ ဘဝကစပြီး အထက်အထက် ကမ္ဘာပေါင်းများစွာက ချုပ်ခဲ့တယ်။ ဒီလိုဆိုတော့ ကံကြောင့်ဖြစ်တဲ့ရုပ်ကလာပ်များအဖို့ စက္ခုဒသက ကလာပ်ပဲ ဆိုပါစို့။ ထိုကလာပ်မှာ အဝိနိဗ္ဘောဂရုပ်က ရှစ်ပါး၊ ဇီဝိတရုပ်၊ စက္ခုပသာဒရုပ် လို့ ရုပ် ၁၀-ပါး တစ်စုတည်းပေါင်းပြီး စက္ခုသံဝတ္တနက အတိတ်ကံအကြောင်းက ဖန်တီးပေးလိုက်တဲ့အတွက် စုပေါင်း ဖြစ်ခဲ့ကြတယ်။ ဖြစ်လာကြတဲ့အခါ သူတို့အချင်းချင်း တိုင်ပင်ကြတယ်။ ဆိုပါစို့။

''စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်တို့မှာ အကြောင်းဖြစ်တဲ့ စိတ်၊ ဥတု၊ အာဟာရတို့က ပစ္စုပ္ပန်အားထင်ရှားရှိနေကြလို့ အမိ အဖနဲ့တူတဲ့ အကြောင်းများထင်ရှားရှိနေကြသလို ကျွန်ုပ်တို့ ကမ္မဇရုပ်တွေမှာတော့ အမိ အဖနဲ့တူတဲ့ ကံအကြောင်းက ချုပ်ခဲ့ပြီမို့ မိဘနှင့်ကင်းသော သားသမီးများနှင့် တူနေပါတယ်။ ဒီတော့

http://www.dhammadownload.com



မိဘမဲ့သော သားသမီး ၁၀-ယောက် အနက်က တစ်ယောက်ယောက်ကို အစောင့်အရှောက် အအုပ်အထိန်း ရွေးချယ်သလို ကျွန်ုပ်တို့ စကန္ဓသံဝဏ္ဏနက ကံကြောင့်ဖြစ်တဲ့ ရုပ် ၁၀-ပါးကို တစ်မိသားစု ၁၀-ဦး'' လို့ မှတ်ထားပြီး-

''ကိုင်း.... ကျုပ်တို့မှာ မိဘနှင့်တူတဲ့ ကံကလဲ အတိတ်ဖြစ်၍ မိဘနှစ်ပါး ကွယ်လွန်ပြီးသော သားသမီးများနဲ့ တူနေပြီ။ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇရုပ်တို့မှာတော့ မိဘနဲ့တူတဲ့ စိတ်၊ဥတု၊အာဟာရတို့က ပစ္စုပ္ပန်အား ထင်ရှားရှိပြီးတော့ စောင့်ရှောက်သူ ရှိနေလို့ သူတို့မှာ ကိစ္စမရှိပေမယ့် ကျုပ်တို့မှာ စောင့်ရှောက်ဖို့ ဒီ ၁၀-ဦးထဲက ရွေးကြစို့....လို့ ဆိုပြီး-

(က) ''ပထဝီ....။ ခင်ပျားက စောင့်ရှောက်ခြင်း ကိစ္စကို ဆောင်ရွက်ပါ'' လို့ ပြောတဲ့အခါ ပထဝီက ''အင်း....၊ ကျုပ်မှာ ဒီပြင် ကိစ္စတစ်ခုရှိတယ်'' လို့ ''ဘာကိစ္စတုံး'' လို့ မေးတဲ့အခါ ''ပတိဋ္ဌာနရသ= ခင်ဗျားတို့အားလုံးဟာ ကျုပ်အပေါ်မှာချည်းပဲ တည်နေကြရမှာ၊ ကျုပ်က အိမ်ကြီးလို ခင်ဗျားတို့ရဲ့ အတည်အမှီ ခံရမယ့် အလုပ်ကိစ္စကြီး ရှိနေတယ်။ ဒါကြောင့် ဒါကြောင့် ခင်ဗျားတို့ကို ကျုပ်မစောင့်ရှောက်နိုင်ဘူး'' လို့ ပထဝီဓာတ်ကမပြောသော်လဲ ပြောတယ်ဆိုပါစို့....။

(ခ) ''ကဲ ဒါဖြင့် ကိုအာပေါက မိဘအရာတည်ပြီး စောင့်ရှောက်ပါ'' လို့ ဆိုတဲ့အခါ အာပေါဓာတ်က ''ကျွန်ုပ်လဲ မအားဘူး'' ဆိုလို့ ''ဘာပြုလို့တုံး'' လို့ မေးတဲ့အခါ ''အား.... ခင်ဗျားတို့ သဘာဝ ၉-မျိုး ကစဉ့်ကလျား လွင့်ပါးမသွားအောင် တစ်ခုတစ်ခြားစီ

http://www.dhammadownload.com



ဖြစ်မသွားအောင် ဖွဲ့စည်းတွဲကပ်ပေးဖို့ကိစ္စကြီး ကျုပ်မှာ ရှိနေတယ်''လို့ အာပေါဓာတ်က ပြောတယ် ဆိုပါစို့။

(ဂ) ''ဒါဖြင့် ကိုတေဇောကကော''လို့ ဆိုတော့ တေဇောဓာတ်ကလဲပဲ ''ကျုပ်လဲပဲ မစောင့်ရှောက်နိုင်ဘူး'' ဆိုလို့ ''ဘာပြုလို့တုံး'' လို့ မေးတဲ့အခါ ''ခင်ဗျားတို့ ရုပ် ၉-ပါးနဲ့တကွ ကျန်ရုပ်ပါ ပုပ်သိုးမသွားအောင် ပြုလုပ်ပေးရမယ့်ကိစ္စကြီး ကျုပ်ဆောင်ရွက်စရာရှိတယ်''လို့ တေဇောဓာတ်က ပြောတယ်ဆိုပါစို့။

(ဃ) ဝါယောဓာတ်ကလဲပဲ ''ခင်ဗျားတို့ လှုပ်လှုပ်ရှားရှားဖြစ်အောင် သူတပါးက စမ်းသပ်ကြည့်လိုက်ယင် ပျော့တယ်၊ မာတယ်လို့ မှတ်ယူရအောင် ထောက်ကန် ပေးရမည့်ကိစ္စကို ဆောင်ရွက်စရာရှိလို့ မစောင့်ရှောက်နိုင်ဘူး''လို့ ပြောတယ် ဆိုပါစို့။

(င) ''ဒါဖြင့် ရုပ်သေးထဲက ဝဏ္ဏခေါ်တဲ့ရူပါရုံ....၊ ခင်ဗျားက စောင့်ရှောက်ပါ'' ဆိုတော့ ရူပါရုံက ''ကျုပ်က စက္ခုပသာဒအား သွားပြီးတော့ မြင်အောင် ကျေးဇူးပြုပေးရမယ့် တာဝန်ရှိနေတယ်၊ မစောင့်ရှောက်နိုင်ဘူး''

(စ) ဂန္ဓရုပ်ကလဲ ''ကျုပ်ကလဲ ဃာနပသာဒအား သွားပြီး သူနဲ့တွဲပြီး နမ်းရှူမှု=ဃာနဝိညာဏ်စိတ် ဖြစ်လာအောင် ကျေးဇူး ပြုပေးရမယ့် တာဝန်ကိစ္စ ရှိနေတယ်၊ မစောင့်ရှောက်နိုင်ဘူး''

(ဆ) ရသရုပ်ကလဲ ''ကျုပ်မှာလဲ ဇိဝှါပသာဒနဲ့ တွဲပြီး စားမှု=ဇိဝှါဝိညာဏ်စိတ်ဖြစ်လာအောင် ကျေးဇူး ပြုပေးရမယ့် တာဝန်ကိစ္စ ရှိနေတယ်၊ မစောင့်ရှောက်နိုင်ဘူး''

http://www.dhammadownload.com



(ဇ) ဩဇာရုပ်ကလဲ ''ကျွန်ုပ်ကမှ သာပြီး တော့ တာဝန် ရှိသေးတယ်''။ ဘယ်လိုလဲဆိုယင် ''ကျွန်ုပ်က မိမိရဲ့ဋ္ဌာနသို့ ရောက်ယင် အာဟာရဇရုပ်လို့ ခေါ်တဲ့ ရုပ်သစ်တစ်ခု ဖြစ်စေရမယ့် ထူထောင်ပေးရမယ့် ကိစ္စကြီး ရှိနေပါတယ်၊ မစောင့်ရှောက်နိုင်ပါဘူး''

(ဈ) ''ဒါဖြင့် စက္ခုပသာဒ....၊ ဒီကလာပ်ထဲမှာ သင်ဟာ ခေါင်းဆောင်ပဲ၊ ဒီတော့ စက္ခုပသာဒက စောင့်ရှောက်ပါလား'' ဆိုတော့ စက္ခုပသာဒက ''ကျုပ်က စက္ခုဝိညာဏ်နှင့်တကွ သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါးတို့ ဖြစ်ပေါ်လာတဲ့အခါ ကျွန်ုပ် စက္ခုပသာဒတည်းဟူသော နန်းပေါ်မှာ တည်ရ မှီရမှာ ဖြစ်တယ်၊ စက္ခုဝိညာဏ်နာမ် ကလာပ်တစ်ခုလုံးရဲ့ အမှီ ခံရမယ့် ကိစ္စကြီးရှိနေလို့ ခင်ဗျားတို့ကို မစောင့်ရှောက် နိုင်ဘူး'' လို့ ပြောတယ်ဆိုပါစို့။

## ကမ္မဇရုပ်တို့၏ မိဘ=ဇီဝိတ

(ည) ''ဒါဖြင့် ဘယ်သူ စောင့်ရှောက် မည်လဲ'' ဆိုတော့ ဇီဝိတရဲ့ အလှည့်ကျလာတယ်။ ဇီဝိတက ''ကျွန်ုပ်မှာ အခြားအလုပ်မရှိဘူး၊ အသင်တို့ ရုပ် ၉-ခု နဲ့တကွ ကျွန်ုပ်ပါ အခြားရုပ်များနည်းတူ စိတ္တက္ခဏ (၁၇)ချက်၊ ခဏငယ် (၅၁) ချက် အသက်ပြည့် တည်နေ နိုင်အောင် စောင့်ရှောက်ရေး အတွက် ကျွန်ုပ် တာဝန် သာ ထား၊ ကျွန်ုပ်စောင့်ရှောက်မယ်။ ပထဝီကလဲ ပထဝီ ကိစ္စကို လုပ်ဆောင်ပါ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ စက္ခုပသာဒ တို့ကလဲ မိမိကိစ္စကို မိမိ ပြုလုပ်ကြပါ၊ စောင့်ရှောက်ခြင်း ကိစ္စကို ကျွန်ုပ်ပဲ

http://www.dhammadownload.com



ပြီးမှပေးသည်'' ဟု ပြောဆိုသည့် အလား ကလာပ်တူ ကမ္မဇရုပ်များ အခြားရုပ်တို့နည်းတူ စိတ္တက္ခဏ (၁၇) ချက်၊ ခဏငယ် (၅၁) ချက် အသက်ရှည်တွေ တည်နေ ရေးအတွက် မိဘအရာ၌ တည်၍ စောင့်ရှောက်ပေး သော ရုပ်သဘာဝဟာဖြင့် ''ဇီဝိတရုပ်'' ပဲလို့ နားလည် ရပါမည်။

## ဩဇာရုပ်

ဩဇာဆိုတာက အာဟာရဇရုပ်ကို ဖြစ်စေတတ်တဲ့ သဘောကို ခေါ်တယ်။ ဗဟိဒ္ဓဖြစ်တဲ့ အစာအာဟာရ ထဲ၌ အဆီဩဇာလို့ခေါ်တဲ့ သတ္တိရှိသလို အဇ္ဈတ္တဖြစ်တဲ့ ဤခန္ဓာကိုယ်၌လဲ အဆီဩဇာရုပ်ဆိုတာ ရှိတယ်။ ဆွမ်း ခဲဖွယ် ဘောဇဉ်ဆိုတဲ့ ကဗဠီကာရ အာဟာရကို စားမျို လိုက်သောအခါ ထိုအာဟာရ၌ပါသော ဩဇရုပ်မှ အထောက်အပံ့ရ၍ ကိုယ်တွင်းအဇ္ဈတ္တ ရုပ်ကလာပ်တို့၌ ပါရှိသော ဩဇာဓာတ်က အာဟာရဇ ရုပ်ကလာပ်ကို ဖြစ်စေတယ်။ ထို့ကြောင့် ''ဗဟိဒ္ဓဩဇာ အထောက်အပံ့ ရရှိလျှင် အာဟာရဇရုပ်ကို ဖြစ်စေနိုင်တဲ့ အဇ္ဈတ္တ ရုပ်ကလာပ်တိုင်းမှာ ပါရှိတဲ့ အဆီဓာတ် သတ္တိကို ဩဇာရုပ်ခေါ်၏'' ဟု ပိုင်နိုင်စွာ မှတ်ရာ၏။

## နိပ္ဖန္နရုပ် ၁၈-ပါး

**....ဇီဝ, ဩဇာ၊ ဆယ့်ရှစ်မှာမူ၊ လေးဖြာ ဟေတု၊ ကြောင်းစတုကြောင့်၊ ဖြစ်မှုပါလော၊ သဘော သီးသီး၊ ကိုယ်စီပြီး၍၊ ရုပ်ကြီးရူပ၊ နိပ္ဖန္နတည်။**

ဆိုခဲ့ပြီးသော ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ (ဖောဋ္ဌဗ္ဗကို ချန်၍ ကျန်သော) ဂေါစရရုပ် ၄-ပါး၊

တကိုယ်အကြုံပ်

http://www.dhammadownload.com



ဘာဝရုပ် ၂-ပါး၊ ဟဒယရုပ် ၁-ပါး၊ ဇီဝိတရုပ် ၁-ပါး၊ ဩဇာရုပ် ၁-ပါး=ဤ (၁၈) ပါးသော ရုပ်တို့သည် ဆိုင်ရာ ဆိုင်ရာ ကံစသော အကြောင်း ၄-ပါးတို့ကြောင့် ကိုယ်စီကိုယ်င သဘော အသီးသီးဖြင့် ပေါ်လော ထင်ရှားစွာ ဖြစ်တတ်ကြသောကြောင့် **နိပ္ဖန္နရုပ် ၁၈-ပါး** တို့ မည်ကြကုန်၏။

**နိပ္ဖန္နရုပ် ၁၈-ပါး ပြီး၏။**

## အနိပ္ဖန္နရုပ် ၁၀-ပါး

**ထိုမှတပါး၊ ကလာပ်ခြားမျှ၊ အာကာသတည့်။ ကာယ ဝစီ၊ နှစ်လီကိုယ် နှုတ်၊ လှုပ်မှု ရှားမှု၊ နှစ်ခု ဝိညတ်။ ရူပဿလဟု၊ မုဒု ကမ္မည၊ ဝိကာရခေါ်၊ ရုပ်သုံးဖော်ကား၊ ပေါ့ပါး နူးညံ့၊ ကျန်းခံ့မှုရာ။ တဖြာ ထိုမှ၊ ဥပစယ အဝပွားတိုး၊ အရိုးပြည့်မှီ၊ တည်စဉ်သန္တတိ ရင့်ဘိဇရာ၊ ပျက်မှာ အနိစ္စ၊ ဤလေးဝမှု၊ လက္ခဏရုပ်၊ ခေါ်သမုတ်၏။ ရုပ်ပေါင်းဆယ်တန်၊ အနိပ္ဖန်တည့်။ နိပ္ဖန်ဆယ့်ရှစ်၊ ပေါင်းတုံလစ်က၊ ရှစ်ခုနှစ်ဆယ်၊ ရုပ်နှစ်ဆယ်သည်.... အကျယ် ရူပကဏ္ဍာတည်း....။**

### အာကာသဓာတ်

ရုပ်ကလာပ်များ တစ်ခုနှင့်တစ်ခု မရောယှက်အောင် ပိုင်းခြားကန့်သတ်၍ ပေးမှုသဘော၊ ရုပ်ကလာပ် တစ်ခု တစ်ခုတို့၏ အကြားအကြား သဘောသည် အာကာသဓာတ် အာကာသရုပ် မည်၏။ ပရိစ္ဆေဒရုပ် ဟုလည်း ခေါ်၏။

တဟ်ဟာအကြိုပ်

http://www.dhammadownload.com



## ဝိညတ် ရုပ် ၂-ပါး

ကိုယ်လှုပ်သောအခါ၊ နှုတ်ဖြင့် ပြောဆိုသောအခါ တို့၌ လှုပ်ရှားသော ကိုယ်၏အတွင်း၌ ထိုရုပ်ရှင်၏ အလိုကို သိစေနိုင်သော သတ္တိတစ်ခု ပါရှိသည်။ ဥပမာ- လူတစ်ယောက်က လူတစ်ယောက်ကို လက်ယပ်၍ ခေါ် သောအခါ ထိုလက်ယပ်ခေါ်သော သူ၏ လှုပ်ရှားသော လက်အတွင်း၌ ဝါယောဓာတ် လွန်ကဲသည့် လှုပ်ရှား သည့် စိတ္တဇရုပ်ကလာပ်တို့ ဖြစ်ပွားကြရာ ထိုရုပ်ကလာပ် တို့၏အတွင်း၌ ဝါယောဓာတ်၏ အဖော်သဘော ဖြစ် သော လက်လှုပ်သူ၏အလိုကို သိစေနိုင်သော သတ္တိထူး တစ်ခု ပါရှိတယ်။ ထိုအမူအရာ သတ္တိ ထူးကြောင့်ပင် ဝိညတ်ရှင်၏ ''မိမိထံ လာစေလိုသောအလို''ကို သိရ လေသည်။ ထိုသို့ ဝိညတ်ရှင်၏အလိုကို သိစေနိုင်သော သတ္တိထူးကို ကာယဝိညတ်=ဝိညတ်ရှင်၏ အလိုကို သိစေ တတ်သော အမူအရာရုပ်ဟူ၍ ခေါ်သည်။ ထိုဝိညတ်ရုပ် ကား မျက်စိဖြင့် မမြင်ရ၊ စိတ်ဖြင့်သာ စဉ်းစား၍ သိရ မည့် သတ္တိထူးဖြစ်သည်။

နှုတ်ဖြင့် ပြောဆိုသောအခါ ထိုသူ၏ သန္တာန်၌ ပြောလိုသောစိတ်ကြောင့် ဖြစ်သော-

(၁) ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ သဒ္ဒ၊ ဝစီဝိညတ် ဟူ၍= ''သဒ္ဒဝစီ- ဝိညတ္တိဒသကကလာပ်''။

(၂) ထိုရုပ် ၁၀-ပါး၌ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ရုပ် ၃-ပါး ထည့်၍ ''သဒ္ဒဝစီဝိညတ္တိ- လဟုတာဒိ တေရသကကလာပ်''တို့ ဖြစ်ကြရာ ထို

http://www.dhammadownload.com



ကလာပ်များအတွင်း၌ ပါရှိသော အသံရှင်၏ အလိုကို သိစေတတ်သော အမူအရာသတ္တိရုပ် တစ်မျိုးပါရှိသည်။ ယင်းသတ္တိ ရုပ်ကြောင့်ပင် နှုတ်သံရှင်၏ သွားစေလို၊ လာစေလို စသော အလိုဆန္ဒကို သိကြရသည်။ ယင်းသို့ ''နှုတ်သံရှင်၏ အလိုဆန္ဒကို သိစေနိုင်သော အမူအရာ သတ္တိထူးကို ဝစီဝိညတ်ရုပ်ဟူ၍ ခေါ်သည်။ ထိုဝစီဝိညတ် ရုပ်လည်း စိတ်ဖြင့်သာသိရသည့် သတ္တိထူးဖြစ်သည်။

## ဝိကာရရုပ် ၃-ပါး

(၁) ရူပဿလဟုတာ = နိပ္ဖန္နရုပ်တို့၏ ပေါ့သွား သွက်လက်မှုဂုဏ်ကို ရူပဿလဟုတာဟု ခေါ်၏။

(၂) ရူပဿမုဒုတာ= နိပ္ဖန္နရုပ်တို့၏ နူးညံ့ပြေပြစ်မှု ဂုဏ်ကို ရူပဿမုဒုတာဟု ခေါ်၏။

(၃) ရူပဿကမ္မညတာ=နိပ္ဖန္နရုပ်တို့၏ ထိုထိုအမှု၌ ခံ့ကျန်းမှု ဂုဏ်ကို ရူပဿကမ္မညတာ ဟု ခေါ်၏။ ဤ (၃) မျိုးတို့သည် တရားကိုယ် သီးခြားမရကောင်း၊ နိပ္ဖန္နရုပ်တို့၏ ထူးခြားမှု ဂုဏ်သတ္တိမျှဖြစ်၍ စိတ်ဖြင့်သာ သိရသည့် သဘောတို့ ဖြစ်ကြသည်။

## လက္ခဏာရုပ် ၄—ပါး

ခန္ဓာငါးပါး ရုပ် နာမ်တရားတိုင်း၌ ဖြစ်ပေါ်ခြင်း= ဇာတိ၊ တည်ခြင်း=ဌီခဏ၊ ဇရာ+ပျက်ခြင်း=မရဏ ဟူ၍ ခဏပိုင်း သုံးပိုင်းစီရှိကြရာ ရုပ်ခန္ဓာတို့၏ ဖြစ်ပေါ်ခြင်း ဥပါဒ်ခဏ ဇာတိကို ဥပစယ၊ သန္တတိ ဟု နှစ်မျိုးခွဲရ သည်။ ထိုတွင်—

(က) တစ်ဘဝ တစ်ဘဝ၌ ရသင့် ရထိုက် သော ရုပ်ကလာပ်တို့ မပြည့်စုံသေးမီ အချိန်အတွင်း ဖြစ်ပေါ်

http://www.dhammadownload.com



သော ရုပ်ကလာပ်တို့၏ ဥပါဒ်ခဏကို ဥပစယ (အစပွားတိုး)ဟု ခေါ်၏။

(ခ) တစ်ဘဝ တစ်ဘဝ၌ ရသင့်ရထိုက် သော ရုပ်ကလာပ်တို့ ပြည့်စုံပြီ ဆိုတဲ့ အချိန်ကစ၍ နောက်နောင် ရုပ်ကလာပ်တို့ရဲ့ ဥပါဒ်ခဏကို သန္တတိ (အရိုးပြည့်မှီ တည်စဉ်သန္တတိ)ဟု ခေါ်၏။

ဥပမာ– ယခု တရားဟော၊ တရားနာနေကြတဲ့ ဂဗ္ဘသေယျက=အမိဝမ်းခေါင်း ကိန်းအောင်းကြရတဲ့ ပုဂ္ဂိုလ်တွေအဖို့ ဒီဘဝ ပဋိသန္ဓေခဏမှာ ကာယ၊ ဘာဝ၊ ဝတ္ထု ဆိုတဲ့ ဒသကကလာပ် သုံးမျိုးက စဖြစ်တယ်။ ပထမ ခုနစ်ရက်မှာ ဒီဘဝ၌ ရသင့်ရထိုက်တဲ့ ရုပ်ကလာပ်တွေ မစုံသေးဘူး၊ ဒုတိယ ခုနစ်ရက်မှာလဲပဲ မစုံသေးဘူး၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမ၊ သတ္တမ၊ အဋ္ဌမ၊ နဝမ၊ ဒသမ၊ ခုနစ်ရက်ထိအောင် မစုံသေးပါဘူး၊ ကောဒသမ ခုနစ်ရက်မြောက်လို့ ဆိုတဲ့ (ကလလရေကြည် တည်ပြီးတဲ့နောက်) ၂–လခွဲနှင့် ၂–ရက်မြောက်ရောက်တော့မှ ဒီဘဝ၌ ရသင့်ရထိုက်တဲ့ ရုပ်ကလာပ်များစုံတယ်။ ၂–လခွဲနှင့် ၂–ရက်မြောက် ရောက်တော့မှ မျက်စိ၊ နား၊ နှာ၊ လျှာ ဆိုတဲ့ ပသာဒရုပ်တွေ ဘွားကနဲ ဖြစ်လို့ အဲဒီအချိန်က စပြီး ရုပ်ကလာပ်တွေ စုံလင်ပါတယ်။ ဒီတော့ ရှေ့ပိုင်း ရုပ်ကလာပ်တွေ မစုံသေးတဲ့ ၂–လခွဲနှင့် ၇–ရက်ကယ်၊ စုံပြီးတဲ့နောက် အနှစ် ၁၀၀–ထိအောင် မျှော်ကြည့်ထားပါ။

ကလလ ရေကြည် တည်နေသည်မှစ၍ ၂–လခွဲနှင့် ၇–ရက်တိုင်အောင် ဤအတွင်း ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်ကလာပ်တို့ရဲ့ ဥပါဒ်ခဏတိုင်း ဥပါဒ်ခဏတိုင်းကို

http://www.dhammadownload.com



''ဥပစယ'' လို့ ခေါ်တယ်။ ၂-လခွဲနှင့် ၇-ရက်မြောက် ရုပ်ကလာပ်တွေ စုံပြီးတဲ့နောက် အသက် ၁၀၀-တိုင်အောင် ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်ကလာပ်တို့ရဲ့ ဥပါဒ်ခဏတိုင်း ဥပါဒ်ခဏတိုင်းကို ''သန္တတိ'' လို့ ခေါ်တယ်။

ဇရတာ ကလလ ရေကြည် တည်ချိန်ကစ၍ အနှစ် ၁၀၀-တိုင် ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်ကလာပ်တို့၏ ဌီခဏတို့ကို ဇရတာ လို့ ခေါ်တယ်။

အနိစ္စတာ။ ရုပ်ကလာပ်တိုင်း တို့ရဲ့ ဘင်ခဏကို အနိစ္စတာလို့ ခေါ်တယ်။ ဤ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ လေးပါးတို့ကို လက္ခဏရုပ် လေးပါးဟူ၍ ခေါ်တယ်။

ဤ ဆိုအပ်ပြီးသော ပရိစ္ဆေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး၊ ဝိကာရရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါး၊ ဤ ၁၀-ပါးတို့ကို အနိပ္ဖန္နရုပ် ၁၀-ပါးဟု ခေါ်၏။ ရှေ့ နိပ္ဖန္နရုပ် ၁၈-ပါးတို့နှင့် ပေါင်းသော် ရူပက္ခန္ဓာအကျယ် ရုပ် ၂၈-ပါးဖြစ်၏။ ။

(၁) ရူပက္ခန္ဓာ ပြီး၏။

---

## (၂) ဝေဒနာက္ခန္ဓာ

ပဉ္စဝဂ္ဂီမထေရ်တို့ ကျတော့ အင်မတန် ဉာဏ်ပညာ ထူးခြွန်ထက်သန်တဲ့ = တိက္ခိန္ဒြိယ ပုဂ္ဂိုလ်တွေ ဖြစ်တော့ ''ဝေဒနာ''ဆိုတဲ့ အသံကို ကြားလိုက်ရလျှင်ပင် ခံစားမှု ဆိုတဲ့ သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာသဘောတို့ကို အကျယ် မြင်သွားကြတယ်။ သူ တို့ မြင် သ လို မိမိတို့လဲ မြင်နိုင်

http://www.dhammadownload.com



အောင် လေ့လာရပါမယ်။ လယ်တီဆရာတော်ဘုရားကြီးက ဝေဒနာအတွက် ဘယ်လိုရေးခဲ့သလဲဆိုယင်—

''ခံစားစံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊ ဝေဒနာစေတ်၊ ခန္ဓာမှတ်လေ။ သုံးရပ်ဝေခွဲ၊ ဆင်းရဲ+ချမ်းသာ၊ ဥပေက္ခာမှု၊ လျစ်လျူခံစား၊ မထင်ရှားတည့်။ ငါးပါးအလို၊ တစ်ပုံဆိုသော်၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာ+ဆင်းရဲ၊ လျစ်လျူခွဲလေ။ တစ်နဲ့ ထို့ဖြင့်၊ အမြင်+အကြား၊ အနံ့အားနှင့်၊ စားလျက်+တွေ့ထိ၊ ကြံသိခြောက်ဖြာ။ ချမ်းသာ + ဆင်းရဲ၊ လျစ်လျူခွဲငြား၊ ဆယ့်ရှစ်ပါးတည့်။ သုံးပါးကာလ၊ ပွားကတုံသေး၊ ငါးဆယ့်လေးရှင့်။ တရေးသန္တာန်၊ နှစ်ပွားပြန်က၊ ဟစ်ရာ့ရှစ်ပင်၊ အကျယ်မြင်လေ့။

လောကမှာ ခံစားတယ်၊ စံစားတယ်လို့ စကားနှစ်မျိုး ပြောဆိုယူရတဲ့ သက်သာမှု=သုခသဘော၊ မသက်သာမှု=ဒုက္ခသဘော၊ ဒီသဘော ၂–မျိုးကို အတိုချုပ်အားဖြင့် ဝေဒနာက္ခန္ဓာလို့ ခေါ်တယ်။ (ဤစကားတွင် ဥပေက္ခာကား သုခသဘော၌ သက်ဝင်သွားသည်။) မသက်သာမှု= ဒုက္ခဝေဒနာ ဖြစ်နေသည်ကို ''ဒုက္ခဝေဒနာကို ခံစားနေရတယ်'' လို့ ပြောဆိုကြရတယ်။ သက်သာမှု=သုခဝေဒနာဖြစ်နေသည်ကို ''ချမ်းသာသုခ ခံစားနေရတယ်'' လို့ ပြောဆိုကြရတယ်။ (ယေဘုယျစကားဖြစ်တယ်။) ခံစားဆိုလျှင် ဝေဒနာအားလုံးနှင့် သက်ဆိုင်သည်ဟု မှတ်ယူရပါမည်။ ယခု ပြောခဲ့တာက ဝေဒနာကို နှစ်စုထား၍ ပြောကြားခြင်းဖြစ်သည်။

http://www.dhammadownload.com



ဝေဒနာကွန္ဒာကို သုံးစုထား၍ မှတ်သားလိုပါလျှင်....

(၁) မသက်မသာ ဆင်းရဲစွာ ခံစားမှု=ဒုက္ခဝေဒနာ၊

(၂) သက်သက်သာသာ ချမ်းသာစွာ ခံစားမှု=သုခဝေဒနာ၊

(၃) မသက်သာသည်လည်း မဟုတ်၊ သက်သာသည်လည်း မဟုတ်ဘဲ အလယ်အလတ် လျစ်လျူခံစားမှု=ဥပေက္ခာ ဝေဒနာ။ ဤသို့ ဝေဒနာသည် သုံးမျိုး အပြား ရှိပါတယ်။

(ဝေဒနာ ၅-ပါး) = ဝေဒနာကို ငါးစု ထား၍ မှတ်သားလိုပါလျှင်....

(၁) ကိုယ်၌ မှီ၍ဖြစ်သော သက်သက်သာသာ ခံစားမှု=ကာယိက သုခဝေဒနာ၊

(၂) စိတ်၌ မှီ၍ဖြစ်သော သက်သက်သာသာ ခံစားမှု=စေတသိက သုခဝေဒနာ၊ (၎င်းကို သောမနဿ ဝေဒနာဟု ခေါ်၏။)

(၃) ကိုယ်၌မှီသော မသက်မသာ ဆင်းရဲစွာ ခံစားမှု=ကာယိကဒုက္ခ ဝေဒနာ၊

(၄) စိတ်၌ မှီ၍ဖြစ်သော မသက်မသာ ဆင်းရဲစွာ ခံစားမှု=စေတသိကဒုက္ခ ဝေဒနာ၊ (၎င်းကို ဒေါမနဿ ဝေဒနာဟု ခေါ်၏။)

(၅) ''ဥပေက္ခာ ဝေဒနာကား ကာယိက၊ စေတသိက ၂-မျိုးမပြား စေတသိက=စိတ်၌သာမှီပြီး ဖြစ်တတ်တယ်။'' ထို့ကြောင့် မထင်မရှား အလယ်အလတ် ခံစားမှု=ဥပေက္ခာ၊ ဤသို့ ဝေဒနာသည် ငါးမျိုးရှိတယ်။

http://www.dhammadownload.com



(ဝေဒနာ ၆–ပါး) = ဝေဒနာကို ခြောက်စုထား၍ မှတ်သားလိုပါလျှင်....

(၁) အမြင်နှင့် စပ်၍ဖြစ်တဲ့ ဝေဒနာ၊
(၂) အကြားနှင့် စပ်၍ဖြစ်တဲ့ ဝေဒနာ၊
(၃) နမ်းရှူမှုနှင့် စပ်၍ဖြစ်တဲ့ ဝေဒနာ၊
(၄) စားမှု လျက်မှုနှင့် စပ်၍ဖြစ်တဲ့ ဝေဒနာ၊
(၅) ထိမှုနှင့် စပ်၍ဖြစ်တဲ့ ဝေဒနာ၊
(၆) သိမှုနှင့် စပ်၍ဖြစ်တဲ့ ဝေဒနာ၊ ဤသို့ဝေဒနာသည် ခြောက်မျိုးရှိတယ်။

(ဝေဒနာ ၁၈–ပါး) = ဆိုခဲ့ပြီးသော ဝေဒနာ ခြောက်မျိုးကို တစ်မျိုး တစ်မျိုးလျှင်—

၁။ သက်သက်သာသာ ခံစားမှု=သုခဝေဒနာ၊
၂။ မသက်မသာ ခံစားမှု=ဒုက္ခ ဝေဒနာ၊
၃။ မထင်မရှား ခံစားမှု=ဥပေက္ခာ ဝေဒနာ....ဤ သုံးမျိုးဖြင့် မြှောက်ပွားလျှင် ဝေဒနာသည် တစ်ဆယ့် ရှစ်မျိုး ဖြစ်တယ်။

(ဝေဒနာ ၅၄–ပါး) = ထိုဝေဒနာ ၁၈–ပါးကို တည်၍—

(က) အတိတ်အခါ ခံစားခဲ့ဖူးသည်ကား ၁၈–ပါး၊
(ခ) ပစ္စုပ္ပန်အခါ ခံစားနေဆဲကား ၁၈–ပါး၊
(ဂ) အနာဂတ်၌ ခံစားလတ္တံ့က ၁၈–ပါး....ဤသို့ ကာလသုံးပါးဖြင့် မြှောက်ပွားလျှင် ဝေဒနာသည် ငါးဆယ့်လေးမျိုး ဖြစ်တယ်။

(ဝေဒနာအကျယ် ၁၀၈–ပါး) = ထိုဝေဒနာ ၅၄–ပါးတို့ကို တည်၍—

(၊) ၆၆ ခံစားမှု ၅၄–ပါး၊

(။) သုတပါး ခံစားမှု ၅၄–ပါး.... ဤသို့ သန္တာန်နှစ်ပါးနှင့် မြွက်ပွားလျှင် ဝေဒနာဟာ အကျယ်ဆုံး တစ်ရာ့ရှစ်ပါး ဖြစ်ပါတယ်။ ဒီထက်တော့ ကျယ်စရာ မရှိဘူးတဲ့။

ဤ ဆိုအပ်ပြီးသည့်အတိုင်း ဝေဒနာ ၂–ပါးမှသည် ၁၀၈–ပါးတိုင် လေ့လာမှတ်သား ထားရှိပါက "ဝေဒနာ" လို့ အသံကို ကြားလိုက်ရယင် ဝေဒနာ ၁၀၈–ပါးကို ဉာဏ်နဲ့ မြင်သွားနိုင်တယ်။ ပဋ္ဌဝင္ဂီ မထေရ်တို့ တရားနာတဲ့အခါ ဝေဒနာဆိုတဲ့ အသံကို ကြားရလျှင်ပင် **ခံစားမှု ၁၀၈–ကို ဉာဏ်ဖြင့်** မြင်သွားကြတယ်။ မြင်ကြလို့ **လဲဝ သူတို့ အရဟတ္တဖိုလ်ပေါက်** ရောက်တော်မူကြ**တယ်။**

## (၂) ဝေဒနာကမ္မဋ္ဌာ ပြီး၏။

---

## (၃) သညာကမ္မဋ္ဌာ လင်္ကာ

....ထို့ပြင်သညာ၊ ခန္ဓာမှာကား၊ လိမ္မာ…တ်သိ၊ ခေါ်ကြဘိရှင့်။ လူ၏ဘောင်မှာ၊ လူတဏှာနဲ့၊ လိမ္မာမြိမ့်၊ မှတ်စွဲဖြာဖြာ၊ ဤသညာပင်။ နတ်မှာ နတ်လျော်က်၊ လိမ္မာမြွက်၏။ အောက်အပါယ်သား၊ ကျွဲ+နွား+မြင်း+ဆင်၊ မြင်မြင်သမျှ၊ အနန္တလည်း၊ ဘာဝဘာဝ၊ သိတတ်ကြ၏။ လောကအလုံး၊ မျှော်မဆုံးအောင်၊ အသုံးတွင်စွာ၊ အလိမ္မာဟု၊ အချာအချုပ်၊ ခေါ်သမုတ်၏။ မှုဆိုးတံငါ၊ သူ့အစွန့်၊

http://www.dhammadownload.com



**လိမ္မာကျွမ်းကျင်၊ သညာပင်တည့်၊ သို့စဉ်နည်းဖြ၊ သိကုန်ကြလေ့။ ရူပသညာ၊ စသည်ဖြာသား၊ သညာအပြား၊ အကျဉ်းအားဖြင့်၊ ခြောက်ပါးလာရှိ၊ ပွားပြန်အိမ္မူ၊ မြေသိ + ရေသိ၊ နေ + လ သိက၊ စရှိသွယ်သွယ်၊ မဆုံးဖွယ်သည်....၊ အကျယ်သညာ-ကွန္ဒာတည်း။ ။**

လူ့လောကမှာ လိမ္မာတယ်၊ တတ်တယ်၊ သိတယ်လို့ ခေါ်ဝေါ်ပြောဆို သုံးနှုန်းနေတဲ့ သဘာဝဟာ ဖြင့် သညာကွန္ဒာပဲ။

လူ့လောကမှာ လူတကာနည်းတူ ရောင်းတတ်တယ်၊ ဝယ်တတ်တယ်၊ ပြောတတ်တယ်၊ ဆိုတတ်တယ်၊ သိပ်လိမ္မာတာပဲလို့ အဲဒီလို ပြောဆိုရတဲ့ သဘောတွေ၊ (အချုပ်အားဖြင့်) လောကီရေးရာ လိမ္မာပါးနပ်မှု သဘောတွေ၊ ဒါတွေဟာ သညာတွေပဲ၊ သညာပါးတွေပဲ၊ ပညာပါးမဟုတ်ဘူး။ နတ်ပြည်လောကမှာ ဘ်တို့၏ အမှုကိစ္စ၌ လိမ္မာကျွမ်းကျင်မှုတွေဟာ နတ်တို့ရဲ့ သညာပဲ။

အောက် အပါယ်ဘုံသား ကျွဲ + နွား + မြင်း + ဆင် မြင်သမျှတိရစ္ဆာန်တွေလဲ သူ့သဘာဝအထိုက်အလျောက် သိတတ်ကြတယ်၊ ထိုအသိမျိုးသည် သညာသိသာ ဖြစ်တယ်၊ ပညာသိမဟုတ်ဘူး။

လောကကြီးတစ်ခုလုံးမှာ လောကီရေးရာ လိမ္မာပါပေတယ်၊ ပါးနပ်ပါပေတယ်လို့ မျှော်မဆုံးနိုင်အောင် သုံးစွဲပြောဆိုယူရတဲ့ သဘာဝဟာဖြင့် သညာပါပဲ။ မဲဆိုးများ၊ တံငါများ သူတို့နဲ့ဆိုင်ရာ နယ်ပယ်မှာ လိမ္မာမှု၊

http://www.dhammadownload.com



ကျွမ်းကျင်မှု ရှိကြတယ်။ **လူသာမန်တစ်ယောက်** တောထဲ ဝင်သွားလို့ **ဘာမှန်းမှ မသိဘူး။** မုဆိုးတစ်ယောက် တောထဲရောက်ယင် "**ဒီတောထဲမှာ** ကျားရှိတယ်၊ ဆင်ရှိတယ်၊ ကျားသစ်ရှိတယ်ဆိုတာကို သူ ကောင်းကောင်း သိတယ်။ သာမန်လူတစ်ယောက် တောထဲဝင်သွားယင် တောနံ့ပဲထင်တယ်၊ မုဆိုးကျတော့ "ဒါ ဆင်နံ့၊ ဒါ ကျားနံ့၊ ဒါ ကျားသစ်နံ့" အကုန်ခွဲပြီးသိတယ်။

တံငါကလဲ ထို့အတူပဲ၊ ရေပွက်တာကို မြင်လျှင်ပင် "ဒီ ငါးဟာ ဘယ်လောက်ကြီးတယ်၊ ဘယ်ငါးမျိုးပဲ" လို့ သူတို့ပြောတတ်တယ်။ အရပ်သား လူသာမန်က တော့ ရေပွက်တာကို မြင်ယင် ရေပွက်ကာပဲသိတယ်၊ ပုဇွန်ပွက်တာ၊ ငါးပွက်တာ လို့ ခွဲခြားမသိဘူး။ ဥပလက္ခဏနည်း မှတ်နိုင်ရုံ ဤမျှလောက်ပြယင် အကျယ် ဖြန့်ပြီး သိကြပါကုန်။

လိမ္မာပါးနပ်မှု = သညာအဝဝကို ခြုံပြီး စဉ်းစား ကြည့်ယင်–

(၁) အဆင်း အမျိုးမျိုးနဲ့ ပတ်သက်၍ ပါးနပ် လိမ္မာမှု=ရူပသညာ၊

(၂) အသံ အမျိုးမျိုးနဲ့ ပတ်သက်၍ ပါးနပ်လိမ္မာမှု= သဒ္ဒသညာ၊

(၃) အနံ့ အမျိုးမျိုးနဲ့ ပတ်သက်၍ ပါးနပ်လိမ္မာမှု= ဂန္ဓသညာ၊

(၄) အရသာ အမျိုးမျိုးနဲ့ ပတ်သက်၍ ပါးနပ် လိမ္မာမှု=ရသသညာ၊

(၅) အတွေ့အမျိုးမျိုးနဲ့ ပတ်သက်၍ ပါးနပ် လိမ္မာမှု = ဖောဋ္ဌဗ္ဗသညာ၊

http://www.dhammadownload.com



(၆) ရုပ် နာမ်မျိုးစုံ ဓမ္မာရုံနဲ့ ပတ်သက်၍ ပါးနပ် လိမ္မာမှု=ဓမ္မသညာ လို့ သညာအပြား အကျဉ်းအားဖြင့် ခြောက်ပါးရှိတယ်။

ထို့ထက် အကျယ်ပွားကြည့်မယ်ဆိုယင် မြေကြီးကို မြေကြီးမှန်း သိတာ၊ ရေကို ရေမှန်းသိတာ၊ နေကို နေမှန်း သိတာ၊ လကို လမှန်းသိတာ၊ နက္ခတ်ကို နက္ခတ်မှန်းသိတာ၊ ကြယ်တာရာကို ကြယ်တာရာ မှန်း သိတာ အစရှိတဲ့ ဒီအသိတွေဟာ သညာက္ခန္ဓာချည်း ပါဘဲ။

ပဉ္စပဋ္ဌိ မထေရ် ငါးဦးတို့ကျတော့ "သညာ" လို့ ဆိုလိုက်ယင် ယခု ပြောခဲ့တဲ့ ပါးနပ်မှု သဘောတွေကို အကျယ်တဝင့် ဖြန့်ပြီး ဉာဏ်ထဲမှာ သိမ်းကျုံး မြင်သွား ကြတယ်။ အဲဒီလို မြင်နိုင်အောင်လို့ ယနေ့ တရားဟော တရားနာပုဂ္ဂိုလ်တွေ ဒီသဘောတွေကို လေ့လာနေကြ ရတယ်။

**(၃) သညာက္ခန္ဓာ ပြီး၏။**

---

## (၄) သင်္ခါရက္ခန္ဓာ လက္ခဏ

(ဤ သင်္ခါရက္ခန္ဓာ၌ အညသမာန်းရာသီ၊ အကု သလရာသီ၊ သောဘဏရာသီ =သုံး စု ပြား သော ကြောင့် လက္ခဏကိုလည်း သုံးစုခွဲ၍ ရေးသား ဖော်ပြ ပါမည်။)

**ကာယ ဝစီ၊ မနောပြီတည့်၊ သုံးလီကမှု၊ သင်္ခါရ မူ၊ ဓမ္မထင်ရှား၊ ငါးဆယ်ပြား၏။ တွေ့ငြား ဖဿ၊**

ကော်ယာကြီး

http://www.dhammadownload.com



**ဆော်ထ စေတနာ၊ ကေဂ္ဂါမူ၊ တည်ကြည်ဟူ၏။ သက်မူဇီဝိ၊ မနသိကာ၊ နှလုံးထားတည့်၊ ခုနစ်ပါး ဝမ္မ၊ စိတ်တိုင်းရ၏။ တက္က ကြံခြင်း၊ ခွဲရစ်ခြင်းမှာ၊ ဝိစာရမှတ်၊ ဆုံးဖြတ် မိမောက္ခ၊ ဝီရိယနှင့်၊ ဆန္ဒ ပီတိ၊ ထင်ရှားဘိ၏။**

သဗ္ဗဒါရက္ခန္ဓာ ငါးဆယ်ကို ခြုံပြီးကြည့်လိုက်ယင် ကာယကံမှု ပြုပြုသမျှတွေ၊ ဝစီကံမှု ပြောဆိုသမျှတွေ၊ မနောကံမှု ကြံကြံသမျှတွေ၊ ဒီသုံးမျိုးကိုပဲ သိမ်းကျုံးပြီး သင်္ခါရက္ခန္ဓာလို့ ခေါ်လိုက်ကြပါစို့။ အဲဒီ သင်္ခါ–ရက္ခန္ဓာ သုံးမျိုးတို့ကို အကျယ် ဖြန့်ချီလိုက်ယင် ဖဿ၊ စေတနာ စသည်ဖြင့် အကျယ် ၅၀–ရှိတယ်။

အာရုံကို တွေ့ခြင်းသဘောကို ဖဿစေတသိက် ခေါ်တယ်။ အာရုံနဲ့ အာရမ္မဏိကတို့ တိုက်မိဆိုင်မိအောင် လှုံ့ဆော်ပေးမှုသဘောကို စေတနာစေတသိက် ခေါ်တယ်။ အာရုံ၌ တည်ကြည်မှုသဘောကို ဧကဂ္ဂတာစေတသိက်ခေါ်တယ်။ နာမ်တရားတို့ ခဏငယ်သုံးချက် အသက်စေ့နေနိုင်အောင် စောင့်ရှောက်ပေးမှုသဘောကို ဇီဝိတိန္ဒြေစေတသိက်ခေါ်တယ်။ စိတ်နှလုံး၌ အာရုံကို သွင်းထားသကဲ့သို့ အာရုံနှင့်စိတ် တွေ့မိအောင် ကျေးဇူး ပြုပေးမှုကို မနသိကာရ စေတသိက် ခေါ်၏။ ဤ စေတသိက်ငါးပါးတို့ကိုစိတ်တိုင်းစိတ်တိုင်း၌ရနိုင်တယ်။ ဝေဒနာ၊ သညာတို့နှင့် ပေါင်းလျှင် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါးဖြစ်တယ်။

(ပကိဏ်း စေတသိက် ၆–ပါး) = အာရုံကို ကြံခြင်း သဘောကို ဝိတက်စေတသိက်ခေါ်၏။ အာရုံကို သုံးသပ်

http://www.dhammadownload.com



ခြင်း=အာရုံ၌ တရစ်ဝဲဝဲနေသကဲ့သို့ ဖွဲ့ရစ်ခြင်း သဘော ကို ဝိစာရစေတသိက်ခေါ်၏။ အာရုံကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ပိုင်းခြားဆုံးဖြတ်မှု သဘောကို အဓိမောက္ခစေတသိက် ခေါ်၏။ အားထုတ်ခြင်း= ဝီရိယ စေတသိက်၊ အာရုံကို အလိုရှိသကဲ့သို့ ဖြစ်ခြင်း= ဆန္ဒ စေတသိက်၊ အာရုံကို နှစ်သက်ခြင်း= ပီတိစေတသိက်တို့ ကား ထင်ရှားပါ၏။ ဤ စေတသိက် ၆-ပါးတို့ကို ''အချို့ စိတ်၌ယှဉ်၍ အချို့စိတ်၌မယှဉ်သောကြောင့်'' ပကိဏ်း စေတသိက် ၆-ပါး ဟု ခေါ်၏။

''ကောင်းဆိုးနှစ်တန်၊ ခပ်တိုင်းငန်၊ သမာန်အည- တေရသ'' သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး၊ ပကိဏ်း စေတသိက် ၆-ပါး၊ ဤ ၁၃-ပါးသော စေတသိက်တို့သည် (နောက်၌ဖော်ပြမည့်) သောဘဏ စိတ်၊ အသောဘဏစိတ် ၂-မျိုးတို့၌ ယှဉ်တတ်ကြသဖြင့် ''သောဘဏစိတ်နှင့်ယှဉ်ခိုက် အသောဘဏစိတ်မှတပါး သောဘဏစိတ်နှင့် သဘောတူ သောကြောင့် လည်း ကောင်း၊ အသောဘဏစိတ်နှင့်ယှဉ်ခိုက် သောဘဏစိတ် မှတပါး အသောဘဏစိတ်နှင့် သဘောတူသောကြောင့် လည်းကောင်း'' အညသမာန်း စေတသိက်တို့ မည်ကုန် ၏။ ။(အညသမာနပုဒ်ဝယ် သောဘဏစိတ်နှင့် ယှဉ် ခိုက် အသောဘဏစိတ်သည် အည၏ အပါဒါန် + အသောဘဏစိတ်နှင့် ယှဉ်ခိုက် သောဘဏ စိတ်သည် **အည၏ အပါဒါန်ဖြစ်သည်ကို** အချင်းချင်း ဆွေးနွေး **သတိပြုရာ၏။**)

**အညသမာန်းရာသီ စေတသိက် ၁၃-ပါး ပြီး၏။**

တတိယအကြိမ်

http://www.dhammadownload.com



## အကုသလရာသီ စေတသိက် ၁၄-ပါး လင်္ကာ

**မသိမလင်း၊ မထိုးထွင်းချက်၊ မောဟနက်တည့်။ ရှက်+ကြောက်မရှိ၊ အဟိရိက၊ နောတ္တပ္ပမည်၊ မတည်ကြည်က၊ ဥဒ္ဓစ္စမှု၊ ဤလေးခုကား၊ အကုသိုလ်တွင်၊ စိတ်တိုင်းယှဉ်၏။ လိုချင်လောဘ၊ မာနထောင်လွှား၊ မြင်မှားဒိဋ္ဌိ။ ကြမ်းဘိဒေါသ၊ မနှစ်ရပန်တို၊မနာလိုဣဿာ၊ တဖြာကုက္ကုစ္စ နောင်တပူပင်၊ မရှင်မကြည်၊ ထိုင်းမှိုင်းသည်မှာ၊ နှစ်မည်ထိ+မိဒ်၊ စိတ်ထဲခွဲဟာ၊ နှစ်ခွနေဘိ၊ ဝိစိကိစ္ဆာ....။**

မောဟဆိုတဲ့ စကားက ပါဠိစကား၊ လူတွေနှုတ်ဖျားမှာ ''ဒီကောင် မောဟကြီးလိုက်တာ'' လို့ လူ့နှုတ်ဖျားမှာ လူ့စကား အရပ်စကား ဖြစ်နေတယ်။ မသိမသင်းဆိုသည်မှာ ဒုက္ခကို ဒုက္ခမှန်း၊ ဒုက္ခသမုဒယကို ဒုက္ခသမုဒယမှန်း၊ ဒုက္ခနိရောဓကို ဒုက္ခနိရောဓမှန်း၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါကို ဒုက္ခနိရောဓဂါမိနီ ပဋိပဒါမှန်း မသိတဲ့၊ မလင်းတဲ့၊ မထိုးထွင်းတဲ့သဘောကို မောဟစေတသိက်လို့ ခေါ်တယ်။ **အချုပ်အားဖြင့်** သစ္စာလေးပါးတရားအမှန်ကို မသိခြင်းကို **မောဟ**လို့ ခေါ်တယ်။ ဒုစရိုက်မှုကို ရှက်ရမှန်းမသိ၊ ကြောက်ရမှန်းမသိ၊ မရှက်မကြောက်ခြင်း သဘောကို အဟိရိကစေတသိက်၊ အနောတ္တပ္ပ စေတသိက်လို့ ခေါ်တယ်။ အာရုံ တစ်ခုတည်း၌ တည်တည်ကြည်ကြည် မနေနိုင်အောင် ပျံ့လွင့်ခြင်းသဘောကို ဥဒ္ဓစ္စစေတသိက် ခေါ်တယ်။ ယခုပြောခဲ့တဲ့ မောဟ၊ **အဟိရိက၊ အနောတ္တပ္ပ**၊ ဥဒ္ဓစ္စ၊ ဤ စေတသိက် ၄-ခုဟာ **အကုသိုလ်** စိတ်တိုင်းစိတ်တိုင်းမှာ

http://www.dhammadownload.com



အမြဲယှဉ်ကြတယ်။ သင်္ဂြိုဟ်ကျမ်း၌ ''သဗ္ဗအကုသလ-သာဓာရဏ'' စေတသိက်ဟု အမည်တပ်၍ လယ်တီဆရာတော် ဘုရားကြီး ကမူ ''မောစတုက် စေတသိက်လေးခု'' ဟု အမည်တပ်တယ်။

လိုချင်တပ်မက်တဲ့ သဘောကို လောဘစေတသိက်၊ ထောင်လွှားတက်ကြွားမှု သဘောကို မာနစေတသိက်၊ အမြင်မှားမှုသဘောကို ဒိဋ္ဌိစေတသိက်လို့ ခေါ်တယ်။ ဤ စေတသိက် ၃-ပါးကို လောဘတြိ ဆရာတော်ဘုရားကြီးက အမည်တပ်တယ်။

ကြမ်းကြမ်း တမ်းတမ်း ဖြစ်မှုသဘောကို ဒေါသစေတသိက်၊ ဝန်တိုမှု စေးနှဲမှုသဘောကို မစ္ဆရိယစေတသိက်၊ သူတပါးစည်းစိမ်ကို မနာလို မရှုစိမ့်နိုင်မှုသဘောကို ဣဿာစေတသိက်၊ ပြုမိတဲ့ဒုစရိုက်၊ မပြုလိုက်မိတဲ့ သုစရိုက်များကို အောက်မေ့ပြီး ''ဩော်.... ငါသည် သုစရိုက်ကို မပြုလိုက်မိလေခြင်း၊ ဒုစရိုက် ကိုတော့ ပြုမှားမိလေခြင်း'' လို့ နှောင်တ တဖန် ပူပင်မှုသဘောကို ကုက္ကုစ္စစေတသိက်လို့ ခေါ်တယ်။ ဤ စေတသိက် ၄-ပါးကို လယ်တီဆရာတော်ဘုရားကြီးက ''ဒေါစတုက်''လို့ အမည်တပ်တယ်။

ကုသိုလ်မှု အရေးပြုရမည်ဆိုယင် မရှင်မကြည် ထိုင်းထိုင်း မှိုင်းမှိုင်း လေးလေးကန်ကန် ဖြစ်မှုကို ထိနစေတသိက်၊ မိဒ္ဓစေတသိက်လို့ ခေါ်ပါတယ်။ ဤ၌ စိတ်ခန္ဓာ၏ ထိုင်းမှိုင်းမှုကို ထိနစေတသိက်၊ စေတသိက်ခန္ဓာတို့၏ ထိုင်းမှိုင်းမှုကို မိဒ္ဓစေတသိက်ဟု ခွဲခြား မှတ်ယူရပါမည်။ ဘုရား၊ တရား၊ သံဃာ၊ သိက္ခာ=ဤ တရားတို့၌ မယုံရ အခက်၊ ယုံရ အခက် ဤကဲ့သို့ စိတ်ထဲမှာ နှစ်လုံး

http://www.dhammadownload.com



နှစ်ခွဖြစ်မှု သဘောကို ဝိစိကိစ္ဆာစေတသိက် ခေါ်တယ်။ ဤ ထိန၊မိဒ္ဓ၊ဝိစိကိစ္ဆာ = စေတသိက်သုံးပါးကို လယ်တီဆရာတော်ဘုရားကြီးက ပရမတ္ထသံခိပ်ကျမ်း၌ ''ဆုံးတြိ'' ဟု အမည်တပ်တယ်။ ဤနည်းအရ မောစတုက် စေတသိက် ၄-ပါး၊ လောတြိ စေတသိက် ၃-ပါး၊ ဒေါစတုက် စေတသိက် ၄-ပါး၊ ဆုံးတြိ စေတသိက် ၃-ပါး၊ လေးရပ်ပေါင်းလျှင် အကုသလရာသီ စေတသိက် ၁၄-ပါး ဖြစ်တယ်။

(၂) အကုသလရာသီ စေတသိက် ၁၄-ပါး ပြီး၏။

---

**သောဘဏ စေတသိက် ၂၅-ပါး လင်္ကာ**

**....သဒ္ဓါကြည်လေ့၊ မမေ့သတိ၊ ရှက် ကြောက်ဘိမှာ၊ ဟိရီ သြတ္တပ်၊ မကပ်မငြိ၊ မကြမ်းဘိနှင့်၊ အသိတရား၊ ဟိတ်သုံးပါးဟူ။ လျစ်လျူရှုလတ်၊ တတြမဇ္ဈတ္တတာ၊ နှစ်ဖြာပဿဒ္ဓိ၊ ငြိမ်းဘိ ကိုယ် စိတ်၊ ပေါ့ရိပ် လဟု၊ မုဒုနူးညံ့၊ ကျန်းခံ့ကမ္မည်၊ ကျွမ်းကျင်ပါဂုဉ်၊ ဖြောင့်တုံဥဇု။ နှုတ်ဒု ကာဒု၊ ကြဉ်မှုသုံးဖြာ၊ ဝါစာ ကမ္မန္တ၊ အာဇီဝနှင့်။ သတ္တအများ၊ သနားသမှု၊ ဝမ်းမြောက်မှုဟု၊ ကရု မုဒိ၊ ငါးဆယ်ရှိ၏၊ သုစရိတ၊ ဒုစ္စရိတ၊ ဒါန သီလ ဘာဝနာ၊ စသည်ဖြာသား၊ ဝေါဟာ သွယ်သွယ်၊ မဆုံးဖွယ်သည်....၊ တကျယ် သင်္ဂါရဝ္ဂနစ္စာတည်း။ ။**

ရတနာ သုံးပါးဂုဏ် နှင့် ကံ ကံ၏ အကျိုးတရားတို့၌ ယုံကြည်မှုသဘောကို သဒ္ဓါစေတသိက် ခေါ်တယ်။ ထိုထိုအာရုံတို့ကို မမေ့လျော့မှုသဘောကို သတိ စေတသိက် ခေါ်တယ်။ ဒုစရိုက်တို့မှ ရှက်မှုကို ဟိရီ စေတသိက်

http://www.dhammadownload.com



ခေါ်တယ်။ ဒုစရိုက်တို့မှ ကြောက်မှုကို ဩတ္တပ္ပ စေတသိက်။ (ရှက်မှု ကြောက်မှုတို့၏ အထူးမှာ မစင် အညစ်အကြေး ကိုင်ရမည်ကို ရွံရှာစက်ဆုပ်သကဲ့သို့ ဒုစရိုက်မှုပြုရမည်ကို ရွံရှာစက်ဆုပ်ခြင်းကား ဟိရီသဘောတည်း။ အသိဉာဏ်ရှိသူသည် မီးကို နင်းရ ကိုင်ရမည်ကို ကြောက်ရွံ့သကဲ့သို့ ဒုစရိုက်မှု ပြုရမည်ကို ကြောက်ရွံ့ဆုတ်နစ်ခြင်းကား ဩတ္တပ္ပ သဘောတည်း။) အာရုံကို မကပ်ငြိခြင်း၊ မလိုချင်ခြင်း သဘောကို အလောဘ စေတသိက် ခေါ်တယ်။ အာရုံကို မပြစ်မှားခြင်း၊ အမျက်မထွက် မကြမ်းတမ်းခြင်း သဘောကို အဒေါသ စေတသိက် ခေါ်တယ်။ အာရုံ၏ သဘောကို သိခြင်း၊ မတွေဝေခြင်းကို အမောဟ စေတသိက် ခေါ်တယ်။ (ဤ အလောဘ၊ အဒေါသ၊ အမောဟ စေတသိက် သုံးပါးတို့ကို သောဘဏဟိတ် သုံးပါးတို့ဟူ၍ ခေါ်၏။)

ထိုထို ဇာဠ၊ အနိဋ္ဌအာရုံတို့၌ လျစ်လျူ ရှုတတ်တဲ့ သဘောကို တတြမဇ္ဈတ္တတာ စေတသိက် ခေါ်တယ်။ စေတသိက် ခန္ဓာသုံးပါးတို့၏ ငြိမ်းချမ်းမှုသဘောကို ကာယပဿဒ္ဓိ စေတသိက် ခေါ်တယ်။ စိတ်ဝိညာဏ်၏ ငြိမ်းချမ်းမှုသဘောကိုစိတ္တပဿဒ္ဓိစေတသိက် ခေါ်တယ်။ စေတသိက် ခန္ဓာသုံးပါးတို့၏ ပေါ့ပါးမှုကို ကာယ လဟုတာ စေတသိက် ခေါ်တယ်။ စိတ်ဝိညာဏ်၏ ပေါ့ပါးမှုကို စိတ္တလဟုတာ စေတသိက် ခေါ်တယ်။ စေတသိက် ခန္ဓာသုံးပါးတို့၏ နူးညံ့မှုကို ကာယမုဒုတာ စေတသိက် ခေါ်တယ်။ စိတ်ဝိညာဏက္ခန္ဓာ၏ နူးညံ့မှုကို စိတ္တမုဒုတာ စေတသိက် ခေါ်တယ်။ စေတသိက်ခန္ဓာ သုံးပါးတို့၏ ကျန်းခံ့မှုသဘောကို ကာယကမ္မညတာ

http://www.dhammadownload.com



စေတသိက် ခေါ်တယ်။ စိတ်ဝိညာဏက္ခန္ဓာ၏ ကျုန်းခံမှုကို စိတ္တကမ္မညတာ စေတသိက် ခေါ်တယ်။ စေတသိက် ခန္ဓာသုံးပါးတို့၏ အာရုံ၌ ကျွမ်းကျင်မှု သဘောကို ကာယပါဂုညတာ စေတသိက် ခေါ်တယ်။ စိတ်ဝိညာဏက္ခန္ဓာ၏ အာရုံ၌ကျွမ်းကျင်မှုသဘောကို စိတ္တပါဂုညတာစေတသိက်လို့ ခေါ်တယ်။ စေတသိက် ခန္ဓာသုံးပါးတို့၏ အာရုံ၌ ဖြောင့်မတ်သကဲ့သို့ ဖြစ်ခြင်းကို ကာယုဇုကတာ စေတသိက် ခေါ်တယ်။ စိတ်ဝိညာဏက္ခန္ဓာ၏ အာရုံ၌ ဖြောင့်မတ်သကဲ့သို့ ဖြစ်ခြင်းသဘောကို စိတ္တုဇုကတာ စေတသိက် ခေါ်တယ်။ (ဤ ဆိုအပ်ပြီးသော စေတသိက် ၂၀-တို့အနက် ပညာ စေတသိက်ကို နုတ်၍ ကျန် ၁၉-ပါးသော စေတသိက်တို့ကို သောဘဏ စိတ်အားလုံးတို့နှင့် ဆက်ဆံတတ်ယှဉ်တတ်သောကြောင့် သောဘဏ သာဓာရဏ စေတသိက် ဟူ၍ ခေါ်ဆိုတယ်။)

အသက်မွေးမှုကြောင့် မဟုတ်ဘဲ (ဒုစရိုက်၏ အပြစ်ကို မြင်၍) ဝစီဒုစရိုက် လေးပါးတို့မှ ရှောင်ကြဉ်မှု သဘောကို သမ္မာဝါစာ စေတသိက် ခေါ်တယ်။ အသက်မွေးမှုကြောင့် မဟုတ်ဘဲ (ဒုစရိုက်၏ အပြစ်ကိုမြင်၍) ကာယဒုစရိုက် သုံးပါးတို့မှ ရှောင်ကြဉ်မှု သဘောကို သမ္မာကမ္မန္တ စေတသိက် ခေါ်တယ်။ အသက်မွေးမှု အကြောင်းပြု၍ ကာယဒုစရိုက်သုံးပါး ဝစီဒုစရိုက် လေးပါးတို့မှ ရှောင်ကြဉ်မှု သဘောကို သမ္မာအာဇီဝ စေတသိက် ခေါ်တယ်။ (ဤ စေတသိက်သုံးမျိုးတို့ကို ဒုစရိုက်မှုမှ ရှောင်ကြဉ်တတ်သောကြောင့် ဝိရတီ စေတသိက် သုံးပါးဟု ခေါ်တယ်။)

တတိယအကြိမ်

http://www.dhammadownload.com



ဒုက္ခိတသတ္တဝါပည်တ်ကို အာရုံပြု၍ သနားသော သဘောကို ကရုဏာ စေတသိက် ခေါ်တယ်။ သုခိတ သတ္တဝါပည်တ်ကို အာရုံပြု၍ ဝမ်းမြောက်မှု သဘောကို မုဒိတာ စေတသိက် ခေါ်တယ်။ (ဤ စေတသိက် ၂-ပါး တို့ကို ''အတိုင်းမသိသော သတ္တဝါပည်တ်ကို အာရုံပြု၍ ဖြစ်တတ်သောကြောင့်'' အပ္ပမညာ စေတသိက် ၂-ပါး ဟူ၍ ခေါ်ဆိုတယ်။) သဗ္ဗါစေတသိက်မှစ၍ရေတွက်လျှင် သောဘဏရာသီ စေတသိက် ၂၅-ပါး ပြီး၏။ (ဝေဒနာ၊ သညာ ကြဉ်သော) အညသမာန်း စေတသိက် ၁၁-ပါး၊ အကုသိုလ် စေတသိက် ၁၄-ပါး၊ သောဘဏ စေတသိက် ၂၅-ပါး၊ သုံးရပ်ပေါင်းလျှင်သင်္ခါရက္ခန္ဓာ(စေတသိက်) ငါးဆယ် ဖြစ်ပါတယ်။

ဖဿ စေတသိက်၊ စေတနာ စေတသိက် စသည်ဖြင့် မိမိတို့အဖို့ အမှတ်ရခက်နေယင် ''သုစရိုက် ၁၀-ပါး၊ ဒုစရိုက် ၁၀-ပါး၊ ပုညကိရိယာ ၁၀-ပါး ဤ တရား စုသည် သင်္ခါရက္ခန္ဓာ မည်၏'' ဤသို့လည်း မှတ်ယူနိုင် ပါတယ်။

(၄) သင်္ခါရက္ခန္ဓာ ပြီး၏။

---

## (၅) ဝိညာဏက္ခန္ဓာလင်္ကာ

(ဤ ဝိညာဏက္ခန္ဓာကိုပြဆိုရာ၌လင်္ကာအသွား စကား အလွန်ကျစ်လျစ်ပါ၍ လင်္ကာတစ်ပိုဒ်စီတစ်ပိုဒ်စီကို ရှင်း၍ ပြပါမည်။)

**အာရုံယူဘိ၊ အသိသဘော၊ စိတ်မနောကို၊ ဝိညာဏ်ဆို၏။**

ဏကိယအကြံဉ်

http://www.dhammadownload.com



ထိုထိုအာရုံကို ယူတတ်တဲ့ အသိသဘောကို စိတ်ဟူ၍လည်းကောင်း၊ မနောဟူ၍လည်းကောင်း၊ ဝိညာဏ်=ဝိညာဏက္ခန္ဓာဟူ၍ လည်းကောင်း ခေါ်ဆိုတယ်။

**ထိုဝိညာဏ်ကား၊ မြင် ကြား နံ လျက်၊ ထိ သိ ချက်ဟု၊ ခြောက်ခုအကျဉ်း အကျယ်ခင်းက၊ ကာမ ရူပ၊ အရူပနှင့်၊ လောကုတ္တရာ၊ ဓိတ်လေးဖြာတည်း။**

ထို စိတ်၊ မနော ဝိညာဏ်သည် (၁) မြင်တတ်တဲ့=စက္ခုဝိညာဏ်၊ (၂) ကြားတတ်တဲ့= သောတဝိညာဏ်၊ (၃) နမ်းရှုတတ်တဲ့= ဃာနဝိညာဏ်၊ (၄) လျက်တတ်စားတတ်တဲ့=ဇိဝှါဝိညာဏ်၊ (၅) ထိတတ်တဲ့= ကာယဝိညာဏ်၊ (၆) သိတတ်တဲ့=မနောဝိညာဏ်လို့ အကျဉ်းချုပ်ပြောယင် ဝိညာဏ် ၆–မျိုးရှိတယ်လို့ သိထားပါ။ အကျယ်ပွားမည်ဆိုယင် ကာမစိတ်က တစ်မျိုး၊ ရူပစိတ်က တစ်မျိုး၊ အရူပစိတ်က တစ်မျိုး၊ လောကုတ္တရာ စိတ်က တစ်မျိုးလို့ ဘုံအလိုက် ပြားယူလိုက်လို့ရှိယင် ဘူမိဘေဒ စိတ် လေးမျိုးရှိတယ်။

**ကာမစိတ် ၅၄-ပါး**

**ကာမခေါ်ရေး၊ ငါးဆယ့်လေးခု။** ။ကာမ တဏှာ၏ ကျင်လည်ကျက်စားရာဘုံသည် ကာမဘုံမည်၏။ ထို ကာမဘုံ၌ များ သော အား ဖြင့် ဖြစ် သော စိတ်သည် ကာမာဝစရစိတ်မည်၏။ ထို ကာမာဝစရစိတ်သည် သရုပ်အားဖြင့် ၅၄–ပါးရှိတယ်။ ၅၄–ပါး ဆိုသည်မှာ–

**အကုသိုလ်စိတ် ၁၂ ပါး သရုပ်**

**သောဥယှဉ်ဒိုက်၊ ဒိဋ္ဌိယှဉ် မယှဉ်၊ သင် ရှိ မရှိ၊ ရှစ်ပါးသိလော၊ ဒို+ဝတု+ရှစ်၊ လောမူဖြစ်၏။**

ကာတိယအကြိမ်

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးက လောဘမူစိတ် ရှစ်ပါးကို "သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ် တစ်ပါး စသည်ဖြင့် အကျယ်ရေတွက်၍ မပြဘဲ ဉာဏ်ထက်အောင် အဆန်းတကြွယ် ရေတွက်၍ ပြပုံက "သောမနဿသဟဂုတ်+ဥပေက္ခာသဟဂုတ်လို့" အခြေခံစကား ၂-ခုကို မ တည်ထားပါ....တဲ့။

၎င်းစကား ၂-ခုတွင် တစ်ခုတစ်ခုနောက်က ဒိဋ္ဌိနှင့်ယှဉ်၊ ဒိဋ္ဌိနှင့်မယှဉ်လို့ ဆက်ပေးပါ။ (အလွတ်ရေးကြည့်ပါ၊စာ ၄-တန်းဖြစ်လာမည်။) ထိုစာ ၄-တန်း တစ်တန်းတစ်တန်း နောက်မှ သင်္ခါရ ရှိ၊ သင်္ခါရ မရှိ ၂-ပါးဖြင့် စပ်ပေးလိုက်ယင်-

၁။ သောမနဿဝေဒနာနှင့်တကွဖြစ်၍ ဒိဋ္ဌိနှင့် ယှဉ်ပြီး သင်္ခါရရှိသော စိတ်၊

၂။ သောမနဿနှင့်တကွဖြစ်၍ ဒိဋ္ဌိနှင့်ယှဉ်ပြီး သင်္ခါရမရှိသော စိတ်၊

၃။ သောမနဿနှင့်တကွ ဖြစ်၍ ဒိဋ္ဌိနှင့် မယှဉ် ဘဲ သင်္ခါရမရှိသော စိတ်၊

၄။ သောမနဿနှင့် တကွဖြစ်၍ ဒိဋ္ဌိနှင့်မယှဉ်ဘဲ သင်္ခါရရှိသော စိတ်၊

၅။ ဥပေက္ခာနှင့် တကွဖြစ်၍ ဒိဋ္ဌိနှင့်ယှဉ်ပြီး သင်္ခါရမရှိသော စိတ်၊

၆။ ဥပေက္ခာနှင့် တကွဖြစ်၍ ဒိဋ္ဌိနှင့်ယှဉ်ပြီး သင်္ခါရရှိသော စိတ်၊

၇။ ဥပေက္ခာနှင့်တကွ ဖြစ်၍ ဒိဋ္ဌိနှင့်မယှဉ်ဘဲ သင်္ခါရမရှိသော စိတ်၊

http://www.dhammadownload.com



ဂ။ ဥပေက္ခာနှင့်တကွ ဖြစ်၍ ဒိဋ္ဌိနှင့်မယှဉ်ဘဲ သင်္ခါရ ရှိသော စိတ်....ဟူ၍ လောဘမူစိတ် ၈-ပါး ဖြစ်တယ်။

**(ဒေါသမူစိတ် ၂-ပါး)။ ။ နှစ် ဒေါမူလ၊ ပဋိဃယှဉ်၊ သင် ရှိ မရှိ။**

(၁) ဒေါမနဿ ဝေဒနာနှင့် တကွဖြစ်၍ ပဋိဃနှင့် ယှဉ်ပြီး သင်္ခါရ မရှိသော စိတ်တစ်ပါး၊

(၂) ဒေါမနဿ ဝေဒနာနှင့် တကွဖြစ်၍ ပဋိဃနှင့် ယှဉ်ပြီး သင်္ခါရရှိသော စိတ်တစ်ပါး။

ပေါင်း ဒေါသမူစိတ် ၂-ပါး ဖြစ်၏။

**(မောဟမူစိတ် ၂-ပါး)။ ။ မောမူဋ္ဌိမှာ၊ ဝိစိ+ ဥဒ္ဓစ်၊ ဥယှဉ်လစ်သည်၊ ၁၂-အကုသိုလ်။**

မောဟမူစိတ် ၂-ပါး ဟူသည်ကား....

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် စိတ် တစ်ပါး၊

(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ်စိတ် တစ်ပါး။

ပေါင်း မောဟမူစိတ် ၂-ပါး ဖြစ်၏။ လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ မောဟမူစိတ် ၂-ပါး သုံးရပ်ပေါင်းသော် အကုသိုလ်စိတ် ၁၂-ပါး ဖြစ်ပါ တယ်။

**အကုသိုလ်စိတ် ၁၂-ပါး ပြီး၏**

ဟတိယအကြိမ်

http://www.dhammadownload.com



## အဟိတ်စိတ် ၁၈-ပါး လင်္ကာ

**ထိုမြင် အဟိတ်၊ စိတ်ဆယ့်ရှစ်ခု၊ စက္ခု သောတ၊ ဃာန ဇိဝှါ၊ ကာယ ဝိညာဏ်၊ သမ္ပဋိစ္ဆိ၊ နှစ်ခုစီတည့်။ သန္တီရဏ၊ သုံးခုရ၏၊ ပေါင်းထ ဆယ့်ငါး၊ ဝိပါက် ဖြာရှင့်။ ငါးပါး ဒွါရ၊ မနောဒွါဟု၊ အာဝဇ္ဇန်းပွဲ၊ ဟသိတုပ္ပါဒ်၊ သုံးရပ်ကြွယ၊ ဆယ့်ရှစ်ဖြာတည့်။**

အဟိတ်စိတ် ၁၈-ပါးကို ရေတွက်လျှင် စက္ခုဝိညာဏ် အမြင်စိတ်က ကုသိုလ်၏ အကျိုးဝိပါက်စိတ်က တစ်ပါး၊ အကုသိုလ်၏ အကျိုးဝိပါက်စိတ်က တစ်ပါး၊ ပေါင်း စက္ခုဝိညာဏ်စိတ် ၂-မျိုး ရှိတယ်၊ ဖြစ်တယ်။

ထို့အတူ **သောတဝိညာဏ်စိတ်** ၂-ပါး၊ ဃာန ဝိညာဏ်စိတ် ၂-ပါး၊ ဇိဝှါဝိညာဏ်စိတ် ၂-ပါး၊ သမ္ပဋိစ္ဆုိင်းစိတ် ၂-ပါး၊ သန္တီရဏစိတ် ၃-ပါး၊ ဤသို့ အားဖြင့် အဟိတ်ဝိပါက်စိတ် ၁၅-ပါးတို့ ဖြစ်တယ်။

ကုသိုလ်ကံကြောင့် ကောင်းသော ဣဋ္ဌအာရုံကို တွေ့ ကြုံရ၍ ဖြစ်ပေါ်လာသောစိတ်ကို ကုသလဝိပါက်စိတ် ခေါ်၍ အကုသိုလ်ကံကြောင့် မကောင်းသော အနိဋ္ဌ အာရုံကို တွေ့ကြုံရ၍ ဖြစ်ပေါ် လာ သော စိတ် ကို အကုသလဝိပါက်စိတ်ဟု ခေါ်ဆိုပါတယ်။

အဆင်းရူပါရုံနှင့် စက္ခုပသာဒတို့ တော်ဆုံတိုက်ဆိုင် မိကြ၍ စက္ခုပသာဒ၌ မှီ၍ ဖြစ်ပေါ်လာသော အသိ သဘောဝိညာဏ်စိတ်ကို စက္ခုဝိညာဏ်စိတ် ခေါ်၏။ ဤ စက္ခုဝိညာဏ်စိတ်မှာ အကုသလဝိပါက်စိတ် တစ်မျိုး၊ ကုသလဝိပါက်စိတ် တစ်မျိုး ဟူ၍ ၂-မျိုးရှိရာ ၂-မျိုး လုံးပင် ဥပေက္ခာသဟဂုတ်ချည်း ဖြစ်ကြ၏။

http://www.dhammadownload.com



လို့အကူ အသံမျိုးစုံ=သဒ္ဒါရုံ နှင့် သောတပသာဒ တို့ တော်ဆုံတိုက်ဆိုင်မိကြ၍ သောတပသာဒ၌ မှီ၍ ဖြစ်ပေါ်လာသော ကြားမှုသဘော အသိစိတ်ကို သောတဝိညာဏ်စိတ် ခေါ်၏။ ၎င်းလည်း စက္ခုဝိညာဏ် အတူတည်း။

အနံ့မျိုးစုံ ဂန္ဓာရုံ နှင့် ဃာနပသာဒ = နှာခေါင်း အကြည်ရုပ်တို့ တော်ဆုံတိုက်ဆိုင်မိကြ၍ ဃာနပသာဒ၌ မှီ၍ ဖြစ်ပေါ်လာသော နမ်းရှုမှုသဘော အသိစိတ်ကို ဃာနဝိညာဏ်စိတ်ခေါ်၏။ ၎င်းလည်း စက္ခုဝိညာဏ် အတူတည်း။

အရသာမျိုးစုံ ရသာရုံ နှင့် ဇိဝှါပသာဒ = လျှာ အကြည်ရုပ်တို့ တော်ဆုံ တိုက်ဆိုင်မိကြ၍ ဇိဝှါပသာဒ၌ မှီ၍ ဖြစ်ပေါ်လာသော စားမှုသဘော၊ လျက်မှုသဘော အသိစိတ်ကို ဇိဝှါဝိညာဏ်စိတ် ခေါ်၏။ ၎င်းလည်း စက္ခုဝိညာဏ်အတူတည်း။

အကြမ်း၊ အနု၊ အပူ၊ အအေး၊ အပျော့၊ အမာ၊ အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံ နှင့် ကာယပသာဒ = ကိုယ် အကြည်ရုပ်တို့ တော်ဆုံတိုက်ဆိုင်မိကြ၍ ကာယပသာဒ၌ မှီ၍ ဖြစ်ပေါ်လာသော ထိမှုသဘော အသိစိတ်ကို ကာယဝိညာဏ်ခေါ်၏။ ထို ကာယဝိညာဏ်စိတ် ၂-မျိုး တို့အနက် အကုသလဝိပါက် ကာယဝိညာဏ်စိတ်မှာ ဒုက္ခ သဟဂုတ်= ဒုက္ခဝေဒနာနှင့်တကွဖြစ်၍ ကုသလဝိပါက် ကာယဝိညာဏ်စိတ်မှာ သုခသဟဂုတ်= သုခဝေဒနာနှင့် တကွဖြစ်သည်။

အဆင်းနှင့်စက္ခု၊ အသံနှင့်သောတ၊ အနံ့နှင့်ဃာန၊ အရသာနှင့်ဇိဝှါတို့၏တော်ဆုံတိုက်ဆိုင်မိမှုမှာ ဥပါဒါချင်း

http://www.dhammadownload.com



ချင်း တော်ဆုံ တိုက်ဆိုင်မှုဖြစ်၍ ဝါဂွမ်းဖြင့် ဝါဂွမ်းကို ပေါက်သကဲ့သို့ တိုက်ဆိုင်မှုမပြင်းထန်သောကြောင့် စိတ် ၂-ပါး စလုံးစိမှာပင် ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကြတယ်။အတွေ့နှင့် ကာယပသာဒတို့၏ တော်ဆုံတိုက်ဆိုင်မှုကား ပေတုံးပေါ်၌ ဝါဂွမ်းကိုတင်၍ တူဖြင့်ထုနှက်လျှင် တူသည် ဝါဂွမ်းကို ကျော်လွန်၍ ပေတုံးကို ထုနှက်မိရကား အသံပေါ်ထွက်သကဲ့သို့ ပေတုံးပေါ်မှ ဝါဂွမ်းနှင့် တူသော ကာယပသာဒ ဥပါဒါရုပ်နှင့် တူနှင့်တူသော ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်တို့ တော်ဆုံ တိုက်ဆိုင်မိကြရာ တူနှင့်တူသော ဖောဋ္ဌဗ္ဗာရုံ မဟာဘုတ်က ဝါဂွမ်းနှင့် တူသော ကာယပသာဒရုပ်ကို ကျော်လွန်၍ ထို ကာယပသာဒ၏ မှီရာ ပေတုံးနှင့်တူသော မဟာဘုတ်ကို တော်ဆုံထုနှက် တိုက်ဆိုင်မိသောကြောင့် အနိဋ္ဌ ဖောဋ္ဌဗ္ဗာရုံ၌ ဒုက္ခသဟဂုတ် ကာယဝိညာဏ်၊ ဣဋ္ဌဖောဋ္ဌဗ္ဗာရုံ၌ သုခသဟဂုတ် ကာယဝိညာဏ်တို့ ဖြစ်ကြပါတယ်။

ဆိုခဲ့ပြီးသော စက္ခုဝိညာဏ် ၌ွေး၊ သောတဝိညာဏ် ၌ွေး၊ ဃာနဝိညာဏ် ၌ွေး၊ ဇိဝှါဝိညာဏ် ၌ွေး၊ ကာယဝိညာဏ် ၌ွေး၊ ဤ ၁၀-ပါးသော စိတ်တို့ကို ''၌ွေးပဉ္စဝိညာဏ် ၁၀''ဟု ခေါ်တယ်။

ပဉ္စဒွါရဝီထိစိတ် အစဉ်၌ ဆိုခဲ့ပြီးသော ၌ွေးပဉ္စဝိညာဏ်တို့ ဆိုင်ရာ အာရုံကို အာရုံပြုပြီး ချုပ်ကြသောအခါ ထိုဆိုင်ရာ ပဉ္စာရုံကို နောက်နောက် ဝီထိစိတ်တို့က ဆက်၍အာရုံပြုနိုင်ရန် မပျောက်အောင် လက်ခံသိမ်းပိုက်အလိုရှိသကဲ့သို့ဖြစ်သော အသိစိတ်ကို သမ္ပဋိစ္ဆန်းစိတ်ဟု ခေါ်၏။ ထို သမ္ပဋိစ္ဆန်းစိတ်လဲ အာရုံကို စိတ်အစဉ် အဆက် မပြတ်ရုံ သာမန်မျှ အာရုံပြုတတ် သောကြောင့်

http://www.dhammadownload.com



အကုသလဝိပါက်၊ ကုသလ ဝိပါက် နှစ် ပါး လုံး ပင် ဥပေက္ခာသဟဂုတ်စိတ်ချည်း ဖြစ်ကြရပါတယ်။

ပဉ္စဒွါရဝိထိ၌ သမ္ပဋိစ္ဆိုင်းစိတ်၏ အခြားမဲ့နောက်၌ အာရုံကို ဣဋ္ဌလော၊ အနိဋ္ဌလောဟု စုံစမ်းစစ်ဆေးလင့် သကဲ့သို့ ဖြစ်ပေါ်လာသော သဘောကို သန္တီရဏစိတ် ဟု ခေါ်တယ်။ ထို သန္တီရဏစိတ်ကျတော့ အာရုံသိပုံမှာ သမ္ပဋိစ္ဆိုင်း စိတ်ထက် ထူးခြားလာပြီ ဖြစ်သောကြောင့် အနိဋ္ဌအာရုံ၌ အကုသလဝိပါက် ဥ ပေ က္ခာ သ ဟ ဂုတ် သန္တီရဏ၊ ဣဋ္ဌမဇ္ဈတ္တအာရုံ၌ ကုသလဝိပါက် ဥပေက္ခာ သဟဂုတ်သန္တီရဏ၊ အတိဣဋ္ဌအာရုံ၌ ကုသလဝိပါက် သောမနဿသဟဂုတ်သန္တီရဏ စိတ်တို့ အသီး အသီး ဖြစ်ရှိကြတယ်။ (သန္တီရဏ သုံးခုရ၏။)

ဤ ဆိုအပ်ပြီးသော ဒွေးပဉ္စဝိညာဏ်စိတ် ၁၀၊ သမ္ပဋိစ္ဆိုင်းစိတ် ၂၊ သန္တီရဏစိတ် ၃၊ သုံးရပ်ပေါင်းယင် အဟိတ်ဝိပါက်စိတ် ၁၅-ပါး ဖြစ်ပါတယ်။ (ပေါင်းထ၊ ဆယ့်ငါး၊ ဝိပါက်ငြားရှင့်။) (အကုသလဝိပါက်စိတ် ၇-ပါး၊ အဟိတ်ကုသလဝိပါက် ၈ ပါး=ပေါင်း အဟိတ် ဝိပါက်စိတ် ၁၅-ပါး ဖြစ်တယ်။)

(အဟိတ်ကြိယာစိတ် ၃-ပါး)။ ။ ပသာဒရုပ် ၅-ပါး တို့ကို ပဉ္စဒွါရဟု ခေါ်၏။ ဘဝင်စိတ် ၁၉-ပါးကို မနောဒွါရဟု ခေါ်၏။ ပဉ္စဒွါရ၌ ထင်လာတဲ့ အာရုံကို ဆင်ခြင်လင့်သကဲ့သို့ ဖြစ်သောသဘောကို ပဉ္စဒွါရာဝဇ္ဇန်း စိတ် ဟူ၍ ခေါ်တယ်။ မနောဒွါရ၌ ထင်လာသော အာရုံများကို ဆင်ခြင်လင့်သကဲ့သို့ ဖြစ်သောသဘောကို မနောဒွါရာဝဇ္ဇန်း စိတ်ဟူ၍ ခေါ်တယ်။

http://www.dhammadownload.com



သဗ္ဗဒွါတိုင်းမှာ အာရုံကို ထူး၍ ထူး၍သိသော ဝီထိစိတ်အစဉ် တစ်ခု တစ်ခု၏ အကြား၌ (အိပ်တဲ့အခါ ဖြစ်တဲ့စိတ်မျိုးလို) ဘဝင်စိတ်တွေ ခြားလျက် ခြားလျက် ဖြစ်ကြတယ်။ ''ဒွေ ဘဝင်္ဂါနိ ဗုဒ္ဓဿ၊ သာရိပုတ္တဿ သောဠသ''ဟူသော အတိုင်း တစ်ဝီထိနှင့် တစ်ဝီထိ အကြားမြတ်စွာဘုရားမှာ ဘဝင်နှစ်ကြိမ်၊ ရှင်သာရိပုတြာမှာ တစ်ဆယ့်ခြောက်ကြိမ်၊ သာမန်ပုဂ္ဂိုလ်တို့မှာ ဘဝင် အကြိမ်များစွာ ခြား၍ ခြား၍ ဖြစ်ကြတယ်။ ထိုသို့ ဖြစ်ရှိကြရာ ပဉ္စဒွါရ၌ ထင်လာသောအာရုံကို အာရုံပြု၍ ဘဝင်စိတ်အဖြစ်ရပ်ပြီး ဝီထိစိတ်များ အစဉ်အတိုင်း ဖြစ်ပေါ်လာအောင် ပို့ဆောင်ပေးသကဲ့သို့ ကျေးဇူးပြုမှုသဘောကို ပဉ္စဒွါရာ ဝဇ္ဇန်းစိတ်ဟု ခေါ်တယ်။ ထို့အတူ မနောဒွါရ၌ တင်လာသောအာရုံကို အာရုံပြု၍ ဘဝင်စိတ်အဖြစ်ရပ်ပြီး ဝီထိစိတ်များ အစဉ်အတိုင်း ဖြစ်ပေါ်လာအောင်ပို့ဆောင်ပေးသကဲ့သို့ ကျေးဇူးပြုမှု သဘောကို မနောဒွါရာဝဇ္ဇန်း စိတ်ဟု ခေါ်တယ်။ (နက်နဲသည်၊ဆွေးနွေးကြပါ။)(အာဝဇ္ဇန်း ၂)။ဥပေက္ခာ သဟဂုတ်ချည်းတည်း။

ဘုရား+ရဟန္တာတို့၏ သန္တာန်၌ ပြုံးရွှင်မှုကို ဖြစ်စေတတ်တဲ့ သဘောကို ဟသိတုပ္ပါဒ်စိတ်ဟု ခေါ်တယ်။ သောမနဿသဟဂုတ်စိတ် ဖြစ်တယ်။ အာဝဇ္ဇန်း စိတ်နှစ်ပါးနှင့် ပေါင်းသော် အဟိတ်ကြိယာစိတ် ၃-ပါး ဖြစ်တယ်။ (သုံးရပ်ကြိယာ)။ အဟိတ် ဝိပါက် စိတ် ၁၅-ပါး၊ အဟိတ် ကြိယာစိတ် ၃-ပါး၊ ပေါင်းလျှင် အဟိတ်စိတ် ၁၈-ပါး ဖြစ်တယ်။ (ဆယ့်ရှစ်ဖြာတည်း။)

တကိပ်ဘကြိုင်

http://www.dhammadownload.com



အဟိတ်စိတ် ၁၈-ပါးတို့တွင် ဒုက္ခသဟဂုတ် စိတ် ၁-ပါး၊ သုခသဟဂုတ် စိတ် ၁-ပါး၊ သောမနဿသဟဂုတ်စိတ် ၂-ပါး၊ ဥပေက္ခာသဟဂုတ် စိတ် ၁၄-ပါး၊ ပေါင်းသော် ၁၈-ပါး ဖြစ်တယ်။

**ကာယနှစ်လီ၊ ဒု+သုံမှီ၊ ကုတီ+ဟသိ သော။**
**အကြွင်းစုဋ္ဌသ်၊ ဥနှင့်ကပ်၊ ငှာရသ် စိတ်မနော။ ။**
(ပရမတ္ထသံခိပ်)

အကုသိုလ်စိတ် ၁၂-ပါးတို့သည် လောဘ၊ ဒေါသ၊ မောဟ မကောင်းသောဟိတ် သုံးပါးရှိ၍ ယုတ်ညံ့ကြတယ်။ အဟိတ်စိတ် ၁၈-ပါးတို့သည် စိတ်အနေအားဖြင့် မယုတ်ညံ့ကြသော်လဲ ယှဉ်ဖက်ဟိတ် မပါရှိသဖြင့် စိတ်အဆင့်အတန်း နိမ့်ကျသကဲ့သို့ ဖြစ်ကြတယ်။ ထို့ကြောင့် ထိုစိတ် ၃၀-တို့ကို အသောဘဏ စိတ်ဟု ခေါ်ဆိုတယ်။

**အကုဆယ့်နှစ်၊ ဆယ့်ရှစ်အဟိတ်၊ ၃၀-စိတ်၊ ယုတ်နိမ့်အသောဘဏတည်း။** (သံခိပ်)

**အသောဘဏစိတ် ၃၀-ပြီး၏။**

---

## ကာမ သောဘဏစိတ် ၂၄-ပါးလကာ

**....ကာမာဝစရ၊ ကုသလစု၊ သော ဥ နှစ်တန်၊ ဉာဏ်ယှဉ် မယှဉ်၊ သင်္ခါ မရှိ၊ ရှစ်ပါးသိလေ၊ ဝိပါက်မဟာ၊ ကိရိယာလည်း၊ ထိုနည်းရှစ်စီ၊ သုံးလီပေါင်းတွေး၊ နှစ်ဆယ့်လေးတည်း။ ရှေး တစ်ဆယ့်နှစ်၊ တစ်ဆယ့်ရှစ်နှင့်၊ ပေါင်းလစ်တုံက၊ အကျယ်ရသည်....၊ ကာမ ငါးဆယ့်လေးချင်တည်း။ ။**

တတိယကြိမ်

http://www.dhammadownload.com



ကာမာဝစရသောဘဏစိတ် ၂၄-ပါးဟူသည် မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ မဟာကြိယာစိတ် ၈-ပါး၊ ဤ ၂၄-ပါး တို့ ပင် ဖြစ် တ ယ်။ သုစရိုက်ဆယ်ပါး၊ ပုညကိရိယာဆယ်ပါးတို့ကို ပွားများအား ထုတ် သော အ ခါ မဟာကုသိုလ်စိတ် ၈-ပါးတို့ ဖြစ်ကြတယ်။ ထိုသို့ဖြစ်ရာဝယ် ဝမ်း မြောက်ဝမ်း သာ ကုသိုလ်မှုပြုသောအခါ သောမနဿသဟဂုတ်စိတ်ဖြစ်၍ အလယ်အလတ် လျစ်လျူရှုသောအားဖြင့် ကုသိုလ်မှု ပြုသောအခါ ဥပေက္ခာသဟဂုတ်စိတ်ဖြစ်တယ်။ အသိဉာဏ်ယှဉ်၍ ကုသိုလ်မှုပြုသောအခါ ဉာဏသမ္ပယုတ်စိတ် ဖြစ်၍ အသိဉာဏ်မယှဉ်ပဲ ကုသိုလ်မှုပြုသောအခါ ဉာဏဝိပ္ပယုတ်စိတ်ဖြစ်တယ်။ ခက်ကိုက်ခွန်းရတဲ့ သူ့သဘာဝ ထက်ထက် သန်သန်ဖြင့် ကုသိုလ်မှုပြုသောအခါ အသင်္ခါရိကစိတ် ဖြစ်၍ သူတပါးတိုက်တွန်းမှ စိတ်အား မထက်မသန်ဘဲ ကုသိုလ်မှုပြုသောအခါ သသင်္ခါရိကစိတ် ဖြစ်တယ်။ သို့ ဖြစ်ရကား မဟာကုသိုလ်စိတ် ၈-ပါးတို့ကို စဉ်လိုက် သောအခါ–

၁။ သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် အသင်္ခါရိကစိတ် တစ်ပါး၊

၂။ သောမနဿ သဟဂုတ် ဉာဏ သမ္ပယုတ် သသင်္ခါရိကစိတ် တစ်ပါး၊

၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ပါး၊

၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ပါး၊

ကာဝိယအကြိမ်

http://www.dhammadownload.com



၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ပါး၊

၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ပါး၊

၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ပါး၊

၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ပါး၊

ဤသို့အားဖြင့် မဟာကုသိုလ်စိတ် ၈-ပါးတို့ ဖြစ်ကြပါတယ်။

မဟာဝိပါက်စိတ် ၈-ပါးတို့မှာလည်း မဟာကုသိုလ်စိတ်တို့ကဲ့သို့ပင် **''သော ဥ နှစ်တန်၊ ဉာဏ်ယှဉ် မယှဉ်၊ သင်္ခါရှိ မရှိ၊ ရှစ်ပါးပင် သိရပါမည်''**။ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်ကံကြောင့် မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ်လေးပါးတို့ ဖြစ်ကြ၍ တိဟိတ်ဩမက မဟာကုသိုလ်ကံ၊ ဒွိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်ကံတို့ကြောင့်မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် လေးပါးတို့ ဖြစ်ကြရကား ထိုမဟာဝိပါက်စိတ် ၈-ပါးတို့ကို စဉ်လိုက်သောအခါ—

၁။ **သောမနဿသဟဂုတ်** ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ် တစ်ပါး၊

၂။ **သောမနဿသဟဂုတ်** ဉာဏသမ္ပယုတ်သသင်္ခါရိကစိတ် တစ်ပါး၊

၃။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ်အသင်္ခါရိကစိတ် တစ်ပါး၊

http://www.dhammadownload.com



၄။ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ပါး၊

၅။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် တစ်ပါး၊

၆။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် တစ်ပါး၊

၇။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် တစ်ပါး။

၈။ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် တစ်ပါး၊

ဤသို့အားဖြင့် မဟာဝိပါက်စိတ် ၈-ပါးတို့ ဖြစ်ကြပါတယ်။

မဟာကြိယာစိတ် ၈-ပါးတို့မှာလည်း မဟာကုသိုလ်စိတ် ၈-ပါးတို့ကဲ့သို့ပင် ဖြစ်ပုံအခြင်းအရာ အမည်နာမသရုပ်အရေအတွက်တို့မှာ တူကြပါတယ်။ ဖြစ်ပေါ်ရာပုဂ္ဂိုလ်သို့ လိုက်၍ မဟာကုသိုလ်၊ မဟာကြိယာ အမည်ကွဲပြားကြခြင်း ဖြစ်ပါတယ်။ ထိုသို့ အမည်ကွဲပြားကြပုံမှာ–

ပုထုဇန် သေက္ခပုဂ္ဂိုလ်တို့ သုစရိုက် ၁၀-ပါး၊ ပုညကိရိယာ ၁၀-ပါး ဟိုကို ပြုလုပ် ပြောဆို ကြံစည်ကြသောအခါ ထိုပုထုဇန် သေက္ခပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်သော သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိကစိတ် စသည်တို့မှာ အဝိဇ္ဇာ+တဏှာတည်းဟူသော ဘဝရေသောက်မြစ် မပြတ်သေးသောကြောင့် အပြစ်မရှိကောင်းသောအကျိုးကို ပေးတတ်သောကြောင့် ကုသိုလ်

http://www.dhammadownload.com



ဟူသောအမည်ကို ရကြပြီးလျှင် ရဟန္တာ အရှင်မြတ်များ သုစရိုက်မှု၊ ပုညကိရိယာမှုတို့ကို ပြု၊ ပြော၊ ကြံစည်ကြသောအခါ ထိုအရှင်မြတ်တို့ သန္တာန်၌ဖြစ်သော သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက စိတ် စသည်တို့မှာ အဝိဇ္ဇာ၊ တဏှာကည်းဟူသော ဘဝ ရေသောက်မြစ်ပြတ်ပြီးဖြစ်သောကြောင့် (ရေသောက်မြစ် ပြတ်ပြီးသော သစ်ပင်တို့မှ ပွင့်သောအပွင့်တို့ အသီးကို မဖြစ်စေသကဲ့သို့) အကျိုး=ဝိပါက်စိတ်တို့ကို မဖြစ်စေတတ်သောကြောင့် ''ကြိယာစိတ်=ပြုကာမျှ၊ ပြောကာမျှ၊ ကြံကာမျှစိတ်တို့'' ဟူသော အမည်ကို ရရှိကြလေသည်။ သဘာဝ နက်နဲပါတယ်။ ဆွေးနွေး ကြံစည်ကြပါလေ။

ဤသို့လျှင် မဟာကုသိုလ်စိတ် ၈–ပါး၊ မဟာဝိပါက်စိတ် ၈–ပါး၊မဟာကြိယာစိတ် ၈–ပါးအားဖြင့် ကာမာဝစရသောဘဏစိတ် ၂၄–ပါးတို့ ဖြစ်ကြတယ်။ (ဝိပါက်+မဟာ၊ ကိရိယာလည်း၊ ထိုနည်းရှစ်ဝီ၊ သုံးလီပေါင်းထွေး၊ နှစ်ဆယ့်လေးတည့်။)

အကုသိုလ်စိတ် ၁၂–ပါး၊ အဟိတ်စိတ် ၁၈–ပါး၊ ကာမသောဘဏစိတ် ၂၄–ပါး၊ သုံးရပ်ပေါင်းယင် ကာမစိတ်အကျယ် ၅၄–ပါးတို့ ဖြစ်ကြတယ်။ (ရှေးတစ်ဆယ့်နှစ်၊ တစ်ဆယ့်ရှစ်နှင့်၊ ပေါင်းလစ်တုံက၊ အကျယ်ရသည်....၊ ကာမ ငါးဆယ့်လေးလျှင်တည်း။ ။

(၅) ဝိညာဏက္ခန္ဓာ ပြီး၏။

တတိယတွဲကြိမ်

http://www.dhammadownload.com



## ဝိညာဏက္ခန္ဓာ ၄၅-ပါးသာ ရခြင်း

ယခု တရားဟော တရားနာနေတဲ့ပုဂ္ဂိုလ်တွေ ရနိုင်တဲ့ ကာမစိတ်မှာ ငါးဆယ့်လေးပါးလုံး ရနိုင်ကြတာ မဟုတ်ဘူး၊ (ဟသိတုပ္ပါဒ်စိတ်နှင့် မဟာကြိယာစိတ် ရှစ်ပါး၊ ဒီစိတ် ၉-ပါးကို နုတ်၍ ကျန်တဲ့) လေးဆယ့်ငါးပါးပဲ ရကြတယ်။ ဒီတော့ မိမိတို့မှာ ဖြစ်နိုင်တဲ့ ဝိညာဏက္ခန္ဓာဆိုယင် အကုသိုလ်စိတ် ၁၂-ပါး၊ (ဟသိတုပ္ပါဒ်ကြဉ်တဲ့) အဟိတ်စိတ် ၁၇-ပါး၊ မဟာကုသိုလ်စိတ် ၈-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ပေါင်း ၄၅-ပါးပဲ ရနိုင်ကြတယ်။ (ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာစိတ် လက်ာဟောကြားချက်မှာ "ရှင်ရာဟုလာတရားပေါင်းချုပ်" မျက်နှာ ၄၇-၌ ဖော်ပြပြီး ဖြစ်ပါသည်။)

ယခုလို ဘာ့ကြောင့် ပြောနေရသလဲဆိုတော့ အနတ္တလက္ခဏသုတ္တန်က ခန္ဓာငါးပါး အကြောင်းနားလည်မှ မြတ်စွာဘုရား ဟောတော်မူလိုရင်း အချက်ကို နားလည်မှာ ဖြစ်ပါတယ်။ ခန္ဓာငါးပါးအကြောင်း ထိုက်တန်သလောက် နားလည်ကြပြီ။ တို့သန္တာန်မှာ ဖြစ်နိုင်တဲ့ စိတ်ပေါင်း ၄၅-ပါးဟာ ဝိညာဏက္ခန္ဓာပဲ။ "ဝိညာဏံ" လို့ ဆိုတဲ့ အသံကို ကြားယင် အဲဒီစိတ် ၄၅-ပါးကို တစ်ပေါင်းတည်းစိုက်ပြီး မြင်လိုက်ကြပါ။

မြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့၌ ဘုရားဖြစ်တော်မူပြီး ဝါဆိုလပြည့်နေ့မှာ ဓမ္မစကြာတရားဦးဟော၍ (လူ့ပြည် လူသားထဲက) အရှင်ကောဏ္ဍည့ကို သောတာပတ္တိဖိုလ်၌ တည်စေတော်မူတယ်။ လပြည့်ကျော် (၁) ရက်နေ့ အရှင်ဝပ္ပ၊

http://www.dhammadownload.com



လပြည့်ကျော် (၂) ရက်နေ့ အရှင်ဘဒ္ဒိယ၊ လပြည့်ကျော် (၃)ရက်နေ့ အရှင်မဟာနာမ်၊ လပြည့်ကျော် (၄) ရက်နေ့ အရှင်အဿဇိကို သောတာပတ္တိဖိုလ်၌ အသီးအသီး တည်စေပြီးတော့ တည်ပြီးတိုင်း တည်ပြီးတိုင်းသော ပဉ္စဝဂ္ဂီ အရှင်ငါးဦးတို့ကလဲပဲ ''လဘေယျာ+ဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ+လဘေယျံ ဥပသမ္ပဒံ။ မြတ်စွာဘုရား....၊ တပည့်တော် ရှင်တော်ဘုရားထံ မှောက်မှာ ရှင်အဖြစ်၊ ရဟန်းအဖြစ်ကို ရပါရစေ....'' လို့ တောင်းပန် လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက ''ဧဟိ ဘိက္ခု၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ။ ရဟန်း....၊ လာလော့။ တရားတော်ကို ငါဘုရား ကောင်းစွာဟောကြားအပ် ပြီးသား ရှိနေပြီ။ သံသရာဝဋ်ဒုက္ခ အဆုံးဖြစ်ဖို့ရန် အရိယ မဂ်တည်းဟူသော အကျင့်ကို ကျင့်လော့''ဟု ရွှေသကိ တော် ဆန့်တန်း၍ မိန့်မြွက်တော်မူလိုက်လျှင် ''ဧဟိ ဘိက္ခု=ရဟန်း ...လာလော့'' ဟူသော ပထမစကား စပိုဒ်အဆုံး၌ပင် ဧဟိဘိက္ခု အခေါ်ခံရသော ပုဂ္ဂိုလ် မှာ နဂိုရှိရင်းစွဲ အဝတ်အစားများ ပျောက်၍ ဣဒ္ဓိမယ ပရိက္ခရာ ရှစ်ပါး ဘင်မြန်းဝတ်ရုံပြီး ဝါတော် (၆၀) ရသော မထေရ်ကြီးအသွင် ကူးပြောင်းသွားလေသည်။ (ရှေးရှေးဘဝများက ပရိက္ခရာရှစ်ပါးအလှူ လှူဖူးသော သူများသာလျှင် ဤ ဣဒ္ဓိမယ ပရိက္ခရာကို ရနိုင်ကြတယ်။)

## ရုပ်တရား၌ ဝိပဿနာသဘော

ဆိုခဲ့ပြီးသောအတိုင်း ပဉ္စဝဂ္ဂီမထေရ်ငါးဦးတို့ အစဉ် အတိုင်း သောတာပန်အရိယာဖြစ်ပြီး ဧဟိဘိက္ခု ရဟန်း

http://www.dhammadownload.com



အဖြစ်ကို အသီးအသီး ရရှိကြပြီးနောက် ဝါဆိုလပြည့်ကျော် (၅) ရက်နေ့ရောက်၍ အရဟတ္တ ဖိုလ်ပေါက်ချီး မြှောက်တော်မူရန် မြတ်စွာဘုရားက တရားဦးစ တော်မူတယ်။

ရူပံ ဘိက္ခဝေ အနတ္တာ။ ။ဘိက္ခဝေ= ရဟန်းတော်များ အို ချစ်သားတို့....။ ရူပံ=နှစ်ဆယ့်ရှစ်ပါး ရုပ်တရားသည်။ အနတ္တာ= သင်တို့ ထင်မြင်တဲ့ အတ္တ မဟုတ်ချေ။

(တိက္ခပညပုဂ္ဂိုလ် = ပညာဉာဏ် ထက်သော ပုဂ္ဂိုလ်၊ မဇ္ဈိမပညပုဂ္ဂိုလ်= ပညာဉာဏ် အလယ်အလတ် ရှိသော ပုဂ္ဂိုလ်၊ မန္ဒပညပုဂ္ဂိုလ်= ပညာဉာဏ်နုံ့သော ပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်အမျိုးအစား သုံးပါးရှိရာ မြတ်စွာဘုရားရှင်သည် တိက္ခပည ပုဂ္ဂိုလ်အား ခန္ဓာကမ္မဋ္ဌာန်း၊ မဇ္ဈိမပညပုဂ္ဂိုလ်အား အာယတန ကမ္မဋ္ဌာန်း၊ မန္ဒပညပုဂ္ဂိုလ်အား ဓာတ်ကမ္မဋ္ဌာန်း ဟောကြားတော်မူလေ့ရှိရာ ယခု ပဉ္စဝဂ္ဂီ မထေရ် ငါးဦးတို့မှာ တိက္ခပည ပုဂ္ဂိုလ်များ ဖြစ်ကြ၍ မြတ်စွာဘုရားက ခန္ဓာကမ္မဋ္ဌာန်းကို ဟောကြားတော်မူတယ်။

အတိတ်သံသရာ တခွင်တုန်းက သင်ချစ်သားတို့သည် ရုပ်ကိုလဲ အတ္တလို့ ထင်ခဲ့ကြတယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ကိုလဲ အတ္တလို့ ထင်ခဲ့ကြတယ်။ (သူတစ်မျိုး ကိုယ်တစ်မျိုးပေါ့။) အဲဒီလို ထင်ကြတဲ့အထဲက ရုပ်ဟာ သင်ချစ်သားတို့ အနမတဂ္ဂ=အစမထင် သံသရာတခွင်က အထင်မှား အမြင်မှား ဖြစ်ပွားခဲ့ရတဲ့ အတ္တ မဟုတ်ချေ။) ဝါဝါဒိယအကြိုက်

http://www.dhammadownload.com



**အနတ္တအကြောင်း ၄-ပါး**

''ဘာကြောင့် အတ္တမဟုတ်ထာလဲ'' ဆိုတဲ့ အမေး အတွက် ခန္ဓာငါးပါးလုံးရဲ့ အနတ္တဖြစ်ခြင်း အကြောင်း ကို ပကိဏ္ဏက ဒေသနာ အဋ္ဌကထာ၌- အဝသဝတ္တ- နဋ္ဌေန+ အသာမိကဋ္ဌေန+ သုညတဋ္ဌေန+အတ္တပဋိက္ခေ- ပဋ္ဌေန အနတ္တာ....ဟူ၍ အနတ္တမည်ခြင်းရဲ့ အကြောင်း လေးချက်ကို ပြတယ်။ ထိုအချက်ကို....

''**လိုမလိုက်အင်၊ အရှင်မဲ့ထုံး၊ ဆိတ်သုဥ်းကာရကာ၊ ပယ်ခွာအတ္တ-သဘာဝ၊အနတ္တမည်ကြောင်းလေး....။**

ဟူသော အချုပ်လက်ာကို မှတ်ယူရာ၏။

(လိုမလိုက်အင်=အဝသဝတ္တန)။ ။ဖြစ်ဆဲခန္ဓာသည် မအိုပါစေနှင့်၊ အိုဆဲခန္ဓာသည် မပျက်ပါစေနှင့် လို့ ဆိုလို့ ဘယ်နတ် ဘယ်လူ ဘယ်ဗြဟ္မာရဲ့ အလိုသို့မျှ မလိုက်ဘူး၊ ဤသို့ အလိုမလိုက်တဲ့ သ ဘောကြောင့် အနတ္တ ခေါ်ရတယ်။

(အရှင်မဲ့ထုံး =အသာမိက)။ ။ဤခန္ဓာ ငါးပါးကို ငါပိုင်တယ်၊ ငါ့ခန္ဓာ၊ ငါ့ဥစ္စာဆို့ ဘယ်လိုပင် ပြောနေ စေကာမူ ပိုင်တာမဟုတ်ဘူး၊ မိမိက ငါ့ဥစ္စာလို့ ပြောနေ စေကာမူ ထိုအသုံးသုံးလုံး မဆုံးခင် ခန္ဓာငါးပါးတို့က ချုပ်သွားပြီ၊ သို့ရကား အရှင်ပိုင်သူမရှိတဲ့ သဘော ကြောင့် အနတ္တ ခေါ်ရတယ်။

(ဆိတ်သုဉ်းကာရကာ=သုညတ)။ ။ဒီ ခန္ဓာငါးပါး ကို (ကံ၊ စိတ်၊ ဥတု၊ အာဟာရ၊ အကြောင်းလေးပါးမှ တပါး) ပြုလုပ် ဖန်ဆင်းပေးတတ်သူ ဗြဟ္မာ၊ ဗိဿနိုး

http://www.dhammadownload.com



စသည့် ဖန်ဆင်းရှင်ပုဂ္ဂိုလ်တို့ မရှိသော အနက်သဘော ကြောင့် အနတ္တဟု ခေါ်ဆိုရတယ်။

(ပယ်ခွာအတ္တ သဘာဝ = အတ္တပဋိက္ခေပ)။ ။ဒီခန္ဓာ ငါးပါးတို့ကို တို့သူငါ အနမတဂ္ဂ အစမထင် သံသရာ တခွင်က အထင်မှား အမြင်မှား ဖြစ်ခဲ့ကြတဲ့ အတ္တ လိပ်ပြာသဘောတို့ လုံးဝမရှိရကား ထိုအတ္တသဘောကို ပယ်ရှားသကဲ့သို့ ဖြစ်သောကြောင့် အနတ္တ ဟု ခေါ်ဆို ရတယ်။ (ဤကား ပကိဏ္ဏကက ဒေသနာ အဋ္ဌကထာလာ အနတ္တအကြောင်း လေးပါးတည်း။)

ဤ အနတ္တလက္ခဏသုတ်၌ အနတ္တသဘောက နက်နဲ သောကြောင့် မြတ်စွာဘုရားက ပထမ အနုသန္ဓေစကား ရပ်၌ ဒုက္ခလက္ခဏာဖြင့် အနတ္တမြင်အောင် ပြတော် မူတယ်။ ဒုတိယ အနုသန္ဓေစကားရပ်၌ တေပရိဝဋ္ဋ = သုံးကျော့သုံးပြန် အနတ္တ မြင်အောင်ပြပြီးလျှင် တတိယ အနုသန္ဓေစကားရပ်၌ ''က လာ ပ သ မ္မ သ န နည်း'' ဝိပဿနာရှုပုံကအစ ပဉ္စဝဂ္ဂီ မထေရ်မြတ်တို့ အရဟတ္တ ဖိုလ်ပေါက် ရဟန္တာအဖြစ်သို့ ရောက်ကြပုံကို ဟောတော် မူတယ်။ ထိုသို့သုံးပိုင်းဟောကြားရာတွင် ပထမအနုသန္ဓေ ပိုင်း၌ ရူပက္ခန္ဓာ၏ အနတ္တဖြစ်ပုံကို ဤသို့ ဟောတော် မူတယ်။

(၁) ရူပက္ခန္ဓာ အနတ္တ

''ရူပံ ဘိက္ခဝေ အနတ္တာ''။ ရဟန်းတို့....၊ နှစ်ဆယ့် ရှစ်ပါး ရုပ်တရားသည် အနတ္တဖြစ်တယ်။

''ရူပဉ္စ ဟိ+ဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ န+ယိ+ဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသိ''တိ၊

http://www.dhammadownload.com



ရဟန်းတို့....၊ ဤ နှစ်ဆယ့်ရှစ်ပါး ရုပ်တရားအစုသည် သင်ချစ်သားတို့ သံသရာတခွင်က ထင်မှားခဲ့ကြတဲ့ အတ္တအနှစ်ဖြစ်ခဲ့ယင် ဤရုပ်ဟာ ညှဉ်းပန်းနှိပ်စက်တတ်တဲ့ အနာရောဂါတို့ မဖြစ်လေရာ။ (ပုထုဇန် သတ္တဝါတို့ ထင်နေတဲ့အတ္တက အနှစ်အစိုင် အခိုင်အမာလို့ ထင်ကြတယ်၊ အနှစ်အစိုင် အခိုင်အမာဆိုယင် အာဗာဓဆိုတဲ့ အနာရောဂါမျိုး မကပ်ရောက်ရဘူး။ အခုတော့ ကပ်ရောက်လိုက်တာ၊ တစ်ကိုယ်လုံး အပ်နဲ့ ထောက်ကြည့်စမ်းပါ၊ အပ်တစ်ထောက်စာမျှ အနာရောဂါ မကပ်ရောက်နိုင်တဲ့နေရာ ရှာလို့မရဘူး။ တကယ်လို့ ပုထုဇန်များ ထင်တဲ့အတိုင်း အတ္တအနှစ် ရှိတယ်ဆိုယင် ဒီရုပ်ဟာ အာဗာဓဆိုတဲ့ အနာရောဂါမျိုး မဖြစ်ရဘူးနော်)။

ဤမျှမကသေး၊ (ရုပ်ဟာ အတ္တဖြစ်ယင်) ထို ရုပ်တရား ပေါ်၌ ''ငါ၏ ရုပ်သည် ဤသို့ ဖြစ်ပါစေ၊ ငါ၏ ရုပ်သည် ဤသို့ မဖြစ်ပါစေလင့်'' လို့ ဤသို့ စီမံပိုင်ခွင့် သဘောကို ရလေရာ၏၊ ရမှာပေါ့။ ရရဲ့လား ချစ်သားတို့လို့ ဆိုတော့—

ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊ န စ လဗ္ဘတိ ရူပေ ''ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ'' တိ။

ရဟန်းတို့....၊ ရုပ်သည် အနတ္တ ဖြစ်သောကြောင့် နာကျင်ဖို့ရန် ဖြစ်ရုံမျှမက ရုပ်တရားပေါ်မှာ ''ငါ၏ ရုပ်သည် ဤသို့ ဖြစ်ပါစေ၊ ငါ၏ ရုပ်သည် ဤသို့ မဖြစ်ပါစေလင့်''လို့ ဤကဲ့သို့ စီမံပိုင်ခွင့် သဘောကို လည်း မရခဲ့ချေ။ တတိယအကြိမ်

http://www.dhammadownload.com



(တသ္မာ ရူပံ အနတ္တာ=ထို့ကြောင့် ရုပ်သည် အနတ္တ၊ ဤကဲ့သို့ မူလ စကားရင်းသို့ ပြန်၍ စကားသိမ်းရပါမည်။)

မြတ်စွာဘုရားသည် အနတ္တကို ဟောတဲ့အရာမှာ အနိစ္စနဲ့ ကိုင်ပြီးတော့လဲ ဟောတတ်ပါတယ်။ အနိစ္စ၊ ဒုက္ခ=နှစ်ပါးနဲ့ ကိုင်ပြီးတော့လဲ ဟောတတ်ပါတယ်။

မဇ္ဈိမနိကာယ် "ဆဆက္ကသုတ္တန်" မှာ- စက္ခု အနတ္တာ-လို့ စကားပလ္လင်ခံပြီး-

စက္ခု အတ္တာတိ ယော ဝဒေယျ၊ တံ န ဥပပဇ္ဇတိ၊ စက္ခုဿ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ၊ ယဿ ခေါ ပန ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ၊ အတ္တာ မေ ဥပ္ပဇ္ဇတိ စ+ဝေတိ စာ+တိ ဣစ္စဿေဝ+မာဂတံ ဟောတိ၊ တသ္မာ တံ န ဥပပဇ္ဇတိ စက္ခု အတ္တာတိ ယော ဝဒေယျ။ ဣတိ စက္ခု အနတ္တာ။

စက္ခုသည် အတ္တတည်းဟု ပြောလျှင် ထိုစကားသည် မသင့်။ (အကြောင်းကား) စက္ခု၏ အဖို့ရာ ဖြစ်ခြင်း ပျက်ခြင်း သဘောနှစ်ပါး ထင်ရှားရှိနေ၏။ (မိစ္ဆာဝါဒီတို့ ပြောသောအတ္တမှာ အဖြစ်အပျက်မရှိ၊ အမြဲ ခိုင်နေ၏ဟု ပြောကြတယ်။) အကြင်တရား၏ အဖို့ရာ ဖြစ်ခြင်း ပျက်ခြင်း သဘောနှစ်ပါး ထင်ရှားရှိနေ၏။ (ထို တရားကို အတ္တ=လိပ်ပြာဟု မိစ္ဆာဝါဒီတို့ ဆိုတဲ့အတိုင်း ပြောလျှင်) ငါ၏ အတ္တ လိပ်ပြာသည် ဖြစ်လည်း ဖြစ်၏၊ ပျက်လည်း ပျက်၏ဟု ဤ အဓိပ္ပာယ်မျိုး သက်ရောက်သွားသည်။ ထို့ကြောင့် "စက္ခုသည် အတ္တလိပ်ပြာတည်း" ဟု ပြောဆိုလျှင်

http://www.dhammadownload.com



ထိုစကားသည် မသင့်လျော်။ ဤသို့လျှင် စက္ခုသည် အနတ္တတည်း....စသည်ဖြင့် ဆဆက္ကသုတ္တန်မှာ အဖြစ်အပျက် = အနိစ္စလက္ခဏာဖြင့် အနတ္တလက္ခဏာကို ထင်ရှားအောင် ဟောကြားတော်မူပါတယ်။

အချို့ သုတ္တန်များမှာတော့ အနိစ္စ၊ ဒုက္ခ ၂-ပါးနဲ့ အခြေတည်ပြီးမှ အနတ္တကို ဟောတာလဲ ရှိတယ်။ ဘယ်လိုလဲ။

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ, တံ ဒုက္ခံ, ယံ ဒုက္ခံ, တဒနတ္တာ၊ ယဒနတ္တာ၊ တံ နေတံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ။ ။ (သံ-၂၊ အရဟန္တ သုတ်၊ ၃၁-၆၀)။

ဘိက္ခဝေ=ရဟန်းတော်များ အို ချစ်လားတို့....။ ရူပံ=နှစ်ဆယ့်ရှစ်ပါး ရုပ်တရားသည်။ အနိစ္စံ= အမြဲမရှိ။ ယံ=အကြင်ရုပ်တရားသည်။ အနိစ္စံ= အမြဲမရှိ။ တံ= ထိုရုပ်တရားသည်။ ဒုက္ခံ = ဆင်းရဲ၏။ ယံ-ယသ္မာ=အကြင်ကြောင့်။ယံ=အကြင်ရုပ်တရားသည်။ ဒုက္ခံ=ဆင်းရဲ၏။ တံ= ထိုရုပ်တရားသည်။ အနတ္တာ= အတ္တမဟုတ်ချေ။ ယံ = အကြင် ရုပ် တရား သည်။ အနတ္တာ=အတ္တမဟုတ်။တံ=ထိုရုပ်တရားသည်။နေတံ မမ= ငါ၏ဥစ္စာ မဟုတ်ပါတကား။ နေသော ဟ မသ္မိ= ငါမဟုတ်ပါတကား။ န မေ သော အတ္တာ = ငါ၏ အတ္တလိပ်ပြာ မဟုတ်ပါတကား။

ဤ၌ ''အနတ္တကို ဟောလိုရာမှာ အနတ္တာလို့ တိုက်ရိုက် မဟောဘဲ အဘယ့်ကြောင့် အချို့နေရာ၌ အနိစ္စနဲ့အခြေတည်ပြီး၊ အချို့နေရာ၌ ဒုက္ခနဲ့အခြေ

http://www.dhammadownload.com



တည်ပြီး၊ အချို့နေရာ၌ အနိစ္စ၊ ဒုက္ခ ၂-ပါးနဲ့ အခြေတည်ပြီးတော့ အနတ္တကို ဟောရတာလဲ''လို့ မေးစရာ ရှိပါတယ်။

အဖြေကား....အနိစ္စ၊ဒုက္ခ သဘောထက် အနတ္တ သဘောက ပိုလွန်၍ နက်နဲ မြင်နိုင်ခဲသောကြောင့် အနိစ္စ၊ ဒုက္ခနဲ့ အခြေတည်ပြီး အနတ္တကို ဟောရပါတယ်။ အနိစ္စ၊ ဒုက္ခကို အပေါ်ယံကြော မြင်မယ်ဆိုယင် မြင်လွယ်တယ်၊ တစ်စုံ တစ်ခု မိမိ လက်ထဲက ပန်းကန်ကလေး ခွက်ကလေးများ မတော်တဆ လွတ်ကျပြီး ကွဲပျက်သွားယင် ''ဟော– အနိစ္စ ဖြစ်သွားပြီ'' လို့ ပြောတတ်ကြတယ်။ အဲဒီ ကွဲသွားတဲ့ ပန်းကန်ကလေး ခွက်ကလေးကိုကြည့်ပြီး ''ဟော– အနတ္တ ဖြစ်သွားပြီ'' လို့ ဘယ်သူမှ မပြောကြဘူး။ အနိစ္စသဘောက ပုထုဇန်တို့ လောကမှာ ပေါ်လွင် ထင်ရှားတယ်။ ထို့အတူ မတော်တဆ ခြေဖဝါးကို ဆူးစူးမိတယ်၊ ခြေဖြင့် အပ်ကိုနင်းမိတယ် ဆိုယင် ''အဟော ဒုက္ခ၊ အဟော ဒုက္ခ'' လို့ ပြောတတ်ကြတယ်။ မည်သူမှ ''အဟော အနတ္တ''လို့ မပြောကြဘူး။ အဲဒီလို ပုထုဇန်လောကမှာ အနိစ္စနဲ့ ဒုက္ခ သဘောက ထင်ရှားတယ်၊အနတ္တသဘောက ပုထုဇန် လောကမှာ မထင်ရှားဘူး။

## (၂) ဝေဒနာက္ခန္ဓာ အနတ္တ

ဝေဒနာ အနတ္တာ.... (ရှေးနည်း ပါဠိသွားပါသေး။)
ဘိက္ခဝေ = ရဟန်းတော်များ အို– ချစ် သား တို့....။
ဝေဒနာ=ခံစား စံစား၊ စကားနှစ်ထွေ၊ တရားနေမှာ၊

တတိယအကြိမ်

http://www.dhammadownload.com



ဝေဒနာခေတ်၊ ခန္ဓာမှတ်လော့–ဆိုတဲ့ ဝေဒနာသဘော တရားသည်။ အနတ္တာ=အတ္တမဟုတ်ချေ။

ရှေးနည်းအတူပေါ့။ ဝေဒနာသည် ချစ်သားတို့ ထင်တဲ့အတိုင်း အတ္တဖြစ်ငြားအံ့၊ ဒီဝေဒနာသည် နာကျင်ဖို့ရန် မဖြစ်ရာ၊ အခုတော့ ဝေဒနာသည်ပင် နာကျင်၍ နေတယ်၊ (ဒုက္ခဝေဒနာကို အာရုံစိုက်ပြီး ကြည့်ပါ။) "သုခဝေဒနာကျတော့ သက်သာတယ် မဟုတ်လား" လို့ မေးဖွယ်ရှိတယ်။ အဖြေကား–သင်္ခါရဒုက္ခ အနေဖြင့် လည်းကောင်း၊ ဝိပရိဏာမ ဒုက္ခအနေဖြင့် လည်းကောင်း သုခဝေဒနာလဲ နာလျက်ပဲ။ သုခဝေဒနာဆိုသည်မှာ ဖြစ်နေတုန်းသာ သက်သာတယ်ထင်ရပြီး ပျက်သွား ချုပ်သွားတဲ့ အခါကျတော့ ပိုပြီးတော့ နာသေးတယ်။ ဒီတော့ သုခဝေဒနာလဲပဲ အာဗာဓာယ သံဝတ္တနပဲ။ ဒုက္ခဝေဒနာရော၊ ဥပေက္ခာ ဝေဒနာရော သင်္ခါရဒုက္ခ အနေဖြင့် ဘယ်ဝေဒနာမှ မသက်သာ၊ နာလျက် ကျင်လျက်ဖြစ်နေတယ်။ ဝေဒနာသည် အကယ်၍ အတ္တ လိပ်ပြာ ဖြစ်ခဲ့ငြားအံ့ မနာမကျင်ပေရာ။ "ငါ့ ဝေဒနာသည် ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်ပါစေလင့်" လို့ စီမံပိုင်ခွင့်ရမှာပေါ့။ ချစ်သားတို့....၊ယခုတော့ ဝေဒနာသည် အနတ္တ ကေန်မှန်သောကြောင့် နာကျင်မှုသဘော ဖြစ်ရတယ်၊ ဒီလို နာကျင်မှု သဘော ဖြစ်လေသောကြောင့် ဝေဒနာသည် အနတ္တ ကေန်မှန်ပေတယ်၊ အနတ္တ မှန်သောကြောင့် စီမံပိုင်ခွင့်ကို လုံးဝ မရရှိတာ။

(၃) သညာက္ခန္ဓာ အနတ္တ

သညာ အနတ္တာ.... (ရှေးနည်း ပါဠိသွားပါလေ။) ဘိက္ခဝေ = ရဟန်းတော်များ အို– ချစ်သားတို့..

http://www.dhammadownload.com



သညာ=ဤလောကဝယ် ပါးတယ်၊ နပ်တယ်၊ လိမ္မာတယ် လို့ ခေါ်ဆိုရတဲ့ သညာတရား အကျွန်း အား ဖြင့် ခြောက်ပါးလာရှိ ပွားပြန်ဘိမူ မြေသိ ရေသိ နေလသိ က စရှိသွယ်သွယ် မဆုံးဖွယ်သည့် အကျယ်သညာ တရား အစုသည်။ အနတ္တာ = သင်ချစ်သားတို့ အ စ မ ထ င် အနမတဂ္ဂသံသရာတခွင်က အထင်မှား အမြင်မှားခဲ့တဲ့ အတ္တလိပ်ပြာ မဟုတ်ချေ....။

ရှေးနည်းအတူ သညာသည် ချစ်သားတို့ ထင်မှတ် သည့်အတိုင်း အတ္တလိပ်ပြာဖြစ်ယင် နာကျင်ဖို့ရန် မဖြစ် ရာ။ယခုမူ သညာသည် နာကျင်၍ နေတယ်။ ''သုခသညာ၊ ဇုဋ္ဌသညာတို့ကျတော့ သက်သာတယ်မဟုတ်လား'' လို့ မေးဖွယ်ရှိတယ်။ အဖြေကား သင်္ခါရဒုက္ခ၊ ဝိပရိဏာမ ဒုက္ခအနေဖြင့်ကြည့်ယင် သုခသညာ၊ဇုဋ္ဌသညာတို့လဲ အမြဲ နာကျင်လျက်ပဲ။ ဒီတော့ ဇုဋ္ဌသညာ၊ အနိဋ္ဌသညာ၊ သုခ သညာ၊ ဒုက္ခသညာ၊ သညာ မှန် သ မျှ သင်္ခါရဒုက္ခ၊ ဝိပရိဏာမ ဒုက္ခအနေဖြင့် ဘယ်သညာမှ မသက်သာ နာလျက် ကျင်လျက် ဖြစ်နေတယ်။သညာသည် အကယ်၍ အတ္တလိပ်ပြာ ဖြစ်ခဲ့ယင် မနာမကျင်ပေရာ။ ''ငါ့သညာ သည် ဤသို့ဖြစ်စေ၊ ဤသို့ မဖြစ်ပါစေလင့်''လို့ စီမံပိုင် ခွင့် ရမှာပေါ့။ ချစ်သားတို့....၊ ယခုတော့ သညာသည် အနတ္တ ကောန်မှန်သည့်အတွက် နာကျင်မှုသဘော ဖြစ်ရ ဘယ်။ နာကျင်မှုသဘော ဖြစ်လေသောကြောင့် သညာ သည် အနတ္တကောန် မှန်ပေတယ်။ အနတ္တမှန်သောကြောင့် သညာပေါ်မှာ စီမံပိုင်ခွင့်ကို လုံးဝ မရရှိတာ။

တတိယအကြိမ်

http://www.dhammadownload.com



## (၄) သင်္ခါရက္ခန္ဓာ အနတ္တ

သင်္ခါရာ အနတ္တာ၊ သင်္ခါရာ စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿံသု၊ နယိဒံ သင်္ခါရာ အာဗာဓာယ သံဝတ္တေယျုံ၊ လဗ္ဘေထ စ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု-"န္တိ။ ယသ္မာ စ ခေါ ဘိက္ခဝေ သင်္ခါရာ အနတ္တာ၊ တသ္မာ သင်္ခါရာ အာဗာဓာယ သံဝတ္တန္တိ၊ န စ လဗ္ဘတိ သင်္ခါရေသု "ဧဝံ မေ သင်္ခါရာ ဟောန္တု၊ ဧဝံ မေ သင်္ခါရာ မာ အဟေသု"န္တိ။

ရဟန်းတို့....၊ သင်္ခါရခေါ်တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု (အကျယ်ပွားယင်) ငါးဆယ်သော တရားအစုသည် အတ္တလိပ်ပြာ မဟုတ်ချေ။ ဒီသင်္ခါရတရားအစုဟာ သင်ချစ်သားတို့ အထင်မှားခဲ့တဲ့ အတ္တလိပ်ပြာ ဖြစ်မယ်ပ ဆိုယင် မနာမကျင်ရပေဘူး။ "ငါရဲ့ သင်္ခါရတို့သည် ဤသို့ ဖြစ်ကြပါစေ၊ ဤသို့ မဖြစ်ကြပါစေလင့်၊ ကောင်းသော ပုညာဘိသင်္ခါရတွေသာ **ဖြစ်ကြပါစေ**၊ မကောင်းသော အပုညာဘိသင်္ခါရ**တွေ မဖြစ်ကြပါစေ**လင့်" လို့ အဲဒီလို စီမံပိုင်ခွင့် ရှိရမှာ**ပေါ့။ ယခုတော့** သင်္ခါရတရားတွေဟာ မစိုးပိုင် မစီမံနိုင်တဲ့ အတွက် ဖြစ်ယင်လဲပဲ သင်္ခါရ ဒုက္ခအနေနဲ့ နာကျင်ဖို့ဖြစ်ရတယ်၊ "ဒီလို ဖြစ်ကြပါစေ၊ ဒီလို မဖြစ်ကြပါစေလင့်"လို့ သင်္ခါရ တရားတွေပေါ်မှာ လုံးဝ စီမံပိုင်ခွင့်ကို မရကြဘူး။ ဒါ့ကြောင့် သင်္ခါရတရား အစုတို့ဟာ အတ္တလိပ်ပြာ မဟုတ်ကြချေ။

တတိယအကြိမ်

http://www.dhammadownload.com



## (၅) ဝိညာဏက္ခန္ဓာ အနတ္တ

ဝိညာဏံ အနတ္တာ-

ဘိက္ခဝေ = ရဟန်းတော်များ အို-ချစ်သားတို့....။ ဝိညာဏံ=၄၅-ပါး သင်ချစ်သားတို့ ရရှိတဲ့ စိတ်ဝိညာဏ် တရားအစုသည်။ အနတ္တာ=အတ္တလိပ်ပြာ မဟုတ်ပါချေ။

(စဉ်းစားကြည့်ပါ။ အဲဒီ တရားဟောနေတဲ့ အချိန်မှာ ပဉ္စဝဂ္ဂီမထေရ်တို့မှာ ကာမစိတ်က ၄၅-ပါး၊ သောတာပတ္တိဖိုလ်စိတ် လို့ စိတ်ဝိညာဏ်ပေါင်း ၄၆-ပါး ရကြတယ်။ ယခု တရားဟော တရားနာ ပုဂ္ဂိုလ်တို့အနေနဲ့က ကာမစိတ် ၄၅-ပါးပဲ ရကြတယ်။

အနမတဂ္ဂ=အစမထင် သံသရာတခွင်က အတ္တလိပ်ပြာလို့ အထင်မှားခဲ့တဲ့ ဝိညာဏက္ခန္ဓာသည် ဝိညာဏက္ခန္ဓာသာ ဟုတ်တယ်။ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ သိမှုသာ ဟုတ်တယ်။ အတ္တလိပ်ပြာ မဟုတ်ဘူး။

မိစ္ဆာဝါဒီတို့ မိစ္ဆာဒိဋ္ဌိနဲ့ ပြောကြတဲ့ ဝိညာဏ် ဆိုတာနဲ့ ယခု မြတ်စွာဘုရားဟောတဲ့ ဝိညာဏ်ဟာ မတူဘူး။ မိစ္ဆာဝါဒီတို့ မိစ္ဆာဒိဋ္ဌိပြင့် ပြောကြတဲ့ ဝိညာဏ် အတ္တ လိပ်ပြာ ဇီဝဆိုတာက တကယ်စင်စစ် တရားသားရှာ၍ မရဘူး။ ယခု မြတ်စွာဘုရား ဟောတဲ့ ဝိညာဏ်ဆိုတာက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ ဓမ္မသဘောဆိုတဲ့ အာရုံကို မြင်တတ်၊ ကြားတတ်၊ နမ်းရှူတတ်၊ စားတတ်၊ ထိတတ်၊ သိတတ်တဲ့ သဘော ၆-မျိုးကို ဝိညာဏ်

http://www.dhammadownload.com



လို့ ဟောတော်မူတာဖြစ်တယ်။ သူ့ဗျူပွတ် သူ့အကြောင်းနဲ့ သူလာတဲ့ ဝိညာဏ် ၆-ပါး တရားအစုသည် အနမတဂ္ဂ=အစမထင် သံသရာတခွင်က သင်ချစ်သားတို့ ထင်မှားခဲ့တဲ့ အတ္တလိပ်ပြာ မဟုတ်ဘူး။)

ဝိညာဏဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ဝိညာဏံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ဝိညာဏေ "ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ"တိ။

ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့....။ ဣဒံ ဝိညာဏံ=ဤ ဝိညာဏ် ၆-ပါး တရားအစုသည်။ အတ္တာ=သင်ချစ်သားတို့ ထင်မှားခဲ့တဲ့ အတ္တလိပ်ပြာသည်။ အဘဝိဿ=အကယ်၍ ဖြစ်ငြားအံ့။ ဣဒံ ဝိညာဏံ=ဤ ဝိညာဏ် ၆-ပါး တရားအစုသည်။ အာဗာဓာယ =နာကျင်ခြင်းငှာ။ န သံဝတ္တေယျ=မဖြစ်ရာ။

(စိတ်ဝိညာဏ်ဟာ အတ္တလိပ်ပြာသာ ဖြစ်ခဲ့ပါလျှင် "စိတ်ထဲက နာလိုက်တာ၊ စိတ်ဒုက္ခရောက်လိုက်တာ" ဆိုတဲ့ စိတ်ရဲ့နာကျင်မှုသဘော မဖြစ်လေရာ။)

ဝိညာဏေ=ဝိညာဏ် ခြောက်ပါး တရားအစု၌၊ ဧဝံ မေ ဝိညာဏံ ဟောတု=ငါ၏ ဝိညာဏ်သည် ဤသို့သာ ဖြစ်ပါစေ။ ဧဝံ မေ ဝိညာဏံ မာ အဟောသိ တိ=ငါ၏ ဝိညာဏ်သည် ဤသို့ မဖြစ်ပါစေလင့် ဟူ၍ စီမံပိုင်ခွင့်သဘောကို။ လဗ္ဘေထ=ရအပ်လေရာ၏။

(စိတ်ဝိညာဏ်ဟာ အတ္တလိပ်ပြာသာ ဖြစ်ခဲ့ပါလျှင် ထိုစိတ်ဝိညာဏ်ပေါ်မှာ "ဣသိုလ်စိတ်ချည်း ဖြစ်ပါစေ၊

http://www.dhammadownload.com



အကုသိုလ်စိတ်တွေ မဖြစ်ပါစေနဲ့''လို့ စီမံပိုင်ခွင့်ရမှာပေါ့၊ ယခုတော့ ရရဲ့လားဆိုတော့)-

ယသ္မာ စ ခေါ ဘိက္ခဝေ ဝိညာဏံ အနတ္တာ၊ တသ္မာ ဝိညာဏံ အာဗာဓာယ သံဝတ္တတိ။ န စ လဗ္ဘတိ ဝိညာဏေ ''ဧဝံ မေ ဝိညာဏံ ဟောတု၊ ဧဝံ မေ ဝိညာဏံ မာ အဟောသီ''တိ။

(ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့....)။ စ ခေါ=စင်စစ်ကေန် အမှန်အားဖြင့်။ ယသ္မာ=အကြင့်ကြောင့်။ ဝိညာဏံ=ဝိညာဏ် ခြောက်ပါး တရားအစုသည်။ အနတ္တာ=သင်ချစ်သားတို့ ထင်မှားခဲ့တဲ့ အတ္တလိပ်ပြာ မဟုတ်ချေ။ တသ္မာ=ထို့ကြောင့်။ ဝိညာဏံ=ဝိညာဏ် ခြောက်ပါး တရားအစုသည်။ အာဗာဓာယ=နာကျင်ခြင်းငှာ။ သံဝတ္တတိ = ဖြစ်၏။ ဝိညာဏေ=ဝိညာဏ် ခြောက်ပါး တရားအစု၌။ ''ဧဝံ မေ ဝိညာဏံ ဟောတု=ငါ့ဝိညာဏ်သည် ဤသို့သာ ဖြစ်ပါစေ။ ဧဝံ မေ ဝိညာဏံ မာ အဟောသီ တိ = ငါ့ဝိညာဏ်သည် ဤသို့ မဖြစ်ပါစေလင့်''လို့ ဆိုတဲ့ စီမံပိုင်ခွင့်ကို။ န စ လဗ္ဘတိ=မရအပ်ချေ။

(တသ္မာ ဝိညာဏံ အနတ္တာ = သို့ရကား ဝိညာဏ် ခြောက်ပါး တရားအစုသည်။ အနမတဂ္ဂ=အစမထင် သံသရာတခွင်က သင်ချစ်သားတို့ ထင် မှား ခဲ့ ကြ တဲ့ အတ္တလိပ်ပြာ ဝိညာဏ်ကောင် မဟုတ်ချေ။ ဤကဲ့သို့ စကား နိဂုံး အဆုံးသတ်ရပါမည်။)

**ပထမ အနုသန္ဓေ ပြီး၏။**

---

ကကိယအာကြိမ်

http://www.dhammadownload.com



## ဒုတိယ အနုသန္ဓိ

### တေပရိဝဋ္ဋဓမ္မဒေသနာ

ဤကဲ့သို့ မြတ်စွာဘုရား ပထမ အနုသန္ဓိပိုင်း၌ ဒုက္ခလက္ခဏာဖြင့် အနတ္တလက္ခဏာကို ထင်စွာ ဟောပြသောအခါ ပဉ္စဝဂ္ဂီမထေရ်တို့အနေနဲ့ အနတ္တဉာဏ် ရှုးစိုက်၍နေကြတဲ့အခါမှာ ဘုရားကိုယ်တော်မြတ်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ=သုံးကျော့ သုံးပြန် တေပရိဝဋ္ဋ ဓမ္မဒေသနာနည်းဖြင့် ဟောတော်မူလို၍—

**ရူပက္ခန္ဓာအတွက်** တံ ကိံ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံ ဝါ/ အနိစ္စံ ဝါတိ။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့....။ တံ=ထို ယခု ငါဘုရား မေးမြန်းမည့် စကားကို။ ကိံ မညထ=သင်ချစ်သားတို့ အဘယ်သို့ ထင်မှတ်ကြသနည်း။ ရူပံ=နှစ်ဆယ့်ရှစ်ပါး ရုပ်တရားအစုသည်။ နိစ္စံ ဝါ=နိစ္စလေလော။ အနိစ္စံ ဝါ=အနိစ္စလေလော။ ဣတိ=ဤကား အမေးတည်း။

အမျိုးသား၌ (ဣတ္ထိဘာဝ ရုပ်ကို နုတ်၍) ရုပ် ၂၇-ပါး၊ အမျိုးသမီး၌ (ပုမ္ဘာဝရုပ်ကို နုတ်၍) ရုပ် ၂၇-ပါး ရကြသည်။ ၂-ဦးပေါင်းလိုက်က ၂၈-ပါး ဆိုလျှင် ပြီးနိုင်သည်။ ထို့ကြောင့် ''နှစ်ဆယ့်ရှစ်ပါး ရုပ်တရားအစုသည် နိစ္စပဲလား၊ အနိစ္စပဲလား=နိစ္စလို့ ချစ်သားတို့ သဘောကျ မှတ်ထင်သလား၊ အနိစ္စလို့ ချစ်သားတို့ သဘောကျ မှတ်ထင်ကြသလား'' လို့ မေးတော့ ပဉ္စဝဂ္ဂီ မထေရ်တို့က ပြန်ဖြေတယ်။

ဗတိယအကြိမ်

http://www.dhammadownload.com



အနိစ္စံ ဘန္တေ။ ဘန္တေ = မြတ်စွာဘုရား....။ အနိစ္စံ= အနိစ္စပါဘုရား။

အနိစ္စလို့ တပည့်တော်များ သဘောကျပါတယ် ဘုရားလို့ လျှောက်ထား ဖြေကြားကြတယ်။ ဘာ ကြောင့်လဲလို့ဆိုတော့ အနိစ္စလို့သိဖို့ရန် အကြောင်း ၄-ချက်ရှိတယ်။ ၄-ချက်တို့မှာ-

၁။ ဥပ္ပါဒဝယဝန္တတာယ = ဖြစ်ခြင်း ပျက်ခြင်း သဘောနှစ်သင်းတို့ ထင်ရှားစွာ ရှိခြင်းကြောင့်၊ (ဝါ) ဖြစ်ပြီးလျှင် ပျက်ရသောကြောင့် အနိစ္စမည် တယ်။

၂။ တာဝကာလိကတာယ = တစ်ခဏမျှသာ အသက်ရှည်ခြင်းကြောင့်၊ (ဝါ) ရုပ်ပဲဖြစ်ဖြစ်၊ နာမ်ပဲ ဖြစ်ဖြစ် ဖြစ်ပြီးလျှင် ပျက်ရကား တာဝကာလိက အခိုက်အတန့်မျှသာ တည်နေသောကြောင့် အနိစ္စ မည်တယ်။

၃။ ဝိပရိဏာမကောဋ္ဌိယာ = ဖောက်ပြန်ပျက်စီး ခြင်းလျှင် အစွန်းအဆုံးရှိသောကြောင့်၊ (ဝါ) ရုပ် ဖြစ်စေ၊ နာမ်ဖြစ်စေ ဥပါဒ်ခဏ ဖြစ်စမှာ သာပတယ် ဟု ထင်ရသော်လဲ ဌီခဏရောက်တော့ ရင့်ရော်မှု ဇရာ သဘောဝင်လာပြီး ဘင်ခဏသို့ရောက်၍ မရဏ သဘော တခါထဲ ရွေ့လျောသွားတတ်သောကြောင့် အနိစ္စ မည်တယ်။

http://www.dhammadownload.com



၄။ နိစ္စပဋိက္ခေပတော=ပုထုဇန်သူငါတို့ ထင်မှားတဲ့ နိစ္စသဘောကို ပယ်ရှားတတ်သောကြောင့် အနိစ္စမည်တယ်။ အဲဒီ ပဉ္စဝဂ္ဂီတို့မြင်တဲ့ အနိစ္စအကြောင်းလေးချက်ကို ကိုယ်က မှန်းပြီး မြင်ထားရမယ်။

ဆောင်ပုဒ်လင်္ကာ။ ။ဖြစ်လျှင်ပျက်ရ၊ ခဏတည်မြန်၊ ဖောက်ပြန်ပျက်ပြား၊ ပယ်ရှားနိစ္စ-သဘာဝ၊ အနိစ္စ မည်ကြောင်း လေး။ ။

မြတ်စွာဘုရားက ဆက်မေးတယ်။

ယံ ပနာ+နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါ။

ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့....။ ပန=ထိုမှတပါး။ ယံ= အကြင်နှစ်ဆယ့် ရှစ်ပါး ရုပ်တရားအစုသည်။ အနိစ္စံ= အကြောင်းလေးပါးအရ အနိစ္စမှန်၏။ တံ+ထို အနိစ္စကေန် စင်စစ်မှန်သည့် နှစ်ဆယ့်ရှစ်ပါး ရုပ်တရားအစုသည်။ ဒုက္ခံ ဝါ= ဒုက္ခလေလော။ သုခံ ဝါ=သုခလေလော။

ထိုအခါ ပဉ္စဝဂ္ဂီမထေရ်တို့က—

ဒုက္ခံ ဘန္တေ။ ဘန္တေ=မြတ်စွာဘုရား....။ ဒုက္ခံ= ဒုက္ခပါဘုရား.... (ဤကဲ့သို့ ဖြေတယ်။)

ဘာ့ကြောင့် ဒုက္ခမည်ရသလဲဆိုတော့—

http://www.dhammadownload.com



၁။ သန္တာပဋ္ဌေန=ဒုက္ခဒုက္ခ၊ သင်္ခါရဒုက္ခ၊ ဝိပရိဏာမ ဒုက္ခဆိုတဲ့ ဒုက္ခသုံးမျိုးတို့ဖြင့် အမြဲတစေ ပူပန်တတ်သော သဘောကြောင့် ဒုက္ခမည်တယ်။

(၂) ဒုက္ခမဋ္ဌေန=ဒုက္ခသဘော သုံးမျိုး တို့နဲ့ အမြဲ ဆက်ဆံနေတဲ့အတွက် အခံရခက်သောကြောင့်လဲ ဒုက္ခ မည်တယ်။

(၃) ဒုက္ခဝတ္ထုကတာယ=ဒုက္ခသဘော သုံးမျိုးတို့ရဲ့ တည်ရာ ဖြစ်သောကြောင့် ဒုက္ခမည်တယ်။

(၄) သုခပဋိက္ခေပဋ္ဌေန=တိုတတွေ ထင်မှတ်နေတဲ့ သုခသဘောကို ဒိရုပ်တွေ၊ ဝေဒနာတွေ၊ သညာတွေ၊ သင်္ခါရတွေ၊ ဝိညာဏ်တွေက အမြဲတစေ ပယ်လှန် ပယ် လှန်၍ နေသောကြောင့်လဲပဲ ဒုက္ခမည်တယ်။ ဤကဲ့သို့ ဒုက္ခမည်ခြင်းရဲ့ အကြောင်းလေးပါးတို့ကို သဘောကျ သိမြင်ပြီး ပဉ္စဝဂ္ဂီမထေရ်ငါးဦးတို့က—

ဒုက္ခံ ဘန္တေ။ ဘန္တေ=မြတ်စွာဘုရား....။ ဒုက္ခံ= ဒုက္ခပါဘုရား....လို့ ဖြေတော်မူကြတယ်။

**ဆောင်ပုဒ်လင်္ကာ။ ။အမြဲပူပန်၊ အခံခက်လှ၊ ဒုက္ခတည်ရာ၊ ပယ်စွာသုခ–သဘာဝ၊ ဒုက္ခအကြောင်း လေး။ ။**

မြတ်စွာဘုရားက ဒုက္ခလက္ခဏာ ထင်ရှားသွားတော့ ဆက်မေးမြန်းတော်မူတယ်....။

တတိယအကြိမ်

http://www.dhammadownload.com



ယံ ပနာ+နိဋ္ဌံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ ''ဧတံ မမ ဧသော ဟမသ္မိ ဧသော မေ အတ္တာ'' တိ။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့....။ ပန–ဆက်၍ ငါဘုရား မေးဦးအံ့။ ယံ=အကြင် နှစ်ဆယ့်ရှစ်ပါး ရုပ်တရားအစုသည်။ အနိစ္စံ=မြဲလဲ မမြဲ။ ဒုက္ခံ=ဆင်းလဲ ဆင်းရဲ၏၊ ဝိပရိဏာမဓမ္မံ=ဖောက်လွဲဖောက်ပြန်လဲ ဖြစ်တတ်၏။ တံ=ထို မမြဲ၊ ဆင်းရဲ၊ ဖောက်လွဲတတ်တဲ့ ရုပ်တရားအစုကို။ ''ဧတံ မမ=ငါ့ဥစ္စာပဲ။ ဧသော ဟမသ္မိ=ငါပဲ။ ဧသော မေ အတ္တာ=ငါ၏ အတ္တလိပ်ပြာပဲ''။ ဣတိ=ဤသို့။ သမနုပဿိတုံ=တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် အလွဲလွဲအချော်ချော် ရှုမြော်ဖို့ရန်။ ကလ္လံနု=လျောက်ပတ်သေးသလော....။

(ကဲ.... ချစ်သားတို့....၊ ဒီလိုဆိုယင် မြဲလဲ မမြဲဘူး၊ ဆင်းလဲ ဆင်းရဲဘယ်၊ သန္တတိ ရှိသမျှတွေလဲ ဇရာမရဏတို့ဖြင့် ဖောက်လွဲဖောက်ပြန် ဖြစ်တတ်တဲ့ ဒီ နှစ်ဆယ့်ရှစ်ပါး ရုပ်တရားအစုကို ''ဧတံ မမ=ငါ့ဥစ္စာပဲ၊ ဧသော ဟမသ္မိ=ငါပဲ၊ ဧသော မေ အတ္တာ=ငါ၏ အတ္တလိပ်ပြာပဲ'' လို့ အဲဒီလို တဏှာ၊ မာန၊ ဒိဋ္ဌိ အစွဲကြီးသုံးမျိုးနဲ့ ဒီ ရုပ်ပေါ်မှာ သင်ချစ်သားတို့ အလွဲလွဲအချော်ချော် ရှုမျှော်ဖို့ရန် လျော်ကန်သင့်မြတ် သေးသလား.... လို့ မေးတော့) ပဉ္စဝဂ္ဂီမထေရ် မြတ်တို့က–

http://www.dhammadownload.com



နော ဟေတံ ဘန္တေ။

ဘန္တေ=မြတ်စွာဘုရား....။ တေံ=ဤသို့ ရှုဖို့ရန်။ နော ဟိ=မသင့်လျော်ပါဘုရား....။ (ဤသို့ ဖြေဆိုကြတယ်။)

ယခု ဆိုခဲ့ပြီးသည်ကား ရုပ်အတွက် ဖြစ်တယ်။ ထို့ အတူ ကျန် ခန္ဓာ ၄-ပါးတို့အတွက်လဲ—

ဝေဒနာ နိစ္စာ ဝါ အနိစ္စာ ဝါ+

သညာ နိစ္စာ ဝါ အနိစ္စာ ဝါ+

သင်္ခါရာ နိစ္စာ ဝါ အနိစ္စာ ဝါ+

ဝိညာဏံ နိစ္စံ ဝါ အနိစ္စံ ဝါ-စသည်ဖြင့် ခန္ဓာငါးပါး ဆုံးအောင် ခန္ဓာငါးပါး စုံအောင် သုံးကျော့သုံးပြန်စီ တေပရိဝဋ္ဋ ဓမ္မ ဒေသနာနည်းဖြင့် ဟောကြားတော် မူတယ်....။

**တေပရိဝဋ္ဋ ဒေသနာ ဒုတိယအနုသန္ဓိ ပြီး၏။**

---

**တတိယအနုသန္ဓိ ကလာပသမ္မသနဘာဝနာ**

ဤသို့ တေပရိဝဋ္ဋ ဓမ္မ ဒေသနာနည်းဖြင့် ပဉ္စဝဂ္ဂီ မထေရ်ငါးဦးတို့အား ခန္ဓာငါးပါးတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို ထောင်းစွာထင်ရှား ဟောကြား

http://www.dhammadownload.com



တော်မူပြီးလျှင် မြတ်စွာဘုရားသည် ယခု တတိယ အနုသန္ဓိ၌ ခန္ဓာငါးပါးတို့ကို ကလာပသမ္မသနနည်း ဝိပဿနာ ဘာဝနာပွားပုံကို ဤဆိုလတ္တံ့သောအတိုင်း ဟောကြားတော်မူတယ်....။

တသ္မာ တိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာ+နာဂတပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ+ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကံ ဝါ+သုခုမံ ဝါ၊ ဟီနံ ဝါ+ပဏီတံ ဝါ၊ ယံ ဒူရေ+သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ နေ+တံ မမ၊ နေ သော ဟ မသ္မိ၊ န မေ သော အတ္တာ+တိ ဧဝ+မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

(ဤ၌ "ကလာပဝသေန သင်္ခိပိတွာ" ဆိုတဲ့ သင်္ဂြိုဟ် ကျမ်းလာအတိုင်း အားလုံးပေါင်းပြီး ဝိပဿနာရှုပုံကို ဟောတော်မူတယ်....)

ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့....။ တသ္မာ=ထို့ကြောင့်၊ (ဝါ) သို့ရကား။ (တိဟသဒ္ဒါ ဝါစာသိလိဋ္ဌ။) အတီတာ+နာဂတပစ္စုပ္ပန္နံ=အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ဟု ကာလအနေဖြင့် သုံးတွေပြား သော။ ယံကိဉ္စိ ရူပံ= ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ် တရား အစုသည်လည်းကောင်း။ အဇ္ဈတ္တံ = မိမိ သန္တာန်၌ဖြစ်သော။ ယံကိဉ္စိ ရူပံ ဝါ = ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည် လည်းကောင်း။ ဗဟိဒ္ဓါ=အပြင်အပ သန္တာန်၌ဖြစ်သော။ ယံကိဉ္စိ ရူပံ ဝါ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည်

http://www.dhammadownload.com



လည်းကောင်း။ ဩဠာရိကံ = ရုန့်ရင်းကြမ်းတမ်းသော။ ယံကိဉ္စိ ရူပံ ဝါ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည်လည်းကောင်း။ သုခုမံ=သိမ်မွေ့နုညံ့သော။ ယံကိဉ္စိ ရူပံ ဝါ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည်လည်းကောင်း။ ဟီနံ=ယုတ်ညံ့သော။ ယံကိဉ္စိ ရူပံ ဝါ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည် လည်းကောင်း။ ပဏီတံ = မွန်မြတ်သော။ ယံကိဉ္စိ ရူပံ ဝါ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည် လည်းကောင်း။ ဒူရေ=အဝေး၌ဖြစ်သော။ ယံကိဉ္စိ ရူပံ ဝါ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည် လည်းကောင်း။ သန္တိကေ = အနီး၌ဖြစ်သော။ ယံကိဉ္စိ ရူပံ ဝါ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည်လည်းကောင်း။ အတ္ထိ=ပရမတ္ထအားထင်ရှားရှိ၏။

သဗ္ဗံ ရူပံ=ကြွင်းမဲ့ဥဿုံ အလုံးစုံသော ရုပ်တရားအစုသည်။ နေ+တံ မမ=ငါ့ဥစ္စာ မဟုတ်ပါတကား။ နေ သော ဟ မသ္မိ=ငါ မဟုတ်ပါတကား။ န မေ သော အတ္တာ=ငါရဲ့ အတ္တလိပ်ပြာ မဟုတ် ပါတကား။ (ဇာတိကား တကာယ်ဝိပဿနာပွားသော အခါ မလိုအပ်ချေ။)

ဇာတိ ဝေ = ဤသို့။ တေံ = ဤ နှစ်ဆယ့်ရှစ်ပါး ရုပ်တရားအစုကို။ ယထာဘူတံ=မဖောက်မပြန် အမှန်အတိုင်း။ သမ္မပ္ပညာယ=ဝိပဿနာပညာ မဂ်ပညာ

http://www.dhammadownload.com



ဖြင့်။ ဒဋ္ဌဗ္ဗံ=မြင်အောင် ရှုကြည့်အပ်၏ = ရှုကြည့်ရမည်။

(ဤ၌ အနတ္တ တိုက်ရိုက်ပါမှ အနိစ္စ၊ ဒုက္ခ တိုက်ရိုက်ပါမှ မိမိစိတ်၌ ပေါ်လွင်မည်ဟု ယူဆလျှင် သဗ္ဗံ ရူပံ၏နောက်၌ ''အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန'' ဟု စာ ၃ပိုဒ်ထည့်ပြီး ရွတ်ဆိုပွားများရပါမည်။ ကျန်သော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌လည်း ထိုနည်း အတူပင်တည်း။ ထို့ကြောင့် ခန္ဓာငါးပါးတို့ကို ဤဆိုလတ္တံ့သောအတိုင်း ပါဠိ+ မြန်မာလက်သို ၂-မျိုးစီ၊ ၂-မျိုးစီ ပွားများရမည် ဖြစ်ပါတယ်။)

## (၁) ရူပက္ခန္ဓာ ကလာပသမ္မသန ဝိပဿနာ

ယံကိဉ္စိ ရူပံ အတီတာ+နာဂတပစ္စုပ္ပန္နံ, အဇ္ဈတ္တံ ဝါ+ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကံ ဝါ+သုခုမံ ဝါ၊ ဟီနံ ဝါ+ပဏီတံ ဝါ၊ ယံ ဒူရေ+သန္တိကေ ဝါ။ သဗ္ဗံ ရူပံ (ဟုတ္တာ အဘာဝဋ္ဌေန အနိစ္စံ၊ ဥဒယဗ္ဗယ-ပဋိပီဠနဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ)၊ နေ တံ မမ၊ နေ သော ဟ မသ္မိ၊ န မေ သော အတ္တာ။

ပစ္စုပ္ပန်+တီတ၊ နာဂတဟု၊ ထာလသုံးခွင်၊ တွင်း ပြင်နှစ်ခု၊ ကြမ်း နု နှစ်တန်၊ ကောင်း ညံ့ နှစ်သီး၊ ဝေး နီး နှစ်မည်၊ ရုပ်ကိုယ်သည်ကား.... မြင့်ရှည်

http://www.dhammadownload.com



ကာလ၊ မတည်ထဘဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ် ပျက် နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မျှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမှ၊ မဟုတ်ကြသည်.... ဓမ္မ သက်သက်ပါတကား....။

## (၂) ဝေဒနာက္ခန္ဓာ ကလာပသမ္မသန ဝိပဿနာ

ယာကာစိ ဝေဒနာအတီတာ+နာဂတ+ပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံ ဝါ+ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကာ ဝါ+သုခုမာ ဝါ၊ ဟီနာ ဝါ+ပဏီတာ ဝါ၊ ယာ ဒူရေ+သန္တိကေ ဝါ။ သဗ္ဗာ ဝေဒနာ (ဟုတ္ဝာ အဘာဝဋ္ဌေန အနိစ္စာ၊ ဥဒယဗ္ဗယပဋိပီဠနဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ)၊ နေ တံ မမ၊ နေ သော ဟ မသ္မိ၊ န မေ သော အတ္တာ။

ပစ္စုပ်+တီတ၊ နာဂတဟု၊ ကာလသုံးခွင်၊ တွင်း+ပြင် နှစ်ခု၊ကြမ်းနုနှစ်တန်၊ကောင်းညံ့နှစ်သီး၊ဝေးနီးနှစ်မည်၊ ဝေဒနာသည်လည်း၊ မြင့်ရှည် ကာလ၊ မတည်ထဲဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မျှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊အနိစ္စနှင့်၊ဒုက္ခအနတ္တာ၊ မှန်လှစွာ၏။ငါ ငါ့ဥစ္စာ၊ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမှ၊ မဟုတ်ကြသည်.... ဓမ္မ သက်သက်ပါတကား.. ။

http://www.dhammadownload.com



## (၃) သညာက္ခန္ဓာ ကလာပသမ္မသနဝိပဿနာ

ယာကာစိ သညာ အတီတာ+ နာဂတ+ပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကာ ဝါ+သုခုမာ ဝါ၊ ဟီနာ ဝါ+ပဏီတာ ဝါ၊ ယာ ဒူရေ+သန္တိကေ ဝါ။ သဗ္ဗာ သညာ (ဟုတ္ဝာ အဘာဝဋ္ဌေန အနိစ္စာ၊ ဥဒယဗ္ဗယပဋိ ပီဠနဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန အနတ္တာ)၊ နေ တံ မမ၊ နေ သော ဟ မသ္မိ၊ န မေ သော အတ္တာ။

ပစ္စုပ်+တီတ၊ နာဂတဟု၊ ကာလသုံးခွင်၊ တွင်းပြင် နှစ်ခု၊ ကြမ်းနုနှစ်တန်၊ ကောင်းညံ့နှစ်သီး၊ ဝေးနီးနှစ်မည်၊ သညာ ရ သည် လ ည်း၊ မြင့်ရှည်ကာလ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ နိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မျှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမှ၊ မဟုတ်ကြသည်.... ဓမ္မသက်သက်ပါတကား....။

## (၄) သင်္ခါရက္ခန္ဓာ ကလာပသမ္မသနဝိပဿနာ

ယေကေစိ သင်္ခါရာ အတီတာ+ နာဂတ+ပစ္စုပ္ပန္နာ၊ အဇ္ဈတ္တံ ဝါ+ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကာ ဝါ+သုခုမာ ဝါ၊ ဟီနာ ဝါ+ပဏီတာ ဝါ၊ ယေဒူရေ+သန္တိကေ ဝါ၊ သဗ္ဗေ သင်္ခါရာ (ဟုတွာ အဘာဝဋ္ဌေန အနိစ္စာ၊ ဥဒယဗ္ဗယ ပဋိပီဠနဋ္ဌေန ဒုက္ခာ၊ အသာရကဋ္ဌေန

http://www.dhammadownload.com



အနတ္တာ)။ နေတံ မမ၊ နေ သော ဟ မသ္မိ၊ န မေ သော အတ္တာ။

ပစ္စုပ်+တီတ၊ နာဂတဟူ၊ကာလသုံးခွင်၊ တွင်းပြင်နှစ်ခု၊ ကြမ်းနုနှစ်တန်၊ ကောင်းညံ့နှစ်သီး၊ ဝေးနီးနှစ်မည်၊ သင်္ခါရသည်လည်း၊ မြင့်ရှည်ကာလ၊မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မျှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်လှစွာ၏။ ငါ ငါ့ဉစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမှ၊ မဟုတ်ကြသည်....ဓမ္မသက်သက်ပါတကား။

(၅) ဝိညာဏက္ခန္ဓာ ကလာပသမ္မသနဝိပဿနာ

ယံကိဉ္စိ ဝိညာဏံ အတီတာ+ နာဂတ+ ပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ+ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကံ ဝါ+ သုခုမံ ဝါ၊ ဟီနံ ဝါ+ပဏီတံ ဝါ၊ ယံ ဒူရေ+သန္တိကေ ဝါ။ သဗ္ဗံ ဝိညာဏံ (ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ၊ ဥဒယဗ္ဗယ-ပဋိပီဠနဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ)။ နေတံ မမ၊ နေ သော ဟ မသ္မိ၊ န မေ သော အတ္တာ။

ပစ္စုပ်+တီတ၊ နာဂတဟူ၊ကာလသုံးခွင်၊တွင်းပြင်နှစ်ခု၊ ကြမ်းနုနှစ်တန်၊ ကောင်းညံ့နှစ်သီး၊ ဝေးနီးနှစ်မည်၊ ဝိညာဏ်သည်လည်း၊ မြင့် ရှည် ကာ လ၊ မတည်ထပဲ၊ ခဏဖြစ်လျက်၊ ခဏပျက်၏။ ဖြစ်ပျက်

http://www.dhammadownload.com



နှစ်တန်၊ နှိပ်စက်ဒဏ်ဖြင့်၊ တရံမစဲ၊ လွန်ဆင်းရဲ၏။ ခိုင်မြဲကျောမာ၊ နှစ်မပါဘူး။ ပညာစက္ခု၊ မျှော်ထောက်ရှုလျှင်၊ သူ့သဘာဝ၊ အနိစ္စနှင့်၊ ဒုက္ခအနတ္တာ၊ မှန်လှစွာ၏။ ငါ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာတို့၊ ဘာတစ်ခုမှ မဟုတ်ကြသည်.... ဓမ္မသက်သက်ပါတကား....။

## ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ။

ဘိက္ခဝေ= ရဟန်းတော်များ အို- ချစ်သားတို့....။ ဧဝံ =ဤသို့။ ပဿံ-ပဿန္တော= ''ယံ ကိဉ္စိ ရူပံ၊ ယာကာစိ ဝေဒနာ၊ ယာကာစိ သညာ၊ ယေကေစိ သင်္ခါရာ၊ ယံကိဉ္စိ ဝိညာဏံ အတီတာ+ နာဂတ+ ပစ္စုပ္ပန္နံ၊ အဇ္ဈတ္တံ ဝါ+ ဗဟိဒ္ဓါ ဝါ၊ ဩဠာရိကံ ဝါ+သုခုမံ ဝါ၊ ဟီနံ ဝါ၊ ပဏီတံ ဝါ၊ ယံ ဒူရေ+သန္တိကေ ဝါ။ သဗ္ဗံ ဝိညာဏံ (ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ၊ ဥဒယဗ္ဗယ ပဋိပီဠနဋ္ဌေန ဒုက္ခံ၊ အသာရကဋ္ဌေန အနတ္တာ)၊ နေ တံ မမ၊ နေသော ဟမသ္မိ၊ န မေ သော အတ္တာ''ဟု ဉာဏ်ပညာဖြင့် အဖန်ဖန်ရှုကြည့်လေ့ရှိသော။ သုတဝါ= အာဂမသုတ+အဓိဂမ-သုတ နှစ်ပါးနှင့် ပြည့်စုံသော-

(ယခု ဖော်ပြခဲ့တဲ့ ပါဠိတော်ကို အာဂုံရအောင်တော့ ကျက်ရပေမယ်။ ပါဠိတော်ကို နှုတ်တက်ရပြီးတော့လဲ အဲဒီပါဠိတော်ရဲ့ အနက်ကိုသိရပေမယ်။

http://www.dhammadownload.com



(၁) အဲဒီလို ပါဠိတော်ကို အာဂုံနှုတ်တက်ရခြင်း ဆိုတဲ့ အာဂမသုတ၊

(၂) မိမိရပြီးတဲ့ ပါဠိတော်ရဲ့ အနက်အဓိပ္ပာယ်ကို နက်နက်နဲနဲ သိရှိခြင်းဆိုတဲ့= အဓိဂမသုတ၊ အဲဒီ အာဂမသုတ၊အဓိဂမသုတနှစ်ပါးနှင့် ပြည့်စုံသော)–

အရိယသာဝကော= ငါဘုရား၏ တပည့်သာဝကသည်။ ရူပသ္မိမ္ပိ=နှစ်ဆယ့်ရှစ်ပါးသော ရုပ်တရား အစုဥ္လည်း။ နိဗ္ဗိန္ဒတိ=ငြီးငွေ့တော့၏။ ဝေဒနာယပိ= တစ်ရာ့ရှစ်ပါး ဝေဒနာတရားအစုဥ္လည်း။ နိဗ္ဗိန္ဒတိ= ငြီးငွေ့တော့၏။ သညာယပိ= သညာ ခြောက်ပါး တရားအစုဥ္လည်း။ နိဗ္ဗိန္ဒတိ = ငြီးငွေ့တော့၏။ သင်္ခါရေသုပိ= သင်္ခါရက္ခန္ဓာ ငါးဆယ်တို့ဥ္လည်း။ နိဗ္ဗိန္ဒတိ = ငြီးငွေ့တော့၏။ ဝိညာဏသ္မိမ္ပိ=မြင်ကြားနံ့လျက်၊ ထိသိချက်ဟု ခြောက်ပါးသော ဝိညာဏ်တရား အစုဥ္လည်း။ နိဗ္ဗိန္ဒတိ= ငြီးငွေ့တော့၏။

(နိဗ္ဗိန္ဒတိ=ငြီးငွေ့၏ ဟူသော မြန်မာစကား၏ အဓိပ္ပာယ်မှာ– ဝိပဿနာ ဘာဝနာတရား မပွားများမီ အန္ဓပုထုဇဉ်ဖြစ်ခိုက် ခန္ဓာငါးပါး ရုပ် နာမ် တရားတို့ကို ငါ၊ ငါ့ဥစ္စာ၊ ငါ့လိပ်ပြာဟု တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် အလွဲလွဲ အချော်ချော် စွဲယူ၍ ရခဲ့သော်လည်း ဝိပဿနာဉာဏ်အစ သမ္မသနဉာဏ် ဖြစ်လျှင်ပင် ထိုသို့ အလွဲလွဲ စွဲယူ၍ မရတော့ချေ။ ထိုသို့ အလွဲလွဲ စွဲ၍မရအောင် သိသည့်ကိုပင်

http://www.dhammadownload.com



''နိဗ္ဗိန္ဒတိ=ငြီးငွေ့၏''ဟု အဓိပ္ပာယ်နက်ပေးခြင်းဖြစ်တယ်။

နိဗ္ဗိန္ဒတိဖြင့် သမ္မသနဉာဏ်အစ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် တိုင်အောင်ကို မြတ်စွာဘုရား ဟောတော်မူတယ်။ ယခု ဆိုခဲ့သော ''ကလာပ သမ္မသန ဝိပဿနာရှုနည်း'' အတိုင်း ရှုဖန်များလျှင် ဝိပဿနာဉာဏ် ဆယ်ဆင့်ရှိသည့်အနက် နဝမ၊ ဒသမ ဝိပဿနာဉာဏ်များဖြစ်ကြတဲ့ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ် ''သင်္ခါရုနှင့်၊ အနုလောမ၊ ဉာဏ်နှစ်ဝ၊ ဝုဋ္ဌာနဂါမိနီ ခေါ်သတည်း''ဆိုတဲ့ ဝုဋ္ဌာန-ဂါမိနီ ဝိပဿနာဉာဏ် ရောက်အောင် ငြီးငွေ့လိမ့်မယ်။

ချက်ချင်းတော့ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်သို့ (သာမန်ပုဂ္ဂိုလ်တို့) မရောက်နိုင်သော်လည်း မလျှော့သောလုံ့လဖြင့် ပွားများပါက ပါရမီရင့်သူ ပဉ္စဝဂ္ဂီတို့လိုဆိုယင် ယခုဘဝပင် ရောက်နိုင်ပါတယ်။ ပါရမီနုံ့သေးသူ ဖြစ်လျှင်လည်း ၂-ဘဝ ၃-ဘဝ၌ (ဘုရားလက်ထက်က သစ္စကပရိဗိုဇ်တို့ကဲ့သို့) ရောက်နိုင်ပါတယ်။)

နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တ+မိတိ ဉာဏံ ဟောတိ။

နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော=ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ်ရောက် ငြီးငွေ့လတ်သည်ရှိသော်။ ဝိရဇ္ဇတိ=မဂ်ဉာဏ်လေးပါး

ဇာဘ်ယအကြိမ်

http://www.dhammadownload.com



ဖြင့် ထို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌ တပ်ခြင်းကင်းတော့၏။ ဝိရာဂါ=မဂ်ဉာဏ်လေးပါးဖြင့် ထို ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၌ တပ်ခြင်းကင်းသောကြောင့်။ ဝိမုစ္စတိ = ပဋိပ္ပဿဒ္ဓိ-ပဟာန်အနေဖြင့် ကိလေသာတို့မှ လွတ်မြောက်လေ၏။ ဝိမုတ္တသ္မိံ = ကိလေသာတို့မှ လွတ်မြောက်ရာဖြစ်သော ဖိုလ်လေးပါး၌။ ဝိမုတ္တ+မိတိ ဉာဏံ = ဝိမုတ္တ ဟူ၍ သိတဲ့ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ=ဖြစ်တော့၏။

(ဝုဋ္ဌာနဂါမိနီ ဝိပဿနာက ကျေးဇူး ပြုပေး တဲ့ အတွက် မဂ်ဉာဏ်ရောက်လိမ့်မယ်၊ မဂ်ဉာဏ်က ကျေးဇူး ပြုပေးတဲ့အတွက် ''ဝိမုစ္စတိ၊ ဝိမုတ္တ'' လို့ ဟောတဲ့ ဖိုလ်လေးပါး ဖြစ်လိမ့်မယ်၊ ဖိုလ်လေးပါးဖြစ်ပြီးတော့ ''ဒါဟာ ဖိုလ်လေးပါးပဲ'' လို့ ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ဉာဏ်များ ဖြစ်ကြလိမ့်မယ်။

ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာ+ပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

မေ=ငါ့အဖို့ရာ။ ဇာတိ=အနာဂတ်သံသရာဝယ် ဘဝ ပဋိသန္ဓေ တည်နေခြင်းအမှုသည်။ ခီဏာ=ကုန်ခဲ့ ခန်းခဲ့ လေပြီ....။

ပရမ္ပရပစ္စဝေက္ခဏာဉာဏ် ဖြစ်ပုံကို စ၍ ဖော်ပြ ခြင်း ဖြစ်ပါတယ်။ ''ဇာတိဒုက္ခ ငါ့မှာ ကုန်ပြီ'' ဆို တော့ အတိတ်ဇာတိဒုက္ခ ကုန်တာကို ဆိုတာလား၊

http://www.dhammadownload.com



မဟုတ်ပါ။ အတိတ်ဇာတိဒုက္ခမှာ အတိတ်ဘဝကပင် ချုပ်ခဲ့ကုန်ခဲ့လေပြီ။ ပစ္စုပ္ပန်ဘဝ ဇာတိဒုက္ခ ကုန်တာကို ဆိုတာလား၊ မဟုတ်ပါ။ ပစ္စုပ္ပန်ဇာတိ ဒုက္ခမှာလဲ သူ့အချိန်နဲ့သူ တချုပ်ထဲ ချုပ်ပျောက်၍နေတယ်။

ဒါ့သို့ဖြစ်လျှင် ဘယ်ဇာတိ ကုန်တာလဲလို့ မေးရန်ရှိပါတယ်။ အဖြေကား အကယ်၍ အရဟတ္တ ဖိုလ်ခပါက် မရောက်ယင် ဒုတိယဘဝမှာ မုချဖြစ်ပေါ်မည့် ဇာတိ တစ်မျိုးရှိတယ်၊ အဲဒီဇာတိကုန်တာ ခန်းကာ ဖြစ်ပါတယ်။

## နောက်ထပ် ဘဝအသစ် မဖြစ်ခြင်း

ယင်ရှားစေဦးအံ့။ ။အရဟတ္တ ဖိုလ် ပေါက် ရောက်တဲ့အတွက် မိမိမှာ အဝိဇ္ဇာ၊ တဏှာ တည်းဟူသော သံသရာ ရေသောက်မြစ် မရှိတော့သော ကြောင့် မိမိ အတိတ်သံသရာက ပြုခဲ့သော အပရာ ပရိယကံများသည် ရေသောက်မြစ် ပြတ်ပြီး သော သစ်ပင်ကြီးပမာ ဒုတိယဘဝမှာ ဘယ်တုံ့ခါမှ ဘဝ ပဋိသန္ဓေမဖြစ်တော့ဘူး၊ မီးတောက်ကြီး ငြိမ်းသလို တစ်ခါထဲ ငြိမ်းသွားတယ်။ အဲဒီလို ဒုတိယဘဝကစ၍ (မဂ်ကိုမရယင်) ဖြစ်မယ့်ဇာတိဒုက္ခတွေ ကုန်သွားခြင်းကို သိတာကို ''ခီဏာ ဇာတိ'' လို့ ဟောတော်မူတယ်။

ဝုသိတံ ဗြဟ္မစရိယံ = မဂ်တည်းဟူသော မြတ်သော အကျင့်ကို ငါကား ကျင့်သုံးပြီးပြီ။ ကတံ ကရဏီယံ=

http://www.dhammadownload.com



မဂ်ကိစ္စ တစ်ဆယ့်ခြောက်ပါး ငါကား ပြုပြီးပြီ။ နာပရံ ဣတ္ထတ္တာယ=ယခုပစ္စုပ္ပန်အတ္တဘောမှ နောက်ထပ်တပါး အတ္တဘောအသစ် ဖြစ်ဖွယ်မရှိ၊ (ဝါ) ဤ မဂ်ကိစ္စ ၁၆-ချက်အတွက် အခြားတပါး ပြုဖွယ် မရှိတော့ပြီ။ ဣတိ= ဤသို့။ ပဇာနာတိ= ပရမ္မရပစ္စဝေက္ခဏာဖြင့် ပိုင်းခြား ထင်ထင် သိမြင်လေ၏။

(ပရမ္မရ ပစ္စဝေက္ခဏာ ဆုံး လျှင် သီလက္ခန္ဓ၊ သမာဓိက္ခန္ဓ၊ ပညာက္ခန္ဓ၊ ဝိမုတ္တိက္ခန္ဓ၊ ဝိမုတ္တိဉာဏ-ဒဿနက္ခန္ဓ ခေါ်တဲ့ သာသနာတော်ရဲ့ ဒေ... ၅-ပါး ပြီးဆုံးပါတော့တယ်။)

ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာ+ပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ .... စသည်ဖြင့်လဲ ဆုံးရော၊ ဘုရားကိုယ်တော်မြတ်ရဲ့ တရားတော်သဘာ ဒီမှာပဲ ရပ်တန့်သွားတော်မူတယ်။

## ပဥ္စဝဂ္ဂီမထေရ်တို့၏ အနုမောဒနာ

မြတ်စွာဘုရား၏ စကားတော် ပြီးဆုံးပြီးတဲ့နောက် သင်္ဂါယနာတင် မထေရ်မြတ်တို့က—

ဣဒ+မဝေါစ ဘဂဝါ၊ အတ္တမနာ ပဥ္စဝဂ္ဂိယာ ဘိက္ခူ၊ ဘဂဝတော ဘာသိတံ အဘိနန္ဒုံ-လို့ အနုမောဒနာစကား ရပ် ဆက်စပ်ပေးတော် မူကြပါတယ်....။

ဘဂဝါ = မြတ်စွာဘုရားသည်။ ဣဒံ = ဤ အနတ္တ လက္ခဏသုတ်တော်ကို၊ အဝေါစ = ဟောတော်မူပြီ

http://www.dhammadownload.com



ပဉ္စဝဂ္ဂိယာ ဘိက္ခူ = ပဉ္စဝဂ္ဂီ မထေရ်ငါးပါး ရဟန်းတော်များတို့သည်။ အတ္တမနာ = နှစ် လို အားရ ဝမ်းမြောက်သောစိတ်နှလုံး ရှိကြကုန် သည် ဖြစ် ၍။ ဘဂဝတော = မြတ်စွာဘုရား၏။ ဘာသိတံ = အင်္ဂါရှစ်ပါး အသံတော်ဖြင့် နာပျော်ဖွယ်ရာ ဟောကြားတော်မူအပ်သော တရားဒေသနာတော်ကို။ အဘိနန္ဒုံ = ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာ ခေါ်ကုန်ပြီ....။

(ဝမ်းမြောက်လိုက်ပုံ။ ။ ''ဧဝ+မေတံ ဘဂဝါ၊ ဧဝ+မေတံ သုဂတ=ဘုန်းတော်ခြောက်ပါး ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား....၊ ဤ ယခု ရှင်တော် ဟောကြား တရားတော်သည် ဟောကြားတော်မူတိုင်းပင် မှန် ပါ တယ် ဘု ရား။ ကောင်းသောစကား မြွက်ကြား၍ ကောင်းသော နိဗ္ဗာန်သို့ ကြွတော်မူသော မြတ်စွာဘုရား....၊ ဤ ယခု ရှင်တော် ဟောကြား တရားတော်သည် ဟောကြားတော်မူတိုင်းပင် မှန်ပါတယ်ဘုရား'' လို့ ဘုရားရှင်ရဲ့ စကားကို လက်ခံတဲ့ ''သမ္ပဋိစ္ဆန'' သာဓု+သာဓု+သာဓုဟု ကောင်းချီးပေးကာ အနုမောဒနာ ပြုကြပါတယ်။)

## ပဉ္စဝဂ္ဂီမထေရ်တို့ ရဟန္တာဖြစ်ကြခြင်း

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။ (ဤ စကားရပ်လွဲ သင်္ဂါယနာတင် မထေရ်

http://www.dhammadownload.com



မြတ်တို့၏ မှတ်ချက်စကားပင်။) စ ပန=ဆက်၍အထူး ပြဦးအံ့။ ဣမသ္မိံ ဝေယျာကရဏသ္မိံ = ဂါထာမဖက် စကားပြေ စုဏ္ဏိယ သက်သက်ဖြစ်သော အမေး အဖြေ တရားဒေသနာ ဝေယျာကရဏ်းကို (ဂါထာ မဖက် စကားပြေ စုဏ္ဏိယသက်သက်ဖြင့် အမေး အဖြေ ဟော ကြားအပ်သော တရားတော်ကို ဓမ္မကျန္တာ အင်္ဂါကိုးပါး တို့တွင် ''ဝေယျာကရဏ = ဝေယျာကရဏ်း'' ဟူ၍ ခေါ်သည်။) ဘညမာနေ=မြတ်စွာဘုရား ဟောကြား တော်မူအပ်သည်ရှိသော်။ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ=ပဉ္စဝဂ္ဂီ မထေရ်ငါးပါး ရဟန်းတော်များ၏ ။ စိတ္တာနိ=စိတ် တို့သည်။ အနုပါဒါယ=တဏှာ၊ ဒိဋ္ဌိတို့ဖြင့် အစွဲအလမ်း မခံရမူ၍။ အာသဝေဟိ = ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့မှ (ရှေ့ရက်တုန်းကပင် သောတာပတ္တိ မဂ်ဖြင့် ဒိဋ္ဌာသဝကို ပယ်ပြီးဖြစ်၍ ယခု အရဟတ္တမဂ်သို့ ရောက်သောအခါ) အာသဝေဟိ=ကာမာသဝ၊ ဘဝါ သဝ၊ အဝိဇ္ဇာသဝတို့မှ။ ဝိမုစ္စိံသု=ကျွတ်ကုန် လွတ်ကုန် ကြပြီ....။

(ဤ စကားတို့ကား အရိယာတို့၏ စကား ဝေါဟာရ ဖြစ်ပါတယ်။ ပုထုဇန်ပြော၊ အရပ်ပြော ပြောမယ်ဆိုရင် ''ဂါထာမပါ စုဏ္ဏိယ စကားပြေ သက်သက်ဖြစ်တဲ့ ဤ အနတ္တလက္ခဏ သုတ္တန်တရား ဒေသနာကို ကြားနာတော်မူကြရင်းပင် ထိုအရှင် မြတ်ကြီး ၅-ပါးလုံး အရဟတ္တဖိုလ်ပေါက် ရောက် တော်မူကြတယ်၊ ရဟန္တာ ဖြစ်တော်မူကြတယ်''လို့ ဆိုလိုပါတယ်။

ကျော်ယာကြြ်

http://www.dhammadownload.com



## တရားနိဂုံး

ဤသို့လျှင် အနတ္တလက္ခဏသုတ် တရားတော်ကို ကြားနာရခြင်း ဓမ္မဿဝနကောင်းမှု ကုသိုလ်ကံ စေတနာ၊ သရဏဂုံ သီလတို့ကို ခံယူဆောက်တည် ကျင့်သုံးရခြင်း သီလမယ ကောင်းမှုကုသိုလ်ကံ စေတနာ၊အနတ္တလက္ခဏသုတ္တန် ဒေသနာကို အစဉ်လျှောက်သဖြင့် မိမိတို့ဉာဏ်အမြင် မီကြသလောက် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာကို ကောင်းစွာဆင်ခြင်ရှုမြင်ရခြင်းတည်းဟူသော ဘာဝနာမယ ကောင်းမှု ကုသိုလ်ကံစေတနာ၊ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား (၇၅) နှစ်အထိမ်းအမှတ် ဒါနမင်္ဂလာဖြစ်ပါစေခြင်း အကျိုးငှာ မွန်မြတ်သော ဆွမ်းတို့ဖြင့်လည်းကောင်း၊ ခဲဖွယ် အထူးတို့ဖြင့် လည်းကောင်း၊ ဘောဇဉ် အထူးတို့ဖြင့် လည်းကောင်း သဒ္ဓါရှင်လန်း လှူဒါန်းရခြင်း တည်းဟူသော ဗုဒ္ဓပမုခ သံဃဘတ္တ ဘောဇနဒါန ကောင်းမှု ကုသိုလ်ကံ စေတနာ....၊ ဤသို့ စသည်များမြတ် ပေါင်းအပ်သော ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့်—

''ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဓာတ်သိမ်း ပြည်နိဗ္ဗာန်''ဆိုတဲ့အတိုင်း ဒုက္ခခပ်သိမ်းတို့ ချုပ်ရာ ပြတ်ရာ ငြိမ်းရာ သံသရာဓာတ် သိမ်းရာဖြစ်သော နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသောအကျင့်ပဋိပတ်၊ လျင်မြန်သော ဝိပဿနာအသိဉာဏ်၊ ပန်ထွာ

http://www.dhammadownload.com



တောင့်တရင်းရှိသော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် အကျွန်ုပ်တို့တစ်စု မျက်မှောက်ပြုရတဲ့ကိုယ်ဖြစ်ပါစေကုန်သတည်း....။

နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုရသောဘဝသည် နောက်ဆုံးဘဝပါပေ။ ထို နောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိမှ အခြားမဲ့ ဖြစ်သော နောက်ကာလ၌ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ တည်းဟူသော ဘဝသုံးပါး ဘုံ သုံး ပါး တို့ တွင် ဘယ်ဘုံ ဘယ်ဘဝ၌မှာမှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာ တရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒ–နိရောဓ အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း....။

အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သံသရာ မီးတောက်မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း....။

**သာဓု သာဓု သာဓု။**

**အနတ္တလက္ခဏသုတ္တန် တရားတော်**
**ပြီး ပြီး။**

**ဓ၅/**
**(–၈၊ ၆/၃၅၀)** တတိယအကြိမ်

----

http://www.dhammadownload.com

# ရတနသုတ္တန်တရားတော်

(ရတနသုတ်ကို ရွတ်ဖတ် သရဇ္ဈာယ် နှလုံးသွင်း ခြင်းဖြင့် ကပ်သုံးပါးမှ လွတ်ကင်းကြစေရန် ရည်သန် ဟောကြားခြင်း။)

## ဝေသာလီပြည်သို့ မြတ်စွာဘုရား ကြွတော်မူခြင်း

ရတနသုတ္တန်ကို ဘာပြုလို့ ရွတ်ချင် ဟောချင်ရတုံး လို့ဆိုလျှင်....ဒီ ရတနသုတ္တန်ရဲ့ အာဏာ အရှိန်အဝါကို စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းမှာ ရှိနေကြတဲ့ နတ်တွေ ဗြဟ္မာတွေက ခံယူကြတယ်၊ လွန်စွာ အာဏာ အရှိန်အဝါကြီးတဲ့ ပရိတ်တော်ဖြစ်တဲ့အတွက် ဘုန်းကြီး တို့ ဆရာ+ဒကာတွေဟာ ဒီ ရတနသုတ္တန်နဲ့ပဲ အကာ အကွယ် ပြုချင်တယ်၊ ဒါကြောင့် ဒီ ရတနသုတ္တန်ကို မျှော်ကြည့်လိုက်ကြစို့....။

## ဘေးကြီး သုံးပါး

တစ်ချိန်က ဝေသာလီပြည်မှာ ဘေးကြီး သုံးပါး ဆိုက်ရောက်တယ်။ ဒီက စ ကြစို့။ ဘယ်လို ဘေးသုံး ပါးလဲ ဆိုတော့–

(၁) ပဌမ ဒုဗ္ဘိက္ခခေါ်တဲ့ အစာရေစာ ခေါင်း ပါးတဲ့ဘေး ဆိုက်ရောက်တယ်။

http://www.dhammadownload.com



(၂) အဲဒီ ဒုဗ္ဘိက္ခဘေးရဲ့နောက်က ဘာတွေ လိုက်လာသလဲ ဆိုတော့ အမနုဿဘေးလို့ ခေါ်တဲ့ မြေဘုတ်ဘီလူးဘေးများ ဆိုက်ရောက်လာတယ်။

(၃) အဲဒီ ဒုဗ္ဘိက္ခဘေး၊ အမနုဿဘေး=နှစ်ပါး တို့ ရင်ဆိုင်၍ လူတွေကို အပြင်းနှိပ်စက်လာတဲ့အခါ တတိယမြောက်မှာ အဟိဝါတရောဂ = ယင်းနာလို့ ခေါ်တဲ့ ရောဂါဘေး=ဤ ဘေးကြီးသုံးပါး ဆိုက် ရောက်ခဲ့တယ်။

## တရားစောင့်သောမင်း ဟုတ် မဟုတ် အစစ်အဆေး ခံခြင်း

ဘေးကြီးသုံးပါး ဆိုက်ရောက်တဲ့အခါ ဝေသာလီ ပြည်မှာရှိတဲ့ အမတ်တွေက အလှည့်ကျ ဝေသာလီ လိစ္ဆဝီ မင်းထံသို့ သွားရောက်ပြီး-

မဟာရာဇ ဇာမသ္မိံ နဂရေ တိဝိဓံ ဘယ+မုပ္ပန္နံ၊ ဇာတော ပုဗ္ဗေ ယာဝ သတ္တမာ ရာဇကုလပရိဝဋ္ဋာ ဝေ ရူပံ အနုပ္ပန္နပုဗ္ဗံ၊ တုမှာကံ မညေ အဓမ္မိကတ္တေန တံ တေရဟိ ဥပ္ပန္နံ။

မဟာရာဇ = မြတ်သောမင်းကြီး....။ ဇာမသ္မိံ နဂရေ=ဤ အကျွန်ုပ်တို့၏ မြို့၌။ တိဝိဓံ ဘယံ= ဒုဗ္ဘိက္ခဘေး၊ အမနုဿ၊ အဟိဝါတရောဂဘေး ဆိုတဲ့ ဘေးသုံးပါးသည်။ ဥပ္ပန္နံ=ဖြစ်၍ နေပါ၏။

http://www.dhammadownload.com



ဇုတော=ဤအခါမှ။ ပုဗ္ဗေ=ရှေးကာလ၌။ ယာဝ သတ္တမာ ရာဇကုလပရိဝဋ္ဋာ = မင်းခုနစ်ဆက် တိုင်အောင်။ ဝေ ရူပံ=ဤသို့ သဘောရှိသော ဘေးမျိုးသည်၊ အနုပ္ပန္နပုဗ္ဗံ = ရှေးက မဖြစ်စဖူးပါပေ။ တုမှာကံ = အရှင်မင်းကြီးတို့၏။ အဓမ္မိကတ္တေန= ရာဇဓမ်ဆယ်ပါး တရားနှင့်အညီ မင်းပြုတော်မမူသည်၏အဖြစ်ကြောင့်။ ဧတရဟိ=ယခုအခါ၌။ တံ= ထို ဘေးကြီးသုံးပါးသည်။ ဥပ္ပန္နံ မဉ္စေ=ဖြစ်ပေါ်၍လာယောင်တကား....လို့ လျှောက်ထားကြတဲ့အခါ လိစ္ဆဝီမင်းက မောင်တိုကို ကျယ်ကျယ် ပြန့်ပြန့် အခွင့်ပေးပါတယ်။

မယ့် အဓမ္မိကဘာဝံ ဝိစိနထ။

မယ့်=ငါ၏။ အဓမ္မိကဘာဝံ= ရာဇဓမ် ဆယ်ပါး မင်းကျင့်တရားနှင့် မညီသည်၏အဖြစ်ကို။ ဝိစိနထ= စုံစမ်းစစ်ဆေးကြပါကုန်။

စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး ငါ၏ တိုင်းပြည် အုပ်ချုပ် မင်းလုပ်တဲ့ကိစ္စ အဝဝမှာ မတရား စီမံအုပ်ချုပ်မှု ရှိမရှိကို စုံစမ်းကြ စစ်ဆေးကြ၊ မတရားတဲ့ အချက် တွေ့ရှိလျှင် ချက်ချင်းပင် ပြုပြင်ပါ့မယ်လို့ ပြောတယ်။

ထိုအခါ မှူးမတ်များက လိစ္ဆဝီမင်းတရား ဟာရားစီရင်တဲ့ ဖြတ်ထုံးတွေကို အစောင်စောင်ပြန်ပြီး ကြည့်ရှု

http://www.dhammadownload.com



စစ်ဆေးတဲ့အခါ မတရားဖြတ်ထုံး ရယ်လို့ တင်ခုမှ မတွေ့ရှိရ၊ တရားသော ဖြတ်ထုံးချည်းပဲ ဖြစ်နေတယ်၊ ထိုသို့ မင်းရဲ့အပြစ်ကို မတွေ့ရ မမြင်ရတဲ့အခါ–

ဇာဒိံ ဘယံ အမှာကံ ကထံ ဂူပသမေယျ။

အမှာကံ=ငါတို့၏။ ဇာဒိံ ဘယံ=ဤ ယခု ရောက်ဆဲ ဖြစ်နေတဲ့ ဘေးသုံးပါးသည်။ ကထံ= အဘယ်သို့သော နည်း လမ်း ဖြင့်။ ဂူပသမေယျ =ငြိမ်း ပါ မည်နည်း။

ကပ်နာ+ဘီလူး+ အစာရှားခြင်းဆိုတဲ့ ဘေးသုံးပါးဟာ ဘယ် လို နည်း နှင့် များ ငြိမ်းအေးပါ့မည်နည်း။ မင်းရဲ့ အပြစ်လဲမဟုတ်ဘူး၊ မင်းအပြစ်ဖြစ်ခဲ့လျှင် တရားဖြတ်ထုံးကို ပြန်ပြီးပြင်ဆင်၍ အဆုံးအဖြတ်ပေးစေရရဲ့၊ ယခုတော့ မင်းအပြစ် မဟုတ်ဘူး။ ငါတို့ဝေသာလီပြည်မှာ ရောက်နေတဲ့ ဘေးအန္တရာယ်ကို ဘယ်လို ငြိမ်းရပါ့မည်လဲလို့ အားလုံး တိုင်ပင်စည်းဝေး ဆွေးနွေးကြတဲ့အခါ တချို့က တိတ္ထိဆရာကြီး ခြောက်ဦးတို့ ရောက်လျှင်ဖြင့် ဒီ ဘေးသုံးပါး ငြိမ်းအေးလိမ့်မယ်လို့ အကြံပေးကြတယ်။ (ထိုသို့ အကြံပေးတဲ့ မိစ္ဆာဒိဋ္ဌိအယူရှိတဲ့ လူက တစ်စု။)

ဗုဒ္ဓဘာသာဝင် သူတော်စင်တွေကတော့–

ဗုဒ္ဓေါ ကိရ လောကေ ဥပ္ပန္နော၊ သော ဘဂဝါ သဗ္ဗသတ္တဟိတာယ ဓမ္မံ ဒေသေတိ မဟိဒ္ဓိကော

http://www.dhammadownload.com



မဟာနုဘာဝေါ၊ တေန ဩက္ကန္တမတ္တေ သဗ္ဗာဘယာနိ ဝူပသမေယျုံ။

လောကေ = လောကကြီး ၌။ ဗုဒ္ဓေါ = သဗ္ဗညု မြတ်စွာဘုရားသည်။ ဥပ္ပန္နော ကိရ = ပွင့်ထွန်းတော် မူနေသတဲ့။ သော ဘဂဝါ=ထိုဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်မြတ် ကြီးသည်။ သဗ္ဗသတ္တ- ဟိတာယ= ခပ်သိမ်း သော သတ္တဝါတို့၏ နိဗ္ဗာန် ရောက်ကြောင်း အစီးအပွားကောင်း ဖြစ်ပါစေခြင်း ငှာ။ ဓမ္မံ=တရားကို။ ဒေသေတိ= ဟောတော်မူ၏။ မဟိဒ္ဓိကော= တန်ခိုးကြီးမြတ်တော်မူပေ၏။ မဟာ- နုဘာဝေါ= အာနုဘော်ကြီးတော်မူပေ၏။ တေန= ထို ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဩက္ကန္တမတ္တေ= ငါတို့ရဲ့ ဝေသာလီပြည်အတွင်း ခြေတော်ချကြွလာ တော်မူလျှင်ပင်။ သဗ္ဗာဘယာနိ= ဘေးသုံးမျိုးလုံးတို့ သည်။ ဝူပသမေယျုံ= ငြိမ်းအေး ကုန်လေရာ၏….။

ဤကဲ့သို့ အဆိုပြုကြတယ်။

အဲဒီလူများပေးတဲ့ အကြံကို အားလုံးပဲ သဘောတူ ဝမ်းမြောက် ဝမ်းသာ ရှိကြတယ်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကြတဲ့ ပုဂ္ဂိုလ်အချို့က–

ကဟံ ပန သော ဘဂဝါ ဧတရဟိ ဝိဟရတိ၊ အမှေဟိ ပေသိတော န အာဂစ္ဆေယျ။

ဧတရဟိ = ယခုအခါ၌။ သော ဘဂဝါ = ထို မြတ်စွာဘုရားသည်။ ကဟံ = အဘယ်အရပ်၌။

http://www.dhammadownload.com



ဝိဟာရတိ ပန=နေတော်မူပါသနည်း။ အမှေဟိ=ငါတို့သည်၊ (ဝါ) ငါတို့က။ ပေသိတော=ပင့်လျှောက်အပ်သည်ရှိသော်။ န အာဂစ္ဆေယျ= ကြွလာတော်မမူလေရာ....။

ယခုအခါ မြတ်စွာဘုရား ဘယ်အရပ်မှာ သီတင်းသုံးတော်မူပါသလဲ၊ ငါတို့က ပင့်လျှောက်အပ်လျှင် ကြွလာတော်မမူလေရာ = ကြွလာတော်မမူလျှင် ဘယ့်နှယ်လုပ်မည်ကုံး။

ဤကဲ့သို့ ပြောကြတဲ့အခါ နောက်လူတစ်စုက-

ဗုဒ္ဓေါ နာမ အနုကမ္ပကော၊ ကိဿ နာဂစ္ဆေယျုံ၊ သော ပန ဘဂဝါ ဧတရဟိ၊ ရာဇဂဟေ ဝိဟရတိ၊ ရာဇာ ဗိမ္ဗိသာရော တံ ဥပဋ္ဌဟတိ၊ သော အာဂန္တုံ န ဒဒေယျ။

ဗုဒ္ဓေါ နာမ = မြတ်စွာဘုရားတို့ မည်သည်မှာ။ အနုကမ္ပကော=သတ္တလောကကို သနားစောင့်ရှောက်တော်မူတတ်ကုန်၏။ ကိဿ = အဘယ်ကြောင့်။ နာဂစ္ဆေယျုံ = ငါတို့သွားရောက် ပင့်လျှောက်အပ်လျှင် မကြွလာဘဲ ရှိပါကုန်အံ့နည်း။ ပန = အထူးသတိပြုရန်အချက်က။ သော ဘဂဝါ=ထိုမြတ်စွာဘုရားသည်။ ဧတရဟိ=ယခုအခါ၌။ ရာဇဂဟေ=ငါတို့ဝေသာလီပြည်မှ (၇) ရှစ်ယူဇနာ ဝေးကွာတဲ့ရာဇဂြိုဟ်ပြည် အရပ်၌။ ဝိဟရတိ = ဇူရိယာပထ

http://www.dhammadownload.com



မျှတရှင်မြဲ့ သီတင်းသုံး စံနေတော်မူဆဲ ဖြစ်ပါပေ၏။ ရာဇာ ဗိမ္ဗိသာရော = ဗိမ္ဗိသာရမင်းတရားသည်။ တံ=ထိုမြတ်စွာဘုရားကို။ ဥပဋ္ဌဟတိ=ပစ္စည်းလေးပါးတို့ဖြင့် ပြုစုနေဆဲ ဖြစ်ပါ၏။ သော=ထိုဗိမ္ဗိသာရ မင်းတရားက။ အာဂန္တုံ=ငါတို့၏ ဝေသာလီပြည်သို့ ဘုရားရှင် ကြွလာဖို့ရန်။ န ဒဒေယျ= အခွင့်မပေးကောင်း၊ မပေးလေရာ....။

ဘုရားအတွက်ကတော့ စိုးရိမ်ဖွယ်မရှိပါဘူး။ ဘုရားဆိုတာ ကိုယ်တော်ရဲ့အသက်ကို စွန့်ပြီးတော့ သတ္တဝါတွေကို သနားတော်မူတယ်၊ ငါတို့သွားရောက် ပင့်လျှောက်လျှင် အဘယ့်ကြောင့် မကြွရောက်ဘဲ ရှိရမှာလဲ၊ ကြွရောက်တော်မူမည်သာ ဖြစ်ပါတယ်။ အထူးသတိပြုရန်အချက်က မြတ်စွာဘုရား ယခုအခါ ရာဇဂြိုဟ်ပြည်မှာ သီတင်းသုံး နေတော်မူသည်ကို ဗိမ္ဗိသာရမင်းတရား ပစ္စည်းလေးပါးဖြင့် ဘုရားရှင်ကို ပြုစုနေတယ်။ မတော်တဆ ဗိမ္ဗိသာရမင်းကများ ခွင့်မပေးဘဲ ရှိမည်လား....လို့ သတိပြုစရာဖြစ်တယ်။ ဤကဲ့သို့ ပြောဆိုဆွေးနွေးတဲ့အခါ-

အခြားလူများက—

တေန ဟိ ရာဇာနံ သညာပေတွာ အာနေ-ယျာမ။

တေန ဟိ=သို့တပြီးကား။ ရာဇာနံ=ဗိမ္ဗိသာရမင်းတရားကို။ သညာပေတွာ= အကြောင်းကြောင်းကို

http://www.dhammadownload.com



သိစေပြီး သကာလ။ အာနေယျာမ = ဘုရားကို ပင့်ကြတာပ။

ဤကဲ့သို့ အကြံပေးကြတယ်။

## လိစ္ဆဝီမင်း နှစ်ယောက် ခေါင်းဆောင်၍ ဘုရားအပင့်သွားကြခြင်း

ထို အကြံပေးချက်ကို အားလုံးသဘောတူ ညီညွတ်ကြ၍ လိစ္ဆဝီမင်း နှစ်ယောက်တို့ကို များစွာသော ပရိသတ် အခြံအရံ၊ များစွာသော လက်ဆောင်ပဏ္ဏာကာရတို့ဖြင့် ဗိမ္ဗိသာရ မင်းတရားအထံ ဘုရားပင့်ဖို့ လွှတ်ကြတယ်။ လိစ္ဆဝီမင်း နှစ်ယောက်တို့လဲ များစွာသော အခြံအရံ၊ များစွာသော လက်ဆောင်ပဏ္ဏာကာရတို့ဖြင့် ဗိမ္ဗိသာရမင်းတရားထံ ရောက်ရှိကြ၍ လက်ဆောင်ပဏ္ဏာကာရများကို ပေးအပ် ဆက်သကြပြီးလျှင်—

မဟာရာဇ ဘဂဝန္တံ အမှာကံ နဂရံ ပေသေဟိ။

မဟာရာဇ = မြတ်သော မင်းကြီး။ ဘဂဝန္တံ= ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အမှာကံ=အကျွန်ုပ်တို့၏။ နဂရံ= ဝေသာလီပြည်အရပ်သို့။ ပေသေဟိ=ပို့ဆောင် ပင့်ပေးတော်မူပါ....။

ဒုတိယအကြိမ်

http://www.dhammadownload.com



ဤကဲ့သို့ ဒကာကို ပထမအညွှာကို သွားပြီး တော့ ကိုင်ကြ၊ ပြောဆိုကြတယ်။ ဗိမ္ဗိသာရမင်းကလဲ အမှန်က တော့ သူ ဘုရားကို မပင့်ရက်ဘူး၊ မပင့်ရက်တော့ သူက လဲပဲ ''ထမင်းရေပူလာ လျှာလွှဲ''တဲ့ အနေနဲ့-

တုမှေယေဝ ဇာနာထ။

တုမှေယေဝ = အမောင်တို့သည် ပင်လျှင်။ ဇာနာထ=ဘုရားထံမှောက် သွားရောက်ပြီး သကာလ ကြွမည် မကြွမည်ကို သိအောင် စုံစမ်း ဘောက် လှမ်း မေးမြန်းကြပါ....။

ကျွန်ုပ် မပြောပါရစေနဲ့၊ အမောင်တို့ ကိုယ်တိုင်ပဲ ဘုရားထံမှောက် သွားရောက်လျှောက်ထားပြီး ကြွမည် မကြွမည်ကို သိအောင် အားထုတ်ကြပါ....လို့ ဤကဲ့သို့ ဗိမ္ဗိသာရ မင်းတရားက လျှာလွှဲလိုက်တဲ့အခါ လိစ္ဆဝီ မင်းသားနှစ်ယောက်တို့သည် များစွာသော အခြွေအရံ ဖြင့် ဘုရားထံမှောက် သွားရောက်ဝပ်လျှိုး ရှိခိုးကြပြီး လျှင်—

ဘန္တေ အမှာကံ နဂရေ တီဏိ ဘယာနိ၊ ဥပ္ပန္နာနိ သစေ ဘဂဝါ အာဂစ္ဆေယျ၊ သောတ္ထိ နော ဘဝေယျ။

ဘန္တေ= ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ အမှာကံ နဂရေ= တပည့်တော်တို့၏ ဝေသာလီပြည် အရပ်၌။ တီဏိ ဘယာနိ= အနာရောဂါ နှိပ်စက်တဲ့

http://www.dhammadownload.com



ဘေး၊ ဘီလူးသောင်းကျန်းတဲ့ဘေး၊ ငတ်မွတ်ခေါင်းပါးခြင်းဆိုတဲ့ ဘေးကြီး သုံးပါးတို့သည်။ ဥပဒ္ဒဝါနိ= ဖြစ်ပေါ်၍ နေပါကုန်သည်ဘုရား။ သစေ= အကယ်၍။ ဘဂဝါ= ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ အာဂစ္ဆေယျ = သနားကရုဏာ ကြွလာတော် မူပါ ဌြားအံ့။ နော=တပည့်တော်များ ဝေသာလီ ပြည်သူ ပြည်သားတို့အား။ သောတ္ထိ= ဘေးသုံးပါး ကင်းကွာ ချမ်းသာခြင်းသည်။ ဘဝေယျ= ဖြစ် ရာ ပါ၏ ဘုရား....။

(၍ကဲ့သို့ လျှောက်ထားကြလေသည်။)

## မြတ်စွာဘုရား ဆင်ခြင်တော်မူခြင်း

လိစ္ဆဝီ မင်းသားတို့ လျှောက်ထားချက်အရ ဘုရားကိုယ်တော်မြတ် ကြွတော်မူရန် ဆင်ခြင်တော်မူသော အခါ–

ဝေသာလိယံ ရတနသုတ္တေ ဝုတ္တေ သာ ရက္ခာ ကောဋိသတသဟဿံ စက္ကဝါဠာနံ ဖရိဿတိ၊ သုတ္တ– ပရိယောသာနေ စတုရာသီတိယာ ပါဏသဟဿာနံ ဓမ္မာဘိသမယော ဘဝိဿတိ။

မယိ= ငါဘုရားသည်။ ဝေသာလိယံ= ဝေသာလီ ပြည်၌။ ရတနသုတ္တေ=ရတနသုတ်တရားကို။ ဝုတ္တေ= ဟော အပ် သည် ရှိ သော်။ သာ ရက္ခာ= ထို ရတန သုတ္တန် တည်းဟူသော အ စောင့် အ ရှောက် သည်။

http://www.dhammadownload.com



ဝဂ္ဂုဝါဠွာနံ = စကြာဝဠာတိုက်တို့၏။ ကောဋိသတ-
သဟာသ် = ကုဋေပေါင်း တစ်သိန်းတိုင်တိုင်။
ဖရိဿတိ= ပျံ့နှံ့ပေလိမ့်မည်။ သုတ္တပရိယောသာနေ=
ရတနသုတ္တန်၏အဆုံး၌။ စတုရာသီတိယာ ပါဏ-
သဟဿာနံ = သတ္တဝါပေါင်း ရှစ်သောင်း လေး
ထောင်တို့၏။ ဓမ္မာဘိသမယော= သစ္စာလေးပါး
တရားသိမြင် ကျွတ်တမ်းဝင်ခြင်းသည်။ ဘဝိဿတိ=
ဖြစ်ပေလိမ့်မည်။

ငါဘုရား ဝေသာလီပြည်မှာ ရတနသုတ္တန်ကို ဟော
ကြားလိုက်လျှင်.... ဝေသာလီပြည်ကို မဆိုထားဘိ၊
စကြာဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းတိုင်တိုင် ရတန
သုတ္တန်ရဲ့ အာဏာ ပျံ့နှံ့ပြီး အန္တရာယ် ကင်းနိုင်တယ်။
ရတနသုတ္တန်ဟောလို့ အဆုံးမှာ သတ္တဝါပေါင်း
ရှစ်သောင်း လေးထောင်တို့ ကျွတ်တမ်းဝင်ကြလိမ့်မယ်။

ဒီ အကျိုးတွေကို ရှေ့ညာဏ်တော်ဖြင့် မြင်ပြီး ဘုရား
ကိုယ်တော်မြတ် မြစ်ပယ်တော်မမူဘဲ ဆိတ်ဆိတ် နေခြင်း
ဖြင့် ဝေသာလီပြည်သို့ ကြွချီတော်မူရန် သည်းခံ လက်ခံ
တော်မူတယ်။

## ဗိမ္ဗိသာရမင်း၏ အစီအမံ

ဒီအကြောင်းကို ဗိမ္ဗိသာရမင်းတရား ကြားသိရဲ့
အခါ-

http://www.dhammadownload.com



ဘဂဝတာ ဝေသာလိဂမနံ အဓိဝါသိတံ။

ဘဂဝတာ = မြတ်စွာဘုရားသည်။ ဝေသာလိ ဂမနံ=ဝေသာလီပြည်သို့ ကြွချီတော်မူဖို့ရန်။ အဓိဝါ သိတံ=သည်းခံ သာယာအပ်ပြီ။

ဤကဲ့သို့ ရာဇဂြိုဟ်ပြည်ထဲမှာ လှည့်လည် ပြီး အကြွေးကြော် နိုင်းတယ်။ ပြီးတော့ ဗိမ္ဗိသာရ မင်းတရားကိုယ်တိုင် ကျောင်းတော်သို့ သွားရောက် ပြီး–

ကိံ ဘန္တေ သမ္ပဋိစ္ဆထ ဝေသာလိဂမနံ။

ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ ဝေသာ လီပြည်သို့ ကြွဖို့ရန် လက်ခံတော် မူလိုက်ပါသလား ဘုရားလို့ မေးလျှောက်သဖြင့်–

အာမ မဟာရာဇ = အိမ်း....၊ လက်ခံလိုက်တယ် မဟာရာဇာ....လို့ ဘုရားမိန့်ကြားတဲ့အခါ ဗိမ္ဗိသာရ မင်းတရားက–

တေန ဟိ ဘန္တေ ဘဂဝတာ အာဂမေထ၊ ယာဝ မဂ္ဂံ ပဋိယာဒေမ။

ဘန္တေ=ဘုန်းတော်ကြီးသော မြတ်စွာဘုရား....။ တေန ဟိ=သို့တပြီးကား။ ယာဝ=အကြင်မျှလောက်။ မဂ္ဂံ=ခရီးကို။ ပဋိယာဒေမ=ပြင်ဆင်ကြပါကုန်ဦးအံ့။

http://www.dhammadownload.com



တာသ=ထိုမျှလောက်။ အာဂမေထ=သည်းခံဆိုင်းငံ့ တော်မူကြပါဦးဘုရား....။

ဤကဲ့သို့ လျှောက်ထားပြီး ဗိမ္ဗိသာရ မင်းတရားကြီးက ရာဇဂြိုဟ်ပြည်နဲ့ ဝေသာလီပြည်တို့ရဲ့ အကြားမှာ ဂင်္ဂါမြစ်ရှိတယ်။ ရာဇဂြိုဟ်က ဂင်္ဂါမြစ်အရောက် (၅) ငါးယူဇနာရှိတယ်။ အဲဒီ ငါးယူဇနာ ခရီးမှာ တစ်ယူဇနာ တစ်ယူဇနာလျှင် ''တဲကျောင်း=စံကျောင်းကြီး'' တစ်ကျောင်းစီ တစ်ကျောင်းစီ ဆောက်လုပ်စေတယ်။ အဲဒီ တစ်ယူဇနာ တစ်ယူဇနာအတွင်းမှာ ရှိကြတဲ့ ကျေးရွာက လူများကို ဆင့်ဆိုပြီး လမ်းကို အရှင်းခိုင်း သုတ်သင်ခိုင်းတယ်။ ထို ငါးယူဇနာ ခရီးတစ်လျှောက် ခလုတ်ကန်သင်း ဆူးငြောင့် ဘာမှမရှိတဲ့ အင်မတန် ညီညွတ်သာယာတဲ့လမ်းကြီး ခင်းစေတယ်။

ပရိသတ်ဗိုလ်ထုနဲ့ ခင်းလိုက်တာ ဆိုတော့ မကြာမီ ပြီးသွားတယ် ဆိုပါစို့။ စံကျောင်းကြီး=တဲကျောင်းကြီးများကိုလဲ သူ့ဌာန သူ့ဌာနက သူ့တာဝန် သူယူပြီး ဆောက်လုပ်ပြီးလို့ ဘုရားကိုယ်တော်မြတ် ကြွချိန်တန်ပြီ ဆိုတော့မှ—

''ကာလော ဘန္တေ=ဝေသာလီပြည်ကြွဖို့ရန် အချိန်တန်ပါပြီဘုရား''လို့ လျှောက်ထားပြီး မင်းခမ်း မင်းနားဖြင့် ဗိမ္ဗိသာရ မင်းတရားကြီးကိုယ်တိုင် ဘုရားကိုယ်တော်မြတ်နှင့်တကွ သောသံဃာတော် ငါးရာတို့ကို လိုက်ပို့တယ်။

http://www.dhammadownload.com



ရှေ့ဆုံးက မားမား မတ်မတ် ကြွချီတော်မူတဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအတွက် လက်ဝဲတစ်လက်၊ လက်ယာတစ်လက် = ထီးဖြူတော်နှစ်လက် အုပ်မိုးပြီး မင်းချင်း ယောကျ်ားများ လိုက်ကြရတယ်။ နောက်ပါ ရဟန်းသံဃာတော် ငါးရာအတွက် တစ်ပါး တစ်ပါး လျှင် ထီးဖြူတော် တစ်လက်စီ တစ်လက်စီ မင်းချင်း ယောကျ်ားများ အုပ်မိုး လိုက်ပါကြရတယ်။ နေပူမှာ စိုးလို့လား ဆိုတော့ မဟုတ်ပါဘူး။ ဘုရားကြွလျှင် ဘယ်အခါမှ နေမပူပါဘူး။ ဒါပေမယ့် ကိုယ်ပူဇော်ချင် လို့ ကိုယ့်ကုသိုလ် ကိုယ်ယူကြတာဖြစ်တယ်။

အဲဒီလို မြတ်စွာဘုရားအတွက် ထီးဖြူတော် နှစ်လက်၊ ရဟန်းတော် တစ်ပါးလျှင် ထီးဖြူတော် တစ်လက်စီနဲ့ ပူဇော် မိုး ကာ ပြီး အောက်မြေပြင်မှာလဲ သဲဖြူတွေ အပြည့်ခင်းလို့၊ သဲပြင်ရဲ့အပေါ်မှာ လမ်းတစ်လျှောက် လုံးမှာ ရှိကြတဲ့လူတွေက ခြေမျက်စိမြုပ်မတတ်၊ ပုဆစ် ဒူးဝန်းမြုပ်မတတ် ပန်းတွေ ခင်း၍ ပူဇော် ကြတယ်။ လမ်းတစ်လျှောက်လုံး ပန်းတွေထဲမှာ ဘုရားအမှူးရှိတဲ့ သံဃာတော်များ ကြွချီတော် မူကြရတယ်။

တစ်နေ့လွန်မြောက် တစ်ယူဇနာခရီး ရောက်တဲ့အခါ စံကျောင်းကြီးတွေမှာ ချမ်းချမ်းသာသာ နေရာထိုင်ခင်း ဆွမ်း ခဲဖွယ် ဘောဇဉ်လှူဒါန်းပြီး တစ်နေရာ တစ်နေရာ မှာ တစ်ခါ တစ်ခါ အလှူကြီး ပေးလှူပြီး နောက် တစ်နေ့ဆက်ပြီး ဘုရားအမှူးပြုသော သံဃာတော်များ ကြွချီတော်မူကြပါတယ်။

http://www.dhammadownload.com



## ဗိမ္ဗိသာရမင်းတရား လိစ္ဆဝီမင်းတို့ထံ အမှာလွှာပေးပို့ခြင်း

ငါးဌာနတို့၌ မဟာဒါနကြီး ငါးကြိမ်ပြုပြီး ဗိမ္ဗိသာရမင်းတရား မြတ်စွာဘုရားကို လိုက်ပါပို့ဆောင်၍ ဂင်္ဂါမြစ်ကမ်းနားသို့ ရောက်တယ် ဆိုလျှင်ပဲ ဗိမ္ဗိသာရမင်းတရားက လိစ္ဆဝီမင်းတို့ထံ သဝဏ်အမှာလွှာ ပို့လိုက်တယ်....။

အာဂတော ဘဂဝါ၊ မဂ္ဂံ ပဋိယာဒေတွာ သဗ္ဗေ ဘဂဝတော ပစ္စုဂ္ဂမနံ ကရောထ။

ဘောန္တော=အို အဆွေတော် လိစ္ဆဝီမင်းတို့.... ဘဂဝါ= ဘုန်းတော်သခင် ရှင်ပင်ဘုရားသည်။ အာဂတော= ကြွချီတော်မူလာပြီ။ တုမှေ = သင်တို့သည်။ မဂ္ဂံ=ခရီးကို။ ပဋိယာဒေတွာ-ပဋိယာဒေထ= ငါတို့အောက် မနိမ့်မကျအောင် ပြင်ဆင်ကြပါ။ ပဋိယာဒေတွာ = လမ်းခရီး ပြင်ဆင်ပြီး သကာသ။ သဗ္ဗေ=အလုံးစုံသော လိစ္ဆဝီမင်းပေါင်း (၇၇၀၇) ခုနစ်ထောင့် ခုနစ်ရာ ခုနစ်ယောက်တို့သည်။ ဘဂဝတော=မြတ်စွာဘုရားအား။ ပစ္စုဂ္ဂမနံ=ခရီးဦး ကြိုဆိုခြင်းကို။ ကရောထ= ပြုကြကုန်....။

အဲဒီလို သဝဏ်လွှာပို့ပြီးတော့ ဂင်္ဂါမြစ်ထဲ လှေကြီး နှစ်စင်းတွဲပြီး မဏ္ဍပ်ကြီး ဆောက်လုပ်၍ ယိုမဏ္ဍပ်ကြီးကို ပန်းဆိုင်း စသည်တို့ဖြင့် တန်ဆာဆင်ပြီး ထိုမဏ္ဍပ်၌

http://www.dhammadownload.com



အလုံးစုံ ရတနာခုနစ်ပါးဖြင့်ပြီးသော ဘုရားနေရာတော်ကို ခင်းကျင်းစေတယ်။

ထိုရတနာမဏ္ဍပ်ကြီး ပေါ်မှာ ဘုရားအမှူး ရှိတဲ့ သံဃာတော် ငါးရာတို့ကို တင်ပြီးတော့ တစ်ယူဇနာ ကျယ်ပြန့်သော ဂင်္ဂါမြစ်ကို ဗိမ္ဗိသာရ မင်းတရားသည် ကြီးစွာသော မင်းခမ်းမင်းနားဖြင့် စီစဉ်ပြီးတော့ ဘုရားရှင်ကို ကိုယ်တိုင်လိုက်ပို့တယ်။

ဗိမ္ဗိသာရ မင်းတရားသည် ဘယ်လောက်ထိအောင် လိုက်ပို့သလဲ ဆိုတော့ သူ ဖောင်မစီးဘူး၊ ရေ ထဲ ကို ကိုယ်တိုင်ဆင်းပြီး သူ့ရဲ့လည်မျိုကို ရေရောက်သည့်အထိ ဖောင် ရှေ့တော် ကို တွန်းပြီး ပို့ပေးတယ်။ လည်မျိုကို ရေရောက်တော့မှ ရပ်ပြီး—

ယာဝ ဘန္တေ ဘဂဝါ အာဂစ္ဆတိ၊ တာဝါ+ဟံ ဣဓေဝ ဂင်္ဂါတီရေ ဝသိဿာမိ။

ဘန္တေ = ရှင်တော်မြတ်ဘုရား....။ ဘဂဝါ= ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်။ ယာဝ= အကြင်မျှလောက်။ အာဂစ္ဆတိ = ပြန်ကြွတော်မူလာ၏။ တာဝ=ထိုမျှလောက်။ အဟံ = တပည့်တော် သည်။ ဣဓေဝ ဂင်္ဂါတီရေ=ဤ ဂင်္ဂါမြစ်ဆိပ်ကမ်းက ပင်လျှင်။ ဝသိဿာမိ = စောင့်ကြို၍ နေပါမည် ဘုရား....။

http://www.dhammadownload.com



ဘယ်လောက် စိတ်ဓာတ်ကို ဆွဲဆောင်လိုက်သလဲ လို့။ မြတ်စွာဘုရား ကြွသွားတော်မူသည်ကို "ဘုန်းတော်ကြီးသော မြတ်စွာဘုရား....၊ ရှင်တော်ဘုရား ပြန်ကြွတော်မူလာသည်တိုင်အောင် တပည့်တော် ဟောဒီ ဂင်္ဂါမြစ်ကမ်းနားက စောင့်ကြိုနေမယ် ဘုရား" လို့ လျှောက်လိုက်တယ်။ (အမြန် ပြန်ကြွခဲ့ပါဘုရား လို့တော့ မလျှောက်ဝံ့ဘူးနော်။)

အဲဒီလို မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုး လျှောက်ထားပြီး ဖောင်တော်ကြီး ထွက်သွားသည်ကို မျက်စိတစ်ဆုံး ကြည့်မျှော်ကြည့်ညို့ပြီး ဂင်္ဂါမြစ်ကမ်းနား က မင်းခမ်း မင်းနားဖြင့် သစ်ခက်တနန်းများ ထိုးပြီး "ဘုရား ပြန်ကြွမလာမချင်း ငါ ရာဇဂြိုဟ် မပြန်ဘူး" ဆိုပြီး စောင့်နေတယ်။ ဘုရားအမှူးရှိတဲ့ သံဃာတော် တွေ စီးနင်းကြွချီတဲ့ ဖောင်တော်ကြီးကို ဂင်္ဂါမြစ်ထဲမှာ ကြည့်ရှုလိုက်စမ်း၊ လောင်းတွေ လှေတွေနဲ့ တခြိမ့်ခြိမ့် တည်ညံ၊ ကောင်းကင်က နတ်တွေ မြဟ္မာတွေကလဲ တူရိယာတွေ တခြိမ့်ခြိမ့်ကျူးလို့၊ နတ်ပြည်က နတ် ရေကင်းသံတွေ လူ့ပြည်က လူ့ရေကင်းသံတွေ တစ် ယူဇနာလောက် ဝေးတဲ့ခရီးမှာ တစ်ငြိမ့်ငြိမ့် တညောင်း ညောင်းနဲ့၊ လူပေါင်း နတ်ပေါင်း မြဟ္မာပေါင်းတို့ လူ့ထီးဖြူ၊ နတ်ထီးဖြူ၊ မြဟ္မာ့ထီးတွေ မိုးလျက် မိုးလျက် မြတ်စွာဘုရားအမှူးပြုတဲ့ သံဃာ အား ပူဇော် ပြီး ဝေသာလီပြည်သို့ ပို့ဆောင်ကြလေပြီ။

တတိယအကြိမ်

http://www.dhammadownload.com



## မြတ်စွာဘုရားရှင်ကို
## လိစ္ဆဝီမင်းတို့ ကြိုဆိုကြခြင်း

ဝေသာလီပြည် လိစ္ဆဝီမင်းတို့ကလဲ ''ဂင်္ဂါမြစ်မှ ဝေသာလီပြည် အရောက်ဆိုလျှင် သုံးယူဇနာ၀ဲ ခရီး ရှိတယ်၊ ခရီးက တိုတိုကလေး'။ ဗိမ္ဗိသာရ မင်းတရားနဲ့ ထပ်တူထပ်မျှ မြတ်စွာဘုရားကို ပူဇော်လို့တော့ မသင့် တော်ဘူး၊ ဒီတော့—

ဒိဂုဏံ ပူဇံ ကရိဿာမ။

ဒိဂုဏံ ပူဇံ=ဗိမ္ဗိသာရ မင်းတရားထက် နှစ်ဆတိုး ပူဇော်ခြင်းကို။ ကရိဿာမ=ပြုကြကုန်အံ့''လို့ တိုင်ပင် ညီညွှတ်ကြပြီး ပြင်ဆင်ထားကြပုံမှာ.... မြတ်စွာဘုရား အတွက် ထီးဖြူတော် (၄)လက်၊ ရဟန်းတော် တစ်ပါး တစ်ပါးအတွက် ထီးဖြူတော် ဝဲတစ်လက် + ယာ တစ်လက်၊ နှစ်လက်စီ၊ ဗိမ္ဗိသာရမင်းထက် နှစ်ပြန်ပူဇော် ကြမယ်ဆိုပြီး အသင့် စီခံထားကြတယ်။

လည်မျိုမြုပ်လောက်တဲ့ ရေအထိ လိစ္ဆဝီမင်းတွေ ဆင်းပြီး မြတ်စွာဘုရားကို ကြိုဆိုကြတယ်။ ဗိမ္ဗိသာရ မင်းတရား လိုက်ပို့ရာ တစ်ချို့နေရာမှာ ပန်းတွေ ပုဆစ်ဒူးဝန်းမြုပ်လောက် ရှိကယ်၊ တစ်ချို့နေရာမှာ ခြေကျင်းဝတ်အထိ မြုပ်တယ်ဆိုတော့ ငါတို့က အဲဒီ ယက် နှစ်ဆသာက် ပန်းတွေကြဲရမယ် ဆိုတဲ့ အစီအမံနဲ့ ဝေသာလီပြည်က အသင့် စောင့်နေကြတယ်။

ဇာ-ဂီယာဘကြိုးပ်

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ် လူပေါင်း၊ နတ်ပေါင်း၊ ဗြဟ္မာပေါင်းတို့ ခြံရံချောင်းသာယာ ပူဇော်ကာဖြင့် ဝေသာလီပြည်ဘက်သို့ ရတနာဖေါင်တော်ဖြင့် ကြွချီတော်မူလို့ ဝေသာလီနယ်ထဲလဲ ရောက်ကရော၊ လိစ္ဆဝီမင်းတွေလဲ ဖေါင်ကို ဆွဲမိ ကြိုမိရော၊ ကောင်းကင်တစ်ခုလုံး မိုးတွေချုန်းလျက် လျှပ်စစ်လျှပ်နွယ်တွေ ယှက်သန်းပြီး ခဏချင်းမှာပင် မိုးတိမ်တိုက်ကြီး ပြည့်လာတယ်။

## ပေါက္ခရဝဿမိုးကြီး ရွာချခြင်း

ဘုရားရှင် ကိုယ်တော်မြတ် ကမ်းနားရောက်လို့ လိစ္ဆဝီမင်းတွေက ကြိုးစွာသော မင်းခမ်းမင်းနားဖြင့် ဘုရားရှင်ကိုပင့်လို့ ကမ်းပေါ်မှာ ဘုရားကိုယ်တော်မြတ်ရဲ့ ခြေတော်လဲ ချမိလိုက်ကရော ''ပေါက္ခရဝဿ'' လို့ ခေါ်တဲ့ ကြာဖက်ပေါ်မှာ ရွာတဲ့ မိုးပေါက်လို (စိုစွတ်လိုသူ စိုစွတ်၍ မစိုစွတ်လိုသူ မစိုစွတ်သော) ''ရှောက်ရွာမိုး'' လို့ ခေါ်တဲ့ မိုးကြီး ရွာချတယ်။ ဘယ်လောက် ရွာလိုက်သလဲဆိုလျှင် တစ်ချို့နေရာမှာ ဒူးခေါင်းမြုပ်၊ တစ်ချို့နေရာမှာ ပေါင်လယ်၊ တစ်ချို့နေရာမှာ ခါးအထိ မြုပ်လောက်အောင် ဝေသာလီတစ်ပြည်လုံး ရေတဝုန်းဝုန်း စီးသွားတယ်။

နဂိုက ဘေးသုံးပါး ရောက်နေတဲ့လူတွေမှာ ရေဘေးက တစ်ဖန် ဆိုက်ရောက်နေပြန်သလားလို့ ပြောစရာ ရှိတယ်။ ပေါက္ခရဝဿမိုးဟာ ဘုရားရှင်ရဲ့ ရွှေဘုန်းတော်ကြောင့် ရွာတဲ့မိုး၊ အန္တရာယ်ပြုဖို့ နေနေသာသာ၊ စိုချင်

တတိယအကြိမ်

http://www.dhammadownload.com



တဲ့ ပုဂ္ဂိုလ်မှာမှ စိုစွတ်ပြီး မစိုချင်တဲ့ပုဂ္ဂိုလ်မှာ ဘစ်ပေါက်မှ မစိုဘူးတဲ့နော်။ တခါထဲ မိုးရေတွေ ပုဆစ်ဒူးမြုပ်မျှ၊ ပေါင်လည်မြုပ်မျှ၊ ခါးမြုပ်မျှ ရွာချလိုက်တာ ဝေသာလီ တစ်ပြည်လုံး ရေတွေဖုံးသွားတယ်။ အဲဒီ ရေတွေထဲမှာ နဂိုက စွန့်ပစ်ထားတဲ့ အကောင်ပုပ်တွေ၊ မကောင်းတဲ့ ရနံ့တွေ တစ်နာရီလောက်အတွင်းမှာ တခါထဲ ရေတိုက်မျောပြီး အကုန်လုံး စင်ကြယ်သွားတယ်။

ဘုရားရှင်ကိုယ်တော်မြတ် ဝေသာလီ ပြည်သို့ ရောက်၍ ဖဝါးခြေတော် ချမိလျှင်ပင် သိကြားမင်း က လဲ စတုမဟာရာဇ်၊ တာဝတိံသာ=နတ်နှစ်ပြည်မှာရှိတဲ့ နတ်များ ခြံရံ၍ ''ငါလဲပဲ ဘုရားရှင်ရဲ့ တရားအဖော်ဖြစ်မှ ပဲ'' ဆိုပြီး လိုက်လာတယ်။ သိကြားမင်း အမှူးပြုတဲ့ စတုမဟာရာဇ်၊ တာဝတိံသာ နတ်ပြည်တို့က တန်ခိုးကြီးသောနတ်တို့ ရောက်လာတော့ ဝေသာလီပြည်အတွင်းမှာ နဂိုကရောက်နေတဲ့ တန်ခိုး သေး သိမ်သော ယက္ခနတ် ဘီလူးတွေ အကုန်လုံး တိမ်းရှောင် ထွက်ပြေးသွားကြတယ်။

ဝေသာလီပြည် လိစ္ဆဝီမင်း တို့ သည်၊ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အလာတုန်းက တစ်ပြည်လုံး၊ တစ်မြို့လုံး ယင်ကောင်တွေ တအုံးအုံးနဲ့ အင်မတန် စက်ဆုပ်ဖွယ်ရာ ဖြစ် သော် လဲ တစ်နာရီ အတွင်းမှာ ပေါက္ခရဝဿာ=ရှောက်ရွာမိုးကြောင့် တစ်ပြည်လုံး သန့်ရှင်းပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်ကို စောစောက စီစဉ်ထားရှိချက်အတိုင်း မြတ်စွာဘုရားအား ထီးဖြူကော် (၄) လေး

http://www.dhammadownload.com



လက်၊ရဟန်းတော် တစ်ပါး တစ်ပါးအား ထီးဖြူတော် (၂) နှစ်လက်စီ ဆောင်းမိုး ပူဇော်ပြီး ဘုရားအမှူး ရှိသော သံဃာတော်ကို ကြီးစွာသော မင်းခမ်းမင်းနား တူရိယာ ငါးပါး တီးမှုတ်လျက် ဗိမ္ဗိသာရ မင်းတရား ထက် နှစ်ဆတက်ပူဇော်ပြီး ပင့်ဆောင်ကြတယ်။

## အရှင်အာနန္ဒာအား ရတနသုတ် သင်ပေးတော်မူခြင်း

ကမ်းနားမှ ဝေသာလီပြည်ရောက်အောင် သုံးရက် ကြာ ပင့်ဆောင်လို့ လမ်းခရီးတလျှောက်မှာလဲ ဗိမ္ဗိသာရ မင်းတရားထက် နှစ်ဆတိုး မဟာဒါနကြီးများ ပြုလုပ် ပင့်ဆောင်၍ ဝေသာလီပြည် မြို့တံခါး၀ ရောက်သော အခါ မြတ်စွာဘုရားက–

ဣမံ အာနန္ဒ ရတနသုတ္တံ ဥဂ္ဂဟေတွာ ဗလိက္ကမ္မူပ–ကရဏာနိ ဂါဟေတွာ လိစ္ဆဝိရာဇ ကုမာရေဟိ သဒ္ဓိံ ဝေသာလိယာ တီသု ပါကာရန္တရေသု ဝိစရန္တော ပရိတ္တံ ကရောဟိ။

အာနန္ဒ=ချစ်သား အာနန္ဒာ....။ ဣမံ ရတနသုတ္တံ=ဤ ရတနသုတ္တန် တရားဒေသနာကို။ ဥဂ္ဂ–ဟေတွာ–ဥဂ္ဂဏှာဟိ=သင် ချစ်သား သင်ယူပါလေ။ ဥဂ္ဂဟေတွာ = သင်ယူပြီးသကာလ။ ဗလိက္ကမ္မူပ–ကရဏာနိ=သမ္မာဒေဝနတ် မြို့စောင့်နတ် အစရှိသည် တို့အတွက် ဗလိနတ်စာ ပူဇော်သက္ကာရပွဲတို့ကို။

http://www.dhammadownload.com



ဂါဟေတွာ=လိစ္ဆဝီ မင်းသားတိကို ယူစေပြီး သကာလ။ လိစ္ဆဝီရာဇကုမာရေဟိ သဒ္ဓိံ=လိစ္ဆဝီ မင်းသားတို့နှင့် အတူတကွ။ ဝေသာလိယာ= ဝေသာလီပြည်၏။ တီသု ပါကာရန္တရေသု=မြို့ တံတိုင်း သုံးထပ်အကြားတို့၌။ ဝိစရန္တော=အကြား မလပ် စေ့စပ်အောင် လှည့်လည်လျက်။ ပရိတ္တံ= အရံအတားကို။ ကရောဟိ=သင်ချစ်သား ပြုပါလေ။

ဘုရားရှင် စီမံပေးတော်မူတယ်။ မြတ်စွာဘုရားဟာ မြို့စောင့်နတ်တွေကို လျစ်လျူရှုမထားဘူး၊ အဖက်မလုပ် မဟုတ်ဘူးနော်။ ယခု ကြည့်ပါ၊ မြတ်စွာဘုရား ပေးတဲ့ အမိန့်က–

''ချစ်သား အာနန္ဒာ....၊ သင်ချစ်သား ရတန သုတ္တန်ကို သင်ယူလေ၊ သင်ယူပြီးသကာလ လိစ္ဆဝီ မင်းသားများကို ဗလိနတ်ပွဲများ အကိုင်ခိုင်း၊ ပူဇော် ပွဲများ အကိုင်ခိုင်း၊ အဲဒီလို အကိုင်ခိုင်းပြီး သကာလ လိစ္ဆဝီ မင်းသားများနဲ့ အတူတကွ သင်ချစ်သားက ဝေသာလီပြည် တံတိုင်းသုံးထပ်အကြားမလပ်အောင် လှည့်လည်ပြီး ရတနသုတ် ပရိတ် အရံအတား သင်ချစ်သား ရွတ်ပွား ပြုစုလေ....''။

ဤကဲ့သို့ ဘုရားရှင် မိန့်ကြားတော်မူပြီး ရတနသုတ္တန် ကို အရှင်အာနန္ဒာအား သင်ကြားပေးတော်မူတယ်။ သင်ပေးတဲ့အခါ တစ်ခေါက်တည်းနဲ့ ရတနသုတ္တန်ကို အရှင်အာနန္ဒာ အကုန်ရပြီးသား ဖြစ်တော့ ဘုရား

http://www.dhammadownload.com



ကိုယ်တော်မြတ်ရဲ့ သပိတ်ကို အရှင်အာနန္ဒာ ပွေ့ယူပြီး သပိတ်တော်၌ ပရိတ်ရေများ ယည့်ပြီး တစ်မြို့လုံးကို ပရိတ်ရေများ ဖျန်းပက်လျက် လိစ္ဆဝီ မင်းသားတွေက ဗလိနတ်စာ ပူဇော်သက္ကာရပွဲတွေကို အသီး အသီး ကိုယ်စီကိုယ်င ကိုင်ကြ၊ ပွေ့ကြ၊ ပူဇော်ပသကြတယ်။ ပြီးမှ အရှင်အာနန္ဒာကို ယ်တိုင် ရှေ့က ခေါင်းဆောင် ပြီး—

ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။ ။

တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။ ။

၎ဂါထာနှစ်ပုဒ်က စတင် ဦးတည်ပြီး ရတနသုတ္တန်ကို ရွတ်ပွားတော်မူတယ်။ (အဲဒီ ဂါထာနှစ်ပုဒ်တို့ရဲ့ အနက် အဓိပ္ပာယ်ကို နောက် ပိုင်း ရောက်တော့ မှ ဘုန်းကြီး ပြောပြပါမယ်။)

ဘုန်းကြီးတို့ရဲ့ မြန်မာပြည်ဟာ ''အညွန့်ပေါ်မှာ အဖူးဆင့်သည်'' ဆိုသကဲ့သို့ သာသနာကိစ္စမှာ တိုးတက် တိုးတက်ပြီး စာပေဘက်မှာလဲ တိုးတက်ပြီး ဆောင်ရွက်

http://www.dhammadownload.com



လေ့ ရှိတယ်။ အလွှဲဒါနဘက်မှာလဲပဲ အခြား အခြား-တိုင်းပြည်များနှင့်မတူ၊ အညွန့်ကွေ့၊ အကွန့်ကွေ့ ထည့်ထည့်ပြီး ကုသိုလ်ပွားအောင် ရွက်ဆောင်လေ့ရှိတယ်။ အဲဒီ အလေ့အထအတိုင်း ရတနသုတ် ပရိတ်တော်ဟာ အစတုန်းကတော့- ''ယာနီ+ဓ ဘူတာနိ''က စတယ်။ မြန်မာပြည် သာသနာ့ခေတ် ရောက် လာတော့ အဋ္ဌကထာမှာလာသည့် ပကိဏ္ဏက ဒေသနာအတိုင်း ရတနသုတ္တန်ကို ရွတ်ဆိုခါနီး အရှင်အာနန္ဒာ၏ နှလုံးသွင်းပုံကိုပါ ''အမွှန်း'' ဆိုပြီး ရှေ့က ဂါထာ ၂-ဂါထာတိုင်အောင် ရွတ်ဆိုကြ၊ မွှန်းကြရပါတယ်။

ဤ ရတနသုတ္တန် အမွှန်းပါဠိ စုဏ္ဏိယက စပြီး ရတန သုတ္တန်ပြီးဆုံးသည်တိုင်အောင် ရွတ်ပါမယ်။ ဝေသာလီ ပြည်မှာ အရှင်အာနန္ဒာ ရတနသုတ္တန်ကို ရွတ်ဆိုတော်မူ စဉ်က ဤစုဏ္ဏိယ၊ ဤဂါထာ၊ ဤအက္ခရာတို့ဖြင့် နှလုံး သွင်းပြီး ရွတ်ဆိုတော်မူတာပဲလို့ စိတ်ထဲမှာ အာရုံပြုပြီး နားထောင်ကြပါ။ အဲဒီရတနသုတ္တန်ရဲ့ အမွှန်းနှင့်တကွ အနက် အဓိပ္ပာယ်ကိုလဲ သူ့အချိန်ကျလျှင် သိရပါမယ်။ အဲ....တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းတို့ အန္တရာယ ခပ်သိမ်း ဘေးခပ်သိမ်းကင်းကွာ၍ ချမ်းသာသုခ မင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ အကာအကွယ် အနေ ဖြင့် ရတနသုတ် ပရိတ်တော်ကို နိဒါန်း အမွှန်း က စ ပြီး ဘုန်းကြီး ရွတ်ပါမယ်။

(ဤနေရာတွင် ဆရာတော်သည် ''ပဏိဓာန-တော''မှ စ၍ ရတနသုတ္တန်ပါဠိတော်ကို ဆုံးအောင် ရွတ်ဆိုတော်မူပါသည်။)

ဒုတိယအကြိမ်

http://www.dhammadownload.com



## ဝေသာလီပြည်နှင့် ဖြစ်နေပုံ

အရှင်အာနန္ဒာမထေရ်မြတ် လိစ္ဆဝီမင်းသားများ ခြံရံလျက် ရတနသုတ္တန်တော်ကို တစ်ခေါက်ပြီး တစ်ခေါက် ထပ်၍ ထပ်၍ တည့်လုံး ရွတ်တော်မူခဲ့တယ်။ အရှင်အာနန္ဒာက ''ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ''လို့ စတင်ရွတ်လိုက်လျှင်ပင် စောစောက အမှိုက်ပုံကြား ဝင်းထရံနား ဟိုဟိုဒီဒီ အကြိုအကြား ကပ်နေကြတဲ့ မြေဘုတ်ဘီလူးများဟာ ယံ ကိဉ္စိ ဝိတ္တံ ရွတ်သံကို ကြားတာနဲ့ ပြေးကြတယ်။ တံခါးလေးပေါက် ပြေးကြလို့ မဆံ့တဲ့ အဆုံးမှာ တစ်ချို့က မြို့တံတိုင်းများကို ချိုးဖောက်ပြီး ထွက်ပြေးကြတယ်။

အရှင်အာနန္ဒာ ရွတ်ဆိုတဲ့ ''ယံ ကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ'' ပထမပိုဒ်ဆုံးလျှင်ပဲ ဝေသာလီပြည်က လူမမာတွေဟာ တစ်ခါထဲ နေကောင်းချမ်းသာ ဖြစ်ကုန်ကြကယ်။ နေထိုင်လို့လဲ ကောင်းကြရော–

''ဩော် .... ဘုရားကိုယ်တော်မြတ်ကြီး ကြွလာတယ်၊ တရားဘဏ္ဍာစိုး=ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူတဲ့ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီးက ငါတို့ရဲ့ ဝေသာလီ တစ်ပြည်လုံး လှည့်လည်ပရိတ်ရွတ်တော် မူသတဲ့၊ ဘုရားရှင်နှင့်တကွ သံဃာတော်တွေကတော့ မြို့လယ်ဗိုလ်တဲခေါ်တဲ့ ''မင်းကွန်း'' မှာ ကြွရောက်နေပြီတဲ့၊ အရှင်အာနန္ဒာနှင့်တကွ လိစ္ဆဝီမင်းသားတွေ ဝေသာလီပြည်ထဲ လှည့်လည် ပရိတ်ရွတ်ပြီးသျှင်

http://www.dhammadownload.com



ကြွလာလိမ့်မယ်၊ ငါဘို့တစ်တွေ ဘုရားရှင်ရှိရာ သွား ကြစို့....

ဆိုပြီး မြို့အလယ်ခေါင် ဗိုလ်တဲ= မင်းတဲမှာ ဝေသာလီ ပြည်က လူတွေ တစ်ခါထဲ စုဝေးမိကြတယ်။

အရှင်အာနန္ဒာကလဲ လိစ္ဆဝီ မင်းသားတို့နှင့် အတူ တကွ ဝေသာလီပြည် တံတိုင်း သုံးထပ်အကြား လှည့် လည်ပြီး ရတနသုတ္တန် ရွတ်ပြီးတော့ ဘုရားထံမှောက် ရောက်ကြတယ်။ အားလုံးပရိသတ်တွေ အဝေးအနီး စုံညီ စည်းဝေး မိတဲ့အခါ မြတ်စွာဘုရားက ဝေသာလီပြည် အလယ်ကနေပြီး ဒီရတနသုတ္တန်ကို ပြန်ပြီး ဟောတော် မူတယ်။

ဘုရားရှင်ကိုယ်တော်မြတ် ဟောတဲ့အခါ ''ယာနီ+ဓ ဘူတာနိ''က စပြီး ဟောတယ်။ ကိုင်း.... ဘုန်းကြီးတို့ မြန်မာအမွှန်းဖြစ်တဲ့ ပဏိဓာနတော က စပြီး အနက် မြန်မာ ပြန်ဆို ကြည်ညိုကြရအောင်။

## ရတနသုတ္တန်အနက်

ပဏိဓာနတော=ဒီပင်္ကရာ မြတ်စွာဘုရား ထံတော် ပါးဝယ် ဘုရားဖြစ်ရန် ဆုပန်တော် မူခဲ့သည်မှ။ ပဋ္ဌာယ = အစပြု၍။ တထာဂတဿ = ရှေးဘုရား တို့ကဲ့သို့ လာခြင်းကောင်းတော်မူသော မြတ်စွာ ဘုရား၏။ ဒသ ပါရမိယော=ဥစ္စာ+သား+မယား+ ပြည်တိုင်းကားတို့ကို ပယ်ရှားစွန့်လှူ၊ ဖြည့်ကျင့်တော်

http://www.dhammadownload.com



မှုသော ပါရမီတော် ဆယ်ပါးတို့လည်းကောင်း....။ ဒသ ဥပပါရမိယော = မျက်စိ+နား+နှာ အင်္ဂါ ခြေလက်တို့ကို ရက်ရက်စွန့်လှူ ဖြည့်ကျင့်တော်မူသော ဥပပါရမီ ဆယ်ပါးတို့လည်းကောင်း....။ ဒသ ပရမတ္ထပါရမိယော=အသက်ကိုစဉ် မခင်မမက် ရက်ရက်စွန့်လှူ ဖြည့်ကျင့်တော်မူသော ပရမတ္ထပါရမီ ဆယ်ပါးတို့ လည်းကောင်း....။ ဣတိ = ဤသို့။ သမတ္တိံသ ပါရမိယော စ=ဆယ်ပါးသုံးလီ အမျှ သုံးဆယ်သော ပါရမီတော် မြတ်တို့ကို လည်း ကောင်း....။

ပဉ္စ မဟာပရိစ္စာဂေ = ကိုယ်ခန္ဓာနှင့် ပြည်ရွာ+ သား+မယား+ဥစ္စာအားဖြင့် ငါးပါးသော စွန့်ခြင်း ကြီးတို့ကိုလည်းကောင်း....။

လောကတ္ထစရိယံ = သတ္တလောကခေတ် သူကျိုး မြတ်စေခြင်းငှာ ရိုးမတ်စွာ ကျင့်တော်မူခြင်း လည်းကောင်း....။ ဉာတတ္ထစရိယံ = ဆွေတော် မျိုးတော် သူကျိုးကိုမျှော်ခေါ်၍ ကျင့်တော်မူခြင်း လည်းကောင်း....။ ဗုဒ္ဓတ္ထစရိယံ = ကိုယ်ကျိုးစင်စစ် ဘုရားဖြစ်စေခြင်းငှာ သစ်သစ်အားယူ ကျင့်တော် မူခြင်းလည်းကောင်း....။ ဣတိ=ဤသို့။ တိဿော စရိယာယော=သုံးပါးသင့်လျော် အကျင့်တော်မြတ် တို့ကိုလည်းကောင်း....။ (ဘုရားရဲ့ဂုဏ်တော်တို့ကို ဆင်ခြင်ကြည့်လျှင် ပါရမီဂုဏ် + စာဂဂုဏ် + စရိယ ဂုဏ်=ဤဂုဏ်တို့က အလောင်းတော် ဘဝတုန်းက

http://www.dhammadownload.com



ဂုဏ်တွေဖြစ်တယ်။ ယခု ဆိုလတ္တံ့ကား ဘုရားဖြစ်တဲ့ နောက်ဆုံးဘဝ ဂုဏ်တော်များဖြစ်တယ်။)

ပစ္ဆိမဘဝေ = ပဋိစ္စသမုပ္ပါဒ် ရဟတ်စက်ကြီး ဖျက်ဆီးရပ်သိမ်း ချုပ်ငြိမ်းရာခေတ် အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ ဂဗ္ဘဝေါက္ကန္တိံ = ဖန်သား မှန်သား ရုံတားသိဂ်ိ စေတီတော်တွင်း ရွှေဆင်းတု သွင်းသကဲ့သို့ သေဌ်နင်းတောင်ညာ မယ်မာယာ၏ ရတနာပလ္လင် တိုက်ဝမ်းဝင်၍ မြန်းရှင်သန္ဓေ တည်စံ နေခြင်းကို လည်းကောင်း....။ ဇာတိံ = လုမ္ဗိနီဟု ဂုဏ်ဆီသင်းကြိုင် အင်ကြင်းမြိုင်၌ တစ်ပြိုင်စက္ကဝါ ဘဝဂ်ညာတိ ထောမနာကြီး သြဘာချီးလျက် မီးရှူး သန့်စင် ဖွားမျှော်မြင်ခြင်းကို လည်းကောင်း....။ အဘိနိက္ခမနံ = သံယောဇဉ်နှင့် မယှဉ်မစပ် အစဉ် ဖြတ်လျက် မြတ်သော တောထွက်တော်မူ ခြင်းကို လည်းကောင်း....။ ပဓာနစရိယံ= တစ်နေ့စာတွက် သစ်တစ်ရွက်နှင့် နှစ်သက်စေပြီး သစ်ဇာစ်သီးမျှ ကြီး လျှင် တစ်ခြမ်း နှမ်းတစ်စေ့+ဆန်တစ်စေ့ ရခါလည်း မတွေ့ရပဲ နေ့ဆက် ရက်ဆက် ထက်မြက်ဥဿာဟ ဒုက္ကရစရိယာ (၆)ခြောက်နှစ်ကြာပင် ငြိုငြင်စွာ ကျင့် တော်မူခြင်းကိုလည်းကောင်း....။ ဗောဓိပလ္လင်္ကေ= ရတနာပလ္လင် ဗောဓိပင်၌။ မာရဝိဇယံ= ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးကို လုံခြားမဖက် ဉာဏ် လက်နက်ဖြင့် ပယ်ဖျက်ကုန်စင် ပြီးအောင်မြင်ခြင်းကို လည်းကောင်း....။ သဗ္ဗညုတညာဏပ္ပဋိဝေဓံ=သစ္စာ လေးဝ ဥေယျငါးပါး တရားမူလ ဟူသမျှကို မြူမျှ

http://www.dhammadownload.com



မကျန် ဘူလသယံဖြင့် သူမဆန်ဘိ ထိုးထွင်း၍ သိတော်မူ ခြင်း ကို လည်း ကောင်း....။ ဓမ္မစက္ကပ္ပဝတ္တနံ= မိဂဒါဝုန် တောရဂုံ၌ ဘုံပထဝီ သုန်သုန်ဟီအောင် ဂုဏ်ဆီပြည့်နှက် ပဉ္စဝဂ်တို့အား ဓမ္မစက်ထူး တရားဦးကို ဖြန့်ဖြူး ဟောကြားတော် မူခြင်းကို လည်း ကောင်း....။ နဝ လောကုတ္တရဓမ္မေ= မဂ်+ဖိုလ်ရှစ်တန် နေရဗ္ဗာန်ဟု ဝေဖန်ပိုင်းခြား ကိုးပါး သော လောကုတ္တရာတရားတို့ကို လည်းကောင်း....။ ဣတိ-ဝေမာဒိကေ = ဤသို့ အစရှိ ကုန် သော။ သဗ္ဗေပိ= အလုံးစုံလည်း ဖြစ်ကုန်သော။ ဣမေ ဗုဒ္ဓဂုဏေ= ဤစရိယ+ စာဂီ ပါရမီအဆင့်ဆင့် ရင့်ထက်ရင့်၍ ပွင့်ခြင်းသို့ ရောက်တော်မူသော အစိန္တေယျ မြတ်စွာဘုရား၏ များစွာသော ကျေးဇူးတော် ဂုဏ်တော်တို့ကို။ အာဝဇ္ဇေတွာ-အာဝဇ္ဇေသိ= ဉာဏ် သမ္ပဇဉ်ကြိုဆင်ခြင်တော်မူလေပြီ....။

(ဤ၌ ဆိုလိုရင်းမှာ- အရှင်အာနန္ဒာသည် ရတနသုတ်ကို ရွတ်တော့မည်ဆိုလျှင် မရွတ်မီပင် ပထမ ရှေးဦးစွာ ဘုရား ဂုဏ်တော်တို့ကို အာရုံပြုတယ်။ ဘယ်လို အာရုံပြုသလဲ ဆိုတော့-

''ငါတို့ရဲ့ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် ဒီပင်္ကရာ မြတ်စွာဘုရားအထံတော်၌ ဘုရားဖြစ်ရန် ဆုတော်ပန်၍ ဗျာဒိတ်ခံတော်မူတဲ့ အချိန်ကစပြီး လေး အ သ င်္ချေ ကမ္ဘာတစ်သိန်း ကာလ ကြာအောင် မြောက်မြား လှစွာသော ဘဝါဘဝတို့၌ ဗာဟီရဥစ္စာ

http://www.dhammadownload.com



တို့ကို စွန့်လှူ၍ ရိုးရိုးဖြည့်ကျင့်ရသော ပါရမီဆယ်ပါး တို့ကိုလဲ ဖြည့်ကျင့်တော်မူခဲ့တယ်။ ခြေလက် အင်္ဂါတို့ကို စွန့်လှူပြီးသကာလ ဥပပါရမီဆယ်ပါးတို့ကိုလဲ ဖြည့်ကျင့် တော်မူခဲ့တယ်။အသက်ကို စွန့်ပြီးသကာလ ပရမတ္ထပါရမီ ဆယ်ပါးတို့ကိုလဲ ဖြည့်ကျင့်တော်မူခဲ့တယ်။ ငါတို့ရဲ့ မြတ်စွာဘုရား ဖြည့်ကျင့်တော်မူခဲ့တဲ့ ပါရမီတော်တို့ သည် သဘောတူရာစုပေါင်း၍ ရေတွက်လျှင် ပါရမီ ဆယ်ပါး၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီ ဆယ်ပါး လို့ အပြားသုံးဆယ် ရှိကုန်စွာကား၊ အပြားသုံးဆယ် အခြင် ပါရမီအရှင်မြင်တော်မူပေစွတကား ''(ဤကဲ့ သို့ မြတ်စွာဘုရားကို ပါရမီဂုဏ်တော်နှင့် ဆင်ခြင်ပြီး တစ်ကြိမ် အာရုံပြုလိုက်တယ်....။)

''ငါတို့ရဲ့ အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားသည် ဘုရားဖြစ်ရန် စိတ်ရည်သန်၍ ပြည် ရွာတိုင်းကားတို့ကို စွန့်လှူတော်မူခဲ့တယ်။ သမီးသား တို့ကို စွန့်လှူတော်မူခဲ့တယ်။ ဘဝပေါင်းများစွာ ဇနီးကို လဲ စွန့်လှူတော်မူခဲ့တယ်။ ဘဝပေါင်းများစွာ စီးပွား ဥစ္စာကို စွန့်လှူတော်မူခဲ့တယ်။ ဘဝပေါင်းများစွာ ကိုယ်ခန္ဓာကို စွန့်လှူတော်မူခဲ့တယ်။ ဤစွန့်ခြင်းကြီး ငါးပါးတည်းဟူသော အကြောင်းကိုလုံ ပြည့်စုံတော် မူခဲ့တဲ့ အစိန္တေယျ သုံးလောက ထွတ်ထား မြတ်စွာ ဘုရားပါတကား....'' (ဤကဲ့သို့လဲ မြတ်စွာဘုရားကို စွန့်ခြင်းကြီးငါးပါးဂုဏ်တော်တို့နှင့်ဆင်ခြင်ပြီး တစ်ကြိမ် အာရုံပြုလိုက်တယ် ...။)

ဘာဇီပာဂ်ကြိမ်

http://www.dhammadownload.com



''ငါတို့ရဲ့ အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားသည် လောကတ္ထစရိယ=သတ္တလောက၏ အကျိုးငှာ ကျင့်ခြင်း၊ ဉာတတ္ထစရိယ=ဆွေတော်မျိုးတော်တို့၏ အကျိုးငှာကျင့်ခြင်း၊ ဗုဒ္ဓတ္ထစရိယ=သဗ္ဗညုတဉာဏ်ကို ရဖို့ရန် ကျင့်ခြင်းဆိုတဲ့ ဘုရားဖြစ်ရန် အခြေခံစရိယကြီး သုံးပါးတို့နှင့် ပြည့်စုံတဲ့ ကျေးဇူးဂုဏ်တော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါတကား....'' (ဤကဲ့သို့လဲ မြတ်စွာဘုရားကို စရိယဂုဏ်တော် သုံးပါးတို့နှင့် ဆင်ခြင်ပြီး တစ်ကြိမ် အာရုံပြုလိုက်တယ်။ အဲဒီလို အာရုံပြုပြီးတော့)–

''ငါတို့ရဲ့ မြတ်စွာဘုရားသည် ပါရမီ+စာဂ+စရိယတို့ကို ဖြည့်ကျင့်၍ ဘုရားဖြစ်လောက်အောင် ပါရမီတော်တို့ ရင့်သန်တဲ့ ယခု နောက်ဆုံးဘဝမှာ စကြဝဠာပေါင်း တိုက်တစ်သောင်းကို တုန်လှုပ်စေ၍ မယ်တော်မာယာ ဝမ်းတိုက်ကြာဝယ် ဆယ်လသန္ဓေ ကိန်းစံနေတော်မူခဲ့ပါတကား....''၊ ''ဆယ်လသန္ဓေ ကိန်းစံနေတော်မူပြီးသကာလ စကြဝဠာ တိုက်တစ်သောင်းကို တုန်လှုပ်စေပြီး အံ့ဖွယ်ကြီး (၃၂) သုံးဆယ့်နှစ်ပါး ထင်ရှားပြလျက် ဖွားမြောက်တော်မူခဲ့ပါတကား....''။

''ယင်းသို့ ဖွားမြောက်တော်မူပြီး သက်တော် (၁၆) တစ်ဆယ့်ခြောက်နှစ်ဝယ် စကြဝတေးမင်း၏ စည်းစိမ်ကဲ့သို့သော စည်းစိမ်ကို ခံစား၍ (၂၉) နှစ်ဆယ့်ကိုးနှစ်အရွယ်သို့ ရောက်သောအခါ နေကြာမဏ္ဍာသယဓာတ်ခံလှံ့ဆောင်ဖန်ရကား စကြာမင်း၏ စည်းစိမ်ကဲ့သို့သော

http://www.dhammadownload.com



စည်းစိမ်ကို မငဲ့မကွက် ရက်ရက်ကြည်ဖြူ စွန့်တော်မူပြီး သကာလ တောထွက်တော်မူခဲ့ပါတကား....''။

''အနော်မာ သောင်ယံဝယ် ဃဋီကာရ ဗြဟ္မာ လှူဒါန်း ကြာသက်န်းကို ဆင်မြန်းတော်မူပြီးသကာလ ရဟန်းပြုတော်မူခဲ့ပြီတကား....''။ ရဟန်းပြုတော်မူပြီ သကာလ ဥရုဝေလတောအုပ်ဝယ် ဒုက္ကရစရိယာ ခြောက်နှစ်ကြာ ကျင့်တော်မူပြီး မဟာဗောဓိ အပရာဇိတ ပလ္လင်တော်ဝယ် စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်း မှာ ရှိကြတဲ့ သတ္တဝါတို့၏ ပဋိစ္စသမုပ္ပါဒ် တရားသား အင်္ဂါ ဆယ့်နှစ်ပါး ဆယ်နှစ်ပါးတို့တွင် တစ်ပါး တစ်ပါး လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာယာဉ် သုံးချက်စီ တင်သဖြင့် ကုဋေပေါင်း သုံးသန်းခြောက်သိန်းသော ''မဟာဝဇိရဝိပဿနာဉာဏ်''ကို ကြိုးကုတ် အားထုတ် တော်မူရကား လူသုံးပါးဝယ် ဘုရားစင်စစ် ဖြစ်တော် မူခဲ့လေပြီးတကား....''။

''ဘုရားဖြစ်တော်မူပြီးသောကာလ ဗုဒ္ဓကိစ္စ အစကြိုး ကုတ် အားထုတ်သောအားဖြင့် မိဂဒါဝုန် ရဂုံသာမောာ ဘေးမဲ့တောဝယ် ပဉ္စဝဂ္ဂီမထေရ်တို့အား ဓမ္မစကြာတရား ဒေသနာဉာဏ် စတင်၍ ဖွင့်တော်မူခဲ့ပါတကား....''။

''အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာ ဘုရားသည် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်အား ဖြင့် ကိုးပါးသော လောကုတ္တရာ တရားရတနာတို့ကို ဂေါစရသေဝန၊ ဘာဝနာသေဝနအားဖြင့် ချီးမွမ်း

တတိယအကြိမ်

http://www.dhammadownload.com



ကော်ရော် ပူဇော်အပ်ပါပေစွတကား....'' (ဤကဲ့သို့ မြတ်စွာဘုရားရဲ့ တရားဂုဏ်ကို ရှေး ဦး စွာ အာ ရုံ ပြု ဆင်ခြင်တော်မူတယ်....။)

အာဝဇ္ဇေတွာ=ဉာဏ်သမ္ပယုတ်ဇော် ကြံဆင်ခြင်တော်မူပြီး၍။ ဝေသာလိယာ=တံတိုင်းသုံးရပ် ထပ်လျက် ထပ်လျက် ပတ်ယှက်ဆူဝေ လူနေအိမ်ခြေ မရေတွက်သာ ကျယ်ဝန်းစွာသောကြောင့် ဝေသာလီ အမည်ရှိ သော ပြည် ကြီး ၌။ တီသု ပါကာရန္တရေသု= မိုးတား ရံဆိုင်း ထပ်ထပ်ဝိုင်းသား တံတိုင်း သုံးခု တို့၏ အကြားတို့၌။ တိယာမရတ္တိံ=ညဉ့်ဦး+ သန်းခေါင်+ သောက်ရောင်ဝိုးဝင်း မိုးအလင်း ဟူသော ညဉ့်သုံးယံ ကာလပတ်လုံး။ ပရိတ္တံ=ဘုရားနှုတ်ဖော် ရတနသုတ် ပရိတ်တော်ကို။ ကရောန္တော=သဒ္ဒါ မပျက် အနက်မမှား သနားရှေးရှု။ ဟောရွတ်တော်မူသော။ အာယသ္မာ အာနန္ဒတ္ထေရော ဝိယ=ဗဟုဿုတ စသည် တေဒဂ် ပွားတက်အစဉ် ငါးချက်တင်သော အရှင်အာနန္ဒာ မထေရ်ကဲ့သို့။ ကာရုညစိတ္တံ=ဒုက္ခိတ သတ္တဝါ ဝေနေယျာတို့အား ကြင်နာ သနားခြင်းနှင့် ယှဉ်သောစိတ်ကို။ ဥပဋ္ဌပေတွာ=ဖြစ်စေ၍။ (ဒါက စကားပြေ စုဏ္ဏိယနဲ့ ရတနသုတ်အမွှန်း ဖြစ်တယ်။)

ကောဋိသတသဟဿေသု = ကုဋေ တစ်သိန်းကုန်သော၊ (ဝါ) ထောင် သောင်း သိန်းသန်း ဂဏန်း ခြေပေါင်း မရေကောင်းမျှ ကုဋေပေါင်း တစ်သိန်း ကုန်သော။ စက္ကဝါဠေသု=ယူဇနာပေါင်း ရှစ်သောင်း

http://www.dhammadownload.com



နှစ်ထောင် အမြင့်ဆောင်သား တောင်စကြဝဠာ ကာရံကျောက်စိုက် ဝန်း၍ ဝိုက်သော တိုက်လောကဓာတ်တို့၌။ ဝသန္တာ=ဘုံအသီးသီး ကြီးကြီး ငယ်ငယ် သွယ်သွယ်ဝဝ နေထိုင်ကြကုန်သော။ ဒေဝတာ=အာကာသလွှမ်းမိုး တန်ခိုးကြီးမြတ် အနတ်နတ်တို့သည်။ ယဿ=အကြင် ရတနသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်၏။ အာဏံ= သိမ်းကုဋေကုဋ် ဘုံစက္ကဝါ တုန်သွက်ခါမျှသော အာဏာတော်စက်ရိပ်ကို။ ပဋိဂ္ဂဏှန္တိ= ဝမ်းသာရွှင်မြူး လွန်ကြည်နူး၍ ဦးဖြင့် ခံယူကြကုန်၏။ ယဥ္စ-ယံ ဝေ ပရိတ္တံ=အကြင် ရတနသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်သည်သာလျှင်။ ဝေသာလိယာ= ဝေသာလီအမည် ရှိသော။ ပုရေ=ရာဇဌာနီ ကျုံးသီအောင်စည် မင်းနေပြည်၌။

ရောဂ + မနုဿ ဒုဗ္ဘိက္ခသမ္ဘူတံ = ရောဂါ သောင်းကျန်း ဘီလူးဖမ်းနှင့် ကုန်ခန်း ခေါင်းပါးသော ထမင်းကြောင့်ဖြစ်သော။ တိဝိဓံ ဘယံ= ကပ်ကြီးသုံးကပ် မရပ်တည်နိုင် အပြိုင်တိုက်ရေး သုံးပါး အပြားရှိသောဘေးကို။ ခိပ္ပံ=အလျင်အမြန်။ အန္တရဓာပေယိ= ကွယ်စေ ပျောက်စေ ငြိမ်းပ စေ၏။ တံ ပရိတ္တံ=ထို မဟာပ္ပလမျိုး အကျိုးအာနိသံသ ကြီးမားလှသော ရတနသုတ် ရွှေနှုတ်မြွက်ဖော် ပရိတ်တော်ကို။ ယေ= သီတင်းသုံးဖက် သမဂ္ဂပေါင်း သူတော်ကောင်းတို့....။ မယံ=ငါတို့သည်။ ဘဏာမ=သဒ္ဒါမပျက် အနက်မယိမ်း ဘေးခပ်သိမ်းတို့ ကင်းငြိမ်းစိမ့်ငှာ ရွတ်ဖတ်သရဇ္ဈာယ်ကြပါကုန်အံ့။

ဓာတ်ပြသာအကြိမ်

http://www.dhammadownload.com



ဤစကားရပ်စုက ရတနသုတ်နိဒါန်း ရတနသုတ် အမွှန်းအနေနဲ့ မြန်မာပြည်မှ အဋ္ဌကထာနှင့်အညီ ဖွဲ့ဆို အပ်တဲ့အမွှန်း ဖြစ်တယ်။ မြတ်စွာဘုရားသခင် စတင် ဟောကြား တရားသား အနေနဲ့ ဘုန်းကြီးတို့ ရွတ်ဆို ကြတာက ''ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊ ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ'' အစရှိသည်ဖြင့် ဂါထာ အနေနဲ့ (၁၈) တစ်ဆယ့်ရှစ် ဂါထာရှိတယ်။

ကိုင်း.... ယခု ဝေသာလီပြည် အလယ်ကို လှမ်းပြီး အာရုံပြုလိုက်ကြပါ။ အာရုံပြု လိုက်လို့ရှိလျှင် ဘုရားရှင်ရဲ့ ရှေ့မှောက်မှာ ရဟန်းငါးရာ ခြံရံလျက် ဝေသာလီပြည် သူ ပြည်သားတွေ ခြံလျက် ရံလျက် အရှင်အာနန္ဒာနှင့် တကွ လိစ္ဆဝီမင်းသားတွေ ဘုရားထံမှောက်ရောက်ကြပြီ။ ဝေသာလီပြည် တစ်ပြည်လုံး အန္တရာယ် ကင်းလွတ်ကြ၍ ပရိသတ်အစုံအညီ စည်းဝေးမိသောအခါ မြတ်စွာဘုရား က ဒီ ရတနသုတ္တန်ကို ပြန်ပြီးတော့ ဟောတယ်....။

ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။ ။

ဘုမ္မာနိ=ဗိမာန်ဘုံဆောင် ဂုဏ်ရောင်ကျက်သရေ ဘုန်းမိုးဖွေးလျက် မြေ၌ တည်ကုန်သော။ ယာနိ ဘူတာနိ ဝါ=အကြင် ဘုမ္မစိုး+ရုက္ခစိုး တန်ခိုးကြီး လတ် စတုမဟာရာဇ်+တာဝတိံသာ နတ်တို့သည်

http://www.dhammadownload.com



လည်းကောင်း။ အန္တလိက္ခေ = တန်ခိုးဂုဏ်ရောင် ဘုံဆောင်ကွန့်ဝဲ ပန်းဆိုင်းဆွဲသကဲ့သို့ လွန်ကဲဇုဗ္ဘိပ ါဒ် ကောင်းကင်ရပ်၌။ ဌိတာနိ = အာ ဏာ လွှမ်း မိုး အုပ်စိုးတည်နေကြကုန်သော။ ယာနိ ဘူတာနိ ဝါ= အကြင် ယာမာအစ အကနိဋ္ဌအဆုံး ပေါင်းရုံးများ စွာ နတ်ဗြဟ္မာတို့သည် လည်းကောင်း။ ဣဓ=ဤ ပရိတ်တော်မြတ် ရွတ်ဖတ်သရဇ္ဈာယ်ရာ အရပ်သို့။ သမာဂတာနိ=အညီအညာ စည်းဝေးလာကြကုန်၏။

(အားလုံးကို ခြုံပြီးကြည့်လိုက်လျှင် ဝေသာလီပြည် မှာ ရတနသုတ်ကို ရွတ်ဆိုဟောကြားတဲ့အချိန် စည်းဝေး မိကြတဲ့နတ်တို့ကို (၁) အာကာသဋ္ဌနတ် (၂) ဘုမ္မဋ္ဌနတ် လို့ နှစ်မျိုးခွဲလိုက်ပါ။ စ တု မ ဟာ ရာဇ် နတ် တွေ၊ တာဝတိံသာနတ်တွေဟာ မြေမှာမနေသော်လဲဘဲ မြေကို မှီ၍ တစ်ချို့သစ်ပင်မှာ နေကြတယ်။ တာဂတိံသာ ဆိုတာကလဲ မြင်းမိုရ်တောင်ထိပ်မှာရှိတဲ့ မြေကိုပဲ အမှီ ပြုပြီး မြင်းမိုရ်တောင်ထိပ်မှာ ဘုံဗိမာန်တို့၌ နေကြတယ်။ အဲဒီ စတုမဟာရာဇ်၊ တာဝတိံသာနတ်တို့ကို (၂) ဘုမ္မဋ္ဌ နတ်လို့ ဆိုတာဖြစ်တယ်။ ယာမာ နတ်ပြည်ကအစ အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင်ရှိကြတဲ့နတ်ဗြဟ္မာတွေကို (၁) အာကာသဋ္ဌနတ်လို့ ခေါ်တယ်။ ၎င်းတို့လဲ ဤ ရတနသုတ်ပရိတ်တော် ဟောရာအရပ်သို့ ရောက်လာကြ တယ်။)

သဗ္ဗေဝ=ကြွင်းမဲ့ဥဿုံ အလုံးစုံသာလျှင် ဖြစ်ကုန် သော။ တေ ဘူတာ=ထိုဘုမ္မစိုး ရုက္ခစိုး အာကာသစိုး

http://www.dhammadownload.com



တန်ခိုးကြီးမြတ် အနတ် နတ်တို့သည်။ သုမနာ= နှစ်လိုအားရမ်း ဝမ်းမြောက်ကြကုန်သည်။ ဘဝန္တု= ဖြစ်ပါစေကုန်သတည်း။ အထောပိ = ထိုမှတစ်ပါး လည်း။ ဘာသိတံ=ရှင်တော်ဘုရား ဟောကြား မြွက်ဖော် ပရိတ်တော်ကို။ သက္ကစ္စ = အရိုအသေ အလေးအမြတ်ပြု၍။ သုဏန္တု = အာရုံတစ်ပါး စိတ်မသွားစေဘဲ မှတ်သား နာခံကြ စေကုန် သ တည်း....။

(စကြဝဠာပေါင်း ကုဋေတစ်သိန်းမှာ ရှိနေကြတဲ့ နတ်ဗြဟ္မာတွေ ကြားအောင် ''အားလုံး ဝမ်းမြောက် ဝမ်းသာ ရှိကြပါစေ၊မြတ်စွာဘုရားဟောကြားတဲ့ ရတန သုတ္တန်ကို နာကြားကြပါစေ'' လို့ ဆိုလိုက်တဲ့ စကား ၂-ခွန်းဟာ အပေါ်ယံ အသံလောက် နားထောင်လျှင် အဓိပ္ပာယ်မကျယ်ဘူးဟု ထင်တတ်ကြပါတယ်။

အမှန်မှာ ထိုစကား ၂-ခွန်းဖြင့် (၁) ယောနိသော မနသိကာရ၊ (၂) ပရတောဃောသ ဆိုတဲ့ (သစ္စာ လေးပါး တရားသိတဲ့) သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်း နှစ်ပါးကို ညွှန်ပြခြင်း ဖြစ်ပါတယ်။

ထင်ရှားစေပါမည်။

(၁) အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရှိကြပါ!ဆို သည့်မှာ အသင့်နှလုံးသွင်းမှု=ယောနိသော မနသိကာရ ဖြစ်ရှိကြပါဟု ဆိုလိုပါသည်။

http://www.dhammadownload.com



(၂) မြတ်စွာဘုရား ဟောကြားအပ်တဲ့ ရတနသုတ္တန်ကို နာကြားကြပါ။ သူတစ်ပါးထံမှ တရားသံကို ကြားနာရခြင်း= ပရတော ဃောသ အ ကြော င်း ရ အောင် ကြိုးစားကြဟု ဆိုလိုပါသည်။

ထို့ကြောင့် ထိုစကား ၂-ခွန်းဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်တဲ့ သမ္မာဒိဋ္ဌိဖြစ်ရန် အကြောင်းနှစ်ပါးတို့ကို ညွှန်ပြခြင်း ဖြစ်ပါတယ်။)

တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။
ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။ ။

ဘူတာ=တန်ခိုးရှင်ပါဒ် ကြီးမြတ်ထင်လင်း အို-နတ်မင်းတို့....။တသ္မာ ဟိ-တသ္မာ ဝေ= ထို့ကြောင့်ပင်လျှင်၊ (ဝါ) တရားနာမည် စိတ်ကရည်လျက် ဤဝေသာလီပြည် အရပ်သို့ တညီတညွတ်တည်း စည်းဝေး ရောက်လာကြသောကြောင့်ပင်လျှင်။ သဗ္ဗေ= အလုံးစုံကုန်သော။ တုမှေ= သင်နတ်မင်းတို့သည်။ ဘာသိတံ= ရှင်တော်ဘုရား ဟောကြား မြွက်ဖော်ပရိတ်တော်ကို။ နိသာမေထ=ရိုသေလေးမြတ် စွဲကပ်အာရုံ မှတ်သားနာခံကြပါကုန်လော့။ မာနုသိယာ= စိတ်စေတနာ သဒ္ဓါမညှိုး မြင့်မြတ်သော လူမျိုး၌ဖြစ်သော။ ပဇာယ=တတ်သိလိမ္မာ သတ္တဝါအား။

http://www.dhammadownload.com



မေတ္တံ=အေးကြည်လှစွာ ရေမေတ္တာကို။ ကရောထ= ညီညာဝိုင်းအုံ သွန်းဖျန်းကြပါကုန်....။

(မြတ်စွာဘုရား တိုက် တွန်း တော် မူတယ်။ မေတ္တာ ပွါးသျှင် ပြုသူမှာ မေတ္တာ အကျိုး ၁၁-ပါးကို ရတယ်။ မေတ္တာအပြုခံရတဲ့ လူတွေမှာလဲ ''ဒေဝတာ+နုကမ္ပိတော ပေါသော၊ သဒါ ဘဒြာနိ ပဿတိ'' လို့ နတ်တို့က မေတ္တာကရုဏာဖြင့် အစောင့်အရှောက်ခံရတဲ့ ပုဂ္ဂိုလ်မှာ အခါခပ်သိမ်း ကောင်းမြတ်တဲ့ ဇုဋ္ဌမင်္ဂလာတို့နှင့် တွေ့ရ ကြုံရတယ်။

ဒါကြောင့် မြတ်စွာဘုရားက အာဏာစေတ်စကြဝဠာ ကုဋေတစ်သိန်းမှာ ရှိကြတဲ့ နတ်တွေကို ''သင်တို့သည် လူတို့အား မေတ္တာထားကြပါ'' လို့ တိုက်တွန်းတော်မူ တယ်။ ''အဘယ့်ကြောင့် လူတို့အား တပည့်တော်နတ်တို့ က မေတ္တာထားကြရမည်နည်း'' မေးဖွယ်ရှိလို့ မြတ်စွာ ဘုရားက အကြောင်းကို ဤဆို လ တ္တံ့ သော အ တိုင်း ဟောတော်မူတယ်....။)

ယေ မနုဿာ = စိတ်စေတနာ သဒ္ဓါပြောထူ အကြင်လူတို့သည်။ တုမှေ=သင် နတ်တို့ကို။ ဥဒ္ဒိဿ= ရည်ရော်သမှု အာရုံပြု၍။ ဒိ ဝါ စ=နေ့၌ လည်း ကောင်း။ ရတ္တော စ=ညဉ့်၌လည်းကောင်း။ ဗလိံ= ဗလိနတ်စာ ပူဇော်သက္ကာရကို။ ယသ္မာ=အကြင် ကြောင့်။ ဟရန္တိ=ပူဇော်ပသ တင်မြှောက်ကြကုန်၏။ တသ္မာ ဟိ-တသ္မာ ဝေ=ထို့ကြောင့်သာလျှင်။ တုမှေ=

http://www.dhammadownload.com



သင် နတ်မင်းတို့သည်။ နေ မနုဿေ=ထိုလူတို့ကို။ ;
အပ္ပမတ္တာ = နေ့နေ့ညည မမေ့ကြကုန်သည်ဖြစ်၍။
ရက္ခထ=အန္တရာယ်ဘေးဘျမ်း မြှေးမသန်းဘဲ အေး
ချမ်းစေကြောင်း မေတ္တာလောင်း၍ အပေါင်းညီညာ
စောင့်ရှောက်ကြပါကုန်လော့....။

(လူတွေက နတ်တို့ကို နေ့နေ့ညည အိမ်တိုင်း အိမ်
တိုင်း ပူဇော်ပသကြတယ်၊ ဘုရားရှိခိုး ပြီးတိုင်းလဲပဲ
ကိုယ်စောင့်နတ်ကို အစထားပြီး နတ်တွေ ဗြဟ္မာတွေကို
အမျှပေးဝေကြတယ်၊ တရားနာပြီးတဲ့ အခါမှာ လဲ
သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေ ယျ
သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏.... လို့
ဆိုတာဟာ အသင် စကြဝဠာ ကုဋေတစ်သိန်းမှာရှိကြတဲ့
နတ်တွေတွင်သာမက စကြဝဠာ အနန္တမှာ ရှိကြတဲ့
နတ်တွေ ဗြဟ္မာတွေအား ဤ လူ့ပြည်က လူတွေက
အမျှပေးဝေနေကြတာ၊ ပူဇော်သက္ကာရမှု ပြုနေကြတာ၊
ဤအချက်ကို မြတ်စွာဘုရားက "ဒိ ဝါ စ ရတ္တော ပ
ဟရန္တိ ယေ ဗလိံ"လို့ ဟောတော်မူတာဖြစ်တယ်။

ထို့ကြောင့် သင် နတ်တို့ကလဲ လူတွေကို နေ့နေ့ညည
မမေ့ကြဘဲ စောင့်ရှောက်ကြလို့ မိန့်ကြား တိုက်တွန်း
တော်မူတာဖြစ်တယ်။ ဒီ ဂါထာ ၂-ပုဒ်ဟာ နတ်တွေ
အစောင့်အရှောက် ထားတာပဲလို့ သိကြပါ။ သိပြီး
နောက်မှ "ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ" အစရှိတဲ့
ရတနသုတ်တရားသား ဂါထာများကို မြတ်စွာဘုရား
ဟောကြားတော်မူတယ်....လို့ သိကြ မှတ်ကြပါ....။)

http://www.dhammadownload.com



ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
န နော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။ ။

ဣဓ ဝါ=ဤ လူ့ပြည်၌လည်းကောင်း။ ဟုရံ ဝါ=နဂါးပြည်၊ ဂဠုန်ပြည် စသည်၌လည်းကောင်း။ သဂ္ဂေသု ဝါ=မဟာပုညဝန် ဂုဏ် တံ ခွန် ကြောင့် ဘုံစွန်ရပ်တည် လျှပ် ခြည် ပျို့ ဖျို့ နတ် ပြည် တို့ ၌ လည်းကောင်း။ ယံကိဉ္စိ=အလုံးစုံသော။ ဝိတ္တံ=ပီတိအစွမ်း ဆိထိဝမ်းသို့ ရွှင်လန်းနှစ်သက် စုံမက် မြတ်နိုးခြင်းကို ဖြစ်စေတတ်သော။ ပဏီတံ=ဣဋ္ဌကန္တ မနာပဖြစ်၍ ဌာနအလိုက် ဖိုးထိုက်မိုးတန် တန်ခိုး လျှံသား မျိုးမှန်ဇာတိ လောကိမင်္ဂလာ ထူးမြတ်စွာသော။ ယံ ရတနံ=အကြင် ရွှေ+ငွေ+ပုလဲ+ပတ္တမြား စသောအားဖြင့် များပြားစွာလှ ကာ မ ဘော ဂိ သောဘိဏီဖြစ်သော လောကီဥစ္စာ ရတနာသည်။ အတ္ထိ=ရှိ၏။ တထာဂတေန = အ တိ သော ဘ ဏာ မဏိဇောတရ တြိလောကအန္တဂူ သယမ္ဘူဖြစ်၍ စံတူပမာ မရသာအောင် ရတနာခေါ်ဖို့ သမ္မာ တော်ပျို့လှသော ငါတို့ကျေးဇူးတော်ရှင် မြတ်စွာ ဘုရားနှင့်။ သမံ=တူမျှသော။ တံ ရတနံ=ထို ရွှေ ငွေ စသော လောကီဥစ္စာ ရတနာသည်။ န အတ္ထိ နော-န အတ္ထိ ဧဝ=မရှိကောန် မှန်လှသည်သာလျှင်

http://www.dhammadownload.com



တည်း။ ဣဒမ္ပိ ဗုဒ္ဓေ-အယံ ဝေ ဗုဒ္ဓေါ=ဇာတိ+
အာဏာ မဟာဝိသယ တိဋ္ဌာနလောကဓာတ် နတ်နှင့်
တကွသော လူအပေါင်းတို့ ညွတ်ပျောင်းအညွှလီ
တင်ချီရှိရှိ ပဏ္ဍာတော်ကြီးရသော ဤ ငါတို့
ကျေးဇူးရှင် မြတ်စွာဘုရားသည်သာလျှင်။ ပဏီတံ=
ဝိသိဋ္ဌတရ အတိဣဋ္ဌမဒြောဦးသောဘိဏီဖြစ်၍ လောကီ
ဥစ္စာရတနာတို့ထက် သာလွန်မြင့်မြတ်သော။ ရတနံ=
ပစ္စုပ္ပန်နှင့် သံသရာကောင်းကျိုး တိုးထက်တိုးအောင်
မြတ်နိုးဖွယ်ရာ ကိုးကွယ်ရာသော မင်္ဂလာကြီးအစစ်
လောကုတ္တရာ ရတနာတော်ကြီး ဖြစ်ပါပေ၏။
ဧတေန သစ္စေန=ဤသို့ မဖောက်မပြန် အမှန်ကိုသာ
ဆိုရသော ဝစီမင်္ဂလာ သစ္စာစကားကြောင့်။
ပါဏီနံ = တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းတို့
အား။ သုဝတ္ထိ=ဘေးရန်ဟူ၍ မြူမဇ္ဈေဘဲ ပြကတေ့
ကျန်းကျန်း မာမာ ချမ်းချမ်း သာသာ လောကီ
လောကုတ္တရာ မင်္ဂလာ အစီးအပွားသည်။ ဟောတု=
ဖြစ်ပါစေသတည်း....။

အဲဒီလို မြတ်စွာဘုရားသည် ဝေသာလီပြည် သတ္တဝါ
တွေအတွက် ''ယံကိဉ္စိ ဝိတ္တံ'' ပထမ ဂါထာဖြင့် ဘုရား
ရတနာဖြင့် သစ္စာဆိုပြီး ဆုတောင်းတော်မူတယ်။
ယနေ့ဆိုတော့ ''ပါဏီနံ=ငါတို့၏ တိုင်းသားပြည်သူ
ဗိုလ်လူများအတွက်။ သုဝတ္ထိ=ကောင်းကျိုး ချမ်းသာ
မင်္ဂလာသည်။ ဟောတု=ဖြစ်ပါစေသတည်း....'' လို့
ဤကဲ့သို့ အနက်ပေးရမည် ဖြစ်ပါတယ်။ ဤသို့လျှင်
မြတ်စွာဘုရားသည်—

http://www.dhammadownload.com



ပထမ ဂါထာဖြင့် ဘုရားဖြင့် သစ္စာတိုင်တည်ပြီး ဆုတောင်းတယ်၊

ဒုတိယ ဂါထာဖြင့် နိဗ္ဗာန်တရား (ပ)

တတိယ ဂါထာဖြင့် အရဟတ္တမဂ် သမာဓိတရား (ပ)

စတုတ္ထ ဂါထာဖြင့် အရိယာ ပုဂ္ဂိုလ် ရှစ်ပါး (ပ)

ပဉ္စမ ဂါထာဖြင့် ရဟန္တာ အရှင်သူမြတ် (ပ)

ဆဋ္ဌ၊ သတ္တမ၊ အဋ္ဌမ၊ နဝမ ဂါထာ တို့ဖြင့် သောတာပန် အရှင်သူမြတ်တို့၏ ဂုဏ်ကျေးဇူးတို့ကို ဖော်ပြြး သစ္စာထား၍ ဆုတောင်းတယ်။

ဒသမ၊ ဧကာဒသမ ဂါထာ တို့ဖြင့် ဘုရား ရတနာ (ပ)

ဒွါဒသမ (ခီဏံ ပုရာဏံ) ဂါထာဖြင့် အနုပါဒိသေသ ပရိနိဗ္ဗာန်စံသည့် ရဟန္တာ တည်းဟူသော သံဃာ ရတနာဖြင့် သစ္စာတိုင်တည်ပြီး ဆုတောင်းတယ်။

မြတ်စွာဘုရားက ရတနသုတ္တန်ကို ''ခီဏံ ပုရာဏံ'' ဂါထာတိုင်အောင် ဟောပြီးတဲ့နောက် သိကြားမင်းက လဲ အဲ့ဒီ တရားပွဲမှာ–

တတိယကြိမ်

http://www.dhammadownload.com



ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။ ။ (၁)

ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊ (ပ)
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။ ။ (၂)

ယာနီ+ဓ ဘူတာနိ သမာဂတာနိ၊ (ပ)
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။ ။ (၃)

နောက်ဆုံး (၃) ဂါထာတို့ကို ရွတ်ဆိုတယ်။ (ကျန်တဲ့ ဂါထာတို့ရဲ့ အနက်ကို မြင်းခြံမြို့၊ ဇ-ဆောင် ဆရာတော်၏ ပရိတ်ကြီးအနက်ကို ကြည့်ရှုကြပါ။) ယခု နောက်ဆုံး သိကြားမင်းရွတ်တဲ့ (၃) ဂါထာတို့၏ အနက်ကို ပေယျာလမုခဖြင့် ဖော်ပြပါမည်....။

ဣဓ=ဤ ပရိတ်တော်မြတ် ရွတ်ဖတ်ရာ အရပ်ဌာန သို့။ သမာဂတာနိ=စည်းဝေး ရောက် လာ ကြ ကုန် သော။ ဘုမ္မာနိ=မြေ၌ တည် ကုန် သော။ ယာနိ ဘူတာနိ ဝါ=အကြင် ဘုမ္မစိုး ရုက္ခစိုး တန်ခိုးကြီးမြတ် စတုမဟာရာဇ် + တာဝတိံသာ နတ်တို့သည် လည်း ကောင်း။ အန္တလိက္ခေ=ကောင်းကင်၌။ ဌိတာနိ= တည် ကု န် သော။ ယာနိ ဘူတာနိ ဝါ = အ ကြင် ယာမာအစ အကနိဋ္ဌအဆုံး ပေါင်းရုံးများစွာ နတ်

http://www.dhammadownload.com



ဗြဟ္မာတို့သည်လည်းကောင်း။ သန္တိ=ရှိကုန်၏။ တေ မယံ=ထိုသို့ ညီညာ ရောက် လာ သ မျှ ဂါရဝညွှတ် ပျောင်း အကျွန်ုပ်တို့နတ်အပေါင်းသည်။ တထာ- ဂတံ= ရှေးဘုရားတို့အတူ လာခြင်း ကောင်းတော်မူ သော။ ဒေဝမနုဿ ပူဇိတံ=ဗြဟ္မာနတ်လူ သုံးဘုံသူတို့ ကြည်ဖြူကော်ရော် ပူဇော်အပ်သော။ ဗုဒ္ဓံ= သစ္စာ လေးပါး မြတ်တရားကို ပိုင်းခြားကုန်စင် ကိုယ်တော် တိုင် သိမြင်ပြီး၍ အကြင်နတ်လူ သုံးဘုံ သူတို့အား လည်း နယူပဒေ မှုသေပေးအပ် သိစေတော် မူတတ် သော နှစ်ရပ်ထုတ်ပြ ပုဒ်ဝစနကြောင့် ဗုဒ္ဓနာမံ ရွှေဘွဲ့ တော်ခံသည့် သယမ္ဘူထွတ်ထား အစိန္တေယျ မြတ်စွာ ဘုရားကို။ နမဿာမ = ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော်ကြပါကုန်၏။ (၁)

(၂) ဂါထာ၌- ''တထာဂတံ= ထိုနည်းဖြင့် သိအပ်သော။ ဓမ္မံ=မဂ်လေးဝ + ဖိုလ်လေး တန် နိဗ္ဗာန်+ ပရိယတ် တရားတော်မြတ်ကို။'' (ဤမျှသာ ထူးသည်)။

(၃) ဂါထာ၌- ''တထာဂတံ= ထိုသို့သော အခြင်းအရာအားဖြင့်ဖြစ်သော။ သံဃံ= နိဗ္ဗာန်ရောက် ဆောင်ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူတဲ့ သံဃာ ရတနာကို'' (ဤမျှသာထူးသည် အကြွင်းတူ၏)။

တတိယအကြိမ်

http://www.dhammadownload.com



ဧတေန သစ္စေန = ဤမင်္ဂလာ သစ္စာစကားကြောင့်။ ပါဏိနံ= တိုင်းသားပြည်သူ မိုလ်လူ အပေါင်းတို့အား။ သုဝတ္ထိ= ဘေးရန်ဟူ၍ မြူမျှ မသန်း ကျန်းမာချမ်းသာခြင်းသည်။ ဟောတု= ဖြစ်ပါစေသတည်း.... လို့–

သိကြားမင်းကလဲ ရတနသုတ္တန်ရဲ့ အကျွပ် အအုပ်နိဂုံးအနေနဲ့ မြတ်စွာဘုရား ဟောကြားတဲ့ အဆုံးမှာ သုံးဂါထာ ဆက်ရွတ်တယ်။

ရတနသုတ္တန်လဲ ရပ်လိုက်ကရော ရှစ်သောင်း လေးထောင်သော သတ္တဝါတို့ သစ္စာလေးပါး တရားသိမြင်ပြီး တစ်ချို့ သောတာပန်၊ တစ်ချို့ သကဒါဂါမ် စသည် ဖြစ်ကြတယ်။

သိကြားမင်းလဲ သုံးဂါထာ ရွတ်ဆိုပြီး မြတ်စွာဘုရားကို လက်ယာရစ်လှည့်လည် ရှိခိုးပြီးသကာလ နတ်ပရိသတ်နှင့်တကွ တာဝတိံသာ နတ်ပြည်သို့ ပြန်သွားတယ်။

မြတ်စွာဘုရားသည်ကား ဒုတိယနေ့၌လည်း ရတနသုတ္တန်ကိုပင် ဟောတော်မူတယ်။ တစ်ဖန် သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်ပင် ကျွတ်တမ်းဝင်ကြတယ်။

http://www.dhammadownload.com



ဤ နည်းအတူ ခုနစ်ရက်မြောက် ရောက်သည့်တိုင်အောင် ဟောကြားတော်မူသဖြင့် နေ့စဉ် ပင် လျှင် သဟဿဝါပေါင်း ရှစ်သောင်း လေးယောက်စီ ကျွတ်တမ်းဝင်ကြတယ်။

ခုနစ်ရက်က နောက်မှာ ပကိဏ္ဏကက ဓမ္မကထာဖြင့် မြတ်စွာဘုရား ခုနစ်ရက်ဆက်ကာ သီတင်းသုံးနေတော်မူလို့ ဝေသာလီပြည်အလုံး ဘေးရန်အန္တရာယ်ကင်း၍ ကျွတ်တမ်းဝင်ကြတဲ့ပွဲကြီး ဆင်နွှဲပြီး လိစ္ဆဝီမင်းတို့အား ''ငါဘုရားတို့ ပြန်ကြတော့မည်''ဟု မိန့်ကြားတဲ့အခါ လိစ္ဆဝီမင်းတို့က အလာတုန်းကထက် နှစ်ဆတက် (ဘုရားအား ထီးဖြူ ၈-လက်၊ ရဟန်းတစ်ပါးလျှင် ထီးဖြူ ၄-လက်စီ) ပူဇော်ကြလျက် မြတ်စွာဘုရားကို သုံးရက်တို့ဖြင့် ဂင်္ဂါမြစ်ကမ်းအရောက် ခမ်းနားစွာ မဟာဒါနကြီးပြုကြလျက် ပင့်ဆောင်ကြတယ်။ ။

## ရေနတ်နဂါးတို့ ပူဇော်ကြခြင်း

ဂင်္ဂါမြစ်ကမ်းသို့ ရောက်သောအခါ ရေနတ်နဂါး တို့က—

''မနုဿာ တထာဂတဿ သက္ကာရံ ကရောန္တိ၊ မယံ ကိံ န ကရိဿာမ။

လူအများဘုရားကိုယ်တော်မြတ်အား ပူဇော်မှုကို ပြုကြပါလျက် ငါတို့က အဘယ့်ကြောင့် မပြုဘဲ ရှိကုန် အံ့နည်း=ပြုကြမည်သာ....။

တတိယအကြိမ်

http://www.dhammadownload.com



ဤကဲ့သို့ တိုင်ပင်ညီညွတ်ကြပြီး ရွှေလှေ၊ ငွေလှေ၊ ပတ္တမြားလှေတို့ကို ဖန်ဆင်း၊ ထိုအပေါ်၌ ရွှေပလ္လင်၊ ငွေပလ္လင်၊ ပတ္တမြားပလ္လင် တို့ကို ခင်းထားပြီး ဂင်္ဂါမြစ် တစ်ပြင်လုံး ကြာမျိုးငါးပါးဖြင့် ဖုံးအုပ်ကြလျက်–

''အမှာကံ အနုဂ္ဂဟံ ကရောထ=

တပည့်တော်တို့အား ချီးမြှောက်မှု ပြုတော်မူကြပါ ဘုရား....''

ဤကဲ့သို့ မြတ်စွာဘုရားကို တောင်းပန်ကြတယ်။ မြတ်စွာဘုရားကလဲ နဂါးတို့၏ လျှောက်ထားချက်ကို လက်ခံတော်မူပြီး ရတနာလှေပေါ်သို့ တက်ရောက်၍ ရတနာပလ္လင်၌ သီတင်းသုံးတော်မူသောအခါ ရဟန်း တော် ငါးရာတို့လဲ ရတနာလှေ ငါးရာတို့အပေါ် တက်စီး၍ ရတနာပလ္လင် အသီးသီး၌ သီတင်းသုံး လိုက် ပါတော်မူကြတယ်။

နဂါးမင်းတို့သည် မြတ်စွာဘုရားကို ရဟန်းသံဃာနှင့် တကွ နဂါးဘုံသို့ ပို့သွင်း ပင့်ဆောင်ကြသဖြင့် သံဃာ တော် ငါးရာနှင့်အတူတကွ မြတ်စွာဘုရား တစ်ညဉ့် ပတ်လုံး နဂါးပြည်မှာ အပူဇော် ခံတော်မူရတယ်။ နဂါးပြည်မှာ မြတ်စွာဘုရား တစ်ညဉ့်ပတ်လုံး နဂါး ပရိသတ်အား တရား ဟောတော်မူတယ်။

တတိယအကြိမ်

http://www.dhammadownload.com



နောက်တစ်နေ့ နံနက်အခါ နတ်နဂါးတို့က နတ်၌ ဖြစ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ကြီးစွာသော အလှူဒါနကို ပေးလှူကြတယ်။

မြတ်စွာဘုရားလဲ အနုမောဒနာတရား ဟောကြားတော်မူပြီးလျှင် နဂါးပြည်မှ ထွက်ကြွတော်မူခဲ့တယ်။

### ဘုမ္မစိုးနတ်စသော အကနိဋ္ဌဗြဟ္မာအဆုံး တညီတညွတ် ပူဇော်ကြခြင်း

မြတ်စွာဘုရားကို ရေနတ် နဂါးတို့ ပြန်ပို့ပြီးကြတဲ့ အခါ ဘုမ္မစိုးနတ်များကလဲ—

မနုဿာ စ နာဂါ စ တထာ ဂန္ဓဗ္ဗာ သက္ကာရံ ကရောန္တိ၊ မယံ ကိံ န ကရိဿာမ။

လူတွေရော နတ်နဂါးတွေကပါ မြတ်စွာဘုရားအား ပူဇော်မှုကို ပြုကြပါလျက် ငါတို့က အဘယ်ကြောင့် မပြုပဲ ရှိကုန်အံ့နည်း။ ပြုကြမည်သာ....။

ဤကဲ့သို့ တိုင်ပင်ညီညွတ်ကြပြီး တောအုပ်၊ သစ်ပင်၊ တောင် စသည်တို့၌ နတ်ပန်းတွေ နတ်ထီးတွေ စိုက်တူ ပူဇော်ကြတယ်။ ဤနည်းအတူ အာကာသစိုးနတ်တွေ က နတ်ပန်းနတ်ထီးတွေ၊ ဗြဟ္မာတို့ကလဲ အကနိဋ္ဌ ဗြဟ္မာ့ ပြည်တိုင်အောင် ဗြဟ္မာ့ထီးတွေ အသီးအသီး မိုးအုပ်ပြီး လိုက်ကြတယ်။ ကြည့်လိုက်လျှင် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်

http://www.dhammadownload.com



အောင် ထီးဖြူတွေ အဆင့်ဆင့် မိုးကာ ပူဇော်တာကို တွေ့ရတယ်။

ဗိမ္ဗိသာရမင်းတရားကလဲ လိစ္ဆဝီမင်းတို့၏ အပူဇော်ထက် နှစ်ဆတိုး၍ ပူဇော်တယ်။ ရှေးဆိုအပ်ပြီး နည်းအတိုင်း လမ်းခရီး၌ ငါးရက်ကြာ ပူဇာသက္ကာရအမှုပြုပြီးလျှင် ဘုရားအမှူးရှိသော သံဃာကို ဝေဠုဝန်ကျောင်းတော် အရောက် ပို့ဆောင်ပြီး နန်းတော်သို့ ပြန်သွားတယ်။

## သန်ဓာတ်ကို ဟောတော်မူခြင်း၊

ဝေဠုဝန်ကျောင်းတော်သို့ ရောက်တဲ့အခါ နေ မွန်းလွဲအချိန် ရဟန်းတော်များ ညီမူရာ တန်ဆောင်းဝန်း ''ဓမ္မသာလာ''၌ တရားမဟောမီ အကြား ဤဆိုလတ္တံ့သောစကားကို အချင်းချင်း ပြောကြားကြတယ်။

အဟော ဗုဒ္ဓဿ ဘဂဝတော အာနုဘာဝေါ၊ ယံ ဥဒ္ဒိဿ ဂင်္ဂါယ ဩရတော စ ပါရတော စ အဋ္ဌယောဇနေ ဘူမိဘာဂေ ါ နိန္နဥ္စ ထလဉ္စ သမံ ကတွာ ဝါလုကာယ ဩကိရိတွာ ပုပ္ဖေဟိ သဉ္ဆန္နော၊ ယောဇနပ္ပမာဏံ ဂင်္ဂါယ ဥဒကံ နာနာဝဏ္ဏေဟိ ပဒုမေဟိ သဉ္ဆန္နံ၊ ယာဝ အကနိဋ္ဌဘဝနံ၊ တာဝ ဆတ္တာတိဆတ္တာနိ ဥဿိတာနိ။

အာဝုသော = ငါ့ရှင်ဘုရား ရဟန်းများတို့....။
ဗုဒ္ဓဿ ဘဂဝတော= ဘုန်း တော် ခြောက် ပါး နှင့်

http://www.dhammadownload.com



ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ အာနု- ဘာဝေါ= တန်ခိုးရှိန်စော် အာနုဘော်ကား။ အဟော= ချီးမွမ်းဖွယ်ပါပေ။ ယံ=အကြင်မြတ်စွာ ဘုရားကို။ဥဒ္ဒိဿ=ရည်ရွယ်၍။ဂင်္ဂါယ=ဂင်္ဂါမြစ်၏။ ဩရတော စ=ဤဘက်က (ငါးယူဇနာ)။ ပါရတော စ= (ဝေသာလီပြည်ဘက်က) သုံးယူဇနာ။ အဋ္ဌ- ယောဇနေ ဘူမိဘာဂေ= ရှစ်ယူဇနာရှိသော မြေ အဖို့ကို။ နိန္နဥ္စ = နိမ့်ဝှမ်းရာကို လည်းကောင်း။ ထလဉ္စ = မြင့်မောက်ရာကို လည်းကောင်း။ သမံ= ညီညွတ်အောင်။ ကတွာ-ကရောန္တိ = ပြုကြကုန်၏။ ကတွာ = ပြုကြပြီး လျှင်။ ဝါလိုကာယ = သဲဖြင့်။ ဩကိရိတွာ=ကြဲဖျန်းပြီး။ ပုပ္ဖေဟိ= လူ့ပန်း နတ်ပန်း တို့ဖြင့်။ သဥ္ဆန္နော= ဖုံးလွှမ်းအပ်ပေ၏။ ဂင်္ဂါယ= ဂင်္ဂါမြစ်၌။ ယောဇနပ္ပမာဏံ = တစ်ယူဇနာ အတိုင်း အရှည်ရှိသော။ ဥဒကံ = ရေအပြင်လဲပဲ။ နာနာ- ဝဏ္ဏေဟိ ပဒုမေဟိ=အထူးထူးအဆန်းဆန်း အဆင်း ရှိတဲ့ ကြာပန်းတို့ဖြင့်။ သဥ္ဆန္နံ= ဖုံးလွှမ်းအပ်ပေ၏။ ယာဝ အကနိဋ္ဌဘဝနံ တာဝ = အကနိဋ္ဌဆိုတဲ့ ဘဝဂ် တိုင်အောင်။ ဆတ္တာတိဆတ္တာနိ = သာမန်ထီး၊ ထီးထက်ထီး အဆင့်ဆင့်တို့ကို။ ဥဿိတာနိ= စိုက်ထူ ပူဇော်အပ်ကုန်စွတကား....လို့-

ရဟန်းတော်များ ချီးမွမ်းစကား ပြောကြားနေဆဲ အခိုက်မှာ မြတ်စွာဘုရားကိုယ်တော်မြတ် သင့်လျောက် ပတ်သော တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဂန္ဓကုဋီ ကျောင်းတော်မှ

http://www.dhammadownload.com



ရဟန်းတော်များ စည်းဝေးရာ ဓမ္မသဘာ= တရားမဏ္ဍပ်သို့ ကြွရောက်တော်မူလာပြီး–

ကာယ နု+တ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ။

ချစ်သားတို့....၊ ယခု ငါဘုရား ကြွလာတဲ့အခါ ဘယ်စကားဖြင့် ညီမူစည်းဝေး နေကြသနည်းဟု.... မေးမြန်းတော်မူတဲ့အခါ ရဟန်းတော် တို့ကလည်း ဆိုခဲ့ပြီးသောအကြောင်း ဥဿုံအလုံးစုံကို ပြန်ကြားလျှောက်ထားကြသဖြင့် မြတ်စွာဘုရားရှင်က–

န ဘိက္ခဝေ အယံ ပူဇာဝိသေသော မယှံ ဗုဒ္ဓါနုဘာဝေန နိဗ္ဗတ္တော၊ န နာဂ+ဒေဝ–မြဟ္မာနုဘာဝေန၊ အပိစ ခေါ ပုဗ္ဗေ အပ္ပမတ္တကပရိစ္စာဂါနုဘာဝေန နိဗ္ဗတ္တော။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့....။ အယံ ပူဇာဝိသေသော=ချစ်သားတို့ နှုတ် ဖျား မှာ တစ်ဖွားဖွားချီးမွမ်းနေရတဲ့ ဤ ပူဇော်အထူးသည်။ မယှံ=ငါဘုရား၏။ ဗုဒ္ဓါနုဘာဝေန=ဘုရား ကေဇော်အာနုဘော်ကြောင့်။ န နိဗ္ဗတ္တော= ဖြစ်သည် မဟုတ်ပေ။ နာဂ+ဒေဝ+ မြဟ္မာနုဘာဝေန = နတ်နဂါးတို့အာနုဘော်၊ နတ်မြဟ္မာတို့ အာနုဘော်ကြောင့်။ န နိဗ္ဗတ္တော= ဖြစ်သည်မဟုတ်။ အပိစ ခေါ =စင်စစ်သော်ကား။ ပုဗ္ဗေ= ရှေးအခါတုန်းက။ အပ္ပမတ္တက

http://www.dhammadownload.com



ပရိစ္စာဂါနုဘာဝေန = အနည်းငယ်မျှ မပြော ပလောက်တဲ့ ဒေယျဓမ္မဝတ္ထု ကလေးကို စေတီတော်အား တင်လှူကော်ရော် ပူဇော်ခဲ့ရခြင်း တည်းဟူသော ကောင်းမှု ကုသိုလ်ကံကြောင့်။ နိဗ္ဗတ္တော= သင်ချစ်သားတို့ ချီးမွမ်းအပ်တဲ့ ယခု ပူဇော်ဖွယ် + အံ့ဩဖွယ် အထူးထူးတို့ ဖြစ်ပေါ်၍လာဂေ၏....။

(ဤကဲ့သို့ အရိပ်အမြွက်လောက် ဟောလိုက်လျှင် ပင် ရဟန်းတော်တို့က)—

န မယံ ဘန္တေ တံ အပ္ပမတ္တကံ ပရိစ္စာဂံ ဇာနာမ၊ သာဓုနော ဘဂဝါ တထာ ကထေတု ယထာ မယံ တံ ဇာနေယျာမ။

ဘန္တေ= ရှင်ပင်မြတ်ဘုရား....။ မယံ = တပည့်တော်တို့သည်။ တံ အပ္ပမတ္တကံ ပရိစ္စာဂံ = ယခု ရှင်တော်မိန့်ကြားတဲ့ ထိုအနည်းငယ်မျှစွန့်ကြဲခဲ့သော ကောင်းမှု ကုသိုလ်ကံကို။ န ဇာနာမ – မသိကြပါ။ သာဓု အာယာစာမ = တောင်းပန်ကြပါကုန်၏။ ယထာ= အကြင်အခြင်းဖြင့် (ဟောတော်မူသည်ရှိသော်)။ မယံ = တပည့်တော်တို့သည်။ တံ= ထို ရှင်တော်ဘုရား ရှေးအခါက စွန့်ကြဲတော် မူခဲ့တဲ့ အနည်းငယ်သော အလှူဒါနကို။ ဇာနေယျာမ= သိနိုင်ကုန်ရာ၏။ တထာ=ထိုသို့သော အခြင်းအရာ ဖြင့်။ နော=တပည့်တော်တို့အား။ ဘဂဝါ=မြတ်စွာ ဘုရားသည်။ ကထေတု = အကျယ်အားဖြင့် ဟော

http://www.dhammadownload.com



ကြားတော်မူပါဘုရား.... လို့ လျှောက်ထားတဲ့ အခါ—

မြတ်စွာဘုရားက ဤသို လတ္တံ့သော အတိုင်း အကျယ်ဟောကြားတော်မူဘာယ်။

ဘူတပုဗ္ဗံ ဘိက္ခဝေ တက္ကသီလာယံ သင်္ခေါ နာမ ဗြာဟ္မဏော အဟောသိ၊ တဿ ပုတ္တော သုသီမော နာမ မာဏဝေါ သောဠသဝဿုဒ္ဒေသိကော ဝယေန။

ဘိက္ခဝေ = ပရိသင်လေးပါး အို – ချစ်သား ချစ်သမီးတို့....။ ဘူတပုဗ္ဗံ=ရှေး၌ဖြစ်ဖူး အကြောင်း ထူးကား။ တက္ကသီလာယံ = တက္ကသိုလ်ပြည် အရပ်၌။ သင်္ခေါ နာမ=သင်္ခအမည်ရှိသော။ ဗြာဟ္မဏော= ဗြာဟ္မဏနွယ်ဝင် သူတော်စင် တစ်ယောက်သည်။ အဟောသိ = ဖြစ်ခဲ့ဖူးပြီ။ တဿ ပုတ္တော = ထိုသင်္ခ ပုဏ္ဏားနော်၏သားကား။ ဝယေန = အရွယ်အားဖြင့်။ သောဠသဝဿုဒ္ဒေသိကော= တစ်ဆယ့်ခြောက် နှစ် သား ဟူ၍ ညွှန်ပြရသော။ သုသီမော နာမ မာဏဝေါ = သုသီမ အမည်ရှိသော လုလင်သည်။ အဟောသိ=ဖြစ်ခဲ့ပြီ။

ချစ်သား ချစ်သမီးတို့....၊ အတိတ်ကို လှမ်းမျှော်ပြီး ကြည့်ကြစမ်း။ တစ်ချိန်က တက္ကသိုလ်ပြည်မှာ အကျင့် ဖြူစင် သင်္ခအမည်ရှိတဲ့ ဗြာဟ္မဏနွယ်ဝင် သူတော်စင်

http://www.dhammadownload.com



ကြီးတစ်ယောက် ရှိခဲ့တယ်။ အဲဒီ သခ်ဆိုတဲ့ ဗြာဟ္မဏ နွယ်ဝင် သူတော်စင်ကြီးမှာ "သုသိမ" လို့ ခေါ်တဲ့ တစ်ဆယ့်ခြောက်နှစ်အရွယ် တင့်တယ်လှပ အလုံးအရပ် နှင့် ပြည့်စုံတဲ့ သားလိမ္မာတစ်ယောက် ရှိခဲ့တယ်။

တစ်နေ့သောအခါ သုသိမသားလိမ္မာ လုလင်ကလေး ဟာ ခမည်းတော်ထံ သွားရောက်ရှိခိုးပြီး အပြစ်လွတ်ရာ အရပ်က ရပ်တည်လာတယ်။ ထိုအခါ သားလိမ္မာကို ခမည်းတော် သခ်ပုဏ္ဏားကြီးက–

ကိံ တာတ သုသိမ။

ချစ်သား သုသိမ....၊ ဘယ်လိုအကြောင်းလဲ– လို့ မေးတဲ့အခါ–

သုသိမ သားလိမ္မာကလေးက–

ဧဂ္ဂ္ဆာမ+ဟံ တာတ ဗာရာဏသိံ ဂန္တွာ သိပ္ပံ ဥဂ္ဂဟေတုံ=

ခမည်းတော်....၊ အကျွန်ုပ် ဗာရာဏသီပြည်သို့ သွားပြီး အတတ်ပညာ သင်လိုပါတယ်လို့ ပြန်ကြားပြောဆိုတဲ့အခါ ခမည်းတော် သခ်ပုဏ္ဏားကြီးက–

တေန ဟိ တာတ သုသိမ အသုကော နာမ ဗြာဟ္မဏော မမ သဟာယကော၊တဿ သန္တိကံ ဂန္တွာ ဥဂ္ဂဏှာဟိ။ တတိယအကြိမ်

http://www.dhammadownload.com



တာတ သုသိမ=ချစ်သား သုသိမ....။ တေန-
ဟိ=သို့တပြီးကား (ဝါ) ဒါဖြင့်လျှင်။ အသုကော
နာမ = ဤ အမည်ရှိသော။ မမ သဟာယကော
ဗြာဟ္မဏော=ငါ၏ သူငယ်ချင်း ပဏ္ဍိတ် ပုဏ္ဏားး
သည်။ အတ္ထိ=ရှိ၏။ တဿ သန္တိကံ ဂန္တွာ=သူ့ထံ
သွားပြီး။ ဥဂ္ဂဏှာဟိ=အတတ်ကို သင်ယူလော့။

ဤကဲ့သို့ ပြောပြီး အလပြာ တစ်ထောင်ကို ပညာသင်
စရိတ်အနေဖြင့် ပေးအပ်လိုက်သည်။

ဤ သခ်ဇာတ်၌ ထူးခြားချက်ကား- အခြားဇာတ်
တို့၌ များသောအားဖြင့် ဒိသာပါမောက္ခဆရာသည်
တက္ကသိုလ်ပြည်၌ အဖြစ် အနေများသော်လည်း ဤ
သခ်ဇာတ်၌ကား ဒိသာပါမောက္ခဆရာသည် ဗာရာဏသီ
ပြည်၌ ဖြစ်ရှိနေသည်။ ထူးခြားချက်တည်း။

ဒိသာပါမောက္ခ ဆရာကြီးထံ၌ ပညာသင်ကြားကြရာ
မှာ-

(၁) ပညာသင်စရိတ် အသပြာတစ်ထောင် မတတ်
နိုင်၍ ဆရာကြီးအိမ်၌ ဝေယျာဝစ္စ အမှုကြီးငယ်တို့ကို
ဆောင်ရွက်ပြီး အခွင့်ရ အားလပ်သောအချိန်၌ ဓမ္မဒင်
ပညာသင်ကြားရသော "ဓမ္မန္တေဝါသိက = ဆရာ့ဝတ်
အကျင့်ကိုကျင့်၍ တပည့်ခံသော တပည့်"။

တတိယအကြိမ်

http://www.dhammadownload.com



(၂) ပညာသင်စရိတ် အသပြာတစ်ထောင် ဆရာကြီးအား ပေး၍ ဝေယျာဝစ္စကို လုံးဝမလုပ်ရဘဲ အချိန်ပြည့် ဗေဒင်ပညာသင်ကြားရသော "ဓနန္တေဝါသိကတပည့် = ပညာသင်စရိတ်ပေး၍ တပည့်ခံသောတပည့်" ဟူ၍ တပည့် ၂-မျိုးရှိသည်ကိုလည်း အထူး မှတ်သားရာ၏။

## သုသိမလုလင် ဗေဒင်ပညာသင်ကြားခြင်း

သုသိမလုလင်သည် ခမည်းတော်ပေးသည့် အသပြာတစ်ထောင်ကို ယူပြီးလျှင် မိဘနှစ်ပါးကို ရှိခိုး၍ ခရီးစဉ်အတိုင်း ဗာရာဏသီပြည်သို့ အရောက်သွားပြီး ခမည်းတော်ရဲ့ မိတ်ဆွေ ဗြာဟ္မဏပဏ္ဍိတ် ဒိသာပါမောက္ခဆရာ့ထံ ရောက်လတ်လျှင် ရိုသေစွာရှိခိုး၍ "မိမိသည် တက္ကသိုလ်ပြည်နေ သခ်ပုဏ္ဏားကြီး၏ သား သုသိမလုလင် ဖြစ်ကြောင်း" ပြောကြားတယ်။

ထိုအခါ ဒိသာပါမောက္ခ ဆရာကြီးကလဲ "မမ သဟာယကဿ ပုတ္တော=ငါ့သူငယ်ချင်း သခ်ပုဏ္ဏား၏ သားပါတကား" ဟု ဆင်ခြင် သုသိမလုလင်ကို လက်ခံပြီး ဧည့်ဝတ်ကျေပွန်အောင် ပြုစုတယ်။ သုသိမလုလင်သည် ခရီးအပန်း အနွမ်းကို ဖြေဖျောက်ပြီး အသပြာထောင်ထုပ်ကို ဆရာကြီး၏ ခြေရင်း၌ ချထားပြီး ပညာသင်ပေးရန် အခွင့်တောင်းသောအခါ ဆရာကြီးကလည်း အခွင့်ပြု၍ ဗေဒင်ပညာကို သင်ကြားပေး ပို့ချပေးတယ်။

http://www.dhammadownload.com



သုသိမလုလင်ကလဲ–

(၁) များများလည်း သင်အံ့၊

(၂) မြန်မြန်လည်း ရအောင်ကျက်၊

(၃) ရွှေခွက်၌ ဆီထည့်သကဲ့သို့ မပျောက်ပျက် အောင် နှုတ်ရဆောင်၊

ဤ အင်္ဂါသုံးချက်နှင့် ညီအောင် ကြိုးစား အားထုတ် သဖြင့် သူတပါးတို့ (၁၂) တစ်ဆယ့်နှစ်နှစ်ကြာ သင် ယူရသော ဗေဒင်အတတ်ကို နှစ်လ+သုံးလထဲနှင့် အပြီး အဆုံးသို့ ရောက်စေခဲ့တယ်။ တတ် မြောက် ခဲ့ တယ်။ သူသည် ဗေဒင်ကျမ်းတို့ကို ရွတ်အံသရဇ္ဈာယ်လတ် သော် အစနှင့် အလယ်ကိုသာ တွေ့ရ၍ အဆုံးကို မတွေ့မြင်ဘဲ ရှိတယ်။ ထိုအခါ ဆရာကြီးထံသွား၍ ဆရာ တပည့် ဆွေးနွေးကြသည်မှာ–

(တပည့်) ''ဣမဿ သိပ္ပဿ အာဒိမဇ္ဈမေဝ ပဿာမိ၊ နော ပရိယောသာနံ။

ဆရာကြီး....၊ အကျွန်ုပ် ဗေဒင်ကို ရွတ်အံ သရဇ္ဈာယ် ကြည့်တဲ့အခါ ဤ ဗေဒင်အတတ်ရဲ့ အစ+ အလယ်ကိုသာ တွေ့မြင်ရပြီး အဆုံးကိုမူ မတွေ့မြင် ရပါတကား ဆရာကြီး....။

http://www.dhammadownload.com



(ဆရာကြီး) ''အဟမ္ပိ တာတ ဧဝ မေဝ။

ချစ်သား တပည့်....၊ ငါ ဆရာကြီးလဲ သင် ချစ်သားမြင်တဲ့အတိုင်း မြင်တာပဲ''။

(တပည့်) ''အထ ကော အာစရိယ ဇူမဿ သိပ္ပဿ ပရိယောသာနံ ဇာနာတိ။

ဒီလိုဆိုလျှင် အဘယ်သူသည် ဤ ဗေဒင်အတတ်ရဲ့ အဆုံးကို သိမြင်ပါသနည်း ဆရာကြီး....''။

(ဆရာကြီး) ''ဇူသိပတေန တာတ ဇူသယော အတ္ထိ၊ တေ ဇာနေယျုံ။

ချစ်သားတပည့်....၊ မိဂဒါဝုန်တောမှာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေရှိကြတယ်၊ သူတို့တော့သိကောင်း သိပါလိမ့်မယ် ချစ်သား....''။

(တပည့်)''တေဥပသင်္ကမိတွာ ပုစ္ဆာမိ အာစရိယ။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ချဉ်း ကပ် ပြီး မေးလိုပါတယ် ဆရာကြီး....''။

(ဆရာကြီး) ''ပုစ္ဆ တာတ သထာသုခံ။

စိတ်ချမ်းချမ်း သာသာ မေးပါလေ ချစ်သား....''

ဤကဲ့သို့ ဆရာ+တပည့် ဆွေးနွေးကြပြီး သုသီမ လုလင်သည် မိဂဒါဝုန်တောအုပ်သို့ သွား၍ ပစ္စေကဗုဒ္ဓါ

http://www.dhammadownload.com



အရှင်မြတ်တို့ကို ရိုသေစွာ သည်းကပ်ရှိခိုးပြီး ဤဆို လတ္တံ့သောအတိုင်း မေး+ဖြေကြတယ်။

(သုသိမလုလင်) "အပိ ဘန္တေ့ ပရိယောသာနံ ဇာနာထ။

အရှင်တို့ဘုရား....၊ အရှင်တို့သည် အဆုံးကို သိကြပါသလား ဘုရား"၊

(ပဉ္စကဗုဒ္ဓါများ) "အာမ အာဝုသော ဇာနာမ။

ဒါယကာလေး....၊ အိမ်း၊ ငါတို့အဆုံးကို သိကြ တယ်"။

(သုသိမ) "တံ မယှံ သိက္ခာပေထ။

အရှင်တို့ သိတဲ့အဆုံးကို တပည့်တော်ကိုလဲ သင် ပေးကြစေချင်ပါတယ် ဘုရား"။

(ပဉ္စေကဗုဒ္ဓါများ) "တေနဟာ+ဝုသော ပဗ္ဗ- ဇာဟိ၊ န သက္ကာ အပဗ္ဗဇိ တေန သိက္ခာ ပေတုံ။

ဒါယကာလေး....၊ သို့တပြီးကား (ဝါ-ဒါဖြင့် လျှင်) ရဟန်းပြုပါလော၊ ရဟန်း မဟုတ်သူကို သင်ကြားပေးဖို့ရန် မတတ်ကောင်းပါ"။

http://www.dhammadownload.com



(သုသိမ) "သာဓု ဘန္တေ ပဗ္ဗာဇေထ ဝါ မံ၊ ယံ ဝါ ဇာနထ၊ တံ ကတွာ ပရိယောသာနံ ဇာနာပေထ။

ကောင်းပါပြီ အရှင်ဘုရားတို့....၊ တပည့်တော်ကို ရဟန်းပြုလိုလျှင်လဲ ရဟန်းပြုပေးကြပါ၊ သို့မဟုတ် အရှင်ဘုရားတို့ အလိုရှိရာကို ပြုလုပ်ကြပြီး အဆုံးကိုသာ တပည့်တော် သိအောင် ပြုပေးတော်မူကြပါဘုရား"။

ဤကဲ့သို့ မေး+ဖြေ ဆွေးနွေးကြပြီး ပစ္စေကမုဒ္ဒါ အရှင်မြတ်တို့သည် သုသိမလုလင်ကို ရဟန်းပြုပေးကြ၍ ကမ္မဋ္ဌာန်းအလုပ်၌ အားထုတ်ပုံ နည်းလမ်းကို ညွှန်ပြဖို့ရန် မစွမ်းနိုင်ကုန်ရကား "ငါ့ရှင်....၊ ရှေ့သို့ တက်လှမ်းလိုလျှင် ဤသို့ တက်လှမ်းရတယ်၊ နောက်သို့ ဆုတ်ပြန်လိုလျှင် ဤသို့ ဆုတ်ပြန်ရတယ်၊ ထိုင်လိုလျှင် ဤသို့ ထိုင်ရတယ်၊ ရပ်လိုလျှင် ဤသို့ ရပ်ရတယ်၊ စားလျှင် ဤသို့ စားရတယ်၊ ဝတ်လျှင် ဤသို့ ဝတ်ရတယ်၊ ဇာရိယာပုတ်ကို ဤသို့ ထားရထယ်" အစရှိသည်ဖြင့် အာဘိသမာစာရိက သီလဝတ်အကျင့်ကို သင်ကြား ပြောဆိုပေးကြတယ်။

ထိုအခါ သုသိမရဟန်းငယ်ကလေးဟာ ဥပနိဿယ-သမ္ပတ္တိ=ရှေးကောင်းမှု ကုသိုလ်အထူး အားကြီးပြည့်စုံသူ ဖြစ်သော ကြောင့် အာဘိသမာစာရိက သီလဝတ်အကျင့်ကို ကျင့်ရင်း ကျင့်ရင်းကနေပြီး သူ့ဉာဏ်ထဲမှာ

http://www.dhammadownload.com



ရုပ်နာမ်ဓမ္မတွေ ထင်၊အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာယာဉ် သုံးချက်တင်ပြီး ဆင်ခြင် သုံးသပ်လို့ မကြာခဏမှာပင် ပစ္စေကဗောဓိဉာဏ်ပေါက် ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ခဲ့တယ်။

## အထူးမှတ်ရန်

ဤနေရာ၌ ရပ်ပြီးတော့ အထူးမှတ်ရအောင်....။

ပစ္စေကဗုဒ္ဓါဆိုတာ ဘယ်သူကမှ တရားဟောလို့ ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်မျိုး မဟုတ်ဘူးနော်၊ မိမိဘာသာ ကိုယ်ပိုင် သယမ္ဘူဉာဏ်နဲ့ တရားအလုပ်အားထုတ်လို့ ပစ္စေကဗောဓိခေါ်တဲ့ မဂ်ဉာဏ် လေးပါးကို ရတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။

ပစ္စေကဗုဒ္ဓါဖြစ်မည့် ပုဂ္ဂိုလ်ကို "ခန္ဓာငါးပါးကို ဤသို့ သုံးသပ်ရတယ်၊ အာယတန ဆယ့်နှစ်ပါးတို့ကို ဤသို့ သုံးသပ်ရတယ်" ဤသို့ စသည်ဖြင့် ဘယ်သူကမှ ဟောပေးရရိုး မရှိဘူး။ ပစ္စေကဗောဓိဉာဏ် ပေါက်တယ်ဆိုတာ ရှေးက ကိုယ်တိုင်ပြုခဲ့တဲ့ ပါရမီကောင်းမှု ကုသိုလ်တွေက ရင့်သန်နေကြတော့ ထို ကောင်းမှုကို၏ ဥပနိဿယပစ္စည်းတပ်မှုအရ သစ်ရွက်ကလေးများ မြေသို့ ကြွေကျခြင်း စသည်ကို ကြည့်ပြီး "ဩော်....ဒီ သစ်ရွက်ကလေး ကြွေကျသလို ငါ၏ ခန္ဓာကိုယ်လဲ ကာလ်နွေမှာ ကြွေကျပျက်စီး ရမှာပါတကား...၊ အနိစ္စတွေ ပါတကား၊ ဒုက္ခတွေ ပါ

http://www.dhammadownload.com



တကား၊ အနတ္တတွေ ပါတကား ....'' ဤကဲ့သို့ လက္ခဏာဉာဏ်ဝင်လာပြီး သယမ္ဘူလို့ခေါ်တဲ့ ဆရာမကူပဲ မိမိဘာသာသိတဲ့ ဝိပဿနာဉာဏ် အခြေခံပြီး မဂ်ဉာဏ်လေးပါးကို ရရတာ ဖြစ်တယ်။ ။

## သုသီမရဟန်း
## ပစ္စေကဗုဒ္ဓါဖြစ်၍ ပရိနိဗ္ဗာန်စံခြင်း

သုသီမရဟန်းတော်လဲပဲ ထိုနည်း၎င်း ပင်၊ ရှေး ကုသိုလ်ကံပါရမီထောက်ပံ့ချက်အရ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့က ''ဤသို့ သွားရမယ်၊ ဤသို့ စားရသောက်ရမယ်၊ ဤသို့ ဝတ်ရ ရုံရ နေရ ထိုင်ရမယ်'' ဤသို့ စသည်ဖြင့် အာဘိသမာစာရိက သီလဝတ်အကျင့်လောက်သာ ညွှန်ပြကြသော်လဲ သူ့ကိုယ်တိုင်က ပါရမီ ဥပနိဿယ ကောင်းမှုကုသိုလ်ရှိတဲ့ ပုဂ္ဂိုလ်ဗီဗီ မကြာမီမှာပင် ပစ္စေကဗောဓိဉာဏ်ပေါက်ပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ် အဖြစ်သို့ ရောက်ခဲ့တယ်။

ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်လျှင်ပင် ဗာရာဏသီ တစ်ပြည်လုံးမှာ ''သုသီမပစ္စေကဗုဒ္ဓါတဲ့၊ အရွယ်က ငယ်ငယ်၊ တစ်ဆယ့်ခြောက်နှစ်၊ အဆစ်အချိုးကပြေပြစ်၊ အလွန်လှတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကလေးပဲ'' လို့ ဗာရာဏသီတစ်ပြည်လုံးမှာ လွန်စွာထင်ပေါ် ကျော်စောနေရာက လေး+ငါး+ခြောက်လလောက် အချိန်ရောက်တဲ့အခါ—

တတိယအကြိမ်

http://www.dhammadownload.com



သော အပ္ပါယုကသံဝတ္တနိကာယ ကမ္မာယ ကတတ္တာ န စိရေနေဝ ပရိနိဗ္ဗာယိ။

သော= ထို သုသိမပစ္စေကဗုဒ္ဓါ အရှင်မြတ်သည်။ အပ္ပါယုကသံဝတ္တနိကာယ=အသက်တိုခြင်းကို ဖြစ်စေတတ်သော။ ကမ္မာယ=ကံကို။ ကတတ္တာ=ရှေးက ပြုအပ်ဖူးသည်၏ အဖြစ်ကြောင့်။ န စိရေနေဝ=မကြာမြင့်မီပင်လျှင်။ ပရိနိဗ္ဗာယိ=ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်းဘုံဇာတ်သိမ်းတော်မူပြီ....။

ပစ္စေကဗုဒ္ဓါ ဖြစ်ပြီးတဲ့နောက် အခြား တစ်ပါးသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့လို အသက် နှစ်ရာကျော် နေရတာ မဟုတ်ဘူး၊ ရှေးအတိတ်က အပ္ပာယုကသံဝတ္တနိက ခေါ်တဲ့ အပရာပရိယ အကုသိုလ်ကံ အကျိုးပေးခွင့်ရတဲ့အတွက် မကြာမီဘဲ ပရိနိဗ္ဗာန် စံလွန်တော်မူသွားတယ်။

## ခမည်းတော် သန်ပုဏ္ဏားကြီး လိုက်လာ ပူဇော်ခြင်း

ပရိနိဗ္ဗာန် စံလွန်တော်မူသွားတော့ ပစ္စေကဗုဒ္ဓါ အရှင်သူမြတ်တို့နှင့် ဗာရာဏသီ ပြည်သူ ပြည်သားတို့ ဈာပနပွဲကြီးသဘင် ဆင်ယင်ပြီး သကာလ အရိုးဓာတ်များကို ဗာရာဏသီပြည်ရဲ့ အနီးမှာ စပါးပုံကဲ့သို့ (စစ်ကိုင်း ကောင်းမှုတော် စေတီပုံမျိုး) စေတီ တည်ထားကြတယ်။ (ယနေ့လောက် ခမ်းခမ်း နားနား

http://www.dhammadownload.com



ကြီးကြီး ကျယ်ကျယ် မြင့်မြင့် မောက်မောက် ကြီး ဟုတ်ပုံမရပါဘူး၊ အရိုးခေတ် မပျောက်ရုံပဲ စေတီတော် တည်ထားကြတယ်။)

ထိုအခါ တက္ကသိုလ်ပြည်မှာနေတဲ့ ဘုရားအလောင်း တော် ခမည်းတော် သံပုဏ္ဏားကြီး ဆင်ခြင်စဉ်းစား သည်မှာ–

ပုတ္တော မေ စိရဂတော၊ န စ+ဿ ပဝတ္တိံ ဇာနာမိ။

မေ=ငါ၏။ ပုတ္တော=သားသည်။ စိရဂတော= ဆရာ့ထံ ပညာသင်သွားတာ ကြာခဲ့လေပြီ။ အဿ= ထို ငါ့သား၏။ ပဝတ္တိံ စကားသတင်းကိုလဲ။ န ဇာနာမိ=ငါ မကြားမသိရချေ။

ဤကဲ့သို့ ဆင်ခြင်ပြီး တက္ကသိုလ်ပြည်မှ ဗာရာဏသီ ပြည်ဘက်သို့ ခရီးထွက်ခဲ့တယ်။ ဗာရာဏသီပြည်ရောက် လို့ ထိုထို ဤဤ ကြည့်ရှုတဲ့အခါ လူအများ သုသိမ ပစ္စေကဗုဒ္ဓါ၏ အရိုးခေတ်ဌာပနာရာ စေတီတော် ပူဇော်ပွဲ မြိမ့်မြိမ့်သဲ ကျင်းပနေသည်ကို မြင်၍–

အဒ္ဓါ ဗဟူသု ကောပိ မေ ပုတ္တဿ ပဝတ္တိံ ဇာနိဿတိ။ တတိယအကြိမ်

http://www.dhammadownload.com



အဒ္ဒါ=မချွတ်ကေန် အမှန်ပင်။ ဗဟူသု=လူအများ စုဝေးနေရာ၌။ ကောပိ = တစ်ယောက်ယောက်က တော့။ မေ ပုစ္ဆာယ=ငါ့၏သား သုသိမလုလင်၏။ ပဝတ္တိံ=သတင်းစကားကို။ ဇာနိဿတိ=သိမှာပဲ။

(ဤသို့ ကြံစည်ဆင်ခြင်ပြီး ပရိသတ်သို့ ချဉ်းကပ်၍)—

သုသိမော နာမ မာဏဝေါ ဣဓ အာဂတော အတ္ထိ၊ အပိနု တဿ ပဝတ္တိံ ဇာနာထ။

ဣဓ = ဤ ဗာရာဏသီပြည်သို့။ အာဂတော= လာရောက်သော။ သုသိမော နာမ မာဏဝေါ= သုသိမ အမည်ရှိသော လုလင်သည်။ အတ္ထိ=ရှိပါ သလော။ တဿ=ထိုသုသိမ လုလင်၏။ ပဝတ္တိံ= သတင်းစကားကို။ ဇာနာထ အပိနု=သိကြပါကုန် သလော....။

အမောင်တို့....၊ ဤ ဗာရာဏသီပြည်မှာ လာရောက် ပညာသင်တဲ့ သုသိမလုလင်ဆိုတာ ရှိပါသလား၊ သူရဲ့ သတင်းကိုတော့ အမောင်တို့ သိကြပါသလား....လို့ မေးတဲ့အခါ ပရိသတ်ထဲမှ လူတော်တော် ခပ်များများ က—

အာမ ဗြာဟ္မဏ ဇာနာမ၊ ဣမသ္မိံ နဂရေ ဗြာဟ္မဏဿ သန္တိကေ တိဏ္ဏံ ဝေဒါနံ ပါရဂူ ဟုတွာ

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓါနံ သန္တိကေ ပဗ္ဗဇိတွာ ပစ္စေကဗုဒ္ဓေါ ဟုတွာ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိ-နိဗ္ဗာယိ။ အယ+မဿ ထူပေါ ပတိဋ္ဌာပိတော။

မြာဟ္မဏ=ဆရာပုဏ္ဏားကြီး....။ အာမ ဇာနာမ= သြော် .... သိကြပါတယ်။ ဒုမသ္မိံ နဂရေ = ဤ ဗာရာဏသီမြို့၌။ မြာဟ္မဏာဿ = ဒိသာပါမောက္ခ ပုဏ္ဏားကြီး၏ ။ သန္တိကေ = အထံ၌။ တိဏ္ဏံ ဝေဒါနံ ပါရဂူ= ဗေဒင်သုံးပုံ ဖက်ကမ်းရောက် တတ်မြောက် သည်။ ဟုတွာ = ဖြစ်၍။ ပစ္စေကဗုဒ္ဓါနံ သန္တိကေ ပဗ္ဗဇိတွာ = ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ထံ၌ ရဟန်း ပြုပြီးတော့။ပစ္စေကဗုဒ္ဓေါ=ပစ္စေကဗုဒ္ဓါအရှင်သူမြတ် သည်။ ဟုတွာ-အဟောသိ= ဖြစ်ခဲ့တယ်။ ဟုတွာ= ပစ္စေကဗုဒ္ဓါ ဖြစ်ပြီးတော့။ အနုပါဒိသေသာယ နိဗ္ဗာန- ဓာတုယာ = ခန္ဓာကမ္မဇရုပ် အကြွင်းမရှိတဲ့ အနုပါဒိသေသနိဗ္ဗာနဓာတ် ဖြင့်။ ပရိနိဗ္ဗာယိ= ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း ဘုံဇာတ်သိမ်းခဲ့လေပြီ။ အယံ=ဤ ယခုတွေ့မြင်ရတဲ့စေတီသည်။ အဿ= ထို သူသိမပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ အတွက်။ ပတိဋ္ဌာ- ပိတော = တည်ထား ပူဇော် အပ်သော။ ထူပေါ= အရိုးဓာတ်ဌာပနာရာ စေတီတော်ပါပေ။

ဤကဲ့သို့ စေတီကို လက်ညှိုးညွှန်ပြပြီး ပြောကြတယ်။ ထိုစကားကို ကြားရလျှင် အလောင်းတော် သခ်ပုဏ္ဏား ကြီး ကြားရတော့ ကိုင်း....ဒီနေရာမှာ ဖခင်ပုဏ္ဏားကြီး အရာမှာ တည်ပြီး ''ငါ ဘယ်လို ဖြစ်မည်လဲ'' လို့

http://www.dhammadownload.com



စဉ်းစားကြပါ၊ (၁၆) ဆယ့်ခြောက်နှစ်သားအရွယ်ဆို တော့ အင်မတန် ချစ်ဖွယ်ကောင်းတဲ့အရွယ်၊ ဘွေ့ချင် လွန်းလို့ သားနောက် လိုက်ခဲ့ပါတယ်၊ သတင်းကောင်း တော့ ကြားရပါရဲ့၊ သားရဲ့ အသက်ကိုတော့ မမီရပြီ၊ ပစ္စေကဗုဒ္ဓါ အဖြစ်နဲ့ မျှား ဖူးတွေ့လိုက်ရလျှင် ဘယ့် ကလောက် ဝမ်းသာလိုက်မည်လဲ၊ယခုတော့ ပစ္စေကဗုဒ္ဓါ ဖြစ်ပြီး အသက်ရှင်နေတာကိုလဲ မဖူးလိုက်ရ၊ ဥတုဇရုပ် က လာပ် ကို မြင်ရ လျှင်လဲ တော်သေးရဲ့၊ ဥတုဇရုပ် ကလာပ်ကိုမျှ မမြင်ရဘဲနဲ့ ''ဟောဒါ သုသီမပစ္စေကဗုဒ္ဓါ ရဲ့ အရိုးဓာတ်ဌာပနာရာ စေတီပါပဲ''လို့ စေတီကိုသာ လက်ညှိုးထိုးပြကြတာကို တွေ့ရမြင်ရတော့ အလောင်း တော်သခ်ပုဏ္ဏားကြီးရဲ့ဖြစ်ပုံကို အဋ္ဌကထာမှာ ဤကဲ့သို့ ၁၁ဝ ဂါထာ တစ်ပိုဒ်တည်းနဲ့ အကျဉ်းချုံးပြီး ဖွင့်ပြထား ဘယ်။

သော ဘူမိံ ဟတ္ထေန ပဟရိတွာ ရောဒိတွာ စ ပရိဒေဝိတွာ စ တံ စေတိယင်္ဂဏံ ဂန္တွာ တိဏာနိ ဥဒ္ဓရိတွာ ဥတ္တရသာဋကေန ဝါလုကံ အာနေတွာ ပစ္စေကဗုဒ္ဓစေတိယင်္ဂဏေ ဩကိရိတွာ ကမဏ္ဍလုတော ဥဒကေန သမန္တတော ဘူမိံ ပရိပ္ဖောသိတွာ ဝနပုပ္ဖေဟိ ပူဇံ ကတွာ ဥတ္တရ သာဋကေန ပဋာကံ အာရောပေတွာ ထူပဿ ဥပရိ အတ္တနော ဆတ္တံ ဗန္ဓိတွာ ပက္ကာမိ။

(အဓိပ္ပာယ်က)–

တတိယအကြိမ်

http://www.dhammadownload.com



''သော ဘူမိံ ဟတ္ထေန ပဟရိတွာ ရောဒိတွာ စ ပရိဒေဝိတွာ စ'' သူ ဘယ်လောက်ငိုလိုက်သလဲ- ဆိုလျှင် မြေကြီးကို လက်ဝါးနဲ့ ပုတ်ပုတ်ပြီးတော့ ငိုကြွေး မြည်တမ်းတယ်တဲ့။

''တံ စေတိယင်္ဂဏံ ဂန္တွာ တိဏာနိ ဥဒ္ဓရိတွာ''= (အားရအောင် ငိုပြီးတဲ့အခါ သူကလဲ ဩသည်ဆိုတော့ စေတီတော်မှာ အခြား ပူဇော်ဖွယ်ရာ မပါတော့ သူ ဘာလုပ်သလဲ ဆိုတော့) ငိုကြွေး မြည်တမ်းတဲ့နေရာက စေတီရင်ပြင်ပေါ် တက်သွားပြီး မြက်ကလေးများကို သူ နုတ်တယ်တဲ့၊ (ကာယဝေယျာဝစ္စနဲ့ ကုသိုလ်ယူတာပ။)

''ဥတ္တရသာဋကေန ဝါလုကံ အာနေတွာ ပဋေ့ကဗုဒ္ဓ စေတိယင်္ဂဏေ ဩကိရိတွာ'' = (မြက်နုတ်ပြီးပြီဆိုတော့) သူရုံလာတဲ့ အပေါ်ရုံ = စုလျား တဘက်ကလေးနဲ့ ဟို....မြစ်ထဲက သဲများကို သွားယူပြီး စေတီရဲ့ ရင်ပြင်ပေါ်မှာ သာသာ ယာယာရှိအောင် သဲများ ခင်းကျင်းတယ်....တဲ့။

''ကမဏ္ဍလုတော ဥဒကေန သမန္တတော ပရိပ္ပောသိတွာ''=(သဲခင်းပြီးတော့ မြေသိပ်အောင်) သူ့မှာ ပါလာတဲ့ ကရားကလေးနဲ့ ဂင်္ဂါမြစ်ဆိပ်က ရေကို အခေါက်ခေါက်ခပ်ပြီး စေတီရင်ပြင်ကို ရေနဲ့ ဖျန်းဖျန်း ပေးတယ်တဲ့။

တတိယအကြိမ်

http://www.dhammadownload.com



''နေပုပ္ဖေပဿိ ပူဇံ ကတွာ''=(ဒါလောက်နဲ့ အား မရနိုင်သေးဘဲ) ရကာတတ်ဆန်း တောပန်းကလေးများ ခူးပြီး ပစ္စေကဗုဒ္ဓါ အရှင်မြတ်ရဲ့ စေတီတော်မှာ တင်ခဲ့ လှူခဲ့တယ်....တဲ့။

''ဥတ္တရသာဋကေန ပဋာကံ အာရောပေတွာ''= သူ့ကိုယ်ပေါ်မှာ ရုံလာတဲ့ အပေါ်ရုံ=စုလျား တဘက် ကလေးကို စေတီပေါ်မှာတင်ပြီး အောင်လံ တံခွန် အဖြစ်နဲ့ လှူခဲ့တယ်....တဲ့။

''ထူပဿ ဥပရိ အတ္တနော ဆတ္တံ ဗန္ဓိတွာ ပက္ကာမိ''= (ထို့အပြင် ဘာလှူသင့်သေးသလဲ လို့ စဉ်းစားပြီး) သူ သုံးလို့ ဆောင်းလို့ ဟောင်းနေတဲ့ ထီးကလေးကို ''ငါ့သားရဲ့ အရိုးအိုး စေတီကို နေမပူပါစေနဲ့''ဆိုတဲ့ အကြံနဲ့ စေတီရဲ့အထက်မှာ ထီးကလေး တင်လှူ တယ်....တဲ့။ (ထိုအချိန်ကစ၍ စေတီတော်၌ ထီးတင်တဲ့ ကောင်းမှုအစဉ် ဖြစ်ထွန်းလာခဲ့တယ်။) ဤသို့ ပူဇော် ပြီးလျှင် ''ငါ့သားရဲ့ အရိုးဓာတ်ဌာပနာရာ စေတီတော် မှာ ငါ အားရအောင် ပူဇော်ရပြီ''လို့ မိမိရဲ့ကုသိုလ် ကို စဉ်းစားဝမ်းမြောက်ပြီး တက္ကသိုလ်သို့ ပြန်သွား တယ်....။

## သင်္ခါတ် နိဂုံး

ယခု ဘုရားလက်ထက်ကို ပြန်ပြီး အာရုံပြုထားကြပါ၊ ဘုရားရှင်က ဆိုခဲ့ပြီးသောအတိုင်း ဟောကြားပြီးတော့–

တတိယအကြိမ်

http://www.dhammadownload.com



သိယာ ခေါ ပန ဝေါ ဘိက္ခဝေ ဧဝ+မဿ ''အညော နူန တေန သမယေန သဒ္ဓေါ ဗြာဟ္မဏော အဟောသီ''တိ။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့....။ ဝေါ=သင့် ချစ်သားတို့၏ (စိတ်၌)။ ''တေန သမယေန=ထိုစဉ်ကာလက။ သဒ္ဓေါ ဗြာဟ္မဏော= သဒ်ပုဏ္ဏားသည်။ အညော=ငါ ဘုရားမှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်သည်။ အဟောသိ နူန=ဖြစ်လေသလော''။ ဣတိ ဧဝံ = ဤသို့သော စိတ်အကြံသည်။ သိယာ ခေါ ပန = မဖြစ်မဟုတ် ဖြစ်ပေလိမ့်မည်။

ချစ်သားတို့ရဲ့ စိတ်ထဲမှာ ''ဩော်.... ထိုစဉ်က သဒ်ပုဏ္ဏားကြီး ဆိုတာ အခြား တစ်ပါးသော သူ တစ်ယောက်ပဲ''လို့ အဲဒီလို စိတ်အကြံ ဖြစ်ကြပေလိမ့် မယ်။

**န ခေါ ပနေ+တံ ဧဝံ ဒဋ္ဌဗ္ဗံ၊ အဟံ တေန သမယေန သဒ္ဓေါ ဗြာဟ္မဏော အဟောသိံ**။

ဧတံ=ဤအကြောင်းကို။ ဧဝံ=ဤသို့။ န ခေါ ပန ဒဋ္ဌဗ္ဗံ= မမှတ်သင့် မမှတ်အပ်ပေ။ အဟံ= ငါဘုရား သည်။ တေန သမယေန= ထိုစဉ်အခါ၌။ သဒ္ဓေါ= သဒ်အမည် ရှိသော။ ဗြာဟ္မဏော = ခမည်းတော် ဗြာဟ္မဏနွယ်ဝင် သူတော်စင်သည်။ အဟောသိံ=

ဖြစ်ခဲ့လေပြီ။ (အဲဒီတုန်းက သင်္ခပုဏ္ဏားကြီးသည် ငါဘုရားပဲ၊ ယခု ငါဘုရားသည်ပင် ထိုစဉ်အခါ ခမည်းတော်သင်္ခပုဏ္ဏားကြီး ဖြစ်ခဲ့တယ်။)

မယာ သုသီမဿ ပဗ္ဗေကဗုဒ္ဓဿ စေတိယင်္ဂဏေ တိဏာနိ ဥဒ္ဓင္ဂာနိ၊ တဿ မေ ကမ္မဿ နိဿန္ဒေန အဋ္ဌယောဇနမဂ္ဂံ ဝိဂတခါဏုကဏ္ဍကံ ကတွာ သမ်သုဒ္ဓ+မကာံသု။

မယာ=ငါသည် သုသီမဿ ပဗ္ဗေကဗုဒ္ဓဿ= သုသီမပစ္စေက ဗုဒ္ဓါအရှင်သူမြတ်၏။ စေတိယင်္ဂဏေ= စေတီရင်ပြင်၌။ တိဏာနိ = ပေါက်ရောက် နေတဲ့ အမြင့်မတော်မြက်ကိုကို။ ဥဒ္ဓင္ဂာနိ=ပယ်နုတ်အပ်ကုန်ပြီ။ ဓမ္မ=ငါ့အတွက်ဘာ။ တဿ ကမ္မဿ=ထို စေတီ ရင်ပြင်ဝယ် မြက်ကိုပယ်နုတ် သုတ်သင်ခဲ့သော ကောင်းမှုကုသိုလ်ကံ၏။ နိဿန္ဒေန=အကျိုးဆက်= အကျိုးဖျား အနေအားဖြင့်။ အဋ္ဌယောဇနမဂ္ဂံ= ရာဇဂြိုဟ်ပြည်ဘက်က ငါးယူဇနာ+ ဝေသာလီပြည် ဘက်က သုံးယူဇနာ= နှစ်ရပ်ပေါင်း ရှစ်ယူဇနာရှိတဲ့ ခရီးကို။ ဝိဂတ ခါဏု ကဏ္ဍကံ ကတွာ= သစ်ငုတ် တွေ၊ ဆူးငြောင့်တွေကင်းအောင် ပြုကြ၍။ သမံ သုဒ္ဓံ= ညီညွတ်စင်ကြယ်အောင်။ အကံသု= ပြုကြ ကုန်ပြီ။

ရာဇဂြိုဟ်ဘက်က ငါးယူဇနာ၊ ဝေသာလီဘက်က သုံးယူဇနာ= ဒီ ရှစ်ယူဇနာခရီးမှာ သစ်ငုတ် တစ်ခုမျှ

http://www.dhammadownload.com



ဆူးခက်တစ်ခက်မျှမတွေ့ရ၊ နိမ့်မြင့်ဓမ်းတာ+မြင့်မောက်တာ မတွေ့ရပဲ သန့်ရှင်းညီညွတ်တဲ့ မြေတလင်းဖြစ်နေတာ ဟာ သုသိမပဏ္ဍကဗုဒ္ဓါရဲ့ အရိုးဓာတ်ဌာပနာရာ စေတီ တော်မှာ မြက်သစ်ငုတ်များကို သုတ်သင်ခဲ့တဲ့ ကောင်းမှု ကုသိုလ်ရဲ့ အကျိုးဆက်=အကျိုးဖျားဖြစ်တယ်။ အကျိုး ရင်းကား ယခုဘဝ သမ္မာသမ္ဗောဓိဉာဏ်ကြီးကို ရခြင်း ဖြစ်တယ်။ (ဤမျှသာမကသေး။)

မယာ တတ္ထ ဝါဠုကာ ခြကိဏ္ဏာ၊ တဿ မေ နိဿန္ဒေန အင္ဂယောဇနမဂ္ဂေ ဝါဠုကံ ခြကိရိံသု။

မယာ=ငါသည်။ တတ္ထ= ထို သုသိမ ပဏ္ဍကဗုဒ္ဓါ ၏ အရိုးဓာတ်ဌာပနာရာစေတီ၌။ ဝါဠုကာ=သဲတို့ ကို။ ခြကိဏ္ဏာ= ကြဲဖြန့်အပ်ကုန်ပြီ။ မေ=ငါ့အဖို့ရာ။ တဿ နိဿန္ဒေန = ထို စေတီရင်ပြင်ဝယ် သဲခင်းခဲ့ ခြင်း ကောင်းမှု၏ အကျိုးဆက် အနေအားဖြင့်။ အင္ဂယောဇနမဂ္ဂေ = ရှစ် ယူ ဇနာ ခ ရီး ၌။ ဝါဠုကံ ခြကိရိံသု= လမ်းတစ်လျှောက် လူအများ နတ်တို့ ပိုင်း၍ သဲကို ကြဲဖြန့်ကြကုန်ပြီ။

အေး....၊ ရှစ်ယူဇနာခရီးမို့လို့သာနော်၊ အဲကယ်၍ ယူဇနာတစ်ရာ သွားရလျှင်လဲ ဒီယူဇနာ တစ်ရာခရီးမှာ သဲတွေဟာ ခင်းပြီးသား ကြဲပြီးသားဖြစ်မှာ အမှန်ပဲ။ (ဤမျှသာမကသေး။)

ကတိပယအကြိုပ်

http://www.dhammadownload.com



မယာ တဏ္ဍု ဝနကုသုမေဟိ ပူဇာ ကတာ၊ တဿ မေ နိဿန္ဒေန နဝ ယောဇနေ မဂ္ဂေ ထလေ စ ဥဒကေစ နာနာပုပ္ဖေဟိ ပုပ္ဖသန္ထရ+မကံသု။

မယာ = ငါသည်။ တဏ္ဍု = ထိုသုသိမ ပစ္စေက ဗုဒ္ဓါ၏ အရိုးဓာတ် ဌာပနာရာ စေတီ၌။ ဝနကု-သုမေဟိ=ရကတတ်ဆန်း တောပန်းတို့ဖြင့်။ ပူဇာ= မြတ်နိုးကော်ရော် ပူဇော်မှုကို။ ကတာ=ပြုအပ်ခဲ့လေပြီ။ မေ=ငါ့အဖို့ရာ။ တဿ နိဿန္ဒေန=ထို တောပန်းတို့ဖြင့် ပူဇော်ခဲ့ရတဲ့ ကောင်းမှုကံ၏ အကျိုးဆက်=အကျိုးဖျား အနေအားဖြင့်။ ထလေ စ=ကုန်းထက်ဝယ် (ရှစ်ယူဇနာ) လည်းကောင်း။ ဥဒကေ စ=ရေအပြင်ဝယ် (တစ်ယူဇနာ) လည်းကောင်း။ နဝယောဇနေ မဂ္ဂေ=ကိုးယူဇနာခရီး၌။ ပုပ္ဖသန္ထရံ=ပန်းအခင်းကို။ အကံသု=လူတွေ နတ်တွေ ပြုကြလေကုန်ပြီ။

ကြည့်စမ်းပါ....။ ထိုစဉ်က ရကတတ်ဆန်း တောပန်းကလေးများဖြင့် စေတီတော်အား တင်လှူခဲ့တဲ့ ကောင်းမှုကံကြောင့် သမ္မာသမ္ဗောဓိဉာဏ် ဆိုတဲ့ အကျိုးရင်းကို ရရှိပြီးနောက် ကုန်းရော+ရေပါ=ကိုးယူဇနာခရီးမှာ ကုန်းပန်း+ရေပန်း အခင်းတွေကို လူ နတ်တို့ ခင်းကြတယ်။ (ဤမျှသာမကသေး။)

ကဏီယအကြိုမ်

http://www.dhammadownload.com



မယာ တတ္ထ ကမဏ္ဍလုဒကေန ဘူမိ ပရိပ္ပေါ-
သိတာ၊ တဿ မေ နိဿန္ဒေန ဝေသာလိယံ
ပေါက္ခရဝဿံ ဝဿိ။

မယာ=ငါသည်။ တတ္ထ=ထို ပစ္စေကဗုဒ္ဓါ အရှင်
မြတ်၏ အရိုးဓာတ်ဌာပနာရာ စေတီတော်၌။
ကမဏ္ဍလုဒကေန=ကရားနဲ့ ခပ်ယူခဲ့သော ရေဖြင့်။
ဘူမိ=စေတီရင်ပြင်မြေကို။ ပရိပ္ပေါသိတာ = ဆွတ်ခဲ့
ဖျန်းခဲ့ (မြေသိပ်အောင် ပြုလုပ်ခဲ့) လေပြီ။ မေ=
ငါ့အဖို့ရာ။ တဿ နိဿန္ဒေန=ထို ကောင်းမှု၏
အကျိုးဆက်=အကျိုးဖျား အနေအားဖြင့်။ ဝေသာလိ
ယံ=ဝေသာလီပြည်၌။ ပေါက္ခရဝဿံ = ရွှောက်ရွာ
မိုး (စိုချင်သူစို၍ မစိုချင်သူ မစိုတဲ့မိုး) သည်။
ဝဿိ=ရွာခဲ့လေပြီ။

ဝေသာလီပြည်မှာ စိုလိုသူ စို၍ မစိုလိုသူ မစိုတဲ့
ရွှောက်ရွာမိုး ရွာသွန်းခြင်းဟာဖြင့် သုသိမ ပစ္စေက
ဗုဒ္ဓါရဲ့ အရိုးဓာတ် ဌာပနာရာ စေတီရင်ပြင်မှာ မိမိမှာ
ပါလာတဲ့ ကရားကလေးနဲ့ ရေခပ်ပြီး ရေဆွတ်ဖျန်း
ပေးခဲ့တဲ့ ကုသိုလ်ရဲ့ အကျိုးဆက် အကျိုးဖျား ဖြစ်
တယ်။ (ဤမျှသာမကသေး။)

မယာ တသ္မိံ စေတိယေ ပဋ္ဋာကာ အာရောပိတာ၊
ဆတ္တဉ္စ ဗဒ္ဓံ။ တဿ မေ နိဿန္ဒေန ယာဝ
အကနိဋ္ဌဘဝနာ ပဋာကာ စ အာရောပိတာ၊ ဆတ္တာ-
တိဆတ္တာနိ စ ဥဿိတာနိ။

တတ်ယအကြိမ်

ဘိက္ခဝေ = ရဟန်းတော်များ အို–ချစ်သား တို့....။ မယာ=ငါဘုရားသည်။ တသ္မိံ စေတိယေ= ထို သုသိမ ပစ္စေကဗုဒ္ဓါ၏ အရိုးဓာတ် ဌာပနာရာ စေတီ၌။ ပဋာကာ စ=တံခွန်ကိုလဲ။ အာရောပိတာ= တင်လှူအပ်ခဲ့ပြီ။ ဆတ္တဉ္စ=ငါဆောင်းလို့ ဟောင်း လေပြီးသော ထီးကလေးကိုလဲ။ ဗဒ္ဓံ=ဖြစ်သလို ဖွဲ့ချည် လှူအပ်ခဲ့လေပြီ။ မေ=ငါ့အဖို့ရာ။ တဿ နိဿန္ဒေန=ထို ကောင်းမှု၏ အကျိုးဆက်=အကျိုး ဖျား အနေအားဖြင့်။ ယာဝ အကနိဋ္ဌဘဝနာ= အကနိဋ္ဌ ဘဝဂ်ဘုံတိုင်အောင်။ ပဋာကာ စ=တံခွန် ကုက္ကား တို့ကိုလည်း။ အာရောပိတာ = စိုက်တင် အပ်ကုန်ပြီ။ ဆတ္တာတိ ဆတ္တာနိ စ=လူ့ထီးဖြူ နတ်ထီး ဖြူ ဗြဟ္မာ့မင်း ထီးဖြူတို့ကိုလည်း။ ဥဿိတာနိ = စိုက် အပ် မိုးအပ်ကုန်လေပြီ....။

ဤကဲ့သို့ အကြောင်း(နှင့်) အကျိုး တွဲစပ် ဖော်ပြ ပြီး သကာလ–

ဣတိ ခေါ ဘိက္ခဝေ အယံ မယှံ ပူဇာဝိသေသော နေဝ ဗုဒ္ဓါနုဘာဝေန နိဗ္ဗတ္တော၊ န နာဂ+ဒေဝ+ ဗြဟ္မာ+နုဘာဝေန။ အပိစ ခေါ အပ္ပမတ္တက– ပရိစ္စာဂါ နုဘာဝေန နိဗ္ဗတ္တော။

ဘိက္ခဝေ=ရဟန်းတော်များ အို–ချစ်သားတို့....။ ဣတိ ခေါ=ဤသို့လျှင်။ အယံ ပူဇာဝိသေသော= ဤ သင်ချစ်သားတို့ စဉ်းစားလို့ မရနိုင်တဲ့ ပူဇော်မှု

http://www.dhammadownload.com



အထူးသည်။ မယ္ဟံ=ငါဘုရား၏။ ဗုဒ္ဓါနုဘာဝေန= ဘုရားတော်ဇော် အာနုဘော်ကြောင့်။ နေဝ နိဗ္ဗတ္တော=ဖြစ်သည်မဟုတ်။ နာဂ+ဒေဝ+ဗြဟ္မာနု- ဘာဝေန= နဂါးတန်ခိုး၊ နတ်တန်ခိုး၊ ဗြဟ္မာတန်ခိုး ကြောင့်။ န နိဗ္ဗတ္တော=ဖြစ်သည်မဟုတ်။ အပိစ ခေါ= စင်စစ်သော်ကား။ အပ္ပမတ္တကပရိစ္စာဂါနုဘာဝေန= အနည်းငယ်မျှ မပြောပလောက်တဲ့ တောပန်း ကလေး၊ ဆောင်းလို့ ဟောင်းပြီးသော ထီး ကလေး၊ ဝတ်ရုံ၍ ဟောင်းပြီးသော အပေါ်ရုံ= စုလျားတဘက်ကလေး၊ အနည်းငယ်မျှသော ရေတို့ ဖြင့် လှူဒါန်း ဆွတ်ဖျန်းတင်လှူ ပူဇော်ရတဲ့ ကောင်းမှု ကုသိုလ်ကံ၏ အာနုဘော်ကြောင့်။ နိဗ္ဗတ္တော= ယခုဘဝ ဘဝဂ်ကျအောင် အထွတ်တစင်စစ် ဖြစ်ခဲ့လေ ပြီ....။

ဤကဲ့သို့ မိန့်တော်မူပြီး စောစောက ဘုန်းကြီး ရွတ် ခဲ့တဲ့ ဂါထာဖြင့် ဒေသနာနိဂုံး ဤကဲ့သို့ အဆုံးသတ် တော်မူတယ်....။

မတ္တာသုခ ပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ။
စဇေ မတ္တာသုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။ ။

ဘိက္ခဝေ=ရဟန်းတော်များ အို-ချစ်သားတို့....။ မတ္တာသုခပရိစ္စာဂါ=ရေတွက်ပမာ ခဏတာမျှ သန့်ခြာ နည်းလှ မပြောပလောက်တဲ့ သုခချမ်းသာ ဝေဒနာ ကို အာသာမကွက် မငြွေရမနှောင့်ယှက်ပဲ ရက်ရက်

http://www.dhammadownload.com



ကြည်ဖြူ၍ စွန့်လှူခြင်းကြောင့်။ ဝိပုလံ သုခံ = လူ့ရပ် နတ်ဌာန် နိဗ္ဗာန်တိုင်ထိ သမ္ပတ္တိချမ်းသာ ပြန့်ပြောစွာကို။ စေ ပဿေ=ပညာမျက်စိ မျှော်ထောက်ကြည့်သော် တိတိထင်ထင် အကယ်၍ လင်းလင်း မြင်ငြားအံ့။ ဓီရော=အကျိုးရှိလင့် မရှိလင့်ကို ချိန်နှင့်နှုန်းပြိုင် ဆုံးဖြတ်နိုင်သည့် မဏ္ဍိုင်ခေါင်ဖူး ဉာဏ်ထူး ဝိုင်ဘိ ပညာရှိသည်။ ဝိပုလံ သုခံ=လူ့ရပ် နတ်ဌာန် နိဗ္ဗာန် တိုင်ထိ သမ္ပတ္တိချမ်းသာ ပြန့်ပြောစွာကို။ သမ္ပဿံ-သမ္ပဿန္တော = ဉာဏ်ပညာစက္ခု မျှော် ထော က် ရှု လျက်။ မတ္တာသုခံ=ရေပွက်ပမာ ခဏတာမျှ သချာ နည်းလှ မပြောပလောက်တဲ့ သုခချမ်းသာ ဝေဒနာကို။ စဇေ-စဇေယျ=ရက်ရက်ကြည်ဖြူ စွန့်လှူရာ၏။

ဤ ဂါထာအရ စဉ်းစားကြည့်ကြစမ်းပါ။ မကြာမီ နေ့ရက်အတွင်းမှာ မိမိတို့ ဘုရား စေတီတော် မြတ်အား ဆွမ်းတော်ပွဲများစသည်တင်ကြလှူကြတော့မယ်။ မိမိတို့ တင်လှူကြမည့် ဘုရားစေတီတော်မြတ်ရဲ့ အခြေအနေကို ဉာဏ်ဖြင့် စဉ်းစားကြည့်မယ်ဆိုလျှင် ညှသိမ ပဒေ့ာကဗုဒ္ဓါရဲ့ အရိုးဓာတ်ဌာပနာရာ စေတီထက် မြင့်မြတ်တဲ့ သဗ္ဗညုဘုရားကိုယ်တော်မြတ်ရဲ့ ဓာတ်တော် မွေတော် ကိန်းတည်ရာ စေတီတော်ဖြစ်တယ်။

ပူဇော်ဖွယ်ဝတ္ထုကလဲ အဆင့်အတန်း မြင့်မား လှပါတယ်။ အလောင်းတော် သင်္ပုဏ္ဏားမှာ ရကတတ်ဆန်း တောပန်း ကလေးများကို တင်လှူကော်ရော် ပူဇော်တော်မူခဲ့ရတယ်၊ ယခု မိမိတို့မှာ လွန်စွာ တင့်တယ်တဲ့

http://www.dhammadownload.com



မမြှိပန်းတွေ၊ ယနံ့တစ်ကြိုင်ကြိုင် လှိုင်နေတဲ့ နှင်းဆီပန်းတွေ၊ စံပယ် မြတ်လေးပန်းတွေနဲ့ ပူဇော်ကြရတယ်၊ ဘယ်လောက် ဝမ်းသာစရာ ကောင်းသလဲ၊ အလေးအနက် စဉ်းစားကြပါ။

အလောင်းတော် သခ်ပုဏ္ဏားမှာ စေတီရင်ပြင်၌ သဲကလေးပဲ ခင်းတော်မူနိုင်ခဲ့တယ်၊ ယခု မိမိ တို့ မှာ ဘုရားရင်ပြင်တော်၌ ရှေးခေတ်က ဆိုလျှင် အင်တေနဲ့ အုတ်ခင်းကြတယ်၊ ယခုခေတ်မှာတော့ သာလ်ဗို အခင်းတို့၊ ကျောက်အေးပြား အခင်းတို့ကို သူတစ်ခန်း ငါတစ်ချွန်း လှူဒါန်း ခင်းထားကြတယ်။

တစ်ခါ ဆက်ပြီး စဉ်းစားကြစမ်းပါဦး။ အလောင်းတော် သခ်ပုဏ္ဏားကြီးမှာ တံခွန်ရယ်လို့ လှူစရာ မရှိတဲ့အတွက် မိမိကိုယ်ပေါ်မှာ ဝတ်ရုံလာခဲ့တဲ့ အပေါ်ရုံစုလျား တဘက်ကို ပဒွေကာဗုဒ္ဓါရဲ့ စေတီတော်မှာ တံခွန်လုပ်ပြီး လှူဒါန်းရတယ်။ ယနေ့ မိမိတို့မှာ တံခွန်လှူချင်တယ် ဆိုလျှင် ဖိတ်ဖိတ်တောက် ရွှေတံခွန်လုံး ရွှေတံခွန်ဖျားတွေ တဖွားဖွား တမ်းမား လှူလိုက်ကြရတာ၊ အားရဝမ်းသာစရာပါ၊ ဆုတောင်းမမှားဖို့ပဲ အရေးကြီးကြတယ်နော်။

ဟို....ထီးအလှူကို ကြည့်ဦးမည်လား။ အလောင်းတော် သခ်ပုဏ္ဏားကြီး လှူဒါန်းခဲ့ရတဲ့ ထီးဟာ "သူဆောင်းလို့ ဟောင်းလေပြီးသော ထီးလေး"ဆိုတော့ ယနေ့အိန္ဒိယနိုင်ငံက ပုဏ္ဏားတွေဆောင်းကြတဲ့ ထီးထက်

http://www.dhammadownload.com



တော့မသာရာတန်ပါဘူး၊ အလွန်ဆုံး ပိုးစ ထီးလောက်ပဲ စေတီတော်မှာ လှူခဲ့ရတယ်။ အဲဒါကြောင့် အရဟတ္တဖိုလ်အထွတ်တပ်တဲ့ သမ္မာသမ္ဗောဓိဉာဏ် တည်းဟူသော ဓမ္မထီးဖြူကြီး ဆောင်းတော်မူရတဲ့ အပြင် ကိုးယူဇနာခရီးမှာ အကျိုးဆက် အကျိုးဖျားအနေနဲ့ လူ့ထီးဖြူနတ်ထီးဖြူ ဗြဟ္မာ့ထီးဖြူတွေ အထက်ဘဝဂ် အကနိဋ္ဌဗြဟ္မာ့ပြည်တိုင်အောင် မိုးလျှက် မိုးလျက် အပူဇော်ခံရတယ်။

ကိုင်း....ယနေ့ ဒကာ + ဒကာမတွေ ပူဇော်ကြရတဲ့ဘုရားရဲ့ထီးကို ကြည့်ကြစမ်းပါ၊ တကယ့်ရွှေထီးကြီး= သိင်္ဂီနိုက် ရွှေစင်တွေနဲ့ထားတဲ့ ရွှေထီး အစစ်ကြီးကို လှူကြရတာ၊ ''လှူဒါန်းရတဲ့ ဝတ္ထုတွေဟာ ဘယ့်ကလောက် အဆင့်အတန်းမြင့်မားတယ်'' ဆိုတာ စဉ်းစားကြည့်ကြပါ။ ဆုတောင်းတတ်ဖို့ပဲ အရေးကြီးတယ်။

ထိုသို့ ဆုတောင်းရမှာလဲ–

အကယ်၍ ဘုရားဆုတောင်းသူဖြစ်လျှင် ''ဣဒံ မေ ပုညံ သမ္မာသမ္ဗောဓိဉာဏဿ ပစ္စယော ဟောတု''ဟု ဆုတောင်းရပါမည်။

အကယ်၍ ပစ္စေကဗုဒ္ဓါဆု တောင်းသူဖြစ်လျှင် ''ဣဒံ မေ ပုညံ ပစ္စေကဗောဓိဉာဏဿ ပစ္စယော ဟောတု''ဟူ၍ ဆုတောင်းကြရပါမည်။

တတိယအကြိမ် :

http://www.dhammadownload.com



အကယ်၍ သာဝကဆု တောင်းသူဖြစ်လျှင် ''ဇာဒံ မေ ပုညံ သာဝက ဗောဓိဉာဏာယ ပစ္စယော ဟောတု''ဟူ၍ ဆုတောင်းကြရပါမည်။

ယခုအခါ အားလုံးအတွက် ဘုန်းကြီး တောင့်တချင်တဲ့ အပ္ပမာဒဆုတောင်းနဲ့ ဆုတောင်းပြီး တရားပွဲကို အပြီး အဆုံး နိဂုံးအုပ်ကြရအောင်....။

အပ္ပမတ္တာ သဒါ ဟောထ၊ ဥတ္တာ သဒ်ါရမ္မတံ။
သကိစ္စ+မနုယုဥ္စေ့ဝါ၊ နတ္တိ နေဝ မစ္စုသင်္ဂရံ။

သာခဝေါ = နှလုံးပျော့ပျောင်း အို-သူတော်ကောင်းတို့....။ သဒ်ါရခမ္မတံ=ကိုယ်ကျ၍ပုံ ဖြစ်လိုတုံလည်း တစ်ဖုံဆင်ကွဲ သူတနဲ့ဖြင့် ဖောက်လွဲတသ်စွာ ရုပ် နာမ် ဓမ္မ သဒ်ါရတို့၏ ဓမ္မတာကို။ ဥတ္တာ ဇာနာထ=

ယခုပင်လျှင် မအိုခင်က၊

ယခုပင်လျှင် မနာခင်က၊

ယခုပင်လျှင် မသေခင်က-

ကြိုတင်ကာကြိုးကုတ် သိမြင်အောင် အားထုတ်ကြပါကုန်လော့။ ဥတ္တာ=ကြိုတင်ကာကြိုးကုတ် သိမြင်အောင် အားထုတ်ကြပြီးလျှင်။ သဒါ=နေ့နေ့ ညည

http://www.dhammadownload.com



ခပ်သိမ်းသော ကာလ၌။ အပ္ပမတ္တာ = အပ္ပမာဒ တရား လက်ကိုင်ထား ကြကုန်သည်၊ (ဝါ)အပ္ပမတ္တာ=

မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ရောက်ဝဲ့ နာဗျာဓိ။

မမျှော်လင့်ဘဲ၊ သူ၏့နဲ၊ ဒိုလဲ အိုနိုင်၏။

မမျှော်လင့်ဘဲ၊ ဖြုန်းကနဲ၊ ဖောက်လွဲ သေနိုင်၏ဟု

သတိလှိုက်လှဲ စိတ်ဝယ် စွဲကုန်ကြသည်။ ဟောသထ= ကေန်စင်စစ် ဖြစ်ကြပါစေကုန်သတည်း။

နေဒ = တဏှာမာရ်ညွှတ် ခန္ဓာဝင်္ဂမှ ကျွတ်ဆု ရည်ခြွေ တို့တစ်တွေအား၊ (ဝါ) နေဒ=တဏှာ တည်းဟူသော မာရ်မင်း၏ ညွှတ်ကွင်း၊ ခန္ဓာတည်း ဟူသော သံသရာဝဋ်အတွင်းမှ လွတ်ကင်းရန် ရည်ခွေ တို့တစ်တွေအား။ မစ္စုသင်္ဂံ=မစ္စုမည်လျှင်း ရှင်သေ မင်းနှင့် အတွင်းကြိတ်ပူး မိတ်ရည်နှူး၍ နှစ်ဦး နှစ်ဖက် ချိတ်အဆက်ဖြင့်–

ဤရက် ခါမှ သေအံ့ဟူ၍၊

ဤလ ခါမှ သေအံ့ဟူ၍၊

ဤနှစ် ခါမှ သေအံ့ဟူ၍–

သဘောတူ အချိန်းအချက်၊ စာချုပ် စာတမ်း စာရွက်တို့နှင့် လက်ဆောင် တစိုးထိုး၍ ထားခြင်း သည်။ နတ္ထိ=လူတိုင်းကေန် မရှိမှန်၏။

ဂါထာအကြိမ်

http://www.dhammadownload.com



တဿာ=ထို့ကြောင့်။ သကိစ္စံ=ခုဝတ္တမာန် ပစ္စုပ္ပန်နှင့် တမလွန် နောက်နှောင်း ဒေါက်ရှောက်(တောက်လျှောက်) ကောင်းအောင် ရှယ်ချောင်းဆုပန် စိတ်ရည်သန်သည့် နှစ်တန်သော လောက ဓမ္မစီးပွား ကိုယ့်ကိစ္စများကို။ အနုယုဉ္ဇေထ=လုံ့လကြိုးကုတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။

(၀၁) သကိစ္စ+မနုယုဉ္ဇေထ= ရုပ် နာမ်နှစ်ပြင် ကိုယ်ဖြစ်ချင်သလို မဖြစ်ဘဲ သူရို့ဖြစ်ချင်သလိုသာ ဖြစ်ကြတဲ့ သဘာဝသူ့ညဉ်ကို သမ္မဇဉ် နှိုင်းညှိ အမှန်အတိုင်းသိကြ၍ မိမိတို့ဆိုင်ရာ နှစ်ပြာသော လောက+ဓမ္မ စီးပွား ကိုယ့်ကိစ္စများကို ရှည်လျားကာလ အချိန်ကိုမဆွဲကြဘဲ ယခုကပင် အရေးတွင်အောင် ကြိုတင်ကာကြိုးကုတ် ကျင့်ကြံအားထုတ် နိုင်ကြပါစေကုန်သတည်း....။

သာဓု သာဓု သာဓု။

ရတနသုတ္တန် တရားတော်
ပြီးပါပြီ။

တိပိဋကဓရ ဟောစဉ်တရား (တတိယတွဲ)
ဤတွင်ပြီး၏။

ကောက်ကိုယ်ဘာ ကြိမ်

http://www.dhammadownload.com

အရှင်ဝိစိတ္တသာရာဘိဝံသ ၏

တိပိဋကဓရ ယောခဉ်တရား (တတိယတွဲ)

## မှတ်သားဖွယ် ကောက်နုတ်ချက်

# အက္ခရာစဉ် အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **အ မှ ဩ** | |
| အကြွမ်းမှု အနုနှင့်သာ အောင်စေရာ | ၂၀၆ |
| အဂ္ဂိကဇင်္ဂိလ | ၅၀၃ |
| အင်္ဂဝိဇ္ဇာဗေဒင်တတ်တဲ့ပုဏ္ဏား | ၁၀၄ |
| အဆိပ်ထန်တဲ့ မြွေ | ၁၃၅ |
| အညတိတ္ထိယ ပုဗ္ဗပုဂ္ဂိုလ် | ၅၀၃ |
| အညွန့်ပေါ် အဖူးဆင်သည် | ၆၁၆ |
| အဓိကရုဏ်း | ၃၆၄ |
| အန္ဓဝန-အကန်းတောလို့ ခေါ်တဲ့အကြောင်း | ၃၆၉ |
| အနိစ္စလို့သိရန်အကြောင်း ၄-ချက် | ၅၇၃ |
| အန္တဘာဝ | ၅၇ |
| အဘိမင်္ဂလာပလ္လင် | ၂၆၃ |
| အမျက်ကောဓ၊ ခြောင်းခြောင်းထ | ၁၉၅၊၁၉၇ |
| အမျိုးပေးဝတဲ့ ကုသိုလ်ရှင်အဖို့ | ၇၃ |
| အမွန်း | ၆၁၇ |
| အယုတ်တမာ၊ မိုက်ရိုင်းစွာသား | ၂၄၂ |
| အရုပ်ဆိုး သူခိုးထင် | ၁၇၇ |
| အရှင်မွေး နွေချင်းကြီး | ၇၇ |
| အသက်ယယ်သူလေး | ၄၄၀ |
| အဟော အနတ္တ | ၅၆၅ |
| အဟောဒုက္ခ | ၅၆၅ |
| အာကာသဋ္ဌဗိမာန် | ၂၆၅ |
| အာယတနကမ္မဋ္ဌာန်း | ၄၅ |
| ဣတ္ထိဘာဝရုပ် | ၅၁၀ |
| ဣဒ္ဓိမန္တရသေ့ပရိဗိုဇ် | ၂၉၀ |
| ဤအကျိုးသုံးပါး | ၂၅၇ |
| ဤရည်ရွယ်ချက်သုံးရပ်ဖြင့် | ၂၄၅ |
| ဥပဓိဝိပတ္တိ | ၁၄၇ |
| ဥပပါရမီဆယ်ပါး | ၅ |
| ဩသားကောင် | ၂၄၆ |
| အိုးရွှံ့ စလောင်းရွှံ့ | ၂၇၇ |
| အန်ကြိတ်တဲ့အခြေအနေ | ၄၀၉ |


တတိယအကြိမ်

| အကြွရာစဉ် | စာမျက်နှာ |
|---|---|
| **အ** | |
| အိန္ဒိယရဲ့ ယဉ်ကျေးမှု | ၂၄၄ |
| အိမ် | ၃၄ |
| **က မှ င** | |
| ကတိကဝတ် | ၂၄၇ |
| ကလာပသမ္မသနနည်း | ၅၆၁ |
| ကာယဝိပတ္တိ | ၁၇၇ |
| ကပ္ပဋ္ဌိတိ | ၃၄ |
| ကုမာရကဿပလို့ ခေါ်ရတဲ့ အကြောင်း | ၃၆၈ |
| ကေသရာ ခြင်္သေ့မင်း | ၂၇၅ |
| ကိုရင်စွမ်းနိုင်လျှင်ယူပါ | ၁၂၆ |
| ကျီစယ်သမှုပြုပုံ | ၁၃၄ |
| ကျူ | ၃၅ |
| ကျောက်ခဲအောက် ပြန်ကျသလို | ၂၆၆ |
| ကြာသက်နီး | ၆၂၅ |
| ကြည့်ခြင်းကြီး ၅-ပါး | ၂၇၀ |
| ကုံ့ကော်ဒန်ပူ | ၄၃၁ |
| ခန္ဓာ အာယတန ဓာတ်သစ္စာလက်ခံကျမ်း | ၅၁၄ |
| ခန္ဓာကမ္မဋ္ဌာန်း | ၅၁၃ |
| ခတ္တသုံးပါး | ၄၆၆ |
| ခြတောင်ပို့ | ၁၅၆ |
| ဂတိဝိပတ္တိ | ၁၇၇ |
| ဂဒြဘ | ၂၆၀ |
| ဂယာသီသတောအုပ် | ၃၅၉ |
| ဂေါပလိဗဒ္ဓနည်း | ၁၀၁ |
| **င** | |
| ငါ့သားကို ငါချစ်အပ်သလို | ၂၅၅ |
| ငုံး | ၃၄ |
| **စ၊ ဆ၊ ဇ** | |
| စရဏတရား ၁၅-ပါး | ၄၈၆ |
| စတုဂကိုယ် | ၃၉၃ |
| စတုဓာတုကမ္မဋ္ဌာန်း | ၄၂ |
| စောဒပဋိဗာဟန | ၂၄၅ |
| စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်း တိုင်တိုင် | ၆၀၄ |
| စက္ခုသံဝတ္တနက ကံကြောင့်ဖြစ်တဲ့ရုပ် | ၅၂၀ |
| စစ်သူရဲကောင်း | ၂၅၇ |
| စိတြကထိက | ၃၄၀ |
| စိရကာလဘာဝနာ | ၆ |
| စုံစမ်းစစ်ဆေးရေးအဖွဲ့ | ၅၉၆ |
| ဆရာတော်ဦးဗုဓ် | ၅၁၁ |
| ဆိမ်းကူးကြတယ်ဆိုပါစို့ | ၇၁ |
| ဆေးနည်းစာ | ၄၂၇ |
| ဇမ္ဗူဒိပ်အနှံ့ပျံ့တဲ့ အသံကြီး ၄ မျိုး | ၂၇၇ |
| **တ၊ ထ၊ ဒ၊ န** | |
| တစပဉ္စက ကမ္မဋ္ဌာန်း | ၁၀၆ |
| တဏှာလောဘဖြစ်ပြီး သေလျှင် | ၁၅၇ |
| တိတ္ထိဆရာကြီး ၆-ဦး | ၄၃၆ |
| တိတ္ထိယ ပရိဗိုလ် | ၅၀၃ |
| တောဒေယျပုဏ္ဏား | ၁၅၃ |


တတိယအကြိမ်

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **တ-ဒ-ဓ-န** | |
| တောင်အဆီ | ၇၃ |
| တောင်တွင်းအကျော် မ ကာရ လောပ ခင်ကြီးဖျော် | ၂၃၈ |
| ဒါယဇ္ဇဥပသမ္ပဒါ | ၁၄၃ |
| ဒိဗ္ဗစက္ခုအဘိညာဉ်ရကြောင်း | ၅၆ |
| ဒေဝဇာဗလိ | ၃၃၁ |
| ဒေဝသိကဝဋ္ဋနုသမာပတ် | ၁၅၉ |
| ဓမ္မန္တေဝါသိဏီ | ၆၄၉ |
| နန္ဒိရာဂပေါ် တဏှာ | ၄၁၆ |
| နိဂြောဓမိဂဒါဝတ် | ၃၇၅ |
| နိရန္တရဘာဝနာ | ၆ |
| နိရဝသေသဘာဝနာ | ၆ |
| နတ်မုန့်တွေ | ၈၄ |
| **ပ မှ မ** | |
| ပဋိရူပဇနိသေဓနေ | ၂၄၅ |
| ပညာပါ မဟုတ်ဖူး | ၅၃၃ |
| ပဏ္ဍုကမ္ဗလာ | ၂၀ |
| ပယောဂဝိပတ္တိ | ၁၇၇ |
| ပရမတ္ထဒါနပါရမီ ဆယ်ပါး | ၅ |
| ပရမတ္ထပါရမီ ဆယ်ပါး | ၅ |
| ပဟေဠိ | ၃၇၇ |
| ပါဏာတိပါတ် | ၁၈၄၊ ၁၈၆ |
| ပါယာသိရာဇညသုတ္တန် | ၄၂၀ |
| ပါရမီ | ၄ |
| ပါရမီ ဆယ်ပါး | ၅ |
| ပါးစပ်ကချို လက်ကတိုမှ | ၃၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **ပ မှ မ** | |
| ပုခက်တွင်းက ကလေး | ၂၅၄ |
| ပုဗ္ဗေဝသန္နိဝါသအကြောင်း | ၁၅၈ |
| ပုဏ္ဏာဝရုပ် | ၅၁၈ |
| ပေးနိုင်တဲ့ပုဂ္ဂိုလ်ထံ သွားတောင်းမှ | ၂၄၂ |
| ဖားပုဂ္ဂကလေး | ၃၈၅ |
| ဗုဒ္ဓကိစ္စ | ၂၅၈ |
| ဗုဒ္ဓန္တရအသင်္ချေယျကပ် | ၂၄၅ |
| ဘဝဖုံးကွယ်ပြီ | ၁၆၉ |
| ဘုမဋ္ဌကဗိမာန် | ၂၄၃ |
| ဘွဲ့ဖြူလက်နက် | ၂၈၃ |
| သွဲ့ဖြူလက်နက် ဘီလူးစက် | ၂၈၂ |
| မခဋ္ဌဒါနများ | ၂၁၀၊ ၂၁၃ |
| မနာလိုငြား | ၂၀၁၊ ၂၀၃ |
| မန္တမကျိုး | ၂၁၇၊ ၂၂၁ |
| မရှိမုန့် | ၈၁ |
| မရှိဟူသောစကား မကြားရပါလို | ၈၃ |
| မဟာစုန္ဒ | ၁၀၅ |
| မိစ္ဆာဒိဋ္ဌိခြောက်ဆယ့်သုံးပါး | ၄၉၁ |
| မောဟဖုံးလွှမ်း | ၂၂၆၊ ၂၃၀ |
| မင်းစည်းစိမ်ဖြင့် မေ့လျော့ပြီး | ၂၄၈ |
| မျက်စဉ်းကျောက်ကို သွေးပစ်သလို | ၁၅၇ |
| မျက်စဉ်းကျောက်ကြီး | ၁၅၆ |
| မျက်စောင်းထိုး | ၄၀၉ |
| မျက်လုံးလက်နက် | ၂၈၃ |

http://www.dhammadownload.com




| အက္ခရာစဉ် | စာမျက်နှာ | အက္ခရာစဉ် | စာမျက်နှာ |
|---|---|---|---|
| ယ၊ ရ၊ လ၊ ဝ၊ သ၊ ဟ | | သ၊ ဟ | |
| ယသောရတ | ၃၇၂ | သင်္ဂဇာဆရာတော်ဘုရားကြီး | ၁၅၀ |
| ရိုက်ပုတ်ညည်းဆဲ | ၁၈၉၊၁၉၂ | သစ္စကမ္မဋ္ဌာန်း | ၄၆ |
| ရှင်ဒေဝဒတ် | ၃၅၉ | သဒ္ဓါကြည်စေ | ၃၀၉ |
| ရှင်ပြုတယ် | ၁၀၅ | သဗ္ဗညုပဝါရဏာ | ၄၄၃ |
| ရွှောက်ရွာမိုး | ၆၁၂ | သမ္ပတ္တိ ၄-ပါး | ၁၇၆ |
| ရွှေအိုးကြီးတစ်လုံး | ၁၃၉ | သမ္ပတ္တိစက် ၄-ပါး | ၈၇ |
| လ | ၃၇ | သရဏ | ၅၀၁ |
| လက်နက်ကြီး ၄-မျိုး | ၂၀၂ | သရဏဂုံခံတတ်ကြသည် | ၃၂၇ |
| လယ်တီဆရာတော် | ၅၁၄ | သာတာဂိရ | ၂၆၆ |
| ဝစီဝိညတ်ရုပ် | ၅၂၆ | သာဝဏပဝါရဏာ | ၄၄၄ |
| ဝစီသစ္စာ | ၂၉၇ | သုဘာလုလင် | ၁၅၃ |
| ဝရဇိန်လက်နက် | ၂၀၃ | သုဘာသုတ် | ၂၃၆ |
| ဝိက္ခမ္ဘနပဟာန် | ၃၉ | သံတင်းပုတ်လက်နက် | ၂၀၃ |
| ဝိရတိသစ္စာ | ၂၉၇ | သံဝေဂစကား | ၃၅၈ |
| ဝေနေယျလောကန | ၂၅၆ | ဟီနပ္ပဏီတဖြစ်ပုံကို | ၁၇၁ |
| သက္ကစ္စတရား | ၆ | ဟေမဝတ | ၂၆၆ |


ဟောစဉ်တရားတော်များ တတိယတွဲ

မှတ်သားဖွယ် ကောက်နုတ်ချက် အက္ခရာစဉ်အညွှန်း ပြီးပြီ။

တတိယအကြိမ်